ဆရာ-ဦးကျော်ထွတ်

၏

# ဝိုင် အမ် ဘီ အေ အဘိဓမ္မာ

(စေတသိက် ပို့ချချက်များ)

ဒုတိယအကြိမ်

၁၄၈၆၇

ဆရာ-ဦးကျော်ထွတ်

၏

# ဝိုင် အမ် ဘီ အေ အဘိဓမ္မာ

## (စေတသိက် ပို့ချချက်များ)

သာသနာ ၂၅၄၀    ကောဇာ ၁၃၅၈    ခရစ် ၁၉၉၆

## ပိုင်–အမ်–ဘီ–ဓအော အဘိဓမ္မာ ပုံနှိပ်ခြင်း မှတ်တမ်း

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်

အမှတ် ၆၀ /၉၆( ၅ )

အကြိမ် ---- ဒုတိယအကြိမ်

အုပ်ရေ ---- ၂၀၀၀

တန်ဖိုး ---- ( )

၁၉၉၆–ခု၊ မေလ

❊

**မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀ /၉၆( ၅ )**

❊

**အတွင်းစာသားနှင့် မျက်နှာဖုံးရိုက်**

ဦးဇော်ဝင်း (၀၁၄၇၅)

၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

❊

**ထုတ်ဝေသူ**

ဦးဇော်ဝင်း (၀၀၀၄)

ဟံသာဝတီစာအုပ်တိုက်

၃၄၉၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

❊

**ကွန်ပျူတာစာစီ–မျက်နှာဖုံးဒီဇိုင်း**

**ပန်းကုံးကော်** ကွန်ပျူတာ၊ အမှတ်–၉၊ သုဒဿနလမ်း၊ တာမွေ။

## ဝိုင်–အမ်–ဘီ–အေ အဘိဓမ္မာ

# နိဒါန်း

ဝိုင်–အမ်–ဘီ–အေ အဘိဓမ္မာနိဒါန်း မရေးမီ စာဖတ်ပရိသတ်တို့အား ဝိုင်–အမ်–ဘီ–အေ အဘိဓမ္မာနှင့် အနည်းငယ် မိတ်ဆက်ပေးရန် လိုပါလိမ့်မည်–

ပထမအချက်အနေဖြင့် မိတ်ဆက်ပေးလိုတာကတော့ လောဘအုပ်စုအခန်း ဖြစ်ပါသည်၊ ယင်းအခန်းတွင် လောကီလူသားတို့အတွက် လောဘဆိုပေမဲ့ မရှိမဖြစ် ရှိကို ရှိရမည့်လောဘ၊ ဒိဋ္ဌိဆိုပေမဲ့ မရှိမဖြစ် ရှိကို ရှိရမည့် ဒိဋ္ဌိ၊ မာနဆိုပေမဲ့ မရှိမဖြစ် ရှိကိုရှိရမည့် မာန–စသည်ဖြင့် လောဘ, ဒိဋ္ဌိ, မာန–စေတသိက်တို့၏ သဘောတရား နက်နဲပုံများကို အဆင့်ဆင့်ခွဲ၍ ရှင်းပြထားရာ လောကီရေးရာများကို ဆောင်ရွက်နေသည့် ခေတ်လူငယ်လူရွယ်တို့ အတွက်သာ မဟုတ်၊ အဘိဓမ္မာလေ့လာသူတို့ပါ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

ဒုတိယအချက်ကတော့ ကံခန်းအဘိဓမ္မာနှင့် ဝိပဿနာခန်း အဘိဓမ္မာ ဖြစ်ပါသည်။ ယင်းအခန်းတွင် ခေတ်လူငယ် လူရွယ်တို့အား ကံခန်းအဘိဓမ္မာနှင့် ဝိပဿနာခန်း အဘိဓမ္မာကို ကွဲပြားအောင် ခွဲခြား မသင်ကြားပါက အဘိဓမ္မာ အစာမကြေ ဖြစ်တတ်ပုံ၊ အဘိဓမ္မာ အစာမကြေပါက ကမ္ဘာငြိမ်းချမ်းရေးကို ဖျက်ဆီးပစ်နိုင်သည့် အယူဝါဒဆိုးများ ဖြစ်ပေါ်လာတတ်ပုံများကို ရှင်းပြထားရာ အဘိဓမ္မာ လေ့လာသူတိုင်း သတိပြုစရာ ကောင်းလှပါသည်။

တတိယအချက်ကတော့ အကုသိုလ်စေတသိက် ၁၄–လုံးကို သရုပ်ခွဲခန်း ဖြစ်ပါသည်၊ ယင်းအခန်းတွင် အကုသိုလ် ဒုစရိုက်ဂိုဏ်းကြီးသည် တစ်ဖွဲ့တစ်ပါတီတည်းဖြစ်သော်လည်း လောကီလူသားတို့ မျက်စိလည်စေ

ရန် လောဘအုပ်စု, ဒေါသအုပ်စု-ဟူ၍ အတွင်းပဋိပက္ခ အုပ်စုကြီး ၂-ခု ခွဲထားပုံ၊ ယင်းအုပ်စုကြီးနှစ်ခုတွင်လည်း လောကီလူသားတိုင်း မပါဝင်ဘဲ နေ၍ မဖြစ်နိုင်လောက်အောင် ဒိဋ္ဌိအုပ်စု, မာနအုပ်စု, ဣဿာအုပ်စု, မစ္ဆရိယအုပ်စု-စသည်ဖြင့် အတွင်းပဋိပက္ခအုပ်စုငယ်ကလေးများ ခွဲ၍ စည်းရုံးထားပုံ၊ ယင်းသို့ စည်းရုံးပါလျက် မပါဝင်ဘဲကျန်နေသည့် ခေါင်းမာလှသည့် လောကီလူသားများကို ဝိစိကိစ္ဆာအုပ်စုက မလွတ်တမ်း စည်းရုံးထားပုံ စသည်များကို အပိုင်းပိုင်းခွဲ၍ ရှင်းပြထားရာ အကုသိုလ် ဒုစရိုက်ဂိုဏ်းကြီး၏ ကျွမ်းကျင် လိမ္မာလှသည့် စည်းရုံးရေး နည်းပရိယာယ်များကို တအံ့တသြ တွေ့မြင်ကြရမည် ဖြစ်ပါသည်။

စတုတ္ထအချက်ကတော့ ငါးရာ့နှစ်ဆယ့်ရှစ်သွယ် မေတ္တာနှင့် တစ်ထောင့်ငါးရာ ကိလေသာများကို ရေတွက်ပြသည့်အခန်း ဖြစ်ပါသည်။ ယင်းအခန်းတွင် မေတ္တာနှင့် ကိလေသာ မည်သူက အားကောင်းပါသလဲ၊ ယင်းတို့နှစ်ဦး တိုက်ပွဲဆင်ကြလျှင် မည်သူကနိုင်မည်လဲ-စသည့်ပြဿနာများကို ဖြေရှင်းထားရာ လောကအထင်နှင့် အဘိဓမ္မာအမြင်ကို ကြည်ကြည်လင်လင် တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ပဉ္စမအချက်ကတော့ ဒါန အမျိုးမျိုး၊ သီလအမျိုးမျိုးတို့၏ လက်တွေ့အကျိုးတရားများကို ရှင်းပြသည့်အခန်း ဖြစ်ပါသည်။ ယင်းအခန်းတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တော်တော်များများမှာ အလှူဒါန-စသောကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်ကြရာဝယ် မိမိတို့ကောင်းစားရေးအတွက် ရည်ရွယ်ပြီး ပြုလုပ်ကြသူ များပါသည်၊ ကိုယ်ကျိုးအတွက် မည်သို့ပင် ရည်ရွယ်သည်ဖြစ်စေ ဒါနလုပ်ငန်း, သီလလုပ်ငန်း-တို့၏ **ဒိဋ္ဌဓမ္မလက်တွေ့အကျိုးကား အများကောင်းစားရေးသာ**ဖြစ်ပုံကို ရှင်းပြထားရာ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းများသည် ပညာနှင့်ယှဉ်၍ ပြုလုပ်ကြမည်ဆိုပါက တိုင်းပြည်ထူထောင်ရေး လုပ်ငန်းများ၌ မည်သည့် အတိုင်းအတာအထိ အကျိုးသက်ရောက်နိုင်သည်ကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ကြရမည် ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် တင်ပြလိုတာကတော့ သမုဒ္ဒရာ ပင်လယ် ရေပြင်ကျယ်သည် မည်မျှပင် ကျယ်ဝန်းစေကာမူ ကမ်းစပ်၌ရှိသည့်ရေကို သောက်ကြည့်ရုံမျှဖြင့် သမုဒ္ဒရာအတွင်းရှိ ရေအားလုံး၏ အရသာကို သိရှိနိုင်သကဲ့သို့ ပြဆိုခဲ့သည့် အချက်အလက် အနည်းငယ်မျှကို တွေ့မြင်ကြရရုံဖြင့် ဤဝိုင်အမ်ဘီအေ အဘိဓမ္မာက ခေတ်လူငယ်လူရွယ်တို့အား ဘာသာရေးလုပ်ငန်းများ၌သာမဟုတ်၊ လောကီရေးလုပ်ငန်းများ၌လည်း မည်သည့် အတိုင်းအတာအထိ ဖော်ဆောင်နိုင်မည်ကို စာဖတ်ပရိသတ်တို့ ရိပ်မိနိုင်လောက်ပါပြီ။

စာဖတ်ပရိသတ်တို့အား ဝိုင်အမ်ဘီအေ အဘိဓမ္မာနှင့် မိတ်ဆက်ပေးရသည့်ကျေးဇူးကြောင့် ဝိုင်အမ်ဘီအေ အဘိဓမ္မာနိဒါန်းကို ရေးရန် တာဝန်တစ်ရပ် မလွှဲသာ မရှောင်သာ ဆိုက်ရောက်၍လာပါသည်။

နိဒါန်းဆိုသည်မှာ–

၁။ ဝိုင်အမ်ဘီအေ အဘိဓမ္မာ ဖြစ်ပေါ်ရန် မည်သည့်နေရာ၌ မည်သည့် နှစ်၊ လ၊ ရက်–တို့က စတင်ခဲ့ပါသလဲ။

၂။ ဝိုင်အမ်ဘီအေ အဘိဓမ္မာ ဖြစ်ပေါ်ရန် မည်သူက မည်သည့် အတွက် တိုက်တွန်း တောင်းပန်ရပါသလဲ။

၃။ ဝိုင်အမ်ဘီအေ အဘိဓမ္မာဟု အဘယ့်ကြောင့် အမည်ပေးရပါသလဲ။

၄။ အဘိဓမ္မာ သင်တန်းဖြစ်ပေါ်ရန် နောက်ခံအကြောင်းများက ဘယ်လိုလဲ။

၅။ အဘိဓမ္မာ သင်တန်းကို မည်သည့်နှစ်က စတင်ဖွင့်လှစ်၍ ယခု အကြိမ်ပေါင်း မည်မျှရှိပြီလဲ။

၆။ အဘိဓမ္မာ သင်တန်းမှာ မည်သူတို့က မည်သည့်တရားများကို သင်ကြားပို့ချပါသလဲ။

၇။ အဘိဓမ္မာသင်တန်းကို နှစ်စဉ် မည်သည့် လ၊ နေ့၊ အချိန်–များ၌ သင်ကြားပို့ချပါသလဲ။

၈။ အဘိဓမ္မာ သင်တန်းအစမှာ ဝိုင်အမ်ဘီအေ ဥက္ကဋ္ဌက မည်သူပါလဲ။

၉၊ ပထမဆုံး ဆုပေးပွဲမှာ ဥက္ကဋ္ဌကြီးက မည်သို့ မိန့်ခွန်းပြောကြားခဲ့ပါသလဲ။

၁၀။ သင်တန်းခေါင်းဆောင် ဆရာဦးလှမောင် (ယခု နိုင်ငံတော်ကောင်စီက) ကျေးဇူးတင်စကား မည်ကဲ့သို့ ပြန်ကြားပြောဆိုခဲ့ပါသလဲ။

၁၁။ ဝိုင်အမ်ဘီအေ အဘိဓမ္မာ ဖြစ်ထွန်းပေါ်ထွက်ရန် မည်သူတို့က ကူညီဆောင်ရွက်ခဲ့ပါသလဲ–

စသည့် အကြောင်းအရာများပင် ဖြစ်ပါသည်။ ၎င်းအကြောင်းအရာများကတော့–

## ဝိုင်–အမ်–ဘီ–အေ အဘိဓမ္မာ ထွက်ပေါ်ရန်လမ်းစ

၁၃၄၁–ခုနှစ် ကဆုန်လဆန်း ၁၀–ရက်၊ ခရစ်သက္ကရာဇ် ၁၉၇၉–ခုနှစ်၊ မေလ ၅–ရက်နေ့တွင် အမှတ်–၇၇၊ ရေကျော်လမ်း၊ ရန်ကုန်မြို့၊ ဝိုင်–အမ်–ဘီ–အေ အသင်းတိုက်၌ ၁၃–ကြိမ်မြောက် အခြေခံ အဘိဓမ္မာ ဗုဒ္ဓဘာသာသင်တန်းကို စတင်ဖွင့်လှစ်ရန် သင်တန်းမစမီ ဆရာဦးလှမောင် (ယခုနိုင်ငံတော်ကောင်စီ)၊ ဆရာ ဦးကျော်ထွတ်၊ ဆရာ ဦးအေးနိုင်၊ ဝိုင်–အမ်–ဘီ–အေ အသင်းနာယက ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများနှင့် သင်တန်းသူသင်တန်းသားများ စုံညီစွာ ရောက်ရှိနေကြပါသည်။ သို့သော် အချိန်စောသေး၍ သင်တန်းကိုကား မဖွင့်ရသေးပါ။

နာယကကြီးဦးစိုးရက စတင်ပြောလိုက်သည်မှာ “သင်တန်းဖွင့်လာတာကလဲ ၁၂–ကြိမ်တောင်ကျော်သွားလို ၁၃–ကြိမ်တော့ ရောက်နေ

ပြီ၊ ဆရာတွေ နှစ်စဉ် သင်လိုက်တဲ့ စကားလုံးတွေဟာလဲ လေထဲမှာပဲ ပျောက်ကုန်ကြပြီ။ ဒီအတိုင်း ဆက်သွားလို့တော့ မတော်ဘူး။ ဒီနှစ် ဆရာတွေ့ ပို့ချမဲ့ သင်တန်းပို့ချချက်များကို စာအုပ်ရိုက်နှိပ် ထုတ်ဝေဖို့ ကောင်းတယ်”လို့ စ-လိုက်ပါသည်။ ဆရာ ဦးကျော်ထွတ်က “မိမိတို့ ဆရာများလည်း အသက်အရွယ် ကြီးရင့်လှပြီ၊ မိမိတို့၏ သင်တန်းပို့ချ ချက်များကို စာအုပ် ရိုက်နှိပ်ထားပါက နောင် သားစဉ်မြေးဆက် အသုံးချ နိုင်ပြီး ယခု သင်တန်းသားများသာမက မြန်မာပြည်အရပ်ရပ်ရှိ စိတ်ပါ ဝင်စားသူအားလုံးအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ထောက်ခံ ပြော ကြားလိုက်ပါသည်။ ဤကဲ့သို့ ထောက်ခံပြောကြားချက်ကို ဆရာဦးလှမောင် (ယခု နိုင်ငံတော်ကောင်စီ)အနေနှင့် ပြုံးပြုံးကလေးဖြင့် ထောက်ခံချက် ပေးလိုက်ပါသည်။

သင်တန်းပို့ချချက်များကို စာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေသင့်-မသင့် ဆွေးနွေးခဲ့ကြသည်မှာ ပထမအကြိမ်မှ ယခု ၁၃-ကြိမ်တိုင် ရောက် ခဲ့ပါပြီ။ သို့သော် ဤပို့ချချက်များကို ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ရန် အတွက် ဆောင်ရွက်ရမည့်ကိစ္စမှာ လွယ်ကူသော ကိစ္စမဟုတ်ပါ၊ တည်း ဖြတ် ပြင်ဆင်ရန် ခက်ခဲသည်သာမက ငွေကုန်ကြေးကျလည်း အလွန် များလှပါသည်။ ဝိုင်-အမ်-ဘီ-အေ အသင်းဆိုသည်မှာလည်း မကုန်သင့် သည့်ငွေကို မကုန်အောင် စစ်စစ်ပေါက်ပေါက် ဖာဖာထေးထေးဖြင့် သုံးနေ ရသည့် အသင်းဖြစ်ပါသည်။ သို့သော် အချိန်နှင့်ဒီရေက လူကိုမစောင့်၊ သေမင်းကလည်း လူကို မစောင့်၊ ဆရာကြီးများသည် ယခုနှစ်ပို့ချနိုင်မည် ဖြစ်သော်လည်း နောက်နှစ်များ၌ မည်ကဲ့သို့ နေမည်နည်း၊ အတိအကျ အဖြေကိုကား မည်သူမှ ဖြေနိုင်အံ့မထင်ပါ။

ကျွန်တော်သည် အသင်းဥက္ကဋ္ဌအနေဖြင့် အလေးအနက် စဉ်းစား ရမည့်အချိန် ရောက်နေပြီ-ဟုကား သဘောပေါက်မိပါသည်။ ထို့ကြောင့် ပင်လျှင် ရုတ်တရက် အဖြေထွက်လာပါသည်။ နာယကကြီး ဦးစိုးရ၏

အကြံပေးချက်အတိုင်း လိုက်နာဆောင်ရွက်ပါတော့မည်-ဟု ဆုံးဖြတ်ချက် ချလိုက်ပါသည်။ ဤသည်ကား ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာ ထွက် ပေါ်လာစေမည့် လင်းရောင်ခြည်လမ်းစပင် ဖြစ်ပါသည်။ သို့သော် ဆောင် ရွက်ရမည့်ကိစ္စများကား လွယ်ကူလှသည်မဟုတ်ပါ။ အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများအားလည်း အခြေအနေ အရပ်ရပ်ကို ရှင်းရှင်းလင်းလင်း တင် ပြရန် ရှိသေးသည်။ သို့သော် လူကြီးများ သဘောပေါက်လိမ့်မည်ဟု ဥက္ကဋ္ဌအနေဖြင့် ယုံကြည်လျက်ရှိပါသည်။ ဤယုံကြည်ချက်အတိုင်း အုပ် ချုပ်ရေးအဖွဲ့ဝင် လူကြီးများကလည်း လွယ်လွယ်ပင် သဘောတူကြပါ သည်။ ထို့ကြောင့် **ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာထွက်ပေါ်ရေးအစ နာယက ကြီး ဦးစိုးရက**-ဟု ဆိုလျှင် မှားအံ့မထင်ပါ။ နာယကကြီး၏ အမြော်အမြင် ကြီးမားမှုကို ကျွန်ုပ်တို့ ချီးကျူးမဆုံးနိုင် ရှိပါတော့သတည်း။

နာယကကြီး ဦးစိုးရသည် အမျိုးဘာသာ သာသနာအတွက် စာ အုပ်များ ထုတ်ဝေခြင်း၌ လွန်စွာ စိတ်ပါဝင်စားသူဖြစ်ပါသည်။ ဗုဒ္ဓဝါဒ ဆိုင်ရာ ဘာသာရေးသင်တန်းများသို့ တက်ခြင်း၌လည်း များစွာစိတ်ပါ ဝင်စားသူဖြစ်ပါသည်။ သင်တန်းတက်တိုင်းမှာလည်း မှတ်စုစာအုပ်နှင့် အမြဲရေးမှတ်လေ့ရှိသည်ကို တွေ့နိုင်ပါသည်။

ဝိုင်-အမ်-ဘီ-အေအသင်း ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်နေသည့် ၁၉၇၁-ခုနှစ်မှ ၁၉၇၉-ခုနှစ်အတွင်း အသင်းအတွက် မင်္ဂလာ တရားတော် ဆိုင်ရာ စာအုပ်များ မဖြစ်မနေ ထုတ်ဝေခဲ့ပါသည်။ "နည်းပြမင်္ဂလာ"ဟု အမည်ပေးထားသည့် ဆရာကြီး ဦးကျော်ထွတ်၏ ၃၈-ဖြာမင်္ဂလာသင်တန်း ပို့ချချက်များကိုလည်း စာအုပ်အဖြစ် အမြန်ဆုံးရိုက်နှိပ်ထုတ်ဝေခဲ့သူ ဖြစ် ပါသည်။ ဤစာအုပ်မှာ မြန်မာပြည် အနှံ့အပြား ဖြန့်ဝေရ၍ အလွန်ရေ ပန်းစားသော စာအုပ်ဖြစ်ပါသည်။ မြန်မာပြည် တစ်ပြည်လုံး ဝိုင်-အမ်- ဘီ-အေ အသင်းက ကျင်းပသည့် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူတိုင်း ဤစာအုပ်ကို လက်ကိုင်ထားကြရပါသည်။

## ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာ အမည်တွင်ပုံ

ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာဟု အမည်ထွက်ပေါ်လာရခြင်း အကြောင်းရင်းကို အဘိဓမ္မာလေ့လာသူတို့ သဘောပေါက်စေရန်အတွက် အနည်းငယ် ရေးရန် လိုပါလိမ့်မည်။ အဘိဓမ္မာဆိုသည်မှာ ဘုရားဟော အဘိဓမ္မာသာ ရှိပါသည်၊ ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာမရှိပါ။ သို့သော် ဆရာဦးကျော်ထွတ်၏ မဥ္ဇူသကပဌာန်းကဲ့သို့ သင်ကြားပို့ချရာ ဌာနအမည်ကို အကြောင်းပြု၍ ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာဟု ဌာနအမည်အားဖြင့် ထွက်ပေါ်လာသော ခေါ်ရိုးခေါ်စဉ် အမည်သာဖြစ်ပါသည်။ ယင်း မဥ္ဇူသက ပဌာန်းကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၌ သာသနာတော် သက္ကရာဇ် ၂၅၂၃၊ ကောဇာသက္ကရာဇ် ၁၃၄၁၊ ခရစ်သက္ကရာဇ် ၁၉၇၉-ခုနှစ် ဇွန်လ၌ ရိုက်နှိပ်ထုတ်ဝေခဲ့ရာ လူအများ နှစ်သက်အံ့သြ ချီးမွမ်း၍ မကုန်နိုင်အောင်ပင် ဖြစ်သွားခဲ့ပါသည်။ ၎င်းမဥ္ဇူသက ပဌာန်းကဲ့သို့ ကျွန်တော်တို့၏ ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာသည်လည်း သာသနာ့အကျိုး တိုင်းပြည်အကျိုး ကို ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်လျက်ရှိပါသည်။

### သင်တန်းဆရာများ

စာဖတ်သူတို့ သိသာရန်အတွက် ဆက်လက်တင်ပြရမည့်ကိစ္စမှာ ဝိုင်-အမ်-ဘီ-အေ အသင်းနှင့် အခြေခံအဘိဓမ္မာ ဗုဒ္ဓဘာသာသင်တန်း စတင်ဖြစ်ပေါ်လာပုံပင် ဖြစ်ပါသည်။ အဆိုပါ အခြေခံ အဘိဓမ္မာ ဗုဒ္ဓဘာသာသင်တန်းကို ရန်ကုန်မြို့ ဝိုင်-အမ်--ဘီ-အေ အသင်းတိုက်၌ ၁၃၂၉-ခုနှစ်၊ ကဆုန်လဆုတ် ၁၁-ရက်နေ့ (၃-၆-၁၉၆၇)မှစ၍ နှစ်စဉ်နှစ်တိုင်း ၄-လတိုင်တိုင် သင်ကြားပို့ချခဲ့ပါသည်။ စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် နေ့လည် ၂-နာရီမှ ညနေ ၄-နာရီအထိ မှန်မှန်သင်ကြားပို့ချခဲ့ပါသည်။ ပို့ချချက်များမှာ စိတ်-၈၉၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထု၊ ဝီထိ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်သွယ်ပုံနှင့် ပဌာန်း ၂၄-

ပစ္စည်းတို့ကို လူငယ်လူရွယ်များ သိရှိနိုင်သည့် စကားလုံးများဖြင့် ပို့ချခဲ့ပါသည်။ ပို့ချသည့် ဆရာကြီးများမှာ ထိုစဉ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အတွင်းရေးမှူး ဦးလှမောင် အမ်-အေ-အမ်အက်(စ်)၊ ဘီ-အယ်(လ်) (ယခုနိုင်ငံတော်ကောင်စီဝင်)နှင့် ဗုဒ္ဓသာ သနာအဖွဲ့ ပိဋကတ်မြန်မာပြန်ဌာန အယ်ဒီတာချုပ် ယခုအငြိမ်းစား ပထမ ဦးဆုံး သိရိပဝရ ဓမ္မာစရိယ, သကျသိဟ ဓမ္မာစရိယ ဆရာဦးကျော်ထွတ် တို့ ဖြစ်ကြပါသည်။

ထိုပထမအကြိမ် သင်တန်းတွင် သင်တန်းသူ-သင်တန်းသား ၉-ဦးမျှသာ တက်ရောက်ခဲ့ပြီး ၆-ဦးမှာ ၁၀-တန်း ကျောင်းသူကျောင်းသားများဖြစ်၍ ၃-ဦးမှာ တက္ကသိုလ်ကျောင်းသူကျောင်းသားများ ဖြစ်ကြပါသည်။ သင်တန်းတက်သူနည်း၍ အမှုဆောင်လူကြီးများ အားလုံးပင် အားမလို အားမရ ဖြစ်ခဲ့ကြရပါသည်။ သို့သော် ဆရာနှစ်ဦးမှာ စိတ်အားလုံးဝ ယုတ်လျော့မှုမရှိသည့်အပြင် ဆရာဦးလှမောင်က "သင်တန်းသားတစ်ဦးမှ မရှိလင့်ကစား ဆရာနှစ်ဦးနှင့် သင်တန်းဖွင့်ပြီး တစ်ဦးက သင်၍ တစ်ဦးက နားထောင်မည်။ ဒီလူတွေ ဘာလုပ်နေပါလိမ့်မလဲလို့ ဘေးက လာကြည့်တဲ့အခါ ၎င်းတို့ သင်တန်းသားများ ဖြစ်လာကြလိမ့်မည်"ဟုပင် ပြောခဲ့ပါသေးသည်။ လွန်စွာ အားတက်ဖွယ်ကောင်းသော နမူနာယူထိုက်သည့် စကားများပင် ဖြစ်ပါသည်။ ဆရာဦးလှမောင် ပြောကြားချက်အတိုင်း မှန်ပါပေသည်။ ၁၃-ကြိမ်မြောက် အခြေခံအဘိဓမ္မာ ဗုဒ္ဓဘာသာ သင်တန်းဖွင့်သောအခါ သင်တန်းတက်သူပေါင်း ၁၁၂-ဦးအထိ ရှိလာပါတော့သည်။ ဤမျှ တိုးတက်အောင်မြင်လာခြင်းမှာ သင်ကြားပို့ချသူဆရာတို့၏ စိတ်-စေတနာ-မေတ္တာ၊ ဝိုင်-အမ်-ဘီ-အေ အုပ်ချုပ်ရေး အဖွဲ့ဝင်လူကြီးများ၏ ကြိုးစားမှုတို့ကြောင့်ပင် ဖြစ်ပါသည်။

ပထမအကြိမ် သင်တန်းမှာ ရှေးဦးအခြေခံ သင်တန်းဖြစ်သောကြောင့် မှတ်တမ်းတင်ထိုက်သည့် သင်တန်းပင် ဖြစ်ပါသည်။ ဤမှတ်တမ်းတင်ထိုက်သည့် သင်တန်း၏ အသင်းဥက္ကဋ္ဌ သတိုးမဟာသရေစည်သူ

**အငြိမ်းစား သံအမတ်ကြီး** ဦးကြင်၏ မိန့်ခွန်းကို ထာဝစဉ် မှတ်တမ်း **တင်ရန်အတွက်** ဤနိဒါန်းတွင် နိဒါန်းတစ်ခုအဖြစ် ပူးတွဲထည့်သွင်းထား ပါသည်။ ၎င်းပြင် သင်တန်းပို့ချသူ ဆရာဦးလှမောင်၏ ပထမအကြိမ် တွင် ဆုပေးပွဲ ကျေးဇူးတင်စကား ပြောကြားချက်များကိုလည်း နိဒါန်း တစ်ခုအဖြစ် ပူးတွဲ ထည့်သွင်းထားပါသေးသည်။

## သင်တန်းဖြစ်ပေါ်ရန် နောက်ခံအကြောင်းများ

သင်တန်း စ–တင်ပေါ်ပေါက်ရခြင်း၏ အကြောင်းရင်းမှာ ဆရာ ဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့ပင် ဖြစ်ပါသည်။ တစ်နေ့တွင် ကမ္ဘာအေး ဗုဒ္ဓဘာသာအဖွဲ့သို့ ဦးမောင်မောင်ရောက်ရှိလာပါသည်။ ဦးမောင်မောင်မှာ ဝိုင်–အမ်–ဘီ–အေ အသင်း၏ ဒုတိယဥက္ကဋ္ဌကြီးတစ်ဦးပင် ဖြစ်ပါသည်။ မြို့တော်ဝန်ဟောင်းတစ်ဦးလည်း ဖြစ်ပါသည်။ ဘာသာရေး ကိစ္စရပ်တွေကိုသာ မနေမနား ဆောင်ရွက်နေသူဖြစ်ပါသည်။ ကမ္ဘာအေး ဗုဒ္ဓသာသနာအဖွဲ့ တွင် ဦးမောင်မောင်က အာပါးတရ မိမိတို့ ကျပ်တစ်သိန်းကျော် အကုန် ခံ၍ မြင့်မိုရ်ပွဲတော်ကြီးကို ကျင်းပနေကြောင်း ဦးကျော်ထွတ်အား သတင်း ကောင်းတစ်ခု ပြောကြားလိုက်ပါသည်၊ ဦးကျော်ထွတ်က အဲဒါဟာ သာသနာ ပြုတာလား၊ ဝိုင်–အမ်–ဘီ–အေရဲ့ သာသနာပြုလုပ်ငန်းဟာ ဒါပဲလားလို့ မေးခွန်းထုတ်လိုက်ပါသည်။ ဦးမောင်မောင်က ဒါလဲပဲ သာသနာပြုတာပါ ပဲဆရာ–တဲ့။ ဆရာ သာသနာပြုစေချင်တာ ဘယ်လိုဟာမျိုးဆိုတာသာ ပြောပါတဲ့။ ဆရာဦးကျော်ထွတ်က ခေတ်ပညာ လိုက်စားနေသူ လူငယ်လူရွယ် များအား အခြေခံ အဘိဓမ္မာကို သင်ကြားပေးမှသာ ဗုဒ္ဓသာသနာတော်ကြီး ကြာရှည်စွာ တည်တံ့မည်ဖြစ်၍ ဒီလူငယ်လူရွယ်တွေအတွက် အခြေခံ အဘိဓမ္မာ ဗုဒ္ဓဘာသာသင်တန်းကို ဝိုင်–အမ်–ဘီ–အေက ဖွင့်ပေးသင့်သည် ဟု အကြံပေးလိုက်ပါသည်။ ဤအကြံပေးချက်ကို ဦးမောင်မောင်က ဝိုင်–အမ်–ဘီ–အေ အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးတွင် တင်ပြခဲ့ပါသည်။ ထိုစဉ်က အသင်းဥက္ကဋ္ဌမှာ ယခု အသင်းနာယက ဖြစ်သည့် နာယကကြီး ဦးကြင်ပင် ဖြစ်ပါသည်။ ထိုအချိန်မှစ၍ သင်တန်း စ–တင်ပေါ်ပေါက်လာ ပါတော့သည်။ ထို့ကြောင့် ဝိုင်–အမ်–ဘီ–အေ အခြေခံအဘိဓမ္မာ ဗုဒ္ဓ

ဘာသာသင်တန်း အစ ဥက္ကဋ္ဌကြီးဦးကြင်က-ဟု မှတ်တမ်းတင်ရပါတော့သည်။ နာယကကြီး ဦးကြင်သည် အသင်း၏ ဥက္ကဋ္ဌအဖြစ် ၁၉၆၄-ခုနှစ်မှ ၁၉၇၀-ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ထိုသို့ တာဝန်ထမ်းဆောင်နေစဉ်အတွင်း အသင်း၏လုပ်ငန်းများ လွန်စွာ တိုးတက်ခဲ့ပါသည်။ ယိုအချိန်ကာလသည် အသင်းအတွက် အားတက်ဖွယ်ကောင်းသည့် မှတ်တိုင်ကြီးတစ်ခုကို စိုက်ထူနိုင်သောအချိန်ပင် ဖြစ်ပါတော့သည်။

## မှတ်တမ်းတင်ထိုက်သူများ

နိဂုံးမချုပ်မီရေးသားရမည့်အချက် အနည်းငယ်လည်း ကျန်ပါသေးသည်။ ၎င်းတို့မှာ ကျေးဇူးတင် မှတ်တမ်းတင်ထိုက်သည့်သူများကို မှတ်တမ်းတင်ရန်ပင် ဖြစ်သည်။ ဤစာအုပ်၏ အစ နာယကကြီးဦးစိုးရ က-ဟူ၍လည်းကောင်း၊ ဤသင်တန်း၏အစ နာယကကြီး ဦးကြင်က-ဟူ၍လည်းကောင်း၊ သင်တန်းဆရာများအစ ဆရာဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့က-ဟူ၍လည်းကောင်း ရေးသားပြီး ဖြစ်ပါသည်။ သင်တန်းစတင်ပေါ်ပေါက်ရန် အကြောင်းရင်းခံသူမှာလည်း ဝိုင်-အမ်-ဘီ-အေ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဖြစ်ကြောင်း ရေးသားပြီးဖြစ်ပါသည်။ စာအုပ်ဖြစ်မြောက်ရေးအတွက် အသံဖမ်းရန်ကိစ္စ ပေါ်လာသည်။ အကျိုးဆောင်စာချိချုပ် ဦးကျော်ဒင်က ကက်ဆက်ခေါ် အသံဖမ်းစက်ကို အမြန်ဆုံး ဝယ်လိုက်သည်။ တိတ်ခွေ(ခေါ်) အသံဖမ်းကြိုးခွေတို့ကို ဝယ်လိုက်သည်။ ကြိုးခွေပေါင်း ၈၆-ခွေ ကုန်ခဲ့သည်။ ကုန်ကျငွေမှာ မနည်းလှပါ။ စေတနာ့ဝန်ထမ်းအသံဖမ်းပေးသူမှာ မောင်စိုးဝင်းဖြစ်သည်။ သူ၏စေတနာမှာလည်း ကောင်းလှသည်။ အသံဖမ်းပြီးနောက် တိတ်ခွေမှ လက်ရေးတိုဖြင့်ကူးခြင်း၊ လက်နှိပ်စက်ရိုက်ခြင်းတို့ကို ပြုလုပ်ရပြန်သည်။ ဤကိစ္စကား လွယ်သောကိစ္စမဟုတ်ပါ။ အလွန်ခဲယဉ်းခဲသော ကိစ္စဖြစ်သည်ဟုသာ ဆိုရပါမည်။ ဤအလုပ်ကို စိတ်ရှည်ရှည်ဖြင့် လုပ်သွားသူမှာ ဦးဝမ်းအောင်ပင် ဖြစ်ပါသည်။

ဦးဝမ်းအောင်ရိုက်ပြီးသည့် စာမူများကို ဆရာဦးကျော်ထွတ်က ပြန်လည် တည်းဖြတ်ပြင်ဆင်ရပါသည်။ အတော်သိမ်မွေ့သော အလုပ်

ဖြစ်၍ ကိုယ်တိုင်ရေးရသည်ထက် ခက်ခဲသည်ဟု ဆရာဦးကျော်ထွတ်က မကြာခဏ ပြောလေ့ရှိပါသည်။ သို့သော် သာသနာတော်အကျိုးအတွက် ၆-လတိုင်တိုင် နေ့စဉ် တည်းဖြတ်ပေးရာသည်။ ဆရာက တည်းဖြတ်ပြင်ဆင်ပြီးသည့်နောက် လက်နှိပ်စက်ဖြင့် အချော ပြန်ရိုက်ရပြန်ပါသည်။ ဤကဲ့သို့ အချောရိုက်ရသည်မှာလည်း လွယ်ကူလှသော ကိစ္စမဟုတ်ပါ။ ဦးထွန်းလင်းက အပင်ပန်းခံ၍ စိတ်ရှည်လက်ရှည်ဖြင့် ရိုက်ပေးရာသည်၊ ဤမျှ ဒုက္ခခံ၍ ကူညီကြသူများကြောင့် ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာ ပေါ်ထွက်လာရပါသည်။

ချီးကျူးထိုက်သူများကို ချီးကျူးရာ၌ လူတစ်ဦးကျန်နေပါသေးသည်။ အခြားသူမဟုတ်ပါ၊ အသင်းဥက္ကဋ္ဌ ကျွန်တော်ပင် ဖြစ်ပါသည်။ သို့သော် မိမိကိုယ်ကိုမိမိ ဂုဏ်ဖော်၍ရေးလျှင် တော်အံ့မထင်ပါ၊ ထို့ကြောင့် ဆရာဦးကျော်ထွတ်ပို့ချသည့် အဘိဓမ္မာသင်တန်းအရသာများကိုသာ ဆက်လက်၍ ခံစားကြပါစို့။

## တိုက်တွန်းချက်

ဣတော ပဋ္ဌာယ ဂမ္ဘီရံ၊ အဘိဓမ္မကထံ ဣမံ။
အဝိက္ခိတ္တော နိသာမေထ၊ ဒုလ္လဘာ ဟိ အယံ ကထာ။

## ဆုတောင်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော ကထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

**ဦးအုံးခိုင်**
(ဆင်ပေါင်ဝဲဦးအုံးခိုင်)
ဥက္ကဋ္ဌ
ဝိုင်-အမ်-ဘီ-အေ အသင်း။

၁၉၇၉-ခုနှစ်၊ နိုဝင်ဘာလ ၉-ရက်။

## ၁၃၂၉–ခုနှစ်၊ သီတင်းကျွတ် လဆန်း ၅–ရက်နေ့၌ ကျင်းပသော ပထမအကြိမ် အခြေခံအဘိဓမ္မာ ဗုဒ္ဓဘာသာ သင်တန်း ဓမ္မပူဇာသဘင် ဥက္ကဋ္ဌကြီး၏ မိန့်ခွန်း

ဓမ္မကိန်းအောင်း သူတော်ကောင်းတို့ခင်ဗျား–

ဤအသင်းတိုက်သို့ ကျွန်တော်များ ယခု စုဝေးရောက်လာရခြင်း အကြောင်းကတော့ အခြေခံ အဘိဓမ္မာ ဗုဒ္ဓဘာသာ သင်တန်းတစ်ရပ် ပြီးဆုံး၍ သင်တန်းပို့ချသည့်ဆရာများနှင့် လိုက်နာသင်ကြားကြသည့် တရားမြတ်နိုးသူ ဓမ္မမာမကများအား ပူဇော်သမှု သက္ကာရပြုရန် ဖြစ်ပါတယ်။

အခြေခံ အဘိဓမ္မာ ဗုဒ္ဓဘာသာ သင်တန်းကို လွန်ခဲ့တဲ့ ကဆုန်လဆုတ် ၁၁–ရက် (၃–၆–၆၇)နေ့ကစ၍ စနေ, တနင်္ဂနွေနေ့များမှာ ပို့ချလာခဲ့ရာ တစ်နေ့လျှင် ၂–နာရီကျနှင့် နာရီပေါင်း ၆၆–နာရီမျှ သင်ကြားနိုင်ခဲ့ပါတယ်။ သင်တန်းမဖွင့်မီက ကြေငြာထားတဲ့အတိုင်း သင်တန်းတက်ရောက်သူများအား စိတ်–စေတသိက်–ရုပ်–နိဗ္ဗာန်တရားတို့ကို ခန္ဓာ–အာယတန–ဓာတ်–သစ္စာတို့ဖြင့် ဝေဖန်ပို့ချခဲ့၍ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်သွယ်ပုံနှင့် ပဋ္ဌာန်း ၂၄–ပစ္စည်းကို သင်ကြားခြင်းဖြင့် ပြီးဆုံးစေခဲ့ပါတယ်။

အခြေခံ အဘိဓမ္မာ ဗုဒ္ဓဘာသာသင်တန်းရယ်လို့ အမည်ပေးထားတဲ့အတိုင်း ဒီသင်တန်းမှာ ဗုဒ္ဓဘာသာအခြေအမြစ်ကို ပိုင်နိုင်စွာ မသိရှိကြသေးတဲ့ ခေတ်လူငယ်လူရွယ်များအား ဗုဒ္ဓဘာသာတရားကို သဘောပေါက်သည့်တိုင်အောင် သင်ကြားပေးရန် ရည်ရွယ်ရင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဗုဒ္ဓဘာသာရယ်လို့ အမည်ခံထားတဲ့ပုဂ္ဂိုလ်အများစုဟာ ဗုဒ္ဓမြတ်စွာဘုရား၏ ဟောကြားညွှန်ပြ ဆုံးမအပ်တဲ့ တရားဒေသနာမှာရော

ဘာသာရေး အပြောအဆို အသုံးအနှုန်းမှာရော သဘောတရား အဓိပ္ပါယ်ကို အမှန်အတိုင်း သိမြင်သူ ရှားပါတယ်။ သင်ကြားလေ့ကျက်မှု နည်းပါးကြ၍ မိရိုးဖလာ ဗုဒ္ဓဘာသာတွေသာ များပါတယ်။ ကိုယ်တွင်းဓာတ်ခံမကောင်းတဲ့ လူများကို အပြင်အပက ရောဂါဆိုးများ ဝင်ရောက်နှိပ်စက်တတ်သလို ကိုယ်ပိုင်ဉာဏ်ဖြင့် မိမိကိုးကွယ်တဲ့ ဘာသာတရားကို ရေရေလည်လည် မသိတဲ့သူများအဖို့မှာလည်း အခြားအယူဘာသာများနှင့် ရင်ဆိုင်ရတဲ့အခါမှာ ခြေလွတ်လက်လွတ် ဖြစ်တတ်ပါတယ်။ ဒါကြောင့် ဒီသင်တန်းမှာ ပင်ရင်းမှစ၍ ပြုပြင်ပျိုးထောင်လိုသဖြင့် ယဉ်ရှယ်သူများအား ဦးစားပေးထားပါတယ်။

ကနဦးအနေဖြင့် သင်တန်းတက်သူဦးရေ ၁၀၀-အထိ လက်ခံရန် မှန်းဆထားသော်လည်း ဒီသင်တန်းကို ၉-ဦးမျှနှင့်ပင် ဖွင့်လှစ်ခဲ့ရပါတယ်။ ဝမ်းမြောက်ဖွယ်အကြောင်းတစ်ရပ်ကတော့ ဒီသင်တန်းသား ၉-ဦးထဲမှာ ၉-တန်း ၁၀-တန်းသား ၆-ဦးမှအပ တက္ကသိုလ် ကျောင်းတော်သား ၃-ဦး ပါလာခြင်းပါပဲ။ ယခုဖော်ပြတဲ့ သင်တန်းသား၉-ဦးအပြင် အသင်းသားကြီးများနှင့် အမှုဆောင်လူကြီး ၆-ဦးခန့်လဲ တက်ရောက်နာကြားကြသဖြင့် အခြေခံဗုဒ္ဓဘာသာသင်တန်းမှာ တက်ရောက်သူပေါင်း ၁၅-ဦးမျှ ရှိခဲ့ပါတယ်။ ပထမအကြိမ် သင်တန်းပြီးဆုံး၍ တော်သလင်းလဆုတ် ၆-ရက်နေ့က စာမေးပွဲကျင်းပခဲ့ပါတယ်။ ဖြေဆိုသူများမှာ သင်တန်းသား ၉-ဦးဖြစ်၍ ယခု ပူဇော်သက္ကာရ ပြုရာမှာလည်း သင်ကြားပို့ချတဲ့ ဆရာနှစ်ဦးနှင့် ဓမ္မမာမက ၉-ဦးတို့ပင် ဖြစ်ပါတယ်။

ယခု သင်ကြားပို့ချပြီးခဲ့တဲ့ အခြေခံ အဘိဓမ္မာသင်တန်းကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အတွင်းရေးမှူး ဦးလှမောင်၊ အမ်-အေ၊ အမ်-အက်(စ်)၊ ဘီ-အယ်(လ်)နှင့် ဗုဒ္ဓသာသနာအဖွဲ့ မြန်မာပြန်ဌာန အယ်ဒီတာချုပ်၊ ပထမဦးဆုံး သိရိပဝရ ဓမ္မာစရိယ, သကျသီဟဓမ္မာစရိယ

ဆရာဦးကျော်ထွတ်တို့၏ အားထုတ်ဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။ ဆရာဦးလှမောင်ရော ဆရာဦးကျော်ထွတ်ပါ ကျွန်တော်တို့ အသင်းသားများဖြစ်ကြပါတယ်။ သို့ဖြစ်သည့်အလျောက် ဆရာဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့က ဗုဒ္ဓဘာသာတရားတွင် ယောင်ဝါးဝါးဖြစ်နေကြတဲ့ ခေတ်ပညာလိုက်စားနေသူကလေးများအား အခြေခံအဘိဓမ္မာကို သင်ကြားပေးမှသာ ဗုဒ္ဓသာသနာကြီး တည်တံ့လိမ့်မည်ဟု ယုံကြည်ကြသဖြင့် ဤဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ ပဓာနလုပ်ငန်းကို အချိန်ကုန်လူပန်းခံ၍ ဖြည့်စွက်ပေးခြင်းပါပဲ။

အစီရင်ခံခဲ့သည့်အတိုင်း ဤသင်တန်းမှာ ၉-ဦးမျှသာ တက်ရောက်သော်လည်း ဆရာနှစ်ဦးမှာ စိတ်အားယုတ်လျော့မှု လုံးဝမရှိဘဲ ဖွဲ့နပဲနှင့် သင်တန်းသား ၉-ဦးအား သင်ကြားပို့ချခဲ့ပါတယ်။ လက်ရှိအလုပ်များက မအားလပ်နေတဲ့အထဲမှာ ဆရာဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့က နေ့အားများဖြစ်တဲ့ စနေ-တနင်္ဂနွေနေ့များမှာ ယခုလို သင်ကြားပေးခြင်းဟာ စေတနာမည်မျှ ထက်သန်ကြီးမားသည်ကို ကောင်းစွာသိရှိနိုင်ပါတယ်။ ဆရာများရဲ့ သဘောထားကို ကျွန်တော်သိသလောက် ပြောကြားရမည်ဆိုလျှင် ၉-ဦးမဟုတ်ဘဲ သင်တန်းကို တစ်ဦးတည်း တက်ရောက် သင်ကြားစေကာမူ ပို့ချပေးရန် အသင့်ပါပဲ။ ယခုလပဲ တက္ကသိုလ်ဖွင့်လှစ်၍ ၁၀-တန်းအောင်ပြီးသူများ၏ ပညာသင်ကြားရေးကို ထောက်ထား၍သာ ဒီသင်တန်းကို တစ်စခန်းရပ်လိုက်ရခြင်းပါ။ လူငယ်များကသာ ဆက်လက်သင်ကြားလိုပါတယ်လို့ဆိုလျှင် ဆရာများကတော့ မရပ်တမ်း သင်ကြားပေးမှာ မုချပါပဲ။ ဤမျှလောက် မွန်မြတ်လှသော စေတနာသဒ္ဓါတရားကို တုံ့ပြန်သောအားဖြင့် နောက်တစ်ကြိမ် ဒီသင်တန်းဖွင့်လှစ်သည့်အခါမှာ ၉-ဦးသာမက သင်တန်းသား ၉၀-မှ ၉၀၀-တိုင်အောင် အခြေခံ ဗုဒ္ဓဘာသာတရားကို သင်ကြားနာယူကြလိမ့်မည်ဟု မျှော်လင့်ပါတယ်။ ယခုလို ကလျာဏယုဝများ ပွားများလာရေးကို ကျွန်တော်တို့အသင်းက အားပေး

ကြိုဆိုနေမည်ကို မျှော်ပြရန်ပင် လိုမည်မဟုတ်ပါ။

ပြီးဆုံးခဲ့သော အခြေခံအဘိဓမ္မာသင်တန်းတွင် လိုက်နာသင်ကြား ကြသူများမှာ စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါး သရုပ် ခွဲနည်းအမျိုးမျိုးကို သိနားလည်ကြပြီးဖြစ်၍ ပဉ္စဒွါရ, မနောဒွါရ, ဝိထိချုနည်း များပါ ပုံဇယားတို့ဖြင့် ရေးတတ်, ပြောတတ်လာပြီးဖြစ်သည့်အပြင် ပဋိစ္စ သမုပ္ပါဒ်၌ ပါဝင်သော စိတ်, စေတသိက်, ရုပ်, နာမ်–တရားဖြစ်ပျက်ပုံ၊ ပဋ္ဌာန်း ၂၄–ပစ္စည်းတို့၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားများနှင့်တကွ အကြောင်းအကျိုးဆက်သွယ်ပုံ၊ ဗောဓိပက္ခိယတရား ၃၇–ပါးနှင့် သမထ ဝိပဿနာတရားအားထုတ်နည်း အကျဉ်းချုပ်ကိုပါ သင်ကြားပြီးကြပါပြီ။ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဤအခြေခံတရားများကို ယခု ကဲ့သို့ ဆရာဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့က ပို့ချပေးသဖြင့် သင်တန်းသား ဓမ္မမာမကတို့မှာ–

(၁) ကိုယ်တိုင်တရားတော်ကို သိမြင်သော "သန္ဒိဋ္ဌိက"ဂုဏ်တော်၏ အကျိုး၊

(၂) အခါမလင့် တရားတော်၏အကျိုးပေးခွင့်ကို ရယူနိုင်သော "အကာ–လိက"ဂုဏ်တော်၏အကျိုး၊

(၃) မပါ–ပါအောင် တရားတော်ဖြင့် ဆွဲဆောင်တိုက်တွန်းနိုင်ခြင်းဟူ သော "ဧဟိပဿိက"ဂုဏ်တော်၏အကျိုး၊

(၄) တရားတော်ကို လိုက်နာကျင့်သုံးသဖြင့် နတ်ရွာနိဗ္ဗာန်သို့ အမှန် ရောက်နိုင်သော "ဩပနေယျိက"ဂုဏ်တော်၏အကျိုး၊

(၅) သူတော်ကောင်းပီပီ မိမိ၏စိတ်သန္တာန်၌ ချမ်းသာလေစွ, ကောင်း လေစွ–ဟု တရားတော်၏အနှစ်သာရကို သိမြင်ခံစားရသော "ပစ္စတ္တံ ဝေဒိတဗ္ဗ"ဂုဏ်တော်၏အကျိုး–

တို့ကို ကောင်းစွာ သိနားလည်ကြရပေပြီ။ ယခုလို သုတမယဉာဏ်ဖြင့် တရားတော်၏ဂုဏ်များကို သိပြီးသည်အားလျော်စွာ ရှေ့သို့တစ်လှမ်းတက်

ကာ ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံဆ၍ တရားတော်ကို ပွားများအားထုတ်လိုက်လျှင်၊ တစ်နည်းဆိုပါက စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်-တို့ဖြင့် ပိုင်းခြား သိမြင်သည့်တိုင်အောင် အားထုတ်ပါလျှင်-

ပတ္တဓမ္မော- ကိုယ်တိုင်ရောက်ပြီးသော တရားရှိသည်ဖြစ်၍၊

ပရိယောဂါဠ္ဟဓမ္မော- ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိသည်ဖြစ်၍၊

တိဏ္ဏဝိစိကိစ္ဆော- ယုံမှားခြင်းကို လွန်မြောက်လျက်၊

အပရပ္ပစ္စယော-ဘုရားသာသနာတော်မှတစ်ပါး အားထားယုံကြည်စရာ မရှိပြီ-

ဆိုတဲ့အဓိပ္ပါယ်ကို ကိုယ်တိုင်နှစ်ခြိုက် သိမ်းပိုက်မိရမယ်လို့ မြတ်စွာဘုရားက ဟောထားတော်မူပါတယ်။

နောက်ထပ်အကျိုးတွေ ပွားလာပြန်တာက လွန်စွာမှ အားရှိစရာကောင်းပါတယ်။ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် မဟာဝဂ် သောတာ-နုဂတသုတ်မှာ-

သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ စတ္တာရော အာနိသံသာ-

စသည်ဖြင့် အကျိုးတရားလေးပါးကို ဟောထားတော်မူပါတယ်။ အဲဒီအကျိုးတရားလေးပါးကတော့-

(၁) တရားတော်များကို သင်အံ့လေ့ကျက် ဆောင်ရွက်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သတိတရားကင်းမဲ့ သေရစေကာမူ နတ်ပြည်သို့ရောက်ရပြီး မိမိသင်ကြားနာယူလာခဲ့တဲ့တရားတွေဟာ အလိုအလျောက် ပေါ်ပေါက်လာ၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို အလျင်အမြန် ရနိုင်ပါ တယ်။

(၂) နတ်ပြည်ရောက်၍ မိမိသင်အံလာခဲ့တဲ့ တရားတွေ အလိုအလျောက် မပေါ်ပေါက်စေကာမူ တန်ခိုးကြီးမားတဲ့ ရဟန္တာများ နတ်ပြည် ကြွ

ရောက်ပြီး **တရားဟောတဲ့အခါမှာ** မဂ်ဉာဏ်ကို လျင်မြန်စွာရနိုင်ပါ တယ်။

(၃) **နတ်ပြည်ရောက်ပြီး** တရားတွေလဲပြန်ပေါ်မလာ၊ ရဟန်းတော်များ ကလဲ ကြွရောက်၍တရားမဟောကြစေကာမူ နတ်သားတစ်ယောက် ယောက်က တရားဟောတဲ့အခါ နာကြားလိုက်ရလျှင် မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို အမြန်ရနိုင်ပါတယ်။

(၄) နတ်ပြည်ရောက်၍ တရားတော်လဲပြန်ပေါ်မလာ၊ ရဟန်းတော်တို့၊ နတ်သားတို့က ဟောတဲ့တရားကိုလဲ မနာရဘူးဘဲထား၊ နတ်သား တစ်ယောက်က "အိုအချင်း--လူ့ဘုံဌာန လူ့ဘဝတုန်းက ငါတို့ တတွေဟာ မြင့်မြတ်တဲ့အကျင့်တရား ကျင့်ကြံအားထုတ်ခဲ့ကြတယ် မဟုတ်လား"လို့ သတိပေးလိုက်တာနှင့် တစ်မဟုတ်ချင်း မဂ်ဖိုလ်ရ နိုင်ပါတယ်။

ဤမျှလောက် အကျိုးများတဲ့ ဗုဒ္ဓတရားတော်ကို လက်တွေ့သိရှိရ လေအောင် ကျင့်ကြံ အားထုတ်ကြည့်ဖို့ မသင့်ပါဘူးလား။ ကျွန်တော်တို့ ၉-တန်း၊ ၁၀-တန်း စာသင်ကြားစဉ်က ဒီရန်ကုန်မှာပါပဲ၊ ယခုလိုဆရာများ ထံ သင်အံလေ့ကျက်နိုင်တဲ့ အခွင့်ကောင်း အခါကောင်းနှင့် မကြုံကြိုက်ခဲ့ ပါဘူး။ ဒါကြောင့် တရားတော်ကို မြတ်နိုးသူမှန်သမျှ ဤအခြေခံ အဘိ ဓမ္မာသင်တန်းကို တက်ရောက်ပြီး သင်ကြားနာယူရန် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း၏ ကိုယ်စား ကျွန်တော်က ဖိတ်ကြားပါရစေခင်ဗျား။

မဂ်ဖိုလ်နိဗ္ဗာန် ရရှိနိုင်သည့်တိုင်အောင် ဤမျှလောက် အကျိုးထူး လှသည့် အခြေခံအဘိဓမ္မာကို အပတ်တကုတ် အားထုတ်၍ သင်ကြားပို့ချ ပေးသော ဆရာဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့သည် ပူဇော်အထူးကို ခံထိုက်လှပါတယ်။ ဘုရားတရားတော်ကို သင်ကြားပို့ချပေးသည့် သံဃာ တော်မြတ်များနှင့်မခြား အဋ္ဌလိကရဏီယဂုဏ်နှင့် ပြည့်စုံလှသဖြင့် ဆရာ ဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့သည် ဓမ္မမာမကအပေါင်းတို့၏

လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်းကို ခံထိုက်လှကြောင်း ညွှန်ပြအပ်ပါတယ် ခင်ဗျား။

ဤပူဇော်ပွဲ ထမြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ပါဝင်လှူဒါန်းကြသော အလှူရှင်များနှင့်တကွ ပူဇော်ပွဲအစီအစဉ်နှင့် သင်ဟန်းသားများအား ချီးမြှင့်လှူဒါန်းသော ဘွဲ့လက်မှတ်, ဖိတ်စာများပါမကျန် အခမဲ့ရိုက်နှိပ် လှူဒါန်းသော ကုသလဝတီစာပုံနှိပ်တိုက်ကိုပါ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက များစွာမှ ကျေးဇူးတင်ရှိပါကြောင်း အစီရင်ခံလိုပါတယ် ခင်ဗျား။ လာမည့်နှစ်များတွင်လည်း ဤအခြေခံ အဘိဓမ္မာသင်တန်းကို ဆက်လက်ပို့ချနေသမျှ ထိုအလှူရှင်များသည် ကျွန်တော်များအသင်းနှင့်အတူ သာသနာပြုဖက်များအဖြစ်ဖြင့် ဆက်လက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါကြောင်းပါခင်ဗျား။

ယခုပြီးဆုံးခဲ့သော အခြေခံ အဘိဓမ္မာသင်တန်းသည် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၏ အချုပ်အခြာလုပ်ငန်းဖြစ်သော ဗုဒ္ဓသာသနာတည်တံ့ပြန့်ပွားရေးကို တိုက်ရိုက်အားပေးလျက် ရှိပါသည်။ ဓမ္မကိန်းအောင်းသူတော်ကောင်းအပေါင်းနှင့်တကွ ကျွန်တော်များပါ သာသနာတည်မှ ကမ္ဘာတည်မည်ကို ယုံကြည်ကြသည့်အလျောက် ပရိယတ္တိသာသနာ ထွန်းကားစေသော ဤအခြေခံအဘိဓမ္မာသင်တန်းကို ဗုဒ္ဓဘာသာ ကိုးကွယ်သူတိုင်း ချီးမြှင့်အားပေးကြလိမ့်မည်ဟု ယုံကြည်ကြပါတယ်။ ဒါကြောင့်-

ဤသင်တန်းကိုပို့ချသော ဆရာဦးလှမောင်နှင့် ဆရာဦးကျော်ထွတ်တို့သည် ကာယ, စိတ္တ နှစ်ဖြာသောသုခတို့နှင့် ပြည့်စုံ၍ ဗုဒ္ဓသာသနာတော်၏ တည်ထွန်းရေးကို ဆက်လက်အားပေးနိုင်ကြပါစေ။

ဓမ္မမာမကများအား ယခု သင်ကြားပို့ချပြီးသည့် အခြေခံ အဘိဓမ္မာတရားသည် ဗုဒ္ဓသာသနာတည့်တံ့မှုအတွက် အထောက်အကူပြုနိုင်ပါစေ။

ဗုဒ္ဓသာသနာတော်ကြီးသည် တစ်နေ့တစ်ခြား တက်နေလားသို့ ပြန့်ပွား စည်ပင်ပါစေသတည်း။

## သင်တန်းပြ ဆရာဦးလှမောင်၏
## ပြန်ကြားချက်

ဥက္ကဋ္ဌကြီးနှင့်တကွ အသင်းသားများ၊ သင်တန်းသားများ၊ ကြွရောက်ချီးမြှင့်ကြတဲ့ သူတော်ကောင်းများ ခင်ဗျား–

ဥက္ကဋ္ဌကြီး မိန့်ခွန်းထဲမှာပါတဲ့ အချက်တစ်ခုဟာ ဗုဒ္ဓဘာသာတိုင်း အလွန်သတိထားရမည့်အချက်တစ်ခု ဖြစ်ပါတယ်။ အဲဒီအချက်ကတော့ "မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရယ်လို့ အမည်ခံထားတဲ့ မိရိုးဖလာ ဗုဒ္ဓဘာသာတွေ များပါတယ်။ ကိုယ်တွင်းဓာတ်ခံ မကောင်းတဲ့လူများကို အပြင်ကရောဂါဆိုးများ ဝင်ရောက်နှိပ်စက်တတ်သလို ကိုယ်ပိုင်ဉာဏ်ဖြင့် မိမိကိုးကွယ်တဲ့ ဘာသာတရားကို ရေရေလည်လည် မသိတဲ့လူများအဖို့ အခြားအယူဘာသာများနှင့် ရင်ဆိုင်ရတဲ့အခါမှာ ခြေလွတ်လက်လွတ် ဖြစ်တတ်ပါတယ်" ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ ဒီပြဿနာဟာ အလွန်ကြီးကျယ်တဲ့ ပြဿနာကြီး ဖြစ်ပါတယ်။ ယခုလောလောဆယ် ရင်ဆိုင်နေရတဲ့ ပြဿနာပဲဖြစ်ပါတယ်။ ဒီအချက်ကို အနည်းငယ် ထပ်မံရှင်းလင်း တင်ပြလိုပါတယ်။

ယခုကျင်းပတဲ့ပွဲဟာ အခြေခံအဘိဓမ္မာ ဗုဒ္ဓဘာသာသင်တန်းတစ်ရပ်ပြီးဆုံးတဲ့ အောင်ပွဲတစ်ရပ်ဖြစ်လို့ အဘိဓမ္မာသဘောနဲ့ပဲ တင်ပြပါမယ်။

မိရိုးဖလာဗုဒ္ဓဘာသာဆိုတာဟာ သေသေချာချာ စိစစ်ကြည့်လိုက်မယ်ဆိုယင် ရတနာသုံးပါးကို ကြည်ညိုမှုဆိုတဲ့ သဒ္ဓါအရင်းခံတဲ့ ဗုဒ္ဓဘာသာဖြစ်ပါတယ်။ တိုတိုနဲ့ရှင်းရှင်း ပြောရမယ်ဆိုယင် မိရိုးဖလာ ဗုဒ္ဓဘာသာဆိုတာဟာ သဒ္ဓါဗုဒ္ဓဘာသာပဲဖြစ်ပါတယ်။ သဒ္ဓါဆိုတဲ့တရားဟာ အလွန်ကြည်လင်ပါတယ်။ ကောင်းတဲ့အလုပ်ဟူသမျှ ကုသိုလ်ကိစ္စမှန်သမျှမှာ သဒ္ဓါမပါယင် မပြီးနိုင်ပါဘူး။ အဘိဓမ္မာ အသုံးအနှုန်းအတိုင်းဆိုလျှင် သဒ္ဓါဟာ ကောင်းတဲ့စိတ်ဟူသမျှနှင့် ဆက်ဆံယှဉ်တွဲတဲ့ သောဘနသာ–ဓာရဏစေတသိက်လို့ ခေါ်ပါတယ်။ သဒ္ဓါစေတသိက်နှင့်အတူ အလောဘ, အဒေါသဆိုတဲ့ စေတသိက်နှစ်ပါးလဲ အတူယှဉ်ပြီးပါပါတယ်။ အလောဘ,

အဒေါသစေတသိက်နှစ်ပါးဟာ ကုသလမူလ=ကုသိုလ်အမြစ်များဖြစ်ပါတယ်။ အဲဒီတော့ သဒ္ဓါဗုဒ္ဓဘာသာဟာ ကုသိုလ်အမြစ် အခြေခံနှစ်ခုပေါ်မှာသာ တည်နေရတယ်ဆိုတာ ထင်ရှားပါတယ်။ ဖိုခနောက်နှစ်လုံးပေါ်မှာ တည်ထားတဲ့အိုးနဲ့ တူနေပါတယ်။ တင်နေပုံ အလွန်တည်ငြိမ်ပါမှသာ ဖိုခနောက်နှစ်လုံးပေါ်က အိုးဟာ အောက်သို့လိမ့်ကျမသွားဘဲနေမှာ ဖြစ်ပါတယ်။ တစ်စုံတစ်ခုနဲ့ ထိခိုက်မိလို့ပဲဖြစ်စေ၊ လေခပ်ပြင်းပြင်းကလေး ဝှေ့ရမ်း တိုက်ခတ်လို့ပဲဖြစ်စေ လှုပ်လှုပ်ရှားရှားဖြစ်ပြီး တချိန်ချိန်မှာတော့ လိမ့်ကျမှာ သေချာသလောက် ဖြစ်ပါတယ်။

ထိုနည်းတူပဲ အလောဘ အဒေါသ အမြစ်နှစ်ခုသာရှိတဲ့ သဒ္ဓါဗုဒ္ဓဘာသာဟာလဲပဲ ပြင်ပ ပယောဂဝါဒများ အနှောင့်အယှက် မရှိတဲ့အခါမှာတော့ ကြည်ကြည်လင်လင်နဲ့ တည်တည်ငြိမ်ငြိမ် ဖြစ်နေပါတယ်။ ယခု မျက်မှောက်ခေတ်အခါမှာတော့ ဝါဒတွေအမျိုးမျိုး ဝှေ့ရမ်းတိုက်ခတ်နေတဲ့အခါမှာ အမြစ်နှစ်ခုသာရှိတဲ့ သဒ္ဓါဗုဒ္ဓဘာသာဟာ ယိမ်းယိုင်လှုပ်ရှားပြီးတော့ လိမ့်ကျရတဲ့ဘဝမျိုး ဆိုက်ရောက်ရမှာ ဖြစ်ပါတယ်။

ယခုအခြေခံအဘိဓမ္မာ ဗုဒ္ဓဘာသာ သင်တန်းဟာ အမြစ်နှစ်ခုသာရှိတဲ့ သဒ္ဓါဗုဒ္ဓဘာသာကို အမြစ်သုံးခုရှိတဲ့ ပညာဗုဒ္ဓဘာသာဖြစ်အောင် မွမ်းမံတည်ဆောက်တဲ့ သင်တန်းဖြစ်ပါတယ်။ အလောဘ၊ အဒေါသ၊ အမောဟ (ပညာ)ဆိုတဲ့ ကုသိုလ်အမြစ်သုံးခုပေါ်မှာ တည်ဆောက်ထားတဲ့ ဗုဒ္ဓဘာသာဟာ ဖိုခနောက် သုံးလုံးပေါ်မှာ တည်ထားတဲ့ အိုးကဲ့သို့ တည်ငြိမ်ခိုင်မြဲတဲ့ ဗုဒ္ဓဘာသာဖြစ်ပါတယ်။ ဝါဒလေမုန်တိုင်းအမျိုးမျိုး တိုက်ခတ်သော်လည်း မယိမ်းမယိုင် ကြံ့ခိုင်စွာတည်ရှိနေမှာကို ယုံမှားသံသယရှိဖွယ်ရာမဟုတ်တော့ပါ။ ဗုဒ္ဓဘာသာရဲ့သဘောကို ပညာဖြင့် ပိုင်းခြားဝေဖန် သိမြင်နိုင်ကြယင် အခြားအယူဘာသာများနှင့် ရင်ဆိုင်ရသည့်အခါ ခြေလွတ်လက်လွတ်ဖြစ်မည် မဟုတ်တော့ပါဘူးဆိုတာ စိတ်ချရပါပြီ။

နောက်တစ်ချက် တင်ပြလိုတာကတော့ အခြေခံ အဘိဓမ္မာဗုဒ္ဓဘာသာသင်တန်းကို ပြီးဆုံးသည့်တိုင်အောင် ဇွဲကောင်းကောင်းနဲ့ တက်ရောက်

သင်ကြားကြတဲ့ သင်တန်းသားများကို ထပ်မံပြီး ချီးကျူးလိုတဲ့အချက်ပါပဲ။ ဗုဒ္ဓဟောကြားတဲ့ တရားတော်ကို သဘာဝကျကျ သိနားလည်ယင် ဘယ်ကိစ္စမျိုးကိုမဆို တည်ငြိမ်တဲ့စိတ်နဲ့ တရားမျှတစွာ ဆောင်ရွက်နိုင်ပါတယ်။ ယနေ့ လူငယ်များဟာ နောင်ခေတ် ခေါင်းဆောင်များ ဖြစ်ကြပါတယ်။ အမြင်မှန်နဲ့ လောကနိဗ္ဗာန်ကြီး ထူထောင်နိုင်အောင် ဒီသင်တန်းက အုတ်မြစ်ချပေးလိုက်တဲ့အတိုင်း ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်း ပတ္ထနာပြုလိုက်ပါတယ်။

နောက်တစ်ချက် တင်ပြလိုတာကတော့ ဥက္ကဋ္ဌကြီးရဲ့ မိန့်ခွန်းထဲမှာ သင်တန်းပြဆရာဖြစ်ကြတဲ့ ကျွန်တော်နဲ့ ဆရာဦးကျော်ထွတ် နှစ်ယောက်ကို "သံဃာတော်မြတ်များနှင့်မခြား အဋ္ဌလိကရဏီယဂုဏ်နှင့်ပြည့်စုံသဖြင့် ရှိခိုးပူဇော်ထိုက်ကြောင်း"ကို ပြောဆိုတာ ကြားရတော့ ကျွန်တော့်မှာ ကြက်သီးမွေးညင်းများတောင် ထမိပါတယ်။ ဒီလို ဖြစ်ရတာဟာ တရားတော်တွေကို သင်ပြလို့ပဲဆိုပြီး တရားတော်ကို ပိုပြီး ကြည်ညိုမိပါတယ်၊ ဝမ်းလဲသာလှပါတယ်။

အဲဒီလိုဖြစ်တော့ ကျွန်တော်က တစ်ဆင့် ဆက်တွေးမိပါတယ်။ ကျွန်တော်တို့ယခုလို သင်တန်းပြကြရတာဟာ ကျွန်တော်တို့ ပြချင်တိုင်းပြလို့ဖြစ်တာမဟုတ်ပါဘူး။ ဒီသင်တန်း ဖြစ်မြောက်အောင်စီစဉ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ အသင်းသားတွေ့ရဲ့ ကျေးဇူးပဲဖြစ်ပါတယ်။ ဒီလိုဖြစ်ပါလျက်သားနဲ့ ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ကို သံဃာတော်နှင့်မခြား ပူဇော်ထိုက်တယ်လို့ ပြောတာကတော့ ငခုန်ဆရာတော် ပြောသလို ဖြစ်နေပြီလို့ ဆိုချင်ပါတယ်။

ငခုန်ဆရာတော်ဆိုတာကတော့ ကျွန်တော်တို့ ရွှေဘိုခေတ်က ရာဇဂုရု တံဆိပ်တော်ရပြီး **ဗုဒ္ဓဝင် ဝတ္ထုတော်ကြီးနှင့် ခုဒ္ဒကပါဌ ဋီကာ**များကို ပြုစုတော်မူတဲ့ အလွန်ကျော်ကြားတဲ့ ဆရာတော်တစ်ပါးဖြစ်ပါတယ်။ ဆရာတော်ဟာ ကျမ်းဂန်စာပေများ တတ်မြောက်၍ အလွန်ထင်ပေါ် ကျော်ကြားပြီး ဘုန်းတန်ခိုးကြီးတော်မူတဲ့အချိန်မှာ ငယ်စဉ်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို စဉ်းစားမိတော်မူပါသတဲ့ "ငါအခုလို စာပေကျမ်းဂန်များ တတ်မြောက်ပြီး သမဏသုခ ရခြင်းဟာ ငါငယ်စဉ် ရှင်လူထွက်စတုန်းက

မိသေးသေးဆိုတဲ့ သူတစ်ပါးအိမ်မှာ ခိုင်းစေခံနေရတဲ့ သူငယ်မကို ရိုးစားစကားသွားပြောတော့ သူငယ်မက ငါ့ကို "မျက်ခမ်းစပ် မျက်ခမ်းတိုကို အလိုမရှိ"လို့ ပြောလိုက်လို့ ရက်ပြီး သက်န်းပြန်ဝတ်, စာပေများသင်ကြား တတ်မြောက်လို့ သည်အခြေအနေ ရောက်ရပေတယ်"လို့ စဉ်းစားတော်မူမိသဘဲ့။ အဲဒီလို စဉ်းစားပြီး မိသေးသေးရဲ့ ကျေးဇူးကြီးလှပါပေတယ်လို့ ကြံတော်မူပြီး မိမိနေရပ်ထံ ပြန်ကာ မိသေးသေးအား ပိတ်အုပ်စတဲ့ ပစ္စည်းများကို ကျေးဇူးတင်စကားပြော၍ ပေးတော်မူပါသတဲ့။ အဲဒီတော့ မိသေးသေးက "အရှင်ဘုရား စဉ်းစားတော်မူပါ၊ အရှင်ဘုရားကိုယ်တိုင်က မျက်ခမ်းစပ်လို့ တပည့်တော်မက မကြိုက်ခဲ့ခြင်းပါ၊ ကျေးဇူးတင်လျှင် အရှင်ဘုရားရဲ့ မျက်ခမ်းစပ်ကို ကျေးဇူးတင်ပါဘုရား"လို့ လျှောက်တော့မှ ဆရာတော်ကြီးက "အေး ဟုတ်သားပဲ၊ ငါ့မျက်ခမ်းစပ်ကိုလဲ ကျေးဇူးတင်ရမှာပဲလို့ မိန့်တော်မူဖူးပါတယ်။

အဲဒီအတိုင်းပါပဲ၊ အခုကျွန်တော်တို့ကို အခြေခံအဘိဓမ္မာဗုဒ္ဓဘာသာသင်တန်းပြတဲ့အတွက် အပူဇော်ခံထိုက်အောင် ကျေးဇူးကြီးမားတယ်ဆိုလျှင် ဒီသင်တန်းဖြစ်မြောက်အောင် စီစဉ်ကြိုးပမ်းခဲ့ကြတဲ့ ဥက္ကဋ္ဌကြီးနှင့် အသင်းသားများရဲ့ စီစဉ်မှု ကြိုးပမ်းမှုများရဲ့ ကျေးဇူးကိုလဲ ပြန်လည်စဉ်းစားကြပါလို့ ကျွန်တော်တိုက်တွန်းလိုပါတယ်။

ထို့ပြင် ဤသင်တန်းကို ပြီးဆုံးအောင်မြင်သည့်အထိ ဇွဲကောင်းကောင်းနဲ့ တက်ရောက်ကြတဲ့ သင်တန်းသားများကိုလဲ ကျွန်တော်တို့က ကျေးဇူးတင်ဖို့ ဖြစ်လာပါတယ်။

နိဂုံးချုပ်ပြောရမယ်ဆိုလျှင် သင်တန်းပြလို့ ကျွန်တော်တို့ သင်တန်းဆရာတွေကို ကျေးဇူးတင်ကြသလို ကျွန်တော်တို့ သင်တန်းဆရာတွေကလဲ သင်တန်းစီစဉ်ပြုလုပ်ပေးတဲ့ ဥက္ကဋ္ဌကြီးနှင့် အသင်းသားများကိုလည်းကောင်း၊ သင်တန်းဆုံးအောင် တက်ရောက်သင်ကြားပြီး ပါရမီဖြည့်ကြတဲ့ သင်တန်းသားများကိုလည်းကောင်း အလွန်အကျူး အထူးကျေးဇူးတင်ကြောင်းကို တင်ပြအစီရင်ခံပါတယ်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပို့ချချက် (၁) | ၁ |
| ၂။ | စိတ်, စေတသိက်အကြောင်း သိကောင်းစရာများ | ၁ |
| ၃။ | ပညတ်နှင့် ပရမတ် | ၁ |
| ၄။ | စိတ်နှင့် စေတသိက် | ၆ |
| ၅။ | အာရုံဆိုတာ မြန်မာစကားလား | ၇ |
| ၆။ | အဘိဓမ္မာနှင့် စီးပွားရေး | ၁၀ |
| ၇။ | စေတသိက်ဆိုတာ ဘာလဲ | ၁၃ |
| ၈။ | လူကောင်းနှင့်လူဆိုး | ၁၈ |
| ၉။ | ပို့ချချက် (၂) | ၂၂ |
| ၁၀။ | အကုသိုလ်ပြုတိုင်း ပါဝင်သည့် စေတသိက် | ၂၂ |
| ၁၁။ | မောဟ စေတသိက် | ၂၂ |
| ၁၂။ | မောဟနှင့် မျက်မှန်စိမ်း | ၂၅ |
| ၁၃။ | အဟိရိက စေတသိက် | ၂၆ |
| ၁၄။ | အနောတ္တပ္ပ စေတသိက် | ၂၉ |
| ၁၅။ | လာဘ်ပေး လာဘ်ယူ | ၃၀ |
| ၁၆။ | ဥဒ္ဓစ္စ စေတသိက် | ၃၂ |
| ၁၇။ | လောဘ စေတသိက် | ၃၄ |
| ၁၈။ | လောဘအုပ်စုဦးသာ ပါဝင်တဲ့ စေတသိက် | ၃၄ |
| ၁၉။ | လောဘ ၂-မျိုး | ၃၅ |
| ၂၀။ | လောဘ ၆-မျိုး | ၃၇ |
| ၂၁။ | လောဘ ၃-မျိုး | ၃၈ |
| ၂၂။ | ပို့ချချက် (၃) | ၄၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | လောဘအုပ်စုဝင် စေတသိက်အဆက် | ၄၁ |
| ၂၄။ | လုပ်ကြံတာ အဘိဓမ္မာ | ၄၁ |
| ၂၅။ | ဒိဋ္ဌိ စေတသိက် | ၄၃ |
| ၂၆။ | နတ္ထိကဒိဋ္ဌိ | ၄၄ |
| ၂၇။ | အဟေတုက ဒိဋ္ဌိ | ၄၆ |
| ၂၈။ | အကိရိယဒိဋ္ဌိ | ၄၉ |
| ၂၉။ | သဿတဒိဋ္ဌိ | ၅၃ |
| ၃၀။ | ဥစ္ဆေဒဒိဋ္ဌိ | ၅၄ |
| ၃၁။ | သက္ကာယဒိဋ္ဌိ | ၅၆ |
| ၃၂။ | မာနစေတသိက် | ၅၉ |
| ၃၃။ | ပို့ချချက် (၄) | ၆၂ |
| ၃၄။ | မာန် ၃-မျိုး | ၆၂ |
| ၃၅။ | မာန ၉-မျိုး | ၆၄ |
| ၃၆။ | လူတစ်ကိုယ် ထင်တစ်လုံး | ၆၈ |
| ၃၇။ | ပို့ချချက် (၅) | ၇၄ |
| ၃၈။ | ဒေါသစေတသိက် | ၇၄ |
| ၃၉။ | ဒေါသ အုပ်စု၌သာ ပါဝင်သည့် စေတသိက် | ၇၄ |
| ၄၀။ | ဣဿာစေတသိက် | ၇၈ |
| ၄၁။ | ပို့ချချက် (၆) | ၈၁ |
| ၄၂။ | ဒေါသအုပ်စုဝင် စေတသိက်အဆက် | ၈၁ |
| ၄၃။ | သောတာပန်နှင့် ဣဿာ | ၈၁ |
| ၄၄။ | မစ္ဆရိယ စေတသိက် | ၈၂ |
| ၄၅။ | မစ္ဆရိယ ၂-မျိုး | ၈၃ |
| ၄၆။ | လူတွေ ဘာပြုလို့ ဆင်းရဲတာလဲ | ၈၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | ကုဏ္ဍစွ စေတသိက် | ၈၈ |
| ၄၈။ | ကုဏ္ဍစွ ၂–မျိုး | ၉၁ |
| ၄၉။ | ဝိနယ ကုဏ္ဍစွ | ၉၂ |
| ၅၀။ | သူဌေးသား ရှင်သုဒိန် | ၉၃ |
| ၅၁။ | ပို့ချချက် (၇) | ၁၀၁ |
| ၅၂။ | အုပ်စု ၂–ခုလုံး၌ ပါဝင်သည့် စေတသိက် | ၁၀၁ |
| ၅၃။ | ထိန စေတသိက် | ၁၀၁ |
| ၅၄။ | ပျင်းတာ အကုသိုလ်လား | ၁၀၁ |
| ၅၅။ | မိဒ္ဓစေတသိက် | ၁၀၃ |
| ၅၆။ | အိပ်ငိုက်တာ အကုသိုလ်လား | ၁၀၄ |
| ၅၇။ | အုပ်စု ၂–ခု၌ မပါဝင်သည့် စေတသိက် | ၁၀၈ |
| ၅၈။ | ဝိစိကိစ္ဆာ စေတသိက် | ၁၀၈ |
| ၅၉။ | မဆုံးဖြတ်နိုင်တာ အကုသိုလ်လား | ၁၁၀ |
| ၆၀။ | အကုသိုလ် မူလသုံးပါး | ၁၁၇ |
| ၆၁။ | ဗုဒ္ဓဝါဒ အကျဉ်းချုပ် | ၁၁၈ |
| ၆၂။ | ပို့ချချက် (၈) | ၁၂၂ |
| ၆၃။ | ပပဉ္စတရား သုံးပါး | ၁၂၂ |
| ၆၄။ | လောဘ | ၁၂၂ |
| ၆၅။ | ဒိဋ္ဌိ | ၁၂၄ |
| ၆၆။ | မာန | ၁၂၅ |
| ၆၇။ | အာသဝေါတရား ၄–ပါး | ၁၂၆ |
| ၆၈။ | အာသဝဆိုတာ ဘာလဲ | ၁၂၇ |
| ၆၉။ | ကာမာသဝ | ၁၂၉ |
| ၇၀။ | ဘဝါသဝ | ၁၃၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၁။ | ဒိဋ္ဌာသဝ | ၁၃၁ |
| ၇၂။ | အဝိဇ္ဇာသဝ | ၁၃၂ |
| ၇၃။ | ကမ္မာဖျက် တရား | ၁၃၄ |
| ၇၄။ | ကပ်ကြီးသုံးပါး | ၁၃၅ |
| ၇၅။ | ပို့ချချက် (၉) | ၁၃၇ |
| ၇၆။ | ဥပါဒါန် ၄-ပါး | ၁၃၇ |
| ၇၇။ | ကာမုပါဒါန် | ၁၃၇ |
| ၇၈။ | ဒိဋ္ဌုပါဒါန် | ၁၃၈ |
| ၇၉။ | သီလဗ္ဗတုပါဒါန် | ၁၃၈ |
| ၈၀။ | အတ္တဝါဒုပါဒါန် | ၁၃၉ |
| ၈၁။ | ရှုဠသီဟနာဒသုတ် | ၁၄၀ |
| ၈၂။ | နီဝရဏ ၆-ပါး | ၁၄၃ |
| ၈၃။ | ဗျာပါဒ နီဝရဏ | ၁၄၅ |
| ၈၄။ | ထိနမိဒ္ဓ နီဝရဏ | ၁၄၆ |
| ၈၅။ | ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ | ၁၄၇ |
| ၈၆။ | ဝိစိကိစ္ဆာ နီဝရဏ | ၁၄၉ |
| ၈၇။ | ပို့ချချက် (၁၀) | ၁၅၂ |
| ၈၈။ | အနုသယ ၇-ပါး | ၁၅၂ |
| ၈၉။ | အနုသယပြဿနာ | ၁၅၃ |
| ၉၀။ | အရိုတရား နှစ်မျိုး | ၁၅၆ |
| ၉၁။ | ကိလေသာ ၃-မျိုး | ၁၆၁ |
| ၉၂။ | အနုသယကိလေသာ ရှာနည်း | ၁၆၂ |
| ၉၃။ | အနုသယကိလေသာ ၇-ပါး | ၁၆၇ |
| ၉၄။ | သုဓွေးကတော် ဓမ္မဒိန္နာ | ၁၆၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၅။ | ဝေဒနာနှင့် အနုသယ | ၁၇၂ |
| ၉၆။ | ပို့ချချက် (၁၁) | ၁၇၄ |
| ၉၇။ | မဂ်လေးတန်နှင့် အနုသယကိလေသာ | ၁၇၄ |
| ၉၈။ | သံယောဇဉ် ၁၀–ပါး | ၁၇၇ |
| ၉၉။ | သံယောဇနမှ သံယောဇဉ်ပြောင်းပုံ | ၁၇၈ |
| ၁၀၀။ | သံယောဇဉ်ကြိုးနှင့်တူပုံ | ၁၈၀ |
| ၁၀၁။ | ဒေါသ ကြိုးနှင့်တူပုံ | ၁၈၃ |
| ၁၀၂။ | အကျင့်သီလတွေ သံယောဇဉ်လား | ၁၈၇ |
| ၁၀၃။ | လူညံ့နှင့် လူတော် လေ့လာချက် | ၁၈၈ |
| ၁၀၄။ | ဣဿာ, မစ္ဆရိယ သောတာပန်မှာ ရှိသလား | ၁၉၁ |
| ၁၀၅။ | ပို့ချချက် (၁၂) | ၁၉၄ |
| ၁၀၆။ | ကိလေသာ ၁၀–ပါး | ၁၉၄ |
| ၁၀၇။ | ကိလေသာက လူကို ဘယ်လို မိုက်မဲစေသလဲ | ၁၉၆ |
| ၁၀၈။ | မေတ္တာနှင့်ကိလေသာ ဘယ်သူက အားကောင်းသလဲ | ၁၉၈ |
| ၁၀၉။ | တစ်ထောင့်ငါးရာ ကိလေသာ | ၁၉၉ |
| ၁၁၀။ | အဘိဓမ္မာသင်တန်းနှင့် ဆပ်ပြာမွှေး | ၂၀၂ |
| ၁၁၁။ | ကုသိုလ်ပြုတိုင်း ပါဝင်သည့် စေတသိက် | ၂၀၃ |
| ၁၁၂။ | သဒ္ဓါစေတသိက် | ၂၀၄ |
| ၁၁၃။ | သဒ္ဓါစေတသိက် ဘာသာပြန် | ၂၀၅ |
| ၁၁၄။ | ရာထူးကြီးကြီး လိုချင်ယင် ရှစ်ပါးသီလစောင့် | ၂၁၀ |
| ၁၁၅။ | လောကမှာ အမြတ်ဆုံးရတနာဆိုတာ ဘာလဲ | ၂၁၁ |
| ၁၁၆။ | ပို့ချချက် (၁၃) | ၂၁၃ |
| ၁၁၇။ | ကုသိုလ်ပြုတိုင်း ပါဝင်သည့် စေတသိက် | ၂၁၃ |
| ၁၁၈။ | သဒ္ဓါစေတသိက်နှင့် လာ် | ၂၁၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၉။ | သဒ္ဓါစေတသိက်နှင့် ပစ္စည်းဥစ္စာ | ၂၁၆ |
| ၁၂၀။ | သဒ္ဓါစေတသိက်နှင့် မျိုးစေ့ | ၂၁၈ |
| ၁၂၁။ | ကုသိုလ်လုပ်တယ်ဆိုတာ အများကောင်းစားရေးပါ | ၂၂၀ |
| ၁၂၂။ | ဗိုလ်ရွေးပွဲ | ၂၂၀ |
| ၁၂၃။ | သဒ္ဓါဗိုလ်က တိုက်ခိုက်ပုံ | ၂၂၁ |
| ၁၂၄။ | သဒ္ဓါအစိုးရ | ၂၂၃ |
| ၁၂၅။ | ထိပ်တန်းဗုဒ္ဓဘာသာနှင့် သောတာပန် | ၂၂၅ |
| ၁၂၆။ | သတိစေတသိက် | ၂၂၆ |
| ၁၂၇။ | သတိစေတသိက်နှင့် ဗုဒ္ဓ၏နောက်ဆုံးစကား | ၂၂၇ |
| ၁၂၈။ | သတိစေတသိက်နှင့် လောကရေး | ၂၃၀ |
| ၁၂၉။ | သတိစေတသိက်နှင့် လောကုတ္တရာရေး | ၂၃၂ |
| ၁၃၀။ | ပို့ချချက် (၁၄) | ၂၃၄ |
| ၁၃၁။ | ကုသိုလ်စေတသိက်များ အဆက် | ၂၃၄ |
| ၁၃၂။ | သတိနှင့်သညာ ဘယ်လိုထူးသလဲ | ၂၃၄ |
| ၁၃၃။ | သဒ္ဓါ မဂ္ဂင်မထိုက် | ၂၃၅ |
| ၁၃၄။ | ဟိရိစေတသိက် | ၂၃၆ |
| ၁၃၅။ | ဩတ္တပ္ပစေကသိက် | ၂၃၆ |
| ၁၃၆။ | အလောဘစေတသိက် | ၂၃၇ |
| ၁၃၇။ | ပို့ချချက် (၁၅) | ၂၃၉ |
| ၁၃၈။ | အဒေါသစေတသိက် | ၂၃၉ |
| ၁၃၉။ | မေတ္တာပို့ယင် ရောက်သလားတဲ့ | ၂၃၉ |
| ၁၄၀။ | ရည်မှတ်ပြီးတော့ ပို့တာက | ၂၄၅ |
| ၁၄၁။ | မေတ္တာစာတ်စွမ်းရည် | ၂၄၅ |
| ၁၄၂။ | မိဘအချစ်နှင့် လင်မယားအချစ် | ၂၄၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၃။ | စိတ်ချမ်းသာအောင် တွက်နည်း | ၂၅၀ |
| ၁၄၄။ | တတြမဇ္ဈတ္တတာစေတသိက် | ၂၅၁ |
| ၁၄၅။ | ဥပေက္ခာအမျိုးမျိုး | ၂၅၃ |
| ၁၄၆။ | ပို့ချချက် (၁၆) | ၂၅၅ |
| ၁၄၇။ | ကုသိုလ်စေတသိတ်များအဆက် | ၂၅၅ |
| ၁၄၈။ | ပဿဒ္ဓိစေတသိက် | ၂၅၆ |
| ၁၄၉။ | ကုသိုလ်ဆိုတာ ဘယ်မှာဖြစ်တာသဲ | ၂၅၆ |
| ၁၅၀။ | ကုသိုလ်ရတော့ ဘယ်လိုနေသလဲ | ၂၅၈ |
| ၁၅၁။ | လဟုတာစေတသိက် | ၂၅၈ |
| ၁၅၂။ | ကောင်းကင်ပျံနိုင်တာ ဘယ်စေတသိက်လဲ | ၂၆၀ |
| ၁၅၃။ | မုဒုတာ စေတသိက် | ၂၆၁ |
| ၁၅၄။ | ကုသိုလ်ဆိုတာ မာသလား ပျော့သလား | ၂၆၃ |
| ၁၅၅။ | ကမ္မညတာ စေတသိက် | ၂၆၄ |
| ၁၅၆။ | ပါဂုညတာ စေတသိက် | ၂၆၅ |
| ၁၅၇။ | ကျန်းမာရေးကောင်းတာ ဘယ်စေတသိက်လဲ | ၂၆၆ |
| ၁၅၈။ | ဥဇုကတာ စေတသိက် | ၂၆၇ |
| ၁၅၉။ | စုံတွဲစေတသိက် | ၂၆၉ |
| ၁၆၀။ | ကုသိုလ်မှာ စုံတွဲစေတသိက် ထားရပုံ | ၂၇၂ |
| ၁၆၁။ | ဝိရတီစေတသိက် ၃-ပါး | ၂၇၃ |
| ၁၆၂။ | သမ္မာဝါစာ စေတသိက် | ၂၇၃ |
| ၁၆၃။ | ကောင်းသောစကား ပြောဆိုတာ သမ္မာဝါစာလား | ၂၇၃ |
| ၁၆၄။ | ပို့ချချက် (၁၇) | ၂၇၇ |
| ၁၆၅။ | ဝိရတီစေတသိက် အဆက် | ၂၇၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆၆။ | သမ္မာကမ္မန္တ စေတသိက် | ၂၇၇ |
| ၁၆၇။ | ကောင်းသောအလုပ်ကို လုပ်တာ သမ္မာကမ္မန္တလား | ၂၇၈ |
| ၁၆၈။ | သမ္မာအာဇီဝ | ၂၈၁ |
| ၁၆၉။ | ကောင်းသောအသက်မွေးမှုနှင့် သမ္မာအာဇီဝ | ၂၈၁ |
| ၁၇၀။ | ကုန်းချောသည့်အလုပ်နှင့် အသက်မွေးမှုရှိရဲ့လား | ၂၈၃ |
| ၁၇၁။ | အပ္ပမညာ စေတသိက် | ၂၈၅ |
| ၁၇၂။ | အပ္ပမညာစေတသိက်ဟာ နှစ်လုံးပဲရှိသလား | ၂၈၅ |
| ၁၇၃။ | ဥပေက္ခာ | ၂၈၆ |
| ၁၇၄။ | ကရုဏာစေတသိက် | ၂၈၇ |
| ၁၇၅။ | သနားမှုနှင့် ကရုဏာ | ၂၈၇ |
| ၁၇၆။ | ကရုဏာနှင့် ကယ်တင်ရှင် | ၂၈၈ |
| ၁၇၇။ | ကရုဏာ စေတသိက်နှင့် ကြက်ခြေနီ | ၂၈၉ |
| ၁၇၈။ | မြန်မာ့သွေးဖြစ်နေတာ ဘယ်စေတသိက်တွေလဲ | ၂၈၉ |
| ၁၇၉။ | မုဒိတာ စေတသိက် | ၂၉၀ |
| ၁၈၀။ | ပို့ချချက် (၁၈) | ၂၉၃ |
| ၁၈၁။ | ပညာကို ဘယ်လို ဘာသာပြန်မလဲ | ၂၉၄ |
| ၁၈၂။ | ဉာဏ်ရှိတာနှင့် ပညာရှိတာ တူသလား | ၂၉၅ |
| ၁၈၃။ | အဘိဓမ္မာ ပညာရှိ | ၂၉၆ |
| ၁၈၄။ | ဘယ်မှောင် အမိုက်ဆုံးလဲ | ၂၉၇ |
| ၁၈၅။ | လူကဲခတ်ရတာ လွယ်သလား | ၂၉၉ |
| ၁၈၆။ | အသိသုံးမျိုးခွဲတာ ဟုတ်ကဲ့လား | ၃၀၀ |
| ၁၈၇။ | နှစ်ဘက်ရှုစေတသိက် | ၃၀၂ |
| ၁၈၈။ | စိတ်အားလုံးမှာ ပါဝင်သည့်စေတသိက် | ၃၀၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၉။ | ဖဿ စေတသိက် | ၃၀၅ |
| ၁၉၀။ | မြင်အောင် လုပ်ပေးတာ ဖဿပဲ | ၃၀၇ |
| ၁၉၁။ | ဖဿရဲ့ ဥပမာများ | ၃၁၀ |
| ၁၉၂။ | ပို့ချချက် (၁၉) | ၃၁၃ |
| ၁၉၃။ | ဖဿရှိမှ စိတ်ရှိတယ် ဖဿမရှိယင် စိတ်မရှိဘူး | ၃၁၄ |
| ၁၉၄။ | ဝေဒနာစေတသိက် | ၃၁၅ |
| ၁၉၅။ | ဥဿပက္ခာ ဝေဒနာ | ၃၁၆ |
| ၁၉၆။ | ဝေဒနာနှင့် လောကဥပမာ | ၃၁၇ |
| ၁၉၇။ | ဝေဒနာ ၆–မျိုး | ၃၁၈ |
| ၁၉၈။ | ဝေဒနာစေတသိက် မပါဘဲ ဘယ်စိတ်မှ မဖြစ်နိုင် | ၃၁၉ |
| ၁၉၉။ | ဝေဒနာငါးမျိုး ခွဲနည်း | ၃၂၃ |
| ၂၀၀။ | ကောက်စိုက်သမနှင့် သုခဝေဒနာ | ၃၂၃ |
| ၂၀၁။ | သညာစေတသိက် | ၃၂၆ |
| ၂၀၂။ | စာကျက်လို့ ရလွယ်သော သညာလား, ပညာလား | ၃၂၆ |
| ၂၀၃။ | မှတ်သားတာတွေ မမေ့တာ သညာလား, သတိလား | ၃၂၇ |
| ၂၀၄။ | သညာခြောက်မျိုး ဘယ်လို ခွဲသလဲ | ၃၂၉ |
| ၂၀၅။ | စေတနာ စေတသိက် | ၃၃၂ |
| ၂၀၆။ | ပို့ချချက် (၂၀) | ၃၃၄ |
| ၂၀၇။ | စေတနာ, ကံ, သင်္ခါရ ထူးသလား | ၃၃၄ |
| ၂၀၈။ | စေတနာမရှိဘဲ ကံမြောက်နိုင်သလား | ၃၃၈ |
| ၂၀၉။ | ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာ | ၃၃၉ |
| ၂၁၀။ | စေတနာရှိမှ ကံမြောက်ပုံ နောက်ခံသမိုင်း | ၃၄၀ |
| ၂၁၁။ | ရဟန်းကောင်း အရှင်မြတ်တို့ ခေါင်းဖြတ်ခံရတာ ဘယ်ခေတ်ကလဲ | ၃၄၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁၂။ | ရှေးက မြန်မာကြီးတွေ ဘာကြောင့် သေရဲတာလဲ | ၃၄၂ |
| ၂၁၃။ | ရဟန်းကောင်းတွေ သတ်မိတာ များကုန်ပါပြီ | ၃၄၃ |
| ၂၁၄။ | သတ်မိတာ ဘယ်သူ့အပြစ်လဲ | ၃၄၃ |
| ၂၁၅။ | စေတနာ သင်္ခါရ | ၃၄၅ |
| ၂၁၆။ | စေတနာက ဘယ်လို ၆-မျိုး ပြားသလဲ | ၃၄၇ |
| ၂၁၇။ | လူလာ ဖြစ်ရတာ ဘာကြောင့် ဖြစ်ရတာလဲ | ၃၄၉ |
| ၂၁၈။ | လူနှင့် တိရစ္ဆာန် ရုပ်,နာမ်ချင်း တူသလား | ၃၅၀ |
| ၂၁၉။ | ဧကဂ္ဂတာ စေတသိက် | ၃၅၁ |
| ၂၂၀။ | ပိုကာဆွဲတာ သမာဓိလုပ်ငန်းလား | ၃၅၃ |
| ၂၂၁။ | ပို့ချချက် (၂၁) | ၃၅၅ |
| ၂၂၂။ | ကုသိုလ် အကုသိုလ် နှစ်ဘက်ရ စေတသိက်များအဆက် | ၃၅၅ |
| ၂၂၃။ | ဗေဒင်ဟောနိုင်တဲ့ သမာဓိလုပ်ငန်း | ၃၅၇ |
| ၂၂၄။ | ဇီဝိတိန္ဒြေစေတသိက် | ၃၅၉ |
| ၂၂၅။ | ဇီဝိတ စေတသိက် အစိုးရ ဖြစ်နိုင်သလား | ၃၆၁ |
| ၂၂၆။ | မနသိကာရ(စေတသိက်) | ၃၆၃ |
| ၂၂၇။ | သဗ္ဗစိတ္တ သာဓာရဏ စေတသိက် | ၃၆၄ |
| ၂၂၈။ | စိတ် အချို့အဝက်မှာ ပါဝင်တဲ့ စေတသိက် | ၃၆၇ |
| ၂၂၉။ | ဝိတက် စေတသိက် | ၃၆၈ |
| ၂၃၀။ | တရားကို ဆာအုပ်ကြီးတွေက ကွယ်ထားတယ်တဲ့ | ၃၆၉ |
| ၂၃၁။ | ဈာန်လမ်းမှာ ပညာကို ခေါင်းဆောင်မတင် | ၃၇၂ |
| ၂၃၂။ | တွေးခေါ် မြော်မြင်ရေး တရား ၂-ပါး | ၃၇၄ |
| ၂၃၃။ | ဝိစာရစေတသိက် | ၃၇၅ |
| ၂၃၄။ | ပို့ချချက် (၂၂) | ၃၇၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၅။ | ဝီရိယ | ၃၇၇ |
| ၂၃၆။ | ပညာရေးနှင့် ဝီရိယ | ၃၇၈ |
| ၂၃၇။ | ဝီရိယကောင်းတာ ဘယ်လိုလူလဲ | ၃၇၉ |
| ၂၃၈။ | အဓိပတိတပ်သည့် ဝီရိယ | ၃၈၁ |
| ၂၃၉။ | စီးပွားရေးနှင့် ဝီရိယ | ၃၈၂ |
| ၂၄၀။ | ဝီရိယစေတသိက်နှင့် ပါရမီ | ၃၈၃ |
| ၂၄၁။ | ဝီရိယစေတသိက်နှင့် ဘုရားလောင်း ဇနက | ၃၈၄ |
| ၂၄၂။ | ကံ သက်သက် ယုံတာ ဗုဒ္ဓဘာသာ မဟုတ် | ၃၈၅ |
| ၂၄၃။ | အတိတ်ကံနှင့် ဓာတ်အား တူပုံ | ၃၈၇ |
| ၂၄၄။ | မင်းကုသနှင့် ဝီရိယာဓိပတိ | ၃၉၁ |
| ၂၄၅။ | ပီတိစေတသိက် | ၃၉၂ |
| ၂၄၆။ | ပီတိဖြစ်နေယင် ထမင်းမစားဘူး | ၃၉၃ |
| ၂၄၇။ | ဆန္ဒ စေတသိက် | ၃၉၅ |
| ၂၄၈။ | ဆန္ဒနှင့် လောဘ ဘယ်သူအားကောင်းသလဲ | ၃၉၆ |
| ၂၄၉။ | ဘုရားဖြစ်ချင်တာ လောဘလား၊ | ၃၉၇ |
| ၂၅၀။ | ပို့ချချက် (၂၃) | ၄၀၀ |
| ၂၅၁။ | ကုသိုလ် အကုသိုလ် နှစ်ဘက်ရ စေတသိက်များ အဆက် | ၄၀၀ |
| ၂၅၂။ | အဓိမောက္ခ စေတသိက် | ၄၀၁ |
| ၂၅၃။ | အဓိမောက္ခ စေတသိက်နှင့် ဘုရားအဟု | ၄၀၂ |
| ၂၅၄။ | ဆန္ဒစောတိုင်း ကောင်းသလား | ၄၀၆ |
| ၂၅၅။ | ပို့ချချက် (၂၄) | ၄၀၈ |
| ၂၅၆။ | ပုထုဇဉ် ၂-မျိုး | ၄၀၈ |
| ၂၅၇။ | ခန္ဓာ ငါးပါးဖွဲ့နည်း | ၄၀၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၈။ | ရူပက္ခန္ဓာ | ၄၀၉ |
| ၂၅၉။ | ဝေဒနာက္ခန္ဓာ | ၄၁၀ |
| ၂၆၀။ | သညာက္ခန္ဓာ | ၄၁၀ |
| ၂၆၁။ | သင်္ခါရက္ခန္ဓာ | ၄၁၁ |
| ၂၆၂။ | ဝိညာဏက္ခန္ဓာ | ၄၁၁ |
| ၂၆၃။ | လူတွေ ဘယ်အတွက် အလုပ် လုပ်ကြတာလဲ | ၄၁၄ |
| ၂၆၄။ | ဝိပဿနာမှ သညာကို ဖြိုခွဲနိုင် | ၄၁၇ |
| ၂၆၅။ | ခန္ဓာငါးပါး ဘယ်အတွက် ဟောတာလဲ | ၄၂၁ |
| ၂၆၆။ | ခန္ဓာငါးပါးကို ဘယ်သူတွေအတွက် ဟောတာလဲ | ၄၂၄ |
| ၂၆၇။ | ဒီဘဝက ဝိညာဉ် ဟိုဘဝ ပြောင်းနိုင်သလား | ၄၂၇ |
| ၂၆၈။ | ဆန္ဒမထေရ်နှင့် ဝိပဿနာတရား | ၄၃၀ |
| ၂၆၉။ | ပို့ချချက် (၂၅) | ၄၃၄ |
| ၂၇၀။ | ဒုက္ခသစ္စာ | ၄၃၄ |
| ၂၇၁။ | လောကမှာ ချမ်းသာမရှိဘူးလား | ၄၃၄ |
| ၂၇၂။ | ဝိပဿနာတရားအားထုတ်ယင် ဘယ်လို စိတ်ရှိရမလဲ | ၄၃၇ |
| ၂၇၃။ | လူသေယင် ဘာကြောင့် ထပ်ဖြစ်ရသလဲ | ၄၄၁ |
| ၂၇၄။ | သမုဒယသစ္စာ | ၄၄၂ |
| ၂၇၅။ | ခန္ဓာအိမ်ကို ဆောက်လုပ်တာ ဘယ်သစ္စာလဲ | ၄၄၄ |
| ၂၇၆။ | တဏှာကို သေအောင် သတ်ပစ်လို့ ရသလား | ၄၄၅ |
| ၂၇၇။ | မဂ္ဂသစ္စာ | ၄၄၆ |
| ၂၇၈။ | ဒုက္ခကိုသိယင် တဏှာကို ပယ်စရာလိုသေးလား | ၄၅၀ |
| ၂၇၉။ | နိရောဓသစ္စာ | ၄၅၂ |


မာတိကာ ပြီးပြီ။

* * * * *

ဆရာ–ဦးကျော်ထွတ်၏

# ဝိုင်–အမ်–ဘီ–အေ အဘိဓမ္မာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပို့ချချက်(၁)

(၆၊ ၅၊ ၇၉)

### စိတ်, စေတသိက် အကြောင်း သိကောင်းစရာများ

ဒီနေ့ သင်တန်းအစဆိုတော့ မနေ့က ဆရာပြောခဲ့တဲ့အတိုင်းပဲ ပရမတ္ထတရား လေးပါးရှိတဲ့အထဲက စိတ်ကို ဆရာဦးလှမောင်က ပြမယ်။ စေတသိက်ကို ဆရာက ပြမယ်။ ရုပ်ကို ဆရာဦးအေးနိုင်က ပြမယ်။ နိဗ္ဗာန်ကတော့ ဒီစိတ်ပြတဲ့ပုဂ္ဂိုလ်ကလဲ ပြောသွားမှာပဲ၊ စေတသိက်ပြတဲ့ ပုဂ္ဂိုလ်ကလဲ ပြောသွားမှာပဲ၊ ရုပ်ပြတဲ့ပုဂ္ဂိုလ်ကလဲ ပြောသွားမှာပဲ၊ နိဗ္ဗာန်ကတော့ သီးခြားမပြောပေမဲ့ နိဗ္ဗာန်ဆိုတာ ဘယ်လို သဘောတရားကို နိဗ္ဗာန်ခေါ်တယ်။ ဗုဒ္ဓဘာသာတွေမှာ အရေးအကြီးဆုံးဖြစ်တဲ့ နိဗ္ဗာန်တရားကို စေတသိက်မှာ သင်ယင်းပါသွားမှာပါ။

သင်တန်းအစမှာ ပထမဆုံး ပရမတ္ထတရားလေးပါး ရထားရမယ်။ ပရမတ္ထတရားလေးပါးဆိုတာက "စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်၊ နိဗ္ဗာန်ရယ်၊" ဒီလေးခုကို မှတ်ထားရမယ်။ အဲဒီတော့ ပရမတ္ထတရား ဘယ်နှစ်ပါးရှိသလဲဆိုရင် ဘယ်လိုပြောမလဲ။ လေးပါးက ဘာတုံး။ (သင်တန်းသားများ ပြန်ဖြေ။)

**ပညတ်နှင့်ပရမတ်** အစိပ္ပါယ်က ပရမတ္ထဆိုတာ ပရမနဲ့အတ္ထ နှစ်ပုဒ်တွဲပြီး ပရမတ္ထလို့ခေါ်တယ်။ ပရမတ္ထတရားဆိုတာ အလွယ်ဆုံးကတော့ သီးခြား သဘာဝရှိတဲ့ တရားကို ပရမတ္ထခေါ်တာပဲ။

ပရမတ်–ဆိုတာကတော့ ပါဠိလို ပရမတ္ထက မွေးစားယူလိုက်တာပဲ။ ပရမတ္ထဆိုတာ ပါဠိလိုခေါ်တယ်၊ မြန်မာလိုက ပရမတ်လို့ခေါ်တယ်။ အဘိဓမ္မာသင်တယ်ဆိုရင် ပညတ်ရယ်, ပရမတ်ရယ် ကွဲရမယ်။ အဲဒီတော့ အဘိဓမ္မာသင်တဲ့အခါမှာ ပညတ်ဆိုတာ ဘယ်လိုတရားကို ခေါ်တယ်၊ ပရမတ်ဆိုတာ ဘယ်လိုတရားကို ခေါ်တယ်ဟု သိရမယ်။ ပရမတ်ဆိုတာက သီးခြားသဘာဝရှိတဲ့တရား။ တစ်နည်းအားဖြင့် တကယ့် အရှိတရားပေါ့။ သူ့သဘောတရားကို စစ်ကြည့်မယ်ဆိုလို့ရှိရင် တကယ်ရှိတယ်၊ အဲဒါ ပရမတ္ထ။ ပညတ်ဆိုတာက တကယ်မရှိတဲ့ တရားကို ပညတ်လို့ခေါ်တယ်။

ဥပမာတစ်ခု–ယောက်ျားဆိုပါတော့၊ ယောက်ျားဆိုတဲ့ နာမည်ဟာ ပညတ်လား၊ ပရမတ်လားလို့ မေးမယ်ဆိုရင် ဘယ်လိုပြောမလဲ။ ယောက်ျားဆိုတဲ့ နာမည်ဟာ တကယ်ရှိရဲ့လား။ တကယ်မရှိဘူး။ ဟုတ်လား၊ ဒီရုပ်နဲ့ ဒီနာမ် ဒီပုံသဏ္ဍာန်ကို ယောက်ျားလို့ ခေါ်လိုက်တာပဲ။ တကယ်ရှိတာ မဟုတ်ဘူး။ ပြောင်းခေါ်ရင်ကော မရဘူးလား။ ဒီရုပ်မျိုး ဒီပုံသဏ္ဍာန်မျိုးကို မိန်းမလို့ခေါ်ရင်ကော မဖြစ်ဘူးလား၊ ဖြစ်တာပဲ။ နာမည်ဟာ ပြောင်းခေါ်ရင် ဖြစ်တာပဲ။ မိန်းမဆိုတာကလဲ တကယ်ရှိတဲ့ တရားလား။ မိန်းမဆိုတာလဲ ဒီလိုပုံသဏ္ဍာန်နဲ့ ဒီလိုအဝတ်အစားလေး ဝတ်လာလို့ရှိရင် သူက မိန်းမပဲ၊ ဟုတ်လား။ တကယ်ရှိတာ မဟုတ်ဘူး။ ယောက်ျားကလေးတစ်ယောက်ဟာ ဆံပင်လေးတွေရှည်ရှည်နဲ့ သနပ်ခါးလေး ဘာလေးလိမ်းပြီးတော့ အင်္ကျီလေးဘာလေးဝတ်လိုက်ရင် သူကဘာဖြစ်သွားမလဲ။ မိန်းမဖြစ်သွားတာပဲ၊ ဟုတ်လား။ ဒီရုပ်နဲ့နာမ်ကတော့ ပြောင်းသွားတာမဟုတ်ဘူး။

အချို့ ခုခေတ် ယောက်ျားလေးတွေ နောက်ကနေ ကြည့်လို့ရှိရင် မိန်းကလေးတွေလားလို့ အောက်မေ့ရတယ်။ အနားရောက်တော့မှ ဟာ––ယောက်ျားလေးပါလား။ ခုခေတ် ယောက်ျားလေးတွေဟာ မိန်းကလေးတွေ ပုံသဏ္ဍာန်ဖြစ်နေတယ်။ အဲဒီတော့ ပညတ်ဆိုတာက တကယ်မရှိဘူး။

ပြောင်းလို့ရတယ်၊ တကယ်ရှိတာက ဘာရှိသတုံး။ ဒီ ရုပ်နဲ့ နာမ်ကတော့ တကယ်ရှိတယ်။ အဲဒီတော့ ရုပ်နဲ့နာမ်ဟာ တကယ့် ပရမတ်ပဲ။

ဒီ စိတ်ရယ်၊ စေတသိက်ရယ်၊ ဒီတရားနှစ်ခုကို နာမ်ခေါ်တာပဲ။ ပရမတ္ထတရားလေးပါးမှာ စိတ်၊ စေတသိက်ကို နာမ်လို့ခေါ်တာပဲ။ ရုပ်ကတော့ ရုပ်ပဲ။ အတိုကောက်ပြောတဲ့အခါကျတော့ ခန္ဓာကိုယ်ကို ရုပ်နဲ့နာမ်ပဲလို့ ဒီလိုပြောတယ်။ ရုပ်နဲ့နာမ်ဆိုတာက တကယ်ရှိလို့ သူတို့က ပရမတ္ထတရား။ ယောက်ျား မိန်းမဆိုတာက နာမည်ပဲ။ မှည့်ချင်သလို မှည့်လို့ရတာပဲ။ တကယ်ရှိတာ မဟုတ်ဘူး။ ဥပမာတစ်ခု–အခုဒီစားပွဲတွေဆိုပါတော့ စားပွဲက သူ့ပင်ကိုအရင်းက ဘာလဲ၊ သစ်သားပဲမဟုတ်လား။ ကျွန်းသားဖြင့် ကျွန်းသားပေါ့။ ကျွန်းသားကတော့ တကယ်ရှိတာပေါ့။ ဒီလိုစားပွဲလုပ်တဲ့ အခါကျတော့ သူ့ကို စားပွဲလို့ခေါ်တယ်။ ကုလားထိုင်လုပ်တဲ့အခါကျတော့ ကုလားထိုင်လို့ခေါ်တယ်။ ကျွန်းသားပဲ။ ကျွန်းသားကတော့ရုပ်၊ ကျွန်းသား ကို ကုလားထိုင်လဲလုပ်လို့ရတယ်၊ စားပွဲလဲလုပ်လို့ရတယ်၊ ကျောင်းဆောက်လဲ ရတယ်၊ အိမ်ဆောက်လို့လဲ ရတယ်။ ပညတ်ဆိုတဲ့ဟာတွေက တကယ် ရှိတာမဟုတ်ဘူး။ လူတွေက သမုတ်ပြီးတော့ အားလုံးက ခေါ်လိုက်လို့ ရှိရင် ဖြစ်တယ်မဟုတ်လား။

ခေတ်ပြောင်းတော်လှန်ရေးလုပ်ပြီးတော့ ဒီလိုဆံပင်နဲ့ ထဘီနဲ့ ဒီလိုဝတ်တဲ့ ပုံသဏ္ဌာန်လေးတွေကို ယောက်ျားခေါ်မယ်၊ ဆရာတို့လို ဝတ်တဲ့ ပုံသဏ္ဌာန်ကို မိန်းမလို့ခေါ်မယ်ဆိုလို့ရှိရင် အားလုံးညီရင် မရဘူးလား။ အားလုံးညီဟူညာတူ အစိုးရက သမုတ်ပညတ်လိုက်လို့ရှိရင် ခေါ်လို့ရတယ်၊ ပညတ်ကတော့ နာမည်တွေ ပြောင်းပြောင်းသွားတယ်၊ ဒါကြောင့်မို့လို့ ပရမတ်ဆိုတာက တကယ်ရှိတဲ့ တရားပဲ။ ပညတ်ဆိုတာက တကယ်မရှိတဲ့ တရား။ ပြန်ပြောစမ်းပါအုံး။ ပရမတ်ဆိုတာက ဘယ်လိုဟာတုံး၊ ပညတ် ဆိုတာက ဘယ်လိုဟာတုံး (သင်တန်းသားများ ပြန်ဖြေကြသည်။) တစ်ခေါက် ထပ်ပြောပါအုံး။ ပရမတ္ထဆိုတာ ဘာတဲ့တုံး၊ (သင်တန်းသားများ ဖြေသည်။)

အဘိဓမ္မာသင်တော့ တကယ်မရှိတာနဲ့ရှိတာ ကွဲသွားတယ်။ ရုပ်နဲ့ နာမ်၊ သူတို့ကတော့ ရှိတယ်။ ဒီ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်မှာဆိုရင် ရုပ်ရယ် နာမ်ရယ် ဒီနှစ်ခုကတော့ ရှိမှာပဲ။ မိန်းမလဲရုပ်နဲ့နာမ်ပဲ၊ ယောကျ်ားလဲ ရုပ်နဲ့နာမ်ပဲ၊ တိရစ္ဆာန်ဖြစ်တဲ့ ခွေးတွေ, ကြောင်တွေ, ဝက်တွေ၊ ဒါတွေဟာလဲ ရုပ်နဲ့နာမ်ပဲ။ ပုံသဏ္ဌာန်ကွဲသွားတော့ လေးဘက်ထောက်ပြီးသွားရင် ခွေးလို့ ခေါ်လိုက်တာပဲ၊ ကြောင်လို့ခေါ်လိုက်တာပဲ။ ပညတ်တွေကတော့ ပြောင်းပြောင်းသွားတာပဲ။ ရုပ်နာမ်ကတော့ တကယ်ရှိတဲ့ အရှိတရား။ နာမည်မှည့်ထားတာတွေက တကယ်မရှိတဲ့တရားပဲ။ ပရမတ်ပေါ်မှာ သူက နာမည် အမျိုးမျိုးမှည့်လို့ ရတာပဲ။ အဘိဓမ္မာသင်မယ်ဆိုလို့ရှိရင် ပညတ်နဲ့ ပရမတ်ကတော့ ကွဲမှာပဲ။ ရုပ်နဲ့နာမ်လဲ ကွဲရမှာပဲ။

စိတ်နဲ့စေတသိက်ကို နာမ်လို့ခေါ်တယ်။ အဘိဓမ္မာသင်တဲ့အခါမှာ စာတွေကို သိပ်စဉ်းစားမဲ့အစား ကိုယ့်ခန္ဓာကိုယ်ကို စဉ်းစားကြည့်ရမယ်။ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတွေကို စဉ်းစားကြည့်ရင် ဒါဟာ အဘိဓမ္မာတတ်တာပဲ။ အဲဒီတော့ ခန္ဓာကိုယ်ကို ကြည့်မယ်ဆိုလို့ရှိရင် ခန္ဓာကိုယ်ထဲမှာ ဘာရှိသလဲ၊ အသိတရားဆိုတာ မရှိဘူးလား။ အဲ–လူဆိုတဲ့ ခန္ဓာကိုယ်ထဲမှာ သိတယ်ဆိုတဲ့ သဘောတရားကလေးတစ်ခု ရှိတယ်။ သိတယ်ဆိုတဲ့ သဘောတရားကလေးထဲမှာ စိတ်ရယ်, စေတသိက်ရယ်ဆိုပြီးတော့ ဒီလိုကွဲသွားတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့သတ္တဝါတွေ အားလုံးရဲ့ စိတ်တွေကို ရေတွက်လို့ရှိရင် ဗုဒ္ဓအဘိဓမ္မာက စိတ်ဟာ ၈၉–ခုပဲ ရှိတယ်။ ၈၉–ခုကို ပါဠိသုံးခေါ်တဲ့အခါကျတော့ တစ်ခုယုတ် ကိုးဆယ်လို့ခေါ်တယ်။ တစ်ခုယုတ်ကိုးဆယ်ဆိုတာက တစ်ခုလျော့နေတဲ့ ၉၀–လို့ ပြောတာပဲ။

အဲဒီတော့ ရှေးက အဘိဓမ္မာပြောချင်တဲ့ လူကြီးတွေဆိုရင်ပေါ့လေ၊ စိတ်တစ်ခုယုတ်ကိုးဆယ်ကို သူ့တို့က ဘယ်လိုအောက်မေ့သလဲဆိုတော့ သူတို့ဖတ်တဲ့စာက စိတ်တစ်ခု ရုပ်ကိုးဆယ်၊ စိတ်တစ်ခုယုတ် ကိုးဆယ်ဆိုတာက ယပက်လက်နဲ့ ယုတ်၊ သူတို့က သတ်ပုံလဲ မသိဘူး၊ အဘိဓမ္မာလဲ မသိဘူး။ အဲဒီတော့ လူကြားထဲမှာ ဘာစကားပြောသလဲဆိုတော့ အဘိဓမ္မာ

စကား ပြောတယ်။ **စိတ်က တစ်ခုထဲရှိတာ၊** ရုပ်က ကိုးဆယ်တောင် ရှိတယ်တဲ့၊ **စိတ် တစ်ခုယုတ် ကိုးဆယ်ဆိုတာက** ပါဠိစကားကို မြန်မာလို တိုက်ရိုက် **ပြန်လိုက်တော့** တခုယုတ်ကိုးဆယ်။ မြန်မာလို ရှင်းရှင်းကတော့ ၈၉–ခုပါ။

ဒီလူတွေ့ရဲ့ ခန္ဓာကိုယ်ထဲမှာတော့ သာမညပြောရင် ၈၉–ခုပဲ။ နောက်တော့မှ တဖြည်းဖြည်း ခွဲပြပါမယ်။ လူတွေ့ရဲခန္ဓာကိုယ်ထဲမှာ စိတ်ပေါင်း ၈၉–ခုဆိုတာ ရှာန်ရတဲ့ ပုဂ္ဂိုလ်တွေရော၊ အရိယာပုဂ္ဂိုလ်တွေရော၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေရော၊ ပုဂ္ဂိုလ်အကုန်ပေါင်းလိုက်တော့မှ ၈၉–ခု ရှိတယ်လို့ ဆိုတာပါ။ ရိုးရိုးလူတွေမှာတော့ ၈၉–ခု မရှိပါဘူး။ လူတွေ ဘယ်လောက်များများ စေတသိက်တော့ ၅၂–ခုပဲရှိတယ်။ အဘိဓမ္မာမှာ စိတ်နဲ့ စေတသိက်ကို ဒီလို မှုချလိုက်ပါတယ်။

ရုပ်တွေကလဲ မိန်းမရုပ်၊ ယောက်ျားရုပ်၊ ခွေးရုပ်၊ လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ ဘယ်လောက်များနေများနေ ရုပ်ကို အကုန်လုံးပေါင်းလိုက်မယ် ဆိုလို့ရှိရင် အဘိဓမ္မာသင်တဲ့အခါကျတော့ ရုပ် ၂၈–ခုပဲရှိတယ်။ နိဗ္ဗာန် ကတော့ တစ်ခုတည်းပါ။ အဲဒီတော့ ပရမတ္ထတရားလေးပါး သင်တဲ့အခါမှာ အဘိဓမ္မာက ခက်တယ်၊ ခက်တယ်ဆိုပေမဲ့ ဒီ(ဝိုင်အမ်ဘီအေ)သင်တန်းက အခြေခံရတယ်ဆိုလို့ရှိရင် ပိဋကတ်သုံးပုံက အဘိဓမ္မာစာတွေကို ဖတ်လိုရပါတယ်။ သင်တန်းကိုသာ မှန်မှန် ဆုံးအောင်တက်ရင် ဖတ်နိုင်ပါတယ်။ ဆရာတို့ ရည်ရွယ်ချက်က ဗုဒ္ဓဘာသာစာပေတွေလဲ အကုန်လုံးဖတ်တတ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လဲပါတယ်။ ဒီအဘိဓမ္မာ စကားလုံးကလေးတွေက မြန်မာလိုကျတော့ မသင်ရင် နားမလည်ဘူး။ ဒီစကားလုံးကလေးတွေ သင်ထားတော့ ဗုဒ္ဓဘာသာစာတွေဖတ်ရတာ မပျင်းတော့ဘူးပေါ့၊ သဘောကျလာမယ်။

အဲဒီတော့ စိတ် ၈၉–ခု၊ စေတသိက် ၅၂–ခု၊ ရုပ် ၂၈–ခု၊ နိဗ္ဗာန်။ အဲဒီဝေါဟာရလောက်ကို သင်မယ်ဆိုလို့ရှိရင် ဒါ အဘိဓမ္မာအခြေခံရတာပဲ။ အဲဒီတော့ စိတ်က ဘယ်လောက်ရှိသလဲ၊ စေတသိက်က ဘယ်လောက်ရှိ

သလဲ၊ ရုပ်က ဘယ်လောက်ရှိသလဲ၊ နိဗ္ဗာန်က ဘယ်လောက်ရှိသလဲ။

တကယ်ချဲ့ရင်တော့ စိတ်တွေက အများကြီးပေါ့၊ ဟုတ်လား။ လူတစ်ယောက်တည်းမှာတောင်မှ စိတ်တွေ မနက်ကစိတ်ရယ်၊ နေ့လယ်က စိတ်ရယ်၊ ညနေကစိတ်ရယ်၊ စိတ်တွေက များတယ်။ လူအများကြီးစုလိုက်မယ် ဆိုလို့ရှိရင် စိတ်တွေဟာ ကုဋေကုဋာ မရေမတွက်နိုင်အောင် များသွားမယ်၊ ဒါတွေကို တူရာပြန်ပေါင်းလိုက်လို့ရှိရင် ၈၉-ခု-ပဲ ရှိတယ်။ အဲဒီ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်-ထဲက စေတသိက်ကို အရင်သင်မယ်။

## စိတ်နှင့်စေတသိက်

စိတ်နဲ့ စေတသိက်ကို လူတွေမှာ မကွဲကြဘူး။ စိတ်နဲ့ စေတသိက်မှာ လူအများစု သုံးနေတာကတော့ စေတသိက်ရယ်လို့ မသုံးကြဘူး။ စိတ်ပဲ သုံးတယ်။ မင်းစိတ်ကို ငါသိပါတယ်၊ ဟုတ်လား။ ငါအင်မတန် စိတ်ကြီးတဲ့ လူတစ်ယောက်ပဲ။ ဒီလူကတော့ စိတ်မကောင်းရှိတယ်၊ ဒီလူကတော့ စိတ်ကောင်းရှိတယ်။ အဲဒီလို စိတ်ကိုပဲ ပြောနေကြတယ်။ စေတသိက်မကောင်းဘူးလို့ ဘယ်သူကမှ မပြောဘူး။ စေတသိက် ကောင်းတယ်လို့လဲ မပြောဘူး။ စေတသိက်ဆိုတဲ့ စကားကတော့ မြန်မာစကားထဲမှာ မရှိဘူး။ အမှန်က မြန်မာစကားအစစ်လဲ မဟုတ်ဘူး။

စိတ္တဆိုတဲ့ ပါဠိအစစ်ကို မြန်မာက မွေးစားပြီးတော့ တ-ဝမ်းပူ တစ်လုံးဖျက်ကာ တ-သတ်လိုက်ပြီး စိတ်လို့ခေါ်တယ်၊ ဟုတ်လား။ အဲဒီတော့ စိတ်ဆိုတဲ့ မြန်မာစကားကို မြန်မာလို ထပ်ပြန်မယ်ဆိုရင် နားမလည်တော့ဘူး။ စိတ်ဆိုတာဟာ မြန်မာက နားလည်ပြီးသားကို ဖြစ်နေတယ်။ စိတ်ဆိုတာ ဘယ်လို နားလည်ကြသတုံး၊ မြန်မာစကားပဲ၊ လူတိုင်း ပြောနေကြတာပဲ၊ ဒီလူစိတ်မကောင်းဘူး, စိတ်ကောင်းတယ်လို့။

ဒီခန္ဓာကိုယ်ထဲမှာရှိတဲ့ အသိတရားကို စိတ်လို့လဲခေါ်တယ်၊ နာမ်လို့လဲခေါ်တာပဲ။ တရားသမားတွေကတော့ စိတ်ရော, စေတသိက်ရော ပါအောင် **နာမ်**လို့ပဲ ရောခေါ်လိုက်တယ်။

အဲဒီတော့ မင်းတို့ မြန်မာတွေ စိတ်လို့ပြောနေတဲ့ စိတ်ရဲ့အဓိပ္ပါယ်ကို ပြောပြစမ်းပါဆိုရင် မြန်မာအဘိဓာန်ထဲမှာ ဝေါဟာရကတော့ ယည့်ရမယ်၊ စိတ်ကို အဘိဓာန်ဖွင့်ပြစမ်းပါဆိုလို့ရှိရင် စိတ်ရဲ့အဓိပ္ပါယ် ဘယ်လိုရေးမလဲ၊ လူတိုင်းသိနေကြတဲ့ စိတ်ဆိုတာက လိုရင်းကတော့ သိတတ်တဲ့သဘောတရားပဲ။

လူဟာ သိတယ် သိတယ်လို့ဆိုတာ စိတ်ရှိလို သိတာပဲ၊ စိတ်မရှိဘဲနဲ့ ရုပ်ချည်းသက်သက်ဆိုလို့ရှိရင် လူသေသွားတဲ့အခါကျတော့ စိတ်ရှိသေးရဲ့လား၊ ရုပ်ချည်းကတော့ မရှိဘူးလား၊ အဲဒီတော့ သေတဲ့ရုပ်နဲ့-မသေခင်ရုပ်နဲ့၊ စိတ်ရှိတာ-မရှိတာနဲ့ ဒါပဲထူးတယ်၊ စိတ်ရှိတုန်းက သူကဘာလဲ၊ သိတတ်တယ်၊ သူ့သွားကိုင်ရင် ကိုင်တယ်လို့ သိတယ်၊ ဆဲရင်ရော ဆဲတယ်လို့သိတယ်။ မသေခင်ရုပ်ကြီးမှာ ဆိုလို့ရှိရင် သိတတ်တဲ့ သဘောတရားရှိတယ်၊ ရုပ်ချည်းသက်သက်တော့ သူက မသိတတ်ဘူး။ စိတ်ကို မီးသင်္ဂြိုဟ်လို့ရပါ့မလား၊ ရုပ်ကိုသာ မီးသင်္ဂြိုဟ်လို့ရတာ၊ စိတ်က ဘယ်ရောက်သွားသလဲ၊ ပျောက်သွားတယ်။ နတ်ပြည်ရောက်သွားသလား၊ ငရဲပြည်ကို ရောက်သွားသလား၊ ပျောက်သွားတယ်။ အဲဒီတော့ စိတ်ဆိုတာဟာ လူတိုင်း နားလည်ပါတယ်၊ သိတတ်ကဲ့သဘောတရားပဲ၊ ဘာကိုသိတာလဲ၊ အာရုံကို သိတာ။

**အာရုံဆိုတာ မြန်မာစကားလား**

အာရုံကို သိတတ်တယ်ဆိုတော့ အာရုံဟာ မြန်မာစကားဟုတ်ရဲ့လား၊ မြန်မာစကားအစစ်မဟုတ်ဘူး။ နို့ပေမဲ့ လူတွေဟာ အာရုံဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံလို့ လူတိုင်းပြောနေကြတယ်။ သို့ပေမဲ့ အာရုံဆိုကဲ့ မြန်မာစကားက အာရမ္မဏ ဆိုတဲ့ပါဠိကနေပြီး အာရုံကိုပြောင်းလာတာ။ ပြောင်းတယ်ဆိုတော့ မြန်မာက မွေးစားယူလိုက်တာပဲ။ ပါဠိစကားအစစ်က အာရမ္မဏ။ အာရမ္မဏကို အာရုံလို့ ပြောင်းလိုက်တယ်။

အာရုံရဲ့ အဓိပ္ပါယ်ကိုပြောစမ်းပါဆိုလို့ရှိရင် တချို့လူတွေက ထင်နေကြတယ်၊ တို့မြန်မာပဲကွာ မြန်မာစကား တတ်ပါတယ်လို့ ထင်နေကြတယ်။ မြန်မာစကားတတ်တယ်ဆိုတာ စိတ်လို့ပြောတတ်တာပဲ။ စိတ်ကို ပြောစမ်းပါ

ဆိုတော့ တကယ့်မြန်မာစာပါရဂူတွေတောင်မှ မြန်မာအဘိဓာန်ရေးတဲ့အခါ ကျတော့ ပြဿနာအများကြီးတက်တယ်။ တို့ ဘာမှမတတ်သေးပါလား၊ မြန်မာစာပါရဂူလို့ အခေါ်ခံနေရပေမဲ့ မြန်မာစကား အကုန်မတတ်သေးဘူး ဆိုတာ သိလာတယ်။ ဒို့ပြင် လူတွေတော့ မပြောနဲ့။

အဲဒီတော့ အာရုံဆိုတာဟာ မြန်မာစကားစစ်စစ်က ဘာလဲ၊ အာရုံ ဆိုတာ ပါဠိစကား၊ အာရမ္မဏဆိုတဲ့ ပါဠိစကားက အာရုံလို့ပြောင်းလာ တာ။ အာရုံလို့ ပြောင်းလာတော့ ပါဠိသမားတွေ လိုက်ပြီးတော့ အာရမ္မဏ ဆိုတာဟာ "စိတ်တို့ရဲ့ မွေ့လျော်ရာဖြစ်လို့၊ စိတ်-စေတသိက်တို့ရဲ့ ပျော် မြူးရာဖြစ်လို့"ဒီလို ဘာသာပြန်ရင် ပိုတောင်ရှုပ်သေ့တယ်။

လူတိုင်း နားလည်တဲ့ အဓိပ္ပါယ်ဆိုလို့ရှိရင် အာရုံဆိုတာက စိတ်က ဘာတွေသိလဲ။ အာရုံကို သိတယ်။

အာရုံက ဘာလဲဆိုတော့ မဲတယ်၊ ဖြူတယ်၊ နီတယ်၊ ဝါတယ်၊ လှတယ်၊ ချောတယ်၊ အရုပ်ဆိုးတယ်၊ ဒါ အဆင်းချည်းပဲ။ ဒါကို ရူပါရုံဆို တော့ ရူပါရုံက မြန်မာစကားမဟုတ်ဘူး။ မြန်မာလိုက အဆင်းအရောင် အမျိုးမျိုးကို စိတ်ကသိတယ်။ စကားပြောလိုက်တယ်ဆိုလို့ရှိရင် အသံဟာ ကောင်းတယ်-မကောင်းဘူးဆိုတာ သိတယ်။ အသံကြားတယ်လို့ဆိုလို့ရှိရင် ဒီအသံမျိုးဟာ တန်ခိုးရှိတဲ့ အသံပဲ၊ တန်ခိုးမရှိတဲ့ အသံပဲ။ ဒီအသံမျိုးဟာ ဂျပိုးသံပဲ၊ ပညာရှိသံပဲလို့ ခွဲပြီးတော့ မသိဘူးလား၊ သိတယ်။ ဒါက တော် တော်လိုက်စားမှ သိတာပါ။

သာမညကတော့ ဒီ အသံကောင်းတယ်-မကောင်းဘူးဆိုတာ သိ တယ်၊ သီချင်းဆိုရင် ဘယ်အဆိုတော်က အဆိုကောင်းတယ်၊ ဘယ်အဆိုတော် က အဆိုမကောင်းဘူး၊ မသိဘူးလား၊ သိတယ်။ အာရုံဆိုတာက အကုန် ပေါင်းလိုက်တော့ စိတ်ရဲ့သိစရာ ရုပ်, နာမ်, ပညတ်တွေဟာ အာရုံပဲ။

အနံ့ဆိုတော့ ကောင်းတဲ့အနံ့ မကောင်းတဲ့အနံ့ မသိဘူးလား၊ သိတယ်။ စိတ်ရိုးရိုးက ဒီအနံ့ဟာ ကောင်းတယ်၊ ဒီအနံ့က မကောင်းဘူး ဆိုတာ ဒါ သိတာပဲ။

အရသာကော။ အရသာကို စားကြည့်မယ်ဆိုလို့ရှိရင် ဒီအရသာဟာ ကောင်းတယ်-မကောင်းဘူး မသိဘူးလား၊ သိတယ်။ သိတာက စိတ်၊ အရသာက အာရုံ။

အထိအတွေ့ကော။ ထိကြည့်တယ်ဆိုလို့ရှိရင် နူးညံ့တယ်-မနူးညံ့ဘူးဆိုတာ မသိဘူးလား၊ သိတာပဲ။ ဒီအထိအတွေ့ဟာလဲ အာရုံပဲ၊ စိတ်ရဲ့ သိစရာများကို အာရုံလို့ခေါ်တယ်။

ဒီအဆင်းတို့, အနံ့တို့, အသံတို့, အရသာတို့, အထိအတွေ့တို့က လွဲပြီးတော့ လူမှာ သိစရာ ဒီ့ပြင် ဘာကျန်သေးသလဲ။ ကျန်သေးတယ်၊ တွေးတောစရာ ဓမ္မာရုံ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဒီအာရုံငါးပါးကတော့ ဒါတွေဟာ ရုပ်တွေချည်းပဲ၊ အဲဒါတွေဟာ သိစရာပဲ။ မျက်စိမှိတ်ပြီးတော့ ကိုယ့်ဖာသာကိုယ် တရားထိုင်ပြီးတော့ တွေးတဲ့အခါမှာ အဲဒီစိတ်ထဲမှာ အာရုံတွေပေါ်မလာဘူးလား။ ဥပမာတစ်ခု အဘိ-ဓမ္မာကို တွေးတယ်ဆိုလို့ရှိရင် "အဘိဓမ္မာဆိုတာဟာ ဘယ်လိုသဘောတရားလဲ" အဘိဓမ္မာဆိုတဲ့ စိတ်တွေ, စေသိက်တွေဟာ အာရုံပြန်ဖြစ်လာတယ်။ ဒီစိတ်ကတော့ ဒီလိုသဘောတရားရှိတယ်၊ ဒီစေတသိက်တွေကတော့ ဒီလို သဘောတရားရှိတယ်။ ဒီလို သင်တန်းပေးမယ်လို့တွေးပြီးတော့ စိတ်ကူးနေတဲ့အခါမှာ အာရုံက ဘာတွေဖြစ်နေလဲ။ ဒီ စိတ်, စေတသိက် ရုပ်ဆိုတဲ့ နာမ်ရုပ်တရားတွေ, ပညတ်တရားတွေ အကုန်လုံး မနောထဲမှာ လာပြီး ဖြစ်တယ်၊ မနောထဲမှာ ထင်လာတဲ့ ဒီအာရုံတွေကို ဓမ္မာရုံလို့ခေါ်တယ်။ အာရုံခြောက်ပါးကိုလဲ နောက်ကျတော့ သင်အုံးမှာပါ။

အဲဒီတော့ စိတ်ဆိုတာဟာ ဘယ်လို အဓိပ္ပါယ်တုံး၊ အာရုံကို သိတတ်သောတရား။ စိတ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်တုံး၊ (သင်တန်းသားများဖြေကြသည်။) အာရုံဆိုတာက ဘာတွေတုံး၊ (ဖြေကြသည်။) အဆင်းရယ်, အသံရယ်, အနံ့ရယ်, အရသာရယ်, အတွေ့အထိရယ်, တွေးတောစရာများရယ်၊ စိတ်ရဲ့သိစရာ ဒီခြောက်ခုကလွဲလို့ ရှိသေးရဲ့လား။

ဘယ်သူ့စိတ်ဖြစ်ဖြစ်၊ မြတ်စွာဘုရားရဲ့ စိတ်ပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်ရဲ့ စိတ်ပဲဖြစ်ဖြစ်၊ စိတ်ရဲ့ သိစရာကတော့ ဒီခြောက်မျိုးပဲရှိတယ်။ အဘိဓမ္မာဆိုတာက ဒီလိုပိုင်ရတယ်။ အာရုံဟာ ခြောက်ပါးရှိတယ်ဆိုရင် တစ်ကမ္ဘာလုံးမှာ အာရုံဟာ ခြောက်ပါးပဲရှိရမယ်။ တစ်ပါးကို ထပ်ထည့်စရာ ရှိသေးရင် ဒီအဘိဓမ္မာဟာ မမှန်ဘူး။ ခုခေတ်မှာတော့ ကမ္ဘာဟာ ထုတ်ချင်းပေါက် ဖြစ်နေတယ်။ ကမ္ဘာပေါ်မှာ ဒီ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဒီခြောက်ခုကလွဲပြီး စိတ်ရဲ့သိစရာရှိသေးရဲ့လား၊ ဘာမှထည့်စရာမရှိဘူး။ ပါရဂူတစ်ယောက်ယောက်က ထည့်စရာရှိသေးတယ်လို့ဆိုနိုင်ရင် တို့အဘိဓမ္မာဟာ မှားတယ်။ တို့က မရှိတဲ့ အကြောင်းကို ဖြေနိုင်ရမယ်၊ ဟုတ်လား။

**အဘိဓမ္မာနှင့်စီးပွားရေး** အဘိဓမ္မာ မတတ်ပေမဲ့ အခုလို လူတွေရဲ့စိတ်ကို လိုက်ပြီးတော့ စီးပွားရေးသမားတွေက ဘာလုပ်သလဲ။ စိတ်ရဲ့ သိစရာ စိတ်အကြိုက်လိုက်ပြီးတော့ အဆင်းအမျိုးမျိုးတွေ မလုပ်ဘူးလား။ အဝတ်အထည်တွေကို အဆင်အမျိုးမျိုး ပြောင်းလုပ်ပေးတယ် မဟုတ်လား၊ တစ်မျိုးပြီးတစ်မျိုး၊ တစ်မျိုးပြီးတစ်မျိုး၊ စိတ်ရဲ့သဘောကိုသိတော့ ရူပါရုံစက်ရုံကြီးတွေ တစ်မျိုးပြီးတစ်မျိုးလုပ် နေကြတာပဲ။ ရူပါရုံစက်ရုံတွေနဲ့ အများကြီးချမ်းသာနေတဲ့လူတွေဟာ အဘိဓမ္မာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ လူတွေ့ရဲ့ စိတ်ဟာ အဆင်းအမျိုးမျိုးကို သူတို့သိချင်တယ်၊ သဘောကျတယ်ဆိုပြီးတော့ ရူပါရုံ အတွက် စက်ရုံတွေ အမျိုးမျိုးတည်ဆောက်ကြတယ်မဟုတ်လား။

သဒ္ဒါရုံ အသံအမျိုးမျိုးအတွက်လဲ ရေဒီယို၊ ဓာတ်ပြားစသည်ဖြင့် စက်ရုံအမျိုးမျိုးဆောက်ပြီး စီးပွားရေးတွေ ရာကြတယ်မဟုတ်လား။

ဂန္ဓာရုံအတွက်လဲ ရေမွှေးတို့၊ ပေါင်ဒါတို့ လုပ်ကြတယ်မဟုတ်လား။ စိတ်အကြိုက်လိုက်ပြီးတော့ ဂန္ဓာရုံဆိုတဲ့ ရေမွှေးတို့၊ ပေါင်ဒါတို့ လုပ်တဲ့ စက်ရုံအမျိုးမျိုးတွေနဲ့ သူဌေးဖြစ်နေကြတယ်မဟုတ်လား။

ရသာရုံကတော့ မပြောနဲ့တော့။ လူတွေမှာ အရေးအကြီးဆုံးက

အာရုံခြောက်ပါးထဲမှာ ဘယ်အာရုံက အရေးကြီးဆုံးလဲ၊ ရသာရုံက အရေးအကြီးဆုံးပဲ မဟုတ်လား။

ရူပါရုံ အဆင်းအမျိုးမျိုးမရှိဘဲ နေလို့မရဘူးလား၊ အသံအမျိုးမျိုး မရှိရင်ကော၊ အနံ့အမျိုးမျိုးတွေ မရှိရင်ကော နေလို့ရပါတယ်။ အရသာဆိုတဲ့ဟာကတော့ အာရုံခြောက်ပါးမှာ အရေးအကြီးဆုံးပါဘဲ။ အဲဒါကြောင့် မို့လို့ အစားအသောက် အရသာအမျိုးမျိုးလုပ်တဲ့ စက်ရုံအမျိုးမျိုးတွေ ဆောက်ကြတာပေါ့။ ရန်ကုန်မြို့မှာဆိုရင် အစားအသောက်ရောင်းတဲ့လူ တွေဟာ ချက်ချင်း သူဌေးဖြစ်တာပဲ မဟုတ်လား။

လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်က အထူးအဆန်း အစားအသောက်တွေ ရောင်းတယ်ဆိုရင် ရန်ကုန်က ချမ်းသာတဲ့လူတွေက သွားစားကြတာပဲ။ တစ်လအတွင်း တစ်သိန်း၊ နှစ်သိန်း တစ်ခါတည်း ချမ်းသာသွားတာပဲ။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ စိတ်ရဲ့သဘောကိုကြည့်ပြီး အရသာအမျိုးမျိုးတွေကို တီထွင်ပြီး လုပ်တတ်တဲ့ပညာပေါ့၊ ဒါဟာ အဘိဓမ္မာရဲ့ သဘောတရားပါပဲ။ ဒါကြောင့် အဘိဓမ္မာဆိုတာက စီးပွားရေးလုပ်ရင်လဲ ရပါတယ်။ အဘိဓမ္မာတတ်လို့ရှိရင် နိုင်ငံရေးလုပ်လည်း ရပါတယ်။ ဘယ်ကိစ္စမျိုးမဆို အဘိဓမ္မာက အသုံးချလို့ရပါတယ်။ တချို့က အဘိဓမ္မာ သင်တန်းတက်ပြီး ဘာအသုံးချမတုံး-တဲ့။

ဆရာတို့ ဒီ(ဝိုင်အမ်ဘီအေ)ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရဖို့တစ်ခုတည်းနဲ့ သင်တန်းပေးတာ မဟုတ်ပါဘူး။ လူငယ်တွေ နိုင်ငံရေးလုပ်တဲ့လူငယ်တွေ ရှိတယ်၊ စီးပွားရေးလုပ်တဲ့ လူငယ်တွေရှိတယ်၊ လူမှုရေးလုပ်တဲ့ လူငယ်တွေရှိတယ်။ ဒီလူငယ် လူရွယ်တွေရဲ့ ပညာကို ဖြည့်စွမ်းပေးဖို့ပါပဲ။ အဘိဓမ္မာတတ်ထားတော့ လမ်းမှန်မှန် မှုမှန်မှန် အတွေးအခေါ် အယူအဆမှန်မှန်နဲ့ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး အမျိုးစုံလုပ်တဲ့နေရာမှာ အခြေခံရပါစေတော့ဆိုပြီး ဒီသင်တန်းကို ဖွင့်တာပါပဲ။ ဘာသာရေးသက်သက် သင်တန်းမဟုတ်ပါဘူး။ မုဆလင်လဲ ဒီသင်တန်းကို တက်နိုင်တာပဲ၊ ခရစ်ယာန်လဲ ဒီသင်တန်းကို တက်နိုင်

တာပဲ၊ ဘာသာအမျိုးမျိုးကလူတွေ ဒီသင်တန်းကို တက်လို့ရပါတယ်။ အဘိဓမ္မာဆိုတာက သဘာဝသက်သက် မဟုတ်လား။ အဲဒီတော့ ဖောဋ္ဌဗ္ဗာရုံအတွက်လဲ အတွေ့အထိတွေ သူ့ထက်သူ နူးညံ့အောင်၊ သူ့ထက်သူ ကောင်းအောင် ဖောဋ္ဌဗ္ဗာရုံစက်ရုံတွေ အမျိုးမျိုး တည်ဆောက်ကြတယ် မဟုတ်လား။

ဓမ္မာရုံအတွက်ကတော့ ဝတ္ထုစာအုပ်တို့, တရားစာအုပ်တို့ ဆိုပါတော့။ ဝတ္ထုစာအုပ်ကျတော့ ရူပါရုံဆိုလဲဟုတ်တာပေါ့လေ။ စာလုံးကလေးတွေကတော့ ရူပါရုံပေါ့။ တကယ်ကတော့ စာလုံးကလေးတွေနဲ့ ဘာမှမဆိုင်ဘူး။ ဒီစာရေးဆရာရဲ့ စိတ်ကူးစိတ်သန်းနောက်ကို စာဖတ်တဲ့လူကို ဆွဲဆောင်ပြီး သူ့ကလောင်က ခေါ်သွားနိုင်အောင် သူက ဒီလိုရေးထားတာကိုး။ ဒီလိုရေးလိုက်တယ်ဆိုလို့ရှိရင် စာအုပ်ကို ချထားလို့မရအောင် သူက ဒီလိုဆွဲဆောင်နိုင်တယ်။ ဒီလို ဓမ္မာရုံအမျိုးမျိုးတွေနဲ့ စီးပွားရေးရှာလို့လဲ ရတာပဲ။

အဲဒီတော့ စိတ်ရဲ့သိစရာဟာ တစ်ကမ္ဘာလုံးမှာ လုပ်နေတဲ့ အလုပ်တွေပဲ ကြည့်ကြည့်၊ လုပ်ငန်းစဉ်တွေပဲ ကြည့်ကြည့်၊ ဒီအာရုံခြောက်ပါးပဲရှိတာပဲ။ ဒါကြောင့်မို့ စိတ်ရဲ့သဘောတရားကို ပြောစမ်းပါဆိုလို့ရှိရင် ဘာသဘောတရားတုံး။

အာရုံကို သိတတ်တဲ့ သဘောတရား။

အာရုံဆိုတာ ဘာတုံး။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဒီအာရုံခြောက်ပါးပဲ။

ရှေးက မြန်မာကြီးတွေက ဒီအာရုံခြောက်ပါးကို အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ အနံ့အမျိုးမျိုး၊ အရသာအမျိုးမျိုး၊ ထိတွေ့စရာအမျိုးမျိုး၊ တွေးခေါ်စရာ, ကြံစည်စရာ, စိတ်ကူးစရာ အမျိုးမျိုးလို့ ဒီလိုဘာသာမပြန်ဘဲနဲ့ ခပ်လွယ်လွယ် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗရုံ၊ ဓမ္မာရုံ ဆိုပြီးတော့ ပါဠိအတိုင်းပဲ ဘာသာပြန်ထားတယ်။

**ပြန်တဲ့အတိုင်းပဲ နောက်လူတွေကလဲ** ဒီအတိုင်းပဲခေါ်လာကြတယ်။ **အငြိမ့်မင်းသမီးတောင်မှ** ရှုပါရုံ မခင်ကြည်လို့ ဒီလို ပါဠိနဲ့ပဲခေါ်လာကြတယ်။ ဒါကြောင့် မြန်မာစကားထဲမှာ ပါဠိပျက်တွေ အများကြီးဝင်နေတယ်။

စိတ်ရဲ့အဓိပ္ပါယ်ကတော့ ပြီးသွားပါပြီ။

* * * * *

**စေတသိက်ဆိုတာဘာလဲ**

အဲဒီတော့ စိတ်နဲ့စေတသိက်ကို ဘယ်လို လုပ်ပြီးတော့ ခွဲမလဲ။ ဗမာ့ဝေါဟာရထဲမှာ စိတ်ကိုပဲ အသိများတယ်။ စေတသိက်ဆိုတာက သူ့ပါဠိရင်းက စေတသိက-ပုဒ်။ စေတသိက-ဆိုတဲ့ ပါဠိရင်းကို မြန်မာက မွေးစားပြီးတော့ စေတသိက်လို့ ခေါ်လိုက်တာပဲ။ အဲဒီတော့ ပါဠိကို က-သတ်ထားလိုက်တာပဲ။ သတ်ပုံက ပါဠိကပျက် လာလို့ရှိရင် ပါဠိနောက်လိုက်ပြီးတော့ က-သတ်၊ ပ-သတ်၊ တ-သတ်လို့ ဒီလိုသတ်ရတယ်။ ဆရာတို့သင်တန်းက သတ်ပုံကိုလဲ သင်ပေးတယ်။ မြန်မာစာလဲ သင်တာပဲမဟုတ်လား။ ဒါကြောင့်မို့လို့ ဆယ်တန်းတို့၊ ဘီအေတို့၊ ဘီအက်စ်စီတို့ အောင်ပြီးတဲ့ လူငယ်တွေကို ရည်ရွယ်ပြီး ဒီသင်တန်းကို ဖွင့်ထားတာ မဟုတ်လား။

အဲဒီတော့ ပါဠိစကားက စေတသိက၊ စေတသိက-ကို မြန်မာလို မွေးစားလိုက်တဲ့အခါကျတော့ စေတသိက်။ စေတသိက်ဆိုတော့ ဒါ သူ့ဝေါဟာရအတိုင်းပဲ။ ဗမာလို စိတ်ကို ဘာသာပြန်သလို စေတသိက်ကို ဘာသာပြန်ပေးပါဆိုရင် ရိုးရိုးပါဠိဆန်ဆန် ပြန်တာကတော့ "စိတ်၌မှီ၍ဖြစ်သော သဘောတရား"ဒီလို ပြန်ကြတယ်။

စိတ်၌မှီ၍ဖြစ်တဲ့ သဘောတရားလို့ဆိုတော့ စေတသိက်ရဲ့ အဓိပ္ပါယ်က ဒီလောက်မရှင်းဘူး။ စိတ်ကိုမှီပြီးဖြစ်တဲ့ သဘောတရားလေးတွေရှိတယ်လို့ ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်တဲ့အခါကျတော့ မြန်မာတစ်ယောက်ကို ရှင်းအောင် စေတသိက်ဆိုတာ ဘာတုံး၊ သူက စိတ်ကိုတော့ သိတယ်။ စိတ်၌မှီတဲ့သဘောတရား စေတသိက်ကို ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်

တော့ ကိုယ့်စိတ်မှာက ဘာတွေမှိတယ်လို့ဆိုတာ မသိသာဘူး။

ဝိပဿနာရှုတယ်, တရားရှုတယ်-ဆိုတာ တရားထိုင်တဲ့လူတွေ ဘုန်းကြီးကရှုခိုင်းတာ ရှုနေကြတာပဲ။ ဘာရှုနေသလဲဆိုတာတော့ မပြော တတ်ဘူး။ အဘိဓမ္မာကို သေသေချာချာသိမှ တရားက ရှုလို့ရတာ။ တရား ဆိုတာ ဒီစိတ်တွေ, စေတသိက်တွေ, ရုပ်တွေကိုမှ တရားလို့ခေါ်တာ။ အဲဒီ တော့ စိတ်ကို သိပြီး ကိုယ့်စိတ်မှာ မှိပြီးဖြစ်နေတဲ့ သဘောတရားဟာ ဘာသဘောတရားလဲဆိုတာ ဒီဘာသာပြန်ချက်ဟာ တကယ့်နားလည်တဲ့ ဘာသာပြန်ချက် မဖြစ်နိုင်ဘူး။

တကယ်နားလည်တာကတော့ စိတ်ကို ချယ်လှယ်တဲ့တရား၊ စိတ် ကို ချယ်လှယ်တဲ့တရားကို စေတသိက်ခေါ်တယ်။ စိတ်ဆိုတာ တကယ့် သူ့သဘောတရားကတော့ အာရုံကိုသိတဲ့ သဘောတရားကလေး တစ်ခုပဲ ရှိတာပဲ။ အာရုံကိုသိတဲ့သဘောတရား စိတ်ကို စေတသိက်က ချယ်လှယ် ပေးတယ်။ ရူပါရုံအဆင်းကို သူကသိတယ်။ အဆင်းကို စိတ်က သိရုံသိ တာ။ စေတသိက်က ဘာတုံး၊ အဲဒီအဆင်းကို သိပြီးတော့ ဒီလှတာလေးကို လိုချင်တာက စေတသိက်။ လှတာလေး တွေ့တော့ မလိုချင်ဘူးလား၊ လိုချင်တယ်။ လိုချင်တာက စေတသိက်။ အဲဒီတော့ လိုချင်တဲ့ အခါကျတော့ ဘယ်လိုလုပ်တုံး၊ ရအောင်ဝယ်ယူတယ်။ အဲ-ရအောင်လုပ်တယ်။

စိတ်ဆိုတာက သူက ပထမတော့ သူကအာရုံကိုသိတယ်။ အာရုံ ကိုသိတယ် ဆိုတဲ့သဘောက ဖြူစင်တဲ့ သဘောတရားပဲရှိတယ်၊ သိတယ်။ သာမညပဲ၊ အာရုံကိုသိလိုက်တဲ့သဘောတရားပဲရှိတယ်။ ဒီ အာရုံကိုတွေ့ လိုက်တဲ့အခါကျတော့ လိုချင်တယ်၊ မလိုချင်ဘူး၊ ချစ်တယ်၊ မုန်းတယ်၊ ဒါတွေပေါ်လာတယ်။ အဲဒီတော့ ချစ်တယ်တို့,မုန်းတယ်တို့-ဆိုတာတွေက စေတသိက်ပဲ။ လိုချင်တယ်-မလိုချင်ဘူးဆိုတာတွေကလဲ စေတသိက်တွေပဲ။

အဲဒီတော့ ပထမဖြူစင်နေတဲ့စိတ်ကို စေတသိက်က ချယ်လှယ်လိုက် တဲ့အခါကျတော့ ဒါကို လိုချင်တယ်၊ မလိုချင်ဘူး။ ချစ်တယ်၊ မုန်းတယ်။ ဒီလိုစေတသိက်တွေ ဖြစ်လာတယ်။ ဒါကြောင့်မို့လို့ စေတသိက်ကို စိတ်၌

မှီ၍ဖြစ်တဲ့ တရားဆိုတာ မှီရုံတင်မကဘူး၊ သူက စိတ်ကို မှီပြီးတော့ စိတ်ကိုလဲ ချယ်လှယ်လိုက်သေးတယ်။

လယ်တီဆရာတော်က ဘယ်လိုရေးထားသလဲဆိုတော့ "စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ မှတ်ဖွယ်စေတသိက်"။ ဟိုရေးက ဘာသာပြန်တဲ့ဆရာတော်တွေလဲ မလွတ်ရအောင်, စိတ်၌မှီတဲ့ သဘောတရားမှန်းလဲသိအောင် စိတ်၌မှီတွယ်ဆိုတဲ့ ဒီလိုတစ်ချက်လဲ ဘာသာပြန်တယ်။ စိတ်၌ မှီတွယ်ပြီးတော့ စိတ်ကိုမှီရုံတင်မကဘူး၊ စိတ်ကိုလဲ သူက ချယ်လှယ်လိုက်တယ်တဲ့။

အမှန်က စိတ်ရဲ့မူရင်းကတော့ သူကဖြူစင်တဲ့ သဘောတရားပဲရှိတယ်။ စေတသိက်တွေဝင်လာတဲ့အခါကျတော့ ကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ်တွေ ဖြစ်လာတယ်။ ဒါကြောင့်မို့လို့ တချို့လူတွေ ပြောကြတယ် မဟုတ်လား။

လူငယ်တွေဆိုလို့ရှိရင် အများအားဖြင့် လူငယ်လူရွယ်တွေမှာ စိတ်ကောင်း သဘောကောင်း ရှိတယ်လို့ ပြောကြတယ်။ လူငယ်လူရွယ်တွေမှာ စိတ်ကောင်းသဘောကောင်းရှိတာက စေတသိက်တွေရဲ့ ချယ်လှယ်မှုကို သူတို့က သိပ်မခံရသေးဘူး။ သိပ်မခံရသေးတော့ သူတို့မှာ ဖြူစင်တဲ့စိတ်ကရှိတယ်။ အများကောင်းကျိုးကို ဆောင်ရွက်ချင်တဲ့စိတ်တို့၊ အများကို ချမ်းသာစေချင်တဲ့စိတ်တို့၊ ဘာမဆို တိုင်းကျိုးပြည်ကျိုးကို ကူညီဆောင်ရွက်ပေးချင်တဲ့ အသက်ကို စွန့်မယ်ဆိုတဲ့စိတ်မျိုးတွေ၊ ဖြူစင်တဲ့စိတ်တွေ လူငယ်လူရွယ်တွေမှာ ရှိနေတယ်။ ဘာဖြစ်လို့လဲ၊ စေတသိက်တွေက မချယ်လှယ်သေးလို့။

အသန့်ရှင်းဆုံးအရွယ်ကတော့ မွေးစကလေးလေးတွေပေါ့။ သူတို့က စေတသိက်တွေ သိပ်မရှိသေးဘူး။ ကလေးငယ်ငယ်တွေကို လူတွေကမြင်ရင် ကလေးငယ်ငယ်လေးတွေကို ဘာဖြစ်လို့ ချစ်တာလဲ။ နည်းနည်းကြီးလာလို့ရှိရင် သိပ်ချစ်စရာမကောင်းတော့ဘူး။ ကလေးအရွယ်က ချစ်စရာကောင်းတယ်။ ဘာဖြစ်လို့လဲ၊ သူတို့က ဖြူစင်နေတာကိုး။ သူတို့က သူများကိုမနာလိုတဲ့စိတ်တို့၊ မကောင်းကြံချင်တဲ့စိတ်တို့ ဘာတို့ ညာတို့ သိပ်

မရှိဘူး။ စေတသိက်တွေရဲ့ချယ်လှယ်မှု သိပ်မရှိသေးတော့ စိတ်ကဖြူစင်နေတာကိုး။ နည်းနည်း လူပျိုပေါက်လေးဖြစ်လာလို့ရှိရင် မနိုပ်တော့ဘူး၊ ဟုတ်လား။ လူပျိုပေါက်လေးဖြစ်လာလို့ရှိရင် နည်းနည်းပွေလာတယ်။ စေတသိက်တွေက တော်တော် ချယ်လှယ်လာတယ်။ အသက် ၃၀-၄၀ မိန်းမရပြီဆိုရင်တော့ စေတသိက်တွေ တော်တော်များလာတယ်။ တို့အရွယ်ကျတော့ ပိုဆိုးတာပေါ့၊ ဟုတ်လား။

ဒါကြောင့်မို့လို့ ရှေးကပြောကြတယ်မို့လား၊ ကြီးလေ ချဉ်လေတဲ့။ လူဟာ ကြီးလေ ချဉ်လေဆိုတာ ဒီလိုသဘောတရားတွေသာ နားမလည်ဘဲ စိတ်အတိုင်းသာ ပစ်ထားမယ်ဆိုရင် စေတသိက်တွေရဲ့ နှောင့်ယှက်မှုကို ခံရမယ် ဟုတ်လား။

ဒါကြောင့်မို့လို့ လူဟာ ပြုပြင်လို့ရတာပဲမဟုတ်လား။ ဘာဖြစ်လို့လဲဆိုတော့ ပကတိပင်ကိုစိတ်က လူတိုင်းလူတိုင်းဟာ လူကောင်းချည်းပဲ၊ အမေမွေးတုန်းက လူငယ်လူရွယ်တွေဟာ လူကောင်းလေးတွေပဲ။ လူကောင်းလေးတွေကနေပြီးတော့ လူဆိုးလေးတွေ ဘာဖြစ်လို့ ဖြစ်သွားသလဲဆိုတော့ စေတသိက်တွေရဲ့ ချယ်လှယ်မှုကို ခံရတော့ ဒီအဖေအမေ မိတ်ဆွေသင်္ဂဟ ပတ်ဝန်းကျင်က မကောင်းတဲ့အခါကျတော့ စိတ်ကိုမထိန်းနိုင်တဲ့ လူငယ်တွေမှာ ပျက်စီးသွားတယ်။

ဟာ--ဒီကောင်လေးတွေ ပျက်စီးသွားတယ်ဆိုတော့ ပြင်လို့မရဘူလား၊ စိတ်ဆိုတာ မကောင်းတဲ့စေတသိက်တွေကို ပယ်ဖျက်လိုက်ပြီးတော့ ကောင်းတဲ့စေတသိက်တွေ ပြန်သွင်းပေးလို့ရှိရင် လူကောင်းဖြစ်သွားတာပါပဲ။ ဒါကြောင့် လူငယ်တွေ ဆိုးတယ် ဆိုးတယ်လို့သာ ပြောနေကြတယ်၊ ဆိုးတယ် ဆိုးတယ်ဆိုတဲ့ စေတသိက်တွေကို ပြုပြင်ပေးတဲ့လူတွေ မြန်မာပြည်မှာ ဘယ်လောက်များများရှိသလဲ၊ ပြုပြင်ပေးကြရဲ့လား။

မြန်မာပြည်မှာ လူငယ်လူရွယ်တွေ စိတ်ကောင်းသဘောကောင်းဝင်အောင် လုပ်ပေးနေတဲ့အသင်းတွေ ဘယ်နှစ်သင်းရှိသတုံး။ အစိုးရအနေနဲ့မဟုတ်ဘဲနဲ့ ဘာသာရေးအသင်း၊ လူမှုရေးအဖွဲ့တွေက လူငယ်တွေရဲ့စိတ်ကို ကောင်းအောင် ငွေကုန်ကြေးကျ ကုဋေပေါင်းဘယ်လောက်ခံပြီး လုပ်နေ

ကြသတုံး၊ **ပျက်စီးတယ်သာ**ပြောတယ်၊ ကောင်းအောင်လုပ်တဲ့ အသင်းအဖွဲ့ဆိုတာ သိပ်မှမရှိဘဲ။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကလဲ လုပ်တယ်သာဆိုတယ်၊ ဒီသင်တန်းရယ်၊ မင်္ဂလာစာမေးပွဲကလေးရယ်၊ ဒါလောက်ပဲလုပ်နိုင်တာပဲ။ အဲဒါကြောင့်မို့လို့ လူတွေကို ကောင်းအောင် ပြုပြင်ရပါတယ်။ ပြုပြင်တဲ့ အသင်းအဖွဲ့တွေသာ လိုပါတယ်။

စိတ်ဆိုတာ ပကတိက ကောင်းချင်တာချည်းပဲ။ ဆိုးတေနေတဲ့ လူတစ်ယောက်ကို သွားမေးကြည့်ပါ။ သူဟာ အားလုံးကောင်းစားစေချင်တယ်။ သူ့ကို သူလဲကောင်းစေချင်တယ်။ သို့ပေမဲ့ သူ့မှာ ဆိုးနေရတဲ့ သဘောတရားက ခုနတုန်းက ဆိုးတဲ့ပတ်ဝန်းကျင်တွေ စေတသိက်တွေ ရှိနေတယ်။ ဒါကြောင့်မို့လို့-

"စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ မှတ်ဖွယ်စေတသိက်။" (ဆိုစမ်းပါ။)

စေတသိက်ရဲ့အဓိပ္ပါယ်ကို (သုံးခါက်မေး၍ သုံးခါ ဖြေကြသည်။)

စကားနဲ့ပြောပါ။ ကဗျာလိုမပြောဘဲနဲ့ စေတသိက်ဆိုတာ ဘယ်လိုသဘောတရားတုံး။ စိတ်၌ မှီ၍ဖြစ်သောတရား။ ဒါလဲ စေတသိက်လို့ခေါ်တယ်။

နောက်ပြီး တစ်နည်းအားဖြင့် ဘယ်လိုသဘောတရားတုံးဆိုရင် စိတ်ကို ချယ်လှယ်တဲ့တရား။ စိတ်ကို ဘယ်လိုချယ်လှယ်တယ်ဆိုတာဟာ ဆရာ--စေတသိက်တွေ သင်တော့ သိကြရမှာပါ။

စိတ်ကို ကောင်းအောင် ချယ်လှယ်တဲ့စေတသိက်ပေါင်းက ဘယ်လောက်ရှိတယ်၊ ဆိုးအောင်ချယ်လှယ်တဲ့ စေတသိက်ပေါင်းက ဘယ်လောက်ရှိတယ်။ ကောင်းတဲ့ဘက်လဲလိုက်တယ်, မကောင်းတဲ့ဘက်လဲလိုက်တဲ့ နှစ်ဘက်ရ စေတသိက်ပေါင်းက ဘယ်လောက်ရှိတယ်။ အဲဒီစေတသိက်တွေကို ဆရာသင်မယ်၊ ဟုတ်လား။ အဲဒီတော့ စိတ်ရဲ့အဓိပ္ပါယ်, စေတသိက်ရဲ့ အဓိပ္ပါယ်ကတော့ သိပြီ။ သိသွားတော့ ဒီစိတ်နဲ့စေတသိက်ကို ဥပမာပေးရရင် စိတ်က ဘာနဲ့တူသလဲဆိုရင် ရေနဲ့တူတယ်။ ရေတွေကတော့ အရောင်မရှိဘူး။ အဲဒီတော့ ရေထဲကို ဆေးအနီရောင် ထည့်လို့ရှိရင် ရေ

က ဘာဖြစ်သွားသလဲ၊ နီသွားမှာပဲဟုတ်လား။ ရေထဲကို အဖြူထည့်လိုက်လို့ရှိရင် ရေက ဘာဖြစ်သွားမတုံး၊ ဖြူသွားမယ်။ အဝါထည့်လိုက်လို့ရှိရင် အဝါရောင်၊ အနက်ထည့်လိုက်လို့ရှိရင် အနက်။ အဲဒီတော့ ရေကို အရောင်အမျိုးမျိုး ဆိုးလို့ရသလိုပဲ စိတ်ကို အရောင်အမျိုးမျိုး ဆိုးလို့ရတယ်။

**လူကောင်းနှင့်လူဆိုး** အဲဒီတော့ စေတသိက်တွေက စိတ်ကို အရောင်ဆိုးပေးတာပဲ။ ကောင်းတဲ့စေတသိက်နဲ့ ပေါင်းလို့ရှိရင် ဒါလူကောင်းဖြစ်သွားတာပဲ။ ဒီစိတ်က မကောင်းတဲ့စေတသိက်လေးတွေနဲ့ ပေါင်းလိုက်လို့ရှိရင် လူဆိုးဖြစ်သွားတာပဲ၊ ဒါဟာ မြသလားဆိုတော့ ဒီစေတသိက်တွေက ပြုပြင်လို့ရတဲ့ တရားတွေပဲ။ ပြုပြင်လို့ရတဲ့ တရားတွေဆိုတော့ မကောင်းတဲ့စေတသိက်တွေဝင်လာတဲ့အခါမှာ ဒီကလေးတွေဟာ လူဆိုးကလေးတွေဆိုပေတဲ့ အားလုံးက ဝိုင်းပြီးတော့ ကောင်းတဲ့စေတသိက်ကလေးတွေ လုပ်ပေးမယ်ဆိုရင် လူကောင်းလေးတွေ ဖြစ်သွားမှာပဲ။ အဲဒါကြောင့်မို့လို့ စိတ်နဲ့စေတသိက်ကို ခွဲလို့မရဘူးလားဆိုတော့ ပုထုဇဉ်တို့ ဉာဏ်နဲ့ကတော့ ဒီစိတ်ကိုပဲ မြင်ချင်မြင်နေမယ်။ စေတသိက်ကိုပဲ မြင်ချင်မြင်နေမယ်။ တချို့ လူတွေကတော့ စေတသိက်ကို ရှုခိုင်းတာကိုပဲ စိတ်ကို ရှုပါလို့ပြောတယ်။ တရားရှုတဲ့ နည်းတွေကိုတော့ နောက်ပိုင်းကျတော့ ဆရာပြောပြမှာပေါ့ ဟုတ်လား။

အဲဒီတော့ စိတ်နဲ့စေတသိက် ထူးခြားပုံက စိတ်က ဘာနဲ့တူတုံး၊ (သင်တန်းပြန်ဖြေ။)စေတသိက်က ဘာနဲ့တူတုံး၊ (သင်တန်းပြန်ဖြေ။) ဆေးရောင်နဲ့တူတယ်တဲ့ ဟုတ်လား။ အဲဒါကြောင့်မို့လို့ စိတ်နဲ့ စေတသိက်ဟာ ခွဲလို့တော့မရဘူးပေါ့။ မရပေတဲ့ သဘောတရားချင်းကတော့ အင်မတန် ရှင်းပါတယ်။ အဲဒီတော့ ဒီ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်–ဆိုတဲ့ ပရမတ္ထတရား လေးပါးထဲက စေတသိက် ၅၂–ခုကို ဆရာက သင်ရမှာပဲ။ စေတသိက် ၅၂–ခုဆိုတော့ ဒီစေတသိက်မှာ ကောင်းတဲ့ စေတသိက်ရယ်၊ မကောင်းတဲ့ စေတသိက်ရယ်၊ နှစ်ဘက်ရ စေတသိက်ရယ် စေတသိက် ၅၂–ခုမှာ အဲဒီလိုရှိတယ်။

**အဲဒီစေတသိက်** ၅၂–ခုထဲမှာ မကောင်းတဲ့ စေတသိက်က ၁၄–လုံးပါတယ်။ လူတွေကတော့ အကုသိုလ်လို့ပြောနေတာပဲ။ အကုသိုလ်ဆိုတာ မြန်မာစကားလား၊ ပါဠိစကားလား။ ပါဠိကပျက်လာတာ။ မွေးစားတဲ့စကား။ သို့ပေမဲ့ အကုသိုလ်ဆိုရင် လူတိုင်းနားမလည်ဘူးလား၊ နားလည်တယ်။ ပါဠိပုဒ်ရင်းက အကုသလ။ အကုသလဆိုတဲ့ ပါဠိက လာတာ။ ဒါကြောင့် ဒီ ပါဠိပျက်တွေ သတ်ပုံတွေကို မြန်မာစာဂုဏ်ထူးယူတဲ့ ပုဂ္ဂိုလ်တွေကျတော့ သီးခြားသင်ရတယ်။ ဒီအကုသိုလ်မှာ ဘာဖြစ်လို့ လ–သတ်ရသလဲဆိုတော့ သူ့ပါဠိပုဒ်ရင်းက အကုသလ။ အကုသလ–ပုဒ်ကို မြန်မာလိုမွေးစားတဲ့အခါကျတော့ မြန်မာပီပီ အသံပြောင်းလိုက်တာပေါ့ ဟုတ်လား။ အကုသိုလ်ဆိုရင် မြန်မာတင်မကဘူး၊ တရုတ်ကတောင် နားလည်နေတယ်။ တရုတ်ကြီးက ပြောတယ်။ ဟာ–ကြက်တွေ ဝက်တွေမွေးတာ အကုစိုလ် အကုစိုလ်နဲ့၊ စားတော့ ဗမာတွေချည်းပဲတဲ့။ အကုသိုလ်ကို တရုတ်ကတော့ အကုစိုလ်တဲ့။ မွေးတော့ မမွေးဘူး၊ စားတော့သူတို့ချည်း စားတာပဲတဲ့။ သို့ပေမဲ့ တကယ်ကတော့ အကုသိုလ်ဆိုတာ ပါဠိစကား။

အကုသိုလ်စေတသိက်ဆိုတာ မကောင်းတဲ့ စေတသိက်တွေပဲ။ မကောင်းကျိုးပေးမဲ့ စေတသိက်တွေ။ ဒီစိတ်ဟာ ဒီအကုသိုလ်စေတသိက်တွေနဲ့ပေါင်းရင်တော့ မကောင်းတဲ့စေတသိက်ဆိုတော့ မကောင်းကျိုးပေးမှာပဲ။ ဒီအကုသိုလ် စေတသိက်တွေ ဝင်နေလို့ရှိရင် ဒီလူဟာလဲ လူဆိုးပဲ။ မကောင်းတဲ့လူဖြစ်သွားတာပဲ။ ဒီအကုသိုလ်စေတသိက် ၁၄–လုံးကိုတော့ သေသေချာချာ သဘောပေါက်အောင် ဆရာတို့က ဒီသင်တန်းမှာ သင်တယ်။ အဲဒီတော့ မကောင်းတဲ့စေတသိက်က ၁၄–လုံးရှိတယ်လို့ မှတ်ထား။

စေတသိက် ၅၂–လုံးထဲမှာ ကောင်းသည့်စေတသိက်ကတော့ ၂၅–လုံးရှိတယ်။ ကုသိုလ်များတယ်နော်။ လူတစ်ယောက်ရဲ့စိတ်ကို တိုက်ခိုက်တဲ့အခါမှာ အကုသိုလ်က စစ်သား ၁၄–ယောက်ပဲရှိတာပေါ့၊ဟုတ်လား။ ကုသိုလ်က စစ်သား ၂၅–ယောက်တောင်ရှိတယ်။ စစ်တပ်အင်အားချင်း မတူဘူးမဟုတ်လား။ ဒါကြောင့် ကုသိုလ်နဲ့ အကုသိုလ်နဲ့ တိုက်မယ်ဆို

ရင် ဘယ်သူကနိုင်မလဲ။ ကုသိုလ်ကနိုင်မှာပေါ့။ တချို့က ထင်နေတာက လူတွေမှာ အကုသိုလ်ကနိုင်တယ်တဲ့။ ဆရာတို့ကလေးတွေကို ကောင်းအောင်လုပ်ပေမဲ့ ပတ်ဝန်းကျင်က မကောင်းတော့ များရာပါသွားမယ်တဲ့၊ အမှန်က တကယ်မှမလုပ်ကြဘဲ။ ကိုယ်ကိုယ်တိုင်ကမှ မကောင်းချင်နေကြ ဟာကိုး၊ ဟုတ်လား။ တကယ်က ကောင်းအောင် လုပ်မယ်ဆိုရင် ကောင်းတဲ့ စေတသိက်တွေက ၂၅-ခုတောင်ရှိတာ။ ကောင်းတာနဲ့ မကောင်းတာနဲ့ဆိုရင် မကောင်းတာက ဘယ်တော့မှမနိုင်ဘူး။ ကောင်းတာကပဲနိုင်တယ်။ မကောင်းတဲ့ဟာက အလုပ်ကိုယ်က တိုးတိုးတိတ်တိတ် လျှို့လျှို့ဝှက်ဝှက် ဒီလိုလုပ်ရတာ၊ ကောင်းတယ်ဆိုတဲ့ အလုပ်ကိုတော့ ပြောင်လဲလုပ်ရဲတယ်။ လူတိုင်းကလဲ ကြိုက်တယ်။ ကောင်းအောင်မလုပ်ချင်ကြလို့ပါ။ လုပ်ရင် နိုင်ပါတယ်။ အဲဒီတော့ ကုသိုလ်စေတသိက်က ၂၅-လုံးရှိတယ်လို့မှတ်ထား။ ကုသိုလ်ဆိုတာကလဲ ပါဠိက ကုသလဆိုတဲ့ ပါဠိကို မြန်မာက မွေးစားယူလိုက်တော့ ကုသိုလ်ဖြစ်သွားတယ်။ ဒါကြောင့်မို့လို့ ကုသိုလ်, အကုသိုလ်ကျတော့ ရိုးရိုးမရေးဘဲနဲ့ သတ်ပုံကို လ-သတ်ရတယ်။ မြန်မာစကာရိုးရိုးမှာ လ-သတ်ရယ်လို့ မရှိဘူး။ အသတ်တွေ ဘာတွေ ထူးထူးဆန်းဆန်းဆိုလို့ရှိရင် ဒါ ပါဠိကပျက်လာတဲ့ မြန်မာစကားပဲဆိုတာသိရတယ်။ အဲဒီတော့ ကုသိုလ်စေတသိက်ဆိုတာက ကောင်းတဲ့စေတသိက်ပါဘဲ။ ဒီစိတ်ကို ဒီကုသိုလ်စေတသိက်တွေ.နဲ့ အုပ်မိအောင် လုပ်နေလို့ရှိရင် စိတ်ကောင်းဖြစ်လာတာပါပဲ။ စိတ်ကတော့ ကောင်းတယ်, မကောင်းဘူးဆိုတာ မရှိဘူး။ မနေ့က ပြောတဲ့ ရေလိုပေါ့၊ မကောင်းတဲ့စေတသိက်နဲ့ပေါင်းတဲ့အခါမှာ ဒီစိတ်ဟာ မကောင်းတဲ့စိတ်ဖြစ်သွားတယ်။ ကောင်းတဲစေတသိက်နဲ့ပေါင်းတဲ့ အခါမှာ ကောင်းတဲ့စိတ်ဖြစ်သွားတယ်။ အဲဒီတော့ လူကောင်းဆိုတာလဲ အဘိဓမ္မာမှာ အမြဲတမ်းလူကောင်းရယ်လို့ မရှိဘူး။

လူဆိုးဆိုတာလဲ အဘိဓမ္မာမှာ အမြဲတမ်းမရှိဘူး။ အကုသိုလ်စေတသိက်တွေနဲ့ ပေါင်းနေတဲ့အခါမှာ ဒီလူဟာ အဲဒီအခါမှာတော့ လူဆိုးပဲ။ ကုသိုလ်စေတသိက်တွေနဲ့ပေါင်းနေတဲ့အခါမှာတော့ ဒီလူဟာ လူကောင်းပဲ။

**အဘိဓမ္မာမှာတော့ အမြဲတမ်း** လူဆိုး, လူကောင်း–မရှိဘူး။ သင်ပေးမဲ့ **ကုသိုလ်စေတသိက်တွေဟာ** ဘာတွေလဲဆိုတာ သိလာကြရင် ကိုယ့်ကိုယ်ကို လူကောင်းဖြစ်အောင် ပြုပြင်နိုင်တယ်။ **လူကောင်းဖြစ်အောင် ပြုပြင်ရေး တရားဆို**လဲ အဘိဓမ္မာက ဟုတ်တာပါပဲ။

ရှေးလူကြီးတွေကတော့ လူဆိုတာ လူကမွေးတိုင်း လူမဖြစ်ပါဘူး တဲ့။ လူဆိုတာက ကုသိုလ်, အကုသိုလ်ကို နားလည်မှ လူလို့ခေါ်တယ်တဲ့။ တကယ်လို့သာ သူတို့ပြောတဲ့အတိုင်း ကုသိုလ်, အကုသိုလ်ကို နားလည်မှ လူလို့ခေါ်မယ်ဆိုရင် အခုခေတ်မှာ လူဘယ်နှစ်ယောက်ရှိမလဲ၊ ရန်ကုန်မြို့ ပေါ်မှာ အကုသိုလ်စေတသိက်နဲ့ ကုသိုလ်စေတသိက် နားလည်တဲ့လူ ဘယ် နှစ်ယောက်ရှိမလဲ။ ရန်ကုန်မြို့မှာ လူသိန်းပေါင်းမြောက်မြားစွာရှိတယ်။ ကုသိုလ်စေတသိက်, အကုသိုလ်စေတသိက် နားလည်တဲ့လူ ဘယ်နှစ်ယောက် ရှိမလဲ။ နည်းနည်းပဲရှိမှာပါ။

လူမဟုတ်လို့ရှိရင် အဲဒီလူတွေဟာ ဘာတွေတုံး။ ကုသိုလ်, အကု သိုလ် မသိလို့ရှိရင် ဘာလို့ခေါ်မတုံး။ ခွေးလေးတွေကိုမေးရင် ကုသိုလ်, အကုသိုလ်သိရဲ့လား (မသိပါဟု သင်တန်းသားများက ဖြေသည်။) ကြောင် လေးတွေကောမသိဘူး။ တိရစ္ဆာန်နဲ့လူက ဘာထူးလဲဆိုတော့–လူက ကောင်း တဲ့အလုပ်, မကောင်းတဲ့အလုပ်ဆိုတာ သိတယ်။ ပခုံးနှစ်ဖက်ကြား ခေါင်း ပေါက်တိုင်း လူလို့ခေါ်မယ်ဆိုရင် ခေါ်တော့ခေါ်နိုင်တယ်။ သို့သော် လူ အစစ်မဟုတ်ဘူး။ အဲဒါကြောင့် ကုသိုလ်စေတသိက်နဲ့ အကုသိုလ်စေတ– သိက်ကို ဆရာတို့ ဒီသင်တန်းမှာ သေသေချာချာ သင်ပေးမယ်။

ဒီသင်တန်းက ဆင်းသွားရင်တော့ လူစင်စစ်တော့ဖြစ်မှာပါပဲ။ အကုသိုလ်စေတသိက်က ၁၄–လုံးနဲ့ ကုသိုလ်စေတသိက်က ၂၅–လုံး၊ နှစ် ဘက်ရစေတသိက်က ၁၃–လုံး။ သူကတော့ ခွတုတ်ပေါ့လေ။ ကုသိုလ် လုပ်တဲ့အခါလဲ အဲဒီစေတသိက်က ပါမယ်။ အကုသိုလ်လုပ်တဲ့အခါလဲ ပါမယ်။ အဲဒီစေတသိက် ၅၂–လုံးထဲက နောက်အပတ်မှာ အကုသိုလ်စေတ သိက်က စပြီး ရှင်းပြမယ်။

# ပို့ချချက်(၂)

## (၁၂၊ ၅၊ ၇၉)

## အကုသိုလ်ပြုတိုင်းပါဝင်သည့် စေတသိက်

အကုသိုလ်စေတသိက်ရယ်၊ ကုသိုလ်စေတသိက်ရယ်၊ နှစ်ဘက်ရ စေတသိက်ရယ် သုံးမျိုးပြခဲ့တယ်။

**မောဟစေတသိက်** အကုသိုလ်စေတသိက်ဆိုတာက မကောင်းတဲ့ စေတသိက်၊ မကောင်းတဲ့စေတသိက်က ၁၄–လုံးရှိတယ်။ အဲဒီ ၁၄–လုံး ထဲမှာ နံပါတ် ၁–က မောဟစေတသိက်။ မောဟစေတသိက်ဆိုတာက သူက အကုသိုလ်ပြုကိုင်းပါဝင်တဲ့ စေတသိက်။ မောဟစေတသိက်ကို အကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်လို့ခေါ်တယ်။ 'မကောင်းမှု လုပ်တယ်ဆိုရင် ဘယ်မကောင်းမှုပဲလုပ်လုပ် ဒီမောဟစေတသိက် ပါမှ အကုသိုလ်လုပ်လို့ရတယ်။ မောဟစေတသိက်မပါရင် အကုသိုလ် လုပ်လို့မရဘူး။ အဲဒီတော့ မောဟဆိုတာကတော့ ပါဠိစကားပဲ။ သို့သော် မြန်မာတွေကျတော့ လောဘရယ်, ဒေါသရယ်, မောဟရယ်–ဆိုတဲ့ ဒီ အကုသိုလ်စေတသိက်ထဲက မောဟစေတသိက်ကို သိကြမှုများကြတယ်။ မြန်မာလိုလဲဖြစ်နေတယ်။ မောဟစေတသိက်ကို ရှေးက ဘာသာပြန်ကြတာ တွေဝေမှုလို့ ပြန်ကြတယ်။ တကယ်တော့ မောဟစေတသိက်ကို တွေဝေ မှုလို့ပြန်တာ သဒ္ဒါကိုကြည့်ပြီး ရှေးကပြန်ခဲ့ကြတာ။

အဘိဓမ္မာသဘောတရားကို ကြည့်မယ်ဆိုရင် မောဟဟာ တွေဝေ တဲ့ သဘောမဟုတ်ဘူး။ အခုခေတ်မြန်မာတွေ နားလည်နေတာက တွေဝေ တယ်လို့ ဆိုလို့ရှိရင် မောဟမဟုတ်တော့ဘူး။ မြန်မာစကားကပြောင်းသွား တာပဲ။ အခုခေတ်လူတွေက အယူဝါဒတစ်ခုကို ခံယူချက် သေသေချာချာမပိုင် သေးလို့ရှိရင် ဒီကောင် တွေဝေနေတယ်၊ အယူဝါဒတစ်ခုကို သဘောတရား ရှေးရာအားဖြင့် ပိုင်ပိုင်နိုင်နိုင် လက်မခံနိုင်ဘဲနဲ့ တွေဝေနေတဲ့ အဆင့် အတန်းမှာ မြန်မာစကားက တွေဝေနေတယ်လို့ ဒီလိုသုံးတယ်။ အလုပ်တစ်ခု

ကို လုပ်မယ်ဆိုရင် ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်သေးဘဲနဲ့ အဲဒီလိုဖြစ်နေတဲ့ အချိန်အခါကို တွေဝေနေတယ်လို့ပြောတာ။ သဘောတရားရေးရာတွေ ကျတော့ လူငယ်တွေက နည်းနည်းနားစိုက်ပြီးထောင်ပါ။ စကားလုံးတွေက မကွဲဘဲဖြစ်နေတယ်။ တွေဝေနေတယ်ဆိုတာ မဆုံးဖြတ်နိုင်သေးတဲ့ အဆင့် အတန်းမှာပဲ ရှိသေးတယ်။ အဲဒီတော့ အဘိဓမ္မာစကားလုံးကျတော့ မောဟ ဟာ တွေဝေတာ မဟုတ်ဘူး။

မောဟကို မိုက်မဲမှုလို့ ဘာသာပြန်ရင် တော်တော်အဓိပ္ပါယ်ရတယ်။ မြန်မာစကားမှာ မိုက်တယ်, မဲတယ်ဆိုတာက တစ်လုံးစီ။ ဘာသာပြန် တဲ့အခါမှာ မြန်မာစကားတွေက သိပ်အရေးကြီးတယ်။ အခုမြန်မာအဘိဓာန် တွေ ထွက်နေတော့ နောက်လာမဲ့ခေတ်မှာတော့ တတ်တော့တတ်ကြမှာပါ၊ အခုခေတ်ကတော့ မြန်မာစာ သိပ်မတတ်ကြဘူး။ မြန်မာစကားပြောနေပေမဲ့ ကိုယ်ပြောတဲ့ စကားလုံးတွေကို ဘယ်လိုအဓိပ္ပါယ်ရှိလို့ ပြောနေတယ်ဆိုတာ သိပ်သိကြတာမဟုတ်ဘူး။ မြန်မာစကားက မိုက်တယ်, မဲတယ်ဆိုတာက မိုက်တာက စကားတစ်လုံး၊ မဲတာက စကားတစ်လုံး၊ မိုက်နဲ့မဲနဲ့ပေါင်းလိုက် တော့ မိုက်မဲမှုလို့ ဒီလိုပြန်တယ်၊

မိုက်တယ်ဆိုတာက မိုက်ခနဲဖြစ်သွားတယ်ဆိုရင် လူတွေ ဘယ် လိုသုံးသလဲ၊ မိုက်ခနဲဖြစ်သွားတဲ့အခါကျတော့ ဘာမှန်းမသိတော့ဘူး၊ ဒါ မိုက်တယ်၊ လူမိုက်ဆိုတာက ဘာမှမသိတဲ့လူကို လူမိုက်လို့ခေါ်တာပဲ။ မိုက်ခနဲဖြစ်သွားတော့ ဘာမှန်းမသိဘူး၊ မိုက်တာကို အဓိပ္ပါယ်ရှင်းအောင် မိုက်တယ်ဆိုတာဟာ မဲတာ။ မဲတယ်ဆိုတာ ဘာလဲဆိုတော့ မဲတာဟာမှောင် လာတာပဲ။ ခု မိုးမှောင်ကြီးကလဲ ကျနေပြီ၊ မီးတွေလဲ အကုန်လုံး ပိတ် လိုက်မယ်ဆိုရင် ဘယ်လိုဖြစ်သွားမလဲ၊ မှောင်သွားမယ် မှောင်သွားတော့ ဘာမှမမြင်ရတော့ဘူး။ အဲဒီတော့ မောဟဟာ ဘာမှမမြင်ရအောင် သူက မှောင်ချပေးတာပဲ။ ဆရာ မနေ့ကပြောတယ်မဟုတ်လား၊ လူငယ်တွေဟာ အစတုန်းက စိတ်ဆိုတာ သန့်ရှင်းနေတာ၊ ဖြူစင်သန့်ရှင်းနေတဲ့စိတ်က မ ကောင်းတာလုပ်ရမှာ ဘယ်သူမှ မလုပ်ချင်ဘူး။ မလုပ်ချင်တဲ့စိတ်ကို

မောဟက မှောင်ချပေးလိုက်တာ။ မောဟက မှောင်ချပေးလိုက်တဲ့အခါ ကျတော့ စိတ်က အကုသိုလ်လုပ်ရမှာ မရှက်တော့ဘူး၊ မကြောက်တော့ဘူး။ ဒါကြောင့်မို့လို့ ဘယ်အကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်လုပ်တိုင်းလုပ်တိုင်း မောဟက မှောင်ချပေးတယ်။ ဒါကြောင့်မို့လို့ မောဟကို "မိုက်မဲမှု" မှောင်ချပေးမှုလို့ ဘာသာပြန်ရတယ်။

မောဟကို ခုခေတ်မှာ ဘာသာပြန်ကြတာ ရှိကြသေးတယ်။ ဘယ်လိုပြန်ကြသလဲဆိုတော့ မောဟကို မသိမှုလို့ ဒီလိုပြန်ကြတယ်။ ဒါက တစ်ကွက်ကျော် ဘာသာပြန်တာ၊ တကယ်က မောဟကတော့ သူ့သဘောတရားအရင်းကတော့ သူက မှောင်ချပေးလိုက်တာပဲ၊ မှောင်ချပေးလိုက်တဲ့အခါကျတော့ လူဟာ ဘာမှန်းမှမသိတော့ဘူး။ ကုသိုလ်လား, အကုသိုလ်လား ခွဲခြားပြီး မသိတော့ဘူ။ အဲဒီတော့ မသိတာက နောက်တစ်ဆင့်။ မှောင်ချပေးတာက ပထမအဆင့်။ သို့ပေမဲ့ နောက်တစ်ဆင့်ထိအောင် မောဟကို မသိမှု-လို့ ဒီလိုပြန်ကြတယ်။ ဘာဖြစ်လို့ မောဟကို မသိမှုလို့ ပြန်သလဲဆိုတော့ မောဟရဲ့ပါဠိစကားလုံးတစ်လုံးက ရှိသေးတာကိုး။ လူတွေအသိများတာက မောဟကို အဝိဇ္ဇာလို့လဲ အသိများကြတာကိုး။ နောက်တော့ ဆရာ ပဋိစ္စသမုပ္ပါဒ်ကို သင်အုံးမှာပါ။ ပဋိစ္စသမုပ္ပါဒ် သင်တဲ့အခါမှာ အဝိဇ္ဇာကို မောဟလို့လဲ ခေါ်တယ်။ ဒါကြောင့်မို့လို့ အဘိဓမ္မာသင်တန်းကို တက်တယ်, တက်တယ်ဆိုတာက ရှေးကပြောကြတယ်၊ **သဒ္ဒါ ကိုးခေါက် စာပြီးပြောက်တဲ့**။ သဒ္ဒါကို ကိုးခေါက်သင်ရင်တောင်မှ ပြီးပြီးပြောက်ပြောက်လောက်ပဲ တတ်တယ်တဲ့။ အဘိဓမ္မာကတော့ ဘယ်နှစ်ခေါက်သင်လို့မှ မတတ်ဘူး။ အခေါက် ၂၀၀-သင်လဲ အဘိဓမ္မာဟာ တကယ်မတတ်ဘူး။ ဆရာတို့လဲ အကုန်တတ်တာမဟုတ်သေးဘူး။ တတ်သလောက် သင်ပြနေတာပဲ။ အဘိဓမ္မာဆိုတာက တကယ့်သဘောတရားတွေကို ဟောထားတဲ့ ကျမ်းကိုး။ အဲဒီတော့ မောဟကို အဝိဇ္ဇာလို့လဲ ပါဠိလို ခေါ်တယ်။ **အဝိဇ္ဇာ** လို့ခေါ်တဲ့ ဒီ ပဋိစ္စသမုပ္ပါဒ် ဟောတဲ့အခါကျတော့ **အဝိဇ္ဇာ**ဆိုတာ ဘာလဲဆိုတော့ သစ္စာလေးပါးကို မသိမှုလို့ ဒီလိုပြန်တာကိုး။ ဒုက္ခသစ္စာကို

မသိမှု။ သမုဒယသစ္စာကို မသိမှု၊ နိရောဓသစ္စာကို မသိမှု၊ မဂ္ဂ သစ္စာကို မသိမှု။ သစ္စာလေးပါးကို မသိမှုဆိုတော့ အဲဒီကျတော့ အဝိဇ္ဇာကို မသိမှု လို့ပြန်တယ်၊ သို့ပေမဲ့ အဘိဓမ္မာ အကုသိုလ်စေတသိက်ထဲက အဝိဇ္ဇာဟာ ဘယ်စေတသိက်လဲဆိုတော့ မောဟလို့ပဲပြောတယ်။ ဒါက ပဋိစ္စသမုပ္ပါဒ်မှာ သုံးတဲ့ အဝိဇ္ဇာ။

**မောဟနှင့် မျက်မှန်စိမ်း** တကယ့်မောဟဆိုတဲ့ အဘိဓမ္မာ သဘောကတော့ မှောင်ချပေးတာပဲ။ ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ မြင်းကို မြက်ကျွေးတဲ့အခါကျတော့ မြက်က အခြောက်တွေကို၊ မြက်က အခြောက်တွေဆိုတော့ မျက်မှန်အစိမ်းကြီး တပ်ပေးလိုက်တယ်။ ရိုးရိုး ဒီအတိုင်းကျွေးရင် မြင်းဟာမစားဘူး၊ မြက်က အခြောက်တွေကို။ မျက်မှန်တပ်ပေးလိုက်တဲ့အခါကျတော့ မြင်းစိတ်ထဲမှာ ဘယ်လိုထင်သွားသလဲ၊ မြက်အစိမ်းတွေလို့ ထင်တယ်။ အစိမ်းတွေထင်တဲ့ အခါကျတော့စားတယ်။ အဲဒီတော့ မျက်စိကို လှည့်ပေးလိုက်တာပဲ၊ အမှန် က လူတွေဟာ ခု ယောကျ်ားလေးတွေက မိန်းကလေးတွေကို ချောတယ်လို့ ထင်တာဟာ ဘာမျက်မှန်တပ်ထားလို့လဲ၊ မျက်မှန်စိမ်းတပ်ထားလို့။ တကယ် ကတော့ ချောပါ့မလား။ (သင်တန်းသားများ ဖြေကြသည်)။ တချို့တလေက ပြောသေးတယ်၊ မိန်းကလေးတွေဟာ မွှေးတယ်တဲ့၊ တကယ်မွှေးရဲ့လား၊ မွှေးတာဘယ်သူက မွှေးတာတုံး၊ ရေမွှေးတို့ ပေါင်ဒါတို့မွှေးတာ၊ တကယ်တော့ ရေမွှေးတို့ ပေါင်ဒါတို့ကမွှေးတာကို လူက လိမ်းထားလို့ လူကမွှေးတယ်လို့ တစ်ဆင့်တက်ပြီးခေါ်လိုက်တာ၊ တကယ်တော့ လူက မမွှေးပါဘူး။ အင်မတန် ရေချိုးနိုင်လွန်းလို့၊ နို့ပေတဲ့ လူက မွှေးတယ်ဆိုတာက မျက်မှန်စိမ်း တပ် ပေးထားတာပဲ။ မျက်မှန်စိမ်း တပ်ထားတာကိုပဲ တော်တော်သဘောကျ နေကြတာပဲမဟုတ်လား။ တရားအားထုတ်တယ်ဆိုတာ လွယ်လွယ်ကလေး ပါ၊ မျက်မှန်စိမ်းကို ချွတ်လိုက်ရုံပဲ၊ နို့ပေတဲ့ ကိုယ်ကိုယ်တိုင်ကိုက မဖြုတ် ချင်ဘူးမဟုတ်လား။ အဘိဓမ္မာတရား စင်စစ်ကတော့ မောဟကနေပြီးတော့

လူတွေကို မျက်မှန်စိမ်းတပ်ပေးထား တာပဲ။ ယောကျ်ားလေးတွေကလဲ မိန်းကလေးတွေကို တစ်မျိုးထင်၊ မိန်းကလေးတွေကလဲ ယောကျ်ားလေးတွေကို တစ်မျိုးထင်၊ မြင်းဟာ မြက်ခြောက်တွေကို မျက်မှန်စိမ်းတပ်ပေးထားတော့ အစိမ်းတွေထင်သလို ဘယ်အကုသိုလ်အလုပ်ဖြစ်ဖြစ် မောဟက မှောင်ချပေးထားလို့ လုပ်ရဲကြတာပါ။

**အဟိရိကစေတသိက်** အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်က မောဟတစ်ခုထဲလားဆိုတော့ အဟိရိကစေတသိက်ဆိုတာ ရှိသေးတယ်။ အဟိရိကဆိုတာက မရှက်မှုပဲ။ စိတ်က ဖြူစင်နေတော့ စိတ်ကောင်းက အကုသိုလ်လုပ်ရမှာ ရှက်နေတယ်။ ရှက်နေတော့ စိတ်ကို မောဟက မှောင်ချပေးလိုက်တဲ့အခါကျတော့ အဟိရိကစေတသိက်က သူက မရှက်အောင်လုပ်ပေးတာပဲ။ ဘယ်နေရာမှာ မရှက်သလဲဆိုတော့ ဒုစရိုက်ပြုလုပ်ရမှာမရှက်ဘူး။ ဒုစရိုက်တရားတွေကို နောက်ကျတော့လဲ ဆရာသင်အုံးမှာပါ။ ဒုစရိုက်ဆိုတာက ပါဠိစကားပဲ။ ဒုစရိုက်ဆိုတာက တကယ့်ပါဠိက ဒုစ္စရိတ။ ဒုစ္စရိတဆိုတာ က (ဒု=မကောင်းတာ၊ စရိတ=အလေ့အကျင့်)ပဲ၊ (မကောင်းတဲ့အကျင့်ကို= ဒုစ္စရိတ)ပါဠိလိုခေါ်တယ်။ ဒုစ္စရိတကို မြန်မာကမွေးစားတဲ့အခါကျတော့ တ-ဝမ်းပူမသတ်တော့ဘူး။ ဒုစရိုက်ဆိုပြီး က-ကြီးသတ်တယ်။ ဒီနေရာမှာ ပါဠိပျက်စကားပဲဆိုပြီးတော့ ပါဠိဆရာတွေက ဒုစရိုက်ဟာ က-ကြီးမသတ်ရဘူး၊ တ-ဝမ်းပူသတ်ရမယ်လို့ သတ်ပုံမှာ ဒီလိုပြောလို့မရဘူး။ မြန်မာ့နည်း မြန်မာ့ဟန်ဆိုတာက ရှိသေးတယ်။ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဒုစရိုက်ဆိုတဲ့ နေရာမျိုးမှာ က-ကြီးသတ်တယ်။

အဲဒါကြောင့်မို့လို ဒုစ္စရိတပါဠိကို မြန်မာလိုယူလိုက်တဲ့အခါကျတော့ က-ကြီး သတ်ပြလိုက်တယ်။ သတ်ပုံအမှန်ပဲ။ အဲဒီတော့ ဒုစရိုက်ဆိုတာ ခုမြန်မာတွေက ဘယ်လိုနားလည်နေသလဲ၊ ဒုစရိုက်ဆိုတဲ့ အလုပ်တွေက ဘယ်လိုအလုပ်တွေလဲ၊ အခုခေတ်က ဒုစရိုက်ဆိုတဲ့စကားလဲ ပြောင်းသွားတယ်၊ မကောင်းမှုအကုန်လုံးရှိသမျှကို ဒုစရိုက်လို့ပဲ နားလည်နေကြတယ်။

ဒုစရိုက်ဆိုတာ ဒီနေရာမှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်–လို့ နှစ်မျိုး ရှိတယ်။ ယာကဒုစရိုက်ဆိုတာက ကိုယ်ဖြင့်ပြုလုပ်တဲ့ ကာယကံသုံးပါးပဲ။ ပါဏာတိပါတ=သူများအသက် သတ်တာ၊ အဒိန္နာဒါန=သူများဥစ္စာခိုးတာ၊ ကာမေသုမိစ္ဆာစာရ=သူများသားမယား ဖျက်ဆီးတာ၊ ဒါကိုပဲ ကာယဒုစရိုက်လို့ အဘိဓမ္မာကခေါ်တယ်။ အခုခေတ်ကတော့ ဒါတွေတွင်မကဘူး၊ ဒုစရိုက်ကို မြန်မာ့စကားက အများကြီးနားလည်နေတယ်။ သတင်းစာဆရာတို့ မြန်မာလိုရေးနေတဲ့နေရာမှာ ဒုစရိုက်နှိမ်နင်းရေးဆိုရင် အကုန်လုံးပါနေတယ်။ တကယ်တော့ ကာယဒုစရိုက်ဆိုတာက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ ဒီသုံးပါးကို ကာယဒုစရိုက်။ ဒီသုံးပါးကိုလုပ်ရမှာ မရှက်ဘူးဆိုတာ အဟိရိက။ သူများအသက်သတ်မှာဆိုလို့ရှိရင် မောဟက မှောင်ချပေးတော့ မရှက်တော့ဘူး၊ အခိပ္ပါယ်ကစ်ခု–ကြက်သတ်တယ်ဆိုပါတော့၊ ကြက်သတ်တာ ရိုးရိုးပကတိစိတ်က ကောင်းတဲ့စိတ်ဆိုတာ မသတ်ချင်ဘူး၊ မသတ်ချင်ပေမဲ့ မောဟက မှောင်ချပေးတယ်။ မင်း သတ်သာသတ် ပါကွာ–ဘာမှအပြစ်မရှိပါဘူး၊ သတ္တဝါဆိုတာ လူကချွတ်မှ ကျွတ်တာပဲ၊ လူတွေ စားဖို့ဖြစ်လာတာပဲ၊ တစ်ခါထဲ သူ့ကိုမှောင်တဖြည်းဖြည်းချပေးတော့ ကြက်ကို သတ်လိုက်တော့တာပဲ။ အဲဒီတော့ ဒီ ဒုစရိုက်အကုသိုလ်လုပ်ရမှာကို မောဟက မှောင်ချပေးတော့ အဟိရိကက မရှက်တော့ဘူး၊ တစ်ခါထဲလုပ်တော့တာပဲ။

ဝစီဒုစရိုက်ဆိုတာက လိမ်ရမှာမရှက်တော့ဘူး။ ခုခေတ်က တော်တော် ကြောက်စရာကောင်းတာ။ ဘာဖြစ်လို့လဲဆိုတော့ မုသာဝါဒဆိုတာက ဒုစရိုက်။ အခုယောကျာ်းလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် တစ်ဦးကို တစ်ဦး လိမ်ရမှာ သိပ်ပြီးမရှက်ကြတော့ဘူး။ နဂိုက မြန်မာလူမျိုးဆိုတာ အရှက်ရှိတဲ့လူမျိုးပဲ။ ဒီအကုသိုလ်စေတသိက် အဟိရိကကို နားလည်လို့ မြန်မာလူမျိုး အရှက်ရှိတယ်ဆိုတာ ဘယ်လိုနေရာမှာ ရှက်ရသလဲဆိုရင် မုသာဝါဒ–ဝစီဒုစရိုက် လိမ်ရမှာသိပ်ရှက်တယ်။ အဲဒီတော့ လူတွေမှာ လိမ်တဲ့ အကျင့်ပေါ်လာတယ်ဆိုရင် ယောကျာ်းကလေးတွေက မိန်းကလေးတွေ

လိမ်၊ မိန်းကလေးတွေက ယောကျ်ားကလေးတွေလိမ်နဲ့ သစ္စာမရှိကြတော့ဘူးဆိုရင် တိုင်းပြည်ထူထောင်လို့ရပါ့မလား။ တရားအားထုတ်တာတွေ ဘာတွေတော့ ထားပါအုံး။ တိုင်းပြည်တစ်ခုတည်ထောင်လို့ မရတော့ဘူး။ ဒီမုသာဝါဒဟာ ဘယ်လောက်ဆိုးသလဲဆိုယင် ယောကျ်ားကလေးတွေက မိန်းကလေးတွေ လိမ်၊ မိန်းကလေးတွေက ယောကျ်ားကလေးတွေ လိမ်၊ ဒါအခြေခံက စ–လိမ်တာ။

နောင်မိဘတို့ သားသမီးတို့ဖြစ်လာတဲ့အခါကျတော့ မိဘက သားသမီး လိမ်၊ သားသမီးက မိဘ လိမ်၊ ယောကျ်ားက မိန်းမ လိမ်၊ မိန်းမက ယောကျ်ား လိမ်၊ ဒီလိုသာ လိမ်ကြလို့ရှိယင် လောကကြီးကို ထူထောင်လို့ကို မရတော့ဘူး။ လိမ်တာဟာ အလွန်ဆိုးတဲ့ဒုစရိုက်ပဲ။

မုသာဝါဒပြီးတော့ ပိသုဏပါစာဆိုတာ ကုန်းတိုက်တာပေါ့။ တစ်ယောက်နှင့်တစ်ယောက် မသင့်မမြတ်ဖြစ်အောင် ကွဲပြားအောင် ပြောတာ။ တစ်ယောက်နှင့်တစ်ယောက် မတည့်အောင်ပြောတာကလဲ အင်မတန်ဆိုးတဲ့ ဒုစရိုက်ပဲ။

ရှေးက မြန်မာတွေကတော့ တစ်ယောက်အကြောင်းကို ဘယ်လိုပဲ သိသိ မိတ်ဆွေချင်းပဲဖြစ်ဖြစ်၊ ရန်သူပဲဖြစ်ဖြစ်၊ လူတစ်ယောက်မကောင်းတာကို လူတစ်ယောက်ကိုသွားပြီး မပြောဘူး။ ဒါ အမျိုးကောင်းသားသမီးလို့ ခေါ်တယ်။ အမျိုးကောင်းသားသမီးဆိုတာ တစ်ယောက်ရဲ့မကောင်းကြောင်းကို တစ်ယောက်ကို သွားမပြောဘူး။ ဒါ ကုန်းတိုက်တာလို့ ခေါ်တယ်။ ပိသုဏဝါစာကို နောက်ကျတော့မှ ပြောပါအုံးမယ်။

ဖရုသဝါစာဆိုတာ ဆဲတာ၊ ကြမ်းကြမ်းတမ်းတမ်းပြောတာ။ ဖရု–သဝါစာကတော့ ခုခေတ် မိကောင်းဖခင်သားသမီးတွေမှာ နည်းကြပါတယ်။ သိပ်ရိုင်းတဲ့လူတွေမှာပဲ ရှိတာများပါတယ်။ ဒီလိုကြမ်းတမ်းတဲ့အပြုအမူမျိုးကို လူတွေက ဒုစရိုက်လို့ကို မအောင့်မေ့တော့ဘူး။ ဒီ လိမ်တာတို့, ဆဲတာတို့, ကုန်းတိုက်တာတို့ကလဲ အရက်သောက်တာ, ဖဲရိုက်တာ, ခိုးတာ, လုတာ၊ နံပါတ်ဖိုးတို့လုပ်တာ၊ အဲဒီဒုစရိုက်တွေလိုပဲ သူတို့လဲ ဆိုးတာပဲ။

သမ္ဗပ္ပလာပဆိုတာကတော့ အဖျင်းပြောတာ၊ သူလဲဒုစရိုက်ပဲ။ ဒီ အဖျင်းပြောတာဟာ ဘာမှလဲ အရည်အဖတ်ရတာမဟုတ်ပါဘူး။ အဲဒီလို ဝစီဒုစရိုက်ဆိုတာ လေးခုရှိတာကိုး။ အဲဒီဒုစရိုက်တရားလေးပါးကိုလုပ်ရာ မှာ မရှက်တာ အဟိရိကပါပဲ။ ဒါကြောင့်မို့လို့ အဟိရိက–မရှက်ဘူးဆိုတာ၊ ဘယ်မှာမရှက်တာလဲဆိုရင် အတိုချုပ်ကတော့ ဒုစရိုက်လုပ်ရမှာ မရှက်တာ။

ဒုစရိုက်က ဘယ်နှစ်မျိုးရှိသလဲ။

ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးကို လုပ်ရမှာမရှက် တာ။ ရှက်တယ်ဆိုတာလဲ ရှက်သင့်တဲ့နေရာမှာရှက်ရတယ်။ မရှက်သင့်တဲ့ နေရာမှာမရှက်ရဘူး။ တချို့တလေ သူများတကာလို အဝတ်အစားမဝတ်နိုင် တာကို ရှက်တယ်။ အဝတ်အစားကောင်းကောင်း သူများတကာဝတ်သလို မဝတ်နိုင်တာဟာ ရှက်စရာလား၊ ကိုယ့်ရှိသလောက် ကိုယ်ဝတ်တာပဲ။ ဒုစရိုက်မှ မဟုတ်ဘဲနဲ့၊ တချို့တလေ မင်္ဂလာဆောင်တို့, ဘာတို့ သွားမယ် ဆိုရင် စိန်နားကပ်တို့, ဘာတို့ မပါလို့ရှိရင် ငှါးဝတ်သွားတယ်၊ ငှါးဝတ်ပြီး သွားတဲ့လူနဲ့ ဒီအတိုင်းသွားတဲ့လူနဲ့ ဘယ်သူကပိုကောင်းသလဲ။ ဒီအတိုင်း သွားတဲ့လူက ပိုကောင်းတာပေါ့။ ငှါးဝတ်တယ်ဆိုတာက ရှက်စရာကြီးပဲ။ သူ့မရှိမှန်း လူတိုင်းသိတာပဲ။ ပိုလှရင်တော့ ဟုတ်တာပေါ့၊ သူထင်တာကတော့ တစ်မျိုးပေါ့လေ။ ပိုလဲမလှဘဲနဲ့ သူများအထင်ကြီးအောင် ဝတ်တာကတော့ အဲဒါက အဓိပ္ပါယ်ကိုမရှိဘူး။ အဲဒီတော့ ရှက်သင့်တဲ့နေရာမျိုး, မရှက်သင့် တဲ့နေရာမျိုးကိုလဲ ခွဲသိဖို့လိုသေတယ်။

**အနောတ္တပ္ပစေတသိက်** မောဟနဲ့ အဟိရိကကတော့ ပြီးပြီဆိုပါတော့။ အနောတ္တပ္ပဆိုတာက မကြောက်တာ။ နည်းနည်း အခေါ်ရခတ်တယ်။ အနောတ္တပ္ပက ပါဠိက န ဩတ္တပ္ပ။ ဩတ္တပ္ပဆိုတာက ကြောက်တာ။ န ဩတ္တပ္ပကို ပါဠိက အနောတ္တပ္ပလို့ခေါ်လိုက်တာ။ အနော– တ္တပ္ပဆိုတာက မကြောက်တာ။ ဒီပါဠိ က ဆိုရခက်တယ်။ ဆိုကြည့်ကြစမ်းပါ (သင်တန်းသား/သူများ လိုက်ဆိုကြသည်။) သင်တန်းတက်နေကျ လူတွေက တော့ ဆိုတတ်တယ်။ သင်တန်းသားသစ်တွေကတော့ အနောတ္တပ္ပဆိုတဲ့ပါဠိကို

ဆိုရတာ နည်းနည်းခက်မယ်။ အနောတ္တပ္ပဆိုတာက ရိုးရိုးကတော့ မကြောက်လန့်မှု၊ မကြောက်လန့်မှုဆိုတာက ဘာလုပ်ရမှာ မကြောက်လန့်တာလဲဆိုတော့ ဒုစရိုက်လုပ်ရမှာ မကြောက်လန့်ဘူး။ အခုန အဟိရိကနဲ့အတူတူပဲ။ ဒုစရိုက်လုပ်ရမှာ မကြောက်လန့်မှု=အနောတ္တပ္ပ။

ဒုစရိုက်ဆိုတာက ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ အဲဒါတွေလုပ်ရမှာကို မကြောက်တာ။ မြန်မာက မရှက်တာရယ်, မကြောက်တာရယ် တွဲပြီးသုံးတော့ အဲ--မရှက်တာနဲ့မကြောက်တာဟာ ရှက်တာနဲ့ ကြောက်တာနဲ့ ဆန့်ကျင်ဘက်ပါပဲ။ မြန်မာလူမျိုးဟာ အရှက်အကြောက်ရှိတယ်။ အဲဒီတော့ မရှက်တာရယ်, မကြောက်တာရယ် အဟိရိကနဲ့ အနောတ္တပ္ပကို ဟိရိနဲ့ ဩတ္တပ္ပက ရှက်တာရယ်, ကြောက်တာရယ်နဲ့ တွဲပြောမှ အဓိပ္ပါယ်ရှင်းတယ်။ ဒီရှက်တာဟို့, ကြောက်တာတို့ဟာ ကုသိုလ်စေသိက်ထဲမှာ ပါတာကိုး။

**လာဘ်ပေးလာဘ်ယူ** မိမိကိုယ်ကို မိမိရှက်တာက "ဟိရိ" စေတသိက်၊ မိမိကိုယ်ကို မိမိ မရှက်တာက "အဟိရိက"စေတသိက်။ အဟိရိကဆိုတာက မိမိကိုယ်ကို မိမိ မရှက်တာ။ ဥပမာတစ်ခု အဒီနှာဒါန်=လာဘ်စားတယ်ဆိုပါတော့၊ အရာရှိကြီးတစ်ယောက်ဟာ လာဘ်စားတော့မယ်ဆိုရင် ဒီငွေတစ်သောင်းငါးထောင်ကို သူ့ကို လာဘ်လာပေးလို့ လာဘ်ယူလိုက်တယ်ဆိုလို့ရှိရင် လာဘ်ယူတဲ့အတွက် ဘေးကလူတွေလဲ ဘယ်သူမှမသိဘူး။ အခုပစ္စက္ခမှာ ဥပဒေကြောင်းအရလဲ ဘာမှ အရေးမယူနိုင်ဘူး။ အဲဒီအခါမှာ ငွေတစ်သောင်းငါးထောင်ဆိုတော့ နည်းတာမဟုတ်ဘူးဆိုပြီး လာဘ်ယူလိုက်တယ်။ လာဘ်ယူလိုက်တယ်ဆိုရင်ပဲ သူဟာ အဟိရိကဖြစ်သွားတာပဲ။ ဘာဖြစ်လို့လဲဆိုရင် အဟိရကဆိုတာက မိမိကိုယ်ကို မိမိ မရှက်တာကိုး။

ဒီလာပေးတဲ့ငွေ တစ်သောင်းငါးထောင် လာဘ်ဟာ ဘေးကလူလဲ မသိဘူး၊ ဥပဒေတွေနဲ့လဲ ဘာမှ အရေးမယူနိုင်ဘူး၊ အင်မတန် လွတ်လပ်တာပဲ။

ဒါပေမဲ့ ငါလို လူကြီးလူကောင်းအရာရှိကြီးတစ်ယောက်က လာဘ်ယူမယ်ဆိုရင် ဒီပြင်လူငယ်တွေ တိုင်းပြည်တစ်တိုင်းပြည်လုံး ပျက်စီးသွားမှာပေါ့၊ ငါလိုလူတစ်ယောက်ဟာ ဒီလို လာဘ်ပေး လာဘ်ယူလုပ်တဲ့အလုပ်မျိုး လုပ်ဖို့မတော်ဘူးလို့ ကိုယ့်ကိုယ်ကို ရှက်လို့မယူတာ။ အဲဒါ ဟိရီ။

ယူလိုက်တဲ့အခါကျလို့ရှိရင် ကိုယ့်ကိုယ်ကို မရှက်ရာကျသွားတယ်။ အဟိရိက စေတသိက်က အနောတ္တပ္ပထက် ပိုပြီး သိမ်မွေ့တယ်၊ သူက ကိုယ့်ကိုယ်ကို မရှက်တာကိုး။ အနောတ္တပ္ပက မကြောက်ဘူးဆိုတာက သူတစ်ပါး ဘေးကလူတွေပြောမှာကို ကြောက်တာက ဩတ္တပ္ပ။ ဒီလာဘ်ပေး လာဘ်ယူ လုပ်လိုက်တယ်ဆိုလို့ရှိရင် ဘေးကလူတွေ သိကုန်လိမ့်မယ်။ ဘယ်သူပဲသိသိ, ဘယ်သူတွေဘာပြောပြော လုပ်မယ်ဆိုတာက အနောတ္တပ္ပ။ အဲဒီတော့ ဘေးကလူတွေပြောမှာ မကြောက်လို့ရှိရင် ဒါ အနောတ္တပ္ပ စေတသိက်။ ကိုယ့်ကိုယ်ကို မရှက်လို့ရှိရင် ဒါ အဟိရိက စေတသိက်။

အဘိဓမ္မာမှာ အဟိရိကစေတသိက်ကို ဘာနဲ့ ဥပမာပေးလဲဆိုတော့၊ အဟိရိကကို ဝက်နဲ့ ဥပမာပေးတယ်။ ဝက်ဟာ မစင်ကိုစားရမှာ ရှက်ရဲ့လား၊ ဝက် မစင်စားတာဟာ မစင်ကို မရွံလို့၊ မစင်ဆိုတာ အင်မတန်ရွံစရာပဲ။ အဲဒီ ရွံစရာဖြစ်တဲ့ မစင်ကို ဝက်က မရွံသလို ဒုစရိုက်တွေကို လုပ်ရမှာ မရွံတာ, မစက်ဆုပ်တာဟာ အရိဟိကပဲ။ အနောတ္တပ္ပကျတော့ ဘာနဲ့ ဥပမာပေးလဲဆိုတော့ "ပိုးပရန့်မျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ"ဆိုတဲ့ ရှေးက ဆရာတော်ကြီးများရေးတဲ့ သံပေါက်ရှိတယ်။ အနောတ္တပ္ပစေတသိက် ကျတော့ ပိုးပရန့်များဟာ မီးကို သိပ်ပြီးတော့ သဘောကျတာကိုး။ မီးရှိရင် အကုန်လုံးကိုးတာပဲ။ မီးကို တိုးတော့ ပိုးပရန့်တွေ အကုန်လုံး သေကုန်တာပဲ။ အနောတ္တပ္ပစေတသိက်ကျတော့ ပိုးပရန့်နဲ့ တူတယ်ဆိုပြီး ဒီလိုဥပမာပေးတယ်။ တကယ့်သဘောတရားကျတော့ ခုနတုန်းက အဟိရိက–က မိမိကိုယ်ကို မိမိ မရှက်ဘူး။ အနောတ္တပ္ပ–က သူတစ်ပါးပြောမှာလဲ မကြောက်ဘူး။ အဟိရိကနဲ့ အနောတ္တပ္ပနှစ်ခု တွဲလိုက်တဲ့အခါကျတော့ ဘယ်အကုသိုလ်ကို မဆို အကုန်လုပ်တော့တာပဲ။

အကုသိုလ်လုပ်တဲ့လူတစ်ယောက်ဟာ-

(၁) မိမိကိုယ်ကို မိမိရှက်ရမယ်၊

(၂) သူတစ်ပါးပြောမှာကို ကြောက်ရမယ်၊

ဒီနှစ်ခုကိုမှ ဂရုမစိုက်ဘူးဆိုလို့ရှိရင် ဥပမာတစ်ခု-လူကြီးလူကောင်း တစ်ယောက်ဟာ ကိုယ့်ဂုဏ်သိက္ခာတွေကိုလဲ ဂရုမစိုက်ဘူး၊ ဘေးကလူတွေ ပြောမှာလဲ ဂရုမစိုက်ဘူး။ ကိုယ့်ဂုဏ်သိက္ခာကို ဂရုမစိုက်ဘူးဆိုတာက "အဟိရိက" စေတသိက်ကို ပြောလိုက်တာပဲ၊ ဘေးကလူတွေပြောတာကို ဂရုမစိုက်ဘူးဆိုတာက အနောတ္တပ္ပကို ပြောတာပဲ။ ကိုယ့်ကိုယ်ကိုလဲ ဂရုမစိုက်ဘူး၊ ဘေးလူလဲ ဂရုမစိုက်ဘူး။ အဟိရိက, အနောတ္တပ္ပ နှစ်ခုရှိနေလို့ရှိရင် အကုသိုလ်တွေကို လုပ်ဖြစ်တော့တာပဲ။

အကုသိုလ်စေတသိက်ဆိုတာက မောဟက မှောင်ချပေးလိုက်တယ်။ မောဟက မှောင်ကြီးချပေးလိုက်တော့ အဟိရိက-က ကိုယ့်ဂုဏ်သိက္ခာကိုလဲ သူ ဂရုမစိုက်တော့ဘူး။ အနောတ္တပ္ပ-က ဘေးကလူတွေပြောမှာကိုလဲ ဂရုမစိုက်တော့ဘူး။ မှောင်ချပေးထားတော့ ဘေးကလူတွေကို မမြင်တော့ဘူး။ ဘေးကလူတွေကို မမြင်ရတော့ အနောတ္တပ္ပ သူက ကြောက်ကိုမကြောက်တော့ဘူး။ အဟိရိက-ရော အနောတ္တပ္ပ-ရော စေတသိက်နှစ်ခုစလုံး ပေါင်းလိုက်လို့ရှိရင် ဘာအကုသိုလ်ပဲဖြစ်ဖြစ် အကုန်လုံး လုပ်ရဲတော့တာပဲ။

ဒါကြောင့်မို့လို့ ဒီအဟိရိကနဲ့ အနောတ္တပ္ပစေတသိက်နှစ်ခုမပါလို့ရှိရင် ဘယ်အကုသိုလ်ကိုမှ လုပ်လို့မရဘူး။ အကုသိုလ်လုပ်ငန်းတွေကတော့ အမျိုးမျိုးရှိတာပဲ။

အကုသိုလ်လုပ်ငန်းတွေ အကုန်လုံးထဲမှာ မောဟက ပါရမယ်။ အဟိရိက ပါရမယ်။ အနောတ္တပ္ပ ပါရမယ်။

**ဥဒ္ဓစ္စစေတသိက်**

ဥဒ္ဓစ္စဆိုတာကလဲ နဲနဲခေါ်ရခက်တယ်။ ဥဒ္ဓစ္စစေတသိက်ဆိုတာ ပျံ့လွင့်မှု။ စိတ်က တည်တံ့နေတယ်ဆိုလို့ရှိရင် မကောင်းမှုလုပ်လို့မရဘူး။ လူငယ်တွေ မကောင်းမှုလုပ်တယ်

ဆိုတာ ဘာမှ အလုပ်မရှိဘဲနဲ့ ပညာလဲမသင်၊ စာလဲမသင်၊ ဘာသင်တန်းမှလဲမတက်၊ ဒီအတိုင်း လူငယ်တွေကို ပစ်ထားမယ်ဆိုလို့ရှိရင် သူတို့ စိတ်ဟာ နည်းနည်းလွင့်တယ်၊ ပျံ့တယ်။ အဲဒီတော့ စိတ်ပျံ့လွင့်နေတယ်ဆိုတာဟာ ကောင်းတဲ့ စေတသိက်မဟုတ်ဘူး။ ဒီ ဥဒ္ဓစ္စ ပါနေလို့ စိတ်ပျံ့လွင့်တာ။ သင်တန်းတက်နေတယ်၊ စာသင်နေတယ်၊ အလုပ်လုပ်နေတယ်ဆိုရင် စိတ်တည်တံ့နေရင် မကောင်းတာမလုပ်ဖြစ်ဘူး။ ဒါကြောင့် လူငယ်လူရွယ်တွေကို အလုပ်လက်မဲ့ မဖြစ်စေဘဲ အကုန်လုံး အလုပ်ပေးထားမှ ဒီ မကောင်းတာတွေကို မလုပ်ဘဲနေမှာ။ လူငယ်တွေ မကောင်းတာလုပ်တယ် လုပ်တယ်လို့သာ ပြောနေကြတယ်၊ လူငယ်တိုင်းကို အလုပ်နဲ့ လက်နဲ့မပြတ်အောင် မိဘတွေက, အသင်းအဖွဲ့တွေက လုပ်ပေးထားကြရဲ့လား။ အဲဒီတော့ ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်တယ်ဆိုလို့ရှိရင်တော့ ဒါဟာ အကုသိုလ်ဖြစ်လာတာပဲ။ စိတ်ကို ပျံ့လွင့်အောင် လုပ်ပေးတာက ဥဒ္ဓစ္စ စေတသိက်။ ဥဒ္ဓစ္စစေတသိက်ကို ဆိုစမ်းပါ။ (သင်တန်းသားများ ဆိုကြသည်။) ဥဒ္ဓစ္စဆိုတာက ပျံ့လွင့်မှု။ စိတ်ပျံ့လွင့်အောင် လုပ်တာ။ စိတ်ဆိုတာကတော့ ပထမ ဖြူနေတဲ့စိတ်၊ ကြည်နေတာပဲ၊ ကြည်နေတော့ စိတ်ကိုပျံ့လွင့်အောင် လေလွင့်အောင် လုပ်ပေးတာက ဥဒ္ဓစ္စစေတသိက်။ အဲဒီတော့ မောဟရယ်, အဟိရိကရယ်, အနောတ္တပ္ပရယ်, ဥဒ္ဓစ္စရယ်၊ ဒီလေးပါးလုံးက ဘယ်အကုသိုလ်မျိုးမဆို အကုသိုလ် လုပ်တိုင်း လုပ်တိုင်း ဒီ လေးပါးလုံးက ပါတယ်။

ဆရာတို့သင်တာက နောက်ကျမှ ကျက်နေစရာ မလိုဘူး။ သင်တန်းတက်ရင်း အကုန်လုံးရသွားရမယ်။

အကုသိုလ်လုပ်တိုင်း ပါဝင်တဲ့စေတသိက်က ဘယ်နှစ်ပါးရှိသတုံး၊ လေးပါးရှိတယ်။ လေးပါးက ဘာလဲ။ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ၊ အဲဒီလေးပါးကတော့ အကုသိုလ်လုပ်တိုင်းလုပ်တိုင်း သူက ပါတယ်။

* * * * *

## လောဘအုပ်စု၌သာ ပါဝင်တဲ့ စေတသိက်

**လောဘစေတသိက်** လောဘကတော့ အကုသိုလ်လုပ်တိုင်း မပါဘူး။ လောဘအုပ်စု၌သာ ပါဝင်တယ်။ အများဘာသာပြန်ကြတာက လောဘကို "လိုချင်မှု"ဆိုပြီး ဒီလို ဘာသာပြန်ကြတယ်။ လို ချင်တာမှန်သမျှ အကုန်လုံး လောဘလားလို့ မေးတဲ့အခါကျတော့ ပြဿနာ ဟက်လာတယ်။ အဓိပ္ပါယ်တစ်ခု-ကောင်းတာလုပ်ချင်တာတို့, ဒါနပြုချင်တာတို့, ကုသိုလ်လိုချင်တာတို့၊ အဲဒီလို လုပ်ချင်တာမှန်သမျှ အကုန်လုံး လောဘလားလို့ မေးတဲ့အခါ ပြဿနာတက်တယ်။ ဒါကြောင့်မို့လို့ လောဘကို လိုချင်မှုလို့ ဒီလိုပြန်လိုက်တော့ အကုန်လုံး မငုံမိဘူး။ လောဘကို မငုံမိတဲ့အခါကျတော့ "တပ်မက်မှု"ဆိုပြီး တစ်ခါဘာသာပြန်ကြတယ်။ တပ်မက်တယ်ဆိုတဲ့ မြန်မာစကားဟာ အခုခေတ်အရပ်ထဲမှာ သိပ်မသုံးပါဘူး။ လူတွေဖတ်အောင်ရေးမယ်ဆိုရင် လူတွေနားလည်တဲ့ စကားလုံးကို ရေးရမယ်။

လိုချင်မှုဆိုတဲ့ စကားလုံးကတော့ လိုချင်တယ်ဆိုတာ မြန်မာတွေ ပြောနေကြတယ်၊ တပ်မက်တယ်ဆိုတဲ့စကားက မြန်မာတိုင်း သိပ်မပြောဘူး။ အဲဒီတော့ "မက်မောတယ်"ဆိုရင်တော့ ခုခေတ် ပြောတာကတော့ ဟာ--သူဒီပစ္စည်းကို သိပ်မက်မောတာပဲ။ မက်မောတယ်လို့တော့ ပြောတယ်။ တပ်မက်တယ်လို့တော့ သိပ်မပြောဘူး။ အဲဒီတော့ တပ်မက်တယ်၊ မက်မောတယ်၊ နှစ်သက်တယ်၊ ကြိုက်တယ်၊ ဒါတွေဟာ လောဘရဲ့ ပရိယာယ်တွေပဲ။ ဒါကြောင့် တပ်မက်မှုကို အခုခေတ်စကား မြန်မာတွေ နားလည်တာကတော့ မက်မောတယ်၊ နှစ်သက်တယ်၊ ချစ်တယ်၊ ဒါတွေဟာ လောဘရဲ့ ပရိယာယ်တွေပဲ။ လောဘကို ဘာသာပြန်တာပဲ။

နောက်ပြီးတော့ "ငြိကပ်တယ်"ဆိုတာက ပိုပြီးတော့ အဘိဓမ္မာသဘောနဲ့ ကိုက်ညီတယ်။ "ငြိကပ်တယ်"ဆိုတာက သူက ပစ္စည်းတစ်ခုခုမှာ ငြိကပ်ပြီးနေတာကိုး။ ဆရာဆိုလို့ရှိရင် ဒီမျက်မှန် သူများကို ပေးရမယ် ဆိုလို့ရှိရင် မပေးနိုင်ဘူး၊ မပေးနိုင်တာက ဘာဖြစ်လို့လဲဆိုရင် ဒီမျက်မှန်မှာ ဆရာ့စိတ်က ငြိကပ်ပြီးနေတယ်။ တွယ်တာပြီးနေတယ်။ အဲဒီတော့

ဒီမျက်မှန်ကို ပေးလိုက်ရမှာကို မပေးနိုင်ဘူး။ အဓိပ္ပါယ်တစ်ခု–ငွေတစ်သောင်း လှူတော့မယ်ဆိုရင် ငွေတစ်သောင်းအပေါ်မှာ လောဘက ငြိကပ်ပြီးနေတယ်။ ဒီလောဘကို ဒါနလုပ်တဲ့အခါကျတော့ ဒီ ငြိကပ်နေတဲ့လောဘကို ခွါချလိုက်တော့ ဒီငွေတစ်သောင်းကို ပေးဖြစ်တာကိုး။ ဒါကြောင့်မို့ လောဘဟာ ရေးက အဘိဓမ္မာဆရာတွေ ဥပမာပေးတာက–မျောက်နဲ့စေးများဟာ လက်နဲ့ကိုင်ရင် လက်ကပ်တယ်၊ ခေါင်းနဲ့ထိရင် ခေါင်းကပ်တယ်၊ ခြေနဲ့ထိရင် ခြေကပ်တယ်။ မျောက်ကို ကပ်တဲ့ အစေးကို မျောက်နဲ့စေးလို့ ခေါ်တာပေါ့။ လောဘကို မျောက်နဲ့စေးနဲ့ ဥပမာပေးကြတာက ငြိကပ်မှုရဲ့ အဓိပ္ပါယ်ပဲ။ ငြိကပ်တယ်ဆိုတဲ့ လောဘဟာ မစွန့်လွှတ်နိုင်ဘူး။ ဘာဘဲဖြစ်ဖြစ် လောဘဟာ ကိုယ်ရလာတဲ့ ပစ္စည်းလေးကို သာမညနဲ့ မစွန့်လွှတ်နိုင်ဘူး။ လှူချင်ပေမဲ့ ဒီဟာလေးကို လှူဖို့ရာဆိုလို့ရှိရင် တော်တော်စိတ်ကူးနေရတယ်။ အဲဒီ ငြိကပ်နေတာကို ဖယ်လိုက်တဲ့အခါကျမှ စွန့်လွှတ်နိုင်တဲ့သဘော ဖြစ်လာပါတယ်။ လောဘကို လိုချင်မှု, တပ်မက်မှု, တွယ်တာမှု, နှစ်သက်မှု, သာယာမှု–စတဲ့ မြန်မာစကားတွေမှာ လောဘရဲ့ပရိယာယ်တွေဟာ အများကြီးပါ။

ဒီ လောဘစေတသိက်ဟာ အကုသိုလ် စေတသိက်ထဲမှာပါလို့ အကုသိုလ်တော့ အကုသိုလ်ပဲ။ ဒါပေမဲ့ ဒီလောကကြီးမှာ ရှိသင့်ရှိထိုက်တဲ့ လောဘနဲ့ လူလုပ်နေကြရတာကိုး။ အခုခေတ်မှာ ဝိပဿနာခေတ်ကလဲ ခေတ်စားနေတော့ ဝိပဿနာတရားသမားတွေကတော့ လောဘဆိုရင် အကုန်လုံးပယ်ရမှာပဲလို့ ပြောမှာပဲ။

**လောဘ ၂–မျိုး** လောဘဆိုတာ သမလောဘ, ဝိသမလောဘဆိုပြီး နှစ်မျိုးရှိတယ်။ သမလောဘဆိုတာက ရှိသင့်ရှိထိုက်တဲ့ လောဘကို သမလောဘလို့ခေါ်တယ်၊ မရှိသင့် မရှိထိုက်တဲ့လောဘကို ဝိသမလောဘလို့ ခေါ်တယ်။ ဒါကြောင့်မို့လို့ လူလုပ်နေမယ်ဆိုလို့ရှိရင် သမလောဘ–ကတော့ ရှိရမှာပဲ။ သမလောဘမရှိရင် လူလုပ်လို့ ရကိုမရဘူး။

ကိုယ့်သားသမီးတွေကို ကိုယ်မချစ်ရဘူးလား၊ ကိုယ့်သားသမီးတွေကို ကိုယ်ချစ်ရမှာပေါ့။ ကိုယ်မွေးထားတာပဲ။ သားသမီးတွေကို ကိုယ်မွေးထားပြီး သားသမီးတွေ ရှုပ်ပါတယ်ကွာ၊ သားသမီးတွေ ချစ်ခင်နေတာဟာ လောဘတွေပဲဆိုပြီး ပယ်ပြီးတော့ သားသမီးတွေကို ပစ်ထားမယ်ဆိုလို့ရှိရင် ကလေးတွေ ဘာဖြစ်ကုန်မလဲ၊ အကုန်ပျက်စီးကုန်မှာပေါ့။ မိန်းမယူထားပြီးတော့ ကိုယ့်မိန်းမကို မချစ်ရဘူးလား၊ ချစ်ရမှာပေါ့။ တရားတွေပြပြီးတော့ မိန်းမချစ်တာတွေဟာ လောဘတွေပဲ၊ အကုသိုလ်တရားတွေပဲ၊ ဒီလောဘတွေကို ပယ်ပစ်လိုက်ရမယ်, မိန်းမတွေကိုပစ်ထားလိုက်ရင် ဘာဖြစ်သွားမလဲ။ လူ့လောကကြီး ပျက်စီးသွားမှာပေါ့။ အဲဒီတော့ လူလုပ်နေပြီးတော့ သားတွေ, သမီးတွေ, မယားတွေ-ကျွေးဖို့ စီးပွားမရှာရဘူးလား။ စီးပွားရှာရမယ်။ စီးပွားလိုချင်တာ လောဘမဟုတ်ဘူးလား၊ စီးပွားရေးကို လိုချင်တာလဲ လောဘပဲ၊ လောဘပေမဲ့ လူလုပ်နေလို့ရှိရင်တော့ စီးပွားရှာရမယ်၊ ပညာသင်ရမယ်။ အဲဒီတော့ သမလောဘဆိုတာဟာ လူမှာ ရှိသင့်ရှိထိုက်တဲ့ လောဘဆို တာ ရှိကိုရှိရမယ်။ အဲဒီတော့ လောဘကိုပယ်တဲ့အခါမှာ လူတွေပယ်ရမဲ့လောဘ၊ ရဟန်းတော်များ ပယ်ရမဲ့လောဘ၊ တရားအားထုတ်တဲ့လူတွေ ပယ်ရမဲ့လောဘ၊ အဲဒီလို လောဘကို အဆင့်အတန်းတွေ အများကြီး ခွဲရမှာပါ။

ဒီ သမလောဘ, ဝိသမလောဘဆိုတာက လူတွေမှာပဲ ပြောတာပါ။ တရားနည်းလမ်း မှန်ကန်စွာ ပစ္စည်းရှာတာကို သမလောဘခေါ်တာပဲ။ ကိုယ်ဘာသာကိုယ် ပညာသင်ပြီး ပစ္စည်းရှာတယ်၊ ကိုယ့်ဝီရိယနဲ့ ကိုယ် နည်းလမ်းမှန်ကန်စွာ ပစ္စည်းရှာတယ်၊ တရားသဖြင့် လိုချင်တာဟာ သမလောဘပဲ။ မတရားသဖြင့် လိုချင်တာကတော့ ဝိသမလောဘပဲ။

အဲဒါကြောင့်မို့လို့ လူတွေမှာ လောဘဟာ အကုသိုလ်တော့ အကုသိုလ်ပဲ။ အကုသိုလ်ပေမဲ့ သမလောဘကတော့ ရှိကိုရှိရမယ်။ တကယ် တရားအားထုတ်ပြီးတော့ သားတွေ, သမီးတွေ, မယားတွေ, အကုန်လုံး

စွန့်ပစ်ပြီးတော့ ဘုန်းကြီးလုပ်ပြီးတော့ ကျင့်တဲ့အခါကျတော့ လောဘ အားလုံးကို ပယ်ရမှာပေါ့။

ဒါကြောင့်မို့လို့ လောဘကို အဆင့်ဆင့်ပယ်ရတာ။ သောတာပန်မှာ လောဘမရှိဘူးလား၊ ရှိတယ်။ သကဒါဂါမ်မှာရော ရှိတယ်။ အနာဂါမ်မှာရော လောဘရှိတယ်။ ရဟန္တာကျမှ လောဘမရှိတာ။ ပုထုဇဉ်ဆိုရင် အများကြီးရှိတယ်။ ဒါကြောင့်မို့လို့ လောဘကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ မဂ်နှင့်လေးကြိမ်ပယ်ရတယ်။ ဒါတွေ နောက်ကျတော့ အဆင့်ဆင့်ပြောမယ်။

အခုကတော့–လောဘစေတသိက်ရဲ့သဘောက ခင်တယ်, တွယ်တာတယ်, နှစ်သက်တယ်, မစွန့်လွှတ်နိုင်ဘူး၊ ဒီစကားတွေဟာ လောဘရဲ့ အဓိပ္ပါယ်ချည်းပဲ။ လောဘကို ပါဠိလို ဘယ်လိုခေါ်သေးသလဲဆိုတော့ "တဏှာ"လို့လဲခေါ်သေးတယ်။

အဘိဓမ္မာမှာက တဏှာလို့လဲ ထင်ရှားတယ်။ မြန်မာစကားမှာ တဏှာကျတော့ တစ်မျိုးဖြစ်သွားတယ်။ မြန်မာစကားမှာ တဏှာကြီးတယ်ဆိုတာ လောဘတွင်မကတော့ဘူး၊ တဏှာဆိုရင် မြန်မာက တစ်မျိုးနားလည်သွားတယ်။ ဒါကြောင့် အဘိဓမ္မာသင်တဲ့အခါကျတော့ တဏှာခြောက်မျိုးသင်ရတယ်။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ။ (သင်တန်းသားများကို သုံးကြိမ်ဆိုခိုင်းသည်။) အဲဒီတော့ အဘိဓမ္မာကတော့ တဏှာဟာ အင်မတန်ရှင်းတယ်။ လောဘအတိုင်းပဲ။

**လောဘ ၆–မျိုး။** ။ အဆင်းအမျိုးမျိုး တွယ်တာတာ, နှစ်သက်တာ ရူပတဏှာ။

- အသံကောင်းကောင်းလေးတွေကို တွယ်တာတာ, နှစ်သက်တာ သဒ္ဒတဏှာ။
- အနံ့အမွှေးအကြိုင် အမျိုးမျိုးကို တွယ်တာတာ, နှစ်သက်တာ ဂန္ဓတဏှာ။

- အရသာအမျိုးမျိုးကို တွယ်တာတာ, နှစ်သက်တာ ရသတဏှာ။
- အတွေ့အထိ အမျိုးမျိုးကို တွယ်တာတာ, နှစ်သက်တာ ဖောဋ္ဌဗ္ဗတဏှာ။
- သဘောတရားတွေကို တွယ်တာတာ, နှစ်သက်တာ ဓမ္မတဏှာ။

အဲဒီတော့ လူမှန်ရင် အဲဒီခြောက်မျိုးဟာ ရှိတာပဲ။ အဲဒီတော့ လူတိုင်းကို တဏှာကြီးတယ်လို့ ခေါ်မလား။ ပုထုဇဉ်လူသားတိုင်းမှာ ဒီတဏှာ ခြောက်မျိုးဟာ ရှိနေတာပဲ၊ တကယ့်ဝိပဿနာတရားထိုင်ကြတဲ့အခါ ရဟန္တာလုပ်ငန်းကျမှ ဒီတဏှာတွေကို ပယ်လို့ရဟာယ်။

အဲဒီတော့ မြန်မာစကားမှာ တဏှာဆိုရင် တစ်မျိုးနားလည်သွားတယ်။ အဘိဓမ္မာမှာ တဏှာဆိုတာ လောဘနဲ့အတူတူပဲ။ ဘာမှ မထူးဘူး။

တစ်ခါ "ရာဂ"ကျတော့လဲ မြန်မာစကားက တစ်မျိုးဖြစ်သွားပြန်တယ်။ ဒါကြောင့်မို့လို့ ပါဠိကို မြန်မာယူသုံးတဲ့အခါကျတော့ ဒီ မြန်မာအဘိဓာန်မှာ တဏှာကို လောဘလို့ သွားပြန်ရင် မှားသွားမယ်။ ခုကလေးတွေ နားလည်တဲ့အတိုင်း တဏှာကြီးတဲ့အဓိပ္ပါယ်ကို သွားပြန်မှ မြန်မာအဘိဓာန်ကတော့ မှန်တယ်၊ ရာဂဆိုတာလဲ အဘိဓမ္မာမှာ လောဘနဲ့အတူတူပဲ။ မြန်မာစကားနဲ့ကျတော့ ရာဂကြီးတယ်ဆိုရင် ရာဂနဲ့ တဏှာနဲ့ အဓိပ္ပါယ်ချင်းအတူတူပဲ။ မြန်မာအဘိဓာန်ကို ဖွင့်တော့မယ်ဆိုရင် ရာဂနဲ့ တဏှာဟာ အဓိပ္ပါယ်ချင်းအတူတူပဲ။ လောဘနဲ့ မတူတော့ဘူး။ အဘိဓမ္မာနဲ့ ပြောတဲ့အခါကျတော့ ရာဂနဲ့ တဏှာဟာ လောဘနဲ့ အတူတူပဲ။

**လောဘ ၃–မျိုး** ဓမ္မစကြာမှ တဏှာ ဘယ်နှစ်မျိုးလာသလဲ(သင်တန်းသားများဖြေ။) ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ–လို့ ဒီလိုသာလာတယ်။ ရာဂနဲ့ကျတော့ ဒီလိုမလာဘူး၊ ကာမရာဂ၊

ရူပရာဂ၊ အရူပရာဂ။ **ကာမရာဂ**ဆိုတာက ဒီ ကာမတစ်ဆယ့်တစ်ဘုံမှာ တွယ်တာတဲ့ လောဘကို ကာမရာဂလို့ခေါ်တယ်။ ရူပရာဆိုတာက ရူပ ဗြဟ္မာ့ဘုံတွေကို တွယ်တာတဲ့ တဏှာကို ရူပရာဂလို့ခေါ်တယ်။ အရူပရာဂ ဆိုတာက အရူပလေးဘုံကို တွယ်တာတဲ့တဏှာကို အရူပရာဂလို့ခေါ်တယ်။ အဲဒီတော့ ရာဂလို့ခေါ်တဲ့ အခါကျတော့ ကာမရာဂ, ရူပရာဂ, အရူပရာဂ- ရယ်လို့ သုံးမျိုးခွဲတယ်။ တဏှာလို့ သုံးတဲ့အခါကျတော့ တဏှာဟာ ခြောက်မျိုးလဲလာတယ်။ ဓမ္မစကြာကျတော့ ဘယ်လို့လာတုံး၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ-သုံးမျိုးလာတယ်။ ဒါလောဘချည်းပဲ။ ကာမ တဏှာဆိုတာလဲ လောဘပဲ။ ဘဝတဏှာဆိုတာလဲ လောဘပဲ။ ဝိဘဝတဏှာ ဆိုတာလဲ လောဘပဲ။

ဒါကြောင့်မို့လို့ ဒီ ဗုဒ္ဓဘာသာကျမ်းဂန်တွေကို အဘိဓမ္မာသင်တန်း မတက်ဘဲနဲ့ ဖတ်လို့ ဘယ်သူမှနားမလည်ဘူး။ အဘိဓမ္မာသင်တန်းတက်တဲ့ အခါကျတော့ ကာမတဏှာဆိုတာလဲပဲ လောဘစေတသိက်ပဲ၊ ဘဝတဏှာ ဆိုတာလဲ လောဘစေတသိက်ပဲ၊ ဝိဘဝတဏှာဆိုတာလဲ လောဘစေတသိက် ပဲ။ လောဘက ဘယ်လိုခွဲသွားသတုံး၊ **ကာမတဏှာ**ဆိုတာက ကာမဂုဏ် တရားငါးပါးကို တွယ်တာတတ်, နှစ်သက်တတ်တဲ့လောဘကို ကာမတဏှာ လို့ခေါ်တယ်။ **ဘဝတဏှာ**ဆိုတာ ရူပဘုံ အရူပဘုံဆိုတဲ့ ဗြဟ္မာ့ဘုံတွေကို ရောက်ချင်တဲ့, တွယ်တာတဲ့ လောဘကို ဘဝတဏှာလို့ ခေါ်တယ်။

**ဝိဘဝတဏှာ**ဆိုတာက ဘယ်လိုတဏှာကိုခေါ်တာတုံး။ ဘဝပြတ် ချင်တဲ့ လောဘပဲ ။ ခုခေတ် တချို့တလေ ဗုဒ္ဓဘာသာတွေမှာ ဘဝကိုပြတ် အောင် လုပ်နေတဲ့လူတွေ မရှိဘူးလား။ သံသရာရှည်ပါတယ်၊ သံသရာပြတ် သွားမှ ဘဝပြတ်သွားမှာပဲ။ ဘဝတွေကုန်ဆုံးသွားမှပဲ နိဗ္ဗာန်ရမယ်ဆိုပြီး တော့ ဒီလိုလုပ်တဲ့လူတွေဟာ ဝိဘဝတဏှာထဲ ရောက်မနေဘူးလား။

ဒီ ဝိဘဝတဏှာဟာ ဘာသာပြန်ရတာ နည်းနည်းခက်တယ်။ ဗုဒ္ဓ ဘာသာမှာ မဇ္ဈိမပဋိပဒါ ဆိုတာ ဒီ ဘဝတဏှာနဲ့ ဝိဘဝတဏှာမှ လွတ်ဖို့

အရေးကြီးတယ်။ ဝိဘဝတဏှာဟာ ဒီဘဝပြတ်သွားမှ ဒီသံသရာဝဋ်ဆင်းရဲမှ လွတ်မယ်ဆိုတဲ့ ဘဝကိုပြတ်ချင်နေတဲ့ လောဘကို ဝိဘဝတဏှာခေါ်တယ်။

နိဗ္ဗာန်ဆိုတာက ဘဝပြတ်ချင်နေရင် ရတာမဟုတ်ဘူး။ ဒီသံသရာဘဝကြီးထဲမှာ ပျော်မွေ့နေရင်လဲ ရတာမဟုတ်ဘူး။ သံသရာဘဝကြီးကို ပြတ်ချင်နေတာဟာ ဝိဘဝတဏှာခေါ်တယ်။ ဒါတွေ နောက်ကျတော့ တဖြည်းဖြည်းရှင်းလာမယ်။ ဒါကတော့ လောဘစေတသိက်ပြောရင်း တဏှာကို ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ-လို့သုံးရင် ဒီလိုသုံးတယ်။ ရာဂလို့သုံးရင် ကာမရာဂ, ရူပရာဂ, အရူပရာဂ၊ ဒီလိုသုံးမျိုး သုံးတယ်။ တဏှာကို ခြောက်မျိုးလဲသုံးတယ်။ အဲဒီလို လောဘစေတသိက်ရဲ့ ပရိယာယ်တွေက အဘိဓမ္မာမှာ အများကြီးရှိတယ်။ လူအများသုံးနေကြတာကတော့ လောဘရယ်, တဏှာရယ်, ရာဂရယ်၊ ဒါ အဘိဓမ္မာမှာ အများဆုံး သုံးနေတယ်။

လောဘအုပ်စုကို နောက်အပတ်မှ ဆက်ပြမယ်။

သာဓု ခေါ်ကြပါ။

* * * * *

# ပို့ချချက် (၃)

(၁၃၊ ၅၊ ၇၉)

## လောဘအုပ်စုဝင် စေတသိက်အဆက်

လောဘအုပ်စု၌သာ ပါဝင်တဲ့စေတသိက်ထဲမှာ မနေ့က လောဘကို ပြောပြီးသားဖြစ်တယ်။ လောဘဆိုတာကတော့ မြန်မာစကားဖြစ်နေတော့ ပါဠိကို ဘာသာပြန်တာတောင်မှ နားမလည်အောင်ဖြစ်နေတယ်။ လောဘဆိုလို့ရှိရင် မြန်မာကနားလည်တယ်။ အဲဒီတော့ လောဘကို အဘိဓမ္မာမှာက တဏှာလို့လဲခေါ်တယ်၊ တဏှာဆိုတော့ မြန်မာစကားဖြစ်နေပေတော့ တဏှာကျတော့ ခွကျနေပြန်ရော၊ တစ်ခါ ပါဠိလို ရာဂ–လို့လဲ လောဘကို ခေါ်တယ်။ မြန်မာစကားက ရာဂ–ကိုတစ်မျိုးခေါ်နေပြန်တော့ မြန်မာနားမှာ တစ်မျိုး နားလည်နေတယ်။ အဘိဓမ္မာကတော့ လောဘရယ်၊ တဏှာရယ်၊ ရာဂရယ် အတူတူပဲ။ သို့သော် မြန်မာမှာက လောဘလို့ဆိုရင်တစ်မျိုး နားလည်တယ်။ တဏှာဆိုရင် တစ်မျိုးနားလည်တယ်။ ရာဂ–ဆိုရင် တစ်မျိုး နားလည်တယ်။ အဲဒီတော့ မြန်မာအဘိဓာန်ရေးတာနဲ့ ပါဠိအဘိဓာန်နဲ့ မတူဘူး၊ အဲဒါကြောင့်မို့လို့ အဘိဓမ္မာသင်တန်းမှာ စကားလုံးတွေက ခက်နေတယ်။

**လုပ်ကြံတာ အဘိဇ္ဈာ** တစ်ခါ လောဘကို အဘိဇ္ဈာလို့လဲ ခေါ်သေးတယ်၊ ရှေးမြန်မာတွေပေါ့လေ။ အခုခေတ်ကလေးတွေရော ဒါ သုံးတယ်နဲ့ တူပါတယ်၊ အဘိဇ္ဈာဆိုတာ ကြားဖူးကြရဲ့လား၊ အဘိဇ္ဈာဆိုတာက အဘိဓမ္မာတက်လို့ ကြားဖူးတာကို မေးတာမဟုတ်ဘူးနော်။ အရပ်ထဲမှာ အဘိဇ္ဈာဆိုတာ ဘာကိုပြောတာတုံး။ မနာလို ဝန်တိုတယ်တဲ့။ အဲဒီတော့ မြန်မာစကားမှာ အဘိဇ္ဈာဆိုတော့ တစ်မျိုးဖြစ်သွားပြန်တယ်။ မနာလိုဝန်တိုတာကို မြန်မာစကားမှာ တစ်မျိုးပြောနေတယ်။ အဘိဓမ္မာမှာ အဘိဇ္ဈာဆိုတာက လောဘကိုပဲခေါ်တာပဲ။ အဘိဇ္ဈာရဲ့ စေတသိက်ကို အရကောက်မယ်ဆိုရင် လောဘကို အဘိဇ္ဈာခေါ်တာပဲ။ ခုန မနာလိုတယ်

ဆိုတာက အဘိဓမ္မာစကားလုံးနဲ့ဆိုရင် မနာလိုတာက ဘာတုံး၊ သင်တန်းတက်ဖူးတဲ့လူတွေ သိတယ်။ ဣဿာ=သူတစ်ပါးကို မနာလိုတာ၊ သူတစ်ပါးရာထူးရတာကို မနာလိုတာ၊ သူတစ်ပါးချမ်းသာတာကို မနာလိုတာ။ အဲဒီမနာလိုတာက အဘိဓမ္မာမှာက **ဣဿာ**။ အခု အဘိဇ္ဈာကို လူတွေ နားလည်နေတာက မနာလိုတယ်လို့ နားလည်နေတယ်။ မြန်မာနားလည်လို့ မြန်မာစကား ဖြစ်နေတာကတော့ မှားတယ်လို့ မပြောနိုင်ဘူးပေါ့၊ သို့သော် အဘိဓမ္မာနဲ့ ကြည့်တော့ အဘိဇ္ဈာဆိုတာဟာ သူတစ်ပါး စည်းစိမ်ချမ်းသာကို လုပ်ကြံတာကိုသာ "အဘိဇ္ဈာ"လို့ ခေါ်တာ။

ရှေးက ရိုးရိုးဘာသာပြန်တာကတော့ အဘိဇ္ဈာကို သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံတယ်တဲ့။ သဒ္ဒါကို လိုက်ပြီး ပြန်တာ၊ ဒါ မြန်မာနားမလည်ဘူး။ မြန်မာနားလည်တာကတော့ သူတစ်ပါးစည်းစိမ်ကို လုပ်ကြံတယ်၊ ဒါ အဘိဇ္ဈာ။ သူတပါးစည်းစိမ်ကို လုပ်ကြံတာ ဘာတုံး။ လောဘပဲ။ အဓိပ္ပါယ်တစ်ခု-အစိုးရအဖွဲ့တစ်ခုမှာ ရာထူးကြီးကြီးတွေကို ကိုယ်လိုချင်တာနဲ့ ကိုယ်ရဖို့ရာ လုပ်ကြံတာကို ဒါ အဘိဇ္ဈာခေါ်တယ်။ သူတစ်ပါးချမ်းသာနေတယ်၊ အဲဒီချမ်းသာနေတဲ့ လူတွေ့ရဲစည်းစိမ် ကိုယ်ရအောင်ကြံတယ်၊ မတရားနည်းဖြင့် ကြံတယ်။ အဲဒီလို ကြံစည်တဲ့အမှုမျိုးကို အဘိဇ္ဈာခေါ်တယ်။ အခုခေတ်စကားနဲ့ ပြောမယ်ဆိုရင် ဒါ လုပ်ကြံမှုပေါ့၊ အဘိဇ္ဈာဟာ လုပ်ကြံမှုပဲ။ အဲဒီတော့ သူတစ်ပါးစည်းစိမ်ချမ်းသာဥစ္စာကို ဘာလို့ လုပ်ကြံတာလဲဆိုရင် လိုချင်လို့ပေါ့၊ တချို့တလေကတော့ သူတစ်ပါးပစ္စည်းကို လိုချင်တာကို အဘိဇ္ဈာခေါ်တယ်တဲ့။ လိုချင်ရုံနဲ့တော့ အဘိဇ္ဈာမဟုတ်ဘူး၊ ဥပမာ-သူများတကာ မော်တော်ကားကြီး စီးသွားတော့ ဟာ ဒီမော်တော်ကားကြီးရရင်တော့ ကောင်းမှာပဲလို့ ဒါလောက်ကလေးနဲ့ အဘိဇ္ဈာမဟုတ်ပါဘူး၊ ဒီမော်တော်ကားကို ရရာရကြောင်း လုပ်ကြံမှသာလျှင် အဘိဇ္ဈာဖြစ်ပါတယ်။ သူများတိုက်ကြီးနဲ့နေတာယ်၊ ငါဒီလိုတိုက်ကြီးနဲ့ နေရရင် ကောင်းမှာပဲလို့ လိုချင်တာကတော့ ဒါ အဘိဇ္ဈာမဟုတ်ဘူး၊ ဒီလူ ဒီတိုက်ပေါ်က ဆင်းသွားရအောင် ဒီတိုက်ကိုရအောင် လုပ်ကြံတာကို အဘိဇ္ဈာခေါ်

တယ်။ ဒါကြောင့်မို့လို့ အဘိဇ္ဈာဟာ လိုချင်လို့ လုပ်ကြံတဲ့အမှုမျိုးကိုသာ အဘိဇ္ဈာ ခေါ်တယ်။ အဘိဓမ္မာက အဘိဇ္ဈာကို ဘာသာပြန်ရတာ မလွယ်ဘူး။ အဲဒီတော့ လောဘပေတဲ့ ဒီဂရီအမျိုးမျိုးရှိတာပေါ့။ သာမညလိုချင်တာလဲ လောဘတော့ လောဘပဲ၊ သို့သော် လိုချင်နေရုံတွင် မကဘူး၊ မရ-ရအောင် လုပ်ကြံတဲ့အခါကျတော့မှ အဘိဇ္ဈာဖြစ်လာတယ်။

ဒါကြောင့်မို့လို့ လောဘဟာ အကုသိုလ်စေတသိက်ပဲ။ အကုသိုလ်စေတသိက်ပေတဲ့ လူတွေမှာ ရှိသင့်ရှိထိုက်တဲ့ လောဘ၊ တကယ်မရှိသင့်တဲ့လောဘ။ အဲဒီလို လူတွေကျတော့ လောဘကိုခွဲရတယ်။ နောက်ကျတော့ ရှင်းပြမယ်။ လောဘကတော့ ဒါလောက်နဲ့ တော်ကြစို့။

* * * * *

**ဒိဋ္ဌိစေတသိက်** လောဘပြီးတော့ ဒိဋ္ဌိစေတသိက်။ လောဘအုပ်စုမှာ ဒိဋ္ဌိစေတသိက်ကလဲ ပါတာပဲ။ လောဘဟာ သူတစ်ခုတည်းဖြစ်တာ မဟုတ်ဘူး။ လောဘဖြစ်တယ်ဆိုလို့ရှိရင်လဲ ဒိဋ္ဌိကလဲ ပါရတာကိုး။ အဲဒီတော့ ဒိဋ္ဌိကို မြန်မာက နားလည်နေတာကဆိုလို့ရှိရင် အယူမှားမှုကို ဒိဋ္ဌိပဲ။ အမြင်မှားမှုကို ဒိဋ္ဌိပဲ။ အမှန်ကတော့ ဒိဋ္ဌိဆိုတဲ့ ပါဠိရိုးရိုးကတော့ အမြင် သာမညပဲ။ အယူမှာကလဲ မှန်တဲ့အယူ, မှားတဲ့အယူ၊ ဒီလိုရှိတာကိုး။ အမြင်ကလဲ မှန်တဲ့အမြင်, မှားတဲ့အမြင်၊ ဒီလိုနှစ်မျိုးရှိတာကိုး။ အကုသိုလ်စေတသိက်မှာ ဒိဋ္ဌိလို့ သာမညလာပေမဲ့ ဒိဋ္ဌိဆိုတာဟာ ဒီနေရာမှာ မိစ္ဆာ ဒိဋ္ဌိ=မှားတဲ့ အယူကိုခေါ်တယ်။ မှန်တဲ့အမြင်, ကောင်းတဲ့အမြင်အယူမှန်ကို သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ အဘိဓမ္မာသင်တန်းက အစမို့လို့ နဲနဲရှင်းပြနေတာပါ။ နောက်ကျတော့ သိလာပါလိမ့်မယ်။

အဲဒီတော့ ဒိဋ္ဌိဟာ သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိလို့ နှစ်မျိုးရှိတယ်။ မိစ္ဆာဒိဋ္ဌိကျမှ တကယ်က အယူမှားမှု, အမြင်မှားမှု၊ ဒီလို ဘာသာပြန်ရတာကိုး။ သမ္မာဒိဋ္ဌိကျတော့ မှန်သောအယူ, မှန်သောအမြင်၊ ဒီလိုပြန်ရမှာ။ သို့ပေတဲ့ အကုသိုလ်စေတသိက်မှာ မိစ္ဆာတွေဘာတွေမတပ်ဘဲနဲ့ ဒိဋ္ဌိဆိုပြီး သာမညပဲလာတယ်။ ဒါပေမဲ့ အကုသိုလ် စေတသိက်ထဲမှာပါတဲ့အတွက် ဒိဋ္ဌိလို့

သာမညပါပေမဲ့ အယူမှားမှု၊ အမြင်မှားမှု–သိအောင်ပြန်တယ်။ ဒီ ဒိဋ္ဌိ စေတသိက်က နည်းနည်းကျယ်ဝန်းတယ်။ ဒီ ဒိဋ္ဌိရဲ့ အဓိပ္ပါယ်ကို စာအုပ် ရေးမယ်ဆိုရင် စာအုပ်ကြီးတစ်အုပ်လောက် ရေးရမယ်။ ဒီသင်တန်းမှာ ဒိဋ္ဌိကို ဒီလောက်ကြီး မလိုပါဘူး။ အယူဝါဒရေးရာအားဖြင့် အခြေခံရအောင် ဆိုရင် ဒါလောက်ကြီး မလိုပါဘူး။

အဲဒီတော့ ဒိဋ္ဌိက ၆၂–ပါးတောင်ရှိတယ်။ သုတ္တန်မှာဟောထား တဲ့ ဒိဋ္ဌိပေါင်း အယူဝါဒအမျိုးအစားပေါင်း ၆၂–ပါးတောင်ရှိတယ်။ ဒိဋ္ဌိ ၆၂–ပါးစလုံး သင်နေမယ်ဆိုလို့ရှိရင် ဒီသင်တန်းအစကနေပြီးတော့ ဆုံး တဲ့ထိအောင် ဒိဋ္ဌိတစ်လုံးနဲ့ပဲပြီးသွားမယ်။ အဲဒီတော့ ၆၂–ပါးစလုံး သင်လို့ တော့ မဖြစ်ဘူး။ အရေးကြီးတဲ့ ဒိဋ္ဌိကိုတော့ သင်မှာပဲ။ ဒိဋ္ဌိဆိုတိုင်း ၆၂– ပါးလုံး သိပ်ဆိုးတဲ့ ဒိဋ္ဌိမဟုတ်ပါဘူး။ သိပ်ဆိုးတဲ့ ဒိဋ္ဌိက သုံးမျိုးပဲရှိတယ်။ သိပ်ဆိုးတဲ့ဒိဋ္ဌိက (၁)နတ္ထိကဒိဋ္ဌိ၊ (၂)အဟေတုကဒိဋ္ဌိ၊ (၃)အကိရိယဒိဋ္ဌိ၊ သုံးမျိုးပဲရှိတယ်။ ဒီ ဒိဋ္ဌိသုံးမျိုးကတော့ အဆိုးဆုံးပဲ၊ နတ္ထိကဒိဋ္ဌိရော၊ အဟေတုကဒိဋ္ဌိရော၊ အကိရိယဒိဋ္ဌိရော။ ကဲဆိုကြစမ်းပါ (သင်တန်းသား များအား သုံးခေါက်ဆိုခိုင်းသည်။) စကားလုံးတွေက ပါဠိစကာလုံးတွေဆိုတော့ ကျဉ်းတာပေါ့။ ကျဉ်းတော့ နတ္ထိက ဒိဋ္ဌိလို့ ပါဠိလို့ ခေါ်လိုက်ရတာက ရှင်းတယ်။ အဟေတုကဒိဋ္ဌိလို့ခေါ်လိုက်ရတာက ရှင်းတယ်။ အကိရိယဒိဋ္ဌိ လို့ ခေါ်လိုက်ရတာက ရှင်းတယ်။ ဘာသာတစ်ခုကို ဘာသာတစ်ခုက ပြန်တဲ့ အခါကျတော့ အံဝင်ခွင်ကျအောင် ပြန်ရတာက တော်တော်ခက်တယ်။

**နတ္ထိကဒိဋ္ဌိ**

အဲဒီတော့ နတ္ထိကဒိဋ္ဌိဆိုတာက ဘယ်လို ဒိဋ္ဌိမျိုးတုံး။ နတ္ထိကဒိဋ္ဌိဆိုတာက နတ္ထိ–ဆိုတာက မရှိတာ။ ကုသိုလ် လုပ်လုပ် အကုသိုလ် လုပ်လုပ် အကျိုးမရှိဘူးလို့ ဒီလိုယူဆတဲ့ အယူမျိုးကို နတ္ထိကဒိဋ္ဌိလိုခေါ်တယ်။ သူက အကျိုး ပစ်ပယ်တာကိုး။ အခုလူတွေ ဒါန လုပ်တယ်၊ ကျောင်းဆောက်တယ်၊ ဘုရားတည်တယ်၊ ဒီကုသိုလ်တွေ၊ ဒါန တွေ၊ ကောင်းတာတွေလုပ်ပေတဲ့ အဲဒီကုသိုလ်ဆိုတဲ့အကျိုးဟာ ဒီဘဝမှာလဲ မခံစားရပါဘူး။ နောက်ဘဝမှာလဲ မခံစားရပါဘူး။ သူတို့က နောက်ဘဝကိုလဲ

မရှိဘူးလို့ ယူဆတယ်။ ဒီဘဝမှာ ကုသိုလ်တွေ လုပ်ပေမဲ့လို့ ကောင်းကျိုးကို ခံစား ရမယ်ဆိုတာလဲ ဟုတ်ကိုမဟုတ်ဘူး။ ဒါဘုန်းကြီးတွေ, ပညာရှိတွေ သူတို့ အကျိုးအတွက် ရေးချင်ရာရေး ဟောချင်ရာဟောနေတာတဲ့။ "ဒီ ဒိဋ္ဌိကတော့ သိပ်ဆိုးသွားတယ်၊ ကောင်းတာတွေ လုပ်လဲအကျိုးမရှိဘူး၊ မကောင်း တာတွေလုပ်လဲ အပြစ်မရှိဘူး။ အကုသိုလ်တွေ လုပ်ချင်တိုင်းလုပ်၊ သူများအသက် သတ်ချင်တိုင်းသတ်၊ သူ့ပစ္စည်းကို ခိုးချင်တိုင်းခိုး၊ မကောင်း တဲ့ ဒုစရိုက်တွေ ဘာဘဲလုပ်လုပ် ဒီဘဝမှာ ချမ်းသာတာပဲ။ မကောင်းတာ တွေလုပ်လို့ ဆင်းရဲတယ်ဆိုတာ ဟုတ်ကိုမဟုတ်ဘူး။ ဘယ်သူတွေကတော့ မကောင်းတာတွေလုပ်ပြီး ချမ်းသာနေတာပဲ"လို့ လက်ညှိုးထိုးပြနေတဲ့လူ တွေ ရှိသေးတယ်။

နောက်ဘဝ ငရဲကျမယ်ဆိုတာကတော့ သူတို့က နောက်ဘဝ မရှိတဲ့လူတွေဆိုတော့ ပြောစရာကို မလိုတော့ဘူး။ နောက်ဘဝဆိုတာလဲ မရှိဘူး၊ နောက်ဘဝမှာ ဒါတွေ ခံရမယ်ဆိုတာလဲ ခြောက်လှန့်ပြောတာ၊ နောက်ဘဝသိတဲ့လူ ဘယ်နှစ်ယောက်ရှိလို့တုံး၊ ဒီလိုလာတာကိုး။ လူကြိုက် တော့ များတယ်နော်။ လူငယ် လူရွယ်တွေဆိုတာက အပေါင်းအသင်း သိပ်အရေးကြီးတာကိုး။ အဲဒီလို မကောင်းတာတွေ လုပ်ရမယ်ဆိုလို့ရှိရင် နည်းနည်းတော့ စမ်းကြည့်ချင်ကြတာပဲ။

ဒီ နတ္ထိကဒိဋ္ဌိ အယူဝါဒမှာ အဖေတွေလဲ ဘာမှ ကျေးဇူးတွေ ဘာ တွေ ဆပ်ဖို့မလိုဘူး။ သူတို့ဟာသူတို့ မင်္ဂလာဆောင်ပြီး သူတို့ဟာသူတို့ ယူချင်လို့မွေးလာတာ။ ကျေးဇူးဘာမှမရှိဘူး။ အမေဆိုတာလဲ အမေ့ကျေးဇူး ရှိတယ်ဆိုတာ အလကားပြောတာ၊ အမေဆိုတာလဲ သူ့ဘာသာသူ မင်္ဂလာ ဆောင်လို့ မွေးလာတာ။ အဲဒီတော့ အမေ့ကျေးဇူးဆိုတာလဲ ဘာမှမရှိဘူး။ ဒီလိုလာတာကိုး။ အမေ့ကျေးဇူးဆပ်စရာမလို၊ အဖေ့ကျေးဇူးဆပ်စရာမလို၊ နောက်ဘဝတွေလဲ မရှိဘူး။

အမှန်ကတော့ ဒီ မိစ္ဆာဒိဋ္ဌိရဲ့ အယူက ၁၀-မျိုးတောင်ရှိတာကိုး။ ၁၀-မျိုးလုံး သင်မနေပါနဲ့တော့၊ ချုံးလိုက်ရင် ကောင်းတာလုပ်လဲ အကျိုး

မရှိဘူး၊ မကောင်းတာလုပ်လဲ အပြစ်မရှိဘူး၊ အဲဒါ နတ္ထိကဒိဋ္ဌိပဲ။ ရိုးရိုး မှတ်ထားလို့ရပါတယ်။ အဲဒီ ဒိဋ္ဌိက သိပ်ဆိုးတယ်။ အဲဒီလို အယူဝါဒတွေကို လူတွေကို ဖြန့်ပေးမယ်ဆိုလို့ရှိရင် လူ့လောကကြီး ပျက်စီးသွားစေချင်ရင် အလွယ်ကလေးပဲ။ လူ့လောကကြီးကို ကောင်းအောင်ပြုပြင်ပေး ဖို့ အယူဝါဒက သိပ်ခဲယဉ်းတာ။ သင်တန်းတွေလုပ် ဘာတွေလုပ် လူ့ကောင်းစားရေးလုပ်ရတာကတော့ သိပ်ခဲယဉ်းတယ်၊ အဖျက်လုပ်ငန်းကတော့ သိပ်လွယ်တာပဲ။ ဒီလို နတ္ထိကဒိဋ္ဌိ အယူဝါဒတွေကို သင်တန်းပေးလိုက်မယ်ဆိုလို့ရှိရင် သင်တန်းတက်မဲ့ လူငယ်တွေ အများကြီးပေါ်လာမှာပဲ။ တိုင်းပြည်လဲ ခဏကလေးနဲ့ ပျက်သွားမှာပဲ၊ သူတို့ကို ဘယ်လို အစိုးရမျိုးမှလဲ အုပ်ချုပ်လို့ရမှာမဟုတ်ဘူး။

အပြောကောင်းကောင်း အဟောကောင်းကောင်း အရေးကောင်းကောင်းနဲ့သာ ဖြန့်ပေးလိုက်လို့ရှိရင် ဒီ နတ္ထိကဒိဋ္ဌိဟာ သိပ်ပြန့်လွယ်တာပဲ။ ခုပဲ တော်တော်ပြန့်နေပြီ။ အဲဒီဝါဒမျိုးကတော့ လူ့လောကကြီးကို ပျက်စီးသွားစေနိုင်တဲ့ အဖျက်ဝါဒသက်သက်မျိုးမို့လို့ နတ္ထိကဒိဋ္ဌိလို့ခေါ်တယ်။ ဘုရားလက်ထက်ကတည်းက ဒီဝါဒတွေရှိနေတာပဲ။ ဒိဋ္ဌိကြီးခြောက်ယောက်ဆိုတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီနတ္ထိကဒိဋ္ဌိပါတာပဲ။ အဲဒီတော့ နတ္ထိကဒိဋ္ဌိက အကျိုးကို ပယ်တာပဲ၊

**အဟေတုက ဒိဋ္ဌိ** အဟေတုကဒိဋ္ဌိက အကြောင်းကို ပယ်တာပဲ။ လူဖြစ်လာရတဲ့အကြောင်းဟာ ဘာသာရေးတရားတွေမှာ အများကြီးရှိတယ်။ ဗုဒ္ဓဘာသာတွေမှာ လူဖြစ်လာရတဲ့ အကြောင်းဟာ အတိတ်အကြောင်းပေါ့၊ အတိတ်ကကုသိုလ်ကြောင့် ဖြစ်လာရတယ်လို့ ဗုဒ္ဓဘာသာကပြောတာ။ အဟေတုကဒိဋ္ဌိဆိုတာက လူဖြစ်လာတာဟာ အတိတ်က ကုသိုလ်ကံကြောင့် ဖြစ်လာတာမဟုတ်ဘူး၊ အတိတ်အကြောင်း ဘာအကြောင်းမှ မရှိဘူး၊ သူတို့ဟာ အတိတ်ဘဝမှမရှိတဲ့ လူတွေပဲ။ အတိတ်ဘဝမရှိတဲ့ လူတွေဆိုတော့ လူဖြစ်လာတာကို သူတို့ဉာဏ်က ဘယ်လောက်မြင်သလဲဆိုတော့ လူဖြစ်လာတာဟာ အဖေနဲ့ အမေ မင်္ဂလာဆောင်တယ်ဆိုလို့

ရှိရင် လူဟာ ဖြစ်လာတာပဲ။ ဒါလောက်ပဲ သူတို့ကသိတာ။ အတိတ်က ကုသိုလ်ကံတွေ ဘာတွေ ဘာမှမဟုတ်ဘူးလို့ ဒီလိုယူဆတာ။

အဟေတုကဒိဋ္ဌိ ဆိုတာက လူဖြစ်လာတာတင် မကဘူး၊ အခုဘဝမှာ ချမ်းသာတယ်၊ ချမ်းသာတာကို အခုဘာသာရေးတရားတွေက အတိတ်ဘဝက ကုသိုလ်ကံတွေလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာတယ်လို့ ဒီလို ယူဆတာကိုး။ အဟေတုကဒိဋ္ဌိသမားတွေကတော့ ချမ်းသာတယ်ဆိုတာဟာ အတိတ်ဘဝက ကုသိုလ်ကြောင့် ချမ်းသာတာမဟုတ်ဘူး၊ အခုလက်တွေ့ သူတို့က လက်တွေ့ညွှန်ပြတယ်။ ဘယ်ကောင်တွေ ဘယ်ကောင်တွေ ချမ်းသာနေတာ ဘာ့ကြောင့်ချမ်းသာနေတာ၊ အတိတ်ဘဝက ကုသိုလ်ကံ မဟုတ်ပါဘူး၊ ချမ်းသာတာလဲ အတိတ်အကြောင်းမပါဘူး။ သူတို့မှာ အတိတ်ဘဝ အနာဂတ်ဘဝမှ မရှိပဲကိုး။

ဆင်းရဲတယ် ဆင်းရဲတယ်ဆိုတဲ့ လူတွေရှိတယ်။ ဆင်းရဲတယ်ဆိုတဲ့ လူတွေ ဘာဖြစ်လို့ ဆင်းရဲနေတုံး၊ ဘယ်လိုလူတွေက သွေးစုတ်လို့၊ ဒါမှမဟုတ်ရင် ဘယ်လိုလူတွေက နှိပ်စက်လို့၊ ဘယ်လိုလူတွေက ခေါင်းပုံဖြတ်လို့ ဆင်းရဲနေတယ်၊ ဒါလောက်ပဲမြင်တယ်။ လူတွေ ဆင်းရဲတာဟာ အတိတ်ကံကြောင့် ဆင်းရဲနေတယ်ဆိုတဲ့ ဒီအကြောင်းကို ယုံကိုမယုံဘူး။ အဲဒီတော့ အတိတ်အကြောင်းကို ပယ်လိုက်တာက အဟေတုကဒိဋ္ဌိပဲ။ ချမ်းသာတာ, ဆင်းရဲတာလဲ အတိတ်အကြောင်းမဟုတ်ဘူး။ လူဖြစ်လာရတာတို့၊ ရာထူးကြီးရတာ–မရတာတို့, တန်ခိုးကြီးတာ–မကြီးတာတို့ အတိတ်အကြောင်းကြောင့်ဆိုတဲ့ အယူမျိုးကို အကုန်ပယ်လိုက်တာကိုး၊ ဒါမျိုးကို အဟေတုကဒိဋ္ဌိလို့ ခေါ်တယ်။

သိပ်တော့မကွာပါဘူး၊ နတ္ထိကဒိဋ္ဌိက အကျိုးတရားကို ပယ်လိုက်တာ။ အဟေတုကဒိဋ္ဌိက အကြောင်းတရားကို ပယ်လိုက်တာ။ အကျိုးတရားကို ပယ်လိုက်တဲ့ ပုဂ္ဂိုလ်ကလဲ အကြောင်းတရားကို ပယ်ပြီးသားဖြစ်သွားတာပဲ။ အကြောင်းတရားကို ပယ်လိုက်တဲ့ပုဂ္ဂိုလ်ဟာလဲ အကျိုးတရားကို ပယ်ရာကျသွားတာပဲ။ ဒါကြောင့်မို့လို့ အဟေတုကဒိဋ္ဌိ ဆို

တာကလဲ ဒီလောကကြီးကို အားလုံးပျက်စီးစေနိုင်တယ်။

ကောင်းတာလုပ်ရင် ချမ်းသာတယ်၊ မကောင်းတာလုပ်ရင် ဆင်းရဲတယ်လို့ လူတွေကယုံကြည်မှုရှိမှ ကောင်းအောင်လုပ်ကြမှာပေါ့။ မကောင်းတာလုပ်လဲ ချမ်းသာတာပဲလို့ ဝါဒဖြန့်ပေးရင် လူတိုင်း မကောင်းတာလုပ်ကြမှာပေါ့။ ဘယ်သူမှ ကောင်းတာမလုပ်ချင်ဘူး၊ မကောင်းတာ မလုပ်ရအောင် တော်တော်စောင့်ထိန်းပြီး နေကြရတာ။ အဲဒီတော့ လူမှုရေးအရရော ဘာသာရေးအရရော စောင့်ထိန်းပြီးနေကြတာက အားလုံးလူတွေကောင်းကျိုးချမ်းသာရအောင် စောင့်ထိန်းပြီးနေကြတာ။ အကယ်၍သာမကောင်းတာလုပ်ရင်လဲ ချမ်းသာနိုင်တာပဲလို့ လူတိုင်းလူတိုင်းမှာ ဒီလိုယုံကြည်မှုသာရှိလာရင် အားလုံးလူတွေဟာ မကောင်းတာချည်းပဲ လုပ်ကြမှာပဲ၊ ကောင်းတဲ့လူဆိုတာ ရှိမှာမဟုတ်တော့ဘူး။ အဲဒီတော့ လူတိုင်းလူတိုင်းမကောင်းတာ လုပ်လို့ရှိရင် ဒီတိုင်းပြည်တစ်ခု ဘယ့်နဲ့လုပ်ပြီး တည်ထောင်လို့ရမှာလဲ။ ခုတိုင်းပြည်တည်ဆောက်လို့ ရတယ်ဆိုတာက မကောင်းတာလုပ်တဲ့ အဖျက်သမားတွေ ရှိတော့ ရှိနေတာပဲ၊ ရှိနေပေတဲ့ ကောင်းကောင်းလုပ်နေတဲ့လူတွေက ရာခိုင်နှုန်းများနေတော့ လောကကြီးဟာ မပျက်တာ။

**ဥပမာတစ်ခု**-ဓားပြဆိုပါတော့၊ လူတိုင်းလူတိုင်း ဓားပြတိုက်ကြမယ်ဆိုလို့ရှိရင် ချမ်းသာတဲ့လူတွေ ဘယ်လိုလုပ်နေပါ့မလဲ။ လက်နက်တွေရာပြီးတော့ တိုက်ကြမှာပဲ၊ သတ္တိဟာ လူတိုင်းရှိတာပဲ၊ မိုက်တယ်ဆိုတာအလွယ်ကလေးပဲ၊ အဲဒီတော့ ဓားပြတိုက်ကြတမ်းဆိုလို့ရှိရင် ကိုယ့်ရပ်ရွာသူကတိုက်မယ်၊ သူ့ရပ်ရွာ ကိုယ်ကသွားတိုက်မယ်၊ အပြန်အလှန် ဓားပြတိုက်ကြရင် ဘယ်ကလာ စီးပွားရေးတွေ လုပ်လို့မရလဲ၊ ဘယ်အစိုးရမျိုး, ဘယ်ဥပဒေမျိုး ဘာနဲ့မှ လုပ်လို့မရနိုင်တော့ဘူး၊ လူတွေဟာ မကောင်းတာလုပ်လို့သာ ချမ်းသာတယ်လို့ ဒီလိုယုံကြည်ချက်ရှိတဲ့ လူများစု ယုံကြည်လာရင် ဘယ်လိုမှ အုပ်ချုပ်လို့မရတော့ဘူး၊ ဒါကြောင့် အဟေတုကဒိဋ္ဌိဟာဆင်းရဲတာလဲ အတိတ်အကြောင်းမပါဘူး၊ ချမ်းသာတာလဲ အတိတ်အကြောင်း

မပါဘူး၊ အတိတ်အကြောင်းကို ပယ်တယ်၊ အဟေတုကဒိဋ္ဌိဆိုတာလဲ သိပ် ဆိုးတဲ့ ဒိဋ္ဌိပဲ။

ဒိဋ္ဌိ ၆၂–မျိုးမှာ ဒိပြင် ဒိဋ္ဌိတွေ ဒါလောက်မဆိုးပါဘူး၊ ဆရာတို့ ဗုဒ္ဓဘာသာတွေမှာလဲ သက္ကာယဒိဋ္ဌိကတော့ ရှိနေတာပဲ၊ ရှိနေပေတဲ့ နတ္ထိကဒိဋ္ဌိတော့ မရှိဘူး၊ ဗုဒ္ဓဘာသာဆိုရင် နတ္ထိကဒိဋ္ဌိတော့ မရှိဘူး၊ အဟေ–တုကဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိလဲ မရှိဘူး။ ကိုယ်မစားရက်ဘဲနဲ့ ကိုယ့်သားသမီးနဲ့ ကိုယ်အင်မတန်ချစ်တဲ့ မိတ်ဆွေတွေတောင် မပေးရက်ဘဲနဲ့ တစ်သိန်းကုန်, တစ်သောင်းကုန် ချွေးနည်းစာတွေ လှူကြတယ်ဆိုတာ ကုသိုလ်ဒါနပြုရင် အင်မတန် အကျိုးကြီးတာပဲဆိုပြီး ယုံကြည်ချက်ရှိနေလို့ လုပ်ကြတာပဲ။ နတ္ထိကဒိဋ္ဌိက ဗုဒ္ဓဘာသာမှာမရှိဘူး။ ဗုဒ္ဓဘာသာမှာ လှူတဲ့သူတွေက ငါ ဒီဘဝမှာ ချမ်းသာနေတာက ငါတော်လို့ ချမ်းသာနေတာမဟုတ်ဘူး၊ ငါ လည်လို့ ချမ်းသာနေတာမဟုတ်ဘူး။ ငါ့ညီအစ်ကို, မောင်နှမ, ဆွေမျိုးမိဘက ကောင်းကောင်းလုပ်ခဲ့ကြလို့ ကောင်းကောင်းနေခဲ့ကြလို့, အတိတ်ဘဝက ကောင်းခဲ့ကြလို့ အခုကောင်းကောင်းနေရတာ။ ဒီတော့ ငါလဲ ကောင်းကောင်း နေမှပဲ၊ ကောင်းကောင်းလုပ်မှပဲဆိုပြီးတော့ ဒီလိုကောင်းကောင်းလုပ်လို့ ကောင်းကောင်နေလို့ ချမ်းသာတာကို လက်တွေ့ ဒီဘဝမှာ တွေ့တာနဲ့ နောက်ဘဝဘဝမှာလဲ ဘယ်တော့မှ မဆင်းရဲအောင်လို့ ဆိုပြီးတော့ ကုသိုလ် ဒါနတွေ လုပ်ကြတယ်။ အဲဒီတော့ အတိတ်ဘဝကိုလဲ ယုံကြည်တယ်။ အနာဂတ်ဘဝကိုလဲ ယုံကြည်တယ်။ ကုသိုလ်ကံ အကုသိုလ်ကံကိုလဲ ယုံကြည်တယ်။ ဒါ ဗုဒ္ဓဘာသာရဲ့အခြေခံပဲ။ ဒီ ဒိဋ္ဌိကြီးနှစ်ခုကတော့ ဗုဒ္ဓဘာသာကို ဖျက်ပစ်လိုက်တာပါပဲ။

**အကိရိယဒိဋ္ဌိ** အကိရိယဒိဋ္ဌိဆိုတာက ကုသိုလ်ကံ အကုသိုလ်ကံဆိုတာကိုက မရှိဘူးတဲ့။ ဆရာက ဒါအင်မတန်ရှင်းတဲ့ နည်းတွေနဲ့ ပြောပြနေတာနော်၊ စာလိုလျှောက်ပြီးပြောနေမယ် ရေးနေမယ် ဆိုရင် အင်မတန် ဘာသာပြန်ရတာခက်တဲ့ ဒိဋ္ဌိပဲ။ ဒီ အကိရိယဒိဋ္ဌိဆိုတာက ကုသိုလ် အကုသိုလ်ကံဆိုတာကိုက မရှိဘူးလို့ ဒီလိုယူတယ်။ ဟို ဒိဋ္ဌိတွေ နဲ့ ဘယ်လိုတူး သလဲ။ နတ္ထိကဒိဋ္ဌိဆိုတာက ကုသိုလ်ကံ အကုသိုလ်ကံရဲ့

အကျိုးပေးမှု မရှိဘူးဆိုတာ နတ္ထိကဒိဋ္ဌိပဲ။

အဟေတုကဒိဋ္ဌိဆိုတာက အတိတ်ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတရားတွေကို သူက ပယ်တာ။ ဒီ အကိရိယဒိဋ္ဌိက ကံဆိုတာမျိုးကို က မရှိဘူးဆိုပြီးတော့ သူက ပယ်တာ။ အကရိယဒိဋ္ဌိက သဘောကျခဲ တယ်။ စာပေသင်တဲ့ပုဂ္ဂိုလ် စာပေဟောတဲ့ ပုဂ္ဂိုလ်တွေလဲ အကိရိယဒိဋ္ဌိကို ရှင်းအောင်ဟောပြောဖို့ မလွယ်ဘူး။ ကိုယ့်စိတ်ထဲက သိပေမဲ့ အားလုံး နားလည်အောင် ပြောဖို့မလွယ်ဘူး။ ကုသိုလ် အကုသိုလ်ကံဆိုတာ မရှိဘူး လို့ဆိုတာက အဓိပ္ပါယ်တစ်မျိုး။ အဟေတုကဒိဋ္ဌိက ကုသိုလ်ကံဆိုတာ ရှိ တယ်၊ အကုသိုလ်ကံဆိုတာရှိတယ်၊ လောကမှာ ကံကတော့ရှိတယ်၊ သို့ပေ တဲ့ သူ့က အတိတ်က ဒီဘဝမှာလိုက်ပြီး အကျိုးပေးတဲ့ အတိတ်အကြောင်း တရားကို သူကပယ်တာ။ ဒီဘဝကအကြောင်းက နောက်ဘဝမှာ အကျိုးပေး လိမ့်မယ်ဆိုတဲ့ အကြောင်းကိုပယ်တာ။ ဒီ အကိရိယဒိဋ္ဌိက အဲဒီလိုမဟုတ်ဘူး၊ ကုသိုလ်, အကုသိုလ်ကံဆိုတာကိုက မရှိဘူး။ အကုသိုလ်ကံဆိုတာ လူတွေ သက်သက်ခေါ်နေတာ၊ ကံဆိုတာ ရှိကိုမရှိဘူး။

အဓိပ္ပါယ်တစ်ခု-လူသတ်တယ်ဆိုပါတော့၊ အကိရိယဒိဋ္ဌိစကားက အဘိဓမ္မာစကားနော်၊ ဒါကြောင့်မို့ အဘိဓမ္မာသင်တန်းတက်ပြီးတော့ အစာ မကြေဘူးဆိုလို့ရှိရင် အယူဝါဒလွဲပြီး သိပ်ဆိုးသွားတတ်တယ်၊ မတက် ခင်ကထက် ပိုဆိုးသွားနိုင်တယ်။ ဒါကြောင့် အဘိဓမ္မာတက်မယ်ဆိုလို့ရှိ ရင် တစ်နှစ်တည်းမလုပ်ကြနဲ့၊ တကယ်တတ်အောင်သင်ကြပါ။ အဘိဓမ္မာ အစာမကြေရင် ဒုက္ခများတတ်တယ်။ ဒီ အကိရိယဒိဋ္ဌိဆိုတာက မမှန်ကန် မပြည့်စုံတဲ့ အဘိဓမ္မာသမားတွေပဲ၊ သူတို့က ရုပ်ပိုင်းကို လေ့လာတဲ့အခါ ကျတော့ လူမှာ ဇီဝိတရုပ်ဆိုတာရှိတယ်၊ နောက် ရုပ်ပိုင်းဆိုင်ရာ ဆရာက သင်ပေးလိမ့်မယ်။ ဒီလူရဲ့ ခန္ဓာကိုယ်ထဲက ဇီဝိတ-ရုပ်ကို ဓားနဲ့ခုတ်လို့ မထိနိုင်ဘူးတဲ့၊ ဘာဖြစ်လို့ မထိနိုင်သလဲဆိုတော့ ရုပ်၂၈-ခုထဲမှာ အာကာသ ဓာတ်ဆိုတဲ့ အကြားရှိတယ်။ သိပ္ပံဆရာတွေလဲ သိပါတယ်။ ဓားနဲ့ခုတ်လို့ ပြတ်တယ်ဆိုရင် ဘေးက ဒီပြင်ရုပ်တွေ ပြတ်သွားတာ မဟုတ်ဘူး၊ သူက အာကာသထဲကို ဝင်သွားတာပဲ။ အကြားထဲကို ဝင်သွားတာပဲ၊ အကြား

မရှိတဲ့ အရာဝတ္ထုမျိုးကို ဓားနဲ့ခုတ်လို့မရဘူး။ သေနတ်နဲ့ပစ်လဲမပေါက်ဘူး၊ သူက အာကာသရှိတဲ့ လူတစ်ယောက်ကို ဓားနဲ့ခုတ်လိုက်လို့ သေသွား တယ်ဆိုလို့ရှိယင် ဒါ အကာသထဲကို ဝင်သွားတာပဲ။ ဒါဟာ လူသတ်တာ မဟုတ်ဘူး၊ လူတစ်ယောက်ကိုသတ်လို့မရပါဘူးတဲ့၊ လူသတ်တဲ့ ပါဏာတိပါတ အကုသိုလ်ကံဆိုတာ ဖြစ်ကိုမဖြစ်ဘူးတဲ့။ သူတို့က ဒီလို ယူဆတာကိုး။ သူ များပစ္စည်း ခိုးတဲ့သူ ရှိကို မရှိဘူးတဲ့။ သူက အဘိဓမ္မာသမား။ ဘယ်လို အဘိဓမ္မာသမားတုံး၊ ငါ့ပစ္စည်းသူ့ပစ္စည်းဆိုတာ ရှိကိုမရှိဘူး၊ ပရမတ္ထ အားဖြင့် သူပိုင် ကိုယ်ပိုင်ဆိုတာ ရှိကို မရှိဘူးတဲ့။ သူတို့အဘိဓမ္မာက ဟုတ်တော့ ဟုတ်တယ်၊ သူတို့က ဒီလို ဟော ပြော ရေးနေကြတာ။ သူ့ပစ္စည်း ကိုယ့်ပစ္စည်းဆိုတာ မရှိဘူး။ သူပိုင် ကိုယ်ပိုင်ဆိုတာ မရှိဘူး။ တိုင်းပြည်တစ်ခုတည်းမှာရှိတဲ့ လူတွေ အားလုံးပိုင်တာပဲ။ ဒီလိုယူဆလိုက်တာကိုး။ တိုင်းပြည်တစ်ခုမှာ ရှိတဲ့ပစ္စည်းဟာ ဒီတိုင်းပြည်ထဲက လူတွေအားလုံး ညီတူညီမျှ ပိုင်တယ်၊ သူ့မြေ၊ ကိုယ့်မြေဆိုတာ မရှိဘူး၊ သူ့အဖေ ကိုယ့်အဖေဆိုတာ မရှိဘူး။ သူ့မယား ကိုယ့်မယားဆိုတာ မရှိဘူး။ အဘိဓမ္မာနဲ့ ကြည့်လိုက်တော့ ဘာမှ ပိုင်တယ်ဆိုင်တယ်ဆိုတာ မရှိတော့ဘူးပေါ့။ ဒီတော့ ဘယ်လို ကမ်းတက်လာသလဲ၊ သူများပစ္စည်းရယ်လို့ မရှိတော့ဘူး၊ ကိုယ့်ပစ္စည်းကို ကိုယ်ယူတာပဲတဲ့၊ တချို့တလေ မေးကြတယ်မဟုတ်လား၊ ပြည်သူပိုင်ပစ္စည်းတွေကို ယူတာ ခိုးမှုရောက်သလားတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူပိုင်ပစ္စည်းဆိုတော့ ကျွန်တော်တို့လဲ ပိုင်တယ်တဲ့၊ နည်းနည်းကြဲဆလာတယ်၊ ခေါင်းက နည်းနည်းလွှဲချော်ချင်လာတယ်။ ဒါတွေ နောက်ကျတော့ ဆရာရှင်းပြပါ့မယ်။

ဒီ ပညတ်နယ်နဲ့ ပရမတ်နယ်ဆိုတာက ပညတ်နယ်မှာဆိုရင် ပညတ်အတိုင်းယူရတာ၊ ပရမတ်နယ်ကျမှ ပရမတ်အတိုင်းယူရတာ။ ကိုယ်က ပညတ်နယ်က လူသား၊ ပရမတ်နယ်က စကားတွေချည်း သွားပြောနော့ သူများပစ္စည်း၊ ကိုယ့်ပစ္စည်း၊ ကိုယ်ပိုင်–သူပိုင်ပစ္စည်းမရှိဘူးဆိုတော့ အဒိန္နာ–ဒါနကံ ဆိုတာကိုက မရှိတော့ဘူး၊ ဒီလိုယူဆတဲ့ဝါဒကို အကရိယဒိဋ္ဌိလို့ ခေါ်တယ်။ ဒါကြောင့်မို့လို့ ဒီ အကိရိယဒိဋ္ဌိဟာ ရှင်းရှင်းကတော့ ကံကို

မရှိဘူးဆိုတဲ့ အခါကျတော့ အဟေတုက–အကြောင်းကိုလဲ ပယ်လိုက်တာ ဖြစ်သွားတာပဲ၊ အကျိုးကိုလဲ ပယ်ပြီးသား ဖြစ်သွားတာပဲ၊ အရင်းအမြစ်က စပြီး ပယ်လိုက်တာပဲ။ အဲဒါကြောင့်မို့လို့ ဒီ ဒိဋ္ဌိကြီးသုံးမျိုးက သိပ်ဆိုးတာ။ ဒီ ဒိဋ္ဌိကြီးသုံးမျိုးရဲ့ ယုံကြည်ချက်ကို မစွန့်လွှတ်ဘဲနဲ့ သေသည့်ဝိုင်အောင်ပါသွားရင် တစ်ခါတည်း အဝီစိကို ဇောက်ထိုးကျသွားမှာပဲ။ တချို့တလေ ပြောကြတယ်မဟုတ်လား၊ ဒီကောင်ကတော့ သိပ် အကုသိုလ်ကံတွေ များပါတယ်ကွာ၊ သင်္ချိုင်းကုန်းမှာ ကျင်းတူးစရာ မလိုဘူး၊ သူ့ကို မှောက်ပေးလိုက်လို့ရှိရင် သူ့ဟာသူ အဝီစိကိုယက်ဝင်သွားမယ်တဲ့၊ အဲဒီလို ပြောကြတယ်။ သူ့ဖာသာသူ အဝီစိကိုယက်ပြီး ဝင်သွားမယ်ဆိုတာ ဒီ ဒိဋ္ဌိကြီးသုံးမျိုးကို ယူတဲ့လူတွေကို ပြောတာ။ အဲဒီတော့ ဒိဋ္ဌိ ၆၂–ပါးရှိတယ်ဆိုပေမဲ့ အခု ဒိဋ္ဌိသုံးပါးကတော့ လွတ်အောင်လုပ်ရမှာပါ။ ဒါကြောင့်မို့ ဒိဋ္ဌိပေါင်း ၆၂–ပါးရှိပေမဲ့ လူငယ်လူရွယ်တွေ မှတ်သားထားရမှာကတော့ ဗုဒ္ဓဘာသာမှာ ဒီ ဒိဋ္ဌိကြီးသုံးမျိုးကတော့ လွတ်ကိုလွတ်ရမယ်။ ဒီ ဒိဋ္ဌိကြီးသုံးမျိုး မလွတ်လို့ရှိရင် ကုသိုလ်တွေ လုပ်နေပေမဲ့ လုပ်နေတဲ့ ကုသိုလ်တွေဟာ နိယတမိစ္ဆာဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိကြီးသုံးပါးရဲ့ အကျိုးပေးကို သူတို့က ဘယ်နည်းနဲ့မှ မကယ်နိုင်ဘူး၊ သေခါနီးကျတော့ ဒီ ဒိဋ္ဌိအယူအကုသိုလ်တွေက အကုန်ပြုံပြီး ဆုံလာကြမယ်။ အယူဝါဒဆိုတာက စိတ်ထဲမှာရှိတော့ ဒီအယူဝါဒတွေကို သေသည်အထိ မစွန့်လွှတ်ရင် တစ်ခါတည်း အဝီစိရောက်သွားမှာပဲ။ အဲဒါကြောင့် အခု ဒိဋ္ဌိကြီးသုံးပါးကတော့ လွတ်အောင်ကြိုးစားဖို့ လိုတယ်။ ဒီ ဒိဋ္ဌိကြီးသုံးပါးကို နားလည်ရင်ပဲ ဒီသင်တန်းတက်ရတာ တော်တော်တန်ဖိုးရှိသွားပါပြီ။

အများသိထားတဲ့ ဒိဋ္ဌိနှစ်မျိုးလည်း ရှိသေးတယ်။ သဿတဒိဋ္ဌိရယ်၊ ဥစ္ဆေဒဒိဋ္ဌိရယ် နှစ်မျိုးရှိတယ်။ သူတို့က အင်မတန်ကျယ်ဝန်းတယ်။ ဒိဋ္ဌိ ၆၂–ပါး ဖြစ်သွားတယ်ဆိုတာက သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိက နေပြီးတော့ ၆၂–ခု ဖြစ်သွားတာ။

**သဿတဒိဋ္ဌိ** သဿတဒိဋ္ဌိက ဘယ်လောက်ရှိတယ်၊ ဥစ္ဆေဒဒိဋ္ဌိက ဘယ်လောက်ရှိတယ်ဆိုပြီး မြတ်စွာဘုရားက သုတ္တန်ပါဠိတော် ဒီဃနိကာယ် ပထမဆုံး ဗြဟ္မဇာလသုတ်မှာ ဟောခဲ့တာ။ အဲဒီတော့ သဿတဒိဋ္ဌိဆိုတာ ဘယ်လိုဒိဋ္ဌိမျိုးတုံး၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဘယ်လို ဒိဋ္ဌိမျိုးတုံး။

သဿတဒိဋ္ဌိ ဆိုတာက သဿတဆိုတဲ့ ပါဠိရဲ့ လိုရင်းက မြဲတာ၊ သူ့ကို ရိုးရိုးလေးပြန်မယ်ဆိုရင် သဿတက မြဲတယ်။ ဒိဋ္ဌိက အယူ။ မြဲတဲ့ အယူ ဒါပဲ။ ဘယ်လိုမြဲတာတုံး၊ အတ္တဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းပြီးတော့ သွားနေတာပဲ။ အတ္တဟာမြဲတယ်၊ သေတယ်ဆိုတာမရှိဘူး၊ ဒီဘဝက နေပြီးတော့ နောက်ဘဝကို ပြောင်းသွားတယ်၊ တစ်ဘဝက တစ်ဘဝ အတ္တဟာ ပြောင်းပြီးတော့သွားနေတာပဲ။ သေတယ်ဆိုတာက အတ္တမှာမရှိဘူး၊ အတ္တဟာမြဲတယ်လို့ ဒီလိုယူဆတဲ့ဒိဋ္ဌိမျိုးကို သဿတဒိဋ္ဌိလို့ခေါ်တယ်။ ဒီသဿတ ဒိဋ္ဌိက သိပ်မဆိုးပါဘူး။ သဿတဒိဋ္ဌိက ဘဝရှိတယ်၊ အတ္တဟာ တစ်ဘဝနဲ့ တစ်ဘဝ ပြောင်းပြီးတော့ သွားနေတယ်လို့ ဒီလိုယူဆတော့ သူမှာ ကုသိုလ် အကုသိုလ်ရှိတယ်။ တစ်ဘဝက တစ်ဘဝကို ပြောင်းသွားတယ်လို့ ဒီလိုယူဆတော့ မကောင်းတာလုပ်လို့ရှိရင် နောက်ဘဝခံရမှာကိုး။ ကောင်းတာလုပ်လို့ရှိရင် နောက်ဘဝမှာ အကျိုးခံစားရမှာပေါ့။ အဲဒီတော့ သဿတဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်ဟာ သူက ဒီလောကရေးရာမှာကြည့်ကြည့် ဘာသာရေးမှာကြည့်ကြည့် သူဟာ ကုသိုလ်ကောင်းမှု ဒါနသီလလဲ လုပ်မယ်၊ သမထဆိုတဲ့ ဈာန်တရား တွေလဲ လုပ်မယ်။ သဿတဒိဋ္ဌိက သူလုပ်လို့ မရတာက ဝိပဿနာပဲ။ အရိယာဖြစ်အောင်တော့ သူလုပ်လို့မရဘူး။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားမပွင့်ခင်က ကမ္ဘာပေါ်မှာ အကုဋ် ကောင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ အဲဒီအယူဝါဒဟာ ဘုရား မပွင့်ခင်ကတော့ အကောင်းဆုံးဝါဒပဲ။ အကောင်းဆုံးဝါဒသမားတွေဟာ သဿတဒိဋ္ဌိပဲ။ သဿတဒိဋ္ဌိဆိုတာ ဒိဋ္ဌိလိုသာ ခေါ်တယ်၊ ဗုဒ္ဓဘာသာထဲမှာ တောင်မှ ဒီလိုယူဆတဲ့ပုဂ္ဂိုလ်တွေ ရှိတာပဲ။ ဒါကြောင့်မို့ ဗုဒ္ဓဘာသာက

အဆင့်သုံးဆင့်လောက်ရှိတာပဲ။ ဗုဒ္ဓဘာသာရဲ့ ပထမဆင့်မှာ ဆိုလို့ရှိရင် ဒီလိုယူတာဟာ သိပ်မဆိုးပါဘူး။ ဒီလိုယူလို့ နတ်ပြည်ရောက်နိုင်တယ်၊ ဗြဟ္မာ့ပြည်ရောက်နိုင်တယ်။ အဲဒီလိုရှိတော့ အကုသိုလ်ကို သူကမလုပ်ဘူး၊ ကုသိုလ်လုပ်မယ်။ ကုသိုလ်လုပ်ရင် နတ်ပြည် လူ့ပြည်ရောက်မယ်၊ ဒီထက် တတ်နိုင်ရင် ဈာန်တွေဘာတွေရအောင် အားထုတ်မယ်ဆိုရင် ဈာန်လမ်း သမာဓိလမ်းရနိုင်တယ်။ ဒါကြောင့်မို့ သဿတဒိဋ္ဌိဟာ မြတ်စွာဘုရားရဲ့ ဝိပဿနာ အရိယာလမ်းနဲ့ကြည့်ရင်သာ ဒိဋ္ဌိလို့ဆိုတာကိုး၊ အမှန်ကတော့ လောကကြီးမှာ ဒီ့ပြင် ဒိဋ္ဌိဂိုဏ်းတွေနဲ့ စာမယ်ဆိုလို့ရှိရင် သဿတဒိဋ္ဌိဟာ ဘဝရှိတယ်လို့ ယူဆတယ်၊ အကုသိုလ် ကုသိုလ်ရှိတယ်လို့ ယူဆတယ်၊ သူက ဝိညာဉ်ကိုလဲ တည်မြဲတယ်လို့ ယူဆတာကိုး။ ဒါကတော့ ဈာန် အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းယူဆတဲ့ပုဂ္ဂိုလ်တွေ ရှိခဲ့တာပဲ။ ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ, နောက်ဘဝပြန်မြင်တဲ့ ပုဂ္ဂိုလ်တွေ, ရှေးဘဝမြင်တဲ့ပုဂ္ဂိုလ်တွေ ဟာ ဘုရားမဟုတ်ပေမဲ့ သူတို့က ဝိညာဉ်ဟာ တစ်ဘဝ တစ်ဘဝပြောင်းနေတာ သူတို့မြင်တာကိုး၊ မြင်တဲ့အတိုင်း သူတို့ကပြောတာ။ ပြောတော့ သူတို့အယူဝါဒက သဿတဒိဋ္ဌိဆိုပြီး ဒီလိုဖြစ်လာတယ်။ အဲဒါကြောင့်မို့ သဿတဒိဋ္ဌိဆိုတာက သိပ်မဆိုးပါဘူး။

**ဥစ္ဆေဒဒိဋ္ဌိ** ဥစ္ဆေဒဒိဋ္ဌိဆိုတာက ဥစ္ဆေဒ-ဆိုတာ ပြတ်တာ၊ ဒိဋ္ဌိကအယူ။ သူက ပြတ်တယ်လို့ ယူတာပဲ။ ဘာပြတ်တာတုံး၊ အမှန်က ဥစ္ဆေဒဒိဋ္ဌိဆိုတာက သူ့ရဲ့အစ လူဟာ မွေးတာအစပဲ၊ သေရင်အဆုံးပဲ၊ သူ့မှာ သံသရာမရှိဘူး၊ သေပြီးတဲ့နောက် လူကို သင်္ချိုင်းမှာ ပစ်လိုက်ရတာပဲ၊ ဘာမှ နောက်ဘဝတွေ ဘာတွေဆိုတာ မရှိဘူး။

ခုခေတ်မှာတော့ ဥစ္ဆေဒဒိဋ္ဌိက ယူတဲ့လူလဲများတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ခုခေတ်လူတွေ သိတာလဲ ဒါလောက်ပဲသိတာကိုး၊ မွေးတဲ့နေ့က စပြီးတော့ သေတဲ့နေ့အထိ ဒါလောက်ပဲစဉ်းစားလို့ရတယ်၊ ရှေ့ကိုဆက်ပြီး စဉ်းစားလို့မရဘူး၊ ဈာန်တွေ အဘိညာဉ်တွေလဲ မရတော့ သူတို့ဟာ ဘာမှ

မစဉ်းစားနိုင်တော့ဘူး၊ တစ်ဘဝထဲရှိတယ်လို့ယူတော့ မကောင်းတာတွေလဲ ဘယ်လောက်လုပ်လုပ် လုပ်ရဲတယ်၊ အစိုးရကသာ မဖမ်းနဲ့၊ လောကမှာ အစိုးရရဲ့ အပြစ်ဒဏ်သာ မခံရဘူးဆိုလို့ရှိရင် ဘယ်လောက်ကြီးကျယ်တဲ့ မကောင်းမှုကြီးတွေပဲဖြစ်ဖြစ် သူတို့လုပ်ရဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ဘဝမှာ ခံရမှာ ရှိမှမရှိဘဲကိုး၊ ခုဘဝမှာ ချမ်းသာမယ်သာဆိုရင် အစိုးရတို့ လောကတို့ကလဲ အပြစ်မပေးဘူးသာဆိုရင် ဘယ်လောက် ကြီးကျယ်တဲ့ မကောင်းမှုပဲဖြစ်ဖြစ် အဖေသော်လဲ သတ်မှာပဲ၊ အဖေသတ်ရင် ဒီဘဝမှာ ရှင်ဘုရင်ဖြစ်မယ်ဆိုရင် အဖေလဲသတ်မယ်၊ အမေသတ်လို့ ရှင်ဘုရင်ဖြစ်မယ်ဆိုရင် အမေလဲသတ်မှာပေါ့၊ တစ်ရပ်ကွက်လုံး မီးလောင် တိုက်သွင်းလိုက်လို့ သူရှင်ဘုရင်ဖြစ်မယ်ဆိုရင် မီးလောင်တိုက်သွင်းလိုက်မယ်၊ ဘာဖြစ်လို့လဲဆိုရင် သူက နောက်ဘဝမှ မရှိတာ။

အဲဒီဥစ္ဆေဒဒိဋ္ဌိက သိပ်ကြောက်စရာကောင်းတယ်၊ လူတိုင်းလူတိုင်း သာ ဒီအယူဝါဒရှိရင် ဘယ်အစိုးရမျိုးမှ အုပ်ချုပ်လို့မရတော့ဘူး၊ လောက ပြုပြင်ရေး လောကကောင်းစားရေးမှာ ဘာသာရေးဟာ အင်မတန်အရေး ပါတယ်။ ဘာကြောင့်လဲဆိုရင် လူတွေ ကောင်းနေကြတာက ဘာသာရေးအရ ခံယူချက်က မကောင်းတာလုပ်လို့ရှိရင် အစိုးရ အပြစ်မပေးသည်ဖြစ်စေ၊ လောကအပြစ်မရှိသည်ဖြစ်စေ ဒီမကောင်းမှုမျိုးကို ငါမလုပ်ဘူးဆိုတဲ့ ဒီလို လူငယ်လူရွယ်တွေက အများကြီးရှိနေလို့ ဒါဟာ မကောင်းတဲ့အလုပ်ပဲလို့ သိနေကြလို့ မလုပ်ဘဲနေကြတာ။ တချို့တလေက ချမ်းသာမယ်ဆိုတာ သိပါတယ်၊ ဘာလုပ်ရင် ချမ်းသာမယ်ဆိုတာ သိသားပဲ၊ ချမ်းလဲ ချမ်းသာချင် တယ်၊ လုပ်လဲ လုပ်ရဲသားပဲ၊ သတ္တိလဲ ရှိသားပဲ၊ သို့ပေမဲ့ ဒီအလုပ် မ ကောင်းတဲ့ အလုပ်လို့ အယူအဆရှိနေတာနဲ့ တချို့လူငယ်တွေ မလုပ်တာ၊ အဲဒီလို မလုပ်တဲ့လူတွေရှိနေလို့ လောကကြီးတည်ဆောက်လို့ ရနေတာ။ လူတိုင်း လူတိုင်းသာ လူငယ်တိုင်းသာ ချမ်းသာမယ်ဆိုရင် မကောင်းတာပေ တဲ့ လုပ်သာလုပ်ဆိုတဲ့ အယူအဆတွေ ဝင်လာရင် အကုန်လုံး ထိန်းလို

သိမ်းလို့ ရမှာမဟုတ်တော့ဘူး၊ ဒါကြောင့်မို့ ဥစ္ဆေဒဒိဋ္ဌိက သိပ်ဆိုးတယ်။

နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ-ဆိုတဲ့ ဒိဋ္ဌိတွေဟာ ဒီဥစ္ဆေဒဒိဋ္ဌိက စလာတာ၊ ဥစ္ဆေဒဒိဋ္ဌိက မြစ်ဖျားခံလာတာ၊ ဆိုစမ်းပါ-သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ။

ဒိဋ္ဌိ ၆၂-ပါးဆိုတာက ဒီဒိဋ္ဌိနှစ်ပါးကနေပြီးတော့ ၆၂-ပါး ပြားသွားတာပါပဲ၊ ဒီပြင်ဒိဋ္ဌိအမျိုးအစားတွေ အများကြီးရှိသေးတယ်၊ အခုခေတ်မှာ ဝိပဿနာသမားတွေကျတော့ သက္ကာယဒိဋ္ဌိကို အသိများကြတယ်။

**သက္ကာယဒိဋ္ဌိ** သက္ကာယဒိဋ္ဌိဆိုပြီးတော့ လူတွေ အပြောများကြတယ်။ သက္ကာယဒိဋ္ဌိကို ဝိပဿနာသမားတွေက ပြောကြတာများတယ်။ "သက္ကာယ" ဆိုတာက ထင်ရှားရှိနေတဲ့ မိမိရဲ့ခန္ဓာကိုယ်။ ဒီခန္ဓာကိုယ်ကြီးကို အကြောင်း ပြုပြီးတော့ ဒိဋ္ဌိဖြစ်တာက သက္ကာယဒိဋ္ဌိ။ လူတိုင်း လူတိုင်း နားလည်အောင်ဆိုလို့ရှိရင် သက္ကာယဒိဋ္ဌိဆိုတာက ဒီခန္ဓာကိုယ်ကို ငါလို့ထင်တယ်၊ ဒါ သက္ကာယဒိဋ္ဌိ။ သက္ကာယဒိဋ္ဌိလို့ ပြောသာပြောရတယ်၊ လူလုပ်နေတာက သက္ကာယ ဒိဋ္ဌိနဲ့ လူလုပ်နေတာ။ မနေ့က ပြောသလိုပဲ လူလုပ်တယ်ဆိုတာဟာလဲ သက္ကာယဒိဋ္ဌိမရှိရင် လူလုပ်နေလို့ကို မရဘူး။ သက္ကာယဒိဋ္ဌိသာ ပြုတ်သွား မယ်ဆိုလို့ရှိရင် လူဟာ လူ့လောကမှာ ဘယ်လိုလုပ်နေမတုံး။ နေလို့ မရတော့ဘူး။ ဒါ လောကုတ္တရာ။

ကိုယ့်ကိုယ်ကို ငါလို့မထင်ရင် ဘယ်လိုထင်ရမတုံး၊ သက္ကာယဒိဋ္ဌိဆိုတာ ကိုယ့်ကိုယ်ကို ငါလို့ ဒီလိုထင်နေတာဟာ သက္ကာယဒိဋ္ဌိပဲ။ ကိုယ်က မွေးထားတဲ့သားကို ငါ့သားလို့ပဲထင်တာပဲ။ ကိုယ်နဲ့မွေးထားတဲ့သားကိုမှ ငါ့သားလို့မထင်ရင် ဘယ်လိုထင်ရမတုံး။ ကိုယ်ရထားတဲ့ မယားဟာ ငါ့မယားပေါ့၊ ကိုယ်ယူထားတဲ့မယားကို ငါ့မယားလို့ ထင်ရမှာပဲ။ အိမ်ပြန်သွားရင် အော်ငါ့မိန်းမပဲ, ငါ့မယားပဲလို ဒီလိုထင်မှာပဲ။ ကလေးတွေတွေ့လို့ရှိရင်လဲ ငါ့သားသမီးတွေလို့ ထင်မှာပဲ။ အိမ်တွေ့ရင်လဲ ကိုယ်ဆောက်ထားတဲ့ အိမ်ဟာ ငါ့အိမ်လို့ ထင်မှာပဲ။ အဲဒီတော့ သက္ကာယဒိဋ္ဌိဆိုတာက

လူဆိုရင် ရှိတာပဲ၊ တချို့တလေက သက္ကာယဒိဋ္ဌိပြုတ်အောင် တရားအားထုတ်တယ်တဲ့၊ ဘယ်လိုလုပ်ပြီး အားထုတ်ရမှာလဲလို့မေးတော့ ပြဿနာပေါ်တက်တယ်။ ဘုရားက အားထုတ်တဲ့နည်းတွေတော့ ဟောခဲ့ပါတယ်။ အင်မတန် နက်နဲတဲ့တရားတော်ပါ။ သက္ကာယဒိဋ္ဌိဖြုတ်ရေးတရားတော်ဆိုတာဟာ အလွန်နက်နဲတဲ့တရားတော်။ အဘိဓမ္မာဟောတာလဲ သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောတာပဲ။ အင်မတန်နက်နဲပါတယ်။

အဲဒီတော့ ဒိဋ္ဌိမှန်သမျှဟာလဲ သက္ကာယဒိဋ္ဌိက ပေါက်ဖွားသွားတာပဲ။ အမိပ္ပါယ်တစ်ခု–ငါလို့ ယူလိုက်တယ်၊ ခန္ဓာငါးပါးကို ငါလို့ ယူလိုက်တဲ့အခါကျတော့ ဒီခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ငါလို့ယူလိုက်တဲ့အခါကျတော့ ငါသေတယ်ဆိုလို့ရှိရင် နောက်ဘဝဖြစ်အုံးမလား, မဖြစ်ဘူးလား ဆိုတဲ့ ပြဿနာမပေါ်ဘူးလား။ ပေါ်မယ်။ ငါရှိနေတာကိုး။ ငါက ရှိနေတော့ ငါသေတယ်ဆိုရင် နောက်ဘဝဖြစ်အုံးမလား, မဖြစ်ဘူးလားဆိုတဲ့ပြဿနာနှစ်ခု ဝင်လာတယ်။ ငါသေလို့ရှိရင် ငါဟာ နောက်ဘဝမှာ ကောင်းတာလုပ်လို့ရှိရင် ကောင်းတဲ့ဘဝရောက်မယ်၊ မကောင်းတာလုပ်လို့ရှိရင် မကောင်းတဲ့ဘဝ ရောက်မယ်လို့ ငါရှိနေတဲ့အတွက် သဿတဒိဋ္ဌိအယူဝါဒတစ်ခု ယူသွားရော။ သဿတဒိဋ္ဌိဖြစ်သွားတာပေါ့။

တချို့လူတွေကတော့ လူသေရင် သင်းချိုင်းကုန်း ပစ်လိုက်ရတာမျက်မြင်ဒိဋ္ဌပဲ၊ လူသေရင် နောက်ဘဝမှာ မဖြစ်ပါဘူးတဲ့၊ ပြတ်သွားတယ်လို့ ဥစ္ဆေဒဒိဋ္ဌိက ယူတယ်၊ အဲဒီတော့ ဥစ္ဆေဒဒိဋ္ဌိဖြစ်လာတာကလဲ သက္ကာယဒိဋ္ဌိက မြစ်ဖျားခံလာတာပဲ။ သက္ကာယဒိဋ္ဌိရှိတော့ ငါကရှိနေတယ်။ ငါရှိနေတော့ ငါသေရင် နောက်ဘဝပြတ်သွားတယ်ဆိုရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားတယ်။

အဲဒီတော့ ဒိဋ္ဌိ ၆၂–ပါးဟာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိက ပွားသွားတယ်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိက ဘယ်ကလာတုံး၊ သက္ကာယဒိဋ္ဌိက လာတယ်။ လူလုပ်နေရတာကတော့ လူရိုးရိုးတွေမှာ သက္ကာယဒိဋ္ဌိရှိတာပဲ။ သက္ကာယဒိဋ္ဌိ ရှိနေပေမယ်လို့ လောကီကုသိုလ်တွေလုပ်ရင် အကုန်လုံး

ရပါတယ်။ သက္ကာယဒိဋ္ဌိနဲ့ပဲ ငါကောင်းစားရေးအတွက် ငါဒီဘဝချမ်းသာရေးအတွက် နောက်ဘဝမှာ ချမ်းသာရေးအတွက် ဒါနလုပ်တယ်၊ ကုသိုလ်မရဘူးလား၊ ရပါတယ်။ ငါ ဒီဘဝမှာ ချမ်းသာရေးအတွက် နောက်ဘဝဘဝမှာ ချမ်းသာရေးအတွက် သီလဆောက်တည်တယ် ကုသိုလ်မရဘူးလား၊ ရပါတယ်။ ကုသိုလ်ရပြီးနောက် ကောင်းတဲ့ ကာမသုဂတိခုနစ်ဘုံဆိုတဲ့ နတ်ဘုံ လူ့ဘုံတွေ ရောက်နိုင်တယ်။ ကောင်းတဲ့အကျိုးတွေ ခံစားနိုင်တယ်။ ကောင်းတဲ့ဘုံကို ရောက်နိုင်တယ်။ သက္ကာယဒိဋ္ဌိနဲ့ ဒါန သီလလုပ်လို့ရပါတယ်။ သက္ကာယဒိဋ္ဌိနဲ့ ဈာန်အားထုတ်လို့ မရဘူးလား၊ ရပါတယ်။ ငါတန်ခိုးကြီးအောင် ငါကောင်းကင်ပျံနိုင်အောင် ငါမြေလျှိုးနိုင်အောင် ငါတန်ခိုးအမျိုးမျိုးတွေ ဖန်ဆင်းနိုင်အောင် ငါသမထတရား အားထုတ်မယ် ဈာန်မရနိုင်ဘူးလား၊ ရပါတယ်။ သက္ကာယဒိဋ္ဌိနဲ့လဲ ဈာန်တရားအားထုတ်ရင် ရပါတယ်။ အဲဒီတော့ သက္ကာယဒိဋ္ဌိရှိနေပေမဲ့ လောကီကုသိုလ်တွေ အများကြီးရပါတယ်။ လောကီကုသိုလ်တွေ အကုန်လုံးကို ရနိုင်ပါတယ်။

သက္ကာယဒိဋ္ဌိရှိနေရင် မရနိုင်တာကတော့ မဂ်-ဖိုလ်-နိဗ္ဗာန်ကို မရနိုင်ဘူးပေါ့။ သက္ကာယဒိဋ္ဌိပြုတ်ရေးတရားဆိုတာက ဗုဒ္ဓဘာသာမှာ အမြင့်ဆုံးတရားပါ။ တကယ်ကတော့ လူငယ်လူရွယ်တွေနဲ့ မတန်သေးဘူးလို့ ဒါမပြောထိုက်ဘူးပေါ့လေ။ သို့ပေမဲ့ ဒါ အမြင့်ဆုံးတရားမို့ နက်နဲတယ်လို့ ပြောတာပါ။ လူငယ်ဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် သက္ကာယဒိဋ္ဌိပြုတ်ရေးတရားက လောကမှ ထွက်မြောက်ရေးတရားဆိုတော့ အင်မတန်နက်နဲပါတယ်။ ဒါကြောင့်မို့ သက္ကာယဒိဋ္ဌိပြုတ်ရေးတရားကိုတော့ သင်တန်းဆုံးခါနီးကျမှပဲ နည်းရအောင် နည်းနည်းပြောမယ်။

ဒီ အဘိဓမ္မာသင်တန်းမှာတော့ သက္ကာယဒိဋ္ဌိဆိုတာ ဒါပဲ၊ သဿတဒိဋ္ဌိဆိုတာ ဒါဘဲ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဒါပဲ၊ သိထားရုံပါပဲ၊ ကိုယ့်ဟာကိုယ်ကြိုက်တာယူပေါ့၊ သက္ကာယဒိဋ္ဌိကတော့ ပြောနေစရာကို မလိုဘူး။ လူရယ်လို့ဖြစ်လာလို့ရှိရင် ကလေးလေး ငယ်ငယ်လေးကအစ သက္ကာယဒိဋ္ဌိရှိလာ

တာပဲ။ သူ့ကိုယ်သူ ငါ့ကိုယ်လို့သိတာပဲ။ ငါ့အဖေ ငါ့အမေလို့ သိလာတာပဲ။ သိလာတဲ့အရွယ်ကစပြီး သက္ကာယဒိဋ္ဌိဆိုတာ ပါလာတာပဲ။ မသိတဲ့အရွယ်မှာတော့ သက္ကာယဒိဋ္ဌိက မရှိပါဘူး။

အဲဒီတော့ ဒိဋ္ဌိစေတသိက်ကတော့ ဒီ သက္ကာယဒိဋ္ဌိရယ်၊ သဿတဒိဋ္ဌိရယ်၊ ဥစ္ဆေဒဒိဋ္ဌိရယ်၊ နတ္ထိကဒိဋ္ဌိရယ်၊ အဟေတုကဒိဋ္ဌိရယ်၊ အကိရိယဒိဋ္ဌိရယ်၊ ဒါလောက်ဆိုရင်တော့ တော်လောက်ပါပြီ။ ဒိဋ္ဌိတွေ အများကြီးရှိသေးတယ်။ ဒါ ဗဟုသုတ ပဲ။ တဖြည်းဖြည်းနောက်တော့မှ သင်ကြပါစို့။

လောဘအုပ်စုမှာ ဒိဋ္ဌိပါတယ်ဆိုတာက ဒိဋ္ဌိကိုအသားပေး ပြောတဲ့အခါမှာ ဒိဋ္ဌိဆိုလို့ရှိရင် လောဘက ပါရတယ်။ ဒါ သဘောတရားပဲ။ အဓိပ္ပါယ်တစ်ခု–သက္ကာယဒိဋ္ဌိကိုပဲကြည့်၊ သက္ကာယဒိဋ္ဌိဆိုတာက ဒီကိုယ်ခန္ဓာကို ငါလို့ ဒီလိုထင်လိုက်တယ်ဆိုရင် ကိုယ့်ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘ မပါဘူးလား၊ လောဘပါလို့ ဒီ ဒိဋ္ဌိက ထင်တာ၊ လောဘ မပါပဲနဲ့ ဒီ ဒိဋ္ဌိက မဖြစ်နိုင်ဘူး။

အဘိဓမ္မာသင်္ဂြိုဟ် စိတ်ယှဉ်စေတသိက်ယှဉ်မှာ ဒိဋ္ဌိဟာ လောဘမူစိတ်မှာယှဉ်တယ်လို့ ဒီလိုဆိုတာက ဘယ်လိုယှဉ်သတုံး၊ ခု ဒိဋ္ဌိဖြစ်လိုက်လို့ရှိရင် လောဘက ပါလာတယ်။ အဓိပ္ပါယ်တစ်ခု–သဿတဒိဋ္ဌိဆိုပါတော့ သဿတဒိဋ္ဌိဆိုတာလဲ ငါဟာ ဒီဘဝကသေလို့ရှိရင် နောက်ဘဝ ဘဝမှာ ဖြစ်နေမယ်။ ဒီခန္ဓာကိုယ်ကိုတွယ်တာတဲ့ လောဘက ပါတာပေါ့။ လောဘပါနေလို့ ဒီ ဒိဋ္ဌိက ဖြစ်တာကိုး။ ဥစ္ဆေဒဒိဋ္ဌိကလည်း သူ့ခန္ဓာပါလို့ဆိုတော့ လောဘ ပါတယ်။ ဒီလောဘကို အကြောင်းပြုပြီးတော့ သေရင် ဘဝပြတ်တယ်ဆိုတဲ့ အယူဝါဒကို သူယူတာပဲ။ ဒိဋ္ဌိဖြစ်တယ်ဆိုရင် လောဘကတော့ ပါတာပဲ။ အဲဒီတော့ လောဘအုပ်စုမှာ ဒိဋ္ဌိပါရတယ်။

**မာနစေတသိက်**

လောဘအုပ်စုမှာ ဂိုဏ်းကြီးက နှစ်ဂိုဏ်းကွဲသွားတယ်။

လောဘအုပ်စုမှာ ဒိဋ္ဌိက ဂိုဏ်းကြီးတစ်ဂိုဏ်း၊ မာနက ဂိုဏ်းကြီး တစ်ဂိုဏ်း၊ လောဘဖြစ်တဲ့အခါမှာ ဒိဋ္ဌိမပါလို့ရှိရင် မာနက

ပါလာတယ်။ အဲဒီတော့ မာနအုပ်စုဆိုပြီး လောဘအုပ်စုမှာ ဂိုဏ်းတစ်ဂိုဏ်းရှိတယ်။ လောဘတို့ ဒိဋ္ဌိတို့ မာနတို့က မြန်မာစကားလို ဖြစ်နေတယ်။ ဒီ မာနကို ဘာသာပြန်ရင်တောင် နည်းနည်းခက်နေတယ်။ အရပ်ထဲမှာက မာနကြီးတယ်ဆိုရင် ပညာလေး တတ်တယ်၊ ဒီပညာလေးတတ်ပြီး ဒီပညာကို အမှီပြုပြီးတော့ သူ ဆောင့်ကြွားကြွားလုပ်နေရင် ဒီလူ မာနကြီးတယ်ပေါ့။ မာနကို ဒီလိုနားလည်တယ်။ မော်တော်ကားနဲ့ ဘာနဲ့ဆိုတော့ ဒီပြင်လူတွေကို သိပ် ဂရုမစိုက်ချင်ဘူး။ လူကြီး လူကြီးမှန်း မသိဘူး။ ဆင်းရဲသားဆိုလို့ရှိရင်လဲ သူက သိပ်ဂရုမစိုက်ချင်ဘူး၊ ငါပိုက်ဆံရှိတယ်ဆိုပြီးတော့ ကားမောင်းရင် ထင်သလိုမောင်းတယ်၊ ဒီလိုလူမျိုးကို မာနကြီးတယ်လို့ အရပ်ထဲမှာ ပြောကြတယ်။ တချို့တလေ လှတဲ့မိန်းကလေးတွေကလဲ ကိုယ့်ကိုယ်ကို လှတဲ့မာနပေါ့။ ငါလှတာပဲဆို ပြီးတော့ ဘယ်သူ့မှ ဂရုမစိုက်တဲ့ပုံမျိုး လုပ်ချင်တယ်။ အဲဒါက လှတဲ့အပေါ်မှာ မာနတက်တာကိုး။ အဲဒီတော့ လှတဲ့အပေါ်မှာလဲ မာနတတ်တယ်။ ပစ္စည်း အပေါ်မှာလဲ မာနတက်တယ်။ ပညာအပေါ်မှာလဲ မာနတက်တယ်။ တချို့တလေကတော့ အဖေအမေကြောင့် မာနတက်တယ်။ ကိုယ့်အဖေအမေက ဘာကြီးပဲ၊ ကိုယ်ကတော့ ဘာကောင်မှ မဟုတ်ဘူး။ ဘာကောင်မှ မဟုတ်ဘဲနဲ့ ဖအေက ဘာဖြစ်တာနဲ့ ဖအေ ကြည့်ပြီးတော့ ဒီလိုလျှောက်ပြီး မာနဖြစ်တဲ့ လူတွေက ရှိတယ်။ အဲဒီတော့ ဒီ မာနတွေက အရပ်ထဲမှာရှိတဲ့ မာနတွေ။ ဒါတော့ ဆရာရှင်းပြစရာ မလိုဘူး။

ဒီအဘိဓမ္မာမှာ မာနဆိုတာက ဘယ်လောက်ထိအောင် သိမ်မွေ့သလဲဆိုတော့ ဒီ ကိုယ့်ကိုယ်ကို ငါလို့ထင်နေတာကိုက မာနပဲ၊ ဒါကြောင့်မို့လို့ ဆရာ အဘိဓမ္မာသင်တဲ့အခါကျတော့ လူတစ်ကိုယ်မှာ ထင်သုံးလုံးရှိတယ်လို့သင်တယ်၊ တချို့တလေကတော့ လူတစ်ကိုယ် ထင်တစ်လုံးနဲ့လို့ ပြောကြတယ်။ အဘိဓမ္မာမှာကတော့ လူတစ်ကိုယ်မှာ ထင်သုံးလုံးရှိတယ်၊ ထင်သုံးလုံးဆိုတာက ကိုယ့်ကိုယ်ကို ငါလို့ထင်တာက ဒိဋ္ဌိကလဲ ထင်တစ်လုံးရှိတာပဲ၊ ဒိဋ္ဌိကလဲ ကိုယ့်ကိုယ်ကို ငါလို့ထင်တာပဲ။ လောဘနဲ့ ဒိဋ္ဌိက

ခွဲမရတော့ တဏှာကလဲ ထင်တစ်လုံးပဲ၊ ဒီ မာနကလဲ ထင်တစ်လုံးပဲ၊ ဒါကြောင့် လူတစ်ကိုယ်မှာ ထင်သုံးလုံးရှိတဲ့အကြောင်းကို နောက်တစ်ပတ်ကျတော့ ရှင်းပြမယ်၊ မာနအထင်ကြီးမှုကလဲ ဟုတ်မှန်တဲ့ မာနရယ် မဟုတ်မမှန်တဲ့ မာနရယ်လို့ ကွဲသေးတယ်။

ဟုတ်မှန်တဲ့ မာနဆိုတာက ပညာတတ်တစ်ယောက်ဟာ ငါ ပညာ တတ်တယ်လို့ထင်တာက ဒါ ဟုတ်မှန်တဲ့ မာနပဲ၊ သူက ဘာပညာ· မှမတတ်ဘူး၊ မတတ်ပေတဲ့ ကိုယ့်ကိုယ်ကို ပညာတတ်လို့ထင်နေတာက ဒါမဟုတ်မမှန်တဲ့ မာနပဲ၊ အဲဒီတော့ မာနဟာ ၉–မျိုးရှိတာကို၊ နောက် အပတ်ကျတော့ အဲဒီ ၉–မျိုးကို စပြီးရှင်းပြမယ်။

ဒီနေ့တော့ ဒါလောက်နဲ့ပဲတော်ကြဦးစို့။

သာဓု သုံးကြိမ်ခေါ်ကြ။

* * * * *

# ပို့ချချက်(၄)

(၁၉၊ ၅၊ ၇၉)

## လောဘအုပ်စုဝင် စေတသိက်အဆက်

မနေ့က လောဘအုပ်စုက လောဘရယ်၊ ဒိဋ္ဌိရယ် ပြီးသွားပါပြီ။

ဒီနေ့ မာနစေတသိက်ရောက်လာပြီ၊ မာနကို ဘာသာပြန်ရင်တောင် ပိုပြီးရှုပ်နေသေးတယ်၊ မာနဆိုတာ မြန်မာစကားဖြစ်နေတယ်၊ ပါဠိကိုဖျက်တာလဲမဟုတ်ဘူး၊ ပါဠိအတိုင်းပဲ၊ မာနကြီးတယ်ဆိုရင် လူတိုင်းသိနေတယ်၊ မာနကို အထင်ကြီးမှုတို့, ဘဝင်မြင့်မှုတို့, ထောင်လွှားမှုတို့ ဒီလိုဘာသာပြန်နေရတာကမှ ရှုပ်သေးတယ်၊ မာနဆိုရင် မြန်မာကသိနေတာပဲ၊ မာနကြီးတယ်၊ ထောင်လွှားတယ်၊ မောက်မာတယ်၊ ဒါ မြန်မာမှာ မာနဆိုတဲ့စကားတွေပဲ၊ အဲဒီတော့ မာနကလဲ ၉-မျိုးတောင်ရှိတယ်။ အဲဒီမာန ၉-မျိုးမှာလဲ ဟုတ်မှန်တဲ့မာနရယ်, မဟုတ်မမှန်တဲ့မာနရယ်လို့ ကွဲသေးတယ်၊ မာနကြီးတယ်ဆိုတာက လူဆိုလို့ရှိရင် ရှိသင့်ရှိထိုက်တဲ့ မာနကတော့ ရှိကိုရှိရမယ်၊ ကိုယ့်မှာရှိသလောက်ကို အထင်ကြီးတဲ့မာနက ရှိကိုရှိရမယ်၊ လူဟာ မာနနဲ့ လူလုပ်နေတာပဲ၊ အဲဒီတော့ ရှင်မဟာရဋ္ဌသာရရေးထားတဲ့ မာန် ၃-မျိုး ပထမသင်မယ်၊ ရှင်မဟာရဋ္ဌသာရကတော့ သူက ဇာတိမာန်ရယ်၊ ဂုဏ်မာန်ရယ်၊ ပညာမာန်ရယ် ဆိုပြီးတော့ မာန် ၃-မျိုးလို့ ရေးတယ်။

**မာန် ၃-မျိုး**

ဇာတိမာန်ဆိုတာက မြန်မာတွေ ပြောနေကြတာပါ။ လူဟာ မျိုးရိုးဇာတိမာန်ဆိုတာ ရှိကိုရှိရမယ်၊ ကိုယ်ဟာ သူဌေးသားဆိုလို့ရှိရင် ငါဟာ သူဌေးသားဆိုတဲ့ ဇာတိမာန်ဆိုတာ ရှိရတယ်၊ ကိုယ်ဟာ ဘုရင့်သားဆိုလို့ရှိရင် ငါဟာ ဘုရင့်သားပဲဆိုတဲ့ ဇာတိမာန်ကတော့ ရှိကိုရှိရမယ်၊ အခုခေတ် ဇာတိမာန်ဆိုတာကတော့ ငါဟာ မြန်မာလူမျိုးပဲ၊ ဒါလဲ ဇာတိမာန်ပဲ၊ ငါဟာ မြန်မာလူမျိုးပဲလို့ ဇာတိမာန်ရှိရမယ်၊ ကိုယ့်မျိုးရိုးဆိုတဲ့ ဇာတိမာန်ရှိမှ မဟုတ်တာ မလုပ်မှာ၊ တို့အဖေဟာ မဟုတ်တာ လုပ်တဲ့လူ မဟုတ်ဘူး၊ တို့လူမျိုးဟာ မှန်တာကို လုပ်တဲ့လူမျိုးပဲလို့ ကိုယ့်မျိုးရိုး

ထောက်ပြီးတော့ လူတွေဟာ ကြီးပွားကြတယ်။ အဲဒါကြောင့်မို့လို့ ရှိသင့်ရှိထိုက်တဲ့ ဇာတိမာန်ဟာ ရှိကို ရှိရမယ်။

ဂုဏမာန်ဆိုတာက ကိုယ်ပညာတတ်တယ်၊ ပညာဂုဏ်တို့ သီလဂုဏ်တို့ မသာဓိဂုဏ်တို့ပေါ့၊ ဂုဏမာန်ကလဲ ကိုယ်ဟာ ပညာတတ်တဲ့ လူတန်းစားတစ်ယောက်ဆိုလို့ရှိရင် ငါဟာ ပညာတတ်တဲ့လူတန်းစားပဲ၊ လမ်းပေါ်လျှောက်သွားနေတဲ့ လူနဲ့ ငါနဲ့ အတူတူပဲဆိုရင် ဒီလူ ပျက်စီးသွားမှာပေါ့၊ ငါဟာ ခေတ်ပညာတတ်တဲ့ လူပဲ၊ ဒီဂရီရတဲ့လူတစ်ယောက်ပဲ၊ ငါဟာ မဟုတ်တာတွေ လုပ်လို့မဖြစ်ဘူးလို့ ကိုယ့်ဂုဏ်ကိုထောက်ပြီးတော့ မဟုတ်တာတွေ မလုပ်ဘဲနေတာ၊ ရှိသင့်ရှိထိုက်တဲ့ ဂုဏမာန်ဟာ ရှိရမယ်၊ ကိုယ့် ရှိတဲ့ဂုဏ်ကို ငါဟာ လမ်းပေါ်လျှောက်သွားတဲ့လူနဲ့ အတူတူပဲဆိုပြီး လျှောက် လုပ်ရင် ဒီလူဟာ ပျက်စီးသွားတာပဲ၊ ဥပမာ–အဘိဓမ္မာ သင်တန်းတက်တဲ့ လူတစ်ယောက်လဲ ငါဟာ အဘိဓမ္မာသင်တန်း တက်ပြီးတော့ တတ်ထားတဲ့ လူတစ်ယောက်ပဲ၊ ဘာမှ မတတ်တဲ့လူတွေနဲ့ ငါနဲ့ အတူတူလို့ သွားလုပ်လို့ရှိရင် ဒီအဘိဓမ္မာသင်တန်း တတ်ထားတဲ့ဂုဏ်ဟာ ဘာမှ အဓိပ္ပါယ်မရှိတော့ဘူး။

အဲဒီတော့ ဂုဏမာန်ဆိုတာ ပညာတတ်ထားတယ်၊ သီလစောင့်ထိန်းထားတယ်ဆိုတဲ့ ဂုဏ်တွေပေါ့လေ၊ အဲဒီဂုဏ်တွေလို လှတဲ့မိန်းကလေးတစ်ယောက်ကလဲ ငါဟာ လှတဲ့လူတစ်ယောက်ပဲ၊ လှတာဂုဏ်ပဲ၊ ကိုယ်လှတာကို လှတယ်လို့ အမှန်အတိုင်း မာနရှိတာဟာ ဂုဏမာန်ပဲ၊ ရှိကိုရှိရမယ်။ လှတဲ့လူတစ်ယောက်က လှတဲ့ဂုဏ်ကို မစောင့်ထိန်းရင် ပျက်စီးသွားမှာပေါ့။ ငါဟာ လှတဲ့လူတစ်ယောက်ပဲဆိုတာ ရှိကိုရှိရမယ်။ လှတဲ့လူတစ်ယောက်က ငါဟာ ဒီပြင်လူတွေနဲ့အတူတူပဲဆိုရင် ပျက်စီးလွယ်သွားမှာပေါ့။ ဂုဏမာန်ဆိုတဲ့ ရှိသင့်တဲ့မာန်က ရှိကိုရှိရမယ်။ ဒါ ဂုဏမာန်ခေါ်တယ်။

ပုညမာန်ဆိုတာကတော့ ဘုန်းကံပေါ့လေ။ လူကလဲ ဘုန်းကံရှိတဲ့လူ၊ ဘုန်းကံမရှိတဲ့လူ ဒီလိုရှိတာကိုး၊ ဘုန်းကံရှိတဲ့လူက သူချမ်းချမ်းသာသာ

နေရတယ်၊ မွေးလာကထဲက လက်မွေးမီးမလောင် ခြေမွေးမီးမလောင် သူ့ဘုန်းသူ့ကံနဲ့ ဒီလိုဖြစ်လာတဲ့လူများကို ပုညမာန်လို့ခေါ်တယ်။ ဘုရင့်သားတော် သမီးတော်တို့, သူဌေးသားသမီးတို့စသည်ဖြင့် သူတို့က ပုညမာန်ရှိတယ်။ ဘုန်းကံရှိတဲ့လူတွေကလဲ ငါဟာ ဘုန်းကံရှိတဲ့ လူတစ်ယောက် ဘုန်းကံမရှိတဲ့ လူတွေနဲ့ ငါနဲ့ အတူတူပဲလို့ သွားလုပ်ရင် သူလဲပျက်စီးသွားမှာပဲ။

ဒါကြောင့်မို့လို့ ရှိသင့်တဲ့ ပုညမာန်ကလဲ ရှိကိုရှိရမယ်။ အဲဒီတော့ ဇာတိမာန်ရယ်၊ ဂုဏမာန်ရယ်၊ ပုညမာန်ရယ် ဒီသုံးမျိုးကို ကိုးခန်းပျို့ထဲမှာ ရှင်မဟာရဋ္ဌသာရက "ဇာတိ, ပုည၊ ဂုဏ်မာနနဲ့၊ သမ္ဘဟုံးစုံး၊ ဖက်မဲ့ကြုံးသား" လို့ ရေးထားတယ်။

အဲဒီတော့ မာနကြီးတယ်ဆိုတာက ကိုယ်က မျိုးရိုးဇာတိ မကောင်းဘဲနဲ့ ကောင်းတယ်လို့ယူတဲ့မာနမျိုး၊ ကိုယ်ကဂုဏ်မရှိဘဲနဲ့ ဂုဏ်ရှိယောင်ဆောင်တဲ့မာနမျိုး၊ ဘုန်းကံမရှိဘဲနဲ့ ဘုန်းကံရှိယောင်ဆောင်တဲ့ မာနမျိုးဒါက ဆိုးတဲ့မာန။

ရှိသင့်ရှိထိုက်တဲ့ မာနဆိုတာကတော့ လူတစ်ယောက်မှာ ကိုယ့်မျိုးရိုးဇာတိမာန်ဟာ ရှိကိုရှိရမယ်။ ဂုဏ်ရှိတဲ့ လူတစ်ယောက်မှာ ကိုယ့်ဂုဏ်ကိုထောက်ထားတဲ့ ဂုဏမာန် ရှိကိုရှိရမယ်။ လူလုပ်တယ်ဆိုတာ ဒီမာနနဲ့လူလုပ်နေတာပဲ။ လူတွေမှာ ရှိသင့်ရှိထိုက်တဲ့ မာနဟာ ရှိကိုရှိရမယ်။ တရားထိုင်လို့ ပယ်တဲ့အခါမှာတော့ မာနအားလုံး ပယ်ရမှာပေါ့။

ရှင်မဟာသီလဝံသကတော့ သူက ပိဋကတ်ထဲကယူပြီးတော့ ရေးတာများတယ်။ ရှင်မဟာသီလဝံသက ဘုရားဟောထဲက ထုတ်နုတ်ပြီးတော့ မာန် ၉–မျိုးလို့ရေးတယ်။ အဲဒါကတော့ သေယျမာန်ရယ်၊ သဒိသမာန်ရယ်၊ ဟီနမာန်ရယ်။

**မာန ၉–မျိုး**

သေယျမာန်ဆိုတာက ဘယ်လို မာနမျိုးလဲဆိုတော့ အထက်တန်းစား ပုဂ္ဂိုလ်တွေပေါ့လေ။ ငါဟာ အထက်တန်းစားလို့ ကိုယ့်ကိုယ်ကိုထင်တာဟာ သေယျမာန်ပဲ။ မှန်တဲ့မာနပေါ့။ အထက်တန်းစား

ပုဂ္ဂိုလ်က ငါအထက်တန်းစားပုဂ္ဂိုလ်ပဲ၊ သူတို့နဲ့ ငါနဲ့ မတူဘူး။ ငါလို အထက်တန်းစားလုပ်တဲ့ ပုဂ္ဂိုလ်က အောက်တန်းစားလုပ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ မတူဘူးလို့ ဒီလို ကိုယ်ရဲ့ဂုဏ်ကိုထောက်ပြီး မကောင်းတာ မလုပ်ဘဲနဲ့နေတာ၊ ဒီမာနက လူမှာဆိုရင် ရှိကိုရှိရမယ်။ တရားအားထုတ်တဲ့အခါမှာတော့ မာနအားလုံး ပယ်ရမှာ တစ်မျိုးပဲ။ အဲဒီတော့ အထက်တန်းစားပုဂ္ဂိုလ်မျိုးဟာ အထက်တန်းစားမာနမျိုး ရှိကို ရှိရမယ်။ အထက်တန်းစားပုဂ္ဂိုလ်က ငါဟာ လမ်းပေါ်သွားနေတဲ့လူတွေနဲ့ အတူတူပါပဲလို့ စိတ်ကို သွားချလိုက်လို့ရှိရင် ဒီလူပျက်စီးသွားမှာပေါ့။ အဲဒါကတော့ မရှိသင့်တဲ့ မာနမျိုးပဲ။ အထက်တန်းစား ပုဂ္ဂိုလ်ကလဲ တစ်ခါတလေ အောက်တန်းစား မာနဖြစ်တတ်တာပဲ။

အလယ်အလတ်တန်းစားပုဂ္ဂိုလ်ကျတော့ သဒိသမာန်ရှိရတယ်။ သူက သဒိသပုဂ္ဂိုလ်ဆိုတော့ ဪ--ငါဟာ အများထဲမှာ အလတ်တန်းစားလူတစ်ယောက်ပဲ။ အလတ်တန်းစား လူတစ်ယောက်က ကိုယ့်ကိုယ်ကို အလတ်တန်းစားလူတစ်ယောက်ပဲလို့ ထင်တာဟာ မှန်ကန်တဲ့မာနပဲ။ လူကတော့ အလတ်တန်းစား "ငါဟာ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ ဘာထူးသလဲ"ဆိုပြီးတော့ ဒီလို အထက်ကပုဂ္ဂိုလ်တွေနဲ့ သူက ပြိုင်လိုက်တယ်ဆိုလို့ရှိရင် ဒီမာနဟာ ပျက်စီးမဲ့မာနပဲ။ အထက်တန်းစားပုဂ္ဂိုလ်တွေက သုံးတယ်, ဖြုန်းတယ်, မော်တော်ကားနဲ့သွားတယ်, စားတယ်သောက်တယ်ဆိုတာကို သူက အလတ်တန်းစားပုဂ္ဂိုလ်၊ စားနိုင်အောင် မနည်းလုပ်နေရတဲ့ပုဂ္ဂိုလ်က အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ ငါနဲ့အတူတူပဲဆိုပြီး သွားလုပ်လို့ရှိရင် ဒုက္ခရောက်သွားမှာပဲ။ ဒါကြောင့်မို့ အလတ်တန်းစားပုဂ္ဂိုလ်မှာ အလတ်တန်းစားမာနက ရှိကိုရှိရမယ်။ အလတ်တန်းစားပုဂ္ဂိုလ်မှာလဲ ရှိသင့်တဲ့မာန ရှိတာပဲ။

အောက်တန်စားပုဂ္ဂိုလ်ကျတော့ ငါဟာ လူထဲမှာ **အောက်တန်းအကျဆုံး** လူတစ်ယောက်ပဲလို ထင်နေတာကတော့ **မှန်တဲ့မာန**ပေါ့။

ဒါကြောင့်မို့လို့ လူဟာ ကိုယ့်အတိုင်းအတာကို ကိုယ်သိရမယ်ဆိုတာ

မာနကိုပြောတာ၊ ကိုယ့်အတိုင်းအတာအရ ငါဟာ ဘယ်လိုလူတုံး၊ ငါဟာ ဘယ်အဆင့်မှာရှိသတုံး၊ အဲဒီတော့ အောက်တန်းစားပုဂ္ဂိုလ်က ကိုယ် အောက်တန်းစား ဖြစ်နေတဲ့အခါမှာ အထက်တန်းကို မမှန်းရဘူးလို့ ပြော တာ မဟုတ်ဘူးနော်။ အထက်တန်းစားဖြစ်ဖို့ ကြိုးစားတာက တစ်မျိုး။ သို့သော် လူကတော့ အောက်တန်းစား၊ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ တန်းတူထင်နေရင် ဒါ မဟုတ်မမှန်တဲ့ မာန၊ ပျက်စီးဖို့ မာနပဲ။ ဒါကြောင့် မို့လို့ ရှေးရှေးကပြောကြတာ "လူနေချုကြား၊ စိတ်ထားက ဝတီ"တဲ့။ ကိုယ့်ဘဝကတော့ အောက်တန်း၊ စိတ်ကတော့ ဝတီဖြစ်နေတယ်။ ဒါ ပျက်စီးတာပဲ။ အဲဒီတော့ အောက်တန်းစားပုဂ္ဂိုလ်က အောက်တန်းစားမာန် ရှိတာကတော့ ရှိသင့်ရှိထိုက်တဲ့ မာနပဲ။ သူဟာ အထက်တန်းစားပုဂ္ဂိုလ် တွေနဲ့ တန်းတူလို့ ဒီလိုထင်နေတယ်ဆိုရင် ဒါ ပျက်စီးမှာပဲ။

ဒါကြောင့်မို့လို့ ဒီသေယျမာန်, သဒိသမာန်, ဟီနမာန် ဆိုပြီးတော့ မာန်သုံးမျိုးရှိသလို ပုဂ္ဂိုလ်ကလဲ သုံးမျိုးရှိရမယ်။ သေယျပုဂ္ဂိုလ်ဆိုတာ အထက်တန်းစားပုဂ္ဂိုလ်တွေပေါ့။ သဒိသပုဂ္ဂိုလ်ဆိုတာ တန်းတူအလတ်တန်း စား ပုဂ္ဂိုလ်တွေပေါ့၊ ဟီနပုဂ္ဂိုလ်ဆိုတာ အောက်တန်းစား ပုဂ္ဂိုလ်တွေပေါ့။ အဲဒီတော့ ပုဂ္ဂိုလ် ၃-ယောက်မှာ သေယျပုဂ္ဂိုလ် အထက်တန်းစားပုဂ္ဂိုလ်က အထက်တန်းစား သေယျမာန်ဟာ ရှိသင့်ရှိထိုက်တဲ့ မာန။ သေယျပုဂ္ဂိုလ် အထက်တန်းစားပုဂ္ဂိုလ်က ငါဟာ အလတ်တန်းစားပဲ၊ ငါဟာ အောက် တန်းစားပဲလို့ ဒီလိုထင်နေရင် မဟုတ်မမှန်တဲ့ မာနဖြစ်သွားတာပဲ။

အလတ်တန်းစားပုဂ္ဂိုလ်ကလဲ တန်းတူအလတ်တန်းစား သဒိသမာန် ကတော့ ရှိကိုရှိရမယ်။ ဒါ မှန်ကန်တဲ့ မာနပဲ၊ အလတ်တန်းစားပုဂ္ဂိုလ်က ငါဟာ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ အတူတူပဲ၊ အောက်တန်းစားပုဂ္ဂိုလ် တွေနဲ့ အတူတူပဲလို့ ဒီလိုထင်နေတယ်ဆိုလို့ရှိရင် မဟုတ်မမှန်တဲ့ မာနပဲ။

အောက်တန်းစားပုဂ္ဂိုလ်ကလဲ ဒီအတိုင်းပဲ၊ အောက်တန်းစားပုဂ္ဂိုလ် က ငါဟာ အောက်တန်းစားပုဂ္ဂိုလ်ပဲလို့ သူ့ကိုယ်သူ သတ်မှတ်ရင် ဒါဟာ

မှန်ကန်တဲ့ မာနပဲ။ ဒိမာနက ရှိကိုရှိရမယ်။ အောက်တန်းစားပုဂ္ဂိုလ်က ငါဟာ အထက်တန်းစားပုဂ္ဂိုလ်တွေနဲ့ အတူတူပဲ၊ အလတ်တန်းစားပုဂ္ဂိုလ်တွေနဲ့ အတူတူပဲလို့ ဒီလိုထင်တာကတော့ မဟုတ်မမှန်တဲ့ မာနလို့ ခေါ်တယ်။

အဲဒီတော့ ပုဂ္ဂိုလ် ၃-မျိုးတွင် တစ်မျိုးတစ်မျိုးမှာ မာနကတော့ သုံးမျိုးသုံးမျိုး ဖြစ်နိုင်တယ်။ သေယျပုဂ္ဂိုလ်ကလဲ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်ရယ်လို့ သုံးခုစလုံး ဖြစ်နိုင်တယ်။ တစ်ခုက မှန်တယ်၊ နှစ်မျိုးက မှားတယ်။

သဒိသပုဂ္ဂိုလ်ကလဲ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်သုံးမျိုး ဖြစ်နိုင်တယ်၊ မှန်တာကတော့ တစ်မျိုးပဲမှန်တယ်၊ နှစ်မျိုးက မှားတယ်။

အောက်တန်းစားပုဂ္ဂိုလ်မှာလဲ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန် သုံးမျိုးဖြစ်နိုင်တယ်။

အခုပြောခဲ့တဲ့ အဓိပ္ပါယ်တွေကို စာတိုတိုလေးနဲ့ အကုန်လုံးပါသွားအောင် "အယုတ် အလတ်၊ အမြတ်ပိုင်းခြား သုံးပါး တိုင်တည်၊ ကိုးခုမည်ဖြင့်"လို့ ရှင်မဟာသီလဝံသက ရေးခဲ့တယ်။ "အယုတ် အလတ်၊ အမြတ်ပိုင်းခြား၊ သုံးပါး တိုင်တည်"ဆိုတော့ သေယျပုဂ္ဂိုလ်ရယ်၊ သဒိသပုဂ္ဂိုလ်ရယ်၊ ဟီနပုဂ္ဂိုလ်ရယ်၊ အဲဒီပုဂ္ဂိုလ် ၃-ယောက်ကို ပထမတည်ထားလိုက်ပါတဲ့။ "အယုတ် အလတ်၊ အမြတ်ပိုင်းခြား၊ သုံးပါး တိုင်တည်၊ ကိုးခုမည်ဖြင့်" ကြားထဲမှာ ဝါကျက ပျောက်နေတော့ ပညာမရှိတဲ့လူတွေ ဒါကို ဘယ်နဲ့လုပ်အဓိပ္ပါယ်ပြောလို့ရမလဲ။ အယုတ် အလတ် အမြတ်ပိုင်းခြား သုံးပါးတည်ပြီးတော့ ၉-ခုဖြစ်အောင် ဘာနဲ့လုပ်ရမယ်ဆိုတာ မပါတော့ဘူး၊ အမှန်က **ခုန**ပြောသလိုပဲ သေယျပုဂ္ဂိုလ်၊ သဒိသပုဂ္ဂိုလ်၊ ဟီနပုဂ္ဂိုလ် ၃-ပါးတည်ပြီးတော့ ပုဂ္ဂိုလ်တစ်ယောက်မှာ သေယျမာန်, သဒိသမာန်, ဟီနမာန်-သုံးခု **စီရှိသောကြောင့် ကိုးခုဖြစ်**တာ။ ပုဂ္ဂိုလ်တစ်ယောက်မှာ သုံးခုစီရှိတယ်ဆိုတဲ့ **အဓိပ္ပါယ်ကို ချုံးထားပြီးတော့** "အယုတ် အလတ်၊ အမြတ်ပိုင်းခြား၊

သုံးပါးတိုင်တည်၊ ကိုးခုမည်ဖြင့်၊ ရှည်စွာခလောက်၊ မိုးရှိမြောက်သား”လို့ စာဆိုက ရေးခဲ့တာ။

ရှင်မဟာသီလဝံသက တောသားနဲ့တူပါတယ်။ အခုခေတ်က ကလေးတွေ နားလည်ချင်မှ နားလည်မယ်။ ခလောက်ဆိုတာ နွားမှာ ဆွဲလေ့ရှိတယ်။ “ရှည်စွာခလောက်၊ မိုးရှိမြောက်သား၊ အစောက်မတ်လတ်၊ မာန်တောင်ထွတ်ကို”လို့ မာန ၉-မျိုးကို ရှင်မဟာသီလဝံသ ဝိဘင်းပါဠိတော်က ယူရေးခဲ့တာ။ အဲဒီတော့ မာနက ၉-မျိုးလဲရှိတယ်။ သုံးမျိုးလဲရှိတယ်။

**လူတစ်ကိုယ် ထင်သုံးလုံး**

မာနကို ရေးက လူတစ်ကိုယ်ထင်တစ်လုံးနဲ့လို့ ဆိုတယ်။ အောက်တန်းစားပုဂ္ဂိုလ်ကလဲ သူ့ဟာသူ ထင်တစ်လုံးနဲ့နေတာပဲ၊ သေမှသာ သေသွားရော။ အလယ်အလတ်တန်းစားပုဂ္ဂိုလ်ကလဲ သူကလဲထင်တစ်လုံးနဲ့ပဲ၊ ငါတော့ ဘယ်နေ့ ဘာဖြစ်အုံးမှာပဲဆိုပြီး ဒါနဲ့ပဲ တဖြည်း ဖြည်း သေတာပဲ။ အထက်တန်းစားပုဂ္ဂိုလ်ကလဲ ထင်တစ်လုံးနဲ့ပဲ။ မိန်းကလေးတွေကလဲ သူတို့မှာလဲ ထင်တစ်လုံးနဲ့ပဲ။ ယောက်ျားလေးတွေကလဲ ထင်တစ်လုံးနဲ့ပဲ၊ ဒါကြောင့် ရေးက လူတစ်ကိုယ် ထင်တစ်လုံးနဲ့လို့ ပြောကြတာ။

ဆရာက ပိဋကတ်စာပေထဲကြည့်လိုက်တဲ့အခါကျတော့ လူတစ်ကိုယ် မှာ ထင်သုံးလုံးတွေ့ရတယ်။ အခု လောဘအုပ်စုမှာပါတဲ့ လောဘရယ်, ဒိဋ္ဌိရယ်, မာနရယ်၊ ဒီသုံးခုနဲ့ လူတွေဟာ လူလုပ်နေကြတာ။ ဒီသုံးခုမရှိရင် လူဟာ တကယ့်လူ မှန်မှန်ကန်ကန် မဖြစ်တော့ဘူး။ တရားထိုင်တဲ့လူတွေ ပေါက်သွားတယ်ဆိုတာက လူမှန်မဖြစ်တော့ တရားလဲမရတော့ သူ့ကိုပေါက်သွားတယ်လို့ ပြောကြတယ်။ အဲဒါကြောင့် လောဘ, ဒိဋ္ဌိ, မာန-ဆိုတဲ့ ဒီတရားသုံးပါးဟာ လူမှာ ရှိကိုရှိရမယ်။ ရှိသင့်ရှိထိုက်တဲ့ လောဘ, ဒိဋ္ဌိ, မာနက ရှိကိုရှိရမယ်။ တကယ်မပယ်နိုင်ဘဲနဲ့ ပယ်သလိုလိုဘာလိုလို သွားလုပ်လို့ရှိရင် အဲဒါ ပေါက်သွားတာပဲ၊ အဲဒါကြောင့်မို့လို့ **ဆရာက လူတစ်ကိုယ်မှာ ထင်သုံးလုံးရှိတယ်လို့ ပြောတာ။ ထင်သုံးလုံးက တဏှာထင်ရယ်,**

ဒိဋ္ဌိထင်ရယ်, မာနထင်ရယ်–လို့ လူတစ်ကိုယ်မှာ ထင်သုံးလုံးရှိတယ်။ တရားအားထုတ်တဲ့ လူတွေကတော့ ထင်သုံးလုံးကို သဘောပေါက်နိုင်ပါတယ်။ လူငယ်တွေလဲ သဘောပေါက်အောင် ဆရာက ကြိုးစားပြောပါ့မယ်။

တဏှာထင်ဆိုတာက လောဘပေါ့၊ လောဘရယ် တဏှာရယ် ရာဂရယ် ဆရာကအတူတူပဲလို့ ပြောခဲ့တယ်မဟုတ်လား။ အရပ်ထဲမှာပြောတဲ့တဏှာကို ပြောတာမဟုတ်ဘူး။ ဒီ အဘိဓမ္မာမှာပါတဲ့ တဏှာကိုပြောတာ။ တဏှာထင်ဆိုတာက လူတွေဆိုတာ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုတော့ ကိုယ်ပိုင်တယ်လို့ မထင်မိဘူးလား၊ ထင်တာပဲ။ ကိုယ့်ကိုယ်ကိုမှ ကိုယ်ပိုင်တယ်လို့မထင်ရင် တရားလဲမရရင် ပေါက်သွားမှာပေါ့။ ကိုယ့်ကိုယ်ကိုတော့ ဒါ ငါ့ကိုယ်ပဲလို့တော့ ထင်တာပဲ၊ မထင်ဘူးလား။ ယောက်ျားလေးကလဲ ကိုယ့်ကိုယ်ကိုတော့ ငါယောက်ျားလို့ မထင်ဘူးလား၊ ထင်တယ်။ မိန်းကလေးတွေကလဲ ငါမိန်းမပဲလို့ ထင်တာပဲ။ အိမ်ထဲမှာနေလို့ရှိရင် ဒါ ငါ့အိမ်လို့ မထင်ဘူးလား၊ ဒါတွေက ဘာထင်တွေတုံး။ ဒါ တဏှာထင်တွေ၊ ငါပိုင်တယ်လို့ ထင်နေတာ။ အဲဒီတော့ ငါ့ကိုယ်, ငါ့သား, ငါ့မယား, ငါ့ပစ္စည်း, ငါ့ဥစ္စာ၊ ဒီလိုထင်တဲ့ အထင်မျိုးတွေဟာ တဏှာထင်တွေပဲ။

ဒိဋ္ဌိထင်ဆိုတဲ့အထင်မျိုးက လူတွေမှာ ငါဟာ တစ်ဘဝက **တစ်ဘဝ** ကို ပြောင်းသွားမယ်လို့ဆိုပြီး နောက်ဘဝကောင်းစားရေးတွေ မလုပ်ကြဘူးလား။ ငါဟာ ဒီဘဝက သေသွားရင် နောက်ဘဝကျတော့ လူပြန်ဖြစ်မယ်၊ သူဌေးဖြစ်မယ်၊ မင်းဖြစ်မယ်၊ နတ်ဖြစ်မယ်၊ ဗြဟ္မာဖြစ်မယ်၊ ဒီလို တစ်ဘဝက တစ်ဘဝ ပြောင်းသွားတယ်လို့ မထင်ဘူးလား။ ကိုယ်ခန္ဓာတွင်းမှာရှိတဲ့ ဝိညာဉ်ဟာ တစ်ဘဝက တစ်ဘဝပြောင်းသွားတယ်လို့ မထင်ဘူးလား၊ ထင်တာဘဲ။ အဲသလို ထင်နေတာက ဒိဋ္ဌိထင်လို့ခေါ်တယ်။ ဒီခန္ဓာကိုယ်ထဲမှာ မြဲတဲ့အတ္တဆိုတာရှိတယ်၊ ဒီအတ္တကို တစ်ဘဝက တစ်ဘဝ ပြောင်းသွားတဲ့ ဝိညာဉ်လို့လဲ ခေါ်တယ်။ အသက်လို့လဲ ခေါ်တယ်၊ ဇီဝ–လို့လဲခေါ်တယ်၊ ပြောင်းသွားတဲ့ သဘောတရားလေးရှိတယ်လို့ ဒီလိုထင်နေတယ်၊ ဒါ ဒိဋ္ဌိထင်လို့ ခေါ်တယ်။

မာနထင်ဆိုတာက ငါဟာ ဘာကောင်ကြီးပဲ၊ ငါဟာ လူပဲ၊ ငါဟာ ပညာရှိကြီးပဲ၊ ငါဟာ တကယ့်အဘိဓမ္မာဆရာကြီးပဲ-စသည်ပေါ့လေ။ ငါ, ငါ, ငါ-လို့ ဒီလိုထင်တဲ့ အထင်တွေဟာ ဒါတွေက မာနထင်တွေ။ ဒါကြောင့်မို့လို့ လူတစ်ကိုယ်မှာ ထင်တစ်လုံးမကပါဘူး၊ ထင်သုံးလုံးနဲ့ လူလုပ်နေတာပါ။ တဏှာထင်ရယ်, ဒိဋ္ဌိထင်ရယ်, မာနထင်ရယ်၊ ဒီထင်သုံးလုံးဟာ လူရိုးရိုးတွေမှာ ရှိကိုရှိရမယ်။ မှန်တဲ့အတိုင်း ရှိရမှာပေါ့။ အဲဒီတော့ လူတစ်ကိုယ်မှာ ထင်သုံးလုံးရှိတယ်။ ဒါကလဲ ပိဋကတ်ထဲက ထင်သုံးလုံးကို ပြောနေတာပါ။ တကယ့်တကယ် တရားအားထုတ်တဲ့ အခါမှာ တဏှာထင်က ဘယ်လိုထင်တယ်၊ မာနထင်က ဘယ်လိုထင်တယ်၊ ဒိဋ္ဌိထင်က ဘယ်လိုထင်တယ်ဆိုတာ သိလာပါတယ်။

မာနကတော့ ဒါလောက်ဆိုရင် တော်တော်ပိုင်သွားပါပြီ။ အဲဒီတော့ အကုသိုလ်စေတသိက် ဘယ်နှစ်လုံးကုန်သွားပြီလဲ၊ ခုနစ်လုံးကုန်သွားပြီ။ ၇-လုံးက ပတမ "မော, ဟိ, နော, ဥဒ်၊ မောစတုက်"။ မောစတုက်ဆိုတာက မောဟက စတဲ့ ၄-ခု၊ မော-ဆိုတာက မောဟ၊ ဟိ-ဆိုတာက အဟိရိက၊ နော-ဆိုတာက အနောတ္တပ္ပ၊ ဥဒ်-ဆိုတာက ဥဒ္ဓစ္စ၊ "မော, ဟိ, နော, ဥဒ်၊ မောစတုက်" ဒီ စေတသိက်လေးလုံးကို ထပ်ပြီး မကျက်ရတော့ဘူး။

"လော, မာန်, ဒိဋ္ဌိ၊ လော, တြိ။" လော=လောဘ၊ မာန်=မာန၊ ဒိဋ္ဌိ=ဒိဋ္ဌိ၊ လောတြိ=လော=လောဘ၊ တြိ=သုံးပါး၊ နောက်ကျတော့ လောတြိဆိုရင် လောဘစတဲ့ သုံးပါး လောဘ၊ ဒိဋ္ဌိ၊ မာန။ မောစတုက်ဆိုရင် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ အဲဒါသိရမယ်။ အဲဒီတော့ အကုသိုလ်စေတသိက် ၁၄-လုံးမှာ ၇-လုံး ကုန်သွားပြီ။

၇-လုံးထဲက "မော, ဟိ, နော, ဥဒ်၊ မောစတုက်"က အကုသိုလ်ပြု တိုင်း ပါဝင်တဲ့ စေတသိက်၊ သူတို့ကတော့ လောဘအုပ်စုဆိုလဲ ပါမှာပဲ။ ဒေါသအုပ်စုဆိုလဲ ပါမှာပဲ။ ဝိစိကိစ္ဆာအုပ်စုဆိုလဲ ပါမှာပဲ။ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ-ဆိုတဲ့ ဒီစေတသိက်လေးလုံးက ဘယ်အကုသိုလ် လုပ်လုပ် ဘယ်ဒုစရိုက်လုပ်လုပ် သူတို့က ပါနေမှာပဲ။

ဒီ လောဘ, ဒိဋ္ဌိ, မာန–ဆိုတာကတော့ လောဘအုပ်စုကျမှ သူတို့က ပါမှာ၊ ဒိုပြင်အုပ်စုကျရင် သူတို့က မပါဘူး။ လောဘအုပ်စုထဲမှာလဲ လောဘရယ်၊ ဒိဋ္ဌိရယ်၊ မာနရယ် ဒီလိုရှိတယ်၊ လောဘအုပ်စုမှာ ခေါင်းဆောင်ကတော့ လောဘပဲ။ ခေါင်းဆောင်တူပေမဲ့ ဒိဋ္ဌိအုပ်စုနဲ့ မာနအုပ်စုဆိုပြီးတော့ ဂိုဏ်းနှစ်ဂိုဏ်း ကွဲသွားတယ်။ အဲဒီတော့ ဒိဋ္ဌိအုပ်စုနဲ့ မာနအုပ်စု ဘာလို့ ကွဲတာတုံးဆိုတော့ စိတ်ယှဉ် စေတသိက်ယှဉ် ယှဉ်တဲ့အခါကျတော့ ဒိဋ္ဌိနဲ့မာနဟာ တစ်ပြိုင်နက်တည်း ဘယ်တော့မှမဖြစ်ဘူး၊ လောဘအုပ်စုတော့ မှန်တယ်၊ ဒိဋ္ဌိဖြစ်နေတဲ့အခါမှာ မာန မပါရဘူး၊ မာနဖြစ်နေတဲ့အခါမှာ ဒိဋ္ဌိက မပါရဘူး၊ ဒိဋ္ဌိနဲ့မာန ဒီစေတသိက်နှစ်ခုဟာ တစ်ပြိုင်နက်မဖြစ်နိုင်ဘူး။ ဒိဋ္ဌိကလဲ သူက ကေသရရာဇာခြင်္သေ့မင်းပဲ၊ ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် မအောင်းဘူးဆိုတဲ့ အစိပ္ပါယ်မျိုး။ ဒိဋ္ဌိကလဲ သူက ခေါင်းဆောင်ပဲ၊ ဒိဋ္ဌိဆိုတဲ့ စေတသိက်ကလဲ ကမ္ဘာသူကမ္ဘာသား လူအများကို အယူဝါဒအမျိုးမျိုးတွေ သွတ်သွင်းပေးတဲ့ ဂိုဏ်းခေါင်းဆောင်ကြီးတစ်ယောက်ပဲ။ နို့ပေမဲ့ သူ့နောက်က လောဘက ကြိုးကိုင်ပေးနေတာ။ ဒိဋ္ဌိစေတသိက်က ဘာဖြစ်လို့ ကမ္ဘာသူကမ္ဘာသားတွေကို အယူဝါဒ အမျိုးမျိုးတွေ သွတ်သွင်းပေးနေတာလဲဆိုတော့ လူတွေကို နွားလို နဖားကြိုးတပ်ပြီး ခိုင်းစားချင်လို့ လောဘက ဒိဋ္ဌိကို စည်းရုံးခိုင်းထားတာ။ အဲဒီတော့ ဒိဋ္ဌိက ခေါင်းဆောင်ကြီး ဖြစ်နေတဲ့အခါမှာ မာနက ဝင်ပါလို့ မရဘူး။ နောက်က လောဘဆရာကတော့ ရှိနေတာပဲ။

တစ်ခါ မာနအုပ်စုကျတော့လဲ ကမ္ဘာပေါ်ရှိတဲ့လူတွေကို ငါက ပညာရှိကြီးပဲ၊ ငါပါရဂူကြီးပဲ၊ ငါသူဌေးကြီးပဲ၊ ရှိသမျှလူတွေကို မာနက အကုန် စည်းရုံးတာပဲ။ ငါက သတ္တိရှိတယ်။ တို့လူမျိုးက ဘယ်လောက်သတ္တိရှိတယ်၊ တို့လူမျိုးက ဘယ်လောက် ပညာတတ်တယ်၊ တို့လူမျိုးက ဘယ်လောက်ချမ်းသာတယ်ဆိုပြီးတော့ ကမ္ဘာပေါ်ရှိတဲ့ လူတွေကို မာနကလဲ စည်းရုံးတယ်။ ဒိဋ္ဌိကလဲ သူ့အုပ်စုနဲ့သူ စည်းရုံးလိုက်တာပဲ။

သို့သော် ဒိဋ္ဌိနဲ့မာနက လောဘအုပ်စုထဲမှာ ပါပေတဲ့ သူတို့အုပ်စု နှစ်ခုက ဘယ်အခါမှ တွဲလို့ မရဘူး။

ဘာလို့ တွဲမရသလဲဆိုတော့ ဥပမာ ခေတ်ဆန်ဆန် ပြောရမယ်ဆိုရင် ဒိဋ္ဌိအုပ်စုက ပစ္စည်းမဲ့ ပညာမဲ့ အာဏာမဲ့လူတန်းစားတွေကို သူက အယူဝါဒတွေ့နဲ့ စည်းရုံးတယ်ဆိုရင် မာနအုပ်စုကလဲ ပစ္စည်းရှင် ပညာရှင် အာဏာရှင် အထက်တန်းစား ဂုဏ်ရှိတဲ့လူတွေကို စည်းရုံးလိုက်တယ်။ အဲဒီလို မာနအုပ်စုနဲ့ ဒိဋ္ဌိအုပ်စုဟာ အောက်တန်းစားနဲ့ အထက်တန်းစား လူတွေကို လူလူချင်း ပဋိပက္ခဖြစ်အောင် အမြဲတမ်း အပြိုင်စည်းရုံးနေတဲ့ အခါကျတော့ မာနအုပ်စုနဲ့ ဒိဋ္ဌိအုပ်စုဟာ ဘယ်အခါမှ ပေါင်းလို့မရဘူး၊ ပေါင်းလို့မရတော့ ဒိဋ္ဌိခေါင်းဆောင်တဲ့အခါမှာ မာနမပါဘူး၊ မာနခေါင်းဆောင်တဲ့အခါမှာ ဒိဋ္ဌိမပါဘူး။ သို့ပေမဲ့ နောက်ကို ပြန်ကြည့်ရင် မာနရဲ့ ဆရာကလဲ လောဘပဲ၊ လောဘက မာနကို လူတွေအထင်ကြီးအောင် ဘဝင်မြင့်အောင် ငါသူဌေးကြီးပဲ ငါစစ်ဗိုလ်ချုပ်ကြီးပဲ ငါဟာ ပါရဂူကြီးပဲ ငါဟာ ပညာရှင်ကြီးပဲလို့ ဒီလိုလူတွေ မာန်တက်ကြွအောင် သူက စည်းရုံးခိုင်းထားတာ။ လောဘက သတ္တဝါတွေ သံသရာထဲမှာ မခွာနိုင်အောင် ခိုင်းချင်တာ။ သတ္တဝါတွေကို သူဖြစ်ချင်သလိုဖြစ်အောင် ခိုင်းစားချင်လို့ လောဘက နောက်ကခိုင်းနေတော့ မာနက အကုန်လျှောက်စည်းရုံးရတယ်။ အဲဒီတော့ သေယျပုဂ္ဂိုလ်ကလဲ သေယျမာန်နဲ့၊ သဒိသပုဂ္ဂိုလ်ကလဲ သဒိသမာန်နဲ့၊ ဟီနပုဂ္ဂိုလ်ကလဲ ဟီနမာန်နဲ့၊ မာနနဲ့ လူလုပ်နေကြတာ။

ဒိဋ္ဌိကလဲ သူတို့အယူဝါဒတွေနဲ့ တို့က ဘာအယူ, ဘာဂိုဏ်း၊ တို့ဝါဒက ဘာ။ ပုထုဇဉ်သား လူမှာ အယူဝါဒမရှိတဲ့လူရယ်လို့ မရှိပါဘူး။ တို့ကတော့ ဘယ်ဘာသာမှ မယူဘူး၊ ဘယ်အယူဝါဒမှ မရှိဘူးလို့ တချို့လူတွေ ပြောတတ်ကြတယ်။ သူဘယ်အထဲမှ မပါတာကိုက အယူဝါဒတစ်ခုပဲ၊ သူက သီးခြားအယူဝါဒတစ်ခုနဲ့ နေတာပဲ။

ဒိဋ္ဌိနဲ့ကင်းပြီးတော့ ပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ နေလို့မရပါဘူးတဲ့။ တချို့တလေက သောတာပန်ဖြစ်တဲ့အခါကျတော့ ဒိဋ္ဌိကိုပယ်လိုက်တယ်။ ဒိဋ္ဌိကိုပယ်လိုက်တဲ့ သောတာပန်ဆိုတဲ့ အရိယာပုဂ္ဂိုလ်မှာ ဒိဋ္ဌိဆိုတဲ့ မှားတဲ့ အယူဝါဒတွေ မရှိတော့ဘူး။ သောတာပန်ဆိုတာက ဘယ်သူမှ သူ့ကို အယူဝါဒနဲ့ လှည့်စားလို့မရဘူး၊ ဘယ်ပါရဂူကြီးတွေ ဘယ်လောက်တရား ဟောကောင်းကောင်း၊ ဘယ်လောက်တန်ခိုးကြီးတဲ့နတ်တွေ ဘုရားယောင် ဆောင်ပြီးတော့ သူ့ကိုဟောဟော သောတာပန်က အယူဝါဒတော့ မပြောင်း တော့ဘူးတဲ့။ ဒိဋ္ဌိပြုက်သွားတယ်လို့ သူ့ကို ခေါ်တယ်။

ဒိဋ္ဌိပြုတ်တော့ ဘာနဲ့နေတာတုံး၊ သောတာပန်ဟာ လူလုပ်ပြီး တော့ နေသေးတာပဲ။ ဒိဋ္ဌိပြုတ်တော့ ဘာနဲ့ လူလုပ်နေတာတုံးဆိုတော့ မာနနဲ့ လူလုပ်နေတာ။ ငါဟာ လူပဲလို့ သူ့ဟာသူတော့ ထင်သေးတာပဲ။ ငါဟာ မိန်းမကလဲ မိန်းမပဲ၊ ယောကျ်ားကလဲ ယောကျ်ားပဲ၊ အဲဒီလို ဒိဋ္ဌိ ပြုတ်သွားတဲ့အခါကျတော့ ဒီ ဒိဋ္ဌိနေရာမှာ မာနက ဝင်ပြီးနေလိုက်တော့ မာနကလဲ လူလုပ်လို့ရတာပဲတဲ့။ တကယ် မာနပါ ပြုတ်သွားတဲ့အခါကျတော့ လူလုပ်လို့ရသေးရဲ့လား၊ မာနပါပြုတ်သွားရင် မာနဆိုတာ ရဟန္တာမှာလုံးလုံး မရှိတော့ဘူး။ သူ့ကိုယ်သူ လူလို့မထင်တော့ဘူး၊ ပုဂ္ဂိုလ်လို့လဲ မထင်တော့ ဘူး၊ ငါလို့လဲ မထင်တော့ဘူး။ သတ္တဝါလို့လဲ မထင်တော့ဘူး။ မထင်တော့ လူလုပ်လို့မရတော့ဘူး။ အဲဒါကြောင့် လူထဲက လူဝတ်ကြောင် ပုဂ္ဂိုလ်တုံး ဟာ ဒီနေ့ရဟန္တာဖြစ်လို့ရှိရင် သူ သေချင်သေရမယ်၊ ပရိနိဗ္ဗာန်ပြုတာ ပေါ့၊ မသေရင်လဲ တောထွက်သွားရမယ်။ ဘာဖြစ်လို့တုံးဆိုတော့ သူက မာနမရှိတော့ဘူး၊ ရဟန္တာဖြစ်သွားပြီးရင် လူဝတ်ကြောင်နဲ့တော့ နေလို့မရ တော့ဘူး၊ တောထွက်ပြီး ရဟန်းလုပ်သွားမယ်၊ ဒီနှစ်လမ်း တစ်လမ်း လမ်းပဲရှိတယ်။ ဒါကြောင့်မို့လို့ ဒိဋ္ဌိပြုတ်သွားပေမဲ့ ဒိဋ္ဌိနေရာမှာ မာနက ဝင်ပြီးတော့နေတယ်။ **အရိယာတွေကျတော့ ဒိဋ္ဌိက တွဲလို့မရဘူး၊ စိတ်ယှဉ်** စေတသိက်ယှဉ်ကို နောက်ကျတော့ သင်ကြ**ရမယ်**။

## ဒေါသအုပ်စုဥ္သာ ပါဝင်သည့် စေတသိက်

**ဒေါသစေတသိက်** လောဘအုပ်စုပြီးတဲ့အခါကျတော့ ဒေါသအုပ်စု။ အကုသိုလ်မှာ အုပ်စုသုံးခုကွဲနေတယ်။ လောဘအုပ်စုရယ်, ဒေါသအုပ်စုရယ်, ဝိစိကိစ္ဆာအုပ်စုရယ်။ အဲဒီတော့ ဒေါသအုပ်စုမှာက ဒေါသအုပ်စုဥ္သာ ပါဝင်တဲ့စေတသိက်က ၄-လုံးရှိတယ်။ ဒေါသရယ်, ဣဿာရယ်, မစ္ဆရိယရယ်, ကုက္ကုစ္စရယ်။ ဒေါသအုပ်စုမှာ ပါတဲ့ စေတသိက် ၄-လုံးက သူတို့က လောဘအုပ်စုနဲ့ ဘယ်တော့မှ မပေါင်းဘူး။ လောဘအုပ်စုက တက်ပြီးတော့ လူရဲ့ခန္ဓာကိုယ်မှာ အုပ်စိုးတဲ့အခါမှာ ဒေါသအုပ်စုက အတိုက်အခံဘက် ရောက်သွားတယ်။ ဒေါသအုပ်စုက လူ့ရဲ့ခန္ဓာကိုယ်မှာ တက်ပြီး အုပ်စိုးတဲ့အခါမှာ လောဘအုပ်စုက အတိုက်အခံဘက် ရောက်သွားတယ်။ အခုန ဒိဋ္ဌိအုပ်စုနဲ့ မာနအုပ်စုဟာ ပြိုင်ပြီးဖြစ်လို့ မရသလို ဒီ လူရဲ့ခန္ဓာကိုယ်မှာလဲ လောဘအုပ်စုနဲ့ ဒေါသအုပ်စုဟာ အတူတူအုပ်စိုး လို့မရဘူး။ အဲဒါကြောင့် ဒေါသအုပ်စုဥ္သာပါတဲ့ စေတသိက်က ဒေါသရယ်, ဣဿာရယ်, မစ္ဆရိယရယ်, ကုက္ကုစ္စရယ်၊ လေးလုံးပဲရှိတယ်။ ဒီလေးခုမှာ ဒေါသဆိုတာဟာ မြန်မာလိုပြန်ရင် ရှုပ်တောင် ရှုပ်သွားသေးတယ်။ ဒေါသဟာ မြန်မာစကားလို ဖြစ်နေတယ်။ တကယ်ကတော့ အဘိဓမ္မာမှာပါတဲ့ စေတသိက် စကားတစ်ခု အစစ်ပဲ။ စေတသိက်အစစ်ပေမဲ့ ရှေးတုန်းက မြန်မာတွေ အဘိဓမ္မာကို ဘယ်လောက်သင်ခဲ့ကြသလဲဆိုတော့ ယခုအထိ မြန်မာပြည် တစ်ပြည်လုံးမှာ လူတိုင်းလူတိုင်း ယောကျ်ားမိန်းမ အကုန်လုံးမသိပေမဲ့ အဘိဓမ္မာစကားလုံးတွေ ပြောနေကြတယ်။ အခု အနှစ် ၇၀/၈၀-လောက် ဒီဘက်မှာ မြန်မာစကားမှာ ပြဿနာတွေ ဖြစ်လာတယ်၊ ပြဿနာဖြစ်လို့လဲ ပြဿနာတွေ ဖြစ်ကုန်တာပဲ။

ဟိုတုန်းက ယောကျ်ားလေး မိန်းကလေး ငယ်ငယ်ကစပြီးတော့ ကျောင်းတိုင်းကျောင်းတိုင်းမှာ အဘိဓမ္မာကတော့ အကုန်သင်ရတာပဲ။ **အဘိဓမ္မာစကားလုံးတွေဟာ** မြန်မာစကားတွေ ဖြစ်ကုန်တယ်။ **အဘိဓမ္မာ**

မှာ ဒေါသကို မြန်မာလိုပြန်ရင် ဒေါသပဲ။ အဲဒီတော့ ဒေါသကို စိတ်ဆိုးမှုလို့ ပြန်တော့ စိတ်ဆိုးတယ်ဆိုတာ မြန်မာစကားအစစ်။ ဒီလူ ဒေါသကြီးလိုက်တာဆိုတော့ ဒါမြန်မာစကားအစစ်မဟုတ်ဘူး။ အဲဒီတော့ မြန်မာစကားမှာ စိတ်ရယ် ဆိုးတာရယ် နှစ်ခုခွဲတော့ ဆိုးတယ်ဆိုတာ မကောင်းဘူးပေါ့။ မြန်မာက လူဆိုးဆိုတာက သိပ်မိုက်တဲ့လူကို လူဆိုးလို့ ခေါ်တယ်၊ မကောင်းတဲ့လူကို လူဆိုးလို့ခေါ်တယ်၊ ဆိုးတယ်ဆိုတော့ မကောင်းတဲ့စိတ်ကို စိတ်ဆိုးလို့ ပြောတာပေါ့။ မကောင်းတဲ့ စိတ်တွေမှန် သမျှ အကုန်စိတ်ဆိုးချည်းပဲပေါ့။ စိတ်ဆိုးတယ်ဆိုတာက ခုန လူဆိုးဆိုတဲ့ မြန်မာစကားနဲ့ ယှဉ်ကြည့်ရင် ဆိုးတယ်ဆိုတဲ့စေတသိက်ဟာ အကုသိုလ် စေတသိက် မှန်သမျှ အကုန်ဆိုးတာပဲ၊ သို့ပေမဲ့ စိတ်ဆိုးတယ်ဆိုလို့ရှိရင် ဒေါသကိုပဲ မြန်မာက နားလည်တယ်၊ ဒေါသကို ကြမ်းတမ်းမှုလို့ ပြန် တော့ ကွက်ကျော်ဖြစ်နေတယ်။ ဘယ်လို ကွက်ကျော်တုံးဆိုတော့ ဒေါသ ဖြစ်လာတဲ့ လူမှာသာ, စိတ်ဆိုးတဲ့လူမှာသာ ကြမ်းလာတာ၊ အဲဒီတော့ တကယ်က ဒေါသရဲ့ သဘောလက္ခဏာက ကြမ်းတဲ့သဘောကိုဖြစ်စေလို့ ကြမ်းတမ်းမှုလို့ပြန်တာ၊ တကယ်ကတော့ စိတ်ကပိုပြီးတော့ မကြမ်းပါဘူး၊ စိတ်ကတော့ ဒီစိတ်ကလေးပဲ၊ သို့ပေတဲ့ ဒီပြင်စိတ်နဲ့စာရင်သာ ဘေးကလူ တွေ မြင်ရတာက သူ့အသွင်ဆောင်နေတာက ကြမ်းတဲ့ သဘောလက္ခဏာ ရှိလို့ပါ။ ခက်ထန်တယ်ဆိုတာလဲ မြန်မာစကားက ခက်ထန်တာနဲ့ ကြမ်းတမ်း တာနဲ့ အတူတူပါပဲ။ အဲဒီတော့ စိတ်ဆိုးတယ်ပဲပြန်ပြန်၊ ကြမ်းတမ်းတယ်ပဲ ပြန်ပြန်၊ ခက်ထန်တယ်ပဲပြန်ပြန်၊ ရှင်းရှင်းကတော့ ဒေါသကို ဘာသာပြန် ရင် ရှုပ်နေတာပါပဲ။

အဲဒီတော့ ပါဠိမှာလဲ ဒေါသရဲ့ စကားလုံးတွေဟာ အများကြီးပဲ၊ များပေမဲ့ အဘိဓမ္မာမှာ သိသင့်သိထိုက်တာကတော့ "ပဋိဃ"လို့လဲခေါ် တယ်။ စိတ်ပိုင်းသင်တဲ့အခါကျတော့ ဒေါသမူစိတ်မှာ ပဋိဃသမ္ပယုတ္တံ လို့ ဒီလိုမလာဘူးလား။ ပဋိဃသမ္ပယုတ္တံ=ဒေါသနဲ့ယှဉ်သော-လို့ ရေးက

ဘာသာပြန်ကြတယ်။ အဲဒီတော့ "ပဋိဃ"ဆိုတာ ဒေါသကို ခေါ်တာပဲ။ ပဋိဃဆိုတာ စိတ်ထဲမှာ နည်းနည်းပင်ပန်းသွားတာ၊ စိတ်ထိခိုက်သွားတာကို ပဋိဃလို့ ခေါ်တယ်။ ဒီစိတ်ဖြစ်လာလို့ရှိရင် လူမှာ နည်းနည်းထိခိုက်သွားလို့ ပဋိဃလို့ခေါ်တယ်။ အဲဒီတော့ ပဋိဃဟာ ဒေါသကို ခေါ်တာပဲ။

တစ်ခါ အဘိဓမ္မာမှာ အာဃာတလို့လဲ ခေါ်သေးတယ်။ အာဃာတဆိုတာကတော့ မြန်မာစကားတောင် ဖြစ်နေတယ်။ မြန်မာက "အာဃာတ" ဆိုရင် ဘယ်လိုနားလည်သတုံး၊ ရန်ငြိုးလို့ နားလည်တယ်။ ပါဠိစကားမှာ အာဃာတ-ဆိုတာ ဒေါသပဲ။ ပဋိဃနဲ့ ဘာမှ မထူးဘူး။ ဒေါသဖြစ်ခြင်းရဲ့ အကြောင်းတရား ၉-ပါးကို အာဃာတဝတ္ထု ၉-ပါးလို့ဆိုတော့ "အာဃာတ" ကို မြန်မာက ရန်ငြိုးလို့ သုံးလိုက်တာပေါ့။ အာဃာတဝတ္ထုဆိုတာက ဒေါသဖြစ်ခြင်းရဲ့ အကြောင်းတရား။ တစ်ယောက်ကို တစ်ယောက် အာဃာတ-ထားတယ်ဆိုတာ မြန်မာက ရန်ငြိုးထားတယ်လို့ဆိုတယ်။ အာဃာတကတော့ မြန်မာအဘိဓာန်မှာ ဒေါသလို့ ပြန်လို့ မရတော့ဘူး။ မြန်မာအဘိဓာန်မှာ ပြန်တဲ့အခါကျတော့ အားလုံးနားလည်အောင် အာဃာတ-ဟာ ရန်ငြိုးလို့ ဒီလိုပဲ ပြန်ရမှာပဲ။ ပါဠိက မှန်သလားဆိုတော့ အဘိဓမ္မာအနေနဲ့ဆိုတော့မမှန်ဘူး။ မြန်မာအနေက အာဃာတ-ကို ရန်ငြိုးလို့ နားလည်နေတယ်။

အမှန်က အာဃာတ-ဟာ ဒေါသပဲ။ အာဃာတ-ဟာလူကို ဖျက်ဆီးတတ်တယ်၊ ဒေါသ-ဟာ လူကို ဖျက်ဆီးတတ်တယ်၊ ကောင်းနေတဲ့ လူတစ်ယောက်ဟာ ဒေါသဖြစ်လာလို့ရှိရင် ပျက်စီးသွားတာပဲ၊ လူကို ပျက်စီးစေလို့ သူ့ကိုဖျက်ဆီးတတ်တယ်လို့ဆိုတာ၊ ဒေါသ-ဟာ လူကို ဖျက်ဆီးတတ်တယ်။ တချို့တလေ ဘယ်လောက်ထိအောင် ပျက်စီးသလဲဆိုရင် ဒေါသဖြစ်တဲ့အခါကျတော့ စိတ်ကိုမထိန်းနိုင်ဘူးဆိုလို့ရှိရင် တစ်ယောက်တစ်ယောက် သတ်ကြပုတ်ကြရင်းက သတ်ပစ်တဲ့အထိ ဒီလိုရောက်သွားတာပဲ။ လူတစ်ဖက်သားကို သေအောင် ဖျက်ဆီးပစ်လိုက်တာ။ အဲဒီတော့ သူ့ကို သေအောင်လုပ်လိုက်တဲ့ခါကျတော့ ကိုယ်လဲ ထောင်ကျခံရ၊ အချုပ်ခံရနဲ့ ပျက်စီးသွားတာပဲ၊ ဒေါသ-ဟာ မိမိကိုယ်ကိုလဲ ပျက်စီးစေတယ်၊ သူ

တစ်ပါးကိုလဲ ဖျက်ဆီးတတ်တယ်။ ဒီပြင် လောဘတို့, ဒိဋ္ဌိတို့, မာနတို့ရော မဖျက်ဆီးဘူးလားဆိုရင် တော်သေးတယ်။ ရှိသင့်တဲ့ လောဘ-ဟာ လူမှာ ရှိကိုရှိရမယ်။ ဒိဋ္ဌိကျတော့လဲ ရှိသင့်တဲ့ဒိဋ္ဌိဟာ ရှိကိုရှိရမယ်။ ဒီလောဘ, ဒိဋ္ဌိတို့က လူတွေကို ချမ်းသာစေနိုင်တယ်၊ ကြီးပွားစေနိုင်တယ်။ ရှိသင့်တဲ့ မာနကလဲ လူတွေကို ကြီးပွားစေနိုင်တာပါပဲ။

ဒေါသ-ကတော့ အဲဒီတရားသုံးပါးနဲ့ မတူဘူး၊ ဒေါသအုပ်စုက တရားတွေက လူတွေကိုဖျက်ဆီးတတ်တယ်။ ဒေါသဖြစ်လာရင် နည်းနည်း ဒေါသပဲ ဖြစ်ဖြစ်၊ များများဒေါသပဲ ဖြစ်ဖြစ်၊ ဘယ်ဒေါသပဲ ဖြစ်ဖြစ်၊ အားလုံးပျက်စီးစေတာပဲ။ ဒေါသမှန်သမျှ အားလုံးပျက်စီးစေတာပဲ။ အိမ်က အဖေက ဒေါသဖြစ်နေတယ်ဆိုရင် တစ်အိမ်လုံး နေလို့ရသေးရဲ့လား၊ အကုန်လုံး စိတ်ဆင်းရဲတာပဲ။ မအေက ဒေါသဖြစ်နေတယ်ဆိုရင်ကော အကုန်လုံးစိတ် ဆင်းရဲတာပဲ၊ တစ်ယောက် ဒေါသဖြစ်နေတယ်ဆိုလို့ရှိရင် အဲဒီအိမ်ဟာ နေလို့ကို မကောင်းတော့ဘူး။

ဒါကြောင့်မို့လို့ ဒီပြင်တရားတွေကို မလျှော့ကျင့်နိုင်ရင် ထား၊ ဒေါသကတော့ လျှော့ကျင့်မယ်ဆိုရင် ရပါတယ်။ ဖအေလုပ်တဲ့လူကလဲ သားသမီးတွေ, မယားတွေ အပြစ်ရှိလို့ ပြောချင်တယ်ဆိုပေမဲ့ **မပြောပဲ** အောင့်ထားရင် ရတာပါပဲ၊ ပြောစရှိတဲ့လူဟာ ပြောချင်တာပဲ။ **သြော်**-- ငါပြောလိုက်လို့တော့ ဘာမှအကြောင်းမထူးဘူး၊ အကုန်လုံး **စိတ်ဆင်းရဲ**ရှိမှာပဲ၊ **စိတ်မဆိုး**ပဲနဲ့ မယားနဲ့ သားတွေသမီးတွေကို **ပြောရင်**လဲ **ရ**တာပဲ။ နည်းနည်း သတိလေးပဲလိုတာပါ။ လူတစ်ယောက် စိတ်ဆိုးတယ်ဆိုလို့ရှိရင် တစ်အိမ်လုံး စိတ်ဆင်းရဲတယ်၊ တစ်အိမ်လုံးလူတွေဟာ ပျက်စီးသွားတာပဲ။ အဲဒါကြောင့် ဒေါသဆိုတဲ့တရားဟာ ပထမ ကိုယ့်ကို စိတ်ဆင်းရဲစေတယ်၊ ကိုယ့်စိတ် ပျက်စီးသွားတယ်၊ ဒီ့ထက်ပိုဆိုးလို့ရှိရင် သားတွေသမီးတွေနဲ့ တကွဲတပြား၊ လင်နဲ့မယား တကွဲတပြား၊ **စီးပွားရေး**တွေကော အကုန်လုံး ပျက်စီးသွားတာပဲ၊ အဲဒီလောက်ထိအောင် ဒေါသက **ဆိုး**တယ်။ ဒါကြောင့်မို့လို့ ဒေါသဟာ လျှော့ကျင့်မယ်ဆိုရင် လျှော့ကျင့်လို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

နှနဲ့ လောဘ, ဒိဋ္ဌိ, မာန-တို့လို ရှိသင့်တဲ့ ဒေါသရယ်လို့ မရှိတော့ဘူး။ ဒေါသမှန်သမျှ လူမှာ ဘယ်ဒေါသမှ ကောင်းကျိုးပေးတဲ့ဒေါသရယ်လို့ မရှိဘူး။ 'ပဋိဃ'လို့လဲခေါ်တယ်၊ 'အာဃာတ'လို့လဲခေါ်တယ်၊ 'ဗျာပါဒ'လို့လဲ နောက် ခေါ်တာ တွေ့အုံးမယ်။ မနောက်ကျတဲ့အခါကျတော့ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဆိုပြီးတော့ မနောက်သုံးပါး နောက်ကျတော့ သင်မှာပါ။

အဲဒီတော့ ဗျာပါဒဆိုတဲ့ပါဠိကလဲ ပျက်စီးစေတယ်၊ ဖျက်ဆီးတတ်တယ်။ မနောက်ကျတော့ စီးပွားဥစ္စာတင်မကဘူး၊ လူတစ်ယောက်ကို သေအောင် ဖျက်ဆီးဖို့လို့ ဒီလိုကြံစည်တာကို ဗျာပါဒ-လို့ ခေါ်တယ်။ လူတစ်ယောက်ကို သေပါစေ၊ ဒီလူ ခပ်မြန်မြန်သေပါစေဆိုတဲ့ ဒီလို လူကို ပျက်စီးအောင် သေစေလိုတဲ့စိတ် ဖြစ်နေတာကို "ဗျာပါဒ"၊ ကိုယ်နဲ့မတည့်တဲ့ လူကျလို့ရှိ ရင် ဒီကောင်ကြီး မသေသေးဘူးလား၊ ခပ်မြန်မြန်သေပါစေလို့ လူဟာ ဒီလိုဖြစ်တတ်တာပဲ၊ ဒါ မနောက်။ အဲဒါကြောင့်မို့လို့ ဒေါသရဲ့ ပရိယာယ်တွေဟာ ပဋိဃတို့ ဗျာပါဒတို့ ရှိတာပဲ၊ ဒါတွေဟာ ဘာသာပြန်ရလဲ ခက်ပါတယ်၊ ဒေါသကို ဒါကြောင့်မို့လို့ ဒေါသအတိုင်း ထားတာက စိတ်ဆိုးမှုတို့ ကြမ်းတမ်းမှုတို့ ခက်ထန်မှုတို့ထက် နားလည်လွယ်ပါတယ်။ ဒီတော့ ဒေါသအုပ်စုမှာ ဒေါသပြီးတဲ့ခါကျတော့ ဣဿာ။

**ဣဿာစေတသိက်** ဣဿာကလဲ မြန်မာမှာ တော်တော်အသုံးများတယ်၊ ရိုးရိုးဘာသာပြန်မယ်ဆိုလို့ရှိရင် ရှေးက ဆရာကြီးတွေကတော့ ဣဿာကို ငြူစူမှုတဲ့။ မြန်မာကတော့ ငြူစူတယ်ဆိုတာ သိပ်ပြီးတော့ နားမလည်ဘူး၊ မနာလိုမှုဆိုတာ နားလည်တယ်။ အဲဒီတော့ မနာလိုတာ အရပ်ထဲမှာ ဣဿာနဲ့ အဘိဇ္ဈာကို လွဲပြီးတော့ ခေါ်တယ်။ အဘိဇ္ဈာကလဲ လောဘတုန်း က ပြောခဲ့ပြီးသားပါ။

အဘိဇ္ဈာက လုပ်ကြံမှုပဲ၊ ဣဿာက မနာလိုတာ။ ဣဿာဆိုတာက သူတစ်ပါးချမ်းသာတာကို သက်သက်မနာလိုတာ၊ ဒီဒေါသအုပ်စုမှာ ပါတဲ့တရားတွေက နည်းနည်းမှ မကောင်းဘူး၊ လောကကြီးမှာ ဘယ်နေရာ

မှာမှ သုံးလို့မရဘူး။ ဣဿာဆိုတာက သူများမော်တော်ကားစီးနိုင်တာကို ကိုယ်က ကြားထဲက ဒီကောင် မော်တော်ကားကြီးနဲ့ပါလား၊ ဘယ်တုန်းက ဘာတွေသုံးထားတာပဲ၊ ကိုယ်နဲ့ဘာမှမဆိုင်ဘဲ သက်သက်မနာလိုဘူး၊ ဟာ ဒီကောင်တော့ တိုက်ဆောက်တယ်ကွ၊ တိုက်ဆောက်မှာပေါ့ ဒီကောင် ဘယ်တုန်းက ဘာတွေ လုပ်ထားတာပဲ။ ဣဿာက သူတစ်ပါး တိုက်နဲ့နေတာ ချမ်းသာတာကို မကြည့်နိုင်ဘူး။ အဲဒီ မနာလိုတဲ့ ဣဿာဟာ ထိုးဆွပေးတဲ့လူတွေရှိလို့ရှိရင် အဲဒီ ချမ်းသာတဲ့လူတွေ ရာထူးကြီးကြီးရှိတဲ့လူတွေ အကုန်လုံးကို သူက ဖျက်ဆီးပစ်လိုက်မယ်။ ရာထူးမရတဲ့ လူတွေက ရာထူးကြီးကြီးရှိတဲ့ လူတွေကို မနာလိုကြဘူး၊ ဆင်းရဲတဲ့လူတွေက ချမ်းသာတဲ့လူတွေကို မနာလိုကြဘူး။ နဂိုကထဲက လူရဲ့သဘာဝမှာကိုက ငယ်ငယ်ကထဲက ဒီဓာတ်ကိန်းလာတာ။ အဲဒီ ဣဿာကို ထိုးဆွပေးမဲ့ လူတွေပေါ်လာမယ်ဆိုရင် ချမ်းသာတဲ့လူတွေလဲ အကုန်ဒုက္ခရောက်မယ်၊ ရာထူးကြီးကြီးလူတွေလဲ အကုန်ဒုက္ခရောက်ကုန်မှာဘဲ၊ အဲဒီတော့ ဣဿာဆိုတဲ့ တရားက ကိုယ့်စိတ်ထဲမှာ ကိုယ်ဖြစ်တယ်ဆိုပေမဲ့ ထိုးဆွပေးမဲ့လူမရှိရင်သာ ထိုးဆွပေးမဲ့လူရှိလာလို့ရှိရင် ပေါက်ကွဲမှာပဲ။ ဒါကြောင့်မို့လို့ ဣဿာက သူတစ်ပါးချမ်းသာတာ သူတစ်ပါးရာထူးရတာ ဒါတွေကို သက်သက်မနာလိုဘူး၊ မကြည့်နိုင်ဘူး၊ များသောအားဖြင့် လူ့သဘောမှာ တချို့တလေ မိန်းကလေးတွေဆိုရင် ကိုယ့်ထက်လှတဲ့လူဆိုရင် ပြုံးသာပြုံးရတယ် ကိုယ့်ထက်ပိုလှတယ်ဆိုရင် သူတို့က သိပ်မနာလိုချင်ဘူး၊ ဒါ မိန်းကလေးတွေမှာ သာပြောတယ်၊ ယောကျ်ားကလေးတွေလဲ ဒီလိုပါပဲ၊ မနာလိုတဲ့ ဣဿာသဘောဟာ ကိုယ်က ဘာမှပေးရတာလဲမဟုတ်ဘူး၊ ကိုယ့်မှာ ဘာမှလဲ ထိခိုက်တာမဟုတ်ဘူး၊ ကိုယ့်မှာ ဘာအကျိုးကျေးဇူးမှလဲ မရှိဘူး၊ သက်သက်မဲ့ ဒီစိတ်ကပေါ်လာတာ။

ဣဿာဆိုတာလဲ လေ့ကျင့်မယ်ဆိုရင် လွယ်ပါတယ်၊ ကိုယ်က ဘာမှ စိုက်ပေးရတာလဲမဟုတ်ပါဘူး၊ သူ့ဟာသာသူချမ်းသာလို့လဲ ကိုယ့်ဆီက ဘာမှပါသွားတာလဲ မဟုတ်ပါဘူး၊ သူမော်တော်ကားစီးလို့လဲ ကိုယ့်

မှာ ဘာမှဖြစ်တာမဟုတ်ဘူး၊ သူရာထူးကြီးကြီးရလို့လဲ ကိုယ့်မှာ လာ ထိခိုက်တာလဲမဟုတ်ဘူး၊ ကိုယ့်မထိခိုက်ဘဲနဲ့ သက်သက်မဲ့ ကိုယ့်ထက် သာ မနာလိုတာ။ ဣဿာကလဲ သူဟာ တော်တော်ဖျက်ဆီးတတ်တဲ့ တရားပဲ။ ခုန ဒေါသကိုသာ သူကခေါင်းဆောင်မို့လို့ လူတွေကို ဖျက်ဆီး တတ်တယ်၊ ပျက်စီးစေတယ်လို့ဆိုတယ်။ တကယ်ကတော့ ဣဿာရဲ့ ငြူစူမှု၊ မနာလိုမှု–ဆိုတာလဲ သူ့ကိုပြန်ပြီးတော့ ချုပ်လိုက်ရင် ဒီဣဿာ ဓာတ်ကိန်းနေလို့ ငြူစူကြရင် မနာလိုကြရင် လူတွေအားလုံး ပျက်စီးမှာ ပဲ၊ သူချမ်းသာရင် ကိုယ်က မနာလို၊ ကိုယ်ချမ်းသာရင်လဲ သူက မနာလိုနဲ့ ကြာတော့မတည့်ဘူး၊ မတည့်တော့ ဘာဖြစ်တုံး တိုက်ကြခိုက်ကြမှာပေါ့၊ တိုက်ခိုက်ကြတော့ အကုန်လုံးပျက်စီးသွားမှာပဲ။ အဲဒါကြောင့်မို့လို့ ဣဿာ ကလဲ လူတွေကို ပျက်စီးစေတယ်၊ လူတွေကို ဖျက်ဆီးတတ်တဲ့သဘောက ဣဿာမှာလဲရှိတာပါပဲ၊ ဒါနဲ့ပဲ တော်ကြစို့။

သာဓုခေါ်ကြပါ။

သာဓု သာဓု သာဓု

* * * * *

# ပို့ချချက်(၆)

(၂၀-၅-၇၉)

**ဒေါသအုပ်စုဝင် စေတသိက်အဆက်**

ဒေါသအုပ်စုမှာ ပါဝင်တဲ့စေတသိက်။ ဒေါသရယ်, ဣဿာရယ်, မနေ့ကပြီးပြီ။

**ဣဿာစေတသိက်** ဣဿာကို ငြူစူမှု မနာလိုမှုလို့ ဘာသာပြန်တယ်။ အများသိနေတာကတော့ မနာလိုမှုဆိုတာသိနေတယ်။ တချို့တလေ ပြောနေကြတာကတော့ ဣဿာကို အဘိဇ္ဈာလို့ ပြောနေကြတယ်။ အဲဒီတော့ ဣဿာက သူတစ်ပါးချမ်းသာတာကို မနာလိုတာ၊ သူတစ်ပါးလှတာကို မနာလိုတာ၊ သူတစ်ပါးရာထူးကြီးကြီးရတာကို မနာလိုတာ။ အကုန်လုံးပေါ့ လေ၊ မိမိနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး၊ မိမိလဲ စီးပွားပျက်တာ မဟုတ်ဘူး၊ သူ့ဘာသာသူ ချမ်းသာတာနဲ့ သူ့ဘာသာသူ ရာထူးရတာ၊ သူ့ဘာသာသူ လှတာ၊ ဒါကို ကိုယ်က မနာလိုတာ။ မနာလိုတာဆိုတာကလဲ များသောအားဖြင့် တန်းတူဖြစ်အုံးမှ မနာလိုတာများတယ်။ ကိုယ်နဲ့မသိတဲ့ လူ, ကိုယ်နဲ့အပြိုင်အဆိုင် မဟုတ်တဲ့လူကျတော့ ဒီဣဿာက သိပ်မထင်ရှားဘူး။ ဒီဣဿာဟာ ဒေါသအုပ်စုထဲမှာ ပါနေတာဟာ ဣဿာကလဲ လောကကို ဖျက်ဆီးတတ်တဲ့ တရားထဲမှာ သူကပါတယ်။

**သောတာပန်နှင့် ဣဿာ** သောတာပန်ဆိုတဲ့ အရိယာတွေဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာပယ်တယ်လို့ ဒီလိုသာ အသိများကြတယ်။ တကယ်တော့ သောတာပန်ဟာ ဣဿာမရှိဘူး။ ဣဿာလဲ ပယ်တာပဲ။ သောတာပန်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ သူတစ်ပါးကို ကောင်းစားစေချင်တယ်၊ သူပါးကို ချမ်းသာစေချင်တယ်၊ သူတစ်ပါးချမ်းသာတာကို ဝမ်းသာတယ်၊ ဒီလိုပဲရှိတယ်၊ သူတစ်ပါးချမ်းသာတာကို, သူတစ်ပါးကောင်းစားတာကို မနာလိုဘူးဆိုတာ သောတာပန်မှာ မရှိဘူး။ သောတာပန်တင် မဟုတ်ဘူး၊ မြန်မာလူမျိုးမှာ နဂိုက သူတစ်ပါးကို မနာလိုတဲ့စိတ်မျိုးမရှိဘူး။

တောရွာမှာပဲဖြစ်ဖြစ်, မြို့ရွာ ရပ်ကွက်တွေမှာပဲဖြစ်ဖြစ် ချမ်းသာတဲ့သူကို ဆင်းရဲတဲ့လူတွေကလဲ ဝိုင်းပြီး အားပေးကြတာပဲ။ ချမ်းသာတဲ့လူကလဲ ချမ်းရဲတဲ့လူတွေကို ပြန်ပြီးတော့ ကူညီတာပဲ။ ရာထူးကြီးကြီးရှိတဲ့ လူတွေကလဲ ရာထူးငယ်တဲ့လူတွေကို ကူညီတာပဲ။ ရာထူးငယ်တဲ့ လူတွေကလဲ ရာထူးကြီးကြီးရတဲ့ လူတွေကို ဝမ်းမြောက်ဝမ်းသာနဲ့ အားပေးကူညီကြတယ်။ တစ်ယောက်နဲ့တစ်ယောက် မနာလိုတဲ့စိတ်ဆိုတာ မရှိကြဘူး။ ဒါကြောင့် ရှေးခေတ်က မြန်မာပြည်ကြီးမှာ အလွန်ချမ်းသာကြတယ်။ အကယ်၍ ရုံးမှာပဲဖြစ်ဖြစ်, ရပ်ကွက်ထဲမှာပဲဖြစ်ဖြစ်, ကျောင်းမှာပဲဖြစ်ဖြစ် တစ်ယောက် တစ်ယောက် မနာလိုကြလို့ရှိယင် ဘာအလုပ်မှ လုပ်လို့မရဘူး၊ အားလုံး ပျက်စီးမှာဘဲ။ ဒါကြောင့်မို့လို့ ဣဿာဆိုတဲ့တရားဟာ လောကကို ဖျက်ဆီး တတ်တဲ့ တရားထဲမှာ ပါတယ်။ လောကပါလတရားရှိသလို လောကကို ဖျက်ဆီးတတ်တဲ့ တရားထဲမှာလဲ ဣဿာပါတယ်။

**မစ္ဆရိယစေတသိက်**

နောက်ပြီးတော့ ဣဿာနဲ့တွဲနေတာက မစ္ဆရိယ။ မစ္ဆရိယကတော့ မြန်မာစကားမှာလဲ ပြောတာများပါတယ်။ မစ္ဆရိယကို ဘာသာပြန်တဲ့အခါကျတော့ မစ္ဆရိယဟာ ဝန်တိုတယ်။ အခုကျတော့ ဝန်တိုတာကို ရှေ့က "သ"ထည့်ပြီးတော့ သဝန်တိုတယ်၊ တချို့တလေက "တို"နဲ့မသုံးဘဲနဲ့ သဝန်ကြောင်တယ်၊ ဒီလိုလဲ သုံးတယ်။ မြန်မာ့ဝေါဟာရမှာ သဝန်တိုတယ်၊ သဝန်ကြောင်တယ်၊ ရှေးကတော့ ဒီ "သ"မပါဘူး။ ဝန်တိုတယ်။ အဲဒီတော့ မစ္ဆရိယ=ဝန်တိုတာက ဣဿာနဲ့ ဘယ်လိုကွာသလဲ၊ ဒီဝန်တိုတယ်ဆိုတဲ့ သဘောမျိုးက မိမိချမ်းသာသလို ဒို့ပြင်လူတွေကို မချမ်းသာစေချင်ဘူး၊ မိမိနဲ့ တန်းမတူစေချင်ဘူး၊ ဒါဝန်တို တာပေါ့။ အဲ-လှတယ်ဆိုလို့ရှိရင်လဲ မိမိသာ လှချင်တယ်၊ ဒို့ပြင်လူ လှ တယ်ဆိုယင် သိပ်မကြားချင်ဘူး၊ ဒို့ပြင်လူတွေ လှတယ်လို့ပြောယင် သိပ် မကြိုက်ချင်ဘူး၊ သူ့ကိုလှတယ်လို့ပြောယင်သာ သူကကြိုက်တယ်။ ဒါ မစ္ဆရိယသဘောပဲ။

**မစ္ဆရိယ ၂-မျိုး**

မစ္ဆရိယက အနုစားမစ္ဆရိယရယ်၊ အကြမ်းစားမစ္ဆရိယ ရယ် နှစ်မျိုးရှိတယ်။ အနုစား မစ္ဆရိယဆိုတာက

ခုနပြောတဲ့ မိမိချမ်းသာသလို ဒီပြင်လူတွေ ချမ်းသာတာကို သူကဝန်တိုတယ်။ မိမိလိုမချမ်းသာစေချင်ဘူး၊ မိမိလှသလို ဒီပြင်လူတွေ လှတယ်လို့ပြောလို့ရှိယင် မကြားချင်ဘူး။ ဒါအနုစားမစ္ဆာရိယပဲ။ မိမိပညာတတ်သလို ဒီပြင်လူတွေ ပညာတတ်တယ်လို့ပြောယင် မကြားချင်ဘူး၊ သူသာတက်ချင်တယ်၊ ဒီပြင်လူတွေကို မတတ်စေချင်ဘူး။ အဲဒါက အနုစားမစ္ဆရိယ။ ရာထူးလဲ ဒီလိုပဲ၊ မိမိသာ ဒီရာထူးကို ရချင်တယ်၊ ဒီပြင်လူတွေကို ရာထူးကြီးကြီး မရစေချင်ဘူး၊ အဲဒီလို သဘောမျိုးတွေဟာ အနုစားမစ္ဆရိယတွေပဲ၊ လူငယ်တွေ နားလည်အောင်ပြောရမယ် ဆိုလို့ရှိယင်တော့ "အခု သီချင်းဆိုတဲ့အထဲမှာ ပါတယ်မဟုတ်လား၊ မိမိချစ်တဲ့လူကို ဒီပြင်လူကြည့်တာတောင်မှ မခံချင်ဘူးတဲ့"။ အဲဒါ ကိုယ့်ကိုယ်ကိုတောင်မဟုတ်ဘူး၊ မိမိချစ်တဲ့လူကို ဒီပြင်လူကြည့်တာ မခံချင်ဘူးတဲ့။ ဒါ မစ္ဆရိယပဲ၊ ဝန်တိုတယ်လို့ ပြောတာပဲ။ ဒီလိုပဲ မိမိအိမ်ကို သူများတကာ လာပြီးတော့ နေတာတွေ, ဝင်တာတွေ, ထွက်တာတွေကို မကြိုက်ဘူး။ ကိုယ်ပိုင်တဲ့ ပစ္စည်းကို ဒီပြင်လူတွေနဲ့ မဆက်ဆံစေချင်ဘူး။ ဒါ အနုစားမစ္ဆရိယ။ အဘိဓမ္မာမှာတော့ မစ္ဆရိယ ငါးမျိုးတောင်လာတာပဲ။

ချုံးလိုက်ရင် ရာထူးဂုဏ်တို့ စည်းစိမ်ဂုဏ်တို့ ပစ္စည်းဂုဏ်တို့ မိမိသာရှိစေချင်တယ်၊ ဒီပြင်လူတွေရှိတယ်ဆိုယင် သိပ်ပြီးတော့ မကြားချင်တာမျိုးကို အနုစားမစ္ဆရိယခေါ်တယ်။

အကြမ်းစားမစ္ဆရိယဆိုတာမျိုးက မိမိပစ္စည်းဥစ္စာကို နှမြောတာပေါ့၊ မိမိချမ်းသာပေမဲ့ မပေးချင်ဘူး၊ သူတစ်ပါးကို ပေးရမှာ သိပ်နှမြောတယ်။ အဲဒါမျိုးကတော့ အကြမ်းစား မစ္ဆရိယ။ မိမိရှိတဲ့ရာထူးကို မိမိက မစွန့်လွှတ်နိုင်ဘူး။ မိမိပဲ ဒီရာထူးလေးမှာ ကပ်ပြီးနေချင်တယ်။ သူတစ်ပါးရမှာကို သူက အင်မတန်စိုးရိမ်တယ်။ ဒါအကြမ်းစားမစ္ဆရိယပဲ။

အဲဒီတော့ မစ္ဆရိယ=ဝန်တိုတယ်ဆိုတာက လျှောက်ပြီးတော့ လေ့လာမယ်ဆိုလို့ရှိယင် ရာထူးတို့ စည်းစိမ်တို့ ပစ္စည်းဥစ္စာတို့ နေရာထိုင်ခင်းတို့ ကိုယ့်အရိပ်အာဝါသတို့၊ ကိုယ့်အိမ်အဝန်းအဝိုင်းထဲမှာ သစ်ပင်တွေ

စိုက်ထားတယ်၊ ဒီပြင်လူတွေ ရူးမှာတို့ ဘာတို့ ဒါတွေမရှိစေချင်ဘူး။ ဒါလဲ ဝန်တိုမှုတစ်မျိုးပေါ့။ အခုလူငယ်တွေမှာ ထင်ရှားနေတာကတော့ မစ္ဆရိယဆိုတာ သဝန်ကြောင်တာတို့ သဝန်တိုတာတို့ ဒါတွေကတော့ ထင်ရှား နေတာပဲ။

အမှန်ကတော့-ဣဿာနဲ့မစ္ဆရိယဟာ ဣဿာက ကိုယ်နဲ့ဘာမှ မဆိုင်ဘူး၊ ဒီပြင်လူတွေ ရာထူးရတာ ချမ်းသာတာ ဒီလိုဟာမျိုးကို မကြားချင်တာ မကြည့်ချင်တာ၊ သူဘာသာသူရာထူးရတာ သူဘာသာသူလုပ်လို့ ချမ်းသာတာ ကိုယ်နဲ့ ဘာမှမဆိုင်ဘဲ ဖြစ်တဲ့အခါမျိုးမှာ အဲဒါ ဣဿာလို့ ခေါ်တယ်။

မစ္ဆရိယဆိုတာ-ကိုယ့်မှာရှိတဲ့ပစ္စည်းဥစ္စာ ကိုယ့်မှာရှိတဲ့ရာထူး သူတစ်ပါးနဲ့မဆက်ဆံချင်တာ။ မိမိမှာ ရှိတဲ့ပစ္စည်းဆိုတော့ ကိုယ့်မယားတို့ ကိုယ့်သားသမီးတို့ ကိုယ့်ချစ်တဲ့သူတို့ ဒီပြင်လူဆက်ဆံတာ မကြိုက်တာလဲ မစ္ဆာရိယပဲ။ ဒီထိအောင်သွားတာပေါ့။ ဒါကြောင့်မို့လို့ ဣဿာနဲ့မစ္ဆရိယကို လောကကို ဖျက်ဆီးတဲ့တရားလို့ ဆိုကြတယ်။ လောကကို ဖျက်ဆီးတဲ့ တရားနှစ်ပါးရှိတယ်။ ဘာတွေတုံးဆိုတော့ ဣဿာရယ်, မစ္ဆရိယရယ်။

**လူတွေဘာပြုလို့ ဆင်းရဲတာလဲ**

ဒီလောကမှာ လူတွေ ဆင်းရဲရခြင်း အကြောင်းကို နိုင်ငံရေး အဘိဓမ္မာသမားတို့ စီးပွားရေး အဘိဓမ္မာသမားတို့ သူတို့ကတော့ အကြောင်းတွေ အမျိုးမျိုးရှာကြမှာပေါ့၊ မြတ်စွာဘုရားကတော့ အဘိဓမ္မာမှာ လူတွေဆင်းရဲရခြင်းရဲ့အကြောင်းဟာ ဣဿာနဲ့မစ္ဆရိယပဲတဲ့။ ဒီဘဝတင်မကဘူး ဘဝဆက်တိုင်း ဆက်တိုင်းမှာ ဒီ ဣဿာနဲ့ မစ္ဆရိယရှိတဲ့လူတွေဟာ ဆင်းရဲရမယ် တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သဘောတရား လေ့လာကြည့်မယ်ဆိုလို့ရှိယင် ဣဿာဆိုတာက ဒီပြင်လူတွေ ချမ်းသာတာကို မကြည့်ချင်တာ၊ ဒီပြင်လူတွေ ဆင်းရဲတာကိုပဲ မြင်ချင်တာ၊ ချမ်းသာတယ်ဆိုယင် မကြားချင်ဘူး၊ ဒီပြင်လူကောင်းစားတယ်ဆိုယင် မကြားချင်တဲ့ သဘောတရားက ဣဿာ။ များသောအားဖြင့် လူတွေရဲ့သန္တာန်မှာ ရှိတာ များတယ်။

မစ္ဆရိယဆိုတာက ကိုယ်ချမ်းသာတဲ့ပစ္စည်းကို သူများတကာကို မပေးချင်တာ သူတစ်ပါးကို မခွဲဝေစေချင်တာ။ အဲဒီတော့ ဣဿာနဲ့မစ္ဆရိယ ဟာ သဘောတရားမှာကိုက ရန်ဖြစ်နေတယ်။ လူတွေနဲ့မတည့်ခြင်းရဲ့ အကြောင်းဖြစ်နေတယ်။ သူတစ်ပါးချမ်းသာတာကို ကိုယ်က မကြည့်ချင် ရင် သူတစ်ပါးကကော ကိုယ်ချမ်းသာတာကို ဘယ်ကြည့်ချင်ပါ့မလဲ။ သူ က ဣဿာရှိလို့ရှိယင် ကိုယ်ကလဲ ဣဿာရှိလာမှာပဲ။ မစ္ဆရိယကလဲ ကိုယ်ရှိတဲ့ရာထူး ကိုယ်ရှိတဲ့စည်းစိမ်ကို သူတစ်ပါးကို ခွဲဝေမပေးချင်ဘူး ဆိုလို့ရှိယင် ဒီပြင်လူတွေကလဲ ကိုယ့်ရှိတဲ့ရာထူး စည်းစိမ်တို့ကို ဘယ်ခွဲဝေ ပေးချင်ပါ့မလဲ။

ဒီလိုသာ ဣဿာ, မစ္ဆရိယနဲ့နေကြမယ်ဆိုလို့ရှိယင် ချမ်းသာတဲ့ လူတွေကလဲ ဒီပြင်လူတွေ ကောင်းစားရေးကို ဘာမှလုပ်တော့မှာ မဟုတ် ဘူး။ ဆင်းရဲတဲ့လူတွေကလဲ ချမ်းသာတဲ့လူ ကောင်းစားရေးကို ဘာမှ လုပ် မှာ မဟုတ်တော့ဘူး။ မလုပ်တော့ဘာဖြစ်သတုံး၊ ဆင်းရဲသားနဲ့ဓနရှင် တိုက်ပွဲတွေ ဖြစ်လာတယ်။ ဒီတိုက်ပွဲက ဘာမှမဟုတ်ဘူး၊ ဣဿာနဲ့မစ္ဆရိယ ကို မီးထိုးပေးလိုက်ရုံပဲ။ ဣဿာနဲ့မစ္ဆရိယဆိုတာက လူရဲ့သန္တာန်မှာ ပင်ကိုက သူ့သဘောအလျောက် ဖြစ်တာများနေတယ်။ နဂိုကရှိနေတဲ့ ဓာတ်ခံကို မီးထိုးတဲ့လူတစ်ယောက် ပေါ်လာလို့ရှိယင် ဆင်းရဲသားနဲ့ ဓနရှင်တိုက်ပွဲဆိုတာ ဖြစ်လာတာပါပဲ။ ဆင်းရဲသားနဲ့ ဓနရှင်တိုက်ပွဲ လုပ် နေကြယင် ဘယ်သူချမ်းသာမတုံး။ ဆင်းရဲတဲ့လူတွေမှာ ဆင်းရဲသထက် ဆင်းရဲကုန်မှာပဲ။ ချမ်းသာတဲ့လူတွေလဲ အကုန်လုံးပျက်စီးကုန်မှာပဲ။ ဒီလို သာ တစ်ယောက်နဲ့တစ်ယောက် တိုက်ပွဲဆင်နေကြမယ်ဆိုယင် လောကကြီး ကို ဘယ်လိုလုပ်ပြီး ချမ်းသာအောင်လုပ်မလဲ၊ ဘယ်အစိုးရမျိုးမှ ဒီလူတွေ ကို ချမ်းသာအောင် မလုပ်နိုင်ပါဘူး။ ဆင်းရဲတဲ့လူတွေကလဲ ချမ်းသာတဲ့လူ တွေတိုက်မယ်၊ ချမ်းသာတဲ့လူတွေကလဲ ဆင်းရဲတဲ့လူတွေတိုက်မယ်၊ ပညာ ရှိတဲ့လူတွေကလဲ ပညာမဲ့တဲ့လူတွေကို တိုက်မယ်၊ ပညာမဲ့တဲ့လူတွေကလဲ ပညာရှိတို့ကို တိုက်မယ်၊ အဲဒီလိုသာ တစ်ယောက်နဲ့တစ်ယောက်တိုက်နေ ကြယင် လောကကြီးဟာ ပျက်စီးသွားမှာပဲ။

ဒါကြောင့် လူတွေမှာ ဣသာနဲ့ မစ္ဆရိယတရားတွေ များများ ရှိယင် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ ဘာမှလုပ်လို့မရတော့ဘူး။ အကုန်လုံးပျက်စီးမယ်။ ဣဿာ, မစ္ဆရိယရဲ့သဘောတရားကို သေသေ ချာချာသိယင် အင်မတန်ရှင်းပါတယ်။ ရှေးက မြန်မာပြည်မှာ ဣဿာ, မစ္ဆရိယဆိုတာ မရှိဘူး၊ နိုင်ငံခြားကလူတွေ ဝင်ချင်သလောက် ဝင်နေ မြန်မာကပေးတာပဲ။ ကျွေးတာပဲ။ နေချင်တဲ့နေရာတွေမှာနေ မြန်မာက ခွင့်ပြုတာပဲ။ တို့တိုင်းပြည်က လူတွေ မဟုတ်ဘဲနဲ့ တို့တိုင်းပြည်လာပြီး စီးပွားရှာနေကြတော့ တို့ဆင်းရဲတာပေါ့ ဆိုပြီး မြန်မာက နဂိုက ဣဿာ မရှိခဲ့ပါဘူး။ အဲဒါကြောင့်မို့လို့ နဂိုက မြန်မာပြည်မှာ ဆန်စပါးတွေ ပေါ တယ်၊ စားစရာ သောက်စရာတွေ ပေါတယ်။

နဲနဲရေးထားရင် ကောင်းတယ်၊ ဣဿာဆိုတာက သူတစ်ပါး ကောင်း စားတာကို မနာလိုတာ။ မစ္ဆရိယက ကိုယ်သာကောင်းစားချင်တာ။ အဲဒီလို ဘာသာပြန်ယင်လဲ ရတယ်။ ဣဿာက သူတစ်ပါးကောင်းစားတာ ကို မနာလိုတာ။ မစ္ဆရိယက ကိုယ်သာကောင်းစားချင်တာဆိုတော့ ခုခေတ် လူတွေပြောတဲ့ အတ္တသမားတွေဆိုတာ ကိုယ်သာကောင်းစားပြီးတော့ ဒီပြင် လူတွေကို မကောင်းစားစေချင်ဘူး၊ တော်တော်ဆိုးတာ။ ကိုယ့်ဘာသာကိုယ် ကောင်းစားချင်တာကတော့ ကိစ္စမရှိဘူး၊ ကိုယ်လဲကောင်းစားစေချင်တယ်၊ သူများလဲ ကောင်းစားစေချယ်တယ်ဆိုယင် နည်းနည်း တော်သေးတာပေါ့။

ဣဿာက သူတစ်ပါးကျတော့ မကောင်းစားစေချင်ဘူး၊ မစ္ဆရိယက ကိုယ်သာလျှင် ကောင်းစားစေချင်တယ်ဆိုတော့ သိပ်ဆိုးတာပေါ့။ အဲဒါ ကြောင့်မို့လို့ လူငယ်လူရွယ်ကစပြီးတော့ ဣဿာနဲ့မစ္ဆရိယဆိုတဲ့ ဒီတရား တွေမရှိအောင် အဘိဓမ္မာကို သင်ပေးနေတာ။ အဲဒီတော့ ဣဿာ, မစ္ဆရိယရဲ့ အခြေခံကို ကြည့်မယ်ဆိုယင် သူ့ရဲ့သဘောက နေရာတကာမှာ လဲ ဣဿာ, မစ္ဆရိယဟာ လူတိုင်းအပေါ်မှာ မဖြစ်ဘူး။ ခုနက အပြိုင် အဆိုင် မိန်းကလေးချင်းလဲ မိန်းကလေးချင်း၊ ယောကျ်ားလေးလဲ ယောကျ်ား လေးချင်း။ ယောကျ်ားလေးမှာလဲ သူတို့ချင်း အပြိုင်အဆိုင်၊ မိန်းကလေးမှာ

လဲ သူတို့ချင်း အပြိုင်အဆိုင်၊ ရပ်ကွက်ချင်းမှာလဲ အပြိုင်အဆိုင်၊ အဲဒီလို ဖြစ်လာတဲ့အခါကျမှ ဣဿာ, မစ္ဆရိယဆိုတဲ့ သဘောလက္ခဏာတွေဟာ အင်မတန်ထင်ရှားလာတာပဲ။

အဲဒါကြောင့်မို့လို့ ဣဿာနဲ့ မစ္ဆရိယဆိုတဲ့ သဘောဟာ ဘာဖြစ်လို့ ဒေါသအုပ်စုမှာ ထည့်သလဲဆိုတော့ သူတို့ကလဲ လူကိုဖျက်ဆီးတတ်တဲ့ သဘောတရား။ ဒေါသဆိုတာ ဆရာ မနေ့ကလဲပြောတယ် မဟုတ်လား၊ ဒေါသဆိုတာ လောကကြီးကို ဖျက်ဆီးတတ်တယ်။ လူတွေကို ဖျက်ဆီး တတ်တယ်။ ဒေါသဖြစ်လို့ရှိယင် ပထမဆုံး ဘယ်သူ့ကို ဖျက်ဆီးသတုံး။ ပထမဆုံး မိမိကိုယ်ကို ဖျက်ဆီးလိုက်တယ်။ အဲဒီတော့ ဒေါသဖြစ်လာယင် လှတဲ့လူဆိုယင်တောင်မှ တော်တော် အရုပ်ဆိုးသွားတယ်။ ဒေါသဟာ လူကိုလဲ အရုပ်ဆိုးစေတတ်တယ်၊ ဒေါသ သိပ်များတဲ့လူဟာ အရုပ်ဆိုး တယ်။ ရုပ်ပုံသဏ္ဌာန် ဘယ်လောက်ကြီး ကြည့်ကောင်းပေတဲ့ ဒေါသသိပ်များ တဲ့လူဟာ အရုပ်ဆိုးသွားတာပဲ။ ဒေါသနည်းတဲ့လူဟာ သူ့ပုံပန်းသဏ္ဌာန် သိပ်မဟုတ်ပေတဲ့ သူက လှလာတယ်။ မိမိကိုယ်ကို ဒေါသက ဖျက်ဆီးလိုက် ယင် အရုပ်ဆိုးသွားတယ်။ မိမိအရုပ်ဆိုးသွားလို့ ကိုယ်ကဒေါသဖြစ်တယ် ဆိုလို့ရှိယင် အဲဒါဟာ ကိုယ်တစ်ယောက်ထဲ နေသလား၊ ဒီပြင်လူတွေကို ကူးစက်သွားတယ်၊ ဘေးကလူတွေလဲ ဒေါသဖြစ်သွားတော့ ဘေးကလူတွေ လဲ ပျက်စီးသွားတာပဲ၊

ဒေါသအုပ်စုထဲမှာ ဣဿာ, မစ္ဆရိယကလဲ သူက လောကကြီးကို ဖျက်ဆီးတတ်တယ်။ ကြီးပွားရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အကုန်လုံး ပျက်စီးစေနိုင်တာပဲ။

တစ်ခုမေးစရာရှိတယ်၊ မပြိုင်ရဘူးလား၊ ပညာသင်တဲ့အခါ ပညာ ပြိုင်ပြီးတော့၊ စီးပွားရှာတဲ့အခါမှာ စီးပွားပြိုင်ပြီးတော့၊ နိုင်ငံရေးလုပ်တဲ့ အခါမှာ နိုင်ငံရေးပြိုင်ပြီးတော့ လုပ်တယ်၊ ပြိုင်ရပါတယ်၊ အားကစား သမားတွေ ပြောနေတဲ့စကားအတိုင်းပေါ့၊ ပြိုင်တာကကောင်းသော ပြိုင်ခြင်း ပေါ့။ ပညာ တစ်ယောက်နဲ့တစ်ယောက် ပြိုင်တာကတော့ သူ့ထက်ပိုတတ်

အောင် ကြိုးစားသင့်တာပဲ၊ ဒါ ဣဿာ, မစ္ဆရိယ မဟုတ်ဘူး။ သူ့ထက် ကိုယ်က ပိုတက်အောင် သင်တာပဲ။ သူ့ကို ကိုယ်က ပညာမတက်စေချင်လို့ ဆိုတဲ့ ဣဿာမျိုးလဲ မရှိဘူး။ ကိုယ်တစ်ယောက်ထဲသာ တက်ရမယ် ဆိုတဲ့ မစ္ဆရိယလဲ မရှိဘူး။ သူက ပိုတတ်ရမယ် ဆိုပြီးတော့ ဒီလိုသာ ပြိုင်တာ။ ဒါ အပြိုင်ကောင်းပဲ။ စီးပွားရှာလဲ ဒီအတိုင်းပဲ၊ သူ့ကိုလဲ ကိုယ်က ချမ်းသာစေချင်တာပဲ၊ သူ့ထက်ပိုပြီးတော့ ချမ်းသာအောင်လဲ ရှာတာပဲ။

နိုင်ငံရေးလုပ်လဲ ဒီအတိုင်းပဲပေါ့။ ဒို့ပြင်လူတွေ တိုင်းပြည် ကောင်းအောင်လုပ်တာထက် ကိုယ်ကလဲ သူတို့ထက် ကောင်းအောင်လုပ်တာပဲ။ ဒို့ပြင် နိုင်ငံရေးသမားတွေကို အကုန်ပျက်စီးစေချင်တယ်။ အကုန် ဒုက္ခရောက်စေချင်တယ်ဆိုတဲ့ ဣဿာမျိုး ကိုယ့်မှာ မရှိဘူး။ ကိုယ်တစ်ယောက်ထဲသာ တစ်နိုင်ငံလုံးကို ပိုင်ချင်တဲ့ ဒီလို မစ္ဆရိယမျိုးလဲ ကိုယ့်မှာမရှိဘူး။ အဲဒီလို ဣဿာ, မစ္ဆရိယ မရှိဘဲနဲ့ပြိုင်ယင် ပြိုင်ကောင်းပါတယ်။ အဲဒီတော့ ဒေါသရယ်, ဣဿာရယ်, မစ္ဆရိယရယ်၊ ဒီသုံးခုကတော့ ဒါလောက်နဲ့ပဲ တော်လောက်ပါပြီ။

**ကုက္ကုစ္စ စေတသိက်** ဒါသအုပ်စုထဲမှာပါတဲ့ ကုက္ကုစ္စဆိုတဲ့ စေတသိက်ကို မြန်မာမှာက ဘယ်လိုနားလည်နေကြတုံး။ ကုက္ကုစ္စဆိုရင် ကပ်စေးနဲတဲ့သဘောလို့ နားမလည်ဘူးလား။ လူတွေက ကုက္ကုစ္စဆိုရင် ကပ်စေးနဲတယ်လို့ ဒီလိုနားလည်ကြတယ်။ ဒါကြောင့်မို့လို့ မြန်မာအဘိဓာန်ကျတော့ ကုက္ကုစ္စကို ကပ်စေးနဲတယ်လို့ပဲ ရေးရမယ်။ အဘိဓမ္မာကတော့ ကပ်စေးနဲတာ မဟုတ်ဘူး။

အရပ်ထဲမှာ ပြောနေကြတဲ့ မြန်မာစကား၊ ကုက္ကုစ္စ=ကပ်စေးနဲတယ် ဆိုတာ အဘိဓမ္မာက ကပ်စေးနဲတာက ဘာတုံး။ အခုနပဲ သင်သွားတယ်။ နှမြောတယ်၊ ကပ်စေးနဲတယ်၊ ဝန်တိုတယ်ဆိုတာ။ ဒါအကြမ်းစား မစ္ဆရိယပဲ။ ကုက္ကုစ္စက မြန်မာလို ကပ်စေးနှဲတယ်၊ အဘိဓမ္မာမှာ ကုက္ကုစ္စက နောင်တ-တစ်ဖန် ပူပန်မှု။ ဒီကုက္ကုစ္စက ဘာသာပြန်ရတာ နည်းနည်း ခက်တယ်။ နောင်တ-တစ်ဖန် ပူပန်မှုဆိုတာနဲ့ နောင်တ-ရတာဟာ အတော် ကွဲတယ်။

လူတစ်ယောက်ဟာ နောင်တ–ရသွားတယ်ဆိုတာက ကောင်းတဲ့ သဘော တရားကို ပြောတာ။

ဒါကြောင့်မို့လို့ ဒီကုက္ကုစ္စဟာ အကုသိုလ်စေတသိက်ထဲမှာပါပြီး ဒေါသအုပ်စုမှာပါတဲ့ အင်မတန်ဆိုးဟဲ့စေတသိက်။ နို့ပေတဲ့ ဒီစေတသိက် တွေဟာ သဘောတရားစစ်ကြည့်မယ်ဆိုရင် ဘာမှ အရည်အနှစ် သူတို့မှာ ရှိတာမဟုတ်ဘူး၊ ဣဿာကလဲ ဘာမှ အရည်အနှစ်မရှိဘူး၊ သူများ မနာလို တာပဲ။ မစ္ဆရိယကြည့်မယ်ဆိုရင်လဲ ဘာမှ အရည်အသွေး သူ့မှာမရှိဘူး။ ပစ္စည်းတွေကို ကိုယ်တစ်ယောက်တည်း ချမ်းသာချင်တယ်။ ကိုယ်တစ် ယောက်တည်း ချမ်းသာချင်လို့ကော ဖြစ်မလား။ ဒီပြင်လူတွေလဲ ချမ်းသာ အောင်လုပ်ကြတာပဲ။ ကိုယ်တစ်ယောက်တည်း နာမည်ကြီးချင်လို့ကော ရမလား။ ဒါ ဘာမှ လုပ်လို့ရတဲ့ အဓိပ္ပါယ်တွေ မဟုတ်ဘူး။

ကုက္ကုစ္စဆိုတာကလဲ နောင်တစ်ဖန် ပူပန်မှုဆိုတာ ကိုယ်မကောင်း တာ လုပ်ခဲ့မိတယ်၊ ခုခေတ်လူတွေကတော့ ကုက္ကုစ္စသိပ်မရှိပါဘူး၊ ကောင်းတာ ရယ် မကောင်းတာရယ် ခွဲမှ မသိတဲ့လူတွေပဲ။ ဘယ်အလုပ်က မကောင်းဘူး, ဘယ်အလုပ်က ကောင်းတယ်လို့ သိတဲ့လူတွေမှ နောင်တ–တစ်ဖန်ပူပန်မှု က ဖြစ်တာပါ။ လူဆိုတာက ကောင်းတာရယ် မကောင်းတာရယ်လို့ ခွဲပြီး သိရမှာပေါ့။ လောကကြီးမှာ ကောင်းတဲ့အလုပ် မကောင်းတဲ့အလုပ်ဆိုပြီး အလုပ်က နှစ်မျိုးတော့ ရှိတယ်။ ကောင်းတဲ့အလုပ်,မကောင်းတဲ့အလုပ်ကို သိထားတော့ လူဆိုတာက သူ မကောင်းတာတွေ ပြုလုပ်မိတယ်။ မကောင်း တာတွေ ပြုလုပ်မိတဲ့အခါကျတော့ ငါ မကောင်းတာတွေ ပြုလုပ်မိလေခြင်း၊ ငါ မကောင်းတာ လုပ်မိခဲ့လေခြင်း ဆိုပြီးတော့ ဒီလို စိတ်ထဲမှာ ဖြစ်ဖြစ်နေ တယ်။ ဥပမာတစ်ခု–ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက် ကို ဒုက္ခရောက်အောင်လုပ်ခဲ့လို့ရှိယင် သူ သတိရတဲ့အခါမှာ ဩော်––ငါ မကောင်းတာ ပြုလုပ်မိခဲ့လေခြင်း၊ ငါ မဟုတ်တာလုပ်မိခဲ့လေခြင်း, မိန်း ကလေးတစ်ယောက်ကလဲ ယောကျ်ားလေးတစ်ယောက်ကို ဒုက္ခရောက် အောင် လုပ်ခဲ့လို့ရှိယင် ဟာ––ငါ မကောင်းတာလုပ်ခဲ့မိလေခြင်း၊ အဲဒီလို ပူပန်တာကို ကုက္ကုစ္စလို့ ခေါ်တယ်။

ဒီလိုပဲ တိုင်းပြည်ကို ပျက်စီးအောင် မကောင်းတာတွေ လုပ်ခဲ့မိတယ်၊ တိုင်းပြည်ကို ကိုယ်က သူ့ပုန်ထခဲ့မိတယ်၊ လူတွေ သတ်ခဲ့မိတယ်။ ကိုယ် အသိတရားရတဲ့အခါကျတော့ ငါ သူပုန်ထခဲ့မိတာ မှားလေခြင်းဆိုပြီး စိတ်ထဲမှာ ပူလောင်နေတယ်။ အဲဒီလို မကောင်းတာတွေ လုပ်ခဲ့ပြီးတော့ ဒီ မကောင်းတာတွေကို ပြန်ပြန်ပြီးတော့ စိတ်ထဲမှာ ပူလောင်မှုတွေဖြစ်နေတာကို ကုက္ကုစ္စဖြစ်တယ်လို့ ဆိုတယ်။ ဒီကုက္ကုစ္စဟာ မကောင်းတာတွေ လုပ်ခဲ့မိတယ်ဆိုပြီးတော့ သူ ကောင်းတာကို လုပ်တာလဲမဟုတ်ဘူး၊ ဒါဟာ ဘာမှ အဓိပ္ပါယ်မရှိဘဲ သက်သက် ကုက္ကုစ္စဖြစ်နေတာ။

ဥပမာတစ်ခု–မိန်းကလေးတစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်ခဲ့မိတယ်ဆိုယင် ဒီလိုလုပ်မိလေခြင်းလို့ အလကား စိတ်ထဲမှာ ဆင်းရဲနေမဲ့အစား ဒီမိန်းကလေးကို အကုန်လုံးချမ်းသာအောင် သွားလုပ်ပေးလိုက်လို့ရှိယင် ဒါကတော့ အကုသိုလ်မဟုတ်ဘူး၊ ကုက္ကုစ္စဆိုတာက သူက ဘာမှလုပ်တာမဟုတ်ဘူး။ သက်သက်မဲ့သား စိတ်ထဲမှာ ဆင်းရဲပြီးတော့, ပူလောင်ပြီးတော့ နေတာ။ မကောင်းတာလုပ်ခဲ့မိလို့ သတိသံဝေဂ ရပြီးတော့ ကောင်းတာတွေ ဆက်လုပ်လိုက်လို့ရှိရင် ပြီးသွားတာပဲ။ မကောင်းတာ လုပ်ခဲ့မိလေခြင်းလို့ စိတ်ဆင်းရဲမှုဖြစ်နေတယ်ဆိုလို့ရှိရင် တရားအားထုတ်လို့လဲ မရဘူး။ စီးပွားရှာလို့လဲ စီးပွားထဲမှာ ဉာဏ်မရောက်တော့ဘူး။ ပညာသင်တယ်ဆိုလို့ရှိရင် စာဖတ်တဲ့အခါ ငါ မကောင်းတာလုပ်ခဲ့မိလေခြင်းလို့ စာဖတ်ရင်း အရိပ်တွေပေါ်သလို ပေါ်နေမှာပဲ။ ပညာသင်ရင်းလဲ ကုက္ကုစ္စဟာ ဖျက်ဆီးတာပဲ၊ စီးပွားရှာတဲ့အခါမှာလဲ ဖျက်ဆီးတာပဲ။ ကုက္ကုစ္စကို ဖျောက်ကို ဖျောက်လိုက်ရမယ်။ မကောင်းတာလုပ်ခဲ့မိတယ်ဆိုတာ သိတယ်၊ သိတဲ့နေ့က စပြီးတော့ သူများကို ဒုက္ခရောက်အောင် ရှေးက ငါ လုပ်ခဲ့တယ်၊ ခု ငါ အကျိုးရှိအောင်ပဲ လုပ်တော့မယ်ဆိုပြီး လုပ်ယင် ကုက္ကုစ္စဖြစ်စရာ မလိုတော့ပါဘူး။

**ကုက္ကုစ္စ ၂–မျိုး** ဒါက မကောင်းတာကို လုပ်ခဲ့မိတဲ့အတွက် ကုက္ကုစ္စ ဖြစ်ပုံကို ပြောတာ။ ကောင်းတာကို မလုပ်ခဲ့မိတဲ့အတွက်လဲ

ကုက္ကုစ္စက ဖြစ်တယ်။ ကောင်းတာကို မလုပ်ခဲ့မိတဲ့အတွက် ကုက္ကုစ္စဖြစ်ပုံက မိမိငယ်ငယ်တုန်းက မိဘကလဲ ပစ္စည်းအသင့်အတင့်ရှိတယ်၊ ရာထူးလဲ အသင့်အတင့်ရှိတယ်၊ အရွယ်ကလဲ ကောင်းတုန်း၊ မိမိဉာဏ်ကလဲ ကောင်း၊ ကျောင်းကလဲ ကောင်းတဲ့ကျောင်းမှာ ထားတယ်။ ဒါပေမဲ့ ကိုယ်ကကြမ်းပိုး (ဂျပိုး)ကျတာနဲ့ ဆယ်တန်းတို့၊ ဘီအေ၊ ဘီအက်စ်စီတို့ကို သူများတကာလို မအောင်ဘဲနဲ့ မိဘမှာလဲ ပစ္စည်းတွေ မရှိတော့ဘူး၊ အသက်ကလဲ ၃၀-လောက်ရောက်တဲ့အခါကျမှ သူငယ်ချင်းတွေက ရာထူးကြီးကြီးတွေ ပိုက်ဆံချမ်းသာတာတွေ တွေ့ရတော့ ဟာ-ငါ ငယ်ငယ်တုန်းက မိဘက ကျောင်းထားတယ်၊ ပညာတွေသင်ပေးတယ်၊ ငါ ပညာမသင်ခဲ့ဘူး။ ငါတော့ မှားလေခြင်း၊ ငယ်ငယ်တုန်းက မိုက်မိတာတွေ ငါတော့ မှားလေခြင်း၊ ငါ ခုမှ ဒုက္ခရောက်ရလေခြင်း၊ မှားမိလေခြင်းဆိုတာ နောင်တ-ရတာမဟုတ်ဘူး၊ ကုက္ကုစ္စဖြစ်တာ။ ငါ့ကို မိဘက သေသေချာချာကျောင်းထားပြီး ငါ့ကို ပညာသင်ပေးပါလျက်နဲ့ ကောင်းတာ မလုပ်ခဲ့မိတဲ့အတွက် ငါ ဒီလို ဒုက္ခရောက်ရတယ်ဆိုပြီးတော့ စိတ်ထဲမှာ သက်သက် ဆင်းရဲနေတာ။ ငါ ငယ်ငယ်တုန်းက မလုပ်ခဲ့မိလဲ ဒီနေ့ သတိရတဲ့နေ့ကစပြီးတော့ ရှေ့ကို ကောင်းတာတွေလုပ်လို့ရှိရင် ငါ မိကောင်းဖခင် သားသမီးတစ်ယောက်ပဲ၊ ငါ ဒီပြင်လူတွေလို ရာထူးကြီးကြီးတွေ, ပစ္စည်းချမ်းသာတာတွေ ဖြစ်နိုင်တယ်ဆိုပြီးတော့ ဒီလိုလုပ်တာ မဟုတ်ဘူး၊ သက်သက်မဲ့သာ ငိုင်ပြီးတော့ ငေါ်ငေါ်ပြတ်ပြတ်နဲ့ ဖြစ်နေလို့ သူစိတ်ဆင်းရဲနေတာ။ ပိုဆင်းရဲရုံ ရှိမယ်။ လူဆင်းရဲရုံတင်မကဘူး၊ စိတ်ပါဆင်းရဲနေတာ။ စိတ်ဆင်းရဲနေတဲ့အခါကျတော့ သူ တရားလဲ အားထုတ်မဲ့သူ မဟုတ်ဘူး။ စိတ်ဆင်းရဲနေတော့ စီးပွားလဲ မရှာနိုင်ဘူး၊ ပညာလဲ သူမသင်နိုင်ဘူး။ အဲဒီတော့ ကောင်းတာကို မလုပ်မိတဲ့အတွက်လဲ ကုက္ကုစ္စက ဖြစ်တယ်။ ဒါကြောင့် ကုက္ကုစ္စစေတသိက်ဟာ အဋ္ဌကထာဆရာ ဋီကာဆရာတွေက မကောင်းတာကို လုပ်ခဲ့မိတဲ့အတွက် ကုက္ကုစ္စဖြစ်သလို ကောင်းတာကို မလုပ်ခဲ့မိတဲ့အတွက်လဲ ကုက္ကုစ္စဖြစ်တယ်တဲ့။ ဒါက လူငယ်လူရွယ်တွေနဲ့ဆိုင်တဲ့ ဥပမာပြောတာပါ။

ရှေးကပြောရိုးပြောစဉ်ကတော့ ချမ်းသာတယ်၊ ပစ္စည်းဥစ္စာရှိတယ်။ ဒီဥစ္စာတွေ ရှိတဲ့အချိန်တုန်းကတော ကျောင်းဆောက်မယ်, ဘုရားတည်မယ်လို့ ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်နိုင်တယ်။ လုပ်နိုင်တဲ့အခါတုန်းက သူက မလုပ်မိခဲ့ဘူး၊ နောက်ကျတော့ သူ ဆင်းရဲသွားတယ်၊ ပစ္စည်းတွေကလဲ ဘာမှ မဟုတ်တယုက်နဲ့ ကုန်သွားတဲ့အခါကျတော့မှ သူက ကုက္ကုစ္စဖြစ်တယ်။ ဩော်-ငါ ပစ္စည်းဥစ္စာတွေရှိတုန်းက ဒါန မပြုခဲ့မိတာ မှားလေခြင်းလို့ သက်သက်မဲ့သား ကုက္ကုစ္စဖြစ်နေတာ။ ပစ္စည်းဥစ္စာတွေရှိတုန်းက မလှူခဲ့မိလို့ရှိရင် တကယ် ကုသိုလ်ဒါနလုပ်ချင်တယ် ဆိုလို့ရှိရင် မရှိတဲ့အခါမှာလဲ ကုသိုလ်ကို လုပ်နိုင်ပါတယ်။ ရပ်ရွာသန့်ရှင်းရေး, ကျန်းမာရေးစတဲ့ ကာယဝွမ်းအားနဲ့ ကုသိုလ်ကောင်းမှုလုပ်ရင် ရတာပါပဲ။ ပစ္စည်းနဲ့လုပ်မှ ရတာမဟုတ်ပါဘူး။ သက်သက်မဲ့သား ပစ္စည်းဥစ္စာတွေရှိတုန်းက မလှူမိခဲ့ဘဲနဲ့ ပစ္စည်းဥစ္စာကုန်တဲ့အခါကျမှ သက်သက်မဲ့သား ကုက္ကုစ္စဖြစ်နေတယ်။

နောက်တစ်နည်းက ဝိနယကုက္ကုစ္စဆိုတာ ရှိသေးတယ်။ အဲဒီတော့ ကုက္ကုစ္စပြဿနာကိုက ရှုပ်တယ်။ ခု မြန်မာအရပ်သူ/အရပ်သားတွေကတော့ ကုက္ကုစ္စကို ကပ်စေးနဲတယ်လို့ မြန်မာစကားဖြစ်နေတယ်။ အဘိဓမ္မာကတော့ ကုက္ကုစ္စဟာ နောင်တ-ရတာမဟုတ်ဘူး။ နောင်တ-တစ်ဖန်ပူပန်မှု။ ကောင်းတာတွေကို မလုပ်ခဲ့မိလို့ ပူပန်တာက တစ်မျိုး၊ မကောင်းတာတွေကို လုပ်ခဲ့မိလို့ ပူပန်တာကတစ်မျိုး၊ ဒါ အဘိဓမ္မာကုက္ကုစ္စ။

**ဝိနယကုက္ကုစ္စ** ဝိနည်းကုက္ကုစ္စဆိုတာက ဒီ အဘိဓမ္မာကုက္ကုစ္စနဲ့ မတူဘူး။ ဝိနည်းမှာ ကုက္ကုစ္စဆိုတာက ဘုန်းကြီးတွေမှာ ဥပဒေတွေ အများကြီးရှိတာဘဲ။ ဥပဒေတွေ အများကြီးရှိတော့ အလုပ်တစ်ခုကိုလုပ်မယ်ဆိုလို့ရှိရင် ဒါ အပ်သလား, မအပ်ဘူးလား၊ လုပ်သင့်သလား, မလုပ်သင့်ဘူးလားဆိုတာ ဝိနည်းဥပဒေကို မတတ်ဘူးဆိုလို့ရှိရင် သူတို့မှာ သံသယရှိတယ်။ ဒီ ဝိနည်းကုက္ကုစ္စ-ကတော့ သံသယသဘောမျိုး သက်ဝင်

တယ်။ အဲဒီလို သံသယရှိလို့ မလုပ်ဘဲနေလို့ရှိရင် ဝိနည်းကုက္ကုစ္စ–က တော့ ကောင်းတဲ့ စကားလုံးဖြစ်သွားတယ်။ ဘာဖြစ်လို့တုံးဆိုတော့ ဥပမာ တစ်ခု–သစ်ပင်ဆိုပါတော့၊ ဘုန်းကြီးတစ်ပါးက ဒီသစ်ပင်ကို ခုတ်ချင်တယ်။ ခုတ်ကောင်းသလား, မခုတ်ကောင်းဘူးလားလို့ ဒီလို ကုက္ကုစ္စရှိတယ်။ သူက စာမတတ်လို့ မသိဘူး, ကုက္ကုစ္စရှိလို့ မလုပ်ဘဲနေရင် ကောင်းတာပဲ။ ဝိနယကုက္ကုစ္စကတော့ ကောင်းတဲ့ဘက်ကို ရောက်သွားတယ်။

အဘိဓမ္မာကုက္ကုစ္စ–ကတော့ အကုသိုလ်စေတသိက်။ ဒေါသအုပ်စု ထဲမှာ ဘာဖြစ်လို့ပါရသလဲဆိုတော့ သူက ဖျက်ဆီးတတ်တယ်။ အမြဲတမ်း စိတ်ဆင်းရဲနေတဲ့ လူတစ်ယောက်ဟာ ကောင်းတဲ့အလုပ်ကို ဘာမှမလုပ်နိုင် ဘူး။ သူတစ်ပါးကိုလဲ သူက ပျက်စီးစေနိုင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သားသမီးတစ်ယောက်ယောက် စိတ်ဆင်းရဲနေတယ်ဆိုလို့ရှိရင် ညီအစ်ကို, မောင်နှမ ဆွေမျိုးတွေဟာ ဘယ်စိတ်ချမ်းသာတော့မလဲ။ အဲ––ကိုယ်စိတ် ဆင်းရဲနေတယ်ဆိုတော့ ဒီပြင်လူတွေလဲ ဒုက္ခပေးရာရောက်တာပဲ။ ကိုယ့် အတွက်လဲ ဘာမှ မလုပ်နိုင်ဘူး။ အဲဒီတော့ ကုက္ကုစ္စဖြစ်တာဟာ ကိုယ့်ကိုလဲ ပျက်စီးစေတာပဲ၊ သူတစ်ပါးကိုလဲ ပျက်စီးစေတာပဲ။ ဒါကြောင့်မို့လို့ ဒီ ကုက္ကုစ္စ စေတသိက်ဟာ ဒေါသအုပ်စုထဲမှာ ပါတာ။

**သူဌေးသား ရှင်သုဒိန်**

ဒီကုက္ကုစ္စစေတသိက်ကို ဝတ္ထုကြောင်းနဲ့ ပြောယင် ဘုရားလက်ထက်တုန်းက သူဌေးသား ရှင်သုဒိန် ဆိုတာရှိတယ်။ သူက တစ်ဦးတည်းသော သူဌေးသား။ တစ်နေ့သောအခါ ဘုရားတရားဟောနေတဲ့ တိုင်းပြည်တစ်ပြည်ကို ကုန်ကူးရင်း ရောက်သွားတဲ့ အခါကျတော့ ပရိသတ်အစွန်ကနေပြီးတော့ သူ နားထောင်တယ်။ ဘုရား ဟောတဲ့တရားကို သူသဘောပေါက်သွားတာက ဒီဘုရားဟောတဲ့တရားဟာ လူ့ဘဝနဲ့တော့ လုပ်လို့ရမဲ့တရားမဟုတ်ဘူး။ သားတွေ မယားတွေ စည်း စိမ်တွေ အကုန်စွန့်ပစ်ပြီး သင်္ကန်းဝတ်မှ လုပ်လို့ရမှာပဲလို့ သူ ဒီလို စိတ် ထဲမှာ အကြံဖြစ်ပြီး ဘုရားထံမှာ သင်္ကန်းဝတ်ဖို့လို့ တရားပွဲအဆုံးမှာ

ပရိသတ်တွေ ပြန်သွားတော့ အတင်းဝင်လျှောက်တယ်။ မြတ်စွာဘုရားက အဲဒီအချိန်မှာ မိဘခွင့်မပြုတဲ့ သားသမီးကို ရှင်ရဟန်းပြုမပေးရဘူးဆိုတဲ့ ဥပဒေကို ပညတ်ထားတော့ မြတ်စွာဘုရားက မင်းမိဘက ခွင့်ပြုသလားလို့ မေးတယ်။ မိဘက ခွင့်မပြုသေးပါဘူးဆိုတော့ ခွင့်မပြုသေးရင် ခွင့်ပြန်တောင်းချေဆိုတော့ သူတို့မြို့ကိုပြန်ပြီး သူ့အဖေအမေထံ ခွင့်တောင်းတယ်။ ခွင့်တောင်းတော့ ဘယ်ပေးမတုံး၊ တစ်ဦးတည်းသော သူဌေးသားပဲ။

အဲဒီတုန်းကတော့ ဗုဒ္ဓဘာသာကို မိဘကလဲ ကြည်ညိုသေးတာမှ မဟုတ်ဘဲ၊ ဗုဒ္ဓဘာသာအကျိုးလဲ နားမလည်သေးဘူး။ သူသာ တရားသွားနာလို့ တရားကိုကြည်ညိုခဲ့လို့ ရဟန်းပြုချင်စိတ်ပေါက်လာတာ။ အဲဒီလို မိဘက ခွင့်မပေးတဲ့အခါကျတော့ ရဟန်းမပြုရရင်တော့, ခွင့်မပေးရင်တော့ ကျွန်တော်တော့ အသေခံမယ်ဆိုပြီး အစာမစားဘဲနဲ့ နေတယ်။ မိဘတွေက ဘယ်လိုချော့ကျွေးကျွေး, သူ့မိန်းမကလဲ ဘယ်လိုချော့ကျွေးကျွေး မစားဘဲ အစာအငတ်ခံတယ်။ ဆန္ဒပြတာပေါ့။

မိဘကလဲ ရဟန်းပြုခွင့်ကတော့ ဘယ်လိုမှ ပေးလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ စီးပွားဥစ္စာကို အင်မတန်ခင်တွယ်ကြတာက လား။ အခုခေတ်မှမဟုတ်ဘူး၊ သူတို့ခေတ်တုန်းကဆိုရင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်က ပစ္စည်းဥစ္စာတွေ စုစုလာကြတာ ဒီသားလေးတစ်ယောက် ထဲရှိတယ်။ ဒီပစ္စည်းဥစ္စာတွေ ဒီသားလေးကမှ မထိန်းသိမ်းဘူးဆိုလို့ရှိရင် မင်းဘဏ္ဍာ ဖြစ်ကုန်မယ်။ အဲဒါကြောင့်မို့လို့ ဒီသားကို ရဟန်းပြုခွင့် သူတို့ မပေးနိုင်ဘူး။ သူ့သူငယ်ချင်းတွေခေါ်ပြီး အမျိုးမျိုးပြောခိုင်းတယ်၊ သူငယ်ချင်းတွေက အမျိုးမျိုးနားချတယ်။ ဘယ်လောက်ပဲ ခင်တဲ့ သူငယ်ချင်းဖြစ်ပစေ ရှင်သုဒိန်က မရတော့ဘူး၊ ငါ သေချင်သေပစေဆိုတော့ သူငယ်ချင်းတွေ လက်လျှော့ပြီးတော့ ကဲ––ခင်ဗျားတို့သားကို ရဟန်းပြုခွင့်ပေးလိုက်၊ ပြုခွင့်မပေးရင် ဒီကောင်သေမှာပဲ။

ရဟန်းပြုခွင့်ပေးလို့ရှိရင် ခင်ဗျားတို့ အသက်ရှင်တာနဲ့ မြင်ရမယ်၊

ဘုန်းကြီးလုပ်တယ်ဆိုတာ ကတုံးတုံးပြီးတော့ သပိတ်တစ်လုံးကိုင်ပြီး သူများအိမ်လျှောက်ပြီး ဆွမ်းခံစားရတဲ့အလုပ်ဟာ ဒီကောင် ကြာကြာမနေနိုင်ပါဘူး၊ ဒီကောင် လူထွက်ပြီး ပြန်ပြေးလာမှာပဲ၊ အဲဒီတော့ ခင်ဗျားတို့ ခွင့်သာပြုလိုက်ပါ-ဆိုတော့မှ မိဘများက သေမှာကြောက်တော့ သူ့ကို ခွင့်ပေးလိုက်တယ်။ ခွင့်ပေးလိုက်တဲ့အခါကျတော့ တိုတိုကတော့ ရဟန်းပြုသွားတာပေါ့။ ရဟန်းပြုပြီးတော့ သူ့မိဘရပ်ထံ မပြန်ဘဲ တရားအားထုတ်နေတယ်။ (၈)နှစ်လောက်ကြာတော့မှ သူ့မိဘရပ်ထံကို ဒီပြင်ရဟန်းတွေအတွက်လဲ ဆွမ်းကိစ္စလွယ်ကူအောင်, သူလဲ မိဘရပ်ထံရောက်အောင် ဆိုပြီးတော့ ပြန်လာတယ်။ ပြန်လာပြီးတော့ သူ့မိဘအိမ်မှာ သွားပြီး ဆွမ်းခံတယ်။ ဆွမ်းသွားရပ်တဲ့အခါကျတော့ ခိုင်းတဲ့ကလေးမလေးက ထမင်းသိုးတွေကို ထွက်သွန်မလို့ လုပ်နေတုန်း အရှင်သုဒိန်ကလဲ ဆွမ်းရပ်နေရင်းက ပြောတယ်၊ "အဲဒီထမင်းသိုးတွေကို သွန်ပစ်မဲ့အစား သပိတ်ထဲလောင်းလိုက်"လို့ဆိုတော့ အဲဒီ ခိုင်းစေတဲ့မိန်းကလေးက သပိတ်ထဲကို လောင်းထည့်လိုက်တယ်။

အဲဒီတော့ ဒီ ခိုင်းစေတဲ့မိန်းကလေးက ရှင်သုဒိန်ကိုလဲ မှတ်မိတယ်။ လက်တို့ခြေတို့လဲ တွေ့ရတယ်၊ သူက စက္ခုန္ဒြေချပြီး ရပ်နေတာကိုး။ ဒါနဲ့ ခိုင်းစေတဲ့မိန်းကလေးက သူ့မိဘကို ပြန်ပြောတယ်။ ရှင်သုဒိန်ကတော့ ဒီဆွမ်းအသိုးတွေကို ခံယူပြီး ထွက်သွားတာပေါ့။ အဲဒီတော့ သူ့မိဘက ရှင်သုဒိန် ဒီမြို့ကိုလာတယ်လို့ အစေခံမက ပြောတော့ တကယ်မှန်လို့ရှိယင် ရေးတုန်းကတော့ ဒီကျွန်ကို ခွင့်ပြုလိုက်တယ်ဆိုလို့ရှိယင် ကျွန်ဘဝက လွတ်ရတာကိုး။ နင့်ကို ကျွန်ဘဝက လွတ်စေရမယ်ဆိုပြီးတော့ သူ့အဖေက လိုက်ကြည့်တယ်။ လိုက်ကြည့်တော့ ကိုယ်တော်မြတ်က မြို့လယ်ခေါင်မှာ လူအများ တည်းခိုတဲ့ ဇရပ်နံရံဘေးထိုင်ပြီး ထမင်းသိုးတွေ စားနေတာကိုး။

အဲဒီတော့ သူ့အဖေက တော်တော်စိတ်မကောင်းဖြစ်သွားပြီး စိတ်ထိခိုက်ပုံ မျိုးစုံပြောပြီးတော့ တိုတိုကတော့ အိမ်ပင့်ပေမဲ့ ဒီနေ့တော့ ဆွမ်းမစားတော့ဘူးပေါ့။ သူက တစ်ထပ်သာစားဖို့ အဓိဋ္ဌာန်ထားတာကိုး။ နောက်

A)

နေ့ကျတဲ့အခါကျတော့ အိမ်မှာ ဆွမ်းပွဲပြင်တယ်။ တစ်ဖက်က ရွှေပုံကြီး တစ်ပုံ၊ နောက်တစ်ဖက်က ရွှေပုံကြီးတစ်ပုံ။ လူ့တစ်ရပ်နီးပါးရှိတဲ့ ရွှေပုံကြီး တွေပုံပြီးတော့ကာ အလယ်ခေါင်မှာ ဆွမ်းကျွေးတယ်။ အဲဒီတော့ သူ့အဖေက ဘာပြောသလဲဆိုတော့ မင်း ဘယ်တော့မှ မဆင်းရဲပါဘူးတဲ့၊ ဒါ မင်းအမေ ဘက်ကပါတဲ့ ပစ္စည်းတွေမဟုတ်သေးဘူး၊ ဒါ ငါ့အဖေအမေလက်ထက်က ပါလာတဲ့ ပစ္စည်းတွေပဲရှိသေးတယ်တဲ့။ ဒီပစ္စည်းတွေကို ဖြုန်းချင်တိုင်းဖြုန်း၊ ဘယ်တော့မှ မကုန်နိုင်ပါဘူးတဲ့။ **အဲဒီတော့** မင်းလူထွက်ပါတဲ့။ ဒါပေမဲ့ သူ့သားက ပြောလို့မရဘူး။

ဒါဖြင့် ဒီပစ္စည်းတွေကို မင်းလူမထွက်လို့ရှိရင် ဘယ်လို စီမံမတုံး။ ဒီပစ္စည်းတွေအတွက် တို့မှာ သိပ်ပြီးတော့ စိတ်ပူပန်နေရတယ်။ မင်း ဒီ ပစ္စည်းတွေအတွက် ငါစိတ်ချမ်းသာအောင် လုပ်ပေးစမ်းပါဆိုတော့ ရှင်သုဒိန် က ဒီလိုဆိုလို့ရှိယင် ဂုန်နီအိတ်တွေကိုရှာလို့ ဆိုတယ်။ ကဲ--ကောင်းပြီ၊ ဂုန်နီအိတ်တွေရပြီ ဘာလုပ်မတုံး၊ ဂုန်နီအိတ်ထဲကို အဲဒီရွှေတွေ အကုန် ထည့်၊ ထည့်ပြီး ဘာလုပ်မတုံး။ လှည်းနဲ့တိုက်။ တိုက်ပြီး ဘယ်လိုလုပ်မတုံး။ မြစ်ထဲကို သွားမျှောလိုက်-ဆိုတော့ သူ့အဖေကတော့ ငါ့သား ရူးပြီတဲ့။ ဒီကောင်တော့ ခက်တာပဲတဲ့။

အဲဒီလို ဘယ်လိုမှ ပစ္စည်းနဲ့ မျှားလို့မရတော့ နောက်တစ်နေ့ကျတော့ သူ့မိန်းမကို (ယောကျ်ားဆိုတာဟာ အဖေ အမေပြောလို့မရပေတဲ့ မိန်းမပြော ရင် ရတယ်ဆိုတာ ဒီဇာတ်ထုပ်က လာတာလားတော့ မသိဘူး။ အဖေ အမေကတော့ နည်းအမျိုးမျိုးနဲ့ ပစ္စည်းဥစ္စာနဲ့ ပြောလို့မရဘူး။) သေသေ ချာချာ ဝတ်ကောင်းစားကောင်း ပြင်ဆင်ခိုင်းပြီး (ဒီအတိုင်း စုတ်စုတ်နုပ်နုပ် နဲ့ သွားပြီးပြောလို့ မရဘူး။) ရှင်သုဒိန်ကို အမျိုးမျိုးပြောခိုင်းတာပေါ့။ မိန်းမဆိုတာ ရဟန်းတို့ကို အမျိုးမျိုး အနှိပ်စက်နိုင်ဆုံး၊ ဒုက္ခအပေးနိုင်ဆုံး ပဲတဲ့။ တကယ်အကျင့်ကောင်းတဲ့ ရဟန်းသံဃာများဟာ မိန်းမအနားလာတာ ဒုက္ခအရောက်ဆုံးပဲတဲ့။ ရှင်သုဒိန်ဟာ ဒါလောက် စည်းစိမ်တွေစွန့်ပစ်ပြီး

ရဟန်းလုပ်လာတဲ့ ပုဂ္ဂိုလ်ပေမဲ့ မိန်းမကပြောတော့ သူအလွန် ဒုက္ခရောက်တာပေါ့။ မနည်းထိန်းထားရတယ်။ ဒါနဲ့ သူ့အဖေကိုပြောတယ်။ ဒီလိုမိန်းမတွေ ဘာတွေနဲ့ ကျုပ်ကို ဒုက္ခမပေးပါနဲ့၊ ကျုပ်အေးအေးဆေးဆေးနေပါရစေဆိုတော့၊ ဒါနဲ့ သူတို့ တိုင်ပင်ကြတယ်။

ဘယ်လိုတိုင်ပင်လဲဆိုတော့ သူ့အမေနဲ့ သူ့ဇနီးက တို့သားတစ်ယောက်ရယင်တော့ သူ ရဟန်းဝတ်ချင်ဝတ်သွားပစေ။ တို့ သားတစ်ယောက်လောက် ရနေခဲ့လို့ရှိယင် ဒီပစ္စည်းဥစ္စာတွေကို စောင့်ရှောက်ဖို့လို့ အမွေထိန်းမဲ့လူတစ်ယောက်တော့ ရမှာပဲ။ အဲဒီတော့ ဒီပြင်နည်းကတော့ မဖြစ်ဘူး။ မျိုးစေ့ သားတစ်ယောက်ရဖို့ကတော့ ဒါ ပူဆာလို့ရှိယင် ရယင်ရမယ်ပေါ့။ ဒီလို တိုင်ပင်ကြပြီး ရှင်သုဒိန် တောထဲမှာ တရားအားထုတ်နေတဲ့အခါ သူ့အမေနဲ့ဇနီးက အမွေထိန်းဖို့လို့ ပူဆာတယ်။ ဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတော်တွေကို ဘာသိက္ခာပုဒ်မှ မပညတ်သေးဘူး။ ဘာသိက္ခာပုဒ်မှ မပညတ် သေးတော့ ဒီအမေ ဒီဇနီးနဲ့ ဒီအဖေဟာ သူ့ကို ဒုက္ခလိုက်ပေးနေတော့ ဒီ အမွေထိန်းမဲ့သားတစ်ယောက် မျိုးစေ့ပေးလိုက်မယ်ဆိုယင်တော့ သူ ဒီဒုက္ခမှ အေးမယ်ဆိုပြီးတော့ ခုနပြောခဲ့တဲ့ ဝိနည်းကုက္ကုစ္စဆိုတာ သူ ဒီနေရာမှာ မဖြစ်ဘူး။ အပ်လေသလော မအပ်လေသလောလို့, လုပ်ကောင်းလေသလော မလုပ်ကောင်းလေသလောလို့ သူ့မှာ ကုက္ကုစ္စမဖြစ်ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့၊ သူက ဘာစာပေမှလဲ မသင်ဖူးဘူး၊ ဗုဒ္ဓဘာသာကလဲ မထွန်းကားသေးတဲ့အခါဆိုတော့ အမေရယ်, အဖေရယ်, ဇနီးရယ်–နားပူနားဆာလုပ်တဲ့ ဒုက္ခမှ လွတ်အောင်ဆိုပြီး သူမျိုးစေ့ပေးလိုက်တယ်။ ဒီမျိုးစေ့ပေးလိုက်တယ်ဆိုတဲ့ သတင်းဟာ ရဟန်းသံဃာတွေရှိသမျှ တစ်ပါးက တစ်ပါး၊ တစ်ပါးက တစ်ပါး၊ အကုန်လုံးသိသွားကြတယ်။ ဒါလောက်ချမ်းသာတဲ့ သူဌေးသားတစ်ယောက် ရဟန်းပြုနေတာ ဒီလိုအမှုမျိုး ပြုနေတယ်ဆိုလို့ရှိယင် ဒါ အကုန်လုံးသိတယ်။ နောက်ပိတ်ဆုံး မြတ်စွာဘုရားရဲ့ နားတော်ထိအောင် ကြားသွားတာပေါ့။ ကြားသွားတဲ့အခါကျတော့ မြတ်စွာ

ဘုရားက ခေါ်ပြီးတော့စစ်တယ်။ သုဒိန် မင်း–ဒီလို မျိုးစေ့ပေးတယ်ဆိုတာ မှန်သလား။ မှန်ပါတယ်ဘုရားတဲ့။ ဘုရားက ဒီနေရာမှာ သိပ်ပြီးတော့ ပြောပစ်လိုက်တာ။ မြတ်စွာဘုရားတို့မည်သည်မှာ သူဌေးသားရယ် ပညာရှိကြီးရယ် ဘာရယ် ညာရယ် ဘယ်သူ့မျက်နှာမှ မကြည့်ဘူး၊ ပြောသင့်တယ်ဆိုယင် ပြတ်ပြတ်သားသား ပြောတာပဲ။

ငါဘုရားသာသနာဆိုတာ ရာဂကင်းငြိမ်းဖို့ရာသာလျှင် ဘုရားသာသနာလုပ်ထားတာ။ ရာဂပွားများဖို့ သာသနာလုပ်ထားတာ မဟုတ်ဘူး။ ဒေါသငြိမ်းဖို့လို့ သာသနာလုပ်ထားတာ၊ ဒေါသပွားများဖို့ လုပ်ထားတာ မဟုတ်ဘူး။ မောဟကင်းငြိမ်းဖို့ သာသနာတည်ထောင်ထားတာ မောဟများဖို့လို့ မဟုတ်ဘူး–စသည်ဖြင့် မြည်တွန်တောက်တီးတဲ့သဘောပေါ့။ မလုပ်သင့်တာတွေ လုပ်တယ်ဆိုပြီးတော့ ဘုရားကပြောနေကျအတိုင်း ဆုံးမတဲ့အခါကျတော့ သုဒိန်ဟာ ကုက္ကုစ္စဆိုတဲ့ စိတ်မချမ်းမသာ တော်တော်ဖြစ်သွားတယ်။ ငါ မဟုတ်တာကိုလုပ်မိလေခြင်း၊ ငါ မိုက်မဲလေခြင်း၊ ငါ ဒါလောက်ကလေးမှ မသိလေခြင်း–ဆိုပြီးတော့ ရှင်သုဒိန်မှာ ကုက္ကုစ္စက သိပ်ဆိုးလာတာ။ မိဘတွေ သားသမီးတွေ စည်းစိမ်တွေ ဘယ်လောက်စွန့်ပစ် စွန့်ပစ်၊ သာသနာကို ဘယ်လောက်ပဲ ကြည်ညိုကြည်ညို၊ အသက်စွန့်ပြီးတော့ပဲ အားထုတ်အားထုတ်၊ အဲဒီကုက္ကုစ္စဟာ တရားအားထုတ်ယင် သူက ပေါ်လာတာပါပဲ။ ငါ မိုက်မဲလေခြင်း၊ ငါမဟုတ်တာလုပ်မိလေခြင်း၊ ငါ မသိလေခြင်း–ဆိုတဲ့ အဲဒီကုက္ကုစ္စအတွက် ရှင်သုဒိန်ဟာ မဂ်တရား ဖိုလ်တရား အားထုတ်လို့ကို မရနိုင်ဘူး။ ဒါ အဘိဓမ္မာကုက္ကုစ္စပဲ။ အဘိဓမ္မာကုက္ကုစ္စ–က တရားမရနိုင်ဘူး။

ဝိနည်းကုက္ကုစ္စကျတော့ သူကတော့ ကောင်းတယ်။ ဒါဟာ လုပ်ကောင်းသလား မလုပ်ကောင်းသလားလို့ သူကုက္ကုစ္စဖြစ်လို့ သူမလုပ်ဘဲနေတာ။ အခု သုဒိန်ကတော့ ဒီနေရာမှာ ဒါလုပ်သင့်သလား မလုပ်သင့်သလားဆိုတဲ့ ကုက္ကုစ္စမဖြစ်လိုက်ဘူး။ ဒါကို မလုပ်ဘဲနေလို့ရှိယင် သူ့ကို နောက်က ဒုက္ခလိုက်ပေးနေမှာကိုး။ သူက ရဟန်းတရား အားထုတ်ချင်တာ။ ဒီပစ္စည်း

ဥစ္စာနဲ့, သားမယားနဲ့, မိဘနဲ့-က ဒုက္ခလိုက်ပေးနေတော့ ဒါလေးပေးလိုက် လို့ရှိယင်တော့ အေးသွားမှာပဲဆိုပြီးတော့ သူက ဒါတွက်လိုက်တာ။ ဟိုဘက် က ဘုရားသာသနာမှာ ရဟန်းလုပ်တဲ့ ရဟန်းတစ်ပါးဟာ ဒါ လုပ်သင့်သလား မလုပ်သင့်ဘူးလားဆိုတာ ဒါလောက်ထိအောင် မတွေးမိဘူး၊ ကုက္ကုစ္စမဖြစ် တော့ သွားပြီးတော့ ပြုလုပ်မိလိုက်တယ်။ ပြုလုပ်မိလိုက်တဲ့အခါကျတော့ ဘုရားက ဒါဟာ မလုပ်ကောင်းတာပဲလို့ ပထမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူရတာပဲ။ သံဃာတော်တွေမှာ ဒါဟာ နံပါတ်တစ် ပါရာဇိက သိက္ခာပုဒ်ပဲ။ ရဟန်းများဟာ ဒီအလုပ်မျိုး လုပ်တယ်ဆိုလို့ရှိယင် သူဟာ လူထွက်လိုက်ရတယ်၊ ပါရာဇိကကျတယ်ဆိုတာ သာသနာ့ဘောင်ကနေပြီး တော့ သူ့ကို လူဝတ်လဲပစ်လိုက်ရတယ်။ ဒါ ပါရာဇိကကျတယ် ခေါ်တယ်။ သုဒိန်ကတော့ သိက္ခာပုဒ်မပညတ်ခင် ပထမဆုံး ကျူးလွန်တဲ့ပုဂ္ဂိုလ်ဆိုတော့ သူ့ကိုတော့ လွတ်စေပေါ့။ အစိုးရက ဥပဒေတစ်ခုမပညတ်ခင်မှာ လူတစ် ယောက်က လုပ်တယ်ဆိုယင် အရေးယူတဲ့အခါကျတော့ ပထမဆုံးလုပ်တဲ့ လူကိုတော့ လွတ်စေပေါ့။

ဒါကြောင့် မြတ်စွာဘုရားသာသနာတော်မှာ ၂၂၇-သွယ် သိက္ခာပုဒ် ပညတ်ရတယ်ဆိုတာ နံပါတ်တစ် ပထမပါရာဇိကဆိုတဲ့ သိက္ခာပုဒ်ပညတ် ရတာ ရှင်သုဒိန်ဟာ ပထမပဲ။ ပထမဦးဆုံး ကျူးလွန်တဲ့ပုဂ္ဂိုလ်မို့ သုဒိန်ကို ဘုရားက အပြစ်လွတ်လိုက်တယ်၊ မင်း ဘာအပြစ်မှမရှိဘူး။ အစဆုံးလုပ်တဲ့ ပုဂ္ဂိုလ်မို့လို့ အပြစ်က လွတ်စေ။ ပါရာဇိက မကျဘူး၊ သူ့နောက်မှ လုပ် ယင်တော့ ဘယ်ပုဂ္ဂိုလ်လုပ်လုပ် ပါရာဇိက ကျမှာပဲ။

သုဒိန်ဟာ ပါရာဇိက မကျပေမဲ့ သင်္ကန်းဝတ်နှင့် သာသနာတော်မှာ နေနိုင်ပေမဲ့ ခုနတုန်းက ကုက္ကုစ္စစေတသိက်ဟာ ဒါလောက် သာသနာကို ချစ်မြတ်နိုးတဲ့, စည်းစိမ်တွေကိုစွန့်ရဲတဲ့ သုဒိန်သည်ပင်လျှင် တရားအားထုတ် လို့ မရဘူး။ သူသာ မရတာ၊ သူ မျိုးစေ့ပေးခဲ့လို့ သူ့သားနဲ့ သူ့မယားတို့က တော့ ယောကျ်ားက ဒါလောက်တောင်စွန့်လွတ်ပြီးတော့ ရဟန်းပြုသွားတော့

သူတို့လဲ နောက်ကလိုက်ပြီး တရားအားထုတ်တာ တရားရသွားကြတယ်လို့ ကျမ်းဂန်ထဲမှာပါတယ်။ ရှင်သုဒိန်တရားရတယ် မရဘူးဆိုတာ မပါတော့ မရဘူးဘဲ ဆိုကြပါစို့။

ဒီနေ့တော့ ဒေါသအုပ်စုက ဒေါသရယ်, ဣဿာရယ်, မစ္ဆရိယရယ်, ကုက္ကုစ္စရယ်-ဒီလေးလုံးပဲ ဆိုကြစမ်းပါ။ ဒီဟာ ဆိုကြစမ်းပါအုံး၊ အဘိဓမ္မာ ကုက္ကုစ္စ၊ ဝိနည်းကုက္ကုစ္စ။

ဒီကဗျာလေး ဆိုစမ်းပါအုံး။ ဒေါ ဣသ် မစ် ကုက်၊ ဒေါစတုက်။ ဒေါ=ဒေါသ၊ ဣသ်=ဣဿာ၊ မစ်=မစ္ဆရိယ၊ ကုက်=ကုက္ကုစ္စ။ အဲဒီတော့ နောက်ကျယင် ဒေါစတုက်-ဆိုလို့ရှိယင် ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စဆိုတာ သိရမယ်။

မောစတုက်-ဆိုယင် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဆိုတာ သိရမယ်။ လောတြိ-ဆိုယင် လောဘ၊ ဒိဋ္ဌိ၊ မာန ဆိုတာ သိရမယ်။

အကုသိုလ်စေတသိက် ၁၄-လုံးထဲက ၃-လုံးပဲ ကျန်တော့တယ်၊ ဒီနေ့တော့ သာဓုခေါ်ကြ။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက်(၇)

(၂၆၊ ၅၊ ၇၉)

## အုပ်စု ၂-ခုလုံး၌ ပါဝင်သည့် စေတသိက်များ

**ထိနစေတသိက်** အကုသိုလ်စေတသိက် ၁၁-လုံးကုန်သွားပြီ။ ဒီနေ့ အုပ်စု ၂-ခု၌ပါဝင်သော စေတသိက်။ လောဘအုပ်စုမှာရော ဒေါသအုပ်စုမှာရော အုပ်စု ၂-ခု၌ ပါဝင်တဲ့စေတသိက် ၂-လုံး ရှိတယ်။ အဲဒီနှစ်လုံးထဲမှာ ထိနစေတသိက်ဆိုတာ စိတ်ရဲ့ထိုင်းမှု၊ ထိုင်းဆိုတာ ထိနက လာတယ်ဆိုယင် ဒီစကားဟာ ပါဠိပျက်စကားတောင်ဖြစ်နိုင်တယ်။ အဲဒီတော့ မြန်မာစကားမှာ နားထိုင်းတယ်ဆိုတာ ဘာဖြစ်တာတုံး။ နားမကြားဘူး၊ နားပင်းသွားတာ။ ဒီလူဟာ နားထိုင်းကြီးပဲဆိုယင် လေးရုံတင်မကဘူး။ မကြားတဲ့အထိ ရောက်သွားတယ်။ အဲဒီတော့ ထိုင်းတယ်ဆိုတဲ့နေရာမှာ နားထိုင်းတယ်လို့သုံးတယ်၊ မြန်မာစကားမှာ စိတ်ထိုင်းတယ်ဆိုတာ စိတ်သိပ်ပြီးတော့ နေမကောင်းတာ၊ စိတ်မကျန်းမမာဖြစ်တာ။ **စိတ်နေ**မကောင်းဘူး၊ စိတ်မကျန်းမာဘူး။ အဲဒီတော့ စိတ်ထိုင်းတယ်ဆိုတာက စိတ်လုံးလုံးမရှိတာတော့မဟုတ်ဘူး။ စိတ်ဟာ သိပ်ပြီးတော့ အလုပ်မလုပ်ချင်ဘဲနဲ့ ပျင်းတဲ့သဘောကို ထိန။ ထိနစေတသိက်ကို အကုသိုလ်စေတသိက်ထဲမှာ ထည့်ထားတော့ ပျင်းတာဟာ အကုသိုလ် တရားပဲ။

**ပျင်းတာ အကုသိုလ်လား** နည်းနည်းတော့ ဒါ ပြဿနာတော့ ရှိတယ်။ ပျင်းတာက ဘယ်သူ့ကိုထိခိုက်လို့ ဘယ်လို အကျိုးစီးပွား ပျက်စီးလို့ ပျင်းတာကို အကုသိုလ်လို့ ဘုရားက ဟောတာတုံးဆိုတော့ ပျင်းတဲ့လူများဟာ ပညာတတ်ပါ့မလား။ မတတ်ဘူး။ ကိုယ့်ကျိုးစီးပွား ယုတ်တယ်ဆိုလို့ရှိယင် သူတစ်ပါးရဲ့ အကျိုးစီးပွားကော မယုတ်ဘူးလား။ ယုတ်တာပေါ့။ ကျောင်းတက်ပြီးတော့ ပျင်းတာနဲ့ စာမကျက်ဘဲနေလို့ရှိယင် စာမေးပွဲ ခဏခဏကျနေယင် ဘယ်သူ့ ထိခိုက်မတုံး၊ မိဘတွေ

ထိခိုက်တာပေါ့။ ကိုယ့်မှာလဲ ထိခိုက်တယ်။ ပျင်းတဲ့ အတွက် ပညာမတတ်တော့ ဒီဘဝမှာ လူညွှန့်ကို တုံးသွားနိုင်တာပဲ။

ငယ်ငယ်က ဒီလိုသင်တန်းတွေ တက်ရမှာပျင်းတယ်။ စာဖတ်ရမှာပျင်းတယ်။ ပျင်းတဲ့လူတစ်ယောက်ဟာ ဒီဘဝမှာ လူညွှန့်တုံးတာပဲ။ လူကောင်းတစ်ယောက်ဖြစ်ဖို့ ပျင်းတဲ့လူဟာ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်မို့လို့ ထိန=စိတ်ထိုင်းတယ်ဆိုတာဟာ စိတ်နေမကောင်းတာပဲ၊ စိတ်မကျန်းမာတာပဲ။ စိတ်မကျန်းမာမှု စိတ်နေမကောင်းမှုဆိုတာဟာ ပျင်းတာပါ။ အခုလူတွေ နားလည်တာကတော့ စိတ်ထိုင်းတာလဲ နားမလည်ဘူး၊ စိတ်တွန့်ဆုတ်တာလဲ နားမလည်ဘူး။ ဒါပေမဲ့ တွန့်ဆုတ်တာတော့ နည်းနည်း နားလည်တယ်။ အလုပ်တစ်ခုကို လုပ်ရာမှာ ဆိုလို့ရှိရင် တီကိုဆားနှင့်တို့သလိုပဲ။ ပျင်းတဲ့လူများဟာ ဟော့-ဒါလုပ်ကြဦးစို့ကွာဆိုယင် တီကိုဆားနှင့်တို့သလို သူက တွန့်သွားတယ်။ ဟာ-ဒါတော့ မဖြစ်နိုင်ပါဘူးတဲ့။ ဒီစာအုပ် ကျက်စမ်းပါဆိုယင် ဒီစာတွေကတော့ အများကြီးပဲဆိုပြီး တွန့်သွားတယ်။ ထိနကို စိတ်ဟွန့်တယ်ဆိုယင်တော့ နားလည်တယ်။ ပျင်းတယ်ဆိုရင်တော့ အားလုံးလူတွေ နားလည်တယ်။

ထိနစေတသိက်ဆိုတာက စိတ်တွေပျင်းပြီးတော့ အလုပ်မလုပ်ချင်ဘူး၊ အဲဒါကို တိန။ သူ့ကိုဘာဖြစ်လို့ အကုသိုလ်စေတသိက်ထဲ ထည့်သလဲဆိုတော့ မိမိအကျိုးစီးပွား, သူတစ်ပါးအကျိုးစီးပွားကို ပျက်စီးစေနိုင်လို့ အကုသိုလ်စေတသိက်ထဲမှာ ထည့်တာ။ အဲဒီတော့ ထိနစေတသိက်ဟာ ဘယ်အုပ်စုထဲမှာ ပါသလဲဆိုတော့ လောဘအုပ်စုထဲမှာလဲ သူက ပါတယ်၊ လောဘအုပ်စုထဲမှာ ဘယ်အခါ ပါသလဲဆိုတော့ လောဘဖြစ်ပေမဲ့ တစ်ခုခုကို လိုချင်တယ်။ လိုချင်လို့လုပ်တဲ့အခါမှာ ပျင်းတဲ့အခါလဲ ရှိတယ်၊ သွက်သွက်လက်လက် လုပ်တဲ့အခါလဲ ရှိတယ်။ အဲဒီတော့ လိုချင်လို့ လုပ်တော့လုပ်တယ်၊ လုပ်ပေတဲ့ ပျင်းတဲ့အခါမှာဆိုလို့ရှိယင် စိတ်ကို တိုက်တွန်းပေးရလို့ ပါဠိလိုဆိုတော့ သသင်္ခါရိက စိတ်မှာ ထိန, မိဒ္ဓ ယှဉ်တယ်လို့ ဒီလိုပြောကြတာပေါ့။ ရှင်းရှင်းကတော့ လူဟာ ပျင်းတဲ့အခါရှိတယ်။ ပျင်းတဲ့အခါကျတော့ မင်း ပျင်းနေလို့မဖြစ်ဘူး၊ ပစ္စည်းရှာမှဖြစ်မှာပဲ။ မင်း ပျင်းနေယင် လူညံ့

ဖြစ်မှပေါ့လို့ ကိုယ့်စိတ်ကို ကိုယ်တိုက်တွန်းပေးရတယ်။ တစ်နည်းကတော့ သူတစ်ပါးကလဲ မင်း လုပ်ပါကွာ မလုပ်လို့ဘယ်ဖြစ်မှာလဲ၊ လူဆိုကာ အလုပ်လုပ်ရတယ်။ ပစ္စည်းရှာရတယ်။ အဲဒီလို ဘေးကလူကလဲ တွန်းပေးရတယ်။ အဲဒီတော့ လိုတော့လိုချင်တယ်။ လိုချင်လို့ လုပ်တဲ့အခါမှာ ဘေးက တွန်းပေးရတဲ့အခါမှာတော့ ထိနစေတသိက်ဟာ လောဘအုပ်စုထဲမှာ ပါတယ်။

ဒေါသအုပ်စုထဲကျတော့ ဘယ်လိုနေရာမှာ သူက ပါသတုံးဆိုတော့ ဒေါသဖြစ်တာက ကိုယ့်ဘာသာကိုယ် အလိုလိုဖြစ်တာလဲ ရှိတယ်၊ ရှူးဒိုင်းဆို ဖြစ်တဲ့အခါကျတော့ သူတစ်ပါး တိုက်တွန်းစရာ မလိုဘူးပေါ့။ တချို့တလေ ကျတော့ သူများတကာက ဆွပေးတာ မင်းကို သူက ဘယ်လိုပြောနေတာ၊ ရှင့်ကိုတော့ ဘယ်မိန်းမတွေက ဘယ်လိုပြောနေတာ ရှင်မသိဘူးလား၊ ဘယ်သူက ဘာပြောတယ်၊ ညာပြောတယ်နဲ့။ အဲဒီတော့ သူများတကာက တွန်းပေးတာနဲ့ ဒေါသက ဖြစ်လာတယ်။ အဲဒီလို သူများတကာ တိုက်တွန်းပေးတဲ့အခါမှာ ဒေါသဖြစ်လာလို့ရှိယင် ထိနဟာ ဒေါသအုပ်စုထဲမှာ ပါတယ်၊ ဒါကြောင့် ထိနစေတသိက်ကို အုပ်စု ၂-စု၌ ပါဝင်တဲ့ စေတသိက်ထဲမှာ ထည့်ရတယ်။

**မိဒ္ဓစေတသိက်** အဲ-ပြီးတော့ မိဒ္ဓစေတသိက် သွားကြစို့။ မိဒ္ဓစေတသိက်က ရိုးရိုးကတော့ မိဒ္ဓကို မှိုင်းတယ်၊ မြန်မာကတော့ ထိုင်းထိုင်းမှိုင်းမှိုင်းရှိတယ်လို့ ဒီလိုသုံးတယ်။ ငါတော့ကွာ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေတာပဲဆိုပြီး ထိနနဲ့မိဒ္ဓ တွဲပြီးသုံးတယ်၊ ထိုင်းတယ်ဆိုတာက စိတ် အလုပ်မလုပ်ချင်တာ။ စိတ်ပျင်းတာကို ထိုင်းတာ။ မိဒ္ဓ=မှိုင်းတယ်ဆိုတာက စေတသိက်တွေ အလုပ်မလုပ်ဘဲနေတာ။ မှိုင်းပြီးတော့နေတယ်ဆိုတာ စေတသိက်တွေ အလုပ်မလုပ်ဘူး။ လောဘက ဖြစ်တော့ဖြစ်တယ်။ လောဘက လိုချင်တယ်။ လိုချင်တယ်ဆိုပေမဲ့ သိပ် **လောဘ** မဖြစ်ဘူး။ မိဒ္ဓဖြစ်တဲ့လူမှာ မှိုင်းပြီးတော့နေတယ်။ စေတသိက်တွေ မှိုင်းတာက လောဘကလဲ အလုပ်မလုပ်ဘူး။ စိတ်ဆိုးတယ်ဆိုတဲ ဒေါသကလဲ အလုပ်မလုပ်ဘူး။ ကုသိုလ်ဆိုလို့ ရှိရင်လဲ သဒ္ဓါစေတသိက်ကလဲ အလုပ်မလုပ်ဘူး။ ပညာစေတသိက်ကလဲ

**အလုပ်မလုပ်ဘူး**။ အဲဒီတော့ စေတသိက်တွေ အလုပ်မလုပ်ဘဲနေတာကို မှိုင်းတယ်လို့ခေါ်တယ်၊ စေတသိက်တွေ အလုပ်မလုပ်တော့ ဘယ်လိုဖြစ်လာမလဲဆိုယင် လူကအိပ်ချင်လာတယ်၊ အခု သင်တန်းတက်တယ်ဆိုလို့ရှိယင် ဘာနဲ့ နားထောင်နေကြတာတုံး။ နားနဲ့နားထောင်တာတော့ ဟုတ်တာပေါ့။ စေဟသိက်တွေနဲ့ နားထောင်တာမဟုတ်လား။ ပညာနဲ့ နားထောင်နေတာ မဟုတ်ဘူးလား။ သဒ္ဓါနဲ့ နားထောင်နေတာ မဟုတ်ဘူးလား။

**အိပ်ငိုက်တာ အကုသိုလ်လား** ဒီသင်တန်း တက်တယ်ဆိုတာ တကယ် အကျိုးရှိတယ်ဆိုပြီး သဒ္ဓါစေတသိက် ယုံကြည်ချက်နဲ့လာတက်တာ။ စနေနေ့ တနင်္ဂနွေနေ့ဆိုတာ လူငယ်တွေလဲ ဖြစ်တယ်၊ ကျောင်းတို့ရုံးတို့ကပြန်ယင် အင်မတန် ပျော်တဲ့အချိန်လေး၊ အင်မတန်ကောင်းတဲ့အချိန်လေးကို သာမည ယုံကြည်ချက်လေးနဲ့ ဒီသင်တန်းကို လာပါမလား။ အဲဒီတော့ **သဒ္ဓါ**စေတသိက်၊ သဒ္ဓါကလဲ ထက်သန်နေပါမှ ဒီသင်တန်းဟာ စီးပွားရေး ကြီးပွားရေးအတွက် တစ်သက်တာပတ်လုံး အကျိုးတွေ အများကြီးရှိတယ်။ ဒီလို ပညာကလဲ သဘောပေါက်နေမှ တက်ဖြစ်တာ။ အဲဒီလို သဒ္ဓါတို့, ပညာတို့, သတိတို့, သမာဓိတို့ဆိုတဲ့ ဒီစေတသိက်တွေ အလုပ်လုပ်လို့ ဒီသင်တန်းရောက် လာတာ။ စေတသိက်တွေ အလုပ်လုပ်လို့ ဒီသင်တန်း ရောက်လာပေမဲ့ ကိုယ်ကလဲ မနက်က လျှောက်လည်ထားတယ်၊ အလုပ်ကလဲ ပင်ပန်းနေတယ်၊ ဆရာတွေသင်တာကတော့ ကောင်းပါတယ်။ သို့ပေတဲ့ ခန္ဓာကိုယ်က မခံနိုင်တဲ့အခါကျတော့ သင်တန်းဆရာပြောတာ နားထဲသိပ်မဝင်ဘဲနဲ့ တဖြည်းဖြည်းနဲ့ မှိုင်းမှိုင်းလာလို့ရှိယင် ဘာဖြစ်လာသလဲ၊ ငိုက်လာတယ်။ သင်တန်းတက်ရင်း အိပ်ချင်တော့ ငိုက်လာတယ်၊ မနက်ကလဲပင်ပန်းထားတယ်။ တကယ် သဒ္ဓါတရားနဲ့ လာတာပါပဲ။ လာပေတဲ့ အိပ်ချင်တယ်။ နေလို့မရလို့ ငိုက်မိပါတယ်၊ ဒါ အကုသိုလ်လားလို့ မေးယင် ဆုံးဖြတ်ဖို့ဆိုတာ တော်တော် ခဲယဉ်းတယ်။ သို့ပေတဲ့ ခုနကပြောသလိုပဲ ဒီသင်တန်းကို ဒါလောက်ဒုက္ခခံပြီးတော့ အဝေးကြီးကလာပေတဲ့ အိပ်ငိုက်နေတဲလူတစ်ယောက်ဟာ သူ့ဘာ နားလည်

မတုံး၊ ဘာမှ နားမလည်ဘူး၊ ဘာမှ မမှတ်မိဘူး၊ မမိုတ်မိတော့ အကျိုးယုတ်တာပေါ့။

အကုသိုလ်ဆိုတာက လူရဲ့အကျိုးစီးပွားကို ဖျက်ဆီးလိုက်တာပဲ။ တကယ်တမ်းလိုချင်ယင် မအိပ်ချင်ပါဘူး။ အဓိပတိထပ်ယင် မအိပ်ချင်ပါဘူး။ အိပ်ချင်တယ်ဆိုတာက စေတသိက်တွေ အလုပ်မလုပ်တာ။ နောက်ဆရာ အဓိပတိတပ်တဲ့ စေတသိက်တွေ ပြောအုံးမှာပါပဲ၊ အဓိပတိတပ်ပြီးတော့ နားထောင်တဲ့ ပုဂ္ဂိုလ်တွေက ဘယ်တော့မှ မအိပ်ချင်ဘူး။ ရုပ်ရှင်ရုံထဲသွားကြည့်ယင် ရှင်ရှင်မင်းသား မင်းသမီး သိပ်ကောင်းတဲ့ဇာတ်မှာ အိပ်တဲ့လူရှိရဲ့လား။ ဘာဖြစ်လို့တုံး။ အဓိပတိတပ်နေတော့ အာရုံက သိပ်ကောင်းနေတော့ ရုပ်ရှင်ရုံထဲမှာ ငိုက်တယ်လို့ မရှိဘူး။ မင်းသားကလဲ မကောင်း၊ မင်းသမီးကလဲ မကောင်းယင် ကိုယ်ကလဲ သူများသာလိုက်ပို့တာ၊ မကြည့်ချင် ကြည့်ချင်ဆိုယင် ငိုက်လာတာပဲ။ မလွှဲသာလို့ ကြည့်တဲ့အခါမှာ ငိုက်တယ်။

သင်တန်းလဲ အဲဒီလိုပဲ၊ သူများတကာ ဘေးကန့်းဆော်လို့, မိတ်ဆွေတွေက ခေါ်လို့ အဲဒီလို လာတက်တဲ့ပုဂ္ဂိုလ်တွေကတော့ ငိုက်ချင်ငိုက်မှာပဲ။ အိပ်ချင်တာတို့ ငိုက်တာတို့ဟာ မိဒ္ဓစေတသိက်။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းတဲ့တရားတွေကို မလုပ်ဖြစ်အောင် သူက တားမြစ်တာပဲ၊ တရားသွားနာတယ်။ သွားတုန်းကတော့ သဒ္ဓါတရားနဲ့ သွားတာပဲ၊ ညတရားပွဲသွားပြီးတော့ ငိုက်နေတယ်။ ငိုက်နေတော့ သူ ဘာတရားမှန်း မသိတော့ဘူး၊ ငိုက်နေတယ်။ ငိုက်နေတော့ သူ ဘာတရားမှန်း မသိတော့ဘူး၊ တချို့တလေ ဝိပဿနာတရားထိုင်တယ်ဆိုပြီး မှိန်းပြီးတော့ ထိုင်နေတယ်။ ဘေးကလူကတော့ သူတရားရတယ်ထင်နေတာ၊ မဟုတ်ဘူး။ သူကတော့ ထိုင်ပြီးအိပ်နေတာ၊ အင်မတန်-အိပ်လို့ကောင်းတာ။ တရားထိုင်ရင်း အာနာပါနရှုရင်း ရှုရင်းနဲ့ တဖြည်းတဖြည်း အရှုနှေးပြီး ပျော်သွားတော့ အိပ်လို့ အင်မတန် **အရသာရှိတာ**။ အဲဒီ အရသာရှိတာကိုပဲ တရားရတယ်လို့ အောက်မေ့နေ**တာ။ အ**မှန်ကတော့ အဲဒါ မိဒ္ဓပဲတဲ့။ ကောင်းတဲ့, သိမ်မွေ့တဲ့ အလုပ်တွေ

ငြိမ်ငြိမ်ဆိမ်ဆိမ်လုပ်တဲ့အခါမှာ မိဒ္ဓကဝင်ပြီးတော့ဖျက်ဆီးတယ်။ ဒါကြောင့်မို့လို့ ထိနနဲ့ မိဒ္ဓဟာ ထိနက စိတ်တွေထိုင်းသွားအောင်, စိတ်ထိုင်းတော့ ပျင်းလာတယ်။ မိဒ္ဓက စေတသိက်တွေ အလုပ်မလုပ်အောင်,စေတသိက်တွေ အလုပ်မလုပ်တဲ့အခါကျတော့ စေတသိက်တွေ ငြိမ်သွားတဲ့အခါကျတော့ (ဆရာ စိတ်နဲ့စေတသိက် ခွဲပြောတယ်မဟုတ်လား။) ဒီစိတ်ဟာ စေတသိက်တွေက ယှဉ်ယှဉ်ပြီးတော့နေလို့ စိတ်က လှုပ်ရှားနေတာကိုး။ စေတသိက်တွေက မလုပ်ဘဲနဲ့ ငြိမ်သွားတဲ့အခါကျတော့ ဘဝင်စိတ်ချည်းပဲကျန်ယင် အိပ်ပျော်သွားတာပဲ။ မိဒ္ဓဝင်လာလို့ရှိယင် စေတသိက်တွေ အလုပ်မလုပ်တော့ဘဲ ငိုက်သွားတယ်။ ထိနမိဒ္ဓကို ဒါကြောင့်မို့လို့ ဘုရားဟောတဲ့ နေရာတွေကျတော့ သူတို့ ၂–ခုကို တွဲပြီးတော့ဟောတယ်။ နောက်ကျတော့ ဆရာသင်မှာပါပဲ။

ထိနမိဒ္ဓနီဝရဏဆိုပြီးတော့ ပါဠိကလဲ တွဲသုံးတာပါပဲ။ ဒီပျင်းတဲ့လူကို ထိနလို့ မြန်မာလိုသိပ်မပြန်တဲ့ဘူး။ ဆရာကတော့ ထိနကတော့ ပျင်းတယ်၊ မိဒ္ဓက အိပ်ချင်တယ်ဆိုပြီးတော့ ကွဲအောင်ပြန်ပေးတာ။ များသောအားဖြင့်တော့ အိပ်ငိုက်တဲ့လူတို့, အအိပ်ကြီးတဲ့လူတို့, အအိပ်များတဲ့လူတို့ကို ရှေးလူကြီးတွေက ဘယ်လိုပြောတုံး။ ဟာ ဒီကောင် ထိနမိဒ္ဓသိပ်များတာပဲ။ ထိနမိဒ္ဓသိပ်များတာပဲဆိုတာ ထိနမိဒ္ဓဟာ ဈာန်တရားတို့, ဝိပဿနာတရားတို့ အားထုတ်တဲ့အခါမှာ သူက သိပ်အရေးကြီးတယ်။

ဒါကြောင့်မို့လို့ ဈာန်တရားတို့, ဝိပဿနာတို့ အားထုတ်တဲ့လူဟာ ညကိုမအိပ်ဘဲနေရတယ်။ ည လူခြေတိတ်တဲ့အခါမှာ သူများတကာအားလုံး အိပ်နေတဲ့အချိန်မှာ ကိုယ်က လသာသာလေးမှာ လမ်းလေးလျှောက်ပြီးတော့ စိတ်ကို ကြည်သထက်ကြည်, ကြည်သထက်ကြည်အောင် တရားအားထုတ်တဲ့လူတွေဟာ ကျင့်ရတယ်။ စိတ်ကကြည်နေတဲ့အခါကျတော့ မှောင်နေသေးတဲ့ သူ့စိတ်ထဲမှာ လင်းပြီးတော့နေတယ်။ အဲဒီလို ညသန်းခေါင်ကျော်အချိန်မှာ လူငြိမ်တဲ့အချိန်မှာ မအိပ်ဘဲ တရားအားထုတ်ရတယ်၊ တချို့တလေ ဆရာတော်ကြီးတွေ မအိပ်ဘဲနေတဲ့အကျင့်တွေ ကျင့်ကြတယ်။ လူဟာ အိပ်

ပါများတဲ့လူဟာ အိပ်ချင်လာတာပဲ။ ဒါကြောင့်မို့လို့ အိပ်တာဟာ အလေ့အကျင့်ပဲ။ လူတစ်ယောက်ဟာ ၈–နာရီအိပ်မှ ခန္ဓာကိုယ်နဲ့ ညီမျှတယ်ဆိုပေမဲ့ ၈–နာရီကနေ အိပ်တဲ့လူဟာ ၇–နာရီ၊ ၆–နာရီ၊ ၅–နာရီ၊ ၄–နာရီး အောက်ထိ လျှော့ပြီးအိပ်ယင်တော့ အကျင့်ရှိသွားလို့ရှိယင် လူတိုင်းနေနိုင်ပါတယ်။

အဲဒါကြောင့်မို့လို့ မိဒ္ဓ အိပ်ငိုက်တယ်ဆိုတဲ့ သဘောတရားဟာ မကောင်းတဲ့ အကုသိုလ်စေတသိက်ထဲမှာ ပါတယ်။ သူက ပညာကို ထုံထိုင်းစေတယ်။ ပညာကို ပိတ်ပင်စေတတ်တယ်။ အအိပ်များတဲ့လူဟာ ဉာဏ်မကောင်းတဲ့လူတွေချည်း များတယ်။ ဉာဏ်သိပ်တော်တဲ့လူဟာ သူဟာ အိပ်ယင်လဲ သူဟာ ဖျတ်ခနဲ ဖျက်ခနဲ နိုးတယ်။ ဉာဏ်ကောင်းတဲ့လူများဟာ သိပ်ပြီးတော့ မအိပ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိဒ္ဓအားနည်းလို့။ မိဒ္ဓအားနည်းတဲ့လူဟာ သိပ်မအိပ်ဘူး။ နေ့လယ်ဆိုယင် ယောင်လို့တောင် တုံးလုံးမလှဲဘူး၊ ညအိပ်တယ်ဆိုလို့ရှိယင်လဲ အိပ်ပြီး ဖျတ်ခနဲ ထလာတာပဲ။ အချိန်မရွေးသူ ထလို့ရတယ်။ အဲဒါဟာ သူက အမြဲတမ်း ပညာတို့, ဝီရိယတို့, သတိတို့ ရှေ့ဆောင်ပြီးတော့နေတော့ မိဒ္ဓက သိပ်ပြီးတော့ မကပ်နိုင်ဘူး။

ဒါကြောင့်မို့လို့ အဲဒီတရားတွေကို လွှတ်ထားတဲ့လူကျတော့ မိဒ္ဓက ဝင်လာတယ်၊ အိပ်ချင်တယ်။ သင်တန်းတက်တဲ့အခါမှာ အားလုံးမှ ၂–နာရီပဲ။ ဒီ ထိန, မိဒ္ဓ မဝင်အောင်ကတော့ ကုသိုလ်စေတသိက်တွေနဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ နောက်တော့ သင်မှာပါ။ အဲဒီတော့ မိဒ္ဓကလဲ ထိနအတိုင်းပဲ။ သူကလဲ လောဘအုပ်စုမှာလဲ ပါဝင်တာပဲ၊ ဒေါသအုပ်စုမှာလဲ ပါဝင်တာပဲ။ ဘယ်လိုအခါမှ လောဘအုပ်စုမှာ ပါဝင်သလဲဆိုတော့ ပစ္စည်းရှာတယ်၊ ဈေးဆိုင်မှာ ဈေးသွားထိုင်ရောင်းတာ လိုချင်လို့ သွားရောင်းပေတဲ့ ဈေးဝယ်တဲ့လူက မလာတော့ သူ ငိုက်လာတယ်။ အဲ ငိုက်လာတော့ လောဘအုပ်စုမှာလဲ လိုချင်လို့လုပ်တဲ့အခါမှာလဲ ငိုက်ချင်ငိုက်တာပဲ။ မိဒ္ဓက ဒေါသအုပ်စုမှာလဲ သူဝင်လို့ရတယ်။ ဒေါသအုပ်စုမှာ ယှဉ်တာကတော့ ဒေါသနဲ့ ငိုက်တာနဲ့က တခြားစီပဲလို့ တင်စရာရှိတယ်။

ဒေါသဆိုတာ လူတွေနားလည်တာက စိတ်ဆိုးတာကိုသာ နားလည်တာကိုး။ ဒေါသဆိုတာက မကျေနပ်မှုဖြစ်နေတာလဲ ဒေါသပဲ။ မကျေနပ်မှုဖြစ်နေတဲ့ လူတစ်ယောက်ကလဲ သူ မကျေနပ်မှုဖြစ်နေပေတဲ့ ဖျတ်ဆို မိဒ္ဓဝင်လာတဲ့အခါ အိပ်ချင်အိပ်ပျော်သွားတာပဲ။ စိတ်ထဲမှာ မကျေနပ်မှု ရှိတိုင်း အိပ်မပျော်ဘဲနေတာမဟုတ်ဘူး၊ မကျေနပ်မှုရှိလဲ သူက အိပ်ပျော်သွားတာပဲ၊ ဒါကြောင့်မို့လို့ ဒေါသအုပ်စုမှာလဲ မိဒ္ဓဟာပါနိုင်တယ်ဆိုပြီးတော့ ထိန, မိဒ္ဓ ၂–ခုတွဲပြီးတော့ အုပ်စု ၂–ခု၌ ပါဝင်တဲ့ စေတသိက်လို့ ဆိုတာ။

## အုပ်စု ၂–မှုလုံး၌ မပါဝင်သည့် စေတသိက်

**ဝိစိကိစ္ဆာစေတသိက်** နောက်ပြီးတော့ ဝိစိကိစ္ဆာတဲ့။ ဝိစိကိစ္ဆာဆိုတာလဲ မြန်မာမှာ ဟုတ်ဟုတ်–မဟုတ်ဟုတ် တချို့တလေကတော့ သုံးနေတာပဲ၊ ဒီလူ ဝိစိကိစ္ဆာသိပ်များတဲ့လူတဲ့။ ဘယ်လိုနေရာမှာ သုံးသလဲတောင်မသိဘူး။ ဝိစိကိစ္ဆာ စေတသိက်ကလဲ အကုသိုလ်စေတသိက်တစ်ခုပဲ၊ အဲ–ဝိစိကိစ္ဆာကို များသောအားဖြင့် မြန်မာပြန်တာက ယုံမှားမှုလို့ ပြန်တယ်။ ယုံမှားဆိုတဲ့ မြန်မာစကားမှာ ယုံဆိုတာ အခု မြန်မာတွေသုံးနေတာက သူပြောတာ ယုံသလားဆိုတော့ ယုံတယ်၊ ဒီလိုသုံးကြတယ်။ ဝိစိ–ကိစ္ဆာကို ယုံနဲ့ မှားနဲ့ တွဲတဲ့အခါကျတော့ ယုံမှားမှုကို မြန်မာစကားအတိုင်း အဓိပ္ပါယ်ကောက်မယ်ဆိုယင် ယုံမှားတယ်ဆိုတာ အမှားကို ယုံတာလား၊ မှားနေတာကိုယုံတာ ဝိစိကိစ္ဆာလား၊ မဟုတ်ပါဘူး။ ဒီ ယုံတာနဲ့ မှားတာနဲ့ မြန်မာစကားကို ဘယ်လိုလုပ်ပြီးတော့ တွဲထားသလဲ မသိပါဘူး၊ ယုံမိတာ မှား–ဆိုတဲ့သီချင်းမှာ မောင့်ကို ယုံမိတာ မှား–ဆိုတဲ့နေရာမှာ မောင်ပြောတာကို ယုံမိတာမှားတယ်၊ အဲဒီလို ယုံမိမှားတာဟာ ဝိစိကိစ္ဆာလား။

ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားတာဟာ အဲဒီလိုယုံမှားတာမျိုး မဟုတ်ပါဘူး၊ ယုံမှားတယ်ဆိုတာဟာ သံသယဖြစ်တာ၊ သံသယဆိုတဲ့ မြန်မာစကားတော့ နားလည်တယ်မို့လား။ သံသယဟာ မြန်မာစကားလား၊ ပါဠိစကားလား။ မြန်မာတိုင်းတော့ နားလည်တာပဲ၊ မင်းကို ငါ သံသယရှိတယ်၊ အဲဒီတော့ သံသယရှိတယ်ဆိုယင် တကယ် သူ မသိဘူး၊ သံသယရှိတယ်ဆိုတာက

တကယ်တော့ ဒီလူနဲ့ ဒီလူ သေသေချာချာ ဘာလုပ်တယ်ဆိုတာ သူမသိဘူး၊ ပစ္စည်းတစ်ခုလာပေါင် သွားတယ်၊ ခိုးလာတယ်လို့ သံသယရှိတယ်။ ခိုးတယ်လို့ တကယ်သိတာ မဟုတ်ဘူး။ သံသယရှိတဲ့စကားဟာ ဘယ်ကလာတာလဲဆိုတော့ မြန်မာစကားမဟုတ်ဘူး၊ ပါဠိစကားကိုယ်က သံသယ ပဲ။ သို့ပေတဲ့ မြန်မာစကားဖြစ်သွားပြီ ၊ ဘာမှလဲ မပြောင်းလဲဘူး၊ ပါဠိမှာလဲ သံသယ ပဲ၊ မြန်မာစကားမှာလဲ သံသယ ပဲ၊ ပညာတို့ သညာတို့လိုပေါ့။ သညာကောင်းတယ်ဆိုလို့ရှိရင် သညာဟာ ပါဠိစကားပဲ၊ သို့ပေတဲ့ မြန်မာတိုင်း သညာကို နားလည်နေတယ်။ သံသယဟာလဲ ပါဠိစကားပဲ။ သို့ပေမဲ့ မြန်မာထဲမှာရောက်နေတာကြတော့ သံသယရှိတယ်ဆိုတဲ့ စကားဟာ မြန်မာစကားဖြစ်သွားတယ်။

သံသယရှိတယ်ဆိုတာ **လူတိုင်း**နားလည်တယ်။ သံသယရှိတာ ဘယ်လိုရှိတာတုံးဆိုတော့ သို့လော **သို့**လောဖြစ်မှု။ သို့လော သို့လောဖြစ်မှုဆိုတာက ယူလေသလော-မယူလေသလော၊ ဟုတ်လေသလော-မဟုတ်လေသလော၊ ဒီလိုဖြစ်တာ။ သို့လော သို့လော ဖြစ်တယ်ဆိုတာ ဘယ်လိုဟာဖြစ်တာတုံးဆိုတော့ နှလုံးနှစ်ခွဖြစ်မှုတဲ့၊ နှလုံးနှစ်ခွဖြစ်တယ်ဆိုတာက ဝမ်းထဲမှာရှိသည့် နှလုံးကလေး နှစ်ခွဖြစ်တယ်လို့ ပြောတာမဟုတ်ဘူး၊ မြန်မာစကားက နှလုံးဆိုတာ ဘာကိုပြောတာတုံး၊ ဒီ ဝမ်းထဲက နှလုံးကိုလဲ နှလုံးလို့ခေါ်တာ ဟုတ်တယ်၊ ဒီနှလုံးမှတစ်ပါး ဒီပြင်နေရာမှာ နှလုံးဆိုတာ ဘာကိုခေါ်တာတုံး၊ စိတ်ကိုခေါ်တာ၊ ဒါကြောင့်မို့လို့ တချို့တလေ ကဗျာတွေမှာ 'စိတ်နှလုံး' လို့ စိတ်နှင့် နှလုံးကို ပရိယာယ်တူသုံးတယ်၊ စိတ်ဆိုတာက ပါဠိစကား၊ မြန်မာစကားအစစ်က နှလုံး၊ အမလေး နှလုံးနာလိုက်တာဆိုတာ ဒီဝမ်းထဲက နှလုံးကြီးက မနာပါဘူး၊ စိတ်နာတာကိုပြောတာ။ အဲဒီတော့ နှလုံးနှစ်ခွဖြစ်တယ်ဆိုတာ စိတ်**နှစ်ခွဖြစ်**တာ၊ ကိုယ့်စိတ်ထဲမှာ သူဟာ ဟုတ်လေသလော-မဟုတ်လေသလောလို့ ဒီလို စိတ် ၂-ခွ ဖြစ်နေတာကို ဒါ ဝိစိကိစ္ဆာခေါ်တယ်။ ဝိစိကိစ္ဆာရဲ့အဓိပ္ပါယ်က နှလုံး ၂-ခွ ဖြစ်တယ်။ နောက်ပိတ်ဆုံး ဝိစိကိစ္ဆာဆိုတာ မဆုံးဖြတ်နိုင်တာနဲ့ အဓိပ္ပါယ်အတူတူပဲ။ စိတ် ၂-ခွ ဖြစ်နေတယ်ဆိုတာက ဟုတ်သလား - မဟုတ်သလားလို့ သူ

မဆုံးဖြတ်နိုင်ဘူး၊ တရားသူကြီးလုပ်နေတယ်၊ တရားလိုနဲ့ တရားခံကို သူ ဆုံးဖြတ်ချက်မချနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုယင် ဒီအမှုကို သူ့စိတ်ထဲမှာ သံသယရှိတယ်၊ စိတ် ၂–ခွဖြစ်နေတယ်၊ မဆုံးဖြတ်နိုင်ဘူး။ အဲဒီတော့ မဆုံးဖြတ်နိုင်တာဟာလဲ ဝိစိကိစ္ဆာပဲ။

**မဆုံးဖြတ်နိုင်တာ အကုသိုလ်လား** ဒါကြောင့်မို့လို့ ဝိစိကိစ္ဆာကို အကုသိုလ်စေတသိက်လို့ ပြောတာ။ ဒီလို မှားသလား–မှန်သလားလို့ လူတိုင်း ဘယ်ဆုံးဖြတ်နိုင်မလဲ၊ ဝိစိကိစ္ဆာတော့ ရှိကြမှာပေါ့။ ဒါ ဘာဖြစ်လို့ အကုသိုလ်စေတသိက်ထဲ ထည့်ထားသလဲဆိုတော့ ဝိစိကိစ္ဆာက ကောင်းကဲ့တရားကို ကောင်းတယ်လို့ မဆုံးဖြတ်နိုင်ရင် မယုံကြည်တာဘဲ။ ဥပမာ–ခုခေတ်လူတွေ သုံးနေတဲ့ ပါတီရဲ့သဘောတရားရေးရာမှာ ခံယူချက်ပိုင်တယ်၊ ပါတီအပေါ်မှာ ဝိစိကိစ္ဆာမရှိဘူး၊ သံသယမရှိဘူး၊ ဒီပါတီရဲ့သဘောတရားဟာ အကုန်လုံးကောင်းတယ်လို့ သူ့စိတ်ထဲမှာ ယုံကြည်ချက် ခံယူချက် ပိုင်သွားတာပဲ၊ ဝိစိကိစ္ဆာဆိုတာက ဒီပါတီရဲ့ လုပ်ငန်းစဉ်တွေက ဖြစ်မှုဖြစ်ပါ့မလား၊ စာအုပ်ပေါ်မှာ ရေးထားတာတွေလား၊ စိတ်ကူးတွေလား၊ စာအုပ်ကြီးထဲကအတိုင်း ထုတ်ရေးထားတာလား၊ လက်တွေ့လုပ်လို့ ဖြစ်ပါ့မလား၊ အဲသလို လားတွေ များနေတယ်ဆိုလို့ရှိယင် ဒီပါတီအပေါ်မှာ ဝိစိကိစ္ဆာရှိတယ်၊ ပါတီအပေါ်မှာ ဝိစိကိစ္ဆာဖြစ်နေသေးတယ်ဆိုယင် သဘောတရားရေးမှာ ခံယူချက်မပြည့်စုံသေးဘူးဆိုပြီးတော့ ဒီလူကို အသုံးမပြုဘူး။ ဗုဒ္ဓဘာသာမှာဆိုယင်ပဲ ဝိစိကိစ္ဆာဆိုတာက ဗုဒ္ဓဆိုတဲ့ ဂေါတမဘုရား ပွင့်ခဲ့တယ်ဆိုတာ တကယ်ပဲ့တ်ရဲ့လား၊ အလုံးစုံသောတရားတွေကို သိတယ်ဆိုတဲ့ ဘုရားဆိုတာ တကယ်မှရှိရဲ့လား၊ ဒဏ္ဍာရီပုံပြင်တွေများလားလို့ ဘုရားအပေါ်မှာ သံသယရှိနေသေးတယ်ဆိုယင် ဒါ ဝိစိကိစ္ဆာရှိတယ်၊ ဘုရားကို သူ တကယ်မယုံကြည်သေးဘူး၊ ဗုဒ္ဓဘာသာတော့ ဗုဒ္ဓဘာသာပေါ့။

သူများတကာလှူယင် လှူတယ်။ သူများတကာရှိခိုးယင် ရှိခိုးတယ်။ သို့ပေတဲ့ သူ့စိတ်ထဲမှာ သဗ္ဗညုတဉာဏ်တော်ရှိတဲ့ ဗုဒ္ဓဟာ နှစ်ပေါင်းနှစ်

ထောင်ကျော်လောက်က ပွင့်ခဲ့တယ်ဆိုတာ တကယ်ဟုတ်ရဲ့လားဆိုတာ မဆုံးဖြတ်နိုင်သေးဘူး။ ဟုတ်မှ ဟုတ်ရဲ့လား၊ အဲဒီလို ဝိစိကိစ္ဆာရှိနေတာ။ ဒါ ဘုရားအပေါ်မှာ ယုံမှားတာ။

တရားအပေါ်မှာ ယုံမှားတာက ဘုရားဟောတဲ့ တရားတွေရှိတယ်၊ သုတ်တို့, အဘိဓမ္မာတို့, ဝိနည်းတို့။ အဘိဓမ္မာဆိုတဲ့တရားတွေဟာ ဘုရားဟော ဟုတ်မှဟုတ်ရဲ့လား။ ဒီအဘိဓမ္မာတရားဟာ လူမှုရေးတို့, နိုင်ငံရေးတို့, စီးပွားရေးတို့ အားလုံးကိစ္စတွေမှာ အသုံးချလို့ ရတယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား။ စာရေးဆရာတွေက သူတို့သဘောနဲ့ သူတို့ ရေးနေတာလား။ ဒီလို တရားအပေါ်မှာ သူက သံသယရှိတာ။ အဲဒီလို တရားအပေါ်မှာလဲ သံသယရှိနေတယ်၊ တရားအစစ်လို့ မဆုံးဖြတ်နိုင်ဘူး။ မှန်တယ်လို့ ဒီလို မဆုံးဖြတ်နိုင်တာဟာ ဝိစိကိစ္ဆာပဲ။ ဒီလူဟာ ကြိုးစားမှု, အားထုတ်မှု နည်းနေတာပေါ့။ သူ့ရဲ့ယုံကြည်ချက်က အားနည်းနေလို့ ကြိုးစာမှု အားထုတ်မှု နည်းနေတယ်။

အဲဒါကြောင့်မို့လို့ ဝိစိကိစ္ဆာဟာ ဘာသာရေးမှာ သိပ်အရေးကြီးတာပဲ။ ဘာသာရေးမှာ အရေးကြီးသလိုပဲ ယခုခေတ် ပါတီရေးတို့ နိုင်ငံရေးတို့မှာလဲ ဝိစိကိစ္ဆာလို့သာ မသုံးတာ၊ သူတို့မှာလဲ သိပ်အရေးကြီးတာပဲ။ ဘာလုပ်လုပ်ပေါ့ ဝိစိကိစ္ဆာမရှိမှ အောင်မြင်တယ်။ လုပ်ငန်းတစ်ခုကို လုပ်မယ်ဆိုလို့ရှိယင် ဖြစ်ပါ့မလားလို့ သံသယရှိနေယင် ဘာအလုပ်မှ သိပ်မဖြစ်ဘူး။ ငါလုပ်နေတဲ့အလုပ်ဟာ ကေန်ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်ရှိယင် နေ့ရော ညရော သူအလုပ်လုပ်တာပဲ။ ငါသင်နေတဲ့ပညာဟာ တကယ့်လူ့ဘဝမှာ ထိပ်တန်းရောက်နိုင်မယ်လို့ ဒီလို ယုံကြည်ချက်နဲ့ သင်နေတယ်ဆိုလို့ရှိယင် ချက်ချင်းအောင်မြင်တာပဲ။

အဲဒါကြောင့်မို့လို့ ဝိစိကိစ္ဆာဟာ လောကမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ် အရေးကြီးတယ်။ ဒါကြောင့်မို့လို့ သောတာပန်မဖြစ်သေးသမျှ ကာလပတ်လုံး ဝိစိကိစ္ဆာရှိနေတယ်။ ဝိစိကိစ္ဆာကို တကယ်ပယ်နိုင်

တာက သောတာပန်ကမှ ပယ်တာကိုး။ ဗုဒ္ဓဘာသာဝင် ရှေးလူကြီးတွေကျ တော့ အဲဒီ ဝိစိကိစ္ဆာက မရှိဘူး။ အဲဒီတော့ သောတာပန်ဆိုတာ သိပ်ဆန်း တာမဟုတ်ဘူး။ သောတာပန်ဆိုတာ ဒီ ဘုရားအစစ်ကို ဘုရားမဟုတ်ဘူးလို့ ဘယ်တော့မှ မပြောဘူး၊ လည်ပင်းအဖြတ်ခံမယ်။ ဒီလိုမပြောဝံ့တဲ့လူဟာ သောတာပန်ပဲ။ တကယ်မှန်တဲ့ ဒီတရားတွေကို မင်း မမှန်ဘူးလို့ ပြောစမ်း ဆိုယင် ခေါင်းဖြတ်ချင်ဖြတ်၊ ဇက်ဖြတ်ချင်ဖြတ်၊ မမှန်ဘူးလို့တော့ မပြော ဘူး။ အသက်နဲ့လဲပြီးတော့ ယုံကြည်ယင် ဒါ သောတာပန်ပဲ။ ဘာမှ တရား တွေ ဘာတွေ အားထုတ်ဖို့ ဝိပဿနာလုပ်ဖို့ မလိုဘူး။ ဘုရားကို တကယ် ယုံကြည်တယ်၊ တရားကို တကယ်ယုံကြည်တယ်၊ သံဃာကို တကယ်ယုံကြည် တယ်။ ဒါဆိုရင် သောတာပန်ဖြစ်တာပဲ။ ဒါကြောင့်မို့လို့ ရှေးဆရာတော်ကြီး များက ဘုရားကိုလဲယုံ၊ တရားကိုလဲယုံ၊ သံဃာကိုလဲယုံ၊ ငါးပါးသီလလဲလုံ။ အဲဒါ သောတာပန်ပဲ တဲ့။

အဲဒီတော့ ရတနာသုံးပါးကို ယုံတယ်ဆိုလို့ရှိယင် အသက်နဲ့လဲ ပြီးတော့ ယုံတာပေါ့။ သာမည ယုံတာတော့ မဟုတ်ဘူး။ ဒါကြောင့်မို့ တချို့တလေ အသက်ကို အပ်နှင်းပြီးတော့ သရဏဂုံ ဆောက်တည်ကြတယ်။ သရဏဂုံဆိုတာက ဘာတုံး။ ဘုရားရယ်, တရားရယ်, သံဃာရယ်၊ အဲဒီ ရတနာသုံးပါး ယုံကြည်မှုကို ခေါ်တာ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ကဲ အကုန်လုံးဆိုကြစမ်းပါ။ (သင်တန်းသူ သင်တန်းသားများ ၃-ကြိမ် ဆိုကြသည်။) အကုန်လုံး ဗုဒ္ဓဘာသာချည်းပဲ။ ရသားပဲ။ မူဆလင်တို့ ခရစ်ယာန်တို့ ပါလာရင်လဲ ကိစ္စမရှိပါဘူး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ-ဟာ ဘုရား တရား မယုံပေတဲ့ ဆိုလို့ရှိယင် လမ်းသွားရင်း ဘယ်တော့မှ ကားမတိုက် ဘူး။ မယုံလို့ရှိယင် လမ်းတည့်တည့်မှာ သွားရပ်ကြည့်၊ ကားက အရှိန်နဲ့ မောင်းလာယင် ဂရိဆို ဒီမှာ ထိုးရပ်ရမယ်။ ဂါထာက စွမ်းလား-မစွမ်း လားလို့ သွားတော့ မစမ်းကြပါနဲ့။

ဒီ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ၃-ခုဟာ အန္တရာယ်လဲ တကယ်လုံခြုံတယ်။ ပိယဆေးဆို့လို့ရှိယင်လဲ

ဟုတ်တယ်။ ကိုယ့်ကိုချစ်စေလိုလို့ရှိယင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ၃-ခေါက်ဆိုပြီး သွားပြော၊ ဒါ ပိယသိဒ္ဓိလဲ ရတာပဲ။

ဒါကြောင့်မို့လို့ ဆေးဆရာတွေ ဆေးစီရင်တဲ့အခါမှာ သရဏဂုံသုံးပါးကို နေရာတကာမှာ စီရင်ထားတာပေါ့။ အဲဒါကြောင့်မို့လို့ ဒီ ဘုရား, တရား, သံဃာဟာ သရဏဂုံ ၃-ပါးပဲ၊ သရဏ-ဆိုတာက ကိုးကွယ်ရာ, ဆည်းကပ်ရာကို သရဏ-ခေါ်တာ။ ဂမန-ဆိုတာက ဆည်းကပ်ပါတယ်လို့ဆိုတာ။ မြန်မာလိုကတော့ ဘုရားကို ကိုးကွယ်ဆည်းကပ်ပါတယ်၊ တရားကို ကိုးကွယ်ဆည်းကပ်ပါတယ်၊ သံဃာကို ကိုးကွယ်ဆည်းကပ်ပါတယ်ဆိုဒါပဲ။ သရဏဂုံလို့ပြောတော့ အဓိပ္ပါယ်က တစ်မျိုးတောင်ဖြစ်နေသေးတယ်။ ဘုရားကိုလဲ အသက်နဲ့လဲပြီးတော့ ယုံပါတယ်၊ တရားကိုလဲ အသက်နဲ့လဲပြီးတော့ ယုံပါတယ်။ သံဃာကိုလဲ အသက်နဲ့လဲပြီးတော့ ယုံပါတယ်။

ဒီလို ဆောက်တည်လို့ရှိယင် ဝိစိကိစ္ဆာ လုံးဝမရှိဘူး၊ ကင်းတာပဲ။ ဒီ ဒိဋ္ဌိ, ဝိစိကိစ္ဆာ မပယ်သေးသမျှ ကာလပတ်လုံး သောတာပန်မဖြစ်ဘူးလို့ပြောတယ်။ တကယ် ဝိစိကိစ္ဆာမရှိတဲ့ မြန်မာတွေ အများကြီးရှိပါတယ်၊ အဲဒီတော့ သောတာပန်ဖြစ်တာဟာ ဒီနည်းနဲ့ ကြည့်မယ်ဆိုလို့ရှိယင် လွယ်လွယ်လေးပဲ။ ဘုရား, တရား, သံဃာမှာ ဝိစိကိစ္ဆာမရှိတာဘဲ။ ဝိစိ-ကိစ္ဆာဆိုတာကလဲ တကယ်ယုံတဲ့လူကတော့ လက်တွေ့ယုံတာနဲ့ တစ်ဆင့်ကြား ယုံတာလို့ ၂-မျိုး ရှိတယ်။

နိဗ္ဗိန္ဒဆရာတော်ကြီးဟာ ပြည် နိဗ္ဗိန္ဒတောင်မှာရှိတယ်၊ ဆရာတော်ကြီးက ဘယ်လိုပြောသလဲဆိုတော့-ဆင်ဖြူတော်ကြီးနှစ်ကောင် ရွှေဆံတော်ဘုရားပေါ်မှာ ရောက်နေတယ်လို့ မင်းတို့ကို ယုံကြည်လောက်တဲ့လူက ပြောလို့ရှိယင် မယုံဘူးလားတဲ့၊ ယုံပါတယ်ဘုရား။

အေး--ငါလို ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်ကပြောတော့ မင်းတို့ယုံတယ်၊ ယုံလို့ရှိယင် မင်းတို့ ငါ့ဆီက ထပြန်သွားပြီးတော့ လမ်းထဲမှာ လူ ၂-ယောက် ၃-ယောက်ကို တွေ့မယ်တဲ့၊ တွေ့တော့ ခင်ဗျားတို့ ကယ်

ကလာတာတုံးမေးတော့ ပြည်ရွှေဆံတော်ဘုရားပေါ်က လာတယ်။ ရွှေဆံတော်ဘုရားပေါ်က လာတယ်ဆိုယင် ရွှေဆံတော်ဘုရားပေါ်မှာ ဆင်ဖြူတော်နှစ်ကောင် ရောက်နေတာ ဟုတ်သလားလို့ မင်းတို့ မမေးဘူးလားတဲ့၊ မေးမယ်ဘုရား။

ဘာဖြစ်လို့ မေးတာတုံးတဲ့၊ ဆရာတော်ပြောတာတော့ ယုံတယ်၊ ဟုတ်မယ်လဲ ထင်တယ်၊ ယုံပေမဲ့ ကိုယ်တိုင်မတွေ့ရသေးတော့ ဝိစိကိစ္ဆာရှိလို့ မေးတာပါဘုရား။ အကယ်၍ လမ်းထဲကလူတွေ မေးပြီးတော့ ဘုရားပေါ်ရောက်သွားပြီတဲ့၊ ဆင်ဖြူတော်ကြီးနှစ်ကောင်ကို မင်းတို့ ကိုယ်တိုင်တွေ့ခဲ့ပြီတဲ့၊ မင်းတို့ကိုယ်တိုင် တွေ့ခဲ့တဲ့အခါကျတော့ ပြန်ဆင်းလာကြတော့ မင်းတို့တွေ့တဲ့လူတွေကို မေးအုံးမလားတဲ့၊ မမေးတော့ဘူးဘုရား။ ကိုယ်တိုင်တွေ့ခဲ့ပြီကိုး။ အဲဒီလိုပဲ ကိုယ်တိုင်မသိသေးဘူးဆိုလို့ရှိယင် ဝိစိကိစ္ဆာဟာ ရှိသေးတာပဲတဲ့။

အဲဒီတော့ ဝိစိကိစ္ဆာကို ယုံမှားမှု, သံသယဖြစ်မှု, သို့လော–သို့လောဖြစ်မှု, နှလုံး နှစ်ခွဖြစ်မှု, မဆုံးဖြတ်နိုင်မှုကို ဆရာကတော့ တစ်ခုနဲ့မသိ တစ်ခုနဲ့သိအောင် အကုန်လုံးပြောပြတာပဲ။ ဒါပေမဲ့ တချို့တလေ အကုန်လုံးကိုပဲ ရကြတယ်၊ မှတ်မိကြပါတယ်။

အကုသိုလ်စေတသိက် ၁၄–လုံးကတော့ ကုန်သွားပြီ။ ကုန်သွားတော့ ပထမဆုံး အကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်က ဘယ်နှစ်လုံးတုံး။ မောဟရယ်, အဟိရိကရယ်, အနောတ္တပ္ပရယ်, ဥဒ္ဓစ္စရယ်။ ကဗျာက ဘာတဲ့တုံး။

"မော ဟိ နော ဥဒ်၊ မောစတုက်"

ဒေါသအုပ်စုထဲမှာ ပါဝင်တဲ့စေတသိက်က ဘယ်နှစ်လုံးတုံး။ ဒေါသအုပ်စုမှာ ၄–လုံး=ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ။

ကဗျာက ဘာတဲ့တုံး။

"ဒေါ ဣသ် မစ် ကုက်၊ ဒေါစတုက်"

လောဘအုပ်စုမှာပါဝင်တဲ့ စေတသိက်က ဘယ်နှစ်လုံးတုံး။ ၃-လုံး၊ ၃-လုံးက ဘာတုံး၊ လောဘ, မာန, ဒိဋ္ဌိ။

ကဗျာက ဘာတဲ့တုံး။

"လော မာန် ဒိဋ္ဌိ၊ လောတြိ"

အဲဒီက ၁၁-လုံး။ ဒီ ၃-လုံးက "ထိ မိဒ် ဝိစိ၊ ဆုံးတြိ။" ထိ-ဆိုတာက ထိန။ မိဒ်-ဆိုတာက မိဒ္ဓ။ ဝိစိ-ဆိုတာက ဝိစိကိစ္ဆာ။ ဆုံး-ဆိုတာက အဆုံး။ တြိ-ဆိုတာက ၃-လုံး။

အကုသိုလ်စေတသိက် အဆုံး ၃-လုံးဟာ"ထိ မိဒ် ဝိစိ၊ ဆုံးတြိ"။ အဲဒီတော့ "ထိ မိဒ် ဝိစိ ဆုံးတြိ"ဆိုတဲ့အထဲမှာ ထိနနဲ့ မိဒ္ဓက လောဘအုပ်စုရယ်, ဒေါသအုပ်စုရယ် အုပ်စု ၂-ခု၌ ပါဝင်တယ်။ ဝိစိကိစ္ဆာကျတော့ ဘယ်အုပ်စုမှ မပါဝင်ဘူး။ ဘာဖြစ်လို့ ဘယ်အုပ်စုမှ မပါသလဲဆိုတော့ လောဘအုပ်စုထဲမှာ လောဘဖြစ်တယ်ဆိုတဲ့လူဟာ သူ ဝိစိကိစ္ဆာရှိနေလို့ ရှိယင် သူ လောဘ ဘယ်ဖြစ်မတုံး။ ဒီမြေဖြူခဲကို ဆရာလိုချင်တာက မြေဖြူခဲမှန်းသိလို့ကိုး၊ ဒီမြေဖြူခဲထဲမှာ အဆိပ်ပါလေသလော-မပါလေသလောလို့ မြေဖြူခဲက ကိုယ့်ကို ဒုက္ခရောက်စေမဲ့ မြေဖြူခဲလားလို့ ဝိစိကိစ္ဆာဖြစ်နေယင် လိုချင်ပါ့မလား၊ မလိုချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ကိုယ့်ကို ကောင်းကျိုးပေးမလား၊ မကောင်းကျိုးပေးမလား၊ သံသယရှိနေလို့။ သံသယရှိနေယင် သူ့ကို ကိုယ်က မယူနိုင်ဘူး။ ဘယ်ပစ္စည်းကိုမဆိုပေါ့။ ပစ္စည်းတစ်ခုကို လိုချင်တယ်။ လိုချင်တဲ့ လောဘဆိုတာက သူကောင်းမယ်, အကျိုးရှိမယ်ထင်လို့ လိုချင်တာ။ အကျိုးရှိလေသလား-မရှိလေသလားလို့ ဝိစိကိစ္ဆာရှိနေယင် သူက လောဘမဖြစ်ဘူး။ ဒါကြောင့်မို့လို့ ဝိစိကိစ္ဆာဟာ လောဘအုပ်စုမှာလဲ သူက မပါဘူး။ လောဘအုပ်စုက သူ့ကို စည်းရုံးလို့မရဘူး။ ဝိစိကိစ္ဆာအုပ်စုက ကြားထဲမှာလဲ မဟုတ်ဘူး။ သူက သီးခြား။ သူက ဘယ်သူ့ကိုမှ မယုံတဲ့လူတစ်ယောက်၊ ရှင်းရှင်းကတော့ ဘယ်သူ့ကိုမှ သူက မယုံဘူး။ သူ့ကိုယ်ကိုလဲ သူ မယုံဘူး။

ဝိစိကိစ္ဆာသမားကို ဒေါသအုပ်စုကလဲ သူ့ကိုခွာတယ်။ ဒေါသအုပ်စုထဲလဲ သူ မပါနိုင်ဘူး။ ဒေါသဖြစ်တယ်ဆိုတာက ဒီလူဟာ ငါ့ကိုတကယ် မကောင်းပြောတဲ့လူလို့ သိမှ ဒေါသဖြစ်လို့ရတာကိုး။ သူပြောလေသလော-မပြောလေသလောလို့ ဆိုလို့ရှိယင် သံသယရှိနေယင် သူ့ကို ဘယ်သွား ဒေါသဖြစ်မလဲ။ အဲဒါကြောင့်မို့လို့ ဒေါသအုပ်စုမှာလဲ ဝိစိကိစ္ဆာကို ထည့်လို့မရဘူး။ အဲဒီ ဝိစိကိစ္ဆာဟာ သူက အုပ်စုသီးခြား။ စိတ်ယှဉ်-စေတသိက်ယှဉ်ကျတော့လဲ ဝိစိကိစ္ဆာစိတ်မှာ ဝိစိကိစ္ဆာစေတသိက် တစ်လုံးတည်းယှဉ်တယ်၊ စိတ်တစ်ခုဒွဲသာ ယှဉ်တဲ့စေတသိက်ဆိုယင်ကြည့်။ ဒီ ဝိစိကိစ္ဆာ စေတသိက်ပဲ ရှိတယ်။

အဲဒါကြောင့်မို့လို့ ဒီအကုသိုလ်စေတသိက် ၁၄-လုံးမှာ ပထမ မောဟအုပ်စုက မောဟရယ်၊ အဟိရိကရယ်၊ အနောတ္တပ္ပရယ်၊ ဥဒ္ဒစ္စရယ်။

ဒုတိယ လောဘအုပ်စုက လောဘရယ်၊ ဒိဋ္ဌိရယ်၊ မာနရယ်။

တတိယ ဒေါသအုပ်စုက ဒေါသရယ်၊ ဣဿာရယ်၊ မစ္ဆရိယရယ်၊ ကုက္ကုစ္စရယ်။

စတုတ္ထအုပ်စုက ထိနရယ်၊ မိဒ္ဓရယ်။ ပဉ္စမအုပ်စုက ဝိစိကိစ္ဆာ။ အဲဒီ အုပ်စုလိုက် ၁၄-လုံးကို ဆိုကြစမ်းပါ။ (သင်တန်းသား သင်တန်းသူများ ဆိုကြသည်။)

ဆရာတို့က သင်တန်းမှာကတည်းက ရအောင်လုပ်ပစ်လိုက်တာ။ အိမ်ပြန်ကျတော့ ကျက်စရာမလိုဘူး။ ဒီပြင်စာတွေကလဲ ကျက်စရာရှိတယ် မဟုတ်လား။ ဒီ ၁၄-လုံးက သာမည မအောက်မေ့နဲ့၊ အကုသိုလ်စေတသိက် ၁၄-လုံးရယင် ပိဋကတ် ၃-ပုံမှာ ၁-ပုံ အောင်တာပဲ။ အခု တိပိဋကဓရဆိုတာ ပိဋကတ် ၃-ပုံဆောင်ကို ခေါ်တာ။ အကုသိုလ်စေတသိက် ၁၄-လုံးရယင် ဧကပိဋကဓရ ပဲ။ ပိဋကတစ်ပုံဆောင်ပဲ။ အကုသိုလ်စေတသိက် ၁၄-လုံးဟာ ဒါလောက် ခဲယဉ်းတယ်။

တစ်ခါ -ကုသိုလ်စေတသိက် ၂၅-လုံးကို ရယင် ပိဋက တစ်ပုံ

ထပ်အောင်တာပဲ။ နှစ်ဘက်ရစေတသိက်ကိုပါ ရယင်တော့ ပိဋကတ် ၃-ပုံ စလုံး ရတာပဲ။ အဲဒီတော့ ဆရာတို့က ဒီမှာ ပိဋကတ်သုံးပုံစလုံးကို ရအောင် သင်ပေးနေတာ။ အကုသိုလ်စေတသိက် ၁၄-လုံးရသွားယင် တို့တော့ ပိဋကတ် ၃-ပုံထဲက ၁-ပုံတော့ရပြီဆိုတာ အဲသလိုသာ မှတ်ထားကြပေတော့။

## အကုသိုလ် မူလသုံးပါး

ပိဋကတ်ဘစ်ပုံ ရတယ်လို့ပြောနိုင်အောင် ရှေ့ဆက်ပြီး အကုသိုလ်စေတသိက် ၁၄-လုံးကိုပဲ သင်မယ်။ သုတ္တန်ပိဋကတ်ပါဠိတော်တွေကျတော့ အကုသိုလ်စေတသိက် ၁၄-လုံးကို စုံအောင်မပြောဘူး၊ အကုသိုလ်စေတသိက် ၃-လုံးကို မူလ ၃-ပါးလို့ပြောတယ်။ မူလဆိုတာက အမြစ်တို့ အရင်းတို့ကို မူလလို့ခေါ်တယ်။ မြန်မာစကားမှာ ခု မူလဆိုတဲ့စကားကို မူ-လို့ သုံးနေတယ်။ လ-ကိုဖြုတ်ပြီးတော့ သူ့မူ ကိုယ့်မူ။ ဒါကတော့ ဘယ်သူ့မူပဲ။ အဲဒီလို မူတွေကွဲနေတယ်။ မူလဆိုတဲ့ပါဠိစကားကို မူဆိုတဲ့ အနေ နဲ့ သုံးနေကြတယ်။ မူတွေကွဲနေကြတယ်။ သူ့မူနဲ့ ကိုယ့်မူက မတူဘူး။ မူလဆိုတာက အရင်းအမြစ်၊ သစ်ပင်က ရေသောက်မြစ်ဟာ ဒါ မူလပဲ။ အမြစ်ထဲမှာ သူကအမြစ်အရင်းပဲ။ သစ်ပင်မှာ ရေသောက်မြစ်ရှိတယ်ဆိုယင် ဘယ်တော့မှ ဒီသစ်ပင်ဟာ မသေဘူး။ ပါဠိက ပထမမူလဆိုတဲ့ စကားက ပထမ သစ်ပင်ရဲ့အမြစ်ကို ခေါ်တာပဲ။ သစ်ပင် အမြစ်ရင်းက နေပြီးတော့ အကုသိုလ်တရားထဲမှာ အမြစ်အရင်းဖြစ်တဲ့ တရားသုံးပါးကို တင်စားပြီးခေါ်လိုက်တယ်။

တစ်ကမ္ဘာလုံး လူတွေလုပ်နေတဲ့ အကုသိုလ်တွေထဲမှာ အခြေခံမူလ က ဘယ်နှစ်ခုရှိသတုံး။ အကုသိုလ်လုပ်ရခြင်းရဲ့ ပင်ရင်းအကြောင်းက ဘယ်နှစ်ခုရှိသတုံးဆိုတော့ ၃-ခုပဲရှိတယ်တဲ့။ ၃-ခုက ဘာတုံး။ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်။ တချို့တလေက "ဘဝသံသရာ" သီချင်းတောင် ဆိုထားသေးတယ်၊ "လောဘရယ်, ဒေါသရယ်, မောဟရယ်"လို့ သီချင်းလုပ်ဆိုတောင် ရသေးတယ်။ ဒီ တစ်ကမ္ဘာလုံးမှာလုပ်နေတဲ့ အကုသိုလ်

တွေ ဘယ်လောက်များများ၊ စစ်တိုက်တာလဲရှိမှပေါ့။ ရန်ဖြစ်တာလဲရှိမှာပေါ့။ ဘာပဲဖြစ်နေဖြစ်နေ၊ အိမ်ထောင်ရေး အသေးစားကစပြီးတော့ နိုင်ငံအချင်းချင်း စစ်တိုက်တဲ့အထိ အားလုံး မကောင်းမှုတွေလုပ်နေတဲ့ အခြေခံမူလကို ရှာမယ်ဆိုလို့ရှိယင် ၃-ခုပဲရှိတယ်။ ၃-ခုက ဘာလဲ၊ လောဘရယ်, ဒေါသရယ်, မောဟရယ်၊ ဒါပဲ။

မြတ်စွာဘုရားက သုတ္တန်ပါဠိတော်တွေကျတော့ ဒီ ၃-ပါးကိုပဲ မြောက်မြားစွာသော ပါဠိတော်တွေမှာ ဟောပြောထားခဲ့တယ်။ အကုသိုလ်ဖြစ်ခြင်းရဲ့ အကြောင်းတရားဟာ ၃-ပါးပဲရှိတယ်တဲ့၊ လောဘရယ်, ဒေါသရယ်, မောဟရယ်။ လောဘကြောင့် လုပ်ချင်လုပ်၊ လောဘကြောင့် မဟုတ်လို့ရှိယင် ဒေါသကြောင့် လုပ်ချင်လုပ်၊ ဒေါသကြောင့် မဟုတ်လို့ရှိယင် မောဟကြောင့်။ သို့ပေတဲ့ တကယ်ကတော့ ၃-ခုသာကွဲတယ်။ လောဘကြောင့် လုပ်လို့ရှိယင် မောဟကတော့ ပါတာပဲ။ ဒေါသကြောင့် လုပ်လို့ရှိယင်လဲ မောဟကတော့ ပါတာပဲ။ အကုသိုလ်တိုင်း မောဟက ပါတာကိုး။ ဒါကြောင့်မို့လို့ ဆရာက မောဟကို အကုသိုလ်လုပ်တိုင်းပါဝင်တဲ့ စေတသိက်ထဲမှာ ထည့်ထားခဲ့တာ။ အဲဒါကြောင့်မို့လို့ လက်တွေ့အားဖြင့် သမိုင်းကိုပဲကြည့်ကြည့်၊ ရာဇဝင်ကိုပဲကြည့်ကြည့်၊ ဘယ်စစ်ပွဲဟာ လောဘကြောင့်ဖြစ်ခဲ့တယ်။ ဘယ်စစ်ပွဲဟာ မခံချင်လို့ ဒေါသကြောင့်ဖြစ်ခဲ့တယ်။ ဘယ်လူတွေဟာ လောဘကြောင့် ကွဲသွားကြတယ်။ ဘယ်လူတွေဟာ ဒေါသကြောင့် ကွဲသွားကြတယ်၊ လောဘကြောင့် လောကီမှာတော့ ကောင်းကျိုးကတော့ ဖြစ်တဲ့အခါ ဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ မကောင်းတဲ့ အကုသိုလ်ရဲ့ အခြေခံထဲမှာ ဒီတရား ၃-ပါးဟာ အခြေခံပါပဲတဲ့။

**ဗုဒ္ဓဝါဒအကျဉ်းချုပ်**

ဒါကြောင့်မို့လို့ မင်းတို့ ဗုဒ္ဓဘာသာတရားကို အလွန်ဆုံးနည်းနဲ့ တို့ကိုပြောပြစမ်းပါ။ တို့က စာလဲမသင်နိုင်ဘူး။ စာလဲမဖတ်နိုင်ဘူး။ စာလဲမတတ်ဘူး။ မင်းတို့ ဗုဒ္ဓဘာသာတရားရဲ့ အခြေခံမူလတို့ကို ပြောပြစမ်းပါဆိုယင် ဗုဒ္ဓဘာသာတရား

ရဲ့ အခြေခံက လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေး၊ ဒါပဲ။

ဘယ်လောက်ပဲ သူတို့ ဟောနေ ဟောနေ၊ စာအုပ်တွေ ဘယ်လောက်ပဲ ရေးထုတ်နေ-ရေးထုတ်နေ၊ ဒါနလုပ်ချင်လုပ် သီလလုပ်ချင်လုပ် သမထလုပ်ချင်လုပ် ဝိပဿနာ လုပ်ချင်လုပ်၊ လုပ်ချင့်တဲ့အလုပ်တွေ လုပ်နေလုပ်နေ။ လုပ်ငန်းတွေ ဘယ်လောက်ပဲများများ၊ လုပ်တဲ့အလုပ်တွေ အကုန်လုံးဟာ ဗုဒ္ဓဘာသာတရားဟာ ဘာဖြစ်ရမတုံး။ လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးပဲ။

ဗုဒ္ဓဘာသာရဲ့ အခြေခံမှာ အကုသိုလ်မူလက ၃-ခုရှိတယ်ဆိုယင်-

ဒါနလုပ်တာလဲ ဘာအတွက်တုံး။ လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေး။

သီလဆောက်တည်တာကော လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေး။

ဈာန်တရား အားထုတ်တာရော လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေး။

ဝိပဿနာအားထုတ်တာရော လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေး။

ဘာလဲလုပ်လုပ် ကောင်းတာလုပ်သမျှ လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးပဲ။ ဆရာတို့ သင်တန်းက ပိဋကတ် ၃-ပုံကို အကုန်ကုန်အောင် သင်ပေးမယ်ဆိုတာ ဒီလို သဘောပါပဲ။

လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးလို့ ဆိုတာဟာ အပြောလား၊ လက်တွေ့လား စဉ်းစားကြည့်ရမယ်။ ဒါနလုပ်တယ်ဆိုပါတော့၊ ကိုယ့်ရှိတဲ့ စိည်းစိမ်ချမ်းသာတွေကို ပေးပစ်လိုက်တာ။ ဘာလုပ်တာတုံး။ လောဘကုန်အောင်လုပ်တာ။ လူတွေကို မုန်းနေတယ်ဆိုယင် ကိုယ်က ပေးနိုင်ပါ့မလား။ မပေးနိုင်ဘူး။ သူတို့ကို ကိုယ်ကချစ်မှ ပေးနိုင်

မှာ။ အဲဒီတော့ ပေးတယ်ဆိုယင် ဒေါသကုန်ရေးမဟုတ်ဘူးလား။ လောဘနဲ့ ဒေါသကို ကုန်တဲ့အလုပ်မျိုး လုပ်တယ်ဆိုယင် မောဟဆိုတဲ့ အဝိဇ္ဇာမဖုံးလွှမ်းလို့သာ။ ဒါနဟာ ငါလဲအကျိုးရှိတယ်၊ အားလုံးလူတွေလဲ အကျိုးရှိတယ်လို့ ဒီလိုသိလို့ ဒါနလုပ်တော့ မောဟက သူမကုန်ဘဲနဲ့လဲ ဒါနမလုပ်ဘူး။ ဒါနလုပ်တာလဲ လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးပဲ။ သူ့အဆင့်နဲ့ အဆင့်နဲ့ပေါ့။

လောဘကို တစ်ခါထဲ အမြစ်ပါပယ်ပစ်လိုက်လို့တော့ မရဘူး၊ ဒါနလုပ်တာလဲ လောဘကုန်အောင်, ဒေါသကုန်အောင်, မောဟကုန်အောင် လုပ်တာပဲ၊ တချို့တလေက ဝိပဿနာအားထုတ်မှ ကိလေသာကုန်မယ်၊ ဒါနလုပ်တာက သံသရာလည်တယ်တဲ့၊ ဒါ အဘိဓမ္မာကို အသေအချာ မစဉ်းစားလို့၊ ဒါနလုပ်တာလဲ လောဘကုန်အောင်, ဒေါသကုန်အောင်, မောဟကုန်အောင်, ကိလေသာကုန်အောင် လုပ်တာပဲ။

သီလဆောက်တည်တာကော လောဘကုန်အောင်, ဒေါသကုန်အောင်, မောဟကုန်အောင် လုပ်တာပဲ။ သူများဥစ္စာ မခိုးဘူးဆိုတာက သူများဥစ္စာခိုးတာဘာတုံး။ လောဘဟုတ်လား။ သူများဥစ္စာ မခိုးဘဲနေတော့ လောဘကုန်အောင်လုပ်တာပေါ့။ သူများဥစ္စာ ခိုးတယ်ဆိုဒါက ကိုယ်မုန်းတဲ့အိမ်က ပစ္စည်းမှ ခိုးမှာပေါ့၊ ချစ်တဲ့အိမ်ကပစ္စည်း ခိုးပါ့မလား။ သူများဥစ္စာမခိုးဘူးဆိုလို့ရှိယင် ဘယ်သူ့ကိုမှ မမုန်းဘူးဆိုတာ မပါဘူးလား။ သီလဆောက်တည်တယ်ဆိုတာဟာ သူများပစ္စည်း မယူဘူးဆိုတာ ဒေါသကုန် အောင်လုပ်တာပဲ။ သူများပစ္စည်းခိုးတာဟာ မကောင်းဘူးလို့ သိတာဟာ မောဟကို ပယ်လိုက်တာပဲ၊ အဲဒီတော့ သီလဆောက်တည်တာလဲ ဘာဖြစ်အောင် လုပ်တာတုံး။ လောဘကုန်အောင်, ဒေါသကုန်အောင်, မောဟကုန်အောင် လုပ်တာပဲ။

တရားထိုင်တယ်, သမာဓိတရားတွေ အားထုတ်တယ်, သမာဓိလုပ်ငန်း လုပ်တယ်ဆိုတာက စိတ်ပွားရာကယ်ဆိုတဲ့ လောဘအလုပ်ပေ့

ဒီနေ့ မလုပ်ဘူး။ ဒေါသအလုပ်လဲ မလုပ်ဘူး။ ငါ ဒေါသတွေ ဘာတွေနဲ့ ဘယ်သူ့ကိုမှ စိတ်မဆိုးဘူး။ ငါ ဒီနေ့ ငြိမ်ငြိမ်ကလေး ထိုင်ပြီးတော့ တရားကိုပဲ စဉ်းစားနေမယ်ဆိုတော့ သမထထိုင်တာနဲ့ တရားထိုင်တာဟာ ဘာလုပ်တာတုံး။ လောဘကုန်ရေး, ဒေါသကုန်ရေး, မောဟကုန်ရေးပဲ။ သူ့အဆင့်နဲ့ အဆင့်နဲ့ပေါ့။

တစ်ခါ ဝိပဿနာတရား အားထုတ်တယ်ဆိုတော့ ဝိပဿနာဆိုတာ ရုပ် နာမ် ခန္ဓာကိုယ်ဆိုတာဟာ ငါ-သူတစ်ပါး, ယောကျ်ား-မိန်းမဆိုတာ ဘာမှမရှိဘူး။ ဘယ်သူ့မှ စိတ်ဆိုးစရာလဲမရှိဘူး၊ ပုဂ္ဂိုလ်, သတ္တဝါမှ မရှိဘဲနဲ့ ဘယ်နှယ်လုပ် စိတ်ဆိုးမတုံး။ ဝိပဿနာသမားဟာ အကုန်လုံး အနိစ္စချည်းပဲ၊ အားလုံး ဖြစ်ပြီး ပျက်သွားမဲ့ တရားချည်းပဲ၊ အတုံးအခဲ သဏ္ဌာန် ဘာမှမရှိဘူးလို့ ဒီလိုမြင်လာတဲ့လူဟာ ဘယ်သူ့ကို စိတ်ဆိုးအုံးမတုံး။ သူဘာကို လိုချင်အုံးမတုံး။ ဘာမှ မလိုချင်ဘူး၊ ဘာမှ မရှိတဲ့ဥစ္စာ။ သူ့မှာ မိန်းမလဲ မရှိ၊ ယောကျ်ားလဲ မရှိ၊ ပစ္စည်းလဲ မရှိ၊ ဘာမှလဲ မရှိဘူး၊ ရုပ်နာမ်ပဲ ရှိတယ်။ ရုပ်နာမ်တောင်မှ မြဲနေတာမှ မဟုတ်ဘဲ၊ ဖြစ်ပြီး ပျက်နေတယ်လို့ ဒီလို မြင်နေတဲ့ပုဂ္ဂိုလ်မှာ လောဘဖြစ်ပါ့မလား။ ဒီလောဘမဖြစ်ယင် ဒေါသရော ဖြစ်ပါ့မလား။ ဒေါသလဲ မဖြစ်လို့ရှိယင် မောဟလဲ ကုန်ရေးပါပဲ။ အဲဒီတော့ ဝိပဿနာတရား အားထုတ်တာဟာလဲ လောဘကုန်ရေး, ဒေါသကုန်ရေး, မောဟကုန်ရေးပဲ။

အဲဒါကြောင့်မို့လို့ ဗုဒ္ဓဘာတရားရဲ့ အကျဉ်းချုပ်ကို ပြောပါဆိုယင် ဘယ်လိုပြောမတုံး။ လောဘကုန်ရေး, ဒေါသကုန်ရေး, မောဟကုန်ရေးပဲ။

ကဲ--သာဓုခေါ်ကြ၊ တော်သေးပြီ။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက်(၈)

## ၂၇-၅-၇၉

## ပပဥ္စတရား သုံးပါး

အကုသိုလ် ၁၄-လုံးကို သုတ္တန်ပါဠိတော်တွေမှာတော့ ၁၄-လုံး အကုန်လုံး ဘုရားက မဟောပါဘူး။ မနေ့ကပြောတဲ့ မူလသုံးပါးကိုပဲ အကုသိုလ်တရားတွေမှာ အဟောများပါတယ်၊ နောက်ပြီးတော့ ဘယ်လို ဟောသေးသလဲဆိုတော့ ပပဥ္စတရား သုံးပါးလို့လဲ ဟောသေးတယ်။ ပပဥ္စ ဆိုတာက အကျယ်ချဲ့သည့်တရား။ ပါဠိလိုက ပပဥ္စ၊ မြန်မာလိုက အကျယ် ချဲ့တဲ့တရား။ အကျယ်ချဲ့တဲ့ တရားသုံးပါးက လောဘရယ်, ဒိဋ္ဌိရယ်, မာနရယ်။ လောဘစေတသိက် အစိပ္ပါယ်ကိုပြောခဲ့ပြီးဖြစ်တယ်။

**လောဘ** လောဘဟာ အကျယ်ချဲ့တဲ့တရား ဆိုတာက အခု လူ့ လောကကြီးမှာ အကုန်လုံး ပြည့်စုံတဲ့လူရယ်လို့ ရှိရဲ့လား။ မရှိပါဘူး။ အကုန်လုံး အကျယ်ချဲ့တာပဲ။ တဲကလေးကနေပြီးတော့ သစ်သားအိမ်၊ သစ်သားအိမ်ကနေပြီးတော့ တိုက်။ အုတ်တိုက်ကနေပြီးတော့ သံ။ အဲဒီလို အမျိုးမျိုး အကျယ်ချဲ့လာတာပဲ၊ လှည်းကနေပြီးတော့ မော်တော်ကား၊ မော်တော်ကားကလဲ တစ်မျိုးပြီး တစ်မျိုး။ အဝတ်အစားကလဲ တစ်မျိုးပြီး တစ်မျိုး။ အဲဒီတော့ လူ့လောကကြီး တည်ဆောက်တဲ့နေရာမှာ လောဘရှိလို့လဲ တည်ဆောက်လို့ရတာပါပဲ၊

အဲဒီတော့ လောဘဟာ လူ့လောကကြီးကို ဖေည်ထောင်တယ်လို့ ဆိုယင်လဲ ဟုတ်တာပဲ။ လောဘဟာ လူ့လောကကြီးကို ဖျက်ပစ်လိုက်နိုင် တယ်လို့ဆိုယင်လဲ ဟုတ်တာပဲ။ သူက **နှစ်ဘက်ရ**ပဲ။ အဲဒါကြောင့်မို့ လောဘကို အကုသိုလ်စေတသိက်တွေမှာလဲ **လူတွေမှာ** ရှိသင့်ရှိထိုက်တဲ့ လောဘ၊ မရှိသင့်တဲ့ လောဘဆိုပြီး ၂-မျိုးခွဲပြောခဲ့တာ။ လောဘကို တချို့ တလေက လိုလိုနေတဲ့တရားလို့ ဘာသာပြန်ကြတယ်၊ ဘယ်တော့မှ ပြည့်တယ်လို့ မရှိဘူးတဲ့။ ရာထူးယေ်တဲ့လူတွေကလဲ တဖြည်းဖြည်း ဘာရာထူး

ရယင်တော့ တော်ပါပြီလို့ အောက်မေ့တယ်၊ အဲဒီရာထူးရပြီးတော့ နောက်တစ်ဆင့် တက်ချင်သေးတာပဲ။ နောက်တစ်ဆင့်ရပြီးတော့လဲ နောက်တစ်ဆင့် တက် ချင်သေးတာပဲ။ နောက်ပိတ်ဆုံး မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို တက် အုပ်ချုပ်နိုင်တဲ့ သမ္မတကြီးဖြစ်သော်လည်း တစ်နိုင်ငံနဲ့ အားမရဘူး၊ တော်တော်ကြာကျတော့ နှစ်နိုင်ငံ၊ နောက် သုံးနိုင်ငံ၊ နောက် တစ်ကမ္ဘာလုံး တစ်ယောက်ထဲ အုပ်ချုပ်ချင်သေးတာပဲ။ နောက် တစ်ကမ္ဘာလုံးရတော့လဲ လူ့ပြည်တောင်မကဘူး၊ နတ်ပြည်တောင် တက်ပြီး အုပ်ချုပ်ချင်တာပဲ။

ရှေးတုန်းက လူ့ပြည်မှာ စကြာရတနာရတဲ့ မင်းတွေရှိခဲ့ဖူးတယ်။ စကြာရတနာရတယ်ဆိုယင် သူသွားချင်တဲ့နေရာကို လူ့ပြည်က နတ်ပြည် ဘယ်နေရာဖြစ်ဖြစ် အကုန်လုံးသွားလို့ရတယ်။ အဲဒီတော့ စကြာမင်းဟာ လူ့ပြည်မှာ လူ့စည်းစိမ်ခံစားလို့ အားမရတော့ နတ်ပြည် တက်သွားတယ်။ နတ်ပြည်ရောက်တော့ သိကြားမင်းက သူ့ကို ဆီးကြိုတယ်။ ဒါ အတိုချုံးပြောတာ။ သိကြားမင်းက ဆီးကြိုတဲ့အခါမှာပဲ ဘာလို့ လာသလဲဆိုတော့ နတ်စည်းစိမ်က အင်မတန်ထူးကဲတဲ့ စည်းစိမ်ဆိုလို့ နတ်စည်းစိမ်ခံစားဖို့လာတယ်ဆိုတော့ သိကြားမင်းက ညွှဲသည်အဖြစ်နဲ့ နတ်စည်းစိမ်ခံစားတာဟာ ဒါလောက် ပိုင်စိုးပိုင်နင်း မဟုတ်လို့ အရသာမရှိဘူးလို့ ပြောပြီး နတ်ပြည်ကို တစ်ဝက်ခွဲပေးတယ်။ ခွဲပေးတယ်ဆိုတော့ နတ်သမီးတွေကော ဘာရော အကုန်လုံးပါတာပေါ့။ သူ့ရှိတဲ့စည်းစိမ်ကို တစ်ဝက်ခွဲပေးတယ်။ အဲဒီခေတ်မှာက လူ့ရဲ့သက်တမ်းက အသင်္ချေယျတမ်း။ နတ်တွေထက် အသက်ရှည်တယ်။ လူ၏ အသက်ဟာ တစ်ရာတမ်းဆိုတာက ဆုတ်ကပ်ကို ပြောတာ။ လူ၏အသက်ဟာ အချို့ခေတ်တွေမှာ နတ်တွေရဲ့ အသက်ထက် ပိုရှည်တယ်။

လောဘဟာ ဘယ်လောက်ဆိုးသလဲဆိုတော့ သိကြာမင်း အသက်ဟာလဲ နည်းတာမဟုတ်ဘူး။ လူ့အရေအတွက်နဲ့ တွက်ကြည့်မယ်ဆိုယင် နှစ်ပေါင်း ၃–ကုဋေ ခြောက်သန်းတောင်ရှိတယ်။

သိကြားမင်းတွေဟာ နတ်သက်စေ့လို့ ပျောက်ပျောက်သွားတာ သုံးကျိပ်ခြောက်ယောက်လဲတာတောင်မှ နတ်စည်းစိမ်ကို စကြာမင်းဟာ ခံစားလို့ အားမရသေးဘူးတဲ့။ အားမရတော့ နတ်ပြည်ကို တစ်ဝက်ခွဲပြီးတော့ ခံစားရတာ သိပ်အရသာမရှိဘူး၊ သိကြားမင်းကို ဖြုတ်ချပြီးတော့ ငါတစ်ယောက်ထဲ သိကြားမင်းပြည်ကို အုပ်စိုးရယင် ကောင်းမှာပဲလို့ ဒီစိတ်မျိုး ပေါက်လာတယ်။ သက်တမ်းကလဲ များလာပြီ။ ဒီစိတ်မျိုး နတ်ပြည်မှာ ရှိကောင်းတဲ့စိတ်မျိုးမဟုတ်ဘဲ။ ဒီစိတ်မျိုးဖြစ်တာနဲ့ တစ်ပြိုင်နက်တည်း နတ်ပြည်မှ လျှော၍ လူ့ပြည်ကို ပြန်ကျလာတာပဲ။ စကြာမင်းဟာ လူ့ပြည်ကို ပြန်ကျလာပေမဲ့ သူက ဘုန်းကံနဲ့ဆိုတော့ နန်းတော်ကို ပြန်ပြီးတော့ ရောက်လာတယ်။ သေတော့ မသေဘူးပေါ့။ ဘယ်လောက်အသက်ရှည်ရှည် သေခြင်းတရားကတော့ မလွတ်နိုင်ဘူး။ သူသေခါနီးမှာ မှူးကြီးမတ်ရာ သေနာပတိတွေ, မောင်းမမိဿံတွေ အကုန်လုံးခေါ်ပြီး လောဘဆိုတာများ ဘယ်တော့မှ မလိုက်စားလေနဲ့၊ လောဘရဲ့အလို ဘယ်လိုဖြည့်လို့မှ မပြည့်နိုင်ဘူးဆိုတဲ့အကြောင်းကို အဲဒီမှာ စကြာမင်းက ဟောပြောခဲ့တယ်။ ဒါကြောင့်မို့လို့ လောဘဆိုတာလဲ နယ်ချဲ့သမားသုံးယောက်ထဲမှာ တစ်ယောက် အပါအဝင်ပဲ။ လောဘနောက် လိုက်မယ်ဆိုယင် လိုက်လေလိုလေ အိုတဏှာ-ဆိုသလို ဘယ်တော့မှ မပြည့်နိုင်ဘူးတဲ့။

ဒိဋ္ဌိ နောက်ပြီးတော့ ဒိဋ္ဌိကလဲအရိယာမဖြစ်သေးသမျှ ကာလပတ်လုံး နယ်ချဲ့တာပါပဲ။ အယူအဆတွေက ဘုရားဟောခဲ့တဲ့ ပဋိကတ်ပါဠိတော်မှာ အယူအဆပေါင်း ၆၂-ခုရှိတယ်။ တကယ်ကတော့ ကမ္ဘာပေါ်မှာ အယူအဆတွေဟာ ၆၂-ခုလဲ မကပါဘူး။ တစ်တိုင်းပြည်ထဲမှာပဲ လူအမျိုးမျိုးရှိတော့ အယူဝါဒတွေ အမျိုးမျိုးရှိကြတာပဲ။ ကမ္ဘာနဲ့ဆိုတော့ လူ့ပြည်ရော, နတ်ပြည်ရော, ဗြဟ္မာ့ပြည်ရော ဆိုလို့ရှိယင် အယူဝါဒတွေဟာ ထောင်သောင်းမက ရှိနိုင်ပါတယ်။ သို့ပေမဲ့ ဘယ်လောက် အယူဝါဒတွေ များနေများနေ၊ ဘုရားက ပေါင်းလိုက်မယ်ဆိုလို့ရှိယင် ၆၂-ပါးသော ဒိဋ္ဌိထဲမှာပဲ အကုန်လုံး ပါဝင်သွားတာပဲတဲ့။

ဒါကြောင့်မို့လို့ ဒီအယူဝါဒဆိုတဲ့ ဒိဋ္ဌိတွေဟာလဲ ဘယ်တော့မှ ဆုံးနိုင်တော့မှာမဟုတ်ဘူး။ သူကလဲ ချဲ့တာပဲ၊ အခုခေတ်မှာလဲ ဒီလို အယူဝါဒတစ်ခု နောက်တစ်ခါပြောင်းလိုက်ပြန်ပြီ၊ တော်တော်ကြာ ဘာသာတစ်မျိုး ပေါ်ပြန်ပြီ။ တော်တော်ကြာ အယူဝါဒတစ်မျိုး ပေါ်ပြန်ပြီ။ အယူဝါဒဟာ ပညာရှိတစ်ယောက်ပေါ်ယင် တစ်ခုပေါ်လာလိုက်၊ ပညာရှိတစ်ယောက်ပေါ်ယင် တစ်ခုပေါ်လာလိုက်နဲ့ အယူဝါဒတွေကလဲ လိုက်လို့မဆုံးနိုင်ဘူး။ အဲဒါကြောင့်မို့လို့ ဒိဋ္ဌိကလဲ အကျယ်ချဲ့တဲ့တရားထဲမှာ တစ်မျိုးပါတာပဲတဲ့။

**မာန** မာနကတော့ ပိုထင်ရှားတာပေါ့။ ဆရာ မာန ၉–မျိုးတောင် သင်ခဲ့တာပဲ။ ရှိသင့်တဲ့ မာနကလဲ အကျယ်ချဲ့တာပဲ။ မာနဆိုတာက ငါလုပ်ယင်ဖြစ်ရမှာပဲ၊ ဒီပြင်လူတွေဖြစ်ယင် ငါလဲဖြစ်ရမှာပေါ့၊ ဒီပြင်တိုင်းပြည်တွေဖြစ်ယင် တို့တိုင်းပြည်လဲ ဖြစ်ရမှာပေါ့၊ ဒီပြင်ကမ္ဘာမှာဖြစ်ယင် တို့ကမ္ဘာကလဲ ဖြစ်ရမှာပေါ့။ ဒီပြင်လူတွေ နတ်ပြည်ရောက်ယင် တို့လဲ ရောက်ရမှာပေါ့။ လောဘရှိသလောက် မာနလဲ လောဘနောက်လိုက်ရတာပဲ။ ဒိဋ္ဌိနဲ့မာနက ဆရာပြောခဲ့တယ်မဟုတ်လား၊ ဗိုလ်ချုပ်ကြီးနှစ်ယောက်လို့။ ဒိဋ္ဌိနဲ့မာနဆိုတာ လောဘရဲ့ လက်ဝဲရံ လက်ယာရံပဲ။

လောဘက သူ့အလိုဖြစ်အောင် ဒိဋ္ဌိကို တစ်မျိုးခိုင်းထားတယ်။ မာနကို တစ်မျိုးခိုင်းထားတယ်။ သူ့ရဲ့ လက်ဝဲရံ လက်ယာရံ ဒိဋ္ဌိနဲ့မာနက ဗိုလ်ချုပ်ကြီးနှစ်ယောက်ဆိုတော့ သူတို့ကလဲ နယ်ချဲ့သမားထဲမှာ ပါရတာပဲ။ တရားအားထုတ်တဲ့အခါကျမှ လောဘတို့ ဒိဋ္ဌိတို့ မာနတို့ အကျယ်ချဲ့တာကို သဘောပေါက်လာမယ်။

အခုနက အကုသိုလ်ရဲ့အရင်းအမြစ် တရားသုံးပါးက ဘာပါလိမ့်။ လောဘရယ်, ဒေါသရယ်, မောဟရယ်။ ပပဉ္စတရားထဲမှာ ဒေါသနဲ့မောဟ မပါဘူး။ သံသရာကို နယ်ချဲ့တဲ့အခါမှာ ဒိဋ္ဌိတို့ မာနတို့က နယ်ချဲ့တဲ့ သဘောရှိတယ်၊ ဒေါသတို့ မောဟတို့က နယ်ချဲ့တဲ့သဘော မထင်ရှားဘူး။ အဲဒီလို သဘောတရားက ပြောင်းသွားတော့ ပပဉ္စတရားသုံးပါးထဲမှာ ဒေါသ, မောဟ–မပါတော့ဘူး။

## အာသဝေါ တရား ၄–ပါး

အာသဝတရားလေးပါးကို မြန်မာက အာသဝေါ တရားလေးပါးလို့ပဲ နားလည်ကြတယ်။ သီလပေးပြီးတဲ့အခါ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"လို့ ဘုန်းကြီးက ချပေးယင် လူတွေက ငယ်ငယ်ကထဲက သေသည့်တိုင်အောင် လိုက်ဆိုတာပဲ။ "အာသဝက္ခယံ"အာသဝေါတရားလေးပါးတို့၏ ကင်းရာကုန်ရာဖြစ်သော နိဗ္ဗာန်ကို--ဆိုတော့ အာသဝေါရဲ့ အဓိပ္ပါယ်ကို ပြောစမ်းပါဆိုယင် နေ့တိုင်းသာ လိုက်ဆိုနေတယ် ပြောတတ်တဲ့လူ တော်တော်ရှားတယ်။

မြန်မာက အာသဝေါလို့ခေါ်တယ်၊ ပါဠိက အာသဝ–ပဲ၊ ပါဠိစကားကို မြန်မာက မွေးစားတဲ့အခါကျတော့ သိပ်မပြောင်းလိုက်ဘူး။ ရှေးက မြန်မာစကားမှာ ပါဠိတွေက သိပ်ပြီးတော့ တွင်ကျယ်နေတယ်။ မြန်မာဆိုယင် ပါဠိတတ်တာများတာကိုး။ သင်္ဂြိုဟ် ၉–ပိုင်းဆိုတာက မိန်းကလေးရော ယောကျ်ားလေးရော ရှေးခေတ်က မတတ်တဲ့လူ မရှိသလောက်ပါပဲ။ ပုဂံခေတ်က မိန်းမတွေ ပါဠိဘယ်လောက် တတ်သလဲဆိုယင် ပုဂံက တတ်တာလဲမပြောနဲ့၊ ရှင်ဘုရင် ကိုယ်တိုင်က သဒ္ဒါတို့ သင်္ဂြိုဟ်တို့ကို နန်းတော်ထဲမှာ နေ့တိုင်းသင်ပေးနေတာကိုး။ အဲဒီခေတ်က ရဟန်းတစ်ပါးဟာ ပုဂံပြည်ကို စာသင်သွားမယ်ဆိုပြီးတော့ အရပ်ကထွက်လာတယ်။ ပုဂံမရောက်ခင် ရွာတစ်ရွာမှာ ဝင်ပြီး ရေတောင်းသောက်တယ်၊ အဲဒီအိမ်က အမျိုးသမီးက အရှင်ဘုရားဘွဲ့ ဘယ်လိုခေါ်သလဲဆိုတော့ ဦးပဉ္ဇင်းက သူ့ဘွဲ့ကို ဦးခေမာလို့ပြောတဲ့အခါကျတော့ (ပုဂံပြည်မှာ သဒ္ဒါတတ်တဲ့အကြောင်းပြောတာ။ အဘိဓမ္မာပြောတာမဟုတ်ဘူး။) ဦးပဉ္ဇင်းဘွဲ့က "ခေမာ"ဆိုတော့ ဣတ္ထိလိင်ကြီးပါလားတဲ့။ ယောကျ်ားဆိုလို့ရှိယင် ပါဠိလို ပုလ္လိင်နဲ့မှည့်ရမယ်။ ခုတော့ ခေမာဆိုတာက ဣတ္ထိလိင်ကြီးတဲ့။ ခေမာဆိုတာက မိန်းမတွေမှ ဒီလိုနာမည်မျိုးမှည့်ရတာ။ ယောကျ်ားဆိုလို့ရှိယင် ပုလ္လိင်နဲ့မှည့်ရတယ်။ ဦးပဉ္ဇင်းဘွဲ့ကြီးက ဘယ့်နဲ့ ဣတ္ထိလိင်ကြီးပါလားလို့ ပြောတဲ့အခါကျတော့ သူ့အမေက ထမင်းချက်တဲ့နေရာကနေပြီးတော့ ဟဲ့–သမီး...သဒ္ဒါမှာ

ရာဇာဒိဂိုဏ်းဆိုတာရှိတယ်။ ရာဇာဒိဂိုဏ်းက ခေမာလို့ ဟောကျားတွေလဲ မှည့်ကောင်းတယ်ဆိုတော့ ဦးပဥ္စင်းက ပုဂံမရောက်သေးဘူး၊ တောရွာက သားအမိနှစ်ယောက်ပြောတာနဲ့ပဲ တော်တော်လန့်သွားတယ်တဲ့။ အဲဒီခေတ်ကတော့ တောရွာက အင်မတန် ဆင်းရဲတဲ့ အမျိုးသမီးတွေ၊ အဖွားကြီးတွေတောင်မှ သဒ္ဒါတော်တော်တတ်နေတယ်ဆိုတော့ မြန်မာစကားဟာ ပုဂံခေတ်လောက်ကစပြီတော့ ပါဠိစကားတွေကို မြန်မာလိုသုံးလာတာကြာတော့ မြန်မာစကားတွေမှာ ပါဠိတွေက များနေတာပေါ့။

**အာသဝဆိုတာဘာလဲ** အဲဒီတော့ "အာသဝ"ဆိုတဲ့ ပါဠိကို မြန်မာက "အာသဝေါ"လို့ပဲ ဒီလို ပြောင်းလိုက်တယ်။ ဒါကြောင့်မို့လို့ "အာသဝ-ကွယ်"အာသဝေါတရားဆိုတဲ့ မြန်မာစကားကို လူတွေက နားမလည်ကြဘူး။ စာအုပ်တွေရေးကြတော့လဲ ဟိုအဘိဓမ္မာစာအုပ်က တစ်မျိုးရေး၊ ဒီအဘိဓမ္မာစာအုပ်က တစ်မျိုးရေး၊ အဋ္ဌကထာ, ဋီကာတွေလဲ အမျိုးမျိုးဖွင့်တော့ မြန်မာလို တိတိကျကျ အာသဝဆိုတာ ရေးတုန်းက ပါဠိလို ဘာကိုခေါ်ခဲ့တယ်လို့ ပင်ရင်းကို နားမလည်ကြတော့ဘူး။ အာသဝဆိုတာ ပင်ရင်းက အရက်ကို ခေါ်တာ။ သုရာမေရယကို သေရည်သေရက်လို့ ဒီလိုပြန်ကျလို့ သုရာ-မေရယကို အရက်ဆိုတာ သိတယ်။ အာသဝကို အရက်ခေါ်ကြတာကို လူတွေက သိပ်မသိဘူး၊ အာသဝ-ဟာ ပင်ရင်းပါဠိစကားပြောတဲ့လူတွေက အရက်ကိုပြောတာ။ ပါဠိလို ပန်းကိုလုပ်တဲ့အရက်ကို ပုပ္ဖါသဝ-လို့ခေါ်တယ်။ ပန်းကိုလုပ်တဲ့အရက်လဲ ရှိတယ်။ ပျားရည်တို့ တင်လဲတို့ကိုလုပ်တဲ့ အရက်ကို မဓွာသဝ-လို့ခေါ်တယ်။ ပန်းကိုလုပ်တဲ့ အရက်၊ တင်လဲတို့ ထန်းလျက်တို့ကို လုပ်တဲ့အရက်၊ အဲဒီလိုအရက်တွေကို ပြောတဲ့နေရာမှာ အာသဝဆိုတာ အရက်ကိုပြောတာ။

အာသဝတရားလေးပါးမှာတော့ ဒီအာသဝဆိုတဲ့ စကားဟာ ဥပစာစကားပဲ၊ အခုမြန်မာစကားမှာလဲ တင်စားပြီးတော့ပြောတဲ့စကားတွေ ရှိတာပဲ။ လူရဲ့မျက်နှာဆိုတဲ့ မြန်မာစကားဟာ အရှေ့အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ မျက်နှာပြင်-စသဖြင့် လူရဲ့မျက်နှာဆိုတဲ့ စကားတစ်လုံးက နေပြီးတော့ ဒီပြင်နေရာတွေမှာ အကုန်လုံးတင်စားပြီးတော့ ပြောတာပဲ၊

လူရဲ့ခြေထောက်ဟာ လူမှာ အရင်းအကျဆုံးပဲ။ အရင်းကျတာကို ယူပြီးတော့ တောင်ခြေတို့, အိမ်ခြေတို့, တောခြေတို့၊ ဒီခြေကို အကုန်လျှောက်သုံး တာပဲ။ မြန်မာစာသင်နေတာတော့ မဟုတ်ဘူးပေါ့၊ မြန်မာစာ ဗဟုသုတပေါ့။

ဒါကြောင့်မို့လို့ ပါဠိမှာလဲ ဒီလိုပဲ ပထမ အာသဝဟာ အရက်ကို ဟောတာပဲ၊ ဒီအာသဝတရားလေးပါးမှာ ဘာဖြစ်လို့ အာသဝလို့ခေါ်တာတုံး ဆိုတော့ သတ္တဝါတို့ကို မူးစေ, ရူးစေလို့ခေါ်တာ။ အာသဝအရက်ဟာ လူ တွေကို ခဏတစ်ဖြုတ် ပထမ စိတ်ကောင်းပျောက်သွားအောင်ကတော့ မူးသွား, ရူးသွားအောင် လုပ်နိုင်တာပဲ။ အဲဒီလိုပဲ အာသဝေါတရား လေး ပါးကလဲ လူတွေကို မူးစေ,ရူးစေတတ်သောကြောင့် သူတို့ကို အာသဝေါ တရားလို့ခေါ်တယ်၊ အာသဝေါတရားဆိုတာ ဘယ်လိုတရားကို ခေါ်တာ တုံးဆိုယင် ဘယ်လိုပြောမတုံး၊ ဖြေကြစမ်းပါ။ သတ္တဝါတွေ လူတွေကို မူးစေ, ရူးစေတတ်တယ်။ အဲဒီ မူးစေ, ရူးစေတဲ့တရားကို အာသဝလို့ခေါ် တယ်။ အာသဝေါကုန်တယ်ဆိုတာ ရှင်းရှင်းကတော့ ကိလေသာကုန်တယ် လို့ပြောတာ။ အမူးပျောက်သွားတာ၊ အရက်မူးသမားကို ဆေးတိုက်လိုက် တဲ့အခါကျတော့ အမူးပြေသွားတာလို တရားရတယ်ဆိုတာ အမူးပြေသွား တာပဲ။

နောက် တစ်နည်းအားဖြင့် ပြောမယ်ဆိုယင် တရားရတယ်ဆိုတာ ဟာ အရူးပျောက်သွားတာ။ ဆရာတို့ ပုထုဇဉ်တွေဟာ အကုန် အရူးတွေ ချည်းပဲ။ ဒါကြောင့်မို့လို့ "ပုထုဇ္ဇနော ဥမ္မတ္တကော"လို့ဆိုတာ၊ တရားအား ထုတ်တယ် အားထုတ်တယ်ဆိုတာက လူတွေဟာ မူးနေကြတာပဲ။ မူးနေ ကြတော့ အမူးပြေအောင် တရားအားထုတ်တယ်။ လူတွေဟာ အကုန်လုံး ရူးနေကြတာပဲ။ ရူးနေကြ တာဟာ အရူးပျောက်အောင် တရားအားထုတ် တာပဲ၊ တရားရတယ် တရားရတယ်ဆိုတာဟာ အရူးပျောက်တာပဲ။ အဲဒီ တော့ လူတွေကို မူးစေ, ရူးစေတဲ့ တရားလေးပါးက–

**ကာမာသဝ** နံပါတ်(၁) ကာမသဝဆိုတာက ကာမရယ်, အာသဝရယ်။ မြန်မာစကားမှာတော့ နှစ်ခုတွဲလိုက်တယ် ဆိုလို့ရှိယင်

တစ်လုံးစီခွဲလို့ လွယ်တယ်။ ပါဠိကတော့ မလွယ်ဘူး။ သူတို့ဆက်တာက ပျဉ်ချင်းဆက်သလို တေ့ဆက်မဟုတ်ဘူး၊ တစ်ခုနဲ့တစ်ခု ထပ်ဆက်တာပဲ။ မြန်မာစကားကတော့ တေ့ဆက်ပဲ။ မဲမှောင်တယ်ဆိုယင် မဲတယ်၊ မှောင်တယ်၊ အဲဒီလို ခွဲလို့ရတယ်၊ မိုက်မဲတယ်ဆိုယင် မိုက်တာရယ်, မဲတာရယ် ခွဲလို့ ရတယ်။ မြန်မာစကားက မိုက်မဲတယ်ဆိုယင် တစ်လုံးစီ ခွဲလို့ရတယ်။ ပါဠိကျတဲ့အခါကျတော့ ကာမနဲ့အာသဝကို နှစ်လုံးပေါင်းလိုက်တဲ့အခါ ကျတော့ ကာမာသဝ ဒီလိုဖြစ်သွားတယ်။ ကာမကတော့ ကာမဂုဏ်ပေါ့၊ အာသဝကတော့ မူးစေတဲ့တရားပဲ။ ဒီကျတော့ အရက်လို့ သွားမပြန်နဲ့၊ ဥပစာကတော့ မူးစေတဲ့တရား၊ ရူးစေတဲ့တရားပဲ။ အဲဒီတော့ သူ့ပါဠိအတိုင်း ဆိုယင် ကာမ=ကာမဂုဏ်၊ အာသဝ=မူးစေတဲ့တရား။ မြန်မာလို ကာမာသဝ ကို ပြန်တဲ့အခါကျတော့ သတ္တဝါတို့ကို မူးစေတဲ့ ကာမဂုဏ်၌တွယ်တာမှု လောဘ။ ကာမာသဝဆိုတာ လွယ်လွယ်ပြောမယ်ဆိုလို့ရှိယင်တော့ ကာမ ဂုဏ်၌ တွယ်တာတဲ့လောဘပဲ။

သတ္တဝါတို့ကို မူးစေတက်တဲ့တရားဟာ ဘယ်တရားလဲ။
ကာမဂုဏ်တရားပဲ။

ကာမဂုဏ်တရားဆိုတာလဲ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးပဲ။ ဒီကာမဂုဏ်တရားတွေဟာ လူတွေကို မူး စေတက်တယ်၊ ရူးစေတက်တယ်။ ရူပါရုံကြောင့် ရူးတဲ့ ဇာတ်ထုတ်တွေ လျှောက်ပြောမယ် ဆိုလို့ရှိယင် တန်ဆောင်မုန်းလကျတော့ ဥမ္မာဒန္တီဇာတ် ကို အမြဲတမ်းပြတယ် မဟုတ်လား။ အဲဒီတော့ ရူပါရုံဟာလဲ သတ္တဝါတွေကို မူးစေတက်တာပဲ၊ သဒ္ဒါရုံကလဲ မူးစေတက်တာပဲ၊ ဂန္ဓာရုံကလဲ မူးစေတက် တာပဲ၊ရသာရုံကလဲ မူးစေတက်တာပဲ၊ ဖောဋ္ဌဗ္ဗာရုံကလဲ မူးစေတက်တာပဲ။

လူတွေဒုက္ခများနေရတာလဲ နေ့ရှိသမျှ ရူပါရုံအတွက်၊ သဒ္ဒါရုံ အတွက်၊ ဂန္ဓာရုံအတွက်၊ ရသာရုံအတွက်၊ ဖောဋ္ဌဗ္ဗာရုံအတွက် လိုက်လုပ် နေကြရတယ်မဟုတ်လား။ ကမ္ဘာပေါ်မှာ ရှိသမျှလူတွေအားလုံးဟာ ဒီအာရုံ

ငါ:ပါ:အတွက်ကိုပဲ ကောင်းတဲ့နည်းလမ်းနဲ့ပဲ **ဖြစ်ဖြစ်**၊ ဆိုးတဲ့နည်းလမ်း**နဲ့**ပဲ **ဖြစ်ဖြစ်**၊ နည်းလမ်းအမျိုးမျိုးနဲ့ တွဲပြီးတော့ လုပ်နေကြရတာပဲ မဟုတ်လား။ **အကုန်စု**ပေါင်းလိုက်တဲ့ အခါကျတော့ ခင်ဗျားတို့ ကမ္ဘာပေါ်က လူတွေဟာ **ဘာ**တွေလုပ်နေကြသလဲ မေးယင် ဘယ်လိုပြောမလဲ၊ အာရုံငါ:ပါ:ကို **သူ့ ထက်**သူ ကောင်းကောင်းရဖို့ ကြိုးစားနေကြတာပဲ မဟုတ်လား။ **အဲဒါ ကြောင့်**မို့လို့ လူတွေဟာ အကုန်လုံး ရူးနေကြတော့ ဘာမှ မသိသာဘူး၊ သူကလဲ ဒါလုပ်၊ ကိုယ်ကလဲ ဒါလုပ်၊ **အရူး** **အရူး**ချင်းဆိုတော့ တစ်**ယောက်** **တစ်ယောက်** ရူးတယ်လို့ မပြောဘူး။ ရဟန္တာဖြစ်သွားတဲ့ လူတွေက ကြည့် **တဲ့အခါကျ**တော့ ဩော်--သူတို့ဟာ ရူးနေကြတာပဲ၊ ငါတော့ အရူးပျောက် **သွား**ပြီလို့ ဒီလိုသိတာကိုး။ ဒါကြောင့်မို့လို့ ကာမာသဝဆိုတာက ကာမဂုဏ် ၌ တွယ်တာတဲ့ လောဘကို ကာမာသဝလို့ ခေါ်တယ်။ ဘာဖြစ်လို့ ကာမ ဂုဏ်ကို အာသဝလို့ ခေါ်သလဲဆိုတော့ ရူးစေ, မူးစေတဲ့ အတွက်ကြောင့် **အာ**သဝလို့ ခေါ်တယ်။

**ဘဝါသဝ** နောက်ပြီးတော့ ၂ - နံပါတ်က ဘဝါသဝ။ ဘဝါသဝ ဆို တာက ဘဝရယ်, **အာ**သဝရယ်။ **ဘဝ**နဲ့ **အာ**သဝကို **ပေါင်း** လိုက်တဲ့ အခါကျတော့ ဘဝါသဝဖြစ်တယ်။ အာသဝကတော့ ခုနအတိုင်းပဲ၊ သတ္တဝါတွေကို မူးစေတယ်။ အဲဒီတော့ ဘဝါသဝဆိုတာဟာ ရူပဘဝ အရူပဘဝတို့၌ တွယ်တာမှု လောဘ။ ဘဝါသဝဆိုတာနဲ့ ဘဝတဏှာဆိုတာ **နဲ့**အတူတူပဲ။ ဘုရားမပွင့်ခင်ကတော့ ကာမဂုဏ်တွေကို စွန့်ပစ်ပြီးတော့ **တော**ထွက်တဲ့ ပုဂ္ဂိုလ်တွေ**အများကြီး**ရှိတာပဲ။ အဲဒီလို ကာမဂုဏ်စည်းစိမ် **တွေကိုစွန့်** တောထွက်ပြီး ကျင့်တဲ့အခါမှာ ဒီပုဂ္ဂိုလ်တွေက ဗြဟ္မာပြည်ဖြစ်တဲ့ ရူပဘုံ၊ အရူပဘုံကို ရောက်တာပဲ။ ဗြဟ္မာဘုံဆိုတဲ့ ဘဝကို တွယ်တာနေတဲ့ ဘဝတဏှာက ရှိနေတာကိုး။ ဒီ ကာမဘုံဆိုတဲ့ ကာမတဏှာက လွတ်သွားပေ မဲ့ သူတို့ အသိဉာဏ်နဲ့ သူတို့ အားထုတ်တဲ့အခါမှာ ဒီ ဘဝဆိုတဲ့ ဒီ ဘဝ သံသရာမှာ တွယ်တာနေတဲ့ တဏှာက ရှိနေတဲ့အခါကျတော့ သူတို့ ဗြဟ္မာ ဘုံကို ရောက်သွားကြတယ်၊ အဲဒီ ဘဝတဏှာကလဲ သတ္တဝါတွေကို မူးစေ

တာပဲ။ သူတို့လဲ အမှုးမပြေသေးဘူး။ အမှုးပြေတယ်ဆိုတာကလဲ အရိယာဖြစ်တဲ့အခါကျမှ အမှုးက နည်းနည်းပြေမှာကိုး။ အရိယာဖြစ်တဲ့အခါကျမှ အမှုးက နည်းနည်းလေးပြေတယ်။ အရိယာမဖြစ်ခင် ပုထုဇဉ်ကတော့ ဒီလိုပဲ မှုးနေတာပဲတဲ့။ ဗြဟ္မာတွေလဲ ဗြဟ္မာအလျောက်၊ နတ်တွေလဲ နတ်အလျောက် မှုးနေကြတာပဲတဲ့။ မှုးစေ, ရူးစေတဲ့ ဘဝတဏှာကိုလဲ အာသဝေါ တရားလို့ခေါ်တယ်၊ အရူးတစ်မျိုးပေါ့။ အရက်လိုပေါ့၊ ကာမာသဝဆိုတဲ့ အရက်ကတော့ အမှုးကြမ်းတယ်၊ သိပ်မှုးတယ်။ ဒီ ဘဝါသဝ အရက်ကတော့ မှုးတော့မှုးတယ်၊ သူက တဖြည်းဖြည်းမှုးတာ။ ကာမာသဝလောက် မမှုးဘူး၊ မှုးတော့ မှုးတာပဲ၊ ဒါ နှစ်ခုစလုံးဟာ လောဘချည်းပဲ။

**ဒိဋ္ဌာသဝ** နောက်ပြီးတော့ **နံပါတ်** (၃)က ဒိဋ္ဌာသဝ။ ပါဠိက ဒိဋ္ဌိနဲ့ အာသဝ၊ နှစ်ခုပေါင်းလိုက်တာ။ အဲဒီတော့ ကာမတဏှာကလဲ သတ္တဝါတို့ကို မှုးစေလို့ သူ့ကို ကာမာသဝ၊ ဘဝတဏှာကလဲ သတ္တဝါတို့ကို မှုးစေလို့ ဘဝါသဝ။ ကာမာသဝဆိုတာ လောဘစေတသိက်၊ ဘဝါသဝဆိုတာလဲ လောဘစေတသိက်။ ဒိဋ္ဌာသဝကျတဲ့အခါကျတော့ ဒိဋ္ဌိစေတသိက်။ အဲဒီတော့ လောဘသာ လူတွေကို ရူးစေတာမဟုတ်ဘူး၊ ဒိဋ္ဌိကလဲ လူတွေကို ရူးစေတာပဲ။ ဒါကြောင့် ဒိဋ္ဌိကိုလဲ အာသဝလို့ ခေါ်တာကိုး။ ဒိဋ္ဌာသဝဆိုတာဟာ သတ္တဝါတို့ကို မှုးစေတဲ့ အယူဝါဒဒိဋ္ဌိ၊ အယူဝါဒအမျိုးမျိုးပေါ့။ သတ္တဝါတို့ကို မှုးစေတဲ့ အယူအမျိုးမျိုးဆိုတာ ဒိဋ္ဌိစေတသိက်ပဲ။ ဒိဋ္ဌာသဝ အယူဝါဒတွေဟာ လူတွေကို မှုးစေတာပဲ။ နိုင်ငံခြားက အယူဝါဒတွေကို စာအုပ်တွေနဲ့ ဖြန့်ချိတယ်၊ ဟောပြောပွဲတွေလုပ်တယ်၊ သင်တန်းတွေပေးတယ်။ အဲဒီလို လုပ်တော့ လူငယ်လူရွယ်တွေမှာ အဘိဓမ္မာ အခြေခံမရှိယင် ဒီပြင်အယူ ဝါဒတွေကို တော်တော်ဟုတ်တယ်လို့ ထင်ကြတယ်။ လူငယ်ဆိုတဲ့ သဘောတရားက ထူးထူးဆန်းဆန်းဆိုယင် သင်ချင်တာပဲ၊ လိုက်စားချင်တာပဲ။ အဲဒီတော့ သဘောတရားရေးရာ သင်တန်းတွေက အပြောအဟောလဲ ကောင်းမယ်၊ သူတို့ကလဲ သဘောကျသွားမယ်ဆိုယင် ဒီလူငယ်တွေ ရူးတော့တာပဲ၊ မှုးတော့တာပဲ။ သူတို့ရဲ့ အယူဝါဒတွေကို လက်မလွှတ်

တော့ဘူး။ အခုန အရက်မူးသမားကမှ အမူးပြေအောင်လုပ်လို့ရတယ်၊ အယူဝါဒတစ်ခုစွဲပြီးနေတဲ့ လူတစ်ယောက်ကို အဲဒီအယူဝါဒကို ချွတ်ဖို့ဆိုတာ သိပ်မလွယ်လှဘူး။ ဒါကြောင့်မို့လို့ "သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ ဟောသော်ငြားလည်း။ ဟောကြားချေချွတ်၊ ဖြေမလွတ်ဘူး"လို့ မာန်လည်ဆရာတော်ရေးတဲ့ မဃဒေဝထဲမှာပါတယ်။ ဆိုလိုတာက သတ္တဝါတစ်ယောက် အယူဝါဒ မှောက်မှားသွားတယ်ဆိုလိုရှိယင် ဘုရားတစ်သိန်းလာပြီးတော့ ဟောကြားသော်လဲ မကျွတ်နိုင်ဘူးတဲ့။ ဒါကြောင့်မို့လို့ ဘုရားလက်ထက်က တိတ္ထိတွေ အများကြီးရှိတာပဲ။ အယူဝါဒပြိုင်တဲ့ တိတ္ထိတွေလဲ အများကြီးရှိတာပဲ။ ဘုရားဟောလို့မရဘူး။ ဒါကြောင့်မို့လို့ ဒိဋ္ဌိအယူဝါဒဟာလဲ သတ္တဝါတို့ကို မူးစေ၊ ရူးစေတာပဲ။ ကမ္ဘာပေါ်မှာ အယူဝါဒတွေဟာ အများကြီးရှိတာပဲ။ ကိုယ့်အယူဝါဒ တွင်ကျယ်အောင် နည်းမျိုးစုံနဲ့ ဝါဒဖြန့်ကြတာပဲ မဟုတ်လား။

**အဝိဇ္ဇာသဝ** နံပါတ်(၄) အဝိဇ္ဇာသဝ။ အဝိဇ္ဇာသဝဆိုတာက အဝိဇ္ဇာရယ်၊ အာသဝရယ်၊ နှစ်ခုပေါင်းခေါ်တာ။ အဝိဇ္ဇာဆိုတာ ဆရာသင်ခဲ့ပြီးသားပဲ။ အဝိဇ္ဇာကို ဆရာ ဘယ်လိုသင်ခဲ့သလဲ၊ အဝိဇ္ဇာက ဘာကို မသိမှုလဲ-

သစ္စာလေးပါးကို မသိမှု။

သစ္စာလေးပါးဆိုတာ ပါဠိလိုပြောတာ။ အမှန်ကတော့ အမှန်တရားကို ဖုံးလွှမ်းမှု၊ အမှန်တရားကို မသိရအောင်၊ မမြင်အောင် ဖုံးကွယ်ထားတာ၊ မျက်မှန်စိမ်းတပ်ပြီးထားတာ၊ အဲဒါ အဝိဇ္ဇာဆိုတဲ့ မောဟ။ အမှန်တရားကို မသိအောင် ဖုံးကွယ်ပေးထားတဲ့ မောဟကလဲ သတ္တဝါတို့ကို မူးစေ၊ ရူးစေတာပဲ။ ဒီ မောဟဆိုတာက လူတွေကို မူးစေ၊ ရူးစေတာ။ သူက မူးအောင် ရူးအောင် လုပ်တာ။ ဒိဋ္ဌာသဝ အယူဝါဒတွေနဲ့ ရူးတယ်ဆိုတာလဲ မောဟက ဖုံးပေးတာ၊ မူးအောင် အကူအညီပေးတာပဲ။ လောဘက ကာမဂုဏ်တွေ တွယ်တာရအောင်လဲအဝိဇ္ဇာက ဖုံးပေးလို့ မူးတာ၊ ရူးတာပဲ။ အဲဒီတော့

အဝိဇ္ဇာသဝဆိုတာကလဲ လူတွေကို မူးအောင်, ရူးအောင် လုပ်ပေးတာပဲ၊ အဲဒီ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ-ကို အာသဝေါတရား လေးပါးလို့ ခေါ်တယ်၊

အာသဝေါတရားလေးပါးမှာ တရားကိုယ်လိုရင်းကတော့ လောဘ ရယ်, ဒိဋ္ဌိရယ်, မောဟရယ်၊ ဒီသုံးပါးပါပဲ။ အာသဝေါတရားလေးပါးဆိုတာ က လောဘကို ကာမာသဝ, ဘဝါသဝ-လို့ ခွဲဟောလိုက်တယ်၊ စေတသိက် ကို ရေတွက်ကြည့်လိုက်တဲ့အခါကျတော့ အာသဝေါလေးပါးက ဘယ်နှစ်ခုရ သလဲ၊ လောဘရယ်, ဒိဋ္ဌိရယ်, မောဟရယ်၊ သုံးခုပဲရတယ်။ အခုန ပပဉ္စ အကျယ်ချဲ့တဲ့တရားနဲ့ တူသေးရဲ့လား၊ ဘာကွဲသွားတုံး။ အကျယ်ချဲ့တဲ့ တရားထဲမှာ မာနထည့်လိုက်တယ်။ မူးစေတဲ့ တရားထဲမှာ မောဟ ထည့် လိုက်တယ်။

အဲဒါကြောင့်မို့လို့ ဘုရားဟောတဲ့ သုတ္တန်တရားတော်တွေထဲမှာ ဘယ်မှာပဲကြည့်လိုက် ကြည့်လိုက် အကုသိုလ်စေတသိက်သုံးလုံးကို ဟော မယ်၊ လေးလုံးကို ဟောမယ်၊ ငါးလုံးကို ဟောမယ်၊ ခြောက်လုံးကို ဟော မယ်၊ ဆယ်လုံးကိုဟောတာ အများဆုံးပဲ၊ ၁၄-လုံးစလုံး အပြည့်အစုံ ဟောတာ မရှိသလောက်ပါပဲ။

တစ်ခါ ကမ္ဘာပျက်တဲ့နေရာမှာ ဘယ်လိုဟောပြန်သလဲ ဆိုတော့ ကမ္ဘာဟာ တစ်ခါတလေကျတော့ စကြဝဠာ ကမ္ဘာကြီးတစ်ခုလုံးကို မီးတွေ လောင်တယ်၊ မြို့တွေ, ရွာတွေ, တောင်တွေ၊ အကုန်လုံးကို လောင်တာပဲ။ ဘာတစ်ခုမှ မကျန်အောင် လောင်တာပဲ။ အဲဒါကြောင့်မို့လို့ ကမ္ဘာဟာ မီး ပျက်တဲ့ကမ္ဘာလို့လဲ ရှိတယ်။ ရေပျက်တဲ့ကမ္ဘာလို့လဲ ရှိတယ်။ ရေပျက်တဲ့ ကမ္ဘာကျတော့ မိုးတွေရွာလိုက်တာ ရေတွေဟာ ဗြဟ္မာ့ဘုံတွေအထိ ရောက် သွားတဲ့အခါကျတော့ ကမ္ဘာကြီးဟာ အကုန်လုံး ရေတိုက်စားပြီး ပျက်စီး သွားတယ်။ လေပျက်တဲ့ကမ္ဘာလို့လဲ ရှိတယ်၊ လေပျက်တဲ့ ကမ္ဘာကျတော့ လေတွေ သိပ်တိုက်လို့ ဒီလိုမြို့ကြီးတွေ၊ နိုင်ငံကြီးတွေ လွင့်စဉ်ပြီး ကမ္ဘာ

ချင်းထိပြီးတော့ စိစိညက်ညက်ကြေအောင် တိုက်ဖျက်လိုက်တဲ့ ကမ္ဘာလဲ ရှိတယ်။ အဲဒီလို ကမ္ဘာဟာ တစ်ခါတစ်ခါတော့ ပျက်ရတယ်၊ မပျက်လို့မရဘူး။

**ကမ္ဘာပျက်တရား** လူတွေ လောဘတရား သိပ်အားကြီးတဲ့အခါမှာ ကမ္ဘာကို မီးဖျက်တယ်။ လူတွေ ဒေါသသိပ်များတဲ့အခါ ကမ္ဘာကို ရေဖျက်တယ်။ လူတွေ မောဟသိပ်များတဲ့အခါမှာ ကမ္ဘာကို လေဖျက်တယ်။ မာန်လည်ဆရာတော်က ဒီတရားသုံးပါးကို ဘယ်လိုရေးသလဲဆိုတော့ "လောဘမီးဟူ၊ ဒေါသမူရေ၊ မောဟလေတည့်၊ သုံးထွေမူလ၊ ဤပါပကြောင့်၊ လောကအားလုံး၊ ထုံးသို့ကြေညက်၊ ကမ္ဘာပျက်၏"တဲ့။ ကမ္ဘာပျက်တယ် ကမ္ဘာပျက်တယ်ဆိုတာက မူလသုံးပါးကြောင့် ပျက်တယ်။ ကမ္ဘာပျက်တယ်ဆိုတာဟာလဲ ဓာတ်သဘာဝကြောင့်ပဲ။ နာမ်တရားတွေဟာ ကမ္ဘာကိုဖျက်နိုင်တဲ့ စွမ်းအင်ရှိတယ်ဆိုတာဟာလဲ မူလက တရားသုံးပါးပဲ။ နာမ်တရားများဟာ ကမ္ဘာဆိုတဲ့ ရုပ်လောကကြီးကို ဖျက်ဆီးနိုင်တယ်တဲ့၊ အဲဒီတော့ မီးဖျက်တဲ့ ကမ္ဘာမှာပဲ ၃၁-ဘုံထဲမှာ ဒုတိယဈာန်ဘုံထိအောင် ပါသွားတယ်။ ဒါကြောင့် လူတွေဟာ ဗြဟ္မာပြည်မရောက်ဖူးတဲ့လူ မရှိဘူးတဲ့။ လူတွေဟာ ကမ္ဘာပျက်တဲ့အခါကျတော့ မပျက်မီ အနှစ်တစ်သိန်းက ကြွေးကြော်တာ။ ဒီကြားထဲမှာ တရားအားထုတ်တဲ့အခါကျတော့ လူတွေဟာ မီးလွတ်တဲ့ ဗြဟ္မာ့ပြည်ကို ရောက်ကြတယ်။ ရေဖျက်တဲ့ ကမ္ဘာကျတာ ဗြဟ္မာ့ဘုံ တော်တော်များများပါသွားတယ်၊ တတိယဈာန်ဘုံထိအောင် ပါသွားတယ်။ လေဖျက်တဲ့အခါကျတော့ အများဆုံးပါသွားတယ်။ ဒါပေမဲ့ ဗြဟ္မာ့ဘုံတွေက ကျန်တော့ကျန်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတ္တဝါတွေက အဲဒီမှာ ပြောင်းပြီးတော့ နေရတယ်။ ဒါကြောင့်မို့လို့ "ကမ္ဘာမီးလောင် သားကောင်ချနင်း"ဆိုတဲ့ ဒီစကားက ဘယ်ကလာသလဲဆိုတော့ ဘုရားဟောက လာတာမဟုတ်ဘူး။ ဒါက လောကမှာ ကိုယ်ရေးအတွက်နဲ့ဆိုလို့ရှိယင် သားသမီးကိုတောင်မငဲ့နိုင်ဘူး-ဆိုတဲ့ စကားပုံ။ တကယ့် ဘုရားဟောမှာ ကမ္ဘာမီးလောင်တဲ့အခါကျတော့ သတ္တဝါရယ်လို့မရှိရတော့ဘူး။ သတ္တဝါတွေ

အကုန်မရှိတဲ့အခါကျတော့မှ မီးကလောင်တာ။ တချို့က ကမ္ဘာပျက်မှာ ကြောက်ကြတယ်၊ ကမ္ဘာပျက်မှာ ကြောက်စရာမလိုဘူး၊ ကမ္ဘာပျက်ယင် အကုန်လုံး ပြဟ္မာ့ပြည်ရောက်တယ်။ ဒါဟာ လောဘ, ဒေါသ, မောဟ-ကို ကမ္ဘာပျက်တာနဲ့ ဆက်သွယ်ပြီးတော့ ဒီလိုဟောတဲ့ သုတ္တန်ပဲ။

**ကပ်ကြီးသုံးပါး** တစ်ခါ လာသေးတယ်၊ လူတွေ လောဘကြီးတယ် ဆိုလို့ရှိယင် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တယ်တဲ့။ ဒုဗ္ဘိက္ခ-ဆိုတာ အစားအစာပြတ်လပ်တယ်၊ အန္တရ-ကတော့ အန္တရာယ်ပေါ့။ ဒုဗ္ဘိက္ခန္တရ ဆိုတာ လူတွေ လောဘသိပ်ကြီးလာလို့ရှိယင် ငတ်မွတ်ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်တာပေါ့။ အခု လောဘကြီးတဲ့တိုင်းပြည်တွေမှာ လူတွေဟာ ငတ်နေကြတယ်။ မြန်မာပြည်က မငတ်ဘူးဆိုတာက ဗုဒ္ဓဘာသာတရား ထွန်းကားတော့ လောဘကြီးတဲ့လူတွေ ရှိသလောက်ရှိပေမဲ့ လူအများစုမှာ မရှိဘူး။ မြန်မာပြည်မှာ မြန်မာထဲက တစ်ယောက်ထဲ ကုဋေ ၁၀၀၀-ချမ်းသာတယ်ဆိုတာ ရှိရဲ့လား။ လောဘကြီးတယ်ဆိုတာက ကိုယ်တစ်ယောက်ထဲ ချမ်းသာသထက် ချမ်းသာအောင်၊ ချမ်းသာသထက် ချမ်းသာအောင် လုပ်ပြီး တစ်ယောက်ထဲ မြန်မာတစ်ပြည်လုံးရှိ အစားအစာတွေ ပိုင်နေတဲ့အခါကျတော့ ဒီပြင်လူတွေ ငတ်ကြတာပေါ့။ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တယ်ဆိုတာက ဒီ သယံဇာတဆိုတဲ့ စားရေရိက္ခာတွေကလဲ မရှိလို့မဟုတ်ဘူး၊ ရှိတော့ ရှိတယ် သို့ပေတဲ့ လောဘကြီးလာတဲ့အခါကျတော့ သူကလဲ လုယူ၊ ကိုယ်ကလဲ လုယူ၊ မရတဲ့အခါကျတော့ မီးရှို့ဆိုတော့ လူတွေမစားရဘဲ ပျက်စီးကုန်တာပေါ့။ ဥပမာ-သိမ်ကြီးဈေးထောင့်မှာ သွားပြီးတော့ အင်မတန် အဆင်လှတဲ့ အထည်အလိပ်တွေကို ကားနဲ့ပုံချကြည့်ပါလား၊ အကောင်းရမယ်ထင်ကြသလား။ အားလုံး လုတာနဲ့ အကုန်လုံး အစုတ်ချည်းဖြစ်ကုန်မယ်။ လောဘကြီးတဲ့အခါကျတော့ မရှိလို့မဟုတ်ဘူး၊ အကုန်လုံး လောဘကြီးလာတော့ ဒုဗ္ဘိက္ခန္တကပ် ဖြစ်လာတယ်။

လူတွေ ဒေါသကြီးတဲ့အခါကျတော့ သတ္ထန္တရကပ်ဆိုက်တယ်။

တစ်တိုင်းပြည်က တစ်တိုင်းပြည်ကို တိုက်ကြ ခိုက်ကြတယ်။ ဘာအဓိပ္ပါယ်မှလဲ မရှိဘူး။ လူဆိုတာက အရူးတွေပဲ၊ တိုက်နေကြတာပဲ။ တိုက်နေ၊ သတ်နေကြတာနဲ့ပဲ စီးပွားရေးလုပ်ရတယ်လို့ မရှိဘူး။ လုပ်ကြပါ လုပ်ကြပါဆိုပြီး လုပ်လိုက်တာ၊ ဒီပစ္စည်းတွေ ဘယ်ရောက်ကုန်သလဲ၊ စားကြရရဲ့လား။ အကုန်လုံး မီးရှို့ကြတယ်၊ တိုက်ကြတယ်၊ ခိုက်ကြတယ်။ လုပ်လို့ရတဲ့ ပစ္စည်းတွေထဲက စားရတာကနည်းနည်း၊ လူတွေသတ်ဖို့က များများလုပ်နေကြရတော့ ဝေါ်ကြတာပေါ့။ သတ္တန္တရကပ်ဟာလဲ ဒုဗ္ဘိက္ခန္တရကပ်နဲ့ သိပ်ထူးတာမဟုတ်ဘူး၊ သူတို့က ဆက်သွယ်နေတာပဲ။

မောဟကြီးတဲ့အခါကျတော့ ရောဂန္တရကပ်ဆိုက်တယ်။ မောဟကြီးတယ်ဆိုတာက အအိပ်ကြီးတာ မဟုတ်ဘူး။ မောဟကြီးတယ်ဆိုတာ အသိပညာမရှိတာ။ မောဟနဲ့ ပညာနဲ့က ဆန့်ကျင်ဘက်ပဲ။ လူတွေဟာ အသိပညာမရှိတဲ့အခါကျတော့ လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ စားချင်သလိုစားနဲ့ အဲသလို လျှောက်လုပ်နေတဲ့အခါကျတော့ စားသင့်တယ်-မစားသင့်ဘူး၊ သွားသင့်တယ်-မသွားသင့်ဘူး ဒီလို အသိပညာမရှိတဲ့အခါ လူတွေ ရောဂါအမျိုးမျိုး ဖြစ်လာတယ်။

အမှန်စင်စစ်က ဒုဗ္ဘိက္ခန္တရကပ်က စားစရာရှားပါးတယ်ဆိုယင် တွေ့ကရာစားတော့တာပေါ့။ လူတွေ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်လို့ရှိယင် ရောဂန္တရကပ်လဲ ဆိုက်တာပဲ။ သတ္တန္တရကပ်လဲ ပေါ်လာတာပဲ။ အဲဒါကြောင့်မို့လို့ လောဘ ကြီးတဲ့ခေတ်မှာ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တယ်။ ဒေါသကြီးတဲ့ခေတ်မှာ သတ္တန္တရကပ် ဆိုက်တယ်။ မောဟကြီးတဲ့ခေတ်မှာ ရောဂါန္တရကပ် ဆိုက်တယ်ဆိုပြီး မူလသုံးပါးနဲ့ ကပ်သုံးပါး ဆက်သွယ်ပြီး ဟောကြားခဲ့တယ်။

* * * * *

# ပို့ချချက်(၉)

## (၂-၆-၇၉)

## ဥပါဒါန် ၄-ပါး

အာသဝေါတရားလေးပါးပြီးတော့ ဥပါဒါန်လေးပါး။ ဥပါဒါန်ဆိုတာလဲ မြန်မာစကားမဟုတ်ဘူး၊ ပါဠိစကားပဲ။ သို့ပေတဲ့ ဥပါဒါန်ဆိုတာ ကတော့ မြန်မာစကားဖြစ်နေတယ်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်လို့လဲ ပြောကြတယ်။ တစ်ခုခုကို စွဲလမ်းနေတယ်ဆိုလို့ရှိယင် ဥပါဒါန်ဖြစ်နေတယ်လို့လဲ ပြောကြတယ်။ ဒီတော့ ဥပါဒါန်ဆိုတာ မြန်မာစကားဖြစ်နေတယ်။ အဲဒါကြောင့်မို့လို့ ဥပါဒါန-ဆိုတဲ့ပါဠိကို န-ငယ်က အသတ်ကလေးလုပ်လိုက်ပြီး ဥပါဒါန်လို့ မြန်မာကခေါ်လိုက်တာပဲ။ ပါဠိက ဥပါဒါန။ ဥပါဒါန်က လေးမျိုး ရှိတယ်။

**ကာမုပါဒါန်** လေးမျိုးက နံပါတ်(၁)ကာမုပါဒါန်။ ကာမနဲ့ဥပါဒါနကို ပေါင်းလိုက်တော့ ကာမုပါဒါနဖြစ်သွားတယ်။ ကာမ=ကာမဂုဏ်တရား၊ ဥပါဒါန=စွဲလမ်းမှု၊ ကာမဂုဏ်တရားတို့ကို စွဲလမ်းမှုကို ကာမုပါဒါန်။ ကာမဂုဏ်တရားတို့ကို စွဲလမ်းတယ်ဆိုတော့ စေတသိက်ထဲက ဘာစေတသိက်တုံး၊ လောဘစေတသိက်။ ကာမဆိုတာက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံငါးပါးကိုလဲ ကာမဂုဏ်လို့ ခေါ်တာပဲ။ ကာမ ၁၁-ဘုံကိုလဲ ကာမဂုဏ်လို့ခေါ်တာပဲ။ အဓိပ္ပါယ်က လူ့စည်းစိမ်ကို ခံစားချင်တဲ့ စွဲလမ်းမှု၊ နတ်စည်းစိတ်ကို ခံစားချင်တဲ့ စွဲလမ်းမှု၊ အဲဒီ လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို ခံစားချင်လို့ စွဲလမ်းတာကို ကာမုပါဒါန်ခေါ်တယ်။ လွယ်အောင်ကတော့ ကာမဂုဏ်တရားတွေ စွဲလမ်းတာကို ကာမုပါဒါန်ခေါ်တယ်။ အဲဒီတော့ ဥပါဒါန်တရား လေးပါးထဲမှာ ကာမုပါဒါန်က လွတ်မြောက်အောင်ဆိုပြီးတော့ ဘုရားမပွင့်ခင်ကလဲ လူ့စည်းစိမ်တွေ ဘာတွေ စွန့်ပြီးတော့ တောထွက်တဲ့ပုဂ္ဂိုလ်တွေ ရှိတာပဲ။ အဲဒီလို

သူ့တရားကိုယ် စေတသိက်ကတော့ကော။ "ဒိဋ္ဌိစေတသိက်။"
သီလဗ္ဗတုပါဒါန်ကတော့ကော။ "အကျင့်သီလကို စွဲလမ်းတာ။"
သူ့တရားကိုယ်ကတော့။ "ဒိဋ္ဌိစေတသိက်။"
အတ္တဝါဒုပါဒါန်ဆိုတာကတော့ကော။
သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်မှာ ငါရှိတယ်လို့ စွဲလမ်းတာ။
သူ့တရားကိုယ်ကကော။ "ဒိဋ္ဌိစေတသိက်။"
အဲဒီတော့ ဥပါဒါန်လေးပါးမှာ စေတသိက် ဘယ်နှစ်လုံးရတုံး။
"၂-လုံး ရပါတယ်။"
ဘာရယ် ဘာရယ်တုံး။ "လောဘရယ်, ဒိဋ္ဌိရယ် ၂-လုံးရပါတယ်။"

အဲဒီတော့ ကာမုပါဒါန်က လောဘ။ ဒိဋ္ဌုပါဒါန်ရယ်, သီလဗ္ဗ-တုပါဒါန်ရယ် အတ္တဝါဒုပါဒါန်ရယ်၊ ဒီသုံးခုက ဒိဋ္ဌိပဲ။ ဒိဋ္ဌိချင်း နည်းနည်းကွဲတယ်နော်။ ဒိဋ္ဌိတုန်းကလဲ ဒိဋ္ဌိစေတသိက်အကြောင်း တော်တော် ပြောခဲ့ပါတယ်။

ဥပါဒါန်လေးမျိုးက ဗုဒ္ဓဘာသာစာပေမှာ တော်တော်အရေးပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ-အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ-လို့ဆိုတယ်။ အဲဒီမှာ ဥပါဒါန် ပါတယ်။ နောက် ပဋိစ္စသမုပ္ပါဒ်ကျတော့ ဆရာသင်အုံးမှာပါ။

**ရှူဠသီဟနာဒသုတ်** ဥပါဒါနပစ္စယ ဘဝေါ-ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်ကို ဗုဒ္ဓဘာသာစာပေမှာ စာအုပ်တစ်အုပ်လောက် ရေးရင်ရတယ်။ ဒီဥပါဒါန်လေးပါးဟာ သုတ္တန်ပါဠိတော်တွေမှာ သီဟနာဒ သုတ်ဆိုပြီး လာတယ်။ သီဟ=ခြင်္သေ့၊ နာဒ=ဟောက်သံ၊ မူရင်းက ခြင်္သေ့ ဟောက်တဲ့အသံကို သီဟနာဒလို့ ခေါ်တယ်။ သီဟနာဒသုတ်ဆိုတာက ခြင်္သေ့များ ဟောက်တဲ့အခါ သူတို့အသံက တောသုံးထောင် ကြားရတယ်။

သတ္တဝါတွေက သိပ်ကြောက်ကြရတယ်။ ဘယ်သတ္တဝါကမှ မတုံ့ပြန်နိုင်ဘူး။ ခြင်္သေ့မင်း ကဲ့သို့ ရဲရဲရင့်ရင့် အမိန့်ရှိတဲ့သုတ်ကို ခေါ်တာ။

ဘုရားလက်ထက်က အပြိုင်ပွင့်တဲ့ဘုရားတွေ ဒိဋ္ဌိပြင်ဂိုဏ်းတွေ အများကြီးရှိတာပဲ။ အဲဒီအခါမှာ မြတ်စွာဘုရားက ဥပါဒါန်လေးပါးကို စူဠသီဟနာဒသုတ်မှာ ဟောတယ်။ မြတ်စွာဘုရားက ကမ္ဘာတိုင်း ကမ္ဘာတိုင်းမှာ ဘုရားတွေပွင့်ခဲ့ကြတယ်တဲ့။ သမ္မာသမ္ဗုဒ္ဓဆိုတဲ့ဘုရားမှတစ်ပါး ဒိဋ္ဌိပြင်ဘုရားတွေမှာ သူတို့ဟောတဲ့ တရားဟာ တချို့တလေ ဘုရားတွေက ကာမုပါဒါန်ကို လွန်မြောက်အောင် ဟောနိုင်တယ်တဲ့။ သမ္မာသမ္ဗုဒ္ဓဘုရား မဟုတ်တဲ့ ဒိဋ္ဌိပြင်ဘုရားတွေဟာ သူတို့လဲ တော်တော်အကျင့်ကောင်းတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ။ ကာမုပါဒါန်ကို လွန်မြောက်အောင် ဟောနိုင်ကြပါတယ်တဲ့။ ကျန်တဲ့ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်နဲ့ အတ္တဝါဒုပါဒါန်ဆိုတဲ့ ဥပါဒါန်သုံးပါးက လွန်မြောက်အောင် သူတို့တရားထဲမှာ မရှိပါဘူးတဲ့။ ကာမဂုဏ်စည်းစိမ်တွေကို စွန့်ပစ်ပြီး ရသေ့ရဟန်းလုပ်ပြီးတော့ ကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ ကာမုပါဒါန်ကို လွန်မြောက်အောင် ကျင့်တဲ့အကျင့်တွေပဲ။

တချို့ဘုရားတွေကျတော့ နောက်တစ်ဆင့်တက်ပြီး နောက်ဘဝဆိုတာ မရှိ။ ကောင်းတာလုပ်လုပ် မကောင်းတာလုပ်လုပ် ဘာအကျိုးအပြစ်မှ မရှိဘူးလို့ ဒီလို ဆိုးတဲ့ဒိဋ္ဌိအယူဆိုးမျိုးတွေက လွန်မြောက်အောင် ဟောနိုင်တဲ့ ဘုရားမျိုးလဲ ရှိမယ်ဆိုယင် ရှိနိုင်ပါတယ်တဲ့။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်နှစ်ခုလုံးက လွန်မြောက်အောင် ဟောနိုင်တဲ့ဘုရားလဲ ရှိမယ်ဆိုယင် ရှိနိုင်ပါတယ်တဲ့။

တချို့ဘုရားတွေကျတော့ နောက်တစ်ဆင့်တက်ပြီး သူတို့ရဲ့ ဆောက်တည်တဲ့သီလ၊ ကျင့်နေတဲ့အကျင့်၊ အဲဒီ အကျင့်သီလတွေကို စွဲလမ်းနေတဲ့ အယူဝါကို ပယ်ဖျောက်နိုင်အောင် ဟောနိုင်တဲ့ဘုရားမျိုး၊ ဂိုဏ်းမျိုးလဲ ရှိမယ်ဆိုယင် ရှိနိုင်ပါတယ်တဲ့။

အတ္တဝါဒုပါဒါန်ဆိုတဲ့ ဒီ ၄-နံပါတ်ဖြစ်တဲ့ ဥပါဒါန်က လွန်မြောက်အောင် ဟောနိုင်တဲ့ဘုရားမျိုး သမ္မာသမ္ဗုဒ္ဓမှတစ်ပါး မရှိပါဘူးတဲ့။ ဒါကြောင့်မို့လို့ ဥပါဒါန်လေးပါးမှာ ဗုဒ္ဓဘာသာမှာ အခက်ဆုံး ဥပါဒါန်ကတော့

အတ္တဝါဒုပါဒါန်ပဲ။ ဗုဒ္ဓဘာသာမှာ အတ္တဝါဒုပါဒါန်ဆိုတာ သက္ကာယဒိဋ္ဌိကိုပြောတာ။ သက္ကာယဒိဋ္ဌိဆိုတာက ခန္ဓာကိုယ်ကို ငါ့ကိုယ်, ပစ္စည်းတွေကို ငါ့ပစ္စည်းလို့ ဒီလိုစွဲလမ်းနေတဲ့အယူကို သက္ကယဒိဋ္ဌိလို့ခေါ်တယ်။ သက္ကာယဒိဋ္ဌိဆိုတာက လူမှန်ယင် ဒီ သက္ကာယဒိဋ္ဌိက ရှိကိုရှိရမယ်။ မွေးလာကတည်းက လူမှန်းသူမှန်းသိတတ်တဲ့အရွယ်ကစပြီးတော့ ငါ့အဖေပဲ, ငါ့အမေပဲ၊ဒီလို သက္ကာယဒိဋ္ဌိက ရှိလာတာပဲ၊ အဲဒါကြောင့်မို့လို့ ဒီလို သက္ကာယဒိဋ္ဌိက လွန်မြောက်အောင် သမ္မာသမ္ဗုဒ္ဓဘုရားမှတစ်ပါး ဒီပြင်ဘုရားတွေ မဟောနိုင်ဘူးတဲ့။ ဒီလို သက္ကာယဒိဋ္ဌိက လွန်မြောက်အောင် မဟောနိုင်ဘူးဆိုလို့ရှိယင် သမ္မာသမ္ဗုဒ္ဓဘုရားမှတစ်ပါး ဒီပြင်ဘုရားများမှာ အရိယာဖြစ်နိုင်တဲ့လမ်းစဉ်မျိုး, လုပ်ငန်းစဉ်မျိုး မရှိဘူးလို့ဆိုတာပဲ။

အဲဒီလို "သီဟနာဒ"ရဲရဲရင့်ရင့်နဲ့ "ငါဘုရားသာသနာတော်မှတစ်ပါး ဒီပြင်သာသနာတွေမှာ သက္ကာယဒိဋ္ဌိမှ လွန်မြောက်နိုင်တဲ့လမ်းစဉ်, လုပ်ငန်းစဉ်မျိုး မရှိဘူးလို့" ကြေညာတဲ့သဘောမျိုးပေါ့။ ဒီလိုကြေညာတဲ့အခါ ဘုရားပြိုင်တွေဟာ ဘယ်သူမှ အတ္တဝါဒုပါဒါန်ကို လွန်မြောက်အောင် ဟောနိုင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုး ပေါ်မလာခဲ့ဘူး။ ဒါကြောင့်မို့လို့ ဒီဗုဒ္ဓဘာသာမှာ အမြင့်ဆုံးဝိပဿနာတရားဆိုတာက အလွန်ခက်ခဲတဲ့တရားပါ။ အဲဒီဝိပဿနာတရားဆိုတာကလဲ တကယ်တော့ သက္ကာယဒိဋ္ဌိ ပြုတ်ရေးတရားပဲ။ ဘာဉပါဒါန်မှ မလွန်နိုင်သေးတဲ့ လူတွေနဲ့ မတန်ဘူးလို့ပြောယင်တော့ သိပ်မကောင်းဘူးပေါ့။ ဘုရားဟောတဲ့တရားတွေလဲ ရှိတယ်၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေ ရှိကယ်၊ ကြိုးစားယင် သိမယ်ဆိုယင် သိနိုင်သေးတာကိုး။ ဗုဒ္ဓဘာသာရဲ့အမြင့်ဆုံးတရားကတော့ အတ္တဝါဒုပါဒါန်က လွန်မြောက်အောင် သက္ကာယဒိဋ္ဌိကလွန်မြောက်အောင် ကျင့်တဲ့တရားဟာ အမြင့်ဆုံးတရားပဲ၊ ရဟန်းတော်တွေနဲ့ကတော့ အလွန်သင့်လျော်တဲ့တရားပေါ့။

လူငယ်တွေအတွက်ကတော့ သင်တန်းအစမှာ ဥပါဒါန်လေးပါးကို အကျဉ်းချုပ်ရယင် တော်ပါပြီ။ ကဲ--ဆိုကြစမ်း။

"ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပ္ပါဒါန်၊ အတ္တဝါဒုပါဒါန်"

## နီဝရဏ ၆-ပါး

**နီဝရဏ ၆-ပါး** နီဝရဏက ခြောက်ပါးရှိတယ်။ နီဝရဏ-ကတော့ ပါဠိလိုခေါ်တာ။ မြန်မာလိုက တားမြစ်ပိတ်ပင်တဲ့တရားကို နီဝရဏ။ နီဝရဏ ဆိုတာက တားမြစ်တယ်၊ ပိတ်ပင်တယ်။ ဥပမာတစ်ခု-ညကင်းစောင့်ယင် ကင်းဆိုတာက ဘာတုံး။ မကောင်းတဲ့ လူဆိုးတို့, သူခိုးတို့မဝင်အောင် စောင့်ပြီးတော့ တားမြစ်တဲ့ ကင်းပေါ့။ ပိတ်ပင် တားမြစ်တယ်ဆိုတာ ဘယ်လိုတရားမျိုးတွေကို ပိတ်ပင်သလဲဆိုတော့ ကုသိုလ်တရားတို့ကို တားမြစ်ပိတ်ပင်တဲ့တရားကို နီဝရဏတရားလို့ ခေါ်တယ်။ ကုသိုလ်တရားကို လုပ်တော့မယ်ဆိုလို့ရှိယင် နီဝရဏတရားတွေက လုပ်လို့မဖြစ်အောင် တားမြစ်ထားတယ်၊ ပိတ်ပင်ထားတယ်။ အဲဒါကြောင့်မို့လို့ သူတို့ကို နီဝရဏတရား၊ ကင်း-လို့ နာမည်ပေးထားတာ။

**ကာမစ္ဆန္ဒနီဝရဏ** အဲဒီတော့ နံပါတ်(၁)က ကာမစ္ဆန္ဒနီဝရဏဆိုတာက ကာမကလဲ လိုချင်တာပဲ၊ ဆန္ဒကလဲ လိုချင်တာပဲ။ အဲဒီတော့ လိုချင်တာနှစ်ခု ပေါင်းခေါ်လိုက်တဲ့အခါကျတော့ ကုသိုလ်လိုချင်တဲ့ ဆန္ဒမျိုး မဟုတ်တော့ဘူး။ ရိုးရိုးကုသိုလ်လိုချင်တာကို ကာမစ္ဆန္ဒလို့မခေါ်ဘူး။ ကာမဂုဏ်တရားတွေကို တွယ်တာတဲ့ လောဘကိုသာ ကာမစ္ဆန္ဒလို့ခေါ်တယ်။ လူမှန်သမျှဟာ အားလုံးမှာ ကာမစ္ဆန္ဒရှိနေတာပဲ။ ကာမစ္ဆန္ဒဆိုတာက အခုလောကမှာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံငါးပါး ကောင်း တဲ့တရားတွေကို အားလုံး လိုချင်ကြတာပဲ။ ပိုက်ဆံလိုချင်တာလဲ ကာမစ္ဆန္ဒ၊ ရာထူးလိုချင်တာလဲ ကာမစ္ဆန္ဒပဲ၊ ချမ်းသာချင်တာလဲ ကာမစ္ဆန္ဒပဲ၊ ကောင်းကောင်းစားချင်တာလဲ ကာမစ္ဆန္ဒပဲ။ အားလုံးလူရယ်လို့ဖြစ်လာလို့ရှိယင် ကာမစ္ဆန္ဒဟာ ရှိနေတာပဲ။ ကာမစ္ဆန္ဒဆိုတဲ့ အာရုံငါးပါးကို ခံစားနေချင်တဲ့ လောဘဟာ ဒီကုသိုလ်တရားလုပ်ဖို့မှာ အပိတ်အပင်တစ်ခု နီဝရဏပဲ၊ လောဘကိုပဲ ဥပါဒါန်ကျတော့ ကာမုပါဒါန်၊ အာသဝကုန်းကတော့ ကာမာသဝ၊ နီဝရဏကျတော့ ကာမစ္ဆန္ဒ၊ လောဘ

စေတသိက်တစ်ခုထဲကို သရုပ်ခွဲပြနေတာ။ မြတ်စွာဘုရားက လောဘစေတသိက်တစ်ခုထဲကို အာသဝေါတရားလေးပါးမှာ ကာမာသဝ၊ ဉပါဒါန်ကျတော့ ကာမုပါဒါန်၊ နီဝရဏကျ တော့ ကာမစ္ဆန္ဒ၊ လောဘစေတိက်ကို အာသဝလို့လဲ နာမည်ပေးတယ်။ ဒီလောဘက လူတွေကို မူးစေတတ်တယ်။ ဒီလောဘစေတသိက်ကို ဉပါဒါန်လို့လဲ ပြောနိုင်တယ်။ ဒီလောဘစေတသိက်က လူတွေကို စွဲစေတယ်, မက်စေတယ်၊ ဒီလောဘစေတသိက်ကို နီဝရဏလို့လဲ ခေါ်နိုင်တယ်။ သူဟာ ကုသိုလ်ကောင်းမှုတွေ မလုပ်နိုင်အောင် တားမြစ်ပိတ်ပင်တတ်တယ်။ ဒီလို လောဘသရုပ်တွေကို ခွဲရတယ်။

ကာမစ္ဆန္ဒနီဝရဏဆိုတာ မြန်မာလိုကတော့ ကာမ=ကာမဂုဏ်တရား၊ ဆန္ဒ=လိုချင်မှု၊ ကာမဂုဏ်တရားလိုချင်မှုကို ကာမစ္ဆန္ဒ။ ကာမဂုဏ်တရားလိုချင်မှုကို ဘာလို့ နီဝရဏလို့ခေါ်သလဲဆိုတော့ ကုသိုလ်တရားတို့ကို မလုပ်ဖြစ်အောင် တားမြစ်ပိတ်ပင်တတ်လို့ သူတို့ကို နီဝရဏလို့ခေါ်တာပဲ။ အဓိပ္ပါယ်တစ်ခု–ခုသင်တန်းတက်မယ်ဆိုပါတော့၊ သင်တန်းတက်မဲ့ လူတစ်ယောက်ဟာ နောက်မှာ ပစ္စည်းရရာရကြောင်း အလုပ်ရှိနေတဲ့ လူတစ်ယောက်ဟာ ကာမစ္ဆန္ဒရှိနေတယ်ဆိုလို့ရှိယင် ဒီသင်တန်းကို မတက်နိုင်ဘူး။ ဈေးရောင်းနေလို့ စီးပွားရရာရကြောင်း ရှိနေတဲ့လူတစ်ယောက်ဟာ ဒီနေ့လုပ်ယင် တစ်ရာရမယ်၊ တစ်ရာရမယ်လို့ ဒီလို လောဘက ပိတ်ပင်ထားတယ်။ ရုပ်ရှင်ကြည့်ချင်တယ်ဆိုလို့ရှိယင် ဒီနေ့ရုပ်ရှင်ကောင်းကောင်းရှိတာပဲ၊ ဒီသင်တန်းသွားတတ်လို့ ရုပ်ရှင်မကြည့်ရဘူးဆိုယင် ကြည့်ချင်တဲ့လောဘဟာ သူဟာ နီဝရဏပဲ။ အဲဒီတော့ အတိုချုံးပြောတဲ့အခါကျတော့ အခုန စီးပွားရှာချင်တဲ့လောဘ၊ ရုပ်ရှင်ကြည့်ချင်တဲ့လောဘ၊ ရာထူးရရာရကြောင်း လိုချင်တဲ့လောဘ၊ အဲဒီလောဘတွေဟာ ဒီသင်တန်းတက်ဖို့ ကုသိုလ်တွေကို တားမြစ်ပိတ်ပင်တာပဲ။ ဒါ ဥပမာပေးတာပါ။ ဘာပဲဖြစ်ဖြစ် ကာမဂုဏ်တရားတို့ကို လိုချင်တဲ့လောဘဟာ ကုသိုလ်မလုပ်ဖြစ်အောင် သူက တားမြစ်တာပဲ။ ဒါကြောင့်မို့လို့ ကာမစ္ဆန္ဒနီဝရဏကို ဘယ်မှာ အဟောများသလဲဆိုတော့

ဈာန်လမ်း, သမာဓိလမ်းမှာ အဟောများတယ်။ ဈာန်လမ်းမှာ တရားထိုင်မယ့်, တရားအားထုတ်မယ့် ပုဂ္ဂိုလ်တွေဟာ ကာမစ္ဆန္ဒ နီဝရဏဟာ နံပါတ် (၁) အရေးကြီးပါတယ်။ စီးပွားရေးရာ, ပညာရေးရာ, အိမ်မှုရေးရာ-စတဲ့ လောကီရေးရာ ကာမစ္ဆန္ဒရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ တရားထိုင်ဖို့ တရားအားထုတ်ဖို့, သမာဓိလုပ်ငန်းလုပ်လို့ မဖြစ်နိုင်ဘူးတဲ့။ ဒါကြောင့်မို့လို့ ဈာန်လမ်း, သမာဓိလမ်းမှာ သမာဓိရအောင်လုပ်လို့ရှိယင် ကာမဂုဏ် တရားတွေကို လိုချင်နေတဲ့ ကာမစ္ဆန္ဒ နီဝရဏကို ပယ်ဖို့ဟာ နံပါတ်တစ် အရေးကြီးပါတယ်တဲ့။

**ဗျာပါဒနီဝရဏ** ဗျာပါဒကို ဒေါသတုန်းက ဆရာပြောခဲ့ဖူးပြီ။ ဗျာပါဒကို ဒေါသတုန်းက ဘယ်လိုပြန်ခဲ့ပါသလဲ။ ဒေါသဆိုတာက ကိုယ့်ကိုယ်ကိုလဲ ဖျက်ဆီးတတ်တယ်၊ သူတစ်ပါးတွေကိုလဲ ပျက်စီးစေတယ်ဆိုပြီးတော့ ဖျက်ဆီးတတ်မှုတို့ ပျက်စီးစေလိုမှုတို့ ဒီလိုပြန်ခဲ့တယ်။ ဗျာပါဒ နီဝရဏဟာ တရားအားထုတ်တဲ့အခါကျတော့ ဒေါသလောက် ပြင်းထန်တဲ့ ဗျာပါဒမျိုးမဟုတ်ဘူး။ စိတ်ထဲမှာ မကျေနပ်မှုရှိနေယင် ဗျာပါဒနီဝရဏပဲ။ တရားသွားထိုင်တဲ့ပုဂ္ဂိုလ်ဟာ ကာမစ္ဆန္ဒနီဝရဏဆိုတဲ့ အိမ်မှုရေးရာ, လောကီရေးရာဆိုတဲ့ ကာမစ္ဆန္ဒတွေကို ပယ်ဖျောက်ပြီးတောသူ တရားအားထုတ်နေသော်လည်း စိတ်ထဲမှာ မကျေနပ်မှု, စိတ်မချမ်းသာမှုဖြစ်နေယင် ဒါ ဗျာပါဒပဲ။ ဒီစိတ်မချမ်းသာမှု, စိတ်မကျေနပ်မှုတို့ဟာ တရားရဖို့ရန် တားမြစ်တယ်၊ ဒါကြောင့် ဗျာပါဒနီဝရဏလို့ ခေါ်တယ်။ ဥပမာအားဖြင့် ဒီသင်တန်းလာတယ်ဆိုပါတော့။ ခေတ္တခဏ ကာမစ္ဆန္ဒတရားတွကို စွန့်ပြီးတော့ သင်တန်းလာတက်တာပဲ၊ သင်တန်းလာတက်ပေမဲ့ ထိုင်ဟော့ထိုင်နေတယ်၊ စိတ်ထဲမှာ မချမ်းသာမှုတစ်ခု ဝင်လာပြီဆိုယင် ဆရာပြောတဲ့စကားတွေ, အဓိပ္ပါယ်တွေ ဘာမှ မှတ်လို့မရတော့ဘူး။ စိတ်ထဲမှာ မကျေနပ်မှု, စိတ်မချမ်းသာမှုတစ်ခု ရှိနေလိုရှိယင် သင်းတန်းက ပြောတဲ့စကားတွေ, အဓိပ္ပါယ်တွေမသိတော့ဘူး၊ ဒါကြောင့်မို့လို့ တရားထိုင်တဲ့

အခါမှာလဲ ဒီ အတိုင်းပဲ၊ ကာမစ္ဆန္ဒနီဝရဏကို ပယ်လာပေတဲ့၊ စွန့်လာပေတဲ့ တရားထိုင်တဲ့အခါမှာ ဗျာပါဒနီဝရဏ=စိတ်မချမ်းသာမှု ရှိနေလို့ရှိယင် ဒီတရားဟာလဲ ကုသိုလ်တရားတွေဖြစ်ဖို့ ပိတ်ပင်တဲ့တရားပဲ။ အဲဒီတော့ ဗျာပါဒနီဝရဏ တရားကိုယ်ကတော့ ဒေါသစေတသိက်ပဲ။

**ထိနမိဒ္ဓနီဝရဏ** နံပါတ် (၃)က ထိနမိဒ္ဓနီဝရဏ။ ထိနမိဒ္ဓနီဝရဏဟာ ထိန, မိဒ္ဓစေတသိက် ၂-ခုလုံးကို ဆရာ ပြောခဲ့ပြီးသားပဲ။ ထိနစေတသိက်ဆိုတာက ပျင်းတာ၊ မိဒ္ဓစေတသိက်ဆိုတာက အိပ်ချင်တာ။ ကုသိုလ်ကောင်းမှုလုပ်ရမှာကို ပျင်းတယ်၊ မိဒ္ဓက အလုပ်လုပ်နေသော်လည်း အိပ်ချင်တယ်။ တရားထိုင်တဲ့အခါ ထိနနဲ့ မိဒ္ဓကို နီဝရဏတရားထဲမှာ ထည့်ထားရတာက အခုသင်တန်းလာတက်တယ်၊ ဗျာပါဒနီဝရဏတော့ နိုင်ပြီ၊ သင်တန်းမှာ နားထောင်ရတာ အလွန်စိတ်ချမ်းသာတယ်၊ စိတ်မကျေနပ်မှု ဘာမှမရှိဘူး။ ဆရာတွေ သင်ပြတာကို အသေအချာ နားထောင်ပြီး မှတ်သားနေတယ်၊ အဲဒီတော့ ဗျာပါဒနီဝရဏကိုလဲ နိုင်လိုက်တယ်။ ကာမစ္ဆန္ဒနီဝရဏနဲ့ ဗျာပါဒ နီဝရဏတွေ နိုင်ပေမဲ့ လူက ပင်ပန်းနေတဲ့အတွက် အိပ်ချင်လာတယ်၊ ငိုက်လာတယ်၊ သင်တန်း ၂-နာရီမှာ အစအဆုံးငိုက်နေတဲ့လူတစ်ယောက်ဟာ ဒီမှာပြောနေတာတွေ ဘာကြားမလဲ။ ဘာမှမကြားဘူး။ အဲဒီတော့ ထိနမိဒ္ဓကလဲ ကုသိုလ်ကောင်းမှု လုပ်တဲ့နေရာမှာ ပိတ်ပင်တယ်၊ တားမြစ်တယ်၊ ဒါကြောင့်မို့လို့ ထိနမိဒ္ဓကို နီဝရဏထဲမှာ ထည့်ရတယ်။

ဥပါဒါန်ထဲမှာ ထိနမိဒ္ဓ မပါဘူး။ အာသဝထဲမှာလဲ ထိနမိဒ္ဓ မပါဘူး။ ဒါကြောင့်မို့လို့ ဘုရားဟောတဲ့ တရားတွေကို အုပ်စုလိုက်အုပ်စုလိုက် လေ့လာတဲ့အခါမှာ အာသဝတို့ ဥပါဒါန်တို့ကျတော့ အဆင့်ဆင့်အားထုတ်ရတယ်၊ ကာမုပါဒါန်က လွတ်အောင် တစ်ဆင့်အားထုတ်ရတယ်။ ဒိဋ္ဌုပါဒါန်က လွတ်အောင် တစ်ဆင့်အားထုတ်ရတယ်။ သီလဗ္ဗတုပါဒါန်ကလွတ်အောင် တစ်ဆင့်အားထုတ်ရတယ်။ အတ္တဝါဒုပါဒါန်က လွတ်အောင် တစ်ဆင့်အား ထုတ်ရတယ်။ ဥပါဒါန်ကျတော့ လေးဆင့် (အခုတက္ကသိုလ်မှာ လေးနှစ်နေသလို နောက်ဆုံးနှစ်ပေါ့)နောက်ဆုံးဆင့်ကျမှ အတ္တဝါဒုပါဒါန် ပယ်တာ။

အာသဝလဲ လေးဆင့်ပဲရှိတာကိုး။ ကာမာသဝ (ကာမဂုဏ်တွေ)ကို ပယ်တာက ပထမဆင့်၊ ဘဝါသဝ (ဘုံဘဝတွေ)ကို ပယ်တာက ဒုတိယဆင့်၊ ဒိဋ္ဌာသဝ (အယူဝါဒတွေ) ပယ်တာက တတိယဆင့်၊ နောက် စတုတ္ထဆင့်ကျတော့ အဝိဇ္ဇာသဝ(မောဟ)ပယ်လိုက်တော့ ရဟန္တာဆိုတဲ့ ဘဝပါရဂူအဆင့်ထိ တက်သွားတာပဲ။

ဝိပဿနာခန်းမှာတော့ အာသဝေါတရားတို့ ဥပါဒါန်တို့က အရေးကြီးတယ်။ ဈာန်ခန်းကျတော့ နီဝရဏငါးပါးက အရေးကြီးတယ်။ နီဝရဏခြောက်ပါးထဲက ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏတို့က ဝိပဿနာအားထုတ်ခါစပုဂ္ဂိုလ်တွေမှာ ဒါလောက်အရေးမကြီးဘူး၊ သမထအားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ ဒီသုံးပါးက သိပ်အရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားထိုင်တယ် တရားထိုင်တယ်ဆိုတာက ငြိမ်ပြီးတော့ အေးအေးလေးထိုင်နေရတာကိုး။ တရားကို ငြိမ်ပြီးထိုင်နေတဲ့အခါကျတော့ လူက အိပ်ချင်လာတယ်၊ အိပ်ချင်လာတော့ ထွက်သက်ဝင်သက်ရှုနေတယ်လို့ အောက်မေ့တာယ်၊ သူက ထိုင်ပြီးအိပ်နေတာ။ ဘေးကလူတွေကတော့ တရားထိုင်တယ်ထင်တာ၊ သူကမှိန်းနေတာ။ ဒီလိုပဲ သင်တန်းတက်တယ်ဆိုလို့ရှိယင်လဲ လာပြီးတော့ တက်ကြတယ်၊ သူများတကာကတော့ မှတ်နေတာ၊ သူကတော့ ထိုင်ပြီးတော့ မှတ်သလိုလို ဘာလိုလိုနဲ့ ထိုင်ပြီးငိုက်နေတယ်။ ထိနမိဒ္ဓနီဝရဏက ပညာသင့်တဲ့အခါရယ်၊ သင်တန်းတက်တဲ့အခါရယ်၊ တရားထိုင်တဲ့အခါရယ်၊ ကောင်းတဲ့ အလုပ်တွေကို လုပ်တဲ့အခါတွေမှာ ကောင်းတာတွေကို ပိတ်ပင်တတ်လို့ ပျင်းတာတို့ အိပ်ချင်တာတို့ကို နီဝ-ရဏတရားထဲမှာ ထည့်ထားရတယ်။

**ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ** နံပါတ်(၄)က ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ နှစ်လုံးတွဲ၊ နှစ်လုံးတွဲလာတယ်၊ စေတသိက်ထဲမှာ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စက တစ်လုံးစီလာတယ်။ နီဝရဏတရားကျတော့ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စတွဲလာတယ်။ ဥဒ္ဓစ္စဆိုတာက ဟိုတုန်းက ဘာသာပြန်ပြီးသားပါ။ ဥဒ္ဓစ္စက စိတ်ပျံ့လွင့်တာ၊ စိတ်မငြိမ်သက်မှု၊ တရားထိုင်တဲ့ပုဂ္ဂိုလ်တို့ သင်တန်းတက်

တဲ့ပုဂ္ဂိုလ်တို့ဟာ စိတ်ပျံ့လွင့်နေမယ်ဆိုလို့ရှိယင် ကာမစ္ဆန္ဒလဲ မရှိပါဘူး၊ ထိနမိဒ္ဓလဲ မရှိဘူး၊ စိတ်က အိမ်ရောက်သွားလိုက် ဟိုသူငယ်ချင်းဆီရောက်သွားလိုက်နဲ့ စိတ်ကပြေးနေလို့ ရှိယင် ဒီလိုသင်ပေမဲ့ စကားလုံးတိုင်းကိုကြားပါ့မလား၊ မကြားဘူးတဲ့၊ ဥဒ္ဓစ္စရှိနေတာကိုး။ တရားထိုင်တဲ့ပုဂ္ဂိုလ်တို့၊ သင်ဂန်းတက်တဲ့ပုဂ္ဂိုလ်တို့ဟာ ဥဒ္ဓစ္စဟာ အနှောင့်အယှက်တစ်ခုပဲ။ နိဝရဏဆိုတာက အနှောင့်အယှက်ပဲ။ အကုသိုလ် တပ်မတော်ကြီးဟာ လူတစ်ယောက်ကို မကောင်းတာဖြစ်အောင် လုပ်နေမှာပဲ။

တရားဆိုတာက အစုန်တရားရယ်၊ အဆန်တရားရယ် နှစ်မျိုးရှိတယ်။ အစုန်တရားဆိုတာကတော့ လူဟာ သူ့အတိုင်းသူ ပစ်ထားတယ်ဆိုလို့ရှိယင် မကောင်းတဲ့ဘက်ကို စုန်သွားမှာပဲ။ အဲဒီတော့ မကောင်းတာတွေကို တော်လှန်တဲ့အခါကျတော့ တော်လှန်ရေးတရားဆိုတာက အဆန်တရားပဲ။ အဲဒီတော့ အကုသိုလ်တပ်မတော်ကို တော်လှန်ရေးလုပ်တဲ့နေရာမှာ အကုသိုလ်တပ်မတော်က ကင်းတွေချထားတယ်။ ပထမ လူတွေ ကောင်းတာတွေကို မလုပ်ဖြစ်အောင် (၁)ကာမစ္ဆန္ဒနိဝရဏဆိုတဲ့ ကင်းတစ်ကင်းချထားတယ်။ မင်းမသွားနဲ့ ဒီသင်တန်းတွေသွားယင် ဘာလုပ်ရအုံးမယ်၊ ညာလုပ်ရအုံးမယ်စတဲ့ အိမ်မှုရေးရာတွေနဲ့ ကင်းတစ်ကင်းချထားတယ်။

အဲဒီ ကာမစ္ဆန္ဒကင်းကို အကုန်လုံးပစ်ထားခဲ့ပြီးတော့ တိုက်ဖျက်ခဲ့ပြီးတော့ လွန်လာလို့ရှိယင် တစ်ခါ ဒီသင်တန်းထဲရောက်ပြန်တော့ (၂) ဗျာပါဒနိဝရဏ ကင်းတစ်ကင်းထပ်ချလိုက်တယ်။ ကာမစ္ဆန္ဒကင်းကတော့ လွန်သွားပြီ။ လူကတော့ ဒီသင်တန်းထဲရောက်နေပြီ။ ဒါပေမဲ့ စိတ်ထဲမှာ လုပ်ခဲ့မိတာတွေ မကျေနပ်တာတွေ ဒီမှာလာထိုင်ပြီး ဗျာပါဒဖြစ်နေတယ်။ စိတ်မချမ်းသာဘဲ ဗျာပါဒဖြစ်နေလို့ရှိယင် ဒီသင်တန်းလာတက်နေပေတဲ့ ဘာမှ အဓိပ္ပါယ်မရှိဘူး။

တစ်ခါ ဗျာပါဒနိဝရဏဆိုတဲ့ ဒီကင်းကို လွန်မြောက်လာတဲ့အခါမှာလဲ အကုသိုလ်တပ်မတော်ကြီးက နောက်ဆုတ်မသွားဘူး။ (၃)ထိနမိဒ္ဓနိဝရဏဆိုတဲ့ ကင်းတစ်ကင်း ထပ်ချလိုက်တယ်။ သူဟာ စိတ်လဲချမ်းသာ

နေတယ်၊ မှတ်သားစရာတွေကို သင်တန်းမှာ မှတ်သားနေတယ်၊ ဒါပေမဲ့ သင်တန်းသားတွေ ငိုက်စေကွာ–ဆိုပြီး ထိနမိဒ္ဓကင်းတစ်ကင်းထပ်ချလိုက်တော့ သတ္တိနဲ့တဲ့ သင်တန်းသားတွေ ငိုက်လာတာပေါ့။

ကဲ–ငါမငိုက်ဘူးကွ၊ အိပ်လဲမအိပ်ဘူးကွ၊ သင်တန်းကို ရအောင် မှတ်မယ်ဆိုပြီး ထိနမိဒ္ဓကင်းကို လွန်နိုင်တဲ့အခါကျတော့လဲ အကုသိုလ်တပ်မတော်က နောက်မဆုတ်သေးဘူး။ (၄) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဆိုပြီး နောက်ကင်တစ်ကင်းထပ်ချလိုက်ပြန်တယ်။ ကင်းကို တစ်ယောက်ထဲမချဘဲနဲ့ နှစ်ယောက်စီ နှစ်ယောက်စီ ချလိုက်တယ်။ ဥဒ္ဓစ္စက ဒီသင်တန်းသားစိတ်ဟာ အိမ်ကိုရောက်စေ၊ ဈေးကိုသွားစေ၊ ရုပ်ရှင်ရုံကိုသွားစေ၊ စိတ်ကိုပျံ့လွင့်အောင် သူလုပ်ထားတယ်။ သင်တန်းဆရာက ပြောချင်တာပြောနေ၊ သူ့စိတ်က တစ်ခြားရောက်နေတယ်ဆိုလို့ရှိယင်လဲ ဘာမှမသိဘူး။ တစ်ခါကုက္ကုစ္စက ငါဘာမလုပ်ခဲ့ရသေးဘူး၊ ဘာလုပ်ခဲ့ရယင် ကောင်းမှာပဲလို့ကုက္ကုစ္စဖြစ်နေတဲ့ လူတစ်ယောက်ဟာ ဒီသင်တန်းကပြောတာတွေ နားထဲမဝင်နိုင်ဘူး၊ ငြိမ်တော့ ငြိမ်နေတာပဲ။ သူ့စိတ်က ပျံ့လွင့်ပြီးတော့နေယ်၊ ကုက္ကုစ္စဖြစ်နေတယ်။ ဥဒ္ဓစ္စကုက္ကုစ္စကင်းဆိုတာကလဲ ကုသိုလ်ကောင်းမှုတွေကို ကောင်းတဲ့လုပ်ငန်းပွေကို မလုပ်အောင် ပိတ်ပင်တားမြစ်နေတာပဲ။ တရားထိုင်တဲ့အခါတို့ သင်တန်းတက်တဲ့အခါတို့မှာ သိပ်အရေးကြီးတယ်။ လူရဲ့စိတ်ဟာ အငြိမ်မနေဘဲနဲ့ ဝါသနာပါလို့သာ သင်တန်းတက်ပေမဲ့ ဥဒ္ဓစ္စဆိုတဲ့ စိတ်ပျံ့လွင့်မှု ဖြစ်နေတော ကုက္ကုစ္စကလဲ ဖြစ်လာတယ်။

**ဝိစိကိစ္ဆာနီဝရဏ** နံပါတ်(၅)က ဝိစိကိစ္ဆာနီဝရဏ။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏဆိုတဲ့ လေးခုမြောက်ကင်းကို ကျော်တော့သွားပြီ။ ကင်းလေးကင်းကို ကျော်တက်သွားနိုင်တဲ့ သင်တန်းသားတွေကို အကုသိုလ်တပ်မတော်ကြီးက ငါးခုမြောက် ဝိစိကိစ္ဆာကင်းဆိုပြီး အလွန်အစွမ်းထက်တဲ့ ကင်းတစ်ကင်း ထပ်ချလိုက်တယ်။ ဝိစိကိစ္ဆာဆိုတာက အလုပ်တစ်ခုကို လုပ်နေတဲ့သူကို မလုပ်ဖြစ်အောင် ဖျက်ဆီးတဲ့တရားတစ်ခုပဲ။ ဒီသင်တန်းဟာ အကျိုးရှိတာ ဟုတ်မှဟုတ်ရဲ့လား၊ ငါ ဒီသင်တန်းမှာ နှစ်နာရီသုံးနာရီ

အချိန်ကုန်ခံနေတာ အကျိုးရှိမှရှိပါ့မလား။ ဒီလို သံသယတွေ ဝင်လာတယ်။ ဒီလိုဝင်လာပြီး အကျိုးမရှိပါဘူးလို့ ထင်လာယင် ဒီသင်တန်းကို မတက်တော့ဘူးဆိုတဲ့ အခြေအနေမျိုးရောက်အောင် ဝိစိကိစ္ဆာကင်းက အပြတ်ရှင်းနိုင်တယ်။ နောက်ပိတ်ဆုံး သံသယတွေများလာပြီးတော့ ကျောင်းတက်ရတာ အလုပ်တွေက နောက်ပိုင်းကလဲ များတယ်၊ သင်တော့လဲ သိပ်ခက်တယ်၊ လောကမှာ ဒီသင်တန်းတက်ပြီးတော့ ဘာတွေအသုံးချမလဲ၊ အတွေးတွေ ဝင်လာပြီးတော့ ဝိစိကိစ္ဆာတွေများ လာတယ်၊ ဝိစိကိစ္ဆာတွေ များလာလို့ ရှိယင် ဒီသင်တန်းကို မတက်ဖြစ်တဲ့ ဘဝမျိုးရောက်အောင် ဒီကင်းက မောင်းထုတ်ပစ်လိုက်တယ်။ အဲဒီတော့ ဒီသင်တန်းကို တစ်ဝက်တစ်ပျက် တက်တဲ့သူတွေဟာ ဝိစိကိစ္ဆာကင်းက မောင်းထုတ်လိုက်တဲ့ လူတွေ ဖြစ်နေမယ်နော်။

တရားအားထုတ်တဲ့အခါမှာလဲဒီအတိုင်းပဲ။ တရားထိုင်နေတယ်၊ တရားထိုင်နေတော့ ကာမစ္ဆန္ဒကင်းလဲ လွန်လာပြီ၊ ဗျာပါဒကင်းလဲ လွန်လာပြီ၊ ထိနမိဒ္ဓကင်းလဲ လွန်လာပြီ၊ ဥဒ္ဓစ္စကုက္ကုစ္စကင်းလဲ လွန်လာပြီ၊ လွန်လာပေတဲ့ တရားအားထုတ်ရတာကလဲ ကြာလာတော့ ဘာမှလဲ သူက မမြင်ဘဲကိုး၊ အကြားအမြင်ရမယ်ဆိုပြီး ထိုင်နေတာ ဘာမြင်ရမတုံး၊ ဘာကြားရမတုံး ဆိုပြီး ထိုင်နေတာ၊ တစ်နေ့လာလဲ ထူးတော့မလိုလို, တန်ခိုးပဲကြီးတော့မလိုလို, ဝိဇ္ဇာပဲပေါက်တော့မလိုလိုနဲ့ ကြာတော့ ဘာမှလဲဖြစ်မလာတော့ ဒီတရားဟုတ်မှဟုတ်ပါ့မလား၊ ငါလုပ်လိုက်ရတာလဲ အလုပ်ပျက် အကိုင်ပျက်၊ နောက်ပိတ်ဆုံးကျတော့ ဒီလမ်းဟာ အလကားပါပဲ။ အပိုပါပဲဆိုပြီး ဝိစိကိစ္ဆာကင်းက ဒီအလုပ်ခွင်က မောင်းထုတ်လိုက်တာပဲ။ ရှေ့ကိုတက်မယ်ဆိုတဲ့ ခွဲ၊ ပန်းတိုင်မရောက်မချင်း လုပ်မယ်ဆိုတဲ့ခွဲကို ဝိစိကိစ္ဆာကနေပြီး ဖျက်ချလိုက်တာပဲ။ ဒါကြောင့်မို့လို့ ရှာန်တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီ နီဝရဏငါးပါးတို့ကို ပယ်နိုင်ရမယ်တဲ့။ ရှာန်တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အဝိဇ္ဇာနီဝရဏ မောဟကျတော့ မပယ်နိုင်ဘူး၊ အဝိဇ္ဇာဆိုတာ စေတသိက်တုန်းက သင်ခဲ့တဲ့ မောဟစေတသိက်ပဲ။ ဒီ အဝိဇ္ဇာနီဝရဏထိ

အောင်ကတော့ ချွန်တရားက ပယ်ဖို့မလိုဘူး။ ချွန်တရားအားထုတ်မယ့် ပုဂ္ဂိုလ်တွေ ပညာသင်မယ့်ပုဂ္ဂိုလ်တွေကျတော့ နိဝရဏငါးပါးပဲ လိုတယ်။ ဒီကင်းငါးခုကို လွန်မြောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေမှာ ပညာသင်တဲ့အခါမှာလဲ တကယ့်ပညာရှင်ဘဝကို ရောက်သွားတာပါပဲ။ ချွန်ရတဲ့ပုဂ္ဂိုလ်တွေကလဲ ဒီနိဝရဏငါးပါးကို ပယ်နိုင်မှ ချွန်ရတာကိုး။ အဲဒါကြောင့်မို့လို့ ဆိုကြစမ်းပါ-

"ကာမစ္ဆန္ဒနိဝရဏ၊ ဗျာပါဒနိဝရဏ၊ ထိနမိဒ္ဓနိဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ၊ ဝိစိကိစ္ဆာနိဝရဏ၊ အဝိဇ္ဇာနိဝရဏ"

အဲဒီတော့ ကာမစ္ဆန္ဒနိဝရဏက လောဘ စေတသိက်၊ ဗျာပါဒနိဝရဏက ဒေါသ စေတသိက်။ ထိနမိဒ္ဓနိဝရဏက ထိန, မိဒ္ဓ စေတသိက်။ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏက ဥဒ္ဓစ္စ, ကုက္ကုစ္စ စေတသိက်။ ဝိစိကိစ္ဆာနိဝရဏက ဝိစိကိစ္ဆာ စေတသိက်။ အဝိဇ္ဇာနိဝရဏက မောဟစေတသိက်။

အဲဒီတော့ နိဝရဏကတော့ သူကခြောက်ပါး။ စေတသိက်ကတော့ လောဘရယ်, ဒေါသရယ်, ထိနရယ်, မိဒ္ဓရယ်, ဥဒ္ဓစ္စရယ်, ကုက္ကုစ္စရယ်, ဝိစိကိစ္ဆာရယ်, မောဟရယ်-ဆိုတော့ စေတသိက် ဘယ်နှစ်လုံးရတုံး။

စေတသိက် (၈)လုံးရတယ်။

အာသဝက လေးပါး၊ တရားကိုယ်ကတော့ သုံးပါး၊ လောဘရယ်, ဒိဋ္ဌိရယ်, မောဟရယ်။

ဥပါဒါန်က လေးပါး၊ တရားကိုယ်ကတော့ လောဘရယ်, ဒိဋ္ဌိရယ် နှစ်ခုထဲ၊ များသောအားဖြင့် တရားကိုယ်က နည်းတာများတယ်။ အခု နိဝရဏကျတော့ သူကခြောက်ပါး။ တရားကိုယ်ကရှစ်ပါး။ တရားကိုယ်များတယ်။

ဒီနေ့တော့ တော်ကြပါစို့။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက် (၁၀)

## (၃-၆-၇၉)

### အနုသယ ၇-ပါး

အကုသိုလ်စေတသိက် ၁၄-လုံး ကုန်ပြီးတော့ သရုပ်ခွဲနည်းက တော့ ဒါ နည်းသစ်ပဲ။ လူငယ်တွေဆိုတော့ အဘိဓမ္မာမှာ သိသင့်သိထိုက် တာတွေလဲ ရသွားအောင်ဆိုပြီး ရိုးရိုး ရှေးက သင်္ဂြိုဟ်သရုပ်ခွဲနည်းမျိုး မဟုတ်ဘဲ ဒါ နောက်ဆုံးပေါ် သရုပ်ခွဲနည်းပေါ့။ အဲဒီတော့ အကုသိုလ် စေတသိက်ကို သရုပ်ဘယ်လိုခွဲသလဲဆိုတော့ မူလ သုံးပါးဆိုပြီးတော့ ခွဲ တယ်။ အာသဝ လေးပါးဆိုပြီးတော့ ခွဲတယ်။ ဥပါဒါန် လေးပါးဆိုပြီး တော့ ခွဲတယ်။ နီဝရဏ ခြောက်ပါးဆိုပြီးတော့ ခွဲတယ်။ ဒီလိုသရုပ်ခွဲတဲ့ နည်းက နောင် ဗုဒ္ဓဘာသာ ပိဋကတ်စာပေတွေ ဖတ်တဲ့အခါကျတော့ အာသဝေါတရားလေးပါးဆိုတာ နေရာတကာမှာ ပါမယ်။ အဲဒီအခါ အလွန် အသုံးကျ လာမယ်။

ကာမာဝါသ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ-ဆိုပြီး အာသဝေါ တရားလေးပါးဟာ ပိဋတ်သုံးပုံထဲမှာ ပါတဲ့နေရာတွေဟာ ဆရာထင်တယ်၊ ထောင်ချီပြီးတော့ ပါမယ်ထင်တယ်။ ဒါကြောင့်မို့လို့ အာသဝ လေးပါးနဲ့ သရုပ်ခွဲတာ။

ဥပါဒါန်လေးပါးလဲ ဒီလိုပဲ။ ဥပါဒါန်လေးပါးကို ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုပြီးတော့ ဥပါဒါန်လေးပါး နဲ့ စပ်ပြီးတော့ ပါတဲ့နေရာတွေဟာ ပိဋကတ်သုံးပုံမှာ လေ့လာယင်လဲ ထောင်ချီပြီးတော့ ရှိမယ်ထင်တယ်။ ဒီထက်များယင်သာများမယ်၊ မနည်း ဘူးလို့ထင်တယ်။ ဒါကြောင့်မို့လို့ စာအုပ်တွေ ရေးထုတ်ရမယ်ဆိုလို့ရှိယင် အာသဝေါတရားလေးပါးကလဲ စာအုပ်ကြီးတစ်အုပ်ဖြစ်သွားမှာပဲ၊ တချို့ တလေ ပါဠိပိဋကတ်တွေ မတတ်ပေမဲ့ စာက ရေးတတ်တော့ ဘုရားဟောတဲ့

ပိဋကတ်ဘာသာပြန်ထဲက ဥပမာလေးတွေထုတ်ပြီးတော့ ဥပမာ ၁၀၀၀၊ ဥပမာ ၅၀၀-စသည်ဖြင့် ဒီလိုစာအုပ်လေးတွေ ရေးနေကြတယ် မဟုတ်လား။ စီးပွားရေးတစ်ခုခု ကိုယ်တတ်ကျွမ်းနားလည်တဲ့ ပညာနဲ့ လုပ်ယင် စီးပွားက ဖြစ်ပါတယ်။ ဒီလိုပဲ နိဝရဏခြောက်ပါးကလဲ ပိဋကတ်သုံးပုံထဲမှာ ပါတဲ့ နေရာတွေကို အကုန်လျှောက်ပြီး လေ့လာလို့ရှိယင် ထောင်ချီပြီးတော့ ပါမှာပဲ။

မြတ်စွာဘုရားက ဒီပုဂ္ဂိုလ်တွေကို ဒီတိုင်းပြည်မှာ နိဝရဏ တရားဟောတဲ့တရားပွဲက တစ်ခု၊ ဟိုပုဂ္ဂိုလ်တွေကို ဟိုတိုင်းပြည်မှာ နိဝရဏတရားဟောတဲ့ တရားပွဲက တစ်ခု၊ ဒီလို တရားပွဲတွေက များတော့ ဘုရားဟောတဲ့ တရားတွေကို မှတ်တမ်းတင်တဲ့အခါ နိဝရဏတရားတွေ စုပေါင်းလိုက်တော့ များလာတယ်။

ပိဋကတ်သုံးပုံမှာ အာသဝလေးပါးကို နေရာပေါင်း ဘယ်လောက်မှာ ဟောခဲ့တယ်၊ ဥပါဒါန်လေးပါးကို နေရာပေါင်း ဘယ်လောက်မှာ ဟောခဲ့တယ်၊ နိဝရဏခြောက်ပါးကို နေရာပေါင်း ဘယ်လောက်မှာ ဟောခဲ့တယ်လို့ ဒီလို သုတေသနလုပ်တဲ့ပုဂ္ဂိုလ်တွေ မရှိသေးဘူး။ စီးပွားဖြစ်မယ်ဆိုယင်တော့ စာရေးတတ်တဲ့လူတွေ ရေးမယ်ဆို ရေးနိုင်ပါတယ်။ ပိဋကတ်သုံးပုံကလဲ မြန်မာလို အကုန်လုံး ဘာသာပြန်ပြီးသားဆိုတော့ လေ့လာယင် ရေးနိုင်ပါတယ်။

ခု ဒီ အဘိဓမ္မာသင်တန်းတက်ပြီးလို့ရှိယင်တော့ ပိဋကတ်ဘာသာပြန်တွေကို ဖတ်နိုင်ပါတယ်၊ ဒီအဘိဓမ္မာသင်တန်းမတက်ဘဲနဲ့တော့ ပိဋကတ်ဘာသာပြန်တွေကို ဖတ်ဖို့ဆိုတာ မြန်မာစာ ဘယ်လောက်ကြီးတတ်တတ် တော်တော်ခဲခဲယဉ်းယဉ်းဖတ်ယူရမယ်၊ ကြိုးစားဖတ်ယင်တော့ ရပါတယ်။

**အနုသယပြဿနာ**

အဲဒီတော့ ဒီနေ့ကတော့ အနုသယ ခုနစ်ပါး။ အနုသယဆိုတဲ့ ပါဠိကလဲ အခုန အာသဝတို့, ဥပါဒါန်တို့,

နိဝရဏတို့လိုပဲ။ ဝိပဿနာသမား၊ တရားသမားတွေမှာတော့ ပြောတာများတယ်။ အနုသယကို မြန်မာလိုဘာသာပြန်ကြတာက ရှေးတုန်းကတော့ အနုသယကို လူတို့သန္တာန်မှာ ကိန်းနေတဲ့တရားလို့ ဒီလိုဘာသာပြန်ကြတယ်။ အနုသယကို “ကိန်းတယ်လို့” ဘာသာပြန်ကြတဲ့အခါကျတော့ ဘယ်လိုဖြစ်သွားသလဲဆိုတော့ ဥပမာ–လောဘဆိုပါတော့၊ လောဘဟာ ခန္ဓာကိုယ်ထဲမှာ နဂိုက ရှိပြီးတော့နေတယ်၊ ကိန်းပြီးတော့နေတယ်။ ဒေါသဆိုတာလဲ ခန္ဓာကိုယ်ထဲမှာပဲ ရှိနေတယ်။ ခန္ဓာကိုယ်ထဲကပဲ ထပြီး လောဘဖြစ်တယ်၊ ခန္ဓာကိုယ်ထဲကပဲ ထပြီးတော့ ဒေါသဖြစ်တယ်။ ဒီခန္ဓာကိုယ်ထဲမှာ လောဘ, ဒေါသ–ရှိနေတယ်။ ကိလေသာတွေ ကိန်းပြီးတော့နေတယ်။ ဒီလိုအမိပ္ပါယ်မျိုး ရောက်သွားတယ်၊ အဲဒီလို အဓိပ္ပါယ်မျိုးကို ယူလိုက်တယ်ဆိုလို့ရှိယင် ဟို တစ်နေ့က သင်ခဲ့တဲ့ ဒိဋ္ဌိ ၆၂–ပါးထဲက ဘာဒိဋ္ဌိဖြစ်သွားတုံး၊ သဿတဒိဋ္ဌိ ဖြစ်သွားတယ်။ မြန်မာပြည်မှာ အနုသယပြဿနာဟာ တော်တော်ကြီးကျယ်တယ်။ ဒီပြဿနာဟာ အဆန်းတော့မဟုတ်ပါဘူး၊ တတိယ သင်္ဂါယနာတင်ပွဲထဲက စခဲ့တာပဲ။ ဆရာ လွန်ခဲ့တဲ့ အနှစ် ၂၀–လောက်တုန်းက ဒီဝိုင်အမ်ဘီအေအသင်းမှာ အနုသယ ပြဿနာဆိုပြီးတော့ ဟောပြောပွဲတစ်ခါ လုပ်တယ်၊ တော်တော်လေး ပြဿနာတက်ကြတယ်၊ အစွဲအလမ်းဆိုတာက ရှိနေကြ တာကိုး။

အနုသယကိလေသာဆိုတာ သတ္တဝါတို့ရဲ့သန္တာန်မှာ ကိန်းနေတယ်။ လောဘတို့, ဒေါသတို့, မောဟတို့ ကိန်းနေတယ်။ ဒီခန္ဓာကိုယ်ထဲမှာရှိတဲ့ တရားကနေပြီးတော့ အငုတ်ကလေးပေါ့။ ကုသိုလ်လုပ်နေတဲ့အခါမှာလဲ လောဘရှိနေတယ်၊ ဒေါသလဲ ရှိနေတယ်၊ မောဟလဲ ရှိနေတယ်။ ဒီလို ကိန်းနေတဲ့တရားလေးက ထထပြီးတော့ဖြစ်တယ်။ အငုတ်ကလေးက ထပြီးတော့ဖြစ်တယ်၊ ဒီလို ပြောနေ ရေးနေတဲ့ပုဂ္ဂိုလ်တွေကလဲ ရှိနေတာပဲ။ အဲဒီလို ကိန်းနေတယ်ဆိုလို့ရှိယင် မြဲနေတဲ့တရားတစ်ခုရှိတယ်ဆိုယင် ဒီအယူဟာ သဿတဒိဋ္ဌိဖြစ်သွားနိုင်တယ်၊ သူ့ကို ဘယ်လိုလုပ်ပြီးတော့ ပယ်မတုံး။

မြတ်စွာဘုရားရဲ့တရားတော်က ဒီကိလေသာတွေကို ပယ်ဖို့လို့ ဘုရားက ဟောခဲ့တာ။ အနုသယ ကိလေသာတွေကို ပယ်ဖို့လို့ ဟောခဲ့တာ။ ဒီခန္ဓာကိုယ်ထဲမှာ ကိန်းပြီးတော့ နေလို့ရှိယင် ဘယ်လိုလုပ် ပယ်လို့မှ မရဘူး။ ခန္ဓာကိုယ်ရုပ်ထဲမှာ ကိန်းနေတယ်ဆိုလို့ရှိယင် တရားအားထုတ်စရာ မလိုဘူး။ ဓားနဲ့နုတ်နုတ်စင်းပစ်လိုက်၊ မီးသင်္ဂြိုဟ်ပစ်လိုက်၊ ဒီလို အရှင်လတ်လတ် ခန္ဓာကိုယ်ကြီးနဲ့တော့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်မို့လို့ အနုသယ=ကိန်းတယ်ဆိုတာဟာ သူက အမြဲတမ်းရှိနေတယ်လို့ထင်ရတယ်။ အနုသယကိလေသာတွေဟာ ခန္ဓာကိုယ်ထဲမှာ အမြဲတမ်းရှိနေတယ်လို့ ဒီလို လူတွေက ထင်ရတယ်။ အဲဒီလို ထင်ရလို့ ကိန်းတယ်လို့ပြောတာ။

တကယ်တော့ လောဘကလဲ ဒီခန္ဓာကိုယ်ထဲမှာ အမြဲတမ်းရှိမနေဘူး၊ ဒေါသကလဲ ခန္ဓာကိုယ်ထဲမှာ အမြဲတမ်းရှိမနေဘူး၊ မာနလဲ အမြဲတမ်းရှိမနေဘူး၊ ဒိဋ္ဌိကလဲ အမြဲတမ်းရှိမနေဘူး၊ နောက် ဒါတွေ တဖြည်းဖြည်း သင်တန်းဆုံးခါနီးကျတော့ ရှင်းလာမှာပါ။ ရူပါရုံလေးနဲ့ တွေ့တဲ့အခါမှာ, အကြောင်းတိုက်ဆိုင်တဲ့အခါမှာ လိုချင်တယ်ဆိုတဲ့ လောဘဟာ ဖြစ်လာတယ်။ ဖြစ်ပြီးယင် ပျက်သွားတာပဲ။ ခန္ဓာကိုယ်ထဲမှာ သတ္တိတွေ ဘာတွေ ကျန်မနေပါဘူး။ ပဋ္ဌာန်းမှာ နတ္ထိပစ္စယော-လို့ ဟောတယ်မဟုတ်လား၊ သူဘယ်နေရာက လာတယ်၊ ဖြစ်ပြီးတော့ ဘယ်ရောက်သွားတယ်လို့ ပြောစရာ ဘာမှုပြဿနာမရှိဘူး၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ဖြစ်လာတယ်၊ အကြောင်းမရှိတဲ့အခါမှာ မရှိတော့ဘူး။

ခန္ဓာကိုယ်ထဲမှာ အကုသိုလ်ဆိုတဲ့ ကိလေသာတွေဟာ အမြဲတမ်း မရှိပါဘူး။ သို့ပေတဲ့ အမြဲတမ်းရှိနေသလိုလိုပဲ ထင်ရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မနက်မိုးလင်းကထဲက ထလာလို့ရှိယင် လှတာကလေး တွေ့လို့ရှိယင် လောဘဖြစ်တယ်၊ ဟိုတစ်ယောက်က ဘုပြောလိုက်လို့ရှိယင် ဒေါသက ဖြစ်လာတယ်။ အဲဒီလို တစ်နေ့လုံး အသံကောင်းကောင်းလေးကြားတော့ လောဘဖြစ်တယ်၊ ဆူတဲ့ပူတဲ့အသံတွေကြားတော့ ဒေါသဖြစ်တယ်။ အမြဲတမ်း ခဏခဏဖြစ်နေတော့ အဖြစ်များနေတော့ သူ့ကို ကိန်းတယ်လို့ ဒီလိုပြောတာ။

**အရှိတရားနှစ်မျိုး** ဒါကြောင့်မို့လို့ အနုသယဆိုတာ အနုရယ် သယရယ်၊ အနု=အကြိမ်ကြိမ် ခဏခဏ၊ သယ=ဖြစ်တယ်။ အနုသယကိလေသာဆိုတာ အကြိမ်ကြိမ် ခဏခဏအဖြစ်များတယ်။ အဖြစ်များလို့မို့ သူ့ကို အနုသယကိလေသာလို့ခေါ်တယ်။ နောက်ပြီးတော့ ကိန်းနေတယ်၊ ရှိနေတယ်ဆိုတဲ့ အရှိတရားမျိုးကလဲ နှစ်မျိုးရှိတယ်။ အရှိတရားဆိုတာ ဆရာ့မှာ ငွေတစ်ထောင်ရှိသလားလို့မေးယင် ဘယ်လိုပြောမလဲ၊ ဆရာ့အိမ်မှာတော့ ငွေတစ်ထောင်ရှိတယ်၊ အိတ်ထဲမှာတော့ မပါဘူး။ ဒါပေမဲ့ ရှိတယ်လို့ ပြောမယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာရှိတာကို၊ ကိုယ့်အိတ်ထဲမှာ ပါရဲ့လား၊ မပါဘူး။ မပါပေမဲ့ အိမ်မှာသော်လည်းကောင်း၊ ဘဏ်မှာသော်လည်းကောင်းရှိယင် ငါ့မှာ ရှိပါတယ်ကွာလို့ ပြောမယ်။

ခန္ဓာကိုယ်ထဲမှာ တကယ်မရှိပေတဲ့ ကိုယ်လိုကဲ့အခါ ထုတ်သုံးနိုင်တဲ့အတွက် ပိုက်ဆံရှိတယ်လို့ ဒီလိုပြောတဲ့ အရှိတရားက တစ်မျိုး၊ အနုသယဆိုတာလဲ ဒီလိုပဲ။ အနုသယရှိနေတယ် ရှိနေတယ်ဆိုတာက ဒီခန္ဓာကိုယ်ထဲမှာ အမြဲရှိနေတာမဟုတ်ဘူး၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှ ဒီလောဘ, ဒေါသ–တွေက ဖြစ်လာနိုင်လို့ ရှိတယ်လို့ ပြောတာ။ တချို့တလေကတော့ မရှင်းကြဘူး၊ ရှိနေတယ် ရှိနေတယ်ဆိုတာက ခန္ဓာကိုယ်ထဲမှာ အမြဲတမ်းရှိနေတဲ့ အရှိမျိုးက တစ်မျိုး၊ ကိုယ်လိုချင်တဲ့အခါ ထုတ်သုံးနိုင်တဲ့ အရှိမျိုးက တစ်မျိုး။ အခု ဆရာ သင်တန်းပြနေတာ လုံချည်ရှိရဲ့လားလို့ မေးတယ်ဆိုလို့ရှိယင် ဘယ်လိုပြောမတုံး၊ လုံချည်ပါတယ်၊ ရှိတယ်ပြောမှာပေါ့။ သူ့ရှိတာက တစ်ခြားမှာ ရှိတာလား၊ ခန္ဓာကိုယ်မှာရှိတာလား၊ အသားမှာကပ်ပြီးတော့ ရှိနေတာ။ လုံချည်မပါယင် ဖြစ်မှမဖြစ်ဘဲနဲ့။

အဲဒီတော့ ဒီအရှိက တစ်မျိုး။ လောဘ, ဒေါသ, မောဟ–ကိလေသာတွေ ခန္ဓာကိုယ်မှာရှိနေတယ်ဆိုတာက အခုန ဘဏ်မှာ ပိုက်ဆံရှိသလို လိုချင်တဲ့အခါမှာ ယူသုံးနိုင်သလို အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ဖြစ်လာနိုင်လို့ ဒီကိလေသာတွေ ရှိနေတယ်လို့ပြောတာ။

အဘိဓမ္မာရဲ့မူက ဘယ်လိုရှိသလဲဆိုတော့ ကုသိုလ်ဖြစ်နေတဲ့အခိုက်မှာ အကုသိုလ် ရှိကိုမရှိရဘူး၊ ဝိပဿနာအားထုတ်တဲ့အခါကျတော့ ဒီတရားက အရေးကြီးတယ်။ ဝိပဿနာအားထုတ်တဲ့အခါကျတော့ ဘယ်လိုအရေးကြီးသလဲဆိုတော့ ကုသိုလ်နဲ့ အကုသိုလ်ဟာ တစ်ပြိုင်နက် ခန္ဓာကိုယ်ထဲမှာ မဖြစ်နိုင်ဘူး။ ကုသိုလ်ဖြစ်နေတဲ့အခါမှာ အကုသိုလ်မရှိဘူး။ အကုသိုလ်ဖြစ်နေတဲ့အခါမှာ ကုသိုလ်မရှိဘူး။

အကယ်၍သာ ဒီလိုမဟုတ်ဘဲနဲ့ အခုလောကမှာ ပြောရိုးပြောစဉ်အတိုင်း ကိုယ်ကအကုသိုလ်တွေလုပ်ခဲ့တယ်၊ ငါ့မှာကွာ အကုသိုလ်တွေအများကြီးရှိနေတာပဲလို့ ဒီလိုပြောတယ်၊ ဒါ သုတ္တန်တရားခေါ်တယ်၊ မပြောဘူးလား။ ပြောပါတယ်။ ကိုယ်က အကုသိုလ်တွေလုပ်ခဲ့တဲ့ လူတစ်ယောက်ဟာ ငါ့မှာ အကုသိုလ်တွေ အများကြီးရှိနေတာပဲလို့ ဒီလိုပြောတယ်၊ မပြောဘူးလား၊ ပြောပါတယ်။ ဒီလိုပြောတာဟာ ကိုယ့်ခန္ဓာကိုယ်ထဲမှာ တကယ်ရှိနေတာလား၊ အကုသိုလ်တွေက အမြဲမရှိပါဘူး။ ကိုယ်လုပ်ခဲ့တုန်းက အကုသိုလ်တွေက ဖြစ်ပြီး ပျက်သွားတာပဲ။ အကုသိုလ်ကတော့ မရှိတော့ပါဘူး။

ကိုယ်က ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ထားတယ်၊ ရှင်ပြုတယ်၊ ကျောင်းဆောက်တယ်၊ ဘုရားတည်တဲ့ကုသိုလ်တွေ ကုဋေကုဋာလုပ်ထားတယ်၊ နောက်ပြီးတော့ ကိုယ်က မကောင်းမှုတွေ ဒီနေ့ လုပ်နေတဲ့အခါမှာ အဲဒီကုသိုလ်တွေက ရှိရဲ့လား၊ မရှိပါဘူး။ မကောင်းမှုတွေ လုပ်နေတဲ့အချိန်မှာ ဘယ်လောက် ကြီးကျယ်တဲ့ကုသိုလ်တွေပဲ ဖြစ်ဖြစ် သူ့မှာမရှိဘူး၊ ဝိပဿနာအားထုတ်တဲ့ပုဂ္ဂိုလ်မှာ ဒီလို အယူစင်ကြယ်ရတယ်။ အဲဒီလို အယူမစင်ကြယ်ဘဲနဲ့ တရားအားထုတ်ယင် ဘယ်လိုမှ အားထုတ်လို့မရဘူး။

ငါ့ခန္ဓာကိုယ်ထဲမှာ အကုသိုလ်တွေရှိနေတာပဲ၊ ဒီအကုသိုလ်တွေကုန်အောင် ကျင့်မှပဲဆိုပြီး သွားမကျင့်နဲ့။ သူက စကထဲက အယူကမှားနေပြီ။ အကုသိုလ်က ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ရှိကို မရှိဘူး။ လုပ်တုန်းကထဲက ဖြစ်ပြီးပျက်သွားတာပဲ။ အကုသိုလ်တွေက ဘဝအဆက်ဆက်မှာ လိုက်ပြီး

အကျိုးပေးနိုင်တဲ့ သဘောတရားကိုတော့ နောက်မှ ဆရာရှင်းပြမယ်။

ကုသိုလ်တွေက ဘဝအဆက်ဆက်မှာ လိုက်ပြီးတော့ အကျိုးပေးနိုင်တဲ့ သဘောတရားမျိုးတွေလဲ နောက်တော့ ရှင်းလာမယ်။

ဒီ ရှိနေတယ်၊ မရှိဘူးဆိုတာကလဲ ဒီအကုသိုလ်တွေက ဒီပုဂ္ဂိုလ်ကို အချိန်မရွေး အကျိုးပေးနိုင်လို့ သူ့ကို ရှိနေတယ်ပြောတာ။ အခုန ဘဏ်မှာ ရှိနေတဲ့ပိုက်ဆံလိုပဲ။ သူ့ခန္ဓာကိုယ်ထဲမှာ ရှိနေလို့မဟုတ်ဘူး။ ကုသိုလ်တွေကလဲ သူ့ကို အချိန်မရွေး အကျိုးပေးနိုင်လို့ ဒီကုသိုလ်တွေ ရှိနေတယ်လို့ ပြောတာ။ အမြဲတမ်း ခန္ဓာကိုယ်ထဲမှာ မရှိဘူး။ တရားအားထုတ်တဲ့အခါကျတော့ အလျင် ရှင်းထားရမှာကိုး။ ငါ့ခန္ဓာကိုယ်ထဲမှာ ကုသိုလ်တွေလဲ အမြဲမရှိဘူး၊ အကုသိုလ်တွေလဲ အမြဲမရှိဘူး။ ခန္ဓာကိုယ်ကို စင်ကြယ်အောင် ဆေးကြောပြီးမှ တရားကို ဆက်ပြီးအားထုတ်လို့ရတယ်။ ဝိပဿနာတရားဆိုတာက အင်မတန် နူးညံ့တယ်၊ ဒီ"သင်ပုန်း"ဟာ အင်မတန် စင်ကြယ်နေမှ ရေးလို့ထင်မှာပေါ့။ သင်ပုန်းက မစင်ကြယ်ဘဲနဲ့ အဖြူပေါ် ထပ်ထပ်ရေးနေလို့ကတော့ ဘယ်လိုပဲရေးရေး ထင်မှာမဟုတ်ပါဘူး။

ဝိပဿနာတရားကလဲ အင်မတန် အယူဖြူစင်နေမှ သူက အားထုတ်လို့ရမှာ။

အဲဒီတော့ အနုသယကိလေသာဆိုတာ ဘယ်လို ကိလေသာမျိုးကို ခေါ်တာတုံး-ဆိုလို့ရှိယင် အကြိမ်ကြိမ် ခဏခဏ ဖြစ်နေတဲ့ ကိလေသာကို အနုသယကိလေသာလို့ ခေါ်တယ်။

အနုသယကိလေသာဆိုတာ ဘယ်လို ကိလေသာမျိုးကို ခေါ်တာတုံး။

"အကြိမ်ကြိမ် ခဏခဏ ဖြစ်နေတဲ့ ကိလေသာကို အနုသယ ကိလေသာလို့ ခေါ်ပါတယ်။"

ကိန်းနေတဲ့ကိလေသာဆိုတာက ရှေးတုန်းက ဘာသာပြန်တာ။ အခုရှင်းသွားအောင် အကြိမ်ကြိမ်အဖန်ဖန်ဖြစ်နေတဲ့ ကိလေသာလို့ ဘာသာပြန်ထားတယ်။

တစ်ခါ အနုသယကိလေသာမှာ ဘယ်လိုရှုပ်သွားသလဲဆိုတော့ ရှေးကဆရာကြီးတွေက ကိလေသာကို "အနုသယကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ၊ ဝီတိက္ကမကိလေသာ"ဆိုပြီးတော့ သုံးမျိုးရှိတယ်လို့ ဆိုကြတယ်။

အဲဒါကို မြန်မာလိုပြန်လိုက်တဲ့အခါကျတော့ အနုသယကိလေသာ ဆိုတာက ကိန်းနေတဲ့ ကိလေသာကို အနုသယ-ခေါ်တယ်။ ပရိယုဋ္ဌာန ကိလေသာက ထကြွလာတဲ့ ကိလေသာကို ခေါ်တယ်။ ဝီတိက္ကမကိလေသာ က လွန်ကျူးတဲ့ ကိလေသာကို ခေါ်တယ်။

ဒီလိုသုံးမျိုးခွဲတော့ ဘယ်လိုအံချော်သွားသလဲဆိုတော့ အဓိပ္ပါယ် တစ်ခု-လောဘဆိုပါတော့ ဒီလောဘဟာ အနုသယကိလေသာအခိုက်မှာ ဆိုလို့ရှိယင် သူက ခန္ဓာကိုယ်ထဲမှာ ကိန်းနေတယ်လို့ ယူလိုက်တယ်။ အဲဒီ ခန္ဓာကိုယ်ထဲမှာ ကိန်းပြီးတော့နေတဲ့ လောဘက အာရုံကို မြင်လိုက်တဲ့ အခါ ကျတော့ သူက ထကြွလာတယ်။ အဲဒီစိတ် ထကြွလာတဲ့ လောဘကျ တော့ ပရိယုဋ္ဌာနကိလေသာလို့ ယူလိုက်တယ်။ ဝီတိက္ကမကိလေသာကျ တော့ သွားပြီးတော့ လွန်ကျူးလိုက်တဲ့ လောဘတဲ့။

ဒီလိုဘာသာပြန်လိုက်တော့ ဘယ်လိုဖြစ်သွားသလဲဆိုတော့ ခန္ဓာ ကိုယ်ထဲမှာ လောဘတို့, ဒေါသတို့, ဒိဋ္ဌိတို့, မာနတို့ဆိုတဲ့ ကိလေသာတွေ အမြဲတမ်း ငြိမ်ပြီးတော့နေတယ်၊ အဲဒါ အနုသယ။ အာရုံနဲ့တွေ့တဲ့အခါကျ တော့ ထကြွလာတယ်၊ အဲဒါ ပိရိယုဋ္ဌာန။ ထကြွလာပြီးတော့ သွားလွန် ကျူးတယ်၊ အဲဒါ ဝီတိက္ကမ။ အဲဒီတော့ အနုသယကိလေသာက ကိန်းနေ တယ်လို့ ဒီလိုဖြစ်သွားရော။ ပြဿနာက အဲဒီလို တက်သွားတာ။

တကယ်ကတော့ အနုသယကိလေသာဆိုတာက ခန္ဓာကိုယ်ထဲမှာ ကိန်းနေတာ မဟုတ်ဘူး။ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ အကြိမ်ကြိမ် အဖန်ဖန် ခဏခဏ ဖြစ်လာတာပါပဲ၊ ပရိယုဋ္ဌာနဆိုတဲ့ သိသိသာသာ ထကြွ လှုပ်ရှားတဲ့အဆင့်လောက်တော့ မရောက်သေးဘူး။ သို့ပေတဲ့ သူက ဖြစ်

(A) တော့ ဖြစ်လာတာပါပဲ၊ အနုသယကိလေသာဟာ မဖြစ်ဘဲနဲ့ ငြိမ်နေတဲ့

ကိလေသာ မဟုတ်ပါဘူး။ အနုသယကိလေသာဆိုတာလဲ အကြောင်းတိုက်ဆိုင်ယင် သူက ဖြစ်လာတာပါပဲ။ ဖြစ်လာပြီးတော့ နောက် သိသိသာသာ ထကြွလာတယ်ဆိုယင် ပရိယုဋ္ဌာနကိလေသာ ခေါ်လိုက်တာပဲ။ သွားပြီးတော့ လွန်ကျူးတယ်ဆိုယင် ဝီတိက္ကမကိလေသာပဲ။

ဥပမာတစ်ခု-သူများပစ္စည်း ခိုးချင်တယ်ဆိုပါတော့၊ သူများပစ္စည်း ခိုးချင်တယ်ဆိုယင် ခိုးချင်တယ်ဆိုတဲ့ လောဘက ခန္ဓာကိုယ်ထဲမှာ ကိန်းနေတာ မဟုတ်ဘူး၊ သူများပစ္စည်းကို အာရုံပြုလိုက်တာနဲ့ လောဘက ဖြစ်လာတာပဲ။ အဲဒီလောဘက မသိသာဘူး၊ ဒါဟာ အနုသယပဲ။

အဲဒီတော့ ခိုးချင်တာက မနေနိုင် မထိုင်နိုင်၊ ဒီလိုလှုပ်ရှားတဲ့အခါကျတော့ ပရိယုဋ္ဌာန ဖြစ်လာတယ်။

တစ်ခါ လှုပ်ရှားရုံတင်မကဘူး၊ သွားပြီး ကာယကံမြောက် ခိုးလိုက်တဲ့အခါကျတော့ ဝီတိက္ကမကိလေသာဖြစ်သွားတယ်၊ အဲဒီလိုယူမှ ဝိပဿနာတရား အားထုတ်လို့ရတယ်။

ခိုးချင်တဲ့လောဘက ခန္ဓကိုယ်ထဲမှာ အမြဲတမ်းရှိနေတယ်။ သူငြိမ်နေတယ်၊ သူများပစ္စည်းကို ခိုးချင်တော့မှ ထလာတာကို ပရိယုဋ္ဌာနလို့ သွားယူလိုက်ယင် မသိမသာ အံချော်သွားရော။

အနုသယကိလေသာဆိုတာ ဘယ်လိုကိလေသာတုံး၊ အကြောင်းတိုက်ဆိုင်တဲ့အခါ အကြိမ်ကြိမ်အဖန်ဖန် ခဏခဏဖြစ်တဲ့ ကိလေသာ။ ပရိယုဋ္ဌာန ကိလေသာဆိုတာ ထကြွတဲ့ကိလေသာ။ ဝီတိက္ကမကိလေသာကကော လွန်းကျူးတဲ့ကိလေသာ။

ဒီသုံးခုနဲ့စပ်ပြီးတော့ ပင်ကိုရင်း အဘိဓမ္မာက အယူလေး နည်းနည်းတိမ်းသွားရင်းက တဖြည်းဖြည်း အံချော်သွားတာပဲ။ ဒီဝါဒက သိပ်ဆိုးတာတော့ မဟုတ်ဘူး။ သူက ဒါန သီလ ကုသိုလ်တွေ လုပ်ယင်ရပါတယ်။ သမထအားထုတ်ယင်လဲ ဈာန်အထိ ရနိုင်ပါတယ်။ ဝိပဿနာအဆင့်ကတော့ သူက ဒီလို ယူဆလိုက်လို့ရှိယင် မရနိုင်တော့ဘူး။

**ကိလေသာသုံးမျိုး** ဒီ့ထက် ရှင်းအောင်ပြောရယင် အစိပ္ပါယ်တစ်ခု သူ-များ ဥစ္စာ မခိုးပါဘူးလို့ စောင့်ထိန်းထားတယ်ဆိုလို့ ရှိယင် ဝီတိက္ကမ ခိုးမှုဖြစ်ပါအုံးမလား။ မဖြစ်တော့ဘူး။ အဲဒီတော့ သီလက ဘာကို နိုင်သတုံး၊ ဝီတိက္ကမကိလေသာကို နိုင်တယ်။ သီလစောင့်ထိန်းထားတယ်ဆိုယင် ဝီတိက္ကမကိလေသာကိုတော့ မလွန်ကျူးဘူး။ စိတ်ထဲက ခိုးချင်ရုံနဲ့ သီလပျက်ရဲ့လား၊ ခိုးချင်ရုံနဲ့တော့ ဘယ်လောက်ကြီးခိုးချင်ခိုးချင် သီလကတော့ မပျက်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ သီလဆိုတာက ကာယကံ ဝစီကံ၊ ဒီနှစ်ခုပဲ ထိန်းနိုင်တာကိုး။ မနောကံကို သူကမထိန်းနိုင်ဘူး၊ သူက သူများပစ္စည်းကို ခိုးချင်တော့ သူများပစ္စည်း နက်ဖြန်ခိုးအုံးမယ်၊ ဒီနေ့တော့ ဥပုသ်စောင့်ထားလို့ သီလကတော့ ပျက်မသွားဘူး၊ နန်တော့ သီလက ညိုးတော့ညိုးတာပေါ့။ သီလစောင့်ထိန်းထားလို့ရှိယင် သီလက ဝီတိက္ကမကိလေသာကိုသာ ပယ်နိုင်တယ်။

သမာဓိဆိုတာက အခုတရားထိုင်တာပေါ့၊ စိတ်ကို ငြိမ်အောင် အာနာပါနဆိုတဲ့ ထွက်သက် ဝင်သက်ပဲ အားထုတ်နေ အားထုတ်နေ၊ တရားတစ်ခုခုကို အားထုတ်နေတဲ့အခါမှာ စိတ်တည်ငြိမ်တဲ့အခါမှာ ခိုးချင်တဲ့စိတ် ဖြစ်ပါ့မလား။ ကုသိုလ်စိတ်တွေဖြစ်နေတဲ့အခါမှာ ခိုးချင်တဲ့စိတ် မဖြစ်ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ သမာဓိရှိနေလို့၊ အဲဒီတော့ သမာဓိလုပ်ငန်းလုပ်နေတဲ့အခါမှာ ခိုးချင်တယ် ဘာတယ်ဆိုတဲ့ ထကြွတဲ့စိတ်တွေ ဖြစ်ပါ့မလား၊ မဖြစ်ဘူး။ အဲဒီတော့ သမာဓိက ဘာကိလေသာကို နိုင်သလဲ၊ ပရိယုဋ္ဌာနကိလေသာကို ပယ်နိုင်တယ်။ သီလကတော့ စိတ်ကိုလွှတ်ထားလို့ ရတယ်။ ကာယကံ, ဝစီကံပဲ သီလကနိုင်တယ်။ သမာဓိက တရားအားထုတ်တယ်ဆိုတာ မနောကံပါ နိုင်အောင်လို့။ မနောကံက ဟိုဟာတွေ ဒီဟာတွေ မတွေးဘဲနဲ့ အာရုံတစ်ခုထဲမှာ စိတ်က စိုက်နေတဲ့အခါမှာ သမာဓိ ဖြစ်နေယင် ပရိယုဋ္ဌာန-ထကြွမှု အကုသိုလ် ကိလေသာတွေ မလာနိုင်ဘူး၊ ဒါကြောင့်မို့လို့ သမာဓိက ပရိယုဋ္ဌာနကိလေသာကို ပယ်နိုင်တယ်။

ပညာဆိုတာက ဝိပဿနာပညာတို့ မဂ်ပညာတို့ကို နောက်ကျမှ ဆရာသင်မယ်။

အဲဒီတော့ အနုသယကိလေသာကို မဂ်ပညာကမှ ပယ်နိုင်တယ် ဆိုတော့ အဲဒီနေရာမှာ ပြဿနာတက်ကြတာပါပဲ။ အနုသယကိလေသာကို ကိန်းနေတဲ့ကိလေသာတဲ့၊ မျိုးစေ့အငုတ် ဗီဇသတ္တိအနေနဲ့ရှိနေတဲ့ ကိလေသာတဲ့။ အဲဒါကို မဂ်ပညာကမှ ပယ်နိုင်တယ်ဆိုတော့ သူတို့မရှင်းနိုင်တော့ဘူး။ အဲဒါဘာလဲဆိုတော့ ကိုယ်က မဂ်ကိုလဲမရဖူးဘူး။ သမာဓိစခန်း၊ သီလစခန်း လောက်တော့ လုပ်ဖူးကြတာပေါ့။ သီလစခန်း၊ သမာဓိစခန်းလောက်လုပ် ဖူးတော့ ဝီတိက္ကမကိလေသာကို ပယ်တာသိတယ်။ ပရိယုဋ္ဌာန ကိလေသာ ကို ပယ်တာကိုလဲ ကိုယ်ကိုယ်တိုင်သိတယ်။ သို့ပေမဲ့ မဂ်မရဘူးတော့ ပထမ မဂ်လဲ ဘာရယ်လို့မသိ၊ ဒုတိယ ကိလေသာလဲ ဘာရယ်လို့မသိ။ ဘုရားဟောထားတာကတော့ မဂ်က အနုသယ ကိလေသာကို ပယ်နိုင် တယ်။ စာနဲ့တော့ သိတယ်၊ ကိုယ်တိုင် မသိဘူး။ ဒီတော့ ပရိယုဋ္ဌာနဆိုတာက ထကြွလာတာကိုး။ ခိုးချင်တဲ့စိတ်တွေ ပေါက်လာတာ၊ ဒါတော့ သူက သိတယ်။ ခိုးချင်တဲ့ စိတ်မဖြစ်ခင် အနုသယ ကိလေသာဖြစ်နေတာကို သူ မသိဘူး။ အဲဒါ မသိတော့ အနုသယကိလေသာဟာ ကိန်းနေတယ်၊ ကိန်း နေတဲ့ ကိလေသာကို မဂ်က ပယ်လိုက်တယ်။ မဂ်က မျိုးစေ့သတ္တိကို ပယ် တယ်။ ဥပမာတွေဘာတွေနဲ့ ဒီလို ရှုပ်ကုန်ရော။ တကယ်ကတော့ ဆရာ တစ်နေ့က လောဘတို့ ဒိဋ္ဌိတို့ မာနတို့ကို ဒီဂရီတွေခွဲပြီး သင်ခဲ့ပြီ။ အဲဒီမှာ တတိယ ကိလေသာနဲ့ ရှင်းပြရယင် လူငယ်တွေ ဖြစ်ပေမဲ့ ဉာဏ်ကြီးတော့ သိပါတယ်။

**အနုသယကိလေသာရှာနည်း** ဥပမာတစ်ခု-သူများပစ္စည်းကို သွားခိုး တဲ့ လောဘက ဝီတိက္ကမကိလေသာ၊ ဒါက ရှင်းတယ်။ ခိုးချင်လို့ ထကြွလာတဲ့လောဘက ပရိယုဋ္ဌာနကိလေသာ၊ ဒါလဲရှင်းတယ်။ အနုသယ လောဘဆိုတာက မိမိခန္ဓာကိုယ်ကို ချမ်းသာ

စေချင်တဲ့လောဘပဲ။ သူများပစ္စည်းကို ဘာလို့ခိုးတာတုံး၊ ကိုယ်ကောင်းစားချင်လို့။ အဲဒီ ခန္ဓာကိုယ်ကို ကောင်းစားစေချင်တဲ့ လောဘဟာ အနုသယကိလေသာပဲ။ အနုသယကိလေသာဆိုတာက မဖြစ်တာမဟုတ်ဘူး၊ ဖြစ်ကိုဖြစ်တာ။ သူများပစ္စည်းခိုးတော့မယ်ဆိုယင် ခိုးချင်တဲ့ လောဘဟာ ထကြွလာတယ်။ အဲဒီ ပရိယုဋ္ဌာန ကိလေသာကို သိတယ်၊ အနုသယကိလေသာကို မသိဘူး။ ရှေ့ကို ဆက်ပြီးတော့ အနုသယကို မရှာတတ်တော့ဘူး။ မင်း သူများပစ္စည်းကို ဘာလို့ခိုးတာတုံး၊ သူများပစ္စည်းခိုးချင်တဲ့စိတ် ဘာလို့ပေါက်လာတုံး၊ ခိုးချင်တဲ့စိတ်ရဲ့အကြောင်းတရားကိုရှာယင် ဒီခန္ဓာကိုယ်ကို တွယ်တာတယ်၊ ကျွေးချင် မွေးချင် လှချင် ပ-ချင်လို့ သူများပစ္စည်းကို ခိုးချင်တယ်။ အဲဒီတော့ ဒီခန္ဓာကိုယ်ကို တွယ်တာတဲ့လောဘဟာ အနုသယကိလေသာပဲ၊ အဲဒီလို ခန္ဓာကိုယ်ကို တွယ်တာနေတဲ့လောဘကို သီလနဲ့ပယ်လို့ရရဲ့လား။ သီလနဲ့ကလဲ ပယ်လို့မရဘူး။ ခန္ဓာကိုယ်ကို တွယ်တာနေတဲ့လောဘကို သမာဓိအားထုတ်လို့ကော ပယ်လို့ရရဲလား၊ မရဘူး။ သမာဓိကလဲ တန်ခိုးကြီးအောင် လုပ်နေတာ၊ ဒီခန္ဓာကိုယ် ချမ်းသာအောင်လုပ်နေတာ။ တရားထိုင်တယ်ဆိုတာက တယ်ချမ်းသာတာကိုး၊ ဝိတက်, ဝိစာရ, ပီတိ, သုခ–ဆိုတဲ့ တကယ့် ဈာန် ဝင်စားလို့ရှိယင် အင်မတန် ချမ်းသာတာပဲ၊ တရားထိုင်နေယင်း ပီတိဖြစ်လာယင် သူက မထတော့ဘူး။ လောကီချမ်းသာတစ်မျိုးပဲ။ တရားထိုင်တာဟာ တကယ်ချမ်းသာတဲ့ ချမ်းသာပဲ။ ဒီပြင်ချမ်းသာတွေက ဟုတ်ချင်မှ ဟုတ်မှာ တရားထိုင်ဖို့ လူငယ်တွေကို တိုက်တွန်းရမယ်။ မင်းတို့ လောကီ ချမ်းသာထဲမှာ အချမ်းသာဆုံး တွေ့ချင်လို့ရှိယင် တရားထိုင်လို့ ပြောပေါ့။

စတုတ္ထဈာန် ရောက်သွားလို့ရှိယင် အင်မတန် ချမ်းသားတယ်ဆိုပဲ။

ကာမသုခ၊ ဈာနသုခ၊ ဖလသုခရယ်လို့ ချမ်းသာသုံးမျိုးရှိတယ်။ ကာမသုခဆိုတာက လူ့ပြည်မှာ စကြာမင်းစည်းစိမ်ဆိုတာ အကြီးကျယ်ဆုံး။ ခုခေတ် စကြာမင်းလဲ မရှိပါဘူး၊ အဲဒါ အချမ်းသာဆုံးပဲ။ စကြာမင်းက

လေးကျွန်းလုံးကို အစိုးရတယ်၊ အဲဒါ အကြီးကျယ်ဆုံးပဲ။

ဈာနသုခဆိုတာက ခုနပြောတဲ့ စတုတ္ထဈာန်ချမ်းသာပဲ။ ဝိတက်, ဝိစာရ, ပီတိ, သုခ–ဆိုတာတွေ နောက်တော့သင်မယ်။ စတုတ္ထဈာန်ထိ အောင် ဝင်စားနိုင်လို့ရှိယင် ဈာန်ချမ်းသာဟာ သိပ်ချမ်းသာတယ်တဲ့။ လောကီချမ်းသာထဲမှာ ဒီဈာန်တရားဟာ အချမ်းသာဆုံးပဲတဲ့။ အရိယာ ဖြစ်တဲ့အခါကျတော့ ဖလသုခဖြစ်သွားပြီ။ ဒါက လောကုတ္တရာချမ်းသာ။ ဒီသုခသုံးမျိုးကိုလဲ ဘုရားဟောခဲ့တာပါပဲ၊

အဲဒီတော့ အနုသယကိလေသာ ဆိုတာက မိမိခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘဟာ အနုသယ ကိလေသာပဲ။

သတ်ချင်တဲ့စိတ်တွေ ဖြစ်လာတာလဲ ခန္ဓာကိုယ်ကို ကျွေးချင်လို့ပဲ။ ကာမေသုမိစ္ဆာစာရကံကော ဒီခန္ဓာကိုယ်ရဲ့ အလိုကို ဖြည့်ချင်လို့ပဲ။ မုသာ ဝါဒက လိမ်တယ်၊ လိမ်တယ်ဆိုတာလဲ ဒီခန္ဓာကိုယ်ကို ချမ်းသာချင်လို့ပဲ။ အဲဒီတော့ ခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘကတော့ သမာဓိနဲ့လဲမရဘူး၊ သီလနဲ့လဲ မရဘူး၊ သူက အရိယာမဂ်ဆိုတဲ့ မဂ်ပညာနဲ့မှ ပယ်လို့ရတယ်။

အရိယာဖြစ်တယ်ဆိုလို့ရှိယင် ဘယ်ကိလေသာကို ပယ်ရမတုံး။ အနုသယကိလေသာကို ပယ်ရမယ်။ အနုသယကိလေသာဆိုတာ ဘယ်လို ကိလေသာမျိုးတုံး၊ အနုသယကိလေသာဖြစ်တာကို သိမှ မဂ်တရား အား ထုတ်လို့ရမှာပေါ့။ အနုသယကိလေသာဖြစ်တာမှ မသိဘဲနဲ့ ကိန်းနေတဲ့ ကိလေသာဆိုယင် ဘယ့်နဲ့လုပ် ပယ်လို့ရမလဲ။ ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘက ကိန်းနေတာလား၊ ဖြစ်လာတာလား။

ဖြစ်လာတာ။

ကိုယ့်ခန္ဓာကိုယ်ကို ကြည့်လိုက်လို့ရှိယင် မတွယ်တာဘူးလား။

တွယ်တာတဲ့စိတ်က ဖြစ်လာတာပဲ။

ကိုယ့်လက်ကလေးကိုကြည့်တော့ မတွယ်တာဘူးလား။

တွယ်တာတာပဲ။

လက်ကလေးနည်းနည်း ပွဲသွားယင် အမလေး တ-တာပဲ။ ကိုယ့်မျက်နှာလေးကို မှန်ထဲသွားကြည့်တော့ မတွယ်တာဘူးလား။

အနုသယလောဘဆိုတာ ဖြစ်လာတာပဲ။

ခန္ဓာကိုယ်ကိုတွယ်တာတဲ့ လောဘဟာ ခဏခဏဖြစ်တာ။ မနက်မိုးလင်းတယ်ဆိုယင်ပဲ မျက်နှာလေးသစ်လိုက်၊ သွားချောင်တိုက်လိုက်နဲ့။ ဘာလို့ သွားချောင်တိုက်ရတာတုံး-

ကိုယ့်ခန္ဓာကိုယ်ကို တွယ်တာလို့ သွားချောင်တိုက်တာပေါ့။

ထမင်းကျွေးတာကော၊ ဒီခန္ဓာကိုယ်လေးကို အသက်ဆက်ဖို့ ကျွေးတာ။ အလုပ်သွားလုပ်တာကော၊ ဒီခန္ဓာကိုယ်လေး စားရပါစေတော့လို့ လုပ်တာ။ အဲဒီလို ခန္ဓာကိုယ်ကို တွယ်တာနေတဲ့လောဘ အနုသယကိလေသာတွေဟာ ခဏခဏဖြစ်နေတာကို၊ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်ယင် တစ်နေ့လုံး တသီတတန်းကြီး မြင်ရတယ်ဟုတ်လား။

ခန္ဓာကိုယ်ကို တွယ်တာနေတဲ့ လောဘကို ဝိပဿနာမဂ်ကမှ ပယ်နိုင်တာ။ ဝိပဿနာမဂ်နဲ့ ဘယ်လိုပယ်မတုံး-

ဒီခန္ဓာကိုယ်ကြီးဟာ အတုံးအခဲမဟုတ်ဘူး၊ ငါမဟုတ်ဘူး၊ ယောကျ်ားမဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူး၊ ရုပ်နာမ်နှစ်ပါးပဲရှိတယ်။ ပထမ ပညတ်တွေကို ပယ်ပစ်လိုက်ပြီး ရုပ်နဲ့နာမ်ကို ကြည့်တဲ့အခါကျတော့ ဒီရုပ်နာမ်ကလဲ အနိစ္စ တဖြစ်ထဲဖြစ် တပျက်ထဲပျက် ပျက်ပြီးနေတာ တွေ့ရမယ်။ ဒီခန္ဓာကိုယ်ကြီးကို ဝိပဿနာက ဖျက်ပစ်လိုက်တာ၊ ပညတ်ကို အကုန်ဖျက်ချလိုက်တဲ့အခါကျတော့ သူက ဘာမှမရှိတော့ဘူး၊ ရုပ်-နာမ်ပဲရှိတယ်။ ရုပ်နာမ်ကလဲ တည်မြဲတယ်လို့မရှိဘူး၊ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဒီလိုဖြစ်ပျက်နေတယ်။

သို့မှာ ခန္ဓာကိုယ်ရယ်လို့ မတွေ့တော့ဘူး၊ ခန္ဓာကိုယ်ရယ်လို့

မတွေ့တော့ ယောကျ်ား မိန်းမလို့လဲ မမြင်တော့ဘူး၊ အဲဒီတော့ သူတွယ်တာစရာ ဘာမှမရှိတော့ဘူး။

အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တ-ဆိုတဲ့ ဝိပဿနာမဂ်ပညာကမှ ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘအနုသယကိလေသာကို ပယ်လို့ရတာ၊ မဂ်နဲ့ ပယ်ရတယ်ဆိုတဲ့ ကိလေသာဟာ ဘယ်လိုကိလေသာလဲလို့ သိမှ တကယ် အားထုတ်လို့ တရားရမှာပေါ့။ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ အနုသယကိလေသာကို မသိယင် ဘယ်လိုအားထုတ် အားထုတ် ဘယ်တော့မှမရဘူး။

အနုသယကိလေသာကို လူငယ်တွေအနေနဲ့ကတော့ နစ်နစ်နော နော သိဖို့မလိုသေးပါဘူး၊ အခုခေတ်က ဝိပဿနာခေတ်မို့ တရားတွေ ဘာတွေလိုက်စားနေကြတဲ့ ဆရာ, ဆရာမ, ရှုံးသူ, ရှုံးသားတွေလဲ ပါနေလို့ ရှင်းပြနေတာပါ။

အဲဒီတော အနုသယကိလေသာကို မသိပေမဲ့ တရားအားထုတ်တယ်ဆိုတာ တကယ်ကောင်းတာချည်းပါပဲ၊ ဘယ်နည်းနဲ့ အားထုတ် အားထုတ် မဂ်မရသေးပေမဲ့ တရားအားထုတ်ယင် ကုသိုလ်ဖြစ်တာပါပဲ။ တရားအားထုတ်လို့ အရှုံးတော့မရှိပါဘူး။ နောက်ပိတ်ဆုံး ဈာန်လမ်းပဲဖြစ်ဖြစ်၊ ဝိပဿနာလမ်းပဲဖြစ်ဖြစ်၊ ဒါန သီလပဲဖြစ်ဖြစ် ကုသိုလ်လုပ်တာကတော့ ကောင်းတာချည်းပဲ။ သို့သော် တကယ့်မဂ်ပေါက် ဖိုလ်ပေါက်ကတော့ အင်မတန် နက်နဲ့နူးညံ့သိမ်မွေ့တဲ့ တရားမို့လို့ အနုသယကိလေသာမှာ နည်းမှန်လမ်းမှန် ဗဟုသုတအတွက် ရှင်းပြနေတာပါ။

ဒီသင်တန်းကတော့ အနုသယကိလေသာခုနစ်ပါးရယင် တော်ပါပြီ။ ဒီခုနစ်ပါးကို သေသေချာချာ ရပြီးတော့ သဘောပေါက်ထားယင် နောက်ကျတော့ မဂ်ပယ်နည်းတို့ ဘာပယ်နည်းတို့ဟာ သူ့ဟာသူ သဘောပေါက်လာပါလိမ့်မယ်။

## အနုသယကိလေသာ ၇-ပါး

'နံပါတ် (၁) ကာမရာဂါနုသယ=ကာမဂုဏ်တို့၌ တပ်မက်မှု၊ ချစ်ခင်မှု၊ တွယ်တာမှုလောဘ။

(၂) ဘဝရာဂါနုသယ=ရူပဘဝ၊ အရူပဘဝတို့၌ တပ်မက်မှု၊ တွယ်တာမှု လောဘ။

(၃) ပဋိဃာနုသယ=အမျက်ထွက်မှု၊ စိတ်ထိခိုက်မှု၊ စိတ်မချမ်းသာမှု၊ မုန်းတီးမှု ဒေါသ။

(၄) မာနာနုသယ=အထင်ကြီးမှု၊ ထောင်လွှားမှု၊ ခန္ဓာကိုယ်ကို ငါထင်မှု မာန။

(၅) ဒိဋ္ဌာနုသယ=အတ္တရှိတယ်လို့ အယူမှားမှု။

(၆) ဝိစိကိစ္ဆာနုသယ=ယုံမှားမှု၊ သို့လော သို့လောဖြစ်မှု။

(၇) အဝိဇ္ဇာနုသယ=သစ္စာလေးပါးကို မသိအောင်ဖုံးလွှမ်းမှု မောဟ။

ဝိစိကိစ္ဆာနုသယကလဲ ဝိစိကိစ္ဆာစေတသိက်အတိုင်းပဲ၊ ဒိဋ္ဌာနုသယကလဲ ဒိဋ္ဌိစေတသိက်အတိုင်းပဲ။ မာနာနုသယကလဲ မာနစေတသိက်အတိုင်းပဲ။

အဲဒီတော့ အနုသယကလဲ ပိဋကတ်သုံးပုံ ပါဠိတော်တွေကို လေ့လာကြည့်မယ်ဆိုလို့ရှိယင် နေရာပေါင်း ထောင်ချီပြီးတော့ ပါမှာပဲ။ အနုသယကို ၃-၄ ပါး ဟောတဲ့အခါလဲရှိတယ်။ ငါးပါးဟောတဲ့အခါလဲရှိတယ်။ ၇-ပါးဟောတဲ့အခါလဲရှိတယ်။ အမျိုးမျိုးဟောတာပဲ။

အဲဒီတော့ ဆိုကြစမ်း:-

"ကာမရာဂါနုသယ၊ ဘဝရာဂါ**နုသယ**၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ **အဝိဇ္ဇာ**နုသယ။"

ကာမရာဂါနုသယက ဘာစေသိက်တုံး။

"လောဘ"။

ပဋိဃာနုသယက ဒေါသ။ မာနာနုသယက မာန။ ဒိဋ္ဌာနုသယက ဒိဋ္ဌိ။ ဝိစိကိစ္ဆာနုသယက ဝိစိကိစ္ဆာ။ အဝိဇ္ဇာနုသယက မောဟ။

အဲဒီတော့ စေတသိက် ဘယ်နှစ်လုံးရတုံး။

"စေတသိက် ခြောက်လုံးရပါတယ်။"

လူငယ်တွေအတွက်ကတော့ အကုသိုလ်စေတသိက်ကို ဒီလောက် သရုပ်ခွဲတတ်ယင် တော်ပါပြီ။

အနုသယမှာ အကုသိုလ်စေတသိက်က လောဘရယ်၊ ဒေါသရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ မောဟရယ် ခြောက်လုံးရှိတယ်။ အဲဒီတော့ အနုသယက သိပ်အရေးကြီးတယ်။ အနုသယနဲ့ ပတ်သက်ပြီးတော့ တော်တော်သဘောကျစရာကောင်းတဲ့အချက်က မူလပဏ္ဏာသ ပါဠိတော်မှာ ဈူဠဝေဒလ္လသုတ်ဆိုတာ ရှိတယ်။ အနုသယနဲ့ပတ်သက်ပြီး ဒီသုတ်ဟာ အင်မတန် မှတ်သားစရာကောင်းတဲ့ သုတ်ပဲ။ အဲဒီသုတ်ရဲ့ နိဒါန်း အကျဉ်းချုပ်က-

**သူဌေးကတော် ဓမ္မဒိန္နာ**

သူဌေးကတော် ဓမ္မဒိန္နာဆိုတာ ဘုရားလက်ထက်က တရားဟောတဲ့နေရာမှာ သူက တေဒဂ်ရတယ်။ သူတို့က ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးတွေ။ သူ့ယောကျ်ားက ဝိသာခတဲ့။ သူဌေးကတော်က ဓမ္မဒိန္နာတဲ့။ အဲဒီတော့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက ပင့်လို့ မြတ်စွာဘုရား ကြွပြီး တရားဟောတဲ့အခါမှာ ဝိသာခသူဌေးကလဲ သွားပြီးတော့ တရားနာတယ်။ တရားသွားနာတော့ ပထမနေ့မှာ သောတာပန်ဖြစ်တယ်။ ဒုတိယနေ့ သွားနာတော့ သကဒါဂါမ် ဖြစ်တယ်။ တတိယနေ့ သွားနာတော့ အနာဂါမ်ဖြစ်တယ်၊ ရေးကတော့ လွယ်လိုက်တာ။ အခုခေတ်တော့ တစ်လထိုင်လို့လဲ ပြန်လာတော့ ဒီအတိုင်း ဒီအတိုင်းပဲ။ သုံးလ တရားသွားအားထုတ်လို့ရှိယင် ပြန်လာတော့ ဒီအတိုင်း ဒီအတိုင်းပဲ။ ပါရမီကွာခြားလို့လား ဘာလား စဉ်းစားစရာပဲ။

အဲဒီတော့ ဝိသာခ ပဌမနေ့ တရားသွားနာပြီး ပြန်လာတော့ မိန်းမက အိမ်ကနေ ဆီးကြိုတယ်၊ လက်တွေဘာတွေ ဆွဲပြီးတော့ နှုတ်ဆက်၊ ထမင်းတွေ ဘာတွေ စားကြတော့လဲ ပျော်ပျော်ရွှင်ရွှင် နှစ်ယောက်တွဲပဲ စားသောက်ကြတယ်။ သောတာပန်ကိုး။ နောက်နေ့ သကဒါဂါမ်ကျတော့လဲ ပြန်လာတော့ မိန်းမက အပေါက်ဝက ဆီးကြို(ယခုခေတ်ဆိုယင်အဲ့ကို ရဲ့ ဘာရဲ့ ညာရဲ့ပေါ့)ပြီး ထမင်းတွေ ဘာတွေကိုလဲ ပျော်ပျော်ရွှင်ရွှင်ပဲ နှစ်ယောက်တွဲ စားသောက်ကြတယ်။ တတိယနေ့ အနာဂါမ်ဖြစ်လာတဲ့ အခါကျတော့ ခေါင်းအောက်စိုက်ပြီး လာကတဲ့ကိုယ်က ဣန္ဒြေကြီးနဲ့လာတယ်၊ မိန်းမက ကြည့်နေတယ်။ တကယ့်ရဟန္တာများ ကြွလာသလို ဒီလိုလာတာကိုး။ သူ့မိန်းမကတော့ အပေါက်ဝက ထုံးစံအတိုင်း ဆီးကြို လက်ဆွဲနှုတ်ဆက်ဖို့ လက်ပေးတယ်၊ မကိုင်ဘူး၊ ရှောင်သွားတယ်။ ရှောင်သွားပြီးတော့ သူ့နေရာ သူသွားထိုင်တယ်၊ နောက်ပြီး ထမင်းတွေဘာတွေပြင်ပြီး ကျွေးတယ်။ ထမင်း ထည့်ပေးလဲ စကားကောင်းကောင်း မပြောဘူး။ ညအိပ်တော့လဲ သူ့ဘာသာသူ တခြားတစ်နေရာပြင်ပြီးတော့ အိပ်တယ်။ ခါတိုင်း လင်မယား နှစ်ယောက်အိပ် တဲ့အခန်းမှာ မအိပ်တော့ဘူး။ အဲဒီတော့ မိန်းမက တော်တော်လေး စိတ်မချမ်း မသာဖြစ်တာပေါ့၊ ငါ့အပေါ်မှာ ဘာစိတ်ကောက်စရာရှိသလဲ၊ ဘာအကြောင်း ရှိသလဲ၊ သူ အမျိုးမျိုး တွက်ကြည့်တယ်၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး။ ဒါ ဖြင့် ချစ်သူတစ်ယောက်ယောက်များ တွေ့လာလို့လား၊ ရောဂါတစ်ခုခုဖြစ်လို့ လား စသဖြင့် သူအမျိုးမျိုးတွေ တွေးပြီး စိတ်ဆင်းရဲတော့တာပါပဲ။ နောက် တစ်နေ့ကျတော့ သူ့ယောကျာ်းအနားကို တစ်ခါထဲ အတင်းအဓမ္မ သွားတာပဲ တဲ့။ သွားတဲ့အခါ နင်ငါ့နားမလာနဲ့တဲ့၊ အဲဒီနေရာမှာထိုင်တဲ့၊ ဘာပြောချင်လို့ လဲတဲ့၊ ဒီလိုပြောတဲ့အခါ ဓမ္မဒိန္နာက သေသေချာချာမေးတော့တာပေါ့။ တို့ တိုကတော့ ဒီလိုစကားမပြောဘဲနဲ့နေတာ ဘယ်လိုအကြောင်းကြောင့်တုံးတဲ့။

ဒီတော့ ဝိသာခသူဌေးက တရားရလာတယ်လို့ မပြောချင်ဘူး။ မပြောယင်လဲ ဒီမိန်းမဟာ ဒီနေရာမှာ ရင်ကွဲပြီးတော့ သေသွားမယ်ဆိုတာ သူ့ ယောကျာ်းကသိတော့ အေးအေးဆေးဆေးပဲ ငါ့ဘာမှမဖြစ်ပါဘူးတဲ့၊

ငါ မြတ်စွာဘုရား တရားသွားနာတဲ့အခါမှာ ဒီလို အသိတရားတွေရလာတော့ လောကီစည်းစိမ် ကာမဂုဏ်တွေကို ဘာမှ အလိုမရှိတော့ဘူး။ အဲဒီတော့ ငါ့ဘက်ကပါတဲ့ ကုဋေလေးဆယ်၊ မင်းဘက်ကပါတဲ့ ကုဋေလေးဆယ် အားလုံး ကုဋေရှစ်ဆယ်ကို ယူပြီးတော့ မင့်မိဘအိမ် ပြန်ချင်ပြန်၊ နောက် အိမ်ထောင် ပြုချင်ပြု၊ ဒါမှမဟုတ်လို့ရှိယင်လဲ ထမင်းလေးတစ်နပ်လောက် ငါ့ကို ကျွေးပြီးတော့ ဒီအိမ်မှာပဲ ပြုစုချင်လဲပြုစု၊ ငါကတော့ တရားရသွားပြီလို့ ဖွင့်ပြောပြတယ်။ ဓမ္မဒိန္နာလဲ အဲဒီကျတော့မှ အကြောင်းမှန်ကို သိသွားတယ်။ တရားလဲ သုံးရက်သွားနာတာကိုး။

အဲဒီအခါမှာ ဓမ္မဒိန္နာက သူ့ယောကျ်ားကို မေးတယ်။

ဒီလို နက်နဲသိမ်မွေ့တဲ့တရားထူးကို ယောကျ်ားများသာ ရနိုင်သလားတဲ့၊ မိန်းမတွေကော မရနိုင်ဘူးလားတဲ့။

ဟာ––တရားဆိုတာ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဘယ်သူဖြစ်ဖြစ် ပါရမီရှိလို့ အားထုတ်ယင် ရနိုင်ပါတယ်လို့ပြောတော့ ဓမ္မဒိန္နာက ဒါဖြင့် ကျွန်မလဲ တရားအားထုတ်မယ်၊ သင်္ကန်းဝတ်မယ်ပေါ့။ ဟိုတုန်းက ဘိက္ခုနီမတွေရှိတယ်၊ မိန်းမတွေလဲ သင်္ကန်းဝတ်နိုင်တယ်၊ အဲဒီလိုပြောတော့ သူ့ယောကျ်ားက သိပ်ဝမ်းသာသွားတယ်။ မင်းက လှလှပပ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အင်မတန်ကြီးကျယ်တဲ့ စည်းစိမ်ဥစ္စာနဲ့မို့ ငါက မပြောရက်လို့ပဲ၊ မင်း ဒီလိုဆိုလို့ရှိယင် ငါသိပ်ဝမ်းသာတာပေါ့တဲ့။

အဲဒီတော့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးဆီသွားပြီး ဘုရင်ကို ပြောတော့ ဘုရင်ကလဲ သိပ်ဝမ်းသာပြီး မင်း ဘာလိုချင်တုံးတဲ့၊ ဘာမှ မလိုပါဘူးတဲ့။ ရှေးတုန်းကတော့ ရှင်လောင်းတွေ ဘာတွေလှည့်တဲ့ ရွှေထမ်းစင်ဆိုတာ ရှိတယ်၊ ကျွန်တော်မျိုး တစ်မြို့လုံးကို သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် ဆင်ယင်ချင်တယ်၊ ရွှေထမ်းစင်တစ်ခုလဲ လိုချင်ပါတယ်လို့ ပြောတော့ အေး––ကောင်းပြီ၊ မင်း သွားတော့လို့ ပြောလိုက်တယ်။

ခမ္မဒိန္နာကို ရွှေထမ်းစင်(ဝေါ)ပေါ်တင်ပြီးတော့ အခုခေတ် ရှင်ပြုသလိုပေါ့၊ ဆွေမျိုးတွေ မိတ်ဆွေ သင်္ဂဟတွေနဲ့ တစ်မြို့လုံး သူဌေးကတော် ခမ္မဒိန္နာကို လှည့်ပြီးတော့ ဘိက္ခုနီမကျောင်းကို ပို့လိုက်တယ်။

ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကတော်တစ်ယောက် ရဟန်းမပြုတယ်ဆိုတော့ ဘိက္ခုနီမကျောင်းမှာ လူတွေဟာ တိုးမပေါက်ဘူး။ ဟိုကလာ၊ ဒီကလာ။ လှကလဲလှ၊ ချောကလဲချောနဲ့၊ သက်န်းရောင်လေးနဲ့ဆိုတော့ ဖူးချင်တဲ့လူတွေ သိပ်ပေါတာပေါ့။ ဟိုကလာ၊ ဒီကလာဆိုတော့ ခမ္မဒိန္နာက ဒီလိုနေလို့ မဖြစ်ဘူး၊ မြို့မှာနေယင် ငါဟာ ဘာတရားမှ ရမှာမဟုတ်ဘူး၊ အဲဒီတော့ တောမှာသွားပြီးတော့ တရားအားထုတ်မှ ရမှာပဲဆိုပြီးတော့ ဘိက္ခုနီမကြီးနှစ်ပါး သုံးပါးနဲ့ လူမသိတဲ့နေရာ သွားပြီးတော့ တရားအားထုတ်တယ်။ ချက်ချင်း ရဟန္တာဖြစ်သွားတယ်။ ဘာဖြစ်လို့ ဖြစ်သွားသလဲဆိုတော့ ခမ္မဒိန္နဟာ ပဒုမုတ္တရ ဘုရားလက်ထက် သူဌေးအိမ်မှာ ကျွန်မဖြစ်ခဲ့ဖူးတယ်၊ ကျွန်မဖြစ်ခဲ့တဲ့ဘဝမှာ သူ့ဆံပင်ကို ဖြတ်ပြီးတော့ အဂ္ဂမဟာသာဝက မထေရ်တစ်ပါးကို ဆံပင်လှူပြီး ဆုတောင်းခဲ့တယ်။

ဒါကြောင့်မို့လို့ တချို့တလေက **ဆုတောင်းရှိရမယ်လို့ပြောတာ**။ အဲဒီဆုတောင်းက ဒီဘုရားလက်ထက်မှာ လာပြီး သူ့ကို အကျိုးပေးတော့ သူများလို တရားအားထုတ်တာ အကြာကြီး အားမထုတ်ရဘူး၊ ချက်ချင်း တစ်ခါထဲ ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်သွားတော့ ခမ္မဒိန္နာက စဉ်းစားတယ် ငါဒီလိုနေလို့တော့ ဘာမှ အကျိုးမရှိဘူး၊ ဆွေမျိုးတွေရော ဘာတွေရော အားလုံးလူတွေလဲ ကုသိုလ်ရအောင် ငါလဲ ရဟန္တာဖြစ်သွားပြီ၊ မြို့ပြန်မှပဲ ဆိုပြီး မြို့ကိုပြန်လာတော့ သူ့ယောကျာ်းက ကြားတယ်။ အခုတော့ သူ့ယောကျာ်း မဟုတ်တော့ဘူးပေါ့၊ ဟိုတုန်းက ယောကျာ်းပေါ့။

ဟာ ခမ္မဒိန္နာ ခုပဲ တောကိုသွားတယ်၊ ခုပဲပြန်လာပြီ။ မပျော်လို့လား၊ လူများထွက်မလို့လား၊ အကြောင်းစုံသိရအောင် သူက သွားတာပေါ့။ သူ့မယားကို တွေ့ချင်လို့တော့ မဟုတ်ဘူး၊ သူကအနာဂါမ်ပဲ။ လူတွေကတော့

ပြေချင်ပြောမှာပေါ့ သူ့မယားကို တွေ့ချင်လို့ သွားတယ်လို့။ အမှန်တော့ တွေ့ချင်လို့တော့ မဟုတ်ဘူး၊ လူထွက်မလို့လား, မပျော်လို့လား ဆိုတာ သံသယရှိလို့။

ဓမ္မဒိန္နာဆီရောက်ပြီ။ သူကလဲ အနာဂါမ်ဆိုတော့ တရားရသလား၊ မရဘူးလားဆိုတာ တိုက်ရိုက်မေးတာ မကောင်းဘူး၊ တရားသဘောတွေကို မေးတယ်။ တရားမေးခွန်းတွေကတော့ အများကြီးပေါ့ ဒါပေမဲ့-

**ဝေဒနာနှင့် အနုသယ** အနုသယကိုလေသာနဲ့ ပတ်သက်တဲ့ မေးခွန်းကတော့ သုခါယ ဝေဒနာယ ပနာယျေ ကိံ အနုသယော အနုသေတိ"တဲ့။ မြန်မာလိုကတော့ သုခဝေဒနာမှာ ဒီ အနုသယ ခုနစ်ပါးထဲက ဘယ်အနုသယ ကိန်းသလဲတဲ့။ သုခဝေဒနာဆိုတဲ့ ချမ်းသာ နဲ့တွေ့လို့ရှိယင် လောဘဖြစ်မယ်၊ ချမ်းသာတယ်ဆိုယင် ကြိုက်တဲ့ လူချည်းပဲမို့လား၊ အဲဒီတော့ သူမက "သုခါယ ဝေဒနာယ ရာဂါနုသယော အနု-သေတိ"တဲ့။ မြန်မာလိုကတော့ သုခဝေဒနာနဲ့တွေ့လို့ရှိယင် ရာဂါနုသယ ဖြစ်ပါတယ်တဲ့၊ စာတွေဘာတွေ သင်ဖူးတာ မဟုတ်ဘူးနော်၊ တရား အား ထုတ်ပြီးတော့ တတ်လာတာ။

ဒါဖြင့် သူဌေးက ဟုတ်ပြီတဲ့၊ နောက်ပြီး တစ်ခါပြန်မေးပြန်တယ်။ "ဒုက္ခာယ ဝေဒနာယ အယျေ ကိံ အနုသယောအနုသေတိ"တဲ့၊ မြန်မာလိုကတော့ ဒုက္ခဝေဒနာ ဆင်းရဲနဲ့တွေ့တဲ့အခါမှာ ဘာအနုသယ ကိန်းသတုံးတဲ့။ ဒီတော့ သူကမ ဆင်းရဲနဲ့တွေ့တဲ့အခါမှာ ဘယ်သူမှ မကြိုက်ဘူး၊ ဆင်းရဲနဲ့ တွေ့မယ်ဆိုယင် ပဋိဃာနုသယ ဖြစ်မယ်တဲ့၊ ဟုတ်ပြီတဲ့။

အဲဒီတော့ လူမှာ ဝေဒနာသုံးမျိုးရှိတယ်တဲ့၊ သုခဝေဒနာ=ချမ်းသာနဲ့လဲ တွေ့မယ်၊ ဒုက္ခဝေဒနာ=ဆင်းရဲနဲ့လဲ တွေ့မယ်၊ ဒီနှစ်ခုမဖြစ်လို့ရှိယင် ကြားထဲမှာ ဥပေက္ခာဝေဒနာနဲ့ တွေ့မယ်။ ဒီတော့ သူဌေးက ဆက်မေးတယ်။

"အဒုက္ခမသုခါယ ဝေဒနာယ အယျေ ကိ အနုသယော အနုသေတိ" တဲ့။ မြန်မာလိုကတော့ ဥပေက္ခာဝေဒနာ ဖြစ်နေတဲ့အခါ ဘာအနုသယ ကိန်းတုံးတဲ့။ ဥပေက္ခာဆိုတော့ ချမ်းသာတာလဲ မဟုတ်ဘူး၊ ဆင်းရဲတာလဲ မဟုတ်ဘူး၊ ကြားထဲကနေတာ။ တချို့တလေက ဒါကို တရားရတယ် ထင်တယ်၊ ဒီတော့ သူမက-

"အဒုက္ခမသုခါယ ဝေဒနာယ အယျေ အဝိဇ္ဇာနုသယော အနုသေတိ"-တဲ့။ မြန်မာလိုကတော့ အဝိဇ္ဇာနုသယဆိုတာ ချစ်စရာနှင့်တွေ့လဲ မချစ်ဘူး၊ မုန်းစရာနှင့်တွေ့လဲ မမုန်းဘူးဆိုယင် ဒီလူဟာ တရားရတဲ့လူလဲ မဟုတ်ယင် ဘာမှ မသိတတ်တဲ့လူ။ ရိုင်းရိုင်းကတော့ နွားလိုလူပဲ။ အဲဒါ ကြောင့်မို့လို့ အဝိဇ္ဇာနုသယ ဖြစ်တယ်တဲ့။

အဲဒီလိုဖြေတဲ့အခါကျမှ သြော်--ဓမ္မဒိန္နာ တရားရသွားပြီ၊ ရဟန္တာ ဖြစ်သွားပြီလို့ သူ့ယောကျ်ားက သိသွားတယ်။ သူကလဲ အနာဂါမ် မဟုတ်လား။

အနုသယနဲ့ ပတ်သက်ပြီးတော့ တော်တော်များများ ပါပါတယ်။ နောက်ပိတ်ဆုံး အတိုချုပ်ပြောပြတာပါ။

ကဲ--ဒီနေ့ နာရီစေ့သွားပြီဖြစ်တဲ့အတွက် သာဓုခေါ်ကြ။

သာဓု သာဓု သာဓု

* * * * *

# ပို့ချချက် (၁၁)

## (၉-၆-၇၉)

### မဂ်လေးတန်နှင့် အနုသယကိလေသာ

အနုသယ တရား ၇-ပါး၊ တရားကိုယ်ကတော့ ၆-ပါးထဲပဲ။ အဲဒီ အနုသယ ၇-ပါးမှာ မဂ်နဲ့ ပယ်စဉ်အားဖြင့် တွက်မယ်ဆိုလို့ရှိယင် သောတာပန်က ဒိဋ္ဌာနုသယနဲ့ ဝိစိကိစ္ဆာနုသယ၊ ဒီနှစ်ခုကို ပယ်တယ်။ အနုသယ ၇-ပါးရှိတဲ့အနက်က သောတာပန်ကပယ်တဲ့ ကိလေသာကို ပြောပါဆိုယင် ဒိဋ္ဌာနုသယနဲ့ ဝိစိကိစ္ဆာနုသယ။ ဒိဋ္ဌာနုသယက ဒိဋ္ဌိပေါ့။ ဝိစိကိစ္ဆာနုသယက ဝိစိကိစ္ဆာပေါ့။ အဲဒါ အကြွင်းမဲ့ပယ်တာကို ပြောတာ။ သောတာပန်ဟာ ဒီ့ပြင် ကာမရာဂါနုသယတို့ ဘဝရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ ဆိုတဲ့ ကျန်တဲ့အနုသယတွေကို မပယ်တာတော့ မဟုတ်ဘူး။ အပါယ်ကို ကျစေတတ်တဲ့ လောဘတို့ ဒေါသတို့ မာနတို့ကိုလဲ ပယ်တာပဲ။ သောတာပန်က ဒိဋ္ဌာနုသယနဲ့ ဝိစိကိစ္ဆာနုသယ နှစ်ပါးကို ပယ်တယ်ဆိုတာ အကြွင်းမဲ့ ပယ်တာကို ပြောတာပါ။ ကျန်တဲ့အနုသယတွေလဲ အပါယ်ကို ရောက်စေနိုင်တဲ့ အနုသယမျိုးကိုတော့ ပယ်တာပဲ၊ အဲဒီလို သီးခြားမှတ်ထားပါ။

သကဒါဂါမ်ကတော့ သူက သီးခြား ဘယ်အနုသယကိုမှ အကြွင်းမဲ့ ပယ်တယ်လို့ မရှိဘူး။ အခုန သောတာပန်ပယ်လို့ ကျန်နေတဲ့ အနုသယ ငါးပါးကို သူက နည်းနည်းခေါင်းပါးသွားအောင် ပယ်လိုက်တာပဲ။ ဒါကြောင့် မို့လို့ သကဒါဂါမ်မှာ ပြဿနာရှိတယ်။ သကဒါဂါမ်ပုဂ္ဂိုလ်များကော အိမ်ထောင်ပြုသေးသလားတဲ့။ ဘာပြုလို့လဲဆိုတော့ ကာမရာဂါနုသယကို သူက အကြွင်းမဲ့မှ မပယ်ဘဲကိုး။ သောတာပန်ကတော့ အိမ်ထောင်ရှိတာကတော့ ရှင်းတယ်။ ဝိသာခါတို့ ဘာတို့ အိမ်ထောင်ရှိနေတာ လူတိုင်း သိနေကြတာပဲ။ သကဒါဂါမ်ကျတဲ့အခါကျတော့ အိမ်ထောင်ပြုသေးသလားတဲ့၊ အိမ်ထောင် ရှိနေပေတဲ့ ခပ်ကင်းကင်းနေမှာနဲ့ တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ

က တော်တော်ခေါင်းပါးသွားပါပြီ။ လုံးဝ အကြွင်းမဲ့သာ ကာမရာဂကို မပယ်သေးတာ၊ မပယ်ပေတဲ့ တော်တော်ခေါင်းပါးသွားတဲ့အခါကျတော့ မဂ်နှစ်ခါပယ်လိုက်တော့ အိမ်ထောင်နဲ့နေပေတဲ့ ခပ်ကင်းကင်း သဘော မျိုးတော့ ဖြစ်သွားမှာပေါ့။ သကဒါဂါမ်က အထူးထပ်ပယ်တာတော့ မရှိ ဘူး။ သူက ခေါင်းပါးအောင် ဒါလောက်ပဲ ပယ်နိုင်တယ်။

အနာဂါမ်ကျတော့ ကာမရာဂါနုသယနဲ့ ပဋိဃာနုသယ နှစ်ခုကို ထပ်ပြီးတော့ အကြွင်းမဲ့ ပယ်လိုက်တယ်။ သကဒါဂါမ်တုန်းကလဲ ကာမရာဂကို ပယ်တာပဲ၊ ပဋိဃာနုသယကိုလဲ ပယ်တာပဲ၊ ပယ်ပေတဲ့ သူက အကြွင်းမဲ့ မပယ်နိုင်လို့ နည်းနည်းတော့ ကျန်နေသေးတယ်။ အနာဂါမ်ကျမှ ကာမရာဂါ နုသယရော၊ ပဋိဃာနုသယရော ပယ်လိုက်တာပဲ။

ကာမရာဂါနုသယဆိုတာ တရားကိုယ်ဘာတုံး၊ လောဘ။ ပဋိဃာ-နုသယဆိုတာကော၊ ဒေါသ။ ဒီ လောဘဆိုတာ အနာဂါမ်ကျတော့ ကာမ ရာဂဆိုတဲ့ လောဘကိုသာ ပယ်တာ။ ဘဝရာဂဆိုတဲ့ လောဘတော့ မကုန် သေးဘူး။ ဒေါသကတော့ လုံးဝ မရှိတော့ဘူး။ သူ့ကိုသွားပြီး ဘယ်လိုလုပ် လုပ် ဘာပြောပြော သူစိတ်ဆိုးတယ်ဆိုတာ မရှိဘူး။ အနာဂါမ်ဟာ စမ်းလို့ လွယ်ပါတယ်။

လူဝတ်ကြောင်နဲ့ အနာဂါမ်ပုဂ္ဂိုလ်ထိအောင်တော့ နေနိုင်တယ်။ အိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝနဲ့ လုပ်နေလို့ရတာပဲ။ သို့ပေတဲ့ ဟုတ်လား မဟုတ်လားလို့ စမ်းကြည့်ချင်တယ် ဆိုလို့ရှိယင် စိတ်ဆိုးအောင် လုပ် ကြည့်လို့ ဘယ်လိုလုပ်လို့မှ စိတ်မဆိုးယင်တော့ ဒီလူကြီးဟာ အနာဂါမ်ပဲ။ သေချာတာပေါ့။ အပျိုကြီး လူပျိုကြီးတွေ အနာဂါမ်ဟုတ်-မဟုတ် စမ်း ချင်လို့ရှိယင် စိတ်ဆိုးအောင် လုပ်ကြည့်ယင် ထင်ရှားတယ်။ အနာဂါမ်က ကာမရာဂါနုသယနဲ့ ပဋိဃာနုသယကို အကြွင်းမဲ့ ထပ်ပယ်လိုက်တယ်။

ရဟန္တာကတော့ ဘဝရာဂါနုသယရယ်, မာနာနုသယရယ်, အဝိဇ္ဇာ နုသယရယ်၊ အဲဒီသုံးမျိုးကို အကြွင်းမဲ့ ထပ်ပယ်လိုက်တယ်။ အဲဒီတော့ ဘဝရာဂါနုသယဆိုတာ ဘာတုံး၊ လောဘပဲ။ မာနာနုသယက[illegible]

အဝိဇ္ဇာနုသယကတော့ မောဟပဲ။ ဒါကြောင့်မို့လို့ ဘဝရာဂါနုသယဆို လဲ လောဘပဲ။ လောဘဆိုတာ မဂ်နဲ့လေးကြိမ်တိုင်တိုင် ပယ်ယူရတယ်။ လောဘဟာ သောတာပန်တုန်းကလဲ ပယ်တယ်၊ ကျန်နေသေးတယ်။ သကဒါဂါမ်တုန်းကလဲ ပယ်တာပဲ၊ ကျန်နေသေးတယ်။ အနာဂါမ်တုန်းက လဲ ပယ်တာပဲ၊ ကျန်နေသေးတယ်။ ဒါကြောင့် ဘဝရာဂဆိုတဲ့ လောဘကျ တော့ ရဟန္တာကျမှ အကြွင်းမဲ့ ပယ်လို့ရတယ်။ ဒါကြောင့်မို့ လောဘကို မဂ်နဲ့ လေးကြိမ်တောင် ပယ်ရတယ်။

မာနဆိုတဲ့ ကိလေသာကလဲ သာမညကိလေသာ မဟုတ်ဘူး။ မာနကို သောတာပန်တုန်းကလဲ ပယ်တာပဲ၊ သောတာပန်မှာရှိတဲ့ မာနနဲ့ ပုထုဇဉ်မာနနဲ့ မတူပါဘူး။ သကဒါဂါမ်တုန်းကလဲ မာနကို ပယ်တာပဲ၊ အနာဂါမ်တုန်းကလဲ မာနကိုပယ်တာပဲ။ သို့ပေတဲ့ မာနက ကျန်နေသေးတယ်။ ရဟန္တာကျမှ မာနက ကုန်တယ်။ မာနဟာလဲ သိပ်ဆိုးတဲ့တရားပဲ။

အဝိဇ္ဇာနုသယဆိုတဲ့ မောဟ၊ မောဟကလဲ သောတာပန်ဖြစ်တယ် ဆိုယင်လဲ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်တဲ့ အဝိဇ္ဇာဆိုတဲ့ မောဟကို ပယ်တော့ ပယ်တာပဲ၊ ပယ်ပေတဲ့ ကျန်နေသေးတာပဲ။ သကဒါဂါမ်ကလဲ မောဟ ပယ်တာပဲ၊ ကျန်နေသေးတယ်။ အနာဂါမ်ကျတော့လဲ မောဟကို ပယ်တာပဲ။ မောဟကို ရဟန္တာကျမှ သူ့ကို အကြွင်းမဲ့ပယ်တယ်၊ ဒါကြောင့် မို့လို့ ရဟန္တာကျတော့ ဘဝရာဂါနုသယ, မာနာနုသယ, အဝိဇ္ဇာနုသယ၊ ဒီသုံးပါးပဲ သူက ပယ်ရုံရှိတော့တာပဲ။

အဲဒီတော့ အနုသယ ၇-ပါးမှာ သောတာပန် ပယ်တာက ဘယ် နှစ်ပါးတုံး-နှစ်ပါး၊ သကဒါဂါမ်ပယ်တာ လုံးဝမရှိဘူး၊ အနာဂါမ်ပယ်တာ က နှစ်ပါး၊ ရဟန္တာ ပယ်တာကရော၊ သုံးပါး။ ပေါင်းလိုက်တော့ ခုနစ်ပါး။

ဒါကြောင့်မို့လို့ သာမည ပြောတဲ့အခါကျတော့ သောတာပန်က ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပယ်တယ်ဆိုတာ အကြွင်းမဲ့ ပယ်တာပြောတာ။ အနာဂါမ်ကျ တော ကာရာမဂနဲ့ ဒေါသပယ်တယ်ဆိုတာ အကြွင်းမဲ့ ပယ်တာပြောတာ။

ရဟန္တာကျတော့ ဘဝရာဂဆိုတာ ရူပဘုံ အရူပဘုံကို တွယ်တာတဲ့ လောဘ၊ မာနဆိုတာကတော့ ကိုယ့်ကိုယ်ကို ငါလို့ထင်နေတဲ့ မာနလေးပေါ့၊ ဒါကြောင့် မို့လို့ ဆရာ ဟိုနေ့က ပြောတယ်မဟုတ်လား လူလုပ်နေတယ်ဆိုတာ လောဘရယ်, ဒိဋ္ဌိရယ်, မာနရယ်၊ ဒီသုံးခုနဲ့ လူလုပ်နေတာ၊ လောဘမရှိလို့ရှိယင် လူလုပ်လို့မရဘူး၊ မာနမရှိလို့ရှိယင် လူလုပ်လို့မရဘူး။

အဲဒီတော့ သောတာပန်လဲ သောတာပန် မာနလေးတော့ ရှိတာပဲ။ သကဒါဂါမ်လဲ သကဒါဂါမ် မာနလေး ရှိသေးတာပဲ၊ အနာဂါမ်ကျတော့လဲ အနာဂါမ်မာနလေး ရှိသေးတာပဲ။ ဒါကြောင့်မို့လို့ လူလုပ်လို့ ရတာပေါ့။ အနာဂါမ်မှာ လောဘရှိသေးတယ်၊ မာနရှိသေးတယ်၊ လူလုပ်လို့ရသေးတယ်။ လောဘလဲမရှိတော့ မာနလဲမရှိတော့ လူလုပ်လို့ ရသေးလား၊ မရတော့ဘူး။ ရဟန္တာဖြစ်သွားတော့ လူထဲမှာနေလို့ကို မရတော့ဘူးတဲ့။ လောဘနဲ့ မာနမှ မရှိဘူးဆိုလို့ရှိယင် လူလုပ်လို့ကို မရဘူး။

ဒါကြောင့်မို့လို့ တချို့တလေက လောဘပယ်ရမယ်၊ မာနပယ်ရမယ်၊ ဒိဋ္ဌိပယ်ရမယ်ဆိုတာက လူမှာ ပယ်သင့်တဲ့လောဘ၊ မပယ်သင့်တဲ့ လောဘ။ ပယ်သင့်တဲ့ဒိဋ္ဌိ၊ ပယ်သင့်တဲ့ဒိဋ္ဌိ။ ပယ်သင်တဲ့မာန၊ မပယ်သင့်တဲ့ မာန၊ လူလုပ်နေမယ်ဆိုလို့ရှိယင် လောဘ၊ ဒိဋ္ဌိနဲ့ မာနတို့ဟာ ရှိကို ရှိရမယ်။ လောဘ, ဒိဋ္ဌိ, မာန-မရှိလို့ရှိယင် လူလုပ်လို့ကို မရတော့ဘူး။ အဲဒီတော့ အနုသယခုနစ်ပါးကတော့ ဒီလောက်ဆို တော်လောက်ပါပြီ။

## သံယောဇဉ် ၁၀-ပါး

အနုသယခုနစ်ပါးပြီးတော့ သံယောဇဉ်ဆယ်ပါး၊ သားသံယောဇဉ်၊ သမီးသံယောဇဉ်၊ မိဘသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်လို့ သံယောဇဉ်ဆိုတာ မြန်မာစကားဖြစ်နေတယ်။ တကယ်ကတော့ သံယောဇဉ်ဟာ မြန်မာစကား မဟုတ်ဘူး၊ မြန်မာက မွေးစားယူတော့ မြန်မာစကားတော့ ဖြစ်သွားတာပေါ့။

**သံယောဇနမှ သံယောဇဉ်ပြောင်းပုံ** သူ့ပါဠိအရင်းက သံယောဇန၊ သံ-ယောဇန-ပါဠိကို နောက်က (နငယ်)ရှိ

တဲ့အခါကျတော့ (နငယ်)ကို (ဉ)တစ်ခြမ်းပဲ့နဲ့ ပြောင်းပြီး သံယောဇဉ်လို့ ဒီလို မွေးစားယူလိုက်တယ်။

ဒါကြောင့်မို့လို့ သတ်ပုံမှာ မြန်မာလို ရိုးရိုးဆိုလို့ရှိယင် (ဉ)တစ်ခြမ်းပဲ့ သတ်စရာ ဘာမှပြဿနာမရှိဘူး။ (ဉ)တစ်ခြမ်းပဲ့ သတ်လိုက်တာကိုက အဲဒီစကားဟာ မြန်မာစားအစစ် မဟုတ်ဘူး၊ မွေးစားထားတဲ့ စကားပဲ။ (န–ငယ်)နဲ့ (ည)နဲ့က ပဉ္စမအက္ခရာချင်း တူတာကိုး။ (န)နဲ့ (ဉ)က ဌာန်နီးတယ်၊ ဆိုကြည့်ပါလား (န၊ န၊ န)လို့ ကြာကြာဆိုယင် (ည)ဖြစ်သွားတာပေါ့။ အဲဒီတော့ မြန်မာအသံကျတော့ သံယောဇန်လို့ ဒီလို မပြောင်းဘူး။ သံယောဇန်လို့ ကြာကြာဆိုလို့ရှိယင် မြန်မာလျှာက သံယောဇဉ်လို့ပဲ ဖြစ်သွားမှာပဲ။

ဒါကြောင့်မို့လို့ (န)နဲ့ရှိတဲ့ ပါဠိတွေကို မြန်မာက (ဉ)တစ်ခြမ်းပဲ့နဲ့ ပြောင်းယူတယ်။ ဥပမာ–ဉယျာနပါဠိကို ဉယျာဉ်လို့ (ဉ်)သတ်ရတယ်။ (ဉ်) သတ်ရတဲ့ အဓိပ္ပါယ်က ဘာအဓိပ္ပါယ်တုံး၊ ဉယျာန–ပါဠိက ပြောင်းလာတယ်လို့ ဒီလိုသိအောင်လို့ပဲ။ ဉယျာဉ်ဆိုတာ ခုဆို လူတိုင်းသုံးနေတယ်။

မြန်မာအဘိဓာန်မှာ ဉယျာဉ်ရဲ့အဓိပ္ပါယ် ဖွင့်ပြစမ်းပါဆိုယင် ဒါ ပြဿနာတက်လာတာပဲ။ ကိုယ်က မြန်မာစကား တတ်လှပါပြီလို့ ကိုယ့်ကိုယ်ကို ထင်နေပြီးတော့ မြန်မာစာပါဂူကြီး လုပ်နေပြီးတော့ ကဲ–ဉယျာဉ်ကို အဘိဓာန်မှာ ဖွင့်ပြစမ်းပါဆိုတော့ ပြဿနာတက်လာတာပဲ။

သိတော့ သိတာပဲ။ ဉယျာဉ်ဆိုတာ လူတိုင်းသွားရတယ်၊ ပျော်စရာကောင်းတယ်၊ လူတွေပျော်ဖို့ ပါးဖို့ လည်ဖို့ ပတ်ဖို့နေရာကို ဉယျာဉ်လို့ခေါ်တယ်။ ဒီလိုပြောယင်တော့ ရတာပေါ့။ သို့ပေတဲ့ သူ့ဇာစ်မြစ်က ဘယ်ကလာတာတုံး၊ ဉယျာနဆိုတဲ့ ပါဠိကလာတာ။ ဒီလိုပဲ(ဉ်)သတ်တို့ ဘာတို့ရေးတယ်ဆိုယင် ပါဠိက လာတာချည်းပဲ။ နောက်တစ်ခု ယာနကို ယာဉ်ဆိုပြီးတော့ ဒီလို ရေးကြသေးတယ်။ ရိုးရိုး (ယ)လေးနဲ့ (ငဲ)မသတ်ပဲနဲ့ (ယ)ကို

ရေးချပြီးတော့ (ဉ်)သတ်နဲ့ ယာဉ်လို့ပြောင်းလိုက်တာ (ယာန)ဆိုတဲ့ ပါဠိက ပြောင်းလာလို့ပဲ။ အခု မော်တော်ယာဉ်တို့ လေယာဉ်တို့ လှည်းယာဉ်တို့ ဒီယာဉ်တွေဟာ မြန်မာစကားလားဆိုတော့ ပါဠိက ပြောင်းလာတာတဲ့။ အဲဒီ(န-ငယ်)နဲ့ဆုံးတဲ့ ပါဠိတွေကို မြန်မာလို့ပြောင်းယူတဲ့ အခါကျတော့ (ဉ)တစ်ခြမ်းပုံနဲ့ ပြောင်းယူတယ်။ ဉယျာန=ဉယျာဉ်၊ ယာန=ယာဉ်။

သမ္ဗဇာနကျတော့လဲ မြန်မာက သမ္ဗဇဉ်လို့ ဒီလိုပြောင်းလိုက်တာ၊ သတိသမ္ဗဇဉ်နဲ့ ပြည့်စုံရပါလို၏၊ သမ္ဗဇဉ်လို့ ဒီလိုပြောတယ်။ သမ္ဗဇန်လို့ ဒီလိုမပြောဘူး။

ဝိညာဉ်ဆိုတာလဲ ပါဠိစကားပဲ၊ ပါဠိက ဝိညာဏ။ ဝိညာဏကျတော့ (ဏ)ကို (ဉ)တစ်ခြမ်းပုံနဲ့ ဝိညာဉ်လို့ပြောင်းလိုက်တယ်။ ဘာဖြစ်လို့ (ဉ) တစ်ခြမ်းပုံနဲ့ ပြောင်းရသလဲဆိုတော့ ဝိညာဉ်ဆိုတဲ့စကားဟာ မြန်မာစကား မဟုတ်ဘူး၊ ပါဠိက လာတာ။

လူငယ်တွေဆိုတော့ မြန်မာစာကတော့ တတ်ကို တတ်ရမှာပဲ။ အခု မြန်မာအဘိဓာန်တွေလဲ ထွက်နေတော့ တတ်လာမှာပါ၊ မြန်မာအဘိဓာန်မှာ သွားပြီးတော့ စာတည်းတို့ စာပြုတို့ လုပ်ချင်တဲ့ပုဂ္ဂိုလ်တွေဆိုယင် ကိုယ့်မြန်မာစာကိုတော့ တတ်အောင် လေ့လာကြပေါ့။

ပြီးခဲ့တဲ့ ခေတ်ကဆိုယင် တချို့တလေ အင်္ဂလိပ်လိုတော့ တတ်တယ်၊ မြန်မာလိုတော့ မပြောတတ်ဘူးတဲ့၊ အဲသလို ဟိုခေတ်က ဖြစ်လာခဲ့တယ်။ မြန်မာတစ်ယောက်က အင်္ဂလိပ်လိုတော့ သူ သေသေချာချာသိတယ်။ မြန်မာလိုကျတော့ မသိတော့ဘူး၊ မြန်မာစာကို အသေအချာ မသင်လို့ကိုး။

အဲဒီလိုပဲ ပဋိညာယ=ပဋိညာဉ်။ ပါဠိကတော့ ပဋိညာယကို (ယ) နဲ့ပဲ ရေးတယ်။ အခု ပဋိညာဉ် စာချုပ်တို့ ဘာတို့ မြန်မာမှာ သုံးနေတယ်။ ပဋိညာဉ်ကို ဘာနဲ့သတ်မလဲဆိုတော့ (ဉ)တစ်ခြမ်းပုံနဲ့ သတ်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ပဋိညာယ-ဆိုတဲ့ ပါဠိကလာလို့၊ ဒီလိုပဲ အဘိညာယ= အဘိညာဉ်။

အဲဒီလို ပါဠိစကားတွေကို မြန်မာလို မွေးစားယူတော့ မြန်မာစကားထဲမှာ ပါဠိဟာ သေသေချာချာ စစ်ကြည့်မယ်ဆိုယင် သုံးပုံပုံ, တစ်ပုံလောက် ဝင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုပုဂံခေတ်စပြီးတော့ အနှစ်တစ်ထောင်ကျော် ရှေးက မြန်မာလူမျိုးတွေဆိုတာက ဒီ အဘိဓမ္မာခုနစ်ကျမ်းကို မိန်းကလေး ယောက်ျားလေးစပြီး အကုန်လုံး မတတ်တဲ့လူမှ မရှိဘဲနဲ့၊ မရှိတော့ ပါဠိတွေဟာ အကုန် မြန်မာစကားတွေ ဖြစ်လာတာပေါ့။ အခုခေတ်ကျတော့လဲ တတ်ကြတော့မှာပေါ့။

**သံယောဇဉ်ကြိုးနှင့်တူပုံ** အဲဒီတော့ သံယောဇဉ်ဆယ်ပါးမှာ သံယောဇန=သံယောဇဉ်ဆို တာတော့ ဟုတ်ပြီ။ မြန်မာလို သံယောဇဉ်ဆိုတာကတော့ ထားတော့။ မြန်မာလို သံယောဇဉ်ရဲ့အဓိပ္ပါယ် ပြောစမ်းပါဆိုယင် ဘယ်လိုပြောမတုံး၊ သားသံယောဇဉ်ဆိုတော့ သားသမီးဟာ သံယောဇဉ်ပေါ့။ သူ့ကို တွယ်တာတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။ ပစ္စည်းသံယောဇဉ်ဆိုတော့ ပစ္စည်းကို တွယ်တာတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။ မြန်မာစကားမှာ သံယောဇဉ်ကို အဓိပ္ပါယ်ဖွင့်မယ်ဆိုယင် တွယ်တာတဲ့သဘောပဲ။ ဒါပေမဲ့ ပါဠိဝေါဟာရရဲ့ နေ့တိုင်း အရပ်သုံး ဝေါဟာရမှ သံယောဇနေ-က ကြိုးကို ခေါ်တာ။ ကြိုးဆိုတာဟာ လူကို ဘယ်မှမသွားနိုင်အောင် တုတ်ထား ချည်ထားနိုင်တယ်။ ကြိုးကို အဘိဓာန်ဖွင့်စမ်းပါဆိုယင်း ကြိုးဆိုတာက အထုပ်အပိုးတို့ ဘာတို့ ညာတို့တစ်ခုခုကို ချည်ရထုပ်ပိုးရတယ်၊ နွားတွေ ဘာတွေကိုချည်ရတယ် စသဖြင့် ကြိုးကို အဘိဓာန်ဖွင့်ရယင် အများကြီးပဲ။ ဒါပေမဲ့ ချည်ဖို့ တုပ်ဖို့က လိုရင်းပါပဲ။ မြန်မာစကားပေတဲ့ သိပ်လွယ်တာမဟုတ်ဘူး။

အဲဒီတော့ သံယောဇဉ်ကို ကြိုးလို့ခေါ်တာက သံယောဇဉ်ဆိုတဲ့ ကြိုးက လူကိုချည်ထားနိုင်တယ်။ မိန်းမလေးတစ်ယောက်ဟာ သားသမီး မရှိခင် သူသွားချင်ရာ သွားလို့ရတယ်။ ကလေးမွေးလာလို့ရှိယင် သွားလို့ရသေးသလား၊ ဘာဖြစ်လို့တုံး ကလေးက ချည်ထားလိုက်တယ်၊ အိမ်က အမေ ဘယ်မှမသွားနဲ့လို့။ တကယ့်ကြိုးနဲ့ ချည်မထားသော်လည်း ချည်ထား

သလိုပဲ။ ဒါကြောင့်မို့လို့ သူက ကြိုးကလေးတစ်ချောင်းပဲ။

စာထဲမှာတော့ ပါချင်မှပါမှာပါ၊ တရားဟောဆရာတို့ ကွက်စိပ်ဆရာတို့ ပြောတာပဲ။ ဘုရားအလောင်းတောထွက်ခါနီးမှာ ညသွားပြီး ယသော်ဓရာအိပ်ခန်းတွင်းမှာ ကလေးလေးနဲ့ အိပ်နေတာကို ဝင်ကြည့်တယ်တဲ့။ တချို့တလေကတော့ မကြည့်ဘူးလို့လဲ ပြောကြတာပဲ။ ဘာလို့လဲဆိုတော့ သားသံယောဇဉ်ကို မြင်လိုက်လို့ရှိယင် တောမထွက်နိုင်မှာ ကြောက်လို့တဲ့။ အဲဒီလို သားသံယောဇဉ်ကလဲ ကြိုးကလေးပဲကိုး။

ပစ္စည်းကလဲ အိမ်မှာ စိန်တွေ၊ ရွှေတွေ၊ ဘာတွေ ညာတွေအများကြီးရှိနေတဲ့လူဟာ သူဝေးဝေးကို သွားလို့ရရဲ့လား။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ချည်ထားတယ်။ ပစ္စည်းသံယောဇဉ်ဆိုတာက တခြားထွက်သွားလို့ရှိယင် သူများတကာ တက်ယူမှာကြောက်လို့။ အိမ်ကလဲ သိပ်စိတ်မချရလို့ရှိယင် သူကလဲ သိပ်မသွားတဲ့ဘူး။ ဒါကြောင့်မို့လို့ ပစ္စည်းကလဲ ကြိုးပဲ။ အတူတူပေါ့လေ။ သံယောဇဉ်ဆိုတာ မိန်းမတွေကလဲ ယောကျ်ားတွေဟာကြိုးပဲ။ ယောကျ်ားတွေကလဲ မိန်းမတွေဟာ ကြိုးပဲ၊ မိဘတွေကလဲ သားသမီးတွေဟာ ကြိုးပဲ၊ သားသမီးတွေကလဲ မိဘတွေဟာ ကြိုးပဲ။ သံယောဇဉ်ဆိုတာ ကြိုးတွေပဲ။

ရှေးက ကဗျာဆရာတွေက ဘယ်လိုရေးသလဲဆိုယင် "သံယောဇဉ်ကြိုး ဆယ်မျိုး ခိုင်ခိုင်၊ တုပ်ထားချုပ်ထား လှုပ်အားမနိုင်"တဲ့။ ဒီသံယောဇဉ်ဆယ်ပါးကို ကြည့်ပြီး ကဗျာရေးတာ။ သံယောဇဉ်ကြိုးဆယ်ချောင်းနဲ့ တုပ်ထား ချုပ်ထားတယ်တဲ့။ သံယောဇဉ်ကြိုးဆယ်ချောင်းနဲ့ ချည်ထားလို့ လူတွေဟာ ဒီလူလောကထဲက ထွက်ပြီးတော့ မသွားနိုင်ဘူးတဲ့။

ကဲ--ခုန ကဗျာလေး ဆိုကြည့်စမ်းပါအုံး-

"သံယောဇဉ်ကြိုး ဆယ်မျိုးခိုင်ခိုင်၊

တုပ်ထားချုပ်ထား လှုပ်အားမနိုင်"။

အဲဒီတော့ သံယောဇဉ်ဟာ ကြိုးပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လူတွေကို ဘယ်မှ မသွားနိုင်အောင် ချည်ထားလို့။ ဒါပေမဲ့ ၃၁-ဘုံ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ထိအောင် သွားချင်ယင် သွားလို့ရတယ်။ ၃၁-ဘုံက ဘယ်မှ ထွက်မသွားရအောင် ဒီကြိုးလေးတွေနဲ့ ချည်ထားတာ။ မြင်တော့ မြင်ရသလားဆိုတော့ မြင်တော့ မမြင်ရဘူး။ ဒီကြိုးတွေက တန်ခိုးရှိတဲ့ကြိုးတွေ၊ သူတို့ အခုနက ပြောခဲ့တဲ့ မဂ်လေးတန်နဲ့ ဖြတ်မှရတယ်။ ဒါနနဲ့လဲ ဖြတ်လို့မရဘူး၊ သီလနဲ့လဲ ဖြတ်လို့မရဘူး။ သမထ ဈာန်တွေ ဘာတွေနဲ့လဲ ဒီကြိုးကို အမြစ်ပြတ် ဖြတ်လို့မရဘူး။ ဒီကြိုးကိုဖြတ်ဖို့ဆိုတာက သမ္မာသမ္ဗုဒ္ဓ-ဘုရားပွင့်လာတဲ့အခါကျမှ မဂ်ဉာဏ်ဆိုတဲ့ မဂ်လေးတန်နဲ့ ဖြတ်ယူမှ ဒီသံယောဇဉ်ကြိုးက အကြွင်းမဲ့ ဖြတ်လို့ရတယ်။

အဲဒီတော့ အနုသယနဲ့ သံယောဇဉ်ဟာ အဓိပ္ပါယ်ချင်း အတူတူပဲ။ မြန်မာပြည်မှာ အနုသယကိုသာ ပြဿနာလုပ်ပြီး စကားပြောတယ်။ သံယောဇဉ်ကျတော့ ဘာမှမပြောကြဘူး။ အဓိပ္ပါယ်ချင်းက ဘာမှ ထူးတာမဟုတ်ဘူး။

ကာမရာဂသံယောဉ်ဆိုတာက ကာမဂုဏ်တွေမှာ တွယ်တာမှုပေါ့။ စေတသိက်ကတော့ လောဘပဲ။

(၁)ကာမရာဂ သံယောဇဉ်ဆိုတာက သားရော သမီးရော ပစ္စည်းဥစ္စာရော၊ အကုန်လုံးပါတယ်။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးကို ဟွယ်တာတဲ့လောဘကို ကာမရာဂခေါ်တာပါပဲ။ လူတွေက ဖောဋ္ဌဗ္ဗာရုံတစ်ခုထဲကိုသာ ကာမရာဂလို့ သိနေကြတယ်။

လောဘကို ကြိုးဆိုတာကတော့ ထင်ရှားပါတယ်၊ ဒီလောဘကြောင့် လူတွေဟာ ဘယ်မှ မသွားနိုင်ဘဲနဲ့ တလည်လည်နဲ့နေကြရတယ်မဟုတ်လား။

(၂)ဘဝရာဂသံယောဇဉ်ဆိုတာက ဘဝကို တွယ်တာနေတဲ့ ဒိဋ္ဌိတို့ လောဘတို့ကိုဆိုတာပဲ။ သူလဲကြိုးပဲ။ အနာဂါမ်တို့ ဘာတို့ဟာ ကာမရာဂမရှိတဲ့အခါကျတော့ ကာမဆယ့်တစ်ဘုံမှာတော့ သူက မဖြစ်တော့ဘူး။

ဒါပမဲ့ သုဒ္ဓါဝါသဆိုတဲ့ အဲဒီရူပဘုံမှာ သွားပြီဖြစ်သေးတာကိုး။ အဲဒါကြောင့် မို့လို့ ချည်ထားတဲ့ကြိုးက မလွတ်သေးတော့ သူတို့လဲ ဘဝရာဂသံယောဇဉ်နဲ့ပဲ။

**ဒေါသ ကြိုးနှင့်တူပုံ** ၃။ ပဋိဃ သံယောဇဉ်ကျတော့ ပဋိဃဆိုတာ ဘာတုံး၊ ဒေါသပဲ။ ဒေါသဆိုပေတဲ့စိတ်ဆိုးတာမဟုတ်ဘူး။ မကျေနပ်မှုတို့ စိတ်မှာထိခိုက်မှုတို့ ဒါအကုန်လုံး ပဋိဃချည်းပဲ။ စိတ်နည်းနည်းထိခိုက်တယ်၊ စိတ်ထဲမှာ မကျေနပ်ဘူး၊ စိတ်မချမ်းသာဘူး၊ ဒါဟာ ဒေါမနဿဝေဒနာ ပဋိဃချည်းပဲ။ အဲဒီတော့ ပဋိဃဒေါသဟာ ဘယ်လို သံယောဇဉ်ဖြစ်သတုံးတဲ့၊ လောဘကို သံယောဇဉ်ဆိုတာကတော့ ဒီလူတွေကို လောဘဟာ ချည်ထားတော့ ရှင်းတယ်။ ဒေါသဖြစ်တယ်ဆိုယင် လင်မယားချင်း ဘယ်လိုဖြစ်သတုံး၊ ကွဲသွားတာပဲ။ သူက ပြတ်သွားတာပဲ၊ အဲဒီတော့ ဒေါသဟာ ချည်ထားတဲ့ကြိုး ဘယ်လိုဖြစ်မလဲတဲ့။

ဒေါသကို ချည်ထားတဲ့ကြိုး အစိပ္ပါယ်ပြောယင် သိပ်မလွယ်လှဘူး။ လောဘကို သံယောဇဉ်ဆိုတာကတော့ သဘောပေါက်တယ်။ တချို့တလေ ဒေါသပိုကြီးတယ်ဆိုလို့ရှိယင် ပိုပြီးတော့ သံယောဇဉ်ကြီးတယ်။ မိန်းမနဲ့ ယောကျ်ား ရန်ဖြစ်တယ်။ ရန်ဖြစ်တော့ ကွဲတယ်။ ကွဲပေတဲ့ မိန်းမက နောက်ယောကျ်ားယူချင်လို့ ယောကျ်ားဆီမှာ ဖြတ်စာတောင်းတယ်။ ဒီမိန်းမကို ဒေါသဖြစ်နေလို့ရှိယင် ဖြတ်စာပေးပါ့မလား၊ မပေးဘူးတဲ့။ အဲသလို ဒေါသက ချည်ထားသေးတာပဲ။ ဒီမိန်းမ နောက်ယောကျ်ား မယူနိုင်အောင် ဆိုပြီးတော့ ဒေါသရှိနေတဲ့အခါမှာ ဒီဖြတ်စာကို မပေးဘူး၊ ဒေါသကလဲ ချည်ထားတာပဲ။

လူငယ်တွေအတွက် နည်းနည်းထင်ရှားတဲ့ ဥပမာပေးမယ်ဆိုယင် လူနှစ်ယောက်ရန်ဖြစ်တယ်ဆိုပါတော့၊ ရန်ဖြစ်တယ်ဆိုလို့ရှိယင် နှစ်ယောက်စလုံး ဒေါသဖြစ်မယ်၊ သူငယ်ချင်းတွေက ဟိုဘက်ကောင်ကို ဆွဲနေတယ်၊ ဆွဲလို့ရရဲ့လား၊ မရဘူး။ အတင်းပဲ ဒီကောင် ဒီကို လာနေတာပဲ၊ ဒေါသဖြစ်နေတော့ ရန်ဖြစ်တဲ့နားက သူမသွားနိုင်ဘူး။ သူကလဲ ကြိုးပဲတဲ့။ ဒေါသ

ဖြစ်နေတဲ့ကောင်ကို ဆွဲချင်တိုင်းဆွဲ ဆွဲလို့မရဘူး၊ အတင်းပဲရန်းပြီးတော့ ဒီကိုပဲလာနေတာပဲ။ အဲဒီတော့ ဒေါသဟာ ဘယ်လို သံယောဇဉ်ကြိုးဖြစ်သတုံး ဆိုတော့ ဒေါသဟာ ပိုပြီးတော့ သံယောဇဉ်ကြိုးဆိုတာ ထင်ရှားသေးတယ်။ သွားကို မသွားဘူး၊ ဆွဲလေ ကဲလေပဲ။ ဒါကြောင့်မို့လို့ တချို့တလေ ပြောကြတယ်၊ ရန်ဖြစ်ယင် သွားမဆွဲနဲ့တဲ့၊ လွှတ်သာပေးလိုက်တဲ့၊ ဆွဲလေ ရန်းလေပဲတဲ့။

ဒါကြောင့်မို့လို့ ပဋိဃသံယောဇဉ်ဆိုတဲ့ ဒေါသကလဲ ကြိုးတစ်ချောင်းပဲ။ ဒါ အနာဂါမ်ကျမှ သူက ပယ်တာ။

(၄) မာနသံယောဇဉ်ဆိုတာက မာနကတော့ သူက ကြိုးဆိုတာ တင်ရှားပါတယ်။ လူလုပ်နေကြတဲ့ လောကကြီးမှာ ပညာရှင်တွေကလဲ ငါက ပညာရှင်ပဲ၊ ပစ္စည်းရှင်တွေကလဲ ငါက ပစ္စည်းရှင်ပဲ၊ ရာထူးကြီးတဲ့ လူတွေကလဲ ငါက ရာထူးကြီးတဲ့လူတစ်ယောက်ပဲ ဆိုပြီးတော့ ဒီမာနနဲ့ပဲ လောကကြီးထဲက မထွက်နိုင်ပဲနဲ့ နေကြရတာပဲ။ အဲဒီတော့ အာဏာရှင်၊ ပစ္စည်းရှင်တို့၊ ပညာရှင်တို့ကတော့ မာနရှိတယ်ဆိုတာ ထားတော့၊ ဒီအာဏာမဲ့တဲ့လူတို့ ပညာမဲ့တဲ့လူတို့ ပစ္စည်းမဲ့တဲ့လူတို့ မာနရှိတာကျတော့ တချို့တလေက သဘောမပေါက်ကြဘူး။ သူတို့က ပိုတောင် မာနကြီးသေးတယ်။ ပစ္စည်းရှိတဲ့လူ မာနထက်တောင် ပစ္စည်းမဲ့တဲ့လူက ပိုတောင် မာနကြီးသေးတယ်။

ဆရာ တစ်နေ့က မာနကိုးမျိုးတောင် ပြောခဲ့တယ်မဟုတ်လား။ သူတို့မှာလဲ ငါက လမ်းပေါ်လျှောက်သွားနေတဲ့ လူတစ်ယောက်ပဲ၊ ဘယ်ကောင်မှ ဂရုမစိုက်ဘူးတဲ့။ သူက ပိုမာနကြီးသွားတယ်။ သူ့မှာ မီးလောင်စရာလဲ အိမ်မရှိဘူး၊ ပျက်စီးစရာလဲ ဘာမှမရှိဘူး၊ သူက လမ်းပေါ်မှာ တစ်ယောက်တည်းနေတဲ့ လူတစ်ယောက်ဆိုတော့ ဘယ်သူ့မှ ဂရုစိုက်စရာမရှိဘူး။ အဲဒီတော့ သူက ပို မာနကြီးသေးတယ်။

ပညာမဲ့တဲ့လူကလဲ မာနကြီးတာပဲ။ ငါက ဘာပညာမှတတ်တဲ့

လူတစ်ယောက်မဟုတ်ဘူး၊ ငါဘယ်သူ့ ဂရုစိုက်ရမှာလဲတဲ့။ ပညာတတ်တဲ့ လူက ငါပညာရှိပဲဆိုပြီး သူ့ကိုယ်သူ ဂရုစိုက်နေတယ်၊ သူက သူ့ကိုယ်သူလဲ ဂရုမစိုက်ဘူး၊ ဘယ်သူ့မှလဲ ဂရုမစိုက်တော့ဘူးဆိုတော့ ပညာမဲ့တဲ့ လူကလဲ ပိုပြီး မာနကြီးတာပဲတဲ့။

အဲဒီမာနဆိုတဲ့ သံယောဇဉ်ကြိုးတွေနဲ့ ချည်ထားလို့ ၃၁-ဘုံက မလွတ်နိုင်ကြတာ။ မာနက လူမှာမရှိလို့လဲ မဖြစ်ဘဲကိုး။ လူလဲ လူ့အလျောက်၊ နတ်လဲ နတ်အလျောက်၊ ဗြဟ္မာလဲ ဗြဟ္မာအလျောက်၊ အချို့အရိယာလဲ အရိယာအလျောက် မာနက ရှိနေကြတာပဲ။ မာနမရှိဘူးဆိုယင် လူလုပ်လို့မှ မရဘဲကိုး။ ဒီကြိုးကို မဖြတ်ဘဲနဲ့လဲ လောကကြီးက ထွက်လို့မရဘူး။ ဒါကြောင့်မို့လို့ မာနဟာ ရဟန္တာကျမှ ဒီကြိုးဟာ ပြတ်တာတဲ့။ ဒါကြောင့် မာနဟာလဲ သံယောဇဉ်ဆိုတာက ရှင်းပါတယ်တဲ့။

(၅)ဒိဋ္ဌိသံယောဇဉ်ဆိုတာကတော့ ဒိဋ္ဌိကလဲ သူက ကြိုးတစ်ချောင်းပဲ။ ဒိဋ္ဌိဆိုတာ အယူဝါဒပဲ။ ဒါကတော့ ပိုရှင်းတယ်။ အခု ကမ္ဘာမှာ အယူဝါဒမရှိတဲ့လူရယ်လို့ မရှိဘူး။ ဒီ ဘာသာဆိုတာကလဲ အမှန်ကတော့ အယူဝါဒတွေပါပဲ။ အခုလောကမှာ ပေါ်နေတဲ့ နိုင်ငံရေးဝါဒတွေဟာလဲ အယူဝါဒ တွေပဲ။ ကိုယ့်အယူဝါဒ သူ့အယူဝါဒဆိုပြီးတော့ စွဲလမ်းပြီးနေကြတာပဲ။ အဲဒီ အယူဝါဒဆိုတဲ့ ဒိဋ္ဌိကြိုးတွေဟာ လူတွေကို ချည်ထားတာပဲ။ ဗုဒ္ဓဘာသာကလဲ ကိုယ့်ဘာသာက မှန်တယ်၊ မူဆလင်ကလဲ တို့ဘာသာ မှန်တယ်၊ ခရစ်ယာန်ကလဲ သူတို့ဘာသာ မှန်တယ်၊ လောကဝါဒတွေကလဲ ငါ့ဝါဒက မှန်တယ်၊ သူ့ဝါဒက မှန်တယ်။

**ဒိဋ္ဌိကြိုးဟာ အဆိုးဆုံးပဲ**

အဲဒီတော့ လူတွေမှာ အယူဝါဒဆိုတဲ့ ကြိုးတွေနဲ့ ချည်ထားတော့ ၃၁-ဘုံက မလွတ်နိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ ကြိုးထဲမှာ အရေးအကြီးဆုံးကြိုးဆိုတဲ့ ဒိဋ္ဌိကြိုးက အဆိုးဆုံးပဲ။ အယူဝါဒကြိုးဟာ အပါယ်လေးဘုံကို ရောက်စေနိုင်တယ်။ ဒါကြောင့်မို့လို့ သောတာပန်ကျတဲ့အခါကျတော့ ပထမဆုံး အယူဝါဒတည်းဟူသော ဒိဋ္ဌိ

ကြိုးကို ပထမဦးဆုံး ဖြတ်ရတာကိုး။ အယူဝါဒတွေက သိပ် ရှုပ်ပွေနေတာပဲ။ ကမ္ဘာပေါ်မှာ ပါရဂူတွေလဲ အမျိုးမျိုးပေါ်တာပဲ။ ဘုရားတွေလဲ အမျိုးမျိုး ပွင့်တာပဲ၊ ပွင့်ပြီးတော့ ကိုယ့်ဝါဒတွေကို ကိုယ်ဟောပြောကြပဲ။ ကိုယ့်အယူဝါဒတွေကို စာအုပ်တွေနဲ့လဲဖြန့်ကြတာပဲ။

အဲဒီတော့ လူတွေဟာ ဘယ်အယူဝါဒက မှန်တယ်လို့ ဆုံးဖြတ်ဖို့ဟာ သာမညပညာရှိရုံနဲ့ ဘယ်သူမှ မသိနိုင်ဘူး။

ကမ္ဘာပေါ်မှာရှိတဲ့ လူအားလုံးဟာ အယူဝါဒထဲမှာပဲ နစ်ပြီးတော့ နေကြတာပဲ။ ဒီအယူဝါဒက မှန်ယင်တော့ ကောင်းပါတယ်။ မမှန်ဘူးဆိုလို့ ရှိယင် လူလဲ ပင်ပန်းတယ်၊ ပိုက်ဆံလဲ ကုန်တယ်၊ သံသရာကျတော့လဲ ဒုက္ခ ရောက်မယ်ဆိုတော့ ဒီအယူဝါဒဘောကြီးဟာ သိပ်ပြီးတော့ ဆိုးတာပေါ့။

ဒါကြောင့်မို့လို့ ဒီအယူဝါဒဘောကြီးက သောတာပန်ကျတော့ လွတ်တယ်၊ သောတာပန်ကတော့ အယူဝါဒကို မှန်တယ်-မှားတယ်လို့ သူက ဆုံးဖြတ်နိုင်တာပဲ။ ဟောချင်တဲ့ ပါရဂူက ဟော၊ ရေးချင်တဲ့ ပါဂူက ရေး၊ ဘယ်ဘုရားကပဲ ဟောဟော၊ ကောင်းကင်က ဈာန်နဲ့ကြွလာပြီးတော့ ငါဘုရားပဲလို့ လာပြီးတော့ ဟောလဲ သောတာပန်ကတော့ ခင်ဗျားဟောတဲ့ တရား မဟုတ်ဘူး၊ အဲဒီလိုသိတယ်။

သံယုတ်ပါဠိတော်မှာ လာတယ်-ဘိက္ခုနီမလေးတစ်ယောက် တောထဲသွား တရားအားထုတ်နေတယ်တဲ့။ ဘိက္ခုနီမလေးက လှကလည်းလှ ချောကလည်းချော ဆိုပဲ။ အဲဒီတော့ မာရ်နတ်က (မာရ်နတ်ဆိုတာ နတ်ထဲမှာတော့ တန်ခိုးအကြီးဆုံးနတ်ပဲ) ဘုရားနဲ့တူအောင် ဖန်ဆင်းပြီး တရားသွားဟောတယ်တဲ့။ ဘိက္ခုနီမလေးက (ဘုရားခေတ်ကဆိုတော့ ဘုရားကို တွေ့ဖူးတာကိုး)သူဟောတဲ့ တရားကို နားထောင်ကြည့်တော့ ချက်ချင်း သိတယ်၊ နင် မာရ်နတ်ပဲ၊ ဘုရားမဟုတ်ဘူးတဲ့၊ မဟုတ်ဘူးဆိုတော့ မာရ်နတ်သားဟာ တစ်ခါထဲ လစ်တာပေါ့၊ သိတယ်။

အဲဒီတော့ သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကတော့ အယူဝါဒကို

ဘယ်လိုပဲ သူ့ကိုပြောင်းပြီးတော့ ဟောဟော၊ မရတော့ဘူး။ ဒါကြောင့်မို့လို့ သံသရာထဲမှ မထွက်နိုင်အောင် လူတွေကိုချည်ထားတဲ့ ဒိဋ္ဌိကြိုးဟာ အဆိုးဆုံးပဲတဲ့။ ဒါကြောင့်မို့လို့ သောတာပန်ဟာ ဒိဋ္ဌိကြိုးကို အလျှင်ဆုံး ဖြတ်ရတာပဲ။

(၆) နောက်ပြီးတော့ သီလဗ္ဗတပရာမာသ သံယောဇဉ်။ သီလဗ္ဗတကတော့ တစ်နေ့က ဆရာပြောဖူးပါတယ်၊ သီလရယ်, ဝတရယ်။ သီလက သီလပဲ။ ဝတ=အကျင့်။ အဲဒီတော့ သီလဗ္ဗတ ပေါင်းလိုက်တဲ့အခါကျတော့ မြန်မာက အကျင့်သီလလို့ ပြောင်းပြန် ပြန်ခေါ်တယ်။ ပရာမာသဆိုတာက မှားသောအားဖြင့် သုံးသပ်တယ်၊ သီလဗ္ဗတက အကျင့်သီလ။ သီလဗ္ဗတပရာမာသ ပေါင်းလိုက်တဲ့အခါကျတော့ အကျင့်သီလအပေါ်မှာ မှားသောအားဖြင့် သုံးသပ်တယ်။

**အကျင့်သီလတွေ သံယောဇဉ်လား**

သီလဗ္ဗတ ပရာမာသ သံယောဇဉ်ဆိုတာက ဒီ သီလတွေ, ဒီအကျင့်တွေ ကျင့်တာဟာ သုနတ်ပြည်ရောက်ဖို့လို့ ဗြဟ္မာ့ပြည်ရောက်ဖို့လို့ လောကစည်းစိမ်တွေ ခံစားဖို့ဆိုပြီးတော့ ဒီလိုကျင့်တဲ့အကျင့်တွေ ဒီလိုစောင့်ထိန်းတဲ့ သီလတွေဟာ ဒါ မှားသောအားဖြင့် သုံးသပ်တာ၊ ဒါ သံယောဇဉ်ကြိုးဖြစ်သွားတာပဲ၊ ဒီသီလတွေဆောက်တည်လို့ လောကစည်းစိမ်တွေ မခံစားရဘူးလားဆိုတော့ ခံစားရတာပဲ။ ခံစားရတော့ သူ လောကထဲက ဘယ်ထွက်လို့ရတော့မလဲ။ ဒီအကျင့်တွေ ကျင့်တယ် ကျင့်တယ်ဆိုလို့ရှိယင် လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်တွေ ခံစားဖို့ ဒီလိုလောဘနဲ့ ကျင့်နေမယ်ဆိုလို့ရှိယင် သူဟာ ဒီ ၃၁-ဘုံက ဘယ်လွတ်မတုံး။ ဒီကြိုးထဲက ဖြစ်နေတာကိုး။

ဒါကြောင့်မို့လို့ အကျင့်သီလအပေါ်မှာ မှားသောအားဖြင့် သုံးသပ်တယ်ဆိုလို့ရှိယင်လဲ ဒါ သံယောဇဉ်ပဲ။ သီလစောင့်ထိန်းတယ်ဆိုတာက ၃၁-ဘုံက လွတ်မြောက်ရေးအတွက် မှပ်မှ ကြိုးကပြတ်မှာကို ။ အဲဒီတော့

ဒါန, သီလ, ဘာဝနာ လုပ်တယ်ဆိုလို့ရှိယင်လဲ ၃၁-ဘုံက လွတ်မြောက်ရေး အတွက် ဒီ လောဘ, ဒေါသ, မောဟဆိုတဲ့ကြိုးတွေ ပြတ်ဖို့အတွက်သာ ဒါန, သီလ, ဘာဝနာ လုပ်ရတာပဲ။ အဲဒီတော့ ဒီ ၃၁-ဘုံထဲမှာ နေဖို့ဆို လို့ရှိယင် ကြိုးပြန်ဖြစ်တာပဲ။

ဒါကြောင့်မို့လို့ သီလဗ္ဗတပရာမာသဆိုတာက အကျင့်သီလအပေါ် မှာ မှားသောအားဖြင့် သုံးသပ်တယ်ဆိုတော့ တရားကိုယ်က ဒီဠ္ဌိ။ အကျင့်သီလအပေါ်မှာ သူ့ရဲ့ယူဆချက် မှားနေတော့ သီလဗ္ဗတပရာမာသ သံယောဇဉ်ဆိုတာလဲ ဒိဋ္ဌိပဲ။

(၇) နောက်ပြီးတော့ ဣဿာသံယောဇဉ်။ ဣဿာသံယောဇဉ် ဆိုတာက ဆရာ ဒေါသအုပ်စုတန်းက ပြောခဲ့တဲ့ ဣဿာစေတသိက်ပဲ။ ဣဿာဆိုတာ ဘာတုံး၊ မနာလိုတာ။ သူများချမ်းသာတာ မနာလိုတာ။ သူများ ကောင်းစားတာ မနာလိုတာ။ ဒါ ဣဿာပဲ။ အဲဒီတော့ ဣဿာ ကလဲ သံယောဇဉ်ကြိုးတစ်ချောင်းပဲ။ ဣဿာက သူတစ်ပါးချမ်းသာတာ မနာလိုတာကို ဘယ်လိုလုပ်ပြီး ကြိုးလို့ခေါ်မတုံး။ သူတစ်ပါးကောင်းစားတာ မနာလိုတယ်ဆိုတဲ့ အဓိပ္ပါယ်က ကိုယ်ကောင်းစားချင်လို့။ သူ့အဓိပ္ပါယ် စစ်ကြည့်တော့ သူတစ်ပါး ကောင်းစားတာ မနာလိုဆိုတဲ့ ဣဿာကိန်းတာ ဟာ ကိုယ်ကောင်းစားချင်လို့။ အဲဒါကြောင့်မို့လို့ သူလဲ ကြိုးတစ်ချောင်းပဲတဲ့။ အဲဒီ ဣဿာရှိနေတဲ့လူဟာ သိပ်အထက်တန်းကို မရောက်နိုင်တော့ဘူး။

**လူညံ့နှင့်လူတော် လေ့လာချက်**

လူကို လေ့လာကြည့်မယ်ဆိုလို့ရှိယင် သူတစ်ပါးကောင်းစားဟာကို မနာလို တဲ့လူဟာ လူညံ့ပဲ။ ပုထုဇဉ်ဆိုတာ ရှိတော့ရှိမှာပေါ့။ ရှိပေတဲ့ မြန်မာလူမျိုးတို့ ရဲ့ ယဉ်ကျေးမှုအရသော်လည်းကောင်း, လူ့ရဲ့ အရည်အချင်းအရသော်လည်း ကောင်း ကြည့်မယ်ဆိုယင် ဗေဒင်တွေ လက္ခဏာတွေမကြည့်ဘဲနဲ့ ဣဿာ ဆိုတဲ့ သူတစ်ပါးကောင်းစားတာကို မနာလိုတဲ့လူဟာ လူညံ့ပဲ။ တချို့တလေ ဘယ်သူကောင်းစားတာကိုမှ မနာလိုဘူး။ ဟိုလူ ဝန်ကြီးဖြစ်သွားတယ်ဆိုယင် သူက မကျေနပ်ဘူး။ ဒီလူချမ်းသတယ်ဆိုယင်လဲ ဘယ်တော့မှ အကောင်း

မပြောဘူး။ ဘယ်မိန်းကလေးဟာ ဘာဖြစ်သွားတယ်ဆိုလဲ သူဘယ်သူ့မှ အကောင်းမပြောဘူး။ ဣဿာသိပ်များတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ လူကောင်းတစ်ယောက် ဖြစ်မလာနိုင်ဘူး။ သူဟာ ကြီးကြီးကျယ်ကျယ် နေ ရာမျိုးကိုလဲ ဒီဘဝမှာ ဘယ်တော့မှ မရနိုင်ဘူး။ ဒါကြောင့်မို့လို့ ဣ-ဿာဟာ တော်တော်ဆိုးတဲ့ တရားတစ်ခု။ တော်တော်ဆိုးတဲ့ ကြိုးတစ်ခုပဲ။

များသောအားဖြင့် စိတ်သဘောကောင်းတဲ့လူတွေဟာ ဣဿာ မရှိပါဘူး၊ ကိုယ့်ရန်သူဖြစ်ပစေ။ ကိုယ်နဲ့ မတဲ့တဲ့လူတွေ ဖြစ်ပစေ၊ ကိုယ့်အပေါ် မဟုတ်တာလုပ်ထားတဲ့လူတွေဖြစ်ပစေ ဩော်--သူတို့ကောင်းစားသွားတယ်ဆိုလို့ရှိယင် ကိုယ်က ဝမ်းသာရမှာပေါ့။ အဲဒီလို စိတ်မျိုးမွေးကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ဣဿာမရှိဘူး။

(၈) မစ္ဆရိယသံယောဇဉ်။ မစ္ဆရိယဆိုတာလဲ ပြောပြီးသားပဲ။ မစ္ဆရိယဟာလဲ သိပ်ဆိုးတယ်။ မစ္ဆရိယဟာ ဘာတဲ့တုံး၊ ဝန်တိုတာ။ ဝန်တိုတယ်၊ ရှေ့က (သ)ထည့်ပြီးတော့ သဝန်တိုတယ်။ သဝန်ကြောင်တယ်။ အရပ်ထဲမှာ သဝန်ကြောင်တယ်ဆိုတာက ကလေးကလား အသေးစားပါ။ တကယ်ဝန်တိုတာမျိုးက ကိုယ်ချမ်းသာသလို ဒီပြင်လူတွေ မချမ်းသာစေချင်ဘူး၊ ကိုယ်သာ ချမ်းသာချင်တယ်။ ကိုယ်ရာထူးကြီးကြီးရသလို သူများတွေ ရာထူးကြီးကြီး မရစေချင်ဘူး။ ဒါ မစ္ဆရိယ၊ ဒါ ဝန်တိုတာ။ အဲဒီလို ဝန်တိုတာမျိုးက သိပ်ဆိုးတာ။ သူ့ဖာသာသူ ကြိုးစားလို့ရှိယင် ရာထူးကြီးကြီး ရပစေပေါ့။

ဣဿာနဲ့ တစ်မျိုးစီပဲ။ ဣဿာက သူနဲ့ ဘာမှ မဆိုင်တဲ့ဟာကို သူက သွားပြီး မနာလိုတာ။ မစ္ဆရိယက ဒီလိုမဟုတ်ဘူး။ ကိုယ်ရှိနေတာ၊ ကိုယ့်လို ဒီပြင်လူတွေ မဖြစ်စေချင်ဘူး၊ ကိုယ်ချမ်းသာသလို ဒီပြင်ကလူတွေ မချမ်းသာစေချင်ဘူး။ ကိုယ်ပစ္စည်းရသလို ဒီပြင်လူတွေ မရစေချင်ဘူး။ အဲဒီနေရာလေးမှာ ကိုယ်ပဲဖြစ်လာစေချင်တာ။ အဲဒီနေရာလေးမှာ ကပ်နေချင်တာ မစ္ဆရိယပေါ့။

မစ္ဆရိယကတော့ သံယောဇဉ်ဆိုတာ တော်တော် ထင်ရှားတယ်။

သူက ကပ်ပြီးတော့ တွယ်တာပြီးတော့ မလွှတ်နိုင် မခွါနိုင်ဘူး။ ဒီပြင် လူတွေကို ကိုယ်က ဝေမပေးနိုင်တဲ့ အစိပ္ပါယ်။ ကမ္ဘာပေါ်မှာ ယောကျ်ား ငါတစ်ယောက်ထဲ ရှိစေရမယ်ဆိုတဲ့ လူစားမျိုးပေါ့။ ဒီပြင် ယောကျ်ားတစ်ယောက်မှ မရှိဘဲနဲ့ တစ်ကမ္ဘာလုံး ယောကျ်ား ငါတစ်ယောက်ထဲပဲ ရှိရမယ်ဆိုတာ ဒါလောက် မစ္ဆရိယကြီးတဲ့လူမျိုး ရယ်စရာပြောတာတော့ ကြားဖူးတယ်။ မစ္ဆရိယက သံယောဇဉ်ဆိုတာ ထင်ရှားတယ်။

(၉)နောက်ပြီးတော့ နံပါတ် (၉) ဝိစိကိစ္ဆာသံယောဇဉ်။ ဝိစိကိစ္ဆာက လဲ ဆိုးတာပဲ။ သူကလဲ သံယောဇဉ်တစ်ခုပဲ။ သူက သံယောဇဉ်ဆိုတော့ ဝိစိကိစ္ဆာက မပြတ်သားတဲ့လူတစ်ယောက်ပဲ။ ဒီအယူဝါဒ ဟုတ်လေသလော မဟုတ်လေသလော၊ လုပ်ရကောင်းလေသလော မကောင်းလေသလော၊ သို့လော သို့လော လူတစ်ယောက်ပဲ။ ဘယ်အယူဝါဒကိုမှ သူက ပိုင်ပိုင်နိုင်နိုင် ဘဝင်ကျကျ ယူဆမဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ။ သူက သံယောဇဉ် အမြဲတမ်းကြီးနေတော့ ဝိစိကိစ္ဆာကလဲ ကြိုးတစ်ချောင်းပဲ။

ဒိဋ္ဌိနဲ့သူဟာ အတူတူပဲ။ ဒိဋ္ဌိက အယူဝါဒတစ်ခုခုကို သူကတော့ ယူလိုက်တာပဲ။ ယူလို့ ဆိုးတာပေါ့၊ မှားတာယူလိုက်တာကိုး။ မှန်တာယူယင် ဒိဋ္ဌိမဟုတ်ဘူး၊ သမ္မာဒိဋ္ဌိပဲ။ ဝိစိကိစ္ဆာကျတော့ ဒီတရားမှန်ပေတဲ့ သူက မယူဘူး။ ဒါဟုတ်ချင်မှ ဟုတ်မှာပဲဆိုပြီးတော့ သူက မယူဘူး။ တချို့တလေ ပြောကြတယ်၊ တို့ကတော့ ဘယ်ဘာသာမှ မယူဘူးတဲ့။ ဘယ်ဘာသာမှ မယူဘူးဆိုတာ သူက လွတ်ပြီ အောက်မေ့နေတာ။ ရှိပြီးသား အယူဝါဒ တွေထဲမှာ မပါဘူးဆိုတာကိုယ်က အယူဝါဒ အသစ်တစ်ခုပဲ။ ဒါ ဝိစိကိစ္ဆာ တစ်ခုဖြစ်နေတာပဲ။ ဝိစိကိစ္ဆာကလဲ သံယောဇဉ်ပဲ။

(၁၀)နောက်ပြီးတော့ နံပါတ်(၁၀) အဝိဇ္ဇာသံယောဇဉ်။ အဝိဇ္ဇာ ကတော့ အမြဲပါတာပဲ။ အဝိဇ္ဇာက မောဟပဲ။ အဝိဇ္ဇာဆိုတာကတော့ အမှန်တရားကို မသိသေးသမျှကာလပတ်လုံး သံယောဇဉ်ကတော့ ကြီးနေမှာပဲ။ ပညာမဲ့သူတွေဟာ ရယင် ဘာပဲဖြစ်ဖြစ် မလွှတ်နိုင်တဲ့သဘောတရားက ရှိနေတော့ သူကလဲ သံယောဇဉ်ပဲ။

ဆိုကြစမ်းပါ–

"ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်။"

အဲဒီတော့ သံယောဇဉ်က ၁၀–ပါး၊ တရားကိုယ်မှာကျတော့ ကာမရာဂသံယောဇဉ်က လောဘ၊ ဘဝရာဂသံယောဇဉ်ကလဲ လောဘ၊ ပဋိဃသံယောဇဉ်က ဒေါသ၊ မာနသံယောဇဉ်က မာန၊ ဒိဋ္ဌိသံယောဇဉ်က ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသသံယောဇဉ်က ဒိဋ္ဌိ၊ ဣဿာသံယောဇဉ်က ဣဿာ၊ မစ္ဆရိယသံယောဇဉ်က မစ္ဆရိယ၊ ဝိစိကိစ္ဆာသံယောဇဉ်က ဝိစိကိစ္ဆာ၊ အဝိဇ္ဇာသံယောဇဉ်က မောဟ။

အဲဒီတော့ စေတသိက် ဘယ်နှစ်လုံးရတုံး။

"သံယောဇဉ် တရားကိုယ်က ရှစ်ပါးပဲ ရှိပါတယ်။"

သူက ၁၀–မျိုးရှိတယ်။ ကာမရာဂနဲ့ ဘဝရာဂက လောဘတစ်ခုထဲ ယူလိုက်တယ်။ နောက်ပြီးတော့ ဒိဋ္ဌိသံယောဇဉ်နဲ့ သီလဗ္ဗတပရာမာသသံယောဇဉ်က ဒိဋ္ဌိတစ်ခုထဲ ယူလိုက်တယ်။

မဂ်နဲ့ပယ်တဲ့အခါကျတော့ သံယောဇဉ်နဲ့ အနုသယဟာ ဘုရားဟောပါဠိတော်များမှာ အပါများတယ်၊ သံယောဇဉ် ပယ်တယ်လို့လဲ ပါတယ်။ အနုသယ ပယ်တယ်လို့လဲ ပါတယ်။

**ဣဿာမစ္ဆရိယ သောတာပန်မှာ ရှိသလား**

အဲဒီတော့ သောတာပန်က ဒိဋ္ဌိသံယောဇဉ်ရယ်၊ ဝိစိကိစ္ဆာသံယောဇဉ်ရယ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်ရယ် ဒီသုံးပါးပဲ ပယ်သလားဆိုတော့ သောတာပန်ဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်တယ်လို့ ဒီလိုပဲ အသိများကြတယ်။ မဂ်နဲ့ ပယ်စဉ်ကို ကြည့်မယ်ဆိုယင် ဣဿာ သံယောဇဉ်ရယ်, မစ္ဆရိယသံယောဇဉ်ရယ်၊ ဒီနှစ်ပါးကိုလဲ သောတာပန်က ပယ်တယ်တဲ့။

အမှန်ကတော့ သောတာပန်ဆိုတဲ့ပုဂ္ဂိုလ်မှာ ဣဿာတို့ မစ္ဆရိယတို့ မရှိပါဘူး၊ သောတာပန်ဆိုတာဟာ ရှင်းရှင်းကတော့ သူတော်ကောင်းကြီးပါပဲ။

မြန်မာလူမျိုး မိကောင်းဖခင် သားသမီးတွေ၊ မျိုးရိုးကောင်းတဲ့ လူတွေဟာ သူများအပေါ်မှာ ဣဿာသိပ်မရှိကြပါဘူး။ ရှေးတုန်းက ဘုန်းနဲ့ ကံနဲ့ ချမ်းသာတဲ့ လူတွေမှာ ဣဿာ သိပ်မရှိကြပါဘူး။ ဣဿာရှိတဲ့ လူဟာ ဒီလိုကြီးကြီးကျယ်ကျယ် မချမ်းသာနိုင်ပါဘူး။ အဲဒီတော့ ဣဿာဟာ သူတော်ကောင်းတွေမှာတောင် မရှိယင် သောတာပန်မှာ ဣဿာဆိုတဲ့ သူ တစ်ပါးကို မနာလိုတာ မရှိနိုင်ပါဘူး။

မစ္ဆရိယဆိုတာလဲ တကယ်ဘုန်းနဲ့ကံနဲ့ ချမ်းသာတဲ့ သူတော်ကောင်း တွေမှာတောင် မရှိပါဘူး။ ကိုယ့်ရှိတဲ့ စီးပွားကို အကုန်လှူကြတာပဲ၊ ပေး ကြတာပဲ။ လူအများကောင်းစားရေးဆိုယင် ဆင်းရဲချမ်းသာမရွေး အကုန် လှူကြတာပဲ၊ အကုန်ပေးကြတာပဲ။ ကိုယ့်ရှိတဲ့ရာထူးကိုပဲ ထွက်ပေးရမလား၊ လက်အောက်ငယ်သားတွေ ပေါ်မှာရော, ဘဝတူလူတွေပေါ်မှာရော မစ္ဆရိယ ဆိုတာ မရှိပါဘူး။ လူရိုးရိုး စိတ်ကောင်း စေတနာကောင်းရှိတဲ့ လူတွေမှာ တောင် မစ္ဆရိယမရှိယင် သောတာပန်မှာ မစ္ဆရိယရှိသလား, မရှိဘူးလား ဆိုတဲ့ပြဿနာဟာ သိပ်ကို စဉ်းစားစရာတောင် မလိုပါဘူး။

ဘုရားလက်ထက်ကဆိုလို့ရှိယင် အရိယာတွေအိမ်ကို ရဟန်းသံဃာ တော်တွေ အလှူမခံဖို့ ပညတ်ယူရတယ်၊ သောတာပန်ဆိုတာ ဆင်းရဲတဲ့ သောတာပန်လဲ ရှိသေးတာကိုး။ သွား အလှူခံတယ်ဆိုယင် မရှိဘူးလို့တော့ မပြောဘူး၊ ရှိတာအကုန်လှူပစ်လိုက်တာပဲ။ အဲဒီတော့ သူဒုက္ခရောက်မှာစိုးလို့ ဘုရားက ရဟန်း သံဃာတော်တွေကို သောတာပန် အရိယာအိမ်မှာ အလှူ မခံဖို့ သိက္ခာပုဒ်တော်နဲ့ ပညတ်ယူရတယ်။

ဒါကြောင့်မို့လို့ အရိယာဆိုတဲ့ ပုဂ္ဂိုလ်မျိုးမှာ ဣဿာသံယောဇဉ်တို့ မစ္ဆရိယသံယောဇဉ်တို့ မရှိပါဘူး။ အဲဒီတော့ သံယောဇဉ်ဆယ်ပါးထဲက သောတာပန်က ငါးမျိုးတောင် ပယ်ပစ်လိုက်တာပဲ။ သကဒါဂါမ်ကျတော့

မထူးဘူး။ သကာဒါဂါမ်ကတော့ အသေ.စိတ် ထပ်ပယ်တာပဲ။

သောတာပန်နဲ့ သကဒါဂါမ်ဟာ အကျင့် အနု-အရင့် ဒါလောက်ပဲ ကွာတာပါ။ သကဒါဂါမ်ဆိုယင် နည်းနည်းရင့်လာတာပဲရှိတာပါ။ သီးခြား ဘယ် သံယောဇဉ်မှ မပယ်ပါဘူး။

အနာဂါမ်ကျတော့ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်တွေကို အကြွင်းမဲ့ ပယ်ပစ်လိုက်တာပဲ။

ရဟန္တာကျတော့ ဘဝရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်တို့ကို အကြွင်းမဲ့ ပယ်လိုက်တာပဲ။ အနုသယနဲ့ သံယောဇဉ်ဟာ အနာဂါမ်နဲ့ ရဟန္တာပုဂ္ဂိုလ် ပယ်တာချင်းအတူတူပဲ။

အဲဒီတော့ သောတာပန်က ငါးမျိုးပယ်တယ်၊ အနာဂါမ်က နှစ် မျိုးပယ်တယ်၊ ရဟန္တာက သုံးမျိုးပယ်တယ်ဆိုတော့ သံယောဇဉ်ဆယ်ပါး ကုန်ရော။

သောတာပန်က ဘာသံယောဇဉ်ပယ်တုံး-

"သောတာပန်က ဒိဋ္ဌိသံယောဇဉ်ရယ်၊ ဝိစိကိစ္ဆာသံယောဇဉ်ရယ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်ရယ်၊ ဣဿာသံယောဇဉ်ရယ်၊ မစ္ဆရိယ သံယောဇဉ်ရယ် ငါးမျိုးပယ်ပါတယ်။"

အနာဂါမ်က ကာမရာဂသံယောဇဉ်နဲ့ ပဋိဃသံယောဇဉ်နှစ်မျိုး ပယ်ပါတယ်။

ရဟန္တာက ဘဝရာဂသံယောဇဉ်ရယ်၊ မာနသံယောဇဉ်ရယ်၊ အဝိဇ္ဇာ သံယောဇဉ်ရယ် သုံးမျိုးပယ်ပါတယ်။

အဲဒီတော့ သံယောဇဉ်ဆယ်ပါးတော့ ဒီနေ့ကုန်ပြီ။ ကဲ--တော်ကြစို့။

သာဓု သာဓု သာဓု

* * * * *

# ပို့ချချက် (၁၂)

## (၁၀-၆-၇၉)

## ကိလေသာ ၁၀-ပါး

အာသဝလေးပါး၊ ဥပါဒါန်လေးပါး၊ နီဝရဏ ခြောက်ပါး၊ အနုသယ ခုနစ်ပါး၊ သံယောဇဉ် ဆယ်ပါးတော့ ပြီးသွားပြီ။ ဒီနေ့ ကိလေသာ ဆယ်ပါး။

ကိလေသာဆိုတဲ့ စကားလုံးက မြန်မာစကားတော့ ဖြစ်နေတယ်။ သို့ပေတဲ့ အဘိဓမ္မာက ကိလေသာနဲ့ မြန်မာစကားက ကိလေသာနဲ့တော့ ကွဲသွားတယ်၊ တဏှာတို့ ရာဂတို့လိုပေါ့။ မြန်မာက တဏှာဆိုယင် တစ်မျိုးနားလည်တယ်၊ ရာဂဆိုယင် တစ်မျိုးနားလည်တယ်။ အဘိဓမ္မာကတော့ လောဘရယ် တဏှာရယ် ရာဂရယ် အတူတူပဲ။ မြန်မာလိုက ကိလေသာ ကြီးတယ်ဆိုလို့ရှိယင် တဏှာကြီးတာတို့ ရာဂကြီးတာတို့ကို ကိလေသာကြီးတယ်လို့ခေါ်ဟယ်။ အဘိဓမ္မာကတော့ ကိလေသာကြီးတယ်ဆိုတာ အာသဝေါ တရားကြီးတာ သံယောဇဉ်ကြီးတာနဲ့ အတူတူပါပဲ။ နာမည်ချင်း၊ အဓိပ္ပါယ်ချင်း ကွဲသွားတာပေါ့။

သံယောဇဉ်ကတော့ လူတွေကို တုပ်ချည်ပြီးတော့ထားလို့ ကြိုးနဲ့တူလို့ သံယောဇဉ်ခေါ်တယ်။ ကိလေသာဆိုတာက ပါဠိစကားပဲ။ မြန်မာလိုဆိုတော့ စိတ်ကို ညစ်နွမ်းစေလို့ ကိလေသာခေါ်တာပဲ။ ဖြူစင်နေတဲ့ အဝတ်တွေကို ညစ်နွမ်းသွားအောင် လုပ်တဲ့ ဖုံတို့, ချေးတို့ လိုပေါ့။

အဲဒီတော့ စိတ်ဆိုတာ ပထမ ဖြူစင်နေတယ်၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားတွေ ဝင်လာလို့ရှိယင် ဒီဖြူစင်နေတဲ့စိတ်ဟာ ညစ်နွမ်းပြီးတော့သွားတယ်။ ခုခေတ် ကလေးတွေက ညစ်နွမ်းတယ်ဆိုယင် သိပ်နားမလည်ဘူး၊ ညစ်ပတ်သွားတယ်ဆိုမှ နားလည်တယ်။ ခုနတုန်းက သူတို့ ခေါင်းပါးတယ်ဆိုတဲ့စကားကို လာမေးကြတယ်၊ ခေါင်းပါးတယ်ဆိုတာ ပါးသွားတာပေါ့။ ဒါဆို သူတို့နားလည်တယ်။ ရှေးက မြန်မာစကားက

ခေါင်းပါးတယ် နည်းပါးတယ်။ ဒီလိုပဲ ကိလေသာဆိုတာက စိတ်ကို ညစ်နွမ်းစေတယ်၊ ညစ်ပတ်စေတယ်၊ ဖြူစင်နေတဲ့စိတ်ကို မည်းသွားအောင် သူက လုပ်တတ်လို့ ကိလေသာ၊ ဖြူနေတဲ့အဝတ်နဲ့ ဖုံတွေထဲလျှောက်သွားတဲ့အခါကျတော့ ချွေးတွေ ချေးတွေက အဝတ်အစားကို ညစ်နွမ်းစေတယ်။ ညစ်ပတ်စေတယ်။ အဲဒီတော့ ဖုံတို့ မြူတို့လို၊ ချွေးတို့ ချေးတို့လို ဒီကိလေသာတွေက စိတ်ကို ညစ်နွမ်းစေလို့ ကိလေသာလို့ခေါ်တယ်။

ကိလေသာဆယ်ပါးကတော့ လွယ်အောင်ဆိုလို့ရှိယင် လွယ်အောင် ပြောလို့ရတယ်။ မောဟရယ် အဟိရိကရယ် အနောတ္တပ္ပရယ် ဥဒ္ဓစ္စရယ် ဒါ မော၂စတုက်ပေါ့။ လောဘတြိ ဆိုတာက ဘာရယ် ဘာရယ်တုံး။ လောဘရယ်၊ မာနယ်၊ ဒိဋ္ဌိရယ်။ အဲဒီတော့ မောစတုက်ရယ်၊ လောဘတြိရယ်၊ ဒေါစတုက်ထဲ့ကတော့ ဒေါသတစ်ခုပဲ ကိလေသာထဲမှာ ပါတယ်။ ထိမိဒ် ဝိစိ၊ ဆုံးတြိထဲကတော့ ထိနရယ်၊ ဝိစိကိစ္ဆာရယ် ပါတယ်။

အဲဒီတော့ ကိလေသာ ဆယ်ပါးကို လျှောက်ပြီးတော့ ကျက်ထားလို့ရှိယင် မှားချင်မှားကုန်မယ်။ ပိုတဲ့ဟာပို လိုတဲ့ဟာလိုမယ်။ ဒီလိုမောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စဆိုတဲ့ မောစတုက်က လေးခု၊ လောဘတြိဆိုတာ လောဘရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်က သုံးခု၊ ဒေါစတုက်ထဲက ဒေါသက တစ်ခု၊ ထိ၊ မိဒ်၊ ဝိစိ-ထဲက မိဒ္ဓကမပါဘူး၊ ထိနနဲ့ ဝိစိကိစ္ဆာ ဒါပဲပါတယ်။

အဲဒီတော့ အကုသိုလ်စေတသိက် ၁၄-လုံးထဲက ဆယ်လုံးကို ကိလေသာလို့ခေါ်တယ်။ ကျန်တာက ဘာတွေတုံး၊ ဒေါစတုက်ထဲက ဣဿာရယ်၊ မစ္ဆရိယရယ်၊ ကုက္ကုစ္စရယ်၊ နောက်ပြီး မိဒ္ဓရယ် အဲဒီလေးလုံး မပါဘူး။ အဲဒီတော့ ပြဿနာက ကိလေသာက ညစ်နွမ်းစေတယ်ဆိုတော့ ဣဿာတို့ မစ္ဆရိယတို့ ကုက္ကုစ္စတို့က စိတ်ကို မညစ်နွမ်းစေဘူးလား၊ ဘာဖြစ်လို့ မပါတာတုံးဆိုတော့ ဒါ မေးစရာပြဿနာပဲ။ ဒီအကုသိုလ်စေတသိက်ဆိုတဲ့ ဣဿာတို့ မစ္ဆရိယတို့ ကုက္ကုစ္စတို့ဟာ သူတို့က ပိုဆိုးတာပေါ့။

မနေ့က သံယောဇဉ်ထဲမှာဆိုယင် ဣဿာတို့ မစ္ဆရိယတို့ဟာ သောတာပန် ပယ်ရတဲ့ စေတသိက်တွေပဲ။ သို့ပေတဲ့ ကိလေသာကျတော့

သူတို့ကို မထည့်ဘူး။ ဘာဖြစ်လို့ မထည့်သလဲဆိုတော့ ဒေါသပါသွားတယ် ဆိုလို့ရှိယင် ဣဿာတို့ မစ္ဆရိယတို့ ကုက္ကုစ္စတို့ဟာ လောကကြီးကို ပျက်စီးစေတဲ့တရား ဒေါသထဲမှာ ပါပြီးတော့ သွားလို့ မြတ်စွာဘုရားက ကိလေသာဆယ်ပါးကို ဟောတဲ့အခါမှာ ဒေါသကို ယူလိုက်လို့ရှိယင် ဒီဣဿာ, မစ္ဆရိယ, ကုက္ကုစ္စလဲပါတယ်ဆိုပြီး မယူဘဲထားတာ။ မိဒ္ဓကျတော့ ထိနဆိုတာ ပျင်းတာပဲ၊ မိဒ္ဓက အိပ်ချင်တာ။ အဲဒီတော့ ထိနနဲ့မိဒ္ဓဟာ ထိနပါတယ်ဆိုလို့ရှိယင် မိဒ္ဓလဲ ပါသွားတယ်ဆိုပြီးတော့ ထိနပဲ ယူလိုက်တာ။ အဲဒါကြောင့်မို့လို့ အကုသိုလ်စေတသိက် ၁၄-လုံးရှိတဲ့အထဲက ဒီလေးလုံးက ကိလေသာ ထဲမှာ မပါဘူး။

**ကိလေသာက လူကို ဘယ်လို မိုက်မဲစေသလဲ** ဒီပြင် မောဟတို့ အဟိရိကတို့ အနောတ္တပ္ပတို့ ဥဒ္ဓစ္စတို့ကတော့ စိတ်ကို ညစ်နွမ်းစေတယ်ဆိုတာ ထင်ရှားတယ်။ ဆရာ စေတသိက်တွေ သင်ပြီးသားပဲ။ မောဟတို့ အဟိရိကတို့ အနောတ္တပ္ပတို့ ဥဒ္ဓစ္စတို့ မပါဘဲနဲ့ ဘယ်အကုသိုလ်ကိုမှ လုပ်လို့မရဘူး။ မောဟက မှောင်ချပေးတော့ အဟိရိကတို့ အနောတ္တပ္ပတို့က မရှက်မကြောက်ဘဲနဲ့ လုပ်ကြတာကိုး၊ အဲဒါကြောင့်မို့ လို့ မောစတုက်လေးခုကတော့ စိတ်ကို ညစ်နွမ်းစေတယ်ဆိုတာ ထင်ရှားတယ်။ မောဟက စိတ်ကို ပထမ မှောင်ချလိုက်တော့ အဖြူနေရာက မည်းသွားတာပေါ့။ အဲဒါကြောင့်မို့လို့ ကိလေသာဟာ လူကို မိုက်မဲစေတာပဲ။

လောဘတို့ ဒိဋ္ဌိတို့ မာနတို့ကလဲ ထင်ရှားတာပဲ။ ဒါကြောင့်မို့လို့ လောဘကို တဏှာလို့ ရာဂလို့ ဒီလိုခေါ်တာပေါ့၊ လောဘသိပ်ပြီးတော့ ပြင်းထန်လာတယ်ဆိုယင် လူဟာ စိတ်က သိပ်မိုက်တာပဲ။ သေမှာလဲ မကြောက်တော့ဘူး၊ အခု စီးပွားရှာတဲ့လူတွေ၊ သတ်ပစ်လိုက်မယ်ဆိုတဲ့ ဥပဒေတွေရှိသားပဲ။ လောဘက သိပ်ပြီးတော့ ချမ်းသာချင်တဲ့အခါကျတော့ စိတ်က သိပ်မိုက်လာပြီးတော့ လုပ်တော့တာပဲတဲ့။ လောဘဟာ စိတ်ကို သိပ်မိုက်မဲစေတယ်၊ ညစ်နွမ်းစေတယ်ဆိုတာ အင်မတန် ထင်ရှားပါတယ်။

မာနလဲ ဒီအတိုင်းပါပဲ။ တစ်ယောက်နဲ့တစ်ယောက် သတ်ကြတယ်။

တိုက်ကြတယ်၊ တိုင်းပြည် တစ်ပြည်နဲ့တစ်ပြည် လူတွေ သေကြေကုန်အောင်, ပစ္စည်းတွေ ပျက်စီးကုန်အောင် တိုက်ကြတယ်၊ ဒါ မာနပဲ။ မခံချင်တဲ့ မာနပေါ့။ တစ်ခါတစ်လေ စီးပွားရေးအတွက် တိုက်ကြတယ်၊ တစ်ခါတစ်လေ ဘာသာရေးအတွက်လဲ တိုက်ကြတာပဲ။ မခံချင်တာနဲ့ထပြီးတော့ တိုက်ကြတာ အကုန်လုံး သေကုန်တာပဲ။ မာနကလဲ စိတ်ကို မိုက်မဲစေတာ အင်မတန် ထင်ရှားတာပဲ။

ဒိဋ္ဌိကတော့ မပြောနဲ့တော့၊ ဒိဋ္ဌိကလဲ ဒီအယူဝါဒတစ်ခု စွဲမယ်ဆိုလို့ရှိယင် ရေးတုန်းက သမိုင်းမှာ ဘာသာရေးစစ်ပွဲဆိုတာက ရှင်းရှင်းကတော့ ဒိဋ္ဌိတိုက်ပွဲတွေပဲ။ ကိုယ့်အယူအဆ ကမ္ဘာပေါ်မှာ ပြန့်အောင်ဆိုပြီးတော့ ပိုက်ဆံတွေ အများကြီး အကုန်ခံတယ်၊ ကိုယ့်အယူဝါဒပြန့်အောင် လူတွေ အများကြီး အသေခံတယ်။ ပစ္စည်းဥစ္စာတွေ အများကြီး အကုန်ခံတယ်။ လူတွေအများကြီး အသေခံပြီးတော့ ကိုယ့်အယူအဆကို ဖြန့်နေကြတာ၊ ဒိဋ္ဌိတိုက်ပွဲတွေပေါ့။ ဒိဋ္ဌိကလဲ စိတ်ကို မိုက်မဲစေတာ အင်မတန် ထင်ရှားပါတယ်တဲ့။

ဒေါသကတော့ မပြောနဲ့တော့၊ အင်မတန်ထင်ရှားတယ်၊ ဒေါသကလဲ ဖြတ်ခနဲဆိုယင် စိတ်က ရဲသွားတာပဲ။ အင်မတန် အသားဖြူတဲ့လူဟာ မျက်နှာလေးကို ရဲသွားတာပဲ။ ဒေါသက လူကို အရုပ်ဆိုးစေတယ်၊ ဒေါသကတော့ ပိုပြီးထင်ရှားပါတယ်တဲ့။

ကိလေသာဆယ်ပါးကို ဆိုကြစမ်းပါ–

"မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ မာန၊ ဒိဋ္ဌိ၊ ဒေါသ၊ ထိန၊ ဝိစိကိစ္ဆာ။"

အဲဒါဆိုယင် ကျက်စရာမလိုတော့ဘူး။ ကိလေသာ ဆယ်ပါးဆိုယင် သံယောဇဉ်ဆယ်ပါးထက် ကျက်ရလွယ်တယ်။ ဘာဖြစ်လို့တုံးဆိုတော့ မောစတုက်က လေးခု၊ လောတြိက သုံးခု၊ ဒေါသရယ် ထိနရယ် ဝိစိကိစ္ဆာရယ်။

ဆရာလုပ်တဲ့လူဟာ တပည့်တွေကို မကျက်ရအောင် ဒီလို သင်ပေးတတ်ရတယ်။ ဆရာ/ဆရာမဆိုတာ ကျောင်းသားတွေကို ဘာကူညီရမှာလဲဆိုတော့ ကျောင်းသားတွေကို စာသိပ်မကျက်ဘဲနဲ့ ရတဲ့နည်းကို ဆရာလုပ်တဲ့ ဆရာမလုပ်တဲ့လူတွေက ဒါကို ထွင်ထားရတယ်။ ဒါမှ စာကျက်ရတာသက်သာတယ်။ ခုခေတ်ကလေးတွေ စာမေးပွဲနီးတဲ့အခါ စာတွေ ကျက်လိုက်ရတာ။ ရူပဗေဒလဲ ကျက်ရတာပဲ၊ ဂဏန်းတွေလဲ ကျက်ရတာပဲ၊ အကုန်လုံး လျှောက်ကျက်တော့ စာမေးပွဲထဲကျတော့ အကုန်လုံး ရောကုန်ရော။ တချို့တလေ ကျက်နည်းမမှန်တာနဲ့ စာမေးပွဲကျတာ။ ဉာဏ်မကောင်းလို့မဟုတ်ဘူး။ ကျက်နည်းမှန်ယင် စာမေးပွဲကျစရာ ဘာမှမရှိဘူး၊ ဆရာတို့ဒီသင်တန်းစာမေးပွဲမှာ အကုန်အောင်တာပဲ ကျတဲ့လူမရှိဘူး။ မဖြေတဲ့လူတို့မရေးတဲ့လူတို့သာ ကျတာ။ ဘာဖြစ်လို့ မကျသလဲဆိုတော့ မေးခွန်းတွေကိုအကုန်လုံး သင်ပေးထားတာကို။ ဘာတွေဖြေကြဆိုပြီးတော့ အဲဒီလိုအဖြေလဲသင်ပေးထားတော့ အကုန်လုံး အောင်တာပေါ့။

**မေတ္တာနှင့် ကိလေသာ ဘယ်သူက အားကောင်းသလဲ**

အဲဒီတော့ ကိလေသာ ဆယ်ပါးတော့ သိသွားပြီ။ မြန်မာတွေ ပြောနေကြတယ်၊ ၅၂၈-သွယ် မေတ္တာရှိတယ်တဲ့၊ ကိလေသာကျတော့ ၁၅၀၀-တောင်ရှိသတဲ့။ မိဘကိုချစ်တာက ဘာနဲ့ချစ်တာလဲဆိုတော့ ၅၂၈ နဲ့တဲ့။ လင်မယားချင်း ချစ်တာကျတော့ ၁၅၀၀-ဆိုတော့ မိဘချစ်တာထက် ပိုပါတယ်လို့ မဟုတ်တယုတ်တွေ ပြောကြတယ်။ ဘယ့်နှယ် မိဘတွေချစ်တာက ပိုရမှာပေါ့။ ဟိုက ၁၅၀၀-က ဂဏန်းများတာနဲ့ပဲ အရပ်ထဲမှာ လိမ်ပြောနေကြတာ။ မိဘကိုချစ်တာက ဂဏန်းနည်းပေတဲ့ သူက ပိုကိုပိုရမယ်။

နောက် ၅၂၈-သွယ် တွက်နည်းကို မေတ္တာကျတော့ ဆရာရှင်းပြမယ်။ ဒီ ၁၅၀၀-ဆိုတာက ကိလေသာဆယ်ပါးကနေ ၁၅၀၀ ဖြစ်သွားတာပါ။ ကိလေသာက ဆယ်ပါးရှိတာပဲ။ အဲဒီတော့ ၁၅၀၀-က မပိုပါဘူး။ ၁၅၀၀က ၅၂၈-သွယ်ထက် မပိုတဲ့အကြောင်းက လင်မယားချင်း ရန်ဖြစ်လို့

မကွဲနိုင်ဘူးလား၊ ၁၅၀၀-က ကွဲသွားတာပဲ၊ မပြတ်နိုင်ဘူးလား၊ ပြတ်သွားတာပဲတဲ့။ ခရမ်းချဉ်သီးညှစ်သလောက်ပဲ ကြာတယ်၊ တစ်ခါထဲ ချက်ချင်းကွဲသွားတာပဲ။ သိပ်မာတာမှ မဟုတ်ဘဲ။ ခရမ်းချဉ်သီးက ညှစ်လို့ခံရဲ့လား၊ မခံပါဘူး။ ခရမ်းချဉ်သီးဟာ ညှစ်လိုက်ယင် တစ်ခါထဲ ကွဲသွားတာပဲ။ လင်မယားချင်း ချစ်တယ်ဆိုတဲ့ ၁၅၀၀-ချစ်လို့ ပြောတာဟာ ကွဲလဲ ကွဲနိုင်တယ်၊ ပြတ်လဲ ပြတ်နိုင်တယ်၊ ရန်သူလဲ ဖြစ်နိုင်တယ်။

မိဘအချစ်နဲ့ ချစ်တာကတော့ မိဘနဲ့ သားသမီး ကွဲလို့ရရဲ့လား။ ဘယ်လောက်ဆိုးတဲ့ သားသမီးဖြစ်ဖြစ် မိဘက မကွဲဘူး၊ ပစ်မထားဘူး။ သားသမီးကလဲ ဘယ်လောက်ဆိုးတော မိုက်နေတဲ့ မိဘဘဲဖြစ်ဖြစ် ကိုယ့်အဖေဟာ အဖေပဲ၊ အမေကရော အမေပဲ၊ ဘယ်လိုမှ ဒီဘဝမှာတော့ ဒီသားသမီးနဲ့ ဒီ အမေအဖေဟာ မဝေးချင်လို့ မရပါဘူး။

အဲဒီတော့ ၅၂၈-သွယ် မေတ္တာက အားကောင်းတဲ့အကြောင်းကို ဆရာ နောက်တော့ ရှင်းပြမယ်။

အရပ်ထဲမှာ ဂဏန်းနဲ့ညာပြောနေကြတာ၊ ၁၅၀၀-က ပိုတယ်ဆိုတာ ဆရာ အလျှင်ပြောဘူးတယ်၊ မျက်မှန်စိမ်းတပ်ထားတဲ့ လူတွေကပြောတာပါ။

**တစ်ထောင်ငါးရာ ကိလေသာ**

ကိလေသာ ဆယ်ပါးရှိရာကနေပြီးတော့ ၁၅၀၀-ရေတွက်ပုံက စိတ် ၈၉ -ခုရှိတဲ့ အထဲမှာ စိတ်ရဲ့သဘောလက္ခဏာကို ကြည့်မယ်ဆိုယင် အာရုံကို သိတတ်တဲ့သဘောပဲ ရှိတယ်။ ဘယ်စိတ်ပဲဖြစ်ဖြစ် အာရုံကို သိတာပဲရှိတယ်။ အဲဒါကြောင့်မို့လို့ စိတ် ၈၉-ခု ရှိပေတဲ့ အာရုံကို သိတဲ့သဘောနဲ့ သူ့ကို တစ်ခုပဲ ယူလိုက်ရတာပဲ။

စေတသိက်ကျတဲ့အခါကျတော့ တစ်ခုစီ တစ်ခုစီမှာ သဘောက တစ်ခုစီ တစ်ခုစီရှိတယ်။ လောဘက တွယ်တာတဲ့သဘော၊ မာနက အထင်ကြီးတဲ့ သဘော၊ ဒိဋ္ဌိက အယူမှားတဲ့သဘော၊ သဘောလေးတွေ တစ်ခုစီ တစ်ခုစီရှိတော့ စေတသိက်က ၅၂-ပါး ရှိတယ်။

အဲဒီစေတသိက် ၅၂–ပါးကို စိတ်နဲ့ ပေါင်းလိုက်တဲ့အခါကျတော့ နာမ် ၅၃–ပါးလို့ခေါ်တယ်။ ပါဠိလိုတော့ **နာမ်တေပညာသ**လို့ခေါ်တယ်။ ပါဠိလို တေ=၃၊ ပညာသ=၅၀။ အဲဒီတော့ စိတ် ၈၉–ခု၊ စေတသိက် ၅၂–ခုကို သဘောလက္ခဏာလေးတွေကို ယူမယ်ဆိုလို့ရှိယင် နာမ်က ၅၃–ခုပဲ ရှိတယ်။

ရုပ် ၂၈–ခုရှိတဲ့အထဲမှာ နိပ္ဖန္နရုပ်က ရုပ်ပိုင်းမှာ ဘယ်လောက်ရှိတုံး၊ နိပ္ဖန္နရုပ် သင်ပြီးပြီမဟုတ်လား၊ ၁၈–ရှိတယ်။ နိပ္ဖန္နရုပ်ဆိုတာ သီးခြားသဘာဝ ရှိတဲ့ရုပ်။ စေတသိက်လေးတွေဟာ သီးခြားသဘာဝရှိသလို သီးခြားသဘော ရှိတဲ့ရုပ်ကို နိပ္ဖန္နရုပ်လို့ခေါ်တယ်။ ပထဝီက ကြမ်းတဲ့ လက္ခဏာ၊ အာပေါက ဖွဲ့စည်းတဲ့လက္ခဏာ၊ အဲဒီလို သဘောလက္ခဏာလေးတွေ သီးခြားရှိတဲ့ ရုပ်ဟာ နိပ္ဖန္နရုပ်ပဲ။ အဲဒီ နိပ္ဖန္နရုပ်က ၁၈–ခု ရှိတယ်။

ကျန်တဲ့ရုပ်ဆယ်ပါးက အနိပ္ဖန္နရုပ်။ သူတို့က သီးခြားသဘော လက္ခဏာမရှိဘူး။ အဲဒီ အနိပ္ဖန္နရုပ်ထဲမှာ လက္ခဏရုပ်လေးခုဆိုတာရှိတယ်။ အဲဒီ လက္ခဏရုပ်လေးခုဆိုတာ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာပဲ။

ရုပ်တို့၏ဖြစ်စကို ဥပစယ၊ ရုပ်တို့၏ ဖြစ်ဆဲကို သန္တတိ၊ ရုပ်တို့၏ ပျက်ဆဲကို အနိစ္စတာ၊ ရုပ်တို့၏ ရင့်ဆဲကို ဇရတာ၊ သူတို့ကလဲ သီးခြား သဘောမရှိပါဘူး။ မရှိပေတဲ့ ဒီ နိပ္ဖန္နရုပ်တွေရဲ့ ဖြစ်မှု ပျက်မှုကို လိုက်ပြီး လက္ခဏရုပ် လေးခုပါ ထည့်ရမယ်။ နိပ္ဖန္နရုပ် ၁၈–ခုထဲ လက္ခဏရုပ်လေးခု ထည့်တော့ ရုပ်က ၂၂၊ နာမ်က ၅၃–နဲ့ပေါင်းတော့ ဘယ်လောက်ရှိတုံး၊ ၇၅–ခု၊ အဲဒီ၇၅–ခုဟာ ခန္ဓကိုယ်ကို တွက်ကြည့်တာပဲ။ အမှန်က ခန္ဓာကိုယ် ထဲမှာ သိတတ်တဲ့စိတ်ဆိုတာ ရှိတယ်။ စေတသိက်ဆိုတဲ့ သဘောတရား လေးတွေ ရှိတယ်၊ အဲဒီ နာမ်တရားက ၅၃–ခု ရှိတယ်။

ခန္ဓာကိုယ်ရုပ်ကြီးဆိုတဲ့ စက္ခုတို့ သောတတို့ ဃာနတို့ ဇိဝှါတို့ဆိုတဲ့ နိပ္ဖန္နရုပ်တွေဟာ ၁၈–ခု ရှိတယ်။ အဲဒီ ၁၈–ခုတွေရဲ့ ဖြစ်မှုပျက်မှုလက္ခဏာ ရုပ်လေးခုဆိုပြီး ဒါတွေက ရှိတယ်။

ဒီခန္ဓာကိုယ်ဟာ အမှန်ကတော့ နာမ်နဲ့ ရုပ်ပဲ။ ခန္ဓာကိုယ်ဆိုတာနဲ့ နာမ်နဲ့ရုပ်ဆိုတာနဲ့ အတူတူပဲ၊ အဲဒီတော့ ဒီခန္ဓာကိုယ်မှာရှိတဲ့ နာမ်နဲ့ရုပ်ကို တွက်ကြည့်လိုက်တော့ ၇၅-ခုပဲ ရှိတယ်။

ကိလေသာက ဆယ်ပါးရှိတယ်၊ ကိလေသာဆယ်ပါးနဲ့ နာမ်နဲ့ရုပ် ၇၅-ပါးကို မြှောက်တော့ ၇၅၀။ အဲဒီတော့ ကိုယ့်သန္တာန်မှာ ၇၅၀၊ သူ့သန္တာန်မှာ ၇၅၀-ရှိတယ်၊ ၇၅၀-ကို သန္တာန်နှစ်ပါးနဲ့မြှောက်တော့ ကိလေသာ ၁၅၀၀-ဖြစ်တယ်၊ ၁၅၀၀-ဆိုတာ သိပ်မဆန်းပါဘူး။ ဒါကြောင့်မို့လို့ ရှင်မဟာရဋ္ဌသာရက "ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွါးရေသော်"တဲ့။

ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထား-ဆိုတာ ပညာမရှိတဲ့ လူတွေအတွက် ဘယ်နဲ့လုပ် သိမလဲ။ ခုနစ်ဆယ့်ငါး၊ နာမ်နဲ့ရုပ်က ဘယ်လိုဖြစ်တာတုံး။ စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခု၊ ရုပ်က ၂၈-ခု၊ အဲဒါတွေ ပေါင်းလိုက်တော့ ၇၅-ဖြစ်ဖို့ဟာ ခုနက တွက်နည်းနဲ့ တွက်ရတယ်။ "ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွားရေသော်"နှစ်ပါးဆိုတာက ခုနက သန္တာန်နှစ်ပါးပဲ။ ဆယ်ထွေဆိုတာက ကိလေသာဆယ်ပါးပဲ။ အဲဒီတော့ ၇၅-ကို ၂-နဲ့ မြှောက်လိုက်တော့ ၁၅၀။ အဲဒီ ၁၅၀-ကို ၁၀-နဲ့ မြှောက်လိုက်တော့ ၁၅၀၀-ပေါ့။

"နှစ်ပါးဆယ်ထွေ၊ မြှောက်ပွားရေသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်ဟု" ၁၅၀၀-လို့မရေးဘူး၊ သုံးထောင်ဝက်လို့ ရေးတယ်၊ သုံးထောင်ဝက်ဆိုတာ ဘယ်လောက်လဲ၊ တစ်ထောင့်ငါးရာပဲ။ တိုက်ရိုက် ၁၅၀၀-လို့ ရေးတာထက် သုံးထောင်ဝက်လို့ ရေးလိုက်တော့ ကဗျာစာပေမှာ ပိုပြီးတော့ သြဇာဂုဏ်မြှောက်တာပေါ့။

အားလုံးဆိုကြစမ်းပါ-

"ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွားရေသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်"ဟု

**အဘိဓမ္မာသင်တန်းနှင့် ဆပ်ပြာမွှေး** ဒါဟာ ကိလေသာ ၁၅၀၀-တွက်နည်း။ ဒါဟာ အလွယ်ဆုံးတွက်နည်းပဲ။ "ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွားရသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်ဟု၊ မြူမှုက်တင်ညှိုး၊ စိတ်ပုဆိုးကို"တဲ့။ ဒီ စိတ်ကိုပဲရေးတာ။ ဒီကဗျာကို ဖတ်ကြည့်မယ်ဆိုယင် အဘိဓမ္မာသဘောတွေ အများကြီးပါတယ်၊ ဒီစိတ်မှာ ကိလေသာတည်းဟူသော အညစ်အကြေးတွေ ချေးတွေ တင်နေတဲ့အကြောင်းကို စာဆိုက ရေးတာပဲ။ ဖြူစင် နေတဲ့စိတ်မှာ ကိလေသာ ချေးတွေ များများလာတော့ ဆရာ တစ်နေ့က ပြောသလို ကြီးလေချဉ်လေပဲ။ ဒါ မလျှော်တဲ့လူ ပြောတာပါ။ လျှော်တဲ့လူကျတော့ ချေးကလဲ သိပ်မများပါဘူး၊ မလျှော်ဘဲနဲ့ ဒီအတိုင်းချည်း ပစ်ထားတဲ့ လူတွေကျတော့ ကိလေသာချေးတွေ ချိုးကပ်နေတာပဲ။ နောက် လျှော်တဲ့လူကတော့ သိပ်မညစ်ပတ်ပါဘူး။ ဒါကြောင့်မို့လို့ သိပ်မညစ်ပတ်အောင်စိတ်ကို ခဏခဏ လျှော်ဖို့လို့ အဘိဓမ္မာသင်တန်းဆိုတဲ့ ဆပ်ပြာမွှေးတို့ ဆန်းလိုက် ဆပ်ပြာတို့ လုပ်ပေးတာ။ အဘိဓမ္မာသင်တန်းက စိတ်ကို ခဏခဏ လျှော်ပေးရတယ်ဆိုတာ သိပြီမဟုတ်လား။

အဲဒီတော့ အကုသိုလ်စေတသိက် ၁၄-လုံး သရုပ်ခွဲနည်းကတော့ ကိလေသာ ဆယ်ပါးထိအောင် ရောက်သွားယင် အကုသိုလ်ပိုင်းကတော့ တော်တော် တတ်သွားပါပြီ။

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တွေ ဖတ်မယ်ဆိုလို့ရှိယင် အကုသိုလ်စေတသိက် ၁၄-လုံးရယ်၊ အခု သင်ပေးခဲ့တဲ့ အာသဝတို့၊ ဥပါဒါန်တို့၊ နီဝရဏတို့၊ အနုသယတို့၊ သံယောဇဉ်တို့၊ ကိလေသာတို့၊ ဒီနာမည်တွေလဲ သိထားမယ်။ အဓိပ္ပါယ်လဲ မှတ်မိမယ်ဆိုယင် ပိဋကတ်သုံးပုံမှာ ဒါ တစ်ပုံကုန်တာပဲ။ ပိဋကတ်သုံးပုံမှာ တစ်ပုံကိုတော့ သေသေချာချာ ဖတ်တတ်သွားစေပါတယ်။

ဒါကြောင့်မို့လို့ ဒီသင်တန်းဟာ လေးလသင်တန်းဆိုပေတဲ့ တော်

တော်ကျယ်ဝန်းပါတယ်၊ နက်လဲ နက်နဲပါတယ်။ တန်ဖိုးလဲ ကြီးမားလှပါတယ်။

* * * * *

## ကုသိုလ်ပြုတိုင်းပါဝင်သည့်စေတသိက်

ဒီတော့ အကုသိုလ်စေတသိက် ၁၄–လုံး ကုန်ပြီဆိုပါတော့၊ အကုသိုလ်စေတသိက်ကုန်ပြီးတဲ့အခါကျတော့ ကုသိုလ်စေတသိက်က ဘယ်လောက်ရှိသလဲ၊ ကုသိုလ်စေတသိက်က ၂၅–လုံး ရှိတယ်။ အဲဒီတော့ ကုသိုလ်စေတသိက် ၂၅–လုံးမှာ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်က ၁၉–လုံး ရှိတယ်။ ဘယ်ကုသိုလ်ပဲလုပ်လုပ် စေတသိက် ၁၉–လုံးက ပါရတာပဲ။ ကုသိုလ်တပ်မတော်နဲ့ အကုသိုလ်တပ်မတော် စစ်သားချင်း ဘယ်ကများတုံး၊ ကုသိုလ်ကများတယ်။ အကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်က ၄–လုံးပဲ ရှိတယ်။ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်က ၁၉–လုံး တောင်ရှိတယ်၊ အဲဒီတော့ ကုသိုလ်နဲ့အကုသိုလ် တိုက်လို့ရှိယင် ဘယ်သူက နိုင်မလဲ၊ ကောင်းတဲ့လူက နိုင်မယ်။ လောကကြီးမှာ တချို့လူတွေက မကောင်းတဲ့လူတွေကများ၊ များတော့ မကောင်းတဲ့လူတွေက နိုင်မယ်လို့ လျှော့ဈေးပြောကြတယ်။ ကောင်းတာနဲ့ မကောင်းတာဟာ ကောင်းတာက ချည်းပဲ နိုင်ရတာပဲ။ မကောင်းတာ လုပ်တဲ့လူက လူမသိ သူမသိ တိုးတိုးတိတ်တိတ်လုပ်ရတာ။ ကောင်းတာ လုပ်တဲ့လူက ဗြောင်လဲ လုပ်ရဲတယ်။ အများကလဲ သဘောကျတယ်။ ဒါကြောင့် ကောင်းတာက နိုင်တာချည်းပဲ၊ ကောင်းတာလုပ်လို့တော့ ရှုံးလိမ့်မယ်လို့ ဘယ်တော့မှ မထင်နဲ့။ ကိုယ်ကောင်းအောင်သာနေ၊ ကောင်းအောင်သာလုပ်၊ ဒီနေ့မနိုင်သေးယင် နောက်နေ့နိုင်မှာပေါ့။ တစ်နေ့နေ့တော့ နိုင်ကို နိုင်ရမယ်။

အဲဒီတော့ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်က ၁၉–လုံး။

ဝိရတီစေတသိက်က သုံးလုံး၊ ဝိရတီရဲ့ ပါဠိအဓိပ္ပါယ်ကို နောက်ကျတော့ ပြောမှာပေါ့။

အပ္ပမညာစေတသိက်က နှစ်လုံး၊ အပ္ပမညာရဲ့ အစိပ္ပါယ်ကိုလဲ နောက်ကျတော့ ပြောမယ်။ ခုတော့ ပါဠိလိုပဲ မှတ်ထားအုံး။

ပညိန္ဒြေစေတသိက်က ၁-လုံး။ ပညိန္ဒြေစေတသိက်ဆိုတာက ပညာပါပဲ။ ပေါင်း ကုသိုလ်စေတသိက် ၂၅-လုံး။

**သဒ္ဓါစေတသိက်** အဲဒီတော့ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက် ၁၉-လုံးထဲက နံပါတ်(၁)က သဒ္ဓါစေတသိက်ပဲ။ အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ နံပါတ်(၁)က မောဟ။ မောဟက အကုသိုလ်လုပ်တဲ့နေရာမှာ သူက ခေါင်းဆောင်။ သူက အရေးအကြီးဆုံးမို့လို့ မောဟက နံပါတ်(၁)ပဲ။ ကုသိုလ်စေတသိက် ၂၅-လုံးရှိထဲ့ အထဲက ကုသိုလ်ပြုတိုင်းပါဝင်တဲ့ ၁၉-လုံး ထဲမှာ နံပါတ်(၁)သဒ္ဓါစေတသိက်ကို ပထမဆုံးထားရတာက ဘယ်ကုသိုလ်လုပ်လုပ် သူက ခေါင်းဆောင်ပဲ။ ကုသိုလ်လုပ်တဲ့နေရာမှာ သဒ္ဓါစေတသိက်ဟာ အရေးအကြီးဆုံးပဲ။ ကုသိုလ်ဖြစ်ဖို့ သဒ္ဓါက သိပ်အရေးကြီးတယ်။

မြန်မာစကားမှာ သဒ္ဓါတရား ကောင်းတယ်ဆိုယင် ဘယ်လိုနေရာကို သဒ္ဓါတရားကောင်းတယ်လို့ ပြောတာတုံး၊ ပေးကမ်းလှူဒါန်းတဲ့နေရာမှာ သဒ္ဓါတရားကောင်းတယ်လို့ ပြောတယ်။ ဒီနေ့ သာကူတိုက်တယ်၊ ကာဖီတိုက်တယ်၊ အဘိဓမ္မာသင်တန်းမှာတော့ ကျွေးမယ့် မွေးမယ့်လူတွေ ပေါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဘိဓမ္မာမှာကိုက ဒါတွေ သင်ပေးနေတာကိုး။ အဲဒီတော့ အရပ်ထဲမှာ နားလည်တာကတော့ သဒ္ဓါတရားကောင်းတယ်ဆိုယင် ကျောင်းတွေဆောက်တယ်၊ ဘုရားတွေ တည်တယ်။ အခုလို အဘိဓမ္မာသင်တန်းတွေမှာ ကျွေးတယ်၊ မွေးတယ်၊ ဆုတွေပေးတယ်၊ ကိုယ့်ရှိတဲ့ အင်အားရှိသလောက်ကို စွန့်ကြဲပေးကမ်းတယ်။ လှူဒါန်းတဲ့ပုဂ္ဂိုလ်ကို သဒ္ဓါတရား ကောင်းတယ်လို့ ပြောတယ်။ အဲဒီတော့ သဒ္ဓါတရားကောင်းတယ်ဆိုတာ အရပ်ထဲမှာ ဒီလို နားလည်နေတော့ အဘိဓမ္မာမှာ သဒ္ဓါစေတသိက်ကို ဘာသာပြန်ရတာက သိပ်မလွယ်ဘူး။ မမှန်ဘူးလားဆိုတော့ အခုနတုန်းက ဒါနပြုတဲ့လူတွေကို သဒ္ဓါတရား ကောင်းတယ်ဆိုတာကတော့

မှန်သလောက် မှန်ပါတယ်။ သို့ပေတဲ့ သဒ္ဓါစေတသိက်ဆိုတာက ဘာကုသိုလ်တွေပဲလုပ်လုပ် နံပါတ်(၁)သဒ္ဓါက ရှိကို ရှိရမယ်။ သီလပဲ ဆောက်တည်ဆောက်တည်၊ ဒါနပဲ ပြုပြု၊ ဝိပဿနာပဲ လုပ်လုပ်၊ အများကောင်းကျိုးပဲ လုပ်လုပ်၊ နိုင်ငံရေးပဲ လုပ်လုပ်၊ နံပါတ်(၁)ကောင်းတာ လုပ်တာမှန်သမျှမှာ သဒ္ဓါက ရှိကို ရှိရမယ်။

**သဒ္ဓါစေတသိက် ဘာသာပြန်** တချို့တလေကတော့ သဒ္ဓါကို ယုံကြည်ချက်လို့ ဒီလိုပြန်တယ်။ အဲသလို ယုံကြည်ချက်လို့ ပြန်လိုက်တဲ့အခါကျတော့ ဘာကိုယုံတာလဲ၊ အဲသလို ပြဿနာက ဖြစ်လာတယ်။ ယုံတာက ကောင်းတာလုပ်လို့ရှိယင် ကောင်းကျိုးပေးမယ်လို့ ဒီလိုယုံတယ်။ မကောင်းတာလုပ်လို့ရှိယင် မကောင်းကျိုးပေး မယ်လို့ ဒီလိုယုံတယ်။ ဒါယုံကြည်ချက်ပဲ၊ ဒါကြောင့်မို့လို့ အကုသိုလ်နဲ့ ကုသိုလ်ကွဲအောင် သင်နေတာပေါ့။

အကုသိုလ်စေတသိက်တွေဟာ မကောင်းတဲ့စေတသိက်တွေပေါ့။ အဲဒီစေတသိက်တွေဟာ မကောင်းကျိုးပေးတယ်လို့ ဒီလို ယုံကြည်တယ်။

အခု ဒါန သီလစတဲ့ ကုသိုလ်စေတသိက်တွေရဲ့ ကောင်းမှုအလုပ်တွေကိုလဲ ယုံတယ်။ အဲသလို ယုံတာဟာ သဒ္ဓါပဲ။ ဒါက တရားကို ယုံတာပေါ့။

ဒီတရားတွေကို ဟောသွားတဲ့ သမ္မာသမ္ဗုဒ္ဓဘုရားဆိုတာ, သဗ္ဗညုတဉာဏ်ရတဲ့ပုဂ္ဂိုလ်ဆိုတာ တကယ်ရှိတယ်။ အဲဒီ ဘုရားဆိုတဲ့ ပုဂ္ဂိုလ်မျိုး ပွင့်သွားတယ်ဆိုတာကိုလဲ တကယ်ယုံတယ်။ ဒါ ယုံကြည်ချက် သဒ္ဓါပဲ။

ဘုရားကိုယုံတယ်၊ ဘုရားဟောတဲ့ တရားတွေကိုလဲ ယုံတယ်။ အဲဒီဘုရားဟောတဲ့ မကောင်းတာလုပ်ယင် မကောင်းတာဖြစ်မယ်လို့လဲ ယုံတယ်။ ကောင်တာတွေလုပ်ယင် ကောင်းတာဖြစ်မယ်လို့လဲ ယုံတယ်၊ ဒါလဲ ယုံကြည်ချက် သဒ္ဓါပဲ။

အဲသလို ကိုယ့်ဘာသာ တစ်ခုထဲကနေ ကြည့်တဲ့အခါကျတော့ ဒီဘုရားကိုလဲ ယုံတယ်၊ ဒီ ဘုရားဟောတဲ့ တရားတွေလဲ ယုံတယ်၊ ဘုရား

ဟောတဲ့တရားတွေက ကောင်းကျိုးပေးမယ်လို့ ပြောယင် ကောင်းကျိုးပေး မယ်လို့ ယုံတယ်။ မကောင်းကျိုးပေးမယ်လို့ပြောယင် မကောင်းကျိုးပေးမယ် လို့ ယုံတယ်။ သေပြီးလို့ရှိယင် အနာဂတ်ဘဝ ရှိသေးတယ်။ နောက်ဘဝရှိ သေးတယ်လို့လဲ ယုံတယ်။ အတိတ်ဘဝရှိတယ်လို့လဲ ယုံတယ်၊ ဒါတွေဟာ ယုံကြည်ချက်သဒ္ဓါပဲ။

ဒီတော့ သဒ္ဓါစေတသိက်ကို ယုံကြည်ချက်လို့ ဒီလိုဘာသာပြန် တော့ ပြဿနာဘာဖြစ်လာလဲဆိုတော့ ဘာသာက ဗုဒ္ဓဘာသာတစ်ခုထဲရှိတာ မဟုတ်ဘူး၊ မူဆလင်ကလဲ သူတို့ဘာသာ သူတို့ မယုံဘူးလား၊ ယုံတာပဲ။ သူတို့လဲ ယုံကြည်ချက်ရှိတာပဲ။ ခရစ်ယာန်ကျတော့ကော ခရစ်ယာန်က လဲ ခရစ်ယာန်ဘာသာ ယုံတာပဲ။ ကမ္ဘာပေါ်မှာ ဘာသာတွေအမျိုးမျိုးရှိတာမို့ ကိုယ့်ဘာသာ ကိုယ်ယုံကြည်ချက်တော့ရှိတာပဲ။ ယုံကြည်ချက်လို့ ပြန်ရုံနဲ့ တော့ အဘိဓမ္မာက သဒ္ဓါစေတသိက်ဟာ အကုန်လုံး မငုံမိဘူး။

ရှေးက အဘိဓမ္မာဆရာကြီးတွေက ကိုယ့်စိတ်ထဲကို သဒ္ဓါတရား တွေ ဝင်လာလို့ရှိယင် စိတ်ဟာ ကြည်လင်လာတယ်။ စိတ်ကိုကြည်လင်စေ တတ်လို့ သူ့ကို သဒ္ဓါလို့ ခေါ်တယ်တဲ့။ အဲဒီတော့ စိတ်ကိုကြည်လင်စေမှု ဆိုတော့ အဓိပ္ပါယ်တစ်ခု ဘုရားကို ဖူးမြင်ရတဲ့အခါ, သံဃာတော်ကို ဖူး မြင်ရတဲ့အခါ အာရုံက အင်မတန်ကောင်းတော့ အာရုံကို တွေ့တဲ့အခါကျ တော့ သဒ္ဓါက စိတ်ကို ကြည်လင်စေတယ်၊ ဒီကြည်လင်စေမှုလို့ ပြန်တော့ လည်း အခုနတုန်းကလို မူဆလင်တွေ ဘုရားရှိခိုးကျောင်းတက်တော့ သူ တို့စိတ်တွေ ကြည်လင်မှာပေါ့၊ ခရစ်ယာန်တွေ ဘုရားရှိခိုးကျောင်းတက် တော့ သူတို့လဲ စိတ်သိပ်ကြည်လင်မှာပဲ။ စိတ်ကိုကြည်လင်စေမှုလို့ ပြန် တော့လဲ သဒ္ဓါဟာ ဘာသာတိုင်းမှာ သဒ္ဓါတရားရှိတယ်လို့ ဖြစ်နေတယ်။

သို့ပေတဲ့ သဒ္ဓါဆိုတာကတော့ တကယ့် အမှန်ဘုရားကို ယုံကြည်မှ, တကယ့် အမှန်တရားကို ယုံကြည်မှ သဒ္ဓါကိုး။ ဘယ်ဘုရားမှန်တယ်လို့ တော့ ဆရာပြောနေတာ မဟုတ်ဘူးနော်၊ သို့ပေတဲ့ တကယ့်ဘုရားမှန်ကို

ယုံမှ သဒ္ဓါ၊ တကယ့်တရားအမှန်ကိုယုံမှ သဒ္ဓါ။ ဘာသာတွေအမျိုးမျိုးရှိတဲ့အထဲမှာ ကမ္ဘာပေါ်မှာ အကုန်လုံးလဲ မမှန်ဘူး၊ မှန်တာတစ်ခုထဲပဲရှိရမယ်၊ အမှန်တရားဆိုတာ တစ်ခုထဲပဲ ရှိတာပဲ။ အဲဒီတော့ ဘုရားဆိုတာလဲ တစ်ဆူပဲ ရှိတာပဲ။

တကယ့်တစ်ဆူတည်းသော အမှန်ဘုရားကို ယုံကြည်တာမှ ဒါ သဒ္ဓါပဲ။ တစ်ဆူတည်းသော ဘုရားရဲ့ တရားကို ယုံကြည်တာမှ ဒါ သဒ္ဓါပဲ၊ ဒီပြင် များတဲ့ဘုရားတွေ များတဲ့တရားတွေကို ယုံကြည်တာဟာ ဒါသဒ္ဓါ မဟုတ်ဘူး။

သဒ္ဓါကို ယုံကြည်ချက်ပဲပြန်ပြန်, ယုံကြည်မှုပဲစိတ်ပြန်ပြန်, စိတ်ကို ကြည်လင်စေမှုပဲပြန်ပြန် နည်းနည်းတော့ ပြဿနာတော့ တက်တာပဲ။ ပြဿနာတက်တော့လဲ ဒီလိုပဲဖြေရတာပဲ။ တကယ့် ဘုရာမှန် တရားမှန် ယုံကြည်တာမှ သဒ္ဓါစေတသိက်လို့ ဖြေရတာပဲ။

နည်းနည်း စောဒကတက်စရာ မရှိတာကတော့ ကံ ကံ၏အကျိုးကို ယုံကြည်မှု၊ ကံကိုလဲ ယုံကြည်တယ်၊ ကံ၏အကျိုးကိုလဲ ယုံကြည်တယ် ဒိဋ္ဌိ စေတသိက်တုန်းက ဆရာပြောခဲ့တဲ့ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယ ဒိဋ္ဌိတွေဟာ သူတို့က ကုသိုလ်ကံ အကုသိုလ်ကံ မရှိဘူးလို့ ယူထားတာ။ အဲဒီတော့ ကုသိုလ်ကံဆိုတာ ရှိတယ်၊ အကုသိုလ်ကံဆိုတာ ရှိတယ်လို့ ဒီလို ယုံတယ်၊ ဒါ ကံကို ယုံတာပေါ့။

အဲဒီတော့ အကုသိုလ်ကံတွေကို လုပ်တယ်ဆိုယင် ဒုစရိုက်တွေကို လုပ်တယ်ဆိုယင် မကောင်းကျိုးပေးမယ်လို့ ဒီလိုယုံတယ်။ ကုသိုလ်ကောင်းမှုတွေကို လုပ်လို့ရှိယင် ကောင်းကျိုးပေးမယ်လို့ ဒီလိုယုံတယ်။ အဲသလို ကံ ကံ၏အကျိုးကို ယုံတာဟာ သဒ္ဓါပဲ။ ဒါက သိပ်စောဒကတက်စရာ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကုသိုလ်ဆိုတာကလဲ လောကကြီးမှာ ဒုစရိုက်ဆယ်ပါးကို အကုသိုလ်လို့ အဘိဓမ္မာချင်း တူယင်တော့ ဘာမှ ပြဿနာမရှိဘူး။

ဒုစရိုက်ဆယ်ပါးက ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ **မနောကံ** သုံးပါး။

သူများအသက်သတ်တာဟာ ဒါအကုသိုလ်ပဲ၊ အကုသိုလ်ကံပဲလို့ ဒီလိုယုံတယ်။ သူများအသက် သတ်တယ်ဆိုလို့ရှိယင် မကောင်းကျိုးပေး မယ်လို့ ဒီလိုယုံတယ်။ ဒါ ကံ, ကံ၏အကျိုးကို ယုံတာ၊ သူများဥစ္စာပစ္စည်းကို ခိုးတာဟာ မကောင်းတဲ့အကုသိုလ်ကံပဲ။ သူများပစ္စည်း ခိုးတာဟာ ထောင် ကျသည်ဖြစ်စေ မကျသည်ဖြစ်စေ လူသိသည်ဖြစ်စေ မသိသည်ဖြစ်စေ မကောင်းကျိုးပေးလိမ့်မယ်လို့ ဒီလိုယုံတာဟာ ကံ၏အကျိုးကို ယုံတာ။ ကုသိုလ်လုပ်လို့ရှိယင်လဲ သူတောင်းစား ပေးတာပဲဖြစ်ဖြစ် ဘယ်နေရာ လှူ တာပဲဖြစ်ဖြစ် ဒါနလုပ်တယ်ဆိုတာဟာ ဘယ်သူ့ကိုပေးပေး ဒီဘဝမှာလဲ ကောင်းကျိုးရတယ်၊ နောက်ဘဝမှာလဲ ကောင်းကျိုးပေးမယ်လို့ ဒီလိုယုံတာဟာ ကံ၏ အကျိုးကိုယုံတာ။ အဲဒီတော့ ကံ, ကံ၏အကျိုးကို ယုံတာဟာ သဒ္ဓါ စေတသိက်ဆိုယင် ဒါဟာ ပြဿနာ သိပ်မဖြစ်တော့ဘူး။

ဒါကြောင့်မို့ သံဃာတော်များ ရေစက်ချတဲ့အခါကျတော့ ဘယ်လို သင်ပေးကြသလဲ "ကမ္မဥ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုး ကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍"လို့ ဒီလို မပြောဘူးလား။ အဲဒီမှာ သဒ္ဒဟိတွာဆိုတာက သဒ္ဓါကနေပြီးတော့ ပုဒ်ပြောင်း သွားတာပဲ၊ သဒ္ဓါဆိုတဲ့စေတသိက်ရဲ့ ပါဠိရဲ့ပုဒ်ကို သဒ္ဒဟိတွာ-လို့ ပြောင်း သွားတာပဲရှိတာပဲ၊ အဲဒီတော့ သဒ္ဒဟိတွာ ယုံကြည်ပါကုန်သည်ဖြစ်၍ ဆို တာဟ ကံ, ကံ၏အကျိုးကို ယုံကြည်တာကို သဒ္ဓါစေတသိက်လို့ ပြောတာ။

ဒါကြောင့်မို့လို့ လူမှာ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့အခါမှာ သဒ္ဓါစေတသိက်ဟာ အင်မတန်အရေးကြီးတယ်။

ကုသိုလ်ကောင်းမှုလုပ်မဲ့သူဟာ **ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါဟာ နံပါတ်(၁)ပဲ**၊ အမိပ္ပါယ်တစ်ခု ဝိုင်-အမ်-ဘီ-အေ အဘိဓမ္မာ အသင်းကို ငွေတစ်ထောင်လှူလိုက်တယ်၊ ငါးထောင်လှူလိုက်တယ်၊ တစ်

သောင်း လှူလိုက်တယ်ဆိုတာဟာ ဒီဟာကို လှူတယ်ဆိုလို့ရှိယင် အားလုံး လူငယ်တွေရော လူကြီးတွေရော အကုန်လုံး ဉာဏ်အမြင် အလင်းပေါက် ပြီးတော့ အင်မတန်ကောင်းတဲ့ အကျိုးတရားတွေ၊ လောကကြီးမှာလဲ ဖြစ် မယ်။ နောက်သံသရာမှာလဲ ဒီအလှူကို လှူလို့ အကျိုးရှိမယ်လို့ ဒီလိုယုံကြည် ပြီးတော့ ကိုယ့်ရဲ့ ချွေးနည်းစာကို လှူတာဟာ သဒ္ဓါပါပဲ။ အဲဒါကြောင့်မို့လို့ ဒါနလုပ်မယ်ဆိုလို့ရှိရင်လဲ သဒ္ဓါမရှိဘဲနဲ့ ယုံကြည်ချက်မရှိဘဲနဲ့ မလှူနိုင်ဘူး တဲ့။ တချို့တလေကတော့ အများလုပ်လို့ ပကာသနနဲ့ ပိုက်ဆံကလဲ ပေါ တယ်၊ သူများတကာ ငါးထောင်ဆိုယင် ကျုပ်ကလဲ ငါးထောင်၊ ယုံကြည်ချက် တွေ ဘာမှမဟုတ်ဘူး။ ဒါ လူအချင်းချင်း မကင်းရာမကင်းကြောင်း လှူကြ တာ။ တချို့တလေကျတော့လဲ ကိုယ်က ခေါင်းဆောင်လုပ်ပြီး အလှူခံတုန်း က ငါးထောင်ထည့်လိုက်တော့ သူကလဲ လာအလှူခံတော့ ကျုပ်ကလဲ ငါး ထောင်ဗျာလို့ လှူလိုက်တယ်။ ဘာမှ ယုံကြည်ချက်မရှိဘူး။ လူမှုရေးရာအရ ပေါင်းသင်း ဆက်ဆံရေးအရ လှူတဲ့အလှူတွေဟာလဲ အများကြီးပဲ။ သူများ သားသမီး ရှင်ပြုတယ်၊ တို့များသားသမီး ရှင်မပြုယင် ဗုဒ္ဓဘာသာဆိုပြီး မကောင်းဘူး၊ အဲဒီတော့ ငါးထောင်ကုန်ကုန် တစ်သောင်းကုန်ကုန်ကွာလို့ ဆိုပြီးတော့ လှူကြတာမျိုးလဲ ရှိတာပဲ။

တကယ့်သဒ္ဓါတရားနဲ့ ဒီကောင်းမှုတွေကို လုပ်တယ်ဆိုလို့ရှိယင် ဒီဘဝမှာလဲ ကောင်းကျိုးချမ်းသာကို ပေးမယ်၊ နောက်ဘဝမှာလဲ ကောင်းကျိုး ချမ်းသာကို ပေးမယ်ဆိုတဲ့ ဒီလိုယုံကြည်ချက်နဲ့ ကိုယ့်ချွေးနည်းစာကို လှူ တယ်ဆိုတဲ့ သဒ္ဓါစေတသိက်ဟာ အရေးအကြီးဆုံးပဲ။

သီလဆောက်တည်တာလဲ သဒ္ဓါပါပဲ။ သဒ္ဓါတရားမရှိဘဲနဲ့ သီလ ဆောက်တည်လို့ မရပါဘူး။ သဒ္ဓါကို ယုံကြည်ချက်လို့ ပြန်လို့ရှိယင် ခုန က တုန်းကလို ဒါနတစ်ခုထဲ မဟုတ်ဘူး၊ သီလဆောက်တည်တယ်ဆိုတာ ဟာလဲ ညစာထမင်း အငတ်ခံပြီးတော့ ဥပုသ်စောင့်ရတယ်၊ ဥပုသ်စောင့် တယ်ဆိုယင် ရှစ်ပါးသီလစောင့်ယင် ဒီဘဝမှာလဲ ချမ်းသာမယ်၊ နောင်ဘဝ

မှာလဲ ချမ်းသာမယ်ဆိုတဲ့ ထမင်းတစ်ထပ် အငတ်ခံတာနဲ့ အဆပေါင်း သိန်းသန်း ချမ်းသာမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဥပုသ်စောင့်တာဟာလဲ သဒ္ဓါပါပဲ။ ဒီ ရှစ်ပါးသီလဟာ သာမညသီလ မဟုတ်ဘူး။

**ရာထူးကြီးကြီးလိုချင်ယင် ရှစ်ပါးသီလစောင့်** စကြာမင်းဖြစ်စေတဲ့ စကြာရတနာကို မိဘက သားသမီးကို ပေးလို့မရဘူး။ အဓိပ္ပါယ်တစ်ခု–ဆရာက စကြာမင်းဆိုပါတော့၊ ဆရာ သေတဲ့အခါကျတော့ ဆရာ့ သားသမီးတွေကို စကြာမင်းရာထူး ပေးခဲ့လို့ ရတာမဟုတ်ဘူး။ စကြာရတနာဆိုတာက အဖေက ပေးခဲ့လို့မရဘူး။ ဒီ စကြာမင်း သေသွားခဲ့လို့ရှိယင် စကြာရတနာဟာ ကွယ်ပျောက်သွားတယ်။ စကြာရတနာဆိုတာက ဘုန်းကံရှိမှရတာ။ အဲဒီတော့ စကြာမင်းရဲ့ သားတွေဟာ သူတို့အဖေသေတယ်ဆိုလို့ရှိယင် စကြာမင်းကျင့်ဝတ်ဆိုပြီးတော့ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်မှာ ရှစ်ပါးသီလဆောက်တည်ပြီး အားလုံး ကမ္ဘာသူကမ္ဘာသားတွေကို မေတ္တာပို့ရတယ်။ အဲဒီအခါမှ စကြာရတနာက ဆိုက်လာတယ်။ လုပ်ကြည့်ချင်ယင် ဥပုသ်နေ့တွေမှာ ရှစ်ပါးသီလကို စင်စင်ကြယ်ကြယ် စောင့်ပြီးတော့ အားလုံးသတ္တဝါတွေကို မေတ္တာပို့ယင် ဒီဘဝမှာတင် ချက်ချင်းချမ်းသာလာနိုင်တယ်။ သဒ္ဓါတရားနဲ့ ယုံကြည်ချက်နဲ့လုပ်ယင် ထိသော်လည်းကောင်း ပေါက်လာမယ်၊ ရာထူးကြီးကြီး ကျယ်ကျယ်တွေလဲ ရချင်ရဘာတတ်တယ်၊ ရှစ်ပါးသီလဟာ စကြာရတနာတောင် ဆိုက်လာနိုင်တာပဲ။

စကြာမင်းလောင်းဆိုပေမဲ့ သူ့မှာ စကြာရတနာမရှိယင် သူ စကြာမင်း မဖြစ်နိုင်ဘူး။ စကြာမင်းဖြစ်အောင်ဆိုယင် အဲဒီရှစ်ပါးသီလစောင့်ပြီး မေတ္တာပို့မှ စကြာရတနာကြီးဟာ တစ်ခါထဲ ရောက်လာတာ။ စကြာရတနာ ရောက်လာတဲ့အခါကျမှ ဒီသားတော်ကို စကြာမင်းလို့ ခေါ်ရတာ။ ဖအေကပေးလို့ ရတာမျိုးမဟုတ်ဘူး။

အဲဒီတော့ ရှစ်ပါးသီလဆိုတာဟာလဲ အင်မတန်မွန်မြတ်တဲ့ အရိယာ

တို့စောင့်သုံးတဲ့ သီလပဲဆိုပြီး ယုံကြည်ချက်ရှိလို့သာ ရှစ်ပါးသီလ စောင့်ကြတာ။ ဒီလိုသာ ယုံကြည်ချက် မရှိလို့ရှိယင် မနက် ကျောင်းသွားပြီးတော့ ဘုန်းကြီးဆီ ရှစ်ပါးသီလတွေ ယူခဲ့ကြရော၊ အိမ်ပြန်လာတဲ့အခါကျတော့ ထမင်းဆာလို့ရှိယင် ကဲကွာ သီလဖျက်လိုက်ကြပါစို့ စားကြပါစို့ဆိုပြီး တုတ်လိုက်ကြတာပဲ။ ယုံကြည်ချက်မှ မရှိဘဲနဲ့ စားတာပေါ့။

ခုခေတ်ကတော့ ဥပုသ်စောင့်တဲ့လူ နည်းလာပါပြီ။ ဆရာတို့ ငယ်ငယ်တုန်းကတော့ လူငယ်တွေရော အကုန်လုံး ဥပုသ်စောင့်ကြတယ်။ (တချို့ တလေ လူငယ်တွေ ခုခေတ် ဘုရားပေါ်သွားတယ်ဆိုတာက ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်သွားကြတာ၊ ဘုရားဖူးချင်တဲ့လူက ခပ်နည်းနည်းပဲ။ ဒါပေမဲ့ ကုသိုလ်တော့ ရပါတယ်နော်။)

သမထတို့ ဝိပဿနာတို့ တရားအားထုတ်တယ်ဆိုတာလဲ ဒီတရားအားထုတ်လို့ရှိယင် သောတာပန် ဒီဘဝမှာပဲ ဖြစ်နိုင်တယ်။ ဒီလမ်းစဉ်ဟာ ဒီဘုရား တရားဟာ တကယ်မှန်တယ်၊ ဒီတရားအတိုင်း တကယ်ကျင့်တယ် ဆိုလို့ရှိယင် တကယ် အရိယာဖြစ်နိုင်တယ်လို့ ယုံကြည်ချက်ရှိတဲ့လူမှ ဒီတရားကို အားထုတ်နိုင်တယ်။ အဲဒီလို ယုံကြည်ချက်မရှိဘဲနဲ့ ဆိုလို့ရှိယင် သူများတကာခေါ်လို့ သွား တရားထိုင်ပေမဲ့ ခဏပဲထိုင်မှာပါ။ နောက် တရားဆက်ပြီးတော့ အားမထုတ်နိုင်ပါဘူး။

**လောကမှာ အမြတ်ဆုံးဆိုတာ ဘာလဲ**

ဒါကြောင့်မို့လို့ ဘယ်ကုသိုလ်ကောင်းမှုပဲဖြစ်ဖြစ် သဒ္ဓါပါမှ လုပ်လို့ရတယ်။ ဒါကြောင့် လူမှာအမြတ်ဆုံးရတနာဟာ အဖိုးအတန်ဆုံးရတနာဟာ လူရဲ့ခန္ဓာကိုယ်မှာ တန်ဖိုးအကြီးဆုံး ရတနာဟာ ဘာလဲ။ စိန်တွေ, ပတ္တမြားရတနာတွေဟာ တန်ဖိုးအကြီးဆုံးလား၊ ဘယ်ရတနာဟာ အမြတ်ဆုံးလဲ ဆိုလို့ရှိယင် သဒ္ဓါရတနာဟာ အမြတ်ဆုံးပါပဲတဲ့။ ဒါကြောင့်မို့လို့ သဒ္ဓါဟာ ရတနာခုနစ်ပါးထဲမှာ နံပါတ်(၁) တစ်ပါး ပါဝင်တယ်။ သဒ္ဓါတရားဟာ ကိုယ်တစ်ယောက်ထဲကိုလဲ ချမ်းသာစေနိုင်တယ်။ ဒီသဒ္ဓါ

တရားတစ်ခုနဲ့ တစ်တိုင်းပြည်လုံးကလူတွေ တစ်ကမ္ဘာလုံးကလူတွေကိုလဲ ချမ်းသာစေနိုင်တယ်။

သဒ္ဓါတရားရှိတဲ့ နိုင်ငံခေါင်းဆောင်တစ်ယောက် ပေါ်လာတယ် ဆိုလို့ရှိယင် အာဇာနည်ယောကျ်ားကောင်းတစ်ယောက် ပေါ်လာယင် သူ့ သဒ္ဓါတရားဟာ တစ်နိုင်ငံလုံးကို ချမ်းသာအောင် သူ လုပ်သွားနိုင်တယ်။

ဒါကြောင့်မို့လို့ ကုသိုလ်ကောင်းမှုဆိုတာဟာ နိုင်ငံရေးပဲဖြစ်ဖြစ်၊ လူအများ ကောင်းစားရေးပဲဖြစ်ဖြစ်၊ ဘယ်ကုသိုလ်ကောင်းမှုပဲဖြစ်ဖြစ် သဒ္ဓါ ယုံကြည်ချက်ဟာ အင်မတန်အရေးကြီးပါတယ်။ ယုံကြည်ချက်ရှိတယ်ဆို ယင် သားသမီး, စည်းစိမ်မပြောနဲ့ အသက်ကိုလဲ စွန့်ပြီးတော့ အများ ကောင်းစားရေး ကုသိုလ်ကောင်းမှုတွေကို လုပ်ကြတယ်။ ဒါကြောင့်မို့လို့ သဒ္ဓါစေတသိက်ကို ကုသိုလ်စေတသိက် ၂၅-လုံးထဲမှာ နံပါတ်(၁)ထားပြီး ဘုရားက ဟောခဲ့တာပါ။

ကဲ--တော်ကြပါစို့ သာဓုခေါ်ကြ။

သာဓု သာဓု သာဓု

* * * * *

# ပို့ချချက် (၁၃)

## (၁၆-၆-၇၉)

## ကုသိုလ်ပြုတိုင်းပါဝင်သော စေတသိက်အဆက်

ပြီးခဲ့တဲ့အပါတ်က ကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိက် ၁၉-ခု ထဲက သဒ္ဓါပေါ့။

သဒ္ဓါစေတသိက်က မြန်မာစကားထဲမှာ (ဟို-အပါတ်ကလဲ ပြောခဲ့ပြီးပြီ။) သဒ္ဓါတရားကောင်းတယ်ဆိုလို့ရှိယင် အလှူဒါနပြုတဲ့လူလို့ ဒီလို အသိများကြတယ်။ အမှန်ကတော့ သဒ္ဓါဆိုတာ ယုံကြည်မှုပါပဲ။ ဒါနလုပ်တယ်ဆိုယင် ဒီဘဝမှာရော နောက်ဘဝမှာရော အကျိုးရှိတယ်လို့ ဒီလို ယုံကြည်မှုကို သဒ္ဓါခေါ်တာပဲ။ သီလဆောက်တည်တယ် ဆိုလို့ရှိယင်လဲ ဒီဘဝမှာရော နောက်ဘဝမှာပါ အကျိုးရှိတယ်လို့ ဒီလိုယုံကြည်တာကို သဒ္ဓါခေါ်တာပဲ။ ကုသိုလ်ကောင်းမှု လုပ်တဲ့လုပ်ငန်း၊ ဘယ်လုပ်ငန်းမှာမဆို သဒ္ဓါမပါလို့ မရဘူး။ ကုသိုလ်ကောင်းမှုဆိုတာကလဲ စုဆောင်းပြီးထားတဲ့ ကိုယ့်ချွေးနည်းစာတွေ၊ ကိုယ်အင်မတန် တွယ်တာတဲ့ပစ္စည်းတွေကို လှူဒါန်းတာမျိုး၊ ကိုယ်နဲ့ရင်းပြီးတော့ လုပ်ရတဲ့ အလုပ်မျိုးတွေဖြစ်တယ်။ ဒီအလုပ်မျိုးတွေကို လုပ်တဲ့အခါ ယုံကြည်မှုကို သဒ္ဓါတရားလို့ခေါ်တယ်။

အဲဒီတော့ ယုံကြည်တယ်ဆိုတဲ့နေရာမှာ ယုံကြည်တာ နှစ်မျိုးရှိတယ်။ ကိုယ်တိုင်သိလို့ ယုံကြည်တာက တစ်မျိုး၊ ဘုရားကဟောလို့ တရားဟောတဲ့ ဆရာတွေကပြောလို့ တစ်ဆင့်ကြားပြီးတော့ ယုံကြည်တာက တစ်မျိုး၊ အဲဒီလို နှစ်မျိုးရှိတယ်။

ဥပမာအားဖြင့်-နောက်ဘဝရှိတယ်ဆိုတာ ဗုဒ္ဓဘာသာတွေ မယုံဘူးလား၊ နောက်ဘဝရှိတယ်ဆိုတာ ယုံတယ်၊ အဲဒီလို နောက်ဘဝရှိတယ်ဆိုတာ ယုံတာဟာ ကိုယ်တိုင်သိလို့ ယုံတာလား၊ တစ်ဆင့်ကြားနဲ့ ယုံတာလား။ နောက်ဘဝရှိတယ်လို့ ဗုဒ္ဓဘာသာတိုင်း အကုန်ယုံတယ်။ အဲဒီလို ယုံတာဟာ ကိုယ်တိုင်သိလို့ယုံတာလား၊ တစ်ဆင့်ကြားပြီးတော့ ယုံတာ

လား။ တစ်ဆင့်ကြားနဲ့ ယုံတာ။ နောက်ဘဝသိတဲ့လူ ဘယ်နှစ်ယောက်ရှိ သတုံး၊ ဆရာလဲ မသိပါဘူး။ အစုဘုန်းကြီးတွေလဲ မေးကြည့်စမ်းပါ၊ ကိုယ်တော်တို့ နောက်ဘဝရှိတယ်ဆိုတာ ကိုယ်တော်သိလား၊ ဘုန်းကြီးတွေလဲ မသိပါဘူး။ ရှေ့ဘဝ နောက်ဘဝတွေကိုသိတဲ့ လူဝင်စားကတော့ သိချင် သိမယ်ပေါ့။ ပြန်ပြောနိုင်တဲ့ လူဝင်စား၊ ဒါမှမဟုတ် ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေကျတော့လဲ အတိတ်ဘဝက ဘာတွေဖြစ်ခဲ့တယ်၊ နောက်ဘဝ ဘာတွေဖြစ်လိမ့်မယ်လို့ ဒီလိုသိတယ်။

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဆိုတဲ့ သဗ္ဗညုတဉာဏ်ရတဲ့ မြတ်စွာဘုရားက နောက်ဘဝဆိုတာရှိတယ်လို့ ဒီလို ဟောထားတော့ ဘုရားဆိုတာ အမှန်တရားကို သိတဲ့ ပုဂ္ဂိုလ်မျိုး၊ ဘုရားဆိုတဲ့ ပုဂ္ဂိုလ်မျိုးက ဟောထားယင် တကယ်မှန်တယ်လို့ ဧကန်မုချမှန်တယ်လို့ ဒီလို ယုံတာဟာ တစ်ဆင့်ကြားပြီးတော့ ယုံတာ၊ တစ်ဆင့်ကြားပြီးတော့ ယုံယင်လဲ ဒါဟာ သဒ္ဓါစေတသိက်ပဲ၊ ကုသိုလ်ကောင်းမှု လုပ်တာပဲ။

များသောအားဖြင့်တော့ သောတာပန်မဖြစ်သေးသမျှ ကာလပတ်လုံး တစ်ဆင့်ကြားနဲ့ ယုံတာပဲ။ သောတာပန်တွေလဲ သူတို့ တရားကိုသာ ကိုယ်တိုင်သိလို့ ဘုရားနဲ့ တရားကို ယုံတဲ့အခါမှသာ ကိုယ်တိုင်သိလို့ ယုံတာ။ ဒီလို ရှေးဘဝနဲ့ နောက်ဘဝကတော့ သောတာပန်တွေလဲ တစ်ဆင့် ကြားနဲ့ ယုံရတာပဲ။

အဲဒါကြောင့်မို့လို့ ယုံနည်းက နှစ်မျိုးရှိတယ်။ ကိုယ်တိုင်သိလို့ ယုံတာက တစ်မျိုး၊ တစ်ဆင့်ကြားနဲ့ ယုံတာက တစ်မျိုး၊ သဒ္ဓါကတော့ သဒ္ဓါချည်းပါပဲ။

အဲဒီတော့ သဒ္ဓါစေတသိက်ဟာ အကုသိုလ်စေတသိက်ထဲမှာက ဘာနဲ့ဆန့်ကျင်ဘက်လဲဆိုတော့ ဝိစိကိစ္ဆာနဲ့။ ဝိစိကိစ္ဆာဆိုတာက ဘုရားဟုတ်လေသလော-မဟုတ်လေသလော။ တရားအစစ်လေလော-မစစ်လေသလော။ သံဃာအစစ်လေလော-မစစ်လေသလောလို့ ဒီလို ဝိစိကိစ္ဆာဖြစ်နေတယ်။ ဒီတော့ ဝိစိကိစ္ဆာက ကုသိုလ်ကောင်းမှုလုပ်တဲ့နေရာမှာ

သူက အဖျက်သမားပဲ။ သဒ္ဓါက ကုသိုလ်ကောင်းမှုလုပ်တဲ့အခါမှာ တကယ့်အပြုသမား။ ဒါကြောင့်မို့လို့ ကုသိုလ်ပြုတိုင်း ပါပင်တဲ့စေတသိက်ထဲမှာ သဒ္ဓါကို နံပါတ်(၁)ထားတယ်။

**သဒ္ဓါစေတသိက်နှင့်လက်** ဒါကြောင့်မို့လို့ ဘုရားဟော ကျမ်းဂန်ထဲမှာ ပါတာက သဒ္ဓါကို ဘာနဲ့တူသလဲဆိုတော့ သဒ္ဓါစေတသိက်ဆိုတာ လက်နဲ့ တူတယ်တဲ့။ လူတွေမှာ ကိုယ်ယူချင်တဲ့ဟာကို ယူတဲ့အခါကျတော့ ဘာနဲ့ယူတုံး၊ လက်နဲ့ယူတယ်။ အကယ်၍ လက်သာမရှိဘူးဆိုယင် ပေးတဲ့လူက စိန်တွေလာပေးပါတယ်။ ယူလို့မရပါဘူး။ ထမင်းလာကျွေးတယ်၊ ပါးစပ်နဲ့ ကုန်းဟပ်ရုံပဲရှိတယ်။ အဲဒီတော့ လက်ဟာ ကိုယ့်လာပေးတဲ့ပစ္စည်း ဝတ္ထုမှန်သမျှကို ကိုယ်ယူချင် တာကို အလွယ်တကူ ယူလို့ရသလို သဒ္ဓါရှိတဲ့ ယုံကြည်တဲ့ပုဂ္ဂိုလ်က ဒါန ဆိုယင်လဲ သူ ယူလို့ရတာပဲ။ ဒါနပြုမယ်ဆိုလို့ရှိယင် သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်က ဒါနလဲ သူပြုနိုင်တယ်။ သီလလဲ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က သူဆောက်တည်နိုင်တယ်။ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က သမထ, ဝိပဿနာတရားလဲ သူအားထုတ်နိုင်ပါတယ်။ ကောင်းတဲ့လုပ်ငန်းဆိုယင် ဘယ်လုပ်ငန်း လာပေးလာပေး၊ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က သူက လုပ်လို့ရတယ်။

သဒ္ဓါတရားမရှိတဲ့ပုဂ္ဂိုလ်ကို ဒါနသွားလုပ်ခိုင်းလို့ ရပါ့မလား၊ မရဘူး။ သီလဆောက်တည်ခိုင်းယင်ကော ရပါ့မလား၊ မရပါဘူး။ ကောင်းတဲ့ လုပ်ငန်းမှန်သမျှကို ယုံကြည်မှုမရှိတဲ့ ပုဂ္ဂိုလ်ဆိုယင် ဒါတွေလုပ်လို့ အလကားပေါ့။ ပိုက်ဆံကုန် လူပန်းရုံ မောရုံရှိမှာပဲလို့ သူပြောလွှတ်လိုက်မှာပေါ့။ သူက သဒ္ဓါတရားမှ မရှိဘဲသူယုံကြည်ချက်မှ မရှိဘဲနဲ့။ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘာကုသိုလ်မှ လုပ်လို့မရဘူး၊ ကုသိုလ်ကောင်းမှုဖြစ်ဖို့ အင်မတန်နည်းပါတယ်။ ဒါကြောင့် သဒ္ဓါဟာ လက်နဲ့တူတယ်။ ဘာပြုလို့လဲဆိုတော့ လက်ဟာ ဘာကိုဖြစ်ဖြစ် သူယူချင်တဲ့ပစ္စည်းကို အလွယ်တကူယူနိုင်သလို သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်လိုချင်တဲ့ ကုသိုလ်ကောင်းမှုကို အလွယ်တကူလုပ်လို့ရတယ်။

**သဒ္ဓါစေတသိက်နှင့်ပစ္စည်းဥစ္စာ** နောက်တစ်နည်းအားဖြင့် သဒ္ဓါကို ဘယ်လို ဥပမာပေးသလဲဆိုတော့ ရွှေငွေ ဥစ္စာပစ္စည်းနဲ့ တူတယ်တဲ့။ ရွှေငွေ ဥစ္စာပစ္စည်းနဲ့ တူတယ်ဆိုတာက သဒ္ဓါတရားက ရွှေတို့ ငွေတို့ ဥစ္စာပစ္စည်းတို့နဲ့ ဘယ်လိုတူသတုံးဆိုတော့ ရွှေတို့ ငွေတို့ ရှိတဲ့လူဟာ ကိုယ်လိုချင်တဲ့ ဥစ္စာပစ္စည်းကို ဝယ်လို့မရဘူးလား၊ ကိုယ် ဘာလိုချင် လိုချင် ငွေရှိမယ် ရွှေရှိမယ်ဆိုယင် အဝတ် ဝယ်ချင်လဲ ရတာပဲ၊ မော်တော်ကားဝယ်ချင်လဲ ရတာပဲ၊ တိုက်ဆောက်ချင်ယင်ကော ရပါတယ်တဲ့။ ရွှေတို့ ငွေတို့ အများကြီးရှိမယ်ဆိုယင် ဘာလိုချင် လိုချင် အကုန်လုံး ရပါ တယ်တဲ့။

အဲဒီလိုပဲ သဒ္ဓါတရားရှိတဲ့လူဟာ ဘာကုသိုလ်ပဲဖြစ်ဖြစ် သူလုပ် ချင်ယင် မရဘူးလား၊ ရပါတယ်တဲ့။ တချို့တလေက သဒ္ဓါတရားရှိတယ် ဆိုတာဟာ ပိုက်ဆံရှိမှ ကုသိုလ်ကောင်းမှု လုပ်နိုင်တယ်လို့ အောက်မေ့နေ တယ်။ ကုသိုလ်ကောင်းမှု လုပ်နိုင်တာဟာ ပိုက်ဆံရှိတာ–မရှိတာနဲ့ ဘာမှ မဆိုင်ဘူး။ သဒ္ဓါတရားရှိတယ်ဆိုယင် ကုသိုလ်ကောင်းမှု လုပ်နိုင်တာပဲ။ ပိုက်ဆံမရှိလဲ သီလဆောက်တည်လို့တော့ မရဘူးလား၊ ရပါတယ်တဲ့။ အများအကျိုးအတွက် လမ်းတွေ ဘာတွေ ပြင်မယ်၊ အမှိုက်သိမ်းမယ် မရ ဘူးလား၊ ရပါတယ်တဲ့။ ကာယစွမ်းအားနဲ့ ကိုယ့်ခန္ဓာကို အကြောင်းပြုပြီး တော့ ဒါနလုပ်မယ်ဆိုယင် ဒါနလုပ်စရာတွေ အများကြီးရှိတာပဲ။ ပိုက်ဆံ ရှိမှ ဒါနလုပ်လို့ရတာ မဟုတ်ပါဘူး။ ဘာရှိဖို့ အရေးအကြီးဆုံးတုံး၊ သဒ္ဓါ ရှိဖို့ အရေးကြီးပါတယ်။

ဒီရပ်ကွက်တစ်ခုလုံး ငါတစ်ယောက်ထဲ သန့်ရှင်းရေးလုပ်မယ်။ ကဲ––ညစ်ပတ်ချင်တဲ့ကောင်တွေ ညစ်ပတ်ကြစမ်းကွာ၊ ညစ်ပတ်နိုင်သမျှ ငါကုသိုလ်ရတာပဲလို့ ဒီလို သဒ္ဓါတရားရှိယင် ဒီလူဟာ ကုသိုလ်ရတာပဲ။

အဲဒီတော့ ဘုရာအလောင်း သုမေဓာရှင်ရသေ့ဘဝတုန်းက သူ ဒါနလုပ်တာ ကုသိုလ်လုပ်တာ ဘာနဲ့လုပ်သတုံး၊ လူနဲ့ရင်းပြီးတော့ လုပ်တာ ပဲ၊ သူ့မှာ ဒီ့ပြင်လှူစရာ ဘာမှ ရှိတာမှ မဟုတ်ပဲ။ ရဟန္တာ ၅၀၀–နှင့်

ဘုရားကလဲ ကြွလာရော၊ ဘုရားနှင့်တကွ ရဟန္တာတွေ ရွှံ့မနင်းရအောင် ဆိုပြီးတော့ အားလျားမှောက်ပြီးတော့ သူ့ကိုယ်သူ အနင်းခံတာပဲ။ ဒါနဟာ လုပ်ချင်ယင် သဒ္ဓါရှိဖို့သာ အရေးကြီးတာပဲ။

ဒါကြောင့်မို့လို့ သဒ္ဓါတရားဟာ ဥစ္စာနဲ့တူတယ်၊ သဒ္ဓါတရားမရှိတဲ့ လူတစ်ယောက်ဟာ ဘယ်လောက် ပစ္စည်းချမ်းသာ ချမ်းသာ သူ ကုသိုလ် ကောင်းမှု မလုပ်ဖြစ်ပါဘူး။ သီလလဲ သူမဆောက်တည်ဘူး၊ သမထဝိပဿနာ လဲ သူအားမထုတ်ဘူး၊ အများအကျိုးအတွက် ကောင်းတဲ့ လုပ်ငန်းမှန်သမျှ လုပ်ဖို့ဟာ သဒ္ဓါတရားရှိဖို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ သဒ္ဓါဟာ ရွှေတို့ ငွေတို့ ရတနာတို့နဲ့တူတယ်။ ရွှေတို့ ငွေတို့ရှိတဲ့လူဟာ သူလိုချင် တာ ရသလို သဒ္ဓါတရားရှိတဲ့ လူဟာလဲ သောတာပန် ဖြစ်ချင်သလား၊ သကဒါဂါမ်ဖြစ်ချင်သလား၊ အနာဂါမ်ဖြစ်ချင်သလား၊ သူတော်ကောင်း ဖြစ်ချင်သလား၊ ကုသိုလ်ကောင်းမှု အကုန်လုံး လုပ်လို့ ရပါတယ်တဲ့။

သဒ္ဓါကို ရွှေတို ငွေတို့ ပစ္စည်းဥစ္စာတို့နဲ့ တူတဲ့အကြောင်းက သံ ယုတ်ပါဠိတော်မှာပါတယ်၊ အာဠဝကဘီလူးဟာ (အာဠဝကဘီလူးဆို ပေတဲ့ အင်မတန် တန်ခိုးကြီးတဲ့နတ်ဘီးလူ) မြတ်စွာဘုရားနဲ့သူက တန်ခိုး အမျိုးမျိုးပြိုင်ခဲ့တာ။ နောက်ဆုံး ရှုံတဲ့ဘဝကျမှ မာန်တွေ ဘာတွေ လျှော့ ပြီးတော့ လောက လူမှာတန်ဖိုးအကြီးဆုံး အမြတ်ဆုံးပစ္စည်းဟာ ဘာတုံး လို့ ဘုရားကို သူကမေးတဲ့အခါကျတော့ မြတ်စွာဘုရားက လူမှာ အမြတ် ဆုံးဟာ သဒ္ဓါတရားပဲတဲ့။ “သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ”လို့ လာတယ်။ ဤလောကမှာ သဒ္ဓါတရားဟာ အမြတ်ဆုံးပဲတဲ့။ (သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ် ဟာ ကုသိုလ်ကောင်းမှု ဘယ်ကုသိုလ်ဖြစ်ဖြစ် လုပ်လို့ရတယ်။)

အာဠဝကတို့ ပုဏ္ဏကတို့ဆိုတာ နတ်ဘီးလူးတွေ၊ အင်မတန် တန်ခိုးကြီးတဲ့နတ်တွေကတော့ သိတာပေါ့။ နတ်တွေကျတော့ သူတို့ ဘုံ ဗိမာန်တွေ ရနေတာဟာ ဘဝက လုပ်ခဲ့တဲ့ သဒ္ဓါတရားကြောင့် ရနေတာ သူတို့က ကံသက်သက်ပဲ။ လူမှာကျတော့ လူဖြစ်လာတဲ့ဘဝမှာ မချမ်းသာ

ပေမဲ့ ကြိုးစားယင် ချမ်းသာနိုင်တယ်။ ဉာဏ်တို့ ဝီရိယတို့ ထုတ်ပြီးတော့ ကြိုးစားယင် ချမ်းသာနိုင်ပါတယ်၊ နတ်တွေကျတော့ ဉာဏ်နဲ့ ဝီရိယက ပဓာနမဟုတ်တော့ဘူး။ ကံက ပဓာနဖြစ်တယ်။ အဲဒီတော့ မွေးကတည်းက နတ်လိုပဲ ချမ်းသာတဲ့လူတွေလဲ ရှိတာပေါ့။ အဲဒီချမ်းသာတဲ့ လူတွေဟာ ဘာကြောင့် ချမ်းသာတာလဲဆိုတော့ အတိတ်ဘဝက ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ သဒ္ဓါပဲ။

ဒါကြောင့်မို့လို့ ဘုရားက အဲဒီအာဠဝကနတ်ဘီလူးကို ဖြေတာက လောကကြီးမှာ စိတ်တို့ ရွှေတို့ ရတနာတို့ ပစ္စည်းဥစ္စာတို့ အားလုံးထဲမှာ အမြတ်ဆုံး ပစ္စည်းဟာ သဒ္ဓါတရားဟာ အမြတ်ဆုံးပဲတဲ့၊ ဒါကြောင့်မို့လို့ သူတော်ကောင်းဥစ္စာ ခုနစ်ပါးမှာ သဒ္ဓါဟာ ပါတယ်မဟုတ်လား။

ဒီပြင် ပစ္စည်းဥစ္စာက ဒီ တစ်ဘဝမှာရှိပြီးတော့ ဒီ တစ်ဘဝမှာ သုံးလိုက် ဖြုန်းလိုက်လို့ရှိယင် ကုန်သွားတာပဲ။ သဒ္ဓါတရားဆိုတဲ့ ဒီစေတသိက်ကတော့ ဘဝအဆက်ဆက်မှာ လူဖြစ်လဲ အထက်တန်းစားလူ၊ နတ်ဖြစ်လဲ အထက်တန်းစားနတ်၊ ဗြဟ္မာဖြစ်လဲ အထက်တန်းစား ဗြဟ္မာဆိုတဲ့ ဘဝအဆက်ဆက်မှာ သူက ချမ်းသာစေနိုင်လို့ ပစ္စည်းဥစ္စာထဲမှာ အမြတ်ဆုံး ပစ္စည်းဥစ္စာပဲလို့ ဆိုတာ။

**သဒ္ဓါစေတသိက်နှင့်မျိုးစေ**

ဒီဥပမာနှစ်မျိုး ပြီးတော့ နောက်တစ်နည်းက သဒ္ဓါတရားကို မျိုးစေ့နဲ့ တူတယ်တဲ့။ ခု ဆန်ရေစပါးဆိုတဲ့ စပါးပင်တွေကို စိုက်ပျိုးကြတဲ့အတွက် ထမင်းတွေ ဘာတွေ စားနေရတာဟာ မျိုးစေ့ရှိလို့ စားနေကြရတာ မဟုတ် လား၊ မျိုးစေ့မရှိဘဲနဲ့ အပင်စိုက်လို့ ရပါ့မလား၊ မရပါဘူးတဲ့။ အပင်ပေါက်တယ် အပင်ပေါက်တယ်ဆိုတာဟာ မျိုးစေ့ရှိမှ အပင်ပေါက်လို့ရတာ။

ဒါကြောင့်မို့လို့ သဒ္ဓါဟာ မျိုးစေ့နဲ့ တူတယ်တဲ့။ သဒ္ဓါတရားရှိမှ ချမ်းသာလို့ရတာ။ သဒ္ဓါတရားရှိတဲ့လူမှ ကုသိုလ်ကောင်းမှု အပင်တွေပေါက်လို့ရတာ။ ဒါနအပင်လဲ ပေါက်လို့ရတယ်။ သီလအပင်လဲ ပေါက်လို့ရတယ်။

သမထ အပင်တွေလဲ ပေါက်လို့ရတယ်။ ဝိပဿနာအပင်တွေလဲ ပေါက်လို့ရတယ်။ တိုင်းကျိုး ပြည်ကျိုးဆောင်တဲ့ အပင်တွေလဲ စိုက်လို့ရတယ်။ သဒ္ဓါတရားမရှိတဲ့လူ မျိုးစေ့မရှိတဲ့လူ သူဘာအပင်စိုက်လို့ရပါ့မတုံး၊ ရပ်ကွက်အကျိုးလဲ သူလုပ်မှာမဟုတ်ဘူး။ သူတစ်ယောက် ကောင်းစားရေး အတွက်ပဲ သူလုပ်မှာပဲ။ အများကောင်းစားရေးအတွက်ဆိုယင် သူက ယုံကြည်ချက် သဒ္ဓါတရားကို မရှိဘူး။ အများကောင်းစားအောင်လုပ်ယင် ချမ်းသာတယ်ဆိုတာ သူက ယုံမှ မယုံကြည်ဘဲ။ သူ့ဘာသာသူ ချမ်းသာ အောင် လုပ်မှ သူချမ်းသာမယ်လို့ ထင်တယ်။

လူတွေက အထင်နဲ့အမြင်ဟာ အဲဒီထိအောင် လွဲနေတာ။ လူဟာ အများကောင်းစားအောင်လုပ်မှ ကိုယ်ချမ်းသာတာပဲ။ ကိုယ်တစ်ယောက်ထဲ ချမ်းသာအောင်လုပ်ယင် ဘယ်တော့မှ မချမ်းသာဘူး။

ဆရာတို့ ဒီသင်တန်းပေးတယ်၊ ဘာလို့ပေးတာလဲ၊ ဒါလဲသဒ္ဓါပဲ။ ဆရာဦးလှမောင်ဆိုယင် အင်မတန် အလုပ်တွေများတယ်၊ ဒါပေမဲ့ ယုံကြည်ချက်ရှိလို့ သင်တန်းတွေ လျှောက်ပြနေတာ။ ဒီလို သင်ပြတယ်ဆိုလို့ရှိယင် အားလုံးလူငယ်တွေ လူကောင်းလေးတွေဖြစ်ပြီး တစ်တိုင်းပြည်လုံး အကျိုးရှိမယ်၊ တစ်ကမ္ဘာလုံး အကျိုးရှိမယ်၊ သူလဲအကျိုးရှိမယ်လို့ ဒီလိုယုံကြည်လို့ အများအတွက် လိုက်လုပ်နေတာပေါ့။

ဒါကြောင့်မို့လို့ အများကောင်းစားရေးပဲ လုပ်လုပ်၊ ဒါနပဲ လုပ်လုပ်၊ သီလပဲလုပ်လုပ် ယုံကြည်မှုဆိုတဲ့ မျိုးစေ့ရှိတဲ့လူဟာ ဒီလို အပင်မျိုးတွေ စိုက်လို့ရတယ်။ သဒ္ဓါတည်းဟူသော မျိုးစေ့မရှိတဲ့လူဆိုယင် ဘာအပင်မှ စိုက်လို့မရဘူး။ ဒီလူဟာ ဒီဘဝချမ်းသာလဲ တစ်ဘဝစံပဲ။ ဒီဘဝချမ်းသာ တယ်ဆိုပေမဲ့ ပစ္စည်းဥစ္စာတွေ ပေါနေပေမဲ့ ဒီလို အများအကျိုးကို မလုပ်တဲ့ လူတစ်ယောက်ဟာ မချမ်းသာပါဘူးတဲ့။ သူ့စိတ်ဟာ ဆင်းရဲနေမှာပဲ သူ့ကို ဘယ်သူမှ ဂရုစိုက်မှ မစိုက်ဘဲ။ အများအကျိုးမလုပ်တဲ့ လူတစ်ယောက် ကို ဘယ်သူမှ ဂရုမစိုက်ဘူး။ ဘယ်လောက်ပဲ ချမ်းသာနေ ချမ်းသာနေ ဘယ်သူမှ အသိအမှတ်မလုပ်ပါဘူးတဲ့။

## ကုသိုလ်လုပ်တယ်ဆိုတာ အများကောင်းစားရေးပါ

ဒါနလုပ်တယ်ဆိုတာလဲ အများကောင်းစားရေး လုပ်တာပဲ။ သီလဆောက်တည်တယ်ဆိုတာလဲ အများကောင်းစားရေး လုပ်တာပဲ။ လူတွေမှာအထင်လွဲနေတာက ဒါနပြုတယ်ဆိုတာ ကိုယ်သာ ကုသိုလ်ရအောင် လုပ်တယ်လို့ အဲဒီအမြင်လေး နည်းနည်းမှားနေတယ်။ ဒါနလုပ်တယ်ဆိုတာကအများကောင်းစားရေးလုပ်တာ။ ဒီနေ့ ကြာဖံဟင်းခါးတိုက်တဲ့လူဟာ သင်တန်းသူ သင်တန်းသားတွေ အားလုံး ကိုယ်စိတ်နှစ်ပါးချမ်းသာအောင်တိုက်တာ မဟုတ်လား။ ဒါနလုပ်တာဟာ အများကောင်းစားရေးလုပ်တာပဲ။ ကိုယ်ရော ကုသိုလ်မရဘူးလားဆိုတော့ ဒါက ပြောစရာမလိုဘူး။ အများကောင်းစားအောင်လုပ်ယင် ကိုယ်ကတော့ ရပြီးသားပဲ။ သီလဆောက်တည်တာလဲ အများကောင်းစာရေးလုပ်တာပဲ။ သမထဝိပဿနာ အားထုတ်တာလဲအများကောင်းစာရေးလုပ်တာပဲ။ ဒီနေရာမှာ နည်းနည်း တစ်ဖက်စွန်းရောက်နေကြတာက လုပ်တာကတော့ အများကောင်းစားအောင် လုပ်တာပါပဲ။ ရှေးဦးအယူအဆက ကိုယ်သာ ကုသိုလ်ရအောင်ဆိုတဲ့ အယူကြီးက သိပ်စွဲတော့ ဒီအယူကြီး ကိုယ်က တစ်ဖက်အစွန်းရောက်နေတယ်။ တစ်ဖက်စွန်းရောက်နေပေမဲ့ လက်တွေ့လုပ်ငန်းရဲ့အကျိုးတရားကို စစ်ကြည့်ယင် ဒီလုပ်ငန်းတွေဟာ အများကောင်းစားအောင်လုပ်တဲ့ လုပ်ငန်းတွေပဲ။

ဒါကြောင့်မို့လို့ သဒ္ဒါဟာ မျိုးစေနဲ့လဲတူတယ်တဲ့။ အဲဒီတော့ သဒ္ဒါစေတသိက်က ပြောမယ်ဆိုလို့ရှိယင် ပိဋကတ်သုံးပုံမှာ သဒ္ဒါစေတသိက်နဲ့ ပတ်သက်ပြီးတော့ အင်မတန် များပါတယ်။

**ဗိုလ်ရွေးပွဲ** နောက်ပြီးတော့ ဗိုလ်ရွေးပွဲ ရှိသေးတယ်၊ ကုသိုလ်စေတသိက်တွေ ၂၅-လုံးရှိပေတဲ့ ဗိုလ်ဖြစ်ထိုက်တဲ့ စေတသိက်မှ ဗိုလ်ဖြစ်တာကိုး။ လောကမှာလဲ တပ်မတော်သားတွေ အများကြီးရှိပေတဲ့ ဗိုလ်ချုပ်ကြီးတွေ ဘာတွေက နည်းနည်းပဲရှိတယ် မဟုတ်လား။ ဗိုလ်ချုပ် ဖြစ်ထိုက်တဲ့လူမှ ခန့်တာကိုး။ ဒီစေတသိက်တွေမှာလဲ ကုသိုလ် စေတသိက်တွေ ၂၅-လုံးရှိပေတဲ့ ဗိုလ်ဖြစ်နိုင်တဲ့စေတသိက်ကို ရွေးတဲ့အခါကျတော့ ဒီသဒ္ဒါ

စေတသိက်ဟာ ဗိုလ်ရွေးတဲ့အခါမှာ သဒ္ဓါဗိုလ်ဆိုပြီးတော့ ဗိုလ်တရားထဲမှာ သူကပါတယ်။

ဗိုလ်ဆိုတဲ့ စကားဟာ မြန်မာစကားလား၊ ပါဠိစကားလား။ ပါဠိက ပျက်လာတာ။ အခု ဗိုလ်ချုပ်ကြီးတို့ ဗိုလ်လေးတို့ ဘာပဲဖြစ်ဖြစ် ဗိုလ်ဆိုတဲ့ စကားဟာ တချို့တလေကျတော့ အင်္ဂလိပ်စကားလို့တောင် ထင်ရတယ်။ အင်္ဂလိပ်တွေက လာတော့ ဗိုလ်တွေလာတော့ ဗိုလ်တွေ ဘာတွေလို့ ခေါ်တာကိုး။ ဗိုလ်ဆိုတဲ့စကားဟာ မြန်မာရှင်ဘုရင်လက်ထက်ကထဲက ဗိုလ်မှူးတို့ ဘာတို့ အကုန်ရှိတာပဲ၊ ဗိုလ်ဟာ မြန်မာစကားအစစ်ပါ။ ဘယ်က ဖြစ်လာသလဲဆိုတော့ ဗလဆိုတဲ့ ပါဠိကနေ ဗိုလ်လို့ မြန်မာက မွေးစားယူလိုက်တာပဲ။ မြန်မာက ဘယ်လို နားလည်တုံးဆိုတော့ မြန်မာရဲ့ မူရင်းအဓိပ္ပါယ်က ဗိုလ်ဆိုတာ ရှေ့ဆုံးနေပြီးတော့ ရန်သူကို တိုက်တဲ့လူဟာ ဗိုလ်ပဲ။ အခု နောက်ပိုင်းကျတော့ စစ်တပ်တွေ ဘာတွေမှာ ဗိုလ်က နောက်ကနေပြီးတော့ တပ်သားတွေ ဘာတွေက ရှေ့ကနေတယ်နဲ့ တူတယ်၊ ထုံးစံကတော့ ဗိုလ်က ရှေ့ဆုံးကနေရမှာ။ ရှေ့ဆုံးက ခေါင်းဆောင်ပြီးတော့ တိုက်တာ ဗိုလ်ပဲ။ တပ်မတော်ကြီး တစ်ခုမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်တစ်ခုမှာပဲပြစ်ဖြစ် ရှေ့ဆုံးက ခေါင်းဆောင်တဲ့လူဟာ ဗိုလ်ပဲ။

**သဒ္ဓါဗိုလ်က တိုက်ထုတ်ပုံ**

ဗိုလ်ဆိုတာက ခုနတုန်းက အကုသိုလ်တရားတွေကို တိုက်တဲ့နေရာမှာ ရှေ့ဆုံးက တိုက်ရတာ။ ကောင်းတာလုပ်မယ်ဆိုရင် အကုသိုလ်တရား အဖျက်သမားတွေဟာ ချီတက်ပြီးလာတာပဲ။

ဝိစိကစ္ဆာကလဲ ဒါနလုပ်တယ်ဆိုလို့ရှိယင် ပိုက်ဆံဘာလို့ အကုန်ခံရတာလဲ၊ ဘာဖြစ်လို့ လှူရတာတုံး၊ ကိုယ့်ဘာသာကိုယ် စားပစ်လိုက်ပါလား။ ဒီဘဝ ကုသိုလ်ရမယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာ၊ နောက်ဘဝဆိုတာလဲ ရှိချင်မှ ရှိမှာ။ ဝိစိကိစ္ဆာဆိုတာက ဟုတ်လေသလော၊ မဟုတ်လောသလော ဆိုတဲ့ ဝိစိကိစ္ဆာကလဲ ဖျက်သမားပဲမဟုတ်လား။

မစ္ဆရိယကလဲ သူ့ရှိတာလေး ငါ့ တစ်သိန်းရှိတယ်၊ ငါးသောင်း လှူလိုက်တယ်ဆိုလို့ရှိယင် လျော့သွားလို့ရှိယင် နောက်ထပ် မရလို့ရှိယင် ဘယ့်နဲ့နေပါ့မတုံးဆိုတဲ့ မစ္ဆရိယကလဲ အဖျက်သမားပဲ။

အဲဒီတော့ ဒါနလေး တစ်ခုလုပ်မယ်ဆိုလို့ရှိယင် အကုသိုလ် စေတသိက်တွေကလဲ သူတို့ တပ်မတော်ကြီး ချီတက်လာတာပဲ။ အဲဒီလို အကုသိုလ်တပ်မတော်ကြီးကို ခံပြီးတော့ တိုက်ဖို့ဟာ ကုသိုလ်စေတသိက် ထဲက ဘယ်သူက ဗိုလ်လုပ်ပြီး တိုက်မလဲ။ သဒ္ဓါက ခေါင်းဆောင်ပြီး တိုက်ရတယ် မဟုတ်လား။ မင်းတို့ အကုသိုလ်ကောင်တွေ အဖျက်သမား တွေ တစ်ကောင်မှ မလာနဲ့ဆိုပြီး ဝိစိကိစ္ဆာရော မစ္ဆရိယရော နောက်လိုက် တွေရော တစ်ခါထဲအတုံးအရုံး သူက ပစ်ချပစ်လိုက်တာ။

သဒ္ဓါက ရှေ့ကနေ ခေါင်းဆောင်ပြီး တိုက်သွားတဲ့အခါကျတော့ ဒီပြင် ကုသိုလ်စေတသိက် ကုသိုလ်တပ်မတော်ကြီးက နောက်က ချီတက် လာပြီး အကုသိုလ်တပ်မတော်ကြီးကို ချေမှုန်းပစ်လိုက်တော့ တကယ့် ဒါနအောင်ပွဲကြီးတွေ၊ သီလအောင်ပွဲကြီးတွေနဲ့ အောင်ပန်းဆင်နိုင်ကြတယ် မဟုတ်လား။

အဲဒါကြောင့်မို့လို့ ကုသိုလ်ကောင်းမှု လုပ်တဲ့အခါမှာ ဘေးကလူတွေ မမြင်ရတဲ့ အကုသိုလ်တပ်သားတွေ အကုသိုလ်တပ်မတော်တွေ ချီတက် လာတာကို သဒ္ဓါစေတသိက်က တိုက်ချနေရတယ်။ စောစော စီးစီး ဒါန မပြုမီ အဲဒါတွေပဲ တိုက်နေရတယ်။ အကုသိုလ်စေတသိက်တွေ အကုန်းလုံး ပြုတ်ပြုတ်ပြုန်း ကျသွားတဲ့အခါကျတော့ ဒီပုဂ္ဂိုလ်ဟာ မလှူရမနေနိုင်ပါဘူး။

ဒါကြောင့်မို့လို့ သဒ္ဓါခေါင်းဆောင်တဲ့ ဘုရားအလောင်းတွေဟာ ကိုယ့်သွေးတွေဖောက်ပြီး လှူတယ်၊ ကိုယ့်မျက်လုံးတွေကို ဖောက်ပြီးတော့ လှူတယ်။ မယားတွေ သားတွေ သမီးတွေ လှူတယ်။ ပစ္စည်းဥစ္စာတော့ ပြောစရာကို မလိုတော့ဘူး၊ အဲသလို လှူတဲ့နေရာမှာ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့နေရာမှာ သဒ္ဓါဟာ ခေါင်းဆောင်ကြီးပါပဲ။ ဒါကြောင့်မို့လို့ သဒ္ဓါ

ကို ဗိုလ်ရွေးတဲ့အခါမှာလည်း သဒ္ဓါဗိုလ်ဆိုပြီးတော့ ကုသိုလ်စေတသိက်ထဲက ဗိုလ်အရွေးခံရတယ်။ စေတသိက်တိုင်း ဗိုလ်ရွေးခံရတာမဟုတ်ဘူး။

တစ်ခါ အစိုးရဖွဲ့တဲ့အခါမှာလဲ ကုသိုလ်စေတသိက် ၂၅–လုံး ရှိတော့ ကုသိုလ်စေတသိက် ၂၅–ခုစလုံး အစိုးရအဖွဲ့ထဲမှာ ပါနိုင်တာမဟုတ်ဘူး။ ဒါပေမဲ့ သဒ္ဓါစေတသိက်ကတော့ ပါတယ်။

**သဒ္ဓါအစိုးရ** သဒ္ဒိန္ဒြေ–သဒ္ဒိန္ဒြေဆိုတာက သဒ္ဓါရယ် ဣန္ဒြေရယ် ပေါင်းလိုက်တော့ သဒ္ဒိန္ဒြေ။ ဣန္ဒြေဆိုတာ မြန်မာ နားလည်တဲ့ ဣန္ဒြေက တစ်မျိုး၊ မြန်မာက ဣန္ဒြေကောင်းတယ်ဆိုယင် ဘာတုံး၊ သိက္ခာရှိတဲ့လူကို ပြောကာ။ တချို့ မိန်းမတွေ ဣန္ဒြေရှိတယ်ဆိုတာ မိန်းမတို့ ဣန္ဒြေ ရှေပေးလို့မရတဲ့။ အဲဒီဣန္ဒြေက တစ်မျိုးပဲ။

ရေးတော့ ဒီစကားလုံးပဲ၊ ဣန္ဒြိယဆိုတဲ့ ပါဠိကို ဣန္ဒြေလို့ဆိုပြီးတော့ မြန်မာက အဲဒီလို သုံးတယ်။ ပါဠိမှာက အစိုးရတာကို ဣန္ဒြိယ၊ ဣန္ဒြေလို့ ခေါ်တယ်။ လောကမှာ အစိုးရဆိုတာက ဒို့ပြင်လူတွေကို အုပ်ချုပ်တဲ့အဖွဲ့ကို အစိုးရလို့ခေါ်တယ်၊ တိုင်းပြည်တစ်ခုမှာ အစိုးရအဖွဲ့တစ်ခုရှိတယ်။ အစိုးရအဖွဲ့ဆိုတာက တိုင်းပြည်ကြီးထဲက ခေါင်းဆောင်တွေကိုရွေးပြီးတော့ တကယ့်အုပ်ချုပ်ရေးကို နားလည်တဲ့လူတွေကို အစိုးရဖွဲ့တာပဲ မဟုတ်လား။ လူတိုင်းလူတိုင်း အစိုရးအဖွဲ့ထဲမှာ ပါလို့ရသလား၊ မရပါဘူးတဲ့၊ အစိုးရဖွဲ့တယ်ဆိုပေတဲ့ ဖြစ်ထိုက်တဲ့လူမှ အစိုးရအဖွဲ့ထဲ ပါရတာမဟုတ်လား။

အဲဒီလိုပဲ ကုသိုလ်စေတသိက်တွေကို အစိုရးဖွဲ့တဲ့အခါကျတော့ သဒ္ဓါစေတသိက်ဟာ အစိုးရအဖွဲ့ထဲမှာ သူကပါတယ်။ သူက ဘာကို အစိုးရသလဲဆိုတော့ သူနဲ့ အတူတကွ ဖြစ်တဲ့ စိတ်စေတသိက်တွေကို သူက အစိုးရတယ်။ သူက ဒါနလုပ်တော့လို အမိန့်ပေးလိုက်လို့ရှိယင် နောက်လိုက်နောက်ပါ စေသိက်အကုန်လုံးက သူ့နောက်လိုက်ရတယ်၊ သူက အစိုးရကိုး။ သူက အမိန့်ပေးလိုက်ယင် အကုန်လုပ်ရတာပဲ။ ဒါနလုပ်တော့မယ်ဟော့

ဆိုယင် "မလုပ်ဘူးဆိုတဲ့ ခုန အကုသိုလ်စေတသိက်တွေကိုလဲ သူက အကုန်လုံး တိုက်ထုတ်ပစ်လိုက်တာပဲ။ အကုသိုလ်စေတသိက်တွေက မရှိတော့ သူ့ နောက်လိုက်ဖြစ်တဲ့ ကုသိုလ်စိတ် စေတသိက်တွေက အကုန်လုံး သူ ပေးတဲ့ အမိန့်အတိုင်း လိုက်နာပြီးတော့ အကုန် ဒါန ထလုပ်ကြတာပဲ။ သဒ္ဓါတစ်ခုတည်းနှင့် ဒါနလုပ်လို့ရတာမှ မဟုတ်ဘဲ။ စေတနာတို့ ဝီရိယတို့ သတိတို့ ပညာတို့ အကုန်ပါရအုံးမှာကိုး။ အဲဒီတော့ သဒ္ဓါက အစိုးရတယ် ဆိုတာက ဒါနလုပ်တယ်ဆိုလိုရှိယင်လဲ အစိုးရတယ်၊ သီလလုပ်မယ်ဆို လို့ရှိယင်လဲ သူနဲ့အတူတကွဖြစ်တဲ့ စိတ်စေတသိက်တွေကို သူက အစိုးရ တာကိုး။ ဒါကြောင့်မို့လို့ အစိုးရဖွဲ့တဲ့အခါမှာ သဒ္ဓါဟာ သဒ္ဓိန္ဒြေဆိုပြီးတော့ အစိုးရ အဖွဲ့ထဲမှာလဲ သူပါတယ်။ ဒါကြောင့်မို့လို့ ဒီကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်ထဲမှာ နံပါတ်(၁) သဒ္ဓါစေတသိက်ကို ရှေ့ဆုံးက ထားရတာပါပဲ။

ပြန်ပြီးအကျဉ်းချုပ်ရယင် သဒ္ဓါဆိုတာ ယုံကြည်ချက်ပဲ။ ယုံကြည် တယ်ဆိုတဲ့ နေရာမှာ အရေးအကြီးဆုံးက ပထမ ကံ, ကံ၏အကျိုးကို ယုံကြည်ရမယ်။ ဒါဟာ အရေးအကြီးဆုံး ယုံကြည်ချက်ပဲ။ နောက်ဒီထက် တက်ပြီးတော့ အနာဂတ်ဘဝရှိတယ်၊ အတိတ်ဘဝရှိတယ်လို့ ယုံကြည်ရ မယ်။ ဒါလဲ အရေးကြီးတယ်။

လူတွေ ဆင်းရဲတာဟာ မကောင်းတာလုပ်တဲ့လူတွေ ဆင်းရဲတယ်၊ ကောင်းတာလုပ်တဲ့လူတွေဟာ ချမ်းသာတယ်လို့ ဒီလိုယုံကြည်ရမယ်၊ အဲဒါ ဟာလဲ သဒ္ဓါပဲ။ မကောင်းတာလုပ်တဲ့လူဟာ ချမ်းသာတယ်လို့ ဘယ်တော့မှ မရှိဘူး၊ မကောင်းတာလုပ်တဲလူဟာ ဆင်းရဲတယ်၊ ကောင်းတာလုပ်တဲ့လူဟာ ချမ်းသာတယ်လို့ ဒီလို ယုံကြည်ရမယ်။ မကောင်းတာလုပ်တဲ့ လူဟာ ဒီ ဘဝမှာရော နောက်ဘဝမှာရော ဆင်းရဲတယ်၊ ကောင်းတာလုပ်တဲ့လူဟာ ဒီဘဝမှာရော နောက်ဘဝမှာရော ချမ်းသာတယ်လို့ ဒီလို ယုံကြည်ရမယ်။

အဲဒါသည်ပင်လျှင် ဘုရားကိုယုံတာပဲ၊ ဒါဘုရားဟောထားတာကိုး။ တစ်ဆင့်ကြား (တစ်ဆင့်ကြားဆိုတာက ဘုရားဟောလို့ယုံတာ)လို့ ယုံတာ။

အဲဒီသဒ္ဓါက အရေးကြီးတယ်။ ဘုရားဟောလို့ တစ်ဆင့်ကြားနဲ့ယုံတော့ ဘုရားကိုယုံရာကျတာပေါ့။ တရားကိုယုံတယ်ဆိုတာက ဘုရားဟောတဲ့ တရားတွေဟာမှန်တယ်လို့ တရားကိုလဲယုံတယ်၊ တရားကိုယုံတယ်ဆိုလို့ရှိယင် သံဃာဆိုတာ ဒီတရားတွေကိုကျင့်လို့ အရိယာသံဃာဆိုပြီး တကယ့်သံဃာ တော်တွေ ပေါ်ပေါက်လာတယ်။

ဘုရားရှိလို့ တရားရှိလို့ သံဃာဟာပေါ်လာတာပဲ ဆိုပြီးတော့ သံဃာကိုလဲ တကယ်ယုံရာကျသွားတာပါပဲတဲ့။ ဘုရားရယ် တရားရယ် သံဃာရယ်ယုံတဲ့လူဟာ ငါးပါးသီလရော လုံသွားတာပဲ။ ဘာဖြစ်လို့လုံသလဲ ဆိုတော့ သူများအသက် သတ်တယ်ဆိုလို့ရှိယင် ဘုရားက အပြစ်ရှိတယ်လို့ ဟောတာကိုး။ အပြစ်ရှိတယ်လို့ဟောတော့ ယုံယင် ကိုယ်က လုပ်မလား၊ ယုံယင် ကိုယ်က မလုပ်ဘူး။ ပါဏာတိပါတာ၊ သူများအသက် မသတ်ဘူး။ အဒိန္နာဒါနာ၊ သူများဥစ္စာ မခိုးဘူး။ ကာမေသုမိစ္ဆာစာရာ၊ သူတစ်ပါးသား မယား မပြစ်မှားဘူး။ မုသာဝါဒါ၊ မလိမ်ဘူး။ သုရာမေရယ၊ အရက် မသောက်ဘူး။ ငါးပါးသီလလဲ လုံသွားတာပဲ။

## ထိပ်တန်း ဗုဒ္ဓဘာသာနှင့် သောတာပန်

ဘုရားလဲယုံတယ်၊ တရားလဲယုံတယ်၊ သံဃာလဲယုံတယ်၊ ငါးပါး သီလလဲ လုံတယ်ဆိုယင် ထိပ်တန်းဗုဒ္ဓဘာသာပဲ။ ငါးပါးသီလမလုံယင် ဗုဒ္ဓဘာသာမဟုတ်ဘူးလို့ ပြောတာမဟုတ်ပါဘူး။ ဒါက ထိပ်တန်း ဗုဒ္ဓဘာ သာ ပြောတာ။ ဒီလေးချက်နဲ့ ပြည့်စုံယင် သောတာပန်လို့ခေါ်တာပဲ။

အခုခေတ်လူတွေမှာတော့ သောတာပန်ဖြစ်အောင်လို့ကျင့်လိုက်ရ တာ၊ တရားထိုင်လိုက်ရတာ၊ ဉာဏ်စဉ်တက်လိုက်ရတာ၊ ဘုရားဟောတဲ့တရား ထဲမှာကတော့ ဉာဏ်စဉ်မတက်ဘဲနဲ့လဲ ဘုရားလဲယုံတယ်၊ တရားလဲယုံတယ်၊ သံဃာလဲယုံတယ်၊ အသက်နဲ့လဲပြီး ယုံရမယ်။ ငါးပါးသီလလုံတယ်ဆိုလို့ရှိ ယင် ဒါဟာ သောတာပန်ပဲတဲ့။ အပါယ်မကျဘူး။ တရားတွေ ဘာတွေ

ထိုင်စရာလဲ မလိုပါဘူး။ ဝိပဿနာရိပ်သာတွေ ဘာတွေ သွားစရာလဲ မလို ဘူး။ ဒါဟာ ဘုရားဟောတဲ့ သံယုတ်ပါဠိတော်မှာ ပါတာပါ။

ရှေးက မြန်မာကျောင်းဒကာကြီးတွေဟာ တကယ်ယုံတဲ့ ပုဂ္ဂိုလ် ကြီးတွေပဲ။ ငါးပါးသီလလဲ တကယ့်ကိုလုံပါတယ်။ ဝိပဿနာတွေ ဘာတွေ မထိုင်ပါဘူး။ ဒီပုဂ္ဂိုလ်ကြီးတွေကို ဘုရားက သောတာပန်လို့ပဲ ဟောတာပါပဲ။ သဒ္ဒါတရားနဲ့ပြည့်စုံယင် သောတာပန်ပဲတဲ့။ သောတာပန်မှာ သဒ္ဒါဟာ အရေးကြီးဆုံးပဲတဲ့။

သဒ္ဒါကတော့ တော်လောက်ပြီ၊ သဒ္ဒါက များတော့များတယ်။ သဒ္ဒါစေတသိတ်စုံအောင်ဆိုယင် စာအုပ်ကြီးတစ်အုပ် သီးသန့် ရေးရလိမ့်မယ်။ သို့ပေတဲ့ သဒ္ဒါစေတသိတ်ဆိုတာ ဘယ်လောက်ထိအောင် နက်နဲတယ်၊ ဘယ်လောက်ထိအောင် အဓိပ္ပါယ်တွေပါတယ်၊ ဗုဒ္ဓဘာသာတရားမှာ သဒ္ဒါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဒီလောက်နဲ့ သိနိုင်လောက်ပါပြီ။

**သတိစေတသိက်**

သဒ္ဒါပြီးတော့ ဒုတိယစေတသိတ်က သတိစေတသိတ်။ အဲဒီစေတသိတ်ကလဲ ဘာသာပြန်လို့ရှိယင်တောင် တော်တော်ခွကျတယ်။ ဘာဖြစ်လို့လဲဆိုယင် အဘိဓမ္မာစကားလုံးတွေက အကုန်လုံး မြန်မာစကားဖြစ်နေတာကိုး။ သဒ္ဒါဆိုလို့ရှိယင်လဲ မြန်မာစကား ဖြစ်နေတယ်။ မှန်သလားဆိုတော့ အားလုံးတော့မမှန်ဘူး၊ နည်းနည်းပါး ပါးမှန်တယ်။ သတိဆိုတာလဲ မြန်မာစကားထဲမှာ သတိကောင်း တယ်တဲ့။ သတိဆိုတာက အကုသိုလ်စေတသိတ် မဟုတ်ဘူး၊ ကုသိုလ်စေတသိတ်။ မြန်မာစကားမှာ သတိကောင်းတယ်ဆိုလို့ရှိယင် ဘာကို ပြောတာတုံး၊ မမေ့ တာပြောတာပဲ။ မမေ့တာ နှစ်မျိုးရှိတယ်။

အကုသိုလ်လုပ်ငန်းတွေကို မမေ့တာလဲ မြန်မာက သတိကောင်း တယ်လို့ ပြောတာပဲ။ ကုသိုလ်ကောင်းမှုလုပ်ဖို့ မမေ့တာလဲ သတိကောင်း တယ်လို့ ပြောတာပဲ။ အဘိဓမ္မာ သတိစေတသိတ်ဆိုတာက အကုသိုလ်မှာ မရှိဘူး၊ကုသိုလ်မှာသာ သတိစေတသိတ်ရှိတယ်။ ရှေးကအဘိဓမ္မာဆရာတွေက

သတိစေတသိတ်ကို အောက်မေ့မှုလို့ ဒီလိုဘာသာပြန်တယ်။ အောက်မေ့မှုဆိုတဲ့ ဘာသာပြန်ကလဲ မြန်မာမှာက နစ်ဘက်ရပဲ။ မကောင်းတာတွေကိုလဲ အောက်မေ့တာပဲ၊ ကောင်းတာတွေကိုလဲ အောက်မေ့တာပဲ။ အဲဒီတော့ အောက်မေ့တယ်လို့ပြန်ပေတဲ့ အဘိဓမ္မာစစ်စစ် သဘောတရားထိအောင် မရောက်ဘူး။

တစ်ခါ သတိစေတသိတ်ကို ဥပမာပေးတာက တံခါးစောင့်နဲ့တူတယ်၊ ဒရဝမ်နဲ့တူတယ်တဲ့။ အဲဒီ ဥပမာကို ကြည့်မယ်ဆိုလို့ရှိယင် သတိစေတသိတ်ဆိုတာက အကုသိုလ်တရားတွေကို မဝင်အောင် သူက စောင့်ပြီးတော့ နေတာ။ အကုသိုလ်တရားတွေကို မဝင်အောင် စောင့်ပြီးတော့နေတဲ့ တရားကို သတိလို့ဆိုတာ။ အဓိပ္ပါယ်တစ်ခု–အဒေပါက်ဝမှာ အစောင့်ချထားတဲ့ တံခါးစောင့်ဆိုလို့ရှိယင် တံခါးစောင့်က သူ့အကုန်လုံးတော့ စောင့်နေတာ မဟုတ်ဘူး။ ကောင်းတဲ့လူတွေဆိုယင်တော့ ဝင်ပေါ့။ မကောင်းတဲ့လူ မဝင်ရအောင်လို့ သူကစောင့်နေတာ။ အဲဒီတော့ သတိဆိုတာကလဲ ဒီအတိုင်းပဲ။ ကိုယ့်ခန္ဓာ, ကိုယ့်ရဲ့စိတ်ထဲကို မကောင်းတဲ့ အကုသိုလ်တရားတွေ မဝင်ရအောင် သူက စောင့်ပြီးတော့နေတာ။ အဲဒါကြောင့်မို့လို့ သတိဟာ တံခါးစောင့်နဲ့ တူတယ်ဆိုလို့ရှိယင် အကုသိုလ်တရားများ မဝင်ရအောင် စောင့်ထိန်းပြီးနေတာဟာ သတိစေတသိတ်ပဲ။

## သတိစေတသိက်နှင့်ဗုဒ္ဓ၏နောက်ဆုံးစကား

အဲသလို ပြန်လိုက်တဲ့အခါကျမှ သတိစေတသိတ်ရဲ့ အဓိပ္ပါယ်ဟာ သူက ထိန်းပေးတာပဲ။ အကုသိုလ်တရားတွေ မဝင်အောင် ထိန်းပြီးတော့ထားတာ။ စောင့်ပြီးတော့နေတာ။ အဲဒါကြောင့်မို့လို့ သူ့ကို သတိစေတသိက်လို့ ဆိုတယ်။ ဒါမှ ကုသိုလ်တရားတွေနဲ့ ကိုက်သွားမှာပါ။ နောက်ပြီးတော့ တစ်ခုရှိသေးတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးမှာ မှာခဲ့တာ ကြားဖူးကြတယ် မဟုတ်လား“ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။” အပ္ပမာဒေန–ကို ဘယ်လို

အနက်ပေးလဲဆိုတော့–မမေ့မလျော့ မပေါ့မဆသော သတိတရားနဲ့။ သမ္မာ–ဒေထ၊ ပြည့်စုံကြကုန်လော့–တဲ့။

ဘုန်းကြီးတွေ ငါးပါးသီလ ပေးထဲ့အထဲမှာ "အပ္ပမာဒေန သမ္မာဒေထ"ပါတာပဲမဟုတ်လား။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသော သဟိဟရားနဲ့။ သမ္မာဒေထ၊ ပြည့်စုံကြကုန်လော့–လို့။

ဒီနေရာမှာ အပ္ပမာဒ–နဲ့ သတိတရားဟာ အတူတူပဲ။ ပမာဒ ဆိုတာက မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတာကို "ပမာဒ"တရားခေါ်တယ်။ "အပ္ပမာဒ တရား"ဆိုတာက မမေ့မလျော့ မပေါ့မဆနေတာကို အပ္ပမာဒတရားလို့ ခေါ်တယ်။ အဲဒီတော့ သတိတရားနဲ့ အပ္ပမာဒတရားဆိုတာနဲ့ အတူတူပဲ။ အပ္ပမာဒ ပေါ့ပေါ့ဆဆမနေမှု၊ ပေါ့ပေါ့ဆဆမနေတာဟာ သတိပဲ။ သတိမရှိတဲ့လူတွေဟာ ပေါ့ပေါ့ဆဆနေတယ်။

လူဖြစ်လာတယ်၊ ကျောင်းသားအရွယ်ရောက်လာတယ်၊ ကျောင်းသားအရွယ်ရောက်လာလို့ရှိယင် ပေါ့ပေါ့ဆဆနေတဲ့ ကျောင်းသူကျောင်းသားကတော့ အများရုပ်ရှင်ကြည့်ယင် ကြည့်လိုက်မယ်၊ အများကျောင်းတက်ယင် တက်လိုက်မယ်၊ အများစကားပြောယင် ပြောလိုက်မယ်၊ ဒါပေါ့ဆဆနေတာ။

သတိရှိတဲ့ ကျောင်းသူကျောင်းသားကတော့ သူများတကာ ပျော်နေပေမဲ့ ပေါ့ပေါ့ဆဆမနေဘူး။ တို့ဟာ မိဘအတွက် ဘာတွေလုပ်ရမယ်၊ ညီအစ်ကိုမောင်နှမအတွက် ဘာတွေလုပ်ရအုံးမယ်။ ဆွေမျိုးအတွက် ဘာတွေလုပ်ရအုံးမယ်။ တို့တိုင်းပြည်အတွက် ဘာတွေလုပ်ရအုံးမယ်၊ တို့မှာ လုပ်စရာတွေ အများကြီးရှိတယ်။ ၁၅–နှစ် ၁၆–နှစ်ရှိယင်ပဲ သူမှာလဲ စီမံကိန်းနဲ့ ပေါ့ပေါ့ဆဆ မဟုတ်ဘူး။ ငါဟာ ၁၆–နှစ်မှာ ဘာတွေဖြစ်ရမယ်။ ငါ အသက် ၂၀–ကျတော့ တိုင်းပြည်ခေါင်းဆောင် ဖြစ်ရမယ်။ ဒါတွေဟာ ငါအကုန်လုံး အသက်နဲ့ လဲပြီးတော့ မဖြစ် ဖြစ်အောင် လုပ်ရမယ်–ဆိုတဲ့ ပေါ့ပေါ့ဆဆမနေတဲ့လူဟာ သတိတရားရှိတဲ့လူပဲ။

အဓိပ္ပါယ်တစ်ခု–ဗိုလ်ချုပ်အောင်ဆန်းလို့ပေါ့။ ဗိုလ်ချုပ်အောင်ဆန်း

ဟာ တက္ကသိုလ်ရောက်တယ်။ ၁၇–နှစ်၊ ၁၈–နှစ်ဆိုယင် ငါဟာ ဘာတွေ လုပ်ရမယ်၊ တို့တိုင်းပြည် ခု ဘာတွေဖြစ်နေတယ်၊ ခု နိုင်ငံရေးသမားတွေ ဘာတွေ လုပ်နေတယ်၊ စီးပွားရေးသမားတွေ ဘာတွေလုပ်နေတယ်၊ ငါ ဒါ တွေကို ဘယ်လိုလုပ်ရမလဲ၊ ငါ ဒါတွေကို အသက်နဲ့လဲပြီးတော့ လုပ်ကို လုပ်ရမယ်၊ ဒီဟာတွေလုပ်ဖို့ ပညာတွေကို လေ့လာနေတယ်၊ ဒါတွေ လုပ် ဖို့ စာအုပ်တွေ ဖတ်နေတယ်၊ ပေါ့ပေါ့ဆဆ မနေဘူး။

**ပေါ့ပေါ့ဆဆနေတဲ့ လူတွေဟာ ဘယ်တော့မှ ခေါင်းဆောင်မဖြစ်ဘူး။** မြန်မာလူမျိုးဟာ ၁၆–နှစ်သားက တိုင်းပြည်အုပ်ချုပ်ပြီးတော့ ရှင်ဘုရင် တက်လုပ်တဲ့လူမျိုးပဲ။

အခု ဘယ်လောက်ထိအောင် ကလေးတွေ ပေါ့ပေါ့ဆဆ နေသလဲ ဆိုယင် အသက် ၂၀–၂၁ နှစ်ထိအောင် မိဘက ကျွေးနေရတဲ့ဘဝမျိုး ရှိ သေးတယ်။ မြန်မာလူမျိုးဟာ ၁၆–နှစ်ဆိုယင် တစ်အိမ်ထောင်လုံး တစ်ဆွေ မျိုးလုံး မကဘူး၊ တိုင်းပြည်အတွက်ကို သူက ခေါင်းဆောင်ပြီးတော့ လုပ် တဲ့လူမျိုး။ အခုတော့ သူတို့ဟာ စာကျက်ရတဲ့ ဘဝမျိုးက မတက်နိုင်အောင် ဖြစ်နေတယ်၊ ဒါ ပေါ့ပေါ့ဆဆ နေကြလို့။

သတိတရားဆိုတာက ပေါ့ပေါ့ဆဆမနေဘူး။ အမြဲတမ်း စဉ်းစား နေတယ်။ သတိရှိနေတယ်။ တချို့တလေက အသက် ၄–၅–၆၀–ရှိပေမဲ့ ဒီလိုပဲ အများသွားယင် သွားတယ်၊ အများစားယင် စားတယ်၊ အများလုပ် ယင် လုပ်တယ်၊ ဒါ ပေါ့ပေါ့ဆဆနေတာ။

ငါ အခု ၅၀–ကျော် ၆၀–ရှိနေပြီ၊ ငါ တိုင်းပြည်အတွက် ဘာလုပ် ခဲ့ပြီးပြီလဲ၊ ငါ အများအတွက် ဘာတွေလုပ်ပြီးပြီလဲ၊ ငါ့အတွက် ဘာတွေ လုပ်ပြီးပြီလဲလို့ သတိဆိုတာ ကိုယ့်ကိုယ်ကို အမြဲတမ်း ဆန်းစစ်ပြီးတော့ နေတာ။

အဲသလို နေတဲ့လူမှ အကုသိုလ်တရားတွေ မဝင်ဘဲနဲ့ ကုသိုလ်တရား တွေ ဝင်မှာပေါ့။ ပေါ့ပေါ့ဆဆ အမှုမဲ့ အမှတ်မဲ့ နေတဲ့လူဟာ ဘယ်နေ့

ဘာတွေ လုပ်မယ်၊ ဘယ်နေရာမှာ ဘာလုပ်မယ်၊ ဘယ်အချိန် ဘာလုပ်မယ် ဆိုတာ သူ ဘယ့်နှယ့်လုပ် သိမတုံး။ အဲဒါကြောင့်မို့လို့ ဒီ သတိဆိုတာဟာ ပေါ့ပေါ့ဆဆမနေတာ၊ မေ့မေ့လျော့လျော့ မနေတာဟာ သတိပဲ။

မမေ့ဘူးဆိုတာက နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးတို့တွင် လုပ်ခဲ့ပြီးတဲ့ ကုသိုလ်ကောင်းမှု အလုပ်တွေကို မမေ့တာမှ သတိ၊ မဟုတ်တာတွေ လုပ်ခဲ့တာ မမေ့တာကတော့ သတိနဲ့ ဘာမှမဆိုင်ပါဘူး။ ကိုယ့်တိုင်းပြည်အတွက် လုပ်ခဲ့တာတွေ, သာသနာအတွက် လုပ်ခဲ့တာတွေ, ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို မမေ့တာမှ သတိလို့ခေါ်တယ်။ ငါဘယ်တုန်းက ဘာတွေ လှူခဲ့တယ်၊ ဘယ်တုန်းက ဘယ်သူငယ်ချင်းကို ကူညီခဲ့တယ်၊ ဘယ်တုန်းက ရပ်ကွက်အကျိုးတွေ လုပ်ခဲ့တယ်၊ ဘယ်တုန်းက တိုင်းပြည်အတွက် ဘာတွေလုပ်ခဲ့တယ်၊ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်တွေကို သတိရတိုင်း ရတိုင်း ကုသိုလ်တွေ ဖြစ်နေတာပဲ။ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ မမေ့တာဟာ သတိတရားပဲ။ ဒါ အပွမာဒပဲ။

**သတိစေတသိက်နှင့် လောကရေး** လုပ်ခဲ့ပြီးတဲ့ ကုသိုလ်ကောင်းမှုတွေ မမေ့တာထက် မလုပ်ရသေးတဲ့ ကုသိုလ်ကောင်းမှုတွေ မမေ့ဖို့က ပိုအရေးကြီးတယ်။ ငါ ၁၆-နှစ်ရှိလာပြီ။ တိုင်းပြည်အတွက် ဘာတွေလုပ်ခဲ့သတုံး၊ တိုင်းပြည်အတွက် ဘာမှ မလုပ်ရသေးဘူးဆိုလို့ရှိယင် ငါဟာ အလကားလူတစ်ယောက်ပဲ။ ငါ အသက် ၂၀-ရှိလာပြီ၊ တိုင်းပြည်အတွက် အများကောင်းကျိုးအတွက် ဘာတွေလုပ်ခဲ့ပြီတုံး၊ ဘာမှမလုပ်ရသေးဘူး၊ ဘာမှမလုပ်ရသေးယင် ငါ အလကားလူပဲ၊ လူ့ပြည်ရောက်လာတာ ဘာမှအသုံးကျတဲ့ လူတစ်ယောက်မဟုတ်ဘူး၊ ငါ အသက် ၄၀-ရှိလာပြီ၊ အများကောင်းကျိုးအတွက် ဘာတွေလုပ်ခဲ့သတုံး၊ တိုင်းပြည်အတွက် ငါ ဘာတွေလုပ်ခဲ့သတုံး၊ ဘာမှမလုပ်ရသေးလို့ရှိယင် ငါ့အသက် ၄၀-၅၀-ရှိလေတဲ့ လူ့ပြည်ရောက်လာတာ ဆန်ကုန်မြေလေး အလကားလူတစ်ယောက်ပဲလို့ ဒီလို ကိုယ့်ကိုယ်ကို မလုပ်ရသေးတဲ့ ကောင်းမှုတွေကို မမေ့ဖို့ဟာ သိပ်အရေးကြီးတာပဲ။

မလုပ်ရသေးတဲ့ အလုပ်တွေကို မမေ့မှ လုပ်ဖြစ်မှာပေါ့။ ကိုယ့်အသက် ၁၆-နှစ်မှာ မလုပ်ဖြစ်သေးလို့ရှိယင် အသက် ၂၀-မှာ လုပ်ပေါ့။ အသက် ၂၀-မှာ မလုပ်ဖြစ်သေးလို့ရှိယင် ၃၀-ကျတော့ လုပ်ပေါ့။ အသက် ၃၀-မှာ မလုပ်ဖြစ်သေးလို့ရှိယင် အသက် ၄၀-ကျတော့ လုပ်ပေါ့။

အဲဒါကြောင့်မို့လို့ သတိတရားဆိုတာဟာ မြတ်စွာဘုရားက တရားတကာ့ တရားထဲမှာ အရေးအကြီးဆုံးတရားတဲ့။ မင်းတို့ သတိနဲ့နေခဲ့ကြတဲ့။ လောကကြီးမှာ ဆင်းရဲတယ်ဆိုတာဟာ ပေါ့ပေါ့ဆဆနေလို့ ဆင်းရဲရတာပဲ့တဲ့။ (ခါးပိုက်နှိုက်ခံရတယ်ဆိုတာ ဘာဖြစ်လို့လဲ၊ သတိလစ်ယင် ခံရတာပဲ မဟုတ်လား။)

တကယ့် လူရယ်လို့ဖြစ်လာယင် ပေါ့ပေါ့ဆဆ မနေဘဲနဲ့ အချိန်တိုင်းစဉ်းစားပြီး အချိန်တိုင်း မလုပ်ရသေးတဲ့ အလုပ်တွေကို မလုပ်ရသေးဘူး၊ လုပ်ပြီးသားအလုပ်တွေကို လုပ်ပြီးပြီလို့ ဒီလိုသတိနဲ့နေတဲ့ ပုဂ္ဂိုလ်ဟာ တစ်နှစ်ထက် တစ်နှစ်၊ တစ်နှစ်ထက် တစ်နှစ် သူဟာ အထက်တန်းကို ရောက်လာတာပဲ။

သတိတရားအရေးကြီးတယ်ဆိုတာက တချို့တလေကတော့ တကယ် တရားအားထုတ်တဲ့အခါမှာသာ အရေးကြီးတယ်လို့ ဒီလို အောက်မေ့တယ်။

အပ္ပမာဒ တရားဆိုတာ ဘယ်နေရာမဆို အိမ်တွင်းရေးရာမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်ရေးရာမှာပဲဖြစ်ဖြစ်၊ မြို့ပြရေးရာမှာပဲဖြစ်ဖြစ်၊ တစ်တိုင်းပြည်လုံးရေးရာမှာပဲဖြစ်ဖြစ်၊ တစ်ကမ္ဘာလုံးရေးရာမှာပဲဖြစ်ဖြစ် သတိတရားရှိနေရမယ်။ သတိဆိုတာက ကိုယ်မလုပ်ရသေးတဲ့ အလုပ်တွေကို လုပ်ဖို့နဲ့ လုပ်ပြီးသားအလုပ်တွေလဲ ငါဘာတွေ ဘာတွေတော့ လုပ်ပြီးပြီလို့ သတိရှိနေရမယ်။

ရှင်းရှင်းကတော့ လူတစ်ယောက်မှာလဲ စီမံကိန်းရှိရတာပါပဲ။ အစိုးရအဖွဲ့တစ်ခုဟာလဲ တက်လာလို့ရှိယင် သူ့စီမံကိန်းနဲ့ သူ့ပေါ်လစီကို ကြေငြာရသလိုပဲ။ လူဟာလဲ လူရယ်လို့ဖြစ်လာပြီး ၁၅-နှစ်၊ ၁၆-နှစ်ရှိ

လာလို့ရှိယင် ကိုယ့်စိမ်ကိန်းနဲ့ ကိုယ့်ပန်းတိုင် ရှိရမှာပေါ့။ ကိုယ်မလုပ်ရသေးကာတွေက ဘာတွေ၊ လုပ်ပြီးသားတွေက ဘာတွေဆိုတာ အမြဲတမ်း သတိရှိနေမယ်။ အဲသလို သတိရှိနေတဲ့လူဟာ လောကမှာလဲ တကယ့်ထိပ်တန်းရောက်တာပဲ။

**သတိစေတသိက်နှင့် လောကုတ္တရာရေး** လောကုတ္တရာတရားကျတော့လဲ ဒီသတိပဋ္ဌာန်ဆိုတာ ဘာတုံး၊ သတိပဋ္ဌာန်ဆိုတာ သတိကို အထူးလေ့ကျင့်ခန်း လုပ်တာပါပဲ။

လူတွေဟာ ကိုယ့်ကိုယ်ကိုတော့ သတိရှိတယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ အလွန်ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့ နေကြတာ များတယ်။ ဆင်းရဲနေတာလဲ ဆင်းရဲအတိုင်းပဲ၊ ချမ်းသာနေတော့လဲ ရသမျှလေးနဲ့ နေကြတာပဲ။ ဘယ်သူမှ သတိရှိပြီးတော့ တို့တိုင်းပြည်ကြီးကို ဘယ်လို ဘယ်လိုဖြစ်အောင် လုပ်မယ်လို့ ကျောင်းသူကျောင်းသားတိုင်း၊ ယောကျ်ားလေးတိုင်း၊ မိန်းကလေးတိုင်း စဉ်းစားပြီးတော့နေတာ ဘယ်နှစ်ယောက် ရှိသလဲ။ အသက် ၅၀–ကျော် ၆၀–ကျော် လူတွေကလဲ တို့တိုင်းပြည်ကို ဘာတွေဘာတွေ ဖြစ်သွားအောင် ဘယ်လိုလုပ်မယ်လို့ စဉ်းစားနေတဲ့လူ ဘယ်ယောက်ရှိသလဲ။ တိုင်းပြည်နဲ့ချီပြီးတော့မပြောနဲ့ ကိုယ့်ကိုယ်ကို ကောင်းစားဖို့တောင်မှ သိပ်မစဉ်းစားကြဘူး၊ ဖြစ်လာတဲ့ဘဝ ဖြစ်သလို နေကြတာ။ **ဒီလို ဖြစ်သလိုနေတာကိုပဲ** တရားရှိတယ်လို့ ထင်နေကြသေးတယ်။ ဒီလိုဖြစ်သလိုနေတဲ့လူတွေ ဘယ်တော့ ချမ်းသာမလဲ၊ ဘယ်တော့မှ မချမ်းသာဘူး။ အဲဒီတော့ ပေါ့ပေါ့ဆဆ မနေတဲ့လူမှ သတိရှိတဲ့လူမှ လောကမှာလဲ ကြီးပွားချမ်းသာတာပဲ။

ဒါကြောင့်မို့လို့ စစ်တပ်ထဲ ဝင်တဲ့အခါကျတော့လဲ ဘယ်က စကျင့်ရသလဲ၊ တန်းစီဆိုပြီးတော့ ဘယ်လိုလုပ်သလဲ"ရဲဘော်–သတိ"လို့ ဆိုရတယ်မဟုတ်လား။ အဲဒီတော့ စစ်သားတွေမှာလဲ သတိ သိပ်အရေးကြီးတာပဲ။ အရပ်ထဲကလူတွေ ပေါ့ပေါ့ဆဆနေယင် သိပ်ကိစ္စမရှိဘူး၊ ပစ်

နေတဲ့ သေနတ်တွေက ကျည်ဆန်တွေဟာ မမြင်ရတဲ့ ကျည်ဆန်တွေ။ ပေါ့ပေါ့ဆဆနေယင် ရုပ်ရှင်ကြည့်ရအောင်ဆို လိုက်သွားတာပဲ၊ ပေါ့ပေါ့ဆဆ နေတဲ့လူဟာ ပါသွားတာပဲ။ ပေါ့ပေါ့ဆဆ မနေတဲ့လူဟာ ငါသင်တန်း တက်ရအုံးမယ်၊ စာကျက်ရအုံးမယ်ဆိုပြီး မပါဘူး၊ ကိုယ့်ရှိတဲ့အလုပ်တွေ ပစ်ပစ်ပြီးတော့ ပါသွားတာ ပေါ့ပေါ့ဆဆနေတာ။ သူ့မှာ ဘာတွေ လုပ်ရ အုံးမယ်ဆိုတဲ့ စီမံကိန်းမှ မရှိဘဲနဲ့၊ သူများခေါ်ရာနောက် လိုက်တာပေါ့။

အဲဒီ အရပ်ထဲမှာပစ်နေတဲ့ ကျည်ဆန်တွေ အမြောက်တွေကတော့ မသေပါဘူး။ မသေပေတဲ့ လူ့ဘဝမှာတော့ တကယ့်လူ ဖြစ်မလာနိုင်ဘူး။ ဟို စစ်တပ် တပ်မတော်မှာတော့ သတိကို အထူးလေ့ကျင့်ရတယ်။ ဘာ ဖြစ်လို့လဲဆိုတော့ "သတိလစ်ယင် တပ်လုံးပြုတ်သွားမယ်"။ အဲဒါကြောင့်မို့ လို့ "ရဲဘော် သတိ"ဆိုပြီး တပ်မတော်မှာလဲ ဒီ သတိကိုပဲ အထူးလေ့ကျင့် ရတယ် မဟုတ်လား။

ကဲ--တရားအားထုတ်မယ်၊ မြတ်စွာဘုရားက လောက-က ထွက် မြောက်ရေးကျတော့လဲ သတိပဋ္ဌာန်ဆိုပြီးတော့ သတိလေ့ကျင့်ခန်းကိုပဲ အထူးဟောခဲ့တာပဲ မဟုတ်လား။

ကဲ ဒီနေ့ တော်ကြစို့---သာဓုခေါ်ကြ။

သာဓု သာဓု သာဓု

* * * * *

# ပို့ချချက် (၁၄)

## (၁၇-၆-၇၉)

## ကုသိုလ်စေတသိက်များအဆက်

**မှတ်ချက်။** ။ဒီနေ့ အသံဖမ်းစက်ပျက်နေ၍ ဖြစ်နိုင်သမျှ တည်းဖြတ်ရပါသည်။

သတိ စေတသိက်က တော်တော်လေးတော့ စုံသွားပါပြီ။ သတိဟာ မြန်မာစကား ဖြစ်နေပါပြီ။ ရှေးက သတိကိုဘာသာပြန်ကြတာက အောက်မေ့မှုလို့ ပြန်တယ်။ အောက်မေ့မှုဆိုတော့ မြန်မာမှာ အကုသိုလ်လဲ ရတယ်၊ ကုသိုလ်လဲ ရတယ်။

**သတိနှင့်သညာ ဘယ်လိုထူးသလဲ** ဗုဒ္ဓါနုဿတိ = ဘုရားဂုဏ်တော်ကို အောက်မေ့တယ်။ ဓမ္မာနုဿတိ = တရားဂုဏ်တော်ကို အောက်မေ့တယ်။ ဒါကတော့ သတိပဲ။ ချစ်သူကို အောက်မေ့တယ်၊ သေသွားတဲ့လူတွေကို အောက်မေ့တယ်ဆိုတာကတော့ သတိမဟုတ်ဘူး၊ သတိပဋ္ဌာန်ကျတော့ သတိရဲ့ သဘောဟာ နည်းနည်း ရှင်းပါတယ်။ ရှင်းတယ်ဆိုပေတဲ့ တရားပြတဲ့အခါကျတော့ ရှုမှတ်တယ်လို့ ဆိုကြတယ်။ မှတ်တာက အမှန်က သညာစေတသိက်ပဲ။ သညာစေတသိက်က သိအောင်မှတ်တယ်။ အဲဒီတော့ ရှုမှတ်တယ်ဆိုတော့ မှန်သလိုလိုနဲ့ သတိနဲ့သညာ ရောသွားတယ်။ မှတ်တာက သညာပဲ။ သညာနဲ့ သတိဟာ မတူပါဘူး။ ဥပမာ-လူတစ်ယောက်ကို မြင်တယ်ဆိုယင် ဘယ်သူဘယ်ဝါလို့ မှတ်တာက သညာပဲ။ လူတစ်ယောက်ကို တွေ့တဲ့အခါမှာ မှတ်တာ သတိမဟုတ်ဘူး။ စာကျက်တဲ့အခါ ပထမကျက်တဲ့အခါ သညာနဲ့ ကျက်တယ်။ စာမေးပွဲဖြေတဲ့အခါကျတော့ ဒါတွေ အကုန်လုံး ဉာဏ်ထဲမှာ ပေါ်လာတယ်။ ပေါ်လာတာ သတိပဲ၊ တချို့တလေကတော့ ဒီဟာကို မှတ်ဉာဏ်ကောင်းတာတဲ့။ ဒါဟာ ဉာဏ်မဟုတ်ဘူး၊ သတိကောင်းတာ။ ကျက်

ထားတဲ့စာတွေ မမေ့တာ၊ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကို မမေ့တာ သတိပဲ။ မလုပ်ရသေးတဲ့ အလုပ်တွေကို မမေ့တာဟာလဲ သတိပဲ။ သညာက သတိဖြစ်ခြင်းရဲ့ အကြောင်းတော့ မှန်ပါတယ်။ သညာက အကြောင်းတရား၊ မှတ်ထားတဲ့ဟာကို နောက်တစ်ခါ ပြန်ကြည့်တော့ သတိရတယ်။ **သတိနဲ့သညာ ကွဲအောင် မှတ်ထားကြ**။ နောက်ပြီးတော့-

**သဒ္ဓါ မဂ္ဂင်မထိုက်**

သတိဟာ ကုသိုလ်စေတသိက်ငမှာ ဗိုလ်ရွေးတဲ့အခါ သတိဗိုလ်ဆိုပြီးတော့ပါတယ်။ ကုသိုလ်လုပ်တဲ့အခါ သဒ္ဓါမရှိယင် လုပ်လို့ မရသလို သတိမရှိတဲ့လူဟာ ကုသိုလ်လုပ်လို့မရဘူး။ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါ သဒ္ဓါအရေးကြီးသလိုပဲ သတိဟာလဲ ခေါင်းဆောင်စေတသိက်ပဲ။ နောက်ပြီးတော့ အစိုးရဖွဲ့တဲ့အခါကျတော့လဲ သတိန္ဒြေဆိုပြီး လာတယ်။ ဣန္ဒြေဆိုတာက အစိုးရတယ်။ အစိုးရဟာကို ဣန္ဒြေလို့ခေါ်တယ်။ ကုသိုလ်စေတသိက်ထဲမှာ အစိုးရဖြစ်နိုင်တဲ့ စေတသိက်ရွေးလိုက်တဲ့အခါ သတိဟာ အစိုးရတဲ့စေတသိက်ထဲမှာ ပါတယ်။ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါမှာ သတိစေတသိက်မပါဘဲနဲ့ လုပ်လို့မရဘူး။ အဓိပ္ပါယ်တစ်ခု-တရားထိုင်တဲ့အခါကျတော့ သတိကောင်းဖို့လိုတယ်။ ကုသိုလ်စေတသိက်တွေမှာ သဒ္ဓါက ဒါနပြုတဲ့အခါ ခေါင်းဆောင်ပဲ၊ တရားထိုင်တဲ့အခါကျတော့ သတိက ခေါင်းဆောင်ပဲ။ စေတသိက်တွေ အစိုးရဖွဲ့တဲ့အခါမှာ သဒ္ဓါက သဒ္ဓါနဲ့ဆိုင်တဲ့ဘက်မှာ အစိုးရတယ်။ သတိက သတိနဲ့ဆိုင်တဲ့ဘက်မှာ အစိုးရတယ်။ သတိစေတသိက်က သဒ္ဓါနဲ့မတူဘူး။ သတိဆိုတာက ပိုတယ်လို့မရှိဘူး။ လိုတယ်သာ ရှိတယ်။ သဒ္ဓါကျတော့ ဒီလိုမဟုတ်ဘူး။ သဒ္ဓါဆိုလို့ရှိယင် လွန်တာရှိတယ်။ သတိကတော့ သူက လွန်တယ်လို့မရှိဘူး။ ဒါကြောင့် သစ္စာလေးပါးကို သိအောင် အားထုတ်တဲ့အခါမှာ သမ္မာသတိမဂ္ဂင်လို့ပါတယ်၊ သဒ္ဓါက မဂ္ဂင်မထိုက်ဘူး။ သတိက မဂ္ဂင်ထိုက်တယ်။ မဂ္ဂင်ဆိုတာက မဂ္ဂနဲ့အင်္ဂါကို ပေါင်းပြီး၊ မဂ္ဂင်လို့ခေါ်တယ်၊ မဂ္ဂင် ၈-မျိုးထဲမှာ သမ္မာသတိမဂ္ဂင်ဆိုတာ တစ်ခုအပါအဝင်ဖြစ်တယ်။

သတိစေတသိက်ကတော့ တော်လောက်ပါပြီ။

**ဟိရီစေတသိက်** နံပါတ်(၃)က ဟိရီစေတသိက်။ ဟိရီစေတသိက်က ရိုးရိုးကတော့ ရှက်မှု။ ဘာမှ ရှက်သလဲဆိုတော့ ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက်မှ ရှက်တာ။ ကာယဒုစရိုက် ၃-ပါးက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ။ ဝစီဒုစရိုက် ၄-ပါးက မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ အဲဒီတော့ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးမှ ရှက်တာဟာ ဟိရီပဲ၊ ဟိရီစေတသိက်က ဘယ်သူနဲ့ ဆန့်ကျင်ဘက်လဲဆိုတော့ ဟိရီက ရှက်တာ၊ ကုသိုလ်စေတသိက်။ အဟိရိက မရှက်တာ၊ အကုသိုလ်စေတသိက်။ အဲသလို ကုသိုလ်နဲ့အကုသိုလ် ဆန့်ကျင်တယ်။ ကာယဒုစရိုက် ဝစီဒုစရိုက်မှာ ရှက်တာက ကုသိုလ်။ ကာယဒုစရိုက် ဝစီဒုစရိုက်မှာ မရှက်တာက အကုသိုလ်။ ဒါကြောင့်မို့လို့ ဟိရီစေတသိက်မပါပဲ ကုသိုလ်လုပ်လို့မဖြစ်ဘူး။

ဟိရီစေတသိက်ဟာ မကောင်းမှုလုပ်ရမှာ ရှက်တာ။ မကောင်းမှု လုပ်ရမှာ ရှက်တဲ့လူတစ်ယောက်ဟာ မကောင်းမှု မဟုတ်ဘူးပေါ့။ နောက်ပြီးတော့ ဟိရီစေတသိက် ရှက်တယ်ဆိုတာက မိမိကိုယ်ကို မိမိရှက်တာ။ ကိုယ့်ကိုယ်ကို ရှက်ခြင်း အကြောင်းများကို ရှေးက အဘိဓမ္မာ ဆရာကြီးတွေပြောကြတာက မျိုးရိုးဇာတိကြောင့် ရှက်ပုံက-ငါဒီလို မိကောင်း ဖခင် သားသမီးဖြစ်ရက်သားနဲ့ ဒီလို မကောင်းမှုဒုစရိုက်တွေ လုပ်ရမှာ ရှက်စရာကြီးပဲ၊ ဒီလိုလဲ ဟိရီဖြစ်တယ်။ နောက်ပြီးတော့ ဗာဟုသစ္စကြောင့် ရှက်ပုံက-ဒီလို ဒုစရိုက်မျိုးတွေဟာ ပညာမရှိတဲ့ ဘာမှမသိတဲ့ နလပိန်းတုံး တွေ လုပ်တဲ့အလုပ်။ ငါလို ပညာတတ်တစ်ယောက်က မကောင်းမှု လုပ် ရမှာ ရှက်စရာကြီးပဲ။ ဒီလိုလဲ ဟိရီဖြစ်တယ်။ သူရသတ္တိကြောင့် ရှက်ပုံက-ဒီလို မကောင်းမှုဒုစရိုက်တွေလုပ်တာက သတ္တိမရှိတဲ့လူတွေ အလုပ်။ ငါလို သတ္တိရှိတဲ့ လူတစ်ယောက်က ဒါမျိုးလုပ်မယ်ဆိုယင် ရှက်စရာကြီးပဲ။ ဒီလိုလဲ ဟိရီဖြစ်တယ်တဲ့။

**ဩတ္တပ္ပစေတသိက်** အကုသိုလ်အနောတ္တပ္ပစေတသိက်က မကောင်းဘူး၊ ကုသိုလ်ဩတ္တပ္ပစေတသိက်က ကောင်းတယ်။ အဲဒီတော့ ကုသိုလ်စေတသိက်နဲ့ အကုသိုလ်စေတသိက်၊ ဒီနှစ်ခုက တွဲလို့ရတာ မဟုတ်ဘူး။ ဩတ္တပ္ပက သူတစ်ပါးမြင်မှာကို ကြောက်တာ၊ ဘေးကမြင်မှာကို ကြောက်တာ။ ဩတ္တပ္ပက ဟိရီလောက် အဆင့်အတန်း မမြင့်ဘူး။ ဩတ္တပ္ပထက် ဟိရီက အဆင့်အတန်းမြင့်တယ်။ ဟိရီက မိမိကိုယ်ကို မိမိ ရှက်တယ်။ ရှေး မြန်မာလူမျိုးတွေဟာ အရှက်အကြောက်ရှိတယ်ဆိုတာ ကာယဒုစရိုက် ဝစီဒုစရိုက်လုပ်ရမှာ ရှက်တာ။ ဥပမာ–လိမ်တာဆိုလို့ရှိယင်လဲ ဒါ ဝစီဒုစရိုက်ပဲ။ အဲဒါကြောင့် မြန်မာ့သွေးဆိုတာ လူတစ်ယောက်ကို ဒေါသအလျောက် သတ်မိလို့ ရုံးရောက်ယင် တရားသူကြီးက သတ်မိတာမှန်သလားမေးယင် လိမ်တော့မပြောဘူး၊ သတ်မိတာမှန်ကြောင်း ဝန်ခံတယ်။ ဒီလိုနေရာမှာ ဟိရီ၊ ဩတ္တပ္ပ အရှက်အကြောက်ရှိတာကို ပြောတာပဲ။ ဒါကြောင့်မို့လို့ ဟိရီနဲ့ ဩတ္တပ္ပကို "လောကပါလတရား"လို့ ဆိုတယ်။ လောကပါလဆိုတာ လောကကို ထိန်းထားတဲ့တရား။ လူတွေကို တိရစ္ဆာန်နဲ့ ကွဲသွားအောင် ဘယ်တရားက ထိန်းထားသလဲဆိုယင် ဟိရီနဲ့ ဩတ္တပ္ပက ထိန်းထားတယ်။ အရှက်အကြောက်ဆိုတာက ကိုယ့်ကိုယ်ကိုလဲ ရှက်တယ်၊ သူတစ်ပါးမြင်မှာလဲ ကြောက်တယ်။ အဲဒီတော့ တိရစ္ဆာန်နဲ့ လူနဲ့ ကွဲသွားတာက လူ့လောကကြီးမှာ ဟိရီ၊ ဩတ္တပ္ပတရားရှိလို့ပဲ။ ဟိရီ၊ ဩတ္တပ္ပ မရှိဘူးဆိုယင် လူတွေဟာ ဘာတွေဖြစ်ကုန်မလဲ။ တိရစ္ဆာန်တွေ ဖြစ်ကုန်မှာပေါ့။ ဒါကြောင့်မို့လို့ ဟိရီ၊ ဩတ္တပ္ပဆိုတာ လူ့လောကကြီးကို ထိန်းထားတဲ့တရားပဲ။ မြတ်စွာဘုရားကလဲ ဟိရီ၊ ဩတ္တပ္ပတရားကို အများဆုံးဟောခဲ့ပါတယ်။ လူတွေဟာ ဟိရီ၊ ဩတ္တပ္ပရှိယင် မကောင်းမှု မလုပ်ဘူး။ ဒါကြောင့် ကုသိုလ်စေတသိက်ထဲမှာ ဟိရီ၊ ဩတ္တပ္ပက ပါရတယ်။

**အလောဘစေတသိက်** နံပါတ်(၅)က အလောဘစေတသိက်။ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်ထဲမှာ အလောဘစေတ

သိက်လဲ ပါတယ်။ အလောဘစေတသိက်ဆိုတာ လောဘစေတသိက်ကို ပြောင်းပြန် ပြန်လိုက်ယင် အလောဘစေတသိက်ဖြစ်တယ်။ လောဘစေတသိက်တုန်းက လောဘဟာ လိုချင်မှုဆိုယင် အလောဘစေတသိက်ကျတော့ မလိုချင်မှု။ လောဘစေတသိက်က တွယ်တာမှုဆိုယင် အလောဘ ကျတော့ မတွယ်တာမှု။ လောဘစေတသိက်က မစွန့်လွှတ်နိုင်ဘူးဆိုယင် အလောဘကတော့ စွန့်လွှတ်နိုင်တယ်။ အဲဒီတော့ အလောဘစေတသိက်ကို အဓိပ္ပါယ် ပြန်ယင် အလောဘ=မလိုချင်မှု၊ အလောဘ=မတွယ်တာမှု၊ အလောဘ=စွန့်လွှတ်နိုင်မှု။ အဓိပ္ပါယ်တစ်ခု–ဒါနပြုတယ်။ ဒါနပြုတဲ့ လူတစ်ယောက်ဟာ ငွေတစ်ထောင် လှူတယ်ဆိုပါတော့။ ငွေတစ်ထောင်ကို တွယ်တာမှု ရှိသေးရဲ့လား။ တွယ်တာမှုမရှိတော့ အလောဘပေါ့။ တစ်နေ့ ငွေတစ်ထောင်ရတဲ့ သူဟာ အဲဒီနေ့ လောဘကို သတ်ပြီး သီလစောင့်ထိန်းတယ်။ အဲဒါကြောင့် သီလဆောက်တည်တာလဲ အလောဘပဲ။ ဒီအတိုင်းပဲ တရားအားထုတ်ဟာလဲ အလောဘပဲ။ ဒါကြောင့် ကုသိုလ်လုပ်တဲ့အခါမှာလဲ ဘယ်ကုသိုလ်ပဲလုပ်လုပ် အလောဘစေတသိက်ဟာ ပါရတယ်။

* * * * *

# ပို့ချချက် (၁၅)

## (၂၃-၆-၇၉)

## အဒေါသစေတသိက်

ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက် ဘယ်နှစ်လုံး ကုန်သွားပြီလဲ ဆိုတော့ သဒ္ဓါရယ်၊ သတိရယ်၊ ဟိရိရယ်၊ ဩတ္တပ္ပရယ်၊ အလောဘရယ် ကုန်သွားပြီ။

**ဒီနေ့ အဒေါသစေတသိက်၊**

အဒေါသဆိုတာက မြန်မာလိုရှင်းရှင်းကတော့ မေတ္တာပဲ။ မေတ္တာ ဆိုတော့ မြန်မာက နားလည်တယ်။ အဒေါသကို ဒေါသနဲ့ ပြောင်းပြန် ပြန်ပြီးတော့ မှတ်ထားလဲရပါတယ်၊ လောဘရဲ့ ပြောင်းပြန် အဓိပ္ပါယ်ဟာ အလောဘစေတသိက်ပဲ။ ဒေါသရဲ့ ပြောင်းပြန် အဓိပ္ပါယ်ဟာ အဒေါသ စေတသိက်ပဲ။ အကုသိုလ်တုန်းက လောဘ, ဒေါသ-ဟာ မူလဖြစ်သလို ကုသိုလ်ပြုတိုင်းမှာလဲ အလောဘနဲ့ အဒေါသဟာ သူတို့က မူလပဲ။

ဘယ်ကုသိုလ်ပဲလုပ်လုပ်၊ ဒါနပဲလုပ်လုပ်၊ သီပဲလုပ်လုပ်၊ သမထပဲ လုပ်လုပ်၊ ဝိပဿနာပဲလုပ်လုပ်၊ အလောဘနဲ့ အဒေါသက ပါရတာပဲ။ ပါ ရတဲ့ အဓိပ္ပါယ်တွေကလဲ ဆရာ ဟိုတစ်ပတ်တုန်းက ပြောခဲ့ပြီးပြီနဲ့တူပါ တယ်။

**မေတ္တာပို့ရင် ရောက်သလားတဲ့**

မေတ္တာ စေတသိက်ရယ်လို့ စေတသိက် ထဲမှာ သီးခြားနာမည် မပါဘူး၊ အဒေါသ စေတသိက်ကိုပဲ မေတ္တာစေတသိက်လို့ ခေါ်တာပဲ။ မြန်မာက မေတ္တာဆိုယင် ပိုနားလည်တယ်၊ တချို့တလေက ဆရာ့ကို မေးတယ်၊ မေတ္တာပို့လို့ရှိယင် ရောက်သလားတဲ့။ မေတ္တာဟာ တကယ်ပို့ယင် တကယ် ရောက်ပါတယ်။ မေတ္တာပို့တာ ပထမဆုံး ဘယ်သူ့ဆီ အလျင် စ-ပို့ရသလဲ ဆိုတော့ ကိုယ် ချစ်တဲ့လူဆီ အလျင် စ-ပို့ရတယ်။ တဏှာနဲ့တော့ မရောရဘူး။

3(A)

**ကိုယ်ချစ်တဲ့လူတွေဆီ** ပို့တယ်ဆိုတော့ ရိုးရိုးချစ်တဲ့လူကို ပြောတာ။ **တဏှာနဲ့**ရောပြီးတော့နေယင်တော့ မေတ္တာဟာ တကယ်မရောက်ဘူး။ **ကိုယ်**ချစ်ခင်တဲ့လူတွေကို ကောင်းစားစေချင်တယ်၊ ချမ်းသာစေချင်တယ်၊ သူတို့ကောင်းစားတာ ချမ်းသာတာကို ကိုယ်က မြင်ချင်တယ်ဆိုတဲ့ ဒီလို ပုဂ္ဂိုလ်မျိုးတွေကို ပထမ မေတ္တာပို့ရတယ်။ ဥပမာအားဖြင့် ညီအစ်ကို, မောင်နှမ, ဆွေမျိုးတွေနဲ့ ရိုးရိုးမိတ်ဆွေတွေကို သူတို့ကောင်းစားတာကို ကိုယ်က မြင်ချင်တာပဲ မဟုတ်လား။ မေတ္တာဟာ ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါကျတော့ မေတ္တာကမ္မဋ္ဌာန်းဆိုတာ ရှိတယ်။ မေတ္တာကမ္မဋ္ဌာန်း ပေါက်တဲ့လူဟာ သူဟာ ပီယသိဒ္ဓိပေါက်တာပဲ။ မေတ္တာပေါက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ကို ကြည်ညိုတဲ့လူတွေ ပေါတယ်။ ချစ်ခင်တဲ့လူတွေ ပေါတယ်။ အဲဒါကြောင့်မို့လို့ မေတ္တာပို့ယင် တကယ်ရောက်ပါတယ်။

**ဒုတိယ** အလျင်တုန်းက ချစ်ခင်ခဲ့တဲ့လူတွေလဲ မဟုတ်ဘူး၊ ရိုးရိုးသာမည သိတဲ့ပုဂ္ဂိုလ်တွေဆီကို ရောက်အောင်ပို့ရတယ်။ ရိုးရိုးသာမည သိတဲ့ ပုဂ္ဂိုလ်တွေကို ပို့ပြီးတော့ ဘယ်သူ့ဆီကို ပို့ရမလဲဆိုတော့ **တတိယ**-ကိုယ့်အကျိုးစီးပွား ပျက်စီးအောင်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ၊ ရန်သူတွေဆီပေါ့လေ၊ အဲဒီပုဂ္ဂိုလ်တွေကို ပို့ရတယ်။ ပို့တယ်ဆိုတာက ကိုယ့်အကျိုးစီးပွားပျက်စီးအောင် လုပ်နေတဲ့ပုဂ္ဂိုလ်တွေကိုလဲ ကိုယ်က ချမ်းသာစေချင်တယ်။ သူတို့ကို ကောင်းစားစေချင်တယ်၊ သူတို့ကို ကြီးပွားစေချင်တယ်။ အဲဒီလို စိတ်မျိုးပေါ်လာလို့ရှိယင် မေတ္တာဟာ စွမ်းလာတာပါပဲ။ ကိုယ့်အကျိုးစီးပွားပျက်စီးအောင်, ကိုယ့်ကို ဒုက္ခရောက်အောင် လုပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ အခုလုပ်ဆဲပုဂ္ဂိုလ်တွေ၊ နောင်ကိုလဲလုပ်ရန် အကြံရှိတဲ့ပုဂ္ဂိုလ်တွေ အဲဒီလို ပုဂ္ဂိုလ်တွေဆီကို ရောက်အောင် မေတ္တာပို့ရတယ်။ ရောက်အောင်ပို့တယ်ဆိုတာက သူတို့ကောင်းစားတာကို, ကြီးပွားတာကို, ချမ်းသာတာကို ကိုယ်က လိုလားတဲ့စိတ်မျိုး ပေါ်လာအောင် ပို့ရတယ်။ ရန်သူထိအောင် မေတ္တာရောက်လာလို့ရှိယင် အဲဒီမေတ္တာဟာ စွမ်းတော့တာပါပဲ။

**ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာ** ၅၂၈–သွယ် မေတ္တာပို့နည်းက ရှေးတုန်းက လူငယ်တွေကတော့ ရကြတာများတယ်၊ အခုတော့ ၁၀–တန်းတို့၊ ဘီအေတို့၊ ဘီအက်စ်စီတို့ ရောက်ပေတဲ့ မေတ္တာပို့ကိုမရတဲ့လူတွေ များတယ်။

အဲဒီတော့ မေတ္တာဟာ ဩဓိသမေတ္တာ, အနောဓိသမေတ္တာရယ်လို့ နှစ်မျိုးရှိတယ်။

**အနောဓိသမေတ္တာဆိုတာက** ကဲ––ဆိုကြစမ်းပါ။

"သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ, သဗ္ဗေ အတ္တဘာဝပရိယာပန္နာ"

ဒါဟာ မရည်ရွယ်ဘဲနဲ့ ပို့တာ။ သဗ္ဗေ သတ္တာ–ဆိုတာလဲ သတ္တဝါအားလုံးပဲ။ သဗ္ဗေ ပါဏာ–ဆိုတာလဲ အသက်ရှိတဲ့သတ္တဝါ အားလုံးပဲ။ ပါဠိက အဓိပ္ပါယ်နည်းနည်း ကွဲသွားတာပဲ။ သဗ္ဗေ ဘူတာ–လဲ ထင်ရှားရှိတဲ့ သတ္တဝါပဲ။ သဗ္ဗေ ပုဂ္ဂလာ–ဆိုတာလဲ ပုဂ္ဂိုလ်အားလုံးပဲ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ–ဆိုတာလဲ ဒီလိုခန္ဓာကိုယ် အတ္တဘောရှိတဲ့ ပုဂ္ဂိုလ်အားလုံးပဲ။

အကုန်လုံးပေါင်းလိုက်တဲ့အခါကျတော့ ကမ္ဘာပေါ်မှာ ရှိသမျှ ရှေ့သွားတတ်တဲ့ သတ္တဝါလို့ အသိအမှတ်ပြုတားတဲ့ လူရော၊ နတ်ရော၊ ဗြဟ္မာရော၊ တိရစ္ဆာန်ရော သက်ရှိသတ္တဝါမှန်သမျှ အကုန်ပါသွားတာပဲ။ ဒါကြောင့်မို့လို့ ဒီငါးမျိုးက မရည်ရွယ်ဘဲနဲ့ ပို့တဲ့မေတ္တာပဲ။ ဘယ်ပုဂ္ဂိုလ်ရယ်, ဘယ်သူရယ်, ယောကျ်ားရယ်, မိန်းမရယ်, လူရယ်, နတ်ရယ်၊ ဒီလိုမခွဲဘဲနဲ့ ကမ္ဘာပေါ်မှာ ရှိရှိသမျှ သက်ရှိသတ္တဝါတွေ အားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ပို့ယင် ဒါ မရည်ရွယ်ပဲ ပို့တဲ့မေတ္တာပဲ။

**ဩဓိသမေတ္တာဆိုတာက** ရည်မှတ်ပြီးတော့ ပိုင်းခြားပြီး ပို့တဲ့မေတ္တာ။ သဗ္ဗာ ဣတ္ထိယော၊ ကမ္ဘာပေါ်ရှိ မိန်းမ ရှိရှိသမျှ ကျန်းမာကြပါစေလို့ မိန်းမတွေကို ခွဲပို့တယ်။

နောက် သဗ္ဗေ ပုရိသာ–ကမ္ဘာပေါ်မှာရှိတဲ့ ယောကျ်ားအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ယောကျ်ား ရှိရှိသမျှ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဒီလို ယောကျ်ား ရှိရှိသမျှ ခွဲပို့တယ်။

သဗ္ဗေ အရိယာ–ကမ္ဘာပေါ်မှာရှိတဲ့ အရိယာအားလုံး ကျန်းမာကြပါစေလို့ အဲဒီလိုပဲ ပုထုဇဉ်နဲ့ အရိယာကိုလဲ ခွဲပို့တယ်။

သဗ္ဗေ အနရိယာ–ပုထုဇဉ်ပုဂ္ဂိုလ်တွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ အရိယာနဲ့ပုထုဇဉ်ကို ခွဲပြီးပို့တယ်။

သဗ္ဗေ ဒေဝါ–နတ်တွေ ဗြဟ္မာတွေ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဒီလို ခွဲပို့တယ်။

သဗ္ဗေ မနုဿာ–လူတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဒီလို ခွဲပို့တယ်။

သဗ္ဗေ ဝိနိပါတိကာ–ဝိနိပါတိကာဆိုတာက တစ္ဆေတို့ သရဲတို့ ဘုတ်တို့ ပြိတ္တာတို့ကို ဝိနိပါတိကာလို့ခေါ်တယ်။ တချို့တလေက တစ္ဆေ သရဲတို့ဆိုတာ မရှိဘူးလို့ အောက်မေ့နေတယ်။ တကယ်ရှိပါတယ် (လူတွေက သိပ်ဆိုးလွန်းလို့ တစ္ဆေတွေ သရဲတွေက လူတွေကို ကြောက်ကြတယ်။ အလျင်တုန်းကဆိုယင် လူတွေက တစ္ဆေသရဲတွေကို ကြောက်ကြတယ်။ အခုတော့ ရန်ကုန်မြို့ထဲမှာ တစ္ဆေသရဲမရှိတော့ပါဘူး။ ရန်ကုန်မြို့က လူတွေက သိပ်ဆိုးတော့ တစ္ဆေသရဲတွေက လူတွေကို ကြောက်ကြလို့ မလာကြဘူး။)ဒါကြောင့်မို့လို့ ဝိနိပါတိကာ ဆိုတာ ဘုတ်တို့ ပြိတ္တာတို့ တစ္ဆေတို့ သရဲတို့ကို ခေါ်တာပဲ။ သူတို့အားလုံးကိုလဲ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ခွဲပို့ရတယ်။

ကဲ ဆိုကြစမ်းပါ–

"သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ, သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ, သဗ္ဗေ ဝိနိပါတိကာ"အဲဒီတော့

မရည်ရွယ်ဘဲနဲ့ ပုဂ္ဂိုလ်မခွဲခြားဘဲနဲ့ ပို့တဲ့မေတ္တာက ၅-မျိုး၊ ခွဲခြားပြီးတော့ ပို့လိုက်တဲ့ မေတ္တာက ၇-မျိုး၊ ပေါင်းတော့ ၁၂-မျိုး။

အဲဒီ တစ်မျိုးတစ်မျိုးမှာ သဗ္ဗေ သတ္တာ-ဆိုလို့ရှိယင်လဲ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ဆိုပြီတော့ ၄-ခါပို့။

သဗ္ဗေ ပါဏာ-လို့ ပို့တဲ့အခါမှာလဲ သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ၄-ခါပို့။

သဗ္ဗေ ဘူတာ-မှာလဲ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ၄-ခါ ပို့။

သဗ္ဗေ ပုဂ္ဂလာ-မှာလဲ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ၄-ခါပို့။

သဗ္ဗေ အတ္တဘာဝပရိယာပန္နာ-မှာလဲ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ၄-ခါပို့။ ဒီ ၄-ခုက ၁၂-ခုစလုံး အားလုံးမှာ လိုက်ထည့်ရပါတယ်။

အဲဒီတော့ အဝေရာ-ဆိုတာက ရန်မရှိကြပါစေကုန်လင့်၊ အဗျာပဇ္ဇာ-ဆိုတာက စိုးရိမ်ကြောင့်ကြ မရှိကြပါစေကုန်လင့်၊ အနီဃာ-ဆိုတာက ဆင်းရဲခြင်းကင်းကြပါစေ၊ သုခီ အတ္တာနံ ပရိဟရန္တု-ဆိုတာက မြန်မာလို တိုတိုကတော့ မွေးမြူလွယ်ကြပါစေ၊ မိမိခန္ဓာကိုယ်ကို လွယ်လွယ်ကူကူနဲ့ အသက်မွေးနိုင်ကြပါစေ။

တချို့တလေ အခုခေတ်၌ အသက်မွေးဝမ်းကျောင်းမှုမှာ တော်တော် ခဲခဲယဉ်းယဉ်း မွေးကြရတယ်။ သားသမီးက ၄-၅-၆ ယောက်၊ ၇-ယောက် အမေအဖေလဲ လုပ်၊ သားသမီးတွေလဲ လုပ်၊ မနက်မိုးလင်းက ညနေ ၆-နာရီထိအောင် လုပ်တာတောင်မှ ကောင်းကောင်း မစားရတဲ့ ကောင်းကောင်းမဝတ်ရတဲ့ ဒီလိုလူတွေရှိတယ်။ ဒီလို အသက်မွေးရတာ

**ကတော့** ဆင်းဆင်းရဲရဲ အသက်မွေးကြရတယ်။ တချို့တလေကျတော့လဲ **ချမ်း**ချမ်းသားသာ အသက်မွေးကြရတယ်ပေါ့လေ။ အဲဒီလို ဆင်းဆင်းရဲရဲ **အသက်မွေး**ရတဲ့ ပုဂ္ဂိုလ်တွေ မရှိကြပါစေနဲ့၊ လူတစ်ယောက် တစ်နာရီလောက် ထွက်လုပ်လို့ ရှိယင် ဝတ်ချင်တိုင်းဝတ်၊ စားချင်တိုင်းစား၊ လွယ်လွယ်ကူကူ အသက်မွေးနိုင်ကြပါစေလို့ ဒီလိုပို့တဲ့ မေတ္တာပဲ။

သုခီ အတ္တာနံ ပရိဟရန္တု က-မြန်မာလို ပြန်ရတာ မလွယ်ဘူး။ ရှင်းရှင်းကတော့ အသက်မွေးမှု ခဲခဲယဉ်းယဉ်း မွေးရတဲ့ လူတွေရှိတယ်၊ အဲဒီပုဂ္ဂိုလ်တွေကို လွယ်လွယ်ကူကူအသက်မွေးမှု ပြုနိုင်ကြပါစေလို့ မေတ္တာ ပို့တာဟာ သုခီ အတ္တာနံ ပရိဟရန္တု ပဲ။

ကဲဆိုကြစမ်းပါ-

အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ သတ္တာ-နဲ့ ဒီလေးခုနဲ့ တွဲဆိုကြည့်စမ်း။

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ ပုဂ္ဂလာ အဝေရာ **ဟောန္တု**၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

ဒါက သတ္တဝါအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဆိုတဲ့

အခိပ္ပါယ်နဲ့ မရည်မှတ်ဘဲနဲ့ပို့တာ။

**ရည်မှတ်ပြီးတော့ ပို့တာက-**

သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ အဲဒီလို ၇-ခုလုံး ၄-ခုနဲ့ တွဲပို့ရတယ်။

**မေတ္တာစာတ်စွမ်းရည်** အဲဒီတော့ မရည်ရွယ်ဘဲနဲ့ ပို့တာက ၅ - ခုရယ်၊ ရည်မှတ်ပြီးတော့ ပို့တာက ၇-ခုရယ်၊ အဲဒါ ၁၂-ခုပေါ့။ မေတ္တာပို့လဲ ရသွားတာပေါ့။ ဝိုင်အမ်ဘီအေ အသင်းတိုက်က နေပြီးတော့ သင်တန်းသူ သင်တန်းသားတွေက တစ်ကမ္ဘာလုံးကို ဒီလို မေတ္တာပို့လိုက်တော့ မေတ္တာဓာတ်ဟာ ဟို ဗြဟ္မာ့ပြည်ထိအောင် အကုန်လုံး ကြားသွားမှာပေါ့။ မေတ္တာ ဘယ်လောက်စွမ်းသလဲဆို ခု မိုးတွေတောင် ရွာလာပြီမဟုတ်လား။ နတ်တွေက မေတ္တာပို့တဲ့ လူတွေကို ချမ်းသာစေချင်တော့ သူတို့ကလဲ မိုးတွေ ဘာတွေ ရွာချပေးတာပေါ့။ အခု တိတ်ချင်လို့ရှိယင် ရပါတယ်။ ထပ်ပြီး မေတ္တာပို့ကြတာပေါ့။

"မရည်ပဉ္စ၊ ရည်သတ္တ၊ တည်ထ ဆယ့်နှစ်ပါး။" **မရည်ပဉ္စဆိုတာက** မရည်မှတ်ဘဲနဲ့ ပို့တဲ့မေတ္တာက သဗ္ဗေ သတ္တာ ၅-မျိုး၊ ပါဠိလို ပဉ္စ=၅-ပါး။ သတ္တ-ဆိုတာက ၇။ အဲဒီတော့ "မရည်ပဉ္စ"ဆိုတာ သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ, သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ ၅-ခုကို "မရည်ပဉ္စ"လို့ခေါ်တယ်။

**ရည်သတ္တ**-ဆိုတာက ခုန သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ, **သဗ္ဗေ** အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ, သဗ္ဗေ ဝိနိပါတိကာ၊ အဲဒီ ၇-ခုက ရည်မှတ်ပြီးတော့ ပို့တဲ့မေတ္တာ ၇-ပါး။

"**မရည်ပဉ္စ၊ ရည်သတ္တ၊ တည်ထ ဆယ့်နှစ်ပါး။**" အဲဒီ ၁၂-ခု

တည်ထားပါတဲ့။ ၁၂-ပါး တည်ပြီးတော့ "**အဝေရာမှူ၊ တုလေးခု၊ သွန်းဆု မေတ္တာပွါး။**" အဝေရာမှူ တုလေးခု-ဆိုတာက အဝေရာ ဟောန္တု-တစ်ခု၊ အဗျာပဇ္ဇာ ဟောန္တု တစ်ခု၊ အနီဃာ ဟောန္တု-တစ်ခု၊ သုခီ အတ္တာနံ ပရိဟရန္တု တစ်ခု၊ ၄-ခု။ "အဝေရာမှူ၊ တုလေးခု၊ သွန်းဆု မေတ္တာပွား" အခုနကဆိုသလို ၁၂-ခါ ပို့တဲ့အခါကျတော့ ဘယ်လောက်ဖြစ်သွားသလဲ၊ ၄၈-ကြိမ် ဖြစ်တယ်။

၄၈-ကြိမ် ရှိသွားပြီးတော့ "**ရပ်ဆယ်မျက်နှာ၊ ထပ်၍သာ၊ မြှောက်ပါ ဆင့်မနား**" အဓိပ္ပါယ်က အရှေ့အရပ်ကို မေတ္တာပို့တော့မယ်ဆိုယင် ရှေ့အရပ်ကို ၄၈-ကြိမ်၊ အရှေ့တောင်ထောင့်ကို ၄၈-ကြိမ်၊ တောင်အရပ်ကို ၄၈-ကြိမ်၊ အနောက်တောင်အရပ်ကို ၄၈-ကြိမ်၊ အနောက်အရပ်ကို ၄၈-ကြိမ်၊ အနောက်မြောက်အရပ်ကို ၄၈-ကြိမ်၊ မြောက်အရပ်ကို ၄၈-ကြိမ်၊ အရှေ့မြောက်အရပ်ကို ၄၈-ကြိမ်၊ အထက်အရပ်ကို ၄၈-ကြိမ်၊ အောက်အရပ်ကို ၄၈-ကြိမ်ဆိုတော့ အရပ်ဆယ်မျက်နှာတွင် တစ်ခုတစ်ခုမှာ ၄၈-ကြိမ် ၄၈-ကြိမ် မေတ္တာပို့တဲ့အခါကျတော့ ၄၈-ကို အရပ်ဆယ်မျက်နှာနဲ့မြှောက်ယင် ဘယ်လောက်ရတုံး၊ ၄၈၀-ရတယ်။

အဲဒီတော့ သူ့ချည်း သက်သက်က ၄၈-ကြိမ် ပို့တယ်။ အရပ်ဆယ်မျက်နှာက ၄၈၀-ကြိမ်ပို့တယ်၊ နှစ်ခုပေါင်းလိုက်တော့ **၅၂၈-သွယ် မေတ္တာလို့ ခေါ်တယ်**။ အဲဒါ ဆိုကြစမ်းပါအုံး-

"မရည်ပဉ္စ၊ ရည်သတ္တ၊ တည်ထ ဆယ့်နှစ်ပါး၊
အဝေရာမှူ၊ တုလေးခု၊ သွန်းဆု မေတ္တာပွား၊
ရပ်ဆယ်မျက်နှာ၊ ထပ်၍သာ၊ မြှောက်ပါ ဆင့်မနား၊
ငါးရာနှစ်ဆယ်၊ ရှစ်ခုကယ်၊ ဘုန်းကြွယ် ဟော၍ထား။"

**ကယ်**-ဆိုတာက ၅၂၀-ထက် ပိုသွားတာပေါ့။ ဗိုက်ကြီးကယ်တယ်ဆိုတော့ မြန်မာစကားမှာ ကယ်တယ်ဆိုတာ ဗိုက်ကြီးက ပိုလာတာ။ အဲဒီတော့ ၅၂၀၊ ၈-ခုကယ်ဆိုတာ ရှစ်ခု ပိုလာတာကိုး။ အဲဒီတော့ ၅၂၈-

သွယ် မေတ္တာပို့နည်းကတော့ သိသွားကြပြီ။ ပို့ရုံပဲ ကျန်တော့တယ်၊ ပို့ ကြည့်ကြစမ်းပါလား။ အများဆုံး နာရီဝက်လောက်ပဲ ကြာမှာပါ။ ဒါလဲ ကမ္မဋ္ဌာန်းပါပဲ၊ ပီယ သဒ္ဒိပေါက်ချင်ယင် မေတ္တာပို့ စမ်းကြည့်ကြပါလား။

မေတ္တာပို့တဲ့လူက ပါဠိနဲ့ပို့ပေတဲ့ စိတ်က သိရမယ်။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု–ဆိုတာက သတ္တဝါအားလုံး ရန်မရှိကြပါစေနဲ့၊ အဗျာပဇ္ဈာ ဟောန္တု–ဆိုတာက စိုးရိမ်ကြောင့်ကြခြင်း မရှိကြပါစေနဲ့၊ အနီဃာ ဟောန္တု–ဆိုတာက ဆင်းရဲခြင်း မရှိကြပါစေနဲ့၊ သုခီ အတ္တာနံ ပရိဟရန္တု– ဆိုတာက သတ္တဝါတိုင်း အားလုံး အသက်မွေးမှု လွယ်ကူကြပါစေ၊ ဒီလို သဗ္ဗေ သတ္တာ–မှာ ၄–ကြိမ်၊ သဗ္ဗေ ပါဏာ–မှာ ၄–ကြိမ်၊ အဲဒီလို ၄–ကြိမ် ၄–ကြိမ် မေတ္တာပို့နေတော့ ဒီအာရုံ တစ်ခြားကို မရောက်ဘူး၊ ဒီ သတ္တဝါ အာရုံတစ်ခုထဲမှာ စိတ်က ရောက်နေတယ်။

ရည်မှတ်ပြီးတော့ ပို့တော့လဲ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု–ဆိုတာက ကမ္ဘာပေါ်ရှိတဲ့ မိန်းမတွေ အပျိုရော၊ အအိုရော၊ အဖွားကြီးရော၊ ကလေးမလေးတွေရော–ဘယ်သူမှမကျန် အားလုံး ဘေးရန် မရှိကြပါစေနဲ့၊ စိတ်ထဲက တကယ် ပါအောင်ပို့။

မိန်းမတွေ အာရုံပြုပြီးတော့ အဗျာပဇ္ဈာ ဟောန္တု၊ စိုးရိမ်ကြောင့်ကြ မရှိကြပါစေနဲ့။ မိန်းမတွေဆိုတော့ ပူဆွေးနေတဲ့ မိန်းမတွေလဲ ရှိမှာပေါ့။ ယောကျ်ား နောက်မိန်းမယူမှာ စိုးရိမ်တဲ့ မိန်းမတွေလဲ ရှိမှာပေါ့။ မိန်းမမှန်သမျှ စိုးရိမ်ကြောင့်ကြ ဘယ်သူမှ မရှိကြပါစေနဲ့လို့ ပို့။ အနီဃာ ဟောန္တု–ဆို တာက ဆင်းရဲတဲ့ မိန်းမတွေ မရှိကြပါစေနဲ့လို့ ပို့။

သုခီ အတ္တာနံ ပရိဟရန္တု–ဆိုတာက လွယ်လွယ်နဲ့ မိန်းမတွေ အသက် မွေးနိုင်ကြပါစေလို့ ပို့။ အခုခေတ် မိန်းမတွေ လုပ်လိုက်ကြရတာ မနက် မိုးလင်းကထဲက အိမ်မှာ ထမင်းလဲ ချက်ရသေးတယ်၊ အလုပ်လဲ သွားလုပ်လိုက်ရသေးတယ်၊ ပြန်လာတော့လဲ အဝတ်လျှော်ရ၊ ထမင်းချက်ရနဲ့ ယောကျ်ားတွေထက် နပ်ဆ ပင်ပန်းတာပေါ့။ ဟိုတုန်းက မိန်းကလေးတွေဆို

ကြော့လို့ အိမ်မှာ သနပ်ခါးဖုံလောက်အောင် လိမ်းပြီးတော့ အဆင့်သင့် ချက်စရာရှိမှ ချက်တယ်၊ ချက်စရာမရှိယင် မချက်ဘူး။ အိမ်မှာ ထိုင်စားရုံပဲ။ တစ်နေ့လုံး မနက်လဲ ချက်စားနေတာပဲ၊ နေ့လည်ကျလဲ သူတို့စားနေတာပဲ၊ ညလဲ မအိပ်ခင် စားနေကြတာပဲ၊ အလျှင်တုန်းက မိန်းကလေးတွေ အင်မတန် ချမ်းသာတယ်။ အခု ဘာဖြစ်လို့ ဒုက္ခရောက်ရသလဲတော့ မသိဘူး၊ ဒီလို မိန်းမတွေအပေါ်မှာ တကယ်စိတ်ထဲက ချမ်းသာစေချင်ရတယ်၊ အဲဒီလိုပို့တဲ့ မေတ္တာစာတ်ဟာ တကယ်ရောက်တာပေါ့။ မေတ္တာပို့တယ်ဆိုတာက ကိုယ်ပို့တဲ့လူတွေဆီ ရောက်တာ မရောက်တာထက် ပထမ ကိုယ့်စိတ်မှာ သိပ်ပြီးတော့ ချမ်းသာတယ်၊ ကိုယ့်စိတ်မှာ သိပ်ပြီးတော ဖြူစင်အေးမြနေတယ်၊ တရားဆိုတာက ကိုယ့်စိတ်ကို ဖြူစင်အေးမြအောင် လုပ်ရတာကိုး။ အဝတ်လျှော်သလိုပေါ့ အထပ်ထပ်လျှော်လေ ဖြူလေပဲ။

အဲဒီတော့ သဗ္ဗေ ပုရိသာ–ဆိုလဲ ဒီလိုပဲ။ ကမ္ဘာပေါ်ရှိတဲ့ ယောကျ်ားအားလုံး လူပျိုရော၊ လူအိုရော၊ အဖိုးကြီးရော၊ ကာလသားရော၊ ကလေးတွေရော–အားလုံး ချမ်းသာကြပါစေလို့ ဒီလို ၇–မျိုးထိအောင် မေတ္တာပို့လိုက်လို့ရှိယင် ရည်မှတ်ပြီးတော့ ၇–ခါပို့လိုက်တာပဲ။ ထပ်ခါ ထပ်ခါပို့တဲ့နည်းက ဘာဝနာတရားဆိုတာ အဲဒါပြောတာ။ **ဘာဝနာ**ဆိုတာက အထပ်ထပ်ပွားတာ၊ လေ့လာတာ။ အလုပ်တစ်ခုကို အထပ်ထပ် လေ့လာလို့ရှိယင် သိပ်ပြီးတော့ ကျွမ်းကျင်လာတယ်။ ဥပမာတစ်ခု–တန်းခုန်တယ် ဆိုလို့ရှိယင်လဲ တန်းခုန်တဲ့အလုပ်ချည်းပဲ လုပ်နေတဲ့လူဟာ သူများတကာနဲ့ မတူဘူး၊ သူက သိပ်ပြီးတော့ ကျွမ်းကျင်တာပဲ။ ကြက်တောင်ရိုက်တယ် ဆိုလို့ရှိယင်လဲ သူက ဒါချည်းပဲလုပ်နေတော့ သူ လေ့လာပွားများထားတော့ သိပ်ပြီးတော့ သူက ကျွမ်းကျင်တာပဲ။

**မိဘအချစ်နဲ့ လင်မယားအချစ်**

မေတ္တာဘာဝနာ ဆိုတာကလဲ အထပ်ထပ် လေ့ကျင့်တာပါပဲ။ လေ့ကျင့်တော့ ၅၂၈–ကြိမ်ဆိုယင် ဒီမေတ္တာစာတ်ဟာ တော်တော် အစွမ်း တက်လာတယ်။ ခုအရပ်ထဲမှာ ပြောကြတယ်၊ မိဘမေတ္တာက ၅၂၈–သွယ် မေတ္တာတဲ့၊ မင်းနဲ့

ငါနဲ့ ချစ်တာက ၁၅၀၀–မို့ မတူပါဘူးလို့ လိမ်တတ်ကြ တယ်။ အဲဒါက ဂဏန်းများတာနဲ့ ၁၅၀၀–က သာသလိုလို ဘာလိုလို ပြောနေကြတာ။ ဒါ သက်သက်လိမ်ကြတာ။ ၅၂၈–သွယ် မေတ္တာက မေတ္တာအစစ်။ ၁၅၀၀–က မေတ္တာအတုပါ။ မေတ္တာမှ မဟုတ်ဘဲနဲ့။ အမှန်က တဏှာပဲ။ အဲဒီတော့ မိဘနဲ့ ပြတ်တယ်ဆိုတာ ရှိရဲ့လား။ သားသမီးက မိဘကို ဘယ်တော့မှ မပြတ်ဘူး၊ တကယ့် မေတ္တာကိုး။ မိဘကရော သားသမီးကို ပြတ်ရဲ့လား၊ ဘယ်တော့မှ မပြတ်ဘူး။ သားဆိုးအမေ တပေပေတည့်–ဆိုတာ အဲဒါ။ မပြတ်နိုင်ဘူး၊ တကယ့်မေတ္တာကိုး။

လင်မယားချင်းကတော့ ဘယ်လောက်ချစ်ပါတယ်၊ ပါးစပ်ထဲ ငုံထားချင်ပါတယ်နဲ့ ပြောချင်ရာပြော၊ တော်တော်ကြာ ကွဲနိုင်တာပဲ။ ခု တစ်ယောက်နဲ့ တစ်ယောက် ဘုကျယင် ခုချက်ချင်း ကွဲလို့ရတယ်။ နောက်တစ်ယောက်ယူဖို့လဲ ဝန်မလေးဘူး၊ အဲဒဲတော့ ၁၅၀၀–ဆိုတာက ဂဏန်းများလို့သာ တစ်နေ့ကလို မြှောက်သွားလို့သာ ၁၅၀၀–ဖြစ်နေတာပါ၊ မိဘမေတ္တာက တကယ့်ကုသိုလ် **အဒေါသ** စေတသိက်ပဲ။ လင်မယားချစ်က အကုသိုလ် **လောဘ** စေတသိက်ပဲ။ ၁၅၀၀–က ကိလေသာ ဆယ်ပါးကနေ ပွားယူတာ။ အကုသိုလ်စေတသိက်ကနေ ပွားယူတာပါ။ ဒီ မေတ္တာက တကယ့် **အဒေါသ** စေတသိက်ကနေ ပွားယူတာ။ ကုသိုလ်နဲ့ အကုသိုလ်ပြိုင်ယင် ဘယ်သူက နိုင်မလဲ၊ ကုသိုလ်က အားကောင်းပါတယ်တဲ့၊ ကုသိုလ်စေတသိက် က ၂၅–လုံးတောင်ရှိတယ်။

ဒါကြောင့်မို့လို့ ၅၂၈–သွယ် မေတ္တာကတော့ မေတ္တာစိတ်ကို တကယ်စွမ်းအောင်လုပ်မယ်ဆိုလို့ရှိယင် မေတ္တာကမ္မဋ္ဌာန်းဆိုတာဟာ ကလေးရော၊ လူကြီးရော၊ ယောကျ်ားရော၊ မိန်းမရော၊ ဘုန်းကြီးရော၊ ဖိုးသူတော်ရော၊ သီလရှင်အထိ ဘယ်သူဖြစ်ဖြစ် မေတ္တာကမ္မဋ္ဌာန်းကို ပွားများနေလို့ရှိယင် တကယ်စွမ်းပါတယ်။ တချို့ ဘုန်းကြီးတွေ မေတ္တာကမ္မဋ္ဌာန်း ညတိုင်းညတိုင်း ပို့ပါတယ်။ အကြိမ်ကတော့ လနဲ့ နှစ်နဲ့ချီပြီးတော့ ဒီလို ပို့ရတာပေါ့။ ကောင်းတဲ့အလုပ်ဆိုတာက ချက်ချင်း ၇–ရက်လုပ်လို့ ဖြစ်တယ်, တစ်လ

လုပ်လို့ဖြစ်တယ်၊ ဒီလိုတော့ မဟုတ်ဘူး၊ ကြာကြာလုပ်ရတယ်။

ဥပမာတစ်ခု-ဆယ်တန်းအောင်အောင် ဘယ်နှစ်နှစ် နေရတုံး။ သူငယ်တန်းကစမယ်ဆိုယင် ဆယ်နှစ်ကောင်မကဘူး နေရတယ်။ ဆယ်တန်းတွေဘာတွေ အောင်တော့ ဘာဖြစ်သလဲ၊ ဘာမှလဲ မဖြစ်ဘူး။ ကျတော့သာ ဘာဖြစ်တယ် ညာဖြစ်တယ် ပြောကြတယ်။ အောင်တော့လဲ ဘာမှမဖြစ်ဘူး။ ရှေ့ဆက်ပြီးတော့ ဒုက္ခရောက်တာပဲ။ ဆက်တက်ရအုံးမှာပဲ။ ကျတဲ့လူက သက်သာသေးတယ်၊ ကျတဲ့လူက စာသိပ်မကျက်ရတော့ဘူး။

**စိတ်ချမ်းသာအောင် တွက်နည်း**

ဒါကြောင့်မို့လို့ လူဟာ ဖြစ်လာလို့ရှိယင် ဖြစ်လာသည့်အတိုင်း ကိုယ့်စိတ်ချမ်းသာမှုရအောင် တွက်တတ်ရတယ်။ ဘယ်ဘဝမျိုးရောက်ရောက် ရောက်တဲ့ဘဝကို ကိုယ့်စိတ်ချမ်းသာအောင် တွက်တတ်ရတယ်။ တွက်တတ်ဖို့သာ အရေးကြီးတာ။ တချို့တလေ ဆင်းရဲတယ်ဆိုတာက ဂဏန်းမတွက်တတ်လို့ပါ။ သချာၤပါရဂူကြီး ဖြစ်ပါစေ၊ ဂဏန်းမတွက်တတ်ယင် စိတ်ဆင်းရဲတာပဲ။ တချို့တလေ သချာၤပါရဂူတွေက ဂဏန်းတွေတော့ ရေးတတ်တယ်၊ အတွက်ကျတော့ သူဟာ မတွက်တတ်ဘူး။ အတွက်တတ်တယ်ဆိုတာက ဘာတုံး။ အတွက်တတ်တယ်ဆိုတာက ဘယ်နည်းနဲ့ဖြစ်ဖြစ် ကိုယ့်စိတ်ကို ကိုယ်ချမ်းသာအောင် တွက်တတ်ယင် ဒါ အတွက်တတ်တယ်ခေါ်တာပဲ။ စာမေးပွဲကျတယ်၊ ကျတဲ့ဘက်ကနေ ကောင်းအောင်တွက်လိုက်။ အောင်ယင်လဲ အောင်တဲ့ဘက်ကနေ ကောင်းအောင်တွက်လိုက်။ ကိုယ်က သူဌေးဖြစ်လာလို့ ချမ်းသာယင်လဲ ချမ်းသာတဲ့ဘက်ကနေ ကောင်းအောင်တွက်လိုက်။ ဆင်းရဲတယ်ဆိုယင်လဲ ဆင်းရဲတဲ့ဘက်ကနေ ကောင်းအောင်တွက်လိုက်။ ဆင်းရဲတဲ့ဘက်က ကောင်းအောင်တွက်မယ်ဆိုယင် တွက်လို့ အများကြီးရတာပဲ။ ချမ်းသာတဲ့လူဟာ အမြဲတမ်း စိုးရိမ်နေရတယ်၊ ပစ္စည်းတွေပျောက်ပျက်မသွားအောင် ပစ္စည်းတွေ ထိန်းသိမ်းဖို့, ပစ္စည်းတွေ လူမယူဖို့, ပစ္စည်းတွေ တိုးပွားအောင်လုပ်ဖို့, ပိုက်ဆံရှိလေ ဒုက္ခများလေလို့ ဒီလို တွက်ရတာပဲ။ မရှိတဲ့လူဟာ ဘာမှ ပူစရာမရှိဘူး။ မြန်မာပြည်မှာ ဝတ်

တော့ မငတ်ဘူး။ အဲဒါကြောင့်မို့လို့ အတွက်တတ်တယ်ဆိုလို့ရှိယင် စိတ်ချမ်းသာတာပဲ။ အဲဒီတော့ အဒေါသ စေတသိက်ကတော့ ဟော်လောက်ပါပြီ။

**တကြိမ်မွှတ်ကွာတာစေတသိက်**

အလောဘ စေတသိက်နဲ့ အဒေါသ စေတသိက်ပြီးယင် ကုသိုလ်မှာ မူလ သုံးပါးရှိတာကိုး။ အလောဘရယ်, အဒေါသရယ်, မောဟရယ်။ ဒီနေရာမှာ အမောဟစေတသိက်ကို သင်္ဂြိုဟ်ဆရာ ထည့်မပြဘူး။ အလောဘရယ်, အဒေါသရယ်, မောဟရယ်–ဆိုတာ မူလသုံးပါး၊ ဒီမှာ စုံအောင်မပြဘူး။ အကုသိုလ်စေတသိက်တုန်းက လောဘရယ်, ဒေါသရယ်, မောဟရယ်၊ အကုသိုလ်မှာ သုံးပါးစုံပါတယ်။ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက် ၁၉–လုံးကို ပြတဲ့အခါကျတော့ အမောဟ မပါဘူး။ အမောဟ ဘာလို့မပါတာတုံးဆိုတော့ အမောဟဆိုတာက ပညာပဲ။ မြန်မာကတော့ အမောဟ စေတသိက်လို့ ဒီလိုမခေါ်ဘူး။ ပညာလို့ပဲခေါ်တယ်။

အမောဟရဲ့အဓိပ္ပါယ်ကို နားလည်ချင်ယင် မောဟနဲ့ ဆန့်ကျင်ဘက်ကြည့်လိုက်ရုံပဲ။ မောဟဆိုတာက ပညာရဲ့ဆန့်ကျင်ဘက်ပဲ။ အမောဟဆိုတာ ပညာ။ ပညာဆိုတာက အကောင်းအဆိုးကို ခွဲခြမ်းပြီးတော့ သိတာ။ မောဟဆိုတာက ကောင်းတာ ဆိုးတာ ခွဲပြီးတော့ မသိတာပါပဲ။

အဲဒီတော့ အမောဟကို ဒီနေရာမှာ ဘာလို့မပြတာလဲဆိုတော့ ကုသိုလ်ပြုတိုင်း အမောဟစေတသိက်ဆိုတဲ့ ပညာက မပါဘူး။

ဒါကြောင့်မို့လို့ ကာမာဝစရစိတ်ကို ပြတဲ့အခါမှာ ဉာဏသမ္ပယုတ်စိတ်၊ ပညာနဲ့ယှဉ်တဲ့စိတ်ကလဲ ရှိတယ်။ ပညာနဲ့မယှဉ်တဲ့ ဉာဏဝိပ္ပယုတ်စိတ်ကလဲ ရှိတယ်။ လူတွေမှာ ကုသိုလ်လုပ်တဲ့အခါ ပညာက ပါချင်မှပါတာ။ ဒါနပြုတဲ့အခါမှာ တချို့တလေက သူများတကာ ရှင်ပြုတယ်ဆိုလို့ ပြုလိုက်တာပဲ၊ ဘာရယ် ညာရယ် သိပ်သိလှလို့မဟုတ်ဘူး။ ဒါ ဉာဏဝိပ္ပယုတ်၊ ပညာမပါတဲ့ ကုသိုလ်ပေါ့။ သီလဆောက်တည်တယ်ဆိုယင် သူများတကာ ဥပုသ်စောင့်တယ်ဆိုယင် လိုက်စောင့်တာပဲ၊ ဘာရယ် ညာရယ် ဘာမှ မသိ

ဘူး။ အဲသလို ပညာမပါတဲ့ ဒါနတို့, ပညာမပါတဲ့ သီလတို့ဟာ ကုသိုလ်တော့ ကုသိုလ်ပေါ့။ ဉာဏဝိပ္ပယုတ်ကုသိုလ်လို့ ခေါ်တယ်။ အဲဒီလိုအခါကျတော့ ပညာက ကုသိုလ်ပြုတိုင်း မပါဘူး။ ဒါကြောင့်မို့လို့ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ကို ပြချင်လို့ ဒီနေရာမှာ အမောဟ မထည့်တာ။ နောက်ဆုံးကျမှ ပညိန္ဒြေစေတသိက်ဆိုပြီးတော့ အမောဟကို သီးခြားပြီးတော့ ပြတယ်။ အလောဘ အဒေါသ ပြီးတော့ ဒီမှာ ဘာကို ပြသလဲဆိုတော့ တတြမဇ္ဈတ္တတာ စေတသိက်ကိုပြတယ်၊ သူက နံပါတ် (၇)ရောက်နေပြီ။

ဒီစေတသိက်က နည်းနည်း အခေါ်ရခက်တယ်။ တတြမဇ္ဈတ္တတာ စေတသိက်ဆိုတာဟာ စိတ်စေတသိက်တွေကို ညီမျှအောင်ထားတာ။ သဒ္ဓါက လွန်ချင်ယင် လွန်သွားမှာပဲ၊ သတိက လွန်တယ်မရှိဘူး။ ဟိရီ, ဩတ္တပ္ပတို့က လွန်ချင်လဲ လွန်သွားမယ်၊ အဒေါသတို့ကလဲ လွန်ချင်လဲ လွန်သွားမယ်၊ လိုချင်လဲ လိုနေလိမ့်မယ်။ တတြမဇ္ဈတ္တတာဆိုတာက စေတသိက်တွေကို ညီမျှအောင် လုပ်ပေးတာ၊ ထိန်းထားတာ။

ဒါကြောင့်မို့လို့ ရှေးအဘိဓမ္မာဆရာများက တတြမဇ္ဈတ္တတာ စေတသိက်ကို ရထားထိန်းနဲ့ ဥပမာပေးကြတယ်။ အခုခေတ်ကလေးတွေ ရထားထိန်းကို နားမလည်ဘူး၊ မြင်းနှစ်ကောင်ကတဲ့ မြင်းရထားဆိုတာ ရှိတယ်။ မြင်းနှစ်ကောင်ကတဲ့ မြင်းရထားဆိုလိုရှိယင် မြင်းနှစ်ကောင်ဟာ သိပ်ဆိုးတာ၊ မြင်းနှစ်ကောင်ကို ညီညီပြေးနေအောင် ရထားမောင်းသူက မောင်းရတာကိုး။ အဲဒီလိုပဲ တတြမဇ္ဈတ္တတာက စိတ်တွေ စေတသိက်တွေဟာ ကုသိုလ်လုပ်တဲ့အခါကျတော့ အညီအမျှ ကုသိုလ်စိတ်တွေ စေတသိက်တွေ ဖြစ်အောင် ထိန်းပေးတယ်။ ဒါကြောင့်မို့လို့ ရထားထိန်းဆိုတာက ခုခေတ် ရထားမောင်းသမားပဲ။ လှည်းမောင်းသမားဟာ နွားနှစ်ကောင်ကို ညီအောင်မောင်းရသလိုပေါ့။

ဒါကြောင့်မို့လို့ "တတြမဇ္ဈတ္တတာ"စေတသိက်ဟာ ဗြဟ္မဝိဟာရတရားကျတော့ ဥပေက္ခာနဲ့အတူတူပဲ။ အခုန အဒေါသစေတသိက်ကို မေတ္တာခေါ်သလို တတြမဇ္ဈတ္တတာ စေတသိက်ကို ဥပေက္ခာခေါ်တယ်။

ဗြဟ္မဝိဟာရ တရားလေးပါးမှာ မေတ္တာရယ်၊ ကရုဏာရယ်၊ မုဒိတာရယ်၊ ဥပေက္ခာရယ်၊ အဲဒီလေးပါးထဲက ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက်က မေတ္တာနဲ့ ဥပေက္ခာကလဲ သိပ်များတယ်။ ခု မြန်မာက ဥပေက္ခာဆိုယင် ဘယ်လိုနားလည်တုံး။ ဒီလူကို ငါတော့ ဥပေက္ခာပြုလိုက်ပြီကွ ဆိုလို့ရှိယင် ပစ်ထားလိုက်တဲ့ အဓိပ္ပါယ် ဖြစ်နေတယ်။

**ဥပေက္ခာအမျိုးမျိုး** အဘိဓမ္မာမှာ ဥပေက္ခာ ၉-မျိုးတောင် ရှိတယ်၊ စိတ်ပိုင်းမှာသင်တဲ့အခါကျတော့ သောမနဿတို့ ဥပေက္ခာတို့ဟာ အဲဒီဥပေက္ခာက တစ်မျိုး၊ အဲဒီ သောမနဿတို့ ဥပေက္ခာတို့က ဝေဒနာစေတသိက်။ သောမနဿဝေဒနာဆိုတာက ဝမ်းမြောက်ဝမ်းသာဖြစ်တာကို သောမနဿဝေဒနာ၊ ဝမ်းမမြောက်ဘဲနေတဲ့အခါ ဥပေက္ခာဝေဒနာလို့ ခေါ်တာပဲ။ လျစ်လျူပြုတာ မဟုတ်ဘူး။ လူဟာ အလုပ်တစ်ခုလုပ်မယ်ဆိုလို့ရှိယင် ဝမ်းမြောက်တဲ့အခါ ရှိတယ်၊ အဲဒါ သောမနဿဝေဒနာ ခေါ်တယ်၊ ဝေဒနာစေသိက်ပဲ။ ဝမ်းမမြောက်ဘဲနေတဲ့အခါကို ဥပေက္ခာ ခေါ်တာပဲ။ ဥပေက္ခာပြုတာ မဟုတ်ဘူး။ ဝမ်းမမြောက်ဘဲနေလိုက်တာပဲ၊ အဲဒါ ဝေဒနာစေကသိက်။

ဒီတတြမဇ္ဈတ္တတာ ဥပေက္ခာဆိုတာက ကရုဏာနဲ့ မုဒိတာ ကြားထဲမှာနေတာ၊ တည်တံ့တဲ့သဘောပဲ။ ဥပမာ-ဒုက္ခရောက်နေတဲ့ လူတွေကို မြင်တယ်ဆိုလို့ရှိယင် ဆင်းရဲသားတွေမြင်ယင် ငါ ဒီလူတွေကို ဘယ်လိုကယ်တင်ရပါလိမ့်၊ ဒီလိုဟာက ကရုဏာ။ မုဒိတာဆိုတာက ချမ်းသာတဲ့လူတွေမြင်လို့ရှိယင် သူ့စိတ်ထဲမှာ သိပ်ဝမ်းသာတယ်၊ ဒါ မုဒိတာ။ ဒါက တကယ့် တိုင်းပြည်ခေါင်းဆောင်တွေကို ပြောတာပါ။ သာမညအနညာတ လူတွေကတော့ ဣဿာ မစ္ဆရိယ ဖြစ်မှာပဲ။ ဒုက္ခရောက်တဲ့လူကို မြင်လို့ရှိယင် တကယ့် တိုင်းပြည်ခေါင်းဆောင်တွေက သူ့တို့စိတ်ထဲမှာ ကရုဏာဖြစ်တယ်၊ ငါ ဘယ်နည်းနဲ့ ကယ်တင်ရမတုံး လို့။

တချို့က ဒုက္ခရောက်တဲ့လူတွေ မြင်ယင် စိတ်ဆင်းရဲကြတယ်၊ ဒါ ကရုဏာမဟုတ်ဘူး၊ အကုသိုလ်စေတသိက်ပဲ။ ဒုက္ခရောက်တဲ့လူတွေ

မြင်တယ်ဆိုလို့ရှိယင် ဘယ်နည်းနဲ့ ကယ်တင်ရမတုံးလို့ ဒီလို ကယ်ချင်တဲ့စိတ်ဖြစ်တာ ဒါ ကရုဏာ။ ချမ်းသာတဲ့လူတွေ မြင်တယ်ဆိုလို့ရှိယင် သူဝမ်းသာတယ်၊ ဒါ မုဒိတာ။

ဥပေက္ခာဆိုတာက ဒုက္ခရောက်တဲ့လူတွေ မြင်တယ်ဆိုလို့ရှိယင်လဲ သူက ကရုဏာမဖြစ်ဘူး၊ ချမ်းသာတဲ့လူတွေ မြင်လို့ရှိယင်လဲ မုဒိတာမဖြစ်ဘူး။ စိတ် အင်မတန်တည်တံ့တဲ့ သဘောမျိုးပဲ။ နှစ်ဦးစလုံးအပေါ်အညီအမျှ ဖြစ်အောင် စိတ်ကို သူက လေ့ကျင့်ထားတာ။ ကရုဏာဆိုတာကလဲ ဒုက္ခရောက်တဲ့လူကို ကယ်တင်ဖို့လို့ လျှောက်ပြီးတော့ သူ အလုပ်လုပ်အုံးမှာကိုး။ မုဒိတာကလဲ ဝမ်းမြောက်တယ်ဆိုပြီးတော့ သူ အလုပ်လုပ်အုံးမှာကိုး။ သူ့ စိတ်ဟာ ဟိုဘက် ဒီဘက် ဆင်းရဲတဲ့လူ ချမ်းသာတဲ့လူတွေအပေါ်မှာ အာရုံရောက်နေတာ။ ဥပေက္ခာက ဒုက္ခရောက်တဲ့လူရော ချမ်းသာတဲ့လူရော အညီအမျှတည်တည်ထားနိုင်တယ်။ ဥပေက္ခာက ဘယ်ဘက်မှမလိုက်ဘဲနဲ့ စိတ်တွေ စေတသိက်တွေကို ညီမျှအောင် ထားတယ်။

ဒါကြောင့်မို့လို့ ဒီ"တတြမဇ္ဈတ္တတာ စေတသိက်"ကို "ဥပေက္ခာ"နဲ့ တွဲပြီးတော့ တတြမဇ္ဈတ္တုပေက္ခာက တစ်မျိုး။ သင်္ဂြိုဟ်စိတ်ပိုင်းမှာပါတာက ဝေဒနုပေက္ခာဆိုပြီးတော့ ဥပေက္ခာက တစ်မျိုး၊ ဥပေက္ခာအမျိုးမျိုးရှိတယ်။

နက်ဖြန်မှ ဆက်ရှင်းတာပေါ့၊ သာဓုခေါ်ကြ။

သာဓု သာဓု သာဓု

* * * * *

# ပို့ချချက် (၁၆)

## (၂၄-၆-၇၉)

## ကုသိုလ်စေတသိက်များ အဆက်

တတြမဇ္ဈတ္တတာ စေတသိက်ဟာ အခေါ်ရလဲ ခက်တယ်။ အဓိပ္ပါယ် ကလဲ သူက သိပ်မလွယ်ဘူး။

တတြမဇ္ဈတ္တတာစေတသိက်ကို မနေ့က ဘယ်လိုအဓိပ္ပါယ်ရေးထားတုံး။ အလယ်အလတ်၌ စိတ်, စေတသိက်ကို ထားမှု။ အခု ထပ်ရေးကြစမ်းပါအုံး။ စိတ်, စေတသိက်တို့ကို ညီမျှအောင် ထိန်းပေးမှု၊ အလယ်အလတ်၌ စိတ်, စေတသိက်ကို ထားမှုဆိုတာရယ်၊ စိတ်, စေတသိက်တို့ကို ညီမျှအောင် ထိန်းပေးမှုဆိုတာရယ်၊ နည်းနည်းကွာတော့ ကွာတာပေါ့လေ။ အဓိပ္ပါယ်ကတော့ အတူတူပါပဲ။ စိတ်, စေတသိက်တို့ကို ဟိုဘက်ဒီဘက် မရောက်အောင် အလယ်အလတ်၌ထားတာလဲ စိတ်, စေတသိက်ကို ထိန်းပေးတာပဲ။ ကုသိုလ်ပြုကိုင်း စိတ်, စေတသိက်က အနည်းဆုံး ၁၉–လုံး တောင်ပါမှာဆိုတော့ ဒီ ၁၉–လုံးက တစ်ပြိုင်ထဲဖြစ်တဲ့အခါကျတော့ သဒ္ဓါကလဲ လွန်မသွားအောင်၊ အလောဘကလဲ ပါမယ်၊ အလောဘဆိုတာက ဘာမှ လိုချင်တာမဟုတ်ဘူး၊ ရှိတာ အကုန်လုံး စွန့်နိုင်တာကိုး။ အဲဒီတော့ အလောဘကလဲ ရှိတာတွေ အကုန်လုံး စွန့်နေမယ်ဆိုယင် မဖြစ်ဘူး။ မေတ္တာဆိုတာကလဲ လူတွေရဲ့ ကောင်းကျိုးကို သူက လိုလားတာ။ လူတွေရဲ့ ကောင်းကျိုးချည်းပဲ လိုလားနေလို့ မဖြစ်ဘူး။ အဒေါသနဲ့ အလောဘကိုလဲ ဒီလို မလွန်သွားအောင် တတြမဇ္ဈတ္တတာ စေတသိက်က ထိန်းပေးတာ။

ဒါကြောင့်မို့လို့ တတြမဇ္ဈတ္တတာ စေတသိက်ကို အဘိဓမ္မာအဖွင့်ရေးတဲ့ ရေးဆရာကြီးတွေက ရထားထိန်း ဥပမာပေးခဲ့ကြတယ်။ အမှန်ကတော့ အဘိဓမ္မာသင်တဲ့အခါမှာ အခုခေတ် ဥပမာလေးတွေလဲ ပေးဖို့ကောင်းတာပေါ့။ အခုခေတ် ဥပမာဆိုလို့ရှိယင် အသင်းအဖွဲ့တစ်ခု လုပ်

တယ်ဆိုပါတော့ အသင်းသူအသင်းသား ၁၀၀–ရှိတယ်ဆိုယင် ဒီ ၁၀၀–ကို အစည်းအဝေးတက်ယင်လဲ ညီညီညွတ်ညွတ် တက်အောင်၊ ဆုံးဖြတ်ချက်ချယင်လဲ သဘောတူညီမှုဖြစ်အောင် ထိန်းပေးတဲ့ သဘာပတိကတော့ ပါရတာပေါ့၊ တစ်ယောက်တစ်ပေါက် ပြောချင်ရာတွေ လျှောက်ပြောနေမယ်ဆိုလို့ရှိယင် ဒီအစည်းအဝေး ဘယ်တော့မှ မပြီးဘူး၊ အဲဒီလိုပဲ အစည်းအဝေးမှာ သဘာပတိက အားလုံး ညီညီညွတ်ညွတ် မျှမျှတတ ဖြစ်အောင် ထိန်းပေးသလို တတြမဇ္ဈတ္တတာ စေတသိက်က ထိန်းပေးတာပါပဲ။

ဒီထက် ထင်ရှားတဲ့ ဥပမာဆိုယင် သမဝါယမတွေ ဘာတွေ ဖွဲ့ကြတယ်။ သမဝါယမဆိုတာ ဘာဖြစ်လို့ ဖွဲ့တာတုံး။ ညီညီမျှမျှ လုပ်ကိုင်ပြီး ပစ္စည်းတွေကို မျှမျှတတ လူတွေရအောင် သမဝါယမ အမှုဆောင်တွေက ညီညီမျှမျှဖြစ်အောင် ထိန်းပေးတာပဲ၊ ၂၀လို့ရတဲ့ ကောင်းတာတွေကျတော့ သူတို့ချည်းပဲ ယူကြတယ် မဟုတ်လား။ ထိန်းပေးတဲ့လူတွေက ယူထားမှ ညီမျှလို့ရမှာကိုး။ ဒါရယ်စရာ ပြောတာပါ၊ ဒီလို သမဝါယမက နည်းပါတယ်နော်။)

**ပဿဒ္ဓိစေတသိက်** အဲဒီတော့ တတြမဇ္ဈတ္တတာ စေတသိက်ပြီးသွားတော့ ပဿဒ္ဓိစေတသိက်ဆိုတာ မြန်မာလိုကတော့ ငြိမ်းအေးမှု။ သူကနှစ်လုံးရှိတယ်။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ။ ကာယပဿဒ္ဓိဆိုတာက စေတသိက်တို့ရဲ့ ငြိမ်းအေးမှု၊ စိတ္တပဿဒ္ဓိဆိုတာက စိတ်ရဲ့ ငြိမ်းအေးမှု၊ ဒါကြောင့်မို့လို့ ပဿဒ္ဓိစေတသိက်ဟာ ကုသိုလ် ပြုတိုင်းပြုတိုင်း ပါဝင်တဲ့ စေတသိက်ဖြစ်တယ်။ ကုသိုလ်လုပ်တဲ့အခါမှာ ကုသိုလ်ဖြစ်သလား မဖြစ်သလား လေ့လာကြည့်ယင် စိတ်တွေ စေတသိက်တွေ ပူပူလောင်လောင်မဟုတ်ဘဲနဲ့ ငြိမ်းအေးပြီးတော့နေယင် ဒါ ကုသိုလ်စိတ်တွေ ဖြစ်နေတာပဲ။

**ကုသိုလ်ဆိုတာ ဘယ်မှာဖြစ်တာလဲ** အခိပ္ပါယ်တစ်ခု–ဒါန အလှူလုပ်တယ်၊ အလှူလုပ်တဲ့လူရဲ့စိတ်ဟာ စိတ်တွေ

ရော စေတသိက်တွေရော အကုန်လုံး ငြိမ်းအေးပြီးတော့ နေရတယ်။ စိတ်တွေ, စေတသိက်တွေ ငြိမ်းအေးပြီးတော့နေမှ ဒါ ကုသိုလ်ရတာကိုး။ ပရိသတ်တွေ ကျွေးဖို့ မွေးဖို့ လှူဖို့ ဒါန်းဖို့ ဘုန်းကြီးတွေ ပင့်ဖို့ ပူပူလောင်လောင် ဖြစ်နေယင် သူ့စိတ်ထဲမှာ ဘာကုသိုလ်ရမတုံး။ ကုသိုလ်ရတယ်ဆိုတာက ဘယ်နေရာမှာ ရတာတုံး၊ အပြင်ဘက်မှာ ရတာလား၊ ခန္ဓာကိုယ်ထဲမှာ ရတာလား၊ ခန္ဓာကိုယ်ထဲမှာမှ ကုသိုလ်ဖြစ်တာ၊ သံဃာတွေပေါ်မှာလဲ ကုသိုလ်က မဖြစ်ပါဘူး။ အလှူဝတ္ထုပေါ်မှာလဲ ကုသိုလ်ဖြစ်တာ မဟုတ်ဘူး။ ကုသိုလ်ဖြစ်တာက မိမိခန္ဓာကိုယ် စိတ်ထဲမှာ ဖြစ်တာ။ ခန္ဓာကိုယ်စိတ်ထဲမှာ ဘာကုသိုလ်ပဲဖြစ်ဖြစ် သူက အေးရတယ်။ စိတ်လဲအေးရမယ်။ အဲဒါကြောင့်မို့လို့ စိတ်ရဲ့ ငြိမ်းအေးမှုကို စိတ္တပဿဒ္ဓိစေတသိက်၊ စေတသိက်တွေရဲ့ ငြိမ်းအေးမှုကို ကာယပဿဒ္ဓိ စေတသိက်လို့ ဆိုတယ်။ ကာယလို့ ဘာကြောင့်ခေါ်တာတုံးဆိုတော့ စိတ်ရော, စေတသိက်ရော ငြိမ်းအေးတယ်ဆိုလို့ရှိယင် ကိုယ်ကရော မအေးဘူးလား၊ ကိုယ်ကရော အေးသွားမယ်။ ဒါကြောင့်မို့လို့ ကာယပဿဒ္ဓိလို့ ခေါ်တယ်။ ဒီနာမကာယတွေ အေးတယ်ဆိုယင် ရူပကာယကလဲ အေးတဲ့အဓိပ္ပါယ်ရောက်လို့ ကာယပဿဒ္ဓိလို့ သူ့ကို ခေါ်တာတဲ့။

အဲဒီတော့ ပဿဒ္ဓိစေတသိက်ကို ဆိုကြစမ်းပါအုံး။

"ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ။"

ကာယပဿဒ္ဓိဆိုတာ ဘယ်လိုတုံး အဓိပ္ပါယ်က။

"စေတသိက်တို့ရဲ့ ငြိမ်းအေးမှု။"

"စိတ္တပဿဒ္ဓိ" ဆိုတာကကော။

"စိတ်တို့ရဲ့ ငြိမ်းအေးမှု။"

အဲဒီတော့ ကုသိုလ်လုပ်လို့ရှိယင် စိတ်ရော စေတသိက်ရော ငြိမ်းအေးနေတယ်။

**ကုသိုလ်ရတော့ ဘယ်လိုနေသလဲ** စိတ်နဲ့စေတသိက်ကို နာမကာယလို့ ခေါ်တယ်။ နာမကာယတွေ ငြိမ်းအေးနေယင် အပြင်မှာရှိတဲ့ ရူပကာယကြီးကလဲ ငြိမ်းအေးနေတာပဲ။ ကုသိုလ်ရတယ်ဆိုတာက ပူပူလောင်လောင်ဖြစ်နေတဲ့ စိတ်တွေ, စေတသိက်တွေကို အေးသွားအောင် ဒီလိုလုပ်လိုက်တာပဲ။ အဓိပ္ပါယ်တစ်ခု–အပူထဲသွားပြီးတော့ ချွေးတွေ ချေးတွေ ဘာတွေညာတွေ ဒီလိုဖြစ်နေတဲ့ ရုပ်ကြီးကို မနက်စောစောထပြီးတော့ ရေချိုးလိုက်တဲ့အခါကျတော့ ဘယ်လိုဖြစ်သွားတုံး၊ ရေချိုးပြီး သနပ်ခါးတွေ ဘာတွေ ညာတွေ လိမ်းလိုက်တော့ အေးပြီး ရှင်းသွားတယ်။ အဲဒီလိုပဲ ညစ်ပတ်နေတဲ့စိတ်တွေ, စေတသိက်တွေကို ကုသိုလ်လုပ်လိုက်တဲ့ အခါကျတော့ စိတ်တွေ, စေတသိက်တွေ အကုန်လုံး အေးပြီး ရှင်းပြီးတော့ သွားတယ်။ အဲဒီတော့ ကုသိုလ်လုပ်တယ် ကုသိုလ်လုပ်တယ်ဆိုတာဟာ စိတ်တွေ, စေတသိက်တွေ အေးမြသွားအောင် လုပ်တာပဲ။ စိတ်တွေ, စေတသိက်တွေ မအေးမြဘဲနဲ့ ပူလောင်နေတယ်ဆိုလို့ရှိယင်တော့ ဒီကုသိုလ်ကြီးဟာ အဘိဓမ္မာနဲ့ ဆန်းစစ်ကြည့်မယ်ဆိုယင် ပူပူလောင်လောင် ကုသိုလ်ကြီးပဲ ဖြစ်နေမှာပေါ့။

**လဟုတာစေတသိက်** ပဿဒ္ဓိစေတသိက် ပြီးတော့ လဟုတာ စေတသိက်ဆိုတာက လဟုတာ=ပေါ့ပါးမှု၊ ဖျတ်လတ်မှု၊ လျင်မြန်မှု၊ ဒါ လဟုတာစေတသိက် ခေါ်တယ်။ လဟုတာစေတသိက်ကလဲ နှစ်လုံး ရှိတာကိုး။ ကာယလဟုတာဆိုတာက စေတသိက်တွေရဲ့ လျင်မြန်မှု၊ ပေါ့ပါးမှု၊ ဖျတ်လတ်မှု။ စိတ္တလဟုတာဆိုတာက စိတ်တွေ့ရဲ့ လျင်မြန်မှု၊ ပေါ့ပါးမှု၊ ဖျတ်လတ်မှု၊ အဲဒီတော့ ဒီ လဟုတာစေတသိက်ဆိုတာကလဲ ကာယလဟုတာရော, စိတ္တလဟုတာရော ဒီစေတသိက်တွေဟာ ကုသိုလ်ပြုတိုင်း သူတို့က ပါဝင်တဲ့စေတသိက်ပဲ။

ခန္ဓာကိုယ်ထဲမှာ ကုသိုလ်စိတ်တွေ ဖြစ်နေတဲ့အခါမှာ ဒီစိတ်တွေ, စေတသိက်တွေဟာ ပေါ့ပါးပြီးတော့ နေတယ်။ အကုသိုလ်စိတ်, စေတသိက်တွေ ဖြစ်နေတဲ့အခါမှာ လေးပြီးတော့နေတယ်။ လူရဲ့ခန္ဓာကိုယ်ကို မယုံ

ယင် ချိန်ကြည့် တကယ်ကုသိုလ်ဖြစ်နေတဲ့အခါမှာ ဒီစိတ်တွေ, စေတသိက်တွေကော ရုပ်ကြီးရော ပေါ့ပြီးနေတယ်။ အကုသိုလ်တွေ သိပ်ပြီးတော့ များနေတဲ့လူဟာ လူပိန်ပေမဲ့ သွားချိန်ကြည့် လေးရမယ်။ သို့ပေတဲ့ အမြဲတမ်း အကုသိုလ်ဖြစ်နေတာ, အမြဲတမ်း ကုသိုလ်ဖြစ်နေတာမရှိတော့ ဒီအချိန်ဟာ မှန်ချင်မှလဲ မှန်မှာပေါ့။

ဒါကြောင့်မို့လို့ တချို့တလေ သဒ္ဓါတရားကောင်းတဲ့ မိန်းမတွေဟာ အလှူကြီးတွေ အကြီးအကျယ်လုပ်တဲ့အခါမှာ ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့၊ သူတို့ မောတယ် ပန်းတယ် ဘာတယ် ညာတယ်ရယ်လို့ ဘာမှမရှိဘူး။ ညလဲ တစ်ညလုံးပဲ ချက်တယ်, ပြုတ်တယ်, ဆေးဟယ်, ကြောတယ်၊ တစ်ညလုံး လုပ်နေကြတာပဲ။ ဒါပေမဲ့ မနက်မိုးလင်းတော့ သူတို့ ရုပ်ဟာ ပွဲကြည့်တဲ့ ရုပ်မျိုးမဟုတ်ဘူး။ သဒ္ဓါထက်ထက်နဲ့ ကုသိုလ်လုပ်နေတဲ့ ရုပ်တွေဟာ ကြည်လင်ပြီးတော့ လျင်မြန်ပြီးတော့ ဖျတ်လတ်ပြီးတော့ နေတယ်။ ပွဲကြည့်ပြီးတော့ ပြန်လာတဲ့ရုပ်နဲ့ မတူပါဘူး။ ဒါကြောင့်မို့လို့ ကုသိုလ်ပြုတဲ့အခါမှာ လဟုတာစေတသိက်ဟာ ကုသိုလ်ပြုတိုင်း ပါဝင်တယ်တဲ့။ ဘယ်ကုသိုလ်တွေမှာ ပိုထင်ရှားသလဲဆိုတော့ ဒါနကုသိုလ်တို့ သီလကုသိုလ်တို့မှာ ပဿဒ္ဓိစေတသိက်တို့ လဟုတာစေတသိက်တို့ဟာ သိပ်မထင်ရှားပေတဲ့ တရားထိုင်တဲ့အခါ ထင်ရှားတယ်၊ ဒီအထဲမှာ လူကြီးတွေနဲ့ လူလတ်တွေကတော့ နည်းနည်း တရားထိုင်ဖူးတဲ့လူတွေ ပါပါတယ်။

အခုခေတ်ကတော့ ကျောင်းပိတ်တဲ့ ရက်တွေမှာ ကျောင်းသူကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေလဲ ရိပ်သာတွေမှာ သွား တရားထိုင်နေကြတာပါပဲ။ လူကြီးတွေထက်တောင် များနေသေးတယ်။ လူငယ်တွေလဲ တရားထိုင်ဖူးတဲ့ လူငယ်တွေ ရှိပါတယ်။ တရားအားထုတ်တဲ့အခါမှာ ပိုပြီးတော့ ပဿဒ္ဓိစေတသိက်တို့ လဟုတာစေတသိက်တို့က ထင်ရှားတယ်။ တရားထိုင်တယ်ဆိုတာက ဒီစိတ်တွေ, စေတသိက်တွေ အကုန်လုံး အေးပြီးတော့ လာတယ်၊ ငြိမ်းပြီး ချမ်းသာပြီးတော့ လာတယ်။ ငြိမ်းအေးတယ်ဆိုတာက ချမ်းသာလာတာပေါ့၊ အေးမြလာတာပေါ့။

အဲဒီတော့ စိတ်တွေ, စေတသိက်တွေ အေးမြလာတော့ ရုပ်ကြီးက လဲ ကြည်လင်ပြီးတော့ အေးမြလာတာပဲ။ နောက်ပြီးတော့ တရားမထိုင် ခင်တုန်းက နေရ, ထိုင်ရ, သွားရတာ-နည်းနည်းလေးတယ်၊ သိပ်ပြီးတော့ ဖျတ်ဖျတ်လတ်လတ် မရှိဘူး။ အာနာပါနနဲ့ တရားထိုင်လို့ရှိယင် လူဟာ နည်းနည်း ဖျတ်လတ်လာတယ်၊ လျင်မြန်လာတယ်၊ ပေါ့ပါးလာတယ်။ ဒါကြောင့်မို့လို့ တချို့တလေ တရားထိုင်တာက ကျန်းမာရေးအတွက် တရား ထိုင်တာလဲ ရှိတယ်၊ တချို့တလေ နေမကောင်းတဲ့လူတွေဟာ ဆရာတို့ အရွယ်ကျတော့ နည်းနည်း လေးချင်တယ်။ ဒီလို လူတွေ တရားထိုင် တော့ သူတို့က လက်တွေ့ကောင်းကျိုး တွေ့လာတယ်။ ဘာလို့လဲဆိုတော့ အလျင်တုန်းက လေးတာတွေဟာ နည်းနည်းပေါ့လာတယ်။ သွားရ, လာ ရတာ ဖျတ်ဖျက်လတ်လတ်ရှိလာတယ်။

**ကောင်းကင်ပျံနိုင်တာ ဘယ်စေတသိက်လဲ**

တရားထိုင်တဲ့အခါကျတော့ ဒီပဿဒ္ဓိစေတသိက် တို့ လဟုတာစေတသိက်တို့က ပိုထင်ရှားတယ်။ ဒီ့ထက် ပိုထင်ရှားတာကတော့ လဟုတာ စေတ သိက်တို့ မုဒုတာစေတသိက်တို့ဟာ ဈာန်ရတဲ့အခါကျတော့ သိပ်ထင်ရှား တယ်။ လူတွေမှာ အတောင်မပါဘဲနဲ့ စက်လဲမပါဘဲနဲ့ ကောင်းကင်ပျံနိုင် တယ်ဆိုတာ ယုံရဲ့လား။ ဘယ်စေတသိက်ကြောင့် ပျံနိုင်တာတုံး၊ လဟုတာ စေတသိက်ကြောင့် ပျံနိုင်တယ်။ လဟုတာ စေတသိက်က ဈာန်ကျတော့ သူက သိပ်ပြီးတော့ ထက်သွားတယ်။ ဈာန်သမာဓိတရားကို သိပ်ပြီး အလေ့အကျင့် များလာတဲ့အခါကျတော့ စိတ်တွေ စေတသိက်တွေဟာ ပေါ့ပြီးလာတယ်။ စိတ်တွေ စေသိက်တွေ သိပ်ပြီး ပေါ့လာတဲ့အခါကျ တော့ စိတ်, စေတသိက်နောက်ကို ရုပ်ခန္ဓာဟာ ပါသွားတာပါပဲ။

နတ်ပြည်ရောက်ချင်တယ်ဆိုလို့ရှိယင် ဘယ်လောက်မြန်တဲ့ လေ ယာဉ်ပျံပေတဲ့ အကြာကြီး ပျံရမှာပဲ။ ဈာန်ရတဲ့လူက နတ်ပြည်ရောက် ချင်တယ်ဆိုယင် ဘယ်လောက်ကြာတယ်ထင်တုံး၊ စိတ်မြန်သလောက် မြန်တာပဲ။ ကျန်းမာသူ၏ ကွေးသောလက် ဆန့်သလို ဒါလောက်ပဲကြာ

တယ်။ စိတ်က နတ်ပြည်သွားချင်တယ်ဆိုယင် ရောက်သွားတာပဲ။ မန္တလေး ရောက်ချင်တယ်ဆိုယင်လဲ ဒါလောက်ပဲကြာတာပဲ အတူတူပဲ။

ဘာဖြစ်လို့လဲဆိုတော့ စိတ်မြန်သလောက် မြန်တာကိုး။ အခု မန္တလေးသူ တစ်ယောက်ဟာ မန္တလေးကို စိတ်နဲ့ သွားလိုက်လို့ရှိယင် ဘယ်လောက်ကြာမတုံး၊ ကိုယ့်အိမ်ကို အာရုံပြုလိုက်လို့ရှိယင် ချက်ချင်း အိမ်ရောက်နေတာပဲ။ အိမ်ခန်းထဲ ပစ္စည်းတွေ ဘာတွေထားတာ ဉာဏ်ထဲ အကုန်မြင်တာပဲ။ မန္တလေးသူဟာ စိတ်က မန္တလေးရောက်ချင်ယင် ချက်ချင်းရောက်တာပဲ။ အဲဒီတော့ ဈာန်ရတဲ့ပုဂ္ဂိုလ် ရောက်တယ်ဆိုတာလဲ အဲဒီလို မြန်တာ။

လဟုတာစေတသိက်က အဲဒီလို ဈာန်တို့ အဘိညာဉ်တို့ ရတဲ့ ပုဂ္ဂိုလ်တွေကျတော့ ပိုပြီးတော့ ထင်ရှားတယ်။ အဲဒီတော့ ဆိုကြစမ်းပါ-

"ကာယလဟုတာ၊ စိတ္တလဟုတာ"

ကာယလဟုတာဆိုတာ ဘယ်လို အဓိပ္ပါယ်တုံး။

"စေတသိက်တွေရဲ့ လျင်မြန်မှု၊ ပေါ့ပါးမှု၊ ဖျတ်လတ်မှု။"

စိတ္တလဟုတာ ဆိုတာကကော။

"စိတ်တွေရဲ့ လျင်မြန်မှု၊ ပေါ့ပါးမှု၊ ဖျတ်လတ်မှု။"

**မုဒုတာစေတသိက်** မုဒုတာစေတသိက်ဆိုတာက နူးညံ့တယ်။ နူးညံ့တယ် ဆိုတဲ့ မြန်မာစကားက ခုလူတွေ နားလည်တဲ့ နူးညံ့တာနဲ့တော့ မတူဘူး။ နူးတာရယ် ညံ့တာရယ် တွဲလိုက်တဲ့အခါကျတော့ မြန်မာက နူးတယ်ဆိုတာ ဘယ်နေရာမှာ သုံးတာတုံး။ ဝက်သားဟင်း ချက်တယ်ဆိုယင် နူးပလား၊ နပ်ပလားဆိုတာ မြန်မာကလေးတွေ နားလည် တယ်။ ညံ့တယ်ဆိုတဲ့ စကားကတော့ သူ့လက်ရေး ညံ့သလား၊ သူ့လက်ရေး ကောင်းသလား၊ ညံ့တယ် ကောင်းတယ်ဆိုတာ အဲဒီက လာတာ။ နူးနဲ့ ညံ့နဲ့ နှစ်ခုပေါင်းလိုက်တော့ အဓိပ္ပါယ် ဘယ်လို ထွက်မတုံး။ မြန်မာစာကို သင်မှ မသင်ခဲ့ကြဘဲနဲ့။ အင်္ဂလိပ်စာတော့ သင်ခဲ့တယ်မဟုတ်လား။ နူး

တာနဲ့ ညှံ့တာနဲ့ ပေါင်းလိုက်တဲ့အခါကျတော့ ဒီနေရာမှာ နူးညံ့တယ်ဆိုတာက နုတာကိုခေါ်တာ။ အဓိပ္ပါယ် နားမလည်ပေတဲ့ သုံးတော့ သုံးနေကြတာပဲ။ အဓိပ္ပါယ်တစ်ခု–ဆရာ့ အသားလေးတွေကို စမ်းကြည့်တော့ အသားလေးတွေက သိပ်ပြီးတော့ နူးညံ့တာပဲ။ အဲဒီတော့ နူးညံ့တယ်ဆိုတာက နုတာပါပဲ။ ညံ့တာက ပစ္စည်းပဲ။ အဘိဓာန်မှာ ပစ္စည်းပစ္စည်းဆိုပြီးတော့ တွေ့မယ်။ ပူးတာက ပုဒ်ရင်းကိုး။ ညံ့တာလေး ထည့်တာက ပထမ ကြမ်းတာက လျော့ပြီးတော့ ပျော့ပျောင်းသွားတာကိုး။ ပျော့ပျောင်းသွားတယ်၊ နုသွားတယ်။ အဲဒီတော့ ညံ့တာလေး ထည့်လိုက်တဲ့အခါကျတော့ ဒီညံ့ဟာ ပိုပြီးတော့ နုတယ်၊ ပိုပြီးတော့ ပျော့တယ်ဆိုတဲ့ ဒီလို အဓိပ္ပါယ်မျိုးရအောင် ညံ့ဆိုတာလေး ထည့်ပေးလိုက်တာကိုး။ ဒီညံ့တာက လက်ရေးညံ့တာရယ် ကောင်းတာရယ် ဒီလို ညံ့တာမျိုး မဟုတ်ဘူး၊ ပိုပြီးတော့ နုတယ်ဆိုတဲ့ အဓိပ္ပါယ်ကို သိအောင် ပစ္စည်းလေး ဆက် ပေးလိုက်တာပေါ့။

ဒါကြောင့်မို့လို့ နူးညံ့တာကို နားမလည်မှာစိုးလို့ သိမ်မွေ့တယ်။ သိမ်မွေ့တယ်ဆိုတဲ့ စကားကလဲ ခက်တာက စိတ်တွေ ဘာတွေ သိမ်မွေ့တဲ့ နေရာမှာလဲ သုံးတယ်။ ဒီလူဟာ နေတာ ထိုင်တာ တော်တော် သိမ်မွေ့တယ်၊ ဒီလိုလဲသုံးပါတယ်။ သွားတာ လာတာ သိမ်သိမ်မွေ့မွေ့ရှိတယ်။ မြန်မာအမျိုးသမီးတွေဟာ ရှေးတုန်းက သွားတာ လာတာဟာ အင်မတန် သိမ်မွေ့တယ်တဲ့။ (ခုခေတ် အမျိုးသမီးတွေကတော့ ယောကျ်ားလေးတွေ ဂုတ်တောင် ခွစီးသွားမယ်၊ တော်တော်သိမ်မွေ့တယ်။) အဲဒီတော့ သိမ်မွေ့တယ်ဆိုတာက သွားတာ လာတာ နေတာ ထိုင်တာ ဒီလိုနေရာမှာ ရှေးက သိမ်မွေ့တယ်လို့ သုံးတယ်။ အဲဒီတော့ နူးညံ့တာနဲ့ သိမ်မွေ့တာဟာ တကယ်ကတော့ ပရိယာယ်ချင်း သိပ်မတူဘူး။ နားလည်အောင် ထည့်ပေးတာ။ သိမ်မွေ့တယ်ဆိုတဲ့စကားကို အသားအရေတို့ ဘာတို့ကို သိမ်မွေ့တယ်လို့ ဒီလိုမသုံးဘူး။ ဒါပေမဲ့ သိမ်မွေ့တယ်ဆိုတဲ့ စကားကို နူးညံ့တာကို မသိမှာစိုးလို့ ဆင်တူရိုးမှား ထပ်ပြောတာပဲ။ အဲဒီတော့ နူးညံ့တယ်ဆိုယင်ပဲ ဒီဟာ တော်တော်လေး သိနိုင်ပါပြီ။

**ကုသိုလ်ဆိုတာ မာသလား၊ ပျော့သလား** ကာယမုဒုတာဆိုတာ စေတသိက်တွေရဲ့ နူးညံ့မှု၊ ပျော့ပျော့ပျောင်းပျောင်းရှိမှု။ ဒီ စိတ်၊ စေတသိက်တွေ သိမ်မွေ့လာတယ်ဆိုတော့ ဒီ စိတ်၊ စေတသိက်တွေဟာ သူထားသလိုနေလာတယ်၊ ပျော့ပျောင်းလာတယ်။ ပထမ အကုသိုလ်စိတ်၊ စေတသိတ်တွေဟာ မာတယ်၊ အကုသိုလ်စိတ်၊ စေတသိတ်တွေ ဝင်လာလို့ရှိယင် လူဟာ မာလာတယ်၊ ပြောလို့မရဘူး။ မိဘကပြောလို့လဲ မရဘူး၊ ခင်ဗျားက ဘာပြောတာတုံး၊ ကျုပ်လုပ်ချင်ရာလုပ်မှာပေါ့လို့ မာလာတယ်၊ အကုသိုလ်စိတ် မာနတို့ ဒေါသတို့ ဝင်နေတာ။ ကုသိုလ်စိတ်၊ စေတသိတ်ဆိုတာက ပျော့တယ်၊ ပျောင်းတယ်၊ ဟော့ မင်းသွားလိုက် ဆိုလို့ရှိယင် ကောင်းပါပြီခင်ဗျာ သွားပါမယ်၊ ဟော့..မင်း–ထိုင်နေဆို ယင် ကောင်းပါပြီခင်ဗျာ ဆိုပြီး ပြန်ထိုင်နေတယ်၊ ပျော့ပျောင်းတယ်။

အဲဒီတော့ ကုသိုလ်စေတသိတ်တွေ ဝင်နေတဲ့သူဟာ ပျော့ပျောင်းတယ်။ ဒီလို ကျောင်းသူ ကျောင်းသားမျိုးကို နူးညံ့တယ်၊ သိမ်မွေ့တယ်လို့ ခေါ်တာပေါ့၊ ဒါကြောင့်မို့လို့ ကုသိုလ်လုပ်တဲ့အခါကျတော့ စေတသိတ်တွေရော၊ စိတ်တွေရော နူးညံ့သွားအောင် ဒီ မုဒုတာစေတသိတ်က လုပ်ပေးတာ။ ကုသိုလ် တစ်နေ့လုံးလုပ်မယ်ဆိုလို့ရှိယင် သူလုပ်လို့ရတာပဲ၊ နူးညံ့လာတာကိုး။ ဆရာပြောတဲ့အတိုင်း အကုန်နားထောင်တာပဲ။ မင်း–စာကျက်ဆိုယင် တစ်ခါထဲ ကျက်တာပဲ။ မင်း–စာမကျက်နဲ့တော့၊ အိပ်တော့ဆိုယင် တစ်ခါထဲ အိပ်တာပဲ။ သူက နူးညံ့လာတာကိုး။ မုဒုတာစေတသိတ်က လုပ်ထားတဲ့အခါကျတော့ စိတ်တွေ၊ စေတသိတ်တွေက အကုန်လုံး နူးညံ့လာတယ်၊ ပျော့ပျောင်းလာတယ်၊ ကိုယ်ခိုင်းသလိုရတယ်။ ဒါကြောင့်မို့လို့ ကာယမုဒုတာ=စေတသိတ်ရဲ့နူးညံ့မှု။ စိတ္တမုဒုတာ=စိတ်တို့ရဲ့နူးညံ့မှု။

ဆိုစမ်းပါအုံး–

''ကာယမုဒုတာ၊ စိတ္တမုဒုတာ''

ကာယမုဒုတာဆိုတာ ဘာတုံး။

"စေတသိက်တွေရဲ့ နူးညံ့မှု၊ ပျော့ပျောင်းမှု"
**စိတ္တမုဒုတာကော။ စိတ်တွေရဲ့ နူးညံ့မှု၊ ပျော့ပျောင်းမှု။**

**မုဒုတာစေတသိက်ပြီးပြီ။**

**ကမ္မညတာစေတသိက်** ကမ္မညတာ စေတသိက်ကလဲ ဘာသာပြန်ရခက်တာပဲ။ ကမ္မ–ဆိုတာ အမှုကိစ္စ အလုပ်ပါပဲ။ ရှေးတုန်းကတော့ ကမ္မညတာ၊ အမှု၌ ခံ့မှုဆိုပြီးတော့ ဒီလိုပြန်တော့ မြန်မာက "အမှု၌ခံ့မှု"ဆိုတာကို နားမလည်ဘူး။ အဲဒီတော့ ကမ္မညတာကို "အမှုကိစ္စ၌ ပျော်ပိုက်မှု"လို့ ဆရာက ဒီလိုပြန်လိုက်တယ်။ အမှုကိစ္စ၌ ပျော်ပိုက်မှုဆိုတာက အလုပ်လုပ်လို့ သူကပျော်တယ်။ ဒီနေ့ ဒါနလုပ်တယ်၊ ဒါနလုပ်နေရတာကိုပဲ ပျော်တယ်။ သီလဆောက်တည်တယ်၊ သီလဆောက်တည်ရတာကိုပဲ သူက ပျော်တယ်။ ဒါ ကမ္မညတာပေါ့။

တရားထိုင်နေတယ်၊ တရားထိုင်နေရတာကိုပဲ သူပျော်တယ်။ ဒါကို ရှေးတုန်းက ခံ့တယ်လို့ဆိုတာ။ တရားထိုင်လို့ ကောင်းလိုက်တာလို့ ဒီလို ပြောတဲ့လူ ပျော်တာပေါ့။ ဒါနလုပ်ရတာ သိပ်ကောင်းတာပဲလို့ ဒီလိုတော့ ပြောခဲတယ်။ သီလဆောက်တည်ရတာ သိပ်ကောင်းတာပဲလို့ ဒီလိုမပြောတဲ့ဘူး။ ထမင်းစားရတာ သိပ်ကောင်းတာပဲလို့ ဒီလိုပြောတယ်။ အဲဒီလို ရှေးတုန်းကတော့ အမှု၌ ခံ့မှုဆိုတာက ဟာ ဒီနေ့တော့ အလုပ်လုပ်လို့ သိပ်ကောင်းတာပဲဆိုတာ ဒီအလုပ်ထဲမှာ စိတ်ဝင်စားပြီးတော့ စိတ်ကို အလုပ်ထဲမှာ ထားလို့ရတယ်။ တချို့တလေကတော့ ရုံးအလုပ်ပဲဖြစ်ဖြစ်၊ ကုသိုလ်ကောင်းမှု အလုပ်ပဲဖြစ်ဖြစ် အလုပ်သာလုပ်နေရတယ် စိတ်မပါဘူး၊ စိတ်မပျော်ပိုက်ဘူး။ ဒါဟာ ကမ္မညတာ စေတသိက်မပါဘူး၊ အကုသိုလ်စိတ်တွေ ဖြစ်နေတာပဲ။

သင်တန်းတက်နေတယ်၊ သင်တန်းတက်ရတာ ဆရာပြောတာ နားထောင်လို့လဲ စိတ်ထဲမှာ ပျော်နေတယ်။ ရေးရတာ မှတ်ရတာလဲ ပျော်နေတယ်၊ သင်တန်းတက်ရတာကိုယ်က အရသာလေးက တစ်မျိုးပဲ။ ဘာ

မှ မကျွေးပေတဲ့ အရသာလေးကိုရှိနေတယ်။ အဲဒါ ကမ္မညတာစေတသိက်။ သူ ဒီသင်တန်းမှာ ထိုင်နေရတာကိုပဲ တော်တော်ကောင်းတယ်၊ တော်တော်ပျော်တယ်။ ရုပ်ရှင်ရုံထဲမှာ ထိုင်ရတာထက် ဒီက ပိုကောင်းတယ်။ အဲဒီအခိပ္ပါယ်မျိုး ဖြစ်နေတာက ကမ္မညတာစေတသိက်။

စေတသိက်တွေကို ဒီအလုပ်ထဲမှာ ပျော်ပိုက်အောင် လုပ်ပေးတာက ကာယကမ္မညတာ စေတသိက်။ စိတ်ကို ဒီအလုပ်ထဲမှာ ပျော်နေအောင် လုပ်ပေးတာက စိတ္တကမ္မညတာ စေတသိက်ပဲ။

ကဲ--ဆိုကြစမ်းပါ။ ကာယကမ္မညတာဆိုတာ ဘာတုံး၊

"သင်တန်းသူ သင်တန်းသားများ ဖြေကြသည်။"

စိတ္တကမ္မညတာကော။

"သင်တန်းသူ သင်တန်းသားများ ဖြေကြသည်။"

အဲဒီတော့ ကမ္မညတာပြီးတော့ ပါဂုညတာစေတသိက်။

**ပါဂုညတာစေတသိက်** ပါဂုညတာ စေတသိက်ဆိုတာက ရှေးတုန်းကတော့ ဘာသာအမျိုးမျိုး ပြန်ကြတာ။ ဆရာကတော့ ပါဂုညတာကို လွယ်အောင်လို့ ကျန်းမာမှုလို့ ဒီလိုပြန်လိုက်တယ်။ ကျန်းမာတယ်ဆိုတာက ပါဂုညတာ။

ကာယပါဂုညတာဆိုတာက စေတသိက်တွေ ကျန်းမာတာကိုပြောတာ။ အကုသိုလ်စေတသိက်တွေ ဝင်နေတယ်ဆိုလို့ရှိယင် နေမကောင်းဖြစ်တာပဲ၊ မကျန်းမာဘူး။ ကုသိုလ်စေတသိက်တွေ ဖြစ်နေတယ်ဆိုယင် သူ ကျန်းမာတာပဲ။ ပါဂုညတာစေတသိက်က သူနဲ့ အတူတကွဖြစ်တဲ့ စိတ်, စေတသိက်တွေကို ကျန်းမာအောင် သူက လုပ်ပေးတာပဲ။ အကုသိုလ်စေတသိက်ဆိုတာက ဘယ်အကုသိုလ်မှ ကောင်းတဲ့စေတသိက် မရှိဘူး။ သူတို့က လူဆိုးချည်းပဲ။ အကုသိုလ်စေတသိက်တစ်လုံးဝင်လာယင် သူဟာ ရောဂါတစ်ခု ဝင်လာတာပဲ၊ သူက အင်မတန်ကူးစက်လွယ်တဲ့ ရောဂါသဘောမျိုးပဲ။

ဒါကြောင့်မို့ **အကုသိုလ်စေတသိက်ဆိုတဲ့** ရောဂါတွေကို မောင်း **ထုတ်လိုက်ပြီး စိတ်တွေ** စေတသိက်တွေ ကျန်းမာအောင် လုပ်ပေးတာက ဒါ ပါဂုည**တာစေတသိက်**။

**အဲဒီ**တော့ လူတွေကို ကြည့်တဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးကတော့ **နေကောင်းနေ**တာပဲ၊ သွားလာလုပ်ကိုင်နေတာပဲ။ သို့ပေတဲ့ အကုသိုလ်စိတ်တွေ **စေတသိက်**တွေဖြစ်နေတဲ့ အခါကျတော့ သူ့ဒီခန္ဓာကိုယ်က နေကောင်းနေ ပေတဲ့ စိတ်တွေ စေတသိက်တွေက **နေမကောင်းဘူး**။ စိတ်တွေ စေတသိက်တွေ နေမကောင်းတာ ကြာလို့ရှိယင် ခန္ဓာကိုယ်ပါ နေမကောင်း ဖြစ်လာတာပဲ။

**ကျန်းမာရေးကောင်းတာ ဘယ်စေတသိက်လဲ**

ဒါကြောင့်မို့လို့ အကုသိုလ်တွေ များတဲ့လူဟာ ရောဂါဘယ များတယ်။ ခဏခဏ နေမကောင်းဖြစ်တယ်။ ဥတုလေး နည်းနည်း ဖောက်ပြန်ယင် သူတို့ နေမကောင်းဖြစ်တာပဲ။ ဘာဖြစ်လို့တုံးဆိုတော့ အကုသိုလ်စေတသိက်တွေကို ခဏခဏလက်ခံတာကိုး။ အကုသိုလ် စေတ သိက် တွေဟာ သူ့ခန္ဓာထဲဝင်လိုက်-ထွက်လိုက်, ဝင်လိုက်-ထွက်လိုက်နဲ့ သူ ဒီလို လက်ခံထားတဲ့အခါကျတော့ သူ့ခန္ဓာကိုယ်ကြီးဟာ **အကုသိုလ်တို့ ရဲ့ ပျော်ပိုက်ရာ ပျော်ပွဲစားရာ တဲနိုအိမ်ကြီး**သဖွယ် ဖြစ်နေတယ်။ ဒီတော့ ခဏခဏ ရောဂါဖြစ်တာပေါ့။

အဲဒီတော့ ကုသိုလ်စေတသိက်တွေ အဖြစ်များတဲ့ ခန္ဓာအိမ်ကျတော့ ကုသိုလ်စေတသိက်တို့ရဲ့ **တည်းခိုရာရိပ်သာ**သဘောမျိုးဖြစ်နေတယ်။ ဒီလို ကုသိုလ်စေတသိက်တွေချည်းပဲ လက်ခံထားတဲ့အခါကျတော့ ဒီလူဟာ ဖျားတယ်၊ နာတယ် သိပ်မရှိတော့ဘူး။ တချို့တလေကတော့ ဘဝ က ကုသိုလ်ကံကောင်းလို့ ရောဂါကင်းတယ်လို့ ဒီလိုဆိုတယ် မဟုတ်လား။ ဘဝက ကံဆိုတာကလဲရှိတော့ ရှိတာပေါ့။ သို့ပေတဲ့ ဒီဘဝမှာ အကုသိုလ် စေတသိက်တွေကို လက်မခံဘဲနဲ့ ကိုယ့်ခန္ဓာအိမ်ထဲမှာ ကုသိုလ်စေတသိက် တွေ တည်းချင်တိုင်းတည်း, ခိုချင်တိုင်းခို, ပျော်ချင်တိုင်းပျော်၊ ကုသိုလ်စေ တသိက်တွေ အနေများအောင် လုပ်ပေးလို့ရှိယင် ဒီရုပ်ခန္ဓာကြီးဟာ သာမည

ရောဂါဆိုလို့ရှိယင် မဖြစ်နိုင်ပါဘူး။ ကိုယ်ပူဖျားတို့ ဘာဖျားတို့ ညာဖျားတို့ ဒါလောက် အဖျားတွေကိုတော့ ကုသိုလ်စေတသိက်တွေ လက်ခံထားတဲ့လူ ဟာ ဂရုစိုက်စရာ မလိုပါဘူး။

မင့်ရုပ်ကြီးက ဖျားနေတာပဲကွာ၊ ငါ့စိတ်, စေတသိက်တွေက ကျန်းမာ တာပဲဆိုပြီးတော့ ကျောင်းသွားတာပဲ။ ၁၀၂-၁၀၃-လဲ ကျောင်းကို သွား လို့ရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ်စေတသိက် နာမ်တရားတွေက သိပ်များနေတဲ့ အခါကျတော့ ရုပ်တရားက ၁၀၂-၁၀၃-လောက်ပူပေတဲ့ ရုံးသွား အလုပ်လုပ်လို့ ရတာပဲ။ ကျောင်းတက်လဲ ရတာပဲ။ ဒါကြောင့်မို့လို့ ဒီလို ပုဂ္ဂိုလ်မျိုးတွေကို စိတ်ဓာတ်ခိုင်မာတယ်လို့ ခေါ်တာပေါ့။ တချို့တလေ ကတော့ ပုဂ္ဂိုလ်ထူးလို့ ခေါ်ကြတယ်၊ ဘာမှ မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်ထူးဆိုတာက အကုသိုလ်စေတသိက်တွေ လက်မခံဘဲနဲ့ သူက ကုသိုလ်စေတသိက်တွေချည်း ပဲ လက်ခံထားတဲ့ ဒီ ပါဂုညတာစေတသိက်က ခေါင်းဆောင်ထားတာကိုး။ အဲဒီတော့ ဆိုကြစမ်းပါ-

"ကာယပါဂုညတာ၊ စိတ္တပါဂုညတာ"

ကာယပါဂုညတာ ဆိုတာ ဘာတုံး။

"စေတသိက်တို့၏ ကျန်းမာမှု"

စိတ္တပါဂုညတာ ကော။

"စိတ်တို့၏ ကျန်းမာမှု"

**ဥဇုကတာစေတသိက်** ဥဇုကတာ စေတသိက်ဆိုတာက ဖြောင့်မတ်မှု။ ဖြောင့်မတ်တယ်ဆိုတာက မကောက်ဘူးပေါ့။ မာယာများတယ်=မာယာ သာဌေယျလို့ မြန်မာတွေ သုံးတယ်။ မိန်းမ မာယာ သဲကိုးဖျာ၊ ဒီလိုသုံးတယ်။ မာယာ ဆိုတာက လိမ်လည်လှည့်ဖြား တယ်၊ ကောက်ကျစ်စဉ်းလဲတယ်ဆိုတဲ့ အဓိပ္ပါယ်တွေက ဒါ မကောင်းတဲ့ အကုသိုလ် စေတသိက်တွေပဲ။

ဒါကြောင့်မို့လို့ မိန်းမမာယာ သဲကိုးဖျာလို့ ပြောတယ်၊ ယောကျ်ားတွေ မာယာကတော့ ဘယ်လောက်ရှိတုံး၊ အသချေ အနန္တလို့ ပြန်ပြောတယ်။

ဟုတ်တယ် တချို့တလေ မိန်းမ မာယာသာပြောတယ်၊ ယောကျ်ားမာယာက ရေတွက်လို့ကို မရဘူး။ အဲဒီတော့ မာယာဆိုတာက မိန်းကလေးတွေက ယောကျ်ားကလေးတွေကို လှည့်ဖြားတာကို မိန်းမ မာယာ ခေါ်တာပေါ့။ ယောကျ်ားတွေကလဲ မိန်းကလေးတွေကို လှည့်ဖြားပြီးတော့ လိမ်ပြီးတော့ ဒီလိုလုပ်တာတွေဟာ ယောကျ်ားမာယာ ခေါ်တာပေါ့။

အဲဒီတော့ အဲဒါတွေက အကုသိုလ်စေတသိက်တွေဆိုတော့ လှည့်ပတ်တာရှိတယ်၊ ဖြားယောင်းတာရှိတယ်၊ လိမ်တာညာတာရှိတယ်၊ ကောက်ကျစ်တယ်။

ကုသိုလ်စေတသိက်ကတော့ ဥဇုကတာ=ကုသိုလ်ပြုတိုင်း ဘယ်ကုသိုလ်စိတ်ဖြစ်ဖြစ် ဖြောင့်တယ်၊ မကောက်ဘူး။ ကုသိုလ်စိတ်တွေ ဖြစ်နေတဲ့အခါမှာ အင်မတန် ဖြောင့်မတ်တာပဲ။ ဒါကြောင့်မို့လို့ ကာယနဲ့ ဥဇုကတာ ပေါင်းလိုက်တော့ ကာယုဇုကတာ=စေတသိက်တို့ရဲ့ ဖြောင့်မတ်မှု။ အဲဒီကုသိုလ်စေတသိက်တွေဟာ ဥဇုကတာစေတသိက်ရဲ့ အမိန့်အရ အကုန်လုံးဖြောင့်မတ်တယ်၊ သဒ္ဒါစေတသိက်ပဲ ကြည့်ကြည့်၊ သတိစေတသိက်ပဲ ကြည့်ကြည့် ဖြောင့်မတ်တဲ့ သဘောရှိတယ်။

စိတ္တုဇုကတာဆိုတာက စိတ္တနဲ့ ဥဇုကတာကို ပေါင်းလိုက်တယ်၊ စိတ်တွေ ဖြောင့်မတ်မှု။ အဘိဓမ္မာက စိတ်နဲ့ စေတသိက်တွေကို ခွဲပြီး ပြောနေပေမဲ့ လူများစုကတော့ စိတ်နဲ့ စေသိက်ကို ခွဲပြီးတော့ မသိပါဘူး။ အဘိဓမ္မာ မတတ်ဘဲနဲ့ သူတို့ မခွဲနိုင်ပါဘူး။ အမှန်က စိတ်နဲ့ စေတသိက်ဟာ ဆရာတို့ သင်တန်းတက်ယင် အင်မတန် ကွဲတာပဲ။ အဲဒီတော့ စိတ်တွေ ဖြောင့်မတ်အောင် စေတသိက်တွေ ဖြောင့်မတ်အောင် ဥဇုကတာစေတသိက်က လုပ်ပေးတာ။ ဒါကြောင့်မို့လို့ ကုသိုလ်စိတ်တွေ ဖြစ်နေတဲ့လူဟာ ဘယ်တော့မှ မလိမ်ဘူး၊ မညစ်ဘူး။ သူက အမြဲတမ်း ဖြောင့်မတ်တာ ပြောတယ်၊ ဖြောင့်မတ်တာ လုပ်တယ်။ ဥဇုကတာ စေတသိက်က ဒီလူ ဖြောင့်ဖြောင့်မတ်မတ် လုပ်အောင် သူက တွန်းပေးတာပဲ။ တွန်းပေးတော့ လူကလဲ အကုန်ဖြောင့်မတ်လာတာပဲ။

ကဲ--ဆိုစမ်းပါအုံး၊

"ကာယုဇ္ဇုကတာ၊ စိတ္တုဇ္ဇုကတာ"

ကာယုဇ္ဇုကတာ ဆိုတာ ဘာတုံး။

"စေတသိက်တို့၏ ဖြောင့်မတ်မှု"

စိတ္တုဇ္ဇုကတာ ဆိုတာက ကော။

"စိတ်တို့၏ ဖြောင့်မတ်မှု"

**စုံတွဲစေတသိက်** အဲဒီတော့ စိတ်ဖြောင့်မတ်မှုနဲ့ စေတသိက် ဖြောင့်မတ်မှု၊ သူတို့က တစ်စုံတွဲ တစ်စုံတွဲလာတယ်၊ ဒီစေတသိက်ခြောက်လုံး သူတို့က စုံတွဲလေးတွေပဲ။ ပါဠိလိုတော့ "ယုဂဠစေတသိက်"လို့ ခေါ်တယ်။ ယုဂဠဆိုတာ စုံတွဲပဲ။

အဲဒီတော့ ပဿဒ္ဓိစေတသိက်ရယ်၊ လဟုတာစေတသိက်ရယ်၊ မုဒုတာ စေတသိက်ရယ်၊ ကမ္မညတာစေတသိက်ရယ်၊ ပါဂုညတာ စေတသိက်ရယ်၊ ဥဇုကတာ စေတသိက်ရယ်။ စုံတွဲစေတသိက် ဘယ်နှစ်လုံးပါတုံး။

"ခြောက်စုံတွဲ ပါတယ်"

ကုသိုလ်ထဲမှာလဲသူတို့နေတာက စုံတွဲလေးတွေ နေတယ်။

သဒ္ဓါနဲ့သတိ စုံတွဲပြောလို့ မရဘူး၊ ဟိရီနဲ့ ဩတ္တပ္ပလဲ စုံတွဲပြောလို့ မရဘူး၊ သဘောချင်းတော့ ပေါင်းလို့ရတာပေါ့။

အလောဘနဲ့ အဒေါသလဲ စုံတွဲလို့ ပြောလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလောဘက အလောဘတစ်ခြားပဲ၊ အဒေါသက အဒေါသတစ်ခြားပဲ။ သို့သော် မူလတရားချင်းတော့ သူတို့ချင်း တူတယ်။

ဟိတ်တရားချင်းလဲတူတယ်။ အလောဘကလဲ ဟိတ်ပဲ၊ အဒေါသလဲ ဟိတ်ပဲ။

ဟိရီနဲ့ ဩတ္တပ္ပ။ ဟိရီကတစ်ခြား၊ ဩတ္တပ္ပက တစ်ခြားပဲ။ သို့ပေတဲ့ သူတို့က လောကပါလ တရားချင်းတော့ တူတယ်။

သဒ္ဓါတို့ သတိတို့ကလဲ ဣန္ဒြေထိုက်တာတို့ ဗိုလ် ထိုက်တာတို့ ချင်း တူတယ်။ သူတို့က ဒါကြောင့်မို့လို့ နှစ်ခုချင်း နှစ်ခုချင်း ထားပေတဲ့ သဘောလေးတွေကတော့ နည်းနည်းကွဲတယ်။

ယုဂဠစေတသိက်တွေကတော့ ဒီလိုမဟုတ်ဘူး။ သူတို့က စုံတွဲ စုံတွဲလာတာ။ ပါဠိတွေ ပြန်ဆိုစမ်းပါ။

"ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ၊

ကာယလဟုတာ, စိတ္တလဟုတာ၊

ကာယမုဒုတာ, စိတ္တမုဒုတာ၊

ကာယကမ္မညတာ, စိတ္တကမ္မညတာ၊

ကာယပါဂုညတာ, စိတ္တပါဂုညတာ၊

ကာယုဇုကတာ, စိတ္တုဇုကတာ။

စုံတွဲက ၆–တွဲဆိုတော့ ၁၂–လုံး၊ ဟိုက ၇–လုံးဆိုတော ၁၉–လုံး။ အဲဒီတော့ ကုသိုလ်ပြုတိုင်းမှာ အနည်းဆုံး ဒီစေတသိက် ၁၉–လုံးက ပါရတယ်။

စေတသိက် ၁၉–လုံးကို "ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာလို့ ဒီလို အာဂုံကျက်ထားယင် စာမေးပွဲကျတော့ အတွဲတွေ ခေါ်ချင်ရာ ခေါ်ပြီးတော့ ပြုတ်ချင်ရာ ပြုတ်ကုန်မှာ။ အဲဒီတော့ အတွဲလဲ မပြုတ်အောင် ကျက်လို့လဲ လွယ်အောင်ဆိုလို့ရှိယင် ကဗျာလေးနဲ့ လုပ်ပြီး ကျက်ထားယင် ကောင်းတယ်။

လယ်တီဆရာတော်က ကဗျာ ရေးထားတယ်။ ပါဠိလို ရအောင်လဲ ပထမ ၁၉–လုံးကို ကျက်ထားရတယ်။ ၁၉–လုံး ကျက်တယ်ဆိုတာက ၁၉–လုံးကို နှုတ်ကျိုးအောင် တစ်ခါထဲဆိုတားရတာပဲ။ နောက်ပြီး ကဗျာကို အလွတ်ရအောင် ကျက်ထားလိုက်တဲ့အခါကျတော့ ဒီကဗျာလေး ရနေသမျှ နောက် မမေ့တော့ဘူးပေါ့။ ကဲဆိုကြစမ်း–

" (က) သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တာ။
(ခ) ပဿဒ္ဓိ, လဟု၊ မုဒု, ကမ္မဉ်၊ ပါဂုညင်နှင့်၊ ထို့ပြင် ဥဇု-
က၊ ခြောက်ဝမ္မ၊ ကာယ, စိတ်နှင့်နှော။"

**သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်**–သဒ္ဓါ, သတိဆိုတာက သဒ္ဓါစေတသိက်၊ သတိစေတသိက်ပဲ။ ဟိရီ, ဩတ္တပ်ဆိုတာက ဟိရီစေတသိက်၊ ဩတ္တပ္ပ စေတသိက်ပဲ။

**ဟိတ်နှစ်ရပ်**ဆိုတာက နာမည်ဒီမှာမပါဘူး။ ဟိတ်နှစ်ရပ်ဆိုတာက ဟိတ်က ကုသိုလ်ဟိတ်သုံးပါးရှိတာကိုး။ အလောဘရယ်၊ အဒေါသရယ်၊ အမောဟရယ် သုံးပါးရှိတယ်။ ဒီမှာ အလောဘ, အဒေါသ နှစ်ခုပါတယ်။ ဒါကြောင့်မို့လို့ အလောဘ, အဒေါသ–က ဟိတ်နှစ်ရပ်ပဲ။

**တတြမဇ္ဈတ္တာ**–ဆိုတာက တတြမဇ္ဈတ္တတာစေတသိက်ပဲ။ ရေးက ဆရာတော်ကြီးတွေ စာသင်သားတွေ လွယ်အောင်တော့ ကြံကြံဖန်ဖန် စိတ်ကူးရေးတာပဲ။ သို့ပေတဲ့ ဘယ်လိုမှ ရေးလို့မရဘူး။ တတြမဇ္ဈတ္တတာကတော့ ဒီအတိုင်းပဲ ထားရတယ်။

သဒ္ဓါ, သတိ၊ ဟိရီ, ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြမဇ္ဈတ္တာ။

**ပဿဒ္ဓိ လဟု**–ပဿဒ္ဓိဆိုတာ ပဿဒ္ဓိစေသိက်၊ လဟုက လဟုတာစေတသိက်။

**မုဒု, ကမ္မဉ်**–မုဒုက မုဒုတာစေတသိက်၊ ကမ္မဉ်က ကမ္မညတာစေတသိက်။

**ပဿဒ္ဓိ, လဟု၊ မုဒု, ကမ္မဉ်၊ ပါဂုညင်နှင့်** (ကာရန်ကိုက်အောင် လုပ်ရတာကိုး။)

**ထို့ပြင် ဥဇုက၊ ခြောက်ဝမ္မ**–ဆိုတော့ ပဿဒ္ဓိရယ်၊ လဟုတာရယ်၊ မုဒုတာရယ်၊ ကမ္မညတာရယ်၊ ပါဂုညတာရယ်၊ ဥဇုကတာရယ်၊ ဒီခြောက်ဝမ္မကို ကာယနဲ့ စိတ်နဲ့နှောတဲ့။ ဒီခြောက်ခုမှာ နှောပုံ တွဲပုံက–

| | | |
|---|---|---|
| ပဿဒ္ဓိ-က | ကာယပဿဒ္ဓိ | စိတ္တပဿဒ္ဓိ၊ |
| လဟု-က လဲ | ကာယလဟုတာ | စိတ္တလဟုတာ၊ |
| မုဒု-က လဲ | ကာယမုဒုတာ | စိတ္တမုဒုတာ၊ |
| ကမ္မဉ်-က လဲ | ကာယကမ္မညတာ | စိတ္တကမ္မညတာ၊ |
| ပါဂုညင်-က လဲ | ကာယပါဂုညတာ | စိတ္တပါဂုညတာ၊ |
| ဥဇုက-က လဲ | ကာယုဇုကတာ | စိတ္တုဇုကတာ။ |

အဲဒီလို ကာယနှင့်စိတ် တွဲလိုက်လို့ရှိယင် ၁၂-လုံး ဖြစ်သွားတယ်ဆိုတော့ ကျက်ရလွယ်သွားတာပေါ့။

**ကုသိုလ်မှာ စုံတွဲစေတသိက်ထားရပုံ** အဲဒီတော့ ၁၉-လုံးဟာ ဒီကဗျာလေးကို ရတယ်ဆိုလို့ရှိယင် ကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိက်များ ရေးခဲ့စမ်းပါဆိုလို့ရှိယင် ဒီ ၁၉-လုံး စလုံး ရေးရတယ်။ အဲဒီတော့ အကုသိုလ်စေတသိက်တုန်းက အကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိက် ဘယ်နှစ်လုံးရှိသလဲ။ အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်က ၄-လုံးပဲရှိပါတယ်။ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိက်က ဘယ်နှစ်လုံးရှိတုံး၊ ၁၉-လုံးတောင်ရှိတယ်။ ကုသိုလ်တပ်မတော်ကြီးက အများကြီးပဲ။ ဒွယံ ဒွယံ စုံတွဲ စုံတွဲနဲ့ အကုသိုလ်တပ်မကြီးကို တိုက်ခိုက်ဖို့လို့ သူတို့က ကင်းလှည့်နေတာ။

ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိအတွဲက ဘယ်အကုသိုလ်တွေ တိုက်တယ် ထင်သတုံး။

ပဿဒ္ဓိဆိုတာ အေးတယ်ဆိုယင် ပူတာက ဒေါသတို့ ကုက္ကုစ္စတို့၊ ပူတဲ့ အကုသိုလ် စေတသိက်တွေကို တိုက်တာပေါ့။ ကာယလဟုတာ စိတ္တလဟုတာအတွဲက ဘယ်အကုသိုလ်ကို တိုက်တာတုံး၊ လေးတာ ဘယ် အကုသိုလ်တုံး၊ ထိန မိဒ္ဓတို့က လေးတာပေါ့။ လဟုတာအတွဲက ထိန မိဒ္ဓကို တိုက်တာပေါ့။ အကုသိုလ်စေတသိက်တွေနဲ့ တပ်ချင်း ထိပ်တိုက်ချထားတာ။ စုံတွဲ စုံတွဲ ချထားတော့ အကုသိုလ်တွေ အကုန်ပြေးတာပဲ။

မုဒုတာစေတသိက်က နူးညံ့တယ်ဆိုတော့ မာတာက ဘယ်အကုသိုလ် စေတသိက်က မာတာတုံး၊ အကုသိုလ်စေတသိက်မှာ မာနတို့ ဒိဋ္ဌိတို့က မာတယ်။ မာနက အမြဲတမ်း မာနေတာ။ ဒိဋ္ဌိက ရောအမြဲတမ်း မာနေတာပဲ။ အဲဒီလို အကုသိုလ်စေတသိက် ဒိဋ္ဌိတို့ မာနတို့ကို မုဒုတာစုံတွဲက တိုက်ထုတ်လိုက်တယ်။ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ ဒီစေတသိက်တွေက အကုသိုလ်စိတ်တွေ, စေတသိက်တွေ အနားမကပ်နိုင်အောင် စုံတွဲ စုံတွဲ အမြဲတမ်း ကင်းလှည့်နေတယ်။ အဲဒီတော့ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက် ၁၉–လုံး ပြီးသွားပြီ။

## ဝိရတီစေတသိက် ၃–ပါး

**ဝိရတီစေတသိက်** ဝိရတီစေတသိက်က သုံးလုံးရှိတယ်။ ဝိရတီဆိုတာက ပါဠိစကားပဲ။ ပါဠိလို ဝိရတိ၊ မြန်မာလို ရှောင်ကြဉ်မှု။ ဘာနဲ့တူသလဲဆိုတော့ ဝေရမဏီနဲ့ ခပ်ဆင်ဆင်။ အခု သီလယူတဲ့အခါမှာ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိက ဝေရမဏီဆိုတဲ့ပုဒ်နဲ့ ဝိရတီပုဒ်နဲ့ ခပ်ဆင်ဆင်။ ဝေရမဏီ–ဆိုတာ ဘာလဲ၊ ဝေရမဏီ–ဆိုတာ ရှောင်ကြဉ်ပါ၏။ ဝေရမဏီက ရှောင်ကြဉ်တယ်ဆိုတော့ လူငယ်တွေ စကားအဆန်း ထွင်ကြတယ်။ မင်းကို ငါ ဒီနေ့ကစပြီး မပေါင်းတော့ဘူးဆိုတာကို "မင်းကို ငါ ဝေရမဏီပဲဟေ့"တဲ့ ဟုတ်လား။ အဲဒီတော့ ဝိရတီလုပ်လိုက်ပြီလို့ ပြောလဲရတာပဲ။

ဝိရတီစေတသိက်က သုံးလုံးရှိတယ်၊ ဝိရတီသုံးလုံးက–

**ကောင်းသောစကားကို ပြောဆိုတာ သမ္မာဝါစာလား** သမ္မာဝါစာစေတသိက်ကို ပါဠိရိုးရိုးက သမ္မာ–ကောင်းတာ၊ ဝါစာ–စကား၊ ကောင်းသောစကားကို ပြောဆိုခြင်းလို့ ဒီလို ဘာသာပြန်ယင် အဲဒါ မှားသွားရော။ ဒါကြောင့်မို့လို့ တချို့တလေက မဂ္ဂင်ရှစ်ပါးမှာ အဘိဓမ္မာမတတ်ဘဲနဲ့ ပါဠိတတ်ရုံနဲ့ ဘာသာပြန်တဲ့ ပုဂ္ဂိုလ်တွေက သမ္မာဝါစာ၊ ကောင်းသောစကားကို ပြောဆိုခြင်းလို့ ဒီလိုပြန်တယ်။

အဲဒါ- အဘိဓမ္မာနဲ့ဆိုတော့ လွဲသွားရော။ ဝိရတိ စေတသိက်ဆိုတာက ကောင်းသော စကား ကိုပြောမှ ဝိရတိမဟုတ်ဘူး၊ ရှောင်ကြဉ်ထားလို့ရှိယင် သူကပြီးတာပဲ။ ဒါကြောင့်မို့လို့ အဘိဓမ္မာမှာကျတော့ သမ္မာဝါစာကို ဘယ်လိုပြန်သလဲဆိုတော့ **ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှု။** ရှောင်ကြဉ်မှုထိအောင် ပြန်တယ်။ ပါဠိမှာမပါပေတဲ့ ပိုပြီးတော့ ဘာသာပြန်မှ ဒါ အဘိဓမ္မာနဲ့ ကိုက်တယ်။ သမ္မာဝါစာ စေတသိက်ဆိုတာ ကောင်းသော စကားလဲ မဟုတ်ဘူး၊ ကောင်းသောစကားကို ပြောဆိုခြင်းလဲပဲ မဟုတ်ဘူး၊ ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်နေယင် ဘာမှ မပြောဘဲနဲ့နေလဲ သမ္မာဝါစာ စေတသိက် ဖြစ်နေတာပဲ။

အဲဒီတော့ ဝစီဒုစရိုက်လေးပါးက ဘာတုံး။

(က) မုသာဝါဒါ-မုသာဝါဒက ဘာတုံး၊လိမ်မှု၊

(ခ) ဖရုသဝါစာ-ဖရုသဝါစာက ဘာတုံး၊ ဆဲရေးတိုင်းထွာမှု။ ဆဲရေးတာဆိုယင် ဒါ ကြမ်းတမ်းတာပဲ။

**(ဂ) သမ္ဖပ္ပလာပ** ပိသုဏာဝါစာက ဘာတုံး၊ ကုန်းတိုက်တယ်လို့လဲ ခေါ်တယ်။ ကုန်းချောတယ်လို့လဲ ခေါ်တယ်။ ချောတာရယ် တိုက်တာရယ်၊ ဘယ်စကားက ပိုကောင်းတုံး၊ တချို့တလေက ကုန်းတိုက်တယ်လို့ အရပ်ထဲမှာ ပြောတယ်။ တချို့တလေက ကုန်းချောတယ်လို့ ပြောတယ်။ မြန်မာစကားကို အတော်လေး ပြန်သင်ရမယ်။ ချောတာက ဘယ်လို အဓိပ္ပါယ်ထွက်တယ်၊ တိုက်တာက ဘယ်လို အဓိပ္ပါယ်ထွက်တယ်ဆိုတာ၊ တိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်တွေကလဲ အများ ကြီးရှိတယ်၊ အဲဒီတော့ ကုန်းချောတယ်ပဲ ထားပါတော့ ဟုတ်လား၊ ပိသုဏာဝါစာဆိုတာ ကုန်းချောမှု၊ ကုန်းတိုက်မှု။

**(ဃ) သမ္ဖပ္ပလာပ** သမ္ဖပ္ပလာပက အတင်းပြောတယ်၊ အဖျင်းပြောတယ်။ ရေးတုန်းကတော့ အဖျင်းပြောတယ်ခဲ့တဲ့ဟာကို ဒါ သမ္ဖပ္ပလာပ ခေါ်တယ်။

အဲဒီတော့ ဝစ်ဒုစရိုက်လေးပါး=မုသာဝါဒါ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ ပိသုဏာဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ-လို့ ဒီလို ရှောင်ကြဉ်ထားမယ်ဆိုယင် ဒါ သမ္မာဝါစာက ဖြစ်နေတာပဲ။ ကောင်းတဲ့ စကားလဲ မပြောဘူး၊ မကောင်းတဲ့စကားလဲ မပြောဘူး၊ ငြိမ်ငြိမ်လေးနေ တယ်၊ ဒါ သမ္မာဝါစာ စေတသိက်ဖြစ်နေတာပဲ။ အဲဒါကြောင့် သမ္မာဝါစာ ဆိုတာ ဆရာ ခု စာသင်နေတာဟာ ကောင်းသောစကားတွေ ပြောနေတာပဲ။ ကောင်းသော စကားတွေ ပြောနေမှ သမ္မာဝါစာ စေတသိက်မဟုတ်ဘူး။ ဒီ မုသာဝါဒါ၊ ဖရုသဝါစာ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပါ-ဆိုတဲ့ ဝစီဒုစရိုက် ၄-ပါးကို ဒီနေ့ ဥပုသ်စောင့်ပြီး ရှောင်ကြဉ်ထားတယ်။ ရှောင်ကြဉ်ထား ပြီးတော့ သူမတ်တတ်ရပ်ပြီးတော့ ပုတီးစိပ်နေတာပဲ။ ဒါ သူ သမ္မာဝါစာ ဖြစ်နေတာပဲ။ ဒီ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပုံမှာ နှစ်မျိုးရှိတယ်။

(က) အသက်မွေးမှုနဲ့ ဆိုင်တာက တစ်မျိုး။

(ခ) အသက်မွေးမှုနဲ့ မဆိုင်တာက တစ်မျိုး။

ဥပမာတစ်ခု-လူတစ်ယောက်ဟာ သူက ရှေ့နေလိုက်စားတယ်။ ရှေ့နေ လိုက်စားတယ်ဆိုတော့ ကိုယ့်တရားခံက သူသတ်ပါတယ်ဆိုပေမဲ့ မသတ်ပါဘူးလို့ သူ့အလုပ်က လိမ်ပြောရမဲ့ အလုပ်။ ရှေ့နေက ကိုယ့်တရားခံ ကို သတ်ပါတယ်လို့ သွားပြောယင် ဘယ်ဖြစ်မတုံး။ (ရှေ့နေအလုပ်ဟာ လိမ်ပြောရတဲ့အလုပ်လို့ ဆရာပြောချင်တာ မဟုတ်ပါဘူး။) ဥပမာပေးတာပါ။ ဒီပြင်ဟာတွေနဲ့ ပေးယင်လဲ ရပါတယ်။

ဥပမာတစ်ခု-ဈေးသည်တွေ ဈေးရောင်းတယ်၊ ဈေးရောင်းတာဟာ ဒီအထည်ဟာ သူက ၁၀/-နဲ့ ဝယ်ထားတယ်။ အခုရောင်းတော့ ၂၀/နဲ့ ရောင်းတယ်။ ၁၉-ကျပ်တောင် ပေးထားရပါတယ်၊ သူလိမ်ပြောတယ်။ ဟိုကဆစ်တော့ အရင်းကိုယ်က ၁၉-ကျပ်ကျပါတယ်၊ သူ့အလုပ်က ဒီလို လိမ်ပြောရတဲ့အလုပ်။ (ဈေးသည်တိုင်း လိမ်ပြောရမယ်လို့ ဒီလိုမဆိုပါဘူး နော်။) ဈေးသည်တွေကတော့ သူ့တို့အလုပ် မုသာဝါဒနဲ့ မကင်းဘူး။ မုသာ ဝါဒနဲ့ မကင်းပေတဲ့ ဒီနေ့တော့ဈေးထွက်ရမယ်၊ ဈေးထွက် ရောင်းတော့

**ပိုက်ဆံတစ်ပြားမှ** မရချင်နေပါစေ ငါ မုသာဝါဒတော့ မပြောဘူး၊ မုသာဝါဒါ **ဝေရမဏီ-**ဆိုပြီးတော့ ထွက်ရှောင်းတယ်၊ ရှောင်းကြည့် ပိုတောင် ရှောင်းကောင်းမယ်ထင်တယ်။ မှန်တာပြောရှောင်းလဲ ရတာပဲ။ အေးလဲ အေးသေးတယ်။ နှစ်ဆယ်ဆိုပြီး ရှောင်းပေါ့။ ယူချင်မှ ယူ၊ မယူချင်နေပေါ့။ ဘယ်လောက်ပေးရတယ် ညာလောက်ပေးရတယ်နဲ့ လိမ်ပြောနေတာ ရှုပ်ပါတယ်၊ အဲသလို အသက်မွေးမှုနှင့်ဆိုင်ပြီးတော့ ရှောင်ကြဉ်တာက တစ်မျိုး။

တချို့တလေကတော့ အသက်မွေးမှုနဲ့ ဘာမှ မဆိုင်ဘူး၊ ဒီရုံးမှာ အရာရှိလုပ်တဲ့ လူတစ်ယောက်ဟာ လိမ်စရာပြဿနာ သူ့မှာ ဘာမှ မရှိဘူး။ မှန်တာပြော၊ မှန်တာလုပ်၊ ဒီလိုပဲ လုပ်စရာရှိတာပဲ။ အဲဒီတော့ ရုံးမှာ လခစားလုပ်နေတဲ့လူတွေဟာ သူတို့အလုပ်ဟာ မုသာဝါဒနဲ့ ကင်းယင် ရပါတယ်။ အဲဒီလို အသက်မွေးမှုနဲ့မဆိုင်တဲ့ ပုဂ္ဂိုလ်တွေက ရှောင်ကြဉ်တာက တစ်မျိုးရှိတယ်။ အဲဒီတော့ မုသာဝါဒဆိုတာက ကိုယ့်အသက်မွေးမှုနဲ့ ဆိုင်တဲ့ မုသာဝါဒလဲ ရှိတယ်။ အသက်မွေးမှုနဲ့ မဆိုင်တဲ့ မုသာဝါဒလဲ ရှိတယ်။

ဒီ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှုဆိုတာက အသက်မွေးမှုနဲ့ မဆိုင်တဲ့ လူတွေ ရှောင်ကြဉ်တာကို သမ္မာဝါစာစေတသိက်လို့ ခေါ်တယ်။

အသက်မွေးမှုအတွက် ရှောင်ကြဉ်တာကတော့ နောက် သမ္မာအာဇီဝစေတသိက်မှာ လာမှာကိုး။ အသက်မွေးမှုအတွက် လိမ်နေရတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီနေ့တော့ သူ မလိမ်ဘူးလို့ ဒီလို ရှောင်ကြဉ်တာမျိုးက သမ္မာဝါစာမဟုတ်ဘူး၊ သမ္မာအာဇီဝဖြစ်သွားတယ်။ အသက်မွေးမှုနဲ့ ဘာမှ မဆိုင်ဘဲနဲ့ ရိုးရိုး ကျောင်းသူကျောင်းသားတွေက ဒီနေ့တော့ ငါမလိမ်ဘူး ဆိုပြီးတော့ သီလဆောက်တည်တယ်ဆိုယင် ဒါ သမ္မာဝါစာ ခေါ်တယ်။ သမ္မာအာဇီဝ မခေါ်ဘူး။ ဝိရတီစေတသိက်က နည်းနည်း ကျယ်ဝန်းတယ်၊ နောက်အပတ်ကျမှ ရှင်းပြမယ်။

ကဲ-သာဓု ခေါ်ကြတော့။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက် (၁၇)

## (၃၀-၆-၇၉)

## ဝိရတိစေတသိက်-အဆက်

ပြီးခဲ့တဲ့အပတ်က ဝိရတိစေတသိက် ၃-လုံး။ ဝိရတိ စေတသိက်မှာ သမ္မာဝါစာကို ပြောတော့ ပြောခဲ့ပြီးပြီနဲ့ တူတယ်။

သမ္မာဝါစာကို ကောင်းသော စကားပြောဆိုခြင်းလို့ ဒီလို ဘာသာမပြန်ဘဲနဲ့ ဝိစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှုလို့ အဲသလို ပြန်တာ ပြောခဲ့ပြီးသား မဟုတ်လား။ ဝစီဒုစရိုက်လေးပါးလဲ ပြောခဲ့ပြီးပြီ မဟုတ်လား။ အဲဒီတော့ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်တယ်ဆိုတော့ ရှောင်ကြဉ်တာက နှစ်မျိုးရှိတာကိုး။

(၁) ဝစီဒုစရိုက်နဲ့ အသက်မွေးမှုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေက ရှောင်ကြဉ်တာက တစ်မျိုး။

(၂) ဝစီဒုစရိုက်နဲ့ အသက်မွေးမှု လုပ်နေတာမဟုတ်ဘဲ ရိုးရိုးလခစားတို့၊ ရိုးရိုးကုန်သည်တို့၊ အဲဒီပုဂ္ဂိုလ်တွေက ရှောင်ကြဉ်တာက တစ်မျိုး။

အဲဒီနှစ်မျိုးအနက်မှ သမ္မာဝါစာက ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တယ်ဆိုတာက အသက်မွေးမှုနဲ့ မဆိုင်ဘူး။ အသက်မွေးမှုနဲ့ မဆိုင်ဘဲနဲ့ ရိုးရိုးလခစားတို့၊ ရိုရိုးကုန်သည်တို့၊ အဲသလို ပုဂ္ဂိုလ်တွေက ရှောင်ကြဉ်တာကို သမ္မာဝါစာ စေတသိက်ခေါ်တယ်။

**သမ္မာကမ္မန္တ စေတသိက်** သမ္မာကမ္မန္တစေတသိက်ဆိုတာက ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှု။ ဒီမှာလဲ သမ္မာဝါစာလိုပဲ သမ္မာ-က ကောင်းတာပဲ၊ ကမ္မန္တ-က အလုပ်လုပ်တာ။

**ကောင်းသောအလုပ်ကို လုပ်တာ သမ္မာကမ္မန္တလား**

ဒီစေတသိက်ကို မဂ္ဂင်ရှစ်ပါးမှာ ဘာသာပြန်ကြတာက သမ္မာကမ္မန္တ-ကို ကောင်းသောအလုပ် လုပ်ခြင်း။ ကောင်းသော အလုပ်လုပ်တာကို သမ္မာကမ္မန္တလို့ ဒီလိုပြန်တယ်။ ဒီ ဝိရတီစေတသိက်မှာ ဒီလို ပြန်လို့မရဘူး။ ပါဠိကို ကြည့်ပြီးတော့ ပြန်လို့မရဘူး။ အဘိဓမ္မာကို ပါဠိတတ်တိုင်း ပါဠိအတိုင်း လျှောက်ပြန်ယင် အဘိဓမ္မာတွေ မှားကုန်မယ်။ ကောင်းသော အလုပ်လုပ်ခြင်းဆိုလို့ရှိယင် ဒါ ဝိရတီစေတသိက်ကို မရတော့ဘူး။ ကောင်းသော အလုပ်လုပ်တဲ့ ကာယဝိညတ်ဆိုတဲ့ ရုပ်ကို ရသွားမယ်။ ဒါကြောင့်မို့လို့ အဘိဓမ္မာ ဆရာကြီးတွေက သမ္မာကမ္မန္တကို ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်မှုလို့ ပြန်ကြတယ်။

ဝိရတီဆိုတာ ရှောင်ကြဉ်ယင် ပြီးတာပဲ။ ကောင်းသောအလုပ်ကို လုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ ငြိမ်ငြိမ်လေး ပုတီးစိပ်ပြီး ကာယဒုစရိုက်တွေ မလုပ်ဘဲ ရှောင်ကြဉ်နေတယ်ဆိုလို့ရှိယင် သမ္မာကမ္မန္တ စေတသိက်က ဖြစ်တာပဲ၊ ဒါကြောင့်မို့လို့ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှုလို့ဆိုတယ်။

ကာယဒုစရိုက်သုံးပါးက-

(၁) ပါဏာတိပါတ=သူတစ်ပါးအသက်သတ်မှု၊

(၂) အဒိန္နာဒါန=သူတစ်ပါး ဥစ္စာ ခိုးယူမှု၊

(၃) ကာမေသုမိစ္ဆာစာရ=ကာမဂုဏ်တို့၌ မှားယွင်းမှု။

ဒါ ကာယဒုစရိုက် သုံးပါးပါပဲ၊ အဲဒီ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်လို့ရှိယင် သမ္မာကမ္မန္တစေတသိက် ဖြစ်တာပဲ။ ဥပုသ်စောင့်ထားတယ်၊ ပါဏာတိပါတာ ဝေရမဏီ ဆိုပြီးတော့ သူတစ်ပါးအသက်ကို မသတ်ပါဘူးလို့ ဒီလို သီလယူထားတယ်ဆိုလို့ရှိယင် သမ္မာကမ္မန္တ စေတသိက်ဖြစ်တာပဲ။ ကောင်းတဲ့အလုပ်ကိုလုပ်နေမှ မဟုတ်ဘူး၊ မလုပ်ဘဲ ငြိမ်ငြိမ်လေးနေပြီးတော့ သီလဆောက်တည်နေလဲ သမ္မာကမ္မန္တစေတသိက်က ဖြစ်နေတာပဲ။

ဒါကြောင့်မို့လို့ ဒီသမ္မာကမ္မန္တကို ပါဠိကြည့်ပြီးတော့ သမ္မာ= ကောင်းသော၊ ကမ္မန္တ=အလုပ်၊ ကောင်းသောအလုပ်ကို လုပ်ခြင်းလို့ ဒီလို ဘာသာပြန်လို့ရှိယင် ဒါ ဝိရတီစေတသိက်မဟုတ်ဘူး။ ပါဠိအနေက မှန် တော့မှန်တယ်။ ဝိရတီစေတသိက်က ရှောင်ကြဉ်နေယင် ပြီးတာပါပဲ။ အမှန်က သီလစောင့်ထိန်းနေတာပါပဲ။ အဒိန္နာဒါနာ ဝေရမဏီ၊ သူတစ်ပါး ပစ္စည်းကို မခိုးပါဘူးလို့ ဒီလို သီလဆောက်တည်ပြီးတော့ ငြိမ်ငြိမ်ကလေး နေတာပဲ။ ပုတီးစိပ်နေတယ်၊ စိပ်နေလို့ရှိယင် ဒါဟာ သမ္မကမ္မန္တစေတ သိက် ဖြစ်နေတာပဲ။ အဲဒီတော့ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ--ဆိုပြီးတော့ ကာမေသုမိစ္ဆာစာရာ=ကာမဂုဏ်တို့မှ မှားယွင်းမှုကို ရှောင်ကြဉ်ပါ၏-လို့ ဒီလို သီလစောင့်ထိန်းထားလို့ရှိယင် ငြိမ်ငြိမ်လေးနေပေတဲ့ ဒါ သမ္မာကမ္မန္တ စေတသိက်က ဖြစ်နေတာပဲ။ ဒါကြောင့်မို့လို့ သမ္မာကမ္မန္တကို ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်မှု။ ဒီကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်တာလဲ နှစ် မျိုးရှိတာပဲ။

အခုန သမ္မာဝါစာတုန်းကလိုပဲ အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယ ဒုစရိုက်မှ ရှောင်ကြဉ်တာက တစ်မျိုးပဲ။ သူ ကာယဒုစရိုက်နဲ့ အသက်မွေး နေရတယ်၊ အဲဒီ ကာယဒုစရိုက်နဲ့ အသက်မွေးနေရတဲ့ ပုဂ္ဂိုလ်က ဒီနေ့ သူ ဒီ ကာယဒုစရိုက်ကို မပြုလုပ်ပါဘူးလို့ ဒီလိုရှောင်ကြဉ်တော့ ဒါ အသက် မွေးမှုနဲ့ဆိုင်တဲ့ ရှောင်ကြဉ်မှု။ အဲဒါ ဘယ်လို ပုဂ္ဂိုလ်တွေလဲဆိုတော့ ဥပမာ အားဖြင့် မုဆိုးတို့, တံငါတို့ ဆိုပါတော့၊ သူတို့က နေ့တိုင်း ပါဏာတိပါတ သူတစ်ပါးအသက် သတ်နေရတဲ့ အလုပ်နဲ့ အသက်မွေးနေရတယ်၊ အဲသလို အသက်မွေးရတဲ့ပုဂ္ဂိုလ်က ဒီနေ့ ဥပုသ်နေ့ဆိုပြီးတော့ ပါဏာတိပါတာ ဝေရမဏီ-ဆိုပြီး ဒီနေ့တော့ ငါ သူတစ်ပါးအသက် မသတ်ဘူးလို့ ဒီလို ရှောင်ကြဉ်တာကျတော့ အသက်မွေးမှုနဲ့ဆိုင်တဲ့ ရှောင်ကြဉ်မှုမျိုးပေါ့။ သူ အသက်မွေးတာကိုက ပါဏာတိပါတာနဲ့ အသက်မွေးတော့ မုဆိုးတံငါပေ တဲ့ သီလစောင့်ထိန်းလို့ မရတာမှ မဟုတ်ဘဲနဲ့။ မုဆိုးတံငါလဲ သီလစောင့် ထိန်းယင် ရတာပဲ။ ဒါ သမ္မာကမ္မန္တစေတသိက် မဟုတ်ဘူး၊ သမ္မာအာဇီဝ

စေတသိက်ခေါ်တယ်။ သူခိုးတွေ ဓားပြတွေလဲ သူတို့အလုပ်ကိုက သူက ဓားပြတိုက်စားတဲ့ လူတစ်ယောက်၊ ခိုးပြီးတော့ အသက်မွေးရတဲ့ လူတစ်ယောက်။ သူက ဒိုပြင်အလုပ် ဘာမှလုပ်တာမဟုတ်ဘူး။ ဒီလို သူများအိမ်လျှောက်ခိုးပြီးတော့ အသက်မွေးတဲ့လူ။ အဲဒီပုဂ္ဂိုလ်မျိုးက ဒီနေ့တော့ ငါ သူ့ကစ်ပါးပစ္စည်းကို မယူပါဘူးဆိုပြီးတော့ ဒီလို သီလစောင့်ထိန်းတယ်ဆိုလို့ရှိယင် သူက အသက်မွေးမှုနဲ့ဆိုင်တဲ့ ရှောင်ကြဉ်မှုဆိုတော့ ဒါ သမ္မာကမ္မန္တ စေတသိက် မဟုတ်ဘူး။ သမ္မာအာဇီဝ စေတသိက် ခေါ်တယ်။

ဒီသမ္မာကမ္မန္တ စေတသိက်က အသက်မွေးမှုနဲ့မဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်မှုမျိုးကို ခေါ်တာ။ အသက်မွေးမှုနဲ့မဆိုင်တဲ့ ရှောင်ကြဉ်မှုမျိုးမှ သမ္မာကမ္မန္တ စေတသိက် ခေါ်တယ်။ ဘယ်လိုဂ္ဂိုလ်မျိုးလဲဆိုတော့ ဆရာတို့လို၊ ကျောင်းသူကျောင်းသားတို့လို၊ လခစားလုပ်တဲ့ ပုဂ္ဂိုလ်တို့လို၊ ဒီပုဂ္ဂိုလ်တွေဟာ ပါဏာတိပါတ၊ အဒိန္နာဒါန–နဲ့ အသက်မွေးနေတာမဟုတ်ဘူး။ ကောင်းသော အသက်မွေးမှုနဲ့ အသက်မွေးနေကြတဲ့ ပုဂ္ဂိုလ်တွေ။ ဒီပုဂ္ဂိုလ်တွေလဲ ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ–လို့ ကာယဒုစရိုက်တွေမှ မရှောင်ကြဉ်ဘူးလား၊ ရှောင်ကြဉ်တာပဲ။ ဒီလို ပုဂ္ဂိုလ်မျိုးတွေ ရှောင်ကြဉ်တော့ ဘာစေတသိက်ခေါ်တုံး၊ သမ္မာကမ္မန္တ စေတသိက် ခေါ်တယ်။

အဲဒီတော့ ဝိရတီရဲ့ အဓိပ္ပါယ်ကို စာကြီးပေကြီးတွေမှာ သိပ်ခက်ခဲအောင် ရေးထားတယ်။ လွယ်လွယ်ကတော့ ဒီလို အဓိပ္ပါယ်ပဲ၊ သမ္မာကမ္မန္တ ဆိုတာက အသက်မွေးမှုနဲ့မဆိုင်တဲ့ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်တာ။ အသက်မွေးမှုနဲ့မဆိုင်တဲ့ ကာယဒုစရိုက်သုံးပါ မှ ရှောင်ကြဉ်တာက ရိုးရိုး ဆရာတို့လို၊ ကျောင်းသူကျောင်းသားတွေလို၊ ဆရာ ဆရာမတွေလို လခစားလုပ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဒီပုဂ္ဂိုလ်တွေဟာ သူတို့ ပါဏာတိပါတ, အဒိန္နာဒါန–ဆိုတဲ့ ဒါတွေနဲ့ အသက်မွေးနေတာ မဟုတ်ဘူး။ ကောင်းသော လုပ်ငန်းတွေနဲ့ အသက်မွေးနေတာ။ အဲဒီပုဂ္ဂိုလ်တွေ ရှောင်ကြဉ်တာကတော့ သမ္မာကမ္မန္တ စေတသိက် ခေါ်တယ်။ နောက်ပြီးတော့–

## ကောင်းသော အသက်မွေးမှုနှင့် သမ္မာအာဇီဝ

**သမ္မာအာဇီဝ** သမ္မာအာဇီဝ၊ ရိုးရိုး ပါဠိကိုကြည့်ယင် သမ္မာ = ကောင်း ကောင်း။ အာဇီဝ=အသက်မွေးမှု။ ဒါ ပါဠိက ရတဲ့အဓိပ္ပါယ်။ ဒီ ဝိရတိစေတသိက်ကျတော့ သမ္မာအာဇီဝကို ကောင်းသော အသက်မွေးမှုလို့ ဒီလို ဘာသာပြန်ယင် မှားသွားမယ်။ အဲဒီတော့ **သမ္မာ အာဇီဝ**ကို ဘယ်လိုဘာသာပြန်ရမလဲ၊ **အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယ ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်မှု**လို့ ရှောင်ကြဉ်မှု ထိအောင် ပြန်ရတယ်။ သူက ဂိရတိစေတသိက်။ သမ္မာအာဇီဝ စေတသိက်ဆိုတာ ကောင်းသော အသက်မွေးမှုကို ခေါ်တာ မဟုတ်ဘူး။ အရပ်ထဲမှာတော့ သမ္မာအာဇီဝ-ဟာ ကောင်းသော အသက်မွေးမှု။ သမ္မာအာဇီဝအလုပ်နဲ့ အသက်မွေးနေတယ်လို့ ဒီလို ပါဠိစကားပြောယင် ဒါကတော့ ဟုတ်တယ်။ ဒီ သမ္မာအာဇီဝ ဆိုတဲ့ စေတသိက်က ကောင်းသော အသက်မွေးမှုကို သမ္မာအာဇီဝ ခေါ်တာမဟုတ်ဘူး။ သူ့အသက်မွေးမှုက ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေနဲ့ အသက်မွေးနေရတယ်။ အဲဒီဒုစရိုက်တွေမှ ရှောင်ကြဉ်မှုကို သမ္မာအာဇီဝ စေတသိက် ခေါ်တယ်။

အခုန သမ္မာဝါစာတုန်းကလဲ နှစ်မျိုးပြောခဲ့တယ် မဟုတ်လား၊ သမ္မာကမ္မန္တတုန်းကလဲ နှစ်မျိုးပြောခဲ့တယ်။ အဲဒီတော့ သူ့အသက်မွေးမှုကိုက ဒီ ကာယဒုစရိုက်, ဝစီဒုစရိုက်နဲ့ အသက်မွေးနေရတာ။ ခုနပြောခဲ့တဲ့ တံငါတို့ မုဆိုးတို့ဟာ ပါဏာတိပါတနဲ့ အသက်မွေးနေရတာ။ ဒါပေမဲ့ ပါဏာတိပါတာ ဝေရမဏီ-ဆိုပြီးတော့ ဒီနေ့ သီလစောင့်ထိန်းတယ်။ သူ့ရဲ့စောင့်ထိန်းမှုဟာ အသက်မွေးမှုနဲ့ မဆိုင်ဘူးလား။ အသက်မွေးမှုနဲ့ဆိုင်နေတယ်။ သူက အဲဒါနဲ့ အသက်မွေးနေရတာကိုး။ ဒီနေ့တော့ ပိုက်ဆံတစ်ပြားမှ မရချင်နေပါစေ။ သူ့အသက်မွေးမှုကို စွန့်လွှတ်ပြီးတော့ ဒီနေ့ သီလစောင့်ထိန်းတယ်။ အဲဒီလို သီလစောင့်ထိန်းတဲ့အခါကျတော့ သမ္မာအာဇီဝ စေတသိက်လို့ခေါ်တယ်၊ အတူတူပဲ။ သူများပစ္စည်းခိုးပြီးတော့ အသက်မွေးနေတဲ့လူ၊ ညတိုင်း နေ့တိုင်း သူက သူများဥစ္စာကို ခိုးပြီးတော့

အဲဒါနဲ့ အသက်မွေးနေတာ။ သူက ဒိုပြင်အလုပ် လုပ်တာမဟုတ်ဘူး။ အဲဒီတော့ ဥပုသ်နေ့ကျတဲ့အခါကျတော့ သူက သူများပစ္စည်း ဒီနေ့ မခိုးပါဘူး၊ အဒိန္နာဒါနာ ဝေရမဏီ–ဆိုပြီးတော့ သီလစောင့်ထိန်းတယ်။ သူကာယဒုစရိုက်မှ ရှောင်ကြဉ်တာကို ဘာစေတသိက်လို့ ပြောမတုံး၊ သမ္မာအာဇီဝစေတသိက်။

အဲဒီတော့ ကာယဒုစရိုက်မှ ရှောဉ်ကြဉ်ပေတဲ့ အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်တော့ သမ္မာအာဇီဝစေတသိက်ခေါ်တယ်။ သမ္မာကမ္မန္တစေတသိက် မဟုတ်ဘူး။ ဒါ နည်းနည်း ဂရုစိုက်ပြီးတော့ နားထောင်မှ သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝ ကွဲသွားမယ်။ ဘာမှ သိပ်ဆန်းတာတော့ မဟုတ်ဘူး။ ရှင်းအောင်ပြောယင် ရှင်းတာပဲ။ အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်ယင် သမ္မာအာဇီဝ စေတသိက်။ အသက်မွေးမှုနဲ့မဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်ယင် သမ္မာကမ္မန္တ စေတသိက်ပဲ။ ဒါ ရှင်းပါတယ်။

ဝစီဒုစရိုက်ကျတော့လဲ ဒီအတိုင်းပဲ။ သမ္မာအာဇီဝစေတသိက်ဆိုတာက အသက်မွေးမှုနဲ့ဆိုင်တဲ့ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာ။ သူ့လုပ်ငန်းကိုက လိမ်ပြောရပြီးတော့ အသက်မွေးနေတာ၊ လူလိမ်ဆိုပါတော့၊ သူက အိမ်တကာ့အိမ် လျှောက်ပြီးတော့ ဝါကြွားပြီးတော့ ကျုပ်က သူဌေးပါပဲ၊ ပွဲစားကြီးပါပဲ၊ ဘာပဲ ညာပဲဆိုပြီးတော့ ဟိုအိမ် လျှောက်လိမ်၊ ဒီအိမ်လျှောက်လိမ်။ အဲဒီလို လျှောက်လိမ်ပြီးတော့ သူက အသက်မွေးနေတဲ့ လူတစ်ယောက်။ အဲဒီလို လိမ်ပြီးတော့ အသက်မွေးနေတဲ့ လူတစ်ယောက်က ငါ ဒီနေ့တော့ မလိမ်ဘူး။ မုသာဝါဒါ ဝေရမဏီဆိုပြီး ဒီလို ရှောင်ကြဉ်လိုက်တာကို ဘာစေတသိက်ခေါ်တုံး။ သမ္မာ အာဇီဝစေတသိက်။ သူ့အသက်မွေးမှုကိုက လိမ်ပြီးတော့မှ အသက်မွေးနေရတယ်။ လိမ်ပြီးတော့ အသက်မွေးနေရတဲ့ လူတစ်ယောက်က ဒီနေ့ မလိမ်တော့ပါဘူးဆိုပြီးတော့ ဒီသိက္ခာပုဒ်ကို သူက စောင့်ထိန်းတဲ့အခါကျတော့ သမ္မာအာဇီဝ စေတသိက်ပေါ့။ ဝစီဒုစရိုက်မှ ရှောင်ကြဉ်ပေတဲ့ သမ္မာဝါစာ မဖြစ်ဘူး။ အဲဒီမှာ နားရှုပ်တာပဲ။

**ကုန်းချောသည့်အလုပ်နှင့် အသက်မွေးမှုရှိနိုင်သလား**

ရှောင်ကြဉ်တာကတော့ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တယ်။ ဘယ့်နဲ့ သမ္မာအာဇီဝလို့လဲဆိုတော့ ပထမသိထားတာက အသိမှားနေတာကိုး။ ဘယ်လို အသိမှားလဲဆိုတော့ သမ္မာအာဇီဝဆိုတာ ကောင်းသော အသက်မွေးမှုလို့ ဒီလို သိထားတာကိုး။ ဒါအရပ်ထဲ ပြောတဲ့စကားပဲ။ စေတသိက်ကျတော့ သမ္မာအာဇီဝဆိုတာကလဲ အသက်မွေးမှုနဲ့ဆိုင်တဲ့ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာပဲ။ အတူတူပဲ။ ပိသုဏဝါစာဆိုတာလဲ ဘာလုပ်တာတုံး၊ ကုန်းချောတာ။ အိမ်တကာ့ အိမ်လျှောက်ပြီးတော့ လင်မယားချင်း ကုန်းတိုက်ပြီးတော့ သူက အသက်မွေးနေတဲ့ လူတစ်ယောက်။ အဲဒီလိုလူတွေ မရှိဘူးလား၊ ရှိတယ်နော်။ သူ့အသက်မွေးမှုက ဒီမိန်းမက ဟိုအိမ်သွားရော၊ အဲဒီအိမ်က မိန်းမနဲ့ယောက်ျားကို ရန်တိုက်ပေးတာပဲ။ တချို့တလေက ယောက်ျားအပေါ် စိတ်ဆိုးနေတော့ ယောက်ျားမကောင်းတာတွေ လာပြောတဲ့လူကို သဘောကျတော့ ဘာလေး ညာလေး ကျွေးလိုက်၊ ပေးစရာရှိတာလေး ပေးလိုက်၊ ဒီအိမ်က ရသွားပြီ။ ဒီနေ့ ဒါနဲ့ပဲ စားလို့ရတာပေါ့။ နောက်တစ်နေ့ကျတော့ တစ်အိမ်သွားပြီး ဒီလိုပဲလုပ်ပြန်တယ်။ အဲသလို လျှောက်ပြီးတော့ ကုန်းတိုက်ပြီးတော့ စားနေတဲ့ လူတန်းစားလဲရှိတာပဲ။ အဲဒီလို လူက ငါကတော့ ကုန်းတိုက်ပြီး စားနေတာပဲ၊ ဒီနေ့တော့ ဥပုသ်စောင့်အုံးမှပဲ၊ သူတစ်ပါးတို့ရဲ့ အချစ်ကိုဖြိုခွဲပြီးတော့မှ စားသောက်ရတဲ့ လူမျိုးဆိုတော့ တခါတလေလဲ သူက ပိသုဏဝါစာ ဝေရမဏီ–ဆိုပြီး ဥပုသ်စောင့်တာပေါ့။ အဲဒီလို ဥပုသ်စောင့်တော့ ဘာစေတသိက်တုံး၊ သမ္မာအာဇီဝ စေတသိက်။ ဝစီဒုစရိုက်ပေတဲ့ သမ္မာဝါစာ မဟုတ်ဘူး။

ဖရုသဝါစာနဲ့ အသက်မွေးတဲ့လူတွေလဲ ရှိတာပဲ၊ သမ္ဖပ္ပလာပနဲ့ အသက်မွေးတဲ့လူလဲ ရှိတယ်။

သမ္ဖပ္ပလာပ–ဆိုတာ အတင်းပြောတာတို့, အဖျင်းပြောတာတို့ကို ခေါ်တယ်၊ အဖျင်းပြောတာလဲ သမ္ဖပ္ပလာပပဲ။ အဖျင်းပြောတာကတော့

လူပြက်တို့ ဘာတို့ အဖျင်းပြောတဲ့အထဲမှာ ပါတာပေါ့။ အဲသလို အသက်မွေးတဲ့ လူတွေကလဲ ဒီနေ့ သမ္ဖပ္ပလာပ=အဖျင်းပြောတာတွေက ရှောင်ကြဉ်ပါ့မယ်ဆိုပြီးတော့ ဒီလို အသက်မွေးတဲ့ အလုပ်ကို ရှောင်ကြဉ်တာကလဲ သမ္မာအာဇီဝ စေတသိက်ပဲ။

အဲဒီတော့ ဝစီဒုစရိုက် လေးပါးမှာ ရှောင်ကြဉ်တာက နှစ်မျိုးရှိတာကိုး-

(၁) ဝစီဒုစရိုက်မှာ ရိုးရိုးလူတွေ ရှောင်ကြဉ်တာက သမ္မာဝါစာ စေတသိက်။

(၂) အသက်မွေးမှုနဲ့ ဆိုင်တဲ့လူတွေ ရှောင်ကြဉ်တာက သမ္မာအာဇီဝ စေတသိက်။

(၁) ရိုးရိုးလူတွေ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာက ဘာစေတသိက်တုံး၊ သမ္မာကမ္မန္တ စေတသိက်။

(၂) အသက်မွေးမှုနဲ့ဆိုင်တဲ့ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာက သမ္မာအာဇီဝ စေတသိက်။

သမ္မာဝါစာ စေတသိက်နဲ့ သမ္မာအာဇီဝ စေတသိက်၊ သမ္မာကမ္မန္တ စေတသိက်နဲ့ သမ္မာအာဇီဝ စေတသိက်၊ အဲဒီလိုမှ ကွဲသွားတယ်။ ရှောင်ကြဉ်တာကတော့ ကာယဒုစရိုက်သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါးပဲ။ ဝိရတီဆိုတာကတော့ သီလပဲ။ ကာယဒုစရိုက် သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါးကို ပေါင်းလိုတယ်ဆိုလို့ရှိယင် သီလပဲ။ ငါးပါးသီလထဲက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ-ဆိုပြီးတော့ လေးပါးပါလာတာပဲ။ သီလဆိုတာက ကာယံ,ဝစီကံ၊ ဒီနှစ်ခုကို စောင့်ထိန်းတာပဲ။ ဝိရတီ စေတသိက်သုံးလုံးက ကုန်ပြီပဲထားပါတော့။

ဝိရတီစေတသိက် သုံးပါး ပြောစမ်းပါ-

(၁) သမ္မာဝါစာ၊

(၂) သမ္မာကမ္မန္တ၊

(၃) သမ္မာအာဇီဝ၊

လက်ာက "ဝါစာကမ္မံ၊ အာဇီဝံ၊ သုံးတန်ဝိရတီ။" ဝါစာ-ဆိုတာ ဘာတုံး၊ သမ္မာဝါစာ။ ကမ္မံ-ကကော သမ္မာကမ္မန္တ။ အာဇီဝံ-က သမ္မာအာဇီဝ။

အဲဒီတော့ ဝိရတီစေတသိက် သုံးလုံးက အဘိဓမ္မာမှာ အခိပ္ပါယ်က ကျယ်ဝန်းပါတယ်။ အခု ကျောင်းသူကျောင်းသားတွေက များတော့ ဝိရတီ စေတသိက် သုံးလုံးကတော့ ဒါပဲထားပါတော့။ နောက်ပြီးတော့-

## အပ္ပမညာစေတသိက်

ဒါ ပါဠိလိုတော့ အပ္ပမညာစေတသိက်လို့ပဲ ခေါ်တာပဲ၊ အပ္ပမညာ ဆိုတဲ့ ပါဠိက အခေါ်ရခက်တယ်။ အမှန်ကတော့ အ-ရယ်၊ ပမာဏရယ်။ ပမာဏ-ဆိုတာက အတိုင်းအတာ။ အ-ကတော့ မ၊ ပါဠိကတော့ အ-ဟာ မ-နဲ့ တူတာပဲ၊ ပြောင်းပြန် ဘာသာပြန်ယင် ပမာဏ-က အတိုင်းအတာ ရှိတာ။ ပမာဏ-က နေပြီးတော့ ပမည-လို့ ဒီလိုဖြစ်သွားတာကိုး။ ပမာ ဏ-က ပမည။ (န)နဲ့ (ည)နဲ့ဟာ ပါဠိမှာ အပြောင်းအလဲ ရတာကိုး၊ ပမာဏ =ပမည=အတိုင်းအတာ။ အပ္ပမညဆိုတော့ အတိုင်းအတာ မရှိတာပဲ။

အပ္ပမညာ စေတသိက်ဆိုတာက အတိုင်းအတာမရှိသော သတ္တဝါ ကို အာရုံပြုသည့်စေတသိက်။ သူအာရုံပြုတာက ဘယ်သတ္တဝါတွေ ကျန်းမာ ပါစေ၊ ဒီလိုမဟုတ်ဘူး။ တစ်ကမ္ဘာလုံးအတိုင်းမရှိ အရေအတွက်သင်္ချာမရှိ ဘူး၊ အားလုံးသတ္တဝါတွေ ကျန်းမာပါစေလို့ ဒီလို မေတ္တာပို့တာဟာ အပ္ပ-မညာ စေတသိက်ပဲ။ မေတ္တာက ဘာစေတသိက်တုံး၊ အဒေါသစေတသိက်။ အဒေါသစေတသိက်နဲ့ မေတ္တာဟာ အတူတူပဲ။ သူက ကုသိုလ်ပြုတိုင်း ပါဝင်လို့ ၁၉-လုံးထဲမှာ သူ့ကို ထည့်လိုက်တာ။

**အပ္ပမညာစေတသိက်ဟာ နှစ်လုံးပဲရှိသလား**

တကယ်ကတော့ အပ္ပမညာ စေတသိက်ဟာ လေးလုံးရှိတယ်။ ဒီမှာ သင်္ဂြိုဟ်ဆရာက အပ္ပ ပညာစေတသိက်ကို နှစ်လုံးပဲပြတယ်။ ဘာဖြစ်လို့

နှစ်လုံးထဲပြရသလဲဆိုတော့ မေတ္တာဟာ ကုသိုလ်ပြုတိုင်းပါဝင်တဲ့ စေတသိက် ထဲမှာ ပါသွားတယ်။ ဘယ်ကုသိုလ်ပြုပြု မေတ္တာပါမှ ကုသိုလ်ပြုလို့ရတယ် မဟုတ်လား။

အမိပွါယ်တစ်ခု-ဆရာ မေတ္တာပို့တယ်ဆိုလို့ရှိယင် အသင်းတိုက် ထဲမှာရှိတဲ့ သင်တန်းသူသင်တန်းသားတွေ ကျန်းမာပါစေလို့ ဒီလို မေတ္တာပို့ ယင် ဒါ အတိုင်းအတာရှိတယ်။ ဒီအသင်းတိုက်ထဲမှာ ရှိတဲ့လူကို တိုင်း တာလိုက်တာပဲ။ ရန်ကုန်မြို့ထဲကလူတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ ဆိုယင် ဒါ အတိုင်းအတာ ရှိတယ်။ မေတ္တာဆိုတာ ဒီလို အတိုင်းအတာ မရှိဘူး။ မေတ္တာရဲ့အာရုံက အတိုင်းအတာမရှိဘူး။ ဒါကြောင့်မို့လို့ သူ့ကို အပ္ပမညာ စေတသိက်လို့ ခေါ်တာ။ နောက်ပြီးတော့ ဥပေက္ခာ။

**ဥပေက္ခာ** ဗြဟ္မဝိဟာရတရားက လေးပါးရှိတာကိုး။ ဗြဟ္မစိုရ်တရား လေးပါလို့ မြန်မာမှာရှိပြီးသားပဲ။ မေတ္တာရယ်၊ ကရုဏာရယ်၊ မုဒိတာရယ်၊ ဥပေက္ခာရယ်။ ဥပေက္ခာက ဘယ်စေသိက်တုံး၊ တတြမဇ္ဈတ္တတာ စေတသိက်။ တတြမဇ္ဈတ္တတာဆိုတာက ဒုက္ခိတ သတ္တဝါတွေဘက်လဲ မပါ ဘူး၊ ချမ်းသာတဲ့ သုခိတသတ္တဝါတွေဘက်လဲ မပါဘူး။ အားလုံး ဒုက္ခရောက်တဲ့ လူကိုရော ချမ်းသာတဲ့လူကိုရော ညီမျှအောင် သူက ထိန်းပေးတာ မဟုတ် လား။ ညီညီမျှမျှ ဖြစ်ကြပါစေဆိုပြီးတော့ ရှိရှိသမျှ အားလုံးသတ္တဝါတွေ အပေါ်မှာ ဥပေက္ခာထားတာပါ။ ဥပေက္ခာဆိုတာ ရှိရှိသမျှ သတ္တဝါတွေကို လျစ်လျူရှုတာ မဟုတ်ဘူး။

ဆင်းရဲတဲ့လူ့အပေါ်မှာ (ကရုဏာ)ပိုနေယင်လဲ ဥပေက္ခာ မဟုတ် ဘူး။ ချမ်းသာတဲ့ လူ့အပေါ်မှာ (မုဒိတာ)ပိုနေယင်လဲ ဥပေက္ခာမဟုတ် ဘူး။ အားလုံးအပေါ်မှာ ညီညီမျှမျှထားတာကို ဥပေက္ခာခေါ်တာပဲ။ အဲဒီ တော့ မေတ္တာက အဒေါသစေတသိက်ထဲမှာ ပါသွားတယ်။ ဥပေက္ခာကလဲ တတြမဇ္ဈတ္တတာ စေတသိက်ထဲမှာ ပါသွားတယ်။ ဒါကြောင့် ဒီအပ္ပမညာ စေတသိက်ကျတော့ နှစ်ခုပဲရှိတော့တယ်။

## သနားမှုနှင့် ကရုဏာ

**ကရုဏာစေတသိက်** ကရုဏာကို ရေးတုန်းက ဘာသာပြန်ကြတာက တော့ သနားတယ်တဲ့။ လူတစ်ယောက်ကို သနားတယ်ဆိုယင် ကိုယ့်စိတ်ထဲမှာ နည်းနည်း စိတ်ဆင်းရဲမသွားဘူးလား၊ ဆင်းရဲသွားတယ်။ ဆင်းရဲသွားယင် ကရုဏာမဟုတ်ဘူး။ ကရုဏာဟာ ကုသိုလ်စေတသိက်လား၊ အကုသိုလ်စေတသိက်လား၊ ကုသိုလ်စေတသိက်။

ကုသိုလ်ဆိုတာက စိတ်ကို ချမ်းသာစေရမယ်၊ စိတ်ဆင်းရဲမသွားရဘူး၊ စိတ်ဆင်းရဲသွားယင် ဒါ ကရုဏာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ သနားတယ်ဆိုတဲ့ မြန်မာကစားနဲ့ ကရုဏာနဲ့ဟာ သိပ်မဟပ်မိဘူး။ ဒုက္ခရောက်တဲ့လူတွေမြင်တယ်၊ ဒုက္ခရောက်တဲ့လူတွေ မြင်လို့ရှိယင် သနားတယ်။ စိတ်မဆင်းရဲယင်တော့ သနားတာလို့ ပြန်လို့ရပါတယ်။

ကရုဏာကို ကြင်နာမှုလို့ ပြန်ကြပြန်တယ်။ ကြင်နာဆိုတာက သူတို့နှစ်ယောက်ကော့ သိပ်ကြင်နာတာပဲဆိုတာ သူတို့ လင်နဲ့မယား သိပ်ကြင်နာကြကာပဲဆိုတော့ သိပ်ကြင်နာတဲ့အတွက် မယား နည်းနည်းလေး ဘာဖြစ်တယ်ဆိုယင် စိတ်မပူဘူးလား၊ ပူသွားတော့ ကြင်နာတာကလဲ ကရုဏာနဲ့တော့ မဟပ်မိဘူး။ မြန်မာစကားမှာ သနားတာတို့ ကြင်နာတာတို့နဲ့ ကရုဏာနဲ့တော့ သိပ်ပြီးတော့ မဟပ်မိဘူး။

ဒါကြောင့်မို့လို့ နောက်တစ်ခု ဆက်ပြီးတော့ ဘာသာပြန်လိုက်တယ်၊ ဒီဘာသာပြန်ကတော့ နည်းနည်းတော့ ကြီးကျယ်သွားတာပါ-

**ကရုဏာ=ကယ်တင်လိုမှု** ဒုက္ခရောက်တဲ့ လူတွေ မြင်တယ်၊ ဒုက္ခရောက်တဲ့လူတွေ မြင်တဲ့အခါကျတော့ ဒီလူတွေ ချမ်းသာအောင် ငါဘယ်လို ကယ်တင်ရမတုံး၊ ဒီလို ကယ်တင်ချင်တဲ့စိတ်ကတော့ စိတ်ထဲမှာပူရဲ့လား မပူပါဘူး၊ သူက ကယ်တင်ချင်တယ်။ ဒီစိတ်က အင်မတန် မြင့်မြတ်တဲ့စိတ်ပဲ။ ဒီ ဒုက္ခရောက်နေတဲ့လူကို ငါ ဘယ်လိုလုပ်ပြီးတော့ ကယ်ရမတုံး၊ သူ ပူပန်တာမဟုတ်ဘူး၊ သူ ကယ်ဖို့လို့ ကရုဏာ ဖြစ်တာ။

**ကရုဏာနှင့်ကယ်တင်ရှင်** ဒါကြောင့်မို့လို့ မြတ်စွာဘုရားတို့၊ နိုင်ငံခေါင်းဆောင်တို့ကို ကယ်တင်ရှင်ကြီးလို့ဆိုတာက ကရုဏာရဲ့အဓိပ္ပါယ်ပဲ။ မြတ်စွာဘုရားက သူ့စိတ်ထဲမှာ ဆင်းရဲတာမှ မဟုတ်ဘဲနဲ့။ ဒုက္ခရောက်နေတဲ့ အားလုံးသတ္တဝါတွေကို ငါချမ်းသာအောင် ကယ်တင်မယ်ဆိုတဲ့ ကယ်တင် လိုတာဟာ ကရုဏာပဲ။

အဓိပ္ပါယ်တစ်ခု–မြန်မာပြည်သူပြည်သားတွေ ဆင်းရဲနေတယ်။ ဆင်းရဲနေတော့ ငါ ကျောင်းက ထွက်လို့ရှိယင်တော့ မြန်မာတိုင်းသူပြည်သား အကုန်လုံးကို ချမ်းသာအောင် ငါ ဘယ်လိုလုပ်မယ်၊ ငါဘယ်နည်းနဲ့ ကယ်တင်မယ်၊ အဲဒီလို တိုင်းသူပြည်သားတွေ အားလုံး ချမ်းသာအောင် ကယ်တင်ချင်တဲ့စိတ် ပေါက်နေတာဟာ သူ့စိတ်ဟာ ဆင်းရဲသလား၊ မဆင်းရဲပါဘူးတဲ့။ အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ စိတ်ပဲ။ ၁၆–နှစ်အရွယ်ထဲက ကိုယ့်တိုင်းသူပြည်သားတွေ ဆင်းရဲနေတာကို ဒီလို ကယ်တင်ချင်တဲ့စိတ် ပေါက်နေတာကို ကရုဏာစေတသိက်လို့ ခေါ်တယ်။

ဒါကြောင့်မို့လို့ ကရုဏာစေတသိက်ကို ဒုက္ခရောက်နေတဲ့လူတွေကို မြင်လို့ရှိယင် ကယ်တင်လိုမှုလို့ ဘာသာပြန်လိုက်တယ်။ ကယ်တင်မှ ကရုဏာ စေတသိက်က ဖြစ်တာမဟုတ်ပါဘူး၊ ကယ်တင်သည်ဖြစ်စေ မကယ်တင်သေးသည်ဖြစ်စေ ကယ်တင်လိုတဲ့စိတ် ပေါက်နေတယ်ဆိုလို့ရှိယင် ကရုဏာဖြစ်တာပဲ။ ကရုဏာစေတသိက်ဟာ သူကတော့ နည်းနည်းတစ်ဖက်စွန်း ရောက်တာပေါ့လေ။ သူက ဒုက္ခရောက်နေတဲ့လူတွေကိုသာ လျှင် ကယ်တင်ချင်တဲ့ စေတသိက်ပဲ။ မေတ္တာကတော့ ဒုက္ခရောက်တဲ့လူရော ချမ်းသာတဲ့ လူရော အားလုံးအပေါ်မှာ မေတ္တာထားတာကိုး။

ကရုဏာကတော့ မဟုတ်ဘူး၊ ဒုက္ခရောက်နေတဲ့လူတွေ ဒုက္ခတွင်းက လွတ်ကြပါစေ ဒါပဲ။ ဒါကြောင့်မို့လို့ မေတ္တာပို့ကြတဲ့အခါကျတော့ "ဒုက္ခာ မုစ္စန္တု"မပါဘူးလား၊ ပါပါတယ်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊ လွတ်ကြပါစေသတည်း။ ဒါက မေတ္တာပို့လို့သာ ဆိုတယ်၊ တကယ်က ကရုဏာပို့ ခေါ်တယ်။

ဆရာတို့ ၅၂၈-သွယ်မေတ္တာ သင်တုန်းက "ဒုက္ခာ မုစ္စန္တု" ပါရဲ့လား၊ "ဒုက္ခာ မုစ္စန္တု"မပါပါဘူး။ ဒါကို မထည့်ဘူး။ ဒါက ကရုဏာပို့ပဲ၊ မေတ္တာပို့ မဟုတ်ဘူး။ "ဒုက္ခာ မုစ္စန္တု"ဆိုတာက ကရုဏာအတွက် ပို့လိုက်တာပဲ။ ကရုဏာဆိုတာက ဒုက္ခရောက်တဲ့လူတွေ ဒုက္ခမှ လွတ်ကြပါစေလို့ ကရုဏာပို့တာ။

**ကရုဏာစေတသိက်နဲ့ ကြက်ခြေနီ** ခေတ်ဆန်ဆန် ပြောရမယ်ဆိုလို့ရှိယင် ကြက်ခြေနီအသင်းတို့ ဘာတို့ဟာ ဘာစေတသိက်တုံး၊ ကရုဏာစေတသိက်။ ကရုဏာအသင်းလို့တောင် ခေါ်ဖို့ကောင်းတယ်။ ကြက်ခြေနီအသင်းဆိုတော့ (က-ကြီး)ချင်းတော့ နည်းနည်းတူသားပဲ။ ကြက်ခြေနီဆိုတာကလဲ ဒုက္ခရောက်တဲ့လူတွေကို ကယ်တင်ဖို့လို့ဆိုပြီးတော့ ဒါတွေ သင်ပေးတာပဲ မဟုတ်လား။ အဲဒီတော့ ဒုက္ခရောက်တဲ့လူတွေ ကယ်တင်ဖို့လို့သင်ပေးတဲ့ ကြက်ခြေနီအသင်းတို့ ဘာတို့ဟာ ဒါ ကရုဏာအသင်းပဲ။ ဒုက္ခရောက်တဲ့လူတွေ မြင်ယင် သူတို့က ကြည့်ကို ကြည့်မနေဘူး၊ တချို့တလေ လူတွေကတော့ ဒုက္ခရောက်နေတာ မြင်ပေတဲ့ ကားတိုက်တာမြင်ပေတဲ့ ရှောင်သွားတာပဲ။ လူတစ်ယောက် ဘာဖြစ်နေဖြစ်နေ ရှောင်သွားတာပဲ။ ကြက်ခြေနီကတော့ မဟုတ်ဘူး၊ လမ်းထဲမှာ ဒုက္ခရောက်နေတဲ့လူကို တွေ့တယ်၊ ကိုယ်နဲ့ သိသိ၊ မသိသိ၊ ဒုက္ခ ရောက်နေလို့ရှိယင် တစ်ခါတည်း သူက ဝိုင်းကူလုပ်တာပဲ။

ကရုဏာစေတသိက်ဆိုတာက အင်မတန်ကြီးကျယ် မြင့်မြတ်တဲ့ ကုသိုလ်စေတသိက်။ သူက စိတ်တိုင်းမှာ အမြဲမယှဉ်ဘူး။ ဒုက္ခရောက်တဲ့လူကို တွေ့တဲ့အခါ အာရုံပြုတဲ့အခါမှာ ကရုဏာက ယှဉ်တယ်။ ဒါကြောင့်မို့လို့ ကရုဏာစေတသိက်ဟာ အင်မတန် ကြီးကျယ်ပါတယ်။

**"မြန်မာ့သွေး"ဖြစ်နေတာဘယ် စေတသိက်တွေလဲ** မြန်မာလူမျိုးဟာ နဂိုကဒီစေတသိက်တွေ သင်လာကြတော့ လူငယ်တိုင်း လူငယ်တိုင်း ဆရာတို့ ငယ်ငယ်ကဆိုယင် လမ်း

သွားယင် မိန်းကလေးတစ်ယောက်ဖြစ်ဖြစ်၊ ယောကျ်ားလေးတစ်ယောက် ဖြစ်ဖြစ် တစ်စုံတစ်ခုဖြစ်နေတာ တွေ့လို့ရှိယင် ကိုယ်လုပ်နေတဲ့အလုပ်ကိစ္စမှာ ရှေ့ကို ဆက်မလုပ်ဘဲနဲ့ အဲဒီမှာ ဝင်ပြီးတော့ ကယ်ပြီးမှ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်တယ်။ ဘယ်လောက်ပဲ အရေးကြီးကြီး ရှေ့ဆက်မသွားဘူး။ ကိုယ်နဲ့ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ မီးရထားစီးသွားတယ်၊ မီးရထား ပေါ်မှာ မိန်းကလေးဖြစ်စေ ယောကျ်ားလေးဖြစ်စေ တစ်စုံတစ်ခု ဖြစ်ယင် ကိုယ့်အလုပ်ကို ပစ်ပြီးတော့ ကယ်တင်ပြီးမှ သွားကြတာပဲ။ ကရုဏာစေတ **သိက်ဆို**တာ နဂိုက မြန်မာရဲ့သွေးထဲမှာ ရောက်နေတယ်။ အခုခေတ်တော့ ကရုဏာတွေ နည်းနည်းခေါင်းပါးပြီးတော့ မသိယင် ရှောင်သွားတာက များပါတယ်။

ဒါကြောင့် အခုခေတ်မှာ ကြက်ခြေနီတို့ ဘာတို့ ညာတို့ဆိုပြီး အသင်းတွေဖွဲ့ပြီး ထ–လုပ်နေကြရတာပဲ။ ဒါဟာ ကရုဏာစေတ**သိက်** လုပ်ငန်းပါပဲ။ ကရုဏာစေတသိက်ပြီးတော့ မုဒိတာစေတသိက် တစ်လုံး ကျန်သေးတယ်။

**မုဒိတာစေတသိက်**

မုဒိတာစေတသိက်ဆိုတာကတော့ ဝမ်းမြောက်တာ ပါပဲ။ ဝမ်းမြောက်တယ်ဆိုတာ ဘယ်လိုအခါမှာ ဝမ်းမြောက်တာတုံး၊ ချမ်းသာတဲ့လူတွေကို မြင်ရတဲ့အခါမှာ သူက ဝမ်း မြောက်တာ။ ဒီ မုဒိတာစေတသိက်က ကိုယ့်မှာ ဘာမှ ပင်ပန်းတာမဟုတ်ဘူး၊ ပိုက်ဆံလဲကုန်သွားတာမဟုတ်ဘူး၊ ခုနက ကရုဏာလဲ ဒီလိုပါပဲ။ ကယ်တင် ချင်တဲ့စိတ် ပေါက်နေယင် ကရုဏာဖြစ်တာပါပဲ၊ ဝင်ကယ်ယင်တော့ ပိုပြီး တော့ ကရုဏာဖြစ်သွားတာပေါ့။

မုဒိတာဆိုတာက ချမ်းသာတဲ့လူတွေ မြင်ယင် ဝမ်းမြောက်ဝမ်း သာရှိတာကို မုဒိတာစေတသိက်ခေါ်တယ်။ အဲဒီတော့ သူက အကုသိုလ် စေတသိက်ထဲကဆိုယင် ဘယ်သူနဲ့ ဆန့်ကျင်ဘက်တုံး၊ ဣဿာနဲ့က ဆန့်ကျင်ဘက်။ အကုသိုလ်စေတသိက်ထဲက မုဒိတာနဲ့ဆန့်ကျင်ဘက်

စေတသိက် ပြောစမ်းပါဆိုယင် ဘယ်သူ့တုံး၊ ဣဿာက သူတစ်ပါးချမ်းသာ တာမြင်လိုရှိယင် မနာလိုဘူး၊ မကြည့်ချင်ဘူး။ မုဒိတာက သူတစ်ပါး ချမ်း သာယင် ဝမ်းမြောက်တယ်။ အဲဒီတော့ မုဒိတာဆိုတာက မြန်မာလူမျိုးတို့ ရဲ့ သွေးထဲမှာ ဖြစ်တာ။

ဘယ်သူ ရာထူးကြီးကြီးရသွားပြီဆိုယင် သူက ဝမ်းသာတယ်။ ဘယ်သူတွေ ချမ်းသာသွားပြီဆိုယင် သူက ဝမ်းသာတယ်။ နောက်ပိတ် ဆုံး ကိုယ်နဲ့ ဆန့်ကျင်ဘက် ကိုယ့်ကို ရန်သူလုပ်နေတဲ့လူတွေ ဖြစ်စေ၊ ကိုယ်နဲ့မတည့်တဲ့လူဖြစ်စေ၊ မတည့်တာဟာ မတည့်တာဘဲ၊ ရန်သူက ရန်သူပဲ၊ သို့ပေတဲ့ ဒီလူတွေ ရာထူးရသွားတယ်ဆိုယင် ဝမ်းသာတာပဲ။ ကိုယ့်ကို ဖျက်လို ဖျက်ဆီးလုပ်တဲ့လူတွေ မော်တော်ကား စီးနိုင်တယ်ဆိုယင် သူက ဝမ်းသာတယ်။ အဲဒီလို သူတစ်ပါးချမ်းသာတာကို မြင်ယင် မုဒိတာ စေတသိက်က ဝမ်းမြောက်တယ်။

ဒီကုသိုလ်က ဘယ်လောက်ကြီးကျယ်သလဲဆိုလို့ရှိယင် သူတစ်ပါး ချမ်းသာတာကို မကြည့်ချင်ဘူးဆိုလို့ရှိယင် ကိုယ်ချမ်းသာတာကိုလဲ သူတို့ က မကြည့်ချင်ဘူး၊ သူချမ်းသာတာကျတော့လဲ ကိုယ်က မကြည့်ချင်ဘူး၊ အဲဒီလို တစ်ယောက်ချမ်းသာတာ တစ်ယောက်မကြည့်ချင်လို့ရှိယင် လူ့ လောကကြီးဟာ ပျက်စီးသွားမှာပဲ။

ဒါကြောင့်မို့လို့ မုဒိတာစေတသိက်က ဒီ ချမ်းသာတဲ့လူတွေကို မြင်ယင် သူက ဝမ်းမြောက်တယ်။ ကရုဏာစေတသိက်က ဒုက္ခရောက်တဲ့လူ ကို မြင်ယင် သူက ကယ်တင်ချင်တယ်။ ဒီစေတသိက်နှစ်လုံး ရှိလို့ရှိယင် လောကကြီးဟာ တစ်ခါတည်း ကောင်းစားသွားတာပဲ။ ကရုဏာစေတသိက် က ဒုက္ခရောက်တဲ့လူတွေကို မြင်ယင် သူက ကယ်တင်ချင်တယ်၊ မုဒိတာ စေတသိက်က ချမ်းသာတဲ့လူတွေကို မြင်ယင် သူက ဝမ်းသာတယ်။

ဒါကြောင့်မို့လို့ ဗြဟ္မစိုရ်တရား လေးပါးဆိုပြီးတော့ မြန်မာမှာ မေတ္တာရယ်၊ ကရုဏာရယ်၊ မုဒိတာရယ်၊ ဥပေက္ခာရယ်၊ ဒါတွေက မြန်မာ

သွေးလို ဖြစ်နေတယ်။ မြန်မာ့ရဲ့ နဂိုမူရင်းသွေးက ဒုက္ခရောက်တဲ့လူကို မြင်ယင် ကယ်တင်ချင်တယ်၊ ဒါ ကရုဏာ။ ချမ်းသာတဲ့လူကို မြင်ယင် သူက ဝမ်းသာတယ်၊ ဒါ မုဒိတာ။ အားလုံးသောလူတွေရဲ့ ကောင်းကျိုးကို သူက လိုလားတယ်၊ ဒါ မေတ္တာ။ အဲဒါကြောင့်မို့လို့ မေတ္တာရယ်, ကရုဏာရယ်, မုဒိတာရယ်, ဥပေက္ခာရယ်–ဆိုပြီးတော့ ဗြဟ္မစိုရ်တရား လေးပါးရှိတယ်။ အပ္ပမညာတရားလဲ လေးပါးပါပဲ။

သို့ပေတဲ့ အပ္ပမညာစေတသိက် နှစ်လုံးထားတာက သင်္ဂြိုဟ်ဆရာက စိတ်ယှဉ်စေတသိက်ယှဉ်ကို သူက ခွဲချင်တာ၊ ကရုဏာစေတသိက်က ဒုက္ခရောက်တဲ့လူတွေကို မြင်တဲ့အခါမှာ ကရုဏာပါတယ်။ ချမ်းသာတဲ့လူတွေကိုမြင်တဲ့အခါ သူက မပါဘူး၊ မုဒိတာက ချမ်းသာတဲ့လူတွေ တွေ့တဲ့အခါမှာ သူက ပါတယ်၊ ဆင်းရဲတဲ့ လူတွေ တွေ့တဲ့အခါမှာ သူက မပါဘူး။ အဲဒါကြောင့်မို့လို့ ကရုဏာနဲ့ မုဒိတာက ကုသိုလ်လုပ်တိုင်းမှာ သူတို့က မပါဝင်နိုင်လို့ ဒီနှစ်ခုကို ခွဲထားတာ။ မေတ္တာနဲ့ ဥပေက္ခာကတော့ ကုသိုလ်လုပ်တိုင်း ပါဝင်နိုင်လို့ ၁၉–လုံးမှာ ထည့်ထားတာ။

ကဲ နာရီစေ့သွားပြီ၊ ဒီနေ့တော့ တော်ကြပါစို့။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက်(၁၈)

## (၁၊ ၇၊ ၇၉)

## အပ္ပမညာစေတသိက် အဆက်

မနေ့က အပ္ပမညာ=စေတသိက် ၂–လုံး ပြောခဲ့တယ်။ အပ္ပမညာ စေတသိက်က တကယ် အမှန်ကတော့ ၄–လုံးရှိတာ။

(၁) အဒေါသ စေတသိက်က မေတ္တာ၊

(၂) တတြမဇ္ဈတ္တတာ စေတသိက်က ဥပေက္ခာ။

သူတို့က ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ ပါသွားတော့ အပ္ပမညာ စေတသိက်ကို ကရုဏာ, မုဒိတာ ၂–လုံးပဲ သင်္ဂြိုဟ်ဆရာက ပြတယ်။ အဲဒီလင်္ကာလေးကို ဆိုစမ်းပါ။

"ကရု၊ မုဒ၊ ဤနှစ်ခု၊ ခေါ်မှု အပ္ပမညာ။"

ကရု–ဆိုတာ ဘာတုံး။ ကရုဏာ။ မုဒ–ကကော့၊ မုဒိတာ။

**အဲဒီ ကရုဏာရယ်, မုဒိတာရယ်၊** ဒီစေတသိက်နှစ်လုံးက အပ္ပမညာ စေတသိက်တဲ့။ **အပ္ပမညာ** စေတသိက်ပြီးတော့ ပညိန္ဒြေစေတသိက်။ ဒါဆို ၂၅–လုံး ရောက်လာပြီ။

## ပညာစေတသိက်

**ပညိန္ဒြေစေတသိက်** ပညိန္ဒြေဆိုတာက ပညာနဲ့ဣန္ဒြေ ပေါင်းပြီးတော့ ပညိန္ဒြေစေတသိက်လို့ ဒီလိုခေါ်တာ၊ အမှန်ကတော့ ပညာစေတသိက်လို့လဲ ခေါ်တာပါပဲ။ ဣန္ဒြေကိစ္စတပ်လို့ သူ့ကို ပညိန္ဒြေလို့ ဒီလိုခေါ်တာ။

အမှန်က ဆရာ သဒ္ဓါစေတသိက်တုန်းကလဲ ပြောခဲ့သားပဲ။ သဒ္ဓါ စေတသိက်ကလဲ ဣန္ဒြေကိစ္စတပ်ယင် သဒ္ဓိန္ဒြေပဲ။ သို့ပေတဲ့ သဒ္ဓါစေတသိက် ကျတော့ သာမညပဲ ပြတယ်။ ပညာစေတသိက်ကျမှ သင်္ဂြိုဟ် ဆရာက ပညိန္ဒြေဆိုပြီး ဣန္ဒြေထည့်တဲ့အဓိပ္ပါယ်ကတော့ ပညာဟာ အားလုံး ကုသိုလ်

စေတသိက်ထဲမှာ သူဟာ အရေးကြီးတဲ့ စေတသိက်လို့ သိစေချင်လို့ပါပဲ။

**ပညာကို ဘယ်လိုဘာသာပြန်မလဲ** အဲဒီတော့ ပညာကို မြန်မာလို ဘာသာပြန်မယ်ဆိုယင်တောင် ပြဿနာတွေ တက်နေသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာဆိုတဲ့စကားဟာ မြန်မာစကားဖြစ်နေတာကိုး။ ပညာဆိုလို့ရှိယင် မြန်မာက ဘယ်လို နားလည်တုံး။ ပညာဆိုတာ ဘာတုံး၊ မြန်မာတွေ ပြောနေတာပဲ၊ မြန်မာစကားမှာ ပညာတတ်သလားဆိုယင် ဆယ်တန်းတို့၊ ဘီအေတို့၊ ဘီအက်စ်တို့၊ ဒီလို ကျောင်းမှာသင်တဲ့ပညာကိုခေါ်တာပဲ မဟုတ်လား။ သူတို့ဟာ ပညာတတ် လူတန်းစားတွေလို့ဆိုယင် အခု ဆယ်တန်းတို့၊ ဘီအေတို့၊ ဘီအက်စ်တို့၊ အင်မ်အက်စ်တို့၊ ပီအိပ်ချ်ဒီတို့၊ ဒီလိုအောင်တဲ့ လူတွေကို ပညာတတ် လူတန်းစားတွေလို့ ခေါ်တာပဲ။ အဲဒီတော့ ပညာက ဒါတင်ခေါ်သလားဆိုတော့ အခု လက်မှုပညာတွေလဲ ပညာလို့ မခေါ်ဘူးလား။ သူက လက်သမားပညာတတ်တယ်၊ သူက မော်တော်ကားပြင် ပညာတတ်တယ်၊ အဲဒီလို မြန်မာမှာကျတော့ ပညာတွေဟာ ဝိဇ္ဇာပညာပဲဖြစ်ဖြစ်၊ သိပ္ပံပညာပဲဖြစ်ဖြစ် နှစ်ခုလုံးကို ပညာလို့ ဒီလိုခေါ်တာပဲ။ အဲဒီတော့ မြန်မာစကားက ပညာနဲ့ အဘိဓမ္မာပညာနဲ့ဟာ တော်တော် ကွာနေတယ်။

အဘိဓမ္မာက ပညာဆိုတာ ထိုးထွင်းသိမှု။ ထိုးထွင်းပြီးတော့ သူ့ဘာသာ သူ အလိုလိုသိလာတာကို ပညာလို့ ခေါ်တယ်။ ဒါပေတဲ့ ခုန ကတုန်းက မြန်မာစကားမှာ ပြောနေတဲ့ ပညာတွေကိုလဲ ဝိဘင်းပါဠိတော် ကျတော့ သုတမယပညာလို့ ခေါ်ပါသေးတယ်။

သုတမယပညာဆိုတာက ကြားလို့ သင်ပေးလို့ တတ်လာတဲ့ ပညာကို ခေါ်တယ်။ ဆရာတွေက သင်ပေးလို့၊ သင်ပေးတော့ ကြားပါများတဲ့ အခါကျတော့ တတ်လာတဲ့ ပညာတွေကို သုတမယပညာ ခေါ်တယ်။ ကိုယ့်ဘာသာကို မသိဘူး၊ မွေးလာတုန်းက မြန်မာစာဖတ်တတ်ရဲ့လား၊ မွေးမွေးချင်း မြန်မာစာ ဖတ်တတ်ရဲ့လား၊ မဖတ်တတ်ဘူး။ ဘာစာမှ မဖတ်တတ်ဘူး။ သို့ပေတဲ့ သင်လာတဲ့အခါကျတော့ ကြားပါများတဲ့အခါကျ

တော့ တတ်လာတာပဲ။ မွေးခါစ မြန်မာစကားလဲ မတတ်ပါဘူး။ အဖေ အမေ ပြောသံကြားလာတဲ့အခါကျတော့ မြန်မာစကား တတ်လာတာပဲ။ မြန်မာက မွေးလို့ရှိယင် မြန်ကလေးဟာ ဘယ်ကျောင်းမှ မနေဘဲနဲ့ မြန်မာစကား တတ်လာတာပဲ။ အင်္ဂလိပ်က မွေးတဲ့ ကလေးဟာ အင်္ဂလိပ်စကားသူ့ဟာသူ တတ်လာတာပဲ။ ဘယ်ကျောင်းမှ မနေဘဲနဲ့ တတ်တယ်။

ကျောင်းမှာသင်သလို ဖအေ မအေကျောင်းက သင်ပေးတော့ ဒီစကားတွေဟာ တတ်လာတယ်၊ သုတမယပညာဆိုတာ ကိုယ့်ဘာသာကိုယ် ထိုးထွင်းပြီး သိတဲ့ပညာ မျိုးမဟုတ်ဘူး။

လက်သမားပညာတို့, မော်တော်ကားပညာတို့, စက်မှုလက်မှုပညာတို့–ဆိုတာတွေကလဲ အဲဒီလိုပဲ၊ သူများတကာလုပ်တာ သူများတကာ မော်တော်ကားပြင်တာကို ကိုယ်ကကြည့်ပြီးတော့ တတ်တယ်။ မျက်စိနဲ့ကြည့် တတ်တာရှိတယ်၊ စာဖတ်လို့, ကြားဖူးလို့, ပြောလို့, သင်ပေးလို့, သင်တန်းတက်ပြီးတော့ တတ်တာရှိတယ်။ ထိုးထွင်းပြီးတော့ တတ်တဲ့ပညာတွေ မဟုတ်ဘူး။

**ဉာဏ်ရှိတာနှင့် ပညာရှိတာတူသလား** ဒွိဟိတ်ပုဂ္ဂိုလ် တိဟိတ်ပုဂ္ဂိုလ် ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် အဲဒီပညာမျိုးကတော့ သင်ယင် တတ်တာပဲ။ ပိဋကတ်သုံးပုံလဲ သင်ပေးမဲ့ လူရှိယင် တတ်တာပဲ။ ပိဋကတ်သုံးပုံကလဲ ပိဋကတ်ပညာပေါ့။ အဘိဓမ္မာကလဲ အဘိဓမ္မာပညာပေါ့။ အဲဒီလို သင်ပေးလို့ တတ်လာတဲ့ ပညာတွေဟာ မြန်မာစကားမှာ ပညာလို့ ခေါ်တာပဲ။ အခု အဘိဓမ္မာမှာပါတဲ့ ပညာစေတသိက်ဟာ ကိုယ့်ဘာသာကိုယ် ထိုးထွင်းပြီးတော့ သိလာတဲ့ပညာမျိုးကိုမှ ပညာလို့ ခေါ်တာတဲ့။

ပါဠိက ဉာဏ်နဲ့ပညာဟာ အတူတူပဲ။ ဉာဏဆိုတာလဲ ထိုးထွင်းသိတဲ့ ပညာပဲ။ ပညာကလဲ ထိုးထွင်းသိတဲ့ပညာကို ခေါ်တာပဲ။ သို့ပေမဲ့ မြန်မာစကားပြောတဲ့အခါကျတော့ ဉာဏ်ရှိတာနဲ့ ပညာရှိတာ တစ်မျိုးစီ ကွာသွားတယ်။

ဒီကောင် ဉာဏ်ရှိတယ်ဆိုယင် တစ်ခုခု သူ့ဘာသာသူထွင်ပြီးတော့ လုပ်တတ်လို့ရှိယင် ဒီကောင်မခေဘူး ဉာဏ်ရှိတယ်လို့ဆိုတယ်။ ကိုယ့်ဘာသာကိုယ် လုပ်တတ်တဲ့လူကို ထွင်တဲ့လူကို ဉာဏ်ရှိတဲ့လူလို့ ဒီလိုသုံးတယ်။ ပညာရှိကျတော့ ကိုယ့်ဘာသာကိုယ် ထွင်တတ်ရုံလေးနဲ့ ပညာရှိလို့ မခေါ်ဘူး။ မြန်မာမှာ ပညာရှိဆိုတာ ဘယ်လိုပုဂ္ဂိုလ်ကို ခေါ်သလဲ၊ အခုလို နောက်က ဘွဲ့ထူး ဂုဏ်ထူးတွေ တသီတတန်းကြီးရှိတဲ့ ပုဂ္ဂိုလ်တွေကို ပညာရှိလို့ခေါ်တာ၊ ဟုတ်တယ်မဟုတ်လား။ ဘုန်းကြီးတွေ ဆိုလို့ရှိယင်လဲ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ၊ ပထမကျော် ဒီလိုဘွဲ့ကြီးတွေ တပ်တာကို ပညာရှိပဲ။

**အဘိဓမ္မာ ပညာရှိ** အဘိဓမ္မာက ပညာရှိဆိုတာက စာတစ်လုံးမ မဖတ်တတ်ပေတဲ့ သူ့ကို ပညာရှိလို့ ခေါ်နိုင်တယ်။ ဘာစာမှ သူမတတ်ပေတဲ့ သူက ပညာရှိ ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထိုးထွင်းပြီးတော့ သိတဲ့လူကို ပညာရှိလို့ခေါ်တာကိုး။ ထိုးထွင်းပြီး တော့ သိတဲ့ဉာဏ်ဆိုတာက ပဋိသန္ဓေက ပါလာတဲ့ပညာ။ သူက ပဋိသန္ဓေနေကတည်းက ပဋိသန္ဓေစိတ်မှာ ပါလာတဲ့ပညာ။

စိတ်ပိုင်းသင်တဲ့အခါကျတော့ ပဋိသန္ဓေစိတ်ဆိုတာ ဉာဏဝိပ္ပယုတ်စိတ်၊ ဉာဏသမ္ပယုတ်စိတ်ဆိုတာ ရှိတယ်မဟုတ်လား။

ဉာဏသမ္ပယုတ်ဝိပါက် ဆိုတာက ပညာနဲ့ယှဉ်ပြီးတော့ သူနေတဲ့ ပဋိသန္ဓေစိတ်မှာ ပညာပါလာတယ်။ ဝိပ္ပယုတ်ဆိုတာက သူနေတဲ့ပဋိသန္ဓေ စိတ်မှာ ပညာမပါဘူး။ ဒါ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်လို့ ခေါ်တယ်။ အဲဒီတော့ ပဋိသန္ဓေနေကတည်းကိုက သူ့ပဋိသန္ဓေစိတ်မှာ ပညာပါလို့ တိဟိတ်ပုဂ္ဂိုလ်ခေါ်တာ။ အလောဘရယ်, အဒေါသရယ်, အမောဟရယ်၊ ဟိတ်သုံးပါး ပါတယ်။ ပညာကို အမောဟလို့ ခေါ်တာကိုး။ ပဋိသန္ဓေ နေတုန်းကတော့ သူက အမောဟ ပညာမပါဘူး။ အလောဘရယ်, အဒေါသရယ်-ဟိတ်နှစ်ပါးနဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ကို ဒွိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။

ပဋိသမ္ဘိဒါက ပညာပါလာတဲ့ ပုဂ္ဂိုလ်မျိုးဟာ သူ့ဘာသာသူ တီထွင်ပြီးတော့ လုပ်နိုင်တယ်။ အဓိပ္ပါယ်တစ်ခု–သိပ္ပံပညာတွေ သူဘယ်သူ့ထံမှ ကြားဖူးတာလဲ မဟုတ်ဘူး၊ ဘယ်ကမှ မြင်ဖူးတာလဲ မဟုတ်ဘူး၊ သူ့ဘာသာသူ ထွင်ပြီးတော့ လုပ်နိုင်တယ်။ အဲသလို လုပ်နိုင်တဲ့ပုဂ္ဂိုလ်မျိုးဟာ ထိုးထွင်း ပြီး သိတဲ့ ပညာရှိပဲ။ တိဟိတ်ပုဂ္ဂိုလ်မျိုးလို့လဲ ခေါ်တယ်။

နောက်ပြီး စာတွေ ဘာတွေလဲ ဘယ်ပုဂ္ဂိုလ်ဆီကမှ သူသင်တာ မဟုတ်ဘူး၊ သဘောတရား ရေးရာတွေ ဘာတွေလဲ ဘယ်သူ့ထံမှ မသင်ဘူးဘူး၊ မသင်ဘူးပေတဲ့ ဆရာတို့လို ပုဂ္ဂိုလ်မျိုးတွေ သင်တန်းပြနေတယ်၊ သူ သင်တန်းလာတက်တယ်၊ ဆရာပြောတာတွေ သူနားထောင်တယ်၊ သူ သေသေချာချာမှတ်တယ်၊ ဒါတွေကတော့ မဟုတ်ဘူး၊ ဒါတွေကတော့ ဟုတ်မယ်၊ သူက ဒီလို ဆုံးဖြတ်နိုင်တယ်။ ပဋိသမ္ဘိဒါက ပါလာတဲ့ ဉာဏ်က မှားတယ် မှန်တယ်ဆိုတာကို ဆုံးဖြတ်နိုင်တယ်၊ ဒီပညာကိုပဲ အမောဟ လို့လဲ ခေါ်တယ်။

ဒီဟိတ်သုံးပါးထဲက အလောဘရယ်၊ အဒေါသရယ်၊ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်ထဲမှာ နှစ်ခုပါသွားတယ်။ အကုသိုလ်မှာ လောဘရှိသလို ကုသိုလ်မှာ အလောဘ။ အကုသိုလ်မှာ ဒေါသရှိသလို ကုသိုလ်ကျတော့ အဒေါသ၊ လောဘနဲ့ အလောဘဟာ ဆန့်ကျင်ဘက်ပဲ၊ ဒေါသနဲ့ အဒေါသဟာ ကုသိုလ်နဲ့အကုသိုလ် ဆန့်ကျင်ဘက်ပဲ။ အကုသိုလ်မှာ မောဟရှိသလို ကုသိုလ်မှာ အမောဟ။

**ဘယ်မှောင်အမိုက်ဆုံးလဲ** အဲဒီတော့ မောဟတုန်းက ဆရာက ဘယ်လို အဓိပ္ပါယ်ပေးတုံး။ မောဟကို ပေးတာတွေ အများကြီး၊ ဒါပေမဲ့ ပင်ရင်းက မောဟဆိုတာက အမိုက်မှောင်ပဲ။ အဲဒီတော့ "မှောင်တကာ့မှောင်ထဲမှာ ဘယ်မှောင်ဟာ အမိုက်ဆုံးတုံး"ဆိုတော့ မောဟမှောင် အမိုက်ဆုံးပဲ။ မောဟက အမိုက်မှောင်ဆိုလို့ရှိယင် အမောဟ က ဘာဖြစ်မတုံး၊ အလင်းရောင် ဖြစ်ရမယ်။ မောနဲ့ အမောဟဟာ ဆန့်ကျင်ဘက်ပဲ၊ မောဟက အမိုက်မှောင်ဆိုလို့ရှိယင် ပညာက အလင်းရောင်။

အဲဒီတော့ အမောဟ ပညာအလင်းရောင်ဆိုတာက ဘယ်နေရာမှာ လင်းသလဲဆိုတော့ ဒီခန္ဓာကိုယ်တွင်းမှာ လင်းသွားတာ။ မောဟ ဝင်လာလို့ရှိယင် ခန္ဓာကိုယ်ထဲမှာ မှောင်သွားတယ်။ ဒါကြောင့်မို့လို့ "ပညာ အာလောကော" ပညာနဲ့ အလင်းရောင်နဲ့ တူတယ်လို့ဆိုကြတယ် မဟုတ်လား။

ဓမ္မစကြာတော့ ရတဲ့လူများပါတယ်။ ဓမ္မစကြာကျတော့ စက္ခုံ ဥဒပါဒိ၊ မျက်စိပွင့်သွားပြီ။ ဉာဏံ ဥဒပါဒိ၊ ဉာဏ်ပေါက်သွားပြီ။ အာ–လောကော ဥဒပါဒိ၊ အလင်းရောင် ရသွားပြီ။ ဝိဇ္ဇာ ဥဒပါဒိ၊ ဝိဇ္ဇာပေါက်သွားပြီ။ ဓမ္မစကြာတော့ ရတဲ့လူများတယ်။ ဒါ အတူတူ ပညာချည်းပဲ။ စက္ခုံ ဥဒပါဒိ၊ မျက်စိပွင့်သွားပြီဆိုတာက ပညာစက္ခုံ ပွင့်သွားတာပြောတာ။ ဒီမျက်စိပွင့်သွားတာ ပြောတာမဟုတ်ဘူး၊ ဒီမျက်စိက နဂိုကထဲက ပွင့်နေတာပဲ။ အဲဒီတော့ စက္ခုံ ဉပါဒိ၊ မျက်စိပွင့်သွားပြီဆိုတာက ပညာမျက်စိ ပွင့်သွားတာပါ။ ဉာဏံ ဥဒပါဒိ၊ ဉာဏ်ပေါက်သွားပြီဆိုတာက နဂိုက မသိတာဟာ ခု သိသွားပြီပြောတာ။ အလောကော ဥဒပါဒိ–ဆိုတာ နဂိုက ဒီနေရာမှာ မှောင်နေ တာ အခု လင်းသွားပြီပြောတာ။ ဝိဇ္ဇာ ဥဒပါဒိ–ဆိုတာက နဂိုက ဒီနေရာမှာ အဝိဇ္ဇာဖြစ်နေတာဟာ ခု ဝိဇ္ဇာဖြစ်သွားတယ်၊ အဲဒီတော့ မောဟနဲ့ အမောဟသည် မောဟက အမိုက်မှောင်၊ အမောဟက အလင်းရောင်။ မောဟကို ဆရာတို့ ဘယ်လိုခေါ်သေးသလဲ၊ အဝိဇ္ဇာလို့လဲ ခေါ်တယ်။ မောဟကို အဝိဇ္ဇာဆိုလို့ရှိယင် ပညာကို ဘယ်လို့ခေါ်မတုံး၊ ဝိဇ္ဇာ။ အ–ဖြုတ်ပြီးတော့ ဝိဇ္ဇာ၊ မောဟကို အဝိဇ္ဇာခေါ်သလို အမောဟကို ဝိဇ္ဇာ။ အဲဒီတော့ ဒီနေရာမှာ ဝိဇ္ဇာဆိုတာက ကောင်းကင်ပျံတဲ့ ဝိဇ္ဇာမဟုတ်ဘူး။ ထိုးထွင်းသိတဲ့ ပညာဟာ ဝိဇ္ဇာပါပဲ။

ထိုးထွင်းပြီးတော့ သိတဲ့ပညာကို ဝိဇ္ဇာလို့ ခေါ်တာ။ သူများတကာ ပြောလို့ သင်လို့ ကြားလို့ ဒီလိုသိတဲ့ အသိမျိုးကို ဝိဇ္ဇာမခေါ်ဘူး။

အဲဒါကြောင့်မို့ အဘိဓမ္မာမှာ ပညာစေတသိက်ဆိုတာက အလုပ်တစ်ခု လုပ်တဲ့အခါမှာ ဒါဟာ ကုသိုလ်လား၊ အကုသိုလ်လား၊ ဒီလို သူက ခွဲပြီးတော့ သိတယ်။ တိဟိတ်ပုဂ္ဂိုလ် ဆိုတာက သူက မသင်ဘဲနဲ့ ကုသိုလ်

အကုသိုလ်ခွဲပြီးတော့ သိတယ်။ ဒီတရားတွေဟာ အယုတ်တရားတွေပဲ၊ ဒီတရားတွေဟာ အမြတ်တရားတွေပဲလို့ ဒီလိုခွဲပြီးတော့လဲ သူက သိတယ်။ ဒီတရားတွေဟာ ဖြူစင်တဲ့ တရားတွေပဲ။ ဒီတရားတွေဟာ ညစ်ပေတတ်တဲ့ တရားတွေပဲ၊ ဒီလိုခွဲပြီးတော့ သိတယ်။

**လူကဲခတ်ရတာလွယ်သလား** တရားတွေကို ခွဲပြီးတော့သိတယ်ဆိုလို့ရှိယင် လူကိုလဲ ခွဲပြီးတော့ သိတာပေါ့။ "စိန်ကဲ ရွှေကဲ၊ ဤနှစ်ကဲထက်၊ မိန်းမကဲခတ်၊ လွန်ခဲခတ်၏"လို့ မာန်လည်ဆရာတော်က ဆိုတယ်။ စိန်ကိုမြင်ရုံနဲ့ ဒီစိန်ဟာ ဘယ်လောက် တန်တယ်ဆိုတာ စိန်ကဲကလဲ အကဲခတ်ရ အင်မတန်ခက်တာပဲ။ ရွှေကလဲ ဒီရွှေဟာ ၁၄–ပဲရည်ရှိတယ်၊ ၁၆–ပဲရည်ရှိတယ် ၁၀–ပဲရည်ရှိတယ်လို့ ရွှေကိုမြင်တာနဲ့ ရွှေကဲကို သိဖို့ဟာလဲ မလွယ်ဘူး။ စိန်ကဲတို့ ရွှေကဲတို့ အကဲခတ်ရတာထက် လူကဲခတ်ရတာ သိပ်ခက်တယ်၊ လောကမှာ လူလုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ပါရဂူဘွဲ့ကြီးတွေ တသိတတန်းကြီးတွေ ရပေတဲ့ **လူကဲကျတော့ သိချင်မှ သိတာ**။ လူကဲဆိုလို့ရှိယင် တချို့တလေက မိန်းမတွေသာ အကဲခက်ရတာ ခက်တယ်လို့ဆိုတယ်၊ အတူတူပါပဲ ယောကျ်ားတွေလဲ အကဲခတ်ရတာခက်တာပါပဲ။

တချို့တလေတော့ တကယ့် သူတော်ကောင်းလိုလို ဘာလိုလို ထင်ရပေတဲ့ တကယ်ကျတော့ သူတော်ကောင်းမဟုတ်ဘူး၊ တချို့တလေက ပညာရှိလိုလို ဘာလိုလိုထင်ရပေတဲ့ တကယ်ကျတော့ ပညာမရှိဘူး။ တချို့တလေက သိပ်သတ္တိရှိမယ်လို့ ထင်ရပေတဲ့ တကယ်ကျတော့ သတ္တိမရှိဘူး။ အဲဒါကြောင့်မို့လို့ လူကဲခတ်ရတာလဲ အင်မတန်ခက်ပါတယ်။ အခုနလို ပဋိသမ္ဘိဒါပညာပါလာတဲ့ လူတွေကတော့ လူကိုမြင်ရုံနဲ့ အကဲခတ်တတ်တယ်၊ အရာရှိကြီးတွေ ဘာတွေ လုပ်မယ်ဆိုလို့ရှိယင် ကိုယ်အောက်ငယ်သားတွေကို ခန့်တဲ့အခါမှာ အခုခေတ်ကတော့ အင်တာဗျူးဆိုတာက လူကို ခေါ်ကြည့်တာပဲ။ ဒီလူဟာ ဘယ်လောက် အရည်အချင်းရှိတဲ့လူဆိုတာ သူစာမေးပွဲအောင်ခဲ့တော့ လက်မှတ်တွေ ဘာတွေက ရှိပြီးသားပဲ။ လူခေါ်ကြည့်တယ်ဆိုတာက လူကဲခတ်ကြည့်တာပဲ။ လူအကဲခတ်တယ်

ဆိုတာက လွယ်တာမဟုတ်ဘူး။ အဲဒီ ပဋိသန္ဓေပညာနဲ့ မွေးလာတဲ့ပုဂ္ဂိုလ်က သူစာတွေ ဘာတွေ တတ်ဖို့ သိပ်မလိုဘူး၊ သူက ဘွဲ့တွေ ဘာတွေ မရပေတဲ့ သူက လူတစ်ယောက်ကို ကြည့်မယ်ဆိုယင် ဒီလူဟာ ဘယ်လောက်ထိအောင် အထက်တန်းရောက်နိုင်တဲ့လူတစ်ယောက်၊ ခုနေခါ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ်နဲ့ တွေ့ချင်တွေ့မယ်။ တွေ့ပေတဲ့ ဒီလူရဲ့ ပြောပုံ ဆိုပုံ လုပ်ပုံ ကိုင်ပုံ သွားပုံ လာပုံကို တွေ့ရသဖြင့် ဒီလူဟာ တကယ် ထိပ်တန်းရောက်နိုင်တယ်ဆိုတာ သူ ဒီလူအကဲကို သိတယ်၊ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ဒီလူဟာ အောက်တန်းစားဖြစ်နိုင်တဲ့ လူပဲ၊ အထက်တန်းစား ဖြစ်နိုင်တဲ့လူပဲ၊ ဒီလို အယုတ်-အလတ်-အမြတ်-ခွဲခြားပြီးတော့ သူက သိတယ်။ ဒါ ပဋိသန္ဓေပညာပါပဲ။

**အသိသုံးမျိုးခွဲတာ ဟုတ်ရဲ့လား** အဘိဓမ္မာမှာ ပညာရယ်၊ ဝိညာဉ်ရယ်၊ သညာရယ်၊ အဲဒီသုံးခုရှိတယ်။ အဲဒီ သုံးခုက သိတော့သိတာချည်းပဲ၊ အဲဒီတော့ သညာသိရယ်၊ ဝိညာဉ်သိရယ်၊ ပညာသိရယ်၊ ဘယ်လိုထူးသတုံးတဲ့၊ ဒါအဘိဓမ္မာမှာ ပြဿနာလုပ်ကြတယ်။

သညာဆိုတာကလဲ သူမှတ်တော့ မှတ်တယ်၊ မှတ်တယ်ဆိုပေတဲ့ သူလဲ သိတာပဲ၊ သူက မှတ်ပြီးတော့ သိတယ်။ အဲဒီတော့ ဝိညာဉ်ကလဲ သိတာပဲ။ ဝိညာဉ်ဆိုတာက စိတ်ကိုပြောတာပဲ၊ စိတ်က ဘာကိုသိတာတုံး၊ အာရုံကို သိတာပဲ၊ သညာက ဘာကို မှတ်တာတုံး၊ အာရုံကို မှတ်တာပဲ။ အဲဒီတော့ ပညာကလဲ သိတာပဲ။ အဲဒီတော့ သညာသိ, ဝိညာဉ်သိနဲ့ ပညာသိ၊ ဒီသုံးမျိုး ဘယ်လို ထူးသတုံးတဲ့။ အရပ်ထဲမှာတော့ ဝိညာဉ်သိ သညာသိ ပညာသိ မခွဲပါဘူး။

အဘိဓမ္မာ ဆရာတွေက ဥပမာပေးတာက ရွှေနဲ့ ဥပမာပေးကြတယ်။ အဘိဓမ္မာ ဆရာတွေက ဘယ်လို ဥပမာပေးလဲဆိုတော့ ကလေးဟာ ရွှေကို မြင်တယ်ဆိုလို့ရှိယင် သူ ဝါဝါလေး လှလှလေးလို့ ဒါလောက်ပဲ သိမယ်။ ရွှေမှန်းတော့ သူ မသိဘူး၊ အဲဒီတော့ ဝါဝါလေးကိုပဲ သူမှတ်လိုက်တယ်၊ ဝါဝါလေးပဲ၊ လှတယ်လို့ ကလေးက ဒါလောက်ပဲ သိမယ်၊ ရွှေမှန်း မသိဘူး၊ သညာသိက ဒါလောက်ပဲ သိတယ်တဲ့။

ဝိညာဉ်သိကတော့ အရပ်ထဲက အရပ်သူအရပ်သားတွေဟာ ရွှေကို တွေ့လိုက်လို့ရှိယင် ဒါဟာ ရွှေပဲလို့သိတယ်၊ သို့ပေတဲ့ ဒီရွှေဟာ ၁၄–ပဲရည်ရှိသလား၊ ၁၅–ပဲရည်ရှိသလား၊ ၁၆–ပဲရည် ရှိသလားလို့တော့ ဒီထိအောင် မသိဘူး၊ ဒါဝိညာဉ်သိတဲ့။

ပန်းထိမ် သွားပြတဲ့အခါကျတော့ ပန်းတိမ်ကတော့ သူကြည့်လိုက်တယ်ဆိုလို့ရှိယင် ဒီရွှေကတော့ ၁၄–ပဲရည်ရှိတာပဲ၊ ၁၅–ပဲရည်ရှိတာပဲ၊ အဲဒီလို သိတယ်။ ဒါက ပညာသိတဲ့။ အဲသလို သညာသိ၊ ဝိညာဉ်သိ၊ ပညာသိကို ဒီလို ဥပမာပေးကြတယ်။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ စေတသိက်တွေ ပြတဲ့အခါကျတော့ သဘောပေါက်လာမှာပါ။ ဒါကတော့ အကြမ်းဖျင်း ရှေးက အဘိဓမ္မာဆရာတော်ကြီးတွေ ပြတဲ့နည်းတွေပဲ၊ ကဲဆိုစမ်းပါ။

"သညာသိ, ဝိညာဉ်သိ, ပညာသိ။"

သညာဆိုတာ ဘယ်လိုအသိမျိုးတဲ့။ (သင်တန်းပြန်ဖြေ)။ ဝိညာဉ်သိကော။ (သင်တန်းပြန်ဖြေ)။ ပညာသိကတော့ (သင်တန်းပြန်ဖြေ)။

အခုတော့ ဒါလောက်ပဲ မှတ်ထားပါ။ ဒီတော့ ကုသိုလ်စေတသိက် ၂၅–လုံးကုန်ပြီ ထားပါတော့။

ဒီနေ့ လဆန်း ၁–ရက်ဆိုတော့ နှစ်ဘက်ရစေတသိက်ကို ကူးပြီးတော့ ပြချင်တယ်။ ပညာက ပြောမယ်ဆိုယင် တော်တော်များပါတယ်။ သုတမယ ပညာတို့ စိန္တာမယပညာတို့ ဘာဝနာမယပညာတို့၊ ပညာက ဝိဘင်းပါဠိတော်ကျတော့ သိပ်ပြီးတော့ များတယ်။ ဉာဏဝိဘင်းဆိုတာ သီးသန့်ရှိတယ်။ ပဋိသမ္ဘိဒါ ဝိဘင်းကလဲ ပညာတွေပဲ၊ အဲဒီတော့ နောက်တဖြည်းဖြည်း ပညာရဲ့ သဘောကို နားလည်လာမှာပါ။ ဒီကုသိုလ်စေတသိက် ၂၅–လုံး ကုန်တော့သွားပြီ။

ဒီသင်တန်းမှာ လူငယ်တွေလည်းပါတော့ ဆရာတို့ ရည်ရွယ်ချက်က ဘာတုံး၊ လူဆိုတာဟာ ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်တိုင်း လူမဟုတ်ဘူး၊ ရှေးလူကြီးတွေက လူဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ လူလို့ ခေါ်သတဲ့တုံး။

ကုသိုလ်နဲ့အကုသိုလ် ခွဲပြီးတော့ သိမှ လူလို့ ခေါ်တယ်တဲ့။ ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်တိုင်း လူလို့ခေါ်မယ်ဆိုလို့ရှိယင်တော့ တစ်ကမ္ဘာလုံးက ပုဂ္ဂိုလ်အားလုံးကို လူခေါ်နိုင်တယ်။

ဒါကြောင့်မို့လို့ ဆရာတို့က ဒီတရားတွေက အကုသိုလ်တွေပဲ၊ ဒီတရားတွေက ကုသိုလ်တွေပဲလို့ ဒီသင်တန်းတက်နေတဲ့ သင်တန်းသားတွေကို ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားပြီးတော့ သိအောင် သင်လိုက်တော့ သင်တန်းပြီးယင်တော့ ဒါ လူစင်စစ်တွေ ဖြစ်သွားပြီ၊ ဟုတ်တယ်မဟုတ်လား။ ဒီနေ့ ဇူလိုင်လ ၁-ရက်နေ့မှာ သင်တန်းသူ သင်တန်းသားတွေဟာ နဂိုက လူမဖြစ်သေးပေမဲ့ အခု လူစင်စစ်တွေ ဖြစ်သွားပြီ။ ရှေးလူကြီးတွေ ပြောသလို ကုသိုလ်နဲ့ အကုသိုလ် ခွဲပြီးတော့ သိသွားပြီ။ ကဲပြောကြစမ်း၊

အကုသိုလ်စေတသိက်က ဘယ်လောက်ရှိသတုံး။

"ဆယ့်လေးခု ရှိပါတယ်"

ကုသိုလ်စေတသိက်ကကော။

"နှစ်ဆယ့်ငါးခု"

ပိဋကတ်သုံးပုံမှ အကုန်ထုတ်လိုက်တော့ အကုသိုလ်တရားက ဆယ့်လေးခုပဲရှိတယ်၊ ကုသိုလ်တရားက နှစ်ဆယ့်ငါးခုပဲရှိတယ်။ အဘိဓမ္မာက ကျယ်ချင်သလောက်ကျယ်၊ စာအုပ်ပေါင်း သိန်းသန်းလျှောက်ပြီးတော့ ထုတ်ချင်တိုင်းထုတ်၊ ရေးချင်တိုင်းရေး၊ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲသိသွားယင်တော့ ဒါ လူစင်စစ်ဖြစ်သွားတာပဲ။

## ကုသိုလ် အကုသိုလ် နှစ်ဘက်ရ စေတသိက်များ

**နှစ်ဘက်ရစေတသိက်** နှစ်ဘက်ရစေတသိက်ကို ရှေးက သင်္ဂြိုဟ်ဆရာတွေကတော့ ပါဠိလို အညသမာန်းစေတသိက်လို့ ခေါ်တယ်။ အခုနတုန်းက ကုသိုလ်စေတသိက်ကို သောဘနစေတသိက်လို့ ခေါ်တယ်။ နှစ်ဘက်ရစေတသိက်ကို ပါဠိလို ဘယ်လိုခေါ်သတုံး၊ ဖြေကြစမ်းပါ-

"အညသမာန်းစေတသိက်"

ကုသိုလ်စေတသိက်ကို ပါဠိလို ဘယ်လိုခေါ်သတုံး။

"သောဘန စေတသိက်"

အဲဒီတော့ နှစ်ဘက်ရ စေတသိက် ဆယ့်သုံးလုံး (အညသမာန်းစေတသိက် ဆယ့်သုံးလုံး)။

နှစ်ဘက်ရဆိုတာက ဒီစေတသိက်တွေက ကုသိုလ်လုပ်တဲ့အခါမှာလဲ သူတို့က ပါတယ်၊ သူတို့ မပါယင် မဖြစ်ဘူး။ အကုသိုလ်လုပ်တဲ့အခါမှာလဲ သူတို့က ပါတယ်။ ကုသိုလ်လုပ်တဲ့အခါမှာ သူတို့က ကုသိုလ်စေတသိက် ဖြစ်သွားတာပဲ၊ အကုသိုလ်လုပ်တဲ့အခါမှာ အကုသိုလ်စေတသိက် ဖြစ်သွားတာပဲ။

ဘာနဲ့ တူသလဲဆိုတော့ တချို့လူတွေဟာ ရှင်ပြုဖို့ ရဟန်းခံဖို့ ကုသိုလ်လုပ်တဲ့အခါလဲ ဒီလူစုက ပါတာပဲ၊ သူတို့ပဲ ချက်ပြုတ်၊ သူတို့ပဲ စားသောက်ကြတာပဲ။ အရက်ဝိုင်းတို့ ဖဲဝိုင်းတို့ ပွဲတွေမှာ ကျွေးမွေးလဲ ဒီလူစုက ပါတာပဲ။ သူတို့က ကောင်းတဲ့ဘက်ကိုကော မကောင်းတဲ့ဘက်ကိုကော ပါတဲ့လူတွပဲ။ နှစ်ဘက်ရ စေတသိက်ကလဲ ဒီအတိုင်းပဲ။ သူတို့က ကုသိုလ်စေတသိက်တွေနဲ့လဲ ပေါင်းလို့ရတယ်၊ အကုသိုလ်စေတသိက်တွေနဲ့လဲ ပေါင်းလို့ရတယ်။

အခုန ပြီးခဲ့တဲ့ အကုသိုလ်စေတသိက်ကတော့ သူတို့က ကုသိုလ်လုပ်တဲ့အခါ ဘယ်တော့မှ မပါဘူး၊ ကုသိုလ်စေတသိက်ဖြစ်တဲ့အခါ သူတို့ ပါကို မပါဘူး။ ကုသိုလ်စေတသိက်တွေကလဲ အကုသိုလ်စေတသိက်တွေ ဖြစ်နေတဲ့အခါ သူတို့က ပါကို မပါဘူး၊ သူတို့က ရှင်းတယ်။

ဒီစေတသိက်တွေကတော့ နှစ်ဘက်ရ။ ဘာဖြစ်လို့ နှစ်ဘက်ရသလဲဆိုတော့ နောက်ကျတော့ ရှင်းလာမှာပါ။

အဲဒီတော့ နှစ်ဘက်ရစေတသိက် ဆယ့်သုံးလုံးမှာ ဒီလိုရှိသေးတယ်။ **စိတ်အားလုံးမှာ ပါဝင်သည့် စေတသိက်က** ခုနစ်လုံးရှိတယ်။ ဘယ်စိတ်

ဖြစ်ဖြစ် စိတ်ဖြစ်တယ်ဆိုလို့ရှိယင် ဒီစေတသိက်ခုနစ်လုံးက ပါရတယ်။ စိတ်က အားလုံး ၈၉–ခု ရှိတယ်။ အဲဒီတော့ ဘယ်စိတ်ပဲဖြစ်ဖြစ် ကုသိုလ်စိတ်ပဲဖြစ်ဖြစ်၊ အကုသိုလ်စိတ်ပဲဖြစ်ဖြစ်၊ ဝိပါက်စိတ်, ကြိယာစိတ်, လောကီစိတ်, လောကုတ္တရာစိတ် ဖြစ်ချင်တဲ့စိတ်ဖြစ် ဒီစေတသိက်ခုနစ်လုံး မပါဘဲနဲ့ ဘယ်စိတ်မှ မဖြစ်နိုင်ဘူး။

ဒါကြောင့်မို့လို့ စိတ်အားလုံးမှာ ပါဝင်သည့်စေတသိက်က ခုနစ်လုံး ရှိတယ်။ သူတို့ကို သင်္ဂြိုဟ်ဆရာက ဘယ်လို နာမည်ပေးထားသလဲဆိုတော့ "သဗ္ဗစိတ္တသာဓာရဏ"စေတသိက်လို့ ဒီလို နာမည်ပေးထားတယ်။

သဗ္ဗ=အားလုံး၊ စိတ္တ=စိတ်။ သာဓာရဏ=ဆက်ဆံတယ်။ စိတ်အားလုံးနဲ့ ဆက်ဆံတဲ့စေတသိက်ကို (စိတ်အားလုံးနဲ့ ပေါင်းသင်းနိုင်တဲ့ စေတသိက်ကို)သဗ္ဗစိတ္တသာဓာရ စေတသိက် ဆိုပြီးတော့ ပါဠိလို ခေါ်တယ်။

ကဲ ဆိုကြစမ်းပါ–

"သဗ္ဗစိတ္တ သာဓာရဏ စေတသိက်" (၃–ခေါက်)

စိတ်အားလုံးနဲ့ ဆက်ဆံတယ်၊ စိတ်အားလုံးမှာ ပွါဝင်တယ်၊ ဘယ်စိတ်ပဲဖြစ်ဖြစ် ဒီစေတသိက် ခုနစ်ခုမပါဘဲနဲ့ လောကုတ္တရာစိတ်ပဲဖြစ်ဖြစ်၊ ဒီစေတသိက် ခုနစ်ခုမပါဘဲနဲ့ လောကီစိတ်ပဲဖြစ်ဖြစ် ဘယ်စိတ်မှ မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့လို့ သူတို့ကို "သဗ္ဗစိတ္တသာဓာရဏ"စေသိက်တဲ့။ ပါဠိလိုလဲ ခေါ်တတ်အောင်ခေါ်ပေါ့။ မြန်မာလိုကတော့ စိတ်အားလုံးမှာ ပါဝင်တဲ့စေတသိက်၊ ဘယ်စိတ်ဖြစ်ဖြစ် သူတို့ပါရတယ်။

နောက်ပြီးတော့ စိတ်အချို့အဝက်၌သာ ပါဝင်တဲ့ စေတသိက်။ ဒီစေတသိက်တွေကတော့ စိတ်အားလုံးတော့မဟုတ်ဘူး၊ စိတ်အချို့အဝက်မှာသာ ပါဝင်တဲ့ စေတသိက်။ စိတ်အချို့အဝက်ဆိုတာကတော့ စိတ် ၈၉–ခုထိအောင် မရောက်ဘူးပေါ့၊ ၇၀–ဖြစ်ချင်လဲ ဖြစ်မယ်၊ ၆၀–ဖြစ်ချင်လဲဖြစ်မယ်၊ ၈၀–ဖြစ်ချင်လဲဖြစ်မယ်။ သို့ပေတဲ့ သူက စိတ်အချို့အဝက်က ကုသိုလ် အကုသိုလ်တော့ ရောတယ်။ စိတ်အချို့အဝက်ဆိုပေတဲ့ ကုသိုလ်စိတ်အချို့

အဝက်, အကုသိုလ်စိတ်အချို့အဝက် အဲဒီလိုတော့ မဟုတ်ဘူး။ ကုသိုလ် အကုသိုလ်ရောပြီးတော့ ကုသိုလ်မှာလဲ သူပါတာပဲ၊ အကုသိုလ်မှာလဲ သူ ပါတာပဲ။ ကုသိုလ်အကုသိုလ် ရောပြီးတော့ သူက ယှဉ်တာ။

အဲဒီတော့ စိတ်အချို့အဝက်မှာ ရောယှဉ်တဲ့စေတသိက်ကို "ပကိဏ်း စေတသိက်လို့"ခေါ်တယ်။ ပကိဏ္ဏက-ပါဠိက လာလို့ ပကိဏ်းစေတသိက်လို့ ဒီလို ပြန်တယ်။ ပကိဏ္ဏက-ဆိုတာက ကုသိုလ် အကုသိုလ် ရောပြီးတော့ နေတယ်။ ရှေးတုန်းကတော့ ရောပြွမ်းတယ်တဲ့၊ ပြွမ်းတယ်ဆိုတဲ့စကားကို အခုခေတ်က သိပ်မသုံးဘူး။ ဒါကြောင့်မို့လို့ ရောတယ်လို့ သုံးလိုက်တယ်။ ရောတာနဲ့ ပြွမ်းတာ အတူတူပဲ။

ရှေးတုန်း ဒံပေါက်ထမင်းကို ဘယ်လိုခေါ်တုံး၊ သားပြွမ်းထမင်း လို့ခေါ်တယ်။ အခုခေတ်မှာသာ ဒံပေါက်ထမင်းလို့ခေါ်တာ။ အသားတွေနဲ့ ရောပြီးတော့ ချက်ထားလို့ သူ့ကို သားပြွမ်းထမင်း၊ အသားတွေနဲ့ ရော ထားတဲ့ ထမင်းတဲ့။

ကုသိုလ်သက်သက် အကုသိုလ်သက်သက် ဒီလိုယှဉ်တာမဟုတ်ဘူး။ ကုသိုလ်ရော အကုသိုလ်ရော သူ ရောပြီးယှဉ်တယ်၊ ဒါကြောင့်မို့လို့ သူ့ကို ပကိဏ်းစေတသိက်လို့ခေါ်တယ်။ အဲဒီတော့ ပကိဏ်းစေတသိက်က ၆- လုံး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်က ၇-လုံး၊ ပေါင်း ၁၃-လုံး။

အဲဒီဆယ့်သုံးလုံးက နှစ်ဘက်ရစေတသိက်။ ကုသိုလ်နဲ့ အကုသိုလ် ၂-ဘက်မှာပါဝင်လို့ နှစ်ဘက်ရစေတသိက်။ သင်္ဂြိုဟ်မှာဆိုလို့ရှိယင် စိတ် အားလုံးမှာပါဝင်တဲ့စေတသိက် ခုနစ်လုံးထဲမှာ နံပါတ်တစ်က ဖဿစေတ သိက်။

## စိတ်အားလုံးမှာပါဝင်သည့် စေတသိက်

**ဖဿစေတသိက်** ဘာဖြစ်လို့ ဖဿကို ပထမ ပြရသလဲဆိုတော့ ဘယ် စိတ်ဖြစ်ဖြစ် ဖဿမရှိဘဲနဲ့ ဖြစ်လို့မရဘူး၊ မြန်မာလို ရိုးရိုးကလေး ဘာသာပြန်ကြတာကတော့ ဖဿကို တွေ့ထိမှုလို့ ပြန်တယ်၊

ဆရာက နည်းနည်းတိုးပြီးတော့ ကိုက်ဆိုင်မှုလို့ ပြန်လိုက်တယ်။ ဘယ်လိုပဲ ပြန်ပြန် ဖဿစေတသိက်ရဲ့ အဓိပ္ပါယ်ဟာ တကယ်ကတော့ တွေ့ထိတာလဲ မဟုတ်ဘူး၊ ဖဿက နာမ်တရား၊ နာမ်တရားဟာ ထိလို့ ရပါ့မလား၊ နာမ်တရားဟာ တွေ့ထိလို့ မရပါဘူး၊ တွေ့ထိတယ်ဆိုတာက ဖောဋ္ဌဗ္ဗ။ ဒီလို ထိတာ ဖောဋ္ဌဗ္ဗပဲ၊ ဖဿမဟုတ်ဘူး။ အဲဒီတော့ တွေထိတယ်လို့ ဘာသာပြန်လဲ ဖဿထိအောင်တော့ မရောက်ဘူး။ ကိုက်ဆိုင်တယ် ဆိုလို့ ရှိယင်တော့ တစ်ယောက်နဲ့တစ်ယောက် မထိဘဲနဲ့ မျက်နှာချင်းဆိုင်နေလို့ ရှိယင်တော့ ရတယ်။ ကိုက်ဆိုင်မှုကတော့ နည်းနည်းပိုရတယ်။

အဲဒီတော့ ဖဿရဲ့ အဓိပ္ပါယ်ကို နားလည်အောင် ဆိုလို့ရှိယင်တော့ ဆရာ နောက်တော့ သင်မှာပါပဲ။ ရတဲ့လူလဲ ရမယ်၊ မရတဲ့ကလေးတွေလဲ ပါတယ်။

ဖဿသဘောကို နားလည်အောင် ပထမ ရုပ်တွေနဲ့ပြမယ်၊ ရုပ်ပိုင်းက သင်ပြီးသားပဲ။

စက္ခု ပသာဒ၊
သောတ ပသာဒ၊
ဃာန ပသာဒ၊
ဇိဝှါ ပသာဒ၊
ကာယ ပသာဒ။

စက္ခုပသာဒ ဆိုတာ ဘာတုံး၊ မျက်စိထဲက အကြည်၊ ပသာဒက အကြည်။ (သို့သော် မျက်စိပဲ ဆိုပါတော့။)

သောတပသာဒ-က နားထဲကအကြည်။ ဒီနားကြီးကို ခေါ်တာ မဟုတ်ဘူး၊ ဒီနားထဲမှာ ကြားနိုင်တဲ့ အကြည်ဓာတ်လေး ရှိတယ်။

ဃာနပသာဒဆိုတာက နှာခေါင်းပေါ့။ နှာခေါင်းပဲ ဆိုပါတော့။ တကယ်ကတော့ ဒီနှာခေါင်းကြီးကတော့ အနံ့ မရနိုင်ဘူး၊ သို့ပေတဲ့ အနံ့ ရနိုင်တဲ့ ပသာဒ-လေးကတော့ နှာခေါင်းထဲမှာ ရှိတယ်။

ဇိဝှါ-ကတော့ လျှာ၊ လျှာထဲမှာ အချို အချဉ် အရသာကိုသိတဲ့ ပသာဒ-လေးရှိတယ်။

ကာယပသာဒ-ဆိုတာကကော ကိုယ်ကာယပဲ။ ကိုယ်ကာယဆိုပေမဲ့ ဒီလို ထိလို့ သိတာက ပသာဒ-က သိတာ၊ နူနေလို့ အကွက်ရှိတဲ့ နေရာမှာ ပသာဒ-မရှိယင် ထိလို သိရဲ့လား၊ မသိဘူး။ ခြေသည်း လက်သည်းတို့ မသိဘူး။

အဲဒီတော့ စက္ခုပသာဒ-နဲ့ ဒီဘက်က ရူပါရုံ၊ ဒါတွေဟာ ရုပ်တွေ ချည်းပါပဲ။

ရူပါရုံဆိုတာ ဘာကို ခေါ်တာတုံး၊ မျက်စိဖြင့် မြင်ရတာတွေဟာ ရူပါရုံချည်းပဲ။ သဒ္ဒါရုံဆိုတာက ကြားရတဲ့ အသံတွေပဲ။ ဂန္ဓာရုံဆိုတာက အနံ့တွေပဲ။ ရသာရုံဆိုတာက အရသာတွေပဲ။ ဖောဋ္ဌဗ္ဗာရုံဆိုတာက တွေ့ ထိစရာတွေဟာ အကုန် ဖောဋ္ဌဗ္ဗာရုံတွေပဲ။

ကဲ-ဆိုကြစမ်းပါ--

"စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ။" (သုံးခေါက်ဆို။)

ဟိုဘက်က ဆိုပါအုံး--

"ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ။"

**မြင်အောင်လုပ်ပေးတာ ဖဿပဲ**

ဖဿရဲ့ အဓိပ္ပါယ်ကို ဒီလို ရုပ်တွေကို မသင်လို့ရှိယင် ဖဿရဲ့ အဓိပ္ပါယ်ကို ပြောလို့နားမလည်ဘူး။ အဲဒီတော့ စက္ခုပသာဒ--နဲ့ ရူပါရုံ တိုက်ဆိုင်တယ်၊ အခု ဒီမှာ သင်တန်းသူသင်တန်းသားတွေဟာ ရူပါရုံတွေပေါ့၊ ဆရာ ဒီက စက္ခုပသာဒ-နဲ့ကြည့်လို့ မြင်ရတယ်။ ဘာဖြစ်လို့ မြင်ရတာတုံး၊ တကယ် ထိရဲ့လား၊ မထိပါဘူး။ စက္ခုပသာဒ-နဲ့ ရှေ့တည့်တည့်မှာရှိတဲ့ ရူပါရုံဆို တဲ့အဆင်းတွေ တိုက်ဆိုင်တော့ ဖဿက ဘယ်ဟာကို ခေါ်မတုံး၊ ဖဿက ဘယ်နေရာမှာ ဖြစ်မှာတုံး။ ဒီ စက္ခုပသာဒ မျက်စိထဲမှာ လာပြီးတော့ ဖဿ

ဖြစ်မှာလား၊ ရူပါရုံတွေထဲမှာ ဖဿဖြစ်မှာလား။ (အဘိဓမ္မာဆိုတာက ရိုးရိုးသင်ထားလို့ရှိယင်တော့ ဟာ ဖဿဆိုတာ တွေ့ထိမှုပဲ၊ တိုက်ဆိုင်မှုပဲလို့ လျှောက်ခေါ်ယင် ဒါက တစ်မျိုးပဲ။) တကယ့် သဘောတရားက ဖဿဟာ ဘယ်လိုဟာတုံး၊ စက္ခုပသာဒ–နဲ့ ရူပါရုံ တိုက်ဆိုင်သည့်အခါ မြင်နိုင်အောင် လုပ်ပေးတာ ဖဿပဲ။

ဖဿက သူက နာမ်တရား၊ သူက နာမ်ဓာတ်၊ ဒီမှာ ရူပါရုံတွေ ရှိနေတယ်၊ ဒီမှာ စက္ခုပသာဒ ရှိနေတယ်၊ စက္ခုပသာဒက ဘာတုံး၊ ရုပ်။ ရူပါရုံကရော၊ ရုပ်ပဲ။ ရုပ်ဆိုတဲ့ သဘောတရားဟာ ဘာမှသိတတ်တဲ့ သဘောတရားမရှိဘူး။ ဒီရုပ်နှစ်ခု ပေါင်းဆုံသည့်အခါ မြင်တာက ဘယ်သူ့ကြောင့် မြင်တာလဲ၊ ဖဿကြောင့်ပဲ။ ဖဿက အောင်သွယ်ပဲ။ အမှန်က စက္ခုပသာဒ–နဲ့ ရူပါရုံ ပေါင်းဆုံသည့်အခါ စက္ခုဝိညာဉ်စိတ်က မြင်နိုင်အောင် သူက အောင်သွယ် လုပ်ပေးတာ။ ဖဿက အောင်သွယ်လုပ်ပေးတဲ့အခါကျမှ သူတို့ ပေါင်းဆုံလို့ မြင်တာက ဘယ်သူက မြင်တာတုံး၊ စက္ခုက မြင်မှာလား၊ ရူပါရုံက မြင် မှာလား၊ ဖဿက မြင်မှာလား၊ သူတို့ သုံးခုက မမြင်နိုင်ဘူး၊ မြင်တာက စက္ခု ဝိညာဉ်က မြင်တာ။ စက္ခုဝိညာဉ်က စိတ်၊ ဖဿက စေတသိက်။ စက္ခုပသာဒ–က မြင်နိုင်တဲ့ သဘောတရား မရှိဘူး။ ဒီ စက္ခုပသာဒ–က ရုပ်ကြီး၊ ရူပါရုံကလဲ သူက မြင်နိုင်တဲ့သဘောတရား မရှိဘူး။ ဖဿကလဲ မြင်နိုင်သလားဆိုတော့ ဒီစက္ခုပသာဒ–နဲ့ ရူပါရုံ ဒီဓာတ်နှစ်ပါး တိုက်ဆိုင်သည့်အခါ စက္ခုဝိညာဉ်စိတ်ကို မြင်အောင် သူက တွန်းပေးတာပဲ၊ ဖဿက ဒီဓာတ်နှစ်ပါး တိုက်ဆိုင်သည့်အခါ စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာအောင် မြင်နိုင်အောင် သူက တွန်းပေးလိုက်တာ။ ဒါကြောင့်မို့လို့ ဖဿနဲ့ စက္ခုဝိညာဉ်ဟာ စက္ခုဝိညာဉ်စိတ်ဖြစ်တယ်ဆိုယင် ဖဿ ပါရတယ်။ **ဖဿ ဟာ စိတ်မှန်သမျှ အကုန်လုံး ယှဉ်တယ်ဆိုတဲ့** ဒီသဘောတရားဟာ အင်မတန် နက်နဲတယ်နော်၊ ဒါက အဘိဓမ္မာကျမ်းတွေ လျှောက်ဖတ်လို့ မရဘူး။

ဒီလိုသိတဲ့အခါကျတော့ ဒါ တရားယူလို့ရတယ်။ ဝိပဿနာရှုတယ် ဝိပဿနာ ရှုတယ်ဆိုတာဟာ ဒီလို ဝိပဿနာ မရှုနိုင်ဘဲနဲ့ဆိုယင် ရုပ်တွေ

နာမ်တွေ ဖြစ်ပျက်မှုကို မသိနိုင်ဘူး။ စက္ခုပသာဒ-က ရုပ်၊ ရူပါရုံက ရုပ်၊ ရုပ်နှစ်ခုထိခိုက်သည့်အခါ စက္ခုဝိညာဉ်စိတ်ကို မြင်အောင် ဖဿက တွန်းပေးလိုက်တာ။ ဖဿက တွန်းပေးလိုက်တဲ့အခါကျမှ စက္ခုဝိညာဉ်က မြင်နိုင်တာ။ အဲဒီတော့ ဒီစက္ခုဝိညာဉ်နဲ့ ဖဿ-က နာမ်တရား၊ သူတို့နှစ်ခုကလဲ တစ်ပြိုင်နက်တည်းဖြစ်တယ်၊ ပဋ္ဌာန်းကျတဲ့အခါကျတော့ စက္ခုဝိညာဉ်စိတ်နဲ့ ဖဿဟာ အညမည ပစ္စည်း၊ ဖဿကြောင့် စက္ခုဝိညာဉ်စိတ် ဖြစ်တယ်။ စက္ခုဝိညာဉ်စိတ်ဖြစ်လို့ ဖဿဖြစ်တာ၊ ဖဿက အလျင်ဖြစ်နေတာ မဟုတ်ဘူး။ စက္ခုဝိညာဉ်က နောက်ကျမှ ဖြစ်တာ မဟုတ်ဘူး။ စက္ခုဝိညာဉ်နဲ့ ဖဿနဲ့က တစ်ပြိုင်နက်တည်းဖြစ်တာ။ တစ်ပြိုင်နက်တည်းဖြစ်ပေတဲ့ အကြောင်းအကျိုး ပြန်ရှုတဲ့အခါကျတော့ ဖဿကြောင့် စက္ခုဝိညာဉ်ဖြစ်တယ်။ စက္ခုဝိညာဉ်ကြောင့် ဖဿဖြစ်တယ်လို့ အကြောင်းအကျိုး ဒီလိုရတယ်။ အဲဒီတော့ စက္ခုဝိညာဉ်စိတ်ဟာ ဖဿမပါဘဲနဲ့ သူက ဖြစ်လို့မရဘူး။ ဒါကြောင့်မို့လို့ ဘယ်စိတ်ဖြစ်ဖြစ် ဖဿ ပါရတယ်။

သောတပသာဒ-နဲ့ သဒ္ဒါရုံနဲ့ တိုက်ဆိုင်လို့ရှိယင် သောတဝိညာဉ်ကို ကြားအောင် ဘယ်သူက အောင်သွယ်လုပ်တာတုံး၊ ဖဿ-က အောင်သွယ် လုပ်တယ်။ ဖဿ-က အောင်သွယ်လုပ်တော့ ကြားတာက ဖဿ-က ကြားတာလား၊ မကြားဘူး။ ဘယ်သူက ကြားမလဲ၊ သောတဝိညာဉ်စိတ်က သာ ကြားမယ်။

အဘိဓမ္မာကျတော့ လှည့်စားလို့မရဘူး၊ ဖဿက သူက ကြားအောင် အောင်သွယ် လုပ်ပေးရုံပဲရှိတယ်။ တကယ်ကြားတာက ဘယ်သူက ကြားတာတုံး၊ သောတဝိညာဉ်က ကြားတာတဲ့။

အဲဒီတော့ ဃာနသာဒ-နဲ့ ဂန္ဓာရုံ နှစ်ခု ထိခိုက်တော့ အနံ့ကို နံတာက ဘယ်သူက နံတာတုံး၊ ဂန္ဓာရုံက နံတာလား၊ ဂန္ဓာရုံက မနံဘူး၊ အနံ့က ရုပ်ကြီးပဲ၊ လူတွေကတော့ ဃာနပသာဒ-က (နှာခေါင်းက) နံတယ်လို့ ပြောတာပဲ။ အဲဒီတော့ (နှာခေါင်းက) ဃာနပသာဒ-က လဲ နာမ်တရား မဟုတ်ဘူး။ ဂန္ဓာရုံက လဲ နာမ်တရားမဟုတ်ဘူး၊ နံတာက ဘယ်

သူက နံ့တာတုံး၊ ဃာန ဝိညာဉ်စိတ်က နံ့တာ။ စိတ်ကမှ နံ့တာ။ ဒီ ဃာန-ပသာဒတို့ ဂန္ဓာရုံတို့ဟာ ရုပ်တွေဆိုတော့ နံ့တဲ့သဘောတရား မရှိဘူး။

အရုပ်ထဲမှာတော့ နှာခေါင်းကနံ့တယ်တဲ့၊ အဲဒါကတော့ ဥပစာ တင် ပြောတာပါ။

**ဖဿရဲ့ ဥပမာများ** ဖဿဆိုတာက တချို့တလေက လျှာပေါ်ကိုထိတာ ဖဿလို့ထင်တယ်၊ ဖဿမဟုတ်ဘူး။ ဖဿက ထိကိုမထိရဘူး။ ဖဿက နာမ်တရား၊ နာမ်တရားဆိုတာက ဇိဝှါပသာဒဆိုတဲ့ လျှာအကြည်နဲ့ ဒီ ရသာရုံနဲ့ ထိခိုက်သည့်အခါ ဇိဝှါဝိညာဉ် စိတ်ဖြစ်အောင် သူက ဆွယ်ပေးတဲ့တရားပဲ။ ဒါကြောင့်မို့လို့ ဖဿကို ဘာနဲ့ ဥပမာပေးကြ သလဲဆိုတော့ မထိတဲ့ဟာတွေပေါ့လေ။ ဥပမာ ခပ်ကြမ်းကြမ်းတွေပဲ တစ် ယောက်က ချဉ်သီးစားနေတယ်တဲ့၊ စားတာကတော့ ဟိုလူက ချဉ်သီးစား တယ်၊ သရေကျတော့ ကိုယ်ကလာပြီး သရေကျတယ်၊ ကိုယ့်ပါးစပ်ထဲမှာ ချဉ်သီးနဲ့ ထိရဲ့လား၊ မထိဘူး။ မထိပေတဲ့ ကြည့်ပြီးတော့ သရေကျနေတယ်။ အဲဒါ ဖဿပဲတဲ့၊ ဥပမာပေးကြတယ်။ တကယ်ကတော့ စာဒကတက်စရာ တွေ အများကြီးပဲ။ သရေကျတိုင်း ဖဿတော့ မဟုတ်ဘူး။

တချို့တလေက ဒီဥပမာ သိပ်မကြိုက်တော့ ဘာနဲ့ ဥပမာပေးလဲဆို တော့ ဟိုအမြင့်ကြီး တက်နေတဲ့လူ ကိုယ်နဲ့ ရင်းနှီးတဲ့ကောင်က ဟိုအမြင့် ကြီးတက်နေတယ်၊ သိပ်မြင့်တော့ အောက်ကကောင်က ဒူးတုန်နေတယ်၊ အဲဒီတော့ တက်တဲ့ကောင်က ဟိုအပေါ်ကကောင်၊ အောက်က ကောင်က ကြောက်တတ်တဲ့ အကောင်ဆိုတော့ ဒူးတုန်နေတယ်။ ဒါဘာလဲဆိုတော့ ဖဿကို ဥပမာပေးကြတာပဲ။ အဘိဓမ္မာ သဘောအစစ်က အရသာကို သိ တဲ့ ဇိဝှါဝိညာဉ်ဖြစ်ဖို့ရာက အနည်းဆုံး အကြောင်းပေါင်း ရှစ်ခုရှိမှ သူက ဖြစ်တာကိုး။ အဲဒီတော့ ဖဿကလဲ သူက အကြောင်းတစ်ခုပဲ။ ဖဿက ရသာရုံနဲ့ လျှာနဲ့ထိအောင် ရုပ်တွေချင်းထိအောင်လဲ သူက လုပ်မပေးနိုင်ပါ ဘူး၊ တကယ်ကတော့ ဇိဝှါဝိညာဉ်စိတ် အရသာသိတဲ့စိတ် ဖြစ်ပေါ်လာအောင်

ဖဿက တွန်းအားတစ်ခုပါပဲ။ ရသာရုံ သိတာကတော့ ဇိဝှါဝိညာဉ်က သိတာပါ။

**ဖောဋ္ဌဗ္ဗနှင့် ဖဿတူသလား** ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ။ အဲဒီတော့ ဖောဋ္ဌဗ္ဗာရုံဆိုတာက ရုပ် ဘယ်နှစ်ခုတုံး၊ ဘာရုပ်တွေတုံး၊ ပထဝီရယ်, တေဇောရယ်, ဝါယောရယ်။ အာပေါမပါဘူး။ အဲဒီရုပ်တွေက သူတို့ကို ထိလို့ရတယ်။ ဖောဋ္ဌဗ္ဗာရုံရုပ်က တကယ်ထိလို့ ရတယ်။ ဖောဋ္ဌဗ္ဗာရုံဆိုတာကတော့ ဖဿမဟုတ်ဘူး၊ ထိလို့ ရတယ်။ တချို့တလေက ဖောဋ္ဌဗ္ဗနဲ့ ဖဿ မကွဲဘူး။ ဖောဋ္ဌဗ္ဗက ပထဝီ, တေဇော, ဝါယော-ဆိုတော့ ရုပ်တွေ၊ ရုပ်ဆိုတော့ ထိလို့ရတယ်။ အဲဒီတော့ ကာယ ပသာဒဆိုတာက ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ရှိနေတဲ့ ပသာဒ၊ ထိယင်သိ တယ်။ ဒီက လာထိလိုက်တယ်၊ လာထိလိုက်တော့ ဆရာ့လက်လေးက နူးညံ့လိုက်တာလို့ သိတာက ဘယ်သူက သိတာတုံး၊ ကာယဝိညာဉ်က။ အဲဒီတော့ ကာယဝိညာဉ် ဖြစ်ပေါ်လာအောင် ဖဿက အောင်သွယ်လုပ် ပေးတယ်။ ဒါကြောင့်မို့လို့ တွန်းအားပေးတယ်။ ဒီကာယဝိညာဉ် သိစိတ် လေး ဖြစ်လာအောင် သူက တွန်းပေးတာပဲ။

ဥပမာပေးရလို့ရှိယင်တော့ နည်းနည်းတော့ ကြမ်းတာပေါ့၊ လူငယ် တွေ နားလည်အောင်ဆိုလို့ရှိယင် သူငယ်ချင်းတစ်ယောက်က မိန်းမလိုချင် နေတယ်၊ လိုချင်ပေတဲ့ သူတစ်ယောက်ထဲမစွန်ဘူး၊သူငယ်ချင်းတစ်ယောက် က အကူအညီပေးတဲ့အခါကျတော့ ရသွားတယ်၊ ဒီလိုပဲ ဖဿက အတွေ့ အထိသိတဲ့ ကာယဝိညာဉ်စိတ်ဖြစ်အောင် သူက အကူအညီ ပေးတာပါပဲ။

အဲဒါကြောင့်မို့လို့ ဆိုကြစမ်းပါ-

စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဉ်၊ ဖဿ။

သောတပသာဒ၊ သဒ္ဒါရုံ၊ သောတဝိညာဉ်၊ ဖဿ။

ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဃာနဝိညာဉ်၊ ဖဿ။

ဓိဋ္ဌပသာဒ၊ ရသာရုံ၊ ဓိဋ္ဌဝိညာဉ်၊ ဖဿ။
ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဉ်၊ ဖဿ။

အဲဒါတော့ ဖဿစေတသိတ်ကို ဒီလို အာရုံတို့ ပသာဒတို့နဲ့ တွဲပြောတော့ နည်းနည်းတော့ ပေါပါတယ်။ ဒါတောင်မှ တော်တော်ခက်ပါသေးဘယ်။

ဒီနေ့တော့ ဖဿနဲ့ပဲ တော်ကြစို့၊ နက်ဖြန်မှ ဆက်ကြစို့၊ သာဓုခေါ်ကြ။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက် (၁၉)

## (၇-၇-၇၉)

## ကုသိုလ်-အကုသိုလ် ၂-ဘက်ရ စေတသိတ်များအဆက်

**ဖဿ ၆-မျိုး** မနေ့က သင်သွားတဲ့ ဒွါရက ခြောက်ပါး ရှိတာကိုး။ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ-ဆိုပြီး ဒွါရခြောက်ပါးရှိတဲ့အခါကျတော့ ဖဿကို ဒွါရဘက် လိုက်ပြီးတော့ စက္ခုသမ္ဖဿ၊ သံ-တစ်လုံးပိုလာတာပါပဲ။ အမှန်ကတော့ စက္ခုဖဿပါပဲ။ သံ-တစ်လုံးပိုတော့စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ-ဆိုပြီး ဒွါရခြောက်ပါး ရှိတော့ ဖဿကလဲ ခြောက်မျိုး ဖြစ်သွားတာပေါ့။ စက္ခုဒွါရနဲ့ရူပါရုံ တိုက်ဆိုင်တဲ့အခါ ဖဿက ဖြစ်တာကိုး။ တွေ့ထိမှုပဲ ပြန်ပြန်၊ တိုက်ဆိုင်မှုပဲ ပြန်ပြန်ပေါ့လေ။ စက္ခုဒွါရနဲ့ရူပါရုံ တိုက်ဆိုင်တယ်၊ တိုက်ဆိုင်တဲ့အခါမှာ ဖဿကို နာမည်ပေးတော့ ရူပါရုံဘက်ကို လိုက်ပြီးတော့ နာမည်မပေးဘူး။ ရူပသမ္ဖဿလို့ နာမည်မပေးဘဲ စက္ခုသမ္ဖဿလို့ ဒီလို နာမည်ပေးတာကိုး။ အဲဒီတော့ စက္ခုပသာဒကို ဒီရူပါရုံက တိုက်ဆိုင်တဲ့အခါမှာ စက္ခုဝိညာဉ် မြင်တဲ့စိတ်က စက္ခုပသာဒကနေ ဖြစ်တာကိုး။ စက္ခုပသာဒကနေ ဖြစ်တဲ့အခါကျတော့ မြင်တဲ့စိတ်ကို မြင်အောင် ဖဿက သူက အောင်သွယ်လုပ်ပေးရတာပေါ့။ တွန်းပေးရတာပေါ့။ အဲဒါကြောင့် သူက ရူပါရုံဘက်ကို အားကမများဘဲနဲ့ စက္ခုပသာဒ မျက်စိဘက်မှာများတော့ သူ့ကို စက္ခု-သမ္ဖဿလို့ မျက်စိဘက်ကို လိုက်ပြီးတော့ ဖဿကို နာမည် ပးလိုက်တာ။

ဒီအတိုင်းပေါ့လေ၊ သောဒပသာဒနဲ့သဒ္ဒါရုံနဲ့ တိုက်ဆိုင်တဲ့အခါမှာ အသံကို နားကကြားတော့ ဖဿက သောတဝိညာဉ်စိတ်မှာ သူက အတူ ဖြစ်ရတာကိုး၊ အဲဒီတော့ သောတဝိညာဉ် ကြားတဲ့စိတ်က သဒ္ဒါရုံကို ကြားအောင် နားထောင်အောင် သူက ကြိုးစားပေးတယ်၊ အားထုတ်ပေးတယ်၊

အောင်သွယ်ပေးတယ်ပဲ ခေါ်ခေါ်ပေါ့လေ။ အဲဒါကြောင့်မို့လို့ သူ့ကို သောတ သမ္ဖဿ။

ဒီအတိုင်းပဲ ဃာနပသာဒနဲ့ ဂန္ဓာရုံ၊ ဇိဝှါပသာဒနဲ့ ရသာရုံ၊ ကာယ ပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ၊ မနောဆိုတာ မနောဒွါရ၊ ဒီ မနောက ဘဝင်ပဲကိုး၊ ဒို့ပြင် ပိတ်တွေမဖြစ်ခင်မှာ မနောဆိုတဲ့ ဘဝင်စိတ်က ခန္ဓာကိုယ်ထဲမှာ သူက အမြဲရှိနေတာတော့ မဟုတ်ဘူး၊ ဖြစ်ပျက်ပါပဲ၊ ဒါပေမယ့် သူကတော့ ဒို့ပြင် စိတ်တွေမဖြစ်ယင် အိမ်သားလို အမြဲဖြစ်နေတာ များတယ်။ မနော ဆိုတဲ့ ဒီက ဘဝင်နဲ့ ဟိုက ဓမ္မာရုံနဲ့ တိုက်ဆိုင်တဲ့အခါကျတော့ ဒီ မနော မှာ လာပြီးတော့ တိုက်ဆိုင်လို့ ဒီ ဖဿကို မနောသမ္ဖဿလို့ ဒီလိုခေါ်တာကိုး။

**ဖဿရှိမှ စိတ်ရှိတယ်**
**ဖဿမရှိယင် စိတ်မရှိဘူး**

အဲဒီတော့ ဖဿဟာ ခြောက်မျိုးပဲ ရှိသလား ဆိုတော့ ဒီ ဖဿဟာ ဘယ်စိတ်ဖြစ်ဖြစ် ဖဿရှိမှ စိတ်ဖြစ်လို့ရတာကိုး။ တချို့တလေက အာရုံရှိမှ စိတ်ရှိတယ်၊ အာရုံမရှိယင် စိတ်မရှိဘူး ဆိုသလို ဖဿကလဲ**ဖဿရှိမှ စိတ်က ဖြစ်တယ်၊ ဖဿမရှိယင် ဘယ်စိတ်မှ ဖြစ်လို့မရဘူး**။ ဒါကြောင့်မို့လို့ ဖဿဟာ စိတ် ၈၉-ခု ရှိတယ်ဆိုယင် ဖဿကလဲ ၈၉-ခု ရှိလာတာပဲ။ စိတ်က အကျယ် ၁၂၁-ပါးရှိယင် ဖဿက ၁၂၁-ပါးရှိရတာပဲ။ စိတ်က တစ်ထောင်ရှိတယ်ဆိုယင် ဖဿကလဲ တစ်ထောင် ရှိရမှာပဲ။ အမှန်ကတော့ ဒါ အကျဉ်းချုံးပြီးတော့ သဘောတူရာ ပေါင်းပြီးတော့ စိတ် ၈၉-ခု၊ ၁၂၁-ခုလို့ပြောတာ။ စိတ်ကလဲ အမှန်ကတော့ မရေမတွက်နိုင်အောင် များတာပဲ။

ဒီသင်တန်းမှာ ရောက်နေတဲ့ လူတွေရဲ့စိတ်ကိုပဲ ရေတွက်ပြစမ်း ပါဆိုယင် လူတစ်ယောက်မှာ တစ်နာရီ စိတ်ပေါင်းဘယ်လောက်ဖြစ်မလဲ၊ အများကြီး။ ဒီမှာ တစ်လုံးမှတ်တယ်ဆိုယင်ပဲ စိတ်တစ်ခု ဖြစ်တာကိုး။ ဆယ်လုံးမှတ်ယင် စိတ်က ဆယ်ခုဖြစ်နေတာကိုး။ အိမ်ရောက်သွားတဲ့ စိတ်တို့ ရုပ်ရှင်ရုံရောက်သွားတဲ့ စိတ်တို့ ဘေးရောက်သွားတဲ့ စိတ်တို့ ဖယ်ထားအုံး၊ ဒီမှာ မှတ်တဲ့စိတ်တွေကိုပဲ ရေတွက်လို့ ရပါ့မလား။

ဒါကြောင့်မို့လို့ ဒွါရဘက်ကို လိုက်ပြီးတော့ ဖဿခြောက်မျိုးခေါ်တာ။ အဲဒီတော့ ဖဿကတော့ ဒါလောက်ဆို တော်ပါပြီ။

**ဝေဒနာစေတသိက်** ဝေဒနာဆိုတဲ့ စကားကလဲ မြန်မာစကားထဲ ရောက်နေတယ်၊ မြန်မာ စကားထဲ ရောက်နေတော့ မြန်မာမှာ ဝေဒနာဖြစ်တယ်ဆိုယင် ဘယ်လို နားလည်တုံး၊ ရောဂါတစ်ခုခု ဖြစ်တာကို ဝေဒနာ ဖြစ်တယ်လို့ခေါ်တယ်။ မြန်မာစကားထဲမှာ ဒီအဘိဓမ္မာစကားလုံးတွေ အများကြီး ရောက်နေတာကိုး။ အများကြီးရောက်နေပေမဲ့ မှန်သလားလို့ဆိုတော့ တစ်ဝက်မှန်တယ်၊ တစ်ဝက်မမှန်ဘူး၊ တချို့တလေ စကားလုံးတွေကျတော့ သုံးပုံတစ်ပုံပဲ မှန်တယ်၊ အဲဒါကြောင့်မို့လို့ မြန်မာစာသင်တဲ့အခါကျတော့ အဘိဓမ္မာသင်တန်းကို မတက်ထားယင် မြန်မာစာဟာ မတတ်သေးဘူး။ မြန်မာစာဟာ ဘယ်လောက်အဆင့် ရောက်နေရောက်နေ အဘိဓမ္မာသင်တန်း မတက်ဘဲနဲ့တော့ မြန်မာစာ တတ်တယ်ဆိုတာ ဖြစ်ကို မဖြစ်နိုင်ဘူး။

မြန်မာစကားမှာ ဝေဒနာဆိုတာက ရောဂါဝေဒနာ တစ်ခုခုဖြစ်နေတာကို ဝေဒနာ ဖြစ်နေတယ်၊ သူက ဘာဝေဒနာဖြစ်နေတယ်၊ ဒီလို ပြောတာ။ ပါဠိကတော့ ဝေဒနာဆိုတာ ခံစားမှုပေါ့။ ခံစားမှုဆိုတာ ဘာကိုခံစားတာတုံး၊ အာရုံကိုခံစားတာ။ ရူပါရုံတွေ့လို့ရှိယင်လဲ ရူပါရုံကို သူက ခံစားလိုက်တာပဲ၊ သဒ္ဒါရုံ တွေ့လို့ရှိယင်လဲ အသံလေး ကောင်းတယ်, မကောင်းဘူး၊ သူက ခံစားတာပဲ။ အနံ့ ဂန္ဓာရုံနဲ့ တိုက်ဆိုင်တဲ့အခါကျတော့လဲ အနံ့လေး ကောင်းသလား, မကောင်းဘူးလား၊ သူက ခံစားလိုက်တာပဲ။ ရသာရုံတွေ့တဲ့အခါကျတော့လဲ အရသာလေးက ချိုသလား, ချဉ်သလား, ငန်သလားဆိုပြီး သူက ခံစားလိုက်တာပဲ။ အဲဒီ ခံစားတဲ့သဘောလေးကို ဝေဒနာခေါ်တာပဲ။ ဖောဋ္ဌဗ္ဗာရုံနဲ့တွေ့တဲ့အခါကျတော့လဲ ထိကြည့်လိုက်တော့ ကြမ်းသလား, နူးသလား၊ အဲဒီသဘောတရားလေးကို သူက ခံစားလိုက်တာပဲ။ စိတ်ထဲမှာလဲ ဒီလိုပဲ ဓမ္မာရုံနဲ့ တွေ့ထိလိုက်တဲ့အခါမှာ ဒီဓမ္မာရုံဟာ ကောင်းသလား, ဆိုးသလား၊ ဒီလို ခံစားတဲ့ သဘောတရားလေး ပါတာကိုး။ အဲဒီတော့

အာရုံကို ခံစားမှုဆိုတဲ့ မြန်မာစကားကျတော့ နည်းနည်း များသွားတာပေါ့။ တကယ်က ဝေဒနာ စေတသိက်ဟာ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်ပဲ။ ဘယ်စိတ်ဖြစ်ဖြစ် ဝေဒနာစေတသိက် မပါဘဲနဲ့တော့ ဖြစ်လို့မရဘူး။ ဝေဒနာစေတသိက်ရှိမှ စိတ်က ဖြစ်လို့ရတာကိုး။ အဲဒီလို ဖြစ်ရတဲ့အခါကျတော့ ဝေဒနာစေတသိက်ကို ခံစားမှုလို့ ဘာသာပြန်တော့ နည်းနည်းများသွားတာပေါ့။ **အာရုံခံယူမှု**လို့ ဘာသာပြန်ယင် တော်သေးတယ်။ စက္ခုဝိညာဉ်က အာရုံကိုမြင်အောင် ဖဿက တွန်းပေးတယ်။ စက္ခုဝိညာဉ်စိတ် မြင်လိုက်ပါလို့ အာရုံနဲ့ စက္ခုဝိညာဉ်နဲ့ တစ်ခါတည်း တိုက်ဆိုင်မိအောင် သူက လုပ်ပေးတယ်။ ဒါ ဖဿက လုပ်ပေးတာ။ ဖဿက လုပ်ပေးရုံတင် မပြီးသေးဘူး၊ ဝေဒနာကလဲ စက္ခုဝိညာဉ်စိတ်ကို ဒီ အာရုံလေးကို လက်ခံလိုက်ပါဆိုတော့ ဝေဒနာက လက်မခံဘူးဆိုယင်လဲ မြင်တယ်ဆိုတဲ့ သဘောတရားတစ်ခု ဖြစ်လာဖို့ဟာ ဖြစ်ကို မဖြစ်နိုင်ဘူး။

အဲဒါကြောင့်မို့လို့ အဘိဓမ္မာမှာ အသေးစိတ်တဲ့အခါကျတော့ "အာရုံကို ခံယူမှု"လောက်ပဲ ဝေဒနာစေတသိက်ကို ဘာသာပြန်ရတယ်။ အကြမ်းစား အဘိဓမ္မာတွေကျတော့ ခံစားမှုလို့ ဝေဒနာကို ပြန်လို့ရတယ်။ ရူပါရုံက လှတာလေးဆိုယင် ဘာဝေဒနာ ဖြစ်မတုံး၊ သုခဝေဒနာ ချမ်းသာတယ် ကောင်းတယ်ပေါ့။ သုခဝေဒနာဆိုတော့ သဘောကျသွားတာပေါ့။ လှလှလေး ကောင်းကောင်းလေး မြင်တဲ့အခါကျတော့ သုခဝေဒနာဆိုတဲ့ ချမ်းသာတဲ့ သဘောတရားဖြစ်တယ်။ အဲဒီကျတော့ ခံစားတယ် ထိအောင် ဝေဒနာကို ဘာသာပြန်လို့ရတယ်။ သိပ်ပြီးတော့ ဆိုးတဲ့ အာရုံနဲ့တွေ့တော့ ဘာဝေဒနာ ဖြစ်မတုံး၊ ဒုက္ခဝေဒနာ။ ဒုက္ခဝေဒနာဆိုတာက တကယ် ဆင်းရဲမှ ခေါ်တာမဟုတ်ဘူး။ စိတ်ထဲမှာ သဘောမကျရုံလဲ ခေါ်တာပဲ။ သိပ်ဆိုးတဲ့ အာရုံကြီးကို သူမကြည့်ချင်ဘူး၊ ဒုက္ခဝေဒနာကို မကြိုက်ဘူးပေါ့။

**ဥပေက္ခာဝေဒနာ**

တစ်ခါ သိပ်ဆိုးတဲ့ အာရုံလဲမဟုတ်ဘူး၊ ကောင်းတဲ့ အာရုံလဲ မဟုတ်ဘူးဆိုယင် ဘာဝေဒနာဖြစ်မတုံး၊

ဥပေက္ခာဝေဒနာ။ ဥပေက္ခာဝေဒနာဆိုတာက လျစ်လျူရှုတာ မဟုတ်ဘူး၊ ဒီအာရုံကို သူကြည့်တော့ ကြည့်တာပဲ၊ ကြည့်ပေတဲ့ သူ့စိတ်ထဲမှာ သဘောကျတာလဲ မဟုတ်ဘူး၊ မကျတာလဲ မဟုတ်ဘူး၊ သာမညပေါ့။ ဥပမာ–လမ်းလျှောက်သွားတယ်၊ ရိုးရိုးလူတွေ တွေ့တဲ့အခါမှာ ဘာမှ သိပ်ဂရုမစိုက်ဘူး၊ ခပ်ထူးထူးဆန်းဆန်း ဇရုတ်သုတ်ခ လုပ်လာတဲ့လူကျတော့ သူ့ကြည့်ပြီးတော့ သုခဝေဒနာ ဒုက္ခဝေဒနာ ဖြစ်တာ၊ ဒီပြင်လူတွေ တွေ့တဲ့အခါကျတော့ အဲဒါ ဥပေက္ခာဝေဒနာပဲ။ ကြည့်တော့ ကြည့်တာပဲ၊ မြင်တော့ မြင်တာပဲ။ အဲဒီလို သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ ဆိုတဲ့အခါကျတော့ ခံစားမှုထိအောင် ဘာသာပြန်လို့ရတယ်။ စိတ်အားလုံးမှာ ပါဝင်တဲ့ ဝေဒနာစေတသိက်ကျတော့ မြန်မာစကားမှာ ခံစားမှုလို့ဆိုယင် နည်းနည်းများသွားတာပေါ့။ အာရုံကို ခံယူမှုလောက်ဆိုယင် နည်းနည်းတော်သေးတာပေါ့။ အဲဒါကြောင့်မို့လို့ ဝေဒနာစေတသိက်ဟာလဲ ဘယ်စိတ်ဖြစ်ဖြစ် ဝေဒနာစေတသိက်မပါဘဲနဲ့ စိတ်ဖြစ်လို့မရဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ အာရုံကို လက်ခံတာက ဝေဒနာစေတသိက်ကမှ အာရုံကို လက်ခံတာကိုး။ ရူပါရုံပဲ တွေ့တွေ့၊ သဒ္ဒါရုံပဲ တွေ့တွေ့၊ ဂန္ဓာရုံပဲ တွေ့တွေ့၊ ရသာရုံပဲ တွေ့တွေ့၊ ဖောဋ္ဌဗ္ဗာရုံပဲ တွေ့တွေ့၊ ဖဿကတော့ တိုက်ဆိုင်အောင်လုပ်ပေးမှာပဲ၊ ဒီ ဖဿက အာရုံနဲ့စိတ် နှစ်ခုကို တိုက်ဆိုင်အောင် ဘယ်လိုကြီး လုပ်ပေးပေး ဝေဒနာက လက်မခံဘူးဆိုယင် စိတ်ဖြစ်ပါ့မလား၊ မဖြစ်နိုင်ဘူး။

**ဝေဒနာနှင့်လောကဥပမာ** ခပ်ကြမ်းကြမ်း ဥပမာပေးရမယ်ဆိုယင် လူငယ်တွေကလဲပါလို့ ဒီဥပမာပေးတာပါ။ ယောကျ်ားလေးနဲ့ မိန်ကလေး သူတို့နှစ်ယောက် အိမ်ထောင်ဖက်ဖြစ်အောင် ဖဿက ဘယ်လောက်ကြီး အောင်သွယ်ပေးပေး ယောကျ်ားလေးကသော် လည်းကောင်း၊ မိန်းကလေးကသော်လည်းကောင်း လက်မခံယင် သူတို့နှစ်ယောက် ထိမ်းမြားတဲ့ဘဝကို ရောက်ပါ့မလား၊ မရောက်ဘူး။ နှစ်ယောက်စလုံး ကိုယ်ကလက်ခံမှ သဘောတူမှ ထိမ်းမြားတဲ့ဆီရောက်တာ။ ဖဿက ဘယ်လောက်

ကြီး အောင်သွယ် အောင်သွယ်၊ ဘယ်လောက်ကြီး တိုက်ဆိုင်အောင်လုပ်လုပ် ဝေဒနာမရှိဘူးဆိုယင် အာရုံကို မမြင်နိုင်ဘူး။

**ဝေဒနာ ၆–မျိုး** ဒါကြောင့်မို့လို့ ဝေဒနာ စေတသိက်ကျတော့ အာရုံကို ခံယူမှု၊ အာရုံကို လက်ခံမှုလောက်ပဲ ရှိတယ်။ အဲဒီတော့ ဝေဒနာကလဲ ခုန ဖဿလိုပဲ အာရုံက ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ–လို့ ခြောက်ပါးရှိတယ်။ အဲဒီတော့ ဝေဒနာကို အာရုံဘက်ကို လိုက်ပြီးတော့ နာမည်ပေးမလား၊ ဒွါရဘက်လိုက်ပြီးတော့ နာမည်ပေးမလားဆိုတော့ ဒွါရဘက်ကိုလိုက်ပြီး၊ နာမည်ပေးတယ်။ အဲဒါကြောင့်မို့လို့ ဝေဒနာကလဲ ခြောက်မျိုးပဲ ပြားသွားတာပဲ။ ဝေဒနာခြောက်မျိုးက ခုနက ဖဿခြောက်မျိုးရယင် ဝေဒနာခြောက်မျိုးက လွယ်သွားပါပြီ။ ဖဿခြောက်မျိုးရမယ်ဆိုယင် ဝေဒနာခြောက်မျိုးလဲ ရတာပဲ။

ဝေဒနာခြောက်မျိုးက စက္ခုသမ္ဖဿဇာ ဝေဒနာ၊ အခုန စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿထက် ဒီမှာ ဘာပိုလာတုံးဆိုတော့ "ဇာ ဝေဒနာ"ပဲ ပိုလာတယ်၊ စက္ခုသမ္ဖဿဇာ ဝေဒနာဆိုတာက ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှုပဲ၊ ဒီစက္ခုဒွါရနဲ့ ရူပါရုံတိုက်ဆိုင်အောင် ဖဿက လုပ်ပေးလိုက်တော့ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှု၊ ဒါ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဆိုတာက နားနဲ့ သဒ္ဒါရုံနဲ့တိုက်ဆိုင်အောင် လုပ်ပေးတာကို ဖဿခေါ်တာပဲ၊ အဲဒီဖဿကြောင့် ဖြစ်ပေါ်လာတဲ့ အသံကို ခံစားမှုဟာ သောတသမ္ဖဿဇာ ဝေဒနာ။

ဃာနသမဖဿဇာဝေဒနာကလဲ ဃာနဒွါရနဲ့ ဂန္ဓာရုံ တိုက်ဆိုင်တဲ့ အခါမှာ ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှု၊ ဂန္ဓာရုံကို ခံယူမှုပေါ့။

ဇိဝှါသမ္ဖဿဇာ ဝေဒနာကလဲ လျှာနဲ့ ရသာရုံ တိုက်ဆိုင်တဲ့အခါမှာ ရသာရုံကို ခံယူတဲ့စေတသိက်ကို ဇိဝှါသမ္ဖဿဇာဝေဒနာ ခေါ်တာပေါ့။

ကာယသမ္ဖဿဇာဝေဒနာ ဆိုတာကလဲ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ တိုက်ဆိုင်တဲ့အခါမှာ ဖောဋ္ဌဗ္ဗာရုံကို ခံယူတဲ့ ခံစားတဲ့ စေတသိက်ကို

ကာယသမ္ဖဿဇာဝေဒနာ ခေါ်တာပဲ။

မနောသမ္ဖဿဇာ ဝေဒနာဆိုတာကလဲ အခုန မနောဒွါရရဲ့ ဓမ္မာရုံ တိုက်ဆိုင်တဲ့အခါမှာ ဒီဓမ္မာရုံကို ခံယူတဲ့ ခံစားတဲ့ ဝေဒနာ စေတသိက်ကို မနောသမ္ဖဿဇာဝေဒနာ ခေါ်တာပဲ။

အဲဒီတော့ အဘိဓမ္မာ ပါဠိတွေကတော့ ကျက်ရတာ လွယ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စက္ခုဆိုတာကလဲ ပသာဒရုပ်တို့ ဒွါရတို့မှာ ရခဲ့ပြီးသား။ နောက် ဖဿဆိုတာလဲ သိခဲ့ပြီးသား။ စက္ခုနဲ့ဖဿ ပေါင်းပြီးတော့ တစ်ခါ ဖဿခြောက်မျိုးကို စက္ခုသာမ္ဖဿလို့ ဒီလို တစ်ခါခေါ်လိုက်တော့ ရသွားတာပေါ့။ ဝေဒနာလေး တိုးလာတဲ့အတွက် စက္ခုသမ္ဖဿဇာဝေဒနာဆိုတော့ ဒွါရခြောက်ပါးကို မှတ်မိနေတယ်ဆိုလို့ရှိယင် ဖဿခြောက်မျိုး ဆိုနိုင်းလဲ ရတာပဲ၊ ဝေဒနာခြောက်မျိုး ဆိုနိုင်းလဲရတာပဲ။ ကျက်စရာလိုသေးသလား၊ မလိုပါဘူးတဲ့။ မလိုပေတဲ့ တစ်ခေါက်လောက် ဖတ်ကြည့်ကြစမ်းပါ-

"(၁)စက္ခုသမ္ဖဿဇာ ဝေဒနာ၊
(၂) သောတသမ္ဖဿဇာ ဝေဒနာ၊
(၃) ဃာနသမ္ဖဿဇာ ဝေဒနာ
(၄) ဇိဝှါသမ္ဖဿဇာ ဝေဒနာ။
(၅) ကာယသမ္ဖဿဇာ ဝေဒနာ၊
(၆) မနောသမ္ဖဿဇာ ဝေဒနာ။"

**ဝေဒနာစေတသိက်မပါဘဲ ဘယ်စိတ်မှ မဖြစ်နိုင်**

ဒါက ဒွါရဘက်ကို လိုက်ပြီးခေါ်တာကိုး။ ခုန ဖဿလိုပဲ ဝေဒနာကလဲ အာရုံကို လက်ခံတဲ့ ဝေဒနာစေတသိက်မရှိဘဲနဲ့ ဘယ်စိတ်မှ ဖြစ်လို့ မရဘူး။ အာရုံရယ်၊ စိတ်ရယ်၊ စေတသိက်ရယ်။ ဒီ အဘိဓမ္မာသဘော တရား ဆိုတာက တီထွင်ပြီး စိတ်ကူးနဲ့ ပြောပြနေတဲ့ သဘောတရားမဟုတ် ဘူး။ လူတိုင်း လူတိုင်း နားလည်နိုင်တဲ့ သဘောတရားပဲ။ ဒီပါဠိတွေပါနေလို့၊ ရူပါရုံဆိုတာလဲ လူတိုင်းတွေ့နေတာပဲ၊ ဒီစက္ခုပသာဆိုတာလဲ လူတိုင်းတွေ့

နေတာပဲ၊ စက္ခုပသာဒနဲ့ ရူပါရုံတိုက်ဆိုင်တာလဲ လူတိုင်းသိတာပဲ၊ တိုက်ဆိုင်အောင် လုပ်ပေးတာကို ဖဿခေါ်တယ်။ ဒီအာရုံကို လက်ခံတယ်ဆိုတာကို ဝေဒနာခေါ်တယ်။ ဒီစေတသိက်လေးတွေ ဒီသဘောတရားလေးတွေက လူတွေ နေ့ရှိသမျှ တွေ့မြင်နေရတဲ့ သဘောပဲ။ မြတ်စွာဘုရားက နာမည်တပ်ပေးတာပဲ။ အဲဒီလို ပါဠိလို နာမည်လေးတွေကို ဆရာတို့က နားမလည်လည်အောင် မြန်မာလို ပြန်ပြီးတော့ ဘာသာပြန်နေရတာပါပဲ။

သိတာကတော့ လူတွေ အကုန်သိပြီးသားပဲ။ အဘိဓမ္မာက ဒါကြောင့်မို့လို့ စာအုပ်ထဲမှာ ကြည့်တာထက် ကိုယ် နေ့ရှိသမျှ လုပ်ကိုင်နေတဲ့ ပြောဆိုနေတဲ့ ဒီသဘောတရားတွေကို ပြန်ကြည့်ယင် အဘိဓမ္မာဟာ တကယ်တတ်သွားတာပဲ။ စာအုပ်ကြီးတွေ လျှောက်ဖတ်နေရုံနဲ့တော့ တကယ်မတတ်ပါဘူး၊ ဒါကြောင့်မို့လို့ ဝေဒနာစေတသိက်ဟာ ဒွါရ ခြောက်ပါးလိုက်ပြီးတော့ ဝေဒနာခြောက်ပါး ဖြစ်သွားတာပဲ၊ ဘာမှခက်တာ မဟုတ်ဘူး။

အဲဒီတော့ စိတ် ၈၉-ခု လုံးဟာ ဝေဒနာမပါဘဲနဲ့ ဘယ်စိတ်မှ မဖြစ်ဘူးဆိုယင် ဝေဒနာ ဘယ်လောက်ရှိသွားမတုံး၊ ဝေဒနာ ၈၉-ခု ရှိမယ်။ စိတ် ၁၂၁-ပါးရှိယင် ဝေဒနာ ၁၂၁-ပါး ရှိသွားမှာပေါ့။ စိတ်တစ်ထောင်ရှိလို့ရှိယင် ဝေဒနာ တစ်ထောင်ရှိမှာပဲ။ စိတ်တစ်သိန်းရှိလို့ရှိယင် ဝေဒနာလဲ တစ်သိန်းရှိမှာပဲ။

အခု ဒီသင်တန်းထဲမှာ သင်တန်းတက်နေတဲ့ တစ်ယောက်ချင်း တစ်ယောက်ချင်း ဖြစ်တဲ့ ဝေဒနာကို လျှောက်ရေတွက်မယ် ဆိုလို့ရှိယင် တစ်ယောက်မှာပဲ တစ်ရာလောက်ဖြစ်မှာပဲ၊ တစ်မိနစ်အတွင်းကို။ အဲဒီတော့ လူအများကြီးဆိုတော့ ဝေဒနာတွေ မရေတွက်နိုင်ဘူး။ အဲဒီလို ဝေဒနာကို ခွဲဝေပြီးတော့ အဘိဓမ္မာခုနစ်ကျမ်းမှာ ဝိဘင်းကျတော့ ဝေဒနာပေါင်း ရေတွက်ပြထားတာ ၁ာစ်သိန်းကျော်တယ်၊ ဒါ အကုန်လုံး မဟုတ်ဘူး၊ နည်းရအောင် ရေတွက်ပြထားတာ။

အဲဒီတော့ ဝေဒနာစေတသိက်ဟာ အကျဉ်းချုံးလိုက်လို့ရှိယင်

တစ်လုံးတည်းပဲ။ အကျယ်ချဲ့ပြီးတော့ ဝေဒနာစေတသိက်ကို အဘိဓမ္မာနည်းနဲ့ အကျယ်ချဲ့ပြပါဆိုယင် ဝေဒနာစေတသိက်ဟာ အဆုံးအစ မရှိဘူး။ ဒါကြောင့်မို့လို့ အဘိဓမ္မာဟာ သိပ်ကျယ်တယ်ဆိုတာ နည်းတွေများလို့ပေါ့။

**ဝေဒနာသုံးမျိုးခွဲနည်း** အဲဒီတော့ ဝေဒနာကို အကျဉ်းချုပ်ခွဲတဲ့ ခွဲနည်းတွေနဲ့ ခွဲတော့ ဝေဒနာက သုံးမျိုး၊ ဒီဝေဒနာသုံးမျိုး ခွဲတဲ့နည်းက ခုနပြောသလို ခံစားမှုဆိုတဲ့သဘောမျိုးနဲ့ ခွဲတာ။ ခုနစေတသိက်တုန်းကလို အာရုံကို ခံယူမှုနဲ့သာ ခွဲမယ်ဆိုယင် ဝေဒနာတွေဟာ သိန်းသန်းထိအောင် ရှိနေတာပဲ။ အာရုံကို ခံစားတဲ့ သဘောတရားနဲ့ ခွဲမယ်ဆိုယင် လူတွေမှာ ကောင်းတဲ့အာရုံနဲ့ တွေ့လို့ရှိယင် သဘောကျတယ်၊ သုခဝေဒနာဖြစ်တယ်။

အမှန်ကတော့ သုခဝေဒနာဆိုတာ သဘောကျယင် သုခဝေဒနာပဲ။ နှစ်သက်တယ်ဆိုယင် သုခဝေဒနာပဲ။ ကြိုက်တယ်ဆိုယင် သုခဝေဒနာပဲ။ ချမ်းသာတယ်ဆိုတဲ့ မြန်မာစကားနဲ့ တော်တော်ဝေးတယ်။ မြန်မာက သုခကို ချမ်းသာတယ်လို့ နားလည်ကြတာကိုး။

အဘိဓမ္မာကျတော့ သုခ–ချမ်းသာတာက တစ်ခုတည်းမဟုတ်ဘူး။ သဘောကျတာရော၊ နှစ်သက်တာရော၊ ကျေနပ်တာရော၊ ကြိုက်တာရော အားလုံးပါတယ်။ အာရုံတွေ့လို့ရှိယင် ဒီအာရုံကို စိတ်က ကြိုက်လို့ရှိယင် ဒါကို သုခဝေဒနာ ခေါ်လိုက်တာပဲ။ ဒါ ခံစားတဲ့သဘော ရောက်သွားတယ်။

ရုပါရုံကို တွေ့တယ်ဆိုယင် သူ့စိတ်က မကြိုက်ဘူး၊ မကြိုက်တဲ့အာရုံနဲ့ တွေ့မယ်ဆိုလို့ရှိယင် ဒုက္ခဝေဒနာ ခေါ်လိုက်တာပဲ ဆင်းရဲမှ မဟုတ်ဘူး။ မြန်မာက ဆင်းရဲတယ်ဆိုလို့ရှိယင် တစ်မျိုးထိအောင် နားလည်တယ်။ ဒီအာရုံတွေ့တယ်ဆိုလို့ရှိယင် အလွန့်အလွန် မချမ်းသာမှ ဒုက္ခဝေဒနာလို့ခေါ်တာမဟုတ်ဘူး၊ ကိုယ်မကြိုက်တဲ့ အာရုံနဲ့ တွေ့တယ်ဆိုလို့ရှိယင် ဒါ ဒုက္ခဝေဒနာပဲ။

ဘယ်လောက်လှတဲ့ မိန်းကလေးပဲဖြစ်ဖြစ် အဲဒီ မိန်းကလေးနဲ့

ကိုယ်နဲ့မတည့်ဘူးဆိုယင် လမ်းမှာတွေ့ယင် သုခဝေဒနာ ဖြစ်မလား၊ ဒုက္ခဝေဒနာဖြစ်မလား၊ ဒုက္ခဝေဒနာဖြစ်မယ်။ သူ့ဘာသာသူလာပေမယ့် ကိုယ်က သူ့မှ မကြည့်ချင်ဘဲ။ မကြည့်ချင်တဲ့လူ သွားတွေ့တော့ ဒုက္ခဝေဒနာဖြစ်တာပေါ့။ ဘယ်လောက် အရုပ်ဆိုးတဲ့ မိန်းကလေးပဲဖြစ်ဖြစ် ကိုယ်နဲ့ သိပ်ပြီးတော့ တည့်တယ်၊ သဘောကျတယ်၊ လမ်းမှာတွေ့လို့ရှိယင် ဘယ့်နဲ့နေမတုံး၊ သုခဝေဒနာဖြစ်မယ်။ ကိုယ်နဲ့တည့်နေတာကိုး။ တည့်တဲ့လူချင်း တွေ့လိုက်လို့ရှိယင် သုခဝေဒနာဖြစ်တာပဲ။

ဒါကြောင့်မို့လို့ “ဝိပါက်အမှန်၊ ဇောအပြန်တဲ့”ဇောဆိုတာက အပြောင်းအလွဲရှိတယ်။ ပင်ကိုရင်း အာရုံကျတော့ သူ့ဘာသာသူ လှချင်လှမယ်၊ အရုပ်ဆိုးချင်ဆိုမယ်၊ အာရုံကို လက်ခံတဲ့ ပုဂ္ဂိုလ်မှာက သူ့ စိတ်ထဲက ဣဋ္ဌာရုံကိုပေတဲ့ အနိဋ္ဌာရုံ လုပ်ချင် လုပ်ပစ်လိုက်မယ်။ အနိဋ္ဌာရုံပေတဲ့ ဣဋ္ဌာရုံ သူလုပ်ချင်လုပ်ပစ်မယ်။

ဆရာတို့က ရွှေတိဂုံဘုရား သွားဖူးတဲ့အခါကျတော့ ဘာဝေဒနာဖြစ်မတုံး၊ သုခဝေဒနာဖြစ်မယ်။ ဘုရားတွေ ဘာတွေကို ရှုပ်တယ်ဆိုတဲ့၊ ပိုက်ဆံကုန်တယ်ဆိုတဲ့ လူမျိုးတွေ သွားတဲ့အခါကျတော့ ဘယ့်နဲ့နေမတုံး၊ ဒုက္ခဝေဒနာ ဖြစ်မယ်။ ဒီဘုရားတွေ အုတ်ပုံကြီးတွေ တည်ထားတာ အလကားပဲ၊ ရွှေတွေ ဘာတွေချတာ ပိုက်ဆံတွေ အကုန်ခံတာ အလကားပဲ၊ စက်ရုံကြီးတွေ အလုပ်ရုံကြီးတွ တည်လို့ရှိယင် ဒါလောက် ငွေတွေနဲ့ ဆိုယင် ဘယ်လောက် တို့တိုင်းပြည် ချမ်းသာမတုံး ကောင်းမတုံးဆိုပြီး သူတို့ကျတော့ တစ်မျိုးဖြစ်သွားမယ်။

ဒါကြောင့်မို့လို့ ပကတိ အာရုံကျတော့ ဣဋ္ဌာရုံပဲဖြစ်စေ လက်ခံတဲ့ ပုဂ္ဂိုလ်က ဒီဣဋ္ဌာရုံကိုလဲ အနိဋ္ဌာရုံလုပ်လို့ ရတယ်၊ အနိဋ္ဌာရုံလဲ ဣဋ္ဌာရုံ လုပ်လို့ ရတယ်။ ဆရာတို့ မစင်ကိုတွေ့တဲ့အခါကျယင် ဆရာတို့က ဘာဖြစ်မတုံး၊ ဒုက္ခဝေဒနာ ဖြစ်မယ်၊ အနိဋ္ဌာရုံ မဟုတ်လား။ ခွေးက မစင်တွေ့တဲ့အခါကျတော့ သူကြိုက်တာကိုး၊ သုခဝေဒနာ ဖြစ်တာပေါ့။

ဆရာတို့ မြန်မာတွေ ငါးပိစားတဲ့ ပုဂ္ဂိုလ်တွေကျတော့ ငါးပိခွက် ကောင်းကောင်းလေး ထမင်းပွဲထဲပါလာတော့ ဘာဝေဒနာ ဖြစ်မတုံး၊ ငါးပိ စားတဲ့ လူမျိုးကျတော့ သုခဝေဒနာ ဖြစ်မယ်၊ ငါးပိမစားတဲ့ လူမျိုးကျတော့ ဘယ်လို လုပ်မတုံး၊ ဒုက္ခဝေဒနာပဲ။ သူမကြိုက်ယင် ဒုက္ခဝေဒနာပေါ့၊ ကြိုက်ယင် သုခဝေဒနာပေါ့။

ဥပေက္ခာဝေဒနာကတော့ ပြောပြီးသားပဲ။ အဲဒီတော့ ဝေဒနာက ခံစားတဲ့ သဘောနဲ့ သုံးမျိုးဖြစ်သွားတယ်။

**ဝေဒနာငါးမျိုးခွဲနည်း**

တစ်ခါ ဝေဒနာငါးမျိုး ဖြစ်တဲ့အခါကျတော့ သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာဆို ပြီး ဒီနှစ်ခု တိုးတော့ ဝေဒနာ ငါးမျိုးဖြစ်သွားတယ်။ ဝေဒနာငါးမျိုးက ဘယ်လို ဖြစ်သွားသလဲဆိုတော့ သုခဝေဒနာကို သုခ ဝေဒနာ, သောမနဿ ဝေဒနာ, ဒီလို နှစ်ခု ခွဲလိုက်တယ်။ ဒုက္ခဝေဒနာကိုလဲ ဒုက္ခဝေဒနာ, ဒေါမန–ဿဝေဒနာ၊ ဒီလို နှစ်ခု ခွဲလိုက်တယ်။

**ကောက်စိုက်သမနဲ့ သုခဝေဒနာ**

အဲဒီတော့ သုခ ဝေဒနာဆိုတာက ကိုယ်ချမ်းသာတာ။ သောမနဿဝေဒနာ ဆိုတာက စိတ်ချမ်းသာတာ။ ချမ်းသာတာက လူမှာက တစ်မျိုးတည်းမဟုတ်ဘူး၊ နှစ်မျိုးရှိတာကိုး။ ကိုယ်ချမ်းသာတယ်ဆိုတာက ခန္ဓာကိုယ် ချမ်းသာတာ။ အဲဒီတော့ ဝေဒနာငါးမျိုးခွဲတဲ့အခါကျတော့ သုခဝေဒနာဆိုလို့ရှိယင် ခန္ဓာကိုယ် ချမ်းသာတာပေါ့။ ကိုယ်ချမ်းသာတာကို ပြောတာ။ သောမနဿဝေဒနာဆိုလို့ရှိယင် စိတ်ချမ်းသာတာကို ပြောတာ။ တချို့တလေ လူတွေ ကိုယ်က သိပ်ဆင်းရဲတယ်၊ လုပ်လိုက်ရတာ နေပူမရှောင် မိုးရွာမရှောင်။ ဥပမာ–ကောက်စိုက်သမတွေဆိုပါတော့ တစ်ခါထဲ ထဘီ(ထမိန်)ဒူးလောက် ဝတ်ပြီးတော့ အောက်ကလဲ ရေတွေ, ရွှံ့တွေ, ဗွက်တွေ၊ အပေါ်ကလဲ မိုးက ရွာနေတယ်၊ ကောက်စိုက်နေတယ်၊ သူ့ကြည့်လို့ရှိယင် ကိုယ်ကတော့ **မဆင်းရဲဘူးလား၊ ကိုယ်ဆင်းရဲတော့ ဒါ ဒုက္ခဝေဒနာပဲ။ ကိုယ့်တော့ ဆင်းရဲ**

နေတာပဲ၊ သို့ပေတဲ့ သီချင်းလေးက တအေးအေးနဲ့၊ သူ့စိတ်ထဲမှာ သီချင်းဆိုတော့ ပျော်မနေဘူးလား၊ ကိုယ်ဆင်းရဲနေပေတဲ့ စိတ်က "သောမနဿ" ချမ်းသာနေတယ်၊ အဲဒီတော့ လူဟာ ကိုယ်ဆင်းရဲနေပေတဲ့ စိတ်က ချမ်းသာချင် ချမ်းသာနေတာ။

**ဘုရင့်သမီးနှင့် ဒုက္ခဝေဒနာ** တချို့တလေ ဘုရင့်သမီး ရွှေနန်းပြာသာဒ်သုံးဆောင်ပေါ်မှာ တင်ထားတယ်။ သူဘယ်မှ မသွားရဘူး။ ပြာသာဒ်ပေါ်က မဆင်းရဲဘူး။ သူက သိပ်သွားချင်တာ၊ ဘာလုပ်ချင်, ညာလုပ်ချင်၊ ကိုယ်ကတော့ သိပ်ချမ်းသာတာပဲ၊ ရွှေနန်းပေါ်မှာ။ သို့ပေတဲ့ စိတ်ထဲကတော့ ဘာဖြစ်နေတုံး၊ စိတ်ထဲကတော့ နည်းနည်းမှ မချမ်းသာဘူး၊ လေးထပ်တိုက်ပေါ်က ခုန်ချချင်တဲ့ သဘောမျိုးပေါ့၊ ရွှေနန်းပြာသာဒ်ပေါ်က ခုန်ချချင်နေတာ၊ ပြေးပေါက်ပဲ သူရှာနေတာ။ စိတ်ကတော့ ဆင်းရဲနေတာပဲ။ ဒါကြောင့်မို့လို့ ကိုယ်က ချမ်းသာပေမဲ့ စိတ်က ဆင်းရဲချင် ဆင်းရဲနေတယ်၊ စိတ်က ချမ်းသာပေမဲ့ ကိုယ်က ဆင်းရဲချင် ဆင်းရဲနေတယ်။

ဒါကြောင့်မို့လို့ ဝေဒနာငါးမျိုး ခွဲတဲ့အခါကျတော့ သုခ ဝေဒနာက ကိုယ်ချမ်းသာမှု၊ သောမနဿဝေဒနာက စိတ်ချမ်းသာမှု။ ဒုက္ခဝေဒနာက ကိုယ်ဆင်းရဲမှု၊ ဒေါမနဿ ဝေဒနာက စိတ်ဆင်းရဲမှု။ ဥပေက္ခာ ဝေဒနာကျတော့ အတူတူပဲပေါ့။

အဲဒီတော့ ဝေဒနာသုံးမျိုးနည်း ရေးခဲ့ပါဆိုယင် ဘယ်လို ရေးမတုံး၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ၊ ဒါ သုံးမျိုးနည်း။

ဝေဒနာ သုံးမျိုးနည်း ပြောစမ်းပါဆိုယင် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ။

ဝေဒနာ ငါးမျိုးနည်းဆိုယင် သုခဝေဒနာ, သောမနဿဝေဒနာ, ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ။

အဲဒီတော့ ဝေဒနာသုံးမျိုး နည်းထဲမှာ သောမနဿ ဝေဒနာက

ဘယ်အထဲ ဝင်သွားသတုံး၊ သုခ ဝေဒနာထဲ ဝင်သွားတယ်။ ဒေါမနဿ ဝေဒနာက ဘယ်အထဲဝင်သွားသတုံး၊ ဒုက္ခဝေဒနာထဲ ဝင်သွားတယ်။ ငါးမျိုးနည်းကျတော့ သောမနဿ ဝေဒနာက ဘယ်ထဲက ထွက်လာတာ တုံး၊ သုခဝေဒနာက ထွက်လာတယ်။ ဒေါမနဿဝေဒနာက ဘယ်ထဲက ထွက်လာတာတုံး၊ ဒုက္ခဝေဒနာထဲက ထွက်လာတာ။ အဲဒီတော့ ဝေဒနာကို အကျဉ်းချုပ်ဆိုယင် ဝေဒနာစေတသိက်တစ်လုံးထဲ ရှိတာကိုး။

**ဝေဒနာစေတသိက် ဘယ်လောက်ရှိသလဲ** တစ်လုံးက နေပြီးတော့ နည်းနည်း အခု လူတွေရဲ့ခံစားမှု သဘော တရားကို ကြည့်ပြီး ဝေဒနာကို ခွဲပြစမ်းပါဆိုယင် သုံးမျိုးခွဲလို့ရတယ်။

ဒီထက် နည်းနည်းချဲ့ပြီးတော့ ခွဲပြစမ်းပါဆိုတော့ ငါးမျိုးခွဲလို့ ရတယ်၊ ဒီဝေဒနာကို ကျယ်ကျယ်ဆိုလို့ရှိယင် စိတ် ၈၉-ခုက ၈၉-ခု ရတယ်။ ဒီထက် ကျယ်ချင်သေးတယ်ဆိုလို့ရှိယင် စိတ် ၁၂၁-ပါးက ၁၂၁-ပါးရတယ်၊ ဒီထက် ကျယ်ချင်ယင် ချဲ့ချင်သလောက် ချဲ့လို့ရတယ်။

လူ့ပြည်ကရှိတဲ့ဝေဒနာ နည်းသေးတယ်ဆိုလို့ရှိယင် နတ်ပြည်မှာ ရှိတဲ့ဝေဒနာ၊ နတ်ပြည်ကရှိတဲ့ ဝေဒနာ နည်းသေးယင် ဗြဟ္မာပြည်က ဝေဒနာ။ သုံးဆယ့်တစ်ဘုံမှာရှိတဲ့ သတ္တဝါတွေအားလုံးမှာ ဖြစ်နေတဲ့ ဝေဒနာ တွေဆိုယင် ရေတွက်လို့ရပါ့မလား၊ မရပါဘူးတဲ့။ အဘိဓမ္မာက ကျယ်တယ်၊ ကျယ်တယ်ဆိုတာ အဲသလို ကျယ်သွားတာပဲ။

အဲဒီတော့ စေတသိက်တွေကို သင်နေရတာက နှစ်လတောင် ရှိ သွားပြီ။ ဝေဒနာကလဲ ကျန်တာတွေ ကျန်မှာပဲ၊ ဖဿကလဲကျန်တာတွေ ကျန်တာပဲ။

အဘိဓမ္မာဆိုတာက ဘယ်လိုမှ ပြောလို့ ကုန်နိုင်တာမဟုတ်ဘဲ။ အဲဒါကြောင့်မို့လို့ ခု သင်တန်းဟာ အခြေခံသင်တန်းဆိုတာတော့ အခြေခံ ရရုံလောက်ပဲ ကောင်းပါတယ်။ အဲဒီတော့ ဖဿရယ်၊ ဝေဒနာရယ်ကတော့ ပြီးပြီဆိုပါတော့။

**သညာစေတသိက်** သညာစေတသိက်ကို မှတ်သားမှုလို့ ဘာသာပြန်ကြတယ်။ ဒီ သညာစေတသိက်ကို ဘာသာပြန်ဖို့တောင် မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီသညာဆိုတဲ့ အဘိဓမ္မာ စကားလုံးကလဲ မြန်မာစကားထဲ ရောက်နေတာပဲ။ ဖဿကတော့ ဒါလောက် မရောက်သေးဘူး။ ခု နောက်ပိုင်းမှာတော့ ဖဿလို့ နည်းနည်း ပြောလာကြတယ်။ ဝေဒနာဆိုတဲ့စကားလုံးကတော့ ခု မြန်မာစကားဖြစ်နေပါပြီ။ အကုန်လုံးတော့ မမှန်ဘူး။ သညာဆိုတဲ့ စေတသိက်ကလဲ မြန်မာလိုပြန်မဲ့သာ ပြန်ရတာ၊ မြန်မာစကားကို ဖြစ်နေတာပဲ။ သူ သညာကောင်းတယ်၊ သညာမကောင်းဘူး၊ ဒီလိုပြောနေတာပဲ။ အဲဒီတော့ သညာဆိုတာ မှတ်သားမှုဆိုပြီးတော့ မြန်မာက ဒီလိုနားလည်တာ။ အဘိဓမ္မာမှာ သညာကို မှတ်သားမှုလို့ ဘာသာပြန်တာက မြန်မာတိုင်း နားလည်အောင်ပြောတာ။ သညာဆိုတာလဲ သူက သိတာပဲ၊ ရှေးက သညာကို အမှတ်ပြုပြီးတော့ သိတယ်။ ဒီလို ဘာသာပြန်တယ်၊ သူ သိတော့ သိတာပဲ၊ သညာကလဲ သိတာပဲ။

ဆရာ တစ်နေ့ သညာသိတာနဲ့ ပညာသိတာနဲ့ ဝိညာဉ်သိတာ သုံးမျိုး ပြောပြီးပြီမဟုတ်လား။ ဘာဖြစ်လို့တုံးဆိုတော့ ပါဠိမှာ သညာဆိုတာလဲ ဒီညနဲ့လာတာပဲ၊ ဝိညာဉ်ဆိုတာလဲ ညနဲ့လာတာပဲ။ ပညာဆိုလဲ ညနဲ့လာတာပဲ။ ရှေ့က(သ)တို့, (ဝိ)တို့, (ပ)တို့၊ ဒါလေးတွေ ကွဲသွားတာပဲ။ (ည)က သိတာ၊ ဒါကြောင့်မို့ သညာဟာ တကယ်ကတော့ သိတာပဲ။ သိပေတဲ့ သူက မှတ်ပြီးတော့ သိတာ။

**စာကျက်လို့ ရလွယ်တာ သညာလား, ပညာလား** အဲဒါကြောင့်မို့လို့ သညာကောင်းတယ်ဆိုတာက အခု စာကျက်တဲ့အခါမှာ ကျောင်းသားတွေ စာကျက်လို့ ရလွယ်တယ်ဆိုလို့ရှိယင် သူ့တို့ သညာကောင်းတယ်လို့ ပြောသလား၊ ဉာဏ်ကောင်းတယ်လို့ ပြောသလား၊ ဉာဏ်ကောင်းတယ်လို့ ပြောတယ်၊ အဲဒီတော့ ပြောင်းပြန်ဖြစ်နေတယ်။

အမှန်က စာကျက်လို့ ခပ်မြန်မြန်ရတယ်ဆိုတာ သူ့ဉာဏ်ကတော့ ပါချင်ပါမှာပေါ့လေ၊ တကယ်ကတော့ သညာကောင်းတာပဲ။ သူက စာအုပ်ကို ကြည့်ပြီးတော့ တစ်ခေါက်ကြည့်လိုက်တယ်ဆိုလို့ရှိယင် စာလုံးတွေကို သူအကုန်လုံး မှတ်မိတာပဲ။ အကုန်လုံး မှတ်မိတယ်ဆိုလို့ရှိယင် သူပြန်ဆိုယင် ရတာပဲ။ ဗလာစာအုပ်မျက်နှာကို သူဒီလို ကြည့်လိုက်တယ်၊ တစ်ခေါက် နှစ်ခေါက် သူကြည့်လိုက်တယ်၊ စာလုံးတွေ အကုန်မှတ်မိတယ်၊ အလွတ်ဆိုယင် သူ ဆိုလို့ရတယ်။ အမှန်က သူ့တကယ် ဒီအထဲက သဘောတရားတွေကို ထိုးထွင်းပြီး သိလာတဲ့ ပညာမျိုးမဟုတ်ဘူး။ သူအမှတ်ကောင်းတာပဲ သူသိတဲ့နည်းက သညာ၊ မှတ်ပြီးတော့ သူက သိတာ။ အဲဒါကြောင့်မို့လို့ စာကျက်လို့ ရတဲ့ဟာတွေဟာ ဒီသညာကောင်းတာပဲ။ တချို့တလေ သင်တန်းမှာ ဆရာပြောသွားတယ်၊ အစအဆုံးထိအောင် လိုက်ပြီးတော့ လက်ချာရေးသလို မရေးဘဲနဲ့ အိမ်ကျ ပြန်ပြောစမ်းဆိုယင် ဆရာပြောတဲ့ လေအတိုင်းကို တစ်လုံးမကျန် အကုန်ပြန်ပြောတတ်တယ်၊ အဲသလို သညာကောင်းတဲ့ လူတွေ ရှိတယ်။ အဲဒီတော့ သညာကောင်းတဲ့လူဟာ စာကျက်လို့ ရလွယ်တယ်၊ သူမေ့ချင်တော့ မေ့သွားမှာပေါ့၊ ချက်ချင်းတော့ သူမှတ်ထားမယ်ဆိုယင် အမှတ်ကောင်းတယ်။

**မှတ်ထားတာတွေ မမေ့တာ သညာလား၊ သတိလား** ဒါကြောင့်မို့လို့ သတိကောင်းတာနဲ့ သညာကောင်းတာ တစ်မျိုးစီလို့ ဆရာ တစ်နေ့က ပြောခဲ့တယ်။ သညာဆိုတာက ခုနပြောသွားတဲ့ စကားလုံးတွေကို တစ်လုံးမကျန် သူ အကုန်ပြန်ပြောနိုင်တယ်ဆိုယင် သညာကောင်းတာပဲ။ တစ်ခါကြားဘူးတဲ့ဟာကို နောက် ၁–နှစ် ၂–နှစ် ကြာမှ ပြန်ပြောနိုင်တယ်ဆိုတော့ ဘာကောင်းတယ်ခေါ်မတုံး၊ သတိကောင်းတယ်။ သတိကောင်းတာက ပထမ မှတ်ထားတဲ့ဟာတွေကို သူက မမေ့ဘူး၊ ဒါက သတိကောင်းတာ။ ဉာဏ်ကောင်းတယ်ဆိုတာက ဉာဏ်ဆိုတာက ဆရာပြောတာက လေးငါးလုံးပဲပြောတယ်၊ ဆရာပြောတဲ့ လေးငါးလုံးကို သူက အကျယ်ချဲ့ပြီးတော့ ထိုးထွင်းပြီးတော့ သူက

ရေးတတ်တယ်၊ ပြောတတ်တယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးကျတော့ ဘာလို့ ပြော မတုံး၊ အဲဒါက ဉာဏ်ကောင်းတယ်။ ဉာဏ်ကောင်းတယ်ဆိုတာက သူက ဆရာပြောသလောက်ကလေးကို မှတ်မိတာမဟုတ်ဘူး၊ ဆရာ တစ်လုံး ပြောယင် သူက လေးငါးလုံး ချဲ့ပြီးတော့ သူပြောတတ်တယ်၊ ပိုပြီးတော့ သူနားလည်သွားတာပေါ့။ သညာကောင်းတာရယ်, ဉာဏ်ကောင်းတာရယ်, သတိကောင်းတာရယ်၊ မြန်မာမှာ နည်းနည်း ရောနေတယ်။ အဲဒီတော့ သညာဆိုတာကတော့ မှတ်သားမှုပါပဲ။

လူတစ်ယောက် တွေ့တယ်ဆိုလို့ရှိယင် သူက မှတ်လိုက်တာပဲ။ လူတစ်ယောက်တွေ့လို့ မှတ်လိုက်တဲ့အခါကျတော့ နောက်တစ်ခါ ဒီလူနဲ့ တွေ့တော့ သူဘယ်သူတုံးဆိုတာ မသိဘူးလား၊ သိတာပဲ၊ နောက်တစ်ခါ ဘယ်သူလို့ သိတာက သတိကောင်းတာ။ တစ်ခါထပ်ပြီးတော့ မှတ်လိုက် တာက ဘာတုံး၊ သညာပဲ။ ပြီးတော့ တစ်ခါတွေ့ယင် ပထမတစ်ခါ မှတ် လိုက်တာလဲ သညာပဲ၊ အဲဒီသညာက မှတ်ပြီးတော့ နောက်တစ်ခါ တစ်လ, နှစ်လနေတော့ သူ ပြန်တွေ့တယ်၊ ပြန်တွေ့တော့ သူ့ကို မှတ်မိတာက ဘာတုံး၊ အဲဒီကျတော့ သညာမဟုတ်ဘူး၊ သတိကောင်းတယ်။ သူမှတ်ထား တဲ့ဟာကို ပြန်မမေ့တာက သတိ၊ နောက်တစ်ခါ တွေ့တော့လဲ သူမမှတ် ဘူးလား၊ မှတ်သေးတာပဲ၊ သညာက တွေ့တွေ့ချင်း တွေ့တွေ့ချင်း မှတ် တာက သညာ၊ အဲဒီသညာမှတ်ထားတဲ့စာတွေကို မမေ့တာက သတိ။ အဲဒီ မမေ့တဲ့ဟာတွေကို ကိုယ်က ထွင်ပြီးတော့ ထိုးထွင်းပြီးတော့ သိတာက ဉာဏ်။ အဲဒီတော့ သညာရယ်, သတိရယ်, ဉာဏ်ရယ်က သဘောတရားမှာ သူ့ဟာနဲ့သူ ရှင်းနေတယ်။ မြန်မာမှာကတော့ ရောနေတာပဲ။

အဘိဓမ္မာမှာလဲ တချို့တလေ အဘိဓမ္မာဆရာတွေ ဥပမာတွေ ဘာ တွေ ပေးတာက သိပ်မကွဲဘူး၊ တတ်နိုင်သမျှ ပေးကြတာပဲ။ ဖဿမပါဘဲ ဘယ်စိတ်မှ မဖြစ်သလို ဝေဒနာမပါဘဲ ဘယ်စိတ်မှမဖြစ်သလို သညာ မပါဘဲလဲ စိတ် ဖြစ်နိုင်ပါ့မလား၊ **သညာမပါဘဲလဲ ဘာစိတ်မှ မဖြစ်နိုင်ဘူး။**

အဲဒီတော့ ရူပါရုံကို မြင်လိုက်တယ်၊ ဒီရူပါရုံကို စက္ခုဝိညာဉ်က မြင်တယ်ဆိုတာဟာ သညာက မမှတ်ဘဲနဲ့ မြင်ပါ့မလား၊ မမြင်နိုင်ဘူး။ ဝေဒနာက ဒီအာရုံကို ယူတာပဲရှိတယ်။ မှတ်တာက သညာကမှတ်တာ၊ သညာက မှတ်လိုက်လို့သာ စက္ခုဝိညာဉ်က ဒါ အဖြူပဲ၊ အမဲပဲ၊ အညိုပဲ-လို့ သူက ဒီလို သိတာကိုး။ အဲဒါကြောင့်မို့ သညာမပါဘဲလဲ ဘယ်စိတ်မှ မဖြစ်ဘူး။

**သညာခြောက်မျိုး ဘယ်လိုခွဲသလဲ** စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါမှာ ဖဿကို စက္ခုသမ္ဖဿလို့ ဒီလို နာမည်ပေးတယ်၊ ဝေဒနာကျတော့လဲ စက္ခုသမ္ဖဿဇာ ဝေဒနာ-လို့ ဒီလို နာမည်ပေးတယ်၊ ဒီရူပါရုံနဲ့ စက္ခုပသာဒ တိုက်ဆိုင်တဲ့အခါမှာ သညာကို စက္ခုသညာလို့ နာမည်ပေးမလား၊ ဘယ်လိုပေးမလဲ၊ ဥပမာပေးကြတာကတော့ စက္ခုပသာဒကိုတော့ အခံဓာတ်တဲ့၊ ရူပါရုံကိုတော့ အတိုက်ဓာတ်နဲ့၊ အတိုက်ဓာတ်နဲ့-အခံဓာတ်လို့ ဒီလို ဥပမာပေးကြတယ်၊ ရူပါရုံက လာတိုက်တာတဲ့၊ စက္ခုပသာဒကတော့ သွားတိုက်တာ မဟုတ်ဘူးတဲ့။

အဲဒီတော ဘယ်ဘက်ကို လိုက်ပြီးတော့ နာမည်ပေးမလဲဆိုတော့ အဘိဓမ္မာမှာ နာမည်ပေးနည်းက သညာကျတော့ စက္ခုသညာလို့ ဒီလို မပေးဘူး။

ရူပါရုံကို မှတ်တဲ့သညာကို ရူပသညာ၊ သဒ္ဒါရုံကို မှတ်တဲ့သညာကို သဒ္ဒသညာ၊ ဂန္ဓာရုံကို မှတ်တဲ့သညာကို ဂန္ဓသညာ၊ ရသာရုံကို မှတ်တဲ့သညာကို ရသသညာ၊ ဖောဋ္ဌဗ္ဗာရုံကို မှတ်တဲ့သညာကို ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မာရုံကို မှတ်တဲ့သညာကို ဓမ္မသညာ။

အဲဒီတော့ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာ-ဆိုပြီးတော့ ဒီအာရုံဘက်ကို လိုက်ပြီးတော့ သညာ ခြောက်မျိုး ခွဲတယ်။

အဘိဓမ္မာမှာ စာတွေကို လျှောက်ပြီး ကျက်နေယင် အဘိဓမ္မာဟာ တကယ်မတတ်ပါဘူး။ လောကမှာ လူတွေ နာမည်ပေးတာက သိပ်အရုပ်ဆိုးတဲ့ မိန်းမကိုလဲ မချောလို့ မပေးဘူးလား၊ ပေးချင်ပေးတာပဲ။ သိပ်လှတဲ့ မိန်းကလေးကိုလဲ မကျည်းတန်လို့ ပေးချင်ပေးတာပဲ။

**အဘိဓမ္မာမှာ အမည်ပေးနည်း** အဘိဓမ္မာ နာမည်တွေက အဲဒီလို မဟုတ်ဘူး၊ သူ့နာမည်နဲ့ သူ့သဘောတရားနဲ့ လိုက်အောင် ပေးတာပဲ။ ပါဠိလိုတော့ အန္တတ္ထသညာ ခေါ်တာပဲ၊ သူ့နာမည်ရဲ့ အဓိပ္ပါယ်ကို သိလို့ရှိယင် အဓိပ္ပါယ်က ပါပြီးသား ဖြစ်တယ်။

အဲဒီတော့ ရူပါရုံနဲ့ စက္ခုပသာဒနဲ့ တိုက်ဆိုင်တဲ့အခါမှာ ဖဿကတော့ သူတို့ စက္ခုပသာဒကို တိုက်ဆိုင်အောင် လုပ်ပေးလို့ စက္ခုသမ္ဖဿဆိုပြီးတော့ ဒွါရဘက်ကို လိုက်ပြီးတော့ နာမည်ပေးတယ်။

ဝေဒနာကျတော့လဲ စက္ခုဒွါရဘက်က ခံစားချက်ရှိလို့ ဒီဒွါရဘက်ကို လိုက်ပြီးတော့ စက္ခုသမ္ဖဿဇာ ဝေဒနာလို့ ဒီလို နာမည်ပေးတယ်။ သညာကျတော့ စက္ခုသညာလို့ နာမည်မပေးဘဲနဲ့ ရူပသညာလို့ နာမည်ပေးတယ်။ အဲဒီတော့ ရူပသညာဆိုတာက မှတ်တယ်ဆိုတဲ့ သဘောတရားက ဒီ ရူပါရုံဟာ အနီလား၊ အဖြူလား၊ အဝါလားဆိုပြီးတော့ သညာရဲ့ သူ့သဘောတရားက စက္ခုပသာဒဘက်ထက် ရူပါရုံဘက်မှာ ပိုပြီးတော့ အားများနေတယ်။ သူက ရူပါရုံကို အဖြူ အနီ၊ အဝါ၊ အကြောင်-မှတ်ရတာကိုး။ မှတ်ရတော့ အားက အာရုံဘက်ကို များနေတော့ မြတ်စွာဘုရားက သညာကို နာမည်ပေးတဲ့အခါကျတော့ ရူပသညာ-ရူပါရုံကို သူက မှတ်တဲ့ သညာဆိုပြီးတော့ ဒီလို အာရုံဘက်ကို လိုက်ပေးတယ်၊ ဒွါရဘက်ကို မလိုက်ဘူး။ သညာခြောက်မျိုးကို ပြန်ပြီးတော့ ဆိုကြစမ်းပါ-

"ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓာသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ"။

**အဲဒီတော့ ဒီခြောက်မျိုးဆိုတာက အာရုံဘက်ကို လိုက်ပြီးတော့**

ခြောက်မျိုး ခွဲလိုက်တာပဲ။ အမှန်ကတော့ သညာဟာ ခြောက်မျိုးမကပါဘူး တဲ့။

စိတ် ၈၉-ခုမှာ သညာမပါဘဲနဲ့ ဘယ်စိတ်မှ ဖြစ်လို့မရဘူး။ အာရုံရှိမှ စိတ်ရှိတယ်၊ အာရုံမရှိယင် စိတ်မရှိဘူး-ဆိုသလို ဖဿရှိမှ စိတ်ရှိတယ်၊ ဖဿမရှိယင် စိတ်မရှိဘူး။ ဝေဒနာရှိမှ စိတ်ရှိတယ်၊ ဝေဒနာမရှိယင် စိတ်မရှိဘူး၊ **သညာရှိမှ စိတ်ရှိတယ်၊ သညာမရှိယင် စိတ်မရှိဘူး။**

စိတ်ဆိုတာက ဖဿ၊ ဝေဒနာ၊ သညာဆိုတဲ့ ဒီစေတသိက်တွေနဲ့ ကင်းပြီးတော့ စိတ်ချည်းပဲ သက်သက်မှ ဖြစ်လို့ မရဘဲ။ စေတသိက်တွေက လှုံ့ဆော်လို့သာ ဝိုင်းပြီးတော့ အားပေးလို့သာ စေတသိက်တွေရဲ့ အားပေးမှုကြောင့် စိတ်ဆိုတဲ့ သဘောတရားလေးက ဖြစ်လာတာပဲ။

ဒါကြောင့်မို့လို့ ပဋ္ဌာန်းကျတော့ စိတ်နဲ့ စေတသိက်ဆိုတာက ဖြစ်လဲအတူ၊ ပျက်လဲအတူ၊ သူတစ်ခုတည်းဖြစ်နိုင်တဲ့သဘောတရား မရှိဘူး။ အနည်းဆုံး စေတသိက် ခုနစ်ခုတော့ ပါရမှာပဲ။ သညာမရှိဘဲနဲ့ စိတ်မရှိနိုင်တော့ သညာ ၁၂၁-ပါးပဲ။ စိတ်တစ်ထောင်ဆိုယင် သညာတစ်ထောင်ပဲ၊ ဒီအခန်းထဲမှာ လူတစ်ရာရှိတယ်ဆိုလို့ရှိယင် ဆရာမျက်လုံးဟာ သညာပေါင်း ဘယ်လောက်ဖြစ်သွားမတုံး၊ သညာတစ်ရာ ဖြစ်သွားမှာပေါ့။ လူသုံးရာဆိုလို့ရှိယင် သညာသုံးရာ။ သညာဟ လူတစ်ယောက်တည်းမှာတောင်မှ ခေါင်းက မဲနေတယ်၊ အင်္ကျီက နီနေတယ်၊ ထဘီ(ထမိန်)က ဝါနေတယ်ဆိုယင် သညာဘယ်နှစ်မျိုး ဖြစ်သွားမတုံး၊ တစ်ယောက်မှာပဲ သုံးမျိုး ဖြစ်သွားမယ်။ မျက်မှန်တို့ ဘာတို့ တပ်ထားမယ်ဆိုလို့ရှိယင် မျက်မှန်တစ်ခုထဲကိုပဲ ဝါတာက တစ်ခုမှတ်ရတယ်၊ ညိုတာက တစ်ခုမှတ်ရတယ်၊ ဖြူတာက တစ်ခုမှတ်ရတယ်၊ လူတစ်ယောက်ထဲကို ကြည့်လိုက်လို့ရှိယင်ပဲ သညာစေတသိက်တွေ အများကြီး ဖြစ်သွားတာပဲ။ သညာတစ်လုံးတည်းနဲ့ အများကြီးကို မမှတ်နိုင်ဘူးတဲ့။ အနီကို အနီသက်သက် မှတ်တယ်၊ အဖြူကို အဖြူသက်သက် မှတ်တယ်၊ အဝါကို အဝါသက်သက် မှတ်တယ်၊ သညာက များလို့

လူတစ်ယောက်ကို ကြည့်လိုက်လို့ရှိယင် နီတယ်၊ ဝါတယ်၊ ဖြူတယ်၊ အများကြီး သိလာတယ်။ အဲဒီတော့ သညာတွေဟာ မရေမတွက်နိုင်အောင် များသွားတာပေါ့။ သညာကတော့ ဒီလောက်နဲ့ပဲတော်ကြစို့။

**စေတနာစေတသိက်** စေတနာဆိုတာလဲ မြန်မာစကား ဖြစ်နေတာပဲ။ စေတနာကို မြန်မာလိုပြန်တဲ့အခါကျတော့ အဓိပ္ပါယ် နားမလည်တော့ဘူး၊ လူတွေက စေတနာရှိတယ်၊ စေတနာမရှိဘူး။ ဆရာလုပ်ယင် နာ ဘယ်နှစ်နာ ဖြစ်ရမတုံး၊ နာ သုံးနာတဲ့။ နာ သုံးနာက ဘာတွေတုံး၊ စေတနာရယ်, ဝါသနာရယ်, အနစ်နာရယ်။ အနစ်နာလဲ ခံရမယ်တဲ့၊ အတော်ဆိုးတယ်၊ ဆရာ/ဆရာမ လုပ်ရတာ၊ အနစ်နာလဲခံရအုံးမယ်တဲ့၊ စေတနာလဲ ရှိရအုံးမယ်တဲ့၊ ဝါသနာလဲ ပါရအုံးမယ်တဲ့။

ဒီ နာ သုံးနာတောင် မလိုဘူး တစ်နာတည်းဆို ပြီးတာပဲ၊ ဝါသနာ ပါယင် အနစ်နာခံ လုပ်တာပဲ၊ အရေးကြီးတာက ဝါသနာက အရေးကြီးတာပါ။ ဝါသနာပါတယ်ဆိုလို့ရှိယင် စေတနာလဲ ပါတာပဲ။ အနစ်နာလဲ ခံတော့တာပဲ၊ ဝါသနာမပါတာ ခိုင်းယင်တော့ သူက စေနာလဲသိပ်မရှိဘူး၊ အနစ်နာလဲ မခံနိုင်ဘူး။ အဲဒီတော့ အဲဒီစေတနာဟာ မြန်မာစကားဖြစ်နေတယ်။ မြန်မာစကားဖြစ်နေတာကို စေတနာကို စေ့ဆော်မှုကို ဘာသာပြန်တော့ စေ့ဆော်တယ်ဆိုတဲ့ စကားကို မြန်မာတွေက ဘယ်လိုလုပ်နားလည်မလဲ၊ အခုခေတ်လူတွေက စေ့စပ်တယ်ဆိုရင် နားလည်တယ်၊ စေ့ဆော်တယ်ဆိုရင် နားမလည်ဘူး။

နှိုးဆော်မှုဆိုရင် နားလည်တယ်။ နှိုးဆော်တယ်ဆိုတာက အခုအရပ်ထဲမှာ တရားနာကြွကြပါဗျို့၊ သင်တန်းသွားကြပါဗျို့၊ ဒီလိုလိုက်ပြီးတော့ နှိုးဆော်တာကြတော့ နားလည်တယ်။ ရှေးက မြန်မာစကားက နှိုးဆော်တယ်ဆိုတာ စေ့ဆော်တာဘဲ။ ဒါကြောင့်မို့လို့ မြန်မာစကားပေမယ့် မြန်မာအကုန်နားလည်ဖို့ဟာ သိပ်မလွယ်ဘူး၊ အဲဒီတော့ စေ့ဆော်တယ်ဆိုတာ နှိုးဆော်တာပါပဲ။

စေတနာကို ဥပမာပေးကြတာက စစ်တပ်မှာ စစ်ဗိုလ်ဆိုတာက သူကိုယ်တိုင်လဲ သူ့တာဝန်သူလုပ်တယ်၊ တပ်သားတွေကိုလည်း စစ်တိုက်ဖို့ ရာ သူက တိုက်တွန်းတယ်။ အဲဒီတော့ စစ်ဗိုလ်များဟာ ကိုယ်လုပ်ရမယ့် ကိစ္စ၊ ငယ်သားတပည့်တွေ လုပ်ရမယ့် ကိစ္စ နှစ်ခု လုပ်ရသလို စေတနာ ဆိုတာလည်း ဒီလိုပဲ၊ သူလုပ်ရမဲ့ အလုပ်ကိုလည်း စေတနာက လုပ်တယ်၊ ဒ့ိပြင် စိတ်စေတသိတ်တွေကိုလည်း သူက နှိုးဆော်တယ်။ ဒါကြောင့်မို့လို့ စေတနာကို နှိုးဆော်မှုဆိုတော့ နားလည်တယ်မဟုတ်လား။ နှိုးဆော်မှုဆိုရင် ကောင်းတယ်၊ စေ့ဆော်မှုဆိုတာ နားမလည်ဘူး။

တိုက်တွန်းမှုကိုတော့ နားမလည်ဘူးလား၊ တိုက်တွန်းတယ်ဆိုတာ က မလုပ်ချင်တဲ့လူကို လုပ်အောင် သူက တိုက်တွန်းပေးတယ်။ အားပေး တယ်ဆိုယင် တိုက်တွန်းတယ်ဆိုတာလည်း မြန်မာက နားလည်တယ်။

အားထုတ်မှုဆိုတာကော နားမလည်ဘူးလား၊ အားထုတ်တယ်ဆို တာ ကြိုးစားတာပဲ။ အဲဒီတော့ စေတနာကို အားထုတ်တယ်ထိအောင် ပြန် တဲ့အခါကျတော့ နည်းနည်းတောင် သဘောတစ်မျိုး ဖြစ်သွားတယ်၊ နှိုး ဆော်တို့, တိုက်တွန်းတို့ကျတော့ စေတနာက ကိုယ့်ကိစ္စလည်း ကိုယ်လုပ် တယ်၊ သူများတကာလဲ နှိုးဆော်တယ်၊ တိုက်တွန်းတယ်။ အားထုတ်တယ် ဆိုတာကတော့ ကိုယ်ကိစ္စကို ကိုယ်ပြီးအောင် လုပ်တာကို အားထုတ်တယ်ဆို တဲ့ သဘောရတယ်။ ဒီလိုလဲ ဘာသာပြန်ရင်ရပါတယ်။ ဒါပေမဲ့ နည်းနည်း ကျန်သေးတယ်၊ အဘိဓမ္မာမှာ စေတနာရယ်, ကံရယ်, သင်္ခါရရယ်, စေတနာ ရဲ့ အမည်တွေက တော်တော်များတယ်။ နက်ဖြန်ကြမှ ပြောကြစို့၊ ဒီနေ့ တော့ တော်ကြစို့။

"သာဓု သာဓု သာဓု"

* * * * *

# ပို့ချချက် (၂၀)

## (၈-၇-၇၉)

## ကုသိုလ်-အကုသိုလ် ၂-ဘက်ရ စေတသိက်များ

စေတနာ စေတသိက် ရောက်သွားပြီ။ စေတနာကို ကံလို့လဲခေါ်တယ်၊ သင်္ခါရလို့လဲ ခေါ်တယ်။ စေတနာရှိတယ်ဆိုယင် မြန်မာက နားလည်နေတယ်၊ စေတနာရှိတယ်ဆိုတဲ့ စကားလုံးနဲ့ ကံကောင်းတယ်ဆိုတဲ့ စကားလုံးဟာ မြန်မာမှာ နားလည်တာက တစ်မျိုးစီ။ ခင်ဗျား စေတနာရှိသလောက် လှူပါဆိုတော့ စေတနာရှိသလောက်ဆိုရင် သူ့ကို လှူချင်သလောက် လှူခိုင်းတာပဲ၊ ဒီလူကံကောင်းတယ်ဆိုလို့ရှိယင် ကံကောင်းတာက သူ ထီပေါက်တယ်၊ ရာထူးကြီးကြီးရသွားတယ်၊ အဲဒီတော့ အဘိဓမ္မာစကားလုံးတွေက မြန်မာစကားထဲမှာ ရောက်နေတယ်၊ ရောက်နေတော့ အဘိဓမ္မာစကားလုံးတွေကို မြန်မာ**အဘိဓာန်**မှာ ပါဠိတတ်တဲ့လူတွေနဲ့ အဘိဓာန်ကြည့်ပြီးတော့ ရေးလို့မရဘူး။ မြန်မာကတော့ မြန်မာနားလည်သလိုဘဲရေးရတယ်။ အဘိဓမ္မာကျတော့လဲ မြန်မာတွေ နားလည်တဲ့အတိုင်း ပြောရင် မှားကုန်ပြန်ရော။ အဲဒါကြောင့်မို့လို့ မြန်မာမှာ စေတနာရှိတယ်ဆိုတဲ့ စကားနဲ့ ကံကောင်းတယ်ဆိုတဲ့ စကားဟာ တစ်မျိုးစီပဲ။

**စေတနာ, ကံ, သင်္ခါရ-ထူးသလား**

သင်္ခါရဆိုတဲ့ စကားကလဲ မြန်မာနားလည်တာက တစ်မျိုးပဲ၊ သြော်-လူတွေဟာ အကုန်လုံး သင်္ခါရချည်းပဲလို့ ပြောတော့ ပြောကြတယ်၊ အဲဒီသင်္ခါရက စေတနာသင်္ခါရနဲ့ မတူဘူး။ အားလုံး ရှိရှိသမျှ လူတွေဟာ သင်္ခါရပဲလို့ ဒီလိုသုံးလိုက်တော့ ဒီသင်္ခါရက တစ်မျိုးဖြစ်သွားတယ်။ အခုစေတနာရယ်, ကံရယ်, သင်္ခါရရယ် အတူတူပဲဆိုတဲ့ အဘိဓမ္မာ သင်္ခါရက တစ်မျိုးပဲ။ ဒါကြောင့်မို့လို့ စေတနာကို ဆရာ မနေ့က နှိုးဆော်မှုလို့ ဘာသာပြန်တယ်၊ နှိုးဆော်မှုလို့ ဘာသာပြန်တော့ အခုန မြန်မာစကားမှာ

ရှိတဲ့ စေတနာရှိမှ လှူမယ်ဆိုတဲ့ စကားနဲ့ အဓိပ္ပါယ်မတူဘူး။ စေတနာဆိုတာ နှိုးဆော်တဲ့ သဘောတရားပဲ၊ ဘာနဲ့ တူသလဲဆိုတော့ စစ်ဗိုလ်တို့ ခေါင်းဆောင်တို့နဲ့ တူတယ်၊ ခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်ဟာ သူများတကာကိုလဲ လုပ်ဖို့ နှိုးဆော်တယ်၊ သူကိုယ်တိုင်လဲ လုပ်တယ်၊ အဲသလို ကိစ္စနှစ်ခုကို လုပ်တယ်။ ဒါနလုပ်မယ်ဆိုလို့ရှိယင်လဲ စေတနာက သူခေါင်းဆောင်တယ်၊ သူ့ကိုယ်သူလဲ လုပ်အောင် နှိုးဆော်တယ်။

ရှေ့စိတ်ကို နောက်စိတ်က နှိုးဆော်တာပေါ့၊ လှူလိုက်ပါ၊ လှူမှရှိမှ ချမ်းသာတာပဲ၊ အဲဒီတော့ မင်း ချွေးနည်းစာ ခဲခဲယဉ်းယဉ်း ရှာရတာတွေကို မစားပါနဲ့၊ သားသမီးတွေ ဘာတွေကိုလဲ ဘဝသံသရာမှာ ဒီလိုပဲ ကြုံတွေ့ခဲ့ရတာပဲ၊ အဲဒီတော့ လှူလိုက်ပါ၊ ဘယ်သူ့မှ ငဲ့မနေပါနဲ့၊ ကိုယ့်စိတ်ကို ကိုယ်က နှိုးဆော်ပေးတာ။ အဲဒီလို နှိုးဆော်ပေးတဲ့ သဘောကို စေတနာလို့ ခေါ်တယ်။ တိုက်တွန်းတယ်ဆိုတဲ့ စကားနဲ့လဲ ရပါတယ်။ တိုက်တွန်းတယ်ဆိုတာကလဲ ကိုယ်စိတ်ကို ကိုယ်တိုက်တွန်းတာပဲ။ ဘာနဲ့ သွားဆင်သလဲဆိုတော့ စေတနာဟာ စိတ်ပိုင်းမှာ သင်နေတဲ့ သသင်္ခါရိကနဲ့ တူတယ်။ သသင်္ခါရိကမှာ သင်္ခါရ မပါဘူးလား၊ အဲဒီသင်္ခါရနဲ့ ဒီကစေတနာကို သင်္ခါရခေါ်တာ နည်းနည်းတူတယ်။ တိုက်တွန်းတယ်၊ ကိုယ့်စိတ်ကို ကိုယ်နှိုးဆော်ပေးတယ်။ ကိုယ့်စိတ်ကို ကိုယ်ကုသိုလ်ကောင်းမှုလုပ်အောင် တိုက်တွန်းပေးတယ်။ ကုသိုလ်မှ မဟုတ်ပါဘူး၊ အကုသိုလ်အလုပ်လဲ တိုက်တွန်းခဲ့ရတာပါပဲ။ မြန်မာမှာတော့ လှူဆိုတာက စေတနာရှိမှလို့ ကုသိုလ်မှာသာ ပြောတယ်။ အကုသိုလ်မှာလဲ စေတနာ စေတသိက်က ယှဉ်တာပဲ။ ကုသိုလ်မှာလဲ ယှဉ်တယ်၊ အကုသိုလ်မှာလဲ ယှဉ်တယ်။ အကုသိုလ်လုပ်တဲ့ အခါမှာလဲ ဒီစေတနာရှိမှ၊ စေတနာက တိုက်တွန်းလို့ လုပ်တာကိုး၊ မင်းလုပ်သာ လုပ်ပါကွာ။ ဗုဒ္ဓဘာသာမှာ ပါဏာတိပါတာ ဝေရမဏီတွေ ဘာတွေ ညာတွေဟာ အလကားသက်သက် ပြောတာပါ။ ကိုယ့်စိတ်ကို ကိုယ်တိုက်တွန်းပေးတာပဲ။ တိုက်တွန်းပေးမှ လူဟာ သတ်တာပဲ၊ သူများပစ္စည်းခိုးတာလဲ အဒိန္နာဒါနာ ဝေရမဏီတွေ ဘာတွေ လုပ်မနေပါနဲ့ကွာ၊ ခိုးသာ

A1

ခိုးပါဆိုတာ ကိုယ့်စိတ်ကို ကိုယ်တိုက်တွန်းပေးတာပဲ။ ဘယ်သူက တိုက်တွန်းပေးတာလဲဆိုတော့ စေတနာ။ စေတနာက သူက တိုက်တွန်းပေးတော့ စေတနာ တစ်ခုတည်း ဖြစ်တာမဟုတ်ဘူး။ သူ့မှာ ကျန်တဲ့စိတ်တွေ စေတသိက်တွေကိုလည်း သူက တိုက်တွန်းပေးတာပဲ။ အဲဒါကြောင့်မို့လို့ ဒီစေတနာကို တိုက်တွန်းတယ်လို့ ဒီလို ဘာသာပြန်ပေးလို့လဲ ရတယ်၊ ဒါ အဘိဓမ္မာနည်း။

မြန်မာနားနဲ့ ကြည့်ရင်တော့ နှိုးဆော်တာတို့ တိုက်တွန်းတာတို့က မြန်မာမှာ သုံးနေတဲ့ စေတနာနဲ့တော့ မကိုက်ဘူး။

တစ်ခါ စေတနာကို အားထုတ်မှုလို့ ဒီလိုဘာသာပြန်မယ်ဆိုလို့ ရှိယင် ဒါ သင်္ခါရကို ကြည့်ပြီးတော့ စေတနာကို အားထုတ်မှုလို့ ပြန်တာကိုး။ စေတနာကို နောက် ထပ်ပြီးတော့ ဘာသာပြန်ချင်သေးယင် အားထုတ်မှုအပြင် စီမံမှု, ဖန်တီးမှုလို့ ပြန်နိုင်တယ်။ စီမံတယ်ဆိုတာက အခုန နှိုးဆော်သလိုပါပဲ။ ဒါနပဲလုပ်လုပ်၊ အကုသိုလ်တစ်ခုခုပဲလုပ်လုပ်၊ စေတနာက သူက စီမံတာကိုး။ စေတနာ စီမံလို့ ဒီကုသိုလ်, အကုသိုလ်တွေ လုပ်တော့ စီမံမှုလို့လဲ ပြန်နိုင်တာပါပဲ။ ဖန်တီးတယ်ဆိုတာကတော့ နောက်ထပ် မြန်မာစကားတစ်ခု။ အလုပ်တစ်ခုခုကို ဖြစ်အောင် ဖန်တီးလိုက်တယ်ဆိုရင် စေတနာက ခေါင်းဆောင်ပြီးတော့ ဖန်တီးလိုက်တာပဲ၊ ဒါကြောင့်မို့လို့ အဘိဓမ္မာမှာ ဒီစေတနာဟာ သိပ်ပြီးတော့ အသုံးများတယ်၊ ဒါကြောင့်မို့လို့ ဒီ သင်္ခါရကို စီမံတယ်၊ ဖန်တီးတယ်၊ ပြုပြင်တယ်၊ အားထုတ်တယ်၊ ဒီလို ပြန်ကြတယ်။ ဒါက စေတနာရယ်၊ ကံရယ်၊ သင်္ခါရရယ် တူတဲ့နေရာမှာ သုံးပုံတွေပဲ။

တစ်ခါ ဘုရားက ဘယ်လိုဟောပြန်သလဲဆိုတော့ "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"တဲ့။ အဓိပ္ပါယ်က စေတနာကို ကံလို့ ငါဘုရားဟောတော်မူတယ်တဲ့။ ကဲ-ဆိုကြည့်ကြစမ်းပါ--

"စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"

အဓိပ္ပါယ်က "စေတနာကို ကံ-ဟု ငါဘုရား ဟောတော်မူတယ်။ စေတနာကိုပဲ ကံလို့ ငါဘုရားဟောတော်မူတယ်။" အဲဒီတော့ ဒီပါဠိကို ဒီလိုပြန်လိုက်တဲ့အခါကျတော့ စေတနာကို ကံ-လို့ ငါဘုရားဟောတော်မူတယ်ဆိုတော့ စေတနာနဲ့ ကံနဲ့အတူတူပဲဆိုတဲ့ အဓိပ္ပါယ်ရောက်သွားတယ်။ တစ်ခါ စေတနာနဲ့ ကံနဲ့ တူတယ်ဆိုပေတဲ့ မတူတဲ့နေရာကျတော့ မတူဘူး။ ဘာဖြစ်လို့ မတူသလဲဆိုတော့ စေတနာဆိုတာက အလျင်ဖြစ်တာ၊ ကံဆိုတာက နောက်မှ ဖြစ်တာ၊ ဒီလိုလဲရှိတယ်။

အဓိပ္ပါယ်တစ်ခု- ကုသိုလ်လုပ်တယ် ဆိုပါတော့၊ ကုသိုလ်လုပ်တဲ့ အခါကျတော့ စေတနာက ကုသိုလ်မှ ဖြစ်သလား၊ ရှင်ပြုမယ်ဆိုပါတော့ ရှင်ပြုတော့မယ်ဆိုလို့ရှိယင် ၁-လ၊ ၂-လ၊ ၆-လလောက်က စပြီးတော့ ငါတို့ သားသမီးတွေကို ရှင်ပြုတော့မယ်လို့ စေတနာက ပထမ အစောကြီးထဲက မဖြစ်ဘူးလား၊ စေတနာက အစောကြီးထဲက ဖြစ်တယ်။ အဲဒီစေတနာကို ဘာစေတေနာလို့ ခေါ်သလဲ၊ ပုဗ္ဗစေတနာလို့ ခေါ်တယ်။

ပုဗ္ဗစေတနာဆိုတာ မလှူမီ ရှေ့အဖို့ထဲက နေပြီးတော့ ဖြစ်နေတဲ့ စေတနာကို ပုဗ္ဗစေတနာ။ လှူမယ်၊ လှူမယ်၊ လှူမယ်ဆိုတဲ့ အဲသလိုဖြစ်နေတဲ့ စေတနာကလဲ ပဋိသန္ဓေ အကျိုးမပေးပေတဲ့ မလှူရသေးပေမဲ့ လှူမယ်လို့ စေတနာ ဖြစ်နေတယ်ဆိုယင် ပဝတ္တိအကျိုးကိုတော့ ပေးတယ်။

တစ်ခါ အဲသလို ဖြစ်လာပြီးတော့ ရက်စေ့လာတဲ့အခါကျတော့ သားတွေ၊ သမီးတွေ မဏ္ဍပ်ကြီး ထိုးပြီးတော့ ရှင်ပြုတယ်။ အဲဒီရှင်ပြုတဲ့အခါမှာ အလှူနေ့မှာဖြစ်တဲ့ စေတနာကျတော့ ဘာစေတနာလို့ ခေါ်တုံး။ မုဉ္စစေတနာ။

မုဉ္စစေတနာဆိုတာက လှူဆဲအခါမှာ, အလှူနေ့မှာ တစ်ခါထဲ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးတော့ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်ပြီးတော့ နေတာဟာ မုဉ္စစေတနာ။ အဲဒီ မုဉ္စစေတနာကတော့ သူပဋိသန္ဓေအကျိုးကို ပေးတယ်။ သူက တကယ်

လှူတာကိုး၊ ပုဗ္ဗစေတနာကတော့ တကယ် မလှူသေးတော့ ပဋိသန္ဓေအကျိုးတော့ မပေးနိုင်ဘူး။ တကယ် လှူချမ်းသာ နတ်ချမ်းသာ အကျိုးပေးနိုင်တာကတော့ မုဉ္စစေတနာ။ တကယ်လှူတဲ့စေတနာမှ အကျိုးပေးတာကိုး။

အဲဒီတော့ မုဉ္စစေတနာ လှူပြီးတဲ့အခါကျတော့ ရှင်သာမဏေတွေ၊ ရဟန်းတော်တွေကို တွေ့ရတဲ့အခါတို့၊ ဒီရှင်ပြုတဲ့ ကုသိုလ်ကို လူတွေ့တိုင်း လူတွေ့တိုင်း ပြောရတာတို့၊ ပရိသတ်တွေက ဘယ်လောက်လာကြတယ်၊ ဘုန်းကြီးတွေက ဘယ်ဘုန်းကြီးတွေ၊ ဘယ်ဆရာတော်တွေ ကြွလာတယ်။ အဲဒီအလှူနေ့မှာ ဘာတွေ ကျွေးတယ်ဆိုပြီးတော့ ဝမ်းမြောက် ဝမ်းသာ လူလာတိုင်း လာတိုင်း ပြောပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ စေတနာက ဘာစေတနာခေါ်တုံး၊ အပရ စေတနာ။

အဲဒီတော့ အလှူလှူတဲ့အခါမှာ စေတနာသုံးတန် ပြဋ္ဌာန်းရမယ်ဆိုတော့ အပရစေတနာ ဆိုတာကတော့ လှူပြီးတဲ့နောက်မှ မသေမချင်း သူကဖြစ်လို့ရတာကိုး။

ဒါကြောင့်မို့လို့ စေတနာ သုံးတန် ပြဋ္ဌာန်းပြီးတော့ လှူတယ်။ စေတနာ သုံးတန် ပြဋ္ဌာန်းပြီးတော့ လှူကြပါလို့ဆိုတာက တချို့တလေကတော့ လှူတော့လှူတယ်၊ ပုဗ္ဗစေတနာမရှိတဲ့ အလှူမျိုးလဲ ရှိတယ်။ မုဉ္စစေတနာသာဖြစ်တယ်။ တချို့တလေကတော့ မုဉ္စစေတနာ လှူတုန်းတော့ ကုသိုလ်ဖြစ်လိုက်တာပဲ။

လှူပြီးတဲ့နောက်ကျတော့ ဒီအလှူကို အကြောင်းပြုပြီးတော့ ဘုန်းကြီးလှူမိတယ် ဆိုလို့ရှိယင်လဲ ဒီဘုန်းကြီးက ဗရုတ်သုတ်ခဖြစ်လို့ စိတ်မကောင်းခြင်း ဖြစ်ရတာတို့၊ ကျောင်းဆောက်မိလို့ ရှိယင်လဲ ဒီကျောင်းမှာ ဘုန်းကြီးတွေမတည့်လို့, ဘာဖြစ်လို့ အဲဒီလို အပရစေတနာကျတော့ ပျက်ချင် ပျက်တော့တာပဲ။ သို့သော် မုဉ္စစေတနာကတော့ ကုသိုလ်ရတာပဲ။

**စေတနာမရှိဘဲကံမြောက်နိုင်သလား**

အဲဒီတော့ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာလို့ စေတနာ သုံးတန် ဖြစ်တဲ့အခါမှာ-

**မုဥ္စစေတနာ**–အလှူလုပ်တဲ့ လှူဆဲအခါမှာသာ တကယ် ဒါနမြောက် တယ်။ ကံဆိုတာက တကယ်လုပ်လိုက်မှ ကံမြောက်တယ်။ အဲဒီတော့ စေတနာရှိပေတဲ့ ကံမြောက်မှ ကုသိုလ်ဖြစ်တယ်။ စေတနာတော့ ဖြစ်တော့ ဖြစ်နေတယ်၊ ပုဗ္ဗစေတနာက လှူချင်တယ်၊ လှူချင်တယ်၊ ငါ လှူချင်လိုက်တာ၊ လှူချင်လိုက်တာ၊ လှူချင်လိုက်တာ ဆိုပြီးတော့ တစ်ခါမှလဲ လှူလဲမလှူဖြစ်ဘူး၊ အဲဒီလူ ဒါနကုသိုလ် မြောက်ပါ့မလား၊ လှူချင်တယ်လို့ စိတ်ထဲမှာ စေတနာ ဖြစ်နေရုံနဲ့ ဒါနကုသိုလ်မြောက်ပါ့မလား၊ တကယ်လှူမှပဲ ကံက မြောက်မှာ ပေါ့။ အဲဒီတော့ စေတနာနဲ့ ကံနဲ့က တကယ်လှူမှ ကံကမြောက်တယ်၊ တကယ်မလှူဘဲနဲ့ စေတနာ ဖြစ်နေရုံနဲ့တော့ ဒီကုသိုလ် ကံမမြောက်ဘူး။

အကုသိုလ်ကံမှာလဲ ဒီအတိုင်းပါပဲ။ အကုသိုလ်ကံမှာလဲ ဒီကောင်ကို ငါ သတ်ချင်တယ် သတ်ချင်တယ်လို့ ပုဗ္ဗစေတနာကတော့ သတ်ချင်တဲ့ စေတနာတွေ ဖြစ်နေတယ်။ အဲဒီလို လူတစ်ယောက်ကို သတ်ချင်တာနဲ့ပဲ အကုသိုလ်ကံ မြောက်သွားသလား၊ မမြောက်သေးဘူး၊ ဟုတ်လား။ ဘယ် ကျမှ အကုသိုလ်ကံက မြောက်သလဲ၊ သတ်မှပဲ အကုသိုလ်ကံက မြောက်တယ်။ အဲဒါကြောင့်မို့လို့ သတ်ချင်တယ်ဆိုတဲ့ ပုဗ္ဗစေတနာမျိုးဟာ စေတနာလို့ပဲ ခေါ်နိုင်တယ်တဲ့။ ကံလို့ မခေါ်နိုင်ဘူး။ တကယ် သတ်တဲ့အခါကျမှ ကံ မြောက်တယ်လို့ ခေါ်နိုင်တယ်။ မလုပ်မီ ပထမဖြစ်နေတာက ပုဗ္ဗစေတနာက စေတနာပဲ၊ တကယ်လုပ်မှ ကံလို့ခေါ်နိုင်တယ်။ အဲဒီတော့ စေတနာသုံးတန် ဆိုစမ်းပါ–

"ပုဗ္ဗစေတနာ၊ မုဥ္စစေနတာ၊ အပရစေတနာ"

စေတနာ ကံ ဘိက္ခဝေ ကမ္မံ ဝဒါမိ ဆိုတဲ့ ပါဠိမှာ စေတနာကိုပဲ ကံလို့ ငါဘုရား ဟောတယ်လို့ ရိုးရိုးဘာသာပြန်ကြတယ်။ တစ်နည်း ဘာသာပြန်ရမယ်ဆိုယင် "စေတနာရှိမှ ကံမြောက်တယ်လို့ ငါဘုရား ဟောတော်မူတယ်။ ဒါ ခုနပြောတဲ့ စေတနာရှိမှ ကံမြောက်တယ်။ စေတနာ မရှိယင် ကံမမြောက်ဘူး။

**စေတနာရှိမှ ကံမြောက်ပုံ နောက်ခံသမိုင်း** အဲဒါရဲ့ နောက်ခံသမိုင်းကြောင်းကို ပြောရယင် ခု သင်္ဂါယနာတင်တာ ဘယ်နှစ်ကြိမ်ရှိပြီတုံး၊ ဆဋ္ဌသံဂါယနာဆိုတော့ ခြောက်ကြိမ်။ သာသနာ အခု နှစ်ထောင့်ငါးရာကျော်နေပြီနော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတော့ အနှစ်သုံးရာလောက်ပဲရှိသေးတဲ့ တတိယ သင်္ဂါယနာမှာ ရဟန္တာတွေ ရှိသေးတယ်။ အဲဒီခေတ်မှာ သာသနာက သိပ်ပြီးတော့ ထွန်းကားတာ။ သာသနာက သိပ်ပြီးတော့ ထွန်းကားတဲ့အခါကျတော့ ဒီ ဗုဒ္ဓဘာသာ သာသနာ့ဘောင်မှာ ဂိုဏ်းအမျိုးမျိုးက လူအမျိုးမျိုးတွေက ရဟန်းပြုကြတယ်။

အဲဒီတော့ ဘုရားသာသနာကို တကယ် မကြည်ညိုဘဲနဲ့ တကယ်ယုံကြည်ချက် သဒ္ဓါမရှိဘဲနဲ့ သဒ္ဓါပဗ္ဗဇိတ မဟုတ်ဘဲနဲ့ သာသနာမှာ လှူဒါန်းတဲ့ ကျွေးမွေးတဲ့လူတွေ ပေါတာနဲ့ သင်္ကန်းဝင် ဝတ်ကြတယ်၊ သင်္ကန်းဝင် ဝတ်တဲ့အခါကျတော့ ရဟန်းတော်တွေ သိပ်များပြီး ဂိုဏ်းတွေ ပွေရှုပ်ပြီးနေ တော့ ရဟန်းကောင်း အရှင်မြတ်တွေက ခုနလို ရဟန်းမဟုတ်ဘဲနဲ့ သင်္ကန်း ဝတ်ပြီးတော့ နေတဲ့ ရဟန်းတု ရဟန်းယောင်တွေနဲ့ ဥပုသ်မပြုနိုင်ဘူး။

သံဃာဆိုတာက အကုန်လုံး စည်းဝေးပြီးတော့ ဥပုသ်ပြုရတယ်၊ ဥပုသ်ပြုတယ်ဆိုတာက ဘုရားရဲ့ ပညတ်ချက် ဥပဒေတွေ ရွတ်ဖတ်ကြတာပါပဲ။ ဘာမလုပ်ရဘူး ဘာလုပ်ရမယ်ဆိုတဲ့ အဲဒီလို ၂၂၇-သွယ်သော ဥပဒေတွေကို ရွတ်ဖတ်ကြတာကို ဥပုသ်ပြုတယ်လို့ဆိုတယ်။ အဲဒီလို ဥပုသ်ပြုရမယ်ဆိုတဲ့ မြတ်စွာဘုရားရဲ့ ပညတ်ချက်ကတော့ ဥပုသ်ပြုတဲ့အခါမှာ ဒီ သိမ် တစ်သိမ်ထဲမှာဆိုလို့ရှိယင် ရဟန်းမဟုတ်တဲ့ ရဟန်းယောင်ဆောင်နေတဲ့ ရဟန်းအတုအယောင်တွေ ပါနေတယ်ဆိုလို့ရှိယင် ဒီ ရဟန်းကောင်းတွေက ကံအတူတူ မဆောင်ကောင်းဘူး၊ ဘာပြစ်လို့တုံးဆိုတော့ ရဟန်းမဟုတ်ဘဲနဲ့ ရဟန်းတု ရဟန်းယောင်တွေ ပါနေယင် ကံမဆောင်ရဘူးလို့ ပညတ်ချက်က ရှိတာကိုး။ ကံမဆောင်ကောင်းတော့ ဝိနည်းကိုလေးစားတဲ့ ရဟန်းကောင်း ရဟန်းမြတ်တွေက ရဟန်းတုတွေနဲ့ အတူတူ ဥပုသ်မပြုကြဘူး။

ဥပုသ်မပြုဘူးဆိုတဲ့ အဓိပ္ပါယ်က သံဃာတွေ မတည့်ဘူးပေါ့၊ သံဃာတွေ မညီမညွတ်ဘူးဆိုတဲ့ အဓိပ္ပါယ် ရောက်နေတာပေါ့။ သံဃာတွေ အချင်းချင်း ဂိုဏ်းတွေ အမျိုးမျိုး ဖြစ်နေကြတယ်၊ မတည့်ကြဘူးဆိုတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ အဲဒီခေတ်က မင်းကလဲ သာသနာရဲ့အကြောင်း၊ ဝိနည်းတွေ ဘာတွေ အကြောင်း မသိဘူး။ သူသိတာကတော့ သံဃာတွေ ညီညီညွတ်ညွတ် နေစေချင်တယ်၊ ဥပုသ်ပြုတယ်ဆိုယင် သံဃာတွေ ညီညွတ်တာပဲ၊ ဥပုသ်မပြုကြဘူးဆိုယင် မညီညွတ်ဘူး၊ မညီညွတ်တာကို မင်းက မလိုချင်ဘူး၊ ညီညီညွတ်ညွတ်ပဲ သံဃာတွေ နေစေချင်တယ်။

အဲဒါကြောင့်မို့လို့ သာသနာရေးဘက်က မင်းမှုထမ်းတစ်ယောက်ကို ဒီသံဃာတွေကို ညီညီညွတ်ညွတ် ဥပုသ်ပြုပါလို ရှင်ဘုရင့်အမိန့်နဲ့ ဥပုသ်ပြုခိုင်းတယ်။ အဲဒီခေတ် ဥပဒေက မင်းအမိန့်ကို မနာခံယင် ဘာမှ အထူးတလည် စစ်ဆေးနေစရာမလိုဘူး။ မင်းအမိန့် မနာခံတဲ့ လူကို သန်လျက်နဲ့ ခေါင်းကို ဖြတ်တာပဲ။ အခုခေတ် စစ်ဥပဒေနဲ့ ခပ်ဆင်ဆင်ပေါ့။

**ရဟန်းကောင်းအရှင်မြတ်တို့ ခေါင်းဖြတ်ခံရတာ ဘယ်ခေတ်ကလဲ**

အဲဒီတော့ မင်းမှုထမ်းအရာရှိကသူက အကုန်လုံးသံဃာတော်တွေ အစည်းအဝေးကြီးခေါ်ပြီး အရှင်ဘုရားတို့အားလုံး ညီညီညွတ်ညွတ် ဥပုသ်ပြုကြပါ၊ ဘုရင်အမိန့်တော်ဆိုတော့ ရဟန်းကောင်း ပုဂ္ဂိုလ်တွေက တို့ မပြုနိုင်ဘူးတဲ့။ ကဲ–မပြုနိုင်ဘူးဆိုလို့ရှိယင်တော့ ဒါ မင်းရဲ့အမိန့်ပဲ၊ တပည့်တော်တို့ရဲ့ ဝတ္တရားကတော့ ဥပုသ်မပြုဘူးလား၊ မပြုတဲ့ကိုယ်တော် ခေါင်းဖြတ်ရုံပဲ။ အဲဒီလို ပြောပြီး ထိပ်တန်းကိုယ်တော်ကြီးတွေကနေပြီးတော့ ခေါင်းတွေဖြတ်တော့ ရဟန်းကောင်း အရှင်မြတ်တွေဟာ အကုန်လုံး ဇက်စင်းပြီး ခံကြတာပဲ။ အဲဒီအထဲမှာ ရဟန္တာတွေလဲ ပါတာပဲ၊ ရဟန္တာ ပုဂ္ဂိုလ်တွေကျတော့ သူတို့က သေရမှာကြောက်တာမှမဟုတ်ဘဲ၊ သေတာတွေ ခေါင်းပြတ်တာတွေ သူတို့က ဘာမှကြောက်တဲ့ ပုဂ္ဂိုလ်တွေမှ မဟုတ်ဘဲ။ ရဟန္တာဆိုတာ လောကဓံနဲ့ တွေ့ပေမဲ့ မတုန်လှုပ်ဘူးပေါ့၊ သို့သော် ရဟန္တာတွေကသာ မတုန်လှုပ်ဘူးလား

ဆိုတော့ အဲဒီအထဲမှာ သောတာပန်၊ သကဒါဂါမ်၊ ဒိုပြင် ပုထုဇဉ်ရဟန်းတွေလဲ ပါတာပဲ။ ဒါပေမဲ့ အကုန်လုံး ဇက်စင်းခံကြတာပဲ။

**ရှေးက မြန်မာကြီးတွေ ဘာ့ကြောင့် သေရဲတာလဲ**

ဒါကြောင့်မို့လို့ "ရဲသော်မသေ သေသော် ငရဲမလား"။ ဆိုတာဟာ အခုခေတ်ကျတော့ "ရဲဘော်မသေ သေသော် ငရဲမလား" ဖြစ်နေတယ်။ အဓိပ္ပါယ်ကတော့ "ရဲသော် မသေ သေသော် ငရဲမလား"ဆိုတာ ရဲတဲ့လူဟာ ဘယ်တော့မှ မသေဘူးတဲ့၊ ရဲတဲ့လူဟာ သူက တုန်မှ မတုန်လှုပ်ဘဲနဲ့။ ရဲတော့ ဘာဖြစ်သလဲ၊ ဟော့-ဆိုယင် သူက သတ္တိရှိတော့ ရဲတယ်၊ ရဲတော့ သူက လုပ်စရာရှိတာ အကုန်လုံး အဆင်သင့် လုပ်ထားတာ။ ကြောက်တဲ့ လူတွေသာ သေတယ်၊ သူက မသေဘူး၊ ရဲတော့ မသေဘူး။ အဓိပ္ပါယ်တစ်ခု-ရဲတဲ့လူဟာ အကယ်၍ သေသွားလို့ရှိယင်လဲ ငရဲမလားဘူးတဲ့၊ ဘာဖြစ်လို့ သူက သေရဲတာတုံး၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ရှေးခေတ်တုန်းက အင်မတန် သတ္တိကောင်းတယ်၊ မြန်မာလူမျိုးဟာ အင်မတန် သတ္တိကောင်းတယ်၊ ဘာဖြစ်လို့ သတ္တိကောင်းတာတုံး၊ ဘာဖြစ်လို့ သေရဲတာတုံး။ ရှေးက ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက မကောင်းဘူးဆိုတဲ့ အလုပ်ကို သူတို့က ဘာမှမလုပ်ဘူး။ မကောင်းတာ မလုပ်ဘဲနဲ့ ကောင်းတာချည်းပဲ လုပ်တဲ့လူဟာ သေယင် ဘယ်ရောက်မတုံး၊ နတ်ပြည်ရောက်ယင် ရောက်မယ်၊ လူ့ပြည်ရောက်ယင်လဲ အထက်တန်းစားလူဖြစ်ယင်ဖြစ်မယ်။ အဲဒီတော့ သူဟာ ရာထူးတက်သွားတာပဲ မဟုတ်လား။ သူ့အတွက်သေတယ်ဆိုတာ ရာထူးတက်သွားတာပဲ။ လက်ရှိဘဝထက် တစ်ဆင့်တက်သွားတာပဲ။ နတ်ပြည်အထက် တက်သွားလို့ ရှိယင်လဲ နတ်သမီးတွေနဲ့ နေရမှာကိုး။ လူ့ပြည်ဆိုလို့ရှိယင် တကယ်ချမ်းသာ တဲ့လူ ဖြစ်မှာကိုး။

အဲဒီတော့ ဗုဒ္ဓဘာသာက နဂိုက သိပ်သေရဲတာ၊ အဲဒီခေတ်က လူတွေတောင်မှ သေရဲတော့ ရဟန်းတော် အရှင်မြတ်တွေဆိုတော့ သိပ်သေရဲတာပေါ့။ တစ်ခါထဲ ခေါင်းတွေဖြတ်လိုက်တာ အကုန်လုံး ဇက်စင်းခံကြတာပဲ၊ ဘာမှ ပြန်မလုပ်ဘူး။

**ရဟန်းကောင်းတွေ သတ်မိတာမှားကုန်ပါပြီ** ဒီလို အစဥ်အတိုင်း ဖြတ်လာလိုက်တာ ဘယ်ရောက်လာလဲဆိုတော့ ရဟန်းကောင်း အရှင်မြတ်တွေထဲမှာ အိမ်ရှေ့မင်းသားဘဝနဲ့ ရဟန်းပြုတဲ့ ရဟန်းတစ်ပါးပါတယ်။ အဲဒီတော့ အိမ်ရှေ့မင်းသား ရဟန်းအလှည့်ကျတဲ့အခါကျတော့ သူတို့ ခေါင်းဖြတ်ရမှာ ဝန်လေးနေတယ်။ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီခေတ်က မင်းညီမင်းသားဆိုယင် လက်နက်နဲ့ သတ်ဖို့လို့ ဥပဒေမရှိဘူး။ ဘယ်လောက် အပြစ်ရှိရှိ မင်းညီမင်းသားကို လက်နက်နဲ့ သတ်ဖို့ ထုံးစံမရှိဘူး။ ထုံးစံမရှိတော့ သူတို့ဘာမှ မလုပ်တတ်ဘူး။ အိမ်ရှေ့မင်း ရဟန်းတော်ကလဲ ဇက်စင်းပေးတာပဲ။ စင်းပေးပေတဲ့ သူကိုတော့ မဖြတ်ရဲဘူး။ ဘယ့်နဲ့ လုပ်မလဲဆိုပြီးတော့ ဘုရင့်ဆီ အမိန့်ခံတဲ့အခါကျတော့ ဘုရင်က ဟာ--ဒုက္ခတော့ ရောက်ကုန်ပါပြီ၊ မှားတော့ကုန်ပါပြီ၊ ငါ ရဟန်းတွေကို ဥပုသ် အပြုခိုင်းတာ၊ ဒီလိုလုပ်ခိုင်းတာမှ မဟုတ်ဘဲဆိုပြီး ရှင်ဘုရင်ဟာ တော်တော်လေး တုန်လှုပ်ပြီး စိတ်မချမ်းမသာ ဖြစ်သွားရာတယ်။

**သတ်မိတာ ဘယ်သူ့အပြစ်လဲ** သူ့ရဲ့ စိတ်မချမ်းသာမှု ပြေပျောက်ရန် ရဟန်းကောင်း အရှင်မြတ်တွေထံ ဒီရဟန်းတော်တွေ သတ်တဲ့အပြစ်ဟာ ရှင်ဘုရင်မှာ အပြစ်ရှိသလား–မရှိဘူးလားလို့ လျှောက်ထားတယ်။ ဒီလို ရဟန်းပညာရှိတွေကို လျှောက်ထားတဲ့အခါကျ တော့ တချို့တလေ ရဟန်းတွေကတော့ ဟာ ရှင်ဘုရင်မှာ အပြစ်မရှိပါဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဘုရင်က သတ်ခိုင်းတာမှ မဟုတ်ဘဲနဲ့၊ ဥပုသ် ပြုခိုင်းတာပဲတဲ့။ တချို့တလေ ရဟန်းတွေကျတော့ မင်းမှုထမ်းဆိုတာက သူက အမိန့်တော်အတိုင်းလုပ်ရတာ သူ့မှာ ဘာမှ အပြစ်မရှိဘူး၊ အမိန့်တော် နာခံပြီးတော့ ဝတ္တရားအတိုင်းလုပ်တာ၊ အပြစ်က ရှင်ဘုရင်မှာသာ ရှိတာတဲ့။ အဲဒီလို ဆုံးဖြတ်တဲ့အခါကျတော့ ပြဿနာက မပြေလည်ဘဲ ဖြစ်သွားတယ်။ တချို့တလေက အပြစ်ရှိတယ်၊ တချို့တလေက အပြစ်မရှိဘူး။

အဲဒီအခါမှာ ရှင် မဟာမောဂ္ဂလိပုတ္တတိဿဆိုတဲ ရဟန္တာအရှင် မြတ်ဟာ တောထဲတောင်ထဲမှာ ရှိတယ်၊ အဲဒီ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ က ဒီပြဿနာကို ဖြေရှင်းနိုင်တော့ တချို့တလေ ပညာရှိရဟန်းတွေက အကြံပေးတာနဲ့ ရှင်ဘုရင်ဟာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကို ပင့်တယ်။

ရှင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် ပင့်လာပြီးတော့ ပထမဦးဆုံး ရှင်မဟာမောဂ္ဂလိပုတ္တတိဿ က ဒီပြဿနာကို မဖြေခင် ရှင်ဘုရင်ကို နန်းတော်ထဲမှာပဲ ဗုဒ္ဓဘာသာတရားကို (၇)ရက် သင်ပေးတယ်။

အခု ဆရာတို့ လေးလ သင်တန်းဆိုယင် တစ်ပတ်ကိုနှစ်ရက် တစ်လကို ရှစ်ရက်၊ ၈+၄=၃၂ နာရီတောင် သင်တာပဲ။ ရှင်ဘုရင်ကတော့ ၇–ရက်တည်း သင်တယ်။ ဘယ်လိုဟာ ဗုဒ္ဓဘာသာ၊ ဘယ်လိုဟာ ဗုဒ္ဓဘာ သာ မဟုတ်ဘူးဆိုတာ ၇–ရက် သင်ပေးပြီးတော့ ဒီပြဿနာကို ရှင်မဟာ မောဂ္ဂလိပုတ္တတိဿက ဘုရားဟောဖြစ်တဲ့ "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဒါကိုကြည့်ပြီးတော့ ဆုံးဖြတ်တာပဲ။

လူတစ်ယောက်ကို သတ်တယ်ဆိုလို့ရှိယင် သေစေလိုတဲ့ စေတနာရှိမှ သာ ပါဏာတိပါတ ကံမြောက်တယ်၊ စေတနာမရှိယင် ကံမမြောက်ဘူး ဆိုပြီးတော့ တတိယ သင်္ဂါယနာမှာ စေတနာနဲ့ ကံနဲ့ မတူတဲ့အကြောင်း၊ စေတနာရှိမှ ကံမြောက်တယ်၊ စေတနာမရှိယင် ကံမမြောက်ဘူးဆိုပြီး အဲဒီ လို ဆုံးဖြတ်တယ်။

ဒါကြောင့်မို့လို့ စေတနာနဲ့ ကံနဲ့ဟာ တူတယ်ဆိုတာ အဘိဓမ္မာမှာ အရတူတာ ပြောတာ။ အရတူပေမဲ့ စေတနာနဲ့ ကံနဲ့ဟာ နည်းနည်း ကွဲ ပါတယ်။ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ စေတသိက်တွေထဲက ဘာ စေတသိက်လဲ၊ စေတနာ အရကောက်တာပဲ။ ပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရမှာ သင်္ခါရဆိုတာလဲ စေတနာကို အရကောက်တာပဲ။ အရတူလို့ စေတနာရယ်, ကံရယ်, သင်္ခါရရယ်–တူတယ်လို့ပြောတာ၊ နည်းနည်းတော့

ကွဲတယ်ဆိုတဲ့အကြောင်း နည်းနည်းသိအောင် ဒီသမိုင်းကြောင်းကို အကျဉ်းချုပ် ထုတ်ပြောတာပါပဲ။

**စေတနာသင်္ခါရ** ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဆိုတော့ အဲဒီ သင်္ခါရကျတော့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာတိသင်္ခါရ-လို့ ဒီလို သုံးမျိုးလာတယ်။

အဲဒီတော့ ပုညာဘိသင်္ခါရက လောကီကုသိုလ်စေတနာပဲ။ ကာမာဝစရကုသိုလ်နဲ့ ရူပကုသိုလ်ပေါ့။ အဲဒီကုသိုလ်စေတနာကိုပဲ ပုညာဘိသင်္ခါရ လို့ ခေါ်တယ်။

အပုညာထိသင်္ခါရကတော့ အကုသိုလ်စိတ် ၁၂-ခုမှာရှိတဲ့ စေတနာကို အပုညာဘိသင်္ခါရ ခေါ်တယ်။

အာနေဉ္ဇာဘိသင်္ခါရဆိုတာက အရူပကုသိုလ်လေးခုမှာ ယှဉ်တဲ့ စေတနာကို အာနေဉ္ဇာဘိသင်္ခါရ ခေါ်တယ်။ အဲဒီသင်္ခါရကျတော့လဲ စေတနာပဲ။ သဗ္ဗေ သင်္ခါရာ အနိစ္စာက သင်္ခါရ မဟုတ်ဘူး။

အဲဒီတော့ ဒီသင်္ခါရနဲ့ ကံနဲ့က တူဖို့ တော်တော်များတယ်၊ စေတနာကတော့ ဘယ်စိတ်ဖြစ်ဖြစ် အကုန်လုံးမှာ ပါရတာပဲ၊ ကဲ-ဆိုကြစမ်းပါ-

"ပုညာဘိခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ"

ပုညာဘိသင်္ခါရ-က ဘာကို ခေါ်တာတုံး။

"သင်တန်းသားများ ဖြေ"

အပုညာဘိသင်္ခါရ-က ကော။

"သင်းတန်းသားများဖြေ"

အာနေဉ္ဇာဘိသင်္ခါရ-က ကော။

"သင်တန်းသားများ ဖြေ"

အဲဒီတော့ ကံကတော့ ဘယ်လိုခေါ်မတုံး၊ ကံကျတော့ ခေါ်တာက

သိပ်များတယ်၊ ကံ ကံဆိုတာက ဘုံပိုင်းမှာကျတော့ ကမ္မစတုက္ကဆိုပြီးတော့ ကံတွေ ကန့်သတ်ပြီး သင်တာရှိတယ်။ အဲဒီတော့ ကံဟာ အကုသိုလ်ကံရှိတယ်၊ ကာမာဝစရကုသိုလ်ကံရှိတယ်၊ ရူပါဝစရကုသိုလ်ကံရှိတယ်၊ အရူပါဝရစရကုသိုလ်ကံ ရှိတယ်။

အကုသိုလ်ကံဆိုတာက၊ အကုသိုလ်စိတ် ၁၂–ခုရှိတဲ့ စေတနာကို ၁ကုသိုလ်ကံလို့ ခေါ်တာပဲ။ အခု မြန်မာတွေ သုံးနေတဲ့ အကုသိုလ်ကံဆိုတာ အဲဒါပဲ။ မကောင်းမှု ဒုစရိုက် ၁၀–ပါး လုပ်တဲ့အခါ အကုသိုလ်ကံတွေ ဖြစ်တာပဲ။ ကံမြောက်မှ ကံလို့ ခေါ်တယ်။ အခုန ပြောသလို စေတနာရှိရုံနဲ့တော့ ကံလို့ မခေါ်ဘူး။ စေတနာရှိပြီးတော့ မကောင်းတဲ့အလုပ်ကို လုပ်တဲ့အခါကျမှ ဒုစရိုက် ၁၀–ပါးကို လုပ်တဲ့အခါကျမှ သူက အကုသိုလ်ကမ္မပထ မြောက်တယ်လို့ ခေါ်တယ်။

ကာမာဝစရကုသိုလ်ကံဆိုတာက အခုလူတွေ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ အဲဒီတော့ ဒါနပြုတဲ့ ကုသိုလ်ကံတို့ သီလဆောက်တည်တဲ့ ကုသိုလ်ကံတို့ဟာ ကာမဝစရကုသိုလ်ကံတွေပဲ။ ဟာ–အလှူ လှူချင်ပါတယ်လို့ စေတနာရှိရုံနဲ့ ကမ္မပထ မမြောက်ဘူး။ တကယ်လှူမှ မြောက်မှာ။ ဟာ–ဒီနေ့ ဥပုသ်နေ့ သီလဆောက်တည်ချင်လိုက်တာ၊ ငါတော့ မအားပါဘူး၊ ဆောက်တည်ချင်ရုံနဲ့တော့ ကုသိုလ် နည်းနည်းလေးလောက် ဖြစ်တာပေါ့။ ကံကတော့ မမြောက်ဘူး။

ရူပါဝစရကုသိုလ်ကံ ဆိုတာကတော့ သမထ ထိုင်တဲ့အခါ ဈာန်တွေဘာတွေ ရမှ ဖြစ်မှာပါ။

အရူပါဝစရကုသိုလ်ကံ ဆိုတာလဲ အရူပဈာန်တွေ အားထုတ်လို့ ရတဲ့အခါကျမှ အရူပါဝစရကုသိုလ်ကံ ဖြစ်မှာပါ။ အဲဒီလို ကံက ဒီလို ဘုံနဲ့ လိုက်ပြီး ခွဲမယ်ဆိုယင် ကံက လေးမျိုး–ပြားသွားတယ်။ နောက် ကံအမျိုးအစားတွေ အများကြီး ရှိတာပဲ၊ ဒီနေရာမှာ သင်နေယင် ဒီသင်တန်းဟာ ဘယ်တော့မှ မဆုံးနိုင်ဘူး။ အဲဒီတော့ ဆိုစမ်းပါ–

"အကုသိုလ်ကံ၊ ကာမာဝစရ ကုသိုလ်ကံ၊ ရူပါဝစရ ကုသိုလ်ကံ၊ အရူပါဝစရ ကုသိုလ်ကံ။"

အဲဒီတော့ စေတနာရယ်၊ ကံရယ်၊ သင်္ခါရရယ် တူတယ်ဆိုတာက အရတူတာပဲ။ သဘောကို ကြည့်မယ်ဆိုလို့ရှိယင် ကံနဲ့ သင်္ခါရက ပါကယ် အလုပ်ဖြစ်ပြီးမှ ကံမြောက်ပြီးမှ ကမ္မလို့, သင်္ခါရလို့ သူ့ကို ဒီလိုသုံးတယ်။

စေတနာကတော့ အခုနတုန်းက ကံမြောက်နေတဲ့ အခါမှာလဲ မုဉ္စစေတနာလို့ ဒီလိုသုံးချင်သုံးတာပဲ။ ကံမမြောက်တဲ့အခါမှာလဲ စေတနာလို့ သုံးတာပဲ။ သို့ပေတဲ့ ခုန သုတ္တန်နည်းနဲ့ ကြည့်မယ်ဆိုယင် စေတနာရှိမှ ကံမြောက်တယ်၊ စေတနာမရှိယင် ကံမမြောက်ဘူးဆိုတော့ စေတနာနဲ့ ကံနဲ့က နည်းနည်းကွဲတယ်၊ ကွဲအောင် သုံးတဲ့နေရာမှာတော့ စေတနာနဲ့ ကံနဲ့က ကွဲသွားတယ်။

**စေတနာက ဘယ်လို ၆–မျိုးပြားသလဲ** ကံနဲ့ သင်္ခါရကတော့ တူသွားတယ်။ တစ်ခါ စေတနာကလည်း ဖဿတို့ ဝေဒနာတို့ ပြားသလို စေတနာ ခြောက်မျိုးပြားတယ်။ ဒီစေတနာခြောက်မျိုး ပြားပုံက သညာခြောက်မျိုးပြားပုံနဲ့ နည်းနည်းတူတယ်။ ဖဿတို့ ဝေဒနာတို့ ကျတော့ ဒွါရဘက်လိုက်ပြီးတော့ စက္ခုသမ္ဖဿ၊ သောတသမ်ဖဿ၊ ဃာန– သမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဒီလို သွားတယ်။

ဝေဒနာကလဲ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖ– ဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ ဒီလို ဒွါရဘက်ကို လိုက်သွားတယ်။

သညာကတော့ ရူပါသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာဆိုပြီး အာရုံဘက်ကို လိုက်သွားတယ်။

အခု စေတနာကျတော့ ရူပသဉ္စေတနာ၊ သဒ္ဒသဉ္စေတနာ၊ ဂန္ဓ သဉ္စေတနာ၊ ရသသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ မနောသဉ္စေတနာဆိုပြီး အာရုံဘက်ကို လိုက်ပြီးတော့ ခြောက်မျိုးဖြစ်တယ်။

ကမ္မ၊ ဟုတ်လား။ အတိက်က ကုသိုလ်ကံကြောင့် ဒီ ဘဝမှာ လူလာဖြစ်တယ်။ ဝိပါက်နာမက္ခန္ဓာနဲ့ ကမ္မဇရုပ် လာဖြစ်တယ်။ နာမ်ခန္ဓာနဲ့ ကမ္မဇရုပ်ခန္ဓာ လာပြီးတော့ ဖြစ်တယ်။

အဲဒီ လူလာဖြစ်ရခြင်းရဲ့အကြောင်းကို အတိတ်က ကုသိုလ်ကံဆိုတဲ့ ကမ္မပစ္စည်းလို့ ပဋ္ဌာန်းမှာ လာတယ်။ အဲဒီတော့ ဗုဒ္ဓဘာသာမှာ ကမ္မဿ၊ ကံကို လည်းကောင်း။ ကမ္မဖလဿ၊ ကံ၏ အကျိုးကို လည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည် ဖြစ်၍။ ကံကို ယုံတယ်ဆိုတာက ဗုဒ္ဓဘာသာမှာ အခြေကံက ဘာတုံး၊ လူလာဖြစ်တာဟာ အကြောင်းမဲ့ ဖြစ်တာလား၊ အကြောင်းမဲ့ဖြစ်တာလဲ မဟုတ်ဘူး။ ထာဝရဘုရား ဖန်ဆင်းလို့ ဖြစ်တာလား၊ ဖန်ဆင်းရှင်ကြောင့် ဖြစ်တာလဲ မဟုတ်ဘူး။ အတိတ်အကြောင်း မရှိဘဲနဲ့ ဒီဘဝမှာ အဖေနဲ့ အမေ မင်္ဂလာဆောင်လို့ပဲ ဒီလိုဖြစ်တာလား၊ အတိတ်အကြောင်းမပါဘဲနဲ့ ပစ္စုပ္ပန်အကြောင်းသက်သက်နဲ့ ဒီလိုဖြစ်တာလား၊ ဒီလို မေးတဲ့အခါ အတိတ်က ကုသိုလ်ကံကြောင့် ဒီလို ယုံတာဟာ ကံကို ယုံတာပဲ။

အကုသိုလ်ကံ ဆိုလို့ရှိယင်လဲ အခု တိရစ္ဆာန်တွေ ဖြစ်လာတာဟာ အကုသိုလ်ကံကြောင့် လာဖြစ်တာပဲ။ တိရစ္ဆာန်ဆိုတာလဲ နာမက္ခန္ဓာ ကမ္မဇရုပ်ပဲ။

**လူနှင့်တိရစ္ဆာန် ရုပ်–နာမ်ချင်း တူသလား** အဘိဓမ္မာကျတော့ ခန္ဓာငါးပါး အတူတူပဲ။ တိရစ္ဆာန်က လေးဘက်ထောက်ပြီးတော့ သွားတာကိုး၊ လူက မတ်တတ်ရပ်သွားတာ။ ပုံသဏ္ဌာန်ချင်း ကွဲသွားတာပဲ။ သို့ပေတဲ့ ရုပ်နာမ်ချင်း တူသလားဆိုတော့ သူက အကုသိုလ် နာမက္ခန္ဓာ၊ အကုသိုလ်ကမ္မဇရုပ်၊ အကုသိုလ်ကံကြောင့် ဖြစ်တဲ့ ခန္ဓာငါးပါး၊ လူတွေက ကုသိုလ်အကြောင်းဖြစ်တဲ့ ခန္ဓာငါးပါး၊ အဲဒီတော့ တိရစ္ဆာန်ဖြစ်ရတာဟာလဲ အကြောင်းမဲ့ ဖြစ်တာမဟုတ်ဘူး၊ အတိတ်က အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဖြစ်ရတယ်။ အဲဒီလို ကံကိုယုံတာဟာ ဗုဒ္ဓဘာသာမှာ အခြေခံပဲ။

အဲဒါကြောင့်မို့လို့ ဒီဘဝမှာ ဒါနပြုတယ်၊ သီလ ဆောက်တည်တယ်၊ ဘာဝနာပွားတယ်ဆိုတာက နောင် အနာဂတ်ဘဝမှာ ကောင်းတဲ့ ခန္ဓာငါးပါးဖြစ်အောင် ဒီဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန် ရချင်လဲရမယ်၊ မရသေးယင်လဲ ကောင်းတဲ့ ခန္ဓာငါးပါးဖြစ်အောင်ဆိုပြီးတော့ မကောင်းတာတွေ မလုပ်ဘဲနဲ့ ကောင်းတာတွေ လုပ်ကြတာ မဟုတ်လား။

ဒါကြောင့်မို့လို့ ကံခန်းဟာ ဗုဒ္ဓဘာသာမှာ အင်မတန် ကျယ်ဝန်းပါတယ်၊ ကံခန်းကိုပြောယင် ဒီသင်တန်းမှာ ကုန်မှာ မဟုတ်ဘူး။ နောင်လဲ ဆိုင်ရာ ဆိုင်ရာကျတော့ နည်းနည်း ပြောအုံးမှာပါ။

အဲဒီတော့ စေတနာ စေတသိက်ကတော့ ဒီလောက်ဆို တော်လောက်ပါပြီ။

စေတနာ စေတသိက်ပြီးတော့ စေတသိက် ဘယ်နှစ်လုံးပြီးသွားပြီးတုံး။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ လေးလုံးပဲ ပြီးသေးတယ်။ ငါးလုံးမြောက် ဘာတုံး၊ ဧကဂ္ဂတာ စေတသိက်။

**ဧကဂ္ဂတာစေတသိက်**

မြန်မာက တချို့တလေကတော့ ဧကဂ္ဂတာ ကျနေတယ်, ဘာတယ်နဲ့ ဒီလိုပြောချင်ပြောမယ်။ ဧကဂ္ဂတာဆိုတာက မြန်မာမှာ အသုံးနည်းတယ်၊ သိပ်မသုံးဘူး။ ဧကဂ္ဂတာ စေတသိက်ဆိုတာက သူကလဲ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်ဆိုတော့ အာရုံတစ်ခုပေါ်မှာ စိတ်ကို တည်တံ့အောင် တစ်ခုတည်းသော အာရုံမှာ ထားတာကို ဧကဂ္ဂတာ ခေါ်တယ်။

ဒါကြောင့်မို့ ဧကဂ္ဂတာ စေတသိက်ရှိလို့ အာရုံ နှစ်ခု သုံးခုကို တစ်ပြိုင်နက်တည်း စိတ်က အာရုံပြုလို့မဖြစ်ဘူး။ ရူပါရုံကိုမြင်တယ်ဆိုယင် ရူပါရုံပေါ်မှာပဲ စိတ်ကို ဥပါဒ်, ဌီ, ဘင်–ဆိုပြီးတော့ ခဏ္ဍခဏ တည်တံ့အောင် လုပ်ပေးတာဟာ ဧကဂ္ဂတာက လုပ်ပေးတာပဲ။ ဧကဂ္ဂတာစေတသိက် မရှိဘူးဆိုယင် စက္ခုဝိညာဉ်ကလဲ မမြင်ဘူး၊ သောတဝိညာဉ်ကလဲ မကြားဘူး၊ ဘာစိတ်မှ ဧကဂ္ဂတာမရှိယင် ဖြစ်လို့မရဘူး။ ဧကဂ္ဂတာစေတသိက်က စိတ်ကို အာရုံပေါ်မှာ ခဏလောက် တည်နေအောင် လုပ်ပေးတာကို၊

တည်တယ်ဆိုပေတဲ့ ခဏလေးတည်တာကိုး။ ဥပါဒ်,ဌီ,ဘင်–ဆိုတော့ခဏ လောက် တည်တာပဲ။ ဒါလဲ ဧကဂ္ဂတာပဲ။

အဘိဓမ္မာ စင်စစ်ကျတော့ အကုသိုလ်မှာလဲ ဧကဂ္ဂတာရှိတာပဲ။ ကုသိုလ်မှာလဲ ဧကဂ္ဂတာရှိတာပဲ။ သမာဓိကိုတော့ အရပ်ထဲမှာ အသုံးများ တယ်။

အရပ်ထဲမှာ ဧကဂ္ဂတာစေတသိက်လို့တော့ မသမုးတဲ့ဘူး၊ သမာဓိ ကောင်းအောင် အားထုတ်တယ်၊ သမာဓိကောင်းတယ်ဆိုလို့ရှိယင် မြန်မာ စကားမှာက ကုသိုလ်ဘက်ကိုပဲ အသုံးများတယ်။ အမှန်က သမာဓိဆိုတဲ့ ဧကဂ္ဂတာစေတသိက်က အကုသိုလ်မှာလဲ ပါတာပဲ။ ဘယ်စိတ်ဖြစ်ဖြစ် ဧကဂ္ဂတာစေတသိက်က စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်ဆိုတော့ အကုန်လုံး ယှဉ်တာပဲ၊ အဲဒီတော့ ကုသိုလ်လုပ်တဲ့အခါမှာလဲ သမာဓိ ပါတာပဲ။

မြန်မာကတော့ သမာဓိဆိုယင် တည်ကြည်မှုလို့ နားလည်တယ်။ အဲဒီထိအောင် မြန်မာကပြန်လိုက်တာ။ သမာဓိ ကောင်းတယ်ဆိုလို့ရှိယင် အာရုံတစ်ခုထဲမှာ အကြာကြီးတည်နေမှ တည်တည် တံ့တံ့ အာရုံတစ်ခုထဲ မှာ အကြာကြီးနေနိုင်မှ သမာဓိကောင်းတယ်လို့ ဒီလို မြန်မာက နားလည် တယ်။ အဲဒီသမာဓိမျိုးက ဈာန်တို့ သမထတို့ အားထုတ်တဲ့အခါမှ ရတဲ့ သမာဓိမျိုးပဲ။

ဒီအကုသိုလ်စိတ်တို့ ကာမာဝစရ ကုသိုလ်စိတ်တို့မှာတော့ ဒါန လုပ်တဲ့အခါမှာ ဒါနကို အာရုံပြုတဲ့အခါမှာ ဧကဂ္ဂတာက ပါတာပဲ။ အကု သိုလ်လုပ်တဲ့အခါမှာလဲ ဧကဂ္ဂတာ ပါတာပဲ။ အကုသိုလ်လုပ်တဲ့ အခါမှာလဲ သမာဓိကောင်းတဲ့ အလုပ်တွေ ရှိပါတယ်၊ ပိုကာတို့ ကက်တို့ ဆွဲတယ်ဆို လို့ရှိယင် အဲဒီလူတွေရဲ့ သမာဓိဟာ အာရုံတစ်ခုထဲမှာ နေတာပဲမဟုတ်လား။

တချို့တလေကတော့ သမာဓိကောင်းအောင် လုပ်တိုင်း ကုသိုလ် လို့ ဘောက်မေ့နေတယ်၊ တရားထိုင်လို့ သမာဓိကောင်းအောင် လုပ်လို့ရှိ ယင် ဒါ သူတို့က ကုသိုလ်ပဲ အောက်မေ့နေတယ်။ သမာဓိကောင်းတာက

မဟုတ်တဲ့နည်းနဲ့ သမာဓိကောင်းတာကတော့ ကုသိုလ်မဟုတ်ဘူး။

**ပိုကာဆွဲတာ သမာဓိလုပ်ငန်းလား** တချို့တလေက ပြောကြတယ်၊ ပိုကာဆွဲတာ ဆရာတဲ့ ဘာအပြစ်ရှိတာမှတ်လို့တဲ့၊ ဘယ်သူ့ထိခိုက်လို့တုံးတဲ့၊ သမာဓိ အင်မတန်ရတာပဲတဲ့၊ မကောင်းတဲ့စိတ် ဘာစိတ်မှ မဝင်ဘူးတဲ့။ သူတို့လဲ သမထတစ်မျိုးပဲတဲ့။ သူတို့ပြောတော့ ဟုတ်သလိုလို ဘာလိုလိုနဲ့ အပြောကောင်းတဲ့လူက ပြောယင် အရှုံးပေးရမလိုလို။ ဘာအပြစ်မှ စွပ်စွဲလို့လဲမရဘူး၊ ဘာအပြစ်ရှိလို့လဲတဲ့၊ ပိုကာဆွဲတာ စက္ကူလေးတွေ ကြည့်နေရတာ ကျွန်တော်တို့ စိတ်သိပ်ငြိမ်တာပဲတဲ့၊ ဘယ်မှ စိတ်မသွားဘူးတဲ့။ အဲဒီတော့ ပိုကာ ဆွဲတာတို့ ကတ်ဆွဲတာတို့ဟာ ဟိုရှေးက အဖိုးကြီးတွေလဲ ကက်ဆွဲတယ်တဲ့၊ ဂျောက်ဂျောက် ဂျောက်ဂျောက်နဲ့ ဘာရယ်လို့မဟုတ်ဘူးတဲ့၊ အလကားတမ်း ထုံးခွေတမ်း ဆွဲတာပဲတဲ့။ သမာဓိလုပ်ငန်းတဲ့၊ ကက်ဆွဲတယ်လို့ မပြောဘူး၊ စိတ်ငြိမ်အောင် သမာဓိလုပ်ငန်း လုပ်လိုက်အုံးမယ်တဲ့။

အဲဒါကြောင့်မို့လို့ တရားထိုင်တယ် တရားထိုင်တယ်ဆိုပြီးတော့ သမာဓိလုပ်ငန်း လုပ်တယ်ဆိုတာဟာ ခင်ဗျား ကောင်းတဲ့အလုပ်နဲ့ သမာဓိလုပ်တာလားဆိုတော့ အောင်မယ် သူတို့လဲ နိမိတ်တွေ ဘာတွေထင်တယ်တဲ့။ သမထထိုင်လို့ နိမိတ်ထင်သလို ဒီ ပိုကာဆွဲတယ်ဆိုတာကလဲ နိမိတ်ထင်တာပဲတဲ့၊ သူတို့ပြောတယ်။ တစ်ခါထဲ အိပ်ရာထဲ ဝင်လိုက်လို့ရှိယင် ဖဲချပ်လေးတွေကို မျက်စိထဲမှာ မြင်နေတာပဲတဲ့၊ အောင်မယ် သူတို့က ဒါ ဥဂ္ဂဟနိမိတ်တို့ ပဋိဘာဂနိမိတ်တို့ ထင်နေတာတဲ့။ နိမိတ်တွေ ထင်နေတယ်ဟုတ်လား။ ဒါကြောင့်မို့လို့ သူတို့က သမထလုပ်ငန်းလို့ ပြောတာ။ ဒီကက်ဆွဲတဲ့ လူကလဲ ထင်တို့ ယင်းတို့ ဝေါတို့ တစ်ခါတည်းမြင်နေတယ်တဲ့။ အဲသလို ကြာကြာကြီး အာရုံတစ်ခုတည်းမှာ စိတ်တည်နေတယ် ဆိုလို့ရှိယင် ဒါ မသဓိလုပ်ငန်းပဲတဲ့။ သမာဓိလုပ်ငန်းဆိုပေတဲ့ သမာဓိက အကုသိုလ်စိတ်မှာလဲ သမာဓိရှိတယ်၊ ကုသိုလ်စိတ်မှာလဲ သမာဓိရှိတယ်။

နည်းမှန်လမ်းမှန်နဲ့ ရျာန်တို့ မဂ်တို့ ဖိုလ်တို့ရအောင် အားထုတ်တဲ့ သမာဓိမျိုးကိုသာ ကုသိုလ်သမာဓိခေါ်တာ။

ဒါကြောင့်မို့လို့ သမာဓိကို မဂ္ဂင်ရှစ်ပါးကျတော့ ဘယ်လိုခေါ်တုံး၊ မဂ္ဂင်ရှစ်ပါးကျတော့ သူ့ကို သမ္မာသမာဓိမဂ္ဂင်ဆိုပြီး သမ္မာ–ထည့်ပြီး ဒီလို နာမည်ပေးရတယ်။ သူက မဂ္ဂင်လဲထိုက်တယ်၊ ဧကဂ္ဂတာ စေတသိက်ဟာ ဝိပဿနာအလုပ်၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရအောင် လုပ်တဲ့အလုပ်မှာ သူဟာ မဂ္ဂင် တစ်ပါးပဲတဲ့။

သမ္မာသမဓိမဂ္ဂင် ဆိုပြီးတော့ သူက ပါတယ်။ ဧကဂ္ဂတာစေတသိက် ဟာ သေးတဲ့ စေတသိက် မဟုတ်ဘူး။

တစ်ခါ ဈာန်ဖွဲ့တဲ့အခါကျတော့လဲ သူက သမာဓိဈာန်ဆိုပြီး အစိုးရ ဖွဲ့တဲ့ အထဲမှာလဲ ပါတယ်။

တစ်ခါ ဗိုလ်ရွေးပွဲကျတော့လဲ သမာဓိဗိုလ်ဆိုပြီးတော့ ဗိုလ်ရွေးတဲ့ အခါမှာလဲ သူက ပါတယ်။ ဒါကြောင့်မို့လို့ သမာဓိစေတသိက်ဟာ မဂ္ဂင် ထဲ မှာလဲ ပါတယ်၊ ဈာန်ထဲမှာလဲ ပါတယ်၊ ဗိုလ်ထဲမှာလဲ ပါတယ်။

ဆိုကြစမ်းပါ–

(၁) သမ္မာသမာဓိ မဂ္ဂင်၊

(၂) သမာဓိဈာန်၊

(၃) သမာဓိဗိုလ်၊

ကဲ–တော်ကြစို့။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက် (၂၁)

## (၁၄-၇-၇၉)

### ကုသိုလ်-အကုသိုလ် ၂-ဘက်ရ စေတသိက်များ

ဧကဂ္ဂတာ စေတသိက်က စိတ်အားလုံးမှာ ယှဉ်တဲ့စေတသိက်ထဲမှာလဲ ပါတာကိုး။ ဧကဂ္ဂတာ အဓိပ္ပါယ်ကို ပြီးခဲ့တဲ့အပတ်က နည်းနည်း ပြောပြီးပြီနဲ့ တူပါတယ်။

တစ်ခုတည်းသောအာရုံ၌ တည်တံ့မှုဆိုတော့ စိတ်ရယ်လို့ ဖြစ်လာလို့ရှိယင် အာရုံက ရှိရမှာပေါ့။ အဲဒီ အာရုံပေါ်မှာ ဥပါဒ်, ဌီ, ဘင်-ဆိုတဲ့ ဌီ-ခဏလောက်ကတော့ တည်တံ့မှ အာရုံကို သိနိုင်တာကိုး။ ဒါကြောင့်မို့လို့ ဧကဂ္ဂတာ စေတသိက်မပါဘဲလဲ ဘယ်စိတ်မှ ဖြစ်လို့မရဘူး။ အာရုံပေါ်မှာ စိတ်ကို တည်အောင် သူက လုပ်ပေးရတဲ့ စေတသိက်ကိုး။ ပင်ကိုရင်းကတော့ ဥပါဒ်, ဌီ, ဘင်-ဆိုတဲ့ အင်မတန်မြန်တဲ့ ဌီခဏလောက်ကို တည်တံ့အောင် လုပ်ပေးတာပဲ။ နောက်တော့ တဖြည်းဖြည်း စိတ်ကို အာရုံပေါ်မှာ အကြာကြီး တည်နေအောင် အကြာကြီး ငြိမ်နေအောင် ဒီလိုလုပ်တဲ့ လုပ်ငန်းတွေကိုလဲ သမာဓိလုပ်ငန်းလို့ခေါ်တာပဲ။ မြန်မာ့နားမှာတော့ သမာဓိလို့ ခေါ်လို့ရှိယင် တည်ကြည်မှုတို့ တည်တံ့မှုတို့ကို သမာဓိလို့ နားလည်ကြတာကိုး။

အဲဒီတော့ ဧကဂ္ဂတာ စေတသိက်ကို တည်ကြည်မှု၊ တည်တံ့မှု ဒီလိုဘဲ ဘာသာပြန်ကြတယ်။ သူ့ပင်ကိုရင်း အဓိပ္ပါယ်ကတော့ တစ်ခုတည်းသော အာရုံ၌ တည်တံ့မှုပါပဲ။ ဧကဂ္ဂတာ စေတသိက်က သူက စိတ်အားလုံးမှာ ယှဉ်တဲ့အပြင် ရှာန်တရား အားထုတ်မယ်ဆိုတော့ ဈာန်အင်္ဂါ ငါးပါးထဲမှာလဲ ပါရတာပါပဲ။ ဈာန်အင်္ဂါ ငါးပါးမှာ-

(၁) ဝိတက်၊

(၂) ဝိစာရ၊

(၃) ပီတိ၊

(၄) သုခ၊

(၅) ဧကဂ္ဂတာ–

ရယ်လို့ဆိုပြီး၊ နောက် ဈာန်စိတ်တွေ ပြတဲ့အခါကျတော့ ပါပါလိမ့်မယ်။ အဲဒီဈာန်အင်္ဂါ ငါးပါးရှိတဲ့အထဲမှာ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတ သိက်က အရေးကြီးဆုံး စေတသိက် ဖြစ်နေတာကိုး။ ပထမဈာန်ရအောင် အားထုတ်တဲ့ အခါမှာလဲ ဒီဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက် ပါတာပဲ။ ဒုတိယဈာန် အားထုတ်တဲ့အခါကျတော့လဲ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်က ပါတာပဲ။ တတိယဈာန်အားထုတ်တဲ့အခါမှာလဲ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်က ပါရတာပဲ။ စတုတ္ထဈာန်မှာလဲ ဧကဂ္ဂတာဆိုတဲ့ သမာဓိစေတသိက်က ပါရ တာပဲ။ ပဥ္စမဈာန်ကျတော့လဲ ဒီဧကဂ္ဂတာကတော့ ပါရတာပဲ။

ဒီပြင် ဈာန်တွေမှာသာ ဝိတက်၊ ဝိစာရ၊ ပီတိတို့က တဖြည်းဖြည်း ကျန်ကျန်နေခဲ့တယ်။ သမာဓိကတော့ ဈာန်တိုင်း အကုန်ပါရတယ်။ ဒါကြောင့် မို့လို့ ဈာန်တရားကို အားထုတ်တဲ့လုပ်ငန်းကျတော့ အာရုံတစ်ခုမှာ စိတ်ကို ကြာကြာတည်အောင် လုပ်တဲ့လုပ်ငန်းကို သမာဓိ လုပ်ငန်းလို့ ခေါ်တာပေါ့၊ သိပ်ပြီးတော့ စိတ်တည်တံ့ တည်ငြိမ်လာတဲ့အခါကျတော့ ဒါ ဈာန်ရတယ်လို့ ခေါ်တာပါပဲ။

ဈာန်ရတယ်ဆိုတိုင်း ကောင်းယင်ပျံနိုင်သလားဆိုတော့ ခုန ရထား တဲ့ သမာဓိကို ငြိမ်သထက်ငြိမ်အောင် တည်တံ့သထက် တည်တံ့အောင် အထပ်ထပ် လေ့လာပြီး၊ အဘိညာဉ်ရတဲ့အခါမှ ကောင်းကင်ပျံနိုင်တာပါ။ ရိုးရိုးဈာန်က မပျံနိုင်ပါဘူး။ အခုခေတ်ကတော့ တရားသွားထိုင်လို့ ရှိယင် အကြားအမြင် ရတယ်တဲ့။ အကြားအမြင်ရတယ်လို့ ခုခေတ်ပြောနေတာက ဗေဒင် ဟောစားဖို့လောက် ရနေတာပါ။ ဥပမာ–စာမေးပွဲ အောင်ပါ့မလား

လို့ ဗေဒင်လာမေးတယ်ဆိုပါတော့၊ သူက သမာဓိလုပ်ငန်းကို ဟော်တော် တည်ငြိမ်အောင် လုပ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ စာမေးပွဲ အောင်ပါ့မလားဆို တဲ့အသံကို သူက နားထောင်ကြည့်တယ် ဆိုလို့ရှိယင် အသံကို ကြားတော့ ကြားတာပေါ့၊ စိတ်ထဲက ကြားလာတာပေါ့လေ။ သူ့စိတ်ထဲမှာ အေင်တယ်လို့ ဒီလိုကြားတယ်ဆိုလို့ရှိယင် သူက·ဒိုပြင် ဗေဒင်ဆရာတွေလို တွက်နေတာ မဟုတ်ဘူး၊ ဟာ--အောင်ရမယ်လို့ ပြောလိုက်တာပဲ။ ဒါပေမဲ့ ငွေတစ်ဆယ် ပေးခဲ့ရတယ် မဟုတ်လား။ မှန်တာ မမှန်တာကတော့ သူရဲ့ သမာဓိ အရှိန် ပေါ်မှာ တည်တာပေါ့။

အဲဒီကော့ ဒါ အကြားရတာပေါ့လေ။ အမြင်ရတယ်ဆိုတဲ့ ပုဂ္ဂိုလ် တွေကလဲ ဘယ်လိုလုပ် ဟောသလဲဆိုတော့၊ အဓိပ္ပါယ်တစ်ခု–ပစ္စည်းပျောက် သွားတယ်။ ပစ္စည်းပျောက်သွားတယ် ဆိုလို့ရှိယင် သွာပြီးတော့ မေးတယ်။ ဒီပစ္စည်း ပြန်ရပါ့မလား၊ မရတော့ဘူးလားလို့ သွားမေးတော့ သူက မျက်စိ နဲ့ ကောင်းကင် မော့ကြည်လိုက်တာပဲ။ မော့ကြည့်လိုက်လို့ရှိယင် လက်ကောက် ဆိုလို့ရှိယင် လက်ကောက်မြင်လာတာပေါ့၊ ဆွဲကြိုးဆိုလို့ရှိယင်လဲ ဆွဲကြိုး မြင်တာပေါ့၊ အဲဒီအခါမှာ ပြန်ရမယ်လို့ ဒီလို ဟောလိုက်တာပဲ။ ဒါနဲ့ပဲ ငွေတစ်ဆယ် ပေးခဲ့ရတာပဲ မဟုတ်လား။

သမာဓိလုပ်ငန်းကို လုပ်ပြီး၊ သမထနဲ့ အကြားအမြင်တယ်ဆိုပြီး ဗေဒင်ဟောစားနေကြတာပါ။ တကယ့် ဒိဗ္ဗသောတ အဘိညာဉ်တို့ ဒိဗ္ဗစက္ခု အဘိညာဉ်တို့ကို ရတာမဟုတ်ပါဘူး။ သမာဓိနည်းနည်း အရှိန်ရတဲ့အခါမှာ ကိုယ်ပြောတာ တစ်ခါတလေ မှန်သွားတာပါပဲ။

**ဗေဒင်ဟောနိုင်တဲ့ သမာဓိလုပ်ငန်း** ဒီလို အကြားအမြင်မျိုးရအောင် ပထမ ဘယ်လိုစပြီး လေ့ကျင့်ရသလဲဆိုတော့ ပထမ သမာဓိလုပ်ငန်းမှာ အာနာပါနဖြစ်စေ၊ ကမ္မဋ္ဌာန်းတစ်ခုခု ဖြစ်စေ စိတ်ကို တည်ငြိမ်အောင် တရားထိုင်ရတယ်။ တော်တော် ငြိမ်လာတဲ့အခါ ကျတော့ ဥပမာတစ်ခု–ကိုယ်တရားထိုင်နေရင်းက နေပြီးတော့ သမာဓိ

သိပ်အရှိန်ရတဲ့အခါမှာ မျက်စိနဲ့မှန်းပြီး နာရီကိုကြည့်လိုက်၊ ကြည့်လိုက်တဲ့ အခါကျတော့ တစ်နာရီထိုးနေပြီလို့ မျက်စိထဲမှာ မြင်တယ်ဆိုလို့ရှိယင် ထပြီးတော့ နာရီကိုသွားကြည့်၊ ကိုယ်မြင်တဲ့အတိုင်း တစ်နာရီထိုးနေတယ် ဆိုလို့ရှိယင် ဒီသမာဓိဟာ ဗေဒင်ဟောစားလို့ နည်းနည်းရပြီ။ နည်းနည်း မှန်လာပြီပေါ့။ ဒါ အမြင်ရတယ် ခေါ်တာပေါ့။ ဒါတွေကတော့ ထားပါ တော့လေ။

အဲဒီတော့ ဒီဧကဂ္ဂတာ စေတသိက်ဟာ ဈာန်လုပ်ငန်းထဲမှာ ဈာန် အင်္ဂါငါးပါးထဲမှာ ဈာန်အင်္ဂါထိုက်တဲ့ အထဲမှာလည်း ပါတယ်၊ နောက်ပြီးတော့ ဒီ စေတသိက် ၅၂–လုံးထဲက ဗိုလ်ရွေးတဲ့အခါကျတော့လဲ သမာဓိ ဗိုလ် ဆိုပြီးတော့ ဗိုလ်ထဲမှာလဲ ပါတယ်။

တစ်ခါ စေတသိက်တွေထဲက အစိုးရ ဖြစ်နိုင်တဲ့ စေတသိက်များကို ရွေးလိုက်တဲ့အခါကျတော့လဲ သူက သမာဓိန္ဒြေဆိုပြီးတော့ ဣန္ဒြေတိုက်တဲ့ အထဲမှာ ပါတယ်။ သမာဓိန္ဒြေဆိုတာက သမာဓိနဲ့ ဣန္ဒြေကိုး။ ဣန္ဒြေဆိုတာက အစိုးရတာ။

အဲဒီတော့ ဗိုလ်ငါးပါးတို့, ဣန္ဒြေငါးပါးတို့အထဲမှာ သမာဓိဗိုလ်, သမာဓိန္ဒြေဆိုပြီးတော့ ပါတယ်။ တစ်ခါ ဝိပဿနာ အားထုတ်တဲ့အခါကျ တော့ မဂ္ဂင်ရှစ်ပါးထဲမှာလဲ သမ္မာသမာဓိ မဂ္ဂင်ဆိုပြီး မဂ္ဂင်တစ်ပါးအနေနဲ့ ပါတယ်၊ သမ္မာသမာဓိဆိုတာက ကောင်းတဲ့ လုပ်ငန်းမှာ ယှဉ်တဲ့ ဧကဂ္ဂတာ စေတသိက်ကိုး။ ဒါ သမ္မာသမာဓိမဂ္ဂင် ခေါ်တာပေါ့။ ဒီသမာဓိက မကောင်း တဲ့ လုပ်ငန်းမှာလဲ ရှိတာကိုး။ အဲဒါကိုတော့ မိစ္ဆာသမာဓိလို့ ခေါ်တယ်။

ပိုက်ဆံခွဲတဲ့အခါမှာလဲ စိတ်မငြိမ်ဘူးလား၊ ကတ်ဆွဲတဲ့အခါကော ငြိမ်ပါတယ်၊ ငါးမျှားတဲ့အခါကော ငြိမ်ပါတယ်။ ဒီ့ပြင် မကောင်းတဲ့ လုပ် ငန်းတွေမှာလဲ စိတ်ငြိမ်တာတွေဟာ သမာဓိပါပဲ။

ဒါကြောင့်မို့လို့ ဧကဂ္ဂတာစေတသိက်က စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်။ သူမပါဘဲနဲ့ ဘယ်စိတ်မှ မဖြစ်ဘူး။ မကောင်းတဲ့စိတ်မှာ

ယှဉ်တဲ့အခါကျတော့ မိစ္ဆာသမာဓိလို့ ခေါ်တယ်၊ ကောင်းတဲ့စိတ်ကျတော့ သမ္မာသမာဓိမဂ္ဂင်လို့ ခေါ်တယ်။

ဗောဇ္ဈင်တရားကျတော့လဲ သမာဓိ သမ္ဗောဇ္ဈင်လို့ ဒီလို ပါတယ်။ ဗောဇ္ဈင်ခုနစ်ပါး ဆိုတာက ဝိပဿနာတရားအားထုတ်တဲ့အခါမှာ သူက အရေးကြီးတာကိုး။ အဲဒီတော့ သဒ္ဓါတို့ သတိတို့ထက် သူက ဘာပိုလာ သလဲဆိုတော့ ဈာန်တရား အားထုတ်တဲ့အခါမှာ ဈာန်အင်္ဂါ ငါးပါးထဲမှာ တစ်ပါး ပါဝင်တယ်။ သဒ္ဓါတို့ သတိတို့ ပညာတို့က ဈာန်အင်္ဂါအနေနဲ့ သူတို့က မပါဘူး။ အဲဒီတော့ သမာဓိကို သမာဓိဈာန်၊ သမာဓိဗိုလ်၊ သမာဓိန္ဒြေ၊ သမ္မာဓိမဂ္ဂင်၊ သမာဓိသမ္ဗောဇ္ဈင်ဆိုပြီး ကောင်းတဲတရားတွေမှာ သူက တော်တော် အသုံးဝင်တယ်။ ကဲ–ဆိုကြစမ်းပါ–

“သမာဓိကို– (က) သမာဓိဈာန်
(ခ) သမာဓိဗိုလ်၊
(ဂ) သမာဓိန္ဒြေ၊
(ဃ) သမ္မာသမာဓိမဂ္ဂင်၊
(င) သမာဓိ သမ္ဗောဇ္ဈင်၊

အဲဒီတော့ ဧကဂ္ဂတာစေတသိက်က သူက ဈာန်ခန်းမှာ ပဓာန ခေါင်းဆောင်အဖြစ်နဲ့ ပါနေတော့ သူကလဲ တော်တော်ကျယ်ဝန်းတာပဲ။ ပိဋကတ်သုံးပုံမှာ ဈာန်ခန်းက အင်မတန်ကျယ်တယ်။ ဒီမှာကတော့ ဧကဂ္ဂ–တာ–စေတသိက်ရဲ့ နေရာတကာမှာ အသုံးဝင်ပုံ ဒါလောက် သိရုံပါပဲ။ ဧကဂ္ဂတာ စေတသိက်ပြီးတော့–

## ဇီဝိတိန္ဒြေစေတသိက်

အမှန်ကတော့ ဇီဝိ တစေသိက်ပါပဲ၊ သို့ပေတဲ့ ဇီဝိတိန္ဒြေဆိုပြီးတော့ ဣန္ဒြေထိုက်လို့ ဣန္ဒြေ ထပ်ထည့်ထားတာပဲ။ သမာဓိကလဲ ဣန္ဒြေထိုက်တာပဲ။ ဣန္ဒြေမထည့်ပါဘူး။ သတိတုန်းကလဲ ဣန္ဒြေထိုက်တာပဲ၊ ဣန္ဒြေမထည့်ဘူး။ သဒ္ဓါလဲ ဣန္ဒြေထိုက်သားပဲ၊ ဣန္ဒြေမထည့်ဘူး။

ပညာစေတသိက်တုန်းကတော့ သင်္ဂြိုဟ်ဆရာက ပညိန္ဒြေဆိုပြီးတော့ ပညာမှာ ဣန္ဒြေထည့်ခဲ့တယ်။ ကုသိုလ်စေတသိက် ၂၅–လုံးထဲမှာ ပညာစေတသိက်တစ်လုံးပဲ၊ ဣန္ဒြေထည့်တယ်။ ထည့်ရတဲ့ အဓိပ္ပါယ်ကတော့ နည်းနည်းလေးတော့ ထူးတယ်။ ဒီပြင်စေတသိက်တွေလဲ ဣန္ဒြေထိုက်ပါလျက်နဲ့ သင်္ဂြိုဟ်ဆရာဟာ ဣန္ဒြေကို ထည့်မသုံးဘူး။ ပညာကျမှ ဘာဖြစ်လို့ ထည့်သုံးသလဲဆိုတော့ ကုသိုလ်လုပ်ငန်းမှာ ပညာပါယင် အင်မတန် တန်ဖိုးကြီးတယ်ဆိုတဲ့ အဓိပ္ပါယ်သိအောင် အရေးကြီးတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးသိအောင် ပညာကို ပညိန္ဒြေလို့ သီးသန့်သုံးသွားတာ။

ဒီမှာလဲ စိတ်အားလုံးမှာပါဝင်တဲ့ စေတသိက်ထဲမှာ အခုန ဇေက္ဂတာ စေတသိက်လဲ ဣန္ဒြေထိုက်သားပဲ သူ့ကို ဣန္ဒြေမတပ်ဘူး။

ဇီဝိတစေတသိက်ကျမှ ဣန္ဒြေတပ်တယ်။ အဲဒီတော့ ဇီဝိတဟာ အမှန်ကတော့ အသက်ပဲ။ ဇီဝတကို မြန်မာလို နားလည်အောင် ပြန်မယ်ဆိုယင် အသက်ပဲ။ အသက်ဆိုတာက လူ့ခန္ဓာကိုယ်မှာ အသက်နှစ်မျိုးရှိတယ်၊ ခန္ဓာကိုယ်မှာ ရုပ်တရားရော, နာမ်တရားရော နှစ်မျိုးရှိတော့ ရုပ်တရားကို မသေအောင် စောင့်ရှောက်ထားတာကို ရုပ်သက်လို့ ခေါ်တယ်။ ရုပ်ပိုင်းမှာ ဇီဝိတရုပ်လို့ရှိတယ် မဟုတ်လား၊ ရုပ်ဇီဝိတ။ ဒီနာမ်တရားတွေ အသက်ရှင်အောင် မသေအောင် စောင့်ရှောက်ထားတာက နာမ်ဇီဝိတက စောင့်ရှောက်ထားတာ။

ဒါကြောင့်မို့လို့ ဇီဝတအသက်ဆိုတာက ဘယ်သူ့အသက်လဲဆိုတော့ သူက စေတသိက်ဆိုတော့ နာမ်တရားမဟုတ်ဘူး။ ဒီ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေကို မသေအောင် စောင့်ရှောက်မှုကို ဇီဝိတစေတသိက်လို့ ခေါ်တယ်။

ဒါကြောင့်မို့လို့ တချို့တလေက ဇီဝိတစေတသိက်ကို စောင့်ရှောက်မှုဆိုပြီးတော့ ဒီလိုပြန်ကြတာ။ စောင့်ရှောက်မှုဆိုတာက အဓိပ္ပါယ်ပဲ။ တကယ်ကတော့ ဇီဝိတဟာ အသက်ပဲ၊ နာမ်ရဲ့အသက်ပဲ။

အသက်ဆိုတာက နာမ်တရားတွေ ထပ်ထပ်ပြီးတော့ ဖြစ်နေအောင် သူက စောင့်ရှောက်ထားတယ်။ ပဋိသန္ဓေဝိညာဉ်ဆိုတာ ပဋိသန္ဓေက စ–ဖြစ်တာ။ ပဋိသန္ဓေအခါက စ–ပြီးတော့ နာမ်တရားတွေဟာ ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင်–နဲ့ ဖြစ်နေတာဟာ ရဟန္တာဘဝ စုတိစိတ်ကျအောင် ဖြစ်နေတာပဲ။ နာမ်တရားလေးတွေဟာ အိပ်နေလဲ ဒီနာမ်တရားတွေ ဖြစ်နေတာပဲ။ အိပ်နေတုန်း ဒီနာမ်တရားလေးတွေ မသေအောင် ဘယ်သူက စောင့်ရှောက်ထားသလဲဆိုတော့ ဒီဇီဝိတ စေတသိက်က စောင့်ရှောက်ထားတာ။

**ဇီဝိတစေတသိက် အစိုးရဖြစ်နိုင်သလား** ဒါကြောင့်မို့လို့ ဒီနာမ်တရားတွေထဲမှာ ဇီဝိတ စေတသိက်ဟာ အရေးအကြီးဆုံး စေတသိက်မို့လို့ သင်္ဂြိုဟ်ဆရာက ဇီဝိတစေတသိက်ကိုမှ ဣန္ဒြေနဲ့ တွဲသုံးတယ်။ နာမ်တရားတွေကို သူက အကုန်လုံး အစိုးရထားတာကိုး။ သူက သိပ်အရေးကြီးတာကိုး။ ခုန ကုသိုလ်စေတသိက်တွေမှာ ပညာအရေးကြီးသလို ဒီစိတ်အားလုံးမှာ ယှဉ်တဲ့စေတသိက်ထဲမှာ ဇီဝိတ စေတသိက်ဟာ အားလုံးစိတ်တွေ စေတသိက်တွေကို သူက အကုန်လုံး အုပ်ခိုးပြီးတော့ သူအုပ်စိုးထားလို့ စောင့်ရှောက်ထားလို့ လူတွေဟာ အသက်မသေဘဲနဲ့ ရှင်နေတာ။ အဲဒီတော့ ရုပ်သက်နဲ့ နာမ်သက်။ ရုပ်သက်က ဒီရုပ်ကြီးကို စောင့်ရှောက်လို့ရတာက ပဋိသန္ဓေကနေပြီးတော့ စုတိအထိပဲ။ မွေးသည့်နေ့က စပြီးတော့ သေသည့်ထိအောင် ဒီ ရုပ်ဇီဝိတက ဒီခန္ဓာကိုယ်ကို စောင့်ရှောက်တယ်။ နောက်တစ်ဘဝ ပြောင်းသွားတဲ့အခါကျတော့ နောက်ထပ် ရုပ် ဇီဝိတ အသစ်ဖြစ်တာပဲ။ ဒီဘဝက လူ့ခန္ဓာဆိုယင် ဟိုဘဝကျ နတ်ခန္ဓာအသစ် သွားဖြစ်ချင်ဖြစ်တာပဲ။

ဒီနာမ်ဇီဝိတက ရုပ် ဇီဝိတထက် အရေးကြီးတာက နာမ်တရားတွေက သူတို့က သေတယ်လို့မရှိဘူး။ မသာချလိုက်တာက ရုပ်ကြီးကိုသာ မသာချတာကိုး။ နာမ်တရားကတော့ ဒီဘဝမှာ အသက်ရှင်နေစဉ်မှာလဲ ဥပါဒ်, ဌီ, ထင်၊ ဥပါဒ်, ဌီ, ဘင်–နဲ့ ဆက်ကာဆက်ကာ သူက ဖြစ်နေ

တာပဲ၊ သေတယ်လို့ လူတွေ ပြောနေတာက ရုပ် ခန္ဓာကိုယ်ကြီး သေသွားလို့ သချိုင်းကုန်း ပစ်လိုက်ရတာကို ပြောတာပါ။ ဒီရုပ်ကြီးသာ ပစ်လိုက်ရတာပဲ။ ဒီနာမ်တရားတွေကတော့ သူက ဉပါဒ်, ဌီ, ဘင်၊ ဉပါဒ်, ဌီ, ဘင်-နဲ့ ဆက်ဖြစ်နေတာပဲ။

အဲဒီလို ဉပါဒ်, ဌီ, ဘင်၊ ဉပါဒ်, ဌီ, ဘင်နဲ့ ဘဝတိုင်း ဆက်ဖြစ်နေတာဟာ ဘယ်သူ့ရဲ့ အစွမ်းသတ္တိလဲဆိုယင် ဒီ နာမ်ဇီဝိတရဲ့ အစွမ်းသတ္တိပဲ။ ဒါကတော့ ပဋ္ဌာန်း အဓိပ္ပါယ်တွေ ပါလာတော့ နည်းနည်းတော့ နက်နဲသွားတာပေါ့။ လူငယ်တွေကတော့ သဘောပေါက်ချင်မှ ပေါက်မယ်။

ဒါကြောင့်မို့လို့ လူတွေဟာ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းနေတယ်၊ လူသေတယ်ဆိုတာ ရုပ်ကြီးသာ သေသွားတယ်၊ နာမ်တရားက မသေဘူးဆိုပြီး တချို့တလေ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလို သဿတဒိဋ္ဌိဖြစ်တယ်။ သူတို့က ဉပါဒ်, ဌီ, ဘင်-ဖြစ်ပျက်ကို မမြင်နိုင်ဘူး။ ဒီလူ ဒီဘဝက သေသွားပြီးတော့ နတ်ပြည်မှာ နတ်သွားဖြစ်တာပဲ သူမြင်တယ်။ ဒီဝိညာဉ်ဟာ နတ်ဘဝကို ပြောင်းသွားတယ်၊ ဒီလိုပဲ မြင်တာကိုး။ ဝိညာဉ်ရဲ့ ဖြစ်ပျက်ကို သူတို့က မမြင်ဘူး၊ ဒါကြောင့်မို့လို့ သဿတဒိဋ္ဌိဖြစ်တာ။

အဲဒီတော့ ဈာန်အဘိညာဉ် ရတဲ့ ပုဂ္ဂိုလ်တွေတောင် မမြင်ယင် အခု လူတွေလဲ အဘိဓမ္မာသင်လို့သာ ဒီနာမ်တရားလေးတွေဟာ ဖြစ်ပျက်ဖြစ် ပျက်နဲ့ နေတယ်လို့ သိရတယ်၊ ဝိပဿနာရှုတော့ ဖြစ်ပျက်ရှုရမယ်ဆိုတော့ နာမ်ရဲ့ဖြစ်ပျက်ကို တကယ်မြင်သလား၊ မမြင်သလားတော့ မသိဘူး၊ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေတောင်မှ နာမ်ရားတို့ရဲ့ ဖြစ်ပျက်ကို မမြင်ကြဘူး။ မြင်တာက ဝိညာဉ်ပြောင်းသွားတယ်လို့ပဲ မြင်ကြတယ်။

အဲဒီတော့ မြတ်စွာဘုရားပွင့်လာတဲ့အခါကျတော့မှ ဒီနာမ်တရားတွေဟာ အင်မတန် မြန်လွန်အားကြီးလွန်းလို့ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်နဲ့ အမြဲတမ်း ဖြစ်ပျက်နေတာပဲလို့ မြတ်စွာဘုရားက ဝီထိတွေ ဘာတွေနဲ့ ဖြစ်ပျက်ပုံကို ဟောမှ သိကြရတာကိုး။

အဲဒါကြောင့်မို့လို့ ဒီနာမ်တရားလေးတွေ ဆက်ကာ ဆက်ကာ ဖြစ်နေရတာဟာ ဒီ ဇီဝိတစေတသိက်ရဲ့ သတ္တိပဲ။ ဒါကြောင့်မို့လို့ ဒီနာမ် ဇီဝိတဟာ အင်မတန် အင်အားလဲ ကြီးတယ်၊ တန်ခိုလဲ ကြီးတယ်။

ဒီ ဇီဝိတစေသိက်ဟာ သံသရာအစက စပြီးတော့ နိဗ္ဗာန်ရတဲ့ဘဝ ဝိုင်အောင် နာမ်တရားလေးတွေ ဆက်ကာ ဆက်ကာ မပြတ်ဖြစ်နေအောင် သူက လုပ်ပေးတာ။ အဲဒါကြောင့်မို့လို့ ဇီဝိတစေတသိက်ဟာ အင်မတန် တန်ခိုးကြီးလို့ သူ့ကို ဣန္ဒြေဆိုပြီး သင်္ဂြိုဟ်ဆရာက သိအောင် ထပ်ပြီး ထည့်ထားတာ။

အဲဒီတော့ ဇီဝိတစေတသိက်ကတော့ ဒါလောက်ဆိုယင် တော်ကြပါ စို့၊ တစ်ခါ မနသိကာရ။ ဒါက ခုနစ်လုံးမြောက်ပဲ။

**မနသိကာရ** မနသိကာရ စေတသိက်ဆိုတာက မြန်မာတွေကတော့ ယောနိသောမနသိကာရ၊ အယောနိသောမနသိကာရလို့ သုံးနေကြတာပဲ။ မနသိကာရစေတသိက်ကို ဘာသာ အပြန်များကြတာက တော့ နှလုံးသွင်းမှုလို့ ဒီလိုပဲ ပြန်ကြတယ်။ မနသိကာရတွေက အမျိုးမျိုး ရှိတယ်။ ယောနိသောမနသိကာရ=အသင့်အတင့် နှလုံးသွင်းတာက ဒီ မနသိကာရစေတသိက်မဟုတ်ဘူး၊ ပညာကို ခေါ်တာ။ တချို့က မနောဒွါရာ ဝဇ္ဇန်းတဲ့။ ဒီ မနသိကာရ စေတသိက်က စိတ်အားလုံးမှာ ယှဉ်တဲ့စေတသိက်။ ဒီမနသိကာရ စေတသိက်မပါဘဲနဲ့ ဘယ်စိတ်မှ ဖြစ်လို့မရဘူး။

ဥပမာတစ်ခု–လမ်းလျှောက်သွားတယ်ဆိုကြပါစို့၊ ဒီလမ်းလျှောက် သွားတဲ့ လူတွေထဲကို ကိုယ့် ကြည့်တော့ ကြည့်သွားတာပဲ။ ဒါပေမဲ့ ဘယ်သူ နဲ့တွေ့တယ် မတွေ့ဘူးဆိုတာက ကိုယ်က သူ့ကိုတွေ့အောင် နှလုံးသွင်း ရှိမှကိုး။ ဒီရူပါရုံကို တွေ့အောင် နှလုံးမသွင်းဘဲနဲ့ အမှတ်တမဲ့ လျှောက်သွား ယင် ဟိုနားလေးကျတော့ မေးတယ်၊ မင်းဘယ်သူ့ကို တွေ့ခဲ့သလဲဆိုယင် မတွေ့ဘူးပြောတာပဲ၊ ဘာဖြစ်လို့လဲဆိုယင် သူက နှလုံးမှ မသွင်းဘဲနဲ့။ သူ့ဘာသာသူ အာရုံတစ်ခု စိုက်ပြီးတော့ သွားနေတာကိုး။

ဒါကြောင့်မို့လို့ ဒီရူပါရုံကို မြင်တယ်ဆိုတာလဲ နှလုံးသွင်းမှု ရှိရမယ်၊ သဒ္ဒါရုံကို ကြားတယ်ဆိုတာလဲ နှလုံးသွင်းမှု ရှိရမယ်၊ ဂန္ဓာရုံကို နံတယ်ဆိုတာလဲ နှလုံးသွင်းမှု ရှိရမယ်၊ နှလုံးသွင်းမှု မရှိလို့ရှိယင် ကိုယ်က မြင်လဲမမြင်ပါဘူး၊ ကြားလဲမကြားပါဘူး။ ဒါကြောင့်မို့လို့ ဘယ်စိတ်ဖြစ်ဖြစ် မနသိကာရစေတသိက်ပါမှ စိတ်ဖြစ်လို့ရတယ်။ မနသိကာရ မပါလို့ရှိယင် ဖြစ်လို့မရဘူး။ မနသိကာရ အမျိုးအစားတွေက များတော့ ဒီမနသိကာရစေတသိက်နဲ့ ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်းစိတ်တို့နဲ့ ကွဲပြားအောင် ပြောနေယင် သိပ်နက်နဲသွားမယ်။ ဒါတွေကတော့ ထားပါတော့။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက်

သဗ္ဗစိတ္တသာဓာရဏ စေသိက်လို့ခေါ်တဲ့ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်က–

ဖဿ၊
ဝေဒနာ၊
သညာ၊
စေတနာ၊
ဧကဂ္ဂတာ၊
ဇီဝိတိန္ဒြေ၊
မနသိကာရ။

"ဖသ်, ဝေ, သင်, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်"

သဗ္ဗစိတ်တိုင်းဆိုတာက သဗ္ဗ=အားလုံးပေါ့လေ။ ပါဠိလို ကာရန်ကိုက်အောင် လုပ်လိုက်ရတာကိုး။

ဖသ်–ဆိုတာက ဖဿ၊
ဝေ–ဆိုတာက ဝေဒနာ၊
သင်–ဆိုတာက သညာ၊

စေ–ဆိုတာက စေတနာ၊

ဧ–ဆိုတာက ဧကဂ္ဂတာ၊

ဇီ–ဆိုတာက ဇီဝိတိန္ဒြေ၊

မန–ဆိုတာက မနသိကာရ။

ဒီလင်္ကာလေး ရထားမယ်ဆိုယင် ကျက်နေစရာမလိုပါဘူး။ နို့မဟုတ်လို့ရှိယင် "ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ"ဒီလို အာပုတိုက် ကျက်ထားလို့ရှိယင် စာမေးပွဲ မေးတဲ့အခါကျတော့ ကျက်ထားတာတွေက အများကြီးဆိုတော့ ဆိုကြည့်လိုက်လို့ရှိယင် လိုချင်တဲ့အလုံး လိုနေယင် ဘာမှ စဉ်းစားလို့မရတော့ဘူး။

ဖသ်, ဝေ, သင်, စေ၊ ဧ, ဇီ ,မန၊ ဤတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်" ဒါက နှုတ်ကျိုးနေလို့ရှိယင် ဒီလို လင်္ကာမျိုးလေးတွေက မမေ့ဘူး။ ဒါ စာမေးပွဲအတွက် စာကျက်တဲ့အခါမှာ စာကျက်ပြီးတဲ့ နောက်မှာ ဒါက အတိုကောက်မှတ်တဲ့နည်းပဲ။

ကဲ–ဆိုကြစမ်းပါ။

"ဖသ်, ဝေ, သင်, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်"

အဲဒီတော့ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက် ခုနစ်လုံးကတော့ ပြီးသွားပါပြီ။ ပါဠိလို ဒီစေတသိက်တွေကို သဗ္ဗစိတ္တသာဓာရဏစေတသိက်လို့ ခေါ်တယ်။

သဗ္ဗစိတ္တ–ဆိုတာက စိတ်အားလုံး။ သာဓာရဏ–ဆိုတာက ဆက်ဆံတာ။ စိတ်အားလုံးနဲ့ဆက်ဆံတဲ့ စေတသိက်။ ဒါ သင်္ဂြိုဟ်ပါဠိအတိုင်း ပြောတာ။ အဲဒီတော့ စိတ်အားလုံးမှာပါဝင်တဲ့ စေတသိက်က ခုနစ်ခု၊ စိတ်က တစ်ခု၊ ပေါင်းတော့ ရှစ်ခု။ စိတ်ရယ်လို့ ဖြစ်လာလို့ရှိယင် ဘယ်လောက် စေတသိက်နည်းတဲ့ စိတ်ပဲဖြစ်ဖြစ် ဒီခုနစ်ခုရှိမှ စိတ်တစ်ခု ဖြစ်လို့ရတယ်။

ဒီ ဖဿရယ်, ဝေဒနာရယ်, သညာရယ်, စေတနာရယ်, ဧကဂ္ဂတာရယ်, ဇီဝိတိန္ဒြေရယ်, မနသိကာရရယ်–ဆိုတာက စိတ်တစ်ခုဖြစ်ဖို့ရာ အင်္ဂါခုနစ်ပါးပဲ။ ဒီအင်္ဂါခုနစ်ပါးနဲ့ ပြည့်စုံမှ စိတ်တစ်ခု ဖြစ်လို့ရတယ်၊ စိတ်ဖြစ်တယ်ဆိုလို့ရှိယင် ဒီခုနစ်ခုတော့ ပါရတယ်။ အဓိပ္ပါယ်တစ်ခု–မြင်ဟယ် ဆိုပါတော့ မြင်တဲ့စိတ်မှာ အနည်းဆုံး ဒီစေတသိက်ခုနစ်လုံးက ပါရတာပဲ။ ဒီစေတသိက် ခုနစ်လုံးနဲ့ ဒီစိတ်တစ်ခုဟာ သူတို့က အညမညပဲ။

ပဋ္ဌာန်းကျတော့ ဒါ အညမညပစ္စည်း၊ သဟဇာတပစ္စည်းလို့ ခေါ်တယ်။ အညမညဆိုတ သူတို့ အပြန်အလှန် ကျေးဇူးပြုတယ်လို့ ဆိုတာက ဒီစေတသိက် ခုနစ်လုံးပါမှ စိတ်ဖြစ်လို့ရတယ်၊ ဒီစိတ်ကြောင့် ဒီ စေတသိက် ခုနစ်လုံး ဖြစ်တယ်။ သူတို့ ရှစ်ခုက ခွဲလို့ မရဘူး။

ရုပ်ပိုင်းမှာ ကလာပ်ဖွဲ့တဲ့အခါကျတော့ အဋ္ဌကလာပ်လို့ ခေါ်တယ်။ အဋ္ဌ=ရှစ်၊ ကလာပ်=အဖွဲ့လေးတစ်ခု။ ရုပ်ဘယ်လောက် သေးငယ်သည်ဖြစ်ပါစေ၊ ကောင်းကင်နေရောင်ထဲမှာရှိနေတဲ့ မျက်စိနဲ့မမြင်နိုင်တဲ့ အလွန်သေးငယ်တဲ့ ရုပ်ကလေးမှာပဲဖြစ်ဖြစ် အဋ္ဌကလာပ်ရုပ်က ရှိရတယ်၊ ရုပ်ဆိုယင် ဘယ်လောက် သေးသေး ငယ်ငယ် ရှစ်ခုတော့ ရှိရတယ်။ သူတို့က ခွဲလို့မရလို့ ရုပ်ပိုင်းမှာ အဲဒါကို အဝိနိဗ္ဘောဂရုပ်=ခွဲလို့ မရတဲ့ရုပ်လို့ ခေါ်တယ်။

အဲဒီတော့ ရုပ်ပိုင်းမှာ အဋ္ဌကလာပ်ခေါ်သလို နာမ်တရားမှာလဲ ဒီစိတ်နဲ့ စေတသိက်ရှစ်ခုက ဘယ်လိုမှ ခွဲလို့မရဘူး။ နာမ်တရားကို အသေးဆုံးထိအောင် ခွဲယင် အနည်းဆုံး ဒီ ရှစ်ခုတော့ ရှိတယ် စိတ်ယှဉ်စေတသိက်ယှဉ်ဆိုတာ ဒါပြောတာပဲ။ အနည်းဆုံး စိတ်မှာ စေတသိက် ခုနစ်လုံးတော့ ပါတယ်။ ခုနစ်လုံးပါတယ်ဆိုတာက ဒီခုနစ်လုံးမပါဘဲနဲ့ မြင်တဲ့စိတ်က ဖြစ်လို့မရဘူး။ မြင်တဲ့စိတ်မရှိဘဲနဲ့လဲ ဒီခုနစ်လုံးက မဖြစ်ဘူး။ ဒါ ပဋ္ဌာန်းကျတော့ အညမည ပစ္စည်း၊ သဟဇာတ ပစ္စည်းလို့ ခေါ်တယ်၊ နို့ပေတဲ့ ဒီမှာ ဘာဖြစ်လို့ ကလာပ်လို မခေါ်သလဲဆိုတော့ နာမ်တရားက ဖြစ်ပြီးပျက်သွားတာကိုး။ ဖြစ်ပြီးပျက်သွားတော့ သူက အမှန်အမှား၊ သူက အစိုင်

အခဲ ဒီလို မပြောနိုင်ဘူး။ ဖြစ်ပြီး ပျက်သွားတာပဲ။ နောက်ထပ်လဲ ဖြစ်၊ ဖြစ်ပြီးယင် ပျက်သွားတာပဲ။ ပဋ္ဌာန်းကျတော့ ဒါ အနန္တရ ပစ္စည်းလို့ ခေါ်တယ်။ ရုပ်တွေက ဒီလိုမဟုတ်ဘူ၊ ရုပ်ကတော့ ဖြစ်တဲ့ ရုပ်တွေက ဖြစ်နေတယ်၊ ပျက်တဲ့ ရုပ်တွေက ပျက်နေတယ်၊ ဖြစ်တဲ့ရုပ်တွေက မပျက်ခင် နောက်ထပ်ဖြစ်နေတဲ့ ရုပ်တွေက ခဏခဏ ထပ်ဖြစ်နေတော့ အထပ်ပေါင်းများလာတဲ့အခါကျတော့ အမှုန်အမွှား ရုပ်တွေက တဖြည်းဖြည်း ကြီးလာတယ်။ တောတို့ တောင်တို့ တိုက်တို့ တာတို့ အကြီးအကျယ်တွေ ဖြစ်လာတယ်။

နာမ်တရားကတော့ အဲဒီလိုမဟုတ်ဘူး၊ အကုန်လုံးပျက်သွားလိုက်, အသစ်ထပ်ဖြစ်လိုက်၊ အကုန်လုံး ပျက်သွားလိုက်, အသစ်ထပ်ဖြစ်လိုက်ဆိုတော့ သူက ပြိုင်တူမဖြစ်နိုင်ဘူး။ မဖြစ်နိုင်တော့ နာမ်တရားက မမြင်နိုင်ဘူး။ အနည်းဆုံး နာမ်တရားက ရှစ်ခုတော့ ပါရတယ်။ အဲဒီတော့ စိတ်အားလုံးမှာ ပါဝင်တဲ့ စေတသိက်ကတော့ ကုန်သွားပြီ။ အချိန်က သိပ်မရှိဘူး။ ဩဂုတ်လဆိုယင် သင်တန်းက ပြီးရမှာ။ နောက်ပြစရာတွေကလဲ အများကြီးရှိသေးတယ်။

## စိတ် အချို့အဝက်မှာ ပါဝင်တဲ့ စေတသိက်

သဂြိုဟ်ဆရာကတော့ ပကိဏ်းစေတသိက်လို့ ခေါ်တယ်။ ပကိဏ်းစေတသိက်ဆိုတာက ပါဠိလို ပကိဏ္ဏက။ ပကိဏ္ဏက ပါဠိကို ပကိဏ်းလို ခေါ်လိုက်တာပဲ။ မြန်မာဘာသာပြန်နေတာမဟုတ်ဘူး။ ပါဠိကို ဖျက်ခေါ်လိုက်တာပဲ။

အဲဒီတော့ ပကိဏ်းဆိုတဲ့ အဓိပ္ပါယ်က ရောပြွမ်းတယ်။ ကုသိုလ်အကုသိုလ်ရောပြီးတော့ နေတယ်။ သူက ကုသိုလ် သက်သက်မှာလဲ ယှဉ်တာမဟုတ်ဘူး၊ အကုသိုလ် သက်သက်မှာလဲ ယှဉ်တာမဟုတ်ဘူး။ ကုသိုလ်, အကုသိုလ် စေတသိက်တုန်းကတော့ အကုသိုလ်စေတသိက်က အကုသိုလ်စိတ်မှာပဲယှဉ်တယ်၊ ကုသိုလ်စေတသိက် ကုသိုလ်စိတ်မှာပဲ ယှဉ်တယ်။

ဒီ ပကိဏ်းစေတသိက်ဆိုတာက ကုသိုလ်မှာလဲ ယှဉ်တယ်။ အကုသိုလ်မှာလဲ ယှဉ်တယ်။ စိတ်အားလုံးမှာ ယှဉ်သလားဆိုတော့ စိတ်အားလုံးမှာတော့ သူက မယှဉ်ဘူး။ အချို့အဝက်ပဲ။ သို့သော် စိတ် ၈၉–ခုထဲက သူက ၅၀–မှာ ယှဉ်မယ်၊ ၆၀–မှာ ယှဉ်ချင်ယှဉ်မယ်၊ ၇၀–မှာ ယှဉ်ချင်ယှဉ်မယ်၊ ၈၀–မှာ ယှဉ်ချင် ယှဉ်မယ်။ ကုသိုလ် အကုသိုလ်ရောပြီးနေလို့ သူ့ကို ပကိဏ်းစေတသိက်လို့ ခေါ်တယ်။ အဲဒီတော့ ပကိဏ်းစေတသိက်က ခြောက်လုံးရှိတယ်။

**ဝိတက်စေတသိက်** အဲဒီတော့ ဝိတက်ဆိုတဲ့ စကားဟာ မြန်မာက သုံးနေတာပါပဲ။ ဒီလူသိပ်ပြီးတော့ ဝိတက်များတာပဲ။ ဝိတက်များတဲ့လူဟာ အိပ်လို့မပျော်ဘူး မဟုတ်လား။ ဒီတော့ ဝိတက်ကို မြန်မာလို ဘယ်လိုပြန်မတုံး။ ဝိတက်ကို မြန်မာက ကြံစည်မှုဆိုပြီး ဒီလို ပြန်တယ်။ ကြံစည်မှုဆိုတော့ ဝိတက်များတဲ့လူဟာ အိပ်လို့မပျော်ဘူး ဆိုတော့ အကြံတွေ များနေတာပဲ။ အကြံတွေ များနေတော့ ဟိုကြံဒီကြံ အဲဒါတွေ လျှောက်ပြီးတော့ ကြံနေတဲ့အခါကျတော့ အိပ်မပျော်ဘူး၊ ဝိတက်များတယ်။ ဒါကြောင့်မို့လို့ ကြံစည်မှုလို့ ဒီလို ပြန်တယ်။ နောက်တစ်နည်းကတော့ ဝိတက်ကို စိတ်ကူးမှုလို့ ပြန်သေးတယ်။ စိတ်ကူးတယ်ဆိုတာ ဘယ်လို ကူးတာတုံး။

ရေကူးတယ်ဆိုယင် ရေထဲမှာ အဝေးကိုရောက်အောင် ယက်သွားတာပဲ၊ ကူးသွားတာပဲ။ ဒီဘက်အိမ်က ဟိုဘက်အိမ်ကို ကူးတယ်ဆိုယင် ဟိုဘက်အိမ်ရောက်အောင် သွားတာ ကူးတာပဲ။

စိတ်ကူးတယ်ဆိုတာ အာရုံတစ်ခုက တစ်ခုကို ကူးသွားတာပဲ။ ပထမအာရုံကနေပြီးတော့ ဒုတိယအာရုံကို ကူးသွားတယ်၊ ဒုတိယအာရုံကနေပြီးတော့ တတိယအာရုံကို ကူးသွားတယ်။ စိတ်ကလေးက အာရုံတစ်ခုက တစ်ခုသို့ ကူးကူးသွားတာကိုး၊ ဒါကို ဝိတက်လို့ ခေါ်တယ်၊ ဒါကို မြန်မာက ကြံစည်မှုလို့ ခေါ်တယ်၊ အဘိဓမ္မာနဲ့ ကိုက်တာက ဝိတက်ကို စိတ်ကူးတယ်ဆိုယင် ပိုပြီးတော့ ကိုက်တယ်။

ပထမ မျက်စိထဲမှာ အာရုံတစ်ခုပေါ်လာတယ်၊ ပေါ်လာပြီးတော့ ဒီ အာရုံလေးက နေပြီးတော့ နောက်တစ်ခါ အာရုံလေးတစ်ခု ပေါ်လာတယ်။ အဲဒီ အာရုံလေးကို ကူးသွားတယ်။ နောက် အာရုံလေးတစ်ခု ပေါ်လာတယ်၊ ပထမ အာရုံလေး ပျောက်သွားတယ်၊ နောက် အာရုံလေး တစ်ခုသို့ ကူးသွားတယ်။ စိတ်ဟာ တစ်ခါတည်း အာရုံတစ်ခုက အာရုံတစ်ခုကို ကူးကူးပြီးတော့ နေတာကိုး။ ဒါ ဝိဘက်များတယ်၊ အကြံများတယ်။ အဲဒီတော့ စိတ်ကူးဆိုတာနဲ့ အဘိဓမ္မာနဲ့ အင်မတန် ကိုက်တယ်။

ဒါကြောင့်မို့လို့ ရှေးက အဘိဓမ္မာ ဆရာကြီးတွေက ဝိတ်ကို ကြံစည်မှုလို့လည်း သူတို့ကမပြန်ဘူး။ စိတ်ကူးမှုလို့လည်း သူတို့က မပြန်ဘူး။ **စိတ်ကို အာရုံသို့တင်ပေးမှုတဲ့**။ ဒါ အဋ္ဌကထာတွေ ဋီကာတွေ ဖွင့်တဲ့ အတိုင်းပြန်တာပဲ၊ ဒီလို ဘာသာပြန်ယင် ခုခေတ် လူငယ်တွေအတွက် တော်တော်နဲ့ နားမလည်နိုင်ဘူး။ လူကြီးတွေလဲ နားမလည်ပါဘူးလေ။ **မြန်မာစကားကိုမတတ်တာက** တစ်မျိုး၊ **ဘာသာပြန်ရ ခက်တာက** တစ်မျိုး၊ **အဘိဓမ္မာ သဘောတရားက ခက်တာက** တစ်မျိုး၊ အဲဒီလို အခက်တွေ ပေါင်းဆုံနေလို့ အဘိဓမ္မာကို ခက်တယ်လို့ ပြောကြတာပေါ့။

တကယ်ရှင်းအောင်ပြောတက်ယင် ဒီ စိတ်, စေတသိတ်, ရုပ်–ဆိုတဲ့ တရားတွေဟာ ဒီ ခန္ဓာကိုယ်ကိုပြောနေတာပဲ၊ တခြားမှာ ရှိနေတာ မဟုတ်ဘူး၊ ရုပ်တွေဟာလဲ ခန္ဓာကိုယ်မှာ ရှိနေတာပဲ၊ စိတ်တွေဟာလဲ ခန္ဓာကိုယ်ထဲမှာ ရှိနေတာပဲ။ စေတသိတ်တွေဟာလဲ ခန္ဓာကိုယ်ထဲမှာ ရှိနေတာပဲ။ ဒါကို နားလည်အောင် ပြောဖို့ပဲ အရေးကြီးတယ်။

**တရားကို စာအုပ်ကြီးတွေက ကွယ်ထားတယ်တဲ့** နားလည်အောင်ပြောဖို့ အရေးကြီးတယ်ဆိုတော့ ကြံကြံဖန်ဖန် ပြောတဲ့လူတွေရှိသေးတယ်။ အဲဒီလူတွေက ကွယ်ထားတာ ဘာက ဘုရားကို မမြင်ရအောင် ကွယ်ထားသတဲ့တဲ့၊ စေတီက ကွယ်ထားတယ်တဲ့။ အခု စေတီတွေကို ဘုရားလို့ ထင်နေကြတာကိုး၊ ထင်တော့ သူတို့က ဘယ်လို ပြောလဲဆိုတော့ ဘုရားအစစ်ကို လူတွေက မမြင်ဘူး၊ ဘာ

ကို ဖူးနေကြသလဲဆိုတော့ စေတီပဲ ဖူးနေကြတယ်၊ ဘုရားကို စေတီက ကွယ်ထားတယ်တဲ့။ တရားကို ဘာက ကွယ်ထားသတုံးဆိုတော့ တရားကို လဲ စာအုပ်တွေက ကွယ်ထားတယ်တဲ့၊ ကွယ်ထားတယ်ဆိုတာက ဒီစာအုပ်တွေက သိပ်များနေတော့ တရားအစစ်ကို ဒီစာအုပ်တွေပေါ်မှာပဲ လျှောက်ဖတ်နေကြတော့ တရားအစစ်ကို လူတွေက မသိတော့ဘူးတဲ့။ ဒီတော့ တရားကို စာအုပ်တွေက ကွယ်ထားတယ်တဲ့။

တစ်ခါ သံဃာကိုတော့ ဘာက ကွယ်ထားသလဲဆိုတော့ သံဃာကို ဘုန်းကြီးတွေက ကွယ်ထားတယ်တဲ့။ ဒီဘုန်းကြီးတွေက တကယ် ပရမတ္ထ သံဃာမှ မဟုတ်ဘဲ၊ သမ္မုတိ သံဃာကိုး။ သံဃာအစစ်ကို မသိကြတော့ ဘုန်းကြီးကိုပဲ သံဃာထင်နေကြတယ်တဲ့။ ဟုတ်သလိုလိုနဲ့ ဘုန်းကြီးတွေက ကြားလို့ရှိယင် အဲဒီ တရားပွဲ ခဲနဲ့ပစ်ခံရမယ်။ အဲဒီတော့ အဲဒီလို ကြဲကြဲ ဖန်ဖန်ပြောတဲ့လူတွေလည်း ရှိသေးတယ်။

အမှန်ကတော့ စေတီဟာ ဘုရားပဲ၊ တကယ်ဘုရားအစစ်ကို ယုံကြည်လို့ စေတီတွေ တည်ထားပြီး ကိုးကွယ်ကြတာ ဘုရားကို ရည်စူးပြီးတော့ ကိုးကွယ်တာပဲ။

ဒီစာအုပ်တွေ ဖတ်တယ်ဆိုတာကလဲ ဒီတရားသဘောအစစ်ကို သိအောင် ဒါတွေကို လေ့လာတာပဲ။ ဘယ်ကလာ ကွယ်ထားရမှာလဲ၊ အသလို လူနောက်တွေကလဲ ရှိသေးတယ်၊ စာလဲမကျက်ချင်ဘူး၊ ဘုရားလဲ မရှိခိုးချင်ဘူး၊ ရှိမခိုးချင်တော့ ကြဲကြဲဖန်ဖန် စာလေး ဘာလေး အနည်းအကျဉ်း တတ်တာနဲ့ တောက်တီးတောက်တဲ့ လျှောက်ပြောကြတယ်။ ဘုန်းကြီးက ကွယ်တာမှ မဟုတ်ဘဲနဲ့၊ ဒီဘုန်းကြီးတွေက တရားကို အားထုတ်နေတယ်၊ အဲဒီလို သံဃာတော်အမှတ်နဲ့ ရည်စူးပြီးတော့ ကိုးကွယ်တာပဲ။ အဲဒါ ကွယ်ထားတာ မဟုတ်ပါဘူး။ သံဃာပေါ်အောင် ဘုန်းကြီးက လုပ်ပေးရတာပါ။ သံဃာအစစ်ကို သိအောင် ဘုန်းကြီးက လုပ်ပေးရတာပါ။ ဘုရားအစစ်ကို သိအောင် စေတီတွေက လုပ်ပေးရတယ်။ တရားအစစ်ကို သိအောင် စာအုပ်တွေက လုပ်ပေးရတယ်။ ဒီလို အဓိပ္ပါယ်မရှင်းဘဲနဲ့ တစ်မျိုး လျှောက်ပြောနေတဲ့ လူတွေလဲ ရှိသေးတယ်။

အဲဒီတော့ ဝိတက်ကို စိတ်ကို အာရုံသို့ တင်ပေးမှုလို့ ဘာသာပြန်တဲ့ အခိပ္ပါယ်က ဒီထဲမှာ တရားထိုင်ဖူးတဲ့ လူကြီးတွေ ပါပါတယ်၊ လူငယ်တွေလည်း ထိုင်ဖူးပါတယ်။ အာနာပါန ထွက်သက်ဝင်သက် ရှုမှတ်တယ်ဆိုပါတော့၊ ထွက်သက်ဝင်သက် ရှုမှတ်တဲ့အခါကျတော့ စိတ်က တခြားကို ရောက်ရောက်သွားတယ်။ စိတ်က အိမ်ကိုရောက်သွားလိုက် သားဆီ ရောက်သွားလိုက်၊ သမီးဆီရောက်သွားလိုက်၊ ကျောင်းကိုရောက်သွားလိုက်၊ သူငယ်ချင်းတွေဆီ ရောက်သွားလိုက်နဲ့ စိတ်က ပြေးနေတာ။

သူ့ကို တည်ငြိမ်အောင် လုပ်တဲ့အခါကျမှ ဪ--စိတ်ဆိုတာက သိပ်ပြေးပါလားဆိုတာ သိတာကိုး။ အမှတ်တမဲ့ အများနဲ့ နေတဲ့အခါမှာ စိတ်ပြေးမှန်းမသိဘူး။ အဲသလို ထွက်သက် ဝင်သက်ကိုမှတ်လို့ ဆိုတော့ ထွက်သက်ဝင်သက်အာရုံမှာ စိတ်က မနေဘဲ ပြေးတယ်၊ ပြေးတော့ အာရုံပေါ် ပြန်တင်ပေးလိုက်တယ်။ ဒီ ထွက်သက် ဝင်သက်က အာရုံကိုး၊ ထွက်သက် ဝင်သက်ဆိုတဲ့ အာရုံကို မှတ်နေတဲ့အခါမှာ စိတ်က ထွက်ထွက်ပြေးတယ်၊ ထွက်ထွက်ပြေးတော့ ဝိတက်က ဒီစိတ်ကို အာရုံသို့ တင်ပေးလိုက်၊ စိတ်က ထွက်ပြေးလိုက်၊ ဝိတက်က တင်ပေးလိုက်၊ စိတ်ကထွက်ပြေးလိုက်ပဲ။ တရားထိုင်တယ်ဆိုတာ နပန်းလုံးနေတာပဲ။

တချို့ကတော့ မသိဘူး၊ ပြေးတဲ့အတိုင်း မှိန်းပြီးထိုင်နေတာပဲ။ အိမ်လဲရောက်၊ ကျောင်းလဲရောက်၊ ဟိုရောက်-ဒီရောက်၊ ပြေးနေတာပဲ။ ဘေးက လူတွေကတော့ သူ တရားမှတ်နေတယ်ထင်တယ်။ သူက စိတ်ရောက်တဲ့ဆီ အကုန်လျှောက်ရောက်နေတယ်။ ထွက်သက် ဝင်သက်ဆီ တစ်ခါ တစ်ခါမှ လာတယ်။

အဲဒီတော့ တကယ်တရားထိုင်တာက ပထမ စိတ်ပင်ပန်းတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ထွက်သက်ဝင်သက် မှတ်လိုက်တယ်ဆိုယင် သတိထားမှ ပြေးမှန်းသိတာကိုး။ စိတ်က ထွက်ပြေးလိုက် ပြန်တင်လိုက်၊ တစ်ခါ ထွက်ပြေးလိုက် ပြန်တင်လိုက်၊ ထွက်ပြေးလိုက် ပြန်တင်လိုက်၊

အဲသလို နပန်းလုံးနေရတာ။ ပထမတော့ သိပ်ပင်ပန်းတာပေါ့၊ တရားထိုင်ရတာ လွယ်တာမှတ်လို့။

ဒါကြောင့်မို့လို့ ဝိတက်ကို ရှေးက အဘိဓမ္မာ ဆရာတွေက စိတ်ကို အာရုံသို့တင်ပေးမှုဆိုပြီး ဘာသာပြန်ကြတယ်။ ဒါမှ ဝိတက်ရဲ့ တကယ့်သဘောနဲ့ ကိုက်တယ်၊ အဲဒီတော့ စိတ်ကို အာရုံသို့တင် ပေးမှုဆိုတာနဲ့ စိတ်ကူးမှုဆိုတာနဲ့ သဘောချင်းက နည်းနည်း ကွဲတယ်၊ ကွဲပေတဲ့ ဝိတက်ကို မြန်မာက စိတ်ကူးတယ်၊ ကြံစည်တယ်၊ ဒီလိုပဲ နားလည်နေကြတယ်။

ဒါကြောင့်မို့လို့ ဒီဝိတက်စေတသိတ်ဟာ တရားအားထုတ်တဲ့ အခါမှာ သိပ်အရေးကြီးတယ်။ ဗုဒ္ဓဘာသာမှာ တရားအားထုတ်တယ် ဆိုတာဟာ လမ်းနှစ်သွယ်ရှိတယ်–

(၁) သမထလမ်းရယ်၊

(၂) ဝိပဿနာလမ်းရယ်။

သမထလမ်းဆိုတာက သမာဓိလုပ်ငန်းပေါ့။ အခုန ဒီစိတ်ကို အာရုံတစ်ခုပေါ်မှာ တည်ငြိမ်ပြီးတော့နေအောင် တခြားကို မပြေးအောင် လုပ်တဲ့အလုပ်ပဲ။

အဲဒီ သမထလမ်းဆိုတာကျတော့ ဘယ်သူက ခေါင်းဆောင်လဲ ဆိုတော့ ဝိတက်က ခေါင်းဆောင်ပဲ။ ဈာန်အင်္ဂါငါးပါးထဲမှာ နံပါတ်-၁ ဈာန်အင်္ဂါဟာ ဝိတက်ပဲ။ သဒ္ဓါကိုလဲ ခေါင်းဆောင်မတင်ဘူး။ ပညာကိုလဲ ခေါင်းဆောင်မတင်ဘူး၊ သတိကိုလဲ ခေါင်းဆောင်မတင်ဘူး။

## ဈာန်လမ်းမှာ ပညာကို ခေါင်းဆောင်မတင်

သမထလမ်းမှာ ဘယ်သူအရေးအကြီးဆုံးလဲဆိုတော့ နံပါတ်-၁ ဝိတက်က သိပ်အရေးကြီးတယ်။ ဝိတက်က ဒီမှာ ဘာဖြစ်လို့ အရေးကြီးဆုံးလဲ ဆိုတော့ သမထလမ်းလုပ်တဲ့ ပုဂ္ဂိုလ်မှာ သဒ္ဓါတို့ ပညာတို့ သတိတို့ ပါရပါတယ်။ သို့ပေတဲ့ ကိုယ်လုပ်တဲ့လုပ်ငန်းက အာရုံတစ်ခုပေါ်မှာ စိတ်ကို

ငြိမ်အောင်လုပ်ရမှာကိုး၊ ဒီအာရုံပေါ်က စိတ်မပြေးအောင် လုပ်ရမှာကိုး။ အဲဒီ ပြေးတဲ့စိတ်ကို ဒီအာရုံပေါ်ရောက်အောင် ပြန်ပြီးတော့ တင်ပေးနေရတယ်။ အဲဒီ တော့ စိတ်ကို အာရုံပေါ်သို့တင်ပေးတဲ့ အလုပ်ဟာ သမထလမ်းမှာ အရေး အကြီးဆုံးအလုပ်မို့လို့ သမထလမ်းကျတော့ ဝိတက်ကို ခေါင်းဆောင် တင် ရတယ်။ ဝိပဿနာလမ်းကျမှ ပညာကို ခေါင်းဆောင်တင်တာကိုး။

ဒါကြောင့်မို့လို့ ဝိတက်စေတသိက်ဟာ သမထလမ်း အားထုတ်တဲ့ အခါကျတော့ ဈာန်အင်္ဂါငါးပါးမှာ သူက နံပါတ်(၁) အရေးကြီးတာပဲ။ ပြေးနေတဲ့စိတ်ကို အာရုံပေါ်သို့ တင်မပေးဘဲနဲ့ ဒီစိတ်ကို သူ့အတိုင်းချည်း လျှောက်ပြီးတော့ လွှတ်ထားတယ်ဆိုလို့ရှိယင် ဘယ်လို အားထုတ်နေ အားထုတ်နေ တစ်လပဲ ထိုင်ထိုင်၊ တစ်နှစ်ပဲ ထိုင်ထိုင်၊ တစ်သက်လုံးပဲ ထိုင်ထိုင်၊ ဘာသမာဓိမှ မရနိုင်ဘူး။ ဝိတက်ဟာ ဒါကြောင့်မို့လို့ သမထလမ်း မှာ သိပ်အရေးကြီးတာပေါ့။ ပြေးတဲ့စိတ်ကို သူက ပြန်ပြီးတော့ အာရုံပေါ်သို့ တင်ပေးရတယ်၊ ကိုယ်ထားချင်တဲ့ တစ်နေရာရာမှာ စိတ်ကို မပြေးအောင် လုပ်တာဟာ ဝိတက်ပါပဲ။

ဒါကြောင့်မို့လို့ ဝိတက်ရဲ့ လုပ်ငန်းကို ရှေးက အဘိဓမ္မာဆရာကြီး တွေ ဥပမာပေးတာက နို့စို့ နွားလေးနဲ့ ဥပမာပေးတယ်။ နို့ညှစ်တယ်ဆိုတာ တွေ့ဖူးကြမှာပေါ့။ နွားမကို နို့ညှစ်ချင်တဲ့အခါကျတော့ နွားကလေးကို လွှတ်ပေးလိုက်တယ်။ နို့စို့နွားငယ်ကလေးကို လွှတ်ပေးလိုက်တဲ့အခါကျတော့ နွားလေးက စို့တယ်။ နွားကလေးစို့လို့ နွားမ နို့သက်လာတဲ့အခါကျတော့ နွားလေးကို တစ်ခါထဲ ကြိုးနဲ့ ဆွဲပြီးတော့ ခပ်ရှည်ရှည် တိုင်မှာသွားပြီး ချည်ထားလိုက်တယ်။ အဲဒီနွားလေးဟာ ကြိုးရှည်သလောက်တော့ တိုင်မှာ ပတ်ပြေးနေတာပဲ။ ကြိုးက ချည်ထားတာကို။ သူက နို့တော့ မစို့ရတော့ဘူး။ အမေ့ဆီ သွားလို့မရတော့ဘူး။ မပြေးနိုင်လို့ မောတဲ့အခါကျတော့ သူ ဒီ တိုင်နားမှာပဲ အိပ်ရတော့တာပဲ။

ဝိတက်ကလဲ အဲဒီလိုပဲ၊ စိတ်ကပြေးတယ်၊ ပြေးတဲ့စိတ်ကို ပြေးလိုက်

တင်လိုက်၊ ပြေးလိုက် တင်လိုက်၊ ပြေးလိုက် တင်လိုက်ဆိုတော့ ကြာတော့ သူမပြေးနိုင်တော့ ဒီ အာနာပါန=ထွက်သက် ဝင်သက်ပေါ်မှာ စိတ်က ငြိမ် လာတာပဲ။ ထွက်သက် ဝင်သက်ပေါ် ငြိမ်လာတာနဲ့ တစ်ပြိုင်နက်တည်း နိမိတ်တွေဟာ မီးခိုးလုံးကြီးတွေလို ပုလဲလုံးလေးတွေလို ထင်လာတာပဲ။ ဒီနိမိတ်တွေ ရလို့ရှိယင်တော့ ဗေဒင်ဟောစားချင်ရင် ဟောစားလို့ရတယ်။ အဲသလို ဝိတက်ရဲ့လုပ်ငန်းဟာ သမထလမ်းမှာ သိပ်အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ဈာန်အင်္ဂါငါးပါးမှာ သူက နံပါတ်တစ်ပဲ။ အဲဒီတော့ ဈာန်အင်္ဂါငါးပါးမှာသာ သူက ပါသလားဆိုတော့ မဂ္ဂင်ရှစ်ပါးမှာလဲ ပါ တယ်။ မဂ္ဂင်ကျတော့ သူ့ကို ဘယ်လိုခေါ်တုံး၊ သမ္မာသင်္ကပ္ပမဂ္ဂင်တဲ့။

သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုတာက သင်္ကပ္ပဆိုတဲ့ ပါဠိနဲ့ ဝိတက်ဆိုတဲ့ ပါဠိနဲ့ ပါဠိက အတူတူပဲ။ သူတို့က ပရိယာယ်ပဲ။ မြန်မာက စိတ်ကူးတယ်၊ ကြံစည်တယ် ဒီလို ခေါ်သလိုပဲ။ ပါဠိမှာလဲ ဝိတက္ကလို့လဲ ခေါ်တယ်။ သင်္ကပ္ပလို့လဲ ခေါ်တယ်။ သင်္ကပ္ပလဲ အကြံအစည်ပဲ၊ ဝိတတ်လဲ အကြံအစည်ပဲ။

ဒါကြောင့်မို့ မဂ္ဂင်ရှစ်ပါးကျတော့ ဝိတက်ကို သမ္မသင်္ကပ္ပ မဂ္ဂင်လို့ ခေါ်တယ်။ မဂ်, ဖိုလ်, နိဗ္ဗာန်-ရရန် လမ်းကျတော့လဲ ဝိတက်ဟာ သမ္မ-သင်္ကပ္ပ မဂ္ဂင်ဆိုပြီးတော့ သူပါရသေးတယ်။

**တွေးခေါ်မြော်မြင်ရေးတရား ၂-ပါး**

ဝိပဿနာလုပ်ငန်း လုပ်တဲ့အခါကျတော့လဲ ဝိတက်ဟာ ပညာရဲ့ ရှေ့ပြေး။ ပထမအတွေးအခေါ်ပဲ။ ဒါကြောင့်မို့လို့ ဝိတက်ကို ခုခေတ်လူငယ်တွေ သိအောင်လို့ "တွေးခေါ်မှု"ဆိုပြီး တစ်နည်း ဘာသာပြန်လိုက်တယ်။ ခု ခေတ် လူတွေက တွေးခေါ်မြော်မြင်မှုလို့ ဒီလို သုံးလာကြတယ်။ တွေးခေါ် တယ်ဆိုတာက ဝိတက်ပဲ။ မြော်မြင်တယ်ဆိုတာက ပညာပဲ။ အဲဒီတော့ သမ္မသင်္ကပ္ပဆိုတဲ့ မဂ္ဂင်က ဒီ ရုပ်နာမ်တရားတွေကို သူက ပထမ တွေးခေါ် ပေးရတာကိုး။ ဝိတက်က တွေးခေါ်ပေးတဲ့အခါကျမှ နောက်အမှန်တရားကို ပညာက သိလာ မြင်လာတာကိုး။ အဲဒီတော့ ဝိတက်ဟာ ပညာရဲ့ ရှေ့ပြေး

ပဲ။ ဒါကြောင့်မို့လို့ ပညာပါတဲ့ တချို့နေရာမှာ ဝီတက်ကို ပညာလိုပဲ ထင်ရတယ်။

ကြွေတစ်လက် ကြက်တစ်ခုန်ဆိုသလို လောကမှာလဲအကြံကောင်းရင် တစ်ချက်ပါပဲလို့ ဆိုကြတယ်မဟုတ်လား။ ဉာဏ်ကောင်းတာကို အကြံကောင်းတယ်လို့ ဝီတက်ကို လောကမှာ ဉာဏ်နေရာမှာလဲ သုံးကြပါတယ်။ အဲဒါကြောင့်မို့လို့ ဝိပဿနာလမ်းမှာလဲ မဂ်ဖိုလ်နိဗ္ဗာန်ရရန် အားထုတ်တဲ့အခါမှာ ဝီတက်စေတသိက်ဟာ သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုပြီး သူက ပါရသေးတာပဲ။ ဝီတက်က ဖိုလ်တို့, ဣန္ဒြေတို့တော့ မထိုက်ဘူး။ ဖိုလ် ငါးပါးထဲမှာလဲ ဝီတက်မပါဘူး။ ဣန္ဒြေ=အစိုးရတပ်ဖွဲ့မှာလဲ ဝီတက်မပါဘူး။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားဟောတဲ့ တရားတွေက သူ့နေရာနဲ့ သူ့နေရာ မဂ္ဂင်ရှစ်ပါးထဲမှာလဲ သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုပြီး ပါရတယ်။ ဈာန်တရားအားထုတ်တဲ့အခါမှာလဲ ဝီတက်ဟာ အရေးအကြီးဆုံး နံပါတ်တစ်နေရာက ပါရတယ်၊ ဝီတက်တော့ ဒါလောက်ဆိုလို့ရှိယင် တော်ကြပါစို့။

**ဝိစာရစေတသိက်** ဝိစာရစေတသိက်ကို ရှေးက ဘာသာပြန်တာကတော့ သုံးသပ်မှုလို့ ပြန်တယ်။ ရှေးလူကြီးတွေကတော့ ဝီတက်နဲ့ ဝိစာရကို ရောသုံးတယ်။ ဒီကောင်ဟာ သိပ် ဝီတက် ဝိစာရ များတာပဲတဲ့။ ရှေးလူကြီးတွေက အဘိဓမ္မာတွေ သင်လာတော့ သူတို့ ပါးစပ်က စကားလုံးတွေက ဝီတက်တင်မကဘဲ ဝိစာရပါ ပါသွားတယ်။ အမှန်ကတော့ ဝီတက် စေတသိက်က တခြား၊ ဝိစာရစေတသိက်က တခြားပါ။

ဝိစာရကလဲ ဈာန်ကို အားထုတ်တဲ့ သမထလမ်းကျတော့ သူက ဒုတိယနံပါတ် ၂-က နေတယ်။ အခုန ဝီတက်ကနေပြီးတော့ အာနာပါန= ထွက်သက်ဝင်သက်မှတ်နေတဲ့အခါမှာ ပြေးနေတဲ့စိတ်ကို ဝီတက်က ဆွဲတင်လိုက်–ပြေးလိုက်၊ ဆွဲတင်လိုက်–ပြေးလိုက်၊ စိတ်ဟာ အာရုံပေါ်သို့ ရောက်လာတဲ့အခါကျတော့ မပြေးတော့ဘူး။ ဒီ ထွက်သက် ဝင်သက်

ပေါ်မှာပဲ စိတ်က ရောက်နေတဲ့အခါကျတော့ ဝိတက်ရဲ့လုပ်ငန်း လိုသေးသလား၊ မလိုတော့ပါဘူး။ စိတ်က မပြေးမှ မပြေးတော့ဘဲ။ မပြေးတော့ စိတ်က ငြိမ်လာတယ်။ ဒီအာရုံပေါ်မှာပဲ စိတ်ကငြိမ်နေတဲ့အခါကျတော့ ဝိတက်လုပ်ငန်း မလိုတော့ပါဘူး။ ဒီဝိတက်လုပ်ငန်း မလိုတော့ ဘယ်သူလိုလာတုံး၊ ဝိစာရ လိုလာတယ်။

ဒီအာရုံကို သူက သုံးသပ်နေရတယ်။ ဒီထွက်သက် ဝင်သက်လေကိုပဲ သူက သုံးသပ်နေပြီးတော့နေရတယ်။ ဒီစိတ်ဟာ ငြိမ်သထက်ငြိမ်အောင် ဒီအာရုံတစ်ခုထဲကိုပဲ ထပ်တလဲလဲ သူက သုံးသပ်နေရတယ်။ အဲဒီအဆင့်ကို ဒုတိယဈာန်လို့ ခေါ်တာပဲ။ အခုန ဝိတက်လုပ်ငန်းရဲ့ အဆင့်ကို ပဌမဈာန်ခေါ်တာ။

ဝိတက်လုပ်ငန်းမလိုတဲ့ ဒုတိယဈာန်ကျတော့ ဝိတက်မယှဉ်ဘူးလို့ ဒီလို ပြောတာ။ ဝိတက်က မယှဉ်ချင်လို့ မယှဉ်တာမဟုတ်ဘူး၊ ဘယ်သူကမှ ပယ်လိုက်တာလဲ မဟုတ်ဘူး။ ဒီသမထလုပ်ငန်းလုပ်တဲ့နေရာမှာ အာရုံပေါ်ကို စိတ်က ရောက်နေပြီးဆိုရင် မပြေးတော့ဘူးဆိုရင် ဝိတက်လုပ်ငန်းမလိုတော့ဘူး။ ရှင်းရှင်းကတော့ သူ့အလုပ်မရှိလို့ အလုပ်ပြုတ်သွားတာပဲ၊ မင်းအလုပ်မရှိတော့ဘူး၊ သွားတော့–ဆိုတဲ့ သဘောမျိုးပါပဲ။ ဝိတက်လုပ်ငန်းမရှိတဲ့ ဒုတိယဈာန်ကျတော့ ဘယ်သူကျန်သလဲ၊ ဝိစာရပဲ ကျန်တယ်။ဝိစာရက မင်း သုံးသပ်နေ၊ မင်း ထပ်ကာထပ်ကာ သုံးသပ်နေ၊ ဒါကိုပဲ ဒုတိယဈာန်လို့ခေါ်တယ်။ နေက်ဖြန်ကျမှ ဆက်ကြစို့။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက်(၂၂)

## (၁၅-၇-၇၉)

### ကုသိုလ်-အကုသိုလ် ၂-ဘက်ရစေတသိက်များအဆက်

ပကိဏ်းစေတသိက်က ၆-လုံး ရှိတာကိုး။ ဝိတက်ပြီးသွားပြီ။ ဝိစာရလဲ ပြီးသွားပြီ။

**ဝီရိယ** ဝီရိယကို မြန်မာလိုပြန်တာကမှ ရှုပ်သေးတယ်။ မြန်မာက ဝီရိယ ကောင်းတယ်၊ ဝီရိယ မကောင်းဘူးလို့ မြန်မာစကား ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ရှေးတုန်းက တစ်နိုင်ငံလုံး အဘိဓမ္မာ တတ်တယ်ဆိုတာက မြန်မာစကားတွေကို သင်ကြည့် နားထောင်ကြည့်တဲ့အခါကျတော့ ပိုပြီးတော့ ထင်ရှားတယ်။ ဒီစေတသိက်တွေဟာ များသောအားဖြင့် မြန်မာစကားတွေ ဖြစ်နေတာများတယ်။

မြန်မာလို စင်စစ်ကတော့ ဝီရိယဆိုတာ အားထုတ်တာပဲ။ အားကို အပြင်ဘက် ထုတ်ရ၍ ဝီရိယကို အားထုတ်မှုလို့ ဘာသာပြန်တယ်။ ကြိုးစားတယ်ဆိုတာလဲ ဝီရိယပဲ။

လုံ့လပြုတယ်၊ လုံ့လထုတ်တယ်။ လုံ့လဆိုတာလဲ မြန်မာစကား စစ်စစ်ပဲ။ အဲဒီတော့ မြန်မာစကားမှာ လုံ့လထုတ်တယ်၊ အားထုတ်တယ်၊ ကြိုးစားတယ်၊ ဒီစကားတွေဟာ ဝီရိယရဲ့ ပရိယာယ်တွေပဲ။ ဝီရိယကလဲ မြန်မာစကားဖြစ်နေတာပဲ။

ဝီရိယစေတသိက်ဟာ အကုသိုလ်မှာလဲ သူပါတယ်၊ ကုသိုလ်မှာလဲ သူက ပါတယ်။ ဒါကြောင့်မို့လို့ ကုသိုလ်-အကုသိုလ် ရောပြွမ်းပြီးတော့ ပါဝင်တဲ့ စေတသိက်ဆိုပြီး သူ့ကို ပကိဏ်းစေတသိက်လို့ ခေါ်တယ်။ အကုသိုလ်လုပ်တဲ့နေရာမှာ ဝီရယပါမှ အကုသိုလ်လုပ်တာကိုး၊ တံငါပဲ လုပ်လုပ်၊ မုဆိုးပဲ လုပ်လုပ် အကြီးအကျယ် မကောင်းမှုတွေလုပ်တဲ့အခါ မှာလဲ ကြိုးစားမှုဆိုတဲ့ ဝီရိယကတော့ ပါရတာပဲ။ ကုသိုလ်တွေလုပ်တဲ့နေရာ မှာလဲ ကြိုးစားမှု မရှိဘဲနဲ့ ကုသိုလ်က မဖြစ်ဘူး။

**ပညာရေးနှင့် ဝီရိယ** ပညာသင်တဲ့နေရာတွေမှာ ပိုထင်ရှားတာပေါ့။ ကျောင်းသားဟာ စာကြိုးစားတယ်၊ စာကြိုးစားတဲ့လူနဲ့ စာမကြိုးစားတဲ့လူနဲ့ စာကြိုးစားတဲ့လူက ပိုပြီးတော့ တတ်လာတာပဲ။ ပညာသင်တဲ့ နေရာမှာလဲ ဝီရိယက ပါတာပဲ။ စီးပွားရေးလုပ်တဲ့အခါမှာလဲ ဝီရယက ပါရတာပဲ။ နိုင်ငံရေးလုပ်တဲ့အခါမှာလဲ ဝီရိယရှိတဲ့လူမှ ခေါင်းဆောင် ဖြစ်လာတာကိုး။ ဝီရိယမရှိတဲ့လူ ဆိုလို့ရှိယင် နောက်လိုက်ပဲ ဖြစ်တာပဲ။

အဲဒီတော့ တရားအားထုတ်မယ်ဆိုလို့ရှိယင်လဲ ဝီရိယက အရေးကြီးတာပဲ။ ဒါကြောင့်မို့လို့ ဝီရိယစေတသိက်ဟာ ကောင်းတဲ့နေရာမှာလဲ သူက အဓိပတိ တပ်တာပဲ၊ မကောင်းတဲ့ နေရာမှာလဲ အဓိပတိ တပ်တာပဲ။ အဲဒါကြောင့်မို့လို့ အဓိပတိကျတဲ့အခါကျတော့ ဝီရိယာဓိပတိ ဆိုပြီးတော့ သီးခြားရှိတယ်။

အဓိပတိဆိုတဲ့စကားလုံးကို မြန်မာက ဒီအတိုင်းပဲ သုံးနေတယ်။ ဘာသာတောင်မပြန်ဘူး၊ ဝီရိယက အဓိပတိတပ်တဲ့ ဝီရိယ၊ အဓိပတိမတပ်တဲ့ ဝီရယ-ရယ်လို့ နှစ်မျိုးရှိတယ်။

အဓိပတိတပ်တဲ့လူလဲ စာကြိုးစားတာပဲ၊ အဓိပတိမတပ်တဲ့ လူလဲ စာကြိုးစားတာပဲ၊ သို့ပေတဲ့ အဓိပတိတပ်တဲ့ ဝီရိယနဲ့ အဓိပတိမတပ်တဲ့ ဝီရိယက ဘယ်လိုကွာသလဲ။ ကျောင်းသားချင်း ယှဉ်လိုက်တဲ့အခါမှာ သူက ကွာသွားတယ်၊ အဓိပတိတပ်တဲ့ ဝီရိယရှိတဲ့သူက အတန်းတိုင်း အတန်းတိုင်းပဲ ဘယ်အတန်းမဆို ပထမ၊ ဒုတိယ၊ ဒီလိုချည်းပဲ ရသွားတာကိုး။ တကယ့်လူတော်လူကောင်းတစ်ယောက်, လူရည်ချွန်တစ်ယောက် ဖြစ်သွားတာပဲ။ အဓိပတိမတပ်ဘဲနဲ့လဲ ကြိုးတော့ ကြိုးစားတပဲ၊ အဓိပတိမတပ်ပဲ ကြိုးစားတဲ့လူက အောင်ယင်လဲ သူ သာမညပဲ အောင်တာပဲး၊ ထိပ်တန်းကို သူက မရောက်ဘူး။

**ဝီရိယကောင်းတာ ဘယ်လိုလူလဲ** ကြိုးစားနည်းက ဘယ်လိုကွာသတုံး ဆိုတော့ ဒါ ပညာသင်တဲ့ လူငယ်တွေလဲပါလို့ စာကြိုးစားနည်းကို ပြောဦးမယ်၊ ဝီရိယကောင်းတယ် ဝီရိယကောင်းတယ်ဆိုတဲ့လူဟာ ဘယ်လိုလူက ဝီရိယ ကောင်းတာတုံး၊ ဘယ်လို ဝီရိယက အဓိပတိ တပ်တာတုံး။

တချို့တလေက စာမေးပွဲမရှိခင်တော့ ကျောင်းတက်ရုံပဲတက်တာပဲ၊ ပြန်လာစာအုပ်ကို ပစ်ထားပြီးတော့ လျှောက်လည်နေတယ်။ သူငယ်ချင်းတွေနဲ့ အချိန်တွေ ဖြုန်းနေတယ်၊ သူ အထူးတလည် မကြိုးစားဘူး၊ ကျောင်းတော့ မှန်မှန်တက်တယ်၊ စာမေးပွဲနီးတဲ့ တစ်လ၊ နှစ်လကျတော့ တစ်ခါတည်း နေ့ရော, ညရော၊ ညလဲ နာရီပြန်တစ်ချက်, နှစ်ချက်ထိအောင် ဖုတ်ပူမီးတိုက် နင်းကန်ကျက်တော့တာပဲ၊ နေ့မအိပ် ညမအိပ်ဘဲနဲ့ အဲဒီလိုလုပ်တဲ့ ဝီရိယမျိုးဟာ ဒါ အဓိပတိတပ်တဲ့ ဝီရိယ မဟုတ်ဘူး။ အဲဒါ လူပျင်းလုံ့လ တစ်ခဏတည်း–ဆိုတဲ့ လူပျင်းတို့လုပ်ကြတဲ့ ဝီရိယယမျိုးပဲ၊ အဓိပတိတပ်တဲ့ ဝီရိယမျိုးမဟုတ်ဘူး။

စာတကယ်တော်တဲ့လူဆိုတာက သူက စာမေးပွဲက နောက်နှစ်မှာရှိတယ်။ နောက်နှစ် တပေါင်းလမှာ စာမေးပွဲရှိတယ်၊ ဒီနှစ်ကဆုန် နယုန်ကစပြီးတော့ သူက နေ့တိုင်း စာမှန်မှန်ကြည့်တယ်၊ သူ့မှာ ကျောင်းပိတ်သည်ဖြစ်စေ၊ မပိတ်သည်ဖြစ်စေ ကျောင်းပိတ်လဲ သူ့မှာ "တိုင်မ်တေဘဲလ်" ရှိတာပဲ။ ဘယ်အချိန်မှာ စာကြည့်မယ်၊ ဘယ်အချိန်မှာ ထွက်ပြီးတော့ လည်မယ်၊ ဘယ်အချိန်မှာ အိပ်မယ်ပေါ့။ သူက နေ့စဉ်နေ့တိုင်းမှာ ကြိုးစားမှုရှိတယ်။ စာမေးပွဲနီးလာတော့လဲ သူက သူများတကာလို ပိုပြီးတော့ မကြိုးစားဘူး။ ခါတိုင်းခါတိုင်းလဲ ၁၀–နာရီ၊ ၁၁–နာရီ၊ ၁၂–နာရီထိအောင် သူ စာကြည့်တာပဲ၊ စာမေးပွဲနီးလာလဲ ၁၀–နာရီ၊ ၁၁–နာရီ၊ ၁၂–နာရီပဲ စာကြည့်တယ်။ စာမေးပွဲနီးလာလို့လဲ သူက ပိုပြီးတော့ အားမထုတ်ဘူး၊ စာမေးပွဲတွေ ဘာတွေ မရှိတော့လဲ သူစာမကျက်ဘဲ မနေဘူး။ သူကြည့်စရာ

ရှိတဲ့ စာတွေ စာမေးပွဲကျယင် ဖြေဖို့ အဆင်သင့်အောင် နေ့ရှိသမျှ သူ ဘာပြီး ဘာလုပ်မယ်၊ ဘာပြီး ဘာလုပ်မယ်၊ အဆင်သင့် အကုန်လုံးလုပ်တာပဲ။ စာမေးပွဲနီးမှ စာတွေကို ဖုတ်ပူမီးတိုက် သူ့မှာ လုပ်စရာမလိုဘူး။ နေ့တိုင်း မှန်မှန်လုပ်တဲ့ ဝီရိယကို ဖွဲ့ခေါ်တာပေါ့၊ အဓိပတိတပ်တဲ့ ဝီရိယလို့ ခေါ်တာပေါ့။ နေ့တိုင်းမှန်မှန် ကြိုးစားသွားတယ်၊ သူက စားတဲ့အချိန်မှာ စားတယ်၊ ကစားတဲ့အချိန်မှာ ကစားတယ်၊ စာမေးပွဲရှိတဲ့နေ့လဲ သူ ကစားချိန် ကစားမှာပဲ။ ဒီနေ့စာမေးပွဲရှိလို့ မကစားတော့ဘူးလို့တော့ ဒီလိုမဟုတ်ဘူး၊ သူ့မှာ အချိန်ရှိတာပဲ။ ဘယ်အချိန်မှာ စာကျက်မယ်၊ ဘယ်အချိန်မှာ အိပ်မယ်၊ စာမေးပွဲမရှိလဲ သူ အိပ်ချိန်ကျမှ အိပ်တာပဲ၊ စာမေးပွဲရှိလဲ အိပ်ချိန်ကျယင် အိပ်တာပဲ။ ဒီနေ့ ကျောင်းတွေ ပိတ်ထားတယ်၊ လျှောက်လည်မယ်–ဒီလိုမရှိဘူး၊ လျှောက်လည်တဲ့အချိန် လည်တာပဲ၊ သူစာကြည့်တဲ့အချိန် ကျတော့ အချိန်မှန်မှန်ကြည့်တယ်။

ဆိုလိုရင်းကတော့ ပညာသင်မယ်ဆိုလို့ရှိယင် ဒီ ပညာတစ်ခု ဆုံးခန်းတိုင်အောင် မရောက်မချင်း နေ့စဉ်မှန်မှန် ကြိုးစားတာဟာ အဓိပတိတပ်တဲ့ ဝီရိယပဲ၊ အဲဒီလို မှန်မှန်ကြိုးစားတဲ့ ဝီရိယမျိုးက ကိုယ်ရည်ရွယ်တဲ့ ပန်းတိုင်ကို ရောက်စေတယ်။

အခုနလို ဖုတ်ပူမီးတိုက် ဝီရိယမျိုးကတော့ စာမေးပွဲရှိတဲ့အခါကျတော့ တစ်ခါတည်း ညလဲ မအိပ်ဘူး၊ နေ့လဲ မအိပ်ဘူး၊ နင်းကန်ကျက်ရော၊ လူက တစ်ခါထဲ အိပ်ပျက်တော့ စာမေးပွဲရောက်တော့ အကုန်လုံး မေ့ကုန်ရော၊ သူက စောစောစီးစီးကတော့ ကြိုးစားတာမှ မဟုတ်ဘဲနဲ့၊ ဖုတ်ပူမီးတိုက် ကျက်ထားတော့ စာမေးပွဲထဲကျတော့ ဘယ်မှတ်မိမှာတုံး၊ အကုန်လုံး ရောကုန်ရော။ အဲဒါမျိုးဟာ အဓိပတိတပ်တဲ့ ဝီရိယမျိုး မဟုတ်ဘူးပေါ့။ ဒါ မမှန်တဲ့ ကြိုးစားမှုလို့ ခေါ်တယ်၊ ဉာဏ်နဲ့မယှဉ်တဲ့ ဝီရိယမျိုး။

ဒါကြောင့်မို့လို့ အ ခေတ် ကျောင်းသူ ကျောင်းသားတွေ တချို့တလေ သိပ်ပင်ပန်းရာကြတယ်၊ စာတွေကျက်လိုက်ရတာ စာမေးပွဲနီးမှ စာတွေ နင်းကန်ကျက်တဲ့ အလေ့အကျင့်ဟာ ကောင်းကို မကောင်းဘူး။

ဒါကြောင့်မို့လို့ **ဆရာ့အိမ်မှာဆိုယင်** စာကျက်တဲ့ကလေးတွေကို စာမေးပွဲနီးလဲ ၁၂–နာရီထိုးယင်တော့ အကုန်လုံးအိပ်လို့ ပြောလိုက်တာပဲ၊ တစ်ခွန်းပြောလို့ မအိပ်လို့ရှိယင် နောက်တစ်ခွန်းကျတော့ အမိန့်လို့ပြော လိုက်တာပဲ၊ အမိန့်ဆိုမှ ဖြစ်တယ်။ စာမေးပွဲနီးတော့ သူတို့က စာကျက် မပြီးသေးပဲကိုး။ မတော်ချင်သေးဘူး၊ ကျချင်ကျပါစေ၊ မကျက်နဲ့ သွားအိပ် ချေ အဲဒီလို လုပ်ရတယ်။ သူတို့က အရှိန်က သတ်လို့မရဘူး၊ စာမေးပွဲနီးမှ စာတွေက များနေတာကိုး။ စောစောစီးစီးတုန်းကတော့ ဒါတွေ မကျက်ခဲ့ဘူး၊ စာမေးပွဲနီးမှ တစ်ခါတည်းကြည့်လို့ ဘယ်ကုန်မှာတုံး။

အဲဒီ ဝီရိယမျိုးဟာ အကျိုးမဖြစ်တဲ့အပြင် လူပါ နေမကောင်းဖြစ် တတ်တယ်၊ ကျန်းမာရေး ချို့တဲ့တတ်တယ်၊ ကျန်းမာရေး ချို့တဲ့တော့ တာရှည် စာတွေ မကျက်နိုင်ဘူး။ ပိုပြီးတော့ တဖြည်းဖြည်း လူဟာ ညှို့ တောင် သွားနိုင်သေးတယ်။ ဒါကြောင့်မို့လို့ ဝီရိယဟာ လွန်သွားတယ် ဆိုလို့ရှိယင် ဒါ အဓိပတိတပ်တာ မဟုတ်ဘူး။ အဓိပတိတပ်တဲ့ ဝီရိယဆိုတာ က အချိန်မှန်မှန် ကြိုးစားတာ၊ နေ့စဉ်မှန်မှန် ကြိုးစားတာ။ ရှေ့တုန်းက တကယ် ပညာချွန်သွားတဲ့ လူတွေ၊ တကယ် ထိပ်တန်းရောက်သွားတဲ့ လူတွေဟာ ပညာတစ်ခုကို သင်မယ်ဆိုလို့ရှိယင် ကိုယ်သင်ချင်တဲ့ ပညာကို အဓိပတိ တပ်ပြီးတော့ သင်တာပဲ။ အဓိပတိ တပ်တယ်ဆိုတာက ဒါကို စွဲနေတာပဲ၊ နေ့ရှိသမျှ သူလုပ်နေတယ်။

**အဓိပတိတပ်သည့် ဝီရိယ** ဥပမာတစ်ခု–ဆေးလိပ်ကို စွဲတယ်ဆိုယင် ဆေး လိပ် **အဓိပတိတပ်တဲ့** လူတစ်ယောက်ဟာ ဆေးလိပ်မသောက်တဲ့နေ့ သူ့မှာ ရှိရဲ့လား၊ နေ့တိုင်းသောက်တာပဲ။ သောက် ချိန်ကျယင် သောက်ကိုသောက်ရမှ၊ ဒါ **သူစွဲနေတယ်**။ အဓိပတိတပ်တာ။

ပညာတစ်ခုကို စွဲတဲ့လူဟာလဲ ကျောင်းပိတ်လို့ရှိယင်လဲ သူက စာ ကို ကြည့်ကို ကြည့်ရမှ၊ ကျက်ကို ကျက်ရမှ၊ သူစာမကျက်တဲ့ နေ့ရယ်လို့ မရှိဘူး။ သူများတကာ ကျောင်းပိတ်လဲ သူ စာကျက်ချိန် ရှိတာပဲ။ မိတ်ဆွေ

တွေ သူငယ်ချင်းတွေက လာခေါ်လဲ သူက စာကျက်ချိန်တော့ မလိုက်ဘူး။ ဘယ်အချိန်တော့ လာခဲ့၊ အဲဒီအချိန်ကျတော့ ငါလိုက်မယ်၊ သူ့မှာ ထွက်လည်တဲ့ အချိန်ရှိတယ်။ နေ့တိုင်း ထွက်လည်တဲ့ အချိန်ရှိတယ်။ နေ့တိုင်း ကစားတဲ့အချိန်ရှိတယ်၊ သူ့အချိန်နဲ့သူ၊ စာကျက်တဲ့အချိန်မှာ စာကျက်တယ်။ စာမေးပွဲရှိရှိ မရှိရှိ သူစာကျက်တယ်။ အဲဒီ လူမျိုးကျတော့ မှန်မှန် အဓိပတိတပ်တော့ တကယ်တော်တဲ့ လူတစ်ယောက် ဖြစ်လာတယ်။

တချို့တလေကျတော့ ဉာဏ်ကောင်းလို့ ပါရမီထူးချွန်လို့ ဒီလို ပုဂ္ဂိုလ်မျိုးလဲ ရှိတာပေါ့။ သို့သော် ဉာဏ်ကောင်းပေမဲ့ ပါရမီထူးချွန်ပေမဲ့ အဓိပတိတပ်တာနဲ့ အဓိပတိ မတပ်တာကတော့ ကွာတယ်။ ဒါက လူငယ်တွေ ပညာသင်တဲ့ နေရာမှာ သတိပြုဖို့ပါ။

**စီးပွားရေးနှင့် ဝီရိယ** လောကမှာ စီးပွားရှာတဲ့ လူတွေလဲ တချို့တလေက ငါ ဒီဘဝမှာ ချမ်းကို ချမ်းသာရမယ်ဆိုပြီး ပိုက်ဆံချမ်းသာမဲ့ အလုပ်ဆိုလို့ရှိယင် အဓိပတိတပ်တဲ့လူက ဘာဖြစ်ဖြစ် သူလုပ်တယ်။ နောက်ပိတ်ဆုံး ပိုက်ဆံသာရမယ်ဆိုယင် အမှိုက်ကျုံးဆိုယင် သူက ကျုံးမှာပဲ၊ ညတစ်ညလုံး မအိပ်နဲ့ဆိုလဲ တစ်ညလုံး မအိပ်ဘဲနေမှာပဲ။ သူ ကြီးပွားမယ်ဆိုယင်, ပိုက်ဆံသာရမယ်ဆိုယင် ဘာပဲလုပ်ရလုပ်ရ တစ်ည မဟုတ်ဘူး၊ ခုနစ်ရက် မအိပ်ဘဲနေရနေရ သူ စီးပွားဖြစ်မယ်ဆိုယင် သူက လုပ်တာပဲ။

အဲဒီလို အဓိပတိ တပ်ပြီးတော့ စီးပွားရှာတဲ့လူဟာ ဒီဘဝမှာ သူက ချမ်းသာတာပါပဲ။ ဘဝက ကံအကြီးအကျယ်ပါမလာပေတဲ့ ကံဆိုတာဟာ ဒီဘဝမှာ လုပ်တဲ့ကံက ရှိသေးတာကိုး။ ဝီရိယက လုပ်သမျှ၊ ကံတွေချည်းဖြစ်ဖြစ် သွားတာပဲ၊ ဒီဘဝက ပစ္စုပ္ပန်ကံတွေကလဲ အကျိုးပေးတာကိုး။ တချို့တလေက ပြောကြမယ်၊ မြန်မာတွေ ပစ္စည်းချမ်းသာတဲ့လူ မရှိနိုင်ဘူးတဲ့။ မြန်မာတွေ ဘာလို့ မချမ်းသာနိုင်သလဲဆိုတော့ ခုနလို စီးပွားရှာတဲ့အခါမှာ အဓိပတိ ထပ်တဲ့လူဟာ ခပ်ရှားရှားပဲ။ တရားရသလိုလို ဘာလိုလိုနဲ့

တော်တော်ကြာ သေမှာပဲ၊ မြဲတာတွေမှ မဟုတ်ဘဲနဲ့၊ သေတော့ ပစ္စည်းတွေ ထားပြီးတော့ သွားရမှာတဲ့၊ ပျင်းယင် ပျင်းတယ်လို့ ရှင်းရှင်း မပြောဘူး။ တရားလိုလို ဘာလိုလို လုပ်နေတက်တယ်။ ဒီလို စတိုင်လေးနဲ့ပဲ ပေါ်ကြော့ လေးနေချင်တယ်။ တကယ် အဓိပတိတပ်ပြီးတော့မှ စီးပွားရေး လုပ်မှမလုပ် ဘဲနဲ့။ အဓိပတိတပ်ပြီးတော့ စီးပွားရှာလို့ရှိယင် မြန်မာတွေလဲ ချမ်းသာ ပါတယ်တဲ့။ ဒါကြောင့်မို့လို့ စီးပွားရေးမှာလဲ အဓိပတိတပ်ပြီးတော့ စီးပွား ရှာလို့ရှိယင် စီးပွားဟာ ဖြစ်တာပါပဲတဲ့။ ဝီရိယဟာ လောကရေးရာတွေမှာလဲ အင်မတန် အသုံးကျတာပဲ။

**ဝီရိယစေတသိက်နှင့် ပါရမီ** ဒါကြောင့်မို့လို့ ဘုရားအလောင်းဇာတ်တော် တွေကျတဲ့အခါကျတော့ ဘုရားအလောင်း ဘဝတုန်းက ဘုရားဖြစ်ဖို့လို့ စဉ်းစားတဲ့အခါမှာ ပါရမီဆယ်ပါးထဲမှာ ဝီရိယပါရမီဆိုပြီးတော့ ပါတယ်။ ပါရမီဆယ်ပါးကို ဗုဒ္ဓဘာသာ မြန်မာ လူသာမန်တွေဟာ နဂိုကတော့ လေ့လာတယ်၊ အတုယူ လုပ်ကြတယ်၊ ဝိ– ပဿနာတွေ ဘာတွေ ဒီလိုထိအောင် မလုပ်ကြပါဘူး။ ပါရမီဆယ်ပါးတော့ လူတိုင်းလုပ်အောင် နှိုးဆော်တယ်။ ဒါနပါရမီ=ဒါန အလှူလုပ်တယ်၊ သီလပါရမီ=သီလစောင့်ထိန်းတယ်။

အဲဒီတော့ စီးပွားရှာတဲ့အခါမှာလဲ ပါရမီထိုက်တဲ့ ဝီရိယက အဓိ ပတိနဲ့ အတူတူပါပဲ။ ဒို့ပြင် လူတွေ စီးပွားရှာသလို မဟုတ်ဘူး၊ ညလဲ စီးပွားရှာတယ်၊ သူ သိပ်မအိပ်ဘူး။ နေ့လဲ တုံးလုံးလှဲတယ်ဆိုတာ မရှိဘူး။ စီပွားရှာမယ်ဆိုလို့ရှိယင် ဘာဘဲလုပ်ရလုပ်ရ လုပ်တာပဲ။ အဲဒီလို ဝီရိယမျိုးက ပါရမီထိုက်တာပေါ့။

အဲဒီတော့ ရှေးက ပညာသင်ရတာကလဲ ဒီ ပါရမီ ၁၀–ပါးအတွက် ဇာတ်ကြီး ဆယ်ဖွဲ့ကို သင်ရတယ်၊ ဇာတ်ကြီးဆယ်ဖွဲ့မှာ ဇနကဇာတ်ဆို တာ ကြားဖူးကြမှာပေါ့၊ အခု လူငယ်တွေကျတော့ ကျောင်းမှာမရှိတော့ ဘူး။ ဟို ပြီးခဲ့တဲ့ ၄–၅–၁၀–နှစ်လောက်တုန်းကတော့ အတန်းတိုင်း

A)

အတန်းတိုင်းမှာ ဇာတ်တွေကို ဇနကဇာတ်မျိုး၊ တေမိဇာတ်တို့ မဟောသဓ ဇာတ်တို့ ဘာတို့ ဒီလို ပြဋ္ဌာန်းပေးထားတယ်။ ဒီ ငါးရာ့ငါးဆယ်တို့ ဇာတ်ကြီးဆယ်ဖွဲ့တို့ဆိုတာက မြန်မာစာ ဖတ်တတ်ရုံတင် မကဘူး၊ ဒီအထဲမှာ လောကရေးရာ စီးပွားရေးဖြစ်ဖြစ်၊ ပညာရေးဖြစ်ဖြစ်၊ နည်းမှီစရာ, အတုယူစရာတွေပါလို့ ရှေးက ဇာတ်ကြီးဆယ်ဖွဲ့ဆိုတာ ကျောင်းတွေမှာ ပြဋ္ဌာန်းပေးတာပေါ့။

ဇနကဇာတ်က လိုရင်းမှာ ဘာတုံး၊ ဇနကဇာတ်က ဘုရားအလောင်း၊ ဇနကမင်းဖြစ်စဉ်က ဝီရိယပါရမီအတွက် ထားခဲ့တာ။ ဒီ ဝီရိယဆိုတာဟာ ယောကျ်ားတို့ရဲ့ လုံ့လပဲ။ မြန်မာတွေပြောတယ် မဟုတ်လား၊ "ယောကျ်ားတို့ လုံ့လ သေခါမှ လျှော့ရမယ်"တဲ့။ မိန်းမတို့ လုံ့လတော့ ရှေးတုန်းက သိပ်မရေးဘူး၊ ရှေးတုန်းကတော့ မိန်းမတွေဟာ စီးပွားမှ မရှာရဘဲ။ အခုခေတ်မိန်းမတွေက ယောကျ်ားတွေထက် နှစ်ဆ ပိုပင်ပန်းတယ်၊ ရုံးလဲသွားရသေးတယ်။ မနက်စောစော ဈေးလဲ သွားရသေးတယ်။ ထမင်းလဲ ချက်ရသေးတယ်။ ပြန်လာလို့ရှိယင်လဲ ထမင်းတွေ ဘာတွေ ချက်ရသေးတယ်။ ယောကျ်ားတွေကမှ နည်းနည်း ပေါ့ကြော့ဖြစ်နေသေးတယ်၊ အခုခေတ်မိန်းကလေးတွေက ပိုတောင် ပင်ပန်းပါတယ်။

**ဝီရိယစေတသိက်နှင့် ဘုရားလောင်းဇနက**

အဲဒီတော့ ဇနကဇာတ်ဆိုတာက ဒီ ဝီရိယအတွက် ဟောတာပဲ။ ပင်လယ်ထဲမှာ သင်္ဘောပျက်တဲ့အခါကျတော့ ဒီပြင်လူတွေကတော့ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးထဲ သင်္ဘောပျက်တယ်ဆိုတော့ ဟာ-ဒါလောက်ကျယ်တဲ့ ပင်လယ်ကြီးဆိုပြီး ဘယ်သူမှ မကူးဘဲနေကြတော့ အကုန်သေကုန်ကြရော။ ဘုရားအလောင်း ဇနက ကတော့ သူကတော့ ယောကျ်ားတို့ရဲ့ လုံ့လ သေယင်တော့ သေမှာပဲ၊ ပင်လယ်ကြီး ဒီလောက်ကျယ်ပေတဲ့ ငါ့စွမ်းအားရှိသမျှတော့ ကူးမယ်ဆိုပြီးတော့ တစ်ခါထဲ ပင်လယ်ထဲမှာ သူ့ရဲ့ လုံ့လဝီရိယကိုတော့ သူက လျှော့မပစ်လိုက်ဘူး။ လုံ့လဝီရိယရှိသမျှတော့ ကူးတာပဲ။ ဝီရိယကို မလျှော့ဘဲနဲ့ ခုနစ်ရက်လုံးလုံး ကမ်းမမြင် လမ်းမမြင်

ပင်လယ်ကြီးထဲမှာ ယောက်ျားတို့ရဲ့ လုံ့လ မလျှော့ဘဲနဲ့ ကူးနေတယ်ဆိုလို့ရှိယင် နောက် ဘာဖြစ်သတုံး၊ နတ်သမီး လာကယ်ရတယ် မဟုတ်လား။ လုံ့လကို ဘယ်တော့မှ မလျှော့တဲ့လူဟာ နတ်သမီးက–လာကို ကယ်ရတယ်။ "လူ မလုံ့လ၊ နတ် မမဘူး"တဲ့။

ကိုယ်ဖြစ်ချင်တဲ့ အလုပ်တစ်ခုကို မဖြစ်ဖြစ်အောင် လုပ်တယ်။ ဘယ်လို အခက်အခဲနဲ့ တွေ့တွေ့ ဘယ်လိုရန်သူနဲ့ တွေ့တွေ့ ဘယ်လို အဖျက်အဆီးနဲ့တွေ့တွေ့ ကိုယ်လုပ်နေတဲ့ အလုပ်ကို မလျှော့ဘဲနဲ့ လုပ်တာဟာ ဝီရိယပါရမီပဲ၊ ဝီရိယအဓိပတိပဲ။ ဘုရားအလောင်းဟာ သူ့စွမ်းအားရှိသမျှ တော့ ကူးနေတာပဲ။ ကူးနေတော့ ဝီရိယအကျိုးဟာ လက်ငင်း ခံစားရတာပဲ။ နတ်သမီးက လာပြီးတော့ ကယ်တယ် မဟုတ်လား။ နတ်သမီးနဲ့ တွေ့ရရုံလား၊ နောက် ဘာဖြစ်သွားတုံး၊ ရှင်ဘုရင်တောင် ဖြစ်သွားသေးတယ်။

အဲဒီတော့ လုံ့လဝီရိယရဲ့ အကျိုးဟာ အင်မတန် ကြီးကျယ်ပါတယ်။ တချို့တလေ ဗုဒ္ဓဘာသာတွေက ကမ္မဝါဒီတွေဆိုတော့ ကံကို ပစ်ချတတ်တယ်။ ဟာ–ပိုက်ဆံချမ်းသာတာလဲ ကံရှိမှ ချမ်းသာမှာပါ။ ပညာတတ်တော့လဲ သူတို့ကတော့ တိဟိတ်ပုဂ္ဂိုလ်တွေပဲပေါ့။ ဘဝက ကံပါလာလို့ တတ်တာပါ၊ ကံကို ပစ်ချတတ်တယ်။

အဲဒီတော့ ဗုဒ္ဓဘာသာ အခြေခံသင်တန်းဆိုတော့ စေတသိက်တွေ သင်ရင်းနဲ့ ဗုဒ္ဓဘာသာ အခြေခံရအောင်ကတော့ ပြောရမယ်။

**ကံသက်သက်ယုံတာ ဗုဒ္ဓဘာသာမဟုတ်** ဗုဒ္ဓဘာသာမှာ ကံချည်းပဲယုံတဲ့ ဝါဒကို ဒိဋ္ဌိခေါ်တယ်။ ပုဗ္ဗေကတဟေတု ဒိဋ္ဌိလို့ ခေါ်တယ်။ ကံသက်သက် ပစ်ချတာဟာ ဗုဒ္ဓဘာသာမဟုတ်ဘူး။ တချို့တလေကတော့ ဗုဒ္ဓဘာသာဟာ ကံယုံတဲ့ အယူဝါဒပဲ။ ချမ်းသာလဲ ကံ၊ ဆင်းရဲတာလဲ ကံ၊ ပညာတတ်တာလဲ ကံ၊ အကုန် ကံပစ်ချတတ်တယ်။ သဗ္ဗေ သတ္တာ ကမ္မသကာ–ပဲ၊ ဒီလို လုပ်တယ်။ ဒါ ဗုဒ္ဓဘာသာမဟုတ်ဘူး။ "ပုဗ္ဗေကတဟေတု ဒိဋ္ဌိ"လို့ ခေါ်တယ်။ (ပုဗ္ဗေ၊ ရှေး။ ကတ၊ ပြုတာ။

ဟောတု၊ အကြောင်း) "ဘဝက ပြုခဲ့တဲ့အကြောင်း"ပဲ။ ရှေးဘဝက ကောင်းမှုရှိတဲ့လူတွေ ချမ်းသာတာပဲ၊ ရှေးဘဝက ကောင်းမှုမရှိယင် မချမ်းသာဘူးဆိုပြီးတော့ ရှေးဘဝသက်သက် ကံသက်သက်ကို ယူလို့ရှိယင် ဒါ ဗုဒ္ဓဘာသာမဟုတ်ဘူး၊ ဒိဋ္ဌိလို့ ခေါ်တယ်။ ပုဗ္ဗေကတဟေတုဒိဋ္ဌိလို့ ခေါ်တယ်။

ဗုဒ္ဓဘာသာက ကံကိုလဲ မပစ်ပယ်ရဘူး၊ အတိတ်ကံဆိုတာ ရှိပါတယ်။ မကောင်းတဲ့ အကုသိုလ်တွေ လုပ်ခဲ့တယ်၊ အကုသိုလ်ကံတွေလဲ ရှိတာပဲ။ ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့တယ်၊ ကုသိုလ်ကံတွေလဲ ရှိတာပဲ။ ကံလဲ ဗုဒ္ဓဘာသာက ယုံကြည်ပါတယ်၊ ရှေးဘဝက ကံပါလာတာလဲ ယုံကြည်ပါတယ်တဲ့။ ဒီတော့ ကံချည်းသက်သက်တော့ ဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဒီဘဝမှာ ရှေးဘဝက ကံရှိတာ–မရှိတာကို တိတိကျကျ မသိနိုင်ဘူး။ ကိုယ်က ဒီဘဝမှာ လူရယ်လို့ ဖြစ်လာလို့ရှိယင် လူ့အလျောက် ပညာတတ်အောင် ကြိုးစားရမယ်၊ ပစ္စည်းချမ်းသာအောင် ကြိုးစားရမယ်ဆိုတဲ့ ဝီရိယကိုလဲ ဗုဒ္ဓဘာသာက ယုံကြည်တယ်၊ ဝီရိယလဲရှိရမယ်။ ဒီဘဝမှာ ကိုယ်က တွေ့ရတာက ဝီရိယကို တွေ့နေရတာကိုး၊ ဝီရိယကြိုးစားသမျှ ကြိုးစားတဲ့ အလုပ်တွေဟာ ဘာဖြစ်သွားတုံး၊ ကံဖြစ်သွားတာပဲ။ ဝီရိယက ကြိုးစားတဲ့ အခါကျတော့ ကြိုးစားတဲ့ အလုပ်တွေက ကံဖြစ်သွားတယ်။

အတိတ်ဆိုတာကလဲ ဥပမာတစ်ခု–ဆယ်တန်းရောက်နေတဲ့လူဟာ သူငယ်တန်းနဲ့ တစ်တန်းတုန်းက သူကြိုးစားခဲ့တာတွေ မရှိဘူးလား။ တစ်တန်းတုန်းက ကြိုးစားလာခဲ့တာဟာ ၂–တန်းကျတော့ ကံဖြစ်သွားတာပဲ။ ၂–တန်းက ကြိုးစားလာခဲ့တာဟာ ၃–တန်းကျတော့ ကံဖြစ်သွားတာပဲ။ ၃–န်းက ကြိုးစားလာခဲ့တာ ၄–တန်းကျတော့ ကံဖြစ်သွားတာပဲ။ ၁–တန်းကစပြီး အတန်းတိုင်း အတန်းတိုင်း ကြိုးစားလာလို့ ဒီ ဆယ်တန်းရောက်လာတာ မဟုတ်လား။ တစ်နှစ်တည်းနဲ့ ဆယ်တန်းအောင်လာတာလား၊ အဲဒီလို အဆင့်ဆင့် ကြိုးစားလာလို့ ဆယ်တန်းရောက်လာတာ၊ ဒါတွေက အကုန်လုံး ‹စွပြုပ္ပန်ကံချည်းပဲ။ ဒီကံဟာ ဝီရိယက ကြိုးစားလုပ်လို့ ကံဖြစ်

လာတာ၊ ဒါ ပစ္စုပ္ပန်ကံ။ ပစ္စုပ္ပန်ကံကတော့ ကိုယ်ကတွေ့ရတယ်။ ဒါကြောင့် မို့လို့ ဗုဒ္ဓဘာသာက လူဖြစ်လာတယ်ဆိုလို့ရှိယင် ပညာတတ်အောင် သင်ရမယ်၊ မတတ် တတ်အောင် လုံ့လဝီရိယနဲ့ ဆရာကောင်း သမားကောင်းရှာပြီး ကြိုးစားပြီး သင်ရမယ်။ ဝီရိယနဲ့ လုပ်လို့ရှိယင် ကံတွေက ဖြစ်လာတာပဲ။

သို့သော် ကြိုးစားတဲ့အခါမှာ အခုနဆရာပြောသလို စာမေးပွဲနီးခါမှ ဖုတ်ပူမီးတိုက် အတင်းအဓမ္မ တစ်ညလုံး မအိပ်ဘဲနဲ့ ကြည့်တဲ့, စာဖတ်တဲ့ ဒီလိုဝီရိယမျိုးတော့ ဘာဝီရိယ ခေါ်မတုံး၊ ဉာဏ်မပါတဲ့ ဝီရိယ။ ဝီရိယဆိုတာ ဉာဏ်နဲ့ယှဉ်ရတယ်၊ ဉာဏသမ္ပယုတ်။ အလုပ်တစ်ခု လုပ်တဲ့အခါ အချိန်မှန်မှန် ကြိုးစားတဲ့ ဝီရိယမျိုးဟာ ဒါ ဉာဏ်နဲ့ယှဉ်တာပဲ။ လူဟာ လူ့ကျန်းမာရေးအတွက် ကစားတဲ့အချိန် ကစားရမယ်၊ ပျော်ပွဲ ရွှင်ပွဲကြည့်ရမယ်၊ စားချိန်တန် စားရမယ်၊ အိပ်ချိန်တန် အိပ်ရမယ်ဆိုတဲ့ ဒီလို ကျန်းမာမှသာလျှင် ကြိုးစာလို့ ရမှာကိုး။ အဲသလို ဉာဏ်နဲ့ယှဉ်တဲ့ ကြိုးစားမှုဖြစ်ရမယ်။ အဲဒီတော့ အရမ်းကာရော ကြိုးစားတဲ့ ဝီရိယမျိုးကို ဗုဒ္ဓဘာသာက လက်မခံဘူး။ ဒါကြောင့်မို့ ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယလို့ ဆိုတာပဲ။

**အတိတ်ကံနှင့် ဓာတ်အားတူပုံ**

အဲဒီတော့ ဗုဒ္ဓဘာသာက ဉာဏ်နဲ့ယှဉ်ပြီးတော့ ကြိုးစားတယ်ဆိုလို့ရှိယင် ဒီ တိတ်ကံဟာ သူက ပေါ်လာတာပဲ၊ ကုသိုလ်ကံ အကုသိုလ်ကံတွေဆိုတာ ဥပမာတစ်ခု–ခလုတ်နှစ်ခုရှိတာပဲ၊ အတိတ်ကံဆိုတာ ဓာတ်အားနဲ့ တူတာပဲ၊ မီးဖွင့်တယ်ဆိုလို့ရှိယင် ခလုတ်ဟာ အကုသိုလ် ခလုတ်ရယ်, ကုသိုလ် ခလုတ်ရယ် ခလုတ်က နှစ်ခုရှိတာကိုး။ အဲဒီတော့ အတိတ်ကုသိုလ်ကံတွေကလဲ နောက်ကရှိနေတာပဲ။ အကုသိုလ်ကံတွေကလဲ ရှိနေတာပဲ။ ဓာတ်ကြိုးစာတွေမှာလဲ ဓာတ်အားတွေ လွှတ်ထားသလိုပဲ၊ ကံတွေကတော့ ရှိနေတယ်၊ ရှိနေတော့ ကိုယ်က ဒီဘဝက အကုသိုလ်ခလုတ်ကို ဖွင့်ပေးယင် ဘာမီးလင်းမတုံး၊ အကုသိုလ်မီးပဲ လင်းမှာပဲ။ အဲဒီတော့ ကုသိုလ်ခလုတ်ကို ဖွင့်ပေးယင် ကုသိုလ်မီးပဲ လင်းမှာပဲ။

အဲဒီတော့ ဒီဘဝမှာ ကိုယ်က ချမ်းသာချင်တယ်ဆိုလို့ရှိယင် ကံဆိုတဲ့ အတိတ်က ကုသိုလ်ကံကို ဖွင့်ချင်တယ်ဆိုလို့ရှိယင် ဉာဏ်ကတော့ မကောင်းတဲ့ ဉာဏ်မရှိဘူး၊ ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယဆိုယင် ကောင်းတဲ့ ဝီရိယဖြစ်လာမယ်။ အဲဒီတော့ ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယမျိုးနဲ့ ကြိုးစားပေးယင် ဘာမီးတွေ ပွင့်မတုံး၊ ကုသိုလ်ကံမီးပဲ ပွင့်မှာပေါ့။

အဲဒီတော့ ကုသိုလ်ကံ မီးပွင့်အောင် အတိက်ကံဆိုတာကတော့ ကိုယ်ကဖွင့်ပေးမှ လင်းတာပါ။ မကောင်းတာတွေလုပ်နေတဲ့လူဟာ မကောင်းတဲ့မီးတွေ လင်းလာမယ်၊ ကောင်းတာလုပ်နေတဲ့လူဟာ ကောင်းတဲ့မီးလင်းလာမယ်။ အတိတ်ကံဆိုတာ ကိုယ်က ဒီကခလုတ်ကို ဖွင့်ပေးမှ လင်းမှာပေါ့။ အခု ကျောင်းတက်ပြီးတော့ ပညာသင်တာဟာ ကုသိုလ်လား အကုသိုလ်လား၊ ကုသိုလ်ပဲ။

တချို့တလေကတော့ ဒါနလုပ်မှ သီလဆောက်တည်မှ ကုသိုလ်လို့ထင်တယ်၊ အခု အပြစ်မရှိတဲ့ပညာတွေ သင်နေတာ ကုသိုလ်ပဲ။ အဘိဓမ္မာသင်တန်းတက်မှ ကုသိုလ်မဟုတ်ပါဘူး၊ အင်္ဂလိပ်စာ ဖတ်နေတယ်၊ ဘာအပြစ်ရှိတုံး၊ ဘာမှ အပြစ်မရှိဘူး။ အင်္ဂလိပ်စာတတ်ဖို့ သင်နေတာဟာ အကုသိုလ်မဟုတ်ဘူး၊ ကုသိုလ်ဖြစ်နေတာပဲ။ အကုသိုလ်မဖြစ်ယင် ကုသိုလ်ဖြစ်နေတာပဲ။ ဂဏန်းတွက်နေတာကော ကျောင်းတက်ပြီး ဂဏန်းတွက်နေတာလဲ အကုသိုလ်မှ မဟုတ်ဘဲနဲ့။ ဒါ တိုင်းပြည်ထူထောင်ဖို့လို့၊ တိုင်းပြည်မှာ အကျိုးပြုမယ့်လုပ်ငန်းတွေ တက်လုပ်နေတာ၊ အများကောင်းစားရေးအတွက် တက်လုပ်နေတာ။ ကျောင်းမှာ ပညာသင်နေတာလဲ ကုသိုလ်တွေပါပဲ။ ကောင်းတဲ့အလုပ်တွေကို ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယနဲ့ လုပ်လို့ရှိယင် ဘာကံတွေ ပွင့်လာမတုံး။ ကောင်းတဲ့ကုသိုလ်ကံတွေ ပွင့်လာမှာပဲတဲ့။

ဒါကြောင့်မို့လို့ ကံရော၊ ဉာဏ်ရော၊ ဝီရိယရော သုံးပါးလုံးကို လက်ခံတဲ့ ဝါဒဟာ ဗုဒ္ဓဘာသာပဲ။ ကံသက်သက်ဝါဒ မဟုတ်ဘူး။ ဒါကြောင့်မို့လို့-

"လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်

ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး”တဲ့။

ဖတ်ကြစမ်းပါ–

“လုံ့လမထုု၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး”

အဲဒီကဗျာကို မာန်လည်ဆရာတော်က ရေးခဲ့တယ်။ လုံ့လမထု ဆိုတာက မကြိုးစားဘဲနဲ့တဲ့၊ ဉာဏ်မကူဆိုတာက ဝီရိယဉာဏ်နဲ့လဲ မယှဉ်ဘဲနဲ့တဲ့။ ဉာဏ်နဲ့ဝီရိယကို ဖယ်လိုက်ပြီးတော့ အယူတစ်ချောင်း ကံတစ်ကြောင်းမျှဆိုတာ ကံရှိယင်ချမ်းသာမှာပဲ၊ ကံမရှိယင် မချမ်းသာဘူး၊ ကံရှိယင်တော့ စာတတ်မှာပဲ၊ ကံမရှိယင်တော့ စာမတတ်ဘူး။ စာမသင်ဘဲနဲ့ စာတတ်တဲ့လူတွေ တွေ့ဖူးလို့လား။ စာတစ်လုံးမှ မကျက်ဘဲနဲ့တော့ အတိတ်ကံကြောင့် သူ့ဘာသာသူ တတ်လာတဲ့ ကလေးရယ်လို့ တွေ့ဖူးကြသလား။ သူ့ဘာသာသူ ဘီ–အေ အောင်လာတယ်၊ သူ့ဘာသာသူ ပါရဂူဘွဲ့ရတဲ့လူတော့ မရှိပါဘူး။

အဲဒီတော့ “အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလဲကံ”ဟု ဆင်းရဲယင်လဲ ကံကြောင့် ဆင်းရဲတာပါပဲ၊ တို့ဟာ ဘဝက ကိုယ်က ကုသိုလ်ကံနည်းခဲ့ကြလို့ တို့ကတော့ ဆင်းရဲရတယ်ဆိုပြီးတော့ တချို့တလေ ပြောလေ့ရှိတယ်။ ဗုဒ္ဓဘာသာလိုလို ဘာလိုလို။ ချမ်းသာတဲ့လူတွေ့ရှိယင်လဲ သူတို့က နောက်ဘဝက ကံကြောင့် ချမ်းသာတယ်တဲ့။ ဒီချမ်းသာတဲ့လူက ဘယ်လောက်ထိအောင် ကြိုးစားခဲ့ရတယ်ဆိုတာ သူတို့မသိဘူး။ သားသမီးတွေက မကြိုးစားပေမယ့် ဒီသားသမီးတွေရဲ့ မိဘ, ဘိုးဘွားက ဘယ်လောက်ထိအောင် ကြိုးစားပြီးတော့ ပစ္စည်းတွေ စုလာရတယ်၊ ဘယ်လောက်ထိအောင် နေ့မအိပ် ညမအိပ် ကြိုးစားခဲ့ရတယ်၊ ဒါတွေ သူတို့မမြင်ဘူး၊ သားသမီးတွေ လက်ထက်ကျတော့ ကြိုးစားချင်မှလဲ ကြိုးစားမှာပေါ့လေ။ မကြိုးစားယင်လဲ အကုန်လုံး ပျက်စီးကုန်တာပါပဲ။ မြန်မာလူမျိုး

တွေ ဆင်းရဲကုန်တာလဲ ဒါပါပဲ။ ရှေးက ဘိုးဘွား, မိဘတွေက စုဆောင်းပြီး တော့ ကြိုးစားတာတွေကို သားသမီးတွေ လက်ထက်ကျတော့ ဖြုန်တီးပစ် လိုက်ကြတော့ အကုန်လုံး ဆင်းရဲကုန်ရော။ အဲဒါ ကံချည်းပဲ သွား အားကိုး လို့ပဲ။ ကံဆိုတာ ဘာစေတသိက်တုံး၊ ကံက စေတနာစေတသိက်ပဲ၊ စေတနာ ဆိုတာက စိတ်အားလုံးမှာ ယှဉ်တယ်။

ကောင်းတဲ့ အလုပ်မှာ ပညာပါတယ်၊ မကောင်းတဲ့အလုပ်မှာ ပညာမပါဘူး၊ ဒီဋ္ဌိပဲ ပါတယ်။ ဝီရိယကတော့ ပကိဏ်းစေတသိက်ဆိုတော့ သူဟာ ကုသိုလ်မှာလဲ ဝီရိယမပါဘူးလား ပါတယ်။ အကုသိုလ်မှာလဲ ဝီရိယပါတယ်။ ဒါကြောင့်မို့လို့ ဝီရိယကို ဉာဏ်ကူပေးရမယ်တဲ့။ ကြိုးစား တာက ဉာဏ်နဲ့ယှဉ်ပြီးတော့ ကြိုးစားမှုရှိမှ အတိတ်ကံတွေက ပေါ်လာတာ ကိုး။

အဲဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာက ကံသက်သက် ဝါဒမဟုတ်ဘူး၊ ကံ, ဉာဏ်, ဝီရိယ သုံးခုစလုံးစုံအောင် လုပ်ရမယ်ဆိုတဲ့ ဝါဒကို မာန်လည် ဆရာတော်က ရေးထားခဲ့တာ၊ တချို့ဗုဒ္ဓဘာသာတွေ အမှတ်လွဲနေတာ တွေ့ရတယ်။

အဲဒီတော့ ဝီရိယစေတသိက်က အဓိပတိမှာတင်မကဘူး၊ စေတသိက် ထဲက ဗိုလ်ရွေးတဲ့အခါမှာလဲ သူက ခေါင်းဆောင်၊ ဝီရိယဗိုလ်ဆိုပြီးတော့ ဗိုလ်ထဲမှာလဲ ပါတယ်၊ အစိုးရဖွဲ့တဲ့အခါမှာလဲ ဝီရိယန္ဒြေဆိုပြီးတော့ ဣန္ဒြေမှာ လဲ သူကပါတယ်၊ တစ်ခါ မဂ္ဂင်ရှစ်ပါးကျတော့လဲ သမ္မာဝါယာမ မဂ္ဂင် ဆိုပြီး ပါတာပဲ။ ဝီရိယကို ဝါယာမလို့လဲ ဒီလိုခေါ်တယ်။ ဒါကြောင့်မို့လို့ ရှေးလူကြီးတွေက ဝါယာမစိုက်ထုတ်ပြီးတော့ လုပ်ပါ၊ ရှေးလူကြီးတွေ စကားက တချို့တလေ ပါဠိစကားတွေ၊ ဝါယာမစိုက်ပါ ဒီလို ပြောတယ်၊

အမှန်က သမ္မာဝါယာမဂ္ဂင်ဆိုပြီး မဂ်, ဖိုလ်, နိဗ္ဗာန်–ရကြောင်းဖြစ်တဲ့ တရားထဲမှာလဲ ဝီရိယပါတာပဲ၊ ဝီရိယသမ္ဗောဇ္ဈင်ဆိုပြီး သစ္စာလေးပါးတရား ကို သိအောင် ကြိုးစားတဲ့ ဗောဇ္ဈင်တရားထဲမှာလဲ ဒီ ဝီရိယက ပါတာပဲ။

ဒါကြောင့်မို့ အခုခေတ် လောကရေးရာမှာလဲ "လုပ်အားတန်ဖိုး ချစ်မြတ်နိုးပါ၊ အလုပ်ကို တန်ဖိုးထားပါ၊ လုံ့လဝီရိယကို တန်ဖိုးထားပါ၊ လူဆိုတာ လုံ့လဝီရိယရှိရမယ်၊ လုံ့လဝီရိယဟာ လူရဲ့တန်ဖိုးပဲ" ဆိုပြီး ခုခေတ်မှာလ`ဝီရိယကိုပဲ သွန်သင်နေကြတာပဲ မဟုတ်လား။

အဘိဓမ္မာကျတော့လဲ ဝီရိယစေတသိက်ဟာ အဓိပတိလေးပါးထဲ ကျတော့လဲ ဝီရိယာဓိပတိ၊ ဗိုလ်ငါးပါးကျတော့လဲ ဝီရိယဗိုလ်၊ ဣန္ဒြေကျ တော့လဲ ဝီရိယိန္ဒြေ၊ မဂ္ဂင်ရှစ်ပါးကျတော့လဲ သမ္မာဝါယာမ မဂ္ဂင်၊ ဗောဇ္ဈင် ခုနစ်ပါးကျတော့ ဝီရယသမ္ဗောဇ္ဈင်၊ ဝီရိယမပါတဲ့ နေရာကို မရှိဘူး။

**မင်းကုသနှင့် ဝီရိယာဓိပတိ** အဓိပတိကျတော့ သူဟာ ကောင်းတဲ့နေရာမှာ လဲ ဝီရိယာဓိပတိတပ်တယ်၊ မကောင်းတဲ့ နေရာမှာလ`ဝီရိယာဓိပတိတပ်တယ်။ မကောင်းတဲ့နေရာမှာ ဘုရားအလောင်း အဓိပတိတပ်တာ ဘယ်ဇာတ်တုံး၊ ကုသဇာတ်မဟုတ်လား။

ရှင်ဘုရင်ဘဝက ထီးနန်းစည်းစိမ်ကို စွန့်ပြီး နောက်ဖေးချောင်မှာ ပန်းကန်တို့ ခွက်တို့ဆေးတဲ့အလုပ်ကို လုပ်နေတာ ဘယ်သူတုံး၊ မင်းကုသ မဟုတ်လား။ ပဘာဝတီလိုချင်တဲ့အတွက် ထီးနန်းစွန့်ရဲ့ မကဘူး၊ ပဘာဝတီ တို့ အိမ်မှာ အခိုင်းအစေနဲ့ပေါင်းပြီး မီးဖိုချောင်ထဲမှာ ပဘာဝတီကို မြင်ရုံ တင်လေး မြင်ရယင် တော်ပြီဆိုပြီး ပန်းကန်ခွက်ဆေးတဲ့ ဘဝထိအောင် မကောင်းတဲ့နေရာမှာ ဝီရိယဓိပတိတပ်တာ၊ ကုသဇာတ်ဆိုတာ ရှေးက လူကြီးတွေကတော့ ကြားဖူးကြပါတယ်။ ဒီဇာတ်တော်ကို ပွဲတွေ ဘာတွေမှာ ပြတာကိုး။ အခုခေတ်ကလေးတွေကတော့ ကုသဇာတ်ကို သိပ်မသိတော့ ဘူး။ အဲဒီလို မကောင်းတဲ့နေရာမှာလဲ နန်းစည်းစိမ်ကို စွန့်ပြီးတော့ ဒီ မိန်ကလေးတစ်ယောက်ကို မြင်ဖို့ရာအတွက် ရဖို့ရန်မဟုတ်ဘူး၊ သူစိတ်ကူး တာက ထီးနန်းစည်းစိမ်ကိုစွန့်ပြီး ပဘာဝတီအိမ်မှာ သွားပြီးတော့ ပန်းကန် တို့ ခွက်တို့ ဆေးနေရယင် တစ်ခါတလေတော့ လှမ်းမြင်ရမှာပေါ့။ အဲ သလောက်ကလေးမြင်ရဖို့ဟာ ဒီလောက်ထိအောင် ကြိုးစားတာ။ ဝီရိယာ–

ဓိပတိဆိုတာ မကောင်းတဲ့နေရာမှာလဲ ဝီရိယက အဓိပတိတပ်တယ်။ ဒါကြောင့်မို့လို့ ကုသိုလ် အကုသိုလ် ရောပြွမ်းယှဉ်တဲ့ စေတသိက်ထဲမှာ ဝီရိယက ပါတယ်။ ကဲဆိုကြစမ်း–

"ဝီရိယပါရမီ၊ ဝီရိယာဓိပတိ၊ ဝီရိယဗိုလ်၊ ဝီရိယိန္ဒြေ၊ သမ္မာဝါယာမ မဂ္ဂင်၊ ဝိရယသမ္ဗောဇ္ဈင်။

အဲဒီတော့ ပိဋကတ်သုံးပုံမှာ ဝီရိယစေတသိက်တစ်လုံးတည်းနဲ့ ဘယ်လောက်ထိအောင် တန်ဖိုးကြီးတယ်။ ကုသိုလ်ဘက်မှာလဲ ဝီရိယမပါယင် ဘာမှ မဖြစ်ဘူး။ အကုသိုလ်ဘက်မှာလဲ ဝီရိယမပါယင် ဘာမှမဖြစ်ဘူး၊ လောကီရေးရာမှာလဲ ဝီရိယမပါယင် ဘာမှ မမြင်ဘူး၊ အခု ကမ္ဘာပေါ်မှာ အဆောက်အအုံကြီးတွေ၊ စက်မှုလက်မှုတွေ မြင်တွေ့နေရတဲ့ အရာဝတ္ထု မှန်သမျှ အားလုံးဟာ ဝီရိယစေတသိက်ကြောင့် ဖြစ်နေကြတာပဲ မဟုတ်လား။

ဘာသာရေးနဲ့ ကြည့်မယ်ဆိုလို့ရှိယင်လဲ မဂ်ဖိုလ်ရသွားတယ်၊ တရားရသွားတယ်၊ ဈာန်ရသွားတယ်ဆိုတာဟာ ဝီရိယမပါဘဲနဲ့ ဘာတရားမှ မရဘူး၊ ဝီရိယဟာ လောကီရေးမှာရော လောကုတ္တရာရေးမှာပါ အင်မတန် တန်ဖိုးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဘုရားကလဲ ဝီရိယနဲ့ စပ်ဆိုင်တဲ့ သုတ်ပေါင်းများစွာ ဟောခဲ့တော့ ဝီရိယစေတသိက်ကို လျှောက်ပြောနေယင် တစ်လပြောလဲ မကုန်ဘူး၊ အဲဒီတော့ ရက်က သိပ်မရှိဘူး၊ ဝီရိယကတော့ တော်ကြပါစို့။

**ပီတိစေတသိက်**

ပီတိကို တချို့တလေကတော့ နှစ်သက်မှုလို့ ပြန်တယ်။ နှစ်သိမ့်တာက ပိုကောင်းတယ်။ ပီတိကို နှစ်သိမ့်တယ်၊ ကျေနပ်တယ်၊ ပီတိဖြစ်တယ်ဆိုတာ မြန်မာစကားမှာလဲ သုံးတော့ သုံးနေတာပဲ။ အလှူလှူတဲ့အခါမှာ ဝမ်းသာတာက တစ်မျိုး၊ပီတိဖြစ်တာက တစ်မျိုး။ ဝမ်းသာတာက သိသာတယ်၊ ပီတိဖြစ်တယ်ဆိုတာကတော့ သိပ်မသိသာဘူး၊ ပီတိက တစ်ကိုယ်လုံး စိမ့်ပြီးတော့ စိတ်ထဲမှာ သိပ်ပြီး ကျေနပ်တာ။ ကိုယ် လုပ်ချင်တဲ့ အလုပ်ကလေးတစ်ခု လုပ်နေရလို့ရှိယင်လဲ ဒီအလုပ်ထဲမှာ

စိတ်ဝင်စားပြီး တစ်ကိုယ်လုံး အေးမြပြီး စိမ့်ပြီးတော့ စိတ်ထဲမှာ ချမ်းသာနေတယ်။ ဒါကြောင့်မို့လို့ ပီတိနဲ့ ဝမ်းမြောက်တာနဲ့ မတူဘူး။

ဥပမာတစ်ခု–စာမေးပွဲအောင်လို့ ဝမ်းမြောက်တာက ပထမဆုံး ဝမ်းမြောက်လိုက်တာပဲ။ ပီတိဖြစ်တယ်ဆိုတာက ပီတိက စိတ်ကူးပြီးတော့ စာမေးပွဲအောင်ယင် ဘာတွေဖြစ်မှာပဲ၊ ဘာတွေ လုပ်လိုက်မယ်ဆိုပြီး စိတ်ထဲမှာ သူ့ဟာသူ စိတ်ကူးနဲ့ ကျေနပ်နေတာ။ ဒါ ပီတိဖြစ်တာ။ ဒီ ပီတိမျိုးက ဘာပီတိလဲဆိုတော့ ပီတိက ငါးမျိုးတောင် ရှိတယ်၊ ငါးမျိုးထဲမှာ "ဖရဏာပီတိ"လို့ခေါ်တယ်။ ဖရဏာ–ဆိုတာက တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတော့ သွားတာ။ တစ်ခါတည်း အသွေးတွေ, အသားတွေထဲကို စိမ့်ပြီးတော့ သွားတယ်။ ဒါကြောင့်မို့လို့ "ဖရဏာပီတိ ဂွမ်းဆီထိပမာ"လို့ ရှေးက ကဗျာတွေ စပ်ကြတယ်။ အဲဒီတော့ ဖရဏာပီတိ ဂွမ်းဆီထိ ပမာဆိုတော့ အမိပ္ပါယ်လဲ ကိုက်တယ်၊ ကာရန်လဲ ကိုက်တယ်။ ဂွမ်းထဲမှာ ဆီထည့်လို့ရှိယင် ဘယ်လိုနေသတုံး၊ ဂွမ်းရှိသမျှ အကုန်လုံးနှံ့ပြီးတော့ သွားတာပဲ။ အဲဒီတော့ ခန္ဓာကိုယ်ထဲမှာ ပီတိဖြစ်တယ်ဆိုလို့ရှိယင်လဲပဲ ဖရဏာပီတိက အကုန်ပျံ့နှံ့ပြီးတော့ နေတယ်၊ ပီတိက ပကိဏ်းစေတသိက်ဆိုတော့ အကုသိုလ်မှာလဲ မဖြစ်ဘူးလား၊ ဖြစ်တယ်။ ကုသိုလ်မှာလဲဖြစ်တယ်။

**ပီတိဖြစ်နေယင် ထမင်းမစားဘူး** ဒါကြောင့်မို့လို့ ပီတိကတော့ အကုသိုလ်မှာလဲ ကိုယ်တွေ့ချင်တဲ့ လူနဲ့ တွေ့ပြီးတော့ ထိုင်ပြီးတော့ စကားပြောရလို့ရှိယင် ဘယ်လောက်ကြာအောင် ပြောနိုင်သတုံး၊ မနက်ကနေပြီး ထင်းမစားဘဲနဲ့ ကိုယ်က အင်မတန်ခင်တဲ့ လူတစ်ယောက်၊ အဲဒီလူနဲ့ ထိုင်ပြီးစကားပြောလို့ရှိယင် ဘယ်နှစ်နာရီကြာအောင် ပြောနိုင်သတုံး၊ လေးငါးနာရီ ကြာချင်ကြာ ပြောနိုင်တယ်မဟုတ်လား။ ပြောနိုင်တယ်။ ပြောနေရတာ ကိုယ်က ပီတိဖြစ်နေတာ။ ပီတိဖြစ်နေတော့ ထမင်းဆာရဲ့လား၊ ထမင်းလဲမဆာဘူး၊ သူနဲ့ တွေ့နေတာ ပြောနေရတာ ကိုယ်က ပီတိဖြစ်နေတာ။ အဲဒါ ဖရဏာပီတိခေါ်တယ်။ ထမင်းတွေ ဘာတွေ စားနေစရာ မလိုဘူး။

ဗြဟ္မာကြီးကျတော့ ပီတိပဲ အစာရှိတယ်။ ထမင်းတွေ ဘာတွေ စားတာမဟုတ်ဘူး၊ သူတို့က ပီတိနဲ့ ဝ–နေတာပဲ။

ဒီလိုပဲ အကုသိုလ်ဘက်မှာလဲ ကိုယ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်နေရတဲ့အခါမှာ ပီတိပါနေလို့ရှိယင် ထမင်းလဲမဆာဘူး၊ ဒါ အကုသိုလ်ဘက်မှာ။ ကုသိုလ်ဘက်ကျတော့ တချို့ ပရိသတ်တွေကို ကျွေးတယ်၊ မွေးတယ်၊ ချက်ပြုတ်တယ်၊ သူ ဘာမှ မစားဘူး၊ ပရိသတ်တွေသာ ကျွေးနေတာပဲ၊ ဆာလဲမဆာဘူး၊ စားလဲမစားချင်ဘူး၊ ပီတိဖြစ်နေတာကိုး။ ကိုယ်ကျွေးချင်တဲ့ လူတွေနဲ့ သံဃာတွေ ကျွေးနေရတော့ သူ့မှာ ပီတိဖြစ်နေတာ။ ပီတိဖြစ်နေတဲ့အခါကျတော့ သူမဆာဘူး။ ဒို့ပြင် လူတွေ စားတာသာ ပီတိ ဖြစ်နေတယ်။

အဲဒီတော့ ဖရဏာ ပီတိဆိုတာက ကောင်းတဲ့ဘက်မှာလဲ ဖြစ်တယ်၊ မကောင်းတဲ့ဘက်မှာလဲ ဖြစ်တယ်။ ဒါက ရိုးရိုး ကုသိုလ် အကုသိုလ် ပီတိ မျိုးကို ပြောတာ။

တစ်ခါ ဈာန်ကို အားထုတ်တဲ့အခါကျတော့ မနေ့ကပြောခဲ့တဲ့ ထွက်သက် ဝင်သက်–အာနာပါနကို ရှုမှတ်နေတဲ့အခါမှာ ပထမ ဝိတက်က အာရုံပေါ်ရောက်အောင် တင်ပေးတယ်၊ တင်ပေးတာက ဒါ ဝိတက်အလုပ်၊ အာနာပါန ထွက် သက် ဝင်သက်ပေါ်မှာ ကိုယ့်စိတ် ရောက်လာပြီဆိုလို့ရှိယင် ဒါ ဝိတက်မလိုတော့ဘူး၊ ဝိစာရက သုံးသပ်နေပြီ။ အဲဒီတော့ ဝိစာကျတော့ ပထမဈာန်မဟုတ်တော့ဘူး၊ ဒုတိယဈာန်ရောက်သွားပြီ။

ဒုတိယဈာန်ဆိုဘာက ဝိတက်မရှိတော့ဘူး။ ဒီစိတ်က မပြေးတော့ ဘဲကိုး၊ မပြေးတော့ ဒီအာရုံကလေးကို သုံးသပ်နေတာက ဝိစာရ–က သုံး သပ်နေတာ၊ ထွက်သက် ဝင်သက်ကလေးရှိနေတယ်လို့ ဒီလို မှတ်နေတာက ဒါ ဝိစာရပဲ။ ဝိစာရက မှတ်နေတဲ့အခါကျတော့ ဒီအာရုံကလေးကို သူက သိပ်ပြီးတော့ ကျေနပ်လာတယ်။ ဒီအာရုံလေးကို သိပ်ပြီးတော့ ကျေနပ်လာ တဲ့အခါကျတော့ ဝိစာရက သုံးသပ်စရာမလိုတော့ဘူး၊ သူက ပီတိဖြစ်

လာတယ်၊ ဝိစာရမရှိတော့ဘူး။ အခုန ဝိစာရက သုံးသပ်နေရသေးတယ်၊ အခု ဒီအာရုံလေးကို သိပ်ပြီးတော့ နှစ်သက်လာတယ်၊ သိပ်ပြီးတော့ ကျေနပ်လာတယ်ဆိုတော့ သူ့ကို သုံးသပ်စရာလဲ မလိုတော့ဘူး၊ အဲဒီမှာ ပီတိဖြစ်လာတယ်။

ဒါကြောင့်မို့လို့ တတိယဈာန်ကျတော့ ဝိတက်၊ ဝိစာရမရှိတော့ဘူး။ တတိယဈာန် ပီတိကျတဲ့အခါကျတော့ စိတ်ထဲမှာ သိပ်ပြီးတော့ ကျေနပ်လာတယ်။ ဒီအလုပ်ကို ထိုင်ပြီး လုပ်နေရလို့ရှိယင် ထွက်သက် ဝင်သက်ကို မှတ်နေရလို့ရှိယင် ၂–နာရီလဲ မှတ်နိုင်တယ်၊ ၃–နာရီလဲမှတ်နိုင်တယ်၊ ၄–နာရီလဲ မှတ်နိုင်တယ်။ သူက ဒီအလုပ်မှာ မပျင်းတော့ဘူး။ အခုန ထိုင်စကားပြောရသလိုပဲ၊ ဒီအာရုံကို သူက သိပ်ပြီးတော့ သဘောကျတယ်၊ သိပ်ကျေနပ်နေတယ်၊ ပီတိဖြစ်နေတယ်။

ပီတိဖြစ်လာပြီဆိုယင် တရားထိုင်တဲ့ လူတွေဟာ ဘိန်းစွဲသလိုပဲ၊ သူမထိုင်ဘဲ မနေနိုင်တော့ဘူး။ ဒီအာရုံလေးနဲ့ နေရတာကိုပဲ သူ့မှာ သိပ်ပြီးတော့ ကျေနပ်နေတာ။ အဲဒီလိုဆိုယင် တတိယဈာန် ရောက်သွားပြီ။ ဈာန်ကျတဲ့အခါကျတော့လဲ ဒီပီတိဟာ ဈာန်အင်္ဂါ ငါးပါးထဲမှာ သူတစ်ခု ပါဝင်တယ်၊ ပီတိကတော့ ဒါလောက်နဲ့ပဲ တော်ကြပါစို့။

**ဆန္ဒစေတသိက်** ဒီဆန္ဒကလဲ အတော် ပြဿနာ ရှုပ်တယ်။ ဆန္ဒက မြန်မာကစားထဲမှာ ရောက်နေတာကိုး။ တချို့တလေ အခုခေတ် စာရေးကြတယ်၊ ကျနော်က ဆန္ဒပြုလိုက်ပါတယ်တဲ့။ ဘာမှန်းလဲ မသိဘူး၊ သူတို့ ဆန္ဒပြုလိုက်ပါတယ်လို့ သုံးတယ်၊ တစ်ခါ မဲဆန္ဒပေးတယ်ဆိုတော့ ဒီ မဲပေးတာက ကိုယ်ကြိုက်တဲ့ လူတွေထဲကို မဲထည့်တာပဲ။ မဲဆန္ဒကောက်နေတယ်၊ ဆန္ဒက အဲဒီမှာလဲသုံးနေကြတယ်။ ရှေးက အဘိဓမ္မာဆရာတွေကတော့ ဆန္ဒကို လိုလားမှု၊ လိုချင်မှုဆိုပြီး ဒီလို ဘာသာပြန်ကြတယ်။

လိုလားမှု၊ လိုချင်မှုလို့ ဘာသာပြန်တဲ့အခါကျတော့ ဘာနဲ့သွားပြီး

တော့ ရောသွားလဲ၊ လောဘနဲ့ သွားပြီးတော့ ရောသွားတယ်။ လောဘဟာ အကုသိုလ်စေတသိက်၊ ဆန္ဒက အကုသိုလ်မှာလဲ ယှဉ်တယ်၊ ကုသိုလ်မှာ လဲယှဉ်တယ်။ အဲဒီတော့ လိုချင်တာနဲ့ လိုလားတာ မြန်မာစကားမှာ သိပ် မကွဲဘူး၊ ဆန္ဒပြုတယ်ဆိုတာက ဒီဆန္ဒက တောင့်တ-မှု မဟုတ်ဘူး။ တစ်ခုခု ကို တောင့်တ-နေတာဟာ ပတ္ထနာလို့ ခေါ်တယ်။ ဆုတောင်းပတ္ထနာလို့ ခေါ်တယ်။ တောင့်တ-မှုဟာလဲ တကယ်ကတော့ လောဘပဲ။ တစ်ခုခုကို လိုချင်နေတယ်ဆိုလို့ရှိယင် အဲဒီ လိုချင်တဲ့ဝတ္ထုပစ္စည်းလေးရအောင် တောင့် တ-နေတာ လောဘပဲ။ ဆန္ဒဟာ မြန်မာလို ပြောမယ်ဆိုယင် လိုချင်တာပါပဲ။ လောဘနဲ့ ထူးအောင် ပြောချင်ပြော၊ လိုလားမှုဆိုတာလဲ လိုချင်တာပဲ။

ဥပမာတစ်ခု-ဆန္ဒက ကုသိုလ်မလိုချင်ဘူးလား၊ လိုချင်ပါတယ်။ ကုသိုလ်လိုချင်တယ်ဆိုယင် ဒါလောဘလို့ ပြောမလား၊ ဘာလို့ ပြောမတုံး။ ဆန္ဒလို့ ပြောမယ်။ ဆန္ဒကို လိုချင်တယ်လို့ ပြန်ပြီးတော့ လောဘနဲ့ ကွဲ အောင်ကတော့ ကုသိုလ်လိုချင်တယ်ဆိုတာ ဆန္ဒပဲ၊ အဲဒီတော့ ဒါနပြုချင် တယ်၊ သီလဆောက်တည်ချင်တယ်၊ တရားအားထုတ်ချင်တယ်ဆိုတဲ့ အဲဒီ လိုချင်မှုတွေဟာ ဒါ လောဘမဟုတ်ဘူး။

**ဆန္ဒနှင့်လောဘ ဘယ်သူအားကောင်းသလဲ** ဥပမာတစ်ခု-ပစ္စည်းလိုချင် တယ်၊ ငွေလိုချင်တယ်၊ ကား လိုချင်တယ်၊ ဒီလို ကိုယ့်အတွက် လိုချင်တဲ့အခါကျတော့ ဒါ လောဘ။

ဥပမာ-ပစ္စည်းရှာတယ်ဆိုပါစို့။ လောဘနဲ့ ပစ္စည်းရှာတာနဲ့ ဆန္ဒနဲ့ ပစ္စည်းရှာတာ မတူဘူး။ ဆရာက အဘိဓမ္မာ သင်တန်းအတွက် ငွေတစ်သိန်း လိုချင်တယ်။ ဆရာ ဒီငွေတစ်သိန်းရအောင် ရှာနေတယ်၊ ငွေတစ်သိန်း လိုချင်တယ်၊ အဲဒီငွေတစ်သိန်းလိုချင်တာ ဘာဖြစ်လို့ လိုချင်တာတုံးဆိုတော့ ဒီအဘိဓမ္မာသင်တန်းကို ကြီးကျယ်သထက် ကြီးကျယ်သွားအောင် လှူချင်လို့။ ငွေလိုချင်တိုင်းလဲ လောဘမဟုတ်ဘူးနော်၊ အဲဒီလို လှူချင်လို့ ငွေတစ်သိန်း လိုချင်တဲ့အခါကျတော့ ဘာလို့ ခေါ်မတုံး၊ ဒါ ဆန္ဒလို့ ခေါ်တယ်။ သူ

သုံးဖို့ စွဲဖို့ သူ့အတွက် လိုချင်တာမဟုတ်ဘူး၊ သူပစ္စည်းရှာနေတယ်၊ လှူဖို့လို့ သူရှာတယ်၊ အဲဒီကျတော့ လိုချင်တာတော့ လိုချင်တာပဲ၊ လိုချင်တာပေမဲ့ သူ့ကို လောဘလို့ မခေါ်ဘူး၊ ဆန္ဒလို့ ခေါ်တယ်တဲ့။

အဘိဓမ္မာမှာ မြားသမားနဲ့ ဥပမာပေးကြတယ်။ ဒီဥပမာက သိပ်မရှင်းဘူး။ ဒီမြားသမားဟာ ပစ်ဖို့လို့ မြားကို မလိုချင်ဘူးလား၊ မြားတွေများများလိုချင်တာပေါ့၊ လိုချင်တာက ဘာလုပ်ဖို့ လိုချင်တာတုံး ပစ်ခတ်ဖို့၊ သူ ဒီမြားတွေကို စားဖို့လဲ မဟုတ်ဘူး၊ ပစ်ခတ်လိုက်ဖို့ သူက လိုချင်တာ။ ဆန္ဒလိုချင်မှုမျိုးက အဲဒီလို လိုချင်မှုမျိုးတဲ့။ သူပစ္စည်းဥစ္စာတွေ ရှာဖွေနေတဲ့ဥစ္စာက သူစားဖို့၊ သူကောင်းဖို့၊ သူကြွားဖို့-ဝါဖို့ ဒီလိုမဟုတ်ဘူး။ အလှူလှူဖို့လို့ လိုချင်တာ၊ အဲဒီလို လှူချင်တဲ့အခါကျတော့ ဆန္ဒတဲ့။ ကိုယ်သုံးဖို့၊ စွဲဖို့ ကိုယ့်အတွက် လိုချင်တာကတော့ လောဘတဲ့။ အဲဒီလို ဆန္ဒနဲ့လောဘကို ဥပမာပြောကြတယ်။

တချို့တလေ အဘိဓမ္မာဆရာတွေကတော့ ဘယ်လိုထိအောင်ပြောလဲဆိုတော့ ဆန္ဒက လိုချင်ကာမျှပဲတဲ့။ လောဘက သိပ်ပြီးတော့ လိုချင်တာတဲ့။ အဲဒါကတော့ ဟုတ်ကိုမဟုတ်ဘူး၊ ဆန္ဒဆိုတာ လိုချင်ကာမျှ မဟုတ်ဘူး၊ ဆန္ဒက လောဘထက် ကြီးကျယ်တယ်။ ဆန္ဒက ဘယ်လောက်ကြီးကျယ်တဲ့ စေတသိက်လဲဆိုတော့ အဓိပတိ တရားလေးပါးထဲမှာ ဆန္ဒက ပါတယ်။ လောဘက အဓိပတိထဲမှာ ပါရဲ့လား၊ အဓိပတိထဲမှာ လောဘမပါဘူး။ လောဘက ဆန္ဒလောက် အားမကောင်းဘူး၊ ဆန္ဒက ကုသိုလ်မှာလဲ ယှဉ်တယ်။ အကုသိုလ်မှာလဲ ယှဉ်တယ်။ ကုသိုလ်မှာယှဉ်တဲ့ ဆန္ဒက သိပ်အားကောင်းတယ်။

**ဘုရားဖြစ်ချင်တာ လောဘလား** ဥပမာတစ်ခု – ဘုရားလောင်းများဟာ ဘုရားဖြစ်ချင်တာက လောဘလား၊ ဆန္ဒလား။ ဘုရားဖြစ်ချင်တာ ဆန္ဒ။ ဘုရားဖြစ်ချင်တဲ့ဆန္ဒ သိပ်ပြင်းပြတဲ့အခါကျတော့ သူ့ သွေးတွေလဲ ဖောက်လှူတာပဲ၊ မျက်လုံးတွေကော ဖောက်

လှူတာပဲ၊ သားမယားတွေကော အကုန်လုံး လှူတာပဲ၊ ပစ္စည်းဥစ္စာကတော့ မပြောနဲ့တော့။ ဘုရားအလောင်းဘဝမှာ လှူခဲ့တဲ့ ပစ္စည်းဥစ္စာကတော့ ရှင်ဘုရင်ဖြစ်လို့ရှိယင်လဲ တစ်တိုင်းပြည်လုံး စွန့်ပစ်လိုက်တာပဲ။ သားတွေ မယားတွေလဲ အကုန်လုံး စွန့်ပစ်လိုက်တာပဲ။ အဲဒါလောက်ကို စွန့်ပြီးတော့ လှူတဲ့ ဆန္ဒဟာ ဘယ်အတွက်လှူတာတုံး၊ ဘုရားဖြစ်ချင်တဲ့ဆန္ဒကြောင့် လှူတာ။ ဘုရားသာ ဖြစ်မယ်ဆိုယင် မီးပုံထဲ ခုန်ချဆိုလို့ရှိယင်လဲ သူ ခုန်ချတာပဲ။ အဲဒီဆန္ဒဟာ အဓိပတိတပ်တယ်။

ဆန္ဒာဓိပတိတပ်တဲ့လူဟာ သူဖြစ်ချင်တာ ဖြစ်ကို ဖြစ်ရမယ်။ ဒီဘဝ မဖြစ်ယင် နောက်တစ်ဘဝ၊ ဘဝ တစ်ဘဝတော့ ဖြစ်ကို ဖြစ်ရမယ်။

အဲဒီတော့ ခုနတုန်းက ဝီရိယဆိုတာကလဲ အဓိပတိတပ်တယ်၊ သူတို့ ပြိုင်တော့ မတပ်ဘူး။ ဒါကြောင့်မို့ အဓိပတိလေးပါးက ဝီရိယာဓိပတိ ဖြစ်နေတဲ့အခါမှာ ဆန္ဒက နောက်လိုက်ပဲ၊ ဆန္ဒက ခေါင်းဆောင်ဖြစ်နေတဲ့ အခါမှာ ဝီရိယက နောက်လိုက်ပဲ။ အဓိပတိက ပြိုင်လို့မဖြစ်ဘူး။ ဆန္ဒအဓိပတိ တပ်နေတဲ့အခါကျတော့ သူက ဘယ်လိုတုံး၊ သူ့ကိုမေးကြည့်၊ သူ့မှာ ဘာဖြစ်ဖြစ် မဖြစ်ရဘူးဆိုတာ သူ့မှာမရှိဘူး။ မြန်မာပြည်က လူတွေကို လူတိုင်းလူတိုင်း အကုန်လုံး ချမ်းသာစေရမယ်ဆိုယင်လဲ သူက ဖြစ်နိုင်တယ်။ သူ ဖြစ်အောင်လုပ်မယ်၊ နောက်ပိတ်ဆုံး သူ့အသက်ကို လှူလို့ ချမ်းသာမယ်ဆိုယင် သူ့အသက်ကို အသေခံလိုက်မယ်။ သူ့သားတွေ, မယားတွေ အကုန်လုံးစွန့်လိုက်ဆိုယင်လဲ သူ အကုန်စွန့်လိုက်မယ်။ မြန်မာပြည်သူ ပြည်သားတွေ ချမ်းသာမယ်ဆိုယင် သူ့ဆန္ဒက အကုန်လုံး သူလုပ်နိုင်တယ်။

အဲဒါကြောင့်မို့လို့ ဆန္ဒက လိုချင်တယ်၊ လိုချင်တယ်ဆိုတာဟာ သူ့အတွက်မဟုတ်ဘူး။ မြန်မာပြည်သူပြည်သားတွေကို ချမ်းသာစေချင်တယ်၊ ဒီတိုင်းပြည်ကြီးကို ချမ်းသာစေချင်တယ်၊ ဒီလိုချမ်းသာစေချင်တာဟာ ဆန္ဒပဲ၊ လောဘမဟုတ်ဘူး။ သူ ပစ္စည်းတွေ ရှာတယ်။ ပစ္စည်းကို

ဆယ်သိန်း၊ သိန်းတစ်ရာ၊ သိန်းတစ်ထောင်လဲ ရှာတယ်။ ဒီပစ္စည်းတွေ လိုချင်တာလဲ သူသုံးဖို့ မဟုတ်ဘူး။ အားလုံးလူတွေ ချမ်းသာဖို့လို့ အားလုံး လူတွေကို ပေးဖို့လို့, ကမ်းဖို့လို့, လှူဖို့လို့ ဒီလို လိုချင်တာဟာလဲ လောဘ မဟုတ်ဘူး၊ ဆန္ဒပဲ။

ဒါကြောင့်မို့လို့ လောဘနဲ့ဆန္ဒ ဘယ်သူက အားကောင်းသတုံး၊ ဆန္ဒက အားကောင်းတယ်။ ဆန္ဒက အဓိပတိတပ်တယ်၊ လောဘက အဓိ-ပတိ မတပ်ဘူး။ ဒီတော့ ဆန္ဒက ကုသိုလ်မှာသာ အဓိပတိတပ်တာ မဟုတ် ဘူးနော်၊ အကုသိုလ်မှာလဲ အဓိပတိတပ်တယ်။ အကုသိုလ် အဓိပတိတပ် တဲ့လူကလဲ အကုသိုလ်ကို မဖြစ်ဖြစ်အောင် လုပ်တော့တာပဲ။

အဲဒီတော့ ဒီနေ့ ပကိဏ်းစေတသိက်ခြောက်လုံး ကုန်အောင် ပြောမလို့ စိတ်ထဲက မှန်းလာတာပဲ။ ဝီရိယ ပြောတုန်းက နည်းနည်းများ သွားတယ်။ နည်းနည်းလောက်ပြောဖို့ကောင်းတာ၊ အဓိမောက္ခစေတသိက် တစ်လုံး ကျန်နေသေးတယ်၊ နောက်နေ့ကျမှပဲ ဆက်ပြီးတော့ပြောမယ်၊ ဒီနေ့တော့ နာရီစေ့သွားပြီ၊ တော်ကြစို့။

သာဓု သာဓု သာဓု။

* * * * *

# ပို့ချချက် (၂၃)

## (၂၁-၇-၇၉)

## ကုသိုလ်-အကုသိုလ် ၂-ဘက်ရ စေတသိက်များအဆက်

ပကိဏ်းစေတသိက် ခြောက်လုံး။ ဟိုအပတ်က ဆန္ဒထိအောင် ရောက်သွားတယ်။

ဆန္ဒစေတသိက်က သူက အကုသိုလ်မှာလဲပါတယ်၊ ကုသိုလ်မှာလဲ ပါတယ်။ အဲဒီတော့ ကုသိုလ်မှာပါတဲ့အခါကျတော့လဲ ဆန္ဒက ဆန္ဒာဓိပတိ ဆိုပြီးတော့ အဓိပတိတပ်တယ်။ အကုသိုလ်မှာပါတဲ့ အခါကျတော့လဲ အကုသိုလ်မှာလဲ ဆန္ဒာဓိပတိလို့ တပ်တယ်။ ဒါကြောင့်မို့လို့ စေတသိက်ထဲမှာ အဓိပတိတပ်တဲ့စေတသိက်က သိပ်များတာမဟုတ်ဘူး။

ရှေးက အဘိဓမ္မာဆရာတွေ ဆန္ဒနဲ့ လောဘအထူးကို ရေးကြတာက ဆန္ဒကတော့ လိုချင်ကာမတ္တပဲ။ လောဘကတော့ ပြင်းပြင်းထန်ထန် လိုချင်တယ်တဲ့။ အဲဒီလို ရေးကြတယ်၊ ပြောကြတယ်။ အမှန်ကတော့ ဆန္ဒဟာ အဓိပတိတပ်တဲ့ စေတသိက်ပဲ၊ လောဘက အဓိပတိတပ်တဲ့ စေတသိက်မဟုတ်ဘူး။ အားကောင်းတယ်ဆိုယင် ဆရာ ဟိုအပတ်က ပြောသလိုပဲ ဆန္ဒက လောဘထက် အားကောင်းတာပဲ။ ကုသိုလ်လုပ်ငန်းမှာ ဆိုလို့ရှိယင်လဲ ဆန္ဒက အဓိပတိတပ်ယင် သူလုပ်ချင်တဲ့ ကုသိုလ်တွေ အကုန်လုံးလုပ်လို့ ဖြစ်တာပဲ။

အဓိပ္ပါယ်တစ်ခု-ပညာရှိကြီး ဖြစ်ချင်တယ်။ ပညာရှိကြီး ဖြစ်ချင်တယ်ဆိုတာ ဆန္ဒပဲ၊ ပညာရှင်တစ်ယောက်ဖြစ်ချင်တဲ့ ဒီဆန္ဒက အဓိပတိတပ်တဲ့ ဆန္ဒရယ်၊ အဓိပတိမတပ်တဲ့ဆန္ဒရယ် နှစ်မျိုးရှိတယ်။ တချို့တလေကတော့ ပညာရှင်ဖြစ်ချင်တာပဲရှိတယ်၊ ပညာရှင်ဖြစ်ဖို့ရာ သူ စာပေလိုက်စားမှုတို့, သင်ကြားမှုတို့, ပညာရှိကို ဆည်းကပ်မှုတို့မှာ သူက အင်မတန်လုံ့လ ဝီရိယနည်းတာပဲ။ ဒါ အဓိပတိတပ်တဲ့ဆန္ဒ မဟုတ်ဘူး။ အဓိပတိ

တပ်တဲ့ဆန္ဒ ဆိုလို့ရှိယင် သူက ပညာရှင်ဖြစ်ဖို့ အလုပ်ဆိုယင် ဘယ်အလုပ်မဆို ညလဲသူလုပ်တာပဲ၊ နေ့လဲသူလုပ်တာပဲ။ သူ့မှာ အားလပ်တဲ့ အချိန်ရယ်လို့ မရှိဘူး။ ပညာရှင်ဖြစ်ဖို့ဆိုယင် ဘယ်နေရာမဆို သူ ရောက်တာပဲ။ အဲဒါ အဓိပတိတပ်တဲ့ ဆန္ဒပဲ။

အဓိပ္ပါယ်တစ်ခု–သူဌေးဖြစ်ချင်တယ်၊ သူဌေးဖြစ်ချင်တဲ့ဆန္ဒက သူဌေးဖြစ်ရာဖြစ်ကြောင်း သူ ဘာမဆို အကုန်လုပ်တာပဲ၊ ဒါ အဓိပတိတပ် တဲ့ဆန္ဒ။ အဓိပတိမတပ်တဲ့ ဆန္ဒကတော့ သူဟာ သာမညပဲ၊ ဖြစ်ချင်တာ ပဲရှိတယ်။ အတူတူပဲ မင်းဖြစ်ချင်တဲ့ ဆန္ဒရှိတဲ့ပုဂ္ဂိုလ်ဟာ သူ အဓိပတိတပ် တယ်ဆိုလို့ရှိယင် တစ်နေ့နေ့တော့ မင်းတော့ဖြစ်တာပဲ။ စစ်ဗိုလ်ချုပ်ကြီး ဖြစ်ချင်တဲ့ ဆန္ဒရှိတဲ့ ပုဂ္ဂိုလ်ဟာလဲ ဒီဆန္ဒဟာ အဓိပတိတပ်လာလို့ရှိယင် တစ်နေ့နေ့တော့ စစ်ဗိုလ်ချုပ်ကြီး တက်ဖြစ်တာပဲ။

အဲဒါကြောင့်မို့လို့ ဆန္ဒဟာ အဓိပတိတပ်တဲ့ဆန္ဒ၊ အဓိပတိ မတပ် တဲ့ဆန္ဒလို့ နှစ်မျိုးရှိတယ်၊ လူတွေဟာ များသောအားဖြင့်တော့ ဖြစ်ချင်တဲ့ ဆန္ဒတော့ ရှိကြတာပဲ။ သို့ပေတဲ့ အဲဒီဆန္ဒက အဓိပတိမတပ်ဘူး။ အဓိပတိ တပ်တဲ့ဆန္ဒက လောဘထက်အားကောင်းတာပဲ။ လိုချင်ကာမတ္တ မဟုတ်ဘူး။

အဓိပတိတပ်တဲ့ ဆန္ဒဆိုတာက သူမှန်းထားတဲ့ ပန်းတိုင် မရောက် မချင်း သူ အသက်စွန့်ရမှာလဲ သိပ်ဝန်မလေးဘူး။ နောက်ပိတ်ဆုံး သမုဒ္ဒရာ ထဲကရေတွေ ကုန်အောင်လုပ်ပစ်ဆိုလဲ ပက်ထုတ်ပစ်မှာပဲ။ မကုန်ဘူး မဖြစ် နိုင်ဘူးဆိုတဲ့ ဒီလိုစိတ်မျိုး သူ့မှာ ရှိကို မရှိဘူး။ ဒါကြောင့်မို့လို့ အဓိပတိ တပ်တဲ့ဆန္ဒဟာ လောဘထက် အားကောင်းတယ်။

**အဓိမောက္ခစေတသိက်** အဓိမောက္ခစေတသိက်ကို ဆုံးဖြတ်မှုဆိုပြီးတော့ ဒီလိုပဲ ဘာသာပြန်ကြတာပဲ။ အဓိမောက္ခစေတ သိက်က ပကိဏ်းစေတသိက်ဆိုတော့ အကုသိုလ်မှာလဲ သူက ပါတယ်။ ကုသိုလ်မှာလဲ သူက ပါတယ်။ ပြဿနာ တစ်ခုကို မှန်တယ်–မှားတယ်လို့ ဆုံးဖြတ်တဲ့အခါမှာ အဓိမောက္ခစေတသိက်က ဆုံးဖြတ်တာပဲ။ ကုသိုလ်

မှာ ယှဉ်တဲ့အခါကျတော့ အဓိမောက္ခက ဒီလောက် အားမကောင်းဘူး။ ကုသိုလ်မှာကျတော့ မှန်တယ်–မှားတယ်ဆိုတဲ့ ဒီလို ဆုံးဖြတ်မှုက သဒ္ဓါစေတသိက်က ရှိနေတာကိုး။ သဒ္ဓါစေတသိက်တုန်းက ဆရာပြောခဲ့ပြီးသားပဲ၊ ဘုရားအစစ်, တရားအစစ်, သံဃာအစစ်ကို ယုံကြည်တယ် ဆိုလို့ရှိယင် ဒါ သဒ္ဓါ။ ဘုရားအစစ်ပဲ၊ တရားအစစ်ပဲ၊ သံဃာအစစ်ပဲလို့ ဒီလို ယုံကြည်တဲ့သဒ္ဓါကို ကုသိုလ်မှာတော့ ရတာပေါ့။ ကုသိုလ်စေတသိက်မှာ သဒ္ဓါက ယှဉ်တာကိုး။ ဒါပေမဲ့ အကုသိုလ်စေတသိက်ကျတော့ ဘုရားစစ်, တရားစစ်, သံဃာစစ်မဟုတ်ပေမဲ့ ဘုရားမှန်, တရားမှန်, သံဃာမှန်လို့ ကြည်ညိုတာလဲ ရှိတာပဲ၊ ဒါလဲ ယုံကြည်တာပဲ။

**အဓိမောက္ခစေတသိက်နှင့် ဘုရားအတု**

ဒါကြောင့်မို့လို့ ဆရာပြောခဲ့ဖူးပါတယ်၊ သဒ္ဓါနဲ့ ပတ်သက်ပြီးတော့ ဘာသာတွေ အမျိုးမျိုး ရှိတာပဲ၊ ဘာသာအမျိုးမျိုးရှိပေတဲ့ ဘုရားက တစ်ဆူတည်းရှိတာပဲ။ အမှန်တရားကတော့ တစ်ခုတည်းပဲ ရှိတာပဲ။ ဘယ်ဘာသာက မှန်တယ်၊ ဘယ်ဘုရားက မှားတယ်လို့ ဆရာ ဒီလိုပြောနေတာ မဟုတ်ဘူး။ ဘာသာဘယ်လောက်ပဲများနေ များနေ၊ အမှန်တရားဆိုတာ တစ်ခုထဲပဲ ရှိတာပဲ။ ဘကယ့်ဘုရားအစစ်ဆိုတာလဲ တစ်ဆူထဲပဲ ရှိတာပဲ။ အဲဒီ ဘုရားအစစ်–ဘုရားအမှန်၊ တရားစစ်–တရားမှန် မဟုတ်တာကို ယုံကြည်တာကျတော့ သဒ္ဓါလို့ မခေါ်ဘူး။ အဓိမောက္ခစေတသိက်လို့ ခေါ်တယ်။ ဒီမှာ အဓိမောက္ခက အသုံးကျတယ်။ နို့မို့ယင် ပြဿနာ မရှင်းတာက ဘာသာတွေ အမျိုးမျိုးရှိတာပဲ၊ ကိုယ့်ဘုရားတော့ ကိုယ်မှန်တယ်လို့ ယုံကြည်တာပဲ။ အဲဒီတော့ သဒ္ဓါဟာ ဘုရားတိုင်း ယုံကြည်တာကို, ဘာသာတိုင်း ယုံကြည်တာကို သဒ္ဓါစေတသိက်လားဆိုတော့ မဟုတ်ဘူး။ သဒ္ဓါက ဘုရားမှန် တရားမှန်၊ ဘုရားစစ်–တရားစစ်ကို ယုံကြည်မှ သဒ္ဓါစေတသိက်။

ကဲဒါဖြင့် ဒီပြင် ဘုရားစစ်မဟုတ်၊ တရားစစ်မဟုတ်၊ သံဃာစစ်မဟုတ်တဲ့ ကိုယ့်ဘာသာကို ယုံကြည်တယ်၊ ကိုယ့်ဘုရားကို ယုံကြည်တယ် ဆိုလို့ရှိယင် ဘာစေတသိက်လို့ ပြောမလဲဆိုတော့ အဓိမောက္ခစေတသိက်တဲ့။

အမိမောက္ခက သူလဲဆုံးဖြတ်တာပဲ။ အမိမောက္ခက ဘုရားအစစ်ပဲလို့ သူက ဆုံးဖြတ်လိုက်တာပဲ။ ဟုတ်တာ မဟုတ်တာ အပ ထား၊ တရားအစစ်ပဲလို့ သူက ဆုံးဖြတ်တာပဲ။ အဲဒီလို ဘုရားအစစ်, တရားအစစ်မဟုတ်တဲ့ နေရာတွေမှာ ဆုံးဖြတ်တဲ့အခါကျတော့ အမိမောက္ခစေတသိက်၊ အကုသိုလ်မှာ လဲပါတော့ သူက ဒီနေရာမှာရတယ်။ သဒ္ဓါကျတော့ ဘုရားအစစ် တရားအစစ်မဟုတ်တဲ့ နေရာတွေ ယုံကြည်ယင် သဒ္ဓါစေတသိက်မဖြစ်နိုင်ဘူး။

အဲဒီတော့ စေတသိက်တွေကတော့ ပကိဏ်းစေတသိက်က ၆-လုံးရယ်၊ နောက်ပြီးတော့ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဆိုတဲ့ စိတ်အားလုံးမှာ ယှဉ်တဲ့စေတသိက်က ဘယ်လောက်ရှိတုံး၊ ၇-လုံး။ နှစ်ခုပေါင်းတော့ ဘယ်လောက်ရှိတုံး၊ ၁၃-လုံး။ အဲဒီ ၁၃-လုံးကို ပါဠိလိုလဲ ခေါ်တတ်မှ ပါဠိလိုက "အညသမာန်း"စေတသိက်လို့ ခေါ်တယ်။ အဘိဓမ္မာ သင်တန်းတက်တော့ ဆရာက မြန်မာလိုချည်းပဲသင်တာကိုး၊ ဆရာကတော့ နှစ်ဘက်ရ စေတသိက်လို့ ဒီလို သင်တာကိုး။ နှစ်ဘက်ရစေတသိက်ဆိုတော့ ဒီပြင် အဘိဓမ္မာ ရိုးရိုးတက်တဲ့လူတွေက အညသမာန်းစေတသိက် ဘယ်လောက်ရှိတုံးဆိုလို့ရှိယင် ဒီအဘိဓမ္မာသင်တန်းက လူတွေ မဖြေတတ်ဘဲ နေမယ်။ ဒါကြောင့်မို့ အဲဒီ နှစ်ဘက်ရစေတသိက် ၁၃-လုံးကို **အညသမာန်း** စေတသိက်လို့ ခေါ်တယ်။ ခေါ်ကြည့်ကြစမ်းပါ-

"အညသမာန်းစေတသိက်"

သူတို့ ခေါ်မဲ့သာခေါ်နေကြတာ၊ အညသမာန-ဆိုတဲ့ ဒီပါဠိကို မြန်မာလို ပြန်ဖို့ဟာ တော်တော် ခက်တဲ့ ပါဠိပဲ။ ပါဠိမှာလဲ အသုံးအနှုန်းက အင်မတန် နည်းတာပဲ။

ဆရာကတော့ ဒါ နှစ်ဘက်ရစေတသိက်ပဲ။ စိတ်အားလုံးမှာ ပါဝင်တဲ့စေတသိက် ခုနစ်လုံးရယ်၊ စိတ်အချို့အဝက်မှာ ယှဉ်တဲ့ ပကိဏ်းစေတသိက် ခြောက်လုံး၊ ဒီတစ်ဆယ့်သုံးလုံးဟာ ကုသိုလ်ဖြစ်တဲ့အခါမှာလဲ သူတို့ပါတယ်၊ အကုသိုလ်ဖြစ်တဲ့အခါမှာလဲ သူတို့ ပါတယ်။ ဒီ ၁၃-လုံးကို ကုသိုလ်နဲ့ယှဉ်တဲ့

အခါကျတော့ ကုသိုလ်စေတသိက်လို့ ခေါ်နိုင်တာပဲ၊ အကုသိုလ်နဲ့ ယှဉ်တဲ့ အခါကျတော့ အကုသိုလ်စေတသိက်လို့ ခေါ်နိုင်တာပဲ။ ဒါကြောင့်မို့လို့ သူတို့ကို နှစ်ဘက်ရစေတသိက်လို့ ခေါ်တယ်။

အဲဒီတော့ ဒီစေတသိက် ၅၂–လုံးထဲမှာ အကုသိုလ်စေတသိက်က ဘယ်နှစ်လုံးရှိသတုံး။

"၁၄ –လုံး"

ကုသိုလ်စေတသိက်က ဘယ်နှစ်လုံးရှိတုံး။

"၂၅–လုံး"

အညသမာန်းစေတသိက်က ဘယ်နှစ်လုံးရှိတုံး။

"၁၃–လုံး"

ပေါင်းလိုက်တော့ ဘယ်လောက်တုံး။

"၅၂–လုံး"

ဒီနေ့ ၅၂–လုံးတော့ ကုန်သွားပြီ။

အဲဒီလို စေတသိက် ၅၂–လုံးရှိပေတဲ့ အဓိပတိထိုက်တဲ့ စေတသိက်က ၃–လုံးပဲရှိပါတယ်။ ဆန္ဒရယ်, ဝီရိယရယ်, ဝိမံသရယ်၊ ဝိမံသ ဆိုတာက ပညာပဲ။ ပညာစေတသိက်ကို ဝိမံသ–လို့လဲ ခေါ်တယ်။ အမောဟ–လို့လဲ ခေါ်တယ်။ အမောဟ စေတသိက်ဆိုတာလဲ ပညာစေတသိက်ပဲ။ ဝိမံသစေတသိက်လို့လဲ ခေါ်လို့ရတယ်။

ဝိမံသ–ဆိုတာ မြန်မာလို စူးစမ်းတဲ့ပညာပေါ့။ စူးစမ်းဆင်ခြင်တာကို ဝိမံသ လို့ ခေါ်တယ်။ ပညာကတော့ ခွဲခြမ်းစိတ်ဖြာပြီး သိတဲ့ပညာ။ ပါဠိကို တစ်ခုစီပြန်ယင်တော့ အဓိပ္ပါယ်က တစ်မျိုးစီ၊ ပညာကတော့ ပညာချည်းပဲ။

ဝိမံသ–က စူးစမ်းဆင်ခြင်ပြီး သိတယ်။ ပညာ–ကတော့ ခွဲခြမ်းစိတ်ဖြာပြီး သိတယ်။ အမောဟ–ကတော့ အလင်းရောင်ပေါ့၊ စိတ်ကို လင်းစေတယ်။ ဒီလို ဘာသာပြန်ကြတာပဲ။ အဲဒါကြောင့်မို့လို့ ဓိပတိထိုက်တဲ့

စေတသိက်က ဆန္ဒရယ်, ဝီရိယရယ်, ဝိမံသရယ်၊ သုံးခုပဲရှိတယ်။ အကု သိုက်စေတသိက်ထဲက အဓိပတိထိုက်တဲ့ စေတသိက်ပါရဲ့လား၊ မပါဘူး။ ဆန္ဒရယ်, ဝီရိယရယ်-ဆိုတာက ပကိဏ်းစေတသိက်ထဲက၊ စိတ်အချို့ အဝက်မှာ ယှဉ်တဲ့ စေတသိက်။

ကုသိုလ်စေတသိက် ၂၅-လုံးထဲမှာ အဓိပတိထိုက်တဲ့ စေတသိက်က ပညိန္ဒြေစေတသိက်တစ်ခုပဲ ပါတယ်။ ဒါကြောင့် ပဋ္ဌာန်းကျတော့-

(၁) ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော...တဲ့။

သင်္ဂြိုဟ်တတ်တယ်ဆိုလို့ရှိယင် ပဋ္ဌာန်းက တတ်ပြီးသားပဲ။ ပဋ္ဌာန်းကို ကျက်စရာလဲ မလိုဘူး။ သင်္ဂြိုဟ်တတ်ပြီးယင် ပဋ္ဌာန်းကို အဓိပ္ပါယ်ရော ပါဠိရော အလိုလို ရသွားတာပဲ။ နောက်ပြီးတော့-

(၂) ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော...တဲ့။

(၃) ဝိမံသာဓိပတိ ဝိမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော...တဲ့။

ပဋ္ဌာန်းက သင်ယင် လွယ်ပါတယ်။

အဲဒီတော့ အဓိပတိက အမှန်ကတော့ လေးပါးရှိတယ်။ လေးပါး ပေတဲ့ စေတသိက်က သုံးလုံးပဲရှိတယ်။ စိတ်ကလဲ တချို့တလေ လူရဲ့စိတ်က အဓိပတိတပ်တယ်၊ ဘာပဲလုပ်လုပ် သူ့စိတ်က အဓိပတိတပ်တယ်။ စိတ် ကလဲ ကုသိုလ်စိတ်, အကုသိုလ်စိတ်-ရှိတဲ့အထဲမှာ စိတ်အကုန်လုံးတော့ မဟုတ်ဘူးပေါ့။ အဓိပတိတပ်တဲ့ ကုသိုလ်စိတ်လဲရှိတယ်၊ အဓိပတိတပ်တဲ့ အကုသိုလ်စိတ်လဲရှိတယ်။ အဲဒီတော့ စိတ် အဓိပတိတပ်တဲ့အခါကျတော့ ဆန္ဒတို့, ဝီရိယတို့, ပညာတို့က နောက်လိုက်ဖြစ်ရတာပဲ။ ဆန္ဒ အဓိပတိတပ်တဲ့ အခါမှာလဲ ဒီပြင် တရားသုံးပါးက နောက်လိုက်ပဲဖြစ်ရတာပဲ။ အဲဒါကြောင့် မို့လို့ အခုခေတ်မှာ တချို့တလေက ပြောကြပါတယ်၊ မင်းတော့ ဆန္ဒ စော

လွန်းတယ်၊ ဆန္ဒစောလွန်းတယ်ဆိုတာ ဒီလူက ဆန္ဒအဓိပတိတပ်နေတာ၊ သူလုပ်ချင်တာတွေ အကုန်လျှောက်လုပ်တယ်။

အဲဒီတော့ ဆန္ဒဟာ အဓိပတိတပ်တိုင်း ကောင်းသလားဆိုတော့ ဆန္ဒသိပ်စိတ်တော့ မလုပ်သင့်တာတွေ လုပ်တဲ့အခါကျတော့ ပညာက နောက်က မပါလို့ရှိယင် အဲဒီဆန္ဒ အဓိပတိတပ်ယင် ပိုဆိုးသွားတာပဲ။

**ဆန္ဒစောတိုင်းကောင်းသလား** ဒါကြောင့်မို့လို့ ဆန္ဒစောပြီးတော့လုပ်တာများတတ်တယ်ဆိုတာက ဆန္ဒစောတိုင်းများတာမဟုတ်ဘူး၊ ဝီမံသ–ပညာမပါတဲ့ဆန္ဒ၊ ဆန္ဒက ပညာနဲ့လဲ ပြိုင်တူဖြစ်တာပဲ။ အဲဒီတော့ သူ့အဖွဲ့ထဲမှာ ပညာပါလာမယ်ဆိုလို့ရှိယင် ဆန္ဒစောပေတဲ့ ဒီအလုပ်တွေက မမှားဘူး။ ပညာမပါဘဲနဲ့ ဆန္ဒချည်းပဲ သက်သက်ဆိုလို့ ရှိယင်တော့ မှားချင်မှားကုန်မယ်။ ဒီလိုပဲ ဝီရိယလွန်တယ်ဆိုတာ သိပ်ကြိုးစားတယ်၊ အလုပ်တွေ သိပ်လုပ်တယ်၊ အဓိပတိတပ်ပြီးတော့ အလုပ်တွေ နင်းကန်လုပ်ပြီး နေ့မအိပ် ညမအိပ်၊ ဆရာ ဟိုအပတ်က ပြောသလိုပေါ့၊ စာမေးပွဲနီးခါမှ မနက်လဲကျက်၊ နေ့လည်လဲကျက်၊ ညလဲကျက်၊ မစားနိုင် မသောက်နိုင် ဖုတ်ပူမီးတိုက် အတင်းအဓမ္မကျက်တော့ စာမေးပွဲဖြေတော့ ရောကုန်ရော။ အဲဒီဝီရိယမျိုးကတော့ ပညာနဲ့ မယှဉ်တဲ့ ဝီရိယဆိုတော့ ကြိုးစားပေတဲ့ ကြိုးစားတဲ့ ဝီရိယအကျိုး မခံစားရတဲ့အပြင် အပြစ်ဖြစ်သွားတယ်။

ဒါကြောင့်မို့ ဘယ်အလုပ်ဖြစ်ဖြစ် ဝီရိယကောင်းတယ်၊ ဇွဲကောင်းတယ်ဆိုတာက မှန်မှန်လုပ်တာ။ မှန်မှန်ဆိုတာက ဘယ်လောက်မှန်ရမှာတုံး၊ တစ်သက်လုံးကို မှန်ရမှာ။ ဒါမှ ဝီရိယကောင်းတာ။ ဟာ ၂–နှစ် ၃–နှစ်တော့ ဒီလူကြိုးစားတယ်၊ နောက်ကျ မကြိုးစားဘူးဆိုယင် ပျက်စီးသွားတာပဲ။ ဘယ်လုပ်ငန်းမဆို ရေရှည် ကြာရှည် ကျန်းမာရေးလဲ မထိခိုက်စေဘဲ မှန်မှန် ကြိုးစားတဲ့လူကို ဝီရိယာဓိပတိတပ်တဲ့လူ ခေါ်တယ်။

ဒါကြောင့်မို့လို့ ပညာနဲ့ယှဉ်တဲ့ ဝီရိယအဓိပတိတပ်ယင်တော့ သိပ်ကောင်းသွားတာပဲ။ ကိုယ်လုပ်ချင်တဲ့အလုပ်တွေဟာ အကုန်လုံး အောင်မြင်

တာပဲ၊ ပညာမပါဘဲနဲ့ ကြိုးစားတဲ့ ဝီရိယမျိုးကတော့ ဝီရိယရှိယင် ပိုဆိုး သွားတာပေါ့။ ဒါကြောင့်မို့လို့ လုပ်တော့လုပ်ပါတယ်၊ လုပ်တိုင်းမဖြစ်ဘူး ဆိုတာ ပညာနဲ့မယှဉ်လို့။ ကြိုးစားတိုင်း မဖြစ်ဘူးဆိုတာက ပညာမပါလို့။ ပညာပါတဲ့ ကြိုးစားမှုမျိုးဟာ အဓိပ္ပါယ်တစ်ခု–ပညာဆိုတာက အလုပ်တစ်ခု ကို လုပ်တော့မယ်ဆိုလို့ရှိယင် ကိုယ့်ထက် နားလည်တဲ့လူတွေ ပြောတာ၊ ဆိုတာ၊ ဆုံးမတာ၊ စာကျက်တယ်ဆိုယင် ဘယ်လိုကျက်ရတယ်၊ စီးပွားရှာ တယ်ဆိုယင် ဘယ်လိုရှာရတယ်၊ အဲသလို နည်းနာနယတွေကို လိုက်နာ တာဟာ ပညာနဲ့ ယှဉ်တယ် ခေါ်တာပေါ့။

အဲဒါကြောင့်မို့လို့ "ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ"ဆိုတာက စီးပွားရေးမှာ စီးပွားရေး နားလည်တဲ့ ပုဂ္ဂိုလ်တွေကို ဆည်းကပ်ရတယ်။ ပညာရေးမှာလဲ ပညာရေးနားလည်တဲ့ ပုဂ္ဂိုလ်တွေကို ဆည်းကပ်ရတယ်။ နိုင်ငံရေးကျတော့လဲ နိုင်ငံရေးကိုနားလည်တဲ့ ပုဂ္ဂိုလ်တွေကို ဆည်းကပ် ရတယ်။ အဲဒီပုဂ္ဂိုလ်တို့ထံ ဆည်းကပ်ပြီး သူတို့နဲ့ ဆွေးနွေးမေးမြန်းပြီး ကြိုးစားတဲ့ ဝီရိယမျိုးကို ပညာနဲ့ယှဉ်တဲ့ ဝီရိယလို့ ခေါ်တာပေါ့။ ကိုယ့်စိတ်ထင် တိုင်း လျှောက်ပြီးတော့ လုပ်ယင် မှားကုန်တာပေါ့။

ဒါကြောင့်မို့လို့ စေတိက် ၅၂–လုံးထဲမှာ အဓိပတိတပ်တဲ့ စေတသိက် တွေ ဘယ်နှစ်လုံးပါသလဲ–

(သင်တန်းသားများ ဖြေကြားကြတယ်။)

နောက် ဩဂုတ်လ တစ်လပဲရှိတော့တယ်။ ဣန္ဒြေတို့၊ ဗိုလ်တို့၊ ဗောဇ္ဈင်တို့၊ မဂ္ဂင်တို့ နောက်အချိန်ရှိသေးယင် သင်တာပေါ့။

ရှေ့ကို ဆက်သွားကြစို့။

* * * * *

# ပို့ချချက် (၂၄)

## (၁၁-၇-၇၉)

## ခန္ဓာငါးပါး တရားတော်

စာမေးပွဲအောင်တဲ့ ပုဂ္ဂိုလ်တွေကို ယောကျ်ားတွေဆိုယင် "ကလျာဏယုဝ"ဒီလို ဘွဲ့ပေးမှာ။ မိန်းကလေးတွေဆိုယင် "ကလျာဏယုဝတီ" ဆိုတဲ့ အဲဒီဘွဲ့ကို ပေးမှာ။

**ပုထုဇဉ် ၂-မျိုး** ပုထုဇဉ်မှာက ၂-မျိုးရှိတာကိုး။ ကလျာဏပုထုဇဉ်ရယ်၊ အန္ဓပုထုဇဉ်ရယ်လို့ နှစ်မျိုးရှိတယ်။

ကလျာဏပုထုဇဉ်ဆိုတာက ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတွေ သိတဲ့ပုဂ္ဂိုလ်ကို ကလျာဏပုထုဇဉ်လို့ ခေါ်တယ်။

လူရယ်လို့ ဖြစ်လာပြီးတော့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတွေမှ မသိယင် အန္ဓပုထုဇဉ်လို့ ခေါ်တယ်။ အန္ဓပုထုဇဉ်လို့ ဆိုတာက မျက်စိကန်းတဲ့ ပုထုဇဉ်လို့ ခေါ်တာပဲ၊ အကန်းတွေလို့ ပြောတာပဲ။ ကလျာဏပုထုဇဉ်ကတော့ မျက်စိကောင်းတဲ့, မျက်စိအမြင်ရှိတဲ့ ပုထုဇဉ်လို့ ဒီလို ခေါ်တာပေါ့။

ဒါကြောင့်မို့လို့ ဒီသင်တန်းမှာ ဒီပြင်တရားတွေကို မသင်နိုင်တောင်မှ ခန္ဓာငါးပါးရယ်, အာယတန တစ်ဆယ့်နှစ်ပါးရယ်, ဓာတ် တစ်ဆယ့်ရှစ်ပါးရယ်, သစ္စာလေးပါးရယ်၊ ဒါကတော့ သင်ကို သင်ရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ စာမေးပွဲဖြေပြီးတဲ့အခါကျတော့ အောင်တဲ့ပုဂ္ဂိုလ်တွေကို လက်မှတ်ထဲမှာ ဒီဘွဲ့ပေးရမှာကိုး။ ယောကျ်ားတွေဆိုယင် **ကလျာဏယုဝ၊** မိန်းကလေးတွေဆိုယင် **ကလျာဏယုဝတီ**ဆိုပြီး ကလျာဏဆိုတဲ့ စကားလုံးထည့်ပေးရမှာကိုး။ ကလျာဏဆိုတဲ့ ဒီဘွဲ့ အရည်အချင်းနဲ့လိုက်လျောအောင်ဆိုတော့ ဒါတွေကို သိအောင်ကတော့ သင်ကို သင်ရမယ်။

အဲဒီတော့ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံမှာ တရားတွေ ဘယ်

လောက်ပဲ များများ၊ ပရမတ္ထတရားလေးပါးထဲမှာ အကျုံးဝင်တာပဲ။ အဲဒီ ပရမတ္ထတရားလေးပါးဆိုတဲ့ တရားတွေကိုလဲ ခန္ဓာဖွဲ့ယင် ခန္ဓာငါးပါးပဲရှိတာပဲ။ ပရမတ္ထတရားလေးပါးပဲ ခေါ်ခေါ်၊ ခန္ဓာငါးပါးပဲ ခေါ်ခေါ် အတူတူပါပဲ။

အဘိဓမ္မာဟာ သဘောပေါက်လာယင် နာမည်တွေ၊ စကားလုံးတွေကို သင်ရတာပဲ။ တစ်ခု တတ်လို့ရှိယင် ဒီပြင်တရားတွေလဲ အကုန်တတ်သွားတာပဲ။ တစ်ခုမတတ်သေးလို့ရှိယင်တော့ အကုန်လုံး မတတ်ဘူး။ အဲဒီတော့ ပရမတ္ထတရားလေးပါးကိုပဲ အာယတန တစ်ဆယ့်နှစ်ပါးဆိုတယ်၊ ပရမတ္ထတရားလေးပါးဆိုလဲ ဟုတ်တာပဲ၊ အာယတနတစ်ဆယ့်နှစ်ပါးဆိုလဲ ဟုတ်တာပဲ။ ဒီပရမတ္ထတရားလေးပါးကိုပဲ ဓာတ်တစ်ဆယ့်ရှစ်ပါးဆိုလဲ ဟုတ်တာပဲ။ ဒီပရမတ္ထတရားလေးပါးကိုပဲ သစ္စာလေးပါးလို့ ဒီလို ခေါ်ယင်လဲ ရတာပဲ။

ဒါကြောင့်မို့လို့ အခုသင်ပြီးတဲ့အထဲက စိတ် ၈၉-ခု သင်ပြီးပြီပဲထားပါတော့၊ စေတသိက် ၅၂-လုံးလဲ သင်ပြီးပြီ၊ ရုပ် ၂၈-ခုလဲ အကုန်သင်ပြီးပြီ၊ နိဗ္ဗာန်လဲ သင်ပြီးပြီပဲ ထားပါတော့။

အဲဒီတော့ ပရမတ္ထ တရားလေးပါးကို သင်ပြီးတဲ့ နောက်ကျတော့ ပရမတ္ထတရားလေးပါးကို ခန္ဓာငါးပါး ဖွဲ့ပြပါလို့ဆိုတော့ ဒါလွယ်လွယ်လေးဖြစ်သွားတယ်။

## ခန္ဓာငါးပါးဖွဲ့နည်း

**၁။ ရူပက္ခန္ဓာ** အဲဒီတော့ ခန္ဓာငါးပါးက-ရူပက္ခန္ဓာရယ်၊ ဝေဒနာက္ခန္ဓာရယ်၊ သညာက္ခန္ဓာရယ်၊ သင်္ခါရက္ခန္ဓာရယ်၊ ဝိညာဏက္ခန္ဓာရယ်၊ ခန္ဓာငါးပါးရှိတယ်။ အဲဒီတော့ ရူပက္ခန္ဓာဆိုတာက ရူပ-နဲ့ ခန္ဓ-ပုဒ်ပဲ၊ ရူပ-က ပါဠိတစ်ပုဒ်၊ ခန္ဓာ-က ပါဠိတစ်ပုဒ်၊ အဲဒီလိုရေး ဟုတ်လား။ ရူပ-ကတော့ ရုပ်ပဲ၊ ခန္ဓ-ဆိုတာက အစုအပုံကို ခေါ်တာ။ ရုပ်တွေအကုန်လုံးပုံထားတာကို၊ ရုပ်ရှိသမျှ အကုန်လုံးစုထားတာကို ရူပက္ခန္ဓာ။

ခန္ဓာဆိုတဲ့ ပါဠိက အစုအပုံတို့၊ အတုံးအခဲတို့ကို ခေါ်တာ။ အဲဒီတော့ ရူပက္ခန္ဓာဆိုတော့ ရုပ် ၂၈–ခု အကုန်လုံး စုထားတာကို ရူပက္ခန္ဓာ ခေါ်တာပဲ။ အဲဒီတော့ ခန္ဓာဖွဲ့ပါဆိုယင် ပရမတ္ထတရား လေးပါးထဲက ရုပ် ၂၈–ခု ဟာ ရူပက္ခန္ဓာ။

**၂။ ဝေဒနာက္ခန္ဓာ** အဲဒီတော့ စေတသိက် ၅၂–လုံးထဲကဆိုယင် ဝေဒနာစေတသိက်တစ်လုံးက ဝေဒနာက္ခန္ဓာ။ အဲဒီတော့ ဝေဒနာက္ခန္ဓာရေးတော့ (ရေးချ)နဲ့ ရေးတယ်။ ဝေဒနာဆိုတဲ့ သူ့ပင်ရင်း ပါဠိပုဒ် မပြောင်းအောင်ဆိုပြီးတော့ နောက်က နှစ်လုံးဆင့်နဲ့ က္ခန္ဓာလို့ ဆိုပေတဲ့ ဝေဒနာမှာ (ရေးချ)နဲ့ ထားတယ်။ အဲဒီတော့ ဝေဒနာကတော့ ဝေဒနာစေတသိက်ပဲ၊ ခန္ဓာက အစုအပုံပေါ့၊ ဝေဒနာတွေ အများကြီးပေါ့၊ သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဥပေက္ခာဝေဒနာ အဲဒီလို ရှိရှိသမျှ ဝေဒနာတွေ အကုန်လုံး စုလိုက်ယင် ဝေဒနာစေတသိက်တစ်လုံးထဲက ခန္ဓာတစ်ပါးရတယ်။ စေတသိက် ၅၂–လုံးကို ခန္ဓာငါးပါးဖွဲ့တဲ့ အခါကျတော့ မြတ်စွာဘုရားက ဝေဒနာစေတသိက်တစ်လုံးထဲကို ခန္ဓာတစ်ပါးဖွဲ့တယ်၊ ဘာဖြစ်လို့ ဖွဲ့လဲဆိုတော့ ဆရာ နောက်ကျတော့ ရှင်းပြမယ်။

**၃။ သညာက္ခန္ဓာ** ပြီးတော့ သညာစေတသိက်တစ်လုံးထဲကို သညာက္ခန္ဓာဖွဲ့တယ်။ သညာမှာလဲ ဒီလိုပဲ၊ ပင်းရင်က သညာစေတသိက်ဆိုတော့ သညာဆိုတဲ့ ပါဠိရင်းကို မပျောက်အောင် (ရေးချ)နဲ့ပဲ သညာက္ခန္ဓာလို့ ရေးရတယ်၊ သညာကလဲ ဟိုတုန်းက သင်လာခဲ့တဲ့ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ၊ သညာတွေက အများကြီးရှိတာပဲ။ အဲဒီလို ရှိရှိသမျှ သညာတွေစုပေါင်းပြီးတော့ သူ့ကို ခန္ဓာဆိုတယ်၊ ခန္ဓာဆိုတာက အစုအပုံ၊ အဲဒီတော့ သညာစေတသိက် တစ်လုံးထဲကို သညာက္ခန္ဓာဖွဲ့တယ်။ ဘာဖြစ်လို့ စေတသိက် ၅၂–လုံးမှာ ဒီသညာစေတသိက်ကို တစ်လုံးထဲ သညာက္ခန္ဓာဖွဲ့ရသလဲဆိုတာ နောက်ကျတော့ ရှင်းပြမယ်။

**၄။ သင်္ခါရက္ခန္ဓာ** အဲဒီတော့ စေတသိက် ၅၂ – လုံးထဲက ဝေဒနာနဲ့ သညာမှ ကြွင်းတဲ့ ကျန်တဲ့ စေတသိက် ၅၀–ကို တော့ သင်္ခါရက္ခန္ဓာ ဖွဲ့တယ်၊ အမှန်ကတော့ သင်္ခါရဆိုတာ စေတနာက ပင်ရင်းပါပဲ။ ဒီပြင်စေတသိက်တွေက စေတနာစေတသိက်ရဲ့ နောက်လိုက် ဖြစ်သွားတယ်။ သင်္ခါရဆိုတာက ပြုပြင်မှု၊ စီမံမှု၊ ဖန်တီးမှု။ အဲဒီတော့ ပြုပြင်တယ်, စီမံတယ် ဖန်တီးတယ်ဆိုတဲ့ အဓိပ္ပါယ်ကို စေတနာစေတသိက် တုန်းက ဆရာတို့ သင်ခဲ့တယ်မဟုတ်လား၊ စေ့ဆော်တယ်, စီမံတယ်, ဖန် တီးတယ်။ အဲဒီတော့ ဒီမှာ သင်္ခါရဆိုတာနဲ့ စေတနာဆိုတာနဲ့က အဓိပ္ပါယ် ချင်း အတူတူပဲ။ ဒီပြင် စေတသိက် ၄၉–က စေတနာရဲ့ နောက်လိုက် ဖြစ် သွားပြီးတော့ သူ့ကို သင်္ခါရက္ခန္ဓာဖွဲ့ရတယ်။ ဘာဖြစ်လို့ ဒီစေတနာကို ခေါင်းဆောင်ပြီးတော့ စေတသိက် ၅၀–ကို သင်္ခါရက္ခန္ဓာဖွဲ့ရသလဲဆိုတာ လဲ ဆရာ နောက်ကျတော့ ရှင်းပြမယ်။

**၅။ ဝိညာဏက္ခန္ဓာ** ဝိညာဏက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဖွဲ့တဲ့အခါကျတော့ ဝိညာဏ–ရယ်, ခန္ဓာရယ်၊ အဲဒီတော့ ဝိညာဏ–ဆို တာက ဝိညာဉ်ပဲ၊ ဝိညာဉ်ရယ်, စိတ်ရယ်, မနောရယ်၊ ဒါတွေက ပါဠိ စကားတွေပဲ။ မနောလို့လဲ ပြောတယ်၊ စိတ်လို့လဲ ပြောတယ်၊ ဝိညာဉ်လို့လဲ ပြောတယ်။ မြန်မာစကားမှာတော့ တစ်မျိုးစီသုံးတာပေါ့လေ။ မနောလို့လဲ ပြောတာပဲ၊ ဝိညာဉ်လို့လဲ ပြောတာပဲ၊ စိတ်လို့လဲ ပြောတာပဲ။

အဲဒီတော့ ဝိညာဏက္ခန္ဓာမှာ ဝိညာဏ–က သိတာပဲ၊ အာရုံကိုသိတဲ့ သဘောကို ဝိညာဏ ခေါ်တာပဲ။ စိတ်ကလဲ အာရုံကိုသိလို့ စိတ်လို့ ခေါ် တာပဲ၊ မနောဆိုတာကလဲ အာရုံကိုသိလို့ မနောလို့ ခေါ်တာပဲ။

ဒီနေရာမှာ ခန္ဓာငါးပါးဖွဲ့တဲ့အခါကျတော့ စိတ္တက္ခန္ဓာလို့ ဒီလို ပါဠိ နဲ့ မလာဘဲနဲ့ စိတ် ၈၉–ခုလုံးကို ဝိညာဏက္ခန္ဓာလို့ ဒီလိုလာတယ်။ စိတ် ၁၂၁–ပါးပဲ ဖြစ်ဖြစ်၊ ဘယ်လောက်ပဲ ဖြစ်ဖြစ် အကုန်လုံး စိတ်ဟူသမျှ ကို ဝိညာဏက္ခန္ဓာတစ်ခုထဲ ဖွဲ့တယ်။ စိတ်တွေ အများကြီး စိတ်ပိုင်းတစ်ပိုင်း

လုံးကို ခန္ဓာကျတော့ ဘာဖြစ်လို့ ဝိညာဏက္ခန္ဓာ ဖွဲ့ရသလဲဆိုတာ ဆရာနောက်ကျတော့ ရှင်းပြမယ်။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ (သုံးခေါက်။)

အဲဒီတော့ ရူပက္ခန္ဓာဆိုတာ ဘာကို ရူပက္ခန္ဓာ ခေါ်တာတုံး။ ရုပ် ၂၈-ခုကို ရူပက္ခန္ဓာခေါ်တယ်။ ဝေဒနာက္ခန္ဓာဆိုတာက ဘာကို ဝေဒနာက္ခန္ဓာ ခေါ်တာတုံး။ ဝေဒနာစေတသိက်ကို ခေါ်တယ်၊ သညာက္ခန္ဓာဆိုတာက ဘာကို သညာက္ခန္ဓာခေါ်တာတုံး။ သညာစေတသိက်ကို ခေါ်တယ်။ သင်္ခါရက္ခန္ဓာဆိုတာက ဘာကို သင်္ခါရက္ခန္ဓာ ခေါ်တာတုံး။ ဝေဒနာ သညာမှ ကြွင်းတဲ့ စေတသိက် ၅၀-ခုကို ခေါ်တာ။ ဝိညာဏက္ခန္ဓာဆိုတာက ဘာကို ဝိညာဏက္ခန္ဓာ ခေါ်တာတုံး။ စိတ် ၈၉-ခုကို ခေါ်တယ်။

အဲဒီတော့ ဆရာတို့ ငယ်ငယ်တုန်းကတော့ ဒါတွေ အရကျက်ထားရတယ်။ ရုပ် ၂၈-ခုသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ် ၈၉-ခုသည် ဝိညာဏက္ခန္ဓာမည်၏-လို့ အဲသလို ဆိုယင်လဲ ရတာပဲ။ ကဲ ဆိုကြစမ်းပါ--

"ရုပ် ၂၈-ခုသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ် ၈၉-ခုသည် ဝိညာဏက္ခန္ဓာမည်၏။"

အဲဒီတော့ ခန္ဓငါးပါးဟာ ဘာကို ခန္ဓာငါးပါးဖွဲ့တာလဲလို့ မေးယင် စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်။ နိဗ္ဗာန်ပါသလား မပါပါဘူး။ နိဗ္ဗာန်ဟာ ခန္ဓာဟူသော အရေအတွက်မှ လွတ်၏-တဲ့။

အဲဒီတော့ ပရမတ္ထတရားလေးပါးကို ခန္ဓာဖွဲ့ခိုင်းလို့ရှိယင် နိဗ္ဗာန်

ဟာ ခန္ဓာထဲမှာ မပါဘူး။ မပါတော့ **ဒီကိုယ်ခန္ဓာထဲမှာ** နိဗ္ဗာန်ရှိပါ့မလား၊ ဒီခန္ဓာကိုယ်ထဲမှာ နိဗ္ဗာန်ရှိသလားလို့ မေးယင် ဘယ်လိုပြောမတုံး။ ခန္ဓာငါးပါး ဖွဲ့တဲ့အထဲမှာ မရှိယင် နိဗ္ဗာန်ဟာ ဒီခန္ဓကိုယ်ထဲမှာ မရှိဘူးပေါ့။

တချို့တလေ ပါဠိတော်တွေမှာ ဥပစာတင် ဟောတာတော့ရှိတယ်။ နိဗ္ဗာန်ဆိုတာ တခြားမှာ လျှောက်ရှာနေစရာ မလိုဘူး၊ ဤ တစ်လံမျှလောက်သော ခန္ဓာကိုယ်အတွင်းမှာပဲ နိဗ္ဗာန်ဟာ ရှိပါတယ်ဆိုပြီးတော့ ဒီလိုဟောတဲ့သုတ်တွေ ရှိတော့ တချို့တလေက အဘိဓမ္မာမတတ်တော့ နိဗ္ဗာန်ဟာ ဒီခန္ဓာကိုယ်ထဲမှာ ရှိတယ်တဲ့။ ခန္ဓာငါးပါးဆိုတာ စာအုပ်ထဲမှာ ကြည့်လို့ သဘောမပေါက်ဘူး။ ခင်ဗျားတို့, ဆရာတို့-ကိုယ်ခန္ဓာမှာ ရုပ်တွေ မရှိဘူးလား၊ ရှိပါတယ်။ အဲဒီရုပ်ဟာ ဘာခန္ဓာတုံး၊ ရူပကခန္ဓာပေါ့။ လက်ညှိုးထိုးပြပါဆိုယင် အဘိဓမ္မာဆိုတာ ဟိုစာအုပ်ကြီးတွေ ဘုရားဟောထားလို့ လိုက်ကျက်နေရတာ မဟုတ်ဘူး၊ ဘုရားက အရှိကို အရှိတိုင်း နာမည်ပြောပြတာပဲ။

ဒီရုပ်ကြီးက ဘာခန္ဓာတုံး၊ ရူပက္ခန္ဓာ။ ဒီခန္ဓာကိုယ်ထဲမှာ ဆင်းရဲခံစားတာရယ်၊ ချမ်းသာကို ခံစားတာရယ်၊ ခံစားတယ်ဆိုတဲ့ သဘောမရှိဘူးလား၊ ခံစားတယ်ဆိုတဲ့ ခန္ဓာဟာ ဘာခန္ဓာတုံး၊ ဝေဒနာက္ခန္ဓာ။ ဝိပဿနာတရား အားထုတ်တဲ့အခါကျတော့ လူတွေမှာ သိလွယ်တဲ့တရားကို ဘုရားက ဟောတာ။

လူတွေမှာ ခန္ဓာကိုယ်ကြီး၊ ဒီရုပ်ကြီးရှိတယ်ဆိုတာ မသိကြဘူးလား၊ သိပါတယ်၊ သိတော့ ဒီရုပ်ကြီးရဲ့ အဓိပ္ပါယ်ကို ဒီရုပ်ကြီးအကြောင်းကို ဘုရားက ဝိပဿနာ ဟောပြလို့ရှိယင် လူတွေ နားလည်တယ်။

(၁)ဒါကြောင့်မို့လို့ ရုပ်ရှိရှိသမျှ ရူပက္ခန္ဓာ၊ ရုပ်တွေ ဘယ်လောက်ပဲရှိနေရှိနေ၊ ခန္ဓာတစ်ခုထဲ ဟောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်အကုန်လုံးစုပြီးတော့ပြောယင် သိလွယ်တယ်။ ဒါကြောင့်မို့ သူ့ကို ခန္ဓာတစ်ခုထဲ ဟောတယ်။

**(၂)လူတွေ ဘယ်အတွက် အလုပ်လုပ်ကြတာလဲ** အဲဒီတော့ ဝေဒနာကျတော့ စေတသိက် ၅၂-ထဲက ဝေဒနာစေတသိက်တစ်လုံးထဲကို ဘာဖြစ်လို့ ခန္ဓာဖွဲ့ရသလဲဆိုတော့ လူတွေဟာ ခု ဘယ်အတွက် လုပ်နေကြတာတုံး၊ ခံစားမှုအတွက် လုပ်နေကြတာပဲ။ တစ်နိုင်ငံလုံး, တစ်ကမ္ဘာလုံးက လူတွေဟာ ဘာအတွက်လုပ်နေကြတာလဲ ဆိုယင် ဘယ်လိုပြောမတုံး၊ ခံစားမှုအတွက် လုပ်နေကြတာ။ ခံစားချင်တာတော့ အမျိုးမျိုးရှိမှာပေါ့၊ ကောင်းတဲ့နည်းနဲ့ ခံစားချင်တာလဲ ရှိမှာပေါ့၊ မကောင်းတဲ့နည်းနဲ့ ခံစားချင်တာလဲ ရှိမှာပေါ့။ ဘာခံစားမှုဖြစ်ဖြစ် ဝေဒနာစေတသိက်ပဲ။ တရားကိုယ်ကောက်လိုက်တော့ ခံစားမှုမှန်သမျှဟာ ချမ်းသာခံစားချင်တာပဲဖြစ်စေ၊ ဆင်းရဲခံစားချင်တာပဲဖြစ်စေ၊ ဥပေက္ခာဝေဒနာဆိုတဲ့ အလယ်အလတ် ခံစားချင်တာပဲဖြစ်စေ၊ ဘယ်လို ခံစားမှုမျိုးမဆို ဝေဒနာစေတသိက်တစ်လုံးတည်းပဲ ရမှာပဲ။ အဲဒီ ဝေဒနာစေတသိက်ခံစားမှုအတွက် တစ်ကမ္ဘာလုံးမှာ လူတွေဟာ လှုပ်ရှားနေကြရတယ်။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ အလုပ်သမားလဲ ဘာအတွက်တုံး၊ ခံစားမှုအတွက်ပဲ၊ အရာရှိကရော ခံစားမှုအတွက်ပဲ၊ သမ္မတတို့, ဝန်ကြီးတို့ကရော ခံစားမှုအတွက်ပဲ။ ရှိရှိသမျှ လူတွေဟာ နိုင်ငံရေးသမားဖြစ်စေ၊ စီးပွားရေးသမားဖြစ်စေ၊ စာပေသမားဖြစ်စေ၊ ဗေဒင်ဆရာပဲဖြစ်စေ၊ ခံစားမှုအတွက်ပဲ။ ဘုန်းကြီးတွေကျတော့ ဘယ်လိုပြောမတုံး၊ ဘုန်းကြီးတွေက ဘယ်အတွက်လဲဆိုယင် ဘယ်လိုပြောမတုံး၊ သူတို့ကျတော့ ဖြေလို့ မလွယ်ဘူး။

အဲဒီတော့ အကုန်လုံး ခံစားမှုအတွက်ချည်းပါပဲတဲ့။ နိဗ္ဗာန်ကိုတော့ ခံစားချင်လို့ မရဘူး။ အဲဒီတော့ ဝေဒနာစေတသိက်လေး တစ်လုံးအတွက် လုပ်လိုက်ရတာ၊ စစ်လဲတိုက်ရတာပဲ၊ စစ်တိုက်ကြတာလဲ ခံစားမှုအတွက်ပဲ၊ ဘာပဲလုပ်ကြလုပ်ကြ၊ ဒီလောက် အပင်ပန်းခံပြီးတော့ လုပ်နေကြတာဟာ ကိုယ်လိုချင်တဲ့ ခံစားမှုလေး တစ်ခုအတွက် ပညာရှာတဲ့ လူတွေကလဲ ပညာတတ်ယင် ဘာဖြစ်တော့မယ်၊ ဘာဖြစ်ယင် ဘယ်လိုဆိုပြီးတော့ ဒီ ခံစားမှုအတွက်ပဲ၊ ပညာရှင်တွေကလဲ လှုပ်ရှားနေကြရတာပဲ။

အဲဒါကြောင့်မို့လို့ တစ်လောကလုံးက လူတွေမှာ ဝေဒနာက ဘယ်လောက် ကြီးစိုးသလဲ၊ ဝေဒနာဟာ လူတွေကို ဘယ်လောက်ထိအောင် ဒုက္ခပေးနေသလဲ၊ ဒီကမ္ဘာပေါ်မှာ ဘယ်သူမှ ဝေဒနာ ခံစားမှုအတွက် တော်ပြီဆိုတဲ့ ဒီလို ခံစားမှုအတွက် အာလယပြတဲ့လူရယ်လို့ မရှိဘူး၊ တစ်ဆင့်ထက်တစ်ဆင့် လိုက်ရှာနေကြတာပဲ။

အဲသလောက်ဆိုးတဲ့ ဝေဒနာကို သဘောပေါက်ယင် တရားရှာတဲ့ ပုဂ္ဂိုလ်တို့ဟာ **ဝေဒနာစေတသိက်တစ်လုံးတည်းနဲ့** နိဗ္ဗာန်ရောက်နိုင်တာပဲ။ အဘိဓမ္မာသင်သလို အများကြီးသင်နေရတာ မဟုတ်ဘူး။ မြတ်စွာဘုရားက ဝေဒနာစေတသိက်တစ်လုံးထဲကိုပဲ သဘောပေါက်အောင် တရားပွဲပေါင်း မြောက်မြားစွာ ဟောထားခဲ့တာပဲ။ ဒီသင်တန်းက လူငယ်တွေ မဂ်ဖိုလ် နိဗ္ဗာန် တစ်ခါထဲရောက်အောင် ဆရာတို့ သင်နေတာမဟုတ်ပါဘူး။ လူစင်စစ်ဖြစ်ပြီးတော့, ကုသိုလ် အကုသိုလ် ခွဲသိပြီးတော့ တကယ့် နိုင်ငံရေးတို့, စီးပွားရေးတို့, လောကီရေးရာတွေ့မှာလဲ လိမ္မာမှု၊ ကျွမ်းကျင်မှုရှိအောင်၊ ဝါဒရေးရာနဲ့ပတ်သက်ပြီး သူများတကာ လိမ်တာ အလိမ်မခံရအောင်၊ အကယ်၍ ကြီးသွားလို့ မဂ်ဖိုလ်နိဗ္ဗာန် ရချင်တယ်ဆိုယင်လဲ တရားမှန်တွေကို အားထုတ်တတ်အောင်ဆိုပြီးတော့ ဒီလို ရည်ရွယ်ချက်တွေနဲ့ ဒီသင်တန်းကို ဖွင့်ပြီး သင်ကြားနေတာကိုး၊ ဒါကြောင့်မို့ ဆရာတို့က ဒီမှာ သိပ်အကျယ်ကြီး မသင်ပါဘူး။

အဲဒီတော့ ဝေဒနာစေတသိက်တစ်ခုတည်းကိုပဲ မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဝေဒနာသံယုတ်ဆိုပြီးတော့ သုတ်ပေါင်းများစွာ ဟောခဲ့ပါတယ်။ ဒီသင်တန်းမှာ စာရေးဆရာတွေ ပါတယ်ဆိုလို့ရှိယင် ဝေဒနာစေတသိက်တစ်ခုတည်းကို စာအုပ်တွေ ရေးပြီးတော့ ရောင်းယင် စာရေးကောင်းပါက သူဌေးဖြစ်နိုင်တာပဲ။ ဝေဒနာကို သဘောပေါက်အောင်တော့ စာအုပ်တွေက ရှိပြီးသားပါ။ ဒါကို လူတွေဖတ်ချင်အောင် ဝတ္ထုရေးသလို ရေးနိုင်ဖို့ပဲ လိုတယ်။ ဝတ္ထုစာအုပ်ဆိုတာ ဘာမှ အဓိပ္ပါယ်ရှိတာ မဟုတ်ဘူး၊

ဘာမှလဲ ဟုတ်တာမဟုတ်ဘူး၊ မဟုတ်မှန်းလဲ သိတာပဲ၊ သိပေတဲ့ ကောက် ဖတ်လိုက်ယင် ဖတ်တဲ့လူ လက်ကမချဘဲနဲ့ ဘာကိစ္စရှိနေ ရှိနေ သူ့ကို ဆုံးအောင် ဖတ်ချင်အောင် ဒီလို ဆွဲဆောင်တဲ့ပညာပဲ လိုတာပါ။

အဲဒီတော့ စာရေးကောင်းမယ်ဆိုယင် ဝေဒနာစေတသိက် တစ်လုံးတည်းနဲ့ စာရေးဆရာ လုပ်စားလို့ ရပါတယ်။ စာရေးတဲ့ ပညာကတော့ မလွယ်ဘူးပေါ့။

အဲဒါကြောင့်မို့လို့ ဝေဒနာက္ခန္ဓာဆိုတာ ဝေဒနာစေတသိက် တစ်လုံးတည်းကို ဖွဲ့တာ။ လူတွေမှာ ဝေဒနာခံစားမှုအတွက်က သိပ်ထင်ရှားတယ်။ ဝေဒနာလို့ပြောတော့ မြန်မာက တစ်မျိုးနားလည်တယ်။ ခံစားမှုဆိုလို့ရှိယင် နားလည်တယ်။ မြန်မာလို ခံစားမှုအတွက်ပဲ။ ဘယ်ပုဂ္ဂိုလ်မျိုးမဆို ခံစားမှုအတွက် လုပ်နေကြတာပဲတဲ့။ အဲဒီတော့ ခံစားမှုဟာ သိပ်ပြီးတော့ အရေးကြီးလို့ ဝေဒနာကျတော့ စေတသိတ်တစ်လုံးတည်းကို ဝေဒနာက္ခန္ဓာလို ဟောခဲ့တယ်။

**၃။ သညာက္ခန္ဓာ** စေတသိက် ၅၂-ခုထဲက သညာကလဲ လူတွေကို သိပ်ဒုက္ခပေးတာပဲ။ သညာဆိုတာ ဘာတုံး၊ မှတ်သားတာ။ လူတွေဟာ အမေမွေးကတည်းက သိတဲ့အချိန်ကစပြီးတော့ မှတ်လာတာပဲ။ ဒါ အဖေပဲ၊ ဒါအမေပဲ၊ ဒါ အစ်ကိုပဲ၊ ဒါအစ်မပဲ၊ ဒါတွေကို မှတ်လာတာ။ နောက် ကျောင်းနေတဲ့အခါကျတော့ ဒီလိုရေးယင် ဒါ အင်္ဂလိပ်စာ။ ဒါက မြန်မာစာ၊ ဒါက ကုလားစာ၊ ဒါက တရုတ်စာဆိုပြီး မှတ်လိုက်တာ၊ ဒီသညာက မှတ်တာပဲ။ နောက် ဘာသာတွေ အမျိုးမျိုးယူတဲ့အခါကျတော့ ဒါ ရူပဗေဒ၊ ဒါ ဓာတုဗေဒ၊ ဒါက အဘိဓမ္မာ၊ သညာက မှတ်လာလိုက်တာဟာ လူတွေမှာ သညာစေတသိက် အခိပ္ပါယ်ဟာ မထင်ရှားဘူးလား၊ ထင်ရှားပါတယ်တဲ့။

အဲဒီတော့ သညာမှတ်တာတွေက အမှန်ကို အမှန်အတိုင်း မှတ်ယင်တော့ ဒါလောက် ဒုက္ခမပေးဘူး။ မှတ်တာက အမှားတွေကို မှတ်လာတော့

ဒုက္ခပေးတယ်။ လူတွေကို ဒုက္ခပေးနေတာက သညာက ဒုက္ခပေးနေတာပဲ။ ကိုယ်ငယ်ငယ်ကတည်းက မှတ်လာတာတွေဟာ အမှားတွေကို အမှန်လို့ ဒီလို မှတ်လာလို့ရှိယင် အဲဒီသညာအတွက်နဲ့ပဲ ဒုက္ခရောက်တာပဲ။

ဒါကြောင့်မို့လို့ စာသင်တယ် စာသင်တယ်ဆိုပေတဲ့ စာတွေကို လျှောက်လျှောက်ပြီးတော့ မှတ်လိုက်ရတာ၊ ဒီမှတ်တာတွေက ကောင်းကျိုးမပေးတဲ့ အမှတ်မှားတွေဆိုလို့ရှိယင် ဒီသညာက ဒုက္ခပေးတော့တာပဲ။

**ဝိပဿနာမှ သညာကို ဖြိုခွဲနိုင်**

ဒါကြောင့်မို့လို့ ဝိပဿနာ အားထုတ်တဲ့အခါကျတော့ ဝိပဿနာဟာ ဘယ်လောက် နက်နဲသလဲဆိုတော့ အခု လူရိုးရိုးတွေ မှတ်ထားတဲ့ အမှတ်တွေကို တစ်ထစ်စီ တစ်ထစ်စီ အကုန်လုံးပြန်ပြီးတော့ ဖြိုတာပဲ၊ အခု ဆရာတို့မွေးကတည်းက ဒါတွေကို လူလို့မှတ်တယ်၊ တစ်ခါ လူလို့မှတ်တဲ့အထဲက ဒီလို အဝတ်စားနဲ့ ဒီလိုနေတာကို ယောကျ်ားလို့ မှတ်တယ်၊ ဒီလို အဝတ်အစားနဲ့ ဒီလိုနေတာကို မိန်းမလို့မှတ်တယ်၊ တစ်ခါ ဒီဟာကို အဖေလို့ မှတ်တယ်၊ ဒါ အမေလို့ မှတ်တယ်၊ ဒါကို ဆွေမျိုးလို့ မှတ်တယ်၊ မှတ်လိုက်တာတွေ၊ ဆရာတို့က အဲဒီမှတ်တဲ့အမှတ်တွေဟာ ငယ်ငယ်ကတည်းက မှတ်လာတာ။

လူရယ်လို့ဖြစ်လို့ရှိယင် တစ်ကမ္ဘာလုံးက မှတ်တဲ့ ဒီသညာတွေကို ဝိပဿနာ အားထုတ်ကြတဲ့အခါကျတော့ ဒါယောကျ်ားမဟုတ်ဘူးဆိုတယ်၊ ကိုယ်က နဂိုက ယောကျ်ားလို့ မှတ်ထားတာ၊ ဝိပဿနာဆရာတော်ကြီးက ပြန်ပြီးတော့ ဒါ ယောကျ်ားမဟုတ်ပါဘူးလို့ ပြောတော့ ခင်ဗျားတို့က ဘယ့်နဲ့ ပြောသလဲ၊ "မှန်ပါဘုရား လိုက်တာပဲ၊ ညာတာပဲ။" ဘယ့်နှယ် ကိုယ်ကယောကျ်ားလို့ မှတ်ထားတဲ့ဥစ္စာပဲ၊ ဆရာတော်ကြီးက ဒါ ယောကျ်ားဟုတ်ကဲ့လားလို့ မေးနေတော့ မဟုတ်ပါဘူးဘုရားလို့ ဆိုတာ ညာတာ၊ ကိုယ့်စိတ်ထဲကတော့ ဘယ်လိုထင်တုံး၊ ယောကျ်ားပဲလို့ ထင်နေတာပဲ။

မိန်းမကျတော့လဲ ဝိပဿနာပြတဲ့ ဆရာတော်ကြီးက မိန်းမဆိုတာ

မရှိဘူး၊ ဒါ မိန်းမ မဟုတ်ဘူး၊ မိန်းမဆိုတာရှိရဲ့လားဆိုတော့ ခင်ဗျားတို့ ဘယ်လိုဖြေတုံး။ မရှိပါဘူး ဘုရားလို့။ တကယ်တော့ ခင်ဗျားတို့ စိတ်ထဲက ဘယ်လို ထင်တုံး၊ မိန်းမပဲ ထင်နေတာပဲ။ ကိုယ်က မိန်းမလို့ ငယ်ငယ်ကတည်းက မှတ်လာတာ၊ အမှတ်ဟာ စွဲနေတာကိုး။ ဒီတရားတစ်ပွဲတည်းနဲ့ ဒါ ယောကျ်ားမဟုတ်ဘူး၊ ဒါ မိန်းမမဟုတ်ဘူးလို့ ဒီလို ဖျောက်လိုက်ဖို့ဟာ လွယ်ရဲ့လား၊ ကိုယ်က မွေးထားတဲ့ သားတွေ သမီးတွေကို ငယ်ငယ်ကတည်းက ဒါ ငါ့သားရယ်, ငါ့သမီးရယ်၊ ဒီလို မှတ်ထားတာ။ ဝိပဿနာအားထုတ်တဲ့ အခါကျတော့ ငါ့သားဆိုတာလဲ မရှိဘူး၊ ငါ့သမီးဆိုတာလဲ မရှိဘူး၊ ငါ့သားဆိုတာ ရှိရဲ့လားဆိုတော့ ခင်ဗျားတို့က ဘယ်လိုပြောတုံး၊ မရှိပါဘူး ဘုရားဆိုတာ ဟုတ်ကဲ့လား။

အိမ်ပြန်ရောက်တော့ သားလေးရေ လာပါအုံးတဲ့ ဟုတ်ကဲ့လား၊ သမီးရေ လာပါအုံးတဲ့။ အဲဒီ သညာက မှတ်ထားတဲ့ အမှတ်ကို ဝိပဿနာက ဖြိုခွဲဖို့ဟာ သာမညနဲ့ ဖြိုခွဲလို့ရပါ့မလား၊ မရဘူး။ သညာက သိပ်ဆိုးနေတာပဲတဲ့။ ရှင်းရှင်းက တရားရဖို့၊ တရားရဖို့ဆိုတာက သညာက အထပ်ထပ် လိမ်ပြီးတော့ မှတ်ထားတဲ့ အမှားသညာတွေကို တစ်ထစ်စီ တစ်ထစ်စီပြန်ပြီးတော့၊ ဖြိုတာပါပဲ။ တစ်နည်းအားဖြင့် ပြောယင် အမှန်တရားကို ဖော်ထုတ်ပေးလိုက်တာပဲ၊ မြတ်စွာဘုရားက။ အဲဒီလို ဖြိုပစ်လိုက်တဲ့အတွက် သညာတစ်လုံး ပျောက်သွားတဲ့အခါကျတော့ ဩော်-လူဆိုတာဟာ ရုပ်, နာမ် နှစ်ခုပဲ ရှိတာပဲ။ ဒါ အဘိဓမ္မာသင်တဲ့အခါကျတော့ ရုပ်,နာမ် နှစ်ခုပဲ ရှိတယ်ဆိုတာ မသိဘူးလား၊ ဒီ စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခု၊ ရုပ် ၂၈-ခုရယ်။ လူတစ်ဦးအနေနဲ့ ဆိုလို့ရှိယင် စိတ် ၈၉-ခုတောင် မရှိပါဘူး။

အဲဒီတော့ နာမ်နဲ့ရုပ် ရှိတာပဲ၊ အကျဉ်းဆုံး ဘုရားဟောတဲ့အခါကျတော့ ဒီပရမတ္ထတရားလေးပါးကို နာမ်နဲ့ ရုပ်ပဲလို့ ဒီလို ဟောတယ်။ ဒီထက် နည်းနည်းချဲ့ဟောတဲ့အခါကျတော့ ခန္ဓာငါးပါးလို့ ချဲ့ဟောတယ်။ ခန္ဓာငါးပါးထဲမှာ ရုပ်ကို ခန္ဓာတစ်ပါးတည်းဟောတယ်၊ နာမ်ကျတော့

ဝေဒနာကို ခန္ဓာတစ်ပါး ဟောတယ်၊ သညာကို ခန္ဓာတစ်ပါးဟောတယ်။

**၄။ သင်္ခါရက္ခန္ဓာ** သင်္ခါရက္ခန္ဓာဟာ စေတသိက် ၅၀-ဆိုပေတဲ့ စေတနာနဲ့က အတူတူပဲ။ ဆရာ နောက်ကျတော့ သင်မှာပါပဲ၊ ကံရယ်, စေတနာရယ်, သင်္ခါရရယ်၊ စကားလုံးတွေက အဲဒီလို ရှိသေးတယ်။

ဒီစေတနာ စေတသိက်ကိုပဲ တချို့တလေ နေရာကျတော့ အဘိဓမ္မာမှာကံလို့ ဟောတယ်။ ကုသိုလ်ကံ, အကုသိုလ်ကံဆိုတာ ကုသိုလ်စေတနာ, အကုသိုလ်စေတနာကို ကံလို့ဟောတာ။ တချို့တလေကျတော့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ ဆိုပြီးတော့ ကုသိုလ်, အကုသိုလ်စေတနာကိုပဲ သင်္ခါရလို့ ခေါ်တယ်။

အခု သင်္ခါရကျတော့ စေတနာနဲ့တကွ စေတသိက် ၅၀-ကို သင်္ခါရက္ခန္ဓာ ခေါ်တယ်။ ဒီသင်္ခါရဆိုတာဟာ ပြုပြင်မှုတွေ, စီမံမှုတွေ, ဖန်တီးမှုတွေ ဒါတွေ ဘာသာပြန်နေယင် ရှုပ်နေတယ်။ ရိုးရိုးလူတွေ နားလည်တာက သင်္ခါရက္ခန္ဓာဆိုတာ ပြုလုပ်မှုပဲ၊ ပြုလုပ်မှုကို သင်္ခါရက္ခန္ဓာ။ လုပ်တယ် လုပ်တယ်ဆိုတာက စေတနာက လုပ်တာ။

ငါ ထမင်းချက်အုံးမှပဲလို့ စေတနာက ဖြစ်လိုက်ယင် ထမင်း ထချက်တယ်၊ ငါကျောင်းသွားအုံးမှပဲလို့ စေတနာက လှုံ့ဆော်ယင် ကျောင်းထ သွားတယ်။ ငါ အဘိဓမ္မာသင်တန်း တက်အုံးမယ်လို့ စေတနာက လှုံ့ဆော်တော့ အဘိဓမ္မာသင်တန်း လာတက်တယ်။

ဘာပဲလုပ်လုပ် စေတနာက နှိုးဆော်ပြီးမှ လူဟာ လှုပ်ရှားမှု ဖြစ်လာတာ။ အဲဒါကြောင့်မို့လို့ သင်္ခါရက္ခန္ဓာဆိုတာက ပြုလုပ်မှု၊ အလုပ်လုပ်တာ။ ဝေဒနာက ဘာလုပ်သတုံး၊ ခံစားချင်တယ်၊ ဝေဒနာက ဘာဖြစ်လို့ ခံစားချင်တာတုံး၊ သညာက ကောင်းတယ်လို့ မှတ်ထားလို့။

သညာက မိန်းကလေးဆိုလို့ရှိယင် ယောကျ်ားယူရမယ်လို့ မှတ်ထားတော့ သူ ယောကျ်ားယူချင်တဲ့စိတ် ပေါက်လာတယ်၊ ဘာဖြစ်လို့ ယောကျ်ားယူချင်တဲ့စိတ် ပေါက်တာတုံး၊ သညာက ယောကျ်ားယူယင်

ကောင်းမယ်လို့ မှတ်ထားတာကို။ ယောက်ျားလေးကလဲ မိန်းမယူယင် ကောင်းမယ်လို့ မှတ်ထားတယ်။ ပထမ သူများတကာလဲ ယူတယ်၊ ငါလဲ ယူမယ်လို့ မှတ်လိုက်ရော၊ မှတ်လိုက်တော့ မိန်းမယူချင်တဲ့စိတ်ပေါက်လာတာဟာ ဘာဖြစ်လို့ ပေါက်တာတုံး၊ သညာက ကောင်းတယ်မှတ်ထားလို့။

သညာက မှတ်လိုက်တဲ့အခါကျတော့ သင်္ခါရက ယူလိုက်တယ်၊ သင်္ခါရက လုပ်တာပဲ၊ အလုပ်လုပ်တာပဲ။ ဒီအချိန် ဒီအရွယ် ကျောင်းသားဆိုတာ ကျောင်းနေမှကောင်းမယ်လို့ဆိုတာ ဘယ်သူက မှတ်တာတုံး။ သညာက မှတ်တာ။ သညာက မှတ်လို့ ကျောင်းသွားနေတော့ ဘာဖြစ်သွားတုံး၊ သင်္ခါရက္ခန္ဓာ။ သညာက မှတ်တယ်ဆိုယင် ကျောင်းနေမှ ကောင်းမယ်လို့ သညာက မှတ်လိုက်တော့ ကျောင်းကို အကုန်လုံးနေကြတာပဲ။ အကယ်၍သာ သညာက ကျောင်းနေတဲ့ကောင်မှန်သမျှ လူဆိုးချည်းပဲ၊ ကျောင်းနေတဲ့ကောင် တစ်ကောင်မှ မကောင်းဘူးလို့ ဒီလိုမှတ်လို့ ရှိယင် နေကြပါ့မလား၊ မနေပါဘူးတဲ့။ သညာက မကောင်းဘူးလို့သာ မှတ်လိုက်လို့ရှိယင် ဘယ်သူမှ ကျောင်းနေမှာ မဟုတ်ဘူး၊ မိန်းမယူတာလဲ မကောင်းဘူးလို့ မှတ်လိုက်လို့ရှိယင် ဘယ်သူမှ ယူကြမှာ မဟုတ်ဘူး၊ ယောက်ျားယူတာ မကောင်းဘူးလို့ မှတ်လိုက်လို့ရှိယင်လဲ ဘယ်သူမှ ယူမှာ မဟုတ်ဘူး။

တရားခံကိုရှာတော့ လူတွေ ရုတ်ရုတ်, ရုတ်ရုတ်နဲ့ လုပ်နေတာဟာ သညာက မှတ်တာပဲ။ သညာဟာ တရားခံအစစ်ပဲ။ ဘယ်သူမှ တရားခံ မဟုတ်ဘူး၊ အဘိဓမ္မာတတ်တဲ့အခါကျတော့ စိတ်က သိပ်ပြီးတော့ သိမ်မွေ့လာတယ်၊ ဘယ်သူ့ကိုမှ စိတ်မဆိုးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူမှ အပြစ်မရှိဘူး၊ ဒီသညာ ဒီကောင်ပဲအပြစ်ရှိတယ်။

ဆိုးတဲ့ကောင် တွေ့လို့ရှိယင်လဲ ဒီကောင် သညာအမှတ်လွဲသွားတာပဲ၊ အရက်သောက် စီးကရက်သောက်၊ အရက်ဆိုင်ထိုင်၊ လဖက်ရည်ဆိုင်ထိုင်၊ ဆောင့်ကြွားဆောင့်ကြွားနဲ့ ဒီလိုနေတာ ကောင်းတယ်လို့ မှတ်လိုက်လိုရှိယင် ဒီကောင် ဂျပိုးဖြစ်သွားတယ်၊ တစ်ခါ ယူနီဗာစီတီတို့ ဘာတို့တက်ပြီးတော့ အရာရှိကြီး ဘကြီး ညာကြီး ဒီလိုလုပ်တဲ့လူဟာ ကောင်းတယ်လို့ မှတ်

လိုက်ယင် ဒီကောင် အရာရှိကြီးဖြစ်သွားတာပဲ၊ တစ်ခါ ရပ်ကွက်ကိစ္စ, မြို့ ရွာကိစ္စ, တိုင်းပြည်ကိစ္စ, အများကောင်းစားရေးကိစ္စ–လုပ်တဲ့လူဟာ ကောင်း တယ်လို့ ထင်မှတ်လိုက်ယင် ဒီကောင် နိုင်ငံရေးသမားဖြစ်သွားတာပဲ။

အဲဒီတော့ သညာက္ခန္ဓာဟာ သူ တစ်တရားခံပဲ၊ သညာက္ခန္ဓာက ခိုင်းတော့ ဘယ်သူက လုပ်တုံး၊ သင်္ခါရက္ခန္ဓာ။ သင်္ခါရက္ခန္ဓာက လှုပ်လှုပ် လှုပ်လှုပ်နဲ့ လိုက်လုပ်၊ သူလုပ်တော့ ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာ ပဲဖြစ်ဖြစ် ခံစားတဲ့အခါ ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက္ခန္ဓာက ခံစား တာ၊ ခံစားတယ်ဆိုတာ ငါကခံစားတယ်လို့ ဒီလိုထင်နေကြတာ။ တကယ် ခံစားတာက ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက ခံစားတာ။

အဲဒါကြောင့်မို့လို့ သညာက ကောင်းတယ်လို့ မှတ်တော့ သင်္ခါရက လိုက်လုပ်တယ်၊ လုပ်ပြီးတော့ ဒီအလုပ်ရဲ့ အကျိုးအမြတ်ကို ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက ခံစားတယ်။ ဒီအထဲမှာ ငါ ခံစားတာလို့ ပါရဲ့ လား၊ မပါဘူး။

**ခန္ဓာငါးပါး ဘယ်အတွက် ဟောတာလဲ**

အဲဒီတော့ ငါပြုတ်အောင် ဘုရား က ခန္ဓာငါးပါးကို ဟောတာ။ တရားရှုတယ်ဆိုတာ ဒီခန္ဓာကိုယ်ထဲမှာ ရှုတာ။ တရားရှုတယ်ဆိုတာက ဘေးကို လျှောက်ရှုနေရတာမဟုတ်ဘူး။ ဘုန်းကြီးက ခိုင်းလို့ စာတွေကို လိုက်မှတ်နေတာ။ ဒါ တရားမှတ်တာမဟုတ်ဘူး။ တရားမှတ်တယ်ဆိုတာ ကိုယ်ခန္ဓာထဲမှာ မှတ်နေရတာ။ ဒီသညာတွေ ရှိနေလို့ ဒီသင်္ခါရက လုပ် နေတယ်။ လုပ်ပြီးတော့ ဒီဝေဒနာက ခံစားတယ်။ တကယ်လို့ ငါ ဒီအထဲ မှာ ထည့်လိုက်လို့ရှိယင် ခံစရာရှိယင် ဘယ်သူက ခံရမှာတုံး၊ ငါခံရမှာ။ ငါမရှိတဲ့အခါကျတော့ ခံစရာရှိယင် ဘယ်သူက ခံမတုံး၊ ဝေဒနာခံရုံရှိတာ ပဲ။ ခံစားတာလဲ သူခံစားတာပဲ။ ငါ ခံစားတယ်လို့ မမှတ်လို့ရှိယင် ခံရတဲ့ အခါကျတော့ ဝေဒနာပဲ ခံရုံရှိတာပဲ။

အဲဒီတော့ ငါလဲမရှိဘူး၊ သူလဲမရှိဘူး၊ ပုဂ္ဂိုလ်လဲမရှိဘူး၊ သတ္တဝါ လဲမရှိဘူး၊ မှတ်တာက ဘယ်သူက မှတ်တာတုံး၊ သညာကမှတ်တာ။ လုပ်

တာက ဘယ်သူက လုပ်တာတုံး၊ သင်္ခါရက လုပ်တာ။ ခံစားတာက ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက ခံစားတာ။ ငါလဲ မရှိ၊ ပုဂ္ဂိုလ်လဲ မရှိ၊ သတ္တဝါလဲ မရှိတော့ ဒီခန္ဓာကိုယ်တွေ ပျက်သွားလို့ရှိယင် ဘယ်သွားမတုံး၊ သွားစရာရှိးသေရဲ့လား၊ မရှိတော့ဘူး။ သူ့သဘောတရားတွေ ဖြစ်ပြီး ပျက်နေတာပဲ။

အဲဒီတော့ တစ်သံသရာလုံးထဲမှာ သညာမှတ်တာကို ငါ မှတ်တယ်၊ သင်္ခါရလုပ်တာကို ငါလုပ်တယ်၊ ဝေဒနာခံစားတာကို ငါခံစားတယ် ဆိုပြီးတော့ ဒီမှာ ငါ သွားထည့်လိုက်တဲ့အတွက် ခံစားရရှိတော့လဲ ငါပဲခံရတယ်၊ စံစရာရှိတော့လဲပဲ ငါပဲစံရတယ်၊ ဒီလို ရောနေကြတာကိုး။ အဲဒီတော့ ဒီ ငါနဲ့ ခန္ဓာ ကွဲသွားအောင်, သက္ကာယဒိဋ္ဌိပြုတ်အောင်, အတ္တဒိဋ္ဌိပြုတ်အောင် ခန္ဓာငါးပါးကို ဘုရားက ဟောတာပဲ။

အဲဒီတော့ ဝေဒနာက္ခန္ဓာရယ်, သညာက္ခန္ဓာရယ်, သင်္ခါရက္ခန္ဓာရယ်၊ ဒီခန္ဓာသုံးပါးက စေတသိက် ခန္ဓာသုံးပါး။

(၅)ဝိညာဏက္ခန္ဓာမှာ ဝိညာဏ-ဆိုတာ ဘာတုံး၊ သူက သိတာ၊ သညာက သူက မှတ်ရုံမှတ်တာပဲ၊ သူက သိရဲ့လား၊ မသိပါဘူး။ သညာက သိတာမဟုတ်ဘူး။ သညာက မှတ်ရုံမှတ်တာပဲ။ ဝေဒနာကလဲ ခံစားတာပဲ၊ သူက သိရဲ့လား၊ မသိဘူး။ ဝေဒနာစေတသိက်က သူက သိတာမဟုတ်ဘူး။ သူက ခံစားတာပဲ။ သင်္ခါရကလဲ သူက သိရဲ့လား၊ မသိပါဘူး၊ သူက လုပ်တာပဲ။ အလုပ်တစ်ခုကို ကောင်းတဲ့ အလုပ်တွေရော မကောင်းတဲ့ အလုပ်တွေရော လျှောက်လုပ်တာပဲ၊ သင်္ခါရက လျှောက်လုပ်တာပဲ။ ဒီအထဲမှာ ခံစားတာကို သိတာက ဘယ်သူက သိတာတုံး၊ ဝိညာဉ်က သိတာ။ ဒါကို ခံစားတဲ့အခါကျတော့ ဒါကို ကောင်းတယ်-မကောင်းဘူးဆိုတာ တယ်သူက သိတာတုံး၊ ဝိညာဉ်က သိတာ။ ဝိညာဏက္ခန္ဓာက သိတာ။ ကောင်းတယ်မှတ်ပေမဲ့ တကယ်ကောင်းချင်မှ ကောင်းမှာပေါ့။ သညာက တိုက်နဲ့ ကားနဲ့ နေတဲ့ကောင်ကို ချမ်းသာတယ်လို့ ဒီလို သညာက မှတ်လိုက်တာကိုး။ မှတ်လိုက်တော့ ဝိညာဉ်ကလဲ သညာက မှတ်သလိုပဲ ငါ

ကောင်းတာခံစားတယ်လို့ ဒီလို သိလိုက်တာပဲ။ အကယ်၍သာ သညာက တိုက်နဲ့ မော်တော်ကားနဲ့ ဒီလိုနေတဲ့ကောင်တွေဟာ ဒုက္ခပဲ၊ ဒါက အင်မတန် ဆင်းရဲတဲ့ အလုပ်ပဲလို့ သညာက မှတ်ထားလို့ ရှိယင် ဝိညာဉ်ကလဲ ငါ ဒုက္ခတွေ ခံစားရတာပဲလို့ ဒီလိုပဲ သူက သိမယ်။ အဲဒီတော့ သိတာက ဝိညာဉ်ကသာ သိတာ။ ဝေဒနာက မသိဘူး။ သညာက မှတ်သလို သင်္ခါရ က လုပ်တယ်၊ ဝေဒနာက ခံစားတယ်၊ ကောင်းတယ်-မကောင်းဘူးလို့ သိတာကတော့ ဝိညာဉ်က သိတာ။

ဒါကြောင့်မို့လို့ လူတွေမှာ ဝိညာဉ်ဆိုတဲ့ သိမှုဆိုတဲ့ သဘောလေး ဟာလဲ ဒုက္ခပေးနေတာပဲ။ အကယ်၍သာ ခံစားတာဟာ ကောင်းတာတွေ ဖြစ်ဖြစ်၊ မကောင်းတာတွေဖြစ်ဖြစ် ခန္ဓာကိုယ်ထဲမှာ သိတယ်ဆိုတဲ့ သဘော တရားမရှိယင် ချမ်းသာ ဆင်းရဲ ခွဲလို့ရမလား၊ ဘယ်သူမှ ချမ်းသာ-ဆင်းရဲ ခွဲလို့မရဘူး။ သူ သိမှ မသိဘဲ၊ သညာက မှတ်ပေတဲ့ မှတ်သာမှတ်တယ်၊ ဝိညာဉ်မပါဘဲနဲ့ သူသိနိုင်ပမလား။ ဝိညာဉ်မပါယင် သူက မသိနိုင်ဘူး။ သင်္ခါရကလဲလုပ်တယ်၊ ကောင်းတာလုပ်သလား မကောင်းတာ လုပ်သလား သူမသိနိုင်ဘူး။ ဝိညာဉ်ပါမှ သူက သိနိုင်တယ်။

ဒါကြောင့်မို့လို့ ဒီခန္ဓာလေးပါးကို နာမ်ခန္ဓာလေးပါး။ စေတသိက် ၅၂-ခုနဲ့ စိတ် ၈၉-ခု ခန္ဓာဖွဲ့ပြပါဆိုယင် ခန္ဓာဘယ်နှစ်ပါးဖွဲ့မတုံး။ စေတ သိက် ၅၂-ခုနဲ့ စိတ် ၈၉-ခုကို ဘာခန္ဓာဖွဲ့မတုံး၊ ဝေဒနာက္ခန္ဓာ၊ သညာ-က္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။

စေတသိက် ၅၂-လုံးကို ခန္ဓာဖွဲ့ပြပါဆိုယင် ခန္ဓာဘယ်နှစ်ပါးဖွဲ့မတုံး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ။

စိတ် ၈၉-ခုကို ခန္ဓာဖွဲ့ပြပါဆိုယင် ဝိညာဏက္ခန္ဓာ။ ဒါက သရုပ် တွေ နားလည်အောင်လှည့်တာ။ ရုပ် ၂၈-ခုကို ခန္ဓာဖွဲ့ပြပါဆိုယင် ရူပက္ခန္ဓာ။ ဒါက ကလေးသင် သင်တာ၊ ဒီမြေဖြူခဲကို ခန္ဓာဖွဲ့ပြပါဆိုယင် ရူပက္ခန္ဓာ။ ရွှေတိဂုံဘုရားကြီးကို ခန္ဓာဖွဲ့ပြပါဆိုယင်ကော ရွှေတိဂုံဘုရားကြီးလဲ ရူပက္ခန္ဓာ ပဲ။ ဒီမြေဖြူခဲလေးကော ရူပက္ခန္ဓာပဲ။ ရုပ်မှန်သမျှ အကုန်လုံးကို ခန္ဓာဖွဲ့တဲ့

အခါကျတော့ ရူပက္ခန္ဓာချည်းပဲ။ အင်မတန်လှတဲ့ ကလေးမလေးရုပ်ကို ခန္ဓာဖွဲ့ပါဆိုယင်ကော ရူပက္ခန္ဓာပဲ။ အင်မတန်အရုပ်ဆိုးတဲ့ ကလေးမရုပ်ကော ရူပက္ခန္ဓာပဲ။ အဘိဓမ္မာကျတော့ ရူပက္ခန္ဓာချည်းပဲတဲ့၊ လှတာရယ် ဆိုးတာရယ်ရှိရဲ့လား၊ မရှိပါဘူး။ ရူပက္ခန္ဓာ တစ်ခုတတည်းဖွဲ့လိုက်တာ။ အဲဒါကျတော့ ရုပ်မှန်သမျှကို ခန္ဓာတစ်ခုတည်း ဖွဲ့တာပဲ။

အဲဒီတော့ ဒီခန္ဓာကိုယ်ကို မြတ်စွာဘုရားက ငါးပိုင်းပိုင်းပစ်တာကိုး။ ငါးပိုင်းပိုင်းတဲ့အခါမှာ ရုပ်ပိုင်းကိုတော့ ထင်ရှားလို့ ခန္ဓာတစ်ပါးတည်း ခွဲပြတယ်။

နာမ်ကျတဲ့အခါကျတော့ စေတသိက် ၅၂-ခုနဲ့ စိတ် ၈၉-ခုတောင် ရှိတာ။ ရှိပေတဲ့ ဒါတွေလျှောက်ဟောနေယင် သူက မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ အရေးကြီးတာကိုး။ ဒီလူ ခန္ဓာငါးပါးနဲ့ တရားရမဲ့လူဆိုယင် တရားတစ်ပွဲတည်းနဲ့ ခန္ဓာငါးပါးနဲ့ သူက နိဗ္ဗာန်ရသွားမှာ၊ ဒီပြင် အရေတွက်တော့ သိမလား ဆိုတော့ ရဟန္တာဖြစ်သွားပေတဲ့ စိတ် ၈၉-ခုတို့၊ စေတသိက် ၅၂-တို့ သိရဲ့လား၊ မသိဘူး။ ရဟန္တာဖြစ်တာက တခြားပဲ။

စေတသိက် ၅၂-ခုတို့၊ စိတ် ၈၉-ခုတို့ ဆိုတာက မြတ်စွာဘုရား သဗ္ဗညုတဉာဏ်နဲ့ သိတဲ့ တရားတွေကို သင်ပေးနေတာ။

အခု သင်တန်းသားတွေနဲ့ ရိုးရိုး ရဟန္တာနဲ့ ဘာဘယ်သူက တတ်သလဲဆို ဘယ်လိုပြောမတုံး။ သင်တန်းသားတွေက ပိုတတ်နေတာ။ သို့သော် တစ်ခုတော့ ရှိတယ်၊ ပဋိသမ္ဘိဒါပတ္တရဟန္တာကျတော့ တတ်ပါတယ်၊ ရဟန္တာက နှစ်မျိုးရှိတယ်။

**ခန္ဓာငါးပါးကို ဘယ်သူတွေအတွက် ဟောတာလဲ** ခန္ဓာငါးပါးကို ဘုရားဟောတဲ့အခါမှာ ရုပ်ဝါဒီ၊ နာမ်ဝါဒီဆိုပြီး ကမ္ဘာပေါ်မှာ အခုမှ မဟုတ်ပါဘူး၊ အဲဒီခေတ်ကတည်းက တချို့တလေ ရုပ်ဝါဒီတွေ ရှိတယ်၊ တချို့တလေက နာမ်ဝါဒီတွေ ရှိတယ်။ ရုပ်ကပဲ အရေးကြီးတယ်ဆိုတဲ့ ဒီလို ဂိုဏ်းသားတွေ၊ ပညာရှင်တွေ၊ ဒီလို

ပါရဂူတွေကလဲ ဘုရားလက်ထက်ကတဲက ရှိခဲ့တာပဲ။ ဘုရားလက်ထက်ကတော့ ပါရဂူလို့ မခေါ်ဘူး၊ ဘုရားလို့ခေါ်တာပဲ၊ သူတို့လဲ ဘုရားပဲ။ ရုပ်အရေးကြီးတယ်ဆိုပြီး ရုပ်ကိုပဲသူတို့က လိုက်ဟောနေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ နာမ် ဝါဒီသမားတွေကလဲ နာမ်ပဲအရေးကြီးတယ်ဆိုပြီး ဒီလို ဟောနေတဲ့ ပါရဂူတွေ, ဘုရားတွေ ရှိတယ်။

တရားဟောတဲ့အခါ မြတ်စွာဘုရားက ပရိသတ်ကို ကြည့်ဟောတာ၊ ခန္ဓာငါးပါးကို ဟောတာ ပရိသတ်မှာ ရုပ်ဝါဒီတွေ များသလား၊ နာမ်ဝါဒီတွေများသလား၊ ခု ခန္ဓာငါးပါးမှာ ဘယ်ခန္ဓာတွေက များနေသလဲ။ နာမ်ခန္ဓာတွေက များနေတယ်။ ဘုရားလက်ထက်က နာမ်ဝါဒသမားတွေက အထက်တန်းစား တော်တော်ကျတယ်။ သူတို့က ဈာန်တွေ, အဘိညာဉ်တွေ, ဘာတွေ ရချင်ရနေတာ။ ဈာန်တွေ, အဘိညာဉ်တွေ ရနေတော့ အဲဒီလူဟာ ဒီဘဝကနေပြီးတော့ နောက်ဘဝကို ပြောင်းတယ်လို့ ဒီလို ယူဆတာက ဘာပြောင်းတယ်လို့ ယူဆတာလဲ။ ရုပ်ပြောင်းတယ်လို့ ယူဆသလား၊ နာမ်ပြောင်းတယ်လို့ ယူဆသလား။ ဝိညာဉ်ဟာ တစ်ဘဝက တစ်ဘဝကို ပြောင်းနေတယ်လို့ အခုခေတ် ဗုဒ္ဓဘာသာတွေလဲ မယူဘူးလား၊ ယူပါတယ်။ အလှူ လှူတဲ့အခါမှာ ဘဝဆက်တိုင်းဆက်တိုင်း နိဗ္ဗာန်မရောက်မီစပ်ကြား ဘာဖြစ်ရပါလို၏၊ ညာဖြစ်ရပါလို၏လို့ တောင်းလိုက်တဲ့ဆုတွေက အများကြီးပဲ။ ဆွမ်းတော်တင်တော့ ငှက်ပျောသီးလေး တစ်လုံးတည်း၊ တောင်းလိုက်တာက စကြဝတေးမင်းရော, မန္တာတ်မင်းရော, ဘာရော, ညာရော စုံနေတာပဲ။ ပါးစပ်က ရထားတာတွေ အကုန်လျှောက်ဆိုတာပဲ။ ဆုတောင်းတယ်ဆိုတာ ကိုယ်လိုချင်တာ တောင်းရတယ်၊ ပါးစပ်က ရထားတာတွေ ဘာလို့ လျှောက်တောင်းရတာလဲ။ ဒီဘဝမှာ ကိုယ်အရာရှိကြီးဖြစ်ချင်တယ်ဆိုယင် ဘာအရာရှိကြီးဖြစ်ပါစေ၊ ဒီလို တောင်းလိုက်ပေါ့။ ဆရာဝန်–ဆရာဝန်မကြီးဖြစ်ချင်တယ်ဆိုယင် ဒီဘဝမှာ ငှက်ပျောသီးလှူရသော ကောင်းမှုကြောင့် မသေခင် စပ်ကြားမှာ ဆရာဝန်ကြီး ဖြစ်ပါစေ၊ ဒါမှမဟုတ်လို့ရှိယင်လဲ စာပေပါရဂူကြီး ဖြစ်ပါစေ၊ ကိုယ်လိုချင်တာ တောင်းပေါ့။ အခုတော့ သူ

များ ရေးထားတဲ့ ဆုတောင်းတွေ ကျက်ပြီးတော့ စကြဝတေးမင်း, မန္တာတ်မင်း–ဘာညာ, မင်္ဂဖိုလ်နိဗ္ဗာန် မရမီစပ်ကြား ဘယ်လို ညာလို စုံနေတာပဲ တောင်းလိုက်တာ။ ကိုယ်လိုချင်တာလဲ မဟုတ်ဘဲနဲ့ လျှောက်တောင်းနေတယ်။

အဲဒါ ဆုတောင်းကိုက ခွကျနေတယ်၊ ကိုယ့်စိတ်ကို မေးကြည့်၊ မင်း ဘာလိုချင်သတုံး၊ ဒီဘဝမှာ ဘာဖြစ်ချင်သတုံး၊ နောက်ဘဝ ဘာတွေဖြစ်ချင်သတုံး၊ ကိုယ်ဖြစ်ချင်တာ ကိုယ်တောင်းပေါ့။ ကိုယ်လိုချင်တာ ဆုတောင်းတာကို မှန်တယ်–မှားတယ်လို့ ဘယ်သူမှ လာပြီးတော့ ပြောနိုင်တာမဟုတ်ဘူး ကိုယ်လိုချင်တာကို တောင်းတာပဲ။ ကိုယ်လှူတဲ့ ကုသိုလ်စေတနာက အကျိုးပေးတယ်ဆိုတာ ကိုယ်က ယုံကြည်ချက် သဒ္ဓါရှိပြီးသားဖြစ်လို့ ဆုတောင်းတာပဲ။ ဆုတောင်းတိုင်း ရပါတယ်။

အဲဒါကြောင့်မို့လို့ ခန္ဓာငါးပါးကို ဟောရတဲ့ပရိယတ်က နာမ်ဝါဒသမားတွေကို ဟောတာ၊ နာမ်ဝါဒသမားတွေ များတယ်။ တစ်ဘဝကတစ်ဘဝကို ပြောင်းနေတယ်တဲ့၊ အဲဒီတော့ တစ်ဘဝကတစ်ဘဝကို ပြောင်းပြီးတော့နေတယ်ဆိုတဲ့ ဒီလို ယုံကြည်ချက်ရှိတဲ့ အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေကများတော့ ဘုရားက ခန္ဓာငါးပါးထဲမှာ နာမ်ဆိုတာဟာ ဘယ်မှာရှိသတုံး၊ မင်းတို့ခန္ဓာထဲမှာ ဝေဒနာ=ခံစားမှုဆိုတာရှိတယ်၊ မှန်ပါ ရှိပါတယ်၊ တပည့်တော်တို့ ခံစားတယ်။ သညာ=မင်းတို့ခန္ဓာထဲမှာ မှတ်တယ်ဆိုတဲ့ သညာရှိတယ်။ မင်းတို့ ခန္ဓာထဲမှာ သင်္ခါရရှိတယ်။ ဘာလုပ်ချင်တယ်, ဘာလုပ်မယ်ဆိုတဲ့ စေတနာစေ့ဆော်မှု စေတနာသင်္ခါရရှိတယ်။ မင်းတို့ခန္ဓာထဲမှာ သိတာကော မရှိဘူးလား၊ ရှိတယ်။ အဲဒီလေးခုကို အကုန်လုံး ဝန်ခံတယ်၊ အဘိဓမ္မာ မသင်ဘူးလဲ ဉာဏ်နည်းနည်းရှိတယ်ဆိုယင် ဒါက သိတယ်။ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဆိုတာ ကိုယ်တိုင်ဖြစ်နေတဲ့ ဝေဒနာပဲ၊ အမလေးနာလိုက်တာ၊ အမလေး ကောင်းလိုက်တာ၊ ဒါ နေ့တိုင်း ပြောနေကြတာပဲ။ ဝေဒနာတွေကို ပြောနေကြတာပဲ၊ ဘာက မှတ်သလဲ၊ သညာက မှတ်တယ်၊ သညာတွေရှိတာ လူတိုင်းသိနေတာပဲ။

သင်္ခါရ=ဘာလုပ်ချင်တယ်, ညာလုပ်ချင်တယ်၊ လှျောက်လုပ်နေတာ သိတာပဲ။

**ဒီဘဝက ဝိညာဉ် ဟိုဘဝ ပြောင်းနိုင်သလား** အဲဒီတော့ ဒီနာမ်တရားလေး ပါးဟာ တစ်ဘဝကတစ်ဘဝ ကို ပြောင်းပြီးတော့နေတယ်လို့ သုတ္တန်နည်းနဲ့တော့ ပြောနိုင်တာပဲ။ ဗုဒ္ဓ ဘာသာမှာ ပထမ အခြေခံဆိုယင် သုတ္တန်နည်းနဲ့ တစ်ဘဝက တစ်ဘဝ ပြောင်းနေတယ်ဆိုတာဟာ မိစ္ဆာဒိဋ္ဌိမဟုတ်ဘူး၊ ဒါ သဿတဒိဋ္ဌိ၊ ဒါ အပါယ် ကို တိုက်ရိုက်ရောက်စေတဲ့ ဒိဋ္ဌိမဟုတ်ဘူး၊ ဒီလိုယူတာက ဒိဋ္ဌိတော့ ဒိဋ္ဌိပဲ။ မဂ်ဖိုလ်နိဗ္ဗာန်ရမဲ့ လူတွေအတွက်သာ ဒီအယူက မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်တာ။ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ-ထိအောင် ကုသိုလ်ကောင်းမှုတွေ လုပ်လို့ရှိယင် ဒီလို ယူဆထားပေတဲ့ ရောက်နိုင်တာပဲ။ တစ်ဘဝက တစ် ဘဝ ပြောင်းတယ်၊ ပုဂ္ဂိုလ်, သတ္တဝါ ရှိတယ်၊ ဒါ ဗုဒ္ဓဘာသာ ပထမအဆင့်မှာ ဒီလိုပဲ ယူရတာပဲ။

အခုခေတ်က တစ်ဘဝက တစ်ဘဝကို ပြောင်းတယ်လို့ မယူတဲ့ လူတွေက များနေတယ် မဟုတ်လား။ အဲဒီလူတွေက ဘာတုံး၊ ဥစ္ဆေဒဒိဋ္ဌိတွေ၊ သေပြီးယင် ပြတ်တာပဲ၊ တစ်ဘဝစံ၊ နောက်ဘဝ ဘာမှ ဖြစ်တာမရှိဘူးဆို တဲ့ အဲဒီလူတွေက များနေတာ။ အဲဒီခေတ်ကတော့ သေပြီးယင် လူဟာ မကောင်းတာတွေ လုပ်လို့ရှိယင် ငရဲကျမယ်၊ ကောင်းတာတွေ လုပ်လို့ရှိယင် ကောင်းရာ သွားမယ်လို့ ဒီလိုယူဆတဲ့ ကမ္မဝါဒီအယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေကို ဝိပဿနာတရား ဟောချင်တဲ့အခါကျတော့ ခန္ဓာငါးပါးဟောတယ်။

ခန္ဓာငါးပါးဟောတဲ့အခါကျတော့ ခန္ဓာထဲမှာ ဝေဒနာရယ်, သညာ ရယ်, သင်္ခါရရယ်, ဝိညာဉ်ရယ်၊ ဒီလေးခုရှိတာ သူတို့သိတယ်။ ကိုယ်တိုင် သိလာတဲ့အခါကျတော့ အစိပ္ပါယ်တစ်ခု-ခံစားတယ်ဆိုတဲ့ ဝေဒနာ စေတသိက် ကို ပြန်စဉ်းစားကြည့်စမ်း၊ ဒီချမ်းသာကို ခံစားနေတဲ့လူဟာ အမြဲခံစားနေ တာလား။ မနက်ကတုန်းက ထိုင်ငိုနေတယ်၊ အဲဒီအခါမှာ ဘာဝေဒနာတုံး၊

ဒုက္ခဝေဒနာ။ နေ့လယ်ကျတော့ ရုပ်ရှင်ရုံထဲမှာ ပျော်နေတယ်၊ ဒါက သုခဝေဒနာ။ တစ်ခါ ညကျတော့ သူက အိပ်နေတယ်၊ ဒါက ဥပေက္ခာဝေဒနာ။ ဝေဒနာဟာ မြဲသလား၊ မမြဲပါဘူး။ ဝေဒနာဟာ ခန္ဓာကိုယ်ထဲမှာ အမြဲရှိနေသလား၊ မရှိဘူး။ ဝေဒနာကို ကြည့်ယင်လဲ အမြဲမရှိပါဘူးတဲ့။ ဒါ အနိစ္စသင်အောင် ပြောလိုက်တာပဲ။

တိုက်နဲ့, မော်တော်ကားနဲ့, ဘာနဲ့၊ ဟို သုံးထပ်တိုက်ကြီးပေါ်မှာ လင်နဲ့ မယားနဲ့ ရန်ဖြစ်နေတာ မရှိဘူးလား၊ ရှိပါတယ်။ ဘယ်လောက်ချမ်းသာနေနေ သူ့မှာ သုခဝေဒနာရှိချင်မှ ရှိတာ။ သူ့မှာ ဒုက္ခဝေဒနာ ဖြစ်ချင်ဖြစ်နေတာ၊ အဲဒီတော့ ဝေဒနာဆိုတဲ့ ချမ်းသာတယ်-ဆင်းရဲတယ်ဆိုတာဟာ ဒီခန္ဓာကိုယ်ထဲမှာ အမြဲရှိသလား၊ မရှိပါဘူးတဲ့။ အဲဒီတော့ ဝေဒနာဟာ ဒီဘဝမှာမှ အမြဲမရှိယင် နောက်ဘဝကိုရော ရောက်ပါ့မလား၊ မရောက်ပါဘူး။ မနက်က ဝေဒနာဟာ ခုရှိသေးရဲ့လား၊ မရှိပါဘူး။ မနက်က ဝေဒနာမပြောနဲ့ သင်တန်းတက်ဖို့ လမ်းလျှောက်လာတုန်းက မမောဘူးလား၊ နေကလဲ ပူတယ်၊ မိုးကလဲရွာတယ်၊ ဘာဝေဒနာဖြစ်လာတုံး၊ ဒုက္ခဝေဒနာ။ ဒီမှာတိုင်နေတဲ့အခါကျတော့ အေးပြီးတော့ တရားသံတွေ ဘာတွေ နားထောင်နေတော့ ဘာဝေဒနာဖြစ်တုံး၊ သုခဝေဒနာ။ ဒါ တရားသံ နားထောင်ချင်တဲ့လူက သုခဝေဒနာ။ ဒီဆရာ တော်တော် စကားများတယ်၊ လေရှည်တယ်၊ ဟုတ်လား၊ ညောင်းလာပြီဆိုတဲ့လူကျတော့ ဘာတွေ ဖြစ်နေမတုံ။ ဒုက္ခဝေဒနာ။ အဲဒီတော့ ထိုင်နေတာချင်းတူပေတဲ့ ဝေဒနာက မတူဘူး။

အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဝေဒနာဟာ မမြဲပါဘူးတဲ့။ မင်းတို့ ဝေနာကို ခန္ဓာကိုယ်ထဲမှာ နေပါလို့ သုခဝေဒနာလေး အမြဲနေပါလို့ ဆွဲထားလို့ သူက ရမလား၊ မရပါဘူးတဲ့။ မရဘူးဆိုတာက ဘာတုံး၊ မပိုင်လို့ပေါ့။ ဒီဝေဒနာဆိုတာကို ဘယ်သူဌေးမှလဲ မပိုင်ဘူး၊ ဘယ်ဆင်းရဲသားမှလဲ မပိုင်ဘူး။ သူတောင်းစားမှာလဲ တောင်းလို့ရတော့ သူက သစ်ပင်အောက်မှာ ခွက်လေး နှစ်ခွက်ကိုင်ပြီး သူ့ကလေးတွေ ဘာတွေနဲ့ သူစိတ်ချမ်းသာ

တဲ့အခါ မရှိဘူးလား၊ ရှိပါတယ်။ သူတောင်းစားမှာလဲ သုခဝေဒနာ ဖြစ်တာပဲတဲ့။

အဲဒီတော့ ဝေဒနာဟာ ကိုယ့်ခန္ဓာထဲမှာ သုခဝေဒနာလေး အမြဲနေပါလို့ ဆွဲထားလို့ မရတာဟာ ဘာသဘောတုံး၊ ကိုယ်မပိုင်တာ ဘာတုံး၊ အနတ္တပဲ၊ အတ္တမဟုတ်ဘူး။ အတ္တဆိုယင် ကိုယ်ပိုင်တယ်ဆိုယင် ကိုယ်က ချမ်းသာတဲ့အခါ ရှိတယ်။ သိပ်ချမ်းသာတဲ့အခါလေးမှာ သုခဝေဒနာ ဖြစ်နေတယ်။ အဲဒီဝေဒနာလေးပဲ ငါ့သန္တာန်မှာ အမြဲနေပါဆိုလဲ နေမလား၊ မနေပါဘူး။ အမိန့်ပေးလို့လဲ မရဘူး၊ ဘယ်ရှင်ဘုရင်က အမိန့်ပေးလို့ရမှာလဲ၊ ဘယ်အာဏာရှင်မှ အမိန့်ပေးလို့ မရဘူးတဲ့။ ဘယ်လောက်တန်ခိုးကြီးတဲ့ လူကကော ပေးလို့ရမလား၊ မရဘူးတဲ့။ ဒီဝေဒနာက ဖြစ်ပြီးယင် ပျက်သွားမှာပဲတဲ့၊ အဲဒီတော့ ဝေဒနာ မမြဲတာလဲ သိပြီနော်။

ကဲ သညာကော မြဲရဲ့လားတဲ့၊ မမြဲပါဘူး။ သညာက မနက်က တုန်းက ခင်ဗျားတို့ ဘာတွေ မှတ်နေကြတုံး၊ တစ်ယောက် တစ်မျိုးစီပေါ့လေ။

ကျောင်းသွားတဲ့ လူကလဲကျောင်းမှာ ကိုယ့်ဘာသာရပ်နဲ့ ကိုယ်မှတ်နေကြတယ်။ အဲဒီ မနက်က မှတ်နေတဲ့ သညာတွေက အခု ဒီမှာ ရှိသေးရဲ့လား၊ မရှိတော့ဘူးတဲ့။ အခု ဘာတွေ မှတ်နေကြတုံး၊ အဘိဓမ္မာတွေ မှတ်နေကြတယ်။ ဒီသညာဟာ ခု သင်တန်းဆင်းလို့ ပြန်သွားတဲ့ အခါကျတော့ ရှိသေးရဲ့လား၊ မရှိတော့ဘူး။ လမ်းထဲမှာ တွေ့တာတွေ အကုန်လျှောက်မှတ်သွားမယ်။ ဒီသစ်ပင်က ဘယ်လောက်မြင့်တယ်၊ ဒီမော်တော်ကားကြီးက မကောင်းဘူး၊ တွေ့တာတွေ လျှောက်မှတ်မှာပဲ။ အဲဒီတော့ သညာကလဲ တစ်ခါပြီး တစ်ခါ၊ တစ်ခါပြီး တစ်ခါ သူ ဖြစ်ပျက်-ဖြစ်ပျက်ပြီးနေတော့ သညာကကော မြဲရဲ့လား၊ မမြဲဘူး။ ဆွဲထားလို့ကော ရရဲ့လား၊ မရဘူးတဲ့။ ပိုင်ရဲ့လား၊ မပိုင်ဘူးတဲ့။ အနိစ္စနဲ့ အနတ္တကတော့ ထင်အောင်ပြောယင် လွယ်တယ်။

ဒုက္ခက နည်းနည်းအပြောရ ခက်တယ်၊ မမြဲတာကို သိတယ်ဆိုလို့ရှိယင် ဒုက္ခကိုလဲ သိလို့ရပါတယ်။

## ဆန္နမထေရ်နှင့် ဝိပဿနာတရား

ဒါကြောင့်မို့လို့ ဘုရားလက်ထက်က ဘုရားနဲ့အတူတူတောထွက်တာ ဘယ်သူတုံး၊ မြင်းကို အမြီးဆွဲလိုက်တာ ဘယ်သူတုံး၊ ဆန္န။ အဲဒီ ဆန္န သက်န်းဝတ်တဲ့အခါကျတော့ ဆန္နမထေရ်။ ဘုရားလက်ထက်ကတော့ တကယ့် ထိပ်တန်း မင်းညီမင်းသားတွေဟာ ဘုရားရဟန်းပြုတယ်ဆိုတော့ အတုလိုက်ပြီး အကုန်ရဟန်းပြုကြတယ်။

ဒါကြောင့်မို့လို့ လူငယ်တွေ လူရွယ်တွေဆိုတာက ခေါင်းဆောင်ပေးဖို့ အရေးကြီးတယ်။ ဒီ ရပ်ကွက်ထဲက ဘယ်လူငယ်, ဘယ်လူငယ်၊ နည်းနည်း နာမည်ရှိတဲ့, နည်းနည်းတော်တဲ့လူငယ်တွေက ကောင်းတာ လုပ်ပေးလို့ရှိယင် ဒို့ပြင်လူငယ်တွေက ဘာလုပ်မတုံး။ အဲဒီ လူငယ်တွေ လုပ်တာ လိုက်လုပ်မှာပဲ။

မိန်းကလေးတွေလဲ ဒီအတိုင်းပဲ။ တကယ့်အထက်တန်းစားဖြစ်တဲ့ မိန်းကလေးတွေက ကောင်းတာတွေ လုပ်တယ် ဆိုလို့ရှိယင် ဒို့ပြင် မိန်းကလေးတွေက သူတို့ကိုအတုယူပြီး အကုန်လုပ်တာပဲ။ အတုလိုက်တယ်ဆိုတာက လူ့ရဲ့ သဘောတရားပဲ။ နိုင်ငံရေးလုပ်တဲ့အခါမှာ ဒါသိပ် အရေးကြီးတယ်။ ကောင်းတဲ့လူတစ်စုက ကောင်းတာတွေ လုပ်ပေးလို့ရှိယင် လူငယ်တွေဟာ ကောင်းတာ လိုက်လုပ်တာပဲ၊ မကောင်းတာ တွေ ဟိုက အယောင်ပြတယ်ဆိုယင် မကောင်းတာတွေ လိုက်လုပ်တာပဲ။ ကောင်းတဲ့လူက အယောင်ပြပေးရမယ်။

အဲဒါကြောင့်မို့လို့ ဘုရားလက်ထက်ကတော့ အတုလိုက်ပြီးတော့ ထိပ်တန်းသားသမီးတွေက ရဟန်းပြုကြတာကိုး။ အဲဒီတော့ ဆန္နလဲ ရဟန်းပြုတာပဲ။ သူက ဘုရားနဲ့အတူတူ တောထွက်တုန်းက ပါတဲ့ ဆန္နကိုး။ သူက ဘုရားနဲ့ သိပ်ရင်းနှီးတဲ့လူဖြစ်နေတယ်မဟုတ်လား။ တောထွက်တုန်းက အတူတူပါတယ်။ ဒါ ငါ့ဘုရား၊ ဒါ တို့ဘုရားတဲ့။ ဘယ်အချိန်မဆို သူ

တရားရချင်ယင် အလွယ်လေးပဲ၊ ဘုရားက သူ့ဘုရားကိုး။ အဲဒီလို ဖြစ်နေတော့ ဘုရားက ဆန္ဒကိုတရားဟောယင် အနိစ္စရယ်, အနတ္တရယ်–ဒီလို ပြောလို့တော့ ရတယ်၊ သူ့ကို ဒုက္ခလို့ ဟောလို့မရဘူး။ မြတ်စွာဘုရားက သူဟောယင် မရဘူးဆိုတာကို သိတယ်။

ဒါကြောင့်မို့ တရားဆိုတာ ဟောတိုင်းရတာမဟုတ်ဘူး။ အခုရှိတဲ့ ဘုန်းကြီးတွေ, ဆရာတွေ–မပြောနဲ့၊ ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တရား ဆိုတာက မြတ်စွာဘုရားသော်မှ ဟောလို့မရတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိတယ်။ ဘုရားက မဟောဘူး၊ ဒါလောက် ရင်းနှီးတဲ့ဆန္ဒ၊ ရဟန်းလဲ ဝတ်နေတယ်။ မြတ်စွာဘုရားအနားမှာလဲ အမြဲနေတယ်။ သူ့ကို တရားမဟောဘူး၊ ဟောယင် ရမှာမဟုတ်ဘူး၊ သူက ဒီအနတ္တ သဘောတရားကို လက်မခံနိုင်ဘူး။ မြတ်စွာဘုရားက ပရိနိဗ္ဗာန်မစံခင် ဆန္ဒကို ဘာလုပ်ပစ်ခဲ့သလဲဆိုတော့ ဗြဟ္မဒဏ်ပေးခဲ့တယ်တဲ့၊ ဗြဟ္မဒဏ်ပေးခဲ့တယ်ဆိုတာက ဒဏ်ပေးတာပါပဲ။

အခုခေတ်မှာလဲ ကျောင်းတွေမှာ ဒဏ်ပေးတယ်မဟုတ်လား။ ကျောင်းသူ/ကျောင်းသားတွေ ဘယ်လိုဖြစ်ယင် ဒဏ်ပေးမယ်၊ ဘယ်လို လုပ်ယင် ဒဏ်ပေးမယ်၊ ဒီလိုရှိတယ် မဟုတ်လား၊ ဗြဟ္မဒဏ်ပေးတယ်ဆိုတာ ဗြဟ္မ–က မြတ်တယ်၊ ဒဏ်ပေးနည်းက နှစ်မျိုးရှိတာကိုး၊ ဆိုးဆိုးရွားရွား ဒဏ်ပေးတဲ့နည်း၊ ကောင်းကောင်း ဒဏ်ပေးတဲ့နည်း။ အဓိပ္ပါယ်တစ်ခု–ရေ ဘယ်နှစ်ပုံးထမ်းရမယ်၊ မြက်ကို ဘယ်လိုရိတ်ရမယ်–ဆိုတဲ့ ဒီလိုပေးတဲ့ ဒဏ်တွေဟာ ဒါနည်းနည်းနိမ့်ကျတယ်၊ သူဒုက္ခရောက်အောင် ပေးတဲ့ဒဏ်ပဲ။ အဓိပ္ပါယ်တစ်ခု–မင်း ဒီနေ့ တစ်နေ့လုံး စာထိုင်ကျက်ရမယ်ဆိုတာမျိုး၊ ဒီလိုပေးတဲ့ ဒဏ်မျိုးကျတော့ မြတ်တဲ့ ဒဏ်ပဲ၊ ကောင်းတဲ့ဒဏ်ပဲ။

မြတ်စွာဘုရားက ဗြဟ္မဒဏ်ပေးမယ်ဆိုတာက ငါမရှိပြီးတဲ့ နောက်မှာ ဆန္နမထေရ်ကို ဘယ်ရဟန်းမှ မဆုံးမကြနဲ့၊ သူနေချင်သလို နေပစေ၊ သူပြောချင်သလို ပြောပစေ၊ သူလုပ်ချင်သလို လုပ်ပစေ။

ဒါ ဒဏ်ပေးတာပဲ၊ ခုခေတ် မိဘက ဆိုးတဲ့ သားသမီးတွေကို သူ့ဦးကြီး-ဦးလေးတွေကော၊ ရပ်ကွက်ကော သူလုပ်ချင်ရာ လုပ်ပစေ၊ ဘယ်သူမှ မဆုံးမနဲ့ ဆိုလို့ရှိယင် ဘယ့်နဲ့နေမတုံး။ ခုခေတ် သားသမီးတွေ ကတော့ သိပ်သဘောကျမယ်နဲ့ တူတယ်၊ အဲဒါ ဒဏ်ပေးတာ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး မရှိတဲ့နောက်ကျတော့ သူ့အားကိုး က မရှိတော့ဘူး။ အားကိုးမရှိတော့ သူ့ကို ဘယ်သူမှ ဆုံးမမယ့်လူ ပြော ဟောမယ့်လူ မရှိတော့ဘူး။ မရှိတော့ ဆန္န ရဟန်းက တစ်ကျောင်းပြီး တစ်ကျောင်း လျှောက်ပြီးတော့ မေးတယ်၊ မေးတော့ သူ့ကို ဘယ်ရဟန်းမှ သိပ်ပြီးတော့ အဖက်လုပ် မပြောကြဘူး၊ မြတ်စွာဘုရားက ပညတ်ခဲ့တာကိုး။ မြတ်စွာဘုရားက ဗြဟ္မဒဏ်ပေးထားတာ၊ သူ့ကို ဘယ်သူကမှ အဖက်လုပ် ပြီးတော့ ဆုံးမမဲ့လူ မရှိဘူး၊ သူမေးလဲ သူ့ကို မပြောကြဘူး။ နောက်ပိတ် ဆုံးကျတော့ အရှင်အာနန္ဒာနဲ့ သူက ရင်းနှီးတာကိုး။ အရှင်အာနန္ဒာကို ငါမေးယင်တော့ ပြောမှာပဲဆိုပြီး ဆန္နက အရှင်အာနန္ဒာကို အခု တပည့်တော် တရားရချင်ပါတယ်၊ တပည့်တော် သဘောပေါက်အောင် တရားပေါက်အောင် အရှင်ဘုရား တပည့်တော်ကို တရားဟောပြပါတဲ့။

အရှင်အာနန္ဒာက စဉ်းစားတယ်၊ သူ မာနတွေလဲကျကုန်ပြီ၊ တစ်ခါမှ မပြောဘူးတဲ့ စကားတွေ သူလာပြီးတော့ ဝန်ချပြီးတော့ ပြောနေပြီ၊ အဲဒီတော့ သူ့ကို ဒီအချိန်မှာ တရားဟောယင်တော့ တရားရနိုင်တယ်ဆိုပြီး မြတ်စွာဘုရားဟောတဲ့ တရားတွေထဲက ဆန္နနဲ့ ကိုက်ညီမဲ့တရား စဉ်းစားကြည့် တဲ့အခါမှာ သံယုတ် ပါဠိတော်က ကစ္စာနဂေါတ္တသုတ်ကို သွားတွေ့တယ်။ ကစ္စာနဂေါတ္တသုတ်ဆိုတာ ရှင်ကစ္စည်း မထေရ်ကို မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်က ဟောခဲ့တဲ့သုတ်၊ အဲဒီသုတ်ဟာ ခုခေတ် လူတွေအတွက်လဲ တော်တော်ကောင်းပါတယ်။ ဒီသုတ်ကို အရှင်အာနန္ဒာက ဟောပြတော့ ဆန္နမထေရ်ဟာ တရားပေါက်သွားတယ်၊ ဒီသုတ်ကို ဆရာ ခုမပြောသေးဘူး။ ဒီသုတ်ကို ခန္ဓာ, အာယတန, ဓာတ်, သစ္စာ-တွေ သင်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်

သင်တဲ့အခါကျမှ ဆက်ပြောမယ်၊ အခုကတော့ ဘယ်ကနေ ဘယ်လို စကားစပ် သွားလဲ မသိဘူး။

နောက်သင်တန်း ဆက်ပြဖို့ ဆရာ ဦးလှမောင်ရော၊ ဆရာ ဦး အေးနိုင်ရော မလာနိုင်ဘူး။

အဲဒီတော့ ဆရာက မနေ့ကလဲ ၉–နာရီကနေပြီးတော့ ၅–နာရီ ထိအောင် တစ်နေ့လုံး၊ ဒီနေ့လဲ မနက်မိုးလင်းကစပြီးတော့ ကမ္ဘာအေး အစည်းအဝေးကနေ ဒီကိုဆက်လာတာ။ ဒီသင်တန်းမှာ နောက်တစ်ခါ ဆက်ပြမယ် ဆိုလို့ရှိယင် နက်ဖြန်ခါကျတော့ ဆရာ့ကို တွေ့ချင်မှတွေ့ရမှာ။ အဲဒီတော့ နက်ဖြန်ခါ ပြနိုင်အောင် ဒီနေ့ သင်တန်းပြီးယင်တော့ ပြန်ရုံပဲရှိ တယ်။ နောက်သင်တန်း ပြမယ့်ဆရာ မရှိဘူး၊ စိတ်များ ဆိုးနေကြမလားတော့ မသိဘူး။

ဒီနေ့တော့ ဒါလောက်နဲ့ သင်တန်းသိမ်းလိုက်ကြစို့။

သာဓု သာဓု သာဓု

* * * * *

# ပို့ချချက်(၂၅)

**၁၈–၈–၇၉**

## သစ္စာလေးပါးတရားတော်

သစ္စာလေးပါးက ဒုက္ခသစ္စာရယ်, သမုဒယသစ္စာရယ်, မဂ္ဂသစ္စာရယ်, နိရောဓသစ္စာရယ်၊ သစ္စာလေးပါး။

**၁။ ဒုက္ခသစ္စာ** ဒုက္ခသစ္စာဆိုတာက စိတ် ၈၉–ခုထဲက လောကီစိတ်-၈၁၊ လော ကီစိတ် ၈၁–ခုဆိုတာက လောကုတ္တရာစိတ် ရှစ်ခု မပါဘူးပေါ့။ အဲဒီတော့ လောကီစိတ် ၈၁–ခုဟာ စိတ်ထဲက ဒုက္ခသစ္စာပေါ့။

စေတသိတ် ၅၁–ခုဆိုတာက စေတသိတ်ထဲက လောဘ စေတသိတ် မပါဘူး။ အဲဒီတော့ စေတသိတ်က ၅၁–ခု၊ ရုပ်က ၂၈–ခု၊ အဲဒါ ဒုက္ခ သစ္စာ။ ဒုက္ခသစ္စာဆိုတာက အမှန်တရားအားဖြင့် ဆင်းရဲတာ၊ဆင်းရဲတာ အမှန်ပေါ့။ သစ္စာဆိုတာက တကယ်အမှန်ကိုပြောတာပါ၊ တကယ် အမှန် တရားအားဖြင့် ဒီလောကီတရား အားလုံးဟာ ဒုက္ခသစ္စာပဲ၊ ဒါ အရိယာတို့ရဲ့ သစ္စာလို့လဲ ခေါ်တယ်၊ အရိယာတို့ရဲ့တကယ့်အမြင်မှန်ကို ပြောတာပေါ့။

အဓိပ္ပါယ်တစ်ခု–လောကီစိတ် ၈၁–ခုဆိုတာက လောကီမှာ အကု သိုလ်တွေလဲ ပါတယ်၊ ကာမာဝစရကုသိုလ်လဲ ပါတယ်၊ ရူပါဝစရ ကုသိုလ် လဲ ပါတယ်၊ သို့ပေတဲ့ ကာမာဝစရ ကုသိုလ်တို့၊ ရူပါဝစရ ကုသိုလ်တို့၊ အရူပါဝစရကုသိုလ်တို့၊ ဒီတရားတွေဟာ သုံးဆယ့်တစ်ဘုံမှာ ကျင်လည် တဲ့တရားတွေဖြစ်လို့ အရိယာတို့ရဲ့ အမြင်အားဖြင့်ဆိုယင် ဒါတွေဟာ ဒုက္ခသစ္စာပဲ၊ ဒါ အရိယာတို့ရဲ့ အမြင်မှန်သဘော ပြောတာပါ။

**လောကမှာ ချမ်းသာမရှိဘူးလား** အဘိဓမ္မာနည်းနဲ့ ပြောတာမဟုတ်ဘူး၊ အဘိဓမ္မာကတော့ ကာမာဝစရကုသိုလ် မှာ သုခဝေဒနာဆိုတာ မရှိဘူးလား၊ ကာမာဝစရ ကုသိုလ်စိတ်မှာလဲ

သောမနဿ–ချမ်းသာတာရှိတာပဲ၊ ရူပါဝစရကုသိုလ်တို့မှာလဲ ဈာန်ချမ်းသာဆိုတာ ရှိတာပဲ။ ဒါက အဘိဓမ္မာရဲ့အနေအထားဖြင့် ကာမဂုဏ်ချမ်းသာ၊ ဈာန်ချမ်းသာဆိုတဲ့ သုခဝေဒနာဆိုတာရှိတယ်။ သို့ပေတဲ့ ဒါကို အရိယာတို့ရဲ့ အမြင်နဲ့ကြည့်တဲ့အခါကျတော့ ဒီ ချမ်းသာတွေဟာ မမြဲတဲ့ ချမ်းသာတွေပဲဆိုပြီးတော့ ဒုက္ခပဲလို့ ဒီလိုမြင်တာ။ တချို့တလေက ဒီလို အဘိဓမ္မာအမြင်နဲ့ အရိယာအမြင် မကွဲတော့ ဗုဒ္ဓဘာသာတရားဟာ **အဆိုးဘက်ကို ကြည့်တဲ့တရားဆိုပြီး** မဟုတ်မဟတ် ပြောတက်ကြတယ်။ အဲဒါကို ပြန်ပြီးတော့ မဖြေတက်ကြဘူး။ ဘာဖြစ်လို့ မဖြေတတ်ကြလဲ ဆိုတော့ တချို့ဗုဒ္ဓဘာသာတွေက ပိဋကတ်သုံးပုံကိုလည်း အသေအချာ မသင်ဘူး၊ အဘိဓမ္မာလည်း အသေအချာမသင်ဘူး၊ အဲဒီတော့ စာတစ်ပိုင်းတစ်စနဲ့ အားလုံးဒုက္ခချည်းပါပဲ၊ လောကကြီးဟာ ဒုက္ခပါပဲ လို့ ပြောတတ်ကြတယ်၊ တကယ်လည်း ဒုက္ခမြင်တာမဟုတ်ဘူး။ ပြောသံကြားနဲ့ ဒုက္ခပါပဲလို့ ဒီလို အကုန်လုံး ရောပြီး ပြောနေကြတာ။ ဘုရားက အကုန်လုံး ဒုက္ခလို့ ဟောသလား၊ အဘိဓမ္မာမှာ ကာမဂုဏ်ချမ်းသာဆိုတဲ့ သုခဝေဒနာဆိုတာ ရှိတယ်လို့ ဘုရားက ဟောထားတာပဲ။ ဒါအဘိဓမ္မာမှာ သဘာဝအားဖြင့် ချမ်းသာဆိုတာ ရှိတာပဲ ။ ကာမချမ်းသာတွေကို ဒုက္ခသစ္စာလို့ ဟောတဲ့ တရားက ဒီပုထုဇဉ်က တစ်ဆင့်တက်သွားတော့ အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေက ဒါတွေဟာ ဒုက္ခနဲ့မကင်းလို့ သုခဝေဒနာတရားတွေပေမဲ့ ဒုက္ခလို့ ဒီလို ပြောတာ။ သူတို့ အမြင်နဲ့ပြောတာ။ သဘာဝအားဖြင့် သုခဝေဒနာ မရှိလို့ မဟုတ်ဘူး၊ အဘိဓမ္မာအားဖြင့် ကာမဂုဏ်ချမ်းသာမှာ သုခဝေဒနာဆိုတာ ရှိတာပဲ။

အဲဒီတော့ ရူပဗြဟ္မာတွေမှာလည်း ဈာန်ချမ်းသာဆိုတဲ့ လောကီချမ်းသာရှိတယ်၊ ဒါ သဘာဝအားဖြင့် ရှိတယ်။ သို့ပေမဲ့ အရိယာပုဂ္ဂိုလ်တို့ရဲ့ အမြင်နဲ့ကျတော့ ဒီ ဈာန်ချမ်းသာဟာ ဈာန်ရပြီးတော့ ဗြဟ္မာဘုံ ရောက်နေတယ်ဆိုယင် အကြာဆုံး ဗြဟ္မာဟာ အရူပ ဗြဟ္မာပါပဲ။ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ကြာတယ်၊ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်

ကုန်ယင် သူ လူ့ပြည် ပြန်ရောက်ပြီး နောက် ငရဲတောင် ကျနိုင်တာပဲ။ ဟကယ် ဒုက္ခမှ မလွတ်နိုင်သေးတဲ့ဘဝတွေမို့လို့ အဲဒီ ဘုံဘဝတွေဟာလဲ ဒုက္ခသစ္စာ ဆိုပြီး ဒါ အရိယာအမြင်ကနေ ပြောတာ၊ တကယ် သဘောတရား အားဖြင့် ကာမဘုံတို့၊ ရူပဘုံတို့မှာ ချမ်းသာမရှိလို့ မဟုတ်ဘူး၊ ရှိပါတယ် တဲ့။

ဒါပေမဲ့ တချို့တလေက ဗုဒ္ဓဘာသာကို အဆိုးရှုထောင့်က ကြည့်တဲ့ တရားတဲ့။ သုံးဆယ့်တစ်ဘုံက ထွက်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီ သစ္စာလေးပါး ကို အရိယသစ္စာလို့ ခေါ်တယ်။ အရိယာတို့ရဲ့ အမှန်တရားပဲ။ အရိယာ တို့ကတော့ သူတို့အမြင် သူတို့ဉာဏ်မှာတော့ ဒီ လောကီတရားအားလုံးဟာ ဒုက္ခသစ္စာပဲ။ "လောကီစိတ် ၈၁-ခု၊ စေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခုသည် ဒုက္ခသစ္စာမည်၏"ဆိုတာက ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ အဲဒီဘုံ ၃၁-က တရားတွေကို အကုန်လုံးပေါင်းလိုက်ပြီး အဘိဓမ္မာနဲ့ အရကောက် လိုက်ယင် လောကီစိတ် ၈၁-ခုရယ်၊ စေတသိက် ၅၁-ခုရယ်၊ ရုပ် ၂၈-ခုရယ်၊ ဒါပဲရှိတာပဲ။ သုံးဆယ့်တစ်ဘုံ ဘယ်လောက် ကြီးကျယ်နေပေမဲ့ အဘိဓမ္မာတရားကိုယ်အရ ကောက်လိုက်တော့ နည်းနည်းကလေးပဲ။ ကဲ-ဆိုစမ်းပါ-

"လောကီစိတ် ၈၁-ခု၊ စေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခုသည် ဒုက္ခသစ္စာ မည်၏"။ (သုံးခေါက်ဆို။)

ဒီတော့ ဒုက္ခသစ္စာဆိုတာက အကျိုးသစ္စာပဲ၊ အရိယာတွေက ကာမဘုံ, ရူပဘုံ, အရူပဘုံ-သုံးဆယ့်တစ်ဘုံမှာ အကုန်လုံး ဒုက္ခချည်းပဲလို့ ဒီလို ဒုက္ခလို့ မြင်တဲ့ သစ္စာက ဒါ အကျိုးကိုမြင်တာ၊ အကျိုးသစ္စာပဲ၊ ဒါ အကျိုးတရားပဲ၊ ကာမဘုံ ရူပဘုံ အရူပဘုံ သုံးဆယ့်တစ်ဘုံမှာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဒုက္ခပဲလို့ ဒီလိုမြင်တာကို အရိယသစ္စာ ခေါ်တယ်။

ဝိပဿနာ တရားအားထုတ်တဲ့အခါကျတော့ သစ္စာလေးပါးကို

ပိုင်းခြားပြီး သိတယ်လို့ဆိုတာ ဘယ်လိုသိတာတုံး၊ လူ့ဘဝမှာ ကုဋေပေါင်း ဘယ်လောက်ချမ်းသာ ချမ်းသာ၊ စိန်တွေ, ရွှေတွေ, ရတနာတွေ–လှည်းနဲ့ တိုက်လို့မကုန်အောင် ချမ်းသာ ချမ်းသာ၊ ဒုက္ခပဲလို့ အရိယာတွေက ဒီလိုပဲ မြင်တယ်။ အဲဒီတော့ လူ့ပြည်ကနေပြီး နတ်ပြည်ရောက်သွားပြန်တော့လဲ နတ်သမီးတွေ တစ်ဖက်လေးငါးရာနဲ့ နတ်စည်းစိမ်ဟာ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ၊ အဲဒီနတ်စည်းစိမ်ဟာလဲ ဒုက္ခပဲလို့မြင်တော့ နတ်ပြည် လဲ သူက မရောက်ချင်ဘူး၊ နတ်ချမ်းသာကိုလဲ သူက ဒုက္ခပဲလို့ ထင်တယ်။ တစ်ခါ ဈာန်တွေ ဘာတွေရပြီး ဗြဟ္မာ့ဘုံရောက်တဲ့အခါကျတော့ ဗြဟ္မာ့ဘုံမှာ လဲ ဗြဟ္မာချမ်းသာဆိုတာ ရှိတယ်။ အဲဒီ ဗြဟ္မာ့ဘုံရောက်လဲ ဗြဟ္မာတွေဟာ မြဲတာမဟုတ်ဘူး၊ တော်တော်ကြာ သေပြီး ငရဲတောင် ပြန်ရောက်နိုင်သေး တာပဲ။ ဒါကြောင့်မို့ ဗြဟ္မာဖြစ်ရတာလဲ ဒုက္ခပဲလို့ ဒီလိုမြင်လာတယ်။

**ဝိပဿနာတရားအားထုတ်ယင် ဘယ်လို စိတ်ရှိရမလဲ**

သစ္စာလေးပါးကို ပိုင်းခြားပြီးတော့ သိ တယ်ဆိုတာ သုံးဆယ့်တစ်ဘုံ အကုန် လုံးဟာ ဒုက္ခပဲ၊ ဘယ်ဘုံမှာမှ သူက မဖြစ်ချင်တော့ဘူး။ အရေးကြီးတာက ဝိပဿနာတရားမှာ ဒုက္ခမြင်ဖို့ပဲ အရေးကြီးတာပဲ။ ဝိပဿနာတရားအားထုတ်တဲ့ လူတစ်ယောက်ကို မင်္ဂလာ ဖိုလ် နိဗ္ဗာန်ရချင်တယ်ဆိုယင် ခင်ဗျားကို အခု စိန်တွေ ရွှေတွေ ရတနာ တွေ သုံးလို့မကုန်အောင် ပေးမယ်၊ ခင်ဗျား ယူမလားလို့မေးယင် ဘယ့်နှယ် ပြောမလဲ၊ ဒီသင်တန်းထဲက လူတွေကတော့ အကုန်ယူမှာပဲမဟုတ်လား၊ ချမ်းသာမယ်ဆိုလို့ရှိယင်ပေါ့လေ။

အဲဒီတော့ မော်တော်ကားတွေ၊ တိုက်တွေ၊ ရတနာတွေ၊ ပစ္စည်း တွေ အကုန်ပေးမယ် ယူမလားလို့ဆိုယင် ဟာ–ဒီပစ္စည်းတွေတော့ မလိုချင် ပါဘူး၊ အဲသလို မလိုချင်တဲ့ပုဂ္ဂိုလ်မှ ဝိပဿနာတရား အားထုတ်လို့ရလွယ် တာ။ သာမည ပုဂ္ဂိုလ်တွေ ရနိုင်တာမဟုတ်ဘူး။ အခု ရိပ်သာသွားပြီးတော့ ဝိပဿနာတရား အားထုတ်တယ်ဆိုတဲ့ လူတွေဟာ သာမညပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ အဲဒီလို ပစ္စည်းတို့၊ ငွေတို့၊ တိုက်တို့၊ ဘာပေးပေး မလိုချင်

လို့ သုံးဆယ့်တစ်ဘုံက ချမ်းသာကို မလိုချင်လို့ ဒါတွေကို ဒုက္ခပဲလို့ ဒီလို မြင်လို့ ဝိပဿနာတရား အားထုတ်ကြတာ။

ရာထူးဆိုလို့ရှိယင်လဲ ဘယ်လောက် ကြီးကျယ်တဲ့ စကြာမင်း ရာထူးကြီးဖြစ်ဖြစ် မယူချင်ဘူးဆိုတဲ့ အဲဒီစိတ်မျိုးပေါက်လာလို့ ဝိပဿနာ တရားအားထုတ်ကြတာ၊ အဲဒီလို စိတ်မျိုး ပေါက်လာတာကို ဉာဏ်ဆယ်ပါး မှာတော့ နိဗ္ဗိဒါဉာဏ်လို့ ခေါ်တာပါပဲ။ ဒါကြောင့်မို့လို့ တရားရချင်တဲ့ ပဂ္ဂိုလ်တွေကျတော့–

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။

အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အထ နိဗ္ဗိန္ဒတိ ဒုက္ခေ–မှာ နိဗ္ဗိန္ဒတိ–ဆိုတာ နိဗ္ဗိဒါဉာဏ်ပေါ်လာတယ် လို့ ပြောတာ။ လူ့ဘဝမှာ ဘယ်လောက်ကြီး ချမ်းသာ ချမ်းသာ၊ အဲဒီ လူ့ စည်းစိမ်ဆိုတာဟာ ဒုက္ခပဲ၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေက အမြင်မှားပြီးတော့ ချမ်း သာလို့ ထင်နေတာ၊ သူက အဲဒီလို လူ့စည်းစိမ်တွေကို တပ်မက် တွယ်တာ တဲ့စိတ် မရှိတော့တာကို နိဗ္ဗိဒါဉာဏ်ပေါက်တယ်လို့ ဆိုတာပါပဲ။ အဲဒီလို နိဗ္ဗိဒါဉာဏ်ရလာမှ ဝိပဿနာတရားအားထုတ်လို့ရတယ်၊ အဲဒီ နိဗ္ဗိဒါဉာဏ် မရသေးယင်တော့ တစ်သက်လုံးပဲ အားထုတ်အားထုတ်၊ ဘယ်လောက်ကြီး အားထုတ်အားထုတ်၊ နိဗ္ဗိဒါဉာဏ်မှ မရယင် ဒါ မဂ်စော်, ဖိုလ်စော်–နံဖို့ ဟာ ဝေးပါတယ်တဲ့၊ နိဗ္ဗာန်ကို ပြောလိုလဲ နားလည်မှာ မဟုတ်ပါဘူး။

နိဗ္ဗိဒါဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို နိဗ္ဗာန်ပြောပြယင် သူက လွယ်လွယ် လေးပဲ၊ နိဗ္ဗိဒါဉာဏ်မရောက်သေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို နိဗ္ဗာန်ပြောပြ ယင် ဘယ်လိုပြောပြော နားကိုမလည်ဘူး၊ နိဗ္ဗာန်က ပုထုဇဉ်အမြင်နဲ့ ကြည့်လို့မှ မရဘဲ၊ အရိယာအမြင်နဲ့ကြည့်မှ ရတာကိုး။ အဲဒီတော့ ဒုက္ခကို သိတယ်ဆိုလို့ရှိယင် နိဗ္ဗာန်ကို ပြောစရာမလိုဘူး၊ ဒုက္ခမသိသေးလို့ နိဗ္ဗာန်ကို မေးမေးနေကြတာ၊ ရိပ်မိကြပလား။

အဲဒီတော့ သုံးဆယ့်တစ်ဘုံမှာရှိတဲ့ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်၊ ဒီ စည်းစိမ်တွေဟာ အကုန်လုံး ဒုက္ခပဲလို့ ကိုယ့်ဉာဏ်နဲ့ တကယ်သိလာယင် ဒါ နိဗ္ဗာန်ကိုပြောလို့ လွယ်လွယ်လေးပဲ။ အဲဒါကြောင့် မို့လို့–အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ=နိဗ္ဗိဒါဉာဏ် အရေးကြီးတယ်လို့ ဟောခဲ့တာပါပဲ။ အဲဒီတော့ ဒုက္ခသစ္စာလို့ပြောတာက အရိယာတို့ရဲ့အမြင်၊ ဒါ အကျိုးသစ္စာ။ ဒီဒုက္ခတွေဟာ သုံးဆယ့်တစ်ဘုံမှာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ငရဲကျလိုက်၊ ဒီလို ဒုက္ခတွေဖြစ်ဖြစ်နေရတာဟာ ရှင်းရှင်းကတော့ ဒါ ရုပ်နဲ့ နာမ်ပဲ။

လောကီစိတ် ၈၁–ခု၊ စေတသိက် ၅၁–ခု၊ ရုပ် ၂၈–ခုကို ပေါင်းလိုယင် အကျဉ်းချုပ်ကတော့ ဘာတုံး၊ ရုပ်နဲ့နာမ်ပဲ။ လောကီ ရုပ်,နာမ် နှစ်ပါးပဲ၊ ဒါကို ဥပါဒါနက္ခန္ဓာငါးပါးလို့ ဒီလိုလဲခေါ်တယ်။ ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ ခန္ဓာနဲ့ ဥပါဒါန် တွဲလိုက်တာပါပဲ။ လောကီစိတ် ၈၁–ခု၊ စေတသိက် ၅၁–ခုနဲ့ ရုပ် ၂၈–တို့ကို ခန္ဓာ ဖွဲ့ပြပါဆိုယင် ဘယ်နှစ်ခု ဖွဲ့ပြမတုံး၊ စာမေးပွဲက မေးမှာ၊ စာမေးပွဲက နီးနေပြီ။

ရုပ် ၂၈–ခုက ဘာခန္ဓာတုံး၊ ရူပက္ခန္ဓာ။ **ဝေဒနာက**၊ ဝေဒနာက္ခန္ဓာ။ သညာက သညာက္ခန္ဓာ။ ဝေဒနာ, သညာမှ **ကြွင်းသော** စေတသိက် ၅၀–က သင်္ခါရက္ခန္ဓာ။ စေတသိက် ၅၁–ခုကို **ခန္ဓာဖွဲ့ယင်** ခန္ဓာက သုံးပါးရတာပဲ။ လောကီစိတ် ၈၁–ခုက ဘာခန္ဓာ**တုံး၊ ဝိညာဏ**က္ခန္ဓာ။

အဲဒီတော့ ဒုက္ခသစ္စာကို ခန္ဓာ **ဖွဲ့ပြပါဆို**ယင် ခန္ဓငါးပါးရတယ်။

တစ်ခါ ဒုက္ခသစ္စာကို အာယ**တနဆယ့်နှစ်**ပါး ဖွဲ့ပြဆိုတော့ အာယတန ဘယ်နှစ်ပါးရမတုံး၊

ဒီဒုက္ခသစ္စာမည်တဲ့ တရားထဲက ရုပ် ၂၈–ခုမှာ စက္ခုပသာဒက စက္ခာယတန၊ သောတသာဒ**က သော**တာယတန၊ ဃာနပသာဒက ဃာနာယတန၊ ဇိဝှါပ**သာဒက ဇိ**ဝှါယတန၊ ကာယပသာဒက ကာယာယတန။ ပသာဒရုပ် ငါးခုကတော့ ငါးခုရသွားပြီ။

ရူပါရုံက ရူပယတန၊ သဒ္ဒါရုံက သဒ္ဒါယတန၊ ဂန္ဓာရုံက ဂန္ဓာ–ယတန၊ ရသာရုံက ရသာယတန၊ ပထဝီ၊ တေဇော၊ ဝါယော–ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံက ဖောဋ္ဌဗ္ဗာယတန။ အာရုံ ငါးပါးကလဲ အာယတန ငါးပါးရသွားတယ်၊ ခု ဆယ်ပါးရှိသွားပြီ။ ရုပ် ဆယ့်နှစ်ပါးပဲ ကုန်သေးတယ်။ ကျန်တဲ့ သုခုမ ရုပ်တွေက ဘာ အာယာတနတုံး၊ ဓမ္မာယတန။ ရုပ် ၂၈–ခုကို အာယာတန ဖွဲ့ပါဆိုယင် အာယတန ဘယ်နှစ်ပါးရတုံး၊ ၁၁–ပါးရတယ်။

စေတသိက် ၅၂–ခုက ဘာအာယတနလဲ၊ စေတသိက် အကုန်လုံးက ဓမ္မာယတနချည်းပဲ၊ အဲဒီတော့ အာယတန တိုးမသွားဘူး။ သုခုမရုပ် ၁၆–ခုကလဲ ဓမ္မာယတန၊ စေတသိက် ၅၂–ခုကလဲ ဓမ္မာယတန။ အဲဒီတော့ လောကီစိတ် ၈၁–ခုက ဘာအာယတနတုံး၊ လောကီစိတ် ၈၁–ခုက မနာယတနပဲ။

ဒုက္ခသစ္စာကို အာယတန ဖွဲ့ပြပါဆိုယင် အာယတန ဘယ်နှစ်ပါးရတုံး၊ ဆယ့်နှစ်ပါးရတယ်။ ရုပ်တွေပါလို့ရှိယင် အာယတနက များတာပဲ။ ဒါကြောင့်မို့ အခုလောက် ကျေကျေရထားလို့ရှိယင် စာအုပ်မကိုင်ဘဲနဲ့ အဘိဓမ္မာ ခုနစ်ကျမ်းကို အကုန်လုံး တက်သွားလိမ့်မယ်။ ဓာတုကထာတို့ ဘာတို့ကျတော့ ဒုက္ခသစ္စာကို ခန္ဓာဘယ်လောက်၊ အာယတန ဘယ်လောက်၊ ဓာတ်ဘယ်လောက်နဲ့ ဖွဲ့ရမတုံး၊ ပါဠိတော်က ဒါမေးတာကိုး။ ကိုယ်က သိနေယင် ဒုက္ခသစ္စာကို ခန္ဓာငါးပါးဖွဲ့ရတယ်၊ အာယတနဆိုယင် ဆယ့်နှစ်ပါးလုံး ဖွဲ့လို့ရတယ်။ ဓာတ်ဆိုလို့ရှိယင်လဲ ဆယ့်ရှစ်ပါးလုံးဖွဲ့ရတာပဲ၊ ဘာဓာတ်မှ မလျော့ဘူး။

အဲဒါကြောင့်မို့လို့ ဓာတုကထာဆိုတာ ခန္ဓာ၊ အာယတန၊ ဓာတ်–ဖွဲ့နည်းတွေကို ဒီလို လျှောက်ဟောတာပဲ။ ပါဠိဆိုနည်းလေးပဲ လိုတယ်။ အဘိဓမ္မာခုနစ်ကျမ်းဟာ **သင်္ဂြိုဟ်ကို** တကယ်တတ်အောင် သင်ထားလို့ရှိယင် ဆရာက နည်းပြပေးယင် **အကုန်လုံး တက်သွားတာပဲ။**

အဲဒီတော့ အရိယာပုဂ္ဂိုလ်က သုံးဆယ့်တစ်ဘုံမှာရှိတဲ့ တရားတွေကို သူက ဒုက္ခလို့မြင်တာဟာ အကျိုးကိုမြင်တာ။ ဒုက္ခသစ္စာဆိုတာ ပေါင်း

လိုက်တော့ ရုပ်နဲ့နာမ်ပဲ။ ဒါကို ဥပါဒါနက္ခန္ဓာ ခေါ်တယ်။ အခုလူတွေရဲ့ ခန္ဓာကိုယ်ဟာ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ၊ နတ်ရဲ့ခန္ဓာလဲ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ။ ဒီ ဥပါဒါနက္ခန္ဓာဆိုတဲ့ လူ, နတ်, ဗြဟ္မာ–ဒီရုပ် နာမ်တွေ ဖြစ်ပေါ်နေတာ ဘာကြောင့်ဖြစ်သတုံ၊ အရိယာတွေက အကြောင်းကို ရှာတာ။

ရုပ်, နာမ်ဖြစ်ခြင်းရဲ့ အကြောင်းကို ပဋ္ဌာန်းသင်ထားတဲ့အခါကျတော့ ပဋ္ဌာန်းမှာ အကြောင်းတွေက အမျိုးမျိုးရှိတယ်၊ ပဋ္ဌာန်းက အကြောင်းတရားတွေက အရိယတွေမြင်တဲ့ အကြောင်းတရားတွေ မဟုတ်ဘူး။ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့ သိတဲ့အကြောင်းတရားတွေသာ ဖြစ်တယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ သူက အများကြီးမြင်ဖို့ မလိုဘူး။

**လူသေယင် ဘာကြောင့် ထပ်ဖြစ်ရသလဲ** လူဖြစ်ခြင်းရဲ့အကြောင်းတရား၊ နတ်ဖြစ်ခြင်းရဲ့အကြောင်းတရား၊ ဗြဟ္မာဖြစ်ခြင်းရဲ့ အကြောင်းတရား၊ ဒီလို ပညတ်နည်းနဲ့ ပြောချင်ပြောနိုင်တယ်၊ ဒါမှမဟုတ်လို့ရှိယင် ရုပ်, နာမ်ဖြစ်ခြင်းရဲ့ အကြောင်းတရားလို့ ဒီလို ပရမတ်နည်းနဲ့ ပြောနိုင်တယ်။ အဲဒီအကြောင်းတရားကို ရှာတဲ့အခါမှာ ဒီ အရိယာသစ္စာလေးပါးကို သိခါနီးတဲ့အခါကျတော့ အရိယာဖြစ်မဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ဘာသာကိုယ် သိလာတယ်။ အဘိဓမ္မာ သင်ထားတဲ့ ခင်ဗျားတို့ကျတော့ အလျင်သိနေတယ်၊ အရိယာတော့ မဟုတ်ဘူး။ လူ့ဘုံမှာ အင်မတန်ပျော်ချင်သေးတယ်၊ လူ့ဘုံမှာ ချမ်းသာချင်တယ်၊ ရာထူးကြီးကြီး ရချင်တယ်ဆိုတဲ့ ဒီလို လူစားတွေလဲ ရှိသေးတယ်၊ ချမ်းသာမယ်ဆိုယင် ဘယ်လောက်ချမ်းသာ ချမ်းသာ ချမ်းသာချင်ကြသေးတယ်၊ အဲဒီလို လူတွေပေတဲ့ အဘိဓမ္မာကိုသင်ထားတော့ ဒီ လူ, နတ်, ဗြဟ္မာ–သုံးဆယ့်တစ်ဘုံမှာ ရုပ်, နာမ်ထပ်ထပ်ပြီးတော့ ဖြစ်နေတာ ဘာ့ကြောင့်ဖြစ်နေတာလဲလို့ ဒီလို စဉ်းစားတော့ ဒီ ဒုက္ခသစ္စာဆိုတဲ့ ရုပ်, နာမ်နှစ်ပါးဟာ ဘာ့ကြောင့် ထပ်ဖြစ်နေသလဲဆိုယင် ခင်ဗျားတို့ ဘယ်လိုပြောမလဲ၊ ခင်ဗျားတို့ သိပြီးသား ဖြစ်နေကယ်၊ **သမုဒယသစ္စာကြောင့်** ထပ်ဖြစ်နေတာ။

**၂။ သမုဒယသစ္စာ** သမုဒယ–ဆိုတာက အကြောင်းတရားပဲ၊ အကျိုးကို မြင်တယ်ဆိုလို့ရှိယင် အကြောင်းကို လိုက်ပြီးတော့ ရှာရမှာပေါ့။ အကြောင်းရှာတဲ့အခါကျတော့ ဘာသစ္စာတုံး၊ သမုဒယသစ္စာ။ သမုဒ္ဒယသစ္စာက ဘာတုံး၊ လောဘစေတသိက်တစ်လုံးတဲ၊ အများကြီးသိတာမဟုတ်ဘူး။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ သိရမှာက လောဘတစ်ခုတဲ၊ လောဘလို့ ခေါ်ချင်ခေါ်မယ်။ နောက်ပြီးတော့ ဘယ်လို ခေါ်နိုင်သေးတုံး၊ တဏှာလို့ ခေါ်ချင်ခေါ်၊ ရာဂလို့ ခေါ်ချင်ခေါ်၊ ခေါ်ချင်သလိုသာခေါ် စေတသိက်ကတော့ လောဘစေတသိက်ပဲ။

အဲဒီတော့ လောဘဆိုတာ မြန်မာလို ဘာတုံး၊ လိုချင်တာ။ တဏှာဆိုတော့ တပ်မက်တာ၊ တွယ်တာတာ။ ရှင်းရှင်းကတော့ လူဖြစ်တာ ဘာကြောင့်ဖြစ်တာတုံး၊ လူ့ဘဝကို တွယ်တာနေလို့ လူဖြစ်တာ။ ဗြဟ္မာဖြစ်တာ ဘာ့ကြောင့် ဖြစ်တာတုံး၊ ဗြဟ္မာ့ ဘဝကို တွယ်တာနေလို့ ဖြစ်တာ။ မြန်မာလို ရှင်းရှင်းပြောယင် **ကိုယ်က ဖြစ်ချင်လို့ကို** ဖြစ်နေတာ။

အခု ခင်ဗျားတို့ ဒီဘဝမှာ ရုပ်, နာမ် နှစ်ခု ဖြစ်နေတာကို ပြန်စဉ်းစားလို့ရှိယင် မွေးပြီးကတည်းက ဒီနေ့ထိအောင် အသက်ရှင်နေတာဟာ သူ့ဘာသူ အသက်ရှင်နေတာလား၊ ခင်ဗျားတို့က ရှင်အောင် လုပ်လို့ ရှင်နေတာလား၊ **ကိုယ်က ဖြစ်ချင်နေလို့ကို ဖြစ်နေတာ၊** တကယ်လို့ မဖြစ်ချင်လို့ရှိယင် ရုပ်, နာမ်နှစ်ပါးဟာ ကနေ့ထိအောင် ရှိပါ့မလား။ ထမင်းမစားဘဲနေယင် ဘယ်နှစ်ရက် ခံမတုံး၊ ခုနစ်ရက်ပဲ ခံမယ်။ အကယ်၍ ဒီရုပ်, နာမ်နှစ်ပါးဖြစ်နေတာ ရှုပ်ပါတယ်၊ မဖြစ်ချင်ဘူးဆိုပြီးတော့ ထမင်းမစားဘဲနေယင် ဘယ်လောက် ခံမတုံး၊ ခုနစ်ရက်ပဲ ခံမယ်၊ မဖြစ်ပါဘူး၊ ဒီရုပ်, နာမ်ရှိတာ ရှုပ်ပါတယ်ဆိုပြီးတော့ စိန်ဆေးသောက်လိုက်လို့ရှိယင်ကော ထွန့်ထွန့်လူးပြီးတော့ တစ်ခါတည်း ရုပ်, နာမ်ဟာ ပျက်သွားမှာပဲ။ အဲဒီတော့ ဒီရုပ်, နာမ်ဖြစ်နေတာကိုက ဘာ့ကြောင့် ဖြစ်နေတာတုံး၊ **ဖြစ်ချင်လို့ ဖြစ်နေတာ၊** ကိုယ်က ဖြစ်ချင်နေလို့ ဒီရုပ်, နာမ်ကို မပျက်စီးအောင် လုပ်လိုက်ရတာ၊

အဲဒီတော့ ဒီရုပ်, နာမ်မပျက်စီးစေချင်တဲ့ ဒီစိတ်ဟာ ခင်ဗျားတို့ ကျုပ်တို့ သန္တာန်တွေမှာ ရှိမနေဘူးလား၊ ရှိနေတယ်။ ဒီရုပ်, နာမ်ကို ဖြစ်ချင်နေတယ်၊ အမယ်လေး အသက် ၆၀-၇၀ ရှိနေသူကလဲ သူ့ကိုယ်သူ သ-လိုက်ရတာ၊ သူ့ရုပ်လေးသူ ဖြစ်နေအောင် အားဆေးသောက်ရ၊ ဟိုဆေး ထိုးရ၊ လမ်းလျှောက်ရ၊ ဒီရုပ်,နာမ်ကို တစ်ခါတည်း မသေအောင် လုပ်လိုက်ရတာ။

အဲဒီတော့ ဒါလောက် ဒီ ရုပ်,နာမ်ကို ဖြစ်ချင်နေယင် သေပြီးယင် ဘာဖြစ်မတုံး၊ ရုပ်, နာမ် ထပ်ဖြစ်မှာပေါ့၊ ကိုယ်က ရုပ်, နာမ် ထပ်ဖြစ်ချင်နေတာကိုး။ သေတာက ဘယ်လို သေတာတုံး၊ မလွဲသာလို့ သေတာ၊ နာမ်တရားကတော့ ဘာဖြစ်နေတုံး၊ ဖြစ်ချင်နေတာပဲ၊ တစ်ခါတည်း ဆရာအမျိုးမျိုး၊ အစားအမျိုးမျိုး၊ ဆေးအမျိုးမျိုးနဲ့ မသေအောင် လုပ်လိုက်ကြရတာ၊ မတတ်သာလို့သာ ဒီရုပ်ကြီးက ပျက်သွားတာ၊ ဖြစ်ချင်တာကတော့ ဖြစ်ချင်နေတာပဲ၊ အဲဒီတော့ ဒီဘဝမှာ ရုပ်, နာမ်ကို ဖြစ်ချင်နေတဲ့ လူဟာ ဟိုဘဝကျတော့ ဖြစ်မှာပဲ၊ ဘယ်ရုပ်, နာမ် ဖြစ်မလဲသာ မသိတာ။ နတ်ရုပ်, နာမ် ဖြစ်ချင်ဖြစ်မယ်၊ ဗျာန်တွေ ဘာတွေ ရယင် ဗြဟ္မာ့ ရုပ်, နာမ် ဖြစ်ချင်ဖြစ်မယ်၊ ဒါမှ မဟုတ်လို့ရှိယင် မကောင်းတာတွေ သိပ်လုပ်နေလို့ရှိယင် ခွေးရုပ်, နာမ် ဖြစ်ချင်ဖြစ်မယ်၊ ငရဲရုပ်, နမ် ဖြစ်ချင်ဖြစ်မယ်၊ ကိုယ်က ရုပ်, နာမ် ဖြစ်ချင်နေတယ်ဆိုလို့ရှိယင်တော့ ဖြစ်အုံးမှပဲ။

ဒါက ဘုရားဟောလို့ သိရမှာ မဟုတ်ဘူး၊ သစ္စာလေးပါးကို သိတယ် သိတယ်ဆိုတာ အရိယာ ပုဂ္ဂိုလ်က သူ့ဉာဏ်ထဲမှာ ကိုယ်က ဒီ ဒုက္ခသစ္စာ ဒီ ရုပ်နဲ့ နာမ်ဟာ တို့ဘာသာတို့ ဖြစ်ချင်လို့ **ဖြစ်နေ**တာပဲ၊ တို့က မဖြစ်ချင်ဘူးဆိုယင် ဒီရုပ်, နာမ်ဟာ မဖြစ်ပါဘူး၊ **သူ့ကို** ဒုက္ခပဲလို့ မြင်လာလို့ရှိယင် အကျိုးကို သတ်လို့တော့ မရဘူး၊ ရုပ်, **နာမ်ကို** ဒုက္ခသစ္စာလို့ မြင်ပြီးယင် ဒီရုပ်, နာမ်ကို မဖြစ်အောင်ဆိုပြီး ဒီရုပ်,**နာမ်ကို** မီးရှို့လို့ရပါ့မလား၊ ရုပ်, နာမ် မဖြစ်အောင်ဆိုပြီး စိန်ဆေးသောက်လို့ ရပါ့မလား၊ ဒါက အကျိုးတရားကြီးပဲ၊ ဒီရုပ်, နာမ်ကြီးဟာ ဒုက္ခပါပဲ**ဆို**ပြီးတော့ ရေထဲ

ခုန်ကူလို ဖြစ်ပါမလား၊ ဒီရုပ်, နာမ်ကြီးကို သွားဖျက်ဆီးလို့ မရဘူး၊ ဒါက အကျိုးတရားကြီးပဲ။

**ခန္ဓာအိမ်ကို ဆောက်လုပ်တာ ဘယ်သနည်း** ဒါကြောင့်မို့လို့ မြတ်စွာဘုရားရဲ့ တရားတော်က အကျိုးသက်ဝရားမဟုတ်ဘူး၊ **အကြောင်းသတ်တဲ့တရား**။ ရုပ်, နာမ်ဖြစ်ခြင်းရဲ့ အကြောင်းကိုရှာပြီးမှ အကြောင်းကို သတ်လိုက်မှ ဒီရုပ်, နာမ်ဟာ မဖြစ်ဘဲ နေမှာ၊ ဒီ ရုပ်, နာမ်တွေ ရှုပ်တယ်ဆိုပြီးတော့ ဓားနဲ့ ခုတ်သတ်လဲ ဒီရုပ်, နာမ်က မကုန်ဘူး၊ ထပ်ဖြစ်နေတာပဲ။ ဒီရုပ်, နာမ်တွေကို အဏုမြူဗုံးနဲ့ ပစ်ကြဲလိုက်လဲ ထပ်ဖြစ်နေမှာပဲ။ အဲဒီတော့ ရုပ်, နာမ် မဖြစ်အောင်က ရုပ်, နာမ် မဖြစ်ခြင်းရဲ့အကြောင်းကို ရှာရမယ်၊ ဘာတွေ့တုံး။ သမုဒယသစ္စာ။ သူက ဘာတုံး၊ လောဘစေတသိက်၊ မြန်မာလို တွယ်တာမှု၊ ဒီရုပ်, နာမ်ကို တွယ်တာနေတဲ့ လောဘ။ အဲဒီလောဘကို သွားပြီးတော့ တွေ့တယ်၊ ဩော်-ဒီလောဘ ဒီကောင်ပဲ၊ ဒီကောင်ကြောင့် ၃၁-ဘုံမှာ လည်နေရတာပဲ။

မြတ်စွာဘုရားအလောင်းတော် ဒီရုပ်, နာမ် ဖြစ်ခြင်းရဲ့အကြောင်းတရားဟာ ဘယ်တရားလဲလို့ လိုက်ရှာတာ ဘယ်လောက်ကြာသွားသတုံး၊ ဘုရားအလောင်းဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြာတယ်။

ခင်ဗျားတို့ ကျုပ်တို့ အနေကဇာတင်တယ်ဆိုတဲ့ ပါဠိမှာ "ဂဟကာရံ ဂဝေသန္တော" ဒီခန္ဓာအိမ်ကို ဆောက်လုပ်နေတဲ့ လက်သမားကို=အကြောင်းတရားကို လိုက်ရှာနေတာတဲ့၊ "အနေကဇာတိ သံသာရံ"ဘဝပေါင်းများစွာ ကြာခဲ့ပြီတဲ့။ ရုပ်, နာမ် ဒီ ဒုက္ခစ္စာဖြစ်ခြင်းရဲ့အကြောင်းတရားကို ဘုရားအလောင်းဟာ သွေးတွေ လှူ၊ အသားတွေ လှူ၊ မျက်လုံးတွေ ဖောက်လှူ၊ သားတွေ မယားတွေ လှူ၊ ပစ္စည်းတွေ လှူ၊ ဒီလို သံသရာဘဝမှာ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းတရားကို သိအောင် လိုက်ရှာနေတာဟာ ဘဝပေါင်းအသင်္ချေအနန္တ ကြာခဲ့ပြီတဲ့။ ဒါပေမဲ့ ဒီရုပ်, နာမ်ဟာ ထပ်ကာ ထပ်ကာ ဖြစ်နေတာပဲ၊ မတွေ့ခဲ့ဘူး။ အခု ဘုရားဖြစ်တဲ့ ဘဝကျတော့ ဟော့ "ဂဟ-

ကာရက ဒိဋ္ဌေသိ” ဒီခန္ဓာအိမ်ဆိုတဲ့ ရုပ်, နာမ်ကို ဆောက်လုပ်နေတဲ့ လက်သမား...မင်းကို ငါသိပြီတဲ့၊ မင်းကို ငါတွေ့ပြီတဲ့ “ဂဟကာရက ဒိဋ္ဌေသိ”ဆိုတာ ကြုံးဝါးလိုက်တာ၊ ရန်သူကို **လိုက်ရှာနေတာ** ရန်သူကိုတွေ့ **တဲ့အခါကျတော့ မင်းဘယ်မှ မပြေးနဲ့၊ မင်းကို ငါတွေ့ပြီ**။ မင်း ဒီတစ်ခါ တော့ **ရှောင်လို့, ပုန်းလို့, ပြေးလို့-မရတော့ဘူးတဲ့**၊ ဘုရားက ကြုံးဝါးတာ။

**သစ္စာလေးပါးကို သိတဲ့**အခါကျတော့ ဒီ လောဘဆိုတဲ့ တွယ်တာ နေတဲ့ ဒီ တဏှာက ခန္ဓာအိမ်ကို ပြန်ဖြစ်အောင် သူကပဲ လုပ်နေတာ၊ သူပဲ လက်သမားတဲ့။ ဆိုကြစမ်းပါ-

“လောဘစေတသိက်သည် သမုဒယသစ္စာမည်၏။” (သုံးခေါက်။)

ကဲ အကျိုးတရားကိုလဲ သိပြီ၊ အကြောင်းရားကိုလဲ သိပြီ။ ဒီရုပ်, နာမ် ဖြစ်နေယင်တော့ ဒုက္ခပဲဆိုတာ ဒါ အကျိုး၊ ဒီ ရုပ်, နာမ် ဘာကြောင့် ဖြစ်နေသလဲဆိုတဲ့အကြောင်းကို ရှာတဲ့အခါကျတော့ သမုဒယသစ္စာ-အ ကြောင်းကိုလဲ သိတယ်။ ဒီ တွယ်တာတဲ့ လောဘအကြောင်းကို သိတယ် ဆိုဟော့ ဒီ လောဘကို သေနတ်နဲ့ ပစ်သတ်လို့ ရပါ့မလား၊ ဗုံးနဲ့ ကြဲချလို့ ကော မရပါဘူး။

လူတွေမှာ လောဘတွေ သိပ်များနေတာပဲဆိုပြီး**တော့** အဏုမြူဗုံးနဲ့ လောဘကို ကြဲချလို့ ရပါ့မလား၊ မရပါဘူး။ လောဘကိုတော့ ထိမှာမဟုတ် ဘူးတဲ့။ အဏုမြူဗုံးကလဲ ရုပ်တွေပဲကိုး၊ ကမ္ဘာပေါ်မှာရှိတဲ့ ရုပ်တွေကိုပဲ အကုန်လုံး ကြဲချလို့ရတယ်၊ ဒီလောဘကိုတော့ ကြဲလို့မရဘူး။

လူတွေ လောဘကြီးတယ်ဆိုပြီးတော့ ပြီးခဲ့တဲ့ ခေတ်တုန်းက စစ် မဖြစ်ကြဘူးလား၊ စစ်ဖြစ်တော့ လူတွေ အများကြီး သတ်မပစ်ရဘူးလား၊ သတ်ပစ်လိုက်တော့ လောဘတွေက သေသွားရဲ့လား၊ အခု ပိုပြီးတော့ များလာတာပဲ မဟုတ်လား။

**တဏှာကို သေအောင် သတ်ပစ်လို့ရသလား**

အဲဒီတော့ လောဘဆိုတာက ဘိုးဘိုးအောင် သီချင်းလိုပဲ၊

**သတ်နည်း မမှန်လို့ရှိယင်** သေနတ်နဲ့ တစ်ချက်ပစ်လိုက်လို့ရှိယင် သူက ဘယ်လိုပေါ်လာတုံး၊ နှစ်လုံးပေါ်လာတာ၊ သေနတ်နဲ့ နောက်နှစ်ချက် ပစ်လိုက်တော့ လေးလုံးပေါ်လာတာ၊ လောဘက ပွားသာ ပွားလာတာပဲ၊ သူ့ကို ဒီလို အတင်းအဓမ္မလက်နက်နဲ့ လုပ်လို့ရတဲ့ တရားမျိုးမဟုတ်ဘူး။

သူ့ကို ချော့သတ်လို့လဲ မရဘူး၊ လောဘကို ခင်ဗျားတို့က ချော့ပြီးတော့ လောဘက လိုချင်တာတွေ တိုက်တွေ ဆောက်ပေးမယ်၊ အိမ်တွေ ဆောက်ပေးမယ်၊ မော်တော်ကားတွေ ဝယ်ပေးမယ်၊ လောဘက ပျောက်သွားရဲ့လား၊ ပိုပြီးလာတာပဲ။ မိန်းမလိုချင်တယ်ဆိုလို့ရှိယင် မိန်းမတွေ အများကြီးပေးလိုက်မယ်၊ ယောကျ်ားလိုချင်ယင် ယောကျ်ားတွေ စပ်ပေးလိုက်မယ်၊ လိုချင်တာတွေ အကုန်လုပ်ပေးပြီး သူ့ကို ချော့လို့လဲ မရဘူး၊ သူ့အလိုကို လုပ်ပေးတော့လဲ ပိုပိုပြီ ကြီးလာတပါပဲ။ ကဲ-ဒီကောင် ရှုပ်ပါတယ်ဆိုပြီးတော့ သူ့ကို သတ်ပစ်လိုက်ဖို့ ကြိုးစားတော့ ဒေါသ ဖြစ်တာပဲ မဟုတ်လား၊ သတ်တဲ့အခါကျတော့ ဒေါသ ဖြစ်တယ်၊ ဒေါသဆိုတာကလဲ လောဘကို ပြန့်ပွားစေတာပဲ၊ သတ်လို့လဲမရဘူး၊ ချော့လို့လဲမရဘူး။

**၃။ မဂ္ဂသစ္စာ** အဲဒီတော့ ဒုက္ခသစ္စာဖြစ်ခြင်းရဲ့အကြောင်း လောဘကို သတ်ပစ်လိုက်ဖို့လို့ တရားရှာတဲ့အခါကျတော့ အဲဒီသစ္စာကျမှ ခက်တာ။ အဲဒီလောဘကို သတ်ဖို့ သစ္စာက ဘာသစ္စာတုံး၊ မဂ္ဂသစ္စာ။ အဲဒီတော့ သုံးဆယ့်တစ်ဘုံကို သစ္စာနဲ့ ကြည့်မယ်ဆိုယင် လူတွေ, နတ်တွေ, ဗြဟ္မာတွေ-ပြောနေတာဟာ ရှည်တာပဲ၊ သုံးဆယ့်တစ်ဘုံမှာ ဘာရှိတုံး၊ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပဲ ရှိတယ်၊ ဒါပဲ။ သမုဒယသစ္စာကြောင့် ဘာတွေ ဖြစ်နေတုံး၊ ဒုက္ခသစ္စာ ဖြစ်နေတယ်၊ အရိယာက ရှင်းရှင်းလေး မြင်တာပဲ၊ လောဘကြောင့် ရုပ်, နာမ်တွေ ဖြစ်နေတယ်၊ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာတွေ ဖြစ်နေတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်နေတာ ရှင်းရှင်းလေး မြင်တယ်။

ဒါကြောင့်မို့လို အကြောင်းနဲ့အကျိုး သိတယ်ဆိုယင် သောတာပန်

ဖြစ်တာပါပဲ၊ အကြောင်းမှန်ကို တွေ့တယ်ဆိုယင် အကျိုးကိုလဲ သိတာပါပဲ၊ အကြောင်း, အကျိုးကို သိသွားတယ်ဆိုတာက သုံးဆယ့်တစ်ဘုံမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပါပဲ၊ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်လိုက်၊ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်လိုက်၊ ဒီလို သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြတာပဲလို့ သိသွားတာတဲ့။

အဲဒီတော့ သုံးဆယ့်တစ်ဘုံက လွတ်ချင်တဲ့အခါကျတော့ ဘုရားက ဘာလုပ်ရမတဲ့တုံး၊ **မဂ္ဂသစ္စာ လုပ်ရမယ်တဲ့၊** မဂ္ဂသစ္စာဆိုတာဟာ မဂ္ဂင်ရှစ်ပါးပဲ။ မဂ္ဂင်ရှစ်ပါးတော့ ရကြတယ်မဟုတ်လား၊ ဆိုကြစမ်းပါ-

သမ္မာဒိဋ္ဌိ၊
သမ္မာသင်္ကပ္ပ၊
သမ္မာဝါစာ၊
သမ္မာကမ္မန္တ၊
သမ္မာအာဇီဝ၊
သမ္မာဝါယာမ၊
သမ္မာသတိ၊
သမ္မာသမာဓိ။ (သုံးခေါက်။)

အဲဒီတော့ မဂ္ဂင်ရှစ်ပါးမှာက သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ အဲဒီ မဂ္ဂင်သုံးပါးက ဘာစေတသိက်တုံး၊ ဝိရတီစေတသိက်။ ရ ထားတဲ့လူ တွေ ဖြေနိုင်တယ်နော်၊ စာမေးပွဲ နီးနေပြီ၊ ခုနေခါမှ မဖြေနိုင်လို့ရှိယင် စာမေးပွဲမှာ မဖြေနိုင်ဘူး၊ စာမေးပွဲဖြေခါနီးမှ ဖုတ်ပူမီးတိုက် ကျက်တဲ့လူ တွေတော့ အကုန်လုံး ကျပါစေ။ အခု စောစောကတဲက ကျက်ထားကြ၊ အဲဒီတော့ စာဆိုတာ နေ့တိုင်းနေ့တိုင်း ကျက်ထားရတယ်။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ ဒီသုံးခုက ဝိရတီစေတသိက်။ ရှင်းရှင်းကတော့ ဒီသုံးခုက ဘာတုံး၊ သီလပဲ။ ဒုက္ခသစ္စာဆိုတဲ့ သုံးဆယ့်တစ်ဘုံက လွတ်မြောက်ချင်ယင် ပထမဆုံး ဘာလုပ်ရမတုံး၊

**သီလစောင့်ထိန်းရမယ်တဲ့**။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ ဒါ သီလမဂ္ဂင်သုံးပါး။ သီလထိန်းတဲ့ ပုဂ္ဂိုလ်၊ သီလရှိတဲ့ ပုဂ္ဂိုလ်၊ သီလလုံခြုံတဲ့ ပုဂ္ဂိုလ်မှ ဒီသုံးဆယ့်တစ်ဘုံမှ လွတ်မြောက်တယ်ဆိုတဲ့ အလုပ်မျိုးကို လုပ်လဲ လုပ်ချင်မှာပေါ့၊ လုပ်မှလဲ ရမှာပေါ့။

အဲဒီတော့ ကျန်တာက ဘယ်နှစ်မျိုး ကျန်မတုံး၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ အဲဒီ မဂ္ဂင်ငါးပါးပဲရှိတယ်၊ အဲဒီ မဂ္ဂင်ငါးပါးမှာ သုံးဆယ့်တစ်ဘုံက လွတ်အောင် ဘယ်မဂ္ဂင်က စ ပြီးတော့ လုပ်မတုံး၊ သမ္မာဒိဋ္ဌိက စ လုပ်မလား၊ သမ္မာသင်္ကပ္ပက စ လုပ်မလား၊ သမ္မာဝါယာမက စ လုပ်မလား၊ သမ္မာသတိက စ လုပ်မလား၊ သမ္မာသမာဓိက စ လုပ်မလား။ အခုခေတ်ကတော့ ဘာက စ နေကြတုံး၊ သတိပဋ္ဌာန်က မစဘူးလား၊ ပထမတရားအားထုတ်တယ်ဆိုယင် ဘယ်ရိပ်သာမှာပဲဖြစ်ဖြစ်၊ သတိပဋ္ဌာန်လေးပါး။ သတိကောင်းအောင် လုပ်ရတယ် မဟုတ်လား။ သတိပဋ္ဌာန်ဆိုတာက သတိကောင်းအောင် လေ့ကျင့်တာပဲ၊ အဲဒီတော့ အခုခေတ်မှာဆိုတော့ ဘယ်ရိပ်သာမှာပဲဖြစ်ဖြစ် သတိပဋ္ဌာန်ထဲက တစ်ခုခု ပြနေတာပဲ။

အာနာပါနဆိုတာလဲ ကာယာနုပဿနာပါပဲ၊ တချို့တလေ ဝေဒနာရှုဆိုတော့ ဝေဒနာနုပဿနာ ပြတယ်၊ တချို့တလေ စိတ်ရှုဆိုတော့ စိတ္တာနုပဿနာ ပြတယ်၊ တချို့တလေက ဖြစ်ပျက်ရှု ဆိုတော့ ဓမ္မာနုပဿနာ ပြတာပဲ။

လူတွေက အင်မတန် မေ့တဲ့လူတွေဆိုတော့ ဒီ သုံးဆယ့်တစ်ဘုံ လွတ်မြောက်ရေး တရားကို တိုက်ရိုက်တစ်ခါတည်း အားထုတ်မယ်ဆိုယင် သူတို့ကို ပြောလို့လဲ နားမလည်နိုင်တော့ ပထမ သတိကောင်းအောင် ဆို ပြီးတော့ သတိပဋ္ဌာန် အားထုတ်ခိုင်းတာပဲ၊ တရားသွားထိုင်တယ်ဆိုတာ ရှင်းရှင်းကတော့ လေ့ကျင့်ခန်းဝင်တာပဲ။ လေ့ကျင့်ခန်းလုပ်တာ၊ သတိကောင်းအောင် လေ့ကျင့်ခန်း လုပ်တာ။ အဲဒီတော့ ဘယ်ကမ္မဋ္ဌာန်းနဲ့ပဲဖြစ်ဖြစ် ပထမ သတိကောင်းလာဖို့က အရေးကြီးတယ် မဟုတ်လား။

အဲဒီတော့ သတိကောင်းအောင် လုပ်နေတဲ့အခါမှာ သမ္မာဝါယာမ ဆိုတဲ့ ဝီရိယ ပါမလာဘူးလား၊ ဝီရိယ ကြိုးစားမှုကလဲ ပါလာတာပဲ။ သမ္မာသတိ လုပ်နေတဲ့အခါမှာ သမ္မာဝါယာမ သူပါရတာပဲ။ သတိကောင်းအောင် လုပ်နေတဲ့အခါမှာ စိတ်နည်းနည်း ငြိမ်လာလို့ရှိယင် သမ္မာသမာဓိလဲ မဖြစ်လာဘူးလား၊ သမ္မာသမာဓိလဲ ဖြစ်လာတာပဲတဲ့။ အဲဒီတော့ "သမာဝါယာမ"နဲ့ ကြိုးစားလို့ရှိယင် သမ္မာသတိ=သတိကောင်းလာတယ်၊ သတိကောင်းလာလို့ရှိယင် သမ္မာသမာဓိ ဖြစ်လာမယ်၊ သမ္မာသမာဓိ ဖြစ်လာလို့ရှိယင် "သမ္မာသင်္ကပ္ပ"ဆိုတဲ့ အတွေးအခေါ်တွေက နည်းနည်း ကောင်းမလာဘူးလား၊ "သမ္မာသင်္ကပ္ပ"အတွေးအခေါ်တွေကလဲ ကောင်းလာမှာပဲ၊ အတွေးအခေါ်တွေ ကောင်းလာယင် "သမ္မာဒိဋ္ဌိ"အမြင်မှန် ရမလာဘူးလား၊ သမ္မာဒိဋ္ဌိ ဖြစ်လာမယ်။ မဂ္ဂင်ရှစ်ပါးမှာ အတိုချုပ်ကတော့ **သမ္မာဒိဋ္ဌိ အမြင်မှန်ရအောင်** လုပ်ရမယ်၊ သမ္မာဒိဋ္ဌိဖြစ်အောင် လုပ်ရမယ်။

နဂိုက ပုထုဇဉ်တွေက လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တွေကို ဘယ်လိုထင်နေတုံး၊ သူက ချမ်းသာတယ်လို့ ထင်နေတယ်၊ ချမ်းသာတယ်လို့ အထင်မှားနေတာကို အမြင်မှန်ရလာတော့ ဒါတွေဟာ ဒုက္ခတွေပဲလို့ ဒီလို သိလာတာကို "သမ္မာဒိဋ္ဌိ"လို့ ခေါ်တာ။

အဲဒီလို သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဒီလေးပါးက သမ္မာဒိဋ္ဌိဖြစ်အောင် အကူအညီ ပေးတာ၊ တရားအားထုတ်တဲ့အခါ သမ္မာဒိဋ္ဌိဖြစ်ဖို့က အရေးကြီးတယ်။ သမ္မာဒိဋ္ဌိက ဘယ်လိုဖြစ်လာတုံး၊ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်–ဒီသုံးဆယ့်တစ်ဘုံက စည်းစိမ်တွေဟာ ဒုက္ခပဲလို့ ဒီလိုမြင်လာတဲ့အမြင်ကို **သမ္မာဒိဋ္ဌိ**လို့ ခေါ်တယ်။ ဒါတောင်မှ ပထမ ဝိပဿနာ သမ္မာဒိဋ္ဌိပဲ ရှိသေးတယ်၊ တကယ့် အရိယာရဲ့အမြင်မျိုး တိတိကျကျ သူ မသိနိုင်သေးဘူး။

အဲဒီလို သမ္မာဒိဋ္ဌိဖြစ်လာတဲ့အခါ ဝိပဿနာ ရင့်ကျက်လာတဲ့အခါကျတော့ နောက်ပိတ်ဆုံး အဲဒီ မဂ်စိတ်မှာရှိတဲ့ သမ္မာဒိဋ္ဌိကနေပြီးတော့ သုံးဆယ့်တစ်ဘုံကို အကုန်လုံး ဒုက္ခပါပဲလို့ ဒီလိုမြင်တာ။ သုံးဆယ့်တစ်ဘုံ

မှာရှိတဲ့ ရုပ်, နာမ်တွေ ဖြစ်နေတာဟာ သမုဒယသစ္စာကြောင့် ဖြစ်နေတာပဲလို့ သမ္မာဒိဋ္ဌိက ဒီလိုမြင်လိုက်တာ။ အဲဒီလိုမြင်တာ, သိတာကို **မဂ္ဂသစ္စာ**။ မဂ္ဂသစ္စာဆိုတာက ဒုက္ခသစ္စာကို ပိုင်းခြားပြီးတော့ သိတယ်၊ သမုဒယသစ္စာကိုလဲ ပယ်ပစ်လိုက်တယ်။

အဲဒီတော့ လုပ်ငန်းကျတော့ သစ္စာလေးပါးထဲက လောကက ထွက်မြောက်ချင်တယ်ဆိုယင် မဂ္ဂသစ္စာကို လုပ်ရတာပဲ။ ကဲဆိုစမ်းပါ–

သမ္မာဒိဋ္ဌိ၊
သမ္မာသင်္ကပ္ပ၊
သမ္မာဝါစာ၊
သမ္မာကမ္မန္တ၊
သမ္မာအာဇီဝ၊
သမ္မာဝါယာမ၊
သမ္မာသတိ၊
သမ္မာသမာဓိ။

ဟူသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ (၃–ခေါက်။)

**ဒုက္ခကိုသိယင် တဏှာကို ပယ်စရာလိုသေးသလား** အဲဒီတော့ အတိုချုပ်ကတော့ မဂ္ဂသစ္စာဆိုတာ မဂ္ဂင်ရှစ်ပါးပဲ။ မဂ္ဂင်ရှစ်ပါးဆိုတာက ၃၁–ဘုံမှာ ဒုက္ခပဲလို့ ဒီလိုသိအောင် လုပ်တာ မဂ္ဂသစ္စာ။ ၃၁–ဘုံမှာ ဒုက္ခလို့ သိတဲ့အခါကျတော့ **ဘယ်သူ့ကို ပယ်တာတုံး**၊ ပယ်စရာလိုသေးသလား၊ သိတယ်ဆိုယင် ပယ်ပြီးသား ဖြစ်သွားတာပဲ၊ သုံးဆယ့်တစ်ဘုံကို ဒုက္ခပဲလို့သိယင် သုံးဆယ့်တစ်ဘုံကို တွယ်တာတဲ့စိတ် ရှိအုံးမလား၊ မရှိတော့ဘူး။ မရှိတော့ယင် သူဟာ ပယ်ပြီးသား ဖြစ်သွားတာပဲ။ တချို့တလေက မဂ္ဂသစ္စာဆိုတာ အထူးတလည် လူတစ်ယောက်ကို ပယ်သတ်လိုက်သလို ပယ်ရတယ်၊ ဒီလို ထင်နေတာ။ သိတယ်ဆိုယင် ပယ်ပြီးသား ဖြစ်သွားတာပဲ။

အခိပ္ပါယ်တစ်ခု–ရန်သူဆိုပါတော့ ကိုယ့်အိမ်ပေါ်မှာ လူတစ်ယောက် ရောက်နေတယ်၊ နဂိုကတော့ သူ့ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုယ့်ကို သူဌေးဖြစ်အောင် လုပ်ပေးမယ်၊ ဝိဇ္ဇာဖြစ်အောင် လုပ်ပေးမယ်ဆိုတာနဲ့ သူ့ကို ကိုယ်က တကယ့် သူတော်ကောင်းထင်ပြီးတော့ ကျွေးမွေးပြီးတော့ အိမ်ပေါ်မှာ တင်ထားတယ်၊ နောက် တကယ်လေ့လာကြည့်တဲ့အခါကျတော့ ဝိပဿနာဉာဏ်နဲ့ လေ့လာကြည့်တဲ့အခါကျတော့ သူ့ကိုလဲ ထောက်လှမ်း လေ့လာကြည့်တဲ့အခါကျတော့ အမှန်က ကိုယ့်ကို သူက သတ်မလို့ ဒီ အိမ်မှာလာနေတာ၊ ဒီလူကို ကိုယ်က အစတုန်းက အင်မတန် ခင်နေတယ်၊ အင်မတန် ချစ်နေတယ်၊ အင်မတန် တွယ်တာနေတဲ့လူတစ်ယောက်၊ နို့ပေတဲ့ သူ့ကို သိလာတာက ဘယ်လို သိလာတာတုံး၊ ကိုယ့်ကို သတ်မဲ့လူလို့ သိလာတယ်၊ ကိုယ့်ကို သတ်မဲ့လူလို့ သိလာတော့ သူ့အပေါ်မှာ တွယ်တာတဲ့စိတ် ရှိသေးရဲ့လား၊ **သိတာနဲ့တစ်ပြိုင်နက်တည်း ပယ်ပြီးသားဖြစ်နေတယ်။** ဒီတော့ တစ်ခါတည်း သူ့အနားကပ်ရမှာကို အင်မတန် ကြောက်နေတယ် (ဘယဉာဏ်)၊ သူ့ကိုကြည့်ရတာ အပြစ်ချည်းပဲ မြင်နေတယ် (အာဒီနဝဉာဏ်)။ ကိုယ့်ကို သတ်မဲ့လူလို့ မသိခင်တုန်းကတော့ အမလေး သူ့ကို ချစ်လိုက်တာ၊ ခင်လိုက်တာ၊ တွယ်တာလိုက်တာ၊ မြတ်နိုးလိုက်တာ၊ ကြည်ဖြူလိုက်တာ၊ စုံမက်လိုက်တာ၊ သတ်မယ်လို့ မသိခင်တုန်းက။ သတ်မဲ့လူမှန်းလဲသိရော သူ့အပေါ်မှာ နည်းနည်းမှ တွယ်တာတဲ့ ခင်မင်တဲ့စိတ် မရှိတော့ဘူး။

ဒါကြောင့်မို့လို့ ဒီ သုံးဆယ့်တစ်ဘုံမှာ ရှိနေတဲ့ ရုပ်, နာမ်ဟာ ဒုက္ခပဲလို့ သိတာနဲ့ တစ်ပြိုင်နက် သူ့ကို တွယ်တာတဲ့ လောဘ ရှိသေးရဲ့လား၊ မရှိတော့ပါဘူးတဲ့။ သစ္စာလေးပါးကို သိတယ်ဆိုတာက ဒုက္ခကိုသိယင် သမုဒယသစ္စာကို ပယ်ပြီးသား ဖြစ်တယ်၊ နိရောဓသစ္စာကို မျက်မှောက်ပြုပြီးသား ဖြစ်တယ်တဲ့၊ တစ်ပြိုင်နက်ဖြစ်တာ၊ နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ပဲ။ ကဲ ဆိုကြစမ်းပါ–

နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ (သုံးခေါက်)

**၄။ နိရောဓသစ္စာ** အဲဒီတော့ နိဗ္ဗာန်ဆိုတာ ခက်သလား၊ ဒုက္ခသစ္စာကို သိယင် သမုဒယသစ္စာဆိုတဲ့ တွယ်တာမှု လောဘကို ပယ်ပြီးသား ဖြစ်တယ်။ သမုဒယသစ္စာ ပယ်ပြီးသားဖြစ်ယင် **နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသား** ဖြစ်တယ်၊ တစ်ပြိုင်နက်တည်းဖြစ်တာ၊ တစ်ပြိုင်နက်တည်း ဖြစ်တယ်ဆိုပေ့ါ နိဗ္ဗာန်ခက်သေးလား၊ ဘယ်လိုဟာ နိဗ္ဗာန်တုံး၊ ဒီရုပ်, နာမ်ပေါ်မှာ တွယ်တာတဲ့လောဘ မရှိတော့ဘူး၊ မရှိတော့ အဲဒီ တွယ်တာတဲ့ လောဘ ငြိမ်းသွားလို့ အေးမြနေတာဟာ နိဗ္ဗာန်ပါပဲ။

နိဗ္ဗာန်ဆိုတာ ပါဠိရင်းက နိဝါန။ ဝါန–ဆိုတာ တဏှာလောဘ။ ဒီ ရုပ်, နာမ် ပေါ်မှာ နဂိုက တွယ်တာတဲ့ တဏှာလောဘစိတ် ရှိနေတယ်၊ အခု တွယ်တာတဲ့ လောဘ တဏှာစိတ် မရှိတော့ဘူး၊ ဒီတဏှာဟာ ငြိမ်းသွားပြီ၊ ယခုတော့ အေးပါပြီလို့ ဒီလို မျက်မှောက်ပြုလိုက်တာဟာ ဘယ်သူ့ကို မျက်မှောက်ပြုလိုက်တာတုံး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာ။

ဒါကြောင့်မို့လို့ ဒီသစ္စာလေးပါးကို သိတယ်၊ သိတယ်ဆိုတာက ဒုက္ခသစ္စာကို သိတာနဲ့တစ်ပြိုင်နက်တည်း သမုဒယသစ္စာ လောဘကို ပယ်ပြီးသားဖြစ်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသား ဖြစ်တယ်ဆိုတာ အရိယာပုဂ္ဂိုလ်မှာ ချက်ချင်း တစ်ပြိုင်နက်တည်း ဖြစ်တာတဲ့။

ကဲ ဆိုကြစမ်းပါ

ဒုက္ခသစ္စာ

သမုဒယသစ္စာ၊

မဂ္ဂသစ္စာ၊

နိရောဓသစ္စာ။ (သုံးခေါက်။)

သာဓု သာဓု သာဓု

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။ (သုံးခေါက်။)

* * * * *

**ဤစာအုပ်တွင်**

## ဆရာ ဦးကျော်ထွတ်က–

ပညတ်နှင့် ပရမတ်တို့ကို ခေတ်သုံးစကားဖြင့် ထင်ရှားစေပြီး စိတ်နှင့် စေတသိက်တို့ကို ကွဲပြားခြားနားအောင် ပြသ–ပို့ချလျက်

- လူကောင်း၊ လူဆိုးဖြစ်ရတာ စိတ်ကြောင့်လား စေတသိက်ကြောင့်လား–
- စေတသိက် ၅၂–လုံး အုပ်စုကွဲများအဖြစ် ကွဲသွားပုံ–
- ခေတ်စကားဖြင့် အစိုးရအဖွဲ့ဝင် စေတသိက်များနှင့်– ဗိုလ်ရွေးပွဲတွင် ပါဝင်သော စေတသိက်များ–
- ရှိုးကိုရှိရမည့် လောဘ၊ ရှိုကိုရှိရမည့် မာနတို့အပြင်–
- အာသဝနှင့်အရက်၊ အနုသယကိလေသာဆိုတာ–
- ရာထူးကြီးကြီးလိုချင် (ရာထူးတက်ချင်) ယင် ဘာလုပ်ရမလဲ–
- မေတ္တာပို့တယ်ဆိုတာ ရောက်သလား–
- မှောင်တကာ့မှောင်တွင် ဘယ်မှောင်အမိုက်ဆုံးလဲ–
- လူဖြစ်တာ ဘာကြောင့်ဖြစ်ရတာလဲ–
- ပိုကာဆွဲတာ သမာဓိဖြစ်သလား–
- ဇေဒင်ပင်ဟောစားနိုင်တဲ့ သမာဓိလုပ်ငန်း–
- ပီတိဖြစ်နေယင် ထမင်းမစားဘဲနေနိုင်ပုံ–

စသည် စသည်တို့နှင့်

ရုပ်,နာမ်–တို့ရဲ့ ဖြစ်ပုံပျက်ပုံများ ပါဝင်ကာ ပို့ချချက် ၂၅– အဖြစ် သစ္စာလေးပါးတရား ပို့ချချက်ဖြင့် အနှစ်အသားပါပါ ပို့ချ ထားပုံများကို အားပါးတရ ဖတ်ရှုရပါမည်။